


# အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်

နှင့်

# အဘိဓဇဂုဏ်ရည်

သာသနာ- ၂၅၅၁ ကောဇာ-၁၃၆၉ ခုနှစ် ကမ္ဘာ- ၂၀၀၇ ခုနှစ်

သာသနာ- ၂၅၅၁ ကောဇာ-၁၃၆၉ ခုနှစ် ကမ္ဘာ- ၂၀၀၇ ခုနှစ်




# အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်

## နှင့်

# အဘိဓဇဂုဏ်ရည်

# အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် နှင့် အဘိဓဇဂုဏ်ရည်



၂၀၀၇-ခုနှစ်၊ ဒီဇင်ဘာလ

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း

တင်အမှတ်-၀၃၇၄၃/၀၂၄၀၅ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည်။

အယ်ဒီတာချုပ်

ရွှေဘိုမင်းသုခ

စာတည်း

ရွာမပရိယတ္တိစာသင်တိုက် နာယကအဖွဲ့

ထုတ်ဝေသူ

အရှင်ဝိသိဋ္ဌ (စာကြည့်တိုက်မှူး)

## မာတိကာ

ဥယျောဇဉ် — အရှင်တိလောကာဘိဝံသ — ၁

အယ်ဒီတာ၏ ရင်ဖွင့်စကား — ရွှေဘိုမင်းသုခ — ၂

ဘဒ္ဒန္တနန္ဒဝံသ ၏ အတ္ထုပ္ပတ္တိ — ရွှေဘိုမင်းသုခ — ၃

● ပါဠိဘာသာ ကဏ္ဍ

ပုဗ္ဗကာရီ ဗဟူပကာရော··· — အရှင်သီလက္ခန္ဓာဘိဝံသ — ၆

ဥတ္တမ မနုဿော — အရှင်ခေမိန္ဒ(စစ်ကိုင်း) — ၁၄

● ENGLISH SECTION

The Biography Of Ywarma Sayardaw — U Jotika Thera — ၁၀

● ပါဠိဂါထာကဏ္ဍ

ထုတိဝေဒလ္လ — အရှင်တေဇနိယ(ညောင်တုန်း) — ၁၇

မဟာထေရ ဂုဏဝိသိဋ္ဌ — အောင်တင်သန်း(ပါရမီနွယ်) — ၂၀

နေမင်းပမာထေရ်မဟာ — အောင်တင်သန်း(ဒေါ်ပုံ) — ၂၁

ဆုတောင်းပတ္ထနာ — ဦးခင်မောင်ရင်(ဓမ္မာစရိယ၊ B.Sc) — ၂၂

● ရတု/တေးထပ်ကဏ္ဍ

စာကဗျာခွေလို့ သွင်းဆက်မင်္ဂလာ — မြေလတ်မင်းလွင် — ၂၃

ရွှေဘုန်းတေဇာ — နံ့သာမြေမာလာ(ပုသိမ်) — ၂၄

အလင်း၄ ကမ္ဘာမြေပေါ် — မြေလတ်မင်းလွင် — ၂၅

ထုတိဝဏ္ဏနာ — ဦးခင်မောင်ရင်(ဓမ္မာစရိယ၊ B.Sc) — ၂၆

● ရွာမပရိယတ္တိသမိုင်းရေးရာကဏ္ဍ

ရွာမပရိယတ္တိနှင့် အဘိဓဇဂုဏ်ရည် — ရွှေဘိုမင်းသုခ — ၇၇

ရွာမပရိယတ္တိ ဂဏဝါစကစာရင်း — ၁၀၁

နွေရာသီ ယမိုက်+ပဋ္ဌာန်းသင်တန်း — ၁၀၅

နွေရာသီ တရားစခန်းပွဲ — ၁၀၆

ရွာမပရိယတ္တိ စာမေးပွဲအောင်မြင်မှု — ၁၀၇

သာမဏေကျော် အောင်မြင်မှု — ၁၀၉

သာသနိက အဆောက်အဦများ — ၁၁၀

အမှတ်
ရက်စွဲ

## ကဗျာကဏ္ဍ


| | | |
|---|---|---|
| စံထွန်းတို့ဆရာအရှင် | မောင်စံထွန်း(ဥက္ကံ) | ၃၉ |
| တစ်ခိုင်နှစ်ပွင့် | အရှင်ဉာဏဖလ(လယ်ဝေး) | ၄၆ |
| အဝိဇ္ဇာညနေ | ချမ်းမင်းအိမ် | ၅၂ |
| တူဖူးစို့ဆရာ့ဂုဏ် | တက္ကသိုလ်ချစ်စိုးပိုင် | ၅၆ |
| မြှုံးမိတဲ့ငါး | မောင်ခက်(ရွှေစက်တော်) | ၆၁ |
| ခံတပ်အရှင်အားပူဇော်ခြင်း | ဗအုပ်ခိုင် | ၆၇ |
| မေတ္တာရိပ် | စနေမောင်(ဥယျာဉ်) | ၇၆ |
| မြတ်ဆရာတော် | တက္ကသိုလ်သွယ်လတ် | ၁၁၂ |
| သာသနာ့ကျွန် | မြတ်ဇာနည်(ဟသ်ာတ) | ၁၁၈ |
| အနှစ်ထမ်း၍ ပြန်ကြပါ | ကိုလွင်(ယောဂီ) | ၁၁၉ |
| သာခုခေါ်ပါအမေ | အရှင်ဇနိန္ဒ(ဥယျာဉ်) | ၁၂၀ |
| အပြန်လမ်းဝယ် | ညိုနှင်းရီ | ၁၃၄ |
| မြန်မာ့မြေမှ စေတီများ | မောင်ဒီ | ၁၃၉ |
| အလင်းသို့ | မောင်စိမ့်ပြုံး(ဇီးတောငပဲ) | ၁၄၄ |
| မြတ်မထေရ်သို့ | ထွန်းမြရီ | ၁၅၄ |
| လောကအလင်းပေးဆောင်သူ | နိုင်မင်းဆွေကြူသင်း(ဥက္ကံ) | ၁၅၉ |
| မြတ်အရှင်သို့ | မောင်ယဉ်ဦး(ခနေဖြူ) | ၁၆၃ |
| မြတ်သည့်မနော | မောင်ယဉ်ပန် | ၁၆၉ |
| စကားချိုသာ ပြောဆိုပါ | ဝင်းသစ်ထွန်း(ကန့်ဘလူ) | ၁၇၅ |
| အတ္တနရီ | ယဉ်ပန်ဝေ | ၁၈၁ |
| အဥ္ဇလီပန်ထွာ | ကန့်ဘလူဖြူစင်ဝင်း | ၁၈၇ |
| ကျေးဇူးရှင်ဆရာတော် | ပျော်ဘွယ်မောင်အေး | ၁၉၃ |
| ဆရာဟူသောအမည်နာမတစ်ခွန်း | ပုလဲဖြူ(ငါ့သရောက်) | ၁၉၇ |
| မြတ်သာသနာ | မြေလတ်ကျော်လင်းဦး | ၂၀၃ |
| လောကငြိမ်းရာ | ဦးသုန်(ပေါက်/ပခုက္ကူ) | ၂၁၆ |
| မြတ်အစိတ္တာန် | သကျမာန် (သာစည်) | ၂၂၂ |
| ဥပုသ်တစ်ရက် | အောင်မိုင်း(မူဆယ်) | ၂၂၈ |
| ရွာမအင်းစိန်ငြိမ့်ငြိမ့်သဲ | ရွှေညာမောင်ကြီး(မြစ်ငယ်) | ၂၃၇ |
| ကံထမ်းခေါ်ရာနောက်က•• | အေးဆုမွန် | ၂၅၇ |
| ဆရာ့မေတ္တာ ဆရာ့စေတနာ | မောင်စံထွန်း(ဥက္ကံ) | ၂၇၆ |
| ညီမျှခြင်း | သန္တာမြရီ | ၂၉၇ |
| သံသရာထဲမှာ | မြင့်သဇင် | ၃၂၇ |
| မြတ်ဒါန | သဉ္ဇာမြင့်ယဉ် | ၃၃၅ |
| တရားရိပ်မှာ | ကုဋေကုဋာ | ၃၄၀ |



မျက်နှာဖုံးဒီဇိုင်း

နေဝင်းအောင်

အတွင်းပန်းချီ

ဝင်းသိန်း၊ နေဝင်းအောင်

အတွင်းဒီဇိုင်း

နိုင်လင်း၊ ကျော်ဇင်

ကွန်ပြူတာစာစီ

မောင်ပညာ(စကားဝါမြေ)

မျက်နှာဖုံးဖလင်

စတား

အတွင်းဖလင်

ကိုနေလင်း

ပုံနှိပ်

သိန်းသန်းဦးပုံနှိပ်တိုက်
အမှတ်(၁၁၉/၁၂၁)၊ ၃၄လမ်း(အလ
ဖုန်း- ၂၅၂၆၂၀၊ ၆၆၆၉၄၉၊ ၅၇၇၂
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

အုပ်ရေ - - ၁၀၀၀

တန်ဖိုး - - ဓမ္မဒါန



# အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်
## နှင့်
## အဘိဓဇဂုဏ်ရည်

၂၀၀၇-ခုနှစ်၊ ဒီဇင်ဘာလ

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း

တင်အမှတ်-၀၃၇၄၃/၀၂၄၀၅ သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသည်။

အယ်ဒီတာချုပ်

ရွှေဘိုမင်းသုခ

စာတည်း

ရွာမပရိယတ္တိစာသင်တိုက်

နာယကအဖွဲ့

ထုတ်ဝေသူ

အရှင်ဝိသိဋ္ဌ

(စာကြည့်တိုက်မှူး)

# မာတိကာ


| | | |
|---|---|---|
| ဥယျောဇဉ် | အရှင်တိလောကာဘိဝံသ | ၁ |
| အယ်ဒီတာ၏ ရင်ဖွင့်စကား | ရွှေဘိုမင်းသုခ | ၂ |
| ဘဒ္ဒန္တနန္ဒဝံသ ၏ အတ္ထုပ္ပတ္တိ | ရွှေဘိုမင်းသုခ | ၃ |

● ပါဠိဘာသာ ကဏ္ဍ

| | | |
|---|---|---|
| ပုဗ္ဗကာရီ ဗဟူပကာရော··· | အရှင်သီလက္ခန္ဓာဘိဝံသ | ၆ |
| ဥတ္တမ မနသော | အရှင်ခေမိန္ဒ(စစ်ကိုင်း) | ၁၄ |

● ENGLISH SECTION

| | | |
|---|---|---|
| The Biography Of Ywarma Sayardaw | U Jotika Thera | ၁၀ |

● ပါဠိဂါထာကဏ္ဍ

| | | |
|---|---|---|
| ထုတိဝေဒလ္လ | အရှင်တေဇနိယ(ညောင်တုန်း) | ၁၇ |
| မဟာထေရ ဂုဏဝိသိဋ္ဌ | အောင်တင်သန်း(ပါရမီနွယ်) | ၂၀ |
| နေမင်းပမာထေရ်မဟာ | အောင်တင်သန်း(ဒေါ်ပုံ) | ၂၁ |
| ဆုတောင်းပတ္ထနာ | ဦးခင်မောင်ရင်(ဓမ္မာစရိယ၊ B.Sc) | ၂၂ |

● ရတု/တေးထပ်ကဏ္ဍ

| | | |
|---|---|---|
| စာကဗျာခွေလို့ သွင်းဆက်မင်္ဂလာ | မြေလတ်မင်းလွင် | ၂၃ |
| ရွှေဘုန်းတေဇာ | နံ့သာမြေမာလာ(ပုသိမ်) | ၂၄ |
| အလင်း၄ ကမ္ဘာမြေပေါ် | မြေလတ်မင်းလွင် | ၂၅ |
| ထုတိဝဏ္ဏနာ | ဦးခင်မောင်ရင်(ဓမ္မာစရိယ၊ B.Sc) | ၂၆ |

● ရွာမပရိယတ္တိသမိုင်းရေးရာကဏ္ဍ

| | | |
|---|---|---|
| ရွာမပရိယတ္တိနှင့် အဘိဓဇဂုဏ်ရည် | ရွှေဘိုမင်းသုခ | ၇၇ |
| ရွာမပရိယတ္တိ ဂဏဝါစကစာရင်း | | ၁၀၁ |
| နွေရာသီ ယမိုက်+ပဋ္ဌာန်းသင်တန်း | | ၁၀၅ |
| နွေရာသီ တရားစခန်းပွဲ | | ၁၀၆ |
| ရွာမပရိယတ္တိ စာမေးပွဲအောင်မြင်မှု | | ၁၀၇ |
| သာမဏေကျော် အောင်မြင်မှု | | ၁၀၉ |
| သာသနိက အဆောက်အဦများ | | ၁၁၀ |

## ကဗျာကဏ္ဍ

အမှတ် ၂၆၈၉
ရက်စွဲ ၂၁.၁၁.၁၈


| | | |
|---|---|---|
| စံထွန်းတို့ဆရာအရှင် | မောင်စံထွန်း(ဥက္ကံ) | ၃၉ |
| တစ်ခိုင်နှစ်ပွင့် | အရှင်ဉာဏဗလ(လယ်ဝေး) | ၄၆ |
| အဝိဇ္ဇာညနေ | ချမ်းမင်းအိမ် | ၅၂ |
| တူဖူးစို့ဆရာ့ဂုဏ် | တက္ကသိုလ်ချစ်စိုးပိုင် | ၅၆ |
| မြှုးမိတဲ့ငါး | မောင်ခက်(ရွှေစက်တော်) | ၆၁ |
| ခံတပ်အရှင်အားပူဇော်ခြင်း | ဗအုပ်ခိုင် | ၆၇ |
| မေတ္တာရိပ် | စနေမောင်(ဉယျာဉ်) | ၇၆ |
| မြတ်ဆရာတော် | တက္ကသိုလ်သွယ်လတ် | ၁၁၂ |
| သာသနာ့ကျွန် | မြတ်ဇာနည်(ဟသ်ာတ) | ၁၁၈ |
| အနစ်ထမ်း၍ ပြန်ကြပါ | ကိုလွင်(ယောဂီ) | ၁၁၉ |
| သာခုခေါ်ပါအမေ | အရှင်ဇနိန္ဒ(ဉယျာဉ်) | ၁၂၀ |
| အပြန်လမ်းဝယ် | ညိုနှင်းရီ | ၁၃၄ |
| မြန်မာ့မြေမှ စေတီများ | မောင်ဒီ | ၁၃၉ |
| အလင်းသို့ | မောင်စိမ့်ပြုံး(ဇီးတောငပဲ) | ၁၄၄ |
| မြတ်မထေရ်သို့ | ထွန်းမြရီ | ၁၅၄ |
| လောကအလင်းပေးဆောင်သူ | နိုင်မင်းဆွေကြူသင်း(ဥက္ကံ) | ၁၅၉ |
| မြတ်အရှင်သို့ | မောင်ယဉ်ဦး(ဓနုဖြူ) | ၁၆၃ |
| မြတ်သည့်မနော | မောင်ယဉ်ပန် | ၁၆၉ |
| စကားချိုသာ ပြောဆိုပါ | ဝင်းသစ်ထွန်း(ကန့်ဘလူ) | ၁၇၅ |
| အတ္တနရီ | ယဉ်ပန်ဝေ | ၁၈၁ |
| အဥ္စလီပန်ထွာ | ကန့်ဘလူဖြူစင်ဝင်း | ၁၈၇ |
| ကျေးဇူးရှင်ဆရာတော် | ပျော်ဘွယ်မောင်အေး | ၁၉၃ |
| ဆရာဟူသောအမည်နာမတစ်ခွန်း | ပုလဲဖြူ(ငါ့သရောက်) | ၁၉၇ |
| မြတ်သာသနာ | မြေလတ်ကျော်လင်းဦး | ၂၀၃ |
| လောကငြိမ်းရာ | ဦးသုန်(ပေါက်/ပခုက္ကူ) | ၂၁၆ |
| မြတ်အဓိဋ္ဌာန် | သကျမာန် (သာစည်) | ၂၂၂ |
| ဥပုသ်တစ်ရက် | အောင်မိုင်း(မူဆယ်) | ၂၂၈ |
| ရွာမအင်းစိန်ငြိမ့်ငြိမ့်သဲ | ရွှေညာမောင်ကြီး(မြစ်ငယ်) | ၂၃၇ |
| ကံထမ်းခေါ်ရာနောက်က.. | အေးဆုမွန် | ၂၅၇ |
| ဆရာ့မေတ္တာ ဆရာ့စေတနာ | မောင်စံထွန်း(ဥက္ကံ) | ၂၇၆ |
| ညီမျှခြင်း | သန္တာမြရီ | ၂၉၇ |
| သံသရာထဲမှာ | မြင့်သဇင် | ၃၂၇ |
| မြတ်ဒါန | သဋ္ဌာမြင့်ယဉ် | ၃၃၅ |
| တရားရိပ်မှာ | ကုဋေကုဋာ | ၃၄၀ |



မျက်နှာဖုံးဒီဇိုင်း

နေဝင်းအောင်

အတွင်းပန်းချီ

ဝင်းသိန်း၊ နေဝင်းအောင်

အတွင်းဒီဇိုင်း

နိုင်လင်း၊ ကျော်ဇင်

ကွန်ပြူတာစာစီ

မောင်ပညာ(စကားဝါမြေ)

မျက်နှာဖုံးဖလင်

စတား

အတွင်းဖလင်

ကိုနေလင်း

ပုံနှိပ်

သိန်းသန်းဦးပုံနှိပ်တိုက်

အမှတ်(၁၁၉/၁၂၁)၊ ၃၄လမ်း(အလ

ဖုန်း-၂၅၂၆၂၀၊ ၆၆၆၉၄၉၊ ၅၇၇၂

ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့

အုပ်ရေ - - ၁၀၀၀

တန်ဘိုး - - ဓမ္မဒါန





သုတ/ရသဆောင်းပါးကဏ္ဍ


| | | |
|---|---|---|
| ဆရာ့ကျေးဇူး ဂုဏ်ညွှန့်ဖူး | ဦးအာစာရ(ရွှေကြက်ယက်) | ၂၇ |
| ရွာမပရိယတ္တိစာသင်တိုက်နှင့်ကျွန်တော် | လယ်တွင်းသားစောချစ် | ၄၈ |
| စာဖတ်ကြစေချင် | ခင်ပန်နှင်း | ၅၃ |
| သာသနာ့အာဇာနည် ဆရာတော် | ဒေါက်တာမိုလ်သံမဏိ | ၅၇ |
| စိုးရိမ်ခြင်းမှကင်းဝေးပါစေ | ဦးဇောတိက(M.A) | ၆၂ |
| အပင်ငယ်ပေါက်ရောက်ရေး.... | မြိုင်ရဝေ | ၁၁၃ |
| အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် | ပါရဂူ | ၁၂၁ |
| ရည်ရွယ်ချက်နှင့် အလုပ် | အရှင်စန္ဒသိရီ(မြစ်ကွေ့) | ၁၃၅ |
| လူတော်လူကောင်း.... | ပထမကျော်ဦးစံသင်းလှိုင် | ၁၄၀ |
| ထိုက်တန်ဂုဏ်ရည် ဆရာထေရ် | မောင်ဆုရှင်(လက်ယက်မ) | ၁၄၅ |
| ပညာရှိသူစည်ကြီးနှင့်တူ | ဇေယျာနရိန်(မြောင်းမြ) | ၁၅၅ |
| အသိတရားရဲ့ပြတင်းတခါး | မောင်ညိုပြာ | ၁၆၀ |
| စစ်မှန်သောသာသနာပြုဆရာတော် | အရှင်ဣန္ဒောဘာသ | ၁၇၀ |
| ဇော်ဂျီမြို့ပြန်ရဲ့ငှိုက်ပဲ့တင်သံ | တင်နိုင်ဝင်း(ထမင်းဈေးမြို့) | ၁၇၆ |
| ပညာရှိသုံးပါး | ဆင်ဖြူကျွန်းအောင်သိန်း | ၁၈၂ |
| ကျွန်တော်ကဘဝင်သမားပါ.... | ထင်လင်းမွန် | ၁၉၄ |
| ပွင့်သောပန်းတိုင်းကို.... | သဲမောင်(ပညာရေး) | ၁၉၉ |
| ဘုန်းနှင့်ကံနှင့် ဂုဏ်တင့်ထွန်းပ.... | လယ်တီဂမ္ဘီရဗုဒ္ဓိ | ၂၀၈ |
| အဝါရောင်ကင်းစင်ရာမြေ | အရှင်ရေဝတ(သရက်ကောင်း) | ၂၁၇ |
| တစ်ခုသောဓမ္မသာကစ္ဆာ | ကိုရင်တန် | ၂၂၃ |
| သေခြင်း၏ရန့်.... | နိုင်ဝင်းသီ | ၂၂၉ |
| သတိရမိသော ရွာမကျောင်း | ကျော်နေနိုင်(ကျောက်ထပ်) | ၂၃၄ |
| သာသနာ့ပျိုးခင်း | ဗအုပ်ခိုင် | ၂၃၈ |
| လူလက်ကြားအလွမ်း | သိမ်းတင်သန်း | ၂၄၂ |

| | | |
|---|---|---|
| ပူဇော်ထိုက်သူ ဆရာတစ်ဆူ | ကြည်လေး | ၂၄၇ |
| ပညာဆီမီးထွန်းညှိခြင်း | သင်းအောင် | ၂၅၀ |
| ချိုမြှောက်ထောက်ပံ့ကြည်ညို | ကျော်နန္ဒအောင် | ၂၅၂ |
| အမြင်နှစ်မျိုးပိုင်ရှင်ဆရာတော် | မကြွယ်ကြွယ် | ၂၅၈ |
| ဦးအောင်ဇေယျ. . . . | ကိုလေးမြတ် | ၂၆၃ |
| ကျွန်တော်သိသောရွာမ. . . | ဦးအောင်ထွဋ်(M.A) | ၂၆၉ |
| မီဒီယာ | ဘုန်းဝေ | ၂၇၇ |
| ငါးရာ့ငါးဆယ်ပြဿနာများ | ဆလိုင်းရွှေလင်း | ၂၈၀ |
| ဆရာ့ရင်ခွင် | ဥက္ကံ့ရှင်ပညာဝံသ | ၂၈၆ |
| ကျွန်တော်တို့ငယ်ငယ်ကကျောင်း | လေးကိုတင် | ၂၈၈ |
| မြတ်ဆရာရှိရာဦးခေါင်းထား၍. . . | အောင်မြင့်(သစ်လုပ်ငန်း) | ၂၉၁ |
| မြေဖြူကိုင်သောလက်. . . . | မြိုင်နန်းမြေရဝေသျှင် | ၂၉၈ |
| ကိုရှင်းရှင်းချက် | မင်းနွယ်စိုး | ၃၀၄ |
| အဘွားနှင့်တရား | ဆောင်းဝင်းလတ် | ၃၀၇ |
| ပန်းချီပြပွဲမှ ပေးသောရသ | သွေး(စစ်ကိုင်း) | ၃၁၀ |
| သင်္ကြာသုံးပါးဆက်သွယ်မှု | မောင်ရန်ပိုင် | ၃၁၆ |
| ပျိုးပင်ပေါက်ကလေးတို့လန်းစေချင် | ဗိုလ်ချိုမြေတင်တင်ဝင်း | ၃၂၀ |
| ယထာဘူတံဉာဏာယ | မစိုးရိမ်စာသင်သား | ၃၂၈ |
| ပန်းစုံသင်းတဲ့ ဥယျာဉ်တွင်း | မောင်ဝင်းထွန်း(ပျော်ဘွယ်) | ၃၃၆ |
| ပဋိရူပဒေသဝါသောစ | အဂ္ဂ(Y.T.U-Petro) | ၃၄၁ |
| အရိပ်စွမ်းအား | သောတုဇနစာသင်သား | ၃၄၅ |



● ဝတ္ထုကဏ္ဍ


| | | |
|---|---|---|
| လူထဲကရဟန်းရဟန်းထဲကလူ | အရှင်ယုဇန(ရန်အောင်) | ၄၀ |
| အောင်မြင်မှု | ရွှေဘိုမင်းသုခ | ၆၈ |
| ညောင်ရွက်ကြွေလေအလွင့် | မိချမ်းဝေ | ၁၂၄ |
| အပြုံးမျက်ဝန်းထဲမှနောင်တမျက်ရည် | မောင်ဆန်းလင်း (အထက်မင်းလှ) | ၁၄၈ |
| ကာလဝိပါတ်နောက်ပိုးတက် | ပုလဲနန္ဒသူ | ၁၆၄ |
| အမေမရှိတဲ့အခါ | ထွန်းဝေမြင့် | ၁၈၈ |
| ရည် | ဌေး(မော်ဝန်း) | ၂၀၄ |







အဘိဓဇ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့အနီးရှိ တပည့်ကြီးများ ညှိနှိုင်းဆောင်ရွက်ကြစဉ်



ဘဒ္ဒန္တ နန္ဒဝံသမဟာထေရ်

နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက



ဘဒ္ဒန္တ နန္ဒဝံသ

နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

သက်တော်(၂၅)နှစ်အရွယ် ပုံတော်



ဘဒ္ဒန္တ တိလောကာဘိဝံသ


အဂ္ဂမဟာပဏ္ဍိတ

နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်

အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်



အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ မိဘသဖွယ်ဖြစ်သော
မဟာနာယကဆရာတော်နှင့် တိုက်အုပ်ဆရာတော်



**ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ**

တိပိဋကဓရ၊ တိပိဋကကောဝိဒ

(အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ အနာဂတ်ကို ပုံဖော်မည့်ဆရာတော်)






ဘဒ္ဒန္တ နန္ဒဝံသ

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံယူတော်မူစဉ်


နိုင်ငံတော်သံဃ ဝိနိစ္ဆယအဖွဲ့




နိုင်ငံတော်သံဃ ဝိနိစ္ဆယအဖွဲ့တွင်ဆောင်ရွက်ခဲ့စဉ်က

ခင်းဗိန်မြို့ နယ်လုံးဆိုင်ရာဝိနယာဓိကာ ဓရိယတ္တိသာသနာပြုအသင်းကြီး၏ နာယကဆရာတော်များနှင့်အမှုဆောင်လူကြီးများ

၁၃၁၇ ခုနှစ်



ရှေ့တန်းဝဲမှယာသို့ ••••••• ဦးမဲ၊ ဦးသင်းဖေ၊ ဦးဟန်၊ ဦးစိန်ဘ၊ ဦးသင်း၊ ဦးဘိုးကိုင်၊ ဦးဘိုးချစ်၊
အလယ်တန်းဝဲမှယာသို့ ••••• ဦးနန္ဒဝံသ၊ ဦးသူရိယ၊ ဦးရာဇိန္ဒ၊ ဦးစန္ဒိမာ၊ ဦးဝိမလ၊ ဦးအာစိဏ္ဏ၊ ဦးညာဏောဘာသ၊ ဦးသညိန္ဒ၊ ဦးခမ္မိက၊ ဦးကေတု
နောက်တန်းဝဲမှယာသို့ ••••• ကိုသိန်းရွှေ၊ ကိုသန်းဆွေ၊ ကိုငြိမ်း၊ ကိုကြွယ်၊ ကိုစံသိန်း၊ ကိုကျော်မြင့်၊ ကိုထွန်းစိန်၊ ဆရာသန်း၊ ကိုထွန်းတင်၊
ကိုကျော်လှိုင်၊ ကိုလှဝင်း

# ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ရွေးချယ်တင်မြှောက်ပေးသော
## တေရသမလေးလေဖတ် နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ



ရှေ့တန်းဝဲမှယာသို့ • • • • • • • ဘဒ္ဒန္တကုဏ္ဍာဘိဝံသ (ယွန်းကျောင်း၊ ကမ္မမြို့)၊ ဘဒ္ဒန္တဓမ္မာဘိဝရ (ကံတွင်းဆုတောင်းပြည့်ကျောင်း၊ ပြည်မြို့)၊ ဘဒ္ဒန္တသူရိယ (မဟာဝိသုတာရာမတိုက်၊ ပခုက္ကူ)၊ ဘဒ္ဒန္တဝိစိတ္တာစာရ (အာသောကသီတဂူကျောင်း၊ သက်နွန်းကျွန်း)၊
ဘဒ္ဒန္တဓမ္မသီရိ (ဘုရားကြီးကျောင်း၊ စစ်ကိုင်းမြို့)၊ ဘဒ္ဒန္တနန္ဒဝံသ (ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်)၊ ဘဒ္ဒန္တတိက္ခိန္ဒြိယ (ကျောင်းတော်ရာရွှေကျင်တိုက်၊ ပဟန်း)၊

နောက်တန်းဝဲမှယာသို့ • • • • • ဘဒ္ဒန္တဝိစိတ္တဉာဏ (ရွှေရောင်တော်ကျောင်း၊ တောင်တွင်းကြီး)၊ ဘဒ္ဒန္တကေတုမာလာ (ရတနာဂီရိတောကျောင်း၊ ကျွန်းလှမြို့)၊ ဘဒ္ဒန္တရေဝတ (ငွေကြာရံပရိယတ္တိစာသင်တိုက်၊ တောင်ဥက္ကလာပ)
ဘဒ္ဒန္တဥတ္တမသာရ (ကျိုက္ကလို့ကျောင်း၊ မင်္ဂလာဒုံ)၊ ဘဒ္ဒန္တမာရိန္ဒ (ဝေဠုဝန်တိုက်မ၊ ရွှေဘိုမြို့)၊ ဘဒ္ဒန္တတေဇနိယ (ရွှေတောင်ပါဠိတက္ကသိုလ်၊ ရေနံချောင်းမြို့)၊ ဘဒ္ဒန္တဝိလာသ (သရက်ပင်ကျောင်း၊ မိုးတား၊ ကသာမြို့)၊
ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသ (ဝိသုဒ္ဓါရုံ ရွှေဘုန်းဝန်တိုက်၊ မန္တလေးမြို့)၊

ခင်ဦးမြို့ နယ်လုံးဆိုင်ရာဝိနယာဓိက ပရိယတ္တိသာသနာပြုအသင်း အမှုဆောင်လူကြီးများ

၁၃၂၀ ခုနှစ်



ရှေ့တန်းဝဲမှယာသို့ ・・・・・・・ ဒေါ်တင်လှ၊ ဒေါ်လှရှင်၊ ဒေါ်ရွှေ၊ ဒေါ်အုံး

အလယ်တန်းဝဲမှယာသို့ ・・・・・ ဦးကြွယ်၊ ဦးစိုးအောင်၊ ဦးသင်း၊ ဦးစိန်ဘ၊ ဦးဘိုးကိုင်း၊ ဦးသင်းဖေ၊ ဦးထွန်းစိန်

နောက်တန်းဝဲမှယာသို့ ・・・・・ ဦးပေါ်ကြွယ်၊ ဦးစံသိန်း၊ ဦးလှရွှေ၊ ဦးခင်မောင်၊ ဦးကျော်လှိုင်၊ ဦးလှဝင်း

၁၃၆၉-၇ (၂၀၀၇-၂၀၀၈) ပညာသင်နှစ် ဆရာတော်နှစ်ပါးနှင့် စာချနာယကများ



ရှေ့တန်း ဝဲမှယာသို့ - ဦးဝိစိတ္တ၊ ဦးရာဟုလာ၊ ဦးခေမာစာရ၊ ဦးဇာနေယျ၊ ပဓာနနာယကဆရာတော်ကြီး၊ တိုက်အုပ်ဆရာတော်၊
ဦးဝိသိဋ္ဌ၊ ဦးကဥ္စန၊ ဦးဣန္ဒာစာရ


နောက်တန်း ဝဲမှယာသို့ - ဦးကုဏ္ဍလ၊ ဦးဥတ္တရာလင်္ကာရ၊ ဦးပညာဝံသ၊ ဦးအရိယဝံသ၊ ဦးခေမိန္ဒာစာရ၊ ဦးစန္ဒာဒီပ၊
ဦးပညာစာရာလင်္ကာရ၊ ဦးသုမန၊ (ဦးစရဏာလင်္ကာရ နှင့် ဦးစန္ဒနသာရာလင်္ကာရတို့မှာ ပညာရေးကိစ္စဖြင့်ခရီးလွန်နေသည်။)

## အဘိဓမ္မာဂေါဏ်ရည် စာတည်းအဖွဲ့



ရှေ့တန်း ဝဲမှယာသို့ - ဦးကုဏ္ဍလ၊ ဦးရာဟုလာ၊ ဦးခေမာစာရ၊ ဦးဝိသိဋ္ဌ၊ ဦးစန္ဒသိရီ(မြစ်ကွေ့)၊ ဦးဇာနေယျ၊ ဦးစန္ဒာသိရီ(ပထမကျော်)၊ ဦးကဥ္စန၊ ဦးပညာဇောတ(ရွှေဘိုမင်းသုခ)

နောက်တန်း ဝဲမှယာသို့- ဦးစရဏာလင်္ကာရ၊ ဦးဣန္ဒာစာရ၊ ဦးဥတ္တရာလင်္ကာရ၊ ဦးအရိယ၊ ဦးပညာဝံသ၊ ဦးစန္ဒာဒီပ၊ ဦးခေမိန္ဒာစာရ၊ ဦးဝိစိတ္တ၊ ဦးပညာစာရာလင်္ကာရ



**သာသနာ့အာဇာနည် ရှင်ရေဝတ**

ပထမငယ်တန်း ဒုတိယဂုဏ်ထူးရှင်

၁၃၆၈-ခုနှစ်(၂၀၀၆-၂၀၀၇) ပညာသင်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဒုတိယဂုဏ်ထူးဖြင့် အောင်မြင်သည်)

၁၃၆၈(၂၀၀၇)ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရပထမပြန်စာမေးပွဲ

ပထမငယ်တန်း၌

တစ်နိုင်ငံလုံး ဖြေဆိုသူပေါင်း (၂၄၇၃၄)ပါး၊ အောင်မြင်သူပေါင်း(၁၁၆၆၈)ပါးအနက်

ဒုတိယဂုဏ်ထူးဆွတ်ခူးရရှိသော

# ဿာသနာ့အာဇာနည် ရှင်ရေဝတ၏ အတ္ထုပ္ပတ္တိ

## ဖွားမြင်ခြင်း

ရှင်ရေဝတသည် ၁၃၅၁-ခုနှစ်၊ နတ်တော်လဆန်း (၂)ရက်၊ ဗုဒ္ဓဟူးနေ့တွင် မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ မြိုင်သာရွာနေ ခမည်းတော် ဦးလွန်းမောင် + မယ်တော် ဒေါ်ခင်သန်းတို့မှ ဖွားမြင်သော အဌမမြောက် သားရတနာဖြစ်ပါသည်။

## ရှင်သာမဏေဖြစ်ခြင်း

၁၃၆၂-ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက်၊ တနင်္ဂနွေနေ့တွင် မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ မြိုင်သာကျောင်းဆရာတော် ဘဒ္ဒန္တ ဝိသုတကို ဥပဇ္ဈာယ်ပြုလျက် ဦးရာဆိုင်+ဒေါ်စောရင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## အောင်မြင်ခဲ့သောစာမေးပွဲများ

၁။ အစိုးရပထမပြန်စာမေးပွဲ ပထမငယ်တန်း ရန်ကုန်တိုင်း(ဒုတိယဂုဏ်ထူး)ကိုလည်းကောင်း၊

၂။ မြန်မာနိုင်ငံလုံးဆိုင်ရာ ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိ ပထမပြန်စာမေးပွဲ ပထမငယ်တန်းကို လည်းကောင်း၊

၃။ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကသာသနာပြုစာမေးပွဲ ပထမငယ်တန်းကိုလည်းကောင်း၊

၄။ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက် ဂဏဝါစကအဖွဲ့မှ ကြီးမှူးကျင်းပအပ်သော သဒ္ဓမ္မဝံသပါ စာမေးပွဲ ပထမငယ်တန်း(ပထမဂုဏ်ထူး)ကိုလည်းကောင်း အောင်မြင်ခဲ့ပါသည်။

## ကျေးဇူးတော်ရှင်ဆရာတော်များ

မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ မြိုင်သာကျောင်းဆရာတော် ဘဒ္ဒန္တဝိသုတ၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ, နိုင်ငံတော်ဩဝါဒါစရိယ, အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ တိလောကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ, နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်)နှင့် စာချဆရာတော်များ၊ သီတင်းသုံးဖော်သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများတို့အထံတွင် ပရိယတ္တိပညာ လေ့လာသင်ယူ ဆည်းပူးခဲ့ပါသည်။

ယခုအခါ အင်းစိန်မြို့ ရွာမပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးလျက် ဆရာသမားများ၏ အဆုံးအမကို ခံယူကာ အထက်တန်း ပိဋကတ်စာပေများကို ဆက်လက်အားထုတ် ဆည်းပူးလျက် ရှိပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်

# နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်

သာသနာတော်နှစ် ၂၅၄၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၂-ခုနှစ်၊ တပေါင်းလဆန်း ၁၃-ရက် (၂၀၀၁-ခုနှစ်၊ မတ်လ ၆-ရက်) အင်္ဂါနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆင္ဃသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသော ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့၊ ပထမ အစည်းအဝေးပွဲကြီးက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်အဖြစ် ရွေးချယ်တော်မူချက်အရ ......ရန်ကုန်...... ပြည်နယ်/တိုင်း၊ ......အင်းစိန်...... မြို့၊ ......[illegible]...... ရပ်ကွက်/ကျေးရွာ ......[illegible]...... ကျောင်းတိုက်၌ သီတင်းသုံးတော်မူသော သက်တော် (......၅၃......)နှစ်၊ သိက္ခာတော် (......၆၄......)ဝါရှိ ဆရာတော် ဘဒ္ဒန္တ ......[illegible]...... အား နိုင်ငံတော် ဩဝါဒါစရိယ လက်မှတ်ကို ဆက်ကပ်ပါသည်။

| | |
|---|---|
| ဘဒ္ဒန္တသောဘိတ | ဘဒ္ဒန္တကုမာရ |
| အဘိဓဇမဟာရဋ္ဌဂုရု | အဘိဓဇမဟာရဋ္ဌဂုရု |
| အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက | အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက |
| ဥက္ကဋ္ဌဆရာတော် | အကျိုးတော်ဆောင်ဆရာတော် |

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

၁၃၆၂-ခုနှစ်၊ တပေါင်းလဆန်း ၁၃-ရက်။
၂၀၀၁-ခုနှစ်၊ မတ်လ ၆-ရက်။

နိုင်ငံတော် ဩဝါဒါစရိယဆရာတော် လက်မှတ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်

# နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်

သာသနာတော်နှစ် ၂၅၂၉-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၇-ခုနှစ်၊ နယုန်လဆန်း ၁၂-ရက် (၁၉၈၅-ခုနှစ်၊ မေလ ၃၀-ရက်)၊ ကြာသပတေးနေ့တွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသော သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပထမ အစည်းအဝေးကြီးက အတည်ပြုခဲ့သော ဝိနည်းမဲ့မှုက် အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) အခန်း (၇)၊ အပိုဒ် (၅၄)နှင့် အညီ ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ရွေးချယ် တာဝန်ပေးတော်မူချက်အရ ——ရန်ကုန်—— ပြည်နယ်/တိုင်း၊ ——အင်းစိန်—— မြို့နယ်၊ ——အင်းစိန်မြို့၊ [illegible] ကျောင်း၌ သီတင်းသုံးတော်မူသော သက်တော် (—၇၁—) နှစ်၊ သိက္ခာတော် (—၅၀—) ဝါရှိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တ [illegible] —— အား နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော် လက်မှတ်ကို ဆက်ကပ်ပါသည်။

ဘဒ္ဒန္တကုမာရ
အဘိဓဇမဟာရဋ္ဌဂုရု
ဥက္ကဋ္ဌဆရာတော်

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဘိဓဇမဟာရဋ္ဌဂုရု
အကျိုးတော်ဆောင်ဆရာတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့

သာသနာတော်နှစ် ၂၅၃၃။
ကောဇာ ၁၃၅၁-ခုနှစ်၊ ……လဆန်း ( ) ရက်နေ့။
ခရစ် ၁၉၉၀-ခုနှစ်၊ ……လ ( ) ရက်နေ့။

နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော် လက်မှတ်

ရောဝတီတိုင်း ၊ ညောင်တုန်းမြို့
မဟာဝိသုတာရာမတိုက်သစ် (ပါဠိတက္ကသိုလ်)ကျောင်းတိုက်ကြီး၏

**ဩဝါဒါစရိယဆရာတော်**

သာသနာ - ၂၅၄၃ ★ ★ ကောဇာ - ၁၃၆၂

ရောဝတီတိုင်း ၊ ညောင်တုန်းမြို့
မဟာဝိသုတာရာမတိုက်သစ် (ပါဠိတက္ကသိုလ်)ကျောင်းတိုက်ကြီး၏
ပရိယတ္တိသာသနာ့ဝန်ဆောင်ရေး (၇၅)နှစ်ပြည့် စိန်ရတုမင်္ဂလာသဘင်တွင်
အင်းစိန်မြို့၊ ရွာမပရိယတ္တိစာသင်တိုက်ဆရာတော်
**ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ် (အဂ္ဂမဟာပဏ္ဍိတ)**
သက်တော်(၈၀) သိက္ခာတော်(၆၀)အား
မဟာဝိသုတာရာမတိုက်သစ် (ပါဠိတက္ကသိုလ်)ကျောင်းတိုက်ကြီး၏
ဩဝါဒါစရိယဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်တော်မူ၍
ဤဘွဲ့လက်မှတ်တော်ကို ဆက်ကပ်ပူဇော်အပ်ပါသည်။

ဆရာတော်ဘဒ္ဒန္တနန္ဒိယာဘိဝံသ (ပဓာနနာယက)
(အဂ္ဂမဟာပဏ္ဍိတ)
မဟာဝိသုတာရာမတိုက်သစ် (ပါဠိတက္ကသိုလ်)၊
ညောင်တုန်းမြို့၊ ရောဝတီတိုင်း။

၁၃၆၂ - ခုနှစ်၊ တန်ခူးလပြည့်ကျော် (၅)ရက် ၊ တနင်္ဂနွေနေ့ ။

**ရောဝတီတိုင်း၊ ညောင်တုန်းမြို့**
**မဟာဝိသုတာရာမတိုက် (ပါဠိတက္ကသိုလ်) ကျောင်းတိုက်ကြီး**
**ဩဝါဒါစရိယဆရာတော် အဖြစ်ရွေးချယ်တင်မြှောက်ခြင်း လက်မှတ်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ပခုက္ကူမြို့

## မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ

၁၂၉၈-ခုနှစ် တည်ထောင်သည်

မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏဝိနာယက

# ဘွဲ့လက်မှတ်တော်

ပခုက္ကူမြို့၊ မဟာဝိသုတာရာမ တိုက်တည်နည်းထွင် ကျေးဇူးတော်ရှင် မူလဧရာစကြို ဆရာတော်ဘုရားကြီး၏ သင်ကြားပို့ချနည်းဖြစ်သော နိကာယ်ငါးရပ် - ပိဋကပါဠိတော် - အဋ္ဌကထာ - ဋီကာ တို့ကို အစဉ်အဆက် နည်းမပျက်စေဘဲ သင်ကြားပို့ချလျက်ရှိသော မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ကြီး၏ နိကာယဝင် သံဃာတော်အပေါင်းက ......ရန်ကုန်...... ပြည်နယ်/တိုင်း ......အင်းစိန်...... မြို့......ရွာမပဋ္ဌိယာဋ္ဌိစာသင်တိုက်...... ကျောင်းတိုက် ဆရာတော်......ဘဒ္ဒန္တ နန္ဒဝံသ ပဓာနနာယက...... မဟာထေရ်ကို **"မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏဝိနာယက"** အဖြစ် တညီတညွတ်တည်း တင်မြှောက်ကြ၍ ဤမည်သော ဘွဲ့လက်မှတ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်။

၁၃၅၃......ခု၊ [illegible]......[illegible]......၁၅......ရက်နေ့

မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏဝိနာယက

ဘွဲ့လက်မှတ်



ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရ

# အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တော်

( သာသနာပြုအဆင့်မြင့် )

ဗုဒ္ဓသာသနာတော် တိုးတက် ပြန့်ပွားရေးကို အထူး ဆောင်ရွက်တော်မူခြင်း၊ ဝိသိဋ္ဌ ဗုဒ္ဓသာသနဝုမိကရဂုဏ်၊ ဗုဒ္ဓ သာသနာတော် အကျိုးစီးပွားကို အထူးဆောင်ရွက်နိုင်ခြင်း၊ ဝိသိဋ္ဌ ဗုဒ္ဓသာသနဟိတာဂုဏ်၊ ဗုဒ္ဓသာသနာတော်ကို အထူး စောင့်ရှောက်တော်မူခြင်း၊ ဝိသိဋ္ဌ ဗုဒ္ဓသာသနာနုရက္ခိတဂုဏ်၊ သံဃာတော်များကို ထူးခြားစွာ ကြီးကဲအုပ်ချုပ်နိုင်ခြင်း၊ ဝိသိဋ္ဌ မဟာနာယကဂုဏ်၊ ထူးကဲသော ဝိသိဋ္ဌ သီလ သမာဓိ ပညာဂုဏ် တို့နှင့် ပြည့်စုံတော်မူသော ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမအာနန္ဒာကျောင်းတိုက်၊ ရွာမပရိယတ္တိစာသင်တိုက်၊

ဆရာတော် အရှင်သုမြတ် အဂ္ဂနန္ဒနဝံသ အား

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပါသည်


[illegible]

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

[illegible]

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့လက်မှတ်


# အစိုးရ ပထမပြန်စာမေးပွဲ ဂုဏ်ထူးရှင်များ



၁၃၅၂(၁၉၉၁)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမလတ်တန်း ဒုတိယဂုဏ်ထူးရှင်
ရှင်ကောသလ



၁၃၅၅(၁၉၉၄)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမလတ်တန်း ပထမဂုဏ်ထူးရှင်
ရှင်ဇနိတ



၁၃၆၀(၁၉၉၉)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမကြီးတန်း တတိယဂုဏ်ထူးရှင်
အရှင်ဉာဏဗလ



၁၃၆၀(၁၉၉၉)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမလတ်တန်း ပထမဂုဏ်ထူးရှင်
အရှင်ဣန္ဒောဘာသ


# အစိုးရ ပထမပြန်စာမေးပွဲ ဂုဏ်ထူးရှင်များ




၁၃၄၁(၁၉၈၀)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမငယ်တန်း ပထမဂုဏ်ထူးရှင်
**ရှင်ဓမ္မစက္က**



၁၃၄၂(၁၉၈၁)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမကြီးတန်း တတိယဂုဏ်ထူးရှင်
**ရှင်သီလက္ခန္ဓ** (ပါဠိဘာသာဖြင့်ဖြေဆိုအောင်မြင်သည်။)
ယခုရွှေရတုတိပိဋကဆရာတော်



၁၃၄၄(၁၉၈၃)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမကျော်
**အရှင်နန္ဒာသိရိ**



၁၃၄၆(၁၉၈၅)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမကြီးတန်း တတိယဂုဏ်ထူးရှင်
**ရှင်နန္ဒာစရိယ**

# အစိုးရ ပထမပြန်စာမေးပွဲ ဂုဏ်ထူးရှင်များ



၁၃၄၇(၁၉၈၆)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမငယ်တန်း ဒုတိယဂုဏ်ထူးရှင်
**အရှင်နာယက**



၁၃၄၉(၁၉၈၈)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမငယ်တန်း ပထမဂုဏ်ထူးရှင်
**ရှင်ပညာသီဟ**



၁၃၅၀(၁၉၈၉)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမကြီးတန်း တတိယဂုဏ်ထူးရှင်
**အရှင်စိန္တာစရ**



၁၃၅၁(၁၉၉၀)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမကျော်
**ရှင်ဩဘာသ** (ယခု ပထမကျော် သ,စ,အ ဓမ္မာစရိယ)


# အစိုးရ ပထမပြန်စာမေးပွဲ ဂုဏ်ထူးရှင်များ




၁၃၆၁(၂၀၀၀)ပြည့်နှစ် အစိုးရပထမပြန်စာမေးပွဲ
ပထမငယ်တန်း ပထမဂုဏ်ထူးရှင်
ရှင်တေဇနိယ



၁၃၆၃(၂၀၀၁)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမကြီးတန်း ဒုတိယဂုဏ်ထူးရှင်
အရှင်ဇဝနာလင်္ကာရ(မြစ်သား)



၁၃၆၆(၂၀၀၅)ခုနှစ် အစိုးရပထမပြန်စာမေးပွဲ
ပထမလတ်တန်း ဒုတိယဂုဏ်ထူးရှင်
ရှင်ပညိန္ဒ




၁၃၆၇(၂၀၀၆)ခု အစိုးရပထမပြန်စာမေးပွဲ
ပထမငယ်တန်း ဒုတိယဂုဏ်ထူးရှင်
ရှင်ဓမ္မိဿရ



ပဓာနနာယကဆရာတော်ကြီးနှင့် ညီများ

## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဂုဏ်ပြုပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ



ရှေ့တန်း ဝဲမှယာသို့ - ဦးမြမောင်၊ ဦးကျော်အုန်းလှိုင်၊ ဦးလုကြီး၊ ဦးဝင်းမြင့်၊ ဦးမြင့်ဇော်၊ ဦးအောင်ဆွေ၊ ဦးယုနိုင်၊ ဦးစိန်တင်
ဦးဝင်းသိန်း၊ ဦးဝင်းတင်၊ ဦးသောင်းထွန်း၊ ဦးမြင့်ရှိန်

နောက်တန်း ဝဲမှယာသို့- ဦးအေးသိန်း၊ ဦးသောင်းငွေ၊ ဦးလှသန်း၊ ဦးသီလှ၊ ဦးမောင်မောင်လွင်၊ ဒေါက်တာနော်သန္တာဆွေ၊
ဒေါက်တာနွယ်နီဝေ၊ ဦးတင့်လွင်၊ ဦးစိန်ဝင်းကြည်၊ ဦးအောင်ဇော်ဦး၊ ဦးအေးကြူ။

# အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် နှင့်
# အဘိဓဇဂုဏ်ရည်မဂ္ဂဇင်း အလှူရှင်အား
# ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

အဘိဓဇဆရာတော်ဘုရား၏ တပည့်ကြီး

အောင်ဆန်းဆရာတော်

ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ(မဟာကမ္မဋ္ဌာနာစရိယ)

မိုးကုတ်ဝိပဿနာရိပ်သာအဖွဲ့ခွဲ (၇၇)၊ တပ်ဦးကျောင်း

အောင်ဆန်း၊ အင်းစိန်အား

စာရွက်ဖိုး ကျပ် - ၂၃၇၅၀၀၀ နှင့်

ပူဇော်ပွဲအတွက် သီးသန့်အလှူ ကျပ်-၁၀,၂၀၀၀၀ တိတိ

လှူဒါန်းသည့်အတွက် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ

ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။



# ဥပေယျာရင်

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ကြီးပွားဖို့၊ တိုးတက်ဖို့၊ အောင်မြင်ဖို့ အရေးမှာ ကံ, ဉာဏ်, ဝီရိယ-ဟူသော အခြေခံအကြောင်း ၃-မျိုး လိုအပ်သည်၊ ထို ၃-မျိုးတွင် ကံ-သည် အဓိကအကြောင်းရင်းဖြစ်သည်၊ ကံကောင်းလျှင်, ကံ ထူးချွန်လျှင် ဉာဏ်,ဝီရိယ အသင့်အတင့်ပါရုံဖြင့် ကြီးပွားနိုင်၊ တိုးတက်နိုင်၊ အောင်မြင်နိုင်သည်။

ကံမပါလျှင်ကား ဉာဏ်, ဝီရိယပါစေကာမူ ထင်သလောက် အကျိုးမရနိုင်ပေ၊ ဤသည်ကို ရည်ရွယ်၍-

ကံမရှိ ဉာဏ်ရှိတိုင်းမွဲ - ဟူ၍လည်းကောင်း၊

ဝီရိယအကျိုး ကံထက်ဝက် - ဟူ၍လည်းကောင်း- ပြောဆိုလေ့ရှိကြသည်။

ဤစာဆောင်ဖြင့် ဂုဏ်ပြုအပ်သူ ရွှာမပရိယတ္တိစာသင်တိုက် ပဓာနနာယက "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဂုဏ်ထူးရှင် ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို စာရေးသူ တိုက်ရိုက်မသိရသော်လည်း ကံတော်, ဝီရိယတော်တို့ကိုကား စာရေးသူ မျက်မြင်ကိုယ်တွေ့ သိမြင်နေရသည်။ ဆရာတော်ဘုရားကြီးသည် ဝီရိယကောင်းသည် ကံတော်ကား ပို၍ပင် အံ့မခန်း ကောင်းလှသည်၊ ဆရာတော်ဘုရားကြီး၏ ကံတော်မှာ သူများတု၍မရနိုင်လောက်အောင် ဘုန်းရှင်, ကံရှင်, သမ္ဘာရှင်ကြီးဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ ကံတော်ကြောင့်ပင် ရေကန်အသင့်, ကြာအသင့် ဆိုသလို-

၁။ နေရာ, အဆောက်အဦးနှင့်လည်း ပြည့်စုံခဲ့သည်၊

၂။ တပည့်, ပရိသတ်, အခြံအရံနှင့်လည်း ပြည့်စုံခဲ့သည်၊

၃။ ဒကာ, ဒကာမ အသိုင်းအဝိုင်းနှင့်လည်း ပြည့်စုံခဲ့သည်၊

၄။ မိတ်ဆွေ အပေါင်းအသင်းနှင့်လည်း ပြည့်စုံခဲ့သည်၊

၅။ ဂုဏဝုဍ္ဎိ, ဝယဝုဍ္ဎိ-စသည်တို့နှင့်လည်း ပြည့်စုံခဲ့သည်၊

၆။ ထိုက်သင့်သလောက် ကျန်းမာခြင်း-စသည့် ဂုဏ်တို့နှင့်လည်း ပြည့်စုံခဲ့သည် -

ဤသို့ စသည့်စသည့် ဂုဏ်တော်တို့နှင့် ပြည့်စုံခြင်းသည် ဆရာတော်ဘုရားကြီး၏ ဘုန်းတော်, ကံတော် ကြီးမားခြင်းများ၏ အမှတ်အသားများပင်ဖြစ်သည်၊ အချို့သော ဆရာတော်များမှာ ကံမကောင်းသဖြင့် ဉာဏ်, ဝီရိယ ကောင်းသလောက် ဉာဏ်, ဝီရိယအကျိုး မခံစားရပေ၊ ဆရာတော်ဘုရားကြီးသည် ဘုန်းရှင်, ကံရှင်, သမ္ဘာရှင်ဖြစ်ခြင်းကြောင့် ဉာဏ်, ဝီရိယအကျိုး အပြည့်အဝ ခံစားရသူဖြစ်သည်။

ဤသို့ ဘုန်းရှင်, ကံရှင်, သမ္ဘာရှင်ဖြစ်ခြင်း၊ ဉာဏ်,ဝီရိယအကျိုး အပြည့်အဝ ခံစားရခြင်းတို့မှာ ဆရာတော်ဘုရားကြီး အတိတ်က ဆည်းပူးခဲ့သော ပါရမီတော်တို့ကြောင့်ပင် ဖြစ်သည်၊ ဆရာတော်ဘုရားကြီး၏ ဘုန်းသမ္ဘာတော်ကြောင့် နိုင်ငံတော်အစိုးရမှ "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော်ကို အပ်နှင်းခဲ့ခြင်း ဖြစ်သည်၊ ထိုဆရာတော် ဘုရားကြီး၏ ဂုဏ်ပြုပူဇော်ပွဲ၌ ကိုယ်အား, ဉာဏ်အား, ပစ္စည်းအား စသည်များဖြင့် အဖက်ဖက်မှ ဝိုင်းဝန်းပါဝင် ကူညီသူများသည်လည်း စွမ်းနိုင်ရာက ပါဝင် ဂုဏ်ပြုသူများ ဖြစ်ကြောင်း မှတ်တမ်းတင်ရမည်သာ ဖြစ်သည်။

ယခု ဂုဏ်ပြုပူဇော်ပွဲ၌ ကျရာတာဝန်က ပါဝင်ပူဇော်ကြသူအားလုံး ပူဇော်ခံဆရာတော်ဘုရားကြီးကဲ့သို့ ဘုန်းရှင်, ကံရှင်, သမ္ဘာရှင်များ ဖြစ်နိုင်အောင် ကောင်းမှုပါရမီအပေါင်း စုဆောင်းထားနိုင်ကြပါစေကြောင်း ဥပေယျာဇဉ်စကား မှာထားအပ်ပါသတည်း။

**အရှင်တိလောကာဘိဝံသ** (အင်းစိန်)

သီတင်းကျွတ်လဆန်း ၁၀ ရက်၊ ၁၃၆၉ ခု၊ (၂၁-၁၀-၂၀၀၇) တနင်္ဂနွေနေ့



# အယ်ဒီတာ၏ ရင်ဖွင့်စကား

ကျွန်ုပ်တို့အင်းစိန်ရွာမသည် ကျေးလက်ဒေသ ဘာသာရေး အထောက်အကူပြုရုံ သက်သက်မျှ အဆင့်မှ သာသနာတော်အတွက် ရေသောက်မြစ်သဖွယ်ဖြစ်သော ပရိယတ္တိစာသင်တိုက်အသွင်သို့ ကူးပြောင်းလာခဲ့သည်မှာ ၃၇-နှစ်ခရီးတွင် တိုင်ခဲ့လေပြီ၊ ထို ၃၇-နှစ်တာခရီးသို့ လမ်းကြောင်းမှန်မှန်ဖြင့် ချီတက်ခဲ့ရာ မြန်မာပြည် အဝှမ်း အောင်မြင်ကျော်ကြားသော ထိပ်တန်းစာရင်းဝင် စာသင်တိုက် ဖြစ်လာခဲ့သည်။

ထိပ်တန်းစာရင်းဝင် စာသင်တိုက်ကြီးဖြစ်အောင် အဓိပတိတပ်ပြီး မောင်းနှင်ပေးခဲ့ကြသည့် ဆရာတော်ကြီး ၂-ပါးရှိရာတွင် ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်မြတ်ကြီးသည် ကျွန်ုပ်တို့ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဖခင်သဖွယ် ဖြစ်ခဲ့သည်၊ ထိုသို့ဆိုလျှင် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ မဟာထေရ်မြတ်သည်လည်း ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ မိခင်သဖွယ် ဖြစ်လာတော့သည်။

ဖခင်သည် သားသမီးများ၏ စားဝတ်နေရေး, ကျန်းမာရေး အတွက် ကြိုးစားပမ်းစား အားထုတ်ရသလို မိခင်သည်လည်း သားသမီးများ၏ဘဝ ပညာတတ်များဖြစ်ကြစေဖို့ အနီးကပ်သွင်သင်ဆုံးမ ယုယပိုက်ထွေး ပြုစုရပြီး လမ်းညွှန်မှုပေးရသည်၊ မိဘတို့ထံမှ အကြွင်းအကျန်မရှိ ပေးလာခဲ့သော စေတနာ, မေတ္တာ, ပညာစသည့် အမွေအနှစ်များကို ကျွန်ုပ်တို့ ရွာမနွယ်ဖွား တပည့်သားသံဃာများ ပြည့်ပြည့်ဝဝ ရရှိခံစားကြရ၍ များစွာနှစ်ထောင်းအားရ ကျေနပ်ကြရသည်။

ကျွန်ုပ်တို့၏ ဖခင်ဖြစ်သော ဆရာတော်ကြီးသည် စာသင်တိုက်သက်တန်း ၃၇-နှစ်တာ ကာလအတွင်း သာသနာတော်အတွက် ရှပ်ရှပ်ချွန်ချွန် ကြိုးစားအားထုတ်ခဲ့သည်၊ ထိုဆောင်ရွက်ချက်များသည် နိုင်ငံတော်အစိုးရမှ သာနာတော်ဆိုင်ရာ အမြင့်ဆုံးဘွဲ့တံဆိပ်တော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ် ဆက်ကပ်လာရခြင်း၏ အကြောင်းဥပနိဿယများ ဖြစ်လာခဲ့သည်၊ ထိုသည်ပင် အလုပ်နှင့်တန်ဖိုး ထပ်တူထပ်မျှဖြစ်ခဲ့သည်။

ထိုထို အလုပ် နှင့် တန်ဖိုးသည်ပင် ဤဂုဏ်ပြုစာစောင် ဖြစ်ပေါ်ခွင့်ရခြင်း၏ မြစ်ဖျားခံရာ အမှန်အစ ဖြစ်ခဲ့သည်၊ ရွာမပရိယတ္တိစာသင်တိုက်နှင့် အဘိဓဇဂုဏ်ရည်စာစောင်၏ ရပ်တည်မှုသည် အခြားခြားသော ဘာသာရေးဆိုင်ရာ ရတုနှစ်စာစောင်များ, ဂုဏ်ပြုစာစောင်များနှင့် မတူညီသော အချက်များ တွေ့ရှိရပေလိမ့်မည်၊ ဤသည်ပင် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ သဘောတရားရပ်တည်မှုနှင့် စာပေပညာရှင်များအပေါ် လွတ်လပ်ခြင်းသဘောဆောင်စေမှု အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

ဤစာစောင်သည် အချိန်နှင့်တပြေးညီ ဆောင်ရွက်ရသော စာစောင်ဖြစ်သည်ဟု အထူးပြောဆိုနေဖွယ်ရာ မရှိပြီ၊ ရရှိလာသော အချိန်အတွင်း စာတည်းအဖွဲ့မှ ကျရာတာဝန်ကို အစွမ်းကုန် ကြိုးစားခဲ့ကြသည်၊ ဖြည့်စွက်စရာ ကွက်လပ်များလည်း ကျန်ရှိနေခဲ့ပါလိမ့်မည်၊ ထိုကွက်လပ်များကို ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ နောင်လာမျိုးဆက်များက ကျရာအခမ်းကဏ္ဍမှ ရောက်ရှိလာသော အခွင့်အခါ အချိန်ကာလပေါ်မှာ ဖြည့်စွက်သွားကြလိမ့်မည်ဟု ယုံကြည်လျှက်ရှိပါကြောင်း . . . . . ။

ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ မိဖသဖွယ်ဖြစ်သော ဆရာတော်ကြီး ၂-ပါးနှင့် ရွာမနွယ်ဖွား ညီ,နောင်များကို ဂါရဝပြုလျှက် . . . .

**ရွှေဘိုမင်းသုခ**
(အယ်ဒီတာချုပ်)

# အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
# ဆွဲတုံးဆိပ်တော်ရ
## ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်
# ပဓာန နာယကဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ ၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်ခြင်း

ဆရာတော် လောင်းလျာကို ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ (ယခုလှိုင်သာယာမြို့နယ်) အတွင်းပဒံကျေးရွာ၊ ခမည်းတော် ဦးဖိုးကြွယ်+ မယ်တော် ဒေါ်ချစ် တို့မှ မြန်မာသက္ကရာဇ် ၁၂၈၁-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃-ရက်၊ စနေနေ့ နံက် ၈-နာရီ အချိန်တွင် မိးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ မွေးချင်း ၅-ယောက်ရှိရာတွင် သားဦးရတနာဖြစ်ပါသည်၊ မွေးချင်းများမှာ -

၁။ ဦးထွန်းရင် ၂။ ဦးညွန့် ၃။ ဦးသောင်း ၄။ ဦးချစ်ခင် ၅။ ဦးစိုးမောင် - တို့ဖြစ်ကြသည်။

### ရှင်သာမဏေအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် မြန်မာသက္ကရာဇ် ၁၂၉၁-ခုနှစ်၊ တပေါင်းလဆန်း ၃-ရက်၊ ၁၀-နှစ်သား အရွယ်တွင် ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တနိဂြောဓကို ဥပဇ္ဈာယ်ပြုလျက် ဦးဖိုးကြွယ်+ဒေါ်ချစ် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်နန္ဒဝံသ ဟူသောဘွဲ့တော်ဖြင့် သာသနာတော်တွင်းသို့ ရောက်ရှိတော် မူခဲ့ပါသည်။

### ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် မြန်မာသက္ကရာဇ် ၁၃၀၀-ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၈-ရက်နေ့တွင် ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ဘုရားဖြူကျောင်းတိုက်အတွင်းရှိ ခဏ္ဍသိမ်တော်မြတ်၌ ဘုရားဖြူကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ(အဂ္ဂမဟာပဏ္ဍိတ)မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ ၆၂-လမ်း၊ အမှတ် ၃၄-နေ၊ ဒုတိယ ဗိုလ်မှူးကြီး တင်မြင့်(မကွေးတိုင်းပြည်သူ့ကောင်စီ ဥက္ကဋ္ဌ)+ဒေါ်ရင်မေ တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျောင်းသားဘဝဖြင့် ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီးကျေးရွာ၊ ရွာဦးကျောင်း ဆရာတော်ဘဒ္ဒန္တနိဂြောဓထံတွင် မြန်မာသင်ပုန်းကြီးနှင့် မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရ၊ ပရိတ်ကြီး- စသည်များကိုလည်းကောင်း၊ ရှင်သာမဏေဘဝဖြင့် ပုဇွန်တောင်မြို့နယ်၊ အသီတိကျောင်း ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏထံတွင် ပိဋကတ်အခြေခံဖြစ်သော သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း-စသည့် ကျမ်းစာများကို လည်းကောင်း၊ ရဟန်းဘဝဖြင့် ရေဝတီတိုင်း၊ ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော်ဘဒ္ဒန္တရေဝတ (အဂ္ဂမဟာပဏ္ဍိတ)၊ သာသနဇောတိကသုံးထပ်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ပခုက္ကူမြို့

မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တသုန္ဒရ(အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)နှင့် ဂဏဝါစကဆရာတော်များ၊ မန္တလေးမြို့ မဟာဝေယံဘုံသာ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏ (အဂ္ဂမဟာပဏ္ဍိတ)တို့ထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ ကျမ်းမျိုးစုံတို့ကို လည်းကောင်း ကျမ်းကြီးပေါက် သင်ယူဆည်းပူးတော်မူခဲ့ပါသည်။ (ဆရာတော်လောင်းလျာသည် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခြင်းမရှိခဲ့ပါ)။

## စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၃၂-ခုနှစ်တွင် ကျေးရွာသာမန်အဆင့်သာရှိသော ရွာမကျောင်းတိုက်ကြီးကို ရွာမပရိယတ္တိစာသင်တိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်မှစ၍ အခြေခံစာဝါများနှင့် ဝိနည်း ပိဋကတ်တော်များကို ပို့ချပေးတော်မူခဲ့ပါသည်။

စာသင်သား သံဃာ ၅၀၀-ကျော်တို့၏ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး ပစ္စည်းလေးပါး တာဝန်ယူဆောင်ရွက် ပေးခြင်း၊ အချိန်အခါအားလျော်စွာ ဩဝါဒပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်တော်မူခဲ့ပါသည်။

## ကျောင်းတိုက်ခွဲများ တည်ထောင်ခြင်းကို အားပေးချီးမြှောက်တော်မူခြင်း

ရွာမပရိယတ္တိစာသင်တိုက်မှ ပညာရည်နို့ သောက်စို့ခဲ့ပြီး တိုင်းအသီးသီး ပြည်နယ်အရပ်ရပ်တွင် ရွာမပရိယတ္တိ စာသင်တိုက်ခွဲ အနေဖြင့် ပရိယတ္တိစာသင်တိုက်များ ပဋိပတ္တိတရားရိပ်သာများဖွင့်လှစ်သင်ကြားပို့ချ ဟောပြောလျက်ရှိကြသည့် ဆရာတော်၏ တပည့်ကျောင်းထိုင် ဆရာတော်များမှာ (၂၀၀)ကျော်ရှိပါသည်။ ထိုထိုဒေသအသီးသီးသို့ အခါအားလျော်စွာ ကိုယ်တိုင်ကိုယ်ကျကြွရောက် အားပေးချီးမြှောက်တော်မူခဲ့ပါသည်။

ပညာရေးအခန်းကဏ္ဍတွင်လည်း သာမာန်အဆင့်ထက် ထူးခြားအောင်မြင်လျက်ရှိကြသည့် တိပိဋကဓရ၊ တိပိဋကကောဝိဒနှင့် ပထမကျော်၊ ပထမ၊ ဒုတိယ၊ တတိယ၊ ဂုဏ်ထူးရတပည့်များ၊ သာမဏေကျော်ဘွဲ့ရတပည့်များ၊ ဓမ္မာစရိယဘွဲ့ရတပည့်များ၊ သကျသီဟ ဓမ္မာစရိယဘွဲ့ရတပည့်များ၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့ရတပည့်များကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

## သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည်ပထမအကြိမ်၊ ဒုတိယအကြိမ်ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအသီးသီးတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်၊ နိုင်ငံတော် ဩဝါဒါစရိယ၊ အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့၏ ဩဝါဒါစရိယ၊ အင်းစိန် ဖောင်တော်ဦးဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အင်းစိန် ပြည်သူ့ဆေးရုံ သံဃာ့ဆေးကုသ ဆောင်အဖွဲ့ ဩဝါဒါစရိယ၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းမိုးကုတ်ဝိပဿနာရိပ်သာခွဲ (အမှတ်-ဂုဂု) ဩဝါဒါစရိယ၊ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက ပရိယတ္တိသာသနာပြု အသင်းကြီးကို စတင်တည်ထောင်သောအာဒိကမ္မိက ပဓာန မဟာနာယက၊ အင်းစိန်မြို့နယ်လုံးဆိုင်ရာ သုဓမ္မာဂိုဏ်းကြီး၏ ဂိုဏ်းချုပ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမိက ဂဏဝါစက၊ နိကာယဂဏဝိနာယက တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ထို့ပြင် သာသနိက အဆောက်အဦးများကို ပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်း၊ လမ်း/တံတားများဆောက်လုပ် ပြုပြင်ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အောင်မြင်သူများအား နှစ်စဉ် ဆုနှင်းသဘင် ကျင်းပခြင်း၊ ရခိုင်ရိုးကြီးကျေးရွာ၊ ရခိုင်ရိုးလေးရွာ၊ အေးရွာလေး သုံးရွာတို့မှ စတုတ္ထတန်းအောင် ကျောင်းသူကျောင်းသား ၃၀၀-ကျော်တို့အား တက္ကသိုလ်ဘွဲ့ရ သည်အထိ ၁၃-နှစ်တိုင်တိုင် ၁-နှစ်လျှင် ၁၀-သိန်းကျပ်နှုန်းဖြင့် ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ပေးခြင်း၊

ကျောင်းသာသုံး စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများလှူဒါန်းပေးခြင်း၊ ထိုကျေးရွာများမှ ကျောင်းသားကျောင်းသူများအတွက် ပညာရေးငွေပဒေသာပင်အဖြစ် အစိုးရဘဏ်တွင် ကျပ်သိန်းတစ်ရာတိတိ အပ်နှံပေးထားခြင်း၊ (ထိုပညာရေးငွေပဒေသာ ပင်ကို ရိုးကြီးကျောင်းဆရာတော် ဦးသုမန၊ ရိုးလေးကျောင်းဆရာတော် ဦးပညာသာမိ–တို့၏ လက်မှတ်ဖြင့်ဘဏ်တွင် စာရင်းဖွင့် ထားသည်) ၁–နှစ်လျှင် အပါး ၁၀၀–ဖြင့် ၅–နှစ်တိုင်တိုင် ဒုလ္လဘရဟန်းခံပွဲများ ပြုလုပ်ပေးခြင်း၊ ၁၃၆၀–ပြည့်နှစ်၊ တပေါင်းလပြည့် ကျော် ၃–ရက်နေ့မှ ယနေ့တိုင် ညစဉ် ၇–နာရီမှ ၉–နာရီအထိ ဝိပဿနာအားထုတ်လိုသည့် ဒကာ၊ ဒကာမများအား တရားပြပေးခြင်း၊ နွေရာသီ လောကီ အတန်းကျောင်းများ ပိတ်ထားစဉ် ကျောင်းသူကျောင်းသား (၈၀၀)ကျော်တို့အား ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းများ ပို့ချပေးခြင်း၊ အင်းစိန် အရှင်တိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်) ရွာမပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်၏ နွေရာသီ အဆင့်မြင့်အဘိဓမ္မာ ယမိုက်၊ ပဋ္ဌာန်း၊ ဆန်း၊ အလင်္ကာ သင်တန်းကြီးကိုလည်း ပစ္စည်းလေးပါးဖြင့် ၁၆–ကြိမ်တိုင်တိုင် အားပေးချီးမြှောက် ထောက်ပံ့လျက်ရှိခြင်း၊ ဆရာတော်ကြီး မွေးဖွားရာဒေသ ထန်းတပင်မြို့နယ်၊ (ယခုလှိုင်သာယာမြို့နယ်)၊ အတွင်းပဒံရပ်ကွက်ရှိ ချက်မြှုပ်ရာနေရာတွင် ဝိဇာတမင်္ဂလာ ဓမ္မရိပ်သာတည်ထောင်ပေးခြင်း၊ ကျောင်းတိုက်ခွဲ များသို့လည်း အခါအားလျော်စွာ လိုအပ်သလို ဩဝါဒချီးမြှင့်ပေးခြင်း–စသော သာသနာရေးဆိုင်ရာများကို အားပေးချီးမြှောက် ဆောင်ရွက်လျက်ရှိပါသည်။

## ကြည်ညိုဖွယ်ရာ ထူးခြားသော ဂုဏ်ရည်များ

ဆရာတော်သည် သာသနာတော်ကြီး၏ ရေသောက်မြစ်သဖွယ်ဖြစ်သော အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီးကို အစဉ်တစိုက် အားပေးချီးမြှောက်ခြင်း၊ တပည့်စာသင်သား ပရိသတ်များအပေါ် ဖြဟ္မာစိုရ်တရားနှင့်အညီ ချီးမြှောက်လျက်ရှိခြင်း၊ ဝုဋ္ဌာနကံအာပတ်စင်ကြယ်အောင် ကိုယ်တော်တိုင် ပရိဝါသ်၊ မာနတ်ဆောက်တည်၍ တပည့်များကိုလည်း ဆောက်တည်စေခြင်း၊ စာမေးပွဲအသီးသီးတွင် ဂုဏ်ထူးဖြင့် အောင်မြင်တော်မူကြသည့် တပည့်များအား မည်သည့်ဒေသ၌ ရောက်နေသည်ဖြစ်စေ နှစ်စဉ် နှစ်တိုင်း သက်နှံးစသည်ဖြင့် ချီးမြှောက်ထောက်ပံ့ခြင်း၊ အင်းစိန်မြို့နယ်အတွင်း၌ ဘုန်းကံကြီးမား သက်တော်ရှည် ဆရာတော်တစ်ပါးအပါအဝင်ဖြစ်ခြင်း စသော ဂုဏ်ထူးဝိသေသတို့ နှင့် ပြည့်စုံတော်မူသဖြင့် ရဟန်း, ရှင်, လူ ပြည်သူတို့၏ လေးစားမှုကို ခံယူရရှိတော်မူပါသည်။


## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ရရှိတော်မူခြင်း

ဆရာတော်သည် အထက်ဖော်ပြပါဂုဏ်ထူးဝိသေသများနှင့် ပြည့်စုံတည်ရှိနေမှုကြောင့် ၁၃၅၇–ခု (၁၉၉၆) ဇန်နဝါရီလ ၄–ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူခဲ့ပါသည်။

## အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ရရှိတော်မူခြင်း

ဆရာတော်သည် လောကဟိတ၊ သာသနဟိတ၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယကုက္ကုစ္စ၊ ဝိနယဂရုက၊ ပရိယတ္တိမာမက–စသော ဂုဏ်တို့နှင့် ပြီးပြည့်စုံတော်မူလျက်ရှိသောကြောင့် ၁၃၆၈–ခု (၂၀၀၇) ဇန်နဝါရီလ ၄–ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်လှူဒါန်းအပ်သော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကိုလည်း လက်ခံရရှိတော်မူပါသည်။

♦ ရွှေဘိုမင်းသုခ



# ပုဗ္ဗကာရီ ဗဟူပကာရော သဒ္ဓမ္မဇောတိကမဟာထေရော

အင်းစိန်ရွာမပရိယတ္တျာ-ရာမပ္ပမာနက္ကသရော။
နန္ဒဝံသမဟာထေရော၊ သီလသိက္ခာဒိလက်တော။
သဒ္ဓမ္မံ အတိဇောတေန္တော၊ လဒ္ဓေနာ'နေနပူဇိတော။
ရဋ္ဌိဿရေဟိ ပူဇိတံ၊ အနုပူဇေန္တိ သိဿကာ။
အမှာကံ သော ဥပဇ္ဈာယော၊ ပိတာ ဗဟူပကာရကော။
အတ္တနာ ပူဇိတဿ'ဿ၊ ထေရုပ္ပတ္တိကထာ အယန္တိ။

ဗုဒ္ဓသာသနဇောတနဋ္ဌာနေ မရမ္မဝိဇိတေ ရန်ကုန်ရဋ္ဌေ အင်းစိန်နဂရေ နဂရရဋ္ဌဝိဇိတ သာသနသိရိန္ဓရဿ ရွာမပရိယတ္တိဝိဇ္ဇာလယဿ ပဓာနိဿရိယဘူတော "နန္ဒဝံသော"တိ ဂရူဟိ ဂဟိတ နာမဓေယျော မဟာထေရော ဗဟုသိဿာနံ ပုဗ္ဗကာရီ ဗဟူပကာရော၊ သဒ္ဓမ္မဥ္စ အတိဝိယ ဇောတေသိ၊ သီလသိက္ခာဒိ တိဝိဓသိက္ခာဟိ သမ္ပန္နတ္တာ သသိဿေဟိ သကလနာဂရိကေဟိပိ ဂရုကရဏီယော၊ တေနေဝ စ ဗုဒ္ဓသာသနမာမကေဟိ ဝိဇိတိဿရေဟိ သာသနကာရလဒ္ဓေသု ဥက္ကဋ္ဌတရေန "အဘိဓဇ-အဂ္ဂမဟာသဒ္ဓမ္မဇောတိက" လဒ္ဓေန ပူဇိတော၊ ဝိဇိတိဿရေဟိ ပူဇိတံ တံ မဟာထေရဝရံ သောတုဇနပ္ပ-မုခါ ဗဟူ ဒါယကဒါယိကာပိ မဟာပူဇုဿဝံ ကတွာ သမဂ္ဂါ သမ္မောဒမာနာ အနုဝတ္တိတွာ ပူဇယန္တိ၊ ဧဝံ ပူဇာကရဏကာလေ စ အတ္တနာ ပူဇိတဿ မဟာထေရဿ သာသနလောကတ္ထာဝဟဂုဏသမုဿယံ အာရမ္မဏံ ကတွာ ပူဇိတုံ သင်္ခေပထေရုပ္ပတ္တိကထာ ဧဝံ ဝေဒိတဗ္ဗာ။

## ယာဝဇီဝံ အနုဿရဏီယံ ဝိဇာတဋ္ဌာနံ

မဟာထေရကု်ရော ဟိ ရန်ကုန်ရဋ္ဌေ ထန်းတပင်နဂရေ အတွင်းပဒံဂါမေ ဦးဘိုးကြွယ်+ဒေါ်ချစ်နာမကေဟိ မာတာပိတူဟိ ဧကာသီတျာဓိကဒွိသတေကသဟဿေ သက္ကရာဇေ ဖဂ္ဂုဏမာသကာဠပက္ခဿ တတိယဒိဝသေ ရဝိဝါရပုဗ္ဗဏှေ အဋ္ဌနာဠိကကာလေ သုဋ္ဌု ဝိဇာတော၊ ဦးထွန်းရင်, ဦးညွန့်, ဦးသောင်း, ဦးချစ်ခင်, ဦးစိုးမောင်တိ သညိတေသု ဧကမာတာပိတိကေသု ပဉ္စသု ပုတ္တေသု ဦးထွန်းရင်နာမကော ဇေဋ္ဌတရော။

## ပဗ္ဗဇိတဘာဝပါပုဏနံ

ဒသဝဿကာလေ ပန ဧကနဝုတာဓိကဒွိသတေကသဟဿေ သက္ကရာဇေ ဖဂ္ဂုဏမာသဇုဏှပက္ခဿ တတိယဒိနေ ထန်းတပင်နဂရေ ရခိုင်ရိုးကြီးဂါမေ ရွာဦးကျောင်းမဟာထေရံ ဘဒန္တနိဂြောဓံ ဥပဇ္ဈာယံ ကတွာ မာတာပိတူနံ ပစ္စယာနုဂ္ဂဟေန ဗုဒ္ဓသာသနန္တရံ သာမဏေရဘာဝံ သမ္ပတ္တော၊ သာမဏေရဘာဝပ္ပတ္တဿ စဿ ဥပဇ္ဈာယတ္ထေရေန "နန္ဒဝံသော"တိ နာမံ ဂဟိတံ။

## ဘိက္ခုဘာဝပါပုဏနံ

သော ပန တိသတေကသဟဿ သက္ကရာဇေ ပဌမအာသဠှိမာသဿ ဇုဏှပက္ခအဋ္ဌမေ ရန်ကုန်ရဋ္ဌေ ပုဇွန်တောင်နဂရေ ဘုရားဖြူဝိဟာရဿ ခဏ္ဍသီမာယ ဘုရားဖြူဝိဟာရမဟာထေရံ အဂ္ဂမဟာပဏ္ဍိတံ ဘဒန္တရာဇိန္ဒံ ဥပဇ္ဈာယံ ကတွာ ဗိုလ်တထောင်နာဂရိကာနံ ဒုတိယဗိုလ်မှူးကြီးတင်မြင့်+ဒေါ်ရင်မေနာမိကာနံ ဥပါသကောပါသိကာနံ ပစ္စယာနုဂ္ဂဟေန သကျပုတ္တိယဘိက္ခုဘာဝံ သမ္ပာပုဏိ။

## သိပ္ပသိက္ခနံ

မဟာထေရကု်ရော စ ဒဟရကာလတော ပဋ္ဌာယေဝ ရခိုင်ရိုးကြီးထေရသန္တိကေ ဗုဒ္ဓဘာသိတဒဟရေဟိ သိက္ခိတဗ္ဗာနိ မြန်မာသင်ပုန်းကြီး-ဗုဒ္ဓဝန္ဒနာ-မင်္ဂလသုတ္တာဒိပါဒကသိပ္ပါနိ, သာမဏေရကာလေ ပုဇွန်တောင်နဂရေ "အသီတိထေရော"တိ ဝိဿုတဿ ဘဒ္ဒန္တအာစိဏ္ဏဿ သန္တိကေ ကစ္စာယန-သင်္ဂဟာဒိ- ပိဋကပါဒသိပ္ပါနိ စ သိက္ခိ၊ ဘိက္ခုကာလေ တိပိဋကဗုဒ္ဓဝစနသိက္ခာပကာ အာစရိယာ ပန ဧဝံ ဝေဒိတဗ္ဗာ-

-ဧရာဝတီရဋ္ဌေ ညောင်တုန်းနဂရေ အဘိနဝမဟာဝိသုတာရာမိကော အဂ္ဂမဟာပဏ္ဍိတော ဘဒန္တရေဝတော,

-တသ္မိံယေဝ သာသနဇောတိကတိဘူမကာရာမိကော အဂ္ဂမဟာပဏ္ဍိတော ဘဒ္ဒန္တနန္ဒဝံသော,

-ပခုက္ကူနဂရေ မဟာဝိသုတာရာမိကော မဟာဝိသုတာရာမိကနိကာယာဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုနန္ဒော, အဂ္ဂမဟာပဏ္ဍိတော ဂန္ထကာရကော ဘဒ္ဒန္တနန္ဒဝံသော, အညေ စ ဂဏဝါစကာ,

-သာသနနဂရန္တိ ပါကဋေ မန္တလေးပုရေ မဟာဝေယံဘုံသာရာမိကော အဂ္ဂမဟာပဏ္ဍိတော ဘဒ္ဒန္တကလျာဏော စာတိ။ တေ သဗ္ဗေပိ ထေရသာစရိယဘူတာ မဟာထေရာ သာသနေ ပုဗ္ဗင်္ဂမာ ဓဇူပမာ ပိဋကပါရင်္ဂတာ အဘိပါကဋာ၊ တေသံ သန္တိကေ သဋ္ဌကထာဋီကံ တေပိဋကံ ဥဂ္ဂဏှန္တောပိ ထေရော တာဒိသောယေဝ၊ အထ စာနေန ဥဿဝေသု ဝိဿဇ္ဇနံ န ကတံ။

## ရှာမပရိယတ္တိဝိဇ္ဇာလယသမုဋ္ဌာပနံ

ဇဝံ နာနာစရိယာနံ သန္တိကေ သိပ္ပါနိ ပရိပုဏ္ဏံ သိက္ခိတွာ ဒွတ္တိံသာဓိကတိသတေကသဟဿေ သက္ကရာဇေ အတ္တနာ နိဝုဋ္ဌ အင်းစိန်နဂရေ ပစ္ဆိမရှာမဌာနေ ဌိတံ ရှာမဝိဟာရံ "ရှာမပရိယတ္တိဝိဇ္ဇာလယ" ဘာဝံ ပါပေတွာ ပုဗ္ဗေ ဒုတိယနာယကဘာဝေန, ပဓာနနာယကဘဒန္တေကေတုနော ဒိဝင်္ဂတကာလတော ပစ္ဆာ ပဓာနနာယကဘာဝေန စ ဂန္ထဝါစန-စတုပစ္စယသမ္ပါဒန- အနုဂ္ဂဟေတဗ္ဗာနုဂ္ဂဟာနနိဂ္ဂဟေတဗ္ဗ- နိဂ္ဂဏှန- ဩဝါဒါ'နုသာသနိပ္ပဒါနာဒီနိ ကတွာ ပရိယတ္တိသာသနံ သာတိသယံ ဇောတေသိ၊ "ဝိနယာဓိက- သဒ္ဓမ္မဝံသပါလ"နာမကေ ဓမ္မသဘေ စ သမုဋ္ဌာပေတွာ သောတုဇနေဟိ ဝိဿဇ္ဇာပေသိ၊ ဇယန္တာနဉ္စ ပညာပူဇာသဘံ ကတွာ အနုဂ္ဂဟေသိ၊ တေနေဝ စ က္ကမသ္မာ မဟာဝိဇ္ဇာလယာ တိပိဋကရေဓမ္မဘဏ္ဍာ-ဂါရိက-ပရိယတ္တိသာသနဟိတဓမ္မာစရိယ-စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယ, ပထမကျော်-ပထမ-ဒုတိယ-တတိယာဒိဂုဏဝိသေသိကာ စ အနေကာ အာဇာနီယသိဿာ သာသနာလင်္ကာရာ သမုပ္ပန္နာ။

က္ကမသ္မိံ စ ရှာမပရိယတ္တိဝိဇ္ဇာလယေ သိပ္ပါနိ သိက္ခိတွာ နာနာဒေသေသု ရှာမပရိယတ္တိပဋိပတ္တိ ဝိဟာရေ သမုဋ္ဌာပေတွာ သာသနာနုဂ္ဂဏှန္တာ သိဿာပိ ဒွိသတာဓိကာ ဟောန္တိ၊ တေသံ ဌာနံ ယထာ ကာလံ ဂန္တွာပိ ဗလပ္ပဒါနံ အနုဂ္ဂဟာနဉ္စ အကာသိ။

## သာသနလောကကိစ္စာနံ ကရဏံ

သော စ န ကေဝလံ သကဝိဟာရကိစ္စာနေဝ၊ အထ ခေါ သာသနလောကကိစ္စာနိပိ ယထာဗလံ အကာသိယေဝ။ ပထမဒုတိယေသု ဟိ သဗ္ဗဂဏိကသံဃသန္နိပါတေသု-

ဝေဇိတသံဃဘာရနိတ္ထာရက, ဝေဇိတပါဠေက္ကဝိနယဓရ,

ဝေဇိတောဝါဒါစရိယဘာရာဒယော ဗဟူ ဘာရေ အာဝဟိ၊ တထာ-

အင်းစိန်နဂရသံဃနာယကသမိတိဩဝါဒါစရိယ,

ဖောင်တော်ဦးဗုဒ္ဓေါဝါဒါစရိယ,

သံဃဘေသဇ္ဇသာလာဩဝါဒါစရိယ,

အောင်ဆန်းနဂရေ မိုးကုတ်ဝိပဿနာဓမ္မဋ္ဌာနောဝါဒါစရိယ,

အင်းစိန်နဂရေ သုဓမ္မာဂဏမဟာနာယက,

မဟာဝိသုတာရာမိကဂဏဝါစကနိကာယ ဂဏဝိနာယကဘာရာဒယောပိ။

တတော ပရမ္ပိ-

သာသနိကဝိဟာရာဒီနံ ပဋိသင်္ခရဏံ, အဘိနဝကရဏံ, မဂ္ဂသေတူနံ ကရဏံ, ဗုဒ္ဓဘာသာယဉ်ကျေးမှုဉဿဝေ ဇယန္တာနံ အနုဝဿံ ဝရဒါနံ, ဝိဇာတဌာနသမီပေဟိ ရခိုင်ရိုးကြီး- ရခိုင်ရိုးလေး-အေးရှာလေးဂါမေဟိ ဝိဇယုဿဝါနံ တိသတာဓိကာနံ ဒါရကာနံ ယာဝ တက္ကသီလသိပ္ပုဂ္ဂ- ဟဏပရိယောသာနာ ဥပတ္ထမ္ဘနံ, သိပ္ပုဂ္ဂဟဏောပတ္ထမ္ဘနပစ္စယာနံ ဒါနံ, တေဟိ ဂါမေဟိ ဒါရကာနံ ထာဝရပညာဒါနဘာဝေန ကောဋိမတ္တာနံ ကဟာပဏာနံ ဘဏ္ဍာဌာနေ နိဓေတွာ ဌပနံ, ပဋ္ဌဝဿာနိ ဒုလ္လဘောပသမ္ပဒါကမ္မံ ကတွာ သာသနဒါယဇ္ဇဿ ဂါဟာပနံ, ဝိပဿတ္တိကာနံ ဥပါသကောပါသိကာနံ

နယဒါနံ, ဒုတိယနာယကေန အဂ္ဂမဟာပဏ္ဍိတေန ဝေဇိတသံဃမဟာနာယကသမိတိဥပဟိတန္တရေန အနေကဂန္ထကာရကေန အဘိဓမ္မပါရဂူနာ ဘဒန္တတိလောကာဘိဝံသတ္ထေရေန ဂိမှကာလေ ဝါစိတေ ယမက-ပဋ္ဌာန-ဆန္ဒာလင်္ကာရနယဒါနုသဝေ သောဠသက္ခတ္တုံ စတုပစ္စယေဟိ ဥပတ္ထမ္ဘနံ, အတ္တနော ဝိဇာတဋ္ဌာနေ "ဝိဇာတမင်္ဂလဓမ္မသာလာယ"သမုဋ္ဌာပနဉ္စ ဧဝမာဒိကာနိ သာသနလောကဝုမ္ဍိကာရဏာနိ မဟုဿာဟေန အကာသိယေဝ။

#### ပါသာဒိကဂုဏောကဒေသော

သော စ မဟာထေရော "ခမာဇာဂရိယုဋ္ဌာနံ၊ ဝိဘာဂေါ စ ဒယိ'က္ခဏာ"တိ ဝုတ္တေဟိ စ ဟိ နာယကဂုဏေဟိ သမ္ပန္နော၊ ယထာ စ ဝုဋ္ဌာနဂါမိနိအာပတ္တီဟိ ဝိသုဇ္ဈတိ၊ တထာ ပရိဝါသမာနတ္တာဒီနိ သယဉ္စာ'စရိ, အညေ စ စရာပေသိ၊ အတ္တနော သိဿဘူတပုဗ္ဗာ ယသ္မိံ ကိသ္မိဉ္စိဒေသေ ဝသန္တိ၊ တေသံ အနုဝဿံ စီဝရာဒီဟိ အနုဂ္ဂဟေသိ၊ သိဿေသု အပ္ပေကဒါ ပမတ္တေသုပိ အာစရိယဘူတော ပန မဟာထေရော န ပမဇ္ဇိ၊ အဓုနာ စ ဇာတိတော အဋ္ဌာသီတိဝဿတ္တာ သော ဝယောဝုမ္ဍိပုဂ္ဂလေသု အညတရော၊ တာဒိသေဟိ ဂုဏေဟိ သမန္နာဂတတ္တာ မဟာထေရော သဗ္ဗေသံ ဂရုကရဏီယော။

#### အဂ္ဂမဟာပဏ္ဍိတလဒ္ဓလာဘော

ဝိသေသတော ပရိယတ္တိသာသနာနုဂ္ဂဟဏဂုဏေန သဒ္ဓိံ တာဒိသေဟိ ဂုဏင်္ဂေဟိ သမ္ပန္နတ္တာဝ ထေရော သတ္တပန္နာသာဓိကတိသတေကသဟဿေ သက္ကရာဇေ မရမ္မဝိဇိတသ္မိံ ရိယေဟိ အဂ္ဂမဟာပဏ္ဍိတလဒ္ဓေန ပူဇိတော။

#### အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကော

လောကဟိတဒ္ဓရ-သာသနဟိတဒ္ဓရ-လဇ္ဇိပေသလ-သိက္ခာကာမ-ဝိနယဂရုက-သဒ္ဓမ္မဇောတိ-ကာဒိဂုဏေဟိ သမန္နာဂတော စ သော မဟာထေရော အဋ္ဌသဋ္ဌျာဒိကတိသတေကသဟဿေ သက္ကရာဇေ မရမ္မဝိဇိတသ္မိံ ရိယေဟိ "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ-ဇောတိက"လဒ္ဓေနာပိ ပဋိပူဇိတော။

အဂ္ဂမဟာပဏ္ဍိတောပါဓိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကောပါဓိ စ ဒီဃာယုက-မဟာထေရော အင်းစိန်ရွာမပရိယတ္တိဝိဇ္ဇာလယဿ ပဓာနနာယကဘာဝေန ဗုဒ္ဓသာသနဿ သိရိံ ပုဗ္ဗေပိ ဓာရေသိ၊ အဓုနာပိ ဓာရေတိ၊ အာယတိမ္ပိ စိရံ ကာလံ ဓာရေတူတိ။

■ **သဒ္ဒိဝိဟာရိကသိဿော သီလက္ခန္ဓာဘိဝံသော**

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကော

# The Biography of Ywrma Sayādaw

The baby, would be Ywarma Sayādaw, was born at 8 o'clock in the morning, on Saturday, 3rd waning of Tabaung, 1281. M.E. Parents are U Bho Kywe and Daw Chit from Atwinpadan Village, in Htandabin Township (now Hlinethaya Township) Yangon Division. He was the first son of five siblings. They are as follows:

1. U Tun Yin
2. U Nyunt
3. U Thaung
4. U Chit Khin
5. U Soe Maung.

**Novitiate and ordination blessing**

The boy, would be Ywarma Sayādaw, at the age of ten, became as a novice supported by his parents on 3rd waxing of Taboung, 1291 M.E under the most Venerable Nigrodha Thera, Vihārādhipati of Ywaroo monastery in the village. He was given the name of "**Shin Nanda vamsa**"

Receiving support donated by Lt.Col Tin Myint (Chairman People's council of Magway Division) and Daw Yin May, at No.34, 62nd street, Botahtaung Township, **Shin Nandavaṃsa** received higher ordination under the eminent scholar monk Rev. Rājinda (Aggamahāpaṇḍita) in ordination hall (Sīmā) of Phayaphyu monastery on 8th waxing of Pahtama Vāso, 1300 M.E.

**Knowledge blessing**

**Ashin Nandavaṃsa**, would be Ywarma sayādaw, learned basic Myanmar, Maṅgala Sutta, Jayamaṅgala Sutta, Namakkāra and Paritta Sutta from Ywaroo monastery sayardaw by student-life; or Layman basic Pāḷi grammar for the Buddha's teaching (Piṭaka) from Bhaddanta Āciṇṇa, Asīti Vihārādhipati in Pazundaung Township by novice-life.

And then, he moved to Nyaungdone Town and learned from Bhaddanta Revata (Aggamahāpaṇḍita) in Mahāvisutārāma Taik and Bhaddanta Nandavaṃsa (Agga mahāpaṇḍita) in Sāsanajotika three-storied monastery.

Some a few years later, to further improve his knowledge, he went on

Pakhukku Town and learned the Buddha's teachings from Bhaddanta Sundara (Abhidhajamahāraṭṭhaguru), Bhaddanta Nandavaṃsa (Aggamahāpaṇḍita) and the other teachers.

Thereafter, he was educated in Mandalay with the aim of studying Mandalay educational methods under the guidance of Bhaddanta Kalyāṇa (Agga mahāpaṇḍita) in Mahāveyanbonthar Monastery.

**Ashin Nandavaṃsa**, would be Ywarma sayādaw, studied completely Buddhist canonical texts along with its commentaries and sub-commentaries called "**Kyangyipouk**" in those previous times, without sitting for any exam.

**Teaching blessing**

Ashin Nandavaṃsa, would be Ywarma sayādaw, established the great Ywarma Pariyatti Sarthintaik in 1332 M.E and opened the classes on the Buddha's teachings for learners (novices and monks) at the same time.

At the very first year, the number of students in Ywarma Pariyatti Sarthintaik has been increasing yearly. Now there are over six hundred students at the Ywarma Patiyatti who are studying the Buddha's teachings. The great teacher not only undertook to be enough for alms-food, sacred robe, shelter and medicine (catupaccaya) for Saṃgha (teachers and all learners) but gives a speech on religious sermon or moral sermon occasionally as well.

**Establishing the Branch Monasteries of Yawrma Pariyatti**

Some students who completed their studies at Ywarma Pariyatti had established some Pariyattisarthintaik and Meditation Centre about 200 monasteries as the branch monasteries of Ywarma Pariyattisarthintaik in various parts of Myanmar. Sometimes, Sayardaw has gone and given instruction himself to the various places. In education, some of his pupils have emerged winners of top-flight titles such Tipitakadhara tipitakakovida, Sāsanadhajadhammācariya, Sakyasīha dhammācariya, Cetiyaṅgaṇadhammā cariya, Sāsanālaṅkārasāmanekyaw, Phathamakyaw, and First, Second, Third of Pathamapyan Exam and various exam.

**Religious Activities**

The great teacher was elected as a monk who carries out the missionary works of the Sṭate Saṃgha Mahānāyaka committee and who is a state special judge (vinayadhara) twice, first and second time. He also undertook the position of Ovādā cariya (spiritual adviser or instructor) of the Township Saṃghanāyaka committee, the trustees of Phaungdawoo Pagoda, Saṃgha hospital Insein Township and No.77 Aung San Moegoke Vipassanā Meditation Centre.

The great teacher established the league of Vinayādhika Pariyatti of the whole Insein Township and helped the other exams. He was the chief of Sudhammā nikāya of the whole Insein Township too and was a monk who is responsible as a member of Ganavināyaka of Mahāvisutārāma taik in Pakhukku.

In edition to, the great teacher had done the welfare of human society by doing many missionary activities such as renovating old temples, building, roads and bridges, giving the prize those who pass the "Buddhist Cultural Examination and providing scholarship to poor students.

Moreover, in addition to carrying on missionary work successfully, Sayādaw has done a lot of missionary work. Some are mentioned as follows;

1. Repairing religious buildings, roads and bridges.

2. Constructing new religious buildings, roads and bridges.

3. Celebrating the prize-giving ceremony in the exam of the culture of Buddhism.

4. Supporting 1000,000Ks yearly at the students' expense over the 300 students from the 4th standard to receiving degrees in Rakhaingyogyi Village, Rakhaingyolay Village and Ayeywarlay Village.

5. Donating school textbook, stationeries and school uniform to the students from the above three villages.

6. Depositing 100,00,000Ks in Myanmar Economic Bank as capital investment in education for the students from the above three villages.

7. Holding ordination ceremony 100 monks yearly for five years.

8. Giving instruction on **vipassana** (insight meditation) to the laity every night times from 7:00pm to 9:00pm since 1360 M.E.

9. Teaching the over 800 students the culture of Buddhism in summer holidays.

10. Supporting with the four requisites in **the special course of Yamaka, Paṭṭhāna, Sanda and Alaṅkā** which has been taught by Sayādaw Ashin Tilokā bhivaṃsa (Aggamahāpaṇṭita), Associate Secretary of State Saṃgha mahānāyaka Committee.

11. Establishing **Vijātamaṅgalā Dhamma Yeikthar** meditation centre in Atwinpadan Quarter, in Htandabin Township (now Hlinethaya Township) Yangon Division where Sayādaw was born.

12. Encouraging the branch monasteries of Ywarma Pariyattisarthintaik and giving ovāda (instruction) occasionally.

**Sāsana-heroes given birth by the Ywarma Pariyatti Sarthintaik**

1. Bhaddanta Sīlakkhandhābhivaṃsa Tipiṭakadhara Tipiṭakakovida
2. Shin Dhammacakka First one in Pathama Nge.(1341)
3. Shin Sīlakkhandha Thirdonein PathamaGyi. (1342)
4. Ashin Nandāsirī Pathama Kyaw. (1344)
5. Shin Nandācariya Third one Pathama Gyi. (1346)
6. Ashin nāyaka Second one Pathama Nge.(1347)
7. Shin Paññāsīha First one Pathama Nge (1349)
8. Ashin Cintāvara Third one Pathama Gyi. (1350)
9. Shin Obhāsa Pathama Kyaw. (1351)
10. Shin Kesara Second one Pathama Lat. (1352)
11. Shin Janita First one Pathama Lat. (1355)
12. Ashin Ñāṇabala Third one Pathama Gyi. (1360)
13. Ashin Indobhāsa First one Pathama Lat. (1360)
14. Shin Tejaniya First one Pathama Nge. (1361)
15. Ashin Javanālaṅkāra Third one Pathama Gyi. (1362)
16. Shin Paññinda Third one Pathama Lat. (1366)
17. Shin Dhammissara Third one Pathama Nge. (1367)
18. Shin Revata Second one Pahtama Nge.(1368)

**Respect Qualities**

The great teacher especially took priority over pariyatti like a tap root of Sāsanā and also had always been loving kindness on all pupils.

Besides, he made not only himself but also his pupils pure from sin of the disciplinary rules whether it might be small or big. He also honors the outstanding students and pupils yearly with robes etc. So Sayādaw is respected in the country.

**Receiving the title of "Aggamahāpaṇḍita"**

This illustrious Sayādaw, endowed with morality, concentration and wisdom, was conferred on by the Myanmar religious authorities with "Aggamahā paṇḍita" in 4th January 1996, 1357 M.E.

**Receiving the title of "Abhidhaja aggamahā saddhammajotika"**

The great teacher, who had carried out both welfares of mundane and supramundane for human beings, received the religious title of "**Abhidhaja aggamahā saddhammajotika**" donated by the State Peace and Development Council Government in 4th January 2007, 1368 M.E.

**U Jotika Thera**
**Yankin Hill Sayādaw**

# ဥတ္တမ မနုဿော

(န)န္ဒဝံသမဟာထေရ်၊
(န္ဒ)ဒန္တံ ဗဟုနာယကံ။
(ဝံ)သဓာရံ ဝံသပါလံ၊
(သ)က္ကစ္စံမ္ပိ နမာ'မဟန္တိ ဂါထာယ တာဝ အမှာကံ အာစရိယံ မဟာထေရံ နမဿိတွာ "ဥတ္တမမနုဿော" တိ လိခိဿံ။

## ဥတ္တမမနုဿော

ကေတ္တိံသ ဘဂဝတာ ဘူမိယော ဝုတ္တာ၊ တာယော စတဿော အပါယဘူမိ, သတ္တ ကာမာဝစရ-ဘူမိ, သောဠသ ရူပါဝစရဘူမိ, စတဿော အရူပါဝစရဘူမိ'တိ၊ တာသု သတ္တ ကာမသုဂတိဘူမိ မနုဿာ , စတုမဟာရာဇိကာ, တာဝတိံသာ,ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တီ'တိ။ တာသု မနုဿဘူမိယေဝ အဓိပ္ပေတာ။ တိဿံ ဘူမိယံ ဇာတော ပုဂ္ဂလော(သတ္တော) မနုဿော နာမ။

ဥတ္တမမနုဿော ဝါ ဟီနမနုဿော ဝါ ဇာနိတဗ္ဗော။ လောကေ နာနာမနုဿာ သန္တိ၊ တေသု ကုသလာကုသလံ ဝါ ဌာနာဋ္ဌာနံ ဝါ ကာရဏာကာရဏံ ဝါ မနတိ ဇာနာတီတိ မနုဿော'တိ ဝုတ္တတ္တာ ဝါ မနော ဥဿန္နံ ယေသန္တိ မနုဿာတိ ဝုတ္တတ္တာ ဝါ ဉာဏသမ္ပန္နာဂတော ဝါ မေတ္တာဒီဟိ ဥဿန္နေဟိ စိတ္တေဟိ သမ္ပန္နာဂတော ဝါ မနုဿော ဥတ္တမမနုဿော နာမာ'တိ ဝဒန္တိ။

တိရစ္ဆာနဂတာ မေထုနသေဝနံ, သုပနံ ,အဒနန္တိ ကမ္မာနိ တီဏိ ကုဗ္ဗန္တိ။ မနုဿာ ပန ဉာဏေန သဟ စတုဗ္ဗိဓာနိ ကုဗ္ဗန္တိ။ ယဒိ မနုဿာ ဉာဏံ ဌပေတွာ မေထုနသေဝနသုပနအဒနန္တိ တီဏေဝ ကုဗ္ဗန္တိ၊ တေ တိရစ္ဆာနသဒိသာ'တိ ပေါရာဏာ ဝဒန္တိ၊ တေမနုဿာ န ဥတ္တမမနုဿာ။

ကတမေ ဒွါဒသ ပုဂ္ဂလာ ကထိတာ၊ ကတမေ ဒွါဒသ။ စတ္တာရော အနရိယပုဂ္ဂလာ အဋ္ဌ စ အရိယပုဂ္ဂလာ'တိ။ တေသံ အဋ္ဌ အရိယပုဂ္ဂလေ အဒသေတွာ စတ္တာရော အနရိယပုဂ္ဂလေယေဝ ဒသေဿာမိ။ ကတမေ စတ္တာရော ဘဂဝတာ အနရိယပုဂ္ဂလာ ဝုတ္တာ။ ကတမေ စတ္တာရော။ ဒုဂ္ဂတိအဟေတုကအနရိယ-ပုဂ္ဂလော, သုဂတိအဟေတုကအနရိယပုဂ္ဂလော, ဒွိဟေတုက-အနရိယပုဂ္ဂလော, တိဟေတုကအနရိယ-ပုဂ္ဂလော'တိ။ တေသု အပါယဘူမိယံ ဒုဂ္ဂတိအဟေတုက-အနရိယပုဂ္ဂလော ဂဟိတော မနုဿဘူမိယံ အဝသေသာ တိဝိဓာ အနရိယပုဂ္ဂလာဝ လဗ္ဘန္တိ၊ တေ သုဂတိအဟေတုကအနရိယပုဂ္ဂလော, ဒွိဟေတုကအနရိယပုဂ္ဂလော, တိဟေတုကအနရိယ-ပုဂ္ဂလော'တိ။

အဘိဓမ္မတ္ထသင်္ဂဟေ ဟိ "ဒုဟေတုက'မဟေတုကာနဉ္စ ပနေတ္ထ ကြိယဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ န လဗ္ဘန္တီ'တိ ဝုတ္တတ္တာ အင်္ဂုတ္တရနိကာယေ အဋ္ဌကနိပါတပါဠိယံ အက္ခဏသုတ္တေ 'ပုန စပရံ ။ပ။ ဒုပ္ပညော ။ ပ။ ဗြဟ္မစရိယဝါသာယာ"တိ ဝုတ္တတ္တာ သုဂတိအဟေတုကအနရိယပုဂ္ဂလော စေဝ ဒွိဟေတု-ကအနရိယပုဂ္ဂလော စ ကမ္မသ္မိံ ပစ္စက္ခဘဝေ ဈာနာမဂ္ဂဖလာဒီနိ လဘိတုံ န သက္ကောန္တိ၊ အဘဗ္ဗာ တေ ဈာနမဂ္ဂဖလာဒီနိ လဘိတုံ၊ တေ အက္ခဏာ အသမယာ ဗြဟ္မစရိယဝါသာယ၊ တေ ခဏံ နာဓိဂစ္ဆန္တိ၊ အတိနာမေန္တိ။

ပါစိတ္တိယအဋ္ဌကထာယံ ပန "ဒိဋ္ဌိသမ္ပန္နာနံ ဥမ္မာဒဿ ဝါ စိတ္တဝိက္ခေပဿ ဝါ အဘာဝါ'တိ စ ပဏ္ဍကတိရစ္ဆာနဂတဥဘတောဗျဉ္ဇနကာနံ ပဋိသန္ဓိမ္ဟိ ဝိပါကန္တရာယိကာ နာမ"တိ ဝုတ္တတ္တာ ဥမ္မတ္တကော ဝါ စိတ္တဝိက္ခေပေါ ဝါ ပဏ္ဍကော ဝါ ဥဘတောဗျဉ္ဇနကော ဝါ ကမ္မသ္မိံ ပစ္စက္ခဘဝေ ဈာနမဂ္ဂဖလာဒီနိ လဘိတုံ န သက္ကောန္တိ၊ တေ ဥမ္မတ္တကာဒိပုဂ္ဂလာ န ဥတ္တမမနုဿာ။

အက္ခဏသုတ္တေ"သော စ ဟောတိ ပညဝါ အဇဠော အနေဠမူဂေါ ပဋိဗလော သုဘာသိတ-ဒုဗ္ဘာသိတဿ အတ္ထမညာတု'န္တိ ဝုတ္တတ္တာ သော အဇဠမတ္တောဝ အနေဠမူဂမတ္တောဝ သုဘာသိတ-ဒုဗ္ဘာသိတဿ အတ္ထမညာတုံ ပဋိဗလမတ္တောဝ တိဟေတုကပုထုဇ္ဇနမနုဿော နာမ။

သော ပန တိဟေတုကပုထုဇ္ဇနမနုဿော မိစ္ဆာဒိဋ္ဌိကော ဝါ ဝိပရီတဒဿနော ဝါ ဘိက္ခုဘိက္ခုနီ-ဥပါသကဥပါသိကာနံ အနိဗ္ဗတ္တဋ္ဌာနေသု ပစ္စန္တိမေသု ဇနပဒေသု ဇာတော ဝါ ကမ္မသ္မိံ ပစ္စက္ခဘဝေ ဈာနမဂ္ဂဖလာဒီနိ လဘိတုံ နသက္ကောန္တိ၊ အဘဗ္ဗာ တေ ဈာနမဂ္ဂဖလာဒီနိ လဘိတုံ၊ တေ အက္ခဏာ အသမယာ ဗြဟ္မစရိယဝါသာယ၊ တေပိ နဥတ္တမမနုဿာ။ ကသ္မာ၊ အင်္ဂုတ္တရနိကာယေ အက္ခဏသုတ္တေ တေသံ ဗြဟ္မစရိယဝါသာယ အက္ခဏတာယ ဝုတ္တတ္တာ။

တီဟိ အင်္ဂေဟိ သမ္ပန္နာဂတော တိဟေတုကမနုဿော ပစ္စက္ခဘဝေ ဈာနမဂ္ဂဖလာဒီနိ လဘိတုံ သက္ကောတိ၊ ဘဗ္ဗော သော ဈာနမဂ္ဂဖလာဒီနိ လဘိတုံ၊ သော ခဏော သမယော ဗြဟ္မစရိယဝါသာယ၊ သော ခဏံ အဓိဂစ္ဆတိ၊ နာတိနာမေတီ'တိ၊ သော ဥတ္တမမနုဿော နာမ။ ကတမေဟိ အင်္ဂေဟိ။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော, သဒ္ဓမ္မဿ စ ဒေသနာ, တိဟေတုကပဋိလာဘော'တိ။

တေန အတ္တကာမေန မောဃကာလံ အခေပေတွာ ဝါယမိတဗ္ဗော။

အဘိဓမ္မတ္ထသင်္ဂဟေ ပန စတ္တာရိ ကုသလကမ္မာနိ ဝုတ္တာနိ၊ တိဟေတုကမုက္ကဋ္ဌံ ကုသလကမ္မံ, တိဟေတုကမောမကံ ကုသလကမ္မံ, ဒွိဟေတုကမုက္ကဋ္ဌံ ကုသလကမ္မံ, ဒွိဟေတုကမောမကံ ကုသလကမ္မ'န္တိ။

တိဟေတုကမုက္ကဋ္ဌံ ကုသလကမ္မံ ပန ကုသလကရဏကာလေ ဉာဏသမ္ပယုတ္တဥ္စေဝ အနဝဇ္ဇဥ္စ

ဟောတိ၊ တံ ကုသလံ တိဟေတုကမုက္ကဋ္ဌံ ကုသလကမ္မံ နာမ။ ဉာဏသမ္ပယုတ္တံ သာဝဇ္ဇံ ကုသလံ တိဟေတုကမောမကံ ကုသလကမ္မံ နာမ၊ ဉာဏဝိပ္ပယုတ္တံ အနဝဇ္ဇံ ကုသလံ ဒွိဟေတုကမုက္ကဋ္ဌံ ကုသလ-ကမ္မံ နာမ။ ဉာဏဝိပ္ပယုတ္တံ သာဝဇ္ဇံ ကုသလံ ဒွိဟေတုကမောမကံ ကုသလကမ္မံ နာမ။

တေသံ "တိဟေတုကမုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိံ ဒတွာ"တိ ဝုတ္တတ္တာ တိဟေတုကမုက္ကဋ္ဌံ ကုသလကမ္မံ တိဟေတုကံ ပဋိသန္ဓိံ ဇနေတိ။ "တိဟေတုကမောမကံ ဒွိဟေတုကမုက္ကဋ္ဌဉ္စ ကုသလံ ဒွိဟေတုကံ ပဋိသန္ဓိံ ဒတွာ"တိ ဝုတ္တတ္တာ တိဟေတုကမောမကံ ကုသလကမ္မဉ္စေဝ ဒွိဟေတုကမုက္ကဋ္ဌံ ကုသလကမ္မဉ္စ ဒွိဟေတုကံ ပဋိသန္ဓိံ ဇနေတိ။ "ဒွိဟေတုကမောမကံ ကုသလံ အဟေတုကမေဝ ပဋိသန္ဓိံ ဒေတီ"တိ ဝုတ္တတ္တာ ဒွိဟေတုကမောမကံ ကုသလကမ္မံ သုဂတိအဟေတုကံ ပဋိသန္ဓိံ ဇနေတိ။ တသ္မာ တိဟေတုကမနုဿတ္တံ ကုစ္ဆန္တေဟိ အမတံ ပတ္ထေန္တေဟိ သပ္ပုရိသေဟိ ဒါနာဒိပုညကရဏသမယေ ဉာဏ-ဝိပ္ပယုတ္တဉ္စေဝ သာဝဇ္ဇဉ္စ ဒွေ ဝဇ္ဇေတွာ"ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတူ"တိ ပတ္ထနံ ကတွာ ကာတဗ္ဗံ။ အပ္ပမာဒေန သမ္ပါဒေထ။

### ပတ္ထနာဂါထာ

ဗြဟ္မစရိယဝါသာယ၊ မဂ္ဂဿ အန္တရာယိကံ။
အကာလံ စ ခဏာတီတံ၊ အတိနာမေန္တု အက္ခဏံ။

ဇာယန္တု မဇ္ဈိမေ ဌာနေ၊ အပဂစ္ဆန္တု ဒိဋ္ဌိယာ။
ဗုဒ္ဓခမ္မံ စရိတွာန၊ ဝဍ္ဎေန္တု ဗုဒ္ဓသာသနံ။

ကုသလံ ဉာဏသံယုတ္တံ၊ အနဝဇ္ဇေဉ္စ သုဇ္ဈနံ။
ဒိနေ ဒိနေ ကရိတွာန၊ ဇနာ ဘဝန္တု ဥတ္တမံ။

မနုဿာ ဥတ္တမာ ဟုတွာ၊ သတိယာ စ သမိဇ္ဈနံ။
သီဃံ ပပေါန္တု နိဗ္ဗာနံ၊ သန္တိံ ပဒ'မနုတ္တရံ။

### အနုမောဒနာဂါထာ

(နု)မင်္ဂလာရာဒိနံ ဘာဂံ၊
(န္ဒ)ဒါမိ မေ သုသဥ္စိတံ။
(ဝံ)သပါလာဒိသတ္တာနံ၊
(သ)ပ္ပီတိကာ ဘဝန္တု တေ။

**ခေမိန္ဒဘူတသိဿေန၊ 'ရွှေညောင်ပင်' တိဝိဟာရိနာ။**
**စစ်ကိုင်းနဂရဇာတေန၊ ရစိတံ ပုဗ္ဗသတ္ထု ြနာ။**

# ထုတီဝေဒလ္လ ဂါထာများ

အရှင်တေဇနိယ (စာချဆရာတော်)

၁။ **ဘဒ္ဒန္တ** နန္ဒဝံသတ္ထေရော၊
**နန္ဒ** နတ္ထေ ဇနေတိ နော။
**ဝံ** သရေဋ္ဌ သာသနံ၊
**သ** မ္ဗာလေတိ စ အတ္တနော။

**ယော ဘဒ္ဒန္တ နန္ဒဝံသတ္ထေရော၊** အင်းစိန်နဂရာ၊ အမည်သာသည့်၊ ရွာမစာသင်တိုက်ကြီး၏ ပဓာနိဿရိယဖြစ်၍၊အဂ္ဂမဟာပဏ္ဍိတ,အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်ရရှိတော်မူသော အကြင် ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်မြတ်ကြီးသည်။ **အတ္ထိ၊** သိက္ခာသုံးလီ၊ အနှစ်တည်၍၊ ကြည်လင် သဒ္ဓါ၊ စေတနာဖြင့်၊ ကောင်းစွာသင်ကြား၊ အမြင်အားဖြင့်၊ ထင်ရှားမသွေ ရှိတော်မူပါပေ၏။

**သောထေရော၊** ထိုဆရာတော်ဘုရားကြီးသည်။ **နော၊** ထက်အောက်ကြေငြာ၊ ပြည်မြန်မာမှ၊ ပညာရည်နို့၊ သောက်သုံးစို့ငြား၊ သံဃာများဖြစ်ကြကုန်သော တပည့်တော်တို့၏။ **နန္ဒနတ္ထေ၊** စားဝတ် နေရေး၊ ပညာပေးကာ၊ ယဉ်ကျေးလိမ္မာ၊ အသိပါ၍၊ သံသရာခုနောင်၊ ကောင်းကျိုးဆောင်သည့်၊ များမြောင်လှစွာ၊ အကျိုးအဖြာဖြာတို့ကို။ **ဇနေတိ၊** နှလုံးသားထဲ၊ ကိန်းပိုက်စွဲအောင်၊ အမြဲတစေ၊ ဖြစ်စေတော်မူတတ်ပါပေ၏။

**နောစ၊** ဆရာတော်ထံမှောက်၊ ရောက်၍လာသူ ဘယ်သို့သူဟု၊ မည်သူမည်ဝါ၊ မခွဲပါပဲ၊ ဒကာ ဒကာမ ဖြစ်ကြကုန်သော တပည့်တော်များ၏လည်း။ **နန္ဒနတ္ထေ၊** မေတ္တာရေအေး၊ တရားပေး၍၊ ယဉ်ကျေးစေကာ၊ စေတနာဖြင့်၊ သံသရာခုနောင်၊ အသိဆောင်ပြီး၊ လူ့ဘောင်လောက၊ သဘောကျသည့်၊ လှပစွာလတ်၊ အနာဂတ်ကို၊ တည့်မတ်စေလျက်၊ အသိဆက်ကာ၊ နှစ်သက်ဖွယ်သော အကျိုးစီးပွား တို့ကို။ **ဇနေတိ၊** နှလုံးသားထဲ၊ ကိန်းပိုက်စွဲအောင် အမြဲတစေ၊ ဖြစ်စေတော်မူတတ်ပါပေ၏။

**ဝံသစရံ၊** ရှင်မဟာကဿပ၊ အစဖြာသည့်၊ ထေရာစဉ်လျက်၊ နွယ်အဆက်ကို၊ မပျက်အောင်မူ၊ တန်ဆောင်ထူလျက်၊ ဆောင်ယူ၍ လာသော။ **သာသနံ၊** လေးဆယ့်ငါးဝါ၊ ကာလကြာအောင်၊ ကောင်းစွာဟောကြား၊ မြတ်ဘုရား၏၊ တရားဓမ္မ၊ ဆုံးအမကို။ **အတ္တနောစ၊** ကိုယ်တော်တိုင်လည်း။ **သမ္ဗာလေတိ၊** သံသရာနောက်နောင်၊ ကာလခေါင်ထိ၊ ဂုဏ်ရောင်ဝင်းဝါ၊ အလင်းဖြာအောင်၊ ကောင်းစွာ မသွေ၊ စောင့်ရှောက်တော်မူတတ်ပါပေ၏။ **သိဿာနဉ္စ၊** တပည့်တပန်း၊ အသွင်ဆန်းသည့်၊ ရှင်ရဟန်း သံဃာတို့အားလည်း။ **သမ္ဗာလေတိ၊** သာသနာစက်ရှိန်၊ လက်လက်ထိန်၍၊ ဂုဏ်သိရ်တင့်ကာ၊ စည်ပင် ဖြာအောင်၊ ကောင်းစွာမသွေ၊ စောင့်ရှောက်တော်မူတတ်ပါပေ၏။

**မာနုသာနဉ္စ၊** ကိုယ်နှင့်နီးစပ်၊ ရှိသေတတ်သည့်၊ ဆည်းကပ်ကြသူ၊ များပြည်သူတို့အားလည်း။ **သမ္ဗာလေတိ၊** သားစဉ်မြေးဆက်၊ တရားစက်ကို၊ လင်းလက်တောင်ပြောင်၊ ဟိုနောက်နောင်ထိ၊ အရောင်ဝေဖြာ၊ စည်ပင်သာအောင်၊ ကောင်းစွာမသွေ၊ စောင့်ရှောက်စေတော်မူတတ်ပါပေ၏။

၂။ **မ** - ဟာဓီရော မဟာဝီရော၊

**ဟာ** - ရေတိ စ ခုရံ ဝဟော။

**ထေ** - ရော ယော အတ္တကိစ္စဥ္စ။

**ရ** - တော သီလေန သာသနေ။

**ယော ထေရော၊** အကြင်မထေရ်မြတ်ကြီးသည်။ **သာသနေ၊** မြတ်စွာဘုရား၊ ဟောဖော်ကြားသည့်၊ သုံးပါးမည်သာ၊ သာသနာတော်၌။ **သီလေနစ၊** သီလအားဖြင့်လည်းကောင်း။ **ဒါနေနစ၊** ပေးကမ်းစွန့်ကြဲခြင်း ဒါနလုပ်ငန်းဖြင့်လည်းကောင်း။ **ဘာဝနာယစ၊** နေ့စဉ်ညစဉ်၊ ဉာဏ်စဉ်မြင့်ကာ၊ အသိဖြာအောင်၊ ကောင်းစွာပွားများ အားထုတ်လျက်သာလျှင်။ **ရတော၊** မွေ့လျော်တော်မူပါပေ၏။

**မဟာဓီရော၊** တိဟိတ်ပဋိသန်၊ ပင်ကိုယ်ဉာဏ်ကြောင့်၊ အမှန်မြင်သိ၊ ကြီးကျယ်သော ဉာဏ်ပညာလည်း ရှိပေထသော။ **မဟာဝီရော၊** ပရိယတ်နှင့် ပဋိပတ်ရေး၊ မျှော်ထောက်တွေး၍၊ လေးလေးပင်ပင်၊ အစဉ်ကောင်းမြတ်၊ ထက်သန်သော ဝီရိယဓာတ်လည်းရှိပေသော။ **သောထေရော၊** ထိုမထေရ်မြတ်ကြီးသည်။ **အတ္တကိစ္စဥ္စ ဟာရေတိ၊** ပရိယတ်သာသနာ၊ ထွန်းလင်းဖြာအောင်၊ ငယ်ခါကလျှင်၊ သိကျင့်ဖွယ်မှတ်၊ ကိုယ့်ကိစ္စရပ်ကိုလည်း မပြတ်ရအောင် ဆောင်ရွက်တော်မူတတ်ပါပေ၏။ **ပရကိစ္စဥ္စ ဟာရေတိ၊** တိုင်းနှင့်ပြည်နယ်၊ အသွယ်သွယ်မှ၊ ငယ်ရွယ်နုစို၊ စာသင်ပျိုတို့၊ မငြိုမငြင်၊ ပညာသင်ရန်၊ စီမံဆောင်တတ်၊ သဒ္ဓါဓာတ်ဖြင့်၊ မပြတ်ဆင်ခြင်၊ ဉာဏ်ဖြင့် ယှဉ်၍ အစဉ်ချမ်းသာ၊ ရှိစိမ့်ငှာလျှင်၊ မေတ္တာစေတနာ၊ ဖြန့်ချိကာဖြင့်၊ ကရုဏာမိုး၊ ရွာသွန်းဖြိုး၍၊ သူ့ကျိုးကိစ္စ၊ အဝဝကိုလည်း ကောင်းစွာမသေွ ဆောင်ရွက်တော်မူတတ်ပါပေ။

**သောထေရော၊** ထိုမထေရ်မြတ်ကြီးသည်။ **အတ္တကိစ္စဥ္စ၊** ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲဘိ၊ မြဲမရှိသည့်၊ မိမိကိုယ်တွင်၊ ရှုဆင်ခြင်တတ်၊ ဝိပဿနာဟူသော ကိုယ့်ကိစ္စရပ်ကိုယ်လည်း။ **ခုရံဝဟော၊** နေ့ညမအား၊ အရေးထားလျက်၊ လေးစားစွာ ရှုပွားဆောင်ရွက်တော်မူတတ်ပါပေ၏။ **ပရကိစ္စဥ္စ၊** တိုက်တာတည်ထောင်၊ မြန်ပြည်ဘောင်၌၊ ဂုဏ်ရောင်လင်းထိန်၊ သတင်းရှိန်၍၊ အင်းစိန်နာဂရ၊ ဂုဏ်ဆင်သသည့်၊ ရွာမတိုက်တာ၊ တည်ထောင်ကာဖြင့်၊ သာသနာအရှည်၊ တည်တန့်စေဟု၊ ပေးဝေမေတ္တာ၊ စေတနာဖြင့်၊ ကရုဏာမိုး၊ ရွာသွန်းဖြိုး၍၊ သူ့ကျိုးကိစ္စ၊ အဝဝကိုလည်း၊ **ခုရံဝဟော၊** ဟို ရှေးယခင်၊ အရွယ်တွင်မှ၊ ယနေ့ကျအောင်၊ လေးစားစွာပင် ဆောင်ရွက်တော် မူတတ်ပါပေ၏။

၃။ **အဘိ** - ရမော ဝိဟာရော ယော၊

**ဓဇ** - မိဝ သုမာပိတော။

**သဒ္ဓမ္မ** - ဥ္စ မဟာထေရော။

**ဇောတိက** - တေန ပါကဋော။

**ယော မဟာထေရော - ယေနမဟာထေရေန၊** အကြင်မဟာထေရ်မြတ်ကြီးသည်။ **အဘိရမော၊** ကျောင်းဆောင်ကြီးငယ်၊ အသွယ်သွယ်နှင့် တင့်တယ်လှစွာ၊ သာသနာနှင့် စာချစာသင်၊ ထေရ်အရှင်တို့ အစဉ်မွေ့လျော်၊ ပျော်ဖွယ်ရာကောင်းပေသော။ **ယောဝိဟာရောစ၊** ရွာမပရိယတ္တိစာသင်တိုက်ကြီး

ကိုလည်း။ **ဓဇမိဝ၊** ဂုဏ်များမြိုင်ဆိုင်၊ အောင်ပန်းလှိုင်၍၊ တိုင်ထိပ်လွှင့်ထူ၊ တလူလူလွင့်ပျံ့သည့် တံခွန်အလံကဲ့သို့။ **သုမာပိတော၊** သဒ္ဓါပညာ၊ စေတနာဖြင့်၊ လွန်စွာပြုရ၊ ဝီရိယဖြင့်၊ ကောင်းစွာမသွေ့၊ ဖန်ဆင်းတော်မူအပ်ပါပေ၏။ **တေန၊** ထို့ကြောင့်။ **သော ဝိဟာရော၊** ထိုရွာမမည်ဟီး၊ ကျောင်းတိုက်ကြီးသည်။ **ပါကဋော-သုပါကဋော၊** ကမ္ဘာ့ထက်ဇွေ၊ ကနက်မြေဝယ်၊ ကျက်သရေသတင်း၊ တက်နေလင်းသကဲ့သို့၊ ပြည့်တင်းဖြိုးမောက်၊ တန်ခိုးတောက်၍၊ အံ့လောက်ဝင့်ကြွား၊ ဂုဏ်မြင့်မား၍၊ ထင်ရှားကျော်ကြားတော်မူပါပေ၏။

**ယံ သဒ္ဓမ္မဥ္စ - ယော သဒ္ဓမ္မော စ၊** သီလသမာ၊ ဓိပညာဟု၊ သိက္ခာသုံးဖော်၊ သူတော်ကောင်းဓာတ်၊ တရားမြတ်ကိုလည်း။ (ဝါ) **ယံ သဒ္ဓမ္မဥ္စ - ယော သဒ္ဓမ္မော စ၊** ပရိယတ်၊ ပဋိပတ်ဟု၊ နှစ်ရပ်မည်တောင်း၊ သူတော်ကောင်းဓာတ်၊ တရားမြတ်ကိုလည်း။ **ဇောတိက-ဇောတယန္တော၊** ကမ္ဘာတည်အောင်၊ ထွန်းလင်းပြောင်၍၊ အမှောင်ပယ်ခွင်း၊ ထိန်ထိန်လင်းကြ၊ ရောင်ထွန်းပသည့် နေလနှစ်ပါး၊ ပမာလားသို့ သုံးပါးသာသနာ၊ ရောင်အဝါသည်၊ ထောင်ရာမက၊ လင်းထိန်ပအောင်။ သုမာပိတော၊ တပည့်သံဃာ၊ များဒကာတို့၊ သည်းလှာနှလုံး၊ ပီတိဖုံးအောင်၊ အဆုံးအမ၊ ဩဝါဒကို၊ နေ့ညမခြား၊ ပေးသောအားဖြင့်၊ သနားကရုဏာ၊ မြတ်မေတ္တာဖြင့်၊ ကောင်းစွာမသွေ့၊ ဖန်ဆင်းတော်မူအပ်ပါပေ၏။ **တေန၊** ထို့ကြောင့်။ **သော ထေရော စ၊** ထိုရွာမမည်သာ၊ ကျောင်းတိုက်တာ၏၊ ပဓာနိဿရိယ ဖြစ်တော်မူသော ထိုဆရာတော်ဘုရားကြီးသည်လည်း။ **သုပါကဋော၊** သူတော်ချင်းချင်း၊ ဂုဏ်သတင်းတို့၊ ထုံသင်းလှိုင်ကြူ သိတော်မူ၍၊ ရှင်လူအများ၊ နှုတ်တော်ဖျားဝယ်၊ ကောင်းစွာမသွေ့ ထင်ရှားတော်မူလှပါပေသတည်း။

၄။ တေန ပတီဟိ သက္ကစ္စံ၊

သော လဉ္ဆနေန ပူဇိတော။

တဿ မယမ္ပိ ပူဇေမ၊

စိရံ သုခေန ဇီဝတု။

**တေန၊** ထိုသို့ သာသနာကျိုး ဘာသာကျိုးနှင့်၊ သူ့ကျိုးကိစ္စ၊ ကိုယ့်ကိစ္စတို့၊ နေ့ညမဟူ ဆောင်ရွက်တော်မူခဲ့ခြင်းကြောင့်။ **ပတီဟိ၊** ကမ္ဘာ့ ကမ္ဘာ၊ လွန်ရှည်ကြာအောင်၊ သာသနာရောင်၊ ထွန်းလင်းပြောင်ဘို့၊ ခေါင်းဆောင်ပြုလျှဉ်း၊ အစိုးရမင်းတို့သည်။ **လဉ္ဆနေန၊ "အဘိဓဇ အဂ္ဂမဟာ ဇောတိက"** ဟူသော ကမ္ဘာ့ခေါင်ထိပ်၊ သာသနာ့ အောင်တံဆိပ်ဖြင့်။ **သက္ကစ္စံ၊** ရိုရိုသေသေ၊ လေးလေးစားစား၊ အရေးထားလျက်။ **သော ထေရော၊** ထိုမဟာထေရ်မြတ်ကြီးကို။ **ပူဇိတော၊** သဒ္ဓါရွှင်လန်း၊ ပီတိလွှမ်း၍၊ လျှုဒါန်းဆက်ကပ်၊ ပူဇော်အပ်လေပြီ။

**တဿ၊** သီလ သမာ၊ ဓိပညာနှင့်၊ ခမာဇာဂရိ၊ စသည့်များလှ၊ ဂုဏ်ပေါင်းခငြား၊ ထိုဆရာတော်ဘုရားကြီးအား။ **မယမ္ပိ၊** ဆရာ၏ဂုဏ်၊ အလုံးစုံကို၊ ကြည်ယုံရွှင်လန်း၊ ပီတိလွှမ်း၍၊ ဝမ်းသာကြကုန်သော ကျွန်ုပ်တို့သည်လည်း။ **ပူဇေမ၊** တရားပစ္စည်း၊ အသီးသီးဖြင့်၊ ချီးကျူးကော်ရော်၊ ပူဇော်ကြပါကုန်၏ ဘုရား။ **သောထေရာ၊** ထိုဆရာတော်ဘုရားကြီးသည်။ **သုခေန၊** ကိုးဆယ့်ခြောက်ဖြာ၊ ဘေးရောဂါတို့ ကောင်းစွာလွတ်ကင်း၊ ကျန်းမာချမ်းသာခြင်းဖြင့်။ **စိရံ ဇီဝတု၊** အမြတ်သာသနာ၊ ထမ်းဆောင်ကာဖြင့်၊ ကောင်းစွာဆက်ဆက်၊ ပြုံးပျော်လျက်ပင်၊ အသက်ရာကျော် ရှည်တော်မူစေသတည်း။

**အရှင်တေဇနိယ** (စာချဆရာတော်)

ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်

# မဟာထေရပုဗ္ဗစာဝိသိဋ္ဌ

အင်းစိန်ရွာမ ဝိဇ္ဇာလျှသံ၊ နိုင်ဩအဂ္ဂါဒိလဉ္ဆနံ။
လဒ္ဓေါ ဟိ သာသနေ ရင္ဆေ၊ ဥပကာရော စ ပါကဋော။

ဟိ- တပည့်များမြောက် ရွှံ့ကာကြောက်ဖြင့် တစ်ယောက်အနေအထား လျှောက်ထားပါဦးအံ့ဘုရား။ အင်းစိန်ရွာမဝိဇ္ဇလယသံ-ရန်ကုန်အပိုင် မြောက်ခင့်ျင်၏ မဏ္ဍိုင်ချက်ဗွေ အင်းစိန်ဒေသ မြို့ရွာမ၌ နာမမည်ဟီး အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏၊ နာယကော စ- စာချစာသင် ထေရ်အရှင်တို့၏ နေတွင်တမျှ အလင်းရသည့် ထေရခေါင်ဦး အကြီးအမျှုးလည်း ဖြစ်ပေထသော၊ နိုင်ဩအဂ္ဂါဒိလဉ္ဆနံ- ထေရ်မှူးဂုဏ်မှန် ကြည်ညိုလှုံ၍ နိုင်ငံတော်မင်း ဘွဲ့အပ်နှင်းသော နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ- အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတစသော် ဘွဲ့တံဆိပ်တော်ကို၊ လဒ္ဓေါ စ- မတိုက်မတွန်း တစ်ခွန်းမဆို ပညာအိုကြောင့် ကိုယ်ပိုင်လှလှ ရရှိအပ်သူလည်း ဖြစ်ပေထသော၊ ဂန္ထဝါစကော စ- ကျမ်းဂန်ပို့သင် ဆရာရှင်လည်း ဖြစ်ပေထသော။

အင်းစိန်ဒေသေ- ကမ္ဘာအပိုင်း မြန်မာတိုင်း၌ သမိုင်းတင်အပ် မြို့အင်းစိန်အရပ်၌၊ ပါကဋော စ- ဘုန်းကံကြီးမား ပုဂ္ဂိုလ်များတွင် တစ်ပါးပေါ်သူ ဆရာတစ်ဆူဟု တစ်မူကျော်ကြား ထင်ရှားတော်မူသည် လည်းဖြစ်ပေထသော၊ ရဋ္ဌေ ဒေသေ- ထေရဝါဒ် ငါးနိုင်ငံတွင် ထိန်လှုံရောင်ဖြာ သာသနာ၏ မှန်စွာပွင့် ပေါ် မြန်မာနိုင်ငံတော်၌၊ ပါကဋော စ- ပရိယတ်ကြွယ် ပဋိပတ်တွယ်၍ ဉာဏ်ဝယ်ထိုးသိ ပဋိဝေဓံ အမှန်ကျင့်ပွား အလွန်ပင်လည်းထင်ရှားလှပေထသော၊ သာသနေ- အာဒိကလျာဏ အစ၏ကောင်း ခြင်း အဓိသီလသာသနာ, မဇ္ဈေကလျာဏ အလယ်၏ကောင်းခြင်းအဓိစိတ္တသာသနာ, ပရိယော-သာနကလျာဏ အဆုံး၏ကောင်းခြင်း အဓိပညာသာသနာ (ဝါ) ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ သုံးရပ်ခေါ် သာသနာတော်၌၊ ဥပကာရော စ- သံသရာဝဲ ဩဃထဲ၌ နစ်ဆဲနစ်လတ္တံ့ များပြန့်ထိုထို ပုဂ္ဂိုလ်တွေ အတွက် ရှုန်းကန်ထွက်ရအောင် ဟောမြွက်ညွှန်ကြား အလွန်ပင်ကျေးဇူးလည်း များပေထသော၊ ဧကော မဟာထေရော- အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာထေရ်မြတ်ကြီးတစ်ပါး ဖြစ်ပါပေ၏ဘုရား။

**အောင်တင်သန်း(ပါရမီနွယ်)**

# နေမင်းပမာ ထေရ်မဟာ

အမှတ် ...........
ရက်စွဲ...............
တေသနစာကြည့်တိုက်

ဒိနကရိဝ အာဘာဟိ၊ ဟိတွာ ဇဝံ ဇလံ တမံ။
ဥဒေတိဝ မဟာထေရော၊ ကရောမ ပူဇယံ မယံ။

ဣဓ-ဣဓလောကေ- ပရမတ်ဓာတ် ပညတ်မှတ်တို့ ပေါင်းစပ်စုစည်း ဤလောကကြီး၌၊ ဒိန-ကရော- (မှောင်ခွင်းကာချွေ ရောင်လင်းဖြာစွေ ပြောင်ဝင်းကာနေ---) အရောင်ထွေထွေလင်း ရှင်နေမင်းသည်၊ တမံ- ဆီးနှင်းမြူခိုး မီးခိုးမိုးတိမ် အသူရိန်ဆိုး ဘေးရန်မျိုးဟူ မင်းမူဖုံးနှောင် အမိုက် မှောင်ကို၊ ဟိတွာ- (ဝင်းဝင်းပြောင်ပြောင် လင်း လင်းဆောင်ဆောင် ကွင်းကွင်းမှောင်မှောင်---) အရောင်ဆိုးညစ် မကျန်ရစ်အောင် ချေပစ်ဖယ်ထား အမှန်ပင်ပယ်ရှား၍၊ **အာဘာဟိ**-အနီရောင် အဖြူရောင် ညိုစိမ်းရောင် အဝါရောင် မောင်းမှိုင်း ရောင် ခရမ်းရောင် ပြိုးပြက်ရောင်တည်းဟူသော ခုနှစ်မျိုးသော အရောင်တို့ဖြင့်၊ **ဇလံ**-ဇလန္တော- (စကြာဝဠာတခွင် ထက်အဇမ္ဗာလွင် သက်ပထျာပြင်) အမှန်ပင်ထိန်ဝင်း ထွန်းပလင်းလျက်၊ **ဥဒေတိဝ**- ဥဒေတိ ဣဝ- ဥဒည်တောင်စွန်း အရှေ့ကျွန်းမှ ပေါ်ထွန်းထွက်လာသကဲ့သို့၊ **ဇဝံ**-ဇဝံ တထာ- နေမင်းသူရိယာ ထေရ်မဟာဟု ပမာထားယူ ထို့အတူ။ ဣဓ သာသနေ- ပရိယတ် ပဋိပတ်နှင့် ပဋိ ဝေဓခေါ်ဤသာသနာတော်၌၊ **မဟာထေရော**- ပရိယတ်မြင့် ပဋိပတ်ကျင့်ဖြင့် ချီးမြှင့်ဟောပြ ပဋိဝေဓ ပိုင်ပြီး ဆရာတော်ဘုရားကြီးသည်၊ **တမံ**-အန္ဓတမံ- များစွာဝေနေ သတ္တဝါတွေကို မှောင်ဝေပိတ်ဆီး နီဝရဏတည်းဟူသော အမိုက်မှောင်ကြီးကို၊ **ဟိတွာ**-သိပယ်ခွါဆိုက်ပွား အမြိုက်တရားရအောင် ဟောကြား ညနေ့ ပယ်ရှား၍၊ **အာဘာဟိ**-(ဤဘဝဘုံမှာညီမျှစုံလာ သီလဂုဏ်ဖြာ) ထုံစွာသမာဓိ ကျင့်သည့်ပညာ ဉာဏ်အရောင်တို့ဖြင့်၊ **ဇလံ**-ဇလန္တော- အင်းစိန်မဆန့် မြန်ပြည်နှံ့လျှက် ပြန့်နှံ့ကမ္ဘာ တေဇာရှိန်ဝင်း ထိန်ထိန်လင်းလျှက်၊ **ဥဒေတိ**- မြန်မာပြည်သူ ကမ္ဘာသူကမ္ဘာသား သတ္တဝါများအတွက် ပေါ်ထွန်းထွက်ပေါ်လာခဲ့ပါ၏ဘုရား။

**ဧတေဟိ ဂုဏေဟိ**- နေမင်းပုံဆောင် ဂုဏ်အရောင်တို့ဖြင့် ဥဿျောင် ထေရ်မြတ် ထိုဂုဏ်ဒြပ်တို့ဖြင့်၊ **သမ္ပန္နော**-(လောကဘုံဝယ် ဩချစုံမယ် ပြောပြကုန်ဖွယ်) ဂုဏ်ထည် ထင်ရှားပြည့်စုံထားသော၊ **တံ မဟာထေရံ**- အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနခေါ် ထိုဆရာတော်ကြီးကို **မယံ**- (အများအသိမှန် တရားအရှိလျှံ ဘုရားကဝိထံ) အမှန်ပင်ခညောင်း တပည့်အပေါင်းတို့သည်၊ **ပူဇယံ**- အာမိသ,ဓမ္မ ပူဇာစဖြင့် ပူဇသဘင် ဆင်ယင်စုစည်း ပူဇော်ပွဲကြီးကို၊ **ကရောမ**- (သောင်းသောင်းပြည်သူ ကောင်းကောင်းကြည်ဖြူ ပေါင်းပေါင်းညီတူ) ကြည်ဖြူစွာ အားထုတ်၍ ပြုလုပ်ပါကုန်၏ဘုရား။

**အောင်တင်သန်း(ဒေါ်ပုံ)**

၂၆၈ ၉-၅

# ဆုတောင်းပတ္ထနာ ဝန္ဒနာဂါထာ

မဟာဒီဃော မဟာဓီရော၊ မဟာဂါမဿ နာယကော။
အာရောဂျသုခမာယုဋ္ဌ၊ ဇောတေတု ဇိနသာသနံ။(ပထျာဝတ္တ)

**မဟာဂါမဿ**- အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏။ **နာယကော**- ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တနန္ဒဝံသ နာမမည်တွင် ထေရ်အရှင်သူမြတ်ကြီးသည်။ **မဟာဒီဃော စ**- ဒါန,သီလ,နှစ်လီမျှ၍ စရဏပြည့်ပွား သက်တော်ရှည် ဆရာတော်တစ်ပါးလည်း ဖြစ်တော် မူပါပေ၏။ **မဟာဓီရော စ**- အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက လဥ္ဆနံနှိပ် ခပ်တံဆိပ်ဖြင့် တိဟိတ်ဥက္ကဋ္ဌ သန္တေဓာတ်ကြောင့် ကြီးမြတ်သော ပညာဉာဏ် နှင့်ပြည့်စုံသော ဆရာတော်တစ်ပါးလည်းဖြစ်တော်မူပါပေ၏။ **သော ထေရော**- ဝေးနီးကြော်ကြား ထိုဆရာတော်ဘုရားကြီးသည်။ **အဇ္ဇ-တဂ္ဂေ-(အဇ္ဇအာဒိကတွာ)** ယနေ့မှ အစပြု၍။ **အာရောဂျဋ္ဌ**- ကိုးဆယ့်ခြောက်ဘေး ငြိမ်းအေးကျန်းမာ ခြင်းသည်လည်း။ **ဟောတု**- မုချမသွေ ဖြစ်ပါစေသား အရှင်ဘုရား။ **သုခဋ္ဌ**- ကာယ,စိတ္တ နှစ်ဖြာမျှ၍ သုခချမ်းသာ ပြည့်စုံဖြာခြင်းသည်လည်း။ **ဟောတု**- မုချမသွေ ဖြစ်ပါစေသား။ **အာယုဋ္ဌ**- အသက်ရာကျော် ရှည်တော်မူခြင်းသည်လည်း။ **ဟောတု**- မုချမသွေဖြစ်ပါစေသား အရှင်ဘုရား။ **တွံ** - အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ပိုင်ရှင် ဖြစ်တော်မူသော အရှင်ဆရာတော်ဘုရားသည်။ **ဇိနသာသနံ-(ဇိနသာ သနဿ)** ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးအား။ **ဇောတေတု**- အနှစ်ငါးထောင် မက သန့်ရှင်းတည်တံ့ အရှည်ခံ၍ ပြန့်နှံ့မြူကင်း ထွန်းလင်းတောက်ပအောင် ဆောင်ရွက်တော်မူနိုင်ပါစေသတည်း။ (ဝါ) **ဇောတေတု**- အနှစ်ငါးထောင်မက သန့်ရှင်းတည်တံ့ အရှည်ခံ၍ ပြန့်နှံ့မြူကင်း ထွန်းလင်းတောက်ပ အောင် ဆောင်ရွက်တော်မူနိုင်ပါစေကြောင်း တပည့်သား သံဃာတော်မြတ်များနှင့် ဒကာ-ဒကာမ အပေါင်းတို့က ဆုတောင်းပတ္ထနာ ဝန္ဒနာဖြင့် အခါခါပူဇော်ကန်တော့လိုက်ပါ သည် ဆရာသခင် ထေရ်အရှင်သူမြတ်ကြီးဘုရား ----။

**ဦးခင်မောင်ရင်** (ဓမ္မာစရိယ၊ B.Sc)

# စာကဗျာခွေလို့ သွင်းဆက်မင်္ဂလာ

(ပါပချေခွါ-ချီ ၃၅-ပဒစီ၊ အချီညီ၊ အချညီ၊ ပဒညီ-နတ်ပန်းတော်ဝင် ၁၁-လုံးချ မင်္ဂလာပိုဒ်စုံရတု)

➢ **ပါပချေခွါ**၊ မြတ်သာသနာ၏၊ ဝန်တာထမ်းရ၊ ဦးနန္ဒဝံသ၏၊ ဘဝဖြစ်စဉ်၊ သဒ္ဓါရှင်၍၊ ဦးတင်ပဏ္ဏာသ၊ ပူဇော်ရသော်၊ ဗုဒ္ဓဂုဏ်ရည်၊ မွေ့သရီနှင့်၊ စေတီတော်တိုင်း၊ ရွှေရောင်လှိုင်းသို့၊ တိုင်းရန်ကုန်ဝယ်၊ ထန်းတပင်နယ်မှ၊ ရှုဖွယ်သာတောင်း၊ သူတော်ကောင်းတို့၊ ကိန်းအောင်းကြရာ၊ ပဒံရွာ၌၊ နှစ်ဖြာမိဘ၊ ထင်ရှားကြသည့်၊ မာနနှိမ်ဖယ်၊ ဦးဘိုးကြွယ်နှင့်၊ နယ်ရွာဂုဏ်သစ်၊ ဒေါ်ဒေါ်ချစ်မှ၊ တစ်ထောင့်နှစ်ရာ၊ ရှစ်ဆယ်သာသည့်၊ စွန်းလာတစ်ခု၊ ညွန်းကာပြုသော်၊ ဥတုဂိမှာ၊ တပေါင်းမာသာ၏၊ ပြည့်ကာကျော်လျက်၊ မြတ်သုံးရက်၌၊ နံနက်စနေမှာ၊ ဖွားမြင်ပါ,သည်၊ **ပါပါကာချေလို့ ခွင်းဘဝင်သာမည်ဘုရား။**

➢ **ရွာမမြေမှာ**၊ မြတ်သာသနာကား၊ လင်းလာဘိတောင်း၊ မြတ်အကြောင်းမှာ၊ လောင်းတော်သာကီ၊ ထေရ်ဇာနည်ကား၊ နှစ်လီမိဘ၊ ခွင်ပန်သ၍၊ သာသနာ့မြေဝယ်၊ ဆယ်နှစ်ရွယ်၌၊ တင့်တယ်ပါလှ၊ သာမဏေရပေ့၊ ရွာမှဆရာ၊ ချဉ်းကပ်ကာဖြင့်၊ စာဝါအခြေပေါက်၊ သင်တတ်မြောက်သော်၊ ထက်အောက်စုံစွာ၊ နယ်တကာမှ၊ သုံးဖြာပိဋကတ်၊ နှံ့စွာတတ်ဖို့၊ သင်အပ်ပညာ၊ နည်းစုံစွာတို့၊ သင်ကာကျနာ၊ တတ်ပွန်ရသော်၊ ရွာမမြေတွင်၊ တိုက်စာသင်,ဟု၊ အရှင်နန္ဒဝံသ၊ အရှင်တိလောကတို့၊ ရင်မှသဒ္ဓါ၊ တူမျှစွာဖြင့်၊ တည်ကာသောတု၊ မွေးမြူမှုဖြင့်၊ ကောင်းမှုမင်္ဂလာ၊ မယှဉ်သာ,သည်၊ **သာသနာနေသို့ လင်းလက် ပါပြီဘုရား**၊----။

➢ **ဂါရဝဝေဆာ**၊ ပေါင်းသိဿာတို့၊ စာအံစာကျက်၊ စာဝါတက်၍၊ နံနက်စာဝါ၊ နေ့စာဝါနှင့်၊ ညဝါသင်ပြ၊ စာပို့ချ၍၊ သာသနာ့ဝန်တာ၊ ထမ်းဆောင်လာလျက်၊ စာသဘင်ပွဲ၊ ဆင်ကာနွဲသော်၊ အောင်ပွဲထေရ်မော်၊ ကျော့်ထက်ကျော်တို့၊ တိုက်တော်ရွာမ၊ ပေါ်ထွန်းရသို့၊ တိပိဋကဓရထေရ်ဆရာ၊ ထွန်းတောက်လာခဲ့၊ ဆရာထေရ၊ ဦးနန္ဒဝံသ၏၊ ပျိုးချစိုက်ရာ၊ ဥယျာဉ်သာကား၊ ဝေဆာပရိယတ်၊ ပန်းကောင်းမြတ်တို့၊ ထွန်းလတ်သောခါ၊ မင်းစုံစွာလည်း၊ သဒ္ဓါရွှန်းမြ၊ ကြည်ညိုကြ၍၊ အဘိဇဓမဟာ၊ ဘွဲ့ဆက်ကာဖြင့်၊ ဖြူစွာ နမာမိ၊ ပူဇော်ဘိသို့၊ တပည့်စုံစွာ၊ ပူဇော်ပါသည်၊ **စာကဗျာခွေလို့ သွင်းဆက်ပါသည်ဘုရား။**

■ မြေလတ်မင်းလွင်

# ရွှေဘုန်းတေဇာ အစညီ–အချညီ–ပဒညီ
# ရတုပိုဒ်စုံ

◆ **ရွှေဘုန်းတေဇာ**၊ ကိုးဂုဏ်ဖြာသား၊ ဘုရားသာသနာ၊ မြတ်သုံးဖြာကို၊ ရောင်ဝါတင့်ဆန်း၊ ရွှင်လန်းကျက်သရေ၊ ခက်ဝေဖြာပြီး၊ ရောင်ဝါညီးသည့်၊ နေထီးသာသနာ၊ ရှည်ကြာမက၊ များလှအခေါင်၊ ငါးထောင်ကျော်သား၊ ကျင့်ဆောင်ပွား၍၊ နေ့အားညဖြင့်၊ သယ်ပိုးချင်လှ၊ ငယ်သော်မှသည်၊ ခုချိန်ရှည်အောင်၊ ပိုက်ဆောင်လို့လ၊ သီလသမာ၊ မြတ်ပညာကို၊ ခါခါမလပ်၊ စောင့်ကြပ်မှတ်ထိန်း၊ မယိမ်းမယိုင်၊ ခိုင်ခိုင်မတ်မတ်၊ မပြတ်အားကုတ်၊ ကျိုးအားထုတ်သည်၊ **တေဇာရွှေဘုန်းမြင့်ပြီဘုရား**။

◆ (ပြည်)**ပြေလုံးကြေငြာ**၊ ဂုဏ်တော်သာဖို့၊ မဟာသမတ၊မင်းမင်းစ၍၊ များလှဒီပါ၊ ရပ်ရှစ်နှာမှ၊ လာကြသောင်းသောင်း၊ နှစ်ထောင်းအားရ၊ ပူဇော်ကြလျက်၊ ဂုဏသဘင်ပွဲကြီးဆင်၍၊ အရှင်ဂုဏ်တော်၊ ရှိဦးမော်လျက်၊ ကော်ရော်သမှု၊ အစဉ်ပြုကာ၊ ပြည်ရွာမြို့တိုင်း၊ သမိုင်းထင်စွာ၊ ကြေငြာသမိုက်၊ ဂုဏ်တင်ထိုက်၍၊ နှစ်ချိုက်ကြည်သာ၊ လေညာလေအောက်၊ ပျံ့မွှေးလောက်သည့်၊ ရနံ့ထိုလွှာ၊ ပညာသီလ၊ စသည့်ဝတ်မှု၊ မွှေးပျံ့ထုံသည်၊ **ကြေငြာပြေလုံးသင့်ပြီဘုရား**။

◆ **နေနှုန်းဝေဆာ**၊ လင်းရောင်ဖြာသား၊ မှောင်များပယ်ခိုက်၊ အလင်းတိုက်ကို၊ အလိုက်မှန်စွာ၊ ဝေနေယျာတို့၊ သေချာဃ,နှ၊ ခွဲကြစိတ်ဖြာ၊ လမ်းမှန်သာဖို့၊ မဂ္ဂအင်္ဂါ၊ ကျင့်ရှစ်ဖြာနှင့်၊ တပည့်ဒကာ၊ ပြည်ရွာကောင်းကျိုး၊ စဉ်သယ်ပိုးလျက်၊ ဆယ်ကြိုးလွှန်းတင်၊ မေတ္တာဝင်၍၊ ပညာတန်ဆောင်၊ မီးရှူးရောင်ဖြင့်၊ ရှေ့ဆောင်လမ်းပြ၊ ကျနသွန်သင်၊ ထေရ်ရှင်ဘုန်းတော်၊ ပြည်လုံးကျော်အောင်၊ အလျှော်ကာလ၊ ဟောဖော်ပြ၍၊ ဓမ္မသဓာ၊ ဘေသဇ္ဇာကို၊ **ဝေဆာနေနှုန်းဝင့်ပြီဘုရား**။ ။

**နံ့သာမြေမာလာ(ပုသိမ်)**

# အလင်းငှ ကမ္ဘာမြေပေါ်

(ထပ်တွန့် ရှစ်ဆယ်ပေါ် တေးထပ်ကြီး)

■ ရွှာမမြေ ကုဏ္ဍလာနန်းမှာဖြင့်
ထုံနံ့သာလွှမ်းလို့ အေးမြရေဇလာ
ဒုမ္မာပန်းတို့ မွှေးကြစေရာ
အတွေးထေရ်ဆရာ တည်ထောင်ထား
**'မူးမာန်မကျွံရ, ထူးစံတံခွန်သ,**
**ဦးနန္ဒဝံသ'** ကဝိမြတ်ထေရ်မဟာသည်
ပရိယတ်ဒေသနာအဆီ အရှည်ခန့်စေလျက်သား။

■ **'ခွါကြဉ်မာန,စာသင်စာချ,**
**ဆရာရှင်ထာဝရ'** ကြည်ညိုပါသည်
မှီခိုစရာ သာသနာ့အနွယ်များ
ပြည်ဗဟိုမှာ ပါပနယ်မမှားကြစေဖို့
ဂါရဝကျယ်ထွားလို့ ပရိယတ်နယ်မြေ
အောင်ပန်းတွေ အစီအရီပွင့်ပါလို့
အလီလီဆင့် မြင့်ကြပါ,စေ။

■ **'ထေရ်ဆရာလောင်းသခင့်, ဒေသနာအကြောင်းချင့်,**
**စေတနာကောင်းဖြင့်'** ပြည့်ဝန်ပေသည်
ဘဝတံခွန်တွေ အဆူဆူစိုက်ကြကာပ
ပူအမိုက် ကင်းကြပါစေသော်
**အလင်းငှ ကမ္ဘာမြေပေါ်**

■ **'စာသင်သားအတွက်, သဒ္ဓါရှင်ပွားလျက်,**
**ထာဝစဉ်အားတက်'** ထေရ်ဆရာမော်သည်
ဒေသနာအလျော် ဆောင်ကြဉ်းသည်ဘုရာ့လေး။

■ **'ဝဋ္ဋာဘောင်နန်းမြင့်, အရာအထောင်လျှမ်းတင့်,**
**စာအောင်ပန်းဖြင့်'** တင့်ဝေဆာသည်
အရှင့်စေတနာဖော်ကျူးသည်ဘုရာ့လေး။

■ **'အမျက်ဘယာမရှိရ, ထက်သဒ္ဓါအတိကြွ,**
**အဂ္ဂါဘိဓဇ'**ဘွဲ့ထူးဂုဏ်ရှင်ကို
ဖွဲ့ကျူးခုံမင် ပူဇော်ကြသည်ဖျာ့လေး။ ။

• မြေလတ်မင်းလွင်

# ထုတ်ဝဏ္ဏနာ ပတ္တနာတေးထပ်

* အင်္ဂနှစ်ဖြာ ပဏ္ဍိတ၊
ဉာဏ်, အဘိဇေမဟာ၊
သံ, အတိမမ္မ ပေါ်ပြည့်ကာကြွယ်၊
ဇောတိကာဆင့်ကဲ။
အင်းစိန်ရွာမထေရ်ဆရာကို၊
ဝေနေယျာ ဦးချသည့်ပွဲ။

* သက်တော်က ရှစ်ဆယ်သာ၊
ဖွားမြင်လာ ချွန်ကဲ။
အားအင်မှာ အလွန်နဲသော်လည်း၊
စာချဆဲခုတိုင်။
သာသနာအတွက် ပဲပေမို့၊
တသက်ဖွဲ့မယိမ်းမယိုင်။

* ပရိယတ်, ပဋိပတ် နှစ်ဖြာညီသည်၊
အာဇာနည် မဟာထေရ် တစ်ပါးပေမို့၊
သာသနာမြေတစ်လွှားသဒ္ဓါဖြူ
အတုလဆရာတစ်ဆူ။

* သာသနာအတွက်အောင်လံထူသည်။
နောင်စံနမူယူကြစေဘို့လေး။

* ဘာသာအတွက်သဒ္ဓါဖြူစင်သည်၊
ဆရာတစ်ဆူ အသွင်တူကြစေဘို့ လေး။

* တပည့်အပေါင်းက တစ်သက်တာမျှော်သည်၊
အသက်ရာကျော် ရှည်မျှစေဘို့လေး။

**ဦးခင်မောင်ရင်** (ဓမ္မာစရိယ၊ B,Sc)


ဆရာ့ကျေးဇူး
ဂုဏ်ညွန့်ဖူး
ဦးအာစာရ (ရွှေကြက်ယက်)

"လာမည့်ပြာသိုလလောက်မှာ ပူဇော်ပွဲ လုပ်ကြလိမ့်မယ်။ အဲဒီအတွက် မင်း--ဆောင်းပါး တစ်ပုဒ်ရေးပါ"

ပထမဝါဆိုလဆန်း ၅-ရက်နေ့က ဆရာတော်ကြီးအား သွားရောက်ကန်တော့စဉ် ဆရာတော်ကြီးက မိမိအား ဤသို့အမိန့်ရှိလိုက်ပါသည်။"အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တော်အတွက် ဂုဏ်ပြုပူဇော်ပွဲကို ရည်ရွယ်၍ အမိန့်ရှိလိုက်ခြင်း ဖြစ်ပါသည်။

မိမိတစ်သက်တာတွင် အလွန်ကျေးဇူးများသည့် ဆရာတော်ကြီး ၅-ပါးရှိပါသည်။

၁။ ဆရာတော် ဦးကုမာရ
ပနောင်ကျောင်း(မူလဆရာရင်း)၊

၂။ ဆရာတော်ဦးကုသလ
သဖန်းကုန်းကျောင်း၊ ဇလွန်မြို့နယ်၊

၃။ စာချဆရာတော်ဦးစန္ဒိမာ
သဖန်းကုန်းကျောင်း၊ ဇလွန်မြို့နယ်၊

၄။ ယခုလက်ရှိ ရွာမစာသင်တိုက်
ဆရာတော်ကြီး၊

၅။ နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ
မြင်းခြံဆရာတော်ကြီး-တို့ဖြစ်သည်။

၎င်းတို့တွင် ယခုအခါ၌မူ ရွာမစာသင်တိုက် ဆရာတော်ကြီးတစ်ပါးသာ သက်ရှိထင်ရှားရှိပါတော့သည်။ သို့ဖြစ်၍လည်း မိမိသည် နှစ်စဉ်နှစ်တိုင်းဆရာတော်ကြီးအား လာရောက်၍ ကန်တော့ခြင်း ဖြစ်ပါသည်။

မိမိအား ၃-နှစ်တိုင်တိုင် ပရိယတ္တိစာပေများ ပို့ချသင်ကြားပေးပြီး၊ သေတွင်းမှ ထုတ်ယူခဲ့သော ကျေးဇူးတော်ရှင် ဆရာတော်ကြီးနှင့် ပတ်သက်၍ ပြန်လည်စဉ်းစားမိသည့်အတိုင်း စွမ်းနိုင်သလောက် ကျေးဇူးဆပ်ရပေတော့မည်။

## အတိတ်နောက်ကြောင်းပြန်

လွန်ခဲ့သော နှစ်ပေါင်း ၅၂-နှစ်ခန့်ရန်ကုန်မြို့တော် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဦးနုအမှူးပြုသည့် အစိုးရအဖွဲ့နှင့် ပြည်သူလူထု၏ အကူအညီဖြင့် ဆဋ္ဌသံဃာယနာပွဲတော်ကြီးကို ဆင်နွှဲနေဆဲအချိန်ဖြစ်သည့် ၁၃၁၇-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃-ရက်ည(၉)နာရီခန့်တွင် မိမိ၏ စာချဆရာဖြစ်သော ဇလွန်မြို့နယ်၊ သဖန်းကုန်းကျောင်းမှ ဘုန်းကြီးဦးစန္ဒိမာနှင့် မိမိအပါအဝင် ကိုရင် ၂-ပါးတို့ ဤရွာမကျောင်းတိုက်သို့ စတင်ရောက်ရှိလာခဲ့ပါသည်။

ထိုစဉ်က ဧရာဝတီသင်္ဘောကိုသာ အားထားသွားလာရသောအချိန်ဖြစ်၍ ဇလွန်မြို့ ဆိပ်ကမ်းမှ ဧရာဝတီသင်္ဘောဖြင့် ရန်ကုန်သို့လာပြီး ရန်ကုန်ဆိပ်ကမ်းမှဂျစ်ကားငှားကာ အင်းစိန်ရွာမကျောင်းသို့ ရောက်လာရခြင်းဖြစ်ပါသည်။ အမှတ်တရအဖြစ် ထိုစဉ်က ရန်ကုန်ဆိပ်ကမ်းသို့ သင်္ဘောအဆိုက်တွင် ဦးစွာကြားလိုက်ရသောအသံများမှာ "မြင်းလှည်းရမည်၊ ဂျစ်ကားရမည်"ဟူသော အသံပင်တည်း။ ဤအသံများ ယခုတိုင် ကြားသယောင်ယောင် ရှိပါတော့သည်။

## ၃-နှစ်တိုင်တိုင်

ရွာမကျောင်းသို့ ရောက်ပြီးနောက် စာချဆရာတော် ဦးစန္ဒိမာနှင့် ဘုန်းကြီး ဦးနန္ဒဝံသ တို့ ၂-ပါးထံတွင် ၃-နှစ်တိုင်တိုင် အခြေခံစာပေများ သင်ယူခဲ့ရပါသည်။ ၁၃၁၉-ခုနှစ် ပထမလတ်ဖြေဆိုရမည့်နှစ်၌ အကြောင်းမညီညွတ်၍ မဖြေဖြစ်ခဲ့ပါ။ ၁၃၂၀-ခုနှစ် နယုန်လတွင်မူ ရွာမကျောင်းတိုက်မှ မြင်းခြံမြို့ ကိုးဆောင်ကျောင်းသစ်ဆရာတော်ကြီးထံသို့ ပြောင်းရွှေ့ခဲ့ပါသည်။


**သေတွင်းမှထုတ်ဆယ်ခဲ့သောဆရာတော်**

မိမိမှာ ရွာမစာသင်တိုက် ရောက်စနှစ်ဝါလယ်လောက် အရောက်တွင် ငှက်ဖျားရောဂါစွဲကပ်ပါတော့သည်။ ဆရာတော်နှစ်ပါးတို့က ဆရာပင့်၍ကုသပေးတော်မူကြသည်။ ထိုခေတ်က ဆရာဝန် အလွန်ရှားပါးလှ၍ ဗိန္ဒောဆရာဖြင့် ကုသရပါသည်။ အခြေအနေကား မသက်သာလှပါ။ တစ်နေ့တွင် ဆရာတော်များက ဆေးဆရာကြီးအား" ဆရာဒီကိုရင့်ရောဂါ ပျောက်ပါဦးမည်လား"ဟုမေးကြရာ ဆရာကြီးက "ကြိုးစားကုကြည့်ရသေးတာပေါ့ဘုရား" ဟု ပြောသံကို ကြားရသောအခါတွင် မိမိမှာ အလွန်ဝမ်းနည်းပူဆွေးပြီး "ငါတော့ ဒါယိကာမကြီးနှင့် မတွေ့တော့ဘူးထင်ပါရဲ့" ဟု တွေးတောကာ ကြိတ်မှိတ်ပြီး ငိုခဲ့ရသည်။ ထိုစဉ်က ရွာမကျောင်းတွင် အဂ္ဂိရတ်ထိုးသော ဦးကေသဝဆိုသော ဘုန်းကြီးကလည်း ငှက်ဖျားပျောက်စေ တတ်သော "ပဲတက်ဆေး" ဆိုသောဆေးကို ဖော်စပ်၍ မိမိအား တိုက်ကျွေးကုသပေးပါသည်။

ဤမျှလောက်ရောဂါအခြေအနေ ဆိုးဝါးနေသော်လည်း ဆရာတော်နှစ်ပါးသည် နေရပ်ဆရာတော်နှင့် မိဖများအား အကြောင်းမကြားအသိမပေးဘဲ နည်းမျိုးစုံဖြင့် အစွမ်းကုန်ကုသပေးတော်မူရာ တဖြည်းဖြည်းသက်သာရာရလာပြီး ငှက်ဖျားရောဂါတည်းဟူသော သေတွင်းမှလွတ် ကင်းခဲ့ရလေသည်။ သို့ဖြစ်၍ "သေတွင်းမှ ထုတ်ဆယ်ပေးခဲ့သောဆရာတော်"ဟုမိမိက ဂုဏ်ပြုခေါ်ဝေါ်ရခြင်းပင်ဖြစ်ပါသည်။ ထိုစဉ်က မိမိအသက်မှာ (၁၅)နှစ်သာရှိပါသေးသည်။ စာသင်တိုက်ဖွင့်ပြီး (၁၀)နှစ်ခန့်အကြာတွင် ဆရာတော်ကြီးဦးနန္ဒဝံသ -က မိမိအား "ဒီမှာကွ မင်း ငှက်ဖျားတက်တုန်းက သောက်တဲ့ ပဲတက်ဆေး"ဟု ပြောကာ ထိုစဉ်က သောက်ခဲ့ရသော ဆေးအကြွင်းအကျန်ကို ထုတ်၍ ပြပါသည်။

ဆရာတော်ကြီးသည် မိမိအား ၃-နှစ်တိုင်တိုင် ပညာသင်ကြားပေးခဲ့ရ ငှက်ဖျားရောဂါနှင့် သေတွင်းမှ ခက်ခက်ခဲခဲ ထုတ်ယူခဲ့ရ၍လားမသိ အလွန်သံယောဇဉ်ကြီးလှပါသည်။ အားလည်းအားကိုးသည်။ "မင်း စာသင်ပြီးလျှင် ဒီမှာလာပြီး စာချရမယ်ကွ"ဟု ယခင်စာသင်သား ဘဝ(ယခင်စာသင်တိုက်မဖွင့်မီက) တွေတိုင်းပင် အမိန့်ရှိခဲ့ဘူးပါသည်။ ပခုက္ကူနေစဉ်ကလည်း သက်န်းများလှူကြုံဖြင့်ပေး၍ ထောက်ပံ့ခဲ့ဘူးပါသည်။ မိမိရဟန်းခံစဉ်ကလည်း ကမ္မဝါစာဆရာအဖြစ်ချီးမြှောက်ခဲ့ပြီး မှတ်မှတ်ရရ သက်န်းတစ်စုံ လေခေါင်းအုန်းနှင့် အခြားအသုံးအဆောင်ပစ္စည်းများ သိမ်ဆင်းလောင်းလှူခဲ့ပါသည်။ မိမိအပေါ် ဤမျှလောက် သံယောဇဉ်ကြီးပြီး အားကိုးအားထား ပြုခဲ့သော်လည်း မိမိက အားကိုးရာ အပြည့်အဝ မရောက်ခဲ့ပါ။ ဆရာ့ကျေးဇူး ဂုဏ်ညွန့်ဖူးကို အထူးသိလျှက် အဆပ်ခက်သော အခြေအနေနှင့် ကြုံတွေ့ခဲ့ရပေသည်။

စာသင်တိုက်ဖွင့်ပြီးနောက်ပိုင်း၌ကား ၂-နှစ်တိုင်တိုင်လာရောက် စာပေပို့ချပေးသော မဖြစ်စလောက်ကျေးဇူးဆပ်ခြင်းဖြင့် ကျေးဇူးဆပ်ခဲ့ရပေသည်။ သို့သော်လည်း အချိန်ပြည့် စာချပေးခဲ့ရခြင်းကြောင့် ကျေနပ်မှုရရှိခဲ့ပါသည်။ ထိုသို့စာချနေစဉ် ဟသ်ာတမြို့ ရွှေကြက်ယက်ကျောင်းသို့ လာရောက်၍ ကျောင်းထိုင်ခဲ့ရပေတော့သည်။ ဤနေရာမှစ၍ ကျေးဇူးရှင်ဆရာတော်ကြီးအား "ဤမျှလောက် ၂-နှစ်တာမျှလာရောက်၍ ကျေးဇူးဆပ်မှုကလေးဖြင့် ကျေနပ်နှစ်သိမ့်တော်မူပါဘုရား" ဟု လျှောက်ထားတောင်းပန်လိုက်ရပါသည်။



### ကျေးဇူးကြီးသောဒါယကာများ

ဤနေရာ၌ စကားစပ်သဖြင့် ရေးစရာရှိတာလေးကို မခွင်းမချန် အသိပေး ရေးပါရစေ။ မိမိ ငှက်ဖျားရောဂါမှ ပျောက်ကင်းသည့်နောက် ဓာတ်စာများကို နေ့စဉ်နေ့တိုင်း လိုသလောက် လှူဒါန်းပေးကြသော ရွာမ၊ နတ်စင်လမ်းနေ ဦးမောင်တင်+ဒေါ်လှ၊ သားသမီးများဖြစ်ကြသော ကိုအောင်တင်၊ ကိုဘိုးတော၊ မအေးကြည်၊ မသန်းကြည်၊ မသန်းထွေးတို့ မိသားစုအား အထူး ကျေးဇူးတင်ရှိပါကြောင်း ဤနေရာမှ မှတ်တမ်းတင်အပ်ပါသည်။ အထက်ပါ မိသားစုတို့တွင် ယခုအခါ၌ကား ဒေါ်သန်းကြည်(ဦးအောင်လိပ်၏ ဇနီး) တစ်ယောက်သာ အသက်ထင်ရှားရှိပါတော့သည်။

### ဝိနယာဓိကစာမေးပွဲ

မိမိရွာမကျောင်းသို့ ရောက်သည့် ၁၃၁၇-ခုနှစ်မှာပင် ဆရာတော်ဦးနန္ဒဝံသည် စာချဆရာတော်ဦးစန္ဒိမာနှင့် စာမေးပွဲတစ်ခုဖြစ်မြောက်ရေးကို နေ့စဉ်နေ့တိုင်းလိုလိုပင် ဆွေးနွေး တိုင်ပင်နေသည်ကို မိမိတို့ ခဏခဏကြားနေရပေသည်။ ထိုစဉ်က မိမိမှာ ဆရာတော်နှစ်ပါးနှင့်အတူ ယခုမဟာထေရာဝံသတိုက်ကျောင်းနေရာ၌ ရှိခဲ့သည့် ၃-ပင်ပတ်လည် ခြေတံရှည်သစ်သားကျောင်းငယ်ကလေး၌ နေထိုင်ရပါသည်။ သို့ဖြစ်၍လည်း ဆရာတော်နှစ်ပါးတို့၏ စာမေးပွဲအကြောင်း တိုင်ပင်ပြောဆိုသံများကို ကြားနေရခြင်း ဖြစ်ပေသည်။ ဤသို့ ဆရာတော်နှစ်ပါးတို့ အချင်းချင်း တိုင်ပင်ပြောဆိုနေကြပြီးနောက်၌ အင်းစိန်မြို့ပေါ်ရှိ ဆရာတော်ကြီးများ ရပ်ရွာလူကြီးများကိုပါ ပင့်ဖိတ်လျှက် စာမေးပွဲကြီးတစ်ခုဖြစ်ပေါ်လာရေးအတွက် ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြကာဖြင့် ဝိနယာဓိကစာမေးပွဲကြီး ဖြစ်မြောက်လာခဲ့ပါတော့သည်။

### ဤဆရာနှင့် ဤဒါယကာများ

ထိုသို့ စာမေးပွဲကြီးတစ်ခု ဖြစ်မြောက်ရေးအတွက် စည်းဝေးတိုင်ပင်ကြစဉ်က ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများနှင့် ဒါယကာကြီးများထဲမှ ယခုအခါ မိမိမှတ်မိသမျှ ပြန်လည်ရေတွက်ရလျှင် မင်္ဂလာတောင်ညွန့်မြို့နယ် အသီတိဆရာတော်ဦးအာစိဏ္ဏ၊ကမာရွတ် သီရိမင်္ဂလာပျော်ဘွယ်စာသင်တိုက်မှ ဆရာတော်ကြီး ဦးဥဇ္ဇောတာဘိဝံသ၊ ဒါးပိန်ဆရာတော်ဘုရားကြီး (ဥဘတောဝိဘင်္ဂရေ)၊ အင်းစိန်မြို့ ကွက်သစ်ကျောင်းဆရာတော်ကြီးများနှင့် ဒါယကာကြီးများတွင် ရွာမမှ ဦးဘိုးချစ်(ရှုံးစာရေးကြီး) ဦးဘိုးကိုင်းတို့ပင်ဖြစ်ပါသည်။ အခြားဆရာတော်ကြီးများနှင့် ဒါယကာကြီးများကိုတော့ မမှတ်မိတော့ပါ။

### ပထမအကြိမ် အာဂုံပြန်မှုသာ

ဤသို့လျှင် မဖြစ်မနေ ကြိုးစားဆောင်ရွက်ခဲ့ရာ နောက်ဆုံးတွင် "အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကစာမေးပွဲ"ဟူသော အမည်ဖြင့် ၁၃၁၇-

ခုနှစ်၊ တပို့တွဲလလောက်မှာပင် စတင်၍ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ထိုပထမအကြိမ်ကျင်းပပြုလုပ်သည့် စာမေးပွဲ၌ ရေးဖြေမပါ၊ အာဂုံပြန်သက်သက်သာဖြစ်ပါသည်။ မိမိတို့ ရွာမကျောင်းသို့ ရောက်သည့်နှစ်မှ စတင်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် ၅၂-ကြိမ်တိုင်တိုင်ပင် အောင်မြင်ခဲ့လေပြီ။ ဤသည်မှာ ဆရာတော်ကြီး၏ သာသနာရေးအတွက် ကြီးမားလှသည့် သာသနာ့မှတ်တိုင်ကြီးတစ်တိုင်ကို ပထမဆုံးစတင်၍ စိုက်ထူလိုက်ခြင်းပင်ဖြစ်ပါသည်။

### အမှတ်ရဖောင်တိန်ကလေး

ဝိနယာဓိကစာမေးပွဲကြီးကို ဒုတိယအကြိမ်မြောက်မှစတင်ကာ အာဂုံ-ရေးဖြေ နှစ်ရပ်ဖြင့်ကျင်းပနိုင်ခဲ့ပါသည်။ ၎င်းဒုတိယအကြိမ်မြောက်၌ မိမိမှာရှင်သာမဏေမူလတန်းတွင် ပထမဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသည်။ နောင်အခါ ၁၃၂၆-ခုနှစ်(၁၀)ကြိမ်မြောက်ကျင်းပသည့် စာမေးပွဲတွင် (၁၀)နှစ်အတွင်း ဝိနယာဓိကစာမေးပွဲကြီး၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် သံဃာတော်များအား ပင့်၍ အထူးဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။ ထိုစဉ်က မိမိမှာ စာချတန်းအောင်မြင်ပြီး၍ မြင်းခြံမြို့မှ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ ပြောင်းရွှေ့ကာ နိကာယ်စာဝါများ သင်ကြားနေခိုက်ဖြစ်၍ ပခုက္ကူမြို့မှ အင်းစိန်သို့ လာရောက်ခဲ့ရပါသည်။ ထိုဂုဏ်ပြုချီးမြှင့်သည့်ပွဲတွင် မိမိအား ချီးမြှင့်သည့် ပစ္စည်းများထဲမှ "အပြာရောင် ဖောင်တိန်ကလေး"တစ်လက်ကို ယခုထိ အမှတ်တရ သိမ်းဆည်းထားပါသည်။

ထိုခေတ်ကမူ ယခုလို ဘောလ်ပင်များ မပေါ်သေး၊ ဖောင်တိန်ခေတ်ဖြစ်၍ ဖောင်တိန်အမျိုးမျိုးကိုသုံးစွဲသည့်အချိန် ဖြစ်ပါသည်။ မိမိ၏ ဆရာတော်က မိမိအား ချီးမြှောက်သည့်ပစ္စည်းဖြစ်၍လည်း ဤကဲ့သို့ အမြတ်တနိုးသိမ်းဆည်းထားခဲ့ရခြင်းဖြစ်သည်။ ထိုဖောင်တိန်ကလေးကို အသုံးမပြုတော့ပေမယ့် နေ့စဉ် မြင်သာအောင် ဖန်ခွက်ထဲ၌ အမြဲထည့်ထားသဖြင့် ၎င်းဖောင်တိန်ကလေးကို မြင်တိုင်း ဆရာတော်ကြီးကို သတိရလျက် ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်ကို အာရုံယူခဲ့ရပါသည်။

### လက်ရေးဖြင့် ချီးမြှောက်ခဲ့

မိမိမှာ ငယ်စဉ်ကလက်ရေးလှလှအရေး ဝါသနာပါသဖြင့် လက်ရေးလှလေ့ကျင့်ခဲ့ရာ အတော်အတန် လှလှပပ ရေးတတ်ပါသည်။ ထိုအချက်ကို သိသဖြင့် ဆရာတော်ကြီးက အောင်ဆန်းမြို့ စဉ့်ကူတောရကျောင်းသို့ ကိစ္စဖြင့် သွားတိုင်း မိမိကို ခေါ်သွားကာ ဘောမှာ မြေဖြူဖြင့် အလှူရှင်များစာရင်းကို ရေးခိုင်းလေ့ရှိပါသည်။ ထိုစဉ်က စဉ့်ကူတောရကျောင်း၌ ဦးသူရိယဟူသော ဘုန်းကြီးကျောင်းထိုင်လည်းရှိပါသည်။ ၎င်းကား မိမိအား ငှက်ဖျားခဏခဏ တက်တတ်သဖြင့် ငှက်ကလေးဟု ချစ်စနိုး ခေါ်လေ့ရှိပြီးဖောင်တိန် မင်အိုး ဗလာစာအုပ်ခဲတံ များပေးလေ့ရှိပါသည်။ ဤကဲ့သို့ လက်ရေးဖြင့်လည်း မိမိအား ချီးမြှောက်ခဲ့ပါသည်။

### သက်န်းဖြင့်လည်း ချီးမြှောက်ခဲ့

ရွာမကျောင်းတွင် ဝါဆိုသင်္ကန်းများဝေဖန်သောအခါတွင် အကောင်းအဆိုး မရွေးဘဲ မဲချကာ ပေးဝေလေ့ရှိပါသည်။ သို့သော် မိမိအားမူ မဲမချစေဘဲ ထိုစဉ်က စာသင်သားများ အထူးနှစ်သက်သည့် ဂျပန် အနားပြာ ပေါ်ပလင်သင်္ကန်းကလေးတစ်စုံကို သီးသန့် ချီးမြှောက်ခဲ့ပါသည်။ ထိုခေတ်က ပိုးပေါ်ပလင်သင်္ကန်း ပိုးသင်္ကန်း ဘန်

ကောက်သက်န်းများမှာ စာသင်သားများ လက်လှမ်းမမှီသော သက်န်းများဖြစ်ပါသည်။ ထိုခေတ်က စာသင်သားများ အသုံးများသော သက်န်းများမှာ ဂျပန် အနားပြာ ပေါ်ပလင် ဗန္ဓုလ ရွှေလိပ်ပြာ သက်န်းများဖြစ်ကြပါသည်။ မှတ်မှတ်ရရ ထိုအချိန်က အကောင်းစား ဂျပန်အနားပြာ ပေါ်ပလင် သက်န်း (ရဟန်းဆောင်) တစ်စုံလျှင် ၃၅-ကျပ်မျှသာ ပေးရပါသည်။

**စာဝါအထူးဖြင့်လည်း ချီးမြှောက်ခဲ့**

ဆရာတော်ကြီးမှာ မိမိ ရွာမကျောင်းသို့ ရောက်စအချိန်တွင် မှတ်မှတ်ရရ ကစ္စါစာဝါကို နံနက်ပိုင်းတွင် ပို့ချနေသည်ကို တွေ့မြင်ရပေသည်။ မိမိအငယ်တန်းရောက်ချိန်၌ အခြားစာဝါများ အပြင် သဒ္ဒါ ၁၅-စောင်တွင် အပါအဝင်ဖြစ်သည့် ကစ္စယနသာရ ဝိဘတျတ္ထနှင့် ဝါစ္စဝါစကကျမ်းများကို သေချာကျနစွာ ပို့ချပေးခဲ့ပါသည်။ ထိုစဉ်က တက်ခဲ့ရသည့် သဒ္ဒါငယ်စာအုပ်ကို ယခုထိပင် မိမိသိမ်းဆည်းထားပါသေးသည်။ ပထမငယ်တန်း စာသင်သားများအဖို့ သဒ္ဒါငယ်ကျမ်းစာမှာ သင်ယူဖို့မဆိုထားနှင့် ကြားပင်မကြားဖူးသည့် ကျမ်းပင် ဖြစ်သော်လည်း မိမိတို့ကိုမူ သင်ကြားပေးတော်မူခဲ့ပါသည်။

ထို့အတူပင် စာချဆရာတော် ဦးစန္ဒိမာထံ၌ သင်ယူခဲ့ရသည့် ကစ္စါ ဋီကာကျော် ရူပသိဒ္ဓိ ကစ္စါ ဋီကာသစ်ကျမ်းစာအုပ်များကိုလည်း ယခုအထိ သိမ်းဆည်းထားကာ စာအုပ်များကို မြင်တိုင်း ဆရာတော်များကို အထူးသတိရတမ်းတလျက် ရှိပါသည်။ ဤသို့ဖြင့် ဆရာတော်ဘုရားကြီးသည် အခြားစာသင်သားများမသင်ယူရသော အရေးကြီးသည့် ကျမ်းစာများကို သင်ကြားပို့ချပေးကာ စာဝါအထူးဖြင့် ချီးမြှောက်ခဲ့ပါသည်။

**စိတ်ထားနူးညံ့**

မိမိ ရွာမကျောင်းတွင်နေခဲ့စဉ်က ရွာမကျောင်းမှာ အကြီးအကဲဆရာတော်သုံးပါးရှိပါသည်။ ၎င်းတို့မှာ ဆရာတော် ဦးကေတု၊ ဆရာတော် ဦးကေသဝနှင့် ဆရာတော်ဦးနန္ဒဝံသတို့ ဖြစ်ကြပါသည်။ ၎င်းတို့တွင် ဆရာတော် ဦးနန္ဒဝံသမှာ အငယ်ဆုံး စိတ်ထားလည်းအနူးညံ့ဆုံးဖြစ်၍ အထက်ကဆရာတော်နှစ်ပါးကိုကြောက်ရပါသည်။ ထိုသုံးပါးတို့တွင် အကြီးဆုံး ဆရာတော်ဦးကေတုနှင့် တစ်ခါမျှ ထိပ်တိုက် ရင်ဆိုင်မတိုးရပေမယ့် ဦးကေသဝနှင့် ခဏခဏ ရင်ဆိုင်တိုးခဲ့ရပါသည်။ ဦးကေတုကား အေးဆေးစွာ နေတတ်သည်။ ဦးကေသဝကား တောထွက်၊ စိတ်မြန်လက်မြန်ဖြစ်၍ အားလုံးကလည်း ရွံ့ကြပါသည်။

တစ်ရံတစ်ခါတွင် ဆရာတော်ဦးနန္ဒဝံသ က မိမိနေရာကျောင်းကလေးမှ စာဝါတုန်းကလေးခေါက်လိုက်သောအခါ သံဃာများ စာအုပ်ကိုယ်စီကိုင်လျှက် စာတက်သွားရန် ပြင်ဆင်ခိုက်တွင် ဘုန်းကြီးဦးကေသဝက ကိုရင်တွေ လာကြ၊အလုပ်လုပ်ရမယ်ဟု ပြောတတ်ပါသည်။ ဤအခါမျိုး၌ သံဃာများ ဘာလုပ်ရမှန်းမသိဖြစ်နေတတ်ပါသည်။ သို့သော်လည်း အကြောင်းသိပြီးဖြစ်၍ စာအုပ်များကို ချထားကာ ဦးကေသဝခိုင်းတာကိုသာ ပြုလုပ်ကြရပါသည်။ ဘုန်းကြီးဦးနန္ဒဝံသ ကတော့ စိတ်ထားနူးညံ့သူပီပီ သည်းခံရပါသည်။ ဘုန်းကြီးဦးကေသဝနှင့် ဘုန်းကြီးဦးနန္ဒဝံသတို့ကား အင်းစိန်တစ်ဘက်ကမ်း ရခိုင်ရိုးကြီးရွာသားများဖြစ်ကြပါသည်။

**လင်းတမျှသာ**

မိမိသည် ဆရာတော်ကြီးနှင့် ကိုရင်ဘဝက သုံးနှစ်တိုင်တိုင် တစ်ကျောင်းတည်းနေထိုင်ခဲ့ရစဉ်

အတွင်း စာတက်ရာ၌ဖြစ်စေ အခြားအလုပ်တစ်ခု ကြောင့်ဖြစ်စေ ဆရာတော်ကြီး စိတ်အခိုက်မသင့်၍ ဝေါက်ငန်းပြောဆိုရာဝယ် "တယ် ဒီကိုရင် ငွင်းတတွေ "ဟုသာ ပြောလေ့ပြောထရှိပါသည်။ ဒီထက်ပို၍ ကြမ်းတမ်းစွာမပြောပေ၊ ဆရာတော်ကြီး၏ အကြမ်းတမ်းဆုံးဖရုသာဝါစာကား "ငွင်းတ" ဟူသော အသုံးအနှုန်းမျှသာတည်း။

ဤကဲ့သို့ စိတ်ထားနူးညံ့၍ပေလောမသိ "စိတ်ပျိုကိုယ်နု"ဟူသော စကားအတိုင်းပင် ဆရာတော်ကြီးယခု သက်တော်(၈၈)နှစ်အရွယ်သို့ ရောက်နေသည်တိုင်အောင်ပင် အသက်ကြီးသလောက် အရွယ်တော်မကျခဲ့ပေ။ အထူးသဖြင့် မျက်နှာတော်မှာ အမြဲတမ်းပင် ကြည်လင်လျှက်ရှိပါသည်။

### ကော်ဖီနှင့် ဆေးပြင်းလိပ်

မိမိသည် ဆရာတော်နှစ်ပါးနှင့် တစ်ကျောင်းတည်းအတူတကွ နေခဲ့ရသဖြင့် ဆရာတော်နှစ်ပါးတို့၏ အကြိုက်နှင့်စရိုက်ကို သိသင့်သလောက် သိခဲ့ရပါသည်။ ဆရာတော်နှစ်ပါးကား ပခုက္ကူ ညောင်တုန်း၊ မန္တလေးမြို့များတွင် အတူတကွ ပညာသင်ခဲ့ကြရသဖြင့် ညီအရင်းအစ်ကိုတစ်မျှ ခင်မင်ကြပါသည်။ ဆရာတော်ဦးနန္ဒဝံသ-ကား ဆရာတော်ဦးစန္ဒိမာထက် တစ်ဝါခန့်ကြီးပါသည်။ သို့သော်လည်း ဦးစန္ဒိမာဟုပင် ရှိသေစွာခေါ်ခဲ့ပါသည်။ တစ်ခါတစ်ရံတွင်မူ "မောင်စံ"ဟုလည်း ချစ်စနိုးခေါ်တတ်ပါသည်။

ဆရာတော်ဦးနန္ဒဝံသက ကော်ဖီကြိုက်တတ်၍ ဆရာတော်ဦးစန္ဒိမာက ဆေးပြင်းလိပ်ကြိုက်တတ်ပါသည်။ နံနက်စောစော အိပ်ယာထတွင် ဆရာတော်ဦးနန္ဒဝံသက ကော်ဖီဖျော်ရင်း"မောင်စံလာ ကော်ဖီသောက်ရအောင်"ဟု ခေါ်သောအခါ ဆရာတော်ဦးစန္ဒိမာက အိပ်ယာထဲတွင် ဆေးပြင်းလိပ်ကို ခဲရင်း "ကိုယ်တော့် ကော်ဖီက ဆေးပြင်းလိပ်လောက်မကောင်းဘူး"ဟု ပြန်၍ ပြောတတ်ပါသည်။ ထိုအခါတွင် ဆရာတော်ဦးနန္ဒဝံသ -က "အေး--ဟုတ်တယ် ကော်ဖီကြိုက်တဲ့လူက ကော်ဖီသောက်ရတယ် ဆေးပြင်းလိပ်ကြိုက်တဲ့လူကဆေးပြင်းလိပ်သောက်ရတယ်"ဟု ပြန်၍ပြောတတ်ပါသည်။

မှန်လည်းမှန်ပါသည်။ ဆရာတော်ဦးနန္ဒဝံသ ကော်ဖီကြိုက်တတ်မှန်းသိသဖြင့် သကြား၊ နို့ဆီဗူး၊ ကော်ဖီမှုန့်နှင့်မုန့်များ ပြတ်တယ်ဟူ၍မရှိသလို ဆရာတော်ဦးစန္ဒိမာကလည်း ဆေးပြင်းလိပ်ကြိုက်တတ် မှန်းသိ၍ ဆေးပြင်းလိပ်တစ်ထုတ်မကုန်ခင် နောက်တစ်ထုတ်ရောက်လာတတ်သည်ကို တွေ့ရသဖြင့် "ကော်ဖီကြိုက်တဲ့လူက ကော်ဖီသောက်ရတယ် ဆေးပြင်းလိပ်ကြိုက်တဲ့လူက ဆေးပြင်းလိပ်သောက်ရတယ်" ဟူသော ဆရာတော်ဦးနန္ဒဝံသ၏ စကားများမှာ တကယ်မှန်ကန်၍ မှတ်သားစရာကောင်းသော စကားဖြစ်သည်ဟု မိမိယူဆပါသည်။ ထိုစဉ်က ဆရာတော်ဦးနန္ဒဝံသ မရှိခိုက် သကြား၊နို့ဆီ၊ ကော်ဖီမှုန့်များကို ခိုးယူပြီးသောက်ခဲ့သည့်မိမိ၏အပြစ်ကို ဤနေရာမှနေ၍ ဤဆောင်းပါးဖြင့် ကန်တော့တောင်းပန်ပါသည် ဆရာတော်ကြီးဘုရား။

### ဒုတိယအကြိမ် သာသနာ့မှတ်တိုင်ကြီးစိုက်ထူခြင်း

ဆရာတော်ကြီးသည် စာပေပို့ချခြင်း၊ ဝိနယာဓိကစာမေးပွဲကြီးကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဟူသော သာသနာ့မှတ်တိုင်ကြီးကို စိုက်ထူသော်လည်း မိမိနေထိုင်သီတင်းသုံးရာ ရွာမကျောင်းအတွက် မိမိ၏ရည်မှန်းချက်ကား မပြည့်စုံသေးပေ။မိမိရည်မှန်းချက်ပြည့်စုံနိုင်ရေး

ကိုသာ တွေးတောကြံစည်လျက် အခြေအနေနှင့် အချိန်အခါကိုသာ စောင့်ဆိုင်းလျက်ရှိပါသည်။

မိမိ၏ဆရာသမားအဆက်ဆက် သီတင်းသုံး သွားရာ ရွာမကျောင်း မိမိကိုယ်တိုင်သီတင်းသုံးဆဲ ဖြစ်သော ရွာမကျောင်း ဤရွာမကျောင်းကြီးကို သာသနာတော်ကြီးတစ်ရပ်လုံး မှတ်တိုင်ကြီးအဖြစ် စိုက်ထူလိုသည်၊ မိမိမရှိသည့်နောက်လည်း ဆက် လက်၍ သာသနာ့မှတ်တိုင်ကြီးခိုင်ခိုင်မြဲမြဲတည်ရှိ သွားစေလိုသည်။ ဤမှတ်တိုင်ကြီးစိုက်ထူးပြီးမှ မိမိ ရည်မှန်းချက် အောင်မြင်ပေမည်။ "နေပန်းလည်း လှ၊ သေပန်းလည်း လှပေမည်"။ ထို့ကြောင့် "နေသေးသပ ချုံထည်းက၊ ချိုသွေးခဏ တမြမြ" ဟူသော စကားအတိုင်း အခြေအနေနှင့် အချိန် အခါကိုင့်လင့်ရင်း ချုံထည်းကနေ ချိုသွေးလျက် စောင့်နေရတော့သည်။

### အခြေအနေက စပြီမို့

"ဆန္ဒဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ• အလို ဆန္ဒပြင်းပြလျှင် မပြီးစီးမအောင်မြင်သည့် အမှုမည်သည် မရှိ" ဟူသော ဒေသနာတော် အတိုင်းပင် ဆရာတော်ဦးနန္ဒဝံသမှာ မိမိ၏ ရည်မှန်းချက် အောင်မြင်ဖို့ရန် အခြေအနေကား စပေပြီ၊ ထိုအခြေအနေကို လက်မလွှတ်တန်း အသုံးချဖို့ရန်သာ ကျန်တော့သည်။ အခြေအနေ ကား ဤသို့တည်း။

မိမိသည် ၁၃၂၇-ခုနှစ်တွင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်ကြီးမှ နေရပ်သို့ ပြန်၍ ၁၃၂၈-ခုနှစ် ဝါကို နေရပ်မှာဆိုခဲ့ပါသည်။ ထိုနှစ် တန်ဆောင်မုန်းလ စပါးများကို ရိပ်သိမ်းချိန် စပါးများဝင်းမှည့်နေသည့်အချိန်တွင် မမျှော်လင့်သော ဘေးဆိုးကြီးကျရောက်လာပါတော့သည်။ ထောင် နှင့် သောင်းနှင့်ချီနေသော ကျိုင်းကောင်အုပ်ကြီး

သည် ဝင်းမှည့်၍နေသော စပါးများကို ဝင်ရောက် စားသောက်တော့သည်။ စားသောက်သည့်အချိန် မှာ ညမိုးချုပ်အချိန်မှစ၍ တစ်ညလုံး စားသောက် ကြပြီး နံနက်မလင်းမီ ပြန်သွားကြလေသည်။ ည အချိန်ကွင်းလယ်ထဲသို့ သွား၍ နားထောင်လျှင် ဖျောက် ဖျောက် ဟူသောအသံများ တစ်ကွင်းလုံး ကြားနေရပါသည်။ မိမိတို့နယ်သာမဟုတ် တစ်နိုင်ငံလုံးလိုလို ဤဘေးဆိုးကြီး ကျရောက်ပါ သည်။ ညနေအချိန် စပါးအသီးလေး ဒဏ်ကြောင့် မြေကြီးပေါ် တုံးလုံးလဲနေသော စပါးပင်များ နံနက် လင်းသည့်အခါ အသီးအနှံများ မရှိကြတော့ သဖြင့် ပြန်၍ထောင်နေတော့သည်၊ ရိပ်သိမ်းစရာ စပါး မကျန်သလောက်ပင် ဖြစ်တော့သည်။

ဤကျိုင်းကောင်အုပ်ကြီးနှိပ်စက်ဖျက်ဆီး မှုကြောင့် ထို၁၃၂၈-ခုနှစ်တွင် လယ်သမားများ အကြီး အကျယ် စပါးများဆုံးရှုံးရတော့သည်။ အချို့ဝမ်းစာပင်မရကြတော့ဟု သိရပါသည်။ ထို့ကြောင့် ၁၃၂၉-ခုနှစ်၌ မြန်မာနိုင်ငံ တစ်ခုလုံး ဆန်ဈေးတွေကြီးတော့သည်။ ဤလိုအချိန်မျိုးတွင် မိမိသည် မိမိပညာဆည်းပူးခဲ့ရာ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ်ရှိဆရာတော် သံဃာတော်များကို သတိရတော့သည်။ ထို့ကြောင့် ဇလွန်ဟင်္သာတရှိ မိမိဒါယကာများထံမှ ဆန်များ အလှူခံရာ စုစုပေါင်း အတင်း(၆၀)ခန့် ရလေသည်။ ဤဆန်များကို သင်္ဘောဖြင့်တင်ဆောင်ကာ ကိုယ်တိုင် သွားရောက် လှူဒါန်းရင်း မိမိလည်း ထိုနှစ် ဝါကို ကိုးဆောင်တိုက်မှာပင် ဝါဆို လေတော့သည်။ တပို့တွဲ၊ တပေါင်းလလောက် ရောက်သောအခါတွင် ကိုးဆောင်တိုက် ပါဠိမဥ္ဇူ ကျောင်းတွင် မိမိနှင့် အတူနေသူ ဦးဝိဇယ (ကံဆင့်) ကလည်း သူ့အနေနှင့် စာချတန်းဆက်မလုပ် တော့ဘဲ ဝိနည်းပြန်ရန် စာကျက်ရင်း ဟင်္သာတသို့

လိုက်လိုကြောင်း ပြောသဖြင့် ဦးဝိဇယနှင့်အတူ ဟသ်ာတသို့ ပြန်လာခဲ့သည်။ ဦးဝိဇယလည်း မိမိနှင့်အတူနေရင်း ဝိနည်းပါဠိတော်များကို ကျက်မှတ်လျက်နေတော့သည်။ (ဤဦးဝိဇယကား နောင်အခါတွင် ရွာမစာသင်တိုက်ကြီးအဖြစ် တည်ထောင်ရာ၌ အဓိကအခန်း ကဏ္ဍမှ ပါဝင်သော ပုဂ္ဂိုလ်ပင်တည်း။)

ဦးဝိဇယမှာ ဤသို့ဝိနည်းပါဠိတော်များကျက်မှတ်နေရာမှ နှစ်နှစ်ခန့်အကြာ ဝါဆိုဦးလောက်တွင် လိပ်ခေါင်းရောဂါ စွဲကပ်လာလေရာစာကျက်မှုကို ခေတ္တရပ်ဆိုင်းစေလျက် သင့်လျော်သည့် ဆေးဝါးများမှီဝဲရင်း အနားယူပြီး တန်ဆောင်မုန်းလတွင် "လိပ်ခေါင်းရောဂါ ကုသရန်အတွက် ရန်ကုန်သို့ သွားလိုကြောင်း " ပြောသဖြင့် ရွာမဆရာတော် ဦးနန္ဒဝံသထံသို့ မိမိကအကျိုး အကြောင်း စာရေးကာ ရွာမကျောင်းသို့ လွှတ်လိုက်ပါသည်။ ဆရာတော်ဦးနန္ဒဝံသကလည်းကောင်းမွန်စွာစောင့်ရှောက်လျက် လိုအပ်သည့်အကူအညီများပေးကာ ဆေးကုသစေပါသည်။

## ဦးဝိဇယအကြံဖြစ်

ဦးဝိဇယသည် လိပ်ခေါင်းရောဂါကုသမှုခံယူရင်း ကျောင်းဝိုင်းကျယ်ပြန့်မှု ဂေါစရဂါမ်ကောင်းမွန်မှု စသည်များကို အကဲခတ်ကြည့်ရှုလေ့လာရင်း "ဤနေရာမှာ စာသင်တိုက်တစ်ခု ရှိသင့်သည်"ဟု အတွေးပေါက်လာပါတော့သည်။ သို့သော်စာသင်တိုက်ဖြစ်လျှင် စာပေပို့ချပေးမည့် ပုဂ္ဂိုလ်များ မရှိမဖြစ်မို့ စာပေပို့ချမည့်ပုဂ္ဂိုလ်များကို တဖန် ကြည့်ရှုပြန်သောအခါတွင် မိမိနှင့် ဦးတိလောက၊ ဦးအင်္ကုရတို့ကို သတိရလာလေတော့သည်။ ထို အချိန်တွင် ဦးတိလောကမှာ အောင်ဆန်းတောရကျောင်း၌ ဝိနည်းပြန်ရန် စာကျက်လျက်ရှိပြီး ဦးအင်္ကုရမှာ ဘုရားကြီးတိုက်တွင် စာချတန်းဆိုင်ရာ ကျမ်းများကို သင်ယူလျက် ရှိပါသည်။

ဦးအင်္ကုရနှင့် မိမိမှာ ဆရာတူ တပည့်ဖြစ်ပြီး ဦးတိလောကမှာကား ဦးအင်္ကုရနှင့် ရွာနီးချင်းလည်းဖြစ် သားချင်းလည်းမကင်းကြ အားလုံး မြင်းခြံတွင် စာသင်ဘက်များဖြစ်ကြသည်။

ဦးဝိဇယသည် အထက်ပါ စာသင်တိုက် ဖြစ်မြောက်မှုကိစ္စအတွက် မိမိတစ်ဦးတည်း နေ့စဉ်တွေးတောကာနေရာမှ တစ်နေ့တွင် ဆရာတော်ဦးနန္ဒဝံသအား ထိုအကြောင်းကို ဖွင့်ဟလျှောက်ထားလေတော့သည်။ ဖြစ်မြောက်အောင် ဆောင်ရွက်ဖို့ပါ ထပ်လောင်း၍ လျှောက်ထားလေသည်။ ဆရာတော်ဦးနန္ဒဝံသမှာ ပင်ကိုယ်ကလည်း မိမိ၏ကျောင်းတိုက်ကြီး စာသင်တိုက်ဖြစ်စေချင်ပါသော်လည်း အရာရာအကြောင်းကြောင်းကို တွေးတောကာ မည်သူ့ကိုမျှ ထိုအကြောင်းကို ထုတ်ဖော်မပြောခဲ့၊ မည်သူကမျှလည်း စာသင်တိုက်တည်ထောင်ဖို့ မလျှောက်ထားခဲ့၊ ယခုမူ မိမိဖြစ်စေလိုသော ကိစ္စအတွက် အစဖော်ပေးမည့်ပုဂ္ဂိုလ်ရပြီဖြစ်၍"အချိုရှာ သကာတွေ့" ဆိုသလို ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထိုကိစ္စအတွက် ဦးဝိဇယနှင့် တိုင်ပင်ဆွေးနွေးကြလေသည်။ ဦးဝိဇယကလည်း ဝမ်းသာအားရဖြင့် အောင်ဆန်းတောရတွင်ရှိသည့် ဦးတိလောကထံသို့လည်းကောင်း ဘုရားကြီးတိုက် ဦးအင်္ကုရထံသို့လည်းကောင်း ဟသ်ာတ မိမိထံသို့လည်းကောင်း လာ၍ ထိုကိစ္စကို တိုင်ပင်ဆွေးနွေးပါသည်။ အားလုံးက သဘောတူကြသဖြင့် ဆရာတော် ဦးနန္ဒဝံသသည် ရပ်ကွက်အသီးသီးမှ ဒါယကာ ဒါယိကာမများအား ဖိတ်ကြားကာ စာသင်တိုက်တည်ထောင်ဖို့ကိစ္စ တိုင်ပင်ဆွေးနွေးပါသည်။ ဒါယကာ ဒါယိကာမများကလည်း ဝမ်း

မြောက်ဝမ်းသာစွာဖြင့် လက်ခံသဘောတူကြပါသည်။ ပဓာနနာယကဆရာတော် ဦးကေတုကိုမူ ခပ်စောစောကပင် ကြိုတင်၍လျှောက်ထားပြီး ဆရာတော်ဦးကေတုကလည်း ထိုကိစ္စအတွက် ဆရာတော်ဦးနန္ဒဝံသကြိုက်သလို ဆောင်ရွက်နိုင်ရန် ခွင့်ပေးတော်မူပါသည်။

ဆရာတော်ဦးနန္ဒဝံသသည် စာသင်တိုက်ဖြစ်မြောက်အောင်ဆောင်ရွက်ရမည့်ကိစ္စမှာ သာသနာတော်တစ်ခုလုံးနှင့်ဆိုင်သဖြင့် မိမိတစ်ဦးတည်း ဦးဆောင်ပြုလုပ်မှုထက် သာသနာတော်တွင် ထင်ရှားသည့် ဆရာတော်ကြီးတစ်ပါးပါး ဦးဆောင်တင်၍ပြုလုပ်ရမှု သာ၍အကျိုးများမည်ကို တွေးတောကာ ဦးဝိဇယနှင့်ပါ တိုင်ပင်လျှက် မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူကျောင်းသစ် ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘိတထံသို့ ကြွသွားပြီး ထိုကိစ္စကို လျှောက်ထားလျှက် ဆရာတော်ကြီးပင်ဦးဆောင်၍ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးဖို့ လျှောက်ထားလေသည်။ (ထိုအချိန်တွင် မြင်းခြံဆရာတော်ကြီးမှာ ရန်ကုန်မြို့ သရက်တောတိုက် သစ်တော်ကျောင်း၌ သီတင်းသုံးနေခိုက်ပင် ဖြစ်ပါသည်။)


မြင်းခြံဆရာတော်ကြီးသည်လည်း ဆရာတော် ဦးနန္ဒဝံသလျှောက်ထားသည့်ကိစ္စကို အလေးအနက်ထား စဉ်းစားကာ သိသင့်သိထိုက်သည့် ကိစ္စများကို မေးမြန်းတော်မူလျှက် ဝမ်းမြောက် ဝမ်းသာစွာဖြင့် သဘောတူ ခွင့်ပြုတော်မူပါသည်။ ဆရာတော်ဦးနန္ဒဝံသသည်လည်း မြင်းခြံဆရာတော်ကြီး၏ ခွင့်ပြုလက်ခံမှုကို ရသဖြင့် အထူးဝမ်းမြောက်ဝမ်းသာစွာဖြင့် နေကောင်း ရက်သာ ရက်ရာဇာများကို ရွေးချယ်လျှောက်ထားကာ ရွာမ ကျောင်းသို့ ပြန်လည်ကြွတော်မူခဲ့ပါသည်။

### အချိန်အခါကျပြီမို့

၁၃၃၂-ခု၊ နယုန်လဆန်း ၁၀-ရက်၊ ဤနေ့ကား ဆရာတော်ကြီးတစ်သက်တာတွင် မည်သည့်ကြောင်းကြောင်းမျှ မေ့ပျောက်၍မရကောင်းသော မင်္ဂလာနေ့ထူးနေ့မြတ်ကြီးပင်တည်း။ အလယ်ကျောင်းကြီးပေါ်၌ ကျင်းပပြုလုပ်သည့် စာသင်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ မြင်းခြံမြို့ ကိုးဆောင်တိုက် ပခုက္ကူ ကျောင်းသစ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘိတ ဆရာတော်ဘုရားကြီးအမှူးရှိသော အင်းစိန် ရန်ကုန်မြို့ပေါ်ရှိ ထင်ရှားသည့် ဆရာတော်ကြီးများ၊ ရပ်ကွက်အသီးသီးရှိ ဒါယကာ ဒါယိကာမများ၊ နိုင်ငံတော်အစိုးရ သာသနာရေးဌာနမှ အရေးပါသည့် ပုဂ္ဂိုလ်ကြီးများဖြင့် စည်ကားလျှက်ရှိပေသည်။ ထိုအခမ်းအနားတွင် မြင်းခြံဆရာတော်ကြီးက အထူးမှတ်သားသင့် မှတ်သားထိုက်သည့် အဆုံးအမ ဩဝါဒစကားများ သာရဏီယကထာများကိုမိန့်ကြားတော်မူပါသည်။

### ရွာမက ရွာထီးဖြစ်အောင်လုပ်

ထိုအခမ်းအနားတွင် နိုင်ငံတော်အစိုးရ သာသနာရေးဌာနမှ သာသနာရေးအထူးအကြံပေး အရာရှိသခင်ကျော်ညွန့်က စာသင်တိုက်အကြောင်းနှင့်ပတ်သက် သိသင့်သိထိုက်သော ကိစ္စရပ်များကို



ပြောကြားပြီး နောက်ဆုံးနိဂုံးချုပ်အနေဖြင့် "ဤရွာမကျောင်းကြီးကို ရွာထီးဖြစ်အောင်ကြိုးစား ကြပါ" ဟု ပြောကြားသွားပါသည်။

စာသင်တိုက် စတင်ဖွင့်လှစ်စဉ်က စာသင်သား သံဃာ၁၇-ပါး စာချဂဏဝါစက ၃-ပါး (ဦးတိလောက၊ ဦးအကုံရဦးဝိဇယ)တို့ဖြင့် စတင်ခဲ့သောရွာမပရိယတ္တိစာသင်တိုက်ကြီးမှာ ယခုအချိန်တွင် စာသင်သား သံဃာ ၇၀၀-ကျော် စာချဂဏဝါစက၂၂-ပါး တို့ဖြင့် မြန်မာနိုင်ငံတွင် နံပါတ်တစ် အဆင့်မီစာ သင်တိုက်ကြီးအဖြစ် မားမားမတ်မတ်ရပ်တည်လျက် သာသနာရေးအထူးအကြံပေးအရာရှိ သခင်ကျော်ညွှန့်ပြောသည့်အတိုင်းပင် ရွာမက ရွာထီးဖြစ်နေပေပြီ၊ စာသင်တိုက်ဖွင့်လှစ်စဉ်က သံဃာနေစရာ အဆောက်အဦးဟူ၍ မှတ်မှတ်ရရ ရေတွက်သော် သိမ်ကျောင်း၊ ဆရာတော်ဦးကေတုကျောင်း (ကေတုဝံသ)တိုက်ကျောင်း၊ သာသနာဝံသတိုက်ကျောင်း၊ သဒ္ဓမ္မဝံသတိုက်ကျောင်း၊ ယခု မဟာထေရဝံသတိုက်ကျောင်းနေရာတွင် ယခင် မိမိသာမဏေဘဝက နေခဲ့သည့် သုံးပင်ပတ်လည်ခြေတံရှည် သစ်သားကျောင်းကလေး၊ အလယ်ကျောင်းကြီးနှင့် ၄င်းကျောင်းကြီးအဆင်းအနီးတွင် ဆွမ်းစားကျောင်း ဤမျှသာရှိခဲ့ရာ ယခုအခါတွင်မူ ၇-ဧကခန့်ရှိ ကျောင်းဝိုင်းကြီးအတွင်း ဆောက်စရာမြေလွတ် မရှိအောင်ပင် ကျောင်းများဖြင့် ပြည့်လျှက်ရှိပေပြီ။ ကျောင်းအဝင်ဝတွင်ခန့်ညားထည်ဝါလှသည့် မုခ်ဝကြီးနှင့် ပြည်သူလူထု၏ ဝတ္ထုဒါနတို့ဖြင့် မတည်ကာ နိုင်ငံတော်အစိုးရ၏ကူညီမှုဖြင့် ကျက်သရေရှိလှစွာသော သုံးထပ်တိုက်ကြီး နှစ်လုံးတို့က စာသင်သားသံဃာတော်များအား ဆည်းကြိုလျှက် ကြည်ညိုဖွယ်ရာသပ္ပါယ်လှစွာသော ရွှေသာလျောင်း ရုပ်ပွားတော်ကြီးကလည်း ဖူးမြင်ရသူတို့၏ မောပန်းမှုကို ပြေပျောက်စေပြီး နှစ်ကိုယ်ရှစ်ဆူရုပ်ပွာတော်များကို ဖူးလိုက်ပြန်တော့လည်း ဟဒယကြည်နူးအထူးပင် စိတ်အေးချမ်းမှုကို ရနိုင်လောက်ပါပေသည်။

## အဘိဓမ္မာသံ ဘဝင်ည့်

ပရိယတ္တိစာသင်တိုက်များမှာ နွေရာသီစာဖြေပြီးပါက နှစ်လခန့်ကျောင်းပိတ်သောထုံးစံရှိကြသည်။ ထိုသို့သောအခါမျိုးတွင် ထိုပရိယတ္တိစာသင်တိုက်များ၌ စာသံ ပေသံ ကင်းဆိတ်လျက်ရှိလေသည်။ သို့သော် ရွာမပရိယတ္တိစာသင်တိုက်ကြီးမှာမူကား တိုက်အုပ်ဆရာတော်ဦးတိလောကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်)၏ ၄၅-ရက်ကြာယမိုက်+ပဋ္ဌာန်းသင်တန်းသားပေါင်း တစ်ထောင်ကျော်တို့၏ ယမိုက်သံ ပဋ္ဌာန်းသံတို့ကား ထိုသို့သောအခါမျိုးတွင် အထက်မိုးယံဘဝင်ည်မျှ နှစ်စဉ်နှစ်တိုင်း ဆူညံလျှက်ရှိတော့သည်။ မြန်မာနိုင်ငံတွင် ဤသို့သောအချိန်တွင် ဤမျှလောက်သော သင်တန်းသားတို့၏ ဤမျှ လောက်ကျယ်လောင်စွာ ရွတ်ဆိုကြသည့် ယမိုက်သံ ပဋ္ဌာန်းသံတို့ကိုကား ဤတစ်နေရာတည်းမှာသာ ကြားနိုင်မည် ဖြစ်ပေသည်။

## နိုင်ငံတော်က ပူဇော်ခြင်း

ဤသို့ပရိယတ္တိစာပေကျမ်းဂန်တို့ကို အချိန်ပြည့်ပို့ချ သင်ကြားပေးမှုကြောင့်ပင် နိုင်ငံတော်အစိုးရက ကျောင်းတိုက်ကြီးအတွင်း၌ ထရန်စဖော်မာ ထိုင်ကာ၂၄-နာရီပတ်လုံး မီးလင်းစေလျှက် သာသနာတော်ကိုအားပေးကူညီကာ ဆရာတော်ဘုရားကြီးအား(အဂ္ဂမဟာပဏ္ဍိတ)ဘွဲ့တော်ဖြင့်လည်း ပူဇော်ပြီးခဲ့လေပြီ၊ ယခုတစ်ဖန် ၂၀၀၇-ခု၊ လွတ်လပ်ရေးနေ့ကလည်း( အဘိဓဇအဂ္ဂမဟာ

သဒ္ဓမ္မဇောတိက)ဟူသော အဆင့်မြင့်ဆုံး သာသနာပြု ဘွဲ့တံဆိပ်တော်ဖြင့် ထပ်မံ၍ပူဇော်ခဲ့ပြန်လေသည်။

"ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ" ချစ်သားတို့ တရားကို စောင့်သောသူကို တရားတော်က တကယ့်ကို ပြန်၍စောင့်ရှောက်၏ဟူသော ဗုဒ္ဓရှင်တော်၏ ဒေသနာအတိုင်းဆိုရပါမူ ဝိနယာဓိကစာမေးပွဲကြီးဖြစ်မြောက်အောင်မြင်အောင် ဆောင်ရွက်မှုပရိယတ္တိစာသင်တိုက်ကြီးဖြစ်မြောက်အောင် ပြုလုပ်အားထုတ်လျက် သာသနာတော်အဓွန့်ရှည်စွာ တည်တံ့အောင် အားထုတ်မှုဟူသော သာသနာ့ မှတ်တိုင်ကြီးနှစ်တိုင်ကို အောင်မြင်စွာ စိုက်ထူလိုက်ခြင်းကြောင့် ၎င်းမှတ်တိုင်ကြီးနှစ်တိုင်ကပင် ဆရာတော်ကြီးအား ထိုက်တန်သည့်ဆုလာဘ်များဖြင့် ပြန်လည်၍ ပူဇော်လိုက်ခြင်းပင်ဖြစ်ပေသည်။


ဆရာတော်ကြီးသည် မိမိဆန္ဒပြင်းပြခဲ့သော သာသနာ့မှတ်တိုင်ကြီးနှစ်တိုင်ကိုလည်း စိုက်ထူပြီးခဲ့လေပြီ၊ ထိုသာသနာ့မှတ်တိုင်ကြီးနှစ်တိုင် ခိုင်ခိုင်မြဲမြဲဖြင့် တင့်တင့်တယ်တယ်ကြီး တည်တံ့နေသည်ကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေရပေပြီ။ ထို့ကြောင့် သာသနာ့မှတ်တိုင်ကြီးများကို ကြည့်ကာ ဝမ်းသာရွှင်ပြုံး ပီတိဖုံးကာဖြင့် နှလုံးစိတ်ဝမ်း လွှန်ငြိမ်းချမ်းရပေပြီ။

ရွာမပရိယတ္တိစာသင်တိုက်ကြီးဖြစ်ပေါ်လာအောင် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်ခဲ့သည့် ဦးဝိဇယသည် ၅-နှစ်တိုင်တိုင် ဂဏဝါစကစာချ သာသနာ့တာဝန်ကို ထမ်းဆောင်နေရာမှ ဦးဝိဇယဟူသော မူလအမည်ကို စွန့်လျက် ဦးဝင်းသိန်းဟူသော အမည်နာမဝိသေသကို ပြောင်းလဲခံယူကာ လူမှုတာဝန်များကိုထမ်းဆောင်ရင်း တစ်ဖက်မှလည်း ဝိနယာဓိကစာမေးပွဲကြီး၏ အတွင်းရေးမှူးဟူသော သာသနာ့တာဝန်ကိုပါ ပူးတွဲထမ်းဆောင်လျက်ရှိပါသည်။

ဦးအကျိုးရသည်လည်း (၁၇)နှစ်တိုင်တိုင် ဂဏဝါစကစာချတာဝန်နှင့် ဆွမ်းစားကျောင်းတာဝန်ကို ပူးတွဲဆောင်ရွက်ခဲ့ပြီး အောင်ဆန်းမြို့ ခတ်ငွေ့စက်ရုံအနီး သဘာဝခတ်ငွေ့စက်ကျောင်း၌ ကျောင်းထိုင်လျက် စွမ်းနိုင်သလောက် သာသနာပြု လျက်ရှိပေပြီ။ မိမိကား ရွာမစာသင်တိုက်ဖွင့်ပြီး (၇) နှစ်အကြာ ၁၃၃၉-၁၃၄၀-ခုများ၌ ၂-နှစ်တိုင်တိုင် ရွာမပရိယတ္တိစာသင်တိုက်၌ ဂဏဝါစကစာချ တာဝန်ကို အချိန်ပြည့် ထမ်းဆောင်ပေးခဲ့ပေပြီ။

ဤမျှသောစကားအစဉ်ဖြင့် အာစရိယဂုဏော အနန္တောဟု မိန့်ဟောအရ ကောက်ယူပြသော် နယနည်းနာ အဖြာဖြာကို လိမ္မာစေကြောင်း မေတ္တာလောင်း၍ မကောင်းကိုကြဉ် ကောင်းရာယှဉ်လျက် နှုတ်မြွက်သံချို ဆုံးမဆိုသား---စသည်ဖြင့် တပည့်များအပေါ်၌ထားရှိသည့် ဆရာသမားများ၏ ကျေးဇူးတော်အနန္တထဲမှ တစ်စိတ်တစ်ဒေသမျှသော ဆရာ့ကျေးဇူး ဂုဏ်ညွှန့်ဖူးကို အထူးပေးဆပ်လျက် ----။

♦ ဦးအာစာရ
ရွှေကြက်ယက်



အဘိဓဇဂုဏ်ရည်
ကဗျာ

# စံထွန်းတို့ဆရာအရှင်



- သက်တော်ရှည် မဟာထေရ်မြတ်ကိုလ
ကဗျာစပ် ပူဇော်မည်။
ရွှေအင်းစိန်မြို့နယ်ရပ်ဆီက
ဝေလင်းထိန် ဖူးမျှော်အပ်ပါတဲ့
မြတ်တဲ့ဇာနည်။
ပဓာန မဟာနာယက
သာသနာ့အာဇာနည်
ဂုဏဝိသိဋ္ဌပူဇော်မည်မို့ ချိမ့်ချိမ့်သဲ။

- ဩော် ---
အဂ္ဂါဘိဓဇသူတော်မွန်မို့
နန္ဒဝံ အရှင်မြတ်မှာလ
နိုင်ငံတော်ဩဝါဒါစရိယတာဝန်တွေနဲ့
စာပေမွန် ဓမ္မခန်ကျမ်းကိုလည်း
စာတမ်း သူမတူပေါ့
ဇမ္ဗူဒီ ကဝိမြတ်တစ်ပါးပေမို့
ပဋိပတ်တရား အရှိန်ယူ၍
မြတ်နိဗ္ဗူအာရုံတစ်ဘက်လှမ်းရတယ်
မာန်တစ်စွန်း ပမာမထင်အပ်ပါတဲ့
စံထွန်းတို့ဆရာ အရှင်မြတ်ပေမို့
ဦးထပ်ကာ ပူဇော်အပ်ပါရဲ့
ထူးမြတ်တဲ့ပွဲ။ ။

**မောင်စံထွန်း(ဉက္ကံ)**


လူထဲက
ရဟန်း
ရဟန်းထဲက
လူ

ရှေးယခင်အင်းဝခေတ်အခါလောက်အထိ မြန်မာနိုင်ငံတော်အတွင်း မြို့ရွာအနီးတစ် ဝိုက်၌ ချဉ်းကပ်နေထိုင်သော ဂါမဝါသီရဟန်း၊ မြို့ရွာမနီး တောကျောင်း,တောင်ကျောင်းတို့၌ မှီတင်းနေထိုင် ကြသော အရညဝါသီရဟန်းဟူ၍ ရဟန်း၂-မျိုး၊ ကျောင်း၂-မျိုးရှိကြောင်း သမိုင်းစာတန်းများအရ သိရှိရလေ၏။

ယခုခေတ်အခါ၌သော် များသားအားဖြင့် ဂါမဝါသီရဟန်းချည်းနှင်နှင်ဖြစ်ကြလျက်ထိုအထဲမှ ခေတ်အလျောက်ကွဲပြားခြားနားနေကြပုံမှာ (၁)စာသင်တိုက် (၂)ရိပ်သာ၊ (၃)တစ်ပိုင်တစ်နိုင်ဘုန်းတော်ကြီးကျောင်းဟူ၍ (၃)မျိုးသုံး(၃)စား ရှိသင့်သည်ထင်ပါ၏။ (ဂဏန်းပေးကျောင်း၊ ဗေဒင်ဟောကျောင်း၊ ဖိုထိုးကျောင်း၊ ဆေးကုကျောင်း စသည်ခွဲခြားလျှင်ကား များစွာရပေလိမ့်ဦးမည်)

အဆိုပါခြားနားချက်ပုံစံ(၃)မျိုးတွင် ဤအရှင်ပါဝင်ပတ်သက်ရသည်ကား စာသင်တိုက်ဖြစ်ပါချေ၏။ စာသင်တိုက်ဖြစ်သည့်အလျောက် အရာရာတွင် ကိုယ်ထူကိုယ်ထ စံနစ်သာလျှင် ကျင့်သုံးရပါ၏။ ဤနေရာ၌ စကားချပ်ညှပ်သင့်သည်။ စာသင်တိုက်၏ သဘောသဘာဝကား စာသာသင်ကြားပို့ချနေရသဖြင့် ဒကာဒကာမ အလာကျဲ၏၊ လာဘောအလာဘောဟူသော လောကဓံ၏ သဘောကို လာလျှင်ပေါ်တယ် ကိုယ်တော်၊ မလာလျှင်မပေါ်ဘူး-ဆိုသည့် တောထွက် ရဟန်းကြီး၏ အဓိပ္ပါယ်ဖွင့်ဆိုချက် အတိုင်းပင် ဒကာ ဒကာမ အလာကျဲသဖြင့် လာဘ်နည်းလှချေ၏။ လာဘ်နည်းခြင်းကြောင့်ပင် ဘာကိစ္စရှိရှိ ကိုယ်ထူ ကိုယ်ထသာ များရလေသည်။ ချက်ရေးပြုတ်ရေးမှ အစ ထမ်းကြ၊ သယ်ကြ, ခွဲကြ, ဖြတ်ကြခြင်းများ အလယ် မီးစက်ပြင် ရေပိုက်ဆင်ခြင်းများ အဆုံး၊ အို. . . အစုံအစုံ၊ တည်ဆောက်ပြုပြင်ရေးများအထိပင်



ဖြစ်ပါလေ၏။ ရိပ်သာများနှင့် ကွာပါဘိခြင်း။

သို့ကလိုကိုယ်ထူကိုယ်ထဖြစ်သည်လည်း တစ်ကြောင်း၊ အဇ္ဈတ္တမဝေ့သုဝဠေသု ဘယဒဿာဝီ (မြူမျှလောက်သော အပြစ်ကလေး ကိုပင် ဘေးကြီးသဖွယ်ရှုလေ့ရှိသော)စာရင်း၌ ဤအရှင်သေချာပေါက် မပါဝင်သေးသည်လည်း တစ်ကြောင်း၊ ဤအကြောင်းတို့ကြောင့် အချို့အချို့သော သိက္ခာပုဒ်ကလေးများကို မမြင်ယောင် မသိယောင်ဆောင်၍ ကျောခိုင်းထားရသည်မှာ ဓမ္မတာလိုလိုပင် ဖြစ်ချေသည်။(ကိုယ့်ကိုယ်သာ ပြောတာပါနော်)

ကြီးကြီးကျယ်ကျယ်ကိုယ်ထူကိုယ်ထဟုဆိုနေသော်ငြား တကယ်တန်းကျတော့ လူတွေနှင့်ကင်းနိုင်ပါရိုးလား၊ ဘုရားရှင်လက်ထက်က ကိုယ်ထူကိုယ်ထ ကိုယ့်ကျောင်းကိုဆောက်ကြသော ရဟန်းတော်များ ဒကာဒကာမများထံ ဂဒီ ဂဒီးသွားရောက်ကြ၍ တော်ကြာလှူပေးပါဦး တော်ကြာတူပေးပါဦး စသည်ဖြင့် ခဏခဏငှားရမ်း တောင်းခံနေကြရာ ကြာသော် နွားနီနွားဝါများကို ဖြန်းကနဲမြင်မိရုံဖြင့်ပင် ရဟန်းတော်များ ထင်မှတ်၍အလန့်တကြား ပြေးလွှားကြ ရှောင်တိမ်းကြ ဖြစ်ခဲ့ဖူးကြောင်း ပါဠိတော်လာသမိုင်းများ၌ ထင်ရှားရှိခဲ့ဘူးသည်။

ဤအရှင်သည်လည်း ကျောင်းတစ်ကျောင်းဆောက်လုပ်နေပါ၏။ သို့သော် ဒကာဒကာမများထံ ငှားရမ်းတောင်းခံမှုဝေလာဝေးဆိုမှ တကယ့်ဝေလာဝေး၊ သို့ဖြစ်လင့်ကစား ဂါမဝါသီစာရင်းဝင်ပီပီ လူတွေနှင့်တော့ ဘယ်လိုမှ ကင်းလို့မရပါ၊ တစ်နည်းမဟုတ်တစ်နည်း ငြိမိအောင်ကို ငြိငြိနေရကား လူထဲကရဟန်း၊ ရဟန်းထဲကလူဟု ကိုယ့်ဟာကို ရောသမမွှေပဲပြုရတော့မလိုလိုပါပေ။ (ကတယ်တော့ မရောပါ)

ဟိုတစ်နေ့က အဖြစ်ကိုပဲကြည့်ပါဘိ၊ ဆင်းရဲနွမ်းပါးပုံရသော ဒကာမကြီးတစ်ဦး ချည်တဘက်ဝါညစ်ညစ်ကလေး ပခုံးပေါ်တင်လျှက်-

"တပည့်တော်မကို ရေနွေးအိုး(၅)လုံးရယ် အကြမ်းပုဂံလုံး(၁၅)လုံးရယ် ငှားပါဦးဘုရား"

သူ့ရဲ့အသွင်အပြင်ကို ကြည့်ရုံဖြင့်လိမ်မည့်သူမဟုတ်မှန်းသိနိုင်သော်ငြား သူ့နှုတ်ထွက်အဖြေကိုကြားလို၍ -

"ဒကာမကြီး ဘယ်ကိစ္စသုံးမှာတုံး၊ သာရေးလား၊ နာရေးလား"

"ဟို- သဘက်ခါညကျရင် ဘောလုံးကွင်းထဲမှာ ပွဲကမှာလေ၊ ကိုယ်တော်မကြားဘူးလား လွတ်လပ်ရေးအောင်ပွဲဆိုတာ၊ အဲသည်ထဲမှာ ဒကာမကြီးအကြော်ဆိုင်လေးဖွင့် ရောင်းချင်လို့၊ အဲဒါလေးတွေ လာငှားတာ"

ကိုယ့်နဖူးကိုသာ ပိတ်ရိုက်လိုက်ချင်တော့သည်၊ ဘယ့်နှယ်- သည်လောက်ဘာသာရေး အသိစိတ်ဓာတ်နိမ့်ပါးရတယ်လို့ စိတ်ထဲခပ်ချဉ်ချဉ်ရှိသည်နှင့် -

"ဒကာမကြီးရာ - ခင်ဗျားမို့လို့ကြံကြံစည်စည်ရာဗျာ၊ အများတကာက သဒ္ဓါတရားနဲ့လှူထားတဲ့ သံဃိကပစ္စည်းကို ရင်းနှီးပြီး ကိုယ်ကျိုးအတွက် စီးပွားရှာရမယ်လို့ဗျာ"

အမယ်- အဖွားကြီးဆိုပြီးလျှော့တွက်လို့မရ၊ သူ့မျက်လုံးပြူးပြူးကြီးနှင့် စူးကနဲ ကြည့်၍ ပက်ထည့်လိုက်သည်မှာ -

"ဒါတွေက ကိစ္စရှိရင်သုံးရအောင်ဆိုပြီး သည်ကျောင်းမှာ တပည့်တော်မတို့ စုလှူထားကြတာပဲ ကိုယ်တော်၊ ကိုယ်တော့် လက်ထက်ကျမှ မိုးပြောရိုးပြော ပြောနေတာ၊ အရင်ကိုယ်တော်ဆို ငှားနေကျ၊ ငွေးလေးနည်းနည်းပါးပါး ကပ်လိုက်ရင် လျှောကနဲပဲ"



ဤမျှဘာသာရေး ဒုံးဝေးနေမှုဖြင့် ရှေ့ဆက်ပြောနေ၍ ထူးတော့မည်မထင်ပေ၊ ကိစ္စ အမြန်ပြတ်စေမှ တော်လိမ့်မည်၊ ဖျာအောက်မှငါးရာတန်ပါသည့် စာအိတ်ကလေးထုတ်ပေး လိုက်ရင်း --

"ဒကာမကြီးရာ ဘယ်လိုမှမအောက်မေ့ပါနဲ့၊ ရော့- အဲဒါလေးယူသွား၊ ဒါနဲ့ပဲ သင့်သလို ငှားရမ်းပြီးစီမံလိုက်ပါဗျာ"

စာအိတ်ကလေးဆတ်ကနဲကောက်ယူပြီး ဘောက်ဆွဘောက်ဆွနှင့်ထသွား၏၊ ဝတ္တရားကျေပုဆိန်ပေါက်ဦးချမှုလေးပင်မပြုတော့ပါတကား ကဲ အဲဒါသာကြည့်တော့ ငြိပုံ- ငြိပုံ။

မှတ်မှတ်ရရ ၂၀၀၆-ခုနှစ် ဇူလိုင်လ၏ တစ်ခုသောညနေခင်း မိုးကရွာတော့မလိုအနေမျိုး အုံ့မှိုင်းမှိုင်းရှိနေချိန် လေပြေကလေး တဖြူးဖြူးနှင့် ဤအရှင်သည်မိုးထဲလေထဲ သည်အတိုင်းပစ်ထားနေရသော ပျဉ်တိုပျဉ်စအပုံကြီးကို မိုးလုံမည့်အဘယ်နေရာသို့ ရွှေ့ရပါ့ စိတ်ကူးနှင့် ကြည့်နေမိလေ၏။ သည်အခိုက် မုခ်ဦးဘက်ဆီမှ ဒကာနှစ်ယောက်ဝင်လာသည်ကို မြင်ရလေ၏။ ရော-လာပြန်ချေပြီ၊ ဘာများပါလိမ့်၊

မနက်ခင်းပိုင်းကပင် ကျောင်းမှာစုံတွဲနှစ်ဦး ကျောင်းတွင်းသို့ လာပြီးမိတ်ကပ် ရေမွှေး စနိုးစသည့်အလှကုန်ဆိုတာတွေကို ပြကာပြကာပဋ္ဌင်းငယ်များကို ရောင်းချနေသဖြင့် ဆိုလွှတ်ပြောလွှတ်လိုက်ရသေးသည်။

"ဘယ်နှယ့်ကွယ် မင်းတို့ဟာကလည်း ဒါတွေနဲ့ ဘုန်းကြီးကျောင်းလာစရာလား၊ ရှုတ်ရှုတ်ရှက်ရှက်" သည်မျှသာ ပြောကာရှိသေး ခလေးမလေးထံမှတန်ပြန်သက်ရောက်မှုကား မြန်ဆန်လှပါဘိ။

"ဘုန်းဘုန်းကြီးတို့ကတော့ အသက်ကြီးပြီလေ၊ သမီးတို့အရွယ်မျိုး ကိုယ်တော်လေးတွေကျတော့" သူ့စကားမဆုံးမီမှာပင် ဤအရှင်က လက်ကိုကာ၍ "ကဲ- တော်ပါတော့ကွာ၊ တော်ပါတော့၊ မင်းတို့ဟာတွေကို တို့စာသင်တိုက်မှာ ဘာမှလက်မခံပါလိုဘူး၊ လိုလည်းမလိုအပ်ဘူး၊ သုံးစွဲခွင့်လည်းမပြုဘူး၊ ကဲ -ပြန်ပြန်"

နှင်ထုတ်ခံရသည့်အတွက် မကြည်သာသောမျက်နှာပေးဖြင့် ကောင်လေးထံမှဘုကြည့်၊ ကောင်မလေးထံမှ ဝေ့ကနဲ မျက်စောင်းတစ်ချက်၊ ဘယ့်နှယ်- ကိုယ့်ကျောင်းကို အသာနေရင်း တပြိုင်နက်မြားနှစ်စင်းလာစူးနေပါပကော၊ နောက်ပြီး အရွယ်တော်တစ်စိတ်မက နှစ်စိတ်မျှပင်ဟိုင်းလာပြီဖြစ်သော မထေရ်ကြီးမှာ သံသရာဝဋ်မှ မလွတ်ရသည့်အထဲ နောက်ထပ် ဆန့်ကျင်ဘက်အာရုံ၏ မျက်စောင်းဧရိယာမှလည်း မလွတ်သေးကြောင်း သိရပြန်ပေရာ အလွန်ပင်စိတ်ပျက်ရလေတော့၏။

ခက်သည်မှာ - ဒါမျိုးတွေ လာပြကြ၊လာရောင်းနေကြသည်မှာ ရိုးဟိုးဟိုးနေပြီဟုပင် ဆိုရမည်လား မသိ၊ ကျောင်းကန်ဘုရားဟူသည် အလေးအမြတ်ပြုအပ်သော မြန်မာတို့၏ ဦးစွန်းဆိုသည့်အသိသိသိလေးပင် မဝေးကြလေရော့ သလားမပြောတတ်၊ မကြာခဏပင် ကျား/မအစုံလိုက် အတွဲလိုက်တွေ ထီလာရောင်းကြ၊ အလှကုန်တွေ လာပြကြ၊ ခဝါသည်ဆိုတာတွေကလည်း သက်နှံးဟောင်းတွေ လာကောက်လိုကောက်၊ ပလပ်စတစ်အိတ်ကောက်ဆိုသလိုလို ဘာလိုလိုနှင့် ကုဋီထဲကဆပ်ပြာခွက် ရေခွက်တွေ မ,မ,သွားသူတို့ကလည်း

တပုံတပင်၊

ရုံဖန်ရုံခါတွင်မူ ကောင်လေးတွေချည်း ၃-၄ဦး ပစ္စည်းလာရောင်းရင်း ဆွမ်းစာချိန်ကြုံဘိမူ ဆွမ်းကျန်ကွမ်းကျန်လေးများ ရှိသေးလားဘုရား ဆိုတာက အဆစ်ပါလိုက်သေးသည်။ ဩော်-ငြိကွက် ငြိချက်တွေကဖြင့် များသလားမမေးနဲ့ များမှများ။

ဆက်ပါဦးမည်၊ အထက်၌ဆိုခဲ့သည့်အတိုင်း ဒကာနှစ်ဦးဤအရှင်ထံလာနေပုံအကဲခတ်မိသဖြင့် မြေစိုစို မြက်ထူထူတွင် ဦးချက်မည်စိုး၍ဤအရှင် ကျောင်းပေါ်သို့ တက်နေလိုက်၏၊ မကြာမီ သူတို့ ရောက်လာ ဦးချပြီး ဖင်ချထိုင်ချိန်တွင် -

"ကဲ-ဒကာကြီးတို့ ဘယ်ကလာကြတုံး ပြောပါဦး"

"တပည့်တော်တို့ ဒီပုလဲ(၁)ကပါဘုရား၊ အရှင်ဘုရားကျောင်းဆောက်နေတယ်ဆိုလို့ အကယ်၍များ ကျွန်းပျဉ် ၅×၂ တွေ အပိုအပြရှိရင် တပည့်တော်တို့ကို မျှပါဦးလို့လာလျှောက်တာပါဘုရား၊ တပည့်တော်တို့လည်း အိမ်ဆောက်နေကြလို့ပေါက်ဈေးထက်ကြီးပြီး ပိုကပ်ပါမယ်ဘုရား"

ဟေ-ကျွန်းသစ်ဆိုလို့ မူးလို့တောင်ရှူစရာမရှိပါဘူးဗျာ၊ ဒီခေတ်ကြီးထဲ ကျုပ်တို့ကျွန်းသစ်နား မကပ်နိုင်ပါဘူး၊ ကျုပ်ကျောင်းက ပြူတင်းပေါက်တွေကြည့်လေ၊ ကျွန်းမှန်ကွက်မတတ်နိုင်လို့ တရုပ်ကပ်မှန်တွေပဲ တပ်ထားထားတာပါ"

သစ်အခက်အခဲကိစ္စ မဏ္ဍိုင်ပြု၍ ဘာဘာညာညာ အလ္လာပသလ္လာပ (၁၀)မိနစ်ခန့်မျှ ရှုတ်ဆိုကြပြီး တပည့်တော်တို့ အရှင်ဘုရားကျောင်းလှည့်ပတ်ကြည့်ပါရစေဦး-ဆိုကာ ကျောင်းဆောက်ဆဲ ကျောင်းဆောင်ကြီးကို စေ့စပ်အောင် အတွင်း အပြင် လှည့်ပတ်ကြည့်ရှုကြ၍ သူတို့ပြန်သွားကြလေ၏။

သည်ဒကာနှစ်ဦးအပြန် ဆွမ်းဒကာဦးအောင်ရွှေ က အလာဖြစ်ရာ မုခ်ဦးတွင် သူတို့ချင်းဆုံမိကြသည် ဆို၏၊ ဦးအောင်ရွှေက ရောက်လျှင်ရောက်ချင်း-

"အရှင်ဘုရား၊ စောစောက အောင်စိုးတို့ နှစ်ယောက်လာတာ ဘာလျှောက်သေးတုံးဘုရား"

"အောင်စိုးရယ်ဘာရယ် ကျုပ်မသိပါဘူးဗျာ ၅×၂ ကျွန်းသစ်ပိုလျှင် မျှပါဦးဆိုပြီး လာလျှောက်ကြတာလေ၊ ကျုပ်ဆီဘယ်ရှိမှာတုံးဗျာ၊ ကြုံကြုံဖန်ဖန်"

ဦးအောင်ရွှေက ရယ်ကျဲကျဲလုပ်ရင်း ရှင်းပြသည်၊

"ဟဲဟဲ အရှင်ဘုရား ကိုယ်ခံလိုက်ရတာမသိဘဲကိုး၊ အဲသည်အောင်စိုးက ပုလဲ(၁)နေသိဒ္ဓိသစ်စက်က မန်နေဂျာဘုရား၊ သူ့နောက်ကပ်ပါလာတာက ရာအိမ်မှူး ဖိုးသိန်း၊ ပြီးခဲ့တဲ့ နှစ်ရက်လောက်က သူတို့သစ်စက်မှာ ၅×၂ ကျွန်းခွဲသားတွေ အကြီးအကျယ် ပျောက်လို့ အဲဒါလိုက်နေကြတာ၊ မနေ့ညနေက ဟိုဘက်ကျောင်းရောက်ပြီးပြီ၊ အဲဒီက သတင်းမရလို့ ဘယ်မှာဘာဆောက်နေသလဲ မေးမြန်းပြီး အရှင်ဘုရားဆီ လာထောက်လှမ်းတာဘုရား"

"ဟာဗျာ- သူတို့သစ်စက်ဘယ်နားမှန်းတောင် ကျုပ်မသိဘူး၊ သူ့သစ်ပျောက်တာ ကျုပ်က ခိုးပါ့မလားဗျ၊ တကတဲ--

"ဩော် အရှင်ဘုရားကလည်း၊ အရှင်ဘုရားတော့ ဘယ်ခိုးပါ့မလဲ၊ ဟိုလူဒီလူက ခိုးခဲ့ပြီး၊ ကျောင်းဆောက်နေတဲ့အရှင်ဘုရားဆီ ပေါချောင်ကောင်း လာသွင်းမယ်ထင်လို့ပေါ့ဘုရား"

"ဩော် ဒီလိုလား"

ဤနောက်ဆုံးအသံကမူ အနည်းငယ်ဒေါသ လိုင်းလေးစွက်လေသလားမသိ၊ ခပ်ဆတ်ဆတ် ဖြစ်သွားသည်ကတော့ ဘယ်လိုမှ ဖုံးမရနိုင်။

"အေး--အဲဒါမျိုးတွေ ကျုပ်က လွတ်ရောင်တာ၊ ဟိုတနေ့ကတောင် မောင်မြင့်ကို ကျုပ်ပြော

ရသေးတယ်၊သူက- ဆရာတော်! ဘိလပ်မြေအိတ် ၁၀၀-လောက်ရှိတယ်၊ အပြင်ပေါက်ဈေးနဲ့စာရင် တစ်အိတ်(၁၅၀၀ိ)လောက်သက်သာမယ်၊ ယူမလား-တဲ့၊ မင်းဟာ ဘယ်လိုဟာတွေလဲကွာ၊ အင်တွေဖြစ်နေပါမယ်ဆိုတော့--စီမံကိန်းကြီးတစ်ခုက -တဲ့၊ အင်-တော့မဟုတ်ဘူး၊ ဒါပေမယ့် အကြံအဖန်ပေါ့-တဲ့၊ ယူမယ်ဆိုရင်တောင် ကျောင်းထဲကို မှောင်ရိပ်ခိုပြီးလာချမှာ-တဲ့၊ အမလေးဗျာ မလုပ်ပါနဲ့ ကျုပ်တို့ ဒါမျိုးတွေ မပတ်သက်ချင်ပါဘူးဆိုတာ မောင်မြင့်ကို ကျုပ်ပြောလိုက်သေးတယ်၊ အခု ဟော့ဗျာ ဒီကောင်တွေက ကျုပ်ကျောင်းကိုများ"

မခံချင်စိတ်လိုလို ဘာလိုလိုနဲ့ လှိုင်းခတ်ပြီး ထွက်လာသောအသံက မူမှန်ဟုတ်ပုံမရပေ၊ ဦးရွှေအောင် က ထပ်မံ၍ -

"အရှင်ဘုရား အဲဒါထက်ကိုပဲ အခုနောက်ထပ် အရှင်ဘုရားကျောင်းက ဖြစ်တဲ့အမှု ရယက ရုံးရောက်နေပြီဘုရား"

စိတ်ရှုပ်ထွေးစွာဖြင့် ဦးခေါင်းပြောင်ပြောင်ကို ညာဘက်လက်ဖြင့် သုံးလေးပတ်သွက်သွက်ကြီး ပွတ်သပ်ပစ်လိုက်ပြီး-

" ဟာဗျာ-ဘာအမှုတွေလဲဗျာ၊ ကျုပ်ကျောင်းမှာ ကျုပ်ဟာကျုပ် အေးအေးထိုင် နေတာ ဘယ်က အမှုလဲ"

ဒေါသကြောင့်တုန်ခါပြီးထွက်လာသော အသံသည် လိုတာထက်ပို၍ ကျယ်သွားကြောင်း ကိုယ့်ဟာကို သတိပြုမိလိုက်သေးသည်။

"အရှင်ဘုရားကျောင်းက မြေကွက်ကျယ်တော့ အခုလိုမိုးတွင်းမှာ မြက်တွေ အရမ်းပေါတာ ပေါ့ဘုရား၊ ဟိုက သည်က နွားတွေ ကျောင်းဝင်းထဲသွင်းပြီးလွှတ်ထား၊ အရှင်ဘုရားတို့ကလည်း ဘာမှမပြောမပြုဆိုတော့ ပြဿနာဖြစ်ပြီပေါ့ဘုရား"

ဩော် ခက်လိုက်လေ၊ အမြန်သိချင်ကာမှ ဒီအဖိုးကြီးကလည်း စလိုးမိုးရှင်းနဲ့ အနေးရိုက်ပြ နေပြန်ပါပြီ၊ စိတ်ကတယ်မရှည်ချင်တော့၊

"အေးပါဗျာ ဘယ်လိုဖြစ်တာတုံး အမြန်ပြောစမ်းပါ"

"အေးလေ အရှင်ဘုရားမေးမှတော့ ပြောရမှာပေါ့၊ နားနှင့်မနာ ဖဝါးနှင့်နာပါဘုရား၊ ကျော်ဦးရဲ့ ဗမာနွားသိုးက မယ်လှရဲ့နိုင်ငံခြားမျိုး နွားမလေးကို လူပျိုလှည့်လို့ဘုရား၊ အဲဒါ မယ်လှကမကျေနပ်လို့ အခု ရုံးရောက်နေပြီ၊ အမှုဖြစ်ပွားတာက အရှင်ဘုရားရဲ့ကျောင်းဝင်းထဲမှာ"

"ဘုရားရေ "

"ဘုရားရေ လုပ်မနေနဲ့၊ သူတို့ရုံးမှာ ရယ်ပွဲဖွဲ့နေကြပြီ၊ အဓိက မျက်မြင်သက်သေအဖြစ် ဆရာတော်ကြီးကို ထည့်သင့်မထည့်သင့်"

"ဘာဗျ"

ဦးရွှေအောင်၏စကားမှာ လက်စမသတ်သေးမီ ကျားဟိန်းသံကြီးပမာ ပေါက် ကွဲထွက်ပေါ်လာသော ပြင်းအား, ဝုန်းကနဲ စားပွဲကို လက်ဝါးစောင်းနှင့် ရိုက်ချလိုက်သော အသံတို့ကြောင့် ဦးအောင်ရွှေသည် ဒေါသအိုးကြီး အခိုးတဝေဝေနှင့် ပေါက်ကွဲလေပြီဟု သိသည့်အလား အသာ ဇက်ပု၍ ဆင်းချသွားလေ၏။ မိနစ်အနည်းငယ်အကြာတွင် စိတ်အေးအေးထား၍ အကြောင်းအခြင်းအရာကို ပြန်လည်စိစစ်မေးတော့မှ တစ်ကိုယ်တည်း အူတက်နေလေ၏။

"ဟား ဟား ဟား ဟား"


ဩော်-- လူထဲကရဟန်း ရဟန်းထဲကလူ မကင်းနိုင်ကြပါလား ဟရို့။ ။

♦ အရှင်ယုဇန (ရန်အောင်)

❖ ❖ ❖

# တချိန် နှစ်မျှ

## အဘိဓဇဂုဏ်ရည်
ကဗျာ




* တက္ကသိုလ် ခေါ်ဆိုထိုက်ပါလှ
တိုက်ရွာမ ကျောင်းတွင်
မေတ္တာရှင် ဆရာမြတ်တွေရဲ့
အေးတဲ့ရင်ခွင်။
ပညာမြတ် လိုချင်လျှင်
ခိုလှုံဝင် ခဏနား။
စာသင်ပျို ရှင်, ရဟန်းတတွေတို့
ပညာရေ အေးကြည်လဲ့ကို
သောက်လှည့်ပါလား။
* မထေရ် 'နန်'ပဓာန
'တိလောက'ဆရာရှင်
တာဝန်လျှင် ကိုယ်စီထမ်းလာခဲ့
'ပမ်း'တဲ့ မထင်။
စာချများ ပါအဝင်
တူတွဲယှဉ် ရွာမဖောင်နှင်ခဲ့။
ခရီးစဉ် ဝေးနယ်ပေါက်ပါပေါ့
နှစ်လေးဆယ် ပြည့်မီရောက်တော့မယ်
အံ့လောက်ပါရဲ့။

* နံနက်ချိန်လေးချက်တီးပြီ
သံချောင်းကဒေါင်ဒေါင်မြည်
အိပ်ယာတွေ သေချာသိမ်းပါနော့
ထတော့ကိုယ်စီ။
ဝတ်တက်ကြသံညီညီ
လင်းပါပြီတုံးသံကြား။
ငံပြာရည် စွန်တာနီ ပြုတ်တွေနဲ့
ဟင်းပေါင်းမွှေ ရနံ့မွှေးတယ်
ဘုဉ်းပေးစို့လား။
* ခြောက်နာရီ ခွဲပြီမို့
သွားကြစို့ စာအံ။
ပြီးပြန်လျှင် စာသင်ခန်းမှာလ
ဆရာ့ထံ စာဝါလိုက်မယ်ပေါ့
ငိုက်တော့ ကြိမ်ဒဏ်။
ရေးချိုးပြီး ဆွမ်းခံ
ဆွမ်းစားပြန် ခဏနားပါလို့။
နံနက်ခါ ပြီးပြီမအားနိုင်ဘိ
တစ်နာရီ စာဝါရှိတာမို့ရယ်
သွားကြပါစို့။
* သုံးနာရီ ခွဲချိန်နီးပြီမို့
သွားဦးစို့ စာသင်။
စာအုပ်တွေ ရင်မှာပိုက်
စာလိုက် ပျော်ရွှင်။
ရေချိုးပြီး သက်န်းပြင်
တုံးခေါက်ရင် လျှင်လျှင်ကြွမဆိုင်း။
ကိုယ့်နေရာကို စုတန်းထိုင်လို့
သံမြိုင်မြိုင် ဝတ်တက်ကြတယ်
ချိန်ညနေတိုင်း။
* အမ္ဗဝေ သာခုပြီးခါပ
ဩဝါဒ မိန့်လေသော်။
လက်အုပ်ချီ နားထောင်စိုက်
မှတ်လိုက်ရွှင်ပျော်။
ပြီးပြန်က စာအံနော်

# အဘိဓဇဂုဏ်ရည် ကဗျာ



ဂွီ ဂွမ် အော် ဗိုက်ဆာသား။
ညဥ့်ဦးခါ ၁၀-နာရီ နီးပါမို့
တစ်နေတာ နားချိန်ကျပြီပဲ
ကဲ- ကျိန်းကြစို့လား။

* တပည့်တွေ ဤပုံသွင်းပါလို့
စည်းကမ်းနှင့် နေ့စဉ်။
ပညာရည် အဆင့်တန်းကိုလ
အပတ်စဉ် လေ့ကျင့်ခန်းတွေနဲ့
မြှင့်စတမ်း လစဉ်။
ဂုဏ်ထူးရ အောင်မြင်လျှင်
ဆုစီစဉ် ချီးမြှောက်တမ်း။
ကျရှုံးရင် ရေဒဏ်ထမ်းပါတော့
စာဝါမှာ နာနာဗျန်းပါသဗျို့
တိုးတက်ဖို့မှန်း။

* ရွာမတွင် ခိုလှုံလာဝင်သကွဲ့
စာသင်တဲ့ ရှင်ဖုံဖုံ
ပန်းရောင်စုံ ဥယျဉ်ခင်အသွင်ပ
တိုင်းရင်း ပြည်စုံ။
ပမာကား မိခင်ပုံ
သုံးမကုန် ပေးချင်တဲ့အမွေများ။
အလိမ္မာ ပညာသင်ကြားရုံမက
မတော်ရာ ကြိုတင်တားပါသတဲ့
ကြီးမေတ္တာထား။

* ဤသို့လျှင် မပျက်ဆောင်နှင့်ခဲ့
အောင်မြင်တဲ့ ကျောင်းတော်။
ဂုဏ်ထူးရှင် တော်ဝင်ပန်းတွေလည်း
ကြိုင်လှှမ်းပွင့်ပေါ်။
တိုင်းခန်းပြည်ကျော်
ထေရ်မော်တို့ သင်တာကောင်း။
သာသနာ ရောင်ဝါခင်းပါလို့
မြန်မကြာ ကမ္ဘာချဉ်းအောင်
ထွန်းလင်းစေကြောင်း။

* မတင်းတိမ် ထိုသို့ကြိုးကာမျှ
ပဓာန မထေရ်ရှင်။
မြို့အင်းစိန် သံဃာတွင်းမှာလ
ဝိနယာ(မိ)စာသဘင်ခင်းကာ
ဦးဆောင်ကျင်း နှစ်စဉ်။
ဇာတိရပ် ဌာနာတွင်
ပညာသင် ထောက်ကူနှင်း။
ကျောင်းဝတ်စုံ ထွေထွေစရိတ်ရယ်နဲ့
ရင်သွေးတွေ ပညာမြှင့်အောင်
ချီးမြှင့်မှုခြင်း။

* ဤသို့နော် ထေရ်တော် စွမ်းတာနဲ့
ဆယ်နှစ်ကျော် ဟိုလွန်ခဲ့စဉ်က
'အဂ္ဂ'ဘွဲ့ ကပ်ထိုက်ရာ။
ပြည်မြန်မာ စိုးမြတ်ရယ်က
ဆက်ကပ်ပူဇာ။
ယခုခါ
'အဘိဓဇ အဂ္ဂမဟာ'ဘွဲ့။
ဆက်ကပ်လာ နှစ်ထပ်ကွမ်းပြီမို့
တစ်ခိုင်မှာ နှစ်ပွင့်လန်းတယ်
မွေးလွန်းပါရှဲ။ ။

**အရှင်ဉာဏာပလ(လယ်ဝေး)**



# ရွှာမပရိယတ္တိစာသင်တိုက် နှင့် ကျွန်တော်

လယ်တွင်းသား စောချစ်

၁၉၈၆-၈၇၊လွန်ခဲ့သည့် အနှစ်(၂၀)ခန့်က စတင်၍ ရွှာမပရိယတ္တိစာသင်တိုက်သို့ ရောက်ခဲ့သည်။ စာသင်တိုက်အတွင်းမှာ စာအောင်သံဃာတော်တစ်ပါးကို ဂုဏ်ပြုပွဲနှင့်အတူ စာသင်သား သံဃာတော်များအတွက် စာပေဟောပြောပွဲ ပြုလုပ်ပေးခြင်းဖြစ်သည်။

အတူဟောရသည်က ရဟန်းတော် စာရေးဆရာများဖြစ်သည်။ ဆရာတော် မာဂဓီ သာစည်နှင့် ဆရာတော် ရဝေထွန်း ဖြစ်၏။

ကုလားထိုင်များနှင့် သေသေချာချာ ကျကျနန ထိုင်၍ နားထောင်ကြသူများတွင်(၆၀၀)ကျော်မှာ သံဃာတော်များဖြစ်သည်။ ကြည်ညိုဖွယ်ရာ သာသနာ့ အရောင်ဝင်းဝါ တင့်တယ်လှပါ၏။ လူပရိသတ်ကလည်း အများကြီး ဖြစ်ပါသည်။

စာချဆရာတော်များက စာသင်သား သံဃာများကို စာပေဟောပြောပွဲ ဆိုတာဘာလဲဟု သိစေချင်သည်။ စာပေဟောပြောပွဲကိုလည်း နားထောင်စေချင်သည်။ သို့သော် အပြင်မှာ

ရှိသော စာပေဟောပြောပွဲများသို့ သွားရောက်နားထောင်ကြလျှင်လည်း ကျောင်းစည်းကမ်းပျက်မည်။ ညဉ့်နက်မှ ပြန်လာကြမည်။ ထို့ကြောင့် ကျောင်းထဲမှာ စီစဉ်ပေးခြင်း ဖြစ်သည်။

ဆရာတော် မာဂဓီသာစည်နှင့် ဆရာတော် ရေဝေထွန်းတို့ ဟောပြီးမှ လူစာရေးဆရာက နောက်ဆုံး ဟောရသည်။ သံဃာတော် အများကြီးကို ကြည့်မြင်နေရ၍ ထူးခြားသောပရိသတ် ဖြစ်ပါသည်။ များပြားသော ပရိသတ်ဖြစ်သည့် အပြင် စည်းကမ်းရှိ၍ စိတ်ဝင်စားစွာ နားထောင်ကြသောကြောင့် ဟောပြော၍ကောင်းပါသည်။



ထိုဟောပြောပွဲမှ စပြီး ရွာမပရိယတ္တိစာသင်တိုက်နှင့်ကျွန်တော် ရင်းနှီးသွားပါသည်။ ဆရာတော်ဦးတိလောကနှင့်လည်း ဆရာရင်း ဒကာရင်းဖြစ်ရသည်။ ဆရာတော်ကိုယ်တိုင်ကလည်း စာအုပ်ပေါင်းများစွာ ရေးသားပြုစုဖထားသောကျမ်းပြုအကျော် ဖြစ်ပါသည်။နောက်တော့ ဆရာတော်ဦးတိလောကကို ကျွန်တော့်မိသားစုပါ မိဘသဖွယ် ကြည်ညိုရှိသေ ရင်းနှီးကြပါသည်။

စာချဆရာတော်များနှင့်လည်း ရင်းနှီး ခင်မင်ပြီး စာသင်သား သံဃာများကိုပါ သံယောဇဉ် ဖြစ်မိပါသည်။ စာသင်သား ၄၀၀ မှ ၆၀၀ အထိ လက်ခံသင်ကြားပေးသော စာသင်တိုက်ကြီး ဖြစ်ပါသည်။ သို့သော် ထိုချိန်က ယခုကဲ့သို့ ကျောင်းအဆောက်အဦ ပြည့်စုံခြင်း မရှိပါ။ ဆရာတော် ဦးတိလောက သီတင်းသုံးသည့်မှာပင် သစ်သားကျောင်း တစ်ထပ်ဆောင်လေး သေးသေးသာ ဖြစ်ပါသည်။

စာသင်သား သံဃာများမှာလည်း ကျောင်းဟောင်းကြီးများ တဲသာသာကျောင်းလေး များမှာ မျှတသီတင်းသုံးကြရသည်။ အရှက်ဆွမ်း နှင့် လိုအပ်သည်များအတွက် အထောက်အပံ့ ဖြစ်စေရန် ငွေပဒေသာပင် စိုက်ထူထားသော်လည်း ငွေအားက များပြားခြင်း မရှိပါ။ ရွာမနှင့် ပတ်ဝန်းကျင် စေတနာရှင်များ၏ လှူဒါန်းသော ဆွမ်းနှင့်ပင် မျှတကြရသည်။

ပိဋကတ်သုံးပုံမှာ သူရဿတီ စောင့်ခြင်း မဟုတ်ပါ။ မပျောက်မပျက်အောင် ဤပရိယတ္တိစာသင်တိုက်ကြီးများမှ ကျမ်းပြုအကျော် ဆရာတော်များ၊ စာချ စာသင် ဆရာတော်များ၊ စာသင်သား သံဃာတော်များက စောင့်ရှောက်နေကြခြင်း ဖြစ်ပါသည်။ ဘုရားရှင် ဟောကြားတော်မူခဲ့သည့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို သံဃာတော်များသည် မပျောက်မပျက်အောင် နှုတ်တော် အာဂုံဆောင်၍ လက်ဆင့်ကမ်းခဲ့ရသည်။ မများမယွင်း မတိမ်းမစောင်းအောင် သံဃာယနာတင်၍ မေးကြ ဖြေကြ ရွတ်ဖတ်ကြ မပိုမလို မများ မယွင်း မတိမ်း မစောင်းအောင် သုတ်သင် စောင့်ရှောက်ကြသည်။

ပိဋကတ်သုံးပုံကို အာဂုံအလွတ် ပြန်နိုင်အောင် ကျက်မှတ်ရသည်။ သဘော အနက် အဓိပ္ပာယ်နှင့်တကွ အတွေးအမြင် အယူအဆပါ မှန်ကန်အောင် နားလည်ကြရသည်။ ရေးသား ဖြေဆိုနိုင်ရန် ကြိုးစားရသည်။ ကျက်မှတ်ရသည်က မြန်မာလို လွယ်လွယ်မဟုတ်။ ပါဠိဘာသာနှင့် ဖြစ်သည်။ ပုဒ်၊ ပါဠ်၊ အက္ခရာမှစ၍ ဌာန်ကရိုဏ်း

ကျကျ ရွတ်ဖတ်နိုင်အောင်လည်း နည်းလမ်း တကျ သင်ယူကြရသည်။

ပရိယတ် မကွယ်သမျှ ပဋိပတ်မကွယ်ပါ။ ရဟန္တာ မဆိတ်သုဉ်းပါ။ ပရိယတ်ရှိနေသမျှ ဗုဒ္ဓ၏ အဆုံးအမများ ရှိနေမည်။ နည်းမှန် လမ်းမှန် ကျင့်ကြံ ပွားများနိုင်သည့် တရားဓမ္မများ ရှိနေမည်။ အရိယာများရှိနေမည်။ မဂ် ဖိုလ် နိဗ္ဗာန်ကို ရောက်နိုင် ရနိုင်ကြလိမ့်မည်။ ထို့ကြောင့် သံဃာတော်သည် ကိုးကွယ်ရာ၊ အားထားရာ ဖြစ်၏။ သံဃာဂုဏ်ကျေးဇူးသည် ကြီးမားလှပါ၏။

သို့သော် စာသင်သားသံဃာများသည် အစား ခြိုးခြံ၊ အနေခြိုးခြံ၍ ကြိုးစားအားထုတ် ကြရသည်ကို ရွာမပရိယတ္တိ စာသင်တိုက်သို့ ကြိမ်ဖန်များစွာရောက်ရှိကိုယ်တွေ့ ကြုံရသည်။ အရုဏ်ဆွမ်း အတွက် ကျောင်းမှာပင် ပြုတ်သောပဲကို ဆွမ်းနှင့် ဘုဉ်းပေးရသည်။ ဆီ မတတ်နိုင်၊ ငံပြာရည် ချက်နှင့်သာ ဘုဉ်းပေး ရခြင်းဖြစ်၏။ သပိတ် ဆေးရန် ဆပ်ပြာအခဲလိုက်မရ။ ဖြတ်ပိုင်း ထားသော အပြားလေးများသာ ရသည်။



ဆရာတော် ဦးတိလောကနှင့် စာချ ဆရာတော်များ၏ ဖိတ်ကြားပြသမှုကြောင့် ညဘက်မှာ ကျင်းပသော သံဃာ့အစည်းအဝေးကို တက်ရောက် ကြည့်ညိုခွင့်ရသည်။ ဥပုသ်နေ့ ညတစ်ည ဖြစ်သည်။ ဘုရားဝတ်တက်အပြီးမှာ တစ်ပတ်တစ်ခါ ဖြေဆို ကြရသော စာမေးပွဲတွင် ဆုရသူများကို ဆုပေး သည်။ နဝကမ္မဝတ္ထုငွေကို စာအိတ်နှင့် ထည့်၍ ကပ်လှူဆုပေးခြင်းဖြစ်သည်။ များများစားစား မဟုတ် စာချဆရာတော် ဘယ်ပုဂ္ဂိုလ်က ငါးကျပ်၊ စာသင်သား ဘယ်ရဟန်းက သုံးကျပ်၊ ဘယ်သူက နှစ်ကျပ် စုစုပေါင်း တစ်ဆယ်ကျပ်။(လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က တစ်ဆယ်)

"သာဓု. . . သာဓု. . . သာဓု. . ."

သံဃာထုက သာဓုခေါ်ကြသည်။

တစ်ပါးပြီး တစ်ပါး ဆုရသံဃာများကို ဆုပေးကြသည်။ စာချဆရာတော်များမှာ ကိုယ့် တပည့်ကို ကိုယ်တိုင်သင်၊ ကိုယ်တိုင် စာမေးပွဲ စစ်ပြီး ကိုယ့်မှာ လှူဒါန်း၍ ရရှိထားသော ဝတ္ထု ငွေကြေးကို မျှဝေဆုပေးရသည်။

ဆုရသူများကို ဆုပေးပြီးသောအခါ-

နေ့ခင်းက ဘယ်ကျောင်းဆောင်မှာ အဘယ်အမည်ရှိသော စာသင်သားမှာ စာကျက်ချိန်တွင် အိပ်နေသည်ကို စစ်ဆေး တွေ့ရှိရသည်။ဘာကြောင့်ပြစ်မှုကျူးလွန်ရသည်နှင့် မည်သို့သော ပြစ်ဒဏ်ကျခံရသည်ကို သံဃာထု သိရှိရန် လျှောက်ထားစေသည်။

ပြစ်မှုကျူးလွန်သော သံဃာတော်က - "တပည့်တော် ယမန်နေ့ညက ဖျားနာပြီး ချောင်းဆိုးနေ၍ မအိပ်ရပါဘုရား၊ နောက်တစ်နေ့ စာကျက်ချိန်မှာ စာမကျက်နိုင်ဘဲ အိပ်ပျော် သွားသော အပြစ်ကို ကျူးလွန်မိပါသည်ဘုရား။ ထိုအပြစ်အတွက် ကျောင်းဝင်း အတွင်း သန့်ရှင်းရေးပြစ်ဒဏ်နှင့် ရေဒဏ် ဆယ်ခေါက် ကျခံဆောင်ရွက်ပြီး ဖြစ်ပါသည် ဘုရား. . ."

"သာဓု. . . သာဓု. . . သာဓု"

အပြစ်ကျခံရသော သံဃာလျှောက်ထားပြီး သည်နှင့် ထွက်ပေါ်လာသော သံဃာထု၏ သာဓု

ခေါ်သံမှာ ခွင့်လွှတ်ခြင်း၊ အပြစ်ကင်းသွားပြီဟု နှစ်သက်ကျေနပ်ခြင်း အဓိပ္ပာယ်ကို ခံစားရပါသည်။ နားထောင်နေရသည်မှာ ရင်ထဲတွင် ကြည်နူးနှစ်သက်ခြင်းနှင့်အတူ သံဃာကို ကြည်ညို ရိုသေလေးစားခြင်း ဖြစ်ရသည်။


ကျောင်း၏ ဒကာရင်းအဖြစ်နှင့် ဝေယျာဝစ္စ ဆောင်ရွက်ပေးနေရင်းမှ ဆရာတော်ကြီးများနှင့် စာချဆရာတော်များ၏ တောင်းဆို တာဝန် ပေးချက်အရ ညပိုင်းများတွင် တစ်ပတ်နှစ်ခါ သံဃာတော်များကို စာရေးနည်း သင်ကြားပို့ချပေး ရသည်။ ထိုသံဃာတော်များထဲမှပင် နောင်တွင် ရွှေဘိုမင်းသုခကဲ့သို့သော စာရေးသူများ ပေါ်ပေါက်လာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရ ပါသည်။

၁၉၉၅-၉၆ တွင် ကျွန်တော်သည် ဌာနဆိုင်ရာ အနေဖြင့် မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးအဖြစ် အင်းစိန်မှာ ရုံးထိုင်ရသောအခါ ရွာမပရိယတ္တိ စာသင်တိုက်ကိုပို၍ပင် အနီးကပ် တာဝန်ယူ ကူညီစောင့်ရှောက်နိုင်ခဲ့ပါသည်။ ထိုအချိန်တွင် နိုင်ငံတော်၏ ပံ့ပိုးကူညီလှူဒါန်းမှုဖြင့် သုံးထပ် သံဃာဆောင်ကြီးများ နှစ်ထပ်ဆွမ်းစား ဆောင် ကြီးများလည်း ပေါ်ပေါက်လာခဲ့ပါသည်။

စာသင်သား ရဟန်းသံဃာများနှင့်တကွ စာချ ဆရာတော်၊ တိုက်အုပ်ဆရာတော်များအတွက် ပြည့်စုံကောင်းမွန်စွာ သီတင်းသုံး၍ စာပေများ သင်ကြားပို့ချနိုင်ခွင့်ရသည်ကို ဂုဏ်ယူကြည်နူး မိပါသည်။

ရွာမပရိယတ္တိစာသင်တိုက်ကြီး ဆထက် ထမ်းပိုး ဖွံ့ဖြိုး တိုးတက်ပါစေ။ အခြေခံမှစ၍ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယစသည့် စာသင်တန်း များတွင် ထူးချွန်စွာ အောင်မြင်ကြပါစေ။ သာသနာ့ အာဇာနည်များ ထွက်ပေါ်ကြပါစေ။

ထိုစာသင်သားများမှပင် အဆင့်ဆင့်ကြီး မြင့်၍ စာချဆရာတော်များ၊ ကျမ်းပြုဆရာတော်




များ၊ ကျောင်းတိုက်များ၏ ပဓာန နာယက ဆရာတော်ကြီးများ ပရိယတ်၊ ပဋိပတ် သာသနာပြု ဆရာတော်ကြီးများ ဖြစ်ထွန်းပေါ်ပေါက်နိုင်ကြ ပါစေ။

ရွာမပရိယတ္တိ စာသင်တိုက်ရှိ ဆရာတော်ကြီး များ၊ စာချဆရာတော်များ၊ စာသင်သားများမှ အစပြု၍ ပရိယတ္တိသာသနာတော်ကို အပတ် တကုတ် ကြိုးပမ်းအားထုတ်တော်မူကြကုန်သော သံဃာတော် အရှင်မြတ်များအားလုံး ကိုယ် ကျန်းမာ စိတ်ချမ်းသာနှင့် ဗုဒ္ဓသာသနာ အဓွန့် ရှည်စွာ တည်တံ့ပြန့်ပွားအောင် ရွက်ဆောင်တော် မူနိုင်ကြပါစေ။

သံဃာ့ဂုဏ်ကို ရိုသေစွာကန်တော့လျက်. . .

♦ လယ်တွင်းသားစောချစ်




# ဒဝိဂ္ဂဥရေး

မိုးအချုပ်
သိုးအုပ်တွေ အိမ်ပြန်ကြ ---
ငှါမီးအိမ် မီးအညှိမှာ
မိုးမိခံရ။ ။

ချမ်းမင်းအိမ်


# စာဖတ်ကြစေချင်

ခင်ပန်နှင်း



စာမဖတ်ဖြစ်ကြတာ၊ အပြင်စာ မဖတ်ကြတာ အဲဒီအကြောင်းလေး မေတ္တာရပ်ခံ ခွင့်ပြုပါ။ အပြင်စာဆိုတာ ဖတ်စရာမဟုတ်ဟု အထင်ရောက်ကြသူတွေရှိသလို ဒီစာတွေ ဖတ်လို့ အတန်းအောင်မှာလား၊ ဘာအောင်လက်မှတ် ရမှာလဲ၊ အလုပ်ရမှာမို့လား၊ တွေးထင်ကြပါတယ်။ စာဖတ်တာပိုက်ဆံရမှာလားတဲ့၊ သင်တန်းတက်ရင် အောင်လက်မှတ်ရရင် အလုပ်ရဖို့လွယ်မယ်၊ ပိုက်ဆံရမယ်တဲ့၊ အဲ့ဒီလိုပြောတော့လည်း အမှတ်တမဲ့ဆိုရင် ဟုတ်သလိုပဲ၊ ဘဝမှာ ပညာတတ်ဖို့ အတန်းအောင်ဖို့ ဘွဲ့လက်မှတ်တွေ အောင်လက်မှတ်တွေရဖို့ တစ်ဘက်တည်းပဲ၊ အလုပ်ကောင်းကောင်းရဖို့ဆိုတာက ဘဝအောင်မြင်မှုအတွက် အဆုံးအဖြတ်ပဲလေ။

ဟုတ်ပါတယ်၊ ဘဝမှာ ဘွဲ့တွေအများကြီးရဖို့ မန်နေဂျာဖြစ်ဖို့ မန်နေဂျင်းဖြစ်ဖို့ လုပ်ငန်းရှင်ကြီးဖြစ်ဖို့ အလွန်အရေးကြီးပါတယ်။ ဒါဆိုရင် ဘဝမှာ အမိပွါယ်ရှိရှိ အရသာရှိရှိ ခံစားနေထိုင်ဖို့ကရော အရေးမကြီးဘူးလား။ အဝတ်ကောင်းကောင်းဝတ်နိုင်ဖို့ ဖိနပ်တို့ လက်ကိုင်အိတ်တို့ အကောင်းစားသုံးနိုင်ဖို့ ထိုမှတစ်ဆင့် အိမ်ကောင်း



ကောင်း ကားကောင်းကောင်းပေါ့နော်။ ဟုတ်ပါတယ်။အရေးကြီးပါတယ်။ဒါတွေဟာ အောင်လက်မှတ်တွေ ဘွဲ့လက်မှတ်တွေ ရာထူးတွေကြောင့် ရနိုင်တာ မှန်ပါတယ်။ အဲဒီမှာ အရေးကြီးဆုံးက ဘာလဲ။ ရုပ်ဝတ္ထုပစ္စည်း ပိုင်ဆိုင်မှုနဲ့ အောင်မြင်မှုတွေအပြင် Moral Courage-ခေါ်တဲ့ နှလုံးရည်သည် အရေးကြီးလှတယ်။ ပိုင်ဆိုင်မှုတွေ ဘယ်လောက်များများ နှလုံးရည်နှင့် မပြည့်စုံလျှင် လူသည် ကြမ်းရှနေတတ်တယ်။ ပတ်ဝန်းကျင်မှာ ထင်ပေါ် တောက်ပမှု နည်းပါးတတ်တယ်။ တစ်ခုခုကို ဆုံးဖြတ်ချက်ချမှတ်ရာမှာ လွဲချော်တတ်တယ်။ Poision Making ခေါ်ရမှာပေါ့။ အကျိုးသင့် အကြောင်းသင့် စွန့်စားရာမှာလည်း လိုအပ်တတ်တယ်။

လူကိုကြမ်းရှစေတာလည်း ခံစားချက်ပဲ။ လူကိုနူးညံ့သိမ်မွေ့စေတာလည်း ခံစား ချက်ပဲ။ အဲဒီခံစားချက်တွေကို စာဖတ်မှ တွေ့သိ နိုင်မယ်။ နောက်တစ်ခုက သိမှု Konowlage-ပေါ့။ ဒီကနေ့ခေတ်ကို Age of konowlage-လို့ခေါ်တယ်။သတင်းခေတ်၊ပညာခေတ်၊ နည်းပညာခေတ်။

စာမဖတ်ကြတာမှာ ဝမ်းနည်းစရာက ပညာတတ်တွေ အဆင့်မြင့်ပညာတတ်တွေပင် စာမဖတ်ကြတာပဲ။ အချို့ကတော့ ကိုယ့်လုပ်ငန်းနဲ့ပတ်သက်တဲ့စာပဲ ဖတ်တယ်။ အခြားစာမဖတ်။ အချို့က ဘာစာမှမဖတ်။ စာမဖတ်လိုက်ကြတာများ အံ့သြဖို့ပင်ကောင်းတယ်။ အရေးကြီးတာက လူငယ်တွေ အချို့စာဖတ်နည်းပါးကြတာပဲ။

အပြင်စာမဖတ်လို့ ကျောင်းစာမှာ တစ်ဖက် ကမ်းခတ် တော်နေတတ်နေလို့လား ဆိုလည်း ထားပါတော့ ကျောင်းကသင်တဲ့စာမှာလည်း ပေမီဒေါက်မီ မဟုတ်။ ဒါဆိုရင် ပြင်ပစာပေရော၊ ဘာမှ မဖတ်၊ ဘာအကြောင်း ပြောပြောမသိ၊ အကြောင်းပြချက်က 'အချိန်မရလို့ပါ' တဲ့၊ ပြင်ပပုဂ္ဂိုလ်တွေကတော့ တစ်မျိုး၊ စာအုပ်ဈေးနှုန်းဖတ်ခ ဈေးကြီးတာကို အကြောင်းပြကြတယ်။ လက်ဖက်ရည်ဆိုင်တော့ ထိုင်တတ်တယ်။ ဟိုတွက်ဒီတွက်တော့ လုပ်တတ်တယ်။ စာတော့ မဖတ်ဘူး။

ကျွန်မတို့ငယ်စဉ်ကဆိုရင် စာဖတ်ကြပါတယ်။ မြဝတီ၊ ရှုမဝ၊ သွေးသောက်၊ တက္ကသိုလ်ဘုန်းနိုင်၊ ဗန်းမော်တင်အောင်၊ အောင်လင်း၊ ခင်နှင်းယု၊ ခင်ဆွေဦးစသည်လူကြီးတွေဖတ်သမျှ အကုန်ဖတ်၊ ကိုယ့်ပတ်ဝန်းကျင်မှာလည်း စာဖတ်ကြသူချည်းပဲ။ သတင်းစာလည်း သတင်းစာမို့။ ငယ်ငယ်က ကာတွန်း၊ နေ့စဉ်သတင်းစာ၊ မဏ္ဍိုင်သတင်းစာ၊ ပြည်ထောင်စုသတင်းစာတွေ ဖတ်ခဲ့တာ။ အဲဒီတုန်းက မြင်းပွဲသတင်းပါ ဖတ်တယ်။ အမြဖတ်တယ်။ ဘာကြောင့်လဲဆိုတော့ မြင်းတွေ နာမည်က အရမ်းခေတ်ဆန်တာ။ ပြည်ထောင်စုသတင်းစာမှာဆိုရင် ဆရာဓူဝံရဲ့ "နယ်လီဝင်း" ဝတ္ထုကို စောင့်ဖတ်တာ။ ကြေးမုံသတင်းစာမှာ ကာတွန်းအောင်ရှိန်ရဲ့ 'ခင်'ကို စောင့်ဖတ်တာ။ အောင်လင်းရဲ့ အရိုင်းစပယ်ဝတ္ထုထွက်တော့ ကျွန်မဆယ်နှစ်သမီးပဲရှိသေးတယ်။ စားပွဲခုံနှစ်လုံး

အောက်ဝင်ပြီး မပြီးပြီးအောင်ဖတ်တာ၊ ထမင်းမေ့ဟင်းမေ့ လူကြီးတွေခေါ်လည်းပြန်မထူး။

နောက်ပြီး ကျွန်မတို့ ငယ်စဉ်က မိဘတွေက အင်္ဂလိပ်စာအခြေခံကောင်းအောင်ဆိုပြီး ခရစ်ယာန်ကျောင်းမှာ ထားတယ်။ ဒါပေမယ့် အဖွားတို့အဒေါ်တို့ ကျေးဇူးနဲ့ "သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြာဝဠာ"ကို ပရိနိဗ္ဗာန်ပြုခန်းအထိ အလွတ်ရတာ။ ဗုဒ္ဓဘာသာလက်စွဲ ပထမတွဲတို့ ဒုတိယတွဲတို့ကိုလည်း ဖတ်တာ၊ ကျောင်းမှာသင်ရလို့ မဟုတ်ဘူးနော်၊ ကိုယ့်ဘာသာကို ဖတ်တာ၊ မကောင်းမှုဟူသမျှကို မပြုခြင်း၊ ကုသိုလ်ကောင်းမှုနှင့်ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်း၊ ဤသုံးပါးသည် ဘုရားရှင်တို့၏ အဆုံးအမတည်းဆိုတာကို အဲဒီ ငယ်ငယ်ကလေးကတည်းက သိမှတ်ခဲ့ရတာ။

မှတ်မှတ်ရရ ရှစ်တန်းကျောင်းသူဘဝမှာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ "သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်ခိုင်"ထွက်တယ်။ လူကြီးတွေဖတ်သရွေ့လိုက်ဖတ်ပြီး လူကြီးတွေက အဲဒီဝတ္ထုကို အမြင်အမျိုးမျိုးနဲ့ ဆွေးနွေးကြတာကိုလည်း နားထောင်ခဲ့တယ်။

ပြင်ပစာပေ အပြင်စာ ဝတ္ထုတွေဖတ်တာကို အလိုလိုက်ခဲ့တဲ့ မိဘတွေရဲ့ ကျေးဇူးကြီးမားလှပါတယ်။

ဒီနေ့ အဲဒီလို ကျွန်မတို့ဖတ်သလို မဖတ်ကြတော့ဘူး၊ ဘယ်သူ့ကိုမဆို စာဖတ်စေချင်တယ်။ လူငယ်မှမဟုတ်ပါ၊ လူငယ်ရော လူကြီးရောအကုန်လုံးပေါ့၊ အချိန်မရလို့ အချိန်မပေးနိုင်လို့ဆိုတာ ခိုင်လုံတဲ့အကြောင်းပြချက်မဟုတ်ဘူး။ ကျွန်မနည်းနာလေးတစ်ခု အကြံပြုချင်တယ်၊ ပထမဦးဆုံးပေါ့နော်။ နေ့စဉ်ထုတ်သတင်းစာဖတ်ပါ။ စျေးလည်းသက်သာပြီး အစုံအလင်လည်းရှိနိုင်တာ သတင်းစာပါပဲ။ နာရေးမျှမက အခြားကြော်ငြာတွေက ခေတ်ကို ကြော်ငြာနေတယ်။ ကြော်ငြာများနှင့် သာရေး နာရေး လူမှုရေးကြော်ငြာတွေကို စေ့စေ့စပ်စပ် ဖတ်ရင်ပဲ တစ်ရက်ဖတ်ပြီး နောက်ရက်မှာမဖတ်ရ ရင်မနေနိုင်ဖြစ်လာမယ်၊ အဲဒီကနေ သတင်းတွေကို ဖတ်ပါ။ ဆောင်းပါးများဖတ်ပါ။ သတင်းစာသည် ဘယ်သူ့ကိုမဆို စွဲစေပါတယ်။ အဲဒီကနေ ဘယ်အဆင့်ကိုတိုးတက်ဖို့လိုလဲဆိုရင် ဂျာနယ်တစ်စောင်ဖတ်ပါ။ အထွေထွေသတင်းဂျာနယ်ပဲဖြစ်ဖြစ် မင်းသားမင်းသမီးအကြောင်းဂျာနယ်ပဲဖြစ်ဖြစ် "တစ်စောင်ဖတ်ပါ"။ အဲဒါလည်း သတင်းစာလိုပဲ တစ်ပတ်ဖတ်ပြီးရင် စွဲပြီ၊ သေချာတယ်။ တစ်ခုတော့မေတ္တာရပ်ခံချင်တယ်။ ဟိုလှန်ဒီလှန် လျှံဖတ်မလုပ်စေချင်ပါ။ အကုန်လုံးဖတ်ပါ၊ တစ်ခု မကျန်။ အဲဒီမှာ "သိခြင်း"ရဲ့အရသာကို ခံစားရပါမယ်။ အဲဒီကနေ မဂ္ဂဇင်းစာအုပ် လစဉ် ဖတ်ပါ။ ငှားဖတ်ဖတ် ဝယ်ဖတ်ဖတ် ဖတ်ပါ။ တစ်အုပ်တည်းက စ,ပါ။ တစ်လမှတစ်အုပ်ပါ။

ကဲ ---- မိတ်ဆွေ၊ သေချာပါတယ်၊ မိတ်ဆွေ စာအုပ်တွေကို ချစ်သွားပါမယ်။ အဲဒီကနေ စာအုပ်စင်ကဏ္ဍတို့ ကြော်ငြာတို့မှာပါတဲ့ စာအုပ်တွေကိုပါ ဖတ်ချင်လာမယ်။ သိတယ်ဆိုတာ ကောင်းတဲ့အလုပ်ပါ။ စာတွေကို ဖတ်ရင် သိသင့်တာတွေကို ဆက်ဆက်သိရမှာပါ။

ခင်ပန်နှင်း

❖ ❖ ❖




# တူပူးစို့ ဆရာ့ဂုဏ်

မြို့အင်းစိန် လွန်တင့်ဆန်းပါလို့
ပွင့်ပန်းတို့ ဝေခဲ့ပြီ၊
ကိုရင်ငယ်, မောင်ပဥ္စင်းတွေက
ဆောင်နှင်းကာ ပိဋကတ်ကျမ်းတွေနှင့်
အောင်ခြင်းမဟာ အသိဓာတ်ကျွမ်းစွာနဲ့
လျှမ်းတောက်ခဲ့ပြီ။
ငယ်-လတ်-ကြီး-စာချတန်းနှင့်
ရွှေကျမ်းမြတ်ဆောင်နိုင်ပြီ
အောင်တံခွန်မှီတဲ့ ပရိယတ္တိကျောင်းပါတကား။
အမှန်စရမှာဖြင့်
အရှင်နန္ဒဝံသ ဆရာတော်ဘုရား ဂုဏ်မို့
ထာဝရအစုံ လက်စုံပူးပါလို့
ဂါရဝအဖုံဖုံ ကျေးဇူးဂုဏ်အထူးကိုလ
ဂုဏပိသိဒ္ဓ မင်္ဂလာဦးတွေနဲ့
ဖူးကြစို့အများ။

တက္ကသိုလ်-ချစ်စိုးပိုင်




# သာသနာ့အာဇာနည် ဆရာတော်

ဒေါက်တာဖိုလ်သံမဏိ (တောင်တွင်းကြီး)

"အာဇာနည်"ဆိုသည်မှာ "အများအကျိုး အတွက် အများမလုပ်နိုင်သော အလုပ်ကို ကိုယ်ကျိုးစွန့်၍ သက်စွန့်ဆံဖျားကြိုးစားဆောင်ရွက်သူကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ "သာသနာ့အာဇာနည်" ဆိုသည်မှာ - "ဗုဒ္ဓသာသနာ အကျိုးအတွက် ကိုယ်ကျိုးစွန့်၍ ကြိုးပမ်းကြိုးစားဆောင်ရွက်သူ"ကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။

သို့ဆိုလျှင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ်၊ ရွာမနောက်ရပ်ကွက်၊ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ မထေရ်မြတ်ကို သာသနာ့အာဇာနည်ဟု ဘွဲ့ပေးရမည် ဖြစ်ပါသည်။

အကြောင်းမှာ ဆရာတော်ဘုရားသည် မြတ်ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် နှစ်ပေါင်း(၅၀၀၀) ကျော်လျှင် ကွယ်ပျောက်မည်။ ယခုဆိုလျှင် သာသနာနှစ် ၂၅၅၁-ခုနှစ်ခန့် ရှိပြီဖြစ်၍ သာသနာသက်တမ်း တစ်ဝက်ကျိုးလာပြီ ဖြစ်ပါသည်။ သာသနာ ကွယ်လျှင် ရှေးဦးစွာ အဘိဓမ္မပိဋကတ်တော်မှ စတင်၍အစဉ်အတိုင်း ကွယ်ပျောက်မည်။ ထိုအဘိဓမ္မာတွင်လည်း ၇-ကျမ်း ရှိသည့်အနက် ပဋ္ဌာန်းကျမ်းကြီးမှ စတင်၍ အစဉ် အတိုင်းကွယ်မည်။ နောက် အင်္ဂုတ္တရနိကာယ်၊ သံယုတ္တနိကာယ်၊ မဇ္ဈိမနိကာယ်၊ ဒီဃနိကာယ်၊ ဇာတက၊ ဝိနည်းပိဋကတ်တို့ အစဉ်အတိုင်း ကွယ်ပျောက်မည်ဖြစ်ကြောင်း ဗုဒ္ဓစာပေကျမ်းဂန်များအရ သိရှိတော်မူပါသည်။


ထို့ကြောင့် ဆရာတော်ဘုရားသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီး နောင်နှစ်ပေါင်း (၅၀၀၀)ကျော်မက တည်တံ့ပြန့်ပွား ထွန်းကား၍

နေလိုလလို ထွန်းလင်း တောက်ပရေးအတွက်-

"ငါတို့ဖြစ်ရ ဤလောကဝယ်၊
ဘဝသမိုင်း၊ မရှိုင်းစေရန်၊
စိတ်မာန်မချ၊ မာနမပါ၊
တို့စွမ်းရာဖြင့်၊ တို့သာသနာ၊
တို့ပြည်ရွာကို၊ သာယာစေမှု၊
လုံ့လပြုအံ့။"

ဆိုသည့် သီတဂူအဓိဋ္ဌာန်စိတ်ဓါတ်မျိုး ထား၍ "သာသနာ့ကိစ္စ တို့ကိစ္စ၊ သာသနာ့တာဝန် တို့တာ ဝန်၊ သာသနာ့အရေး တို့အရေး"ဆိုသည့် သာသနာစိတ်ဓာတ်ဖြင့် သာသနာပြုလုပ်ငန်းကို ဦးလည်မသုန် ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့အတွက် ဆရာတော်ဘုရားသည် လွန်ခဲ့သော ၁၉၇၀-ခုနှစ်က စ၍ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ရွာမပရိယတ္တိစာသင်တိုက်ကြီးကို တည်ထောင်ဖွင့်လှစ်တော်မူခဲ့ခြင်းဖြစ်ပါသည်။ စာသင်တိုက်ကြီးတစ်ခုဖွင့်လှစ်နိုင်ရေးမှာ အပြောလွယ်သလောက် အလုပ်ခက်ပါ သည်။ စာသင်တိုက်ကြီးတစ်ခု ဖြစ်မြောက်ရေးအတွက် စာချစာသင်သံဃာတော်များ ရှာဖွေခြင်း၊ သံဃာတော်များအတွက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ စာအုပ်စာတမ်း၊ စာသင်ကြားမှုအထောက်အကူပြု ပစ္စည်းများ နေ့စဉ်ပြည့်စုံအောင်စီစဉ်ဆောင်ရွက်ပေးရခြင်း၊ နယ်စုံမှ လာရောက်ပညာသင်ကြားကြသော ရဟန်းတော်များကို အေးချမ်းစွာ ပညာသင်ကြား နိုင်ရေးအတွက် စီမံအုပ်ချုပ်ဆောင်ရွက်တော်မူရခြင်း စသည့် အခက်အခဲပေါင်းများစွာကို ကျော်လွှား ဖြတ်သန်းရပါသည်။ ယခုလို စာသင်တိုက်ကြီးကို ပေါက်ရောက် အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးနိုင်ခြင်းမှာ ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ ပညာ၊ သိက္ခာနှင့် ရှေးကပြုလုပ်ခဲ့ဖူးသော သာသနာပြု ဘုန်းကံပါရမီပြည့်စုံမှုတို့ကြောင့်ပင်



ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ရွာမပရိယတ္တိစာသင်တိုက်ကြီးကို ဦးဆောင်ကာ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသနှင့်အတူ တွဲဖက်၍ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဗုဒ္ဓသာနာပြုလုပ်ငန်းဖြစ်သည့် ပရိယတ္တိစာပေ သင်ကြားပို့ချရေးလုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ထိုသာသနာပြုလုပ်ငန်းတွင် ဆရာတော်ဘုရားမှ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသည့် ပညာသင်ကြားရေးလုပ်ငန်းများတွင် ဆောင်ရွက်တော်မူခဲ့သည်။ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသမှ ပညာသင်ကြားရေး အထောက်အကူပြုလုပ်ငန်းများကို ကြိုးစားဆောင်ရွက်တော်မူခဲ့ပါသည်။

အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ကြီး အနေဖြင့် နိုင်ငံတော်အစိုးရမှ ကြီးမှူးပြုလုပ်သော ပါဠိပထမပြန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆို အောင်မြင်တော်မူခဲ့ကြသော (၁၉၇၀-ခုနှစ်မှ ၂၀၀၇-ခုနှစ် အထိ) စာအောင်သံဃာတော်များ စာရင်းချုပ်မှာ-

၁။ အဂ္ဂြေပြုမူလတန်း -၇၀၃-ပါး၊
၂။ ပထမငယ်တန်း -၈၉၀-ပါး၊
၃။ ပထမလတ်တန်း -၈၅၄-ပါး၊
၄။ ပထမကြီးတန်း -၆၅၉-ပါး၊
၅။ ဓမ္မာစရိယတန်း -၁၈၂-ပါး၊

စုစုပေါင်း (၃၂၈၈-ပါး)တို့ဖြစ်ကြပါသည်။

ထိုအထဲတွင် မြန်မာတစ်ပြည်လုံးအတိုင်းအတာဖြင့် အတန်းလိုက် ပထမ၊ ဒုတိယ၊ တတိယ ရှိရှိသော ဂုဏ်ထူးရှင် သာသနာ့အာဇာနည် ၁၇-ပါး ပေါ်ထွန်းလာခဲ့သည်။ ယခုအခါတွင် ဆရာတော်၏ တပည့်သံဃာတော်များသည် ဓမ္မာစရိယ၊ သကျသီဟ၊ တိပိဋကစသော မြန်မာနိုင်ငံရှိ ထင်ရှားသောစာမေးပွဲ အသီးသီး၌ လည်း အဆင့်အတန်းမြင့်မြင့်ဖြင့် နေရာ ယူနိုင်ခဲ့သလို ပထမပြန်လောက၏ သရဖူဖြစ်သော ပထမကျော်ဘွဲ့ကိုပင် နှစ်ကြိမ်ဆွတ်ခူးအောင်မြင် ရရှိခဲ့ပါသည်။ ယနေ့ မြန်မာနိုင်ငံတော်တွင် ပိဋကတ်သုံးပုံ (ရေးဖြေ+နှုတ်ဖြေ) အောင်မြင်တော်မူခဲ့သောဆရာတော်အရှင်သီလက္ခန္ဓသည် ရွှာမပရိယတ္တိစာသင်တိုက်တွင်ပညာရည်နို့သောက်စို့ခဲ့သော ဆရာတော်တစ်ပါး ဖြစ်ပါသည်။ ဤသည်မှ ဆရာကောင်းတပည့် ပန်းကောင်းပန်နိုင်ခြင်း ဖြစ်ပါသည်။

ထို့ပြင် ရွှာမပရိယတ္တိစာသင်တိုက်ကြီးတွင် ဗုဒ္ဓသာသနာကွယ်ပျောက်လျှင် ပဋ္ဌာန်းကျမ်းကြီးမှ စတင်ကွယ်ပျောက်မည်ဖြစ်၍ သာသနာမကွယ်ပျောက်ရေးအတွက်(ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်လတ်ဓာတုကထာ)ဆိုသည့် ဗုဒ္ဓစာပေလောကတွင် ခက်ခဲနက်နဲသော အဘိဓမ္မာပဋ္ဌာန်းကျမ်းကြီးကို တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ ဦးဆောင်သင်ကြားမှုဖြင့် နွေရာသီယမိုက်+ပဋ္ဌာန်း အထူးသင်တန်းကြီးကို နွေရာသီကျောင်းပိတ်ရက်ရောက်တိုင်း မြန်မာနိုင်ငံအနှံ့ အပြားရှိ စာချစာသင် သံဃာတော်များကို ခေါ်ယူသင်တန်းပို့ချပေးခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၁၆-ကြိမ်မြောက် ရှိသွားပြီဖြစ်ပါသည်။ နွေရာသီယမိုက်+ပဋ္ဌာန်းအထူးသင်တန်းကြီးကို (၁၉၇၁-ခုနှစ်မှ ၂၀၀၇-ခုနှစ်အထိ အကြိမ်ပေါင်း ၁၆-ကြိမ်သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့ရာ တက်ရောက်ခဲ့ကြသော ရဟန်းသံဃာတော်များ ဦးရေ စာရင်းချုပ်မှာ ၉၃၂၂-ပါး ရှိကြောင်းမှတ်သားသိရှိရပါသည်။

ထို့ပြင် ဆရာတော်ဘုရားသည် ပထမအကြိမ်၊ ဒုတိယအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းအသီးသီးတွင်လည်း နိုင်ငံတော်သီးခြားဝိနည်းခိုရုံမြို့နယ် သံဃနာယကအဖွဲ့၏ ဩဝါဒါစရိယ၊ အင်းစိန် မြို့သစ် ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့ အင်းစိန် ပြည်သူ့ဆေးရုံ သံဃာဆေးကုဆောင်အဖွဲ့ အင်းစိန် စိန်ရတနာနာရေးကူညီမှုအသင်း အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ အမှတ်(၇၇)တို့၏ ဩဝါဒါစရိယ၊ အင်းစိန်မြို့ နယ်လုံးဆိုင်ရာ ဝိနယာဓိကပရိယတ္တိသာသနာ ပြုအသင်းကြီးကို စတင်တည်ထောင်ခဲ့သော အာဒိကမ္မိကပဓာနနာယက အင်းစိန်မြို့နယ်လုံး ဆိုင်ရာ သုဓမ္မာဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ဆရာတော် ပခုက္ကူ မြို့ မဟာဝိသုတာ-ရာမိကဂဏဝိနာယကတာဝန် များကိုလည်းထမ်းဆောင်လျက် ရှိပါသည်။

ထို့ပြင် သာသနိကအဆောက်အအုံဟောင်းများကို ပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်း၊ လမ်းတံတားများ ဆောက်လုပ်ပြုပြင်ခြင်း၊ ကျောင်းတွင် နွေရာသီ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်၍ စာမေးပွဲအောင်သော ကျောင်းသား၊ ကျောင်းသူများကို နှစ်စဉ်ဆုပေးခြင်း၊ ဆင်းရဲချို့တဲ့သူများအား ပညာရေးထောက်ပံ့ခြင်း၊ ပညာတော်

သူများကို ဂုဏ်ပြုချီးမြှောက်ခြင်း၊ တစ်နှစ်လျှင် ရှင်အပါး(၁၀၀)ဖြင့် (၅)နှစ်တိုင်တိုင် ဒုလ္လဘရဟန်းခံပွဲများ ပြုလုပ်ခြင်း စသည့် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးများကိုလည်း ဆောင်ရွက်တော်မူခဲ့ပါသည်။


ဆရာတော်ဘုရားကို ၁၂၈၁-ခုနှစ်တွင် ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ ယခုလှိုင်သာယာမြို့နယ်၊ ပဒံကျေးရွာတွင် ခမည်းတော် ဦးဖိုးကြွယ်၊ မယ်တော် ဒေါ်ချစ်တို့မှ မွေးဖွားသန့်စင်ခဲ့၍ ၁၂၉၁-ခုနှစ်၊ ၁၀-နှစ်သား အရွယ်တွင် ရှင်သာမဏေပြုခဲ့ပါသည်။ နောက်၁၃၀၀-ပြည့်နှစ်တွင် ရဟန်းအဖြစ် သို့ရောက်ရှိခဲ့၍ ယခုဆိုလျှင် သက်တော် ၈၈-နှစ်၊ ဝါတော် ၆၉-ဝါခန့်ရှိပြီးဖြစ်ပါသည်။ ဆရာတော်ဘုရား၏လူ့ဘဝတစ်သက်တာတွင် ဗုဒ္ဓသာသနာ တော်ကြီး နှစ် ပေါင်း ၅၀၀၀-ကျော်မက တည်တံ့ ခိုင်မြဲပြန့်ပွားရေး တစ်ဘဝသာသနာအတွက် မဆုတ်မနစ်သော ဇွဲလုံ့လ၊ ဝီရိယ၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာအားဖြင့် ကြိုးစားအားထုတ်ဆောင် ရွက်တော်မူခဲ့သောကြောင့် ရွာမပရိယတ္တိစာသင် တိုက်ကြီးသည်ရှေးယခင်ကနှင့် မတူဘဲ သာသနိက အဆောက်အဦများ တိုးပွားစည်ပင်လာခြင်း၊ ဘုရားစေတီများ သပ္ပါယ်ကြည်ညိုဖွယ် ဖြစ်လာခြင်း၊ စာသင်တိုက်ခွဲများ တိုးပွားလာခြင်း စသည်ဖြင့် ကျောင်း၏ ရုပ်ပိုင်းစိတ်ပိုင်း အရေအတွက် အရည်အချင်းများ အားလုံးတိုးတက်မြင့်မား ထွန်းကားလာခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။

ထို့ကြောင့် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓနနာယကဆရာတော်ဘဒ္ဒန္တနန္ဒဝံသကို လောကသာသနာနှစ်ဖြာသောအကျိုးကို သည်ပိုးဆောင်ရွက်တော်မူသော လဇ္ဇီပေသလ၊ သိက္ခာကာမ၊ ဝိနယကုက္ကုစ္စ၊ ဝိနယဂရုက၊ ပရိယတ္တိမာမက စသည့် ဂုဏ်နှင့် ပြည့်စုံတော်မူ သောကြောင့် ၁၃၅၇(၁၉၉၆)ခုနှစ်က ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ် လှူဒါန်းတော်မူခြင်း၊ ထို့နောက် ၁၃၆၉(၂၀၀၇)ခုနှစ်တွင် "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းတော်မူခြင်းနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဩဝါဒါစရိယဆရာတော်အဖြစ် ရွေးချယ်တင်မြှောက် အပူဇော်ခံယူတော်မူခြင်းငှာ "အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီးမှ သာသနာ့အာဇာနည်"ဆရာတော်ဘုရားကြီးကို "ပူဇာစ ပူဇနေယျာနံ။ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်"ဆိုသည့် ဗုဒ္ဓဘုရားရှင်၏ မင်္ဂလာတရားတော်နှင့်အညီ ထိုက်ထိုက်တန်တန် ဂုဏ်ပြုပူဇော်ခြင်းဖြစ်ပါ၍ ကြားရသူ ဗုဒ္ဓနွယ်ဝင် သူတော်စင်အပေါင်းတို့မှာ များစွာနှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုအပ်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရေးသားပူဇော်လိုက်ရပါသည်။

"သတ္တဝါဝေနေယျအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေ"

ဒေါက်တာပိုလ်သံမဏိ
(တောင်တွင်းကြီး)

# မြှုံးမိတဲ့ငါး



- သံသရာဆိုတာ "သာဂရ"တစ်ပါးပေမို့၊
မာရ်တဏှာကိုသာ"ပမာန"ထားလိုက်ပါတော့၊
ဘဝအမှားခင်တဲ့ ဤလူ့ဘုံ။

- တစ်လောကမှာတော့
ပြောမပြချင်ဘူး၊

သဘောမကျစရာ အထွေထွေနဲ့၊
ဒေါမနဿပွားကာ လူ့ပြည်တစ်ခွင်နှိုက်၊
"သူ့ချည်ခင် အမယ်ဘုတ်"လိုပ၊
အရေးမဟုတ်တာတွေကိုနှော် ကွယ်၊
အဆွေးသရုပ်တွေနဲ့
အတွေးထုတ်ထုတ်ပြီး
အရေးလုပ်ပြန်ကြ, ထွေးရှုပ်လို့ကြုံ။

- "လုဇ္ဇတိ ပလုဇ္ဇတိလောကော"ဆိုတာ
အဟုတ်ရှိတာ သရုပ်မမိတဲ့သဘောရယ်ကြောင့်
လှုပ်စိလှုပ်စိနဲ့ မျောနေကြ၊
သဘောမမှန်
"လောကမံ"လှိုင်းဂယက်တွေက
သိုင်းကွက်ထ,ပါလို့ ရစ်ဝိုက်အုံ၊
ဖြစ်ခိုက်ကြုံနေတဲ့ လူအများ။

- ထားအပ်ပေ
စား, ဝတ်, နေ သည့်အရေးတွေကြောင့်
တွေးလိုက်လျှင် အမှုကရှုပ်လိုက်ပါဘိ၊
လူ့ဘဝသရုပ်ကို အနုအလှလုပ်ကြပြန်တော့
သမုဒယအရှုပ်ကိုသုခအဟုတ်ထင်နေပြန်လို့
"အပင်တွေသန်" "မီးတွေပွား"ကြသော်လဲ၊
မမြင်လေဟန် ခရီးရှည်သွားကြတုန်းပါဘဲ၊
ပြုံးစိစိစကားတွေကိုနှော်ကွယ်
ဖုံးဖိဖိ မတားနိုင်လို့
နှလုံးမမိတဲ့ တရားရယ်ကြောင့်
အဆုံးမရှိတဲ့ အမှားတွေနဲ့၊
တို့တတွေမှာတော့၊
အချစ်ဆုံးရယ် "မြှုံးမိတဲ့ . . . ငါး . . ."

**မောင်ခက်** (ရွှေစက်တော်)



# စိုးရိမ်းခြင်းမှ ကင်းဝေးပါစေ

ဦးဇောတိက (ဓမ္မာစရိယ - M-A)

၁၃၆၉-ခုနှစ်၊ နယုန်လပြည့်ကျော်(၈)ရက်နေ့မှစတင်၍ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်တွင် တိုက်အုပ်ဆရာတော်ဘုရားကြီး၏ ချီးမြှောက်မှုဖြင့်နေထိုင်ရပြီး စာချဆရာများအား "အခြေခံအင်္ဂလိပ်စာ သင်တန်း" ပေးခွင့်ရခဲ့ပါသည်။

ရွာမစာသင်တိုက် မရောက်မီက ပဓာနနာယကဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့သည် သက်တူရွယ်တူ စာသင်ဘက် မိတ်ဆွေသူငယ်ချင်းများ ဖြစ်ကြမည်။ စိတ်တူ ကိုယ်တူတိုင်ပင်၍ စာသင်တိုက် ဖွင့်ကြတာဖြစ်မည်-ဟုစဉ်းစားခဲ့ဘူးသည်။ အဘယ်ကြောင့် ဆိုသော်ရွာမစာသင်တိုက်၏တစ်နေ့တစ်ခြား တိုးတက်ကြီးပွားအောင်မြင်လာသည့် ဂုဏ်သတင်းကြောင့် ဟုဆိုရပါမည်၊ကြီးပွားခြင်းသည် ညီညွတ်ခြင်းကြောင့်ညီညွတ်ခြင်းသည် စိတ်တူကိုယ်တူ တက်ညီလက်ညီ လုပ်ဆောင်ကြသောကြောင့်ဖြစ်သည်။ တက်ညီလက်ညီ လုပ်ခြင်းသည် သူ့အကြောင်းကိုယ့်အကြောင်း သိခဲ့ဖူးသောကြောင့်ဖြစ်သည်ဟုစဉ်းစား၍ထင်ခဲ့၏။

သို့သော် အထင်နှင့်အမြင်က တစ်ခြားစီ ဖြစ်ခဲ့သည်။ ဆရာတော်ကြီးနှစ်ပါးသည် သိက္ခာ(ဝါ)တော် (၂၀) တောင်ကွာသည်။ သက်တော်(၇၀)အရွယ်နှင့်၊ (၉၀)အရွယ်တို့ဖြစ်ကြသည်။ အတူနေငယ်သူငယ်ချင်း မဟုတ်သည့်အပြင် ငယ်မိတ်ဆွေများလည်း မဟုတ်ကြ, ဆရာတပည့်လည်း မဖြစ်ခဲ့ကြပါ။ သဒ္ဓါတူ, ရည်ရွယ်ချက်တူ, ဝီရိယတူများပေါင်းစပ်မိကြခြင်းသာ ဖြစ်သည်။

ဆရာတော်ကြီးနှစ်ပါးလုံးကို လက်တွေ့မဖူးမြင်မီကပင် ဆရာတော်တို့၏ ဂုဏ်သတင်းဖြင့်ကြည်ညိုနေမိသည်၊ အမြင်ကိုယ်တွေ့ အတူနေထိုင်ရသောအခါ အဝေးကအကြားထက်ပင် ပို၍ကြည်ညိုလေးစားရပါသည်။ ပရိယတ်ရော,

ပဋိပတ်-ပါ စွယ်စုံရ ဆရာတော်ကြီးများဖြစ်သည်။ နှစ်ပါးစလုံး တာဒိဂုဏ်နှင့်ပြည့်စုံ ကြပါသည်။ "အော်- ပရိယတ္တိမျက်နှာဖုံးစွပ်ထားတဲ့ ပဋိပတ် ဆရာတော်ကြီးများပါလား ဆိုင်းဘုတ်မတင် ကြော်ငြာမကမ်း တကယ်တမ်း နိဗ္ဗာန်နန်းကို တက်လှမ်းနေတဲ့ ဆရာတော်ကြီးများပါလား "ဟု စိတ်ထဲမှာ အံ့ဩလေးစားမှု အတွေးများ တစ်ထွေး ကြီး ဖြစ်ပေါ်လာခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ စာရေးသူအတွက် ရွာမ စာသင်တိုက်သို့ တခဏတာနေခွင့်ရလိုက်ခြင်း သည် တစ်ဘဝစာမက အကျိုးကျေးဇူးတရား များစွာ ရခဲ့ပါသည်။ ကြည်ညိုစရာ, လေးစားစရာ, အတုယူစရာ, အားကျစရာ, နှစ်သက်စရာ, စံပြု စရာ, ဂုဏ်ယူစရာများဖြင့် စာရေးသူအတွက် အောက်မေ့သတိရဖွယ်ရာ ရက်ထူးရက်မြတ် မမေ့ ရက်စရာများ ဖြစ်ခဲ့သည်။ သွားလေရာ,ရောက်လေ ရာ အရပ်တိုင်းမှာ ရွာမပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးနှစ်ပါး၏ မေတ္တာကွန်ယက်အောက် တွင် ငြိမ်းချမ်းစွာ ပရိယတ် ပဋိပတ်လုပ်ငန်းများကို ကြိုးစားအားထုတ်လျက် ရှိကြသည့်တပည့်များ၏ ပုံရိပ်ကို စွဲထင်နေမည်သာဖြစ်သည်။

## လိပ်ခဲတင်းတင်း ဖြစ်နေသော မြန်မာဘုန်းတော်ကြီး ပညာရေး


တစ်ခုသော ည(၁၀)နာရီ သင်တန်းအပြီး တွင် စာချဆရာတော်လေး ဦးဝိသိဋ္ဌ-က စာရွက် သုံးရွက်စီ စာရေးသူနှင့် အခြားစာချဘုန်းကြီး လေးများအား ဝေ၍ လျှောက်ထားလာသည်။

"ဒီနှစ် ဒီဇင်ဘာလလောက်မှာ တပည့်တော် တို့ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ရဲ့ မဟာ နာယကဆရာတော်ကြီးကို"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ- ဇောတိက" ဘွဲ့တံဆိပ်တော်ဂုဏ်ပြုပွဲ ကျင်းပမှာ ဖြစ်ပါတယ်၊ အထိမ်းအမှတ်အနေနဲ့ စာစောင် လည်း ထုတ်ဝေဖို့ ဆုံးဖြတ်ထားတယ်၊ အဲဒါ စာရေး ဝါသနာပါသည့် သံဃာတော်များ စက်တင်ဘာ (၁၅)ရက်နေ့ နောက်ဆုံးထားပြီး ရေးသားပေးပို့ နိုင်ပါတယ်" ။

စာရေးသူက " ဦးဝိသိဋ္ဌ၏ လျှောက်ထား ချက်ကို ကြိုဆိုပါကြောင်းနှင့် အခွင့်ရတုန်း ပူဇော် ခွင့်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း" ပြောကြားခဲ့ပါသည်။

သို့သော် စာရေးသူ ရွာမပရိယတ္တိစာသင် တိုက်နေစဉ် မရေးဖြစ်ခဲ့ပါ၊ ရန်ကင်းတောင် ပြန် ရောက်မှ ရေးဖြစ်ခဲ့သည်၊ ဤဆောင်းပါးကို ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက် ရွှေရတုစာစောင် တွေရေးသားခဲ့သည့်**"လိပ်ခဲတင်းတင်းဖြစ်နေသော မြန်မာဘုန်းတော်ကြီးပညာရေး"** ဆောင်းပါး၏ အဆက်အနေဖြင့် ဖတ်ရှုပါရန် ကြိုတင်အကြံ ပြုပါသည်။

ယနေ့ မျက်မှောက်ခေတ်စာသင်သားများ သည် ပညာရေးအခန်းကဏ္ဍတွင် ပါဠိ/မြန်မာ အပြင် ဘာသန္တရကိုပါ စိတ်ဝင်စားလာကြကြောင်း တွေ့ရှိရပေမည်။ ဘာသန္တရကိုသင်ကြဖို့ အထူး တလည် တိုက်တွန်းရန်မလိုသည့် အခြေအနေသို့ ရောက်ရှိလာပြီဟု ဆိုနိုင်သည်။ အထူးအားဖြင့် ဆရာအပိုင်းမှ သဘောထားပြောင်းသွားသည်ဟု




ဆိုရပါသည်။ တပည့်များအနေဖြင့် ဘာသန္တရကို အတိုင်းအတာ တစ်ခုအထိ သင်ယူလိုသည့် စိတ်ဆန္ဒအားသန်နေကြသော်လည်း ဆရာများအပိုင်းမှ ခွင့်ပြုမှုမရှိလျှင်လေ့လာနိုင်မှု အားနည်းသွားနိုင်သည်။

သို့သော် အနည်းငယ်မျှသော ဆရာများနှင့် ဒကာများမှာ ဘာသန္တရသင်ယူမှုအပေါ် သဘောကျဟန်မရှိသည်ကိုလည်း တွေ့ရသည်။ စာရေးသူတို့ ရန်ကင်းတောင်တွင် "အင်္ဂလိပ်စာပေ" တတ်ကျွမ်းလာစေရန်-ဟူသော ရည်ရွယ်ချက်ဖြင့် "ပရိယတ္တိသဒ္ဓမ္မမာမကစာမေးပွဲ" ကို ၂၀၀၁-ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပပေးနေပါသည်။ အတန်းအလိုက်ပြဋ္ဌာန်းထားသည့် ပါဠိ/မြန်မာ ဘာသာရပ်အပြင် အင်္ဂလိပ်စာကို ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းပေးလိုက်ခြင်းဖြစ်ပါသည်။

ထိုစာမေးပွဲနှင့်ပတ်သက်၍ စာနယ်ဇင်းသမားများနှင့် တွေ့ဆုံရှင်းလင်းပွဲတစ်ခုကို ၂၀၀၆-ခုနှစ် နှစ်ဦးပိုင်းက ပြုလုပ်ခဲ့သည်။ ယင်းပွဲတွင် စာနယ်ဇင်းသမားတစ်ယောက်ဤသို့ဆိုလာသည်၊

"အရှင်ဘုရား အင်္ဂလိပ်စာတွေ သာသနာ့ဝန်ထမ်းများအားသင်ပေးတော့ လူဝတ်လဲသွားမှာကို မစိုးရိမ်မိဘူးလားဘုရား"

"ဒီမေးခွန်းက အကြိမ်ကြိမ်အမေးခံရတဲ့ မေးခွန်းပါ၊ မေးလည်းမေးထိုက်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ အင်္ဂလိပ်စာတတ်ရင် ရှေးက လူထွက်ကြတယ်လေ၊ အခု ကမ္ဘာအေး သာသနာရေးဌာနမှာလူထွက်တွေ နှစ်ဖက်လှတွေ များတယ်" ဒီလိုဖြေလိုက်စဉ် ပရိသတ်က--ဟဲ, ဟဲ, ဟဲ, ဟု ရယ်ကြသည်။

"ဘုန်းကြီးစာသင်တိုက် တည်ထောင်စ ၁၉၉၀-ပြည့်နှစ်ကစပြီး ဒီမေးခွန်းကို အမေးခံခဲ့ရတာပါ၊ အဲဒီအချိန်က လူထွက်တာဟာ အင်္ဂလိပ်စာတတ်မှု မတတ်မှုနဲ့ မဆိုင်ပါဘူး၊ ပါရမီနဲ့ဆိုင်တယ်၊ လက်ရှိအခြေအနေလည်း ထွက်နေကြတာပဲ၊ အင်္ဂလိပ်စာတတ်သည်ဖြစ်စေ/ မတတ်သည်ဖြစ်စေ ပါရမီမရှိရင် သာသနာ့ဘောင်မှာ မနေနိုင်ဘူး၊ ထွက်မှာပါပဲ"လို့ပြောခဲ့သည်။

"နောက်ပြီး ပါဠိ/မြန်မာ နှစ်ဘာသာ တတ်ပြီး လူထွက်တာနဲ့ ပါဠိ/မြန်မာ/အင်္ဂလိပ်သုံးဘာသာ တတ်ပြီး လူထွက်တာ ဘယ်ဟာက လူထုကို ပိုပြီး ကျေးဇူးပြုနိုင်သလဲ"ဤသို့ စာရေးသူက စာနယ်ဇင်းသမားကို ပြန်ပြီး မေးလိုက်သည်။ ထိုအခါ -

"မှန်လှပါဘုရား သဘောပေါက်ပါပြီ အင်္ဂလိပ်စာ သင်သင့်ပါတယ်" ဟု ပြန်လည်ဖြေကြားဖူးပါသည်။

စာရေးသူတို့ စာသင်တိုက်တွင် အင်္ဂလိပ်စာ သင်ကြားလာသည်မှာ (၁၈)နှစ်ကျော် ရှိပေပြီဤကဲ့သို့မေးခွန်းမျိုးကို ဖြေရသည်မှာ မရေတွက်နိုင်အောင် များလှပြီ။

စာရေးသူအနေဖြင့် မေးခွန်းထုတ်လာသူအားလုံးကို ပြန်၍မေးခွန်းထုတ်ခဲ့သည်။

"လူထွက်တာဟာ အပြစ်ရှိသလား"ဟူ၍ပင် ဖြစ်၏။ သည်တော့ --

"လူထွက်တာအပြစ်မရှိပါ။ လူထွက်သွားတော့ နှမျှောတာပေါ့ ဘုရား" လျှောက်ထားလာကြပြန်သည်။

လူထွက်နဲ့မှုနဲ့ပတ်သက်ပြီး စာရေးသူ တင်ပြချင်သေးသည်။

၁။ အပြစ်တစ်စုံတစ်ရာမရှိဘဲ လူထွက်ခြင်းကို "ဝိဗ္ဘမ"ဟုခေါ်ပါသည်။

၂။ အပြစ်တစ်စုံတစ်ရာရှိ၍လူထွက်ခြင်းကို "ပရိသုဒ္ဓ"ဟု ခေါ်သည်။ မိမိဘဝကို စင်ကြယ်အောင် လုပ်ခြင်းဟုလည်း ခေါ်ပါသည်။

သီလကို စင်ကြယ်အောင်မထိန်းနိုင်ဘဲ တစ်စုံတစ်ရာအပြစ်ဖြင့် သာသနာ့ဘောင်တွင် နေမည့်အစား လူဘဝဖြင့်ပင်နေသည်က အကျိုးကြီးနိုင်သည်။ ဈာန်မဂ်ဖိုလ်ကို ရနိုင်ချေ ရှိသည်။

ဒကာ ဒကာမများအနေဖြင့် လူထွက်ခြင်းကို အပြစ်မမြင်သင့်ကြပေ။ မနေလိုသည့်ပုဂ္ဂိုလ်ကိုလည်း သာသနာတွင်း ဆက်လက် နေထိုင်ရန် ဇွတ်မတိုက်တွန်းသင့်ပေ။ မည်သည့်ဘဝရောက်သည်ဖြစ်စေ၊ ဘဝစင်ကြယ်မှုက အရေးကြီးပါသည်။ လူထွက်ခြင်းကို အပြစ်ဟု မမြင်လျှင် လူထွက်သည့်ကိစ္စအတွက် စိုးရိမ်မှုကင်းသွားပါသည်။

လက်ရှိဖြစ်ပေါ်နေသော အမြင်အရဆိုလျှင် သံဃာတော်များကို အင်္ဂလိပ်စာသင်ပေး လိုက်သောအားဖြင့် သံဃာတော်များ လူမထွက်ကြသည့်အပြင် လူဝတ်ကြောင်များ သာသနာတော်အတွင်း ရောက်လာသည်ကိုတွေ့ရသည်။ အဘယ့်ကြောင့်ဆိုသော် မျက်မှောက်ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အလျောက် လောကီလောကုတ္တရာ နှစ်ဘက်လုံးများအပေါ် အရပ်ဝတ်များ အားကျလာကြောင်း တွေ့မြင်ရမည် ဖြစ်သည်။

မြန်မာနိုင်ငံရှိစာသင်တိုက်များတွင် ဆယ်တန်းအောင်ဘွဲ့ရပညာတတ်စာသင်သားများ တစ်နေ့တစ်ခြားတိုးပွားလာသည်။ စာရေးသူတို့ စာသင်တိုက်ဆိုလျှင် ဆယ်တန်းအောင် ဘွဲ့ရ ခေတ်ပညာတတ်လူငယ်များ နှစ်စဉ်တိုးပွားလျက်ရှိသည်။ ထိုအခြေအနေကြောင့် အင်္ဂလိပ်စာသင်ယူကြသည့် သံဃာများအပေါ် လူဝတ်ကြောင်ဖြစ်သွားမည်ဟူသော စိုးရိမ်စိတ်များကင်းဝေးကြဖို့ ထပ်မံတိုက်တွန်းချင်ပါသည်။

ပါဠိ/မြန်မာ နှစ်ဘာသာတတ်ပြီး

လူထွက်တာနဲ့

ပါဠိ/မြန်မာ/အင်္ဂလိပ်သုံးဘာသာ တတ်ပြီး

လူထွက်တာ

ဘယ်ဟာက လူထုကို

ပိုပြီး ကျေးဇူးပြုနိုင်သလဲ

စာနယ်ဇင်းသမားတစ်ယောက်က မေးခွန်းတစ်ခုထပ်မေးလာပြန်သည်၊ "အရှင်ဘုရား တပည့်တော်တို့ မြန်မာပြည် ဘုန်းတော်ကြီးများ ဘာသန္တရစာပေ အင်္ဂလိပ်စာတွေ လေ့လာမှုများလာရင် သီဟိုဠ်နိုင်ငံဘုန်းတော်ကြီးတွေလို ဖြစ်ကုန်မှာစိုးရိမ်ရတယ်၊ အဲဒီကိစ္စအတွက် အရှင်ဘုရား မစိုးရိမ်ဘူးလားဘုရား"

"မစိုးရိမ်ဘူး ဒါကာကြီး၊ သီဟိုဠ်ဘုန်းတော်ကြီးပညာရေးကို ဘုန်းကြီးကိုယ်တိုင်လေ့လာခဲ့ဖူးပါတယ်မြန်မာနိုင်ငံ ဘုန်းတော်ကြီးပညာရေးဟာ သီဟိုဠ်နိုင်ငံနဲ့ မတူပါဘူး၊ မြန်မာနိုင်ငံဘုန်းတော်ကြီးပညာရေးဟာ လာခြင်းကောင်းတယ်လို့ ပြောလို့ရတယ်၊ ဘယ်လိုလာခြင်းကောင်းသလဲဆိုရင် အစကတည်းက လူထုပညာရေးဖြစ်တဲ့ လောကီပညာရေးနှင့် ဘုန်းကြီးပညာရေးဟာ မရောယှက်ခဲ့ပါဘူး၊ ဘုန်းကြီးစာသင်ကျောင်းက တစ်ခြား လူထုစာသင်ကျောင်းက တစ်ခြား ဖြစ်တယ်၊ တက္ကသိုလ် ပညာရေးကြတော့လည်း တစ်ခြားစီလေ၊ သီဟိုဠ်ဘုန်းတော်ကြီးပညာရေး က အစကတည်းက လူထုပညာရေးနှင့် ရောတက်သင်ယူရတာတက္ကသိုလ်အထိပဲ၊ အစိုးရတက္ကသိုလ်တွေမှာ ကျောင်းသားဘော်ဒါဆောင်, ကျောင်းသူဘော်ဒါဆောင်တွေရှိသလို ဘုန်းကြီးဘော်ဒါဆောင်တွေလည်းရှိရပါတယ်၊ ဘာသာရပ်ကလည်း လူတွေနဲ့ တန်းတူ သင်ရပါတယ်၊ ဒါကြောင့် သီရိလင်္ကာ(သီဟိုဠ်)မှာ အဘိဓမ္မာ စောစောကွယ်ခဲ့ရတယ်၊ ဝိနည်းကျတော့လည်း အားနည်းလာတာကို တွေ့ရတယ်၊ ဘွဲ့ရပြီးဘုန်းတော်ကြီးများဟာ အစိုးရလခ စားများဖြစ်ကြတယ်၊ စီးပွားရေးဘက်ကိုလည်း ယိုင်သွားတာတွေ့ရတယ်၊ မြန်မာနိုင်ငံက ယနေ့ခေတ်အထိ ထေရဝါဒစာပေ ကျွမ်းကျင်ရာမှာ သူမတူအောင် ရှိနေသေးပါတယ်၊ အခုလိုပဲ လောကီတစ်ခြား , လောကုတ္တရာတစ်ခြားစီ သင်ကြားနေသရွေ့ သီဟိုဠ်နိုင်ငံလို မဖြစ်နိုင်ပါဘူး၊ ဘာသန္တရစာပေ အင်္ဂလိပ်စာသင်ယူတာဟာ လောကီစာပေ မဟုတ်ပါဘူး၊ တရားဓမ္မကို စကားဖလှယ်ပြီး ကမ္ဘာသူ ကမ္ဘာသား တွေကို ပြောနိုင်အောင် အများသုံးဘာသာစကားတစ်ရပ်ကို သင်ကြားခြင်းဖြစ်ပါတယ်၊

> သီဟိုဠ်နိုင်ငံမှာ လောကုတ္တရာအားနည်းသွားရတဲ့ အကြောင်းအရင်းကတော့ ဘုန်းတော်ကြီးများကို ဘာသာရပ်တူ့, ကျောင်းတူ့, အခွင့်ရေးတူတွေ ပေးလိုက်လို့ပဲ၊ အင်္ဂလိပ်စာသင်လို့ လောကုတ္တရာဘက် အားနည်းသွားတာမဟုတ်ပါဘူး၊ ဒါကြောင့် မြန်မာဘုန်းတော်ကြီးများ ဘာသန္တရ အင်္ဂလိပ် စာပေသင်ကြားတာနဲ့ သီဟိုဠ်နိုင်ငံ ဘုန်းတော်ကြီးများလို မဖြစ်နိုင်ပါဘူး၊

သီဟိုဠ်နိုင်ငံမှာ လောကုတ္တရာအားနည်းသွားရတဲ့ အကြောင်း အရင်းကတော့ ဘုန်းတော်ကြီးများကို ဘာသာရပ်တူ, ကျောင်းတူ, အခွင့်ရေးတူတွေ ပေးလိုက်လို့ပဲ၊ အင်္ဂလိပ်စာသင်လို့ လောကုတ္တရာဘက်အားနည်း သွားတာမဟုတ်ပါဘူး၊ ဒါကြောင့် မြန်မာဘုန်းတော်ကြီးများ ဘာသန္တရ အင်္ဂလိပ်စာပေသင်ကြားတာနဲ့ သီဟိုဠ်နိုင်ငံ ဘုန်းတော်ကြီးများလို မဖြစ်နိုင်ပါဘူး၊ ဒီအတွက် ဘုန်းကြီး မစိုးရိမ်ပါဘူး"

"မှန်ပါဘုရား၊ ဆရာတော်ရှင်းပြတာကောင်းလှပါတယ်ဘုရား၊ စိုးရိမ်မှုတွေလည်း ကင်းဝေးသွားပါတယ်ဘုရား"

"အားလုံးလည်း စိုးရိမ်မှုကင်းဝေးကြပါစေလို့ ဘုန်းကြီး ဆန္ဒပြုပါတယ်"

♦ ဦးဇောတိက(ဓမ္မာစရိယ-M-A)
ရန်ကင်းတောင်ဆရာတော်


# ခံတပ်ကျော်များ ပူဇော်ခြင်း

- ကန်ဘောင်တစ်ခု
  ပြုစုပျိုးထောင်
  ရောင်လျှံကွန့်မြူး
  ထူးထူးခြားခြား
  ဓမ္မအားဖြင့်
  တရားဝန်ဆောင်
  ကန်ဘောင်ပရိယတ်
  မြင့်မြတ်တည်ကြည် အာဇာနည်။
- မြန်မာပြည်ရွာ သာသနာ၌
  ထိုက်ထိုက်တန်တန် အောင်လံလွှင့်ထူ
  ဇမ္ဗူဒိတ်ကျွန်း နေခြည်ရွှန်းလဲ့
  တကယ့်ပုဂ္ဂိုလ် နှုတ်မဆိုသာ
  စာချအရှင် ကြယ်စင်တစ်ပွင့်
  ဝတိမ်ယံတင့်သည်
  မြို့အင်းစိန်က အာဇာနည်။
- ဗုဒ္ဓသာသနာ
  ကမ္ဘာအနှံ့ ပြန့်နှံ့စေသား
  ကျောက်သားစိတ်ဓာတ်
  တပ်နောက်မဆုတ်
  ကတုတ်ပရိယတ် ခံတပ်တည်ထောင်
  မြန်ပြည်ထောင်က
  တစ်ဘောင်အတိတ် အောင်နိမိတ်နဲ့
  တံဆိပ်တော်ရှင် နန္ဒဝံသ
  အဂ္ဂါဘိဓဇ တော်ပေ့ဂုဏ်ရည်
  အာဇာနည်အား
  ရော်ရည်ဝပ်တွား ဤစာအားဖြင့်
  တပည့်များက ပူဇော်သည်။



ဗအုပ်ခိုင်





# အောင်မြင်မှု

(၁)

ကျွန်မအသက် ၁၄-နှစ်ပြည့်ပြီ။ ဝင်းမွတ်နူးညံ့သောအသားအရေ၊ ကျော့ရှင်းလှပသောရုပ်အဆင်း၊ သင်ကြားတတ်မြောက်ထားသောအသိပညာ၊ ဖြောင့်မတ်သော အကျင့်စာရိတ္တစသည့်စသည်။

အရာရာပြည့်စုံသော ကျွန်မဘဝ၊ ကျွန်မ၏ အရည်အချင်း၊ ဂုဏ်သတင်းတို့သည် သတင်း ကောင်းအဖြစ် ကျွန်မကိုယ်တိုင်နားမဆံ့အောင် ပြန်ကြားနေသည်အထိ လူအများက ချီးမွမ်းထောမနာပြုကြသည်။ ကျွန်မရင်ဝယ် လှိုက်လှဲဝမ်းသာ ပီတိဖြာဝေနေမိ၏။ ကျွန်မသည် ရာဇဝတ်ဖြိုပျက်သူဌေးကြီးတစ်ဦး၏ ရှုမဝချစ်မငြီး တစ်ဦးတည်းသောသမီး ဖြစ်ရာ စီးပွားဥစ္စာရက်ရောစွာပေးကမ်းခြင်းကြောင့်အပေါင်း အသင်းများလှ၏။ ယောကျ်ား၊ မိန်းမ ကြီးငယ်မဟူ အဆင့်အတန်း မရွေးခင်မင်သူတွေ ဒုနှင့်ဒေး။

ဘဝဟူသည် အလွန်ပျော်စရာကောင်းလှ၏။ ငြီးငွေ့ခြင်းဆိုသည်မှာ စကားအရာမျှသာရှိ၏။ လက်တွေ့ရှိသောအရာမဟုတ်ဟုယူဆ၏။ ကျွန်မ သည် ပတ်ဝန်းကျင်အလှအပကို မက်မောတွယ်တာ၏။ ကိုယ့်ကိုယ်ကိုလည်း သိပ်လှချင်သည်။

ကျွန်မငယ်ငယ်က "ကြည့်စမ်း ငါ့အသား လေးတွေ ဖွေးပြီးအရမ်းနူးညံ့နေတာပဲ။ ဒီလောက ကြီးမှာ ငါဟာ အချောဆုံး၊ အလှဆုံးပဲနော်"ဟုသူငယ်ချင်းများအား ပြောခဲ့ဖူးသည်ကိုအကြောင်းပြုပြီးအဖေနှင့်အမေတို့ မကြာခဏ ရယ်မောပြောဆိုတတ်ကြပါ၏။

ယခု ကျွန်မအပိုဖြန်းမလေး ဖြစ်လာရပြီ။
ဟော့--ကောသီ နင်တစ်နေ့တစ်ခြား တိုးတိုးလုနေပါလား။ နင့်အလှကိုကြည့်ရတာအားကိုမရဘူး။ ကြည့်ရင်းကြည့်ရင်း ငါ့စိတ်ထဲတစ်မျိုးကြီးပဲ၊ ပန်းသီးလေးကို ကိုက်စားချင်သလိုကြီးဖြစ်နေ တယ်ဟ"

ထိုစကားများကိုပြောပြီး ပွဲကြနမ်းရှုပ်ကြသည့် မိန်းကလေးသူငယ်ချင်းတွေက အများသား၊ ယောကျ်ားပျိုးလေးများ၏ ရည်းစားစကားပြောခြင်းခံရသည့် အကြိမ်ပေါင်းလည်း မနည်းတော့ပါ။ သို့တိုင်အောင် မည်သည့်ယောကျ်ားပျိုကိုမျှ နှစ်သက်ခြင်း မြတ်နိုးခြင်းမရှိပါ။ မည်သို့ပင် ဖြစ်စေ ယောကျ်ားတို့သဘောက အလွန်စိတ်ဝင် စားစရာကောင်းသည်ဟု ယူဆမိ၏။

ယောကျ်ားများအကြောင်းကို ကျွန်မတတ်နိုင်သမျှ လေ့လာစူးစမ်းမိ၏။ ယောကျ်ားတို့စိတ်၊ မာယာသဘာဝ၊ စွမ်းရည်သတ္တိနှင့်ပျော့ညံ့ချက် စသည်တို့ကို လေ့လာခြင်းအလုပ်၌ ကျွန်မအတွက် ပျော်ရွှင်ဖွယ်ဖြစ်၏။

နောင်သောအခါ၌ ပုရိသသျှတ္တရပညာရပ်ကို အမျိုးသမီးထုအတွက် သင်ကြားပေးနိုင်မည့် ဆရာမကြီးတစ်ဦးဖြစ်ရမည်ဟု ယုံကြည်မိ၏။ ကျွန်မစိတ်ဝယ် ဤမျှကြီးမားသော ရည်မှန်းချက်ထားရှိပါ၏။

သူငယ်ချင်းများက ချစ်ခင်မြောက်စားကြသလို မိဘများ၏ အရိပ်တကြည့်ကြည့် ကြည့်ခြင်းကိုလည်း ခံယူလာရ၏။ ဘဝသည် ကျေနပ်ဂုဏ်ယူဖွယ် နေချင်စဖွယ်ပါပေ။

သည်သို့ ဘဝ၏အညွန့်အဖူးများ တလူလူတက်လာသောကာလ၊ တက်ကြွသောအရွယ်ဖြစ်သည့်အလျောက် မိမိကိုယ်ကို မိုးစွန်ခေါင်ဖျားရောက်သွားလေရာ မာန်မာနအလံကို လွှင့်ထူထားသည့်အချိန် အသူရိန်နတ်မင်းကြီးသည် လပြည့်ညသန်းခေါင်ယံဝယ် အစွမ်းကုန် ထွန်းလင်းတောက်ပနေသော လပြည့်ဝန်းကို ရွတ်တရက်ငုံချလိုက်



သည့်အလား ကျွန်မဘဝဝယ် ရုပ်ချည်းအမှောင်တိကျသွားသကဲ့သို့ ခံစားလိုက်ရပါတော့၏။

(၂)

လိုတရပဒေသာပင်သည် ကမ္ဘာမြေမှ ခွါလေပြီ။ ဇန္ဒုရသရက်သီးသည် ချိုတော့မည်မဟုတ်၊ နတ်ပန်းမဉ္ဇူကား မွှေးလိမ့်မည်မထင်၊ နတ်သြဇာပင် အနံ့အရသာကင်းတော့မည်။ ကျွန်မစိတ်နှလုံးဝယ် လောကကြီးသည် ကိုယ်နှင့်ဘာမျှမဆိုင်တော့ပြီဟု နာကျင်စွာတွေးတောခံစားရင်း အထီးကျန်ဘဝသို့ ရောက်လာရလေပြီ။

ကျွန်မအား အရိပ်တကြည့်ကြည့် ကြည့်နေကြသော အဖေအမေတို့က ကျွန်မ ယောကျ်ားတို့ အကြောင်းလေ့လာစူးစမ်းနေသည်ကို သိရှိသွားကြသောအခါ -

"ရေလိုအေးပြီး ပန်းလိုမွှေးတဲ့သမီး ယောကျ်ားတွေရဲ့အကြောင်းကို နားလည်တတ်ကျွမ်းအောင် လေ့လာနေတယ်ဆို သမီးအတွက် ဖေဖေ စိတ်ပူမိတယ်ကွယ်။ သမီးငယ်ငယ်က ပုဏ္ဏားဆရာကြီးတစ်ဦးကို ဗေဒင်မေးဖူးတယ်။ သမီးအရွယ်ရောက်လာတဲ့အခါ အထူးဂရုစိုက်ပါ။ ယောကျ်ား

တို့နဲ့ပတ်သက်ရင် အခြားမိန်းမတွေနဲ့မတူတဲ့ ထူးခြားတဲ့အတွေးအခေါ်ရှိမယ်၊ ယောက်ျားနဲ့ပတ်သက်ပြီး မောင်ဘွားမိဘအရှက်ရလိမ့်မယ်လို့ ပေဒင် ဟောခဲ့ဖူးတယ်။ ဒါကြောင့် ယောက်ျားတွေအကြောင်းလေ့လာတဲ့အလုပ် သမီးဆက်မလုပ်ပါနဲ့တော့" ဟု ဖျောင်းဖြပြောဆိုတားမြစ်လာ၏။

ကျွန်မသည် မိဘစကားကို မြေဝယ်မကျနားထောင်ခဲ့သူ ဖြစ်၏။ သည်တစ်ခါ ကျွန်မစိတ်ဝယ် မည်သို့ဖြစ်မှန်းမသိ၊ မိဘစကားကို မနာယူနိုင်ဘဲ ပြန်မပြောနားမထောင်သော သမီးဖြစ်ခဲ့ရ၏။

ဆက်လက်၍ ယောက်ျားတို့အကြောင်းလေ့လာပြန်သောအခါ အဖေအမေတို့က စိတ်ဆိုးကာ ကျွန်မအား ဘုံခုနှစ်ဆင့်ပြာသာဒ်ပေါ် သို့ တင်ထားကြပါတော့၏။ပြုစုစောင့်ရှောက်ရန် အိမ်ဖော်မတစ်ယောက်ကိုသာ ထားပေးကြ၏။ အပေါ် ဆုံးထပ်၌သာ နေရ၏။ အောက်ထပ်များသို့ မဆင်းနိုင်စေရန် ကြပ်မတ်စီစဉ်ထားကြ၏။ ယခုအခါ ကျွန်မဘဝသည် ရေဝေးကြာနှယ် ပျင်းရိငြီးငွေ့ဖွယ် ခြောက်သွေ့လှပါ၏။

မျှော်လင့်ချက်များ လုံးဝဆုံးရှုံးသွားရပါလေပြီ။ ဘဝအကြောင်းမကောင်းသည်ကို တွေးမိလေတိုင်း မျက်ရည်စတွေ ဝိုင်းလာရ၏။

သည်အိမ်ကြီးပေါ် ဝယ် အကျဉ်းသားပမာအထီးကျန်စွာနေလာခဲ့ရသည်မှာ နှစ်နှစ်တင်းတင်းရှိခဲ့ပါပြီကော၊ ယခုကျွန်မအသက် ဘာလိုလိုနဲ့ဆယ့်ခြောက်နှစ် တင်းတင်းပြည့်ခဲ့ပါပြီကော။

ဩော်---ရက်စက်လိုက်ကြတာ အဖေအမေတို့ရယ်--။

(၃)

ဆူညံသံတွေကြားနေရသည်၊ ဘာသံများပါလိမ့်ဟု သိလိုစိတ်ဖြင့် လေသာပြူတင်းကို ဖွင့်၍ မျှော်ကြည့်မိ၏။

တွေ့မြင်ရသည့်မြင်ကွင်းက စိတ်မချမ်းသာစရာ၊ သူခိုးတစ်ယောက်ကို လက်ပြန် ကြိုးတုတ်ပြီး ကြိမ်လုံးဖြင့်ရိုက်နှက်ကာ သင်္ချိုင်းသို့ ခေါ် ဆောင်သွားကြသည့်အဖြစ်၊

"အလိုနတ်ဘုရား မကြည့်ရက် မမြင်ရက်စရာ၊ သူ့ခမျာ အရိုက်အနှက်ခံနေရရှာတယ်၊ သနားစရာပါလား" သည်သို့တွေးမိပြီး ကျွန်မစိတ်မချမ်းမသာဖြစ်ရ၏။ သူ့မျက်နှာကို မမြင်ရမနေနိုင်လောက်အောင် ချစ်ခင်စွဲလန်းမှုစိတ်က ဖြစ်လာရာ ကိုယ့်စိတ်ကို မထိန်းနိုင်သဖြင့် ကျွန်မကုဋင်ပေါ် လှဲအိပ်နေလိုက်ပါတော့၏။

အမေရောက်လာသောကာလ မေးမြန်းသဖြင့် "အဲ့ဒီသူခိုးကို ရမှ သမီးအသက်ရှင်မယ်၊ မရရင်တော့ ဒီနေရာမှာပဲ သေပစ်လိုက်မယ်အမေ" ဟု မရှက်မကြောက်ဖြေ လိုက်မိသည်။

အမေသည်ပြာပြာသလဲဖြစ်သွားပြီ၊ "ဒီလိုမလုပ်ပါနဲ့ သမီးလေးတို့နဲ့ အဆင့်အတန်းတူတဲ့ယောက်ျားတစ်ယောက်နဲ့ပေးစားပါမယ်" ဟု ဖြောင်းဖြပြောဆိုလာသော်လည်း ကျွန်မစိတ်ထဲလက်မခံနိုင်၊ သူ့ကိုမှမရရင် သေမှာပဲဟု ပြန်ပြောရ၏။

အမေသည် မည်သို့မျှ ချော့မရသည့်အဆုံးအဖေ့ကို သွားပြောပါတော့၏။ အမေပြော သည့်စကားများကိုလည်း နားမဝင်၊ ကျွန်မဆုံးဖြတ် ချက်ကို မပြင်နိုင်တော့။ ကျွန်မစိတ်က ဇွတ်ဆိုမှ ဇွတ်။

နောက်ဆုံးအဖေလည်း လက်လျှော့သွားပြီ၊ သူခိုးကိုခေါ် ဆောင်သွားသည့် အာဏာသားထံသို့ လူစေလွှတ်ကာ အသပြာတစ်ထောင်ဖြင့်နားလည်မှုယူ၍ သူခိုးနှင့်ကျွန်မအား ပေးစားပါ၏။

မိမိစိတ်တိုင်းကျ သူခိုးလင်ကိုရသဖြင့်ဘဝသည် တစ်သက်တွင်တစ်ဖော် ပြန်လည် စုံပြောလာရပါ၏။ ကျွန်မဘဝ ယခုမှပင် မွှေးကြိုင်သင်းပျံ့နူးညံ့သော ပန်းခင်းသောလမ်းသို့ ရောက်၍လာပေပြီ။ သူခိုးလင်ကို ရသဖြင့် ကျွန်မ မိုးမမြင်လေမမြင် ပျော်ရပါသည်။

ကိုယ့်ကိုယ်ကို လှလှပပဝတ်ဆင်ပြီး လင်တော်မောင်အတွက် ဟင်းလျာ အဖျော်ယမကာ စသည်တို့ကို ကိုယ်တိုင်စီစဉ်ပေးရပါ၏။ ခြေဆုပ်လက်နယ်လည်း ပြုပါ၏။ ထိုသည်တို့အတွက် ဝမ်းသာကြည်နူးရသည်မှာ အတိုင်းမသိပါချေ။ မိဘတို့၏ ကြီးမားသော မေတ္တာတွေကို ယခုမှပင် သိသိသာသာနားလည်လာရ၏။ မိဘတို့၏ အရိပ်သည် လွန်စွာအေးမြသည်ကိုလည်း သိရှိခံစားလာရပေပြီ။

သမီးမှာ အပြစ်ရှိရင် ကျေအေးခွင့်လွှတ်ကြပါအဖေအမေတို့ရယ်။

(၄)

ကျွန်မရင်ထဲထိတ်ခနဲဖြစ်သွား၏။ ချစ်သောလင်နှင့်အတူနေရသည်မှာ ခုနှစ်ရက်မျှသာရှိသေး ၏။ အစ်ကိုသည် မည်သည့်အစားစာမျှမစားဘဲ ကုတင်ပေါ်တွင် မှိုင်တွေချကာ ခွေခွေကလေး အိပ်နေသည်ကို တွေ့ရသည်။ အစ်ကို့နဖူးကို လက်ဖြင့်ယုယကြင်နာ စွာ စမ်းလိုက်၏။

"အစ်ကို နေမကောင်းဘူးလား"

"ဘာလဲ အဖေတို့အမေတို့ကို အစ်ကို့အပေါ် သဘောမကျဘူးထင်နေလို့လား"

ကျွန်မမေးသည်များကို အစ်ကိုကခေါင်းရမ်း၍ ချည်းဖြေသည်။

"ဒါဖြင့်ကျွန်မအပေါ် စိတ်တိုင်းမကျတာတစ်ခုခုရှိနေလို့လား ပြောပါအစ်ကို၊ ဘာမဆို အစ်ကို စိတ်တိုင်းကျဖြစ်အောင် လုပ်ပေးရမှာက ညီမတာဝန်"

"ညီမမှာ အပြစ်မရှိပါဘူး၊ အစ်ကိုစဉ်းစားနေတာတစ်ခုရှိလို့"

"ပြောပါ အစ်ကို ပြောမှသိရမှာပေ့ါ"

"ညီမနဲ့အစ်ကို ညားတဲ့နေ့က အစ်ကိုဟာ သူခိုးပစ်တောင်က တောင်စောင့်နတ်ကို တိုင်တည်ခဲ့တယ်။ အဲဒီနတ်တန်ခိုးကြောင့် အသက်မသေဘဲ လွတ်လာပြီး အစ်ကိုနဲ့ညီမ ညားရတာပေ့ါ။ အဲဒီနတ်ကို အစ်ကို့အနေနဲ့ ဘယ်လိုပူဇော်ပသ-ရမလဲ ဆိုတာ စဉ်းစားနေတာပါ"

"ဪ--- ဒါများအစ်ကို ရယ် ဒီနတ်ပူဇော်ဖို့ ညီမတာဝန်ထားပါ၊ အခုပဲစီစဉ်ပါ့မယ်၊ ဘယ်လိုပူဇော်ရမလဲ၊ ဘာတွေလိုသလဲဆိုတာသာ ပြောပါ"

သည်တော့မှ အစ်ကို့မျက်နှာရွှင်လန်းလာ၏။ ထထိုင်ကာ လိုအပ်သည်များကို ပြောသဖြင့် ချက်ချင်းပင် ကျွန်မစီစဉ်ပေးရ၏။ ကျွန်မသည် ရေမိုးချိုးကာ ကိုယ့်ကိုယ်ကို လှသထက်လှစေရန် ဖီးလိမ်းပြုပြင် ကျကျနနဝတ်ဆင်ကာ ဆွေမျိုးဉာတိ မိတ်သင်္ဂဟခြံရံလျက် ပျော်ပျော်ပါးပါး သူခိုးပစ်တောင်သို့ သွားရောက်ကြ၏။

တောင်ခြေအရောက်ဝယ် ယာဉ်များကို ရပ်တန့်လိုက်ပြီး အစ်ကို့သဘောအတိုင်း လှည်းယာဉ်များနှင့် မိတ်သင်္ဂဟများကို ပြန်လွှတ်ကာ နှစ်ယောက်တည်း ဗလိနတ်စာအိုးကို ရွက်ပြီး တောင်ပေါ်သို့ တက်ကြရ၏။

သူခိုးပစ်တောင်ကား တစ်ဖက်တွင် ခပ်ပြေပြေရှိ၏။ တစ်ဖက်တွင်မူ ဓါးမှဖြတ်ထားသကဲ့သို့ မတ်စောက်လျက် အတောင်လေးရာအမြင့်တည်ရှိ၏။ ပြေလျောသောဘက်မှ လူများတက်ရောက်နိုင်ကြ၏။ မတ်စောက်သောဘက်သို့ သူခိုးများကို ပစ်ချကြရာ ပစ်ချခံကြရသော သူခိုးတို့မှာ အပိုင်းပိုင်းပြတ်ကာ မြေသို့ကျရောက်သောကြောင့် သူခိုးပစ်တောင်ဟု ခေါ်ဝေါ်ခြင်းဖြစ်ပါ၏။

တောင်ပေါ်သို့ အတန်ငယ်တက်လာပြီးသောအခါ ကျွန်မတို့ခြေသံများကြောင့် တောတိရစ္ဆာန်ငယ်လေးများ ထွက်ပြေးသွားကြသည်ကို မြင်တွေ့ရ၏။ လေသည် တဟူးဟူး တိုက်ခတ်လေရာရင်တွင်း အေးစိမ့်လာကာ ကြောက်စိတ်များဝင်ပြီး ကြက်သီးမွေးညင်းများထလာရ၏။ မည်သို့ပင် ဖြစ်စေဦးတော့ ကျွန်မအဖို့ လင်ယောကျ်ား၏လက်ရုံးကို ကိုင်ထားရသဖြင့် အလိုလိုအားရှိနေ၏။

ကြောက်စိတ်တို့လည်းပြေး သွားကြရ၏။ လင့်မျက်နှာတစ်ရှာထင်ဆိုသည့်အတိုင်း မိန်းမသားအဖို့ လင်ယောကျ်ားနှင့် အတူတူ ရှိနေကြပါလျှင် အလိုလို အားအင်ပြည့် နေတတ်သည်သာဖြစ်၏။ တဖြည်း ဖြည်းတက်ရင်း တောင်ထိပ်သို့ရောက်လာကြသော အခါ အစ်ကိုသည် ကြောက်ရှုပ်ပမာ မတုန်မလှုပ်ရပ် နေ၏။

"အစ်ကို ဘာဖြစ်လို့ငေးငိုင်နေတာလဲ ဗလိနတ်စာပူဇော်တော့လေ"

လင်ယောကျ်ားအား ကျွန်မက ဗလိနတ်စာ ပူဇော်ရန်ပြောသော်လည်း စကားပြန်မရ နှုတ်ဆိတ်ငြိမ်သက်နေ၏။ နောက်တစ်ကြိမ် ပြောသောအခါ လင်ယောကျ်ားက-

"သယ်-- ဒီမိန်းမ ငါ ဘယ်ဗလိနတ်မှ ပူဇော်ဖို့လာတာ မဟုတ်ဘူး၊ နင့်ကို ညာပြီး ဒီကိုခေါ်လာတာကွ"

"ဟင်---အစ်ကိုဘာပြောလိုက်တယ်"

"နင့်ကိုသတ်ပြီး နင့်ရဲ့လက်ဝတ်ရတနာတွေယူပြီး အရက်ဆိုင်ကို သွားပြီး အပေါင်းအသင်းတွေနဲ့ ပျော်ပျော်ပါးပါး သောက်ရစားရမယ်ကွ၊ ဒါ့ကြောင့် ညာခေါ်ခဲ့တာ ရှင်းပြီလား၊ ဟား--ဟား--ဟား---"

လင်ယောကျ်ားသည် အောင်ပွဲရစစ်ဗိုလ်ချုပ်ကြီးပမာ ဟက်ဟက်ပက်ပက် ရယ်မောနေ၏။ ကျွန်မမှာမူ မိန်းမသားဖြစ်သည်အားလျော်စွာ အတော်ပင် တုန်လှုပ်ချောက်ချားသွားရပါ၏။

"အစ်ကိုရယ်၊ ဘာဖြစ်လို့ဒီလိုပြောရတာလဲ၊ ကျွန်မဘဝတစ်ခုလုံး ကို အစ်ကိုပဲပိုင်တာ မဟုတ် လား၊ ကျွန်မပိုင်ဆိုင်တဲ့ ပစ္စည်းဟာ အစ်ကို့ ပစ္စည်း ပါပဲ၊ ဒီလိုမလုပ်ပါနဲ့နော်"

လင်ယောကျ်ားသည် ကျွန်မပြောသည်ကို လုံးဝလက်မခံ ခေါင်းကို တွင်တွင်ခါပြီး သေရမည်ဟုသာ ဆက်ဆက်ပြောနေ၏။

"အစ်ကိုရယ် ကျွန်မအသက်ကိုတော့ ချမ်း



သာပေးပါ၊ ဒီပစ္စည်းတွေယူထားပြီး အပေါင်းအသင်းတွေနဲ့ ကြိုက်သလိုသာနေပါ၊ ဒီပစ္စည်းတွေကုန်သွားလို့ နောက်ထပ်လိုချင်သေးရင်လဲ ညီမဆီလာခဲ့ပါ။ ညီမ အစ်ကို့အတွက်ဆိုရင် အားလုံးစိတ်တိုင်းကျဖြစ်စေရပါမယ်၊ ညီမအသက်ကိုမသတ်ဘဲ ကျွန်မိန်းမအဖြစ်နဲ့ ကျွန်မတစ်ယောက်အဖြစ်နဲ့ ခိုင်းစေမယ်ဆိုရင်လဲ ခိုင်းပါ၊ ညီမ အစ်ကိုနဲ့လိုက်ခဲ့ပါမယ်၊ ဒါမှမဟုတ် အစ်ကို့အနေနဲ့ ညီမဟာ အစ်ကို့မယားပဲလို့ သတ်မှတ်ဦးမယ်ဆိုရင် အစ်ကို့စိတ်တိုင်းကျ သွားလာနေတဲ့ အရက်ဆိုင်တွေမှာ အပေါင်းအသင်းတွေနဲ့ ကြိုက်သလိုနေပါ။ ညီမဆီ အချိန်မရွေးပြန်လာနိုင်ပါတယ်။ စဉ်းစားပါဦး၊ အစ်ကို့အတွက် ဘာအကျိုးကျေးဇူးမှ မရှိပါဘူး"

"ဟာ--ဟား--ဟား-- မင်းကို မသတ်လို့ ဘယ်ဖြစ်မလဲကွ၊ မသတ်ဘဲထားရင် ဒီအကြောင်းတွေကို မင်းက မင်းရဲ့အဖေအမေတွေကို သွားပြောမှာပဲ၊ သတ်ကိုသတ်ရမယ်၊ ထားလို့ ဘယ်နည်းနဲ့မှမဖြစ်ဘူး၊ ကဲ ကြာတယ်၊ မင်းဝိုမနေနဲ့၊ လက်ဝတ်လက်စားတွေ မြန်မြန်ချွတ်စမ်း"

ခွေးမြီးကောက်ကျည်တောက်စွပ်ဆို သည့် စကားကဲ့သို့ သူခိုးလင်သည် သူခိုးဉာဏ်အတိုင်း ပက်ပက်စက်စက်ကြံစည်ရက်လေပြီ၊

"အမေရယ် အမေ့သမီးရဲ့ အဖြစ်ဆိုးကို လာကြည့်လှည့်ပါဦး၊ အမေ့စကားနားမထောင်မိလို့ အခုတော့ ဒုက္ခလှလှကြီး တွေ့နေရပါပြီ"

မိဘစကားနားမထောင်ခဲ့ခြင်းတည်းဟူသော အမှားအတွက် နောင်တကြီးစွာလည်း ရမိ၏။ ယခုကဲ့သို့ လူသူမနီးသော သူခိုးပစ်တောင်ကြီးပေါ်တွင် ဤသူခိုးလင်ယောကျ်ားရင့်မာကြီးနှင့် နုနယ်လှသည့် ကျွန်မအဖို့ တစ်ယောက်ချင်း ရင်ဆိုင်ရမည့်အရေး ငိုနေရုံကလွဲပြီး တစ်ခြားဘာမျှ တတ်နိုင်ပါတော့မည်နည်း၊ တကယ် ဘာဆိုဘာများတတ်နိုင်ပါတော့မည်နည်း၊ တကယ်ပင် ဘာဆိုဘာမှ မတတ်နိုင်တော့ပြီလော၊ ကျွန်မသည် စိတ်တည်ငြိမ်အောင် သတိဖြင့် ထိန်းလိုက်ရ၏။ စိတ်ချောက်ချားမှုကို အတန်ငယ်ပြေလျော့သွားသည်။

မိဘကို ဒုက္ခပေးပြီး ကိုယ်ကြိုက်တဲ့လင်ကို မရ-ရတဲ့နည်းနဲ့ ရအောင်ယူပြီး ကိုယ်ကမချစ်ဘူးဆိုပြီး ပြန်တိုက်ခိုက်ရမည်၊ အတော်ဝန်လေးလှတဲ့ ရင်မအေးဖွယ်ကိစ္စကြီးပါလား၊ ဘာပဲဖြစ်ဖြစ် ပညာဆိုတာ ဒုက္ခကလွတ်မြောက်အောင် အခက်အခဲကြုံရင်ဖြေရှင်းနိုင်အောင် သင်ယူထားတာပဲ၊ ချက်ပြုပ် စားဖို့ သင်ထားတာမှမဟုတ်တာ၊ ဒီအရေးမျိုးမှာ ပညာကိုအသုံးချရမယ်၊ ငါငိုနေလို့ လင်ယောကျ်ားက ညာမှာမဟုတ်ဘူး၊ အကဲစမ်းကြည့်ဦးမှ-ဟု ကျွန်မကိုကျွန်မ အားယူ လိုက်သည်။

"အစ်ကို၊ အစ်ကိုကိုကျွန်မ မြင်မြင်ချင်း ချစ်ခဲ့မိတယ်၊ ဒါကြောင့် အစ်ကို့အသက်ကို ငွေတစ်ထောင်ပေးကယ်တင်ပြီး လင်ယောကျ်ားအဖြစ်နဲ့ ပြုစုယုယခဲ့တယ်နော်၊ ဒီလောက်အချိန်တိုအတွင်း ပြုစုယုယလိုက်တာကို အားမရနိုင်ခဲ့ဘူး။

အခု ညီမ အသက်မသေခင် နောက်ဆုံးအနေနဲ့ ကျန်ရှိနေသေးတဲ့အချိန်လေးမှာ အစ်ကိုလင်ယောကျ်ားမျက်နှာကို အားရပါးရကြည့်ပြီး ရှိခိုးဦးချခွင့်ပေးပါလား"

"ကောင်းပြီလေ ရှိခိုးပါဗျာ၊ စိတ်တိုင်းကျကြည့်ပြီးရှိခိုးပါ"

ဤသို့ပြောပြီး လင်ယောကျ်ားသည် တောင်ကမ်းပါး၏ ကမူနားသို့ သွားရပ်နေ၏။

"အစ်ကိုနဲ့ညီမတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှမြင်ရတော့မှာမဟုတ်ပါဘူး၊ ဒါဟာနောက်ဆုံးမြင်ရခြင်းပါပဲ ညီမမသေခင် အခုလို အစ်ကို့မျက်နှာကို ဝအောင်ကြည့်ပြီး ရှိခိုးဦးချခွင့်ရသည့်အတွက် ညီမ သေပျော်ပါတယ် အစ်ကိုရယ်"

ကျွန်မသည် ငိုကြွေးမြည်တမ်းလျက် သူခိုးလင်ကို လက်ျာရစ်လှည့်ပတ်ကာ ရှေ့နောက်ဘယ်ညာလေးဘက်တို့မှနေပြီး လင့်မျက်နှာကို အားပါးတရကြည့်ပြီးရှိခိုးပါ၏။လက်ျာရစ်အတိုင်း နောက်တစ်ပတ် ပတ်ကာ ရှိခိုးရာ လင်ယောကျ်ား၏နောက်ကျောဘက် အရောက်တွင် မေ့မေ့လျော့

---

လောကကြီးမှာ

ယောကျ်ားတွေချည်း

နေရာတကာ အားရှိတာ ပညာကြွယ်ဝတာ

အသာစီးရတာမဟုတ်ဘူး၊

မိန်းမသားတွေလည်း

သူ့နေရာနဲ့ သူ

တော်ကြတတ်ကြ အနိုင်ရကြချေ

သည်တကား....

---

လျော့ အတွေးနယ်ချဲ့ နေသော လင်ယောကျာ်း၏ ပခုံးကို လက်တစ်ဖက် ဖြင့်ကိုင်ပြီး ကျန်လက် တစ်ဖက်ဖြင့် ခါးကိုကိုင်ကာ တောင်အောက်သို့ တွန်းချလိုက်၏။

သူခိုးလင်၏ နှုတ်မှ "ဟာ"ဟူသော အသံ ထွက်ပေါ်လာပြီး တောင်အောက်သို့ကျသွားရာ တောင်ချွန်တောင်တက်တို့ဖြင့် ထိခိုက်မိပြီး တစ်ကိုယ်လုံးရစရာမရှိအောင် အပိုင်းပိုင်းပြတ်သွား လေတော့၏။

"အလို-- အခုလို လူသူမနီး တောတောင် ကြီးပေါ်မှာ ယောကျာ်းရင့်မာကြီးတစ်ယောက်အ ပေါ် အလွယ်တကူနဲ့အနိုင်ရလိုက်တဲ့ နုနယ်လှတဲ့ မိန်းမသားတစ်ယောက်ရဲ့ပညာစွမ်းဟာ အံ့မခန်း ပါပဲလား၊ လောကကြီးမှာ ယောကျာ်းတွေချည်း နေရာတကာအားရှိတာ ပညာကြွယ်ဝတာ အသာစီး ရတာမဟုတ်ဘူး၊ မိန်မသားတွေလည်း သူ့နေရာနဲ့ သူ တော်ကြတတ်ကြ အနိုင်ရကြချေ သည်တကား. . . .

တောင်စောင့်နတ်၏ ချီးကျူးသံကို ကြား လိုက်ရ၏။ ကျွန်မဘာဆက်လုပ်ရမည်ကို စဉ်းစား ရ၏။ အိမ်ပြန်လို့တော့မဖြစ်၊ အိမ်ကိုပြန်ပြီး အဖြစ် မှန်ကို ပြောပြလျှင်လည်း ငါ့စကားကို ယုံကြည် ချင်မှယုံကြလိမ်မည်။ ယုံသည့်တိုင်အောင်-

'ဟယ် အမိုက်မ ငွေတစ်ထောင်နဲ့လဲပြီး မရ- ရအောင် ယူပြီးတော့ နင်ကိုယ်တိုင် သတ်ပစ်တယ် ပေါ့' စသည်ဖြင့် စကားနာထိုးကြလိမ့်မည်။ ငါ အိမ် မပြန်တော့ဘူး၊ စိတ်ပိုင်းဖြတ်ကာ လက်ဝတ်ရတနာ တို့ကို ထိုနေရမှာ စွန့်ပစ်လိုက်ပြီး ကျွန်မခြေဦးတည့် ရာတောတွင်းသို့ ဝင်ရောက်ခဲ့ရာ ရက်အနည်းငယ် အတွင်း ပရိဗိုဇ် တို့၏ ကျောင်းသို့ရောက်ခဲ့ရ၏။ ပရိဗိုဇ်ရဟန်းမ အဖြစ် ရောက်ရှိပြီးနောက် တတ် မြောက်လာသော ဝါဒတစ်ထောင်အားကိုးကာ ဝါဒပြိုင်ရန် ဇမ္ဗူဒိပ်ကျွန်းအပြင် လှည့်လည်ခဲ့၏။

အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး နှင့်တွေ့၍ ဝါဒပြိုင်ရာ ရှုံးနိမ့်သဖြင့် တပည့်ခံရာတွင် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ကျွန်မ အား ရဟန်းမတို့၏ ကျောင်းသို့ သွားရောက်ရန် စေလွှတ်ခဲ့လေ၏။

ကျွန်မဘဝအရွယ် နုနယ်ရုပ်အဆင်း လှပ သလောက် အရွယ်နှင့်မမျှ ကြမ်းတမ်းသော လောကဓံနှင့် ရင်ဆိုင်ရပြီးမှ သည်သို့သည်နှယ် ဘုရားရှင်၏ သာသနာတော်ဝယ် ရဟန်းမတစ်ဦး ဖြစ်လာခဲ့၏။ ကုဏ္ဍလကေသီထေရီမဟု အမည် တွင်လာခဲ့ရပါတော့၏။

(၅)

ကုဏ္ဍလကေသီထေရီမသည် ရဟန်းမ အဖြစ်သို့ရောက်ပြီးနောက် တရားအား ထုတ်ရာ သစ္စာလေးပါးကို သိမြင်၍ ပထမဦးစွာ ဒိဋ္ဌိဝိစိ ကိစ္ဆာကင်းသွားပြီး သောတာပန် တည်လေ၏။ ဆက်လက်၍အားထုတ်ရာ နောက်ဆုံးဖြစ်သော အရဟတ္တမဂ်အရဟတ္တဖိုလ် သို့တိုင်အောင် ဆိုက် ရောက်လေ၏။

ထိုအခါမှစ၍ ဗုဒ္ဓသာသနာသမိုင်းဝင် ကုဏ္ဍလကေသီထေရီရဟန္တာမကြီး-ဟူသော အမည်သည် ထင်ရှားကျော်စောလေတော့၏။ ကုဏ္ဍလကေသီထေရီမကြီး၏ ပါရမီနုစဉ်လူ့ဘဝက လင်သူခိုးအပေါ်အောင်မြင်ရာ၌ ပြင်ပရန်ကို အောင်မြင်ခြင်းမျှသာဖြစ်၍ မဆိုစလောက်သေး၊ အတွင်းရန်သူဖြစ်သည့် ကိလေသာသူပုန်တို့ကို တိုက်ထုတ်အောင်မြင်ရာ အရဟတ္တမဂ်ဉာဏ်ဖြင့် နှိမ်နင်းခြင်းအတွက်ကိုမူ ကြီးကျယ်သော အောင်မြင်မှုဟူ၍ ဂုဏ်ပြုဦးခိုက် မှတ်တမ်းတင်ရ ပါတော့သည်။

♦ ရွှေဘို-မင်းသုခ

❖ ❖ ❖

# မေတ္တာပိုင်



သစ်တစ်ပင်ကောင်း
ငှက်တစ်သောင်းနား
ဆိုရိုးစကား ထင်ရှားရှိခဲ့
ရွာအပြင်အရှေ့နား
ကြီးမားတဲ့ ပင်ညောင်ပင်
ရွက်သစ်တွေ တလွင်လွင်နဲ့
သူ့ရင်ခွင်နှလုံးသား
အပြုံးများနဲ့ ထာဝစဉ်
ခိုနားချင် ခိုနားလှည့်
ဖိတ်ထားလျှက်ပင်
ရပ်လေးပြင် ငှက်အပေါင်း
သောင်းသောင်းဖျ ရောက်လာ
တစာစာ ဟစ်အော်
ပျော်သူက ပျော်လို့ပေါ့
မပျော်သူက ခဏတစိတ်
သူ့အရိပ်ဝယ်
မှေးမှိတ်ခိုနား အပန်းဖြေသွားခဲ့
ကျေးငှက်ပေါင်း သာရကာ
ကြာလာလို့ပဲဖြစ်ဖြစ်
မကြာလို့ပဲဖြစ်ဖြစ်ပေါ့
သူ့လိုအင်ဆန္ဒ
ပြည့်ဝတဲ့တစ်ချိန်ကျရင်
ဒီရင်ခွင်ကို ပစ်ခွါ
ရင်ခွင်သစ်မှာ သူပျော်
သူ့ကျေးဇူးကို ဖော်လိုကဖော်
မဖော်ငင်မေ့ထားလည်း
ပင်ညောင်ပင်နှလုံးသား
အပြုံးများနဲ့ ထာဝစဉ်
ခိုနားချင်ခိုနားလှည့်
ခွင့်လွှတ်လျက်ပင်

ထေရ်အရှင်မြတ်ဆရာ
ပင်ညောင်ပင် ပမာထားလို့
သူ့ခြေတော် အပါးမှာ
ရောက်လာသူ တပည့်အပေါင်း
ကောင်းကျိုးကို သူမျှော်
သူတော်လျှင် ချီးမြှောက်
ပြီးမြောက်လို့ ပြန်လိုပြန်
တန်ပြန်ကျေးဇူး
သူနည်းနည်းမှ စိတ်မကူးခဲ့
ဖြူစင်တဲ့စိတ်ထား
မြင့်မားတဲ့ စိတ်ဓာတ်
မြင့်မြတ်တဲ့သီလ
အေးမြတဲ့ မေတ္တာပိုင်ရှင်
ဒို့ဆရာ မဟာထေရ်အရှင်သည်
အသက်ရာကျော်ပင်တည်လျက်
မြတ်သာသနာကို စည်ပင်အောင်
ဆက်လက်ခါ ထမ်းဆောင်နိုင်ပါစေဟု
တောင်းဆုတွေပြုလျှက်
ဆရာ့ရဲ့ မေတ္တာရိပ်မှာ
မှေးမှိတ်ခါ ခိုလှုံ
ထိုကျေးဇူးဂုဏ်တွေကို
ကြည်ယုံကာ အောက်မေ့ရင်း
ဝပ်စင်းအခါခါ
ဦးချကန်တော့လိုက်ပါ၏။

**စနေမောင်(ဉယျာဉ်)**

ကျောင်းတိုက် စတင်တည်ထောင်သူ ဆရာတော်၏ ဘွဲ့အမည်နာမကို မတွေ့ရှိရသော်လည်း ယခုလက်ရှိဆရာတော် ဦးနန္ဒဝံသမှ ပြန်လည်ရေတွက်လျှင် ဆရာတော် (၅)ဆက်ကို အတိအကျ သိရပါသည်။

ဆရာတော် ဦးနန္ဒဝံသ သည် ဘာသာရေး အမြင်ကျယ်သူ ဖြစ်သည်။ ပရိယတ္တိသည် သာသနာတော်၏ ရေသောက်မြစ်ဖြစ်သည်။ ပရိယတ္တိရှိမှ ပဋိပတ္တိနှင့် ပဋိဝေဓသာသနာတော် ထွန်းကားမည်ဟူသော အဆိုကို အလေးအနက်ထား၍ ယုံကြည်လက်ခံသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ထို့ကြောင့် ၁၃၁၆ (၁၉၅၄)ခုနှစ်မှ စတင်၍ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက စာမေးပွဲကို ဆရာတော်ကိုယ်တိုင် ဦးစီး၍ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့အထိဆိုလျှင် (၅၃)ကြိမ်မြောက် တိုင်ပြီ ဖြစ်ပါသည်။

ဤစာမေးပွဲမှာ ရွာမပရိယတ္တိစာသင်တိုက် မထူထောင်မီကပင် နှစ်စဉ်ကျင်းပသော စာမေးပွဲဖြစ်ပြီး ယင်းစာမေးပွဲသည် ရွာမကျောင်းတိုက်မှ ရွာမပရိယတ္တိစာသင်တိုက်အဖြစ်သို့ အစပျိုးခဲ့သည့် လုပ်ဆောင်မှုတစ်ခုဖြစ်ပါသည်။

**ရွာမပရိယတ္တိစာသင်တိုက်အဖြစ်သို့**

ဆရာတော်ဦးနန္ဒဝံသသည် သာသနာစိတ် ပြင်းထန်သည့်ပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ စာသင်တိုက်ဖြစ်ပေါ်လာရေးကို အစဉ်ရှေးရှုနေလျက်ရှိပါသည်။

ပရိယတ္တိစာသင်တိုက် ထူထောင်၍ သာသနာပြုရန်အတွက် ပထမဆုံးခြေလှမ်းအဖြစ် ၁၃၃၂ (၁၉၇၀)ခုနှစ်တွင် ဆရာတော် ဦးကေတုနှင့် ဦးနန္ဒဝံသတို့သည် မြင်းခြံမြို့၊ ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ)ထံ ဂဏဝါစက စာချပုဂ္ဂိုလ် ချီးမြှင့်ပေးပါရန် လျှောက်ထားတောင်းခံခဲ့သည်။

၁၃၃၂-ခု၊ နယုန်လ (၁၉၇၀ ပြည့်နှစ်)တွင် ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ရွာမကျောင်းတိုက်သို့ ကြွရောက်ပြီး ပရိယတ္တိစာသင်တိုက်အဖြစ် ဖွင့်လှစ်ပေးခဲ့ပါသည်။ ဆရာတော်ကြီးသည် မိမိ၏ တပည့်များဖြစ်ကြသော အရှင်တိလောကာဘိဝံသ၊ အရှင်အက္ကိုရ၊ အရှင်ဝိဇယတို့ကို ဂဏဝါစက စာချဆရာတော်များအဖြစ် ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ထိုအချိန်မှစ၍ ရွာမပရိယတ္တိစာသင်တိုက်ဟူသော အမည်ဖြင့် စာသင်သား (၃၅)ပါးနှင့် စတင်ဖွင့်လှစ်၍ ပရိယတ္တိသာသနာ ပြန့်ပွားထွန်းကားရေးအတွက် စတင် အရှိန်ယူခဲ့ပါသည်။ စာသင်တိုက် စတင်တည်ထောင်ချိန်မှစ၍ ဆရာတော် ဦးကေတု၊ ဆရာတော် ဦးနန္ဒဝံသနှင့် အရှင်တိလောကာဘိဝံသ သုံးပါးက ဦးဆောင်၍ အုပ်ချုပ်ကြပါသည်။ နောင်တွင် တိုက်အုပ်ချုပ်ရေးနှင့် ပစ္စည်းလေးပါး တာဝန်ကို ဆရာတော် ဦးကေတုနှင့် ဦးနန္ဒဝံသတို့ကလည်းကောင်း၊ ပညာရေးတာဝန်ကို အရှင်တိလောကာဘိဝံသ ဦးဆောင်သော စာချအဖွဲ့ကလည်းကောင်း အသီးသီး တာဝန်ခွဲ၍ လုပ်ဆောင်ကြပါသည်။

ဤသို့ သင်ကြားရေးနှင့် အုပ်ချုပ်ရေးတာဝန်ကို ခွဲဝေ၍ တက်ညီလက်ညီ ပီပီပြင်ပြင် အကောင်အထည် ဖော်နိုင်သည့်အတွက် နောင်အခါတွင် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ဟူ၍ စာသင်သား သံဃာတို့အကြား ထင်ရှားကျော်ကြား ရေပန်းစားလာခြင်းဖြစ်သည်။

၁၃၄၅ (၁၉၈၄)ခုနှစ်တွင် ဆရာတော် ဦးကေတု ပျံလွန်တော်မူသောအခါ ကျောင်းတိုက်ကို ဆရာတော်ဦးနန္ဒဝံသနှင့် ဆရာတော်အရှင်တိလောကာဘိဝံသတို့နှစ်ပါးပိုင် ဒွိသန္တက ပြုလုပ်လိုက်ပါသည်။

ထို့အပြင် အရှင်တိလောကာဘိဝံသ သည် စာချဘုန်းကြီးအဖြစ်သာမက တိုက်အုပ်အဖြစ် အုပ်ချုပ်ရေး တာဝန်ကိုပါ ပူးတွဲထမ်းဆောင်၍ ပရိယတ္တိစာပေပို့ချခြင်းလုပ်ငန်းကို အထိရောက်ဆုံး၊ အပီပြင်ဆုံးဖြစ်အောင် စီမံကိန်းများရေးဆွဲ၍ စတင် အကောင်အထည်ဖော်ပါသည်။

### နိုင်မာ မှန်ကန်သော စည်းမျဉ်းများ ရေးဆွဲချမှတ်ထားခြင်း

လောကတွင် အောင်မြင်ကြီးပွားတိုးတက်နေသူ မှန်သမျှတို့သည် စည်းကမ်းဘောင်အတွင်း၌ ရပ်တည်နေသူများ ဖြစ်ကြသည်။ ထို့ကြောင့် ကြီးပွားတိုးတက်မှုကို ရယူပိုင်ဆိုင်လိုလျှင် စည်းကမ်းရှိရမည်၊ နည်းလမ်းသိရမည် ဖြစ်ပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားနေသော စာသင်တိုက်ကြီးများကို လေ့လာပါကလည်း စည်းကမ်းနှင့်ကင်းသည့် ကျောင်းဟူ၍မရှိ၊ တိကျခိုင်မာသော စည်းမျဉ်း စည်းကမ်းများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ကျောင်းတိုက်ကြီးများ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စည်းကမ်း၏တန်ဖိုးကို နားလည်သဘောပေါက်ထားသော အရှင်တိလောကာဘိဝံသသည် ကျောင်းတိုက်ကြီးပွားတိုးတက်ရေးကို ရှေးရှု၍ ကဏ္ဍအသီးသီး၌ သက်ဆိုင်ရာစည်းကမ်းများကို အောက်ဖော်ပြပါအတိုင်း ရေးဆွဲချမှတ်ပါသည်။

**ကျောင်းဝင်ခွင့်ဆိုင်ရာစည်းကမ်း**

**စာမေးပွဲဆိုင်ရာစည်းကမ်း**

**ကျောင်းတိုက်နေထိုင်ခြင်းဆိုင်ရာစည်းကမ်း**

**သာသနာတော်နှင့် ပတ်သက်သော စည်းကမ်းတို့ ဖြစ်ပါသည်။**

### ကျောင်းဝင်ခွင့်ဆိုင်ရာ စည်းကမ်း

၁။ သာသနာ့စည်းကမ်း၊ ကျောင်းစည်းကမ်း၊ ဆရာတော်များ ချမှတ်ထားသော စည်းကမ်းများကို လိုက်နာပါမည်။

၂။ ပရိယတ္တိစာပေကို အထူးကြိုးစားပါမည်။

၃။ အများနှင့် သင့်တင့်အောင် နေထိုင်ပါမည် ဆိုသော အချက် (၃)ချက်ကို ဦးစွာ ဝန်ခံကတိပြုရပါသည်။ ထို့နောက် နေ့ရာသီ သတ်မှတ်သောရက်တွင် ရေးဖြေ၊ နှုတ်ဖြေ ဖြေဆိုရသည်။ (၃)ရက်ကြာလျှင် ဝင်ခွင့်ရသူစာရင်းကို ကြေငြာပေးပါသည်။ အထက်ပါ ဖော်ပြချက်အရ ရွာမစာသင်သားအဖြစ် လာရောက်နေထိုင်၍ ပညာသင်ကြားလိုသော စာသင်သားများသည် ကျောင်းမှ ချမှတ်ထားသော စည်းကမ်းချက် (၃)ရပ်ကို လိုက်နာပါမည်ဟု ဝန်ခံကတိပြုရသည့်အပြင် ဝင်ခွင့်စာမေးပွဲကိုလည်း အောင်မြင်ရပါသည်။ ဤအချက်ကို ထောက်ဆ၍ ရွာမစာသင်တိုက်သည် စာသင်သား လက်ခံရာ၌ စည်းကမ်းလိုက်နာ၍ အရည်အချင်း ပြည့်ဝသူကိုသာ လက်ခံရွေးချယ်လေ့ရှိကြောင်း တွေ့ရှိနိုင်ပါသည်။

**စာမေးပွဲဆိုင်ရာစည်းကမ်း**

၁။ အစိုးရ စာမေးပွဲနှင့် ဝိနယာဓိက စာမေးပွဲ တစ်ကြိမ်ဖြေဆိုပြီးသည်အထိ နေထိုင်ရမည်။

၂။ သတ်မှတ်ထားသော စာဝါတက်ရမည်၊ စာကျက်ရမည်။

၃။ ရှစ်ရက်သီတင်းနေ့တိုင်း လေ့ကျင့်ခန်း စာမေးပွဲ ဖြေဆိုရမည်။

၄။ ဥပုသ်နေ့မှတပါး ညစဉ် စာမှန်မှန်ပြန်ရမည်။

၅။ အထူးစာဝါရပ်နားချိန်မှတပါး ခရီးမသွားရ ဟူ၍ ဖြစ်ပါသည်။

ဤစည်းကမ်းချက်များကို သုံးသပ်ရလျှင် ရွာမစာသင်တိုက်သည် စာမေးပွဲကို မဖြစ်မနေ ဖြေဆိုစေလိုသော သဘောရှိကြောင်း တွေ့ရပါမည်။ အဘယ့်ကြောင့်ဆိုသော် အမှတ်(၅) စည်းကမ်းချက်အနက် ကျန်စည်းကမ်း(၄)ချက်ပါ ဖော်ပြထားသော အကြောင်းအရာများသည် စည်းကမ်းအမှတ်(၁) စာမေးပွဲ ဖြေဆိုရမည်ဆိုသော စည်းကမ်းကို အထောက်အကူပြုသော စည်းကမ်းများ ဖြစ်သောကြောင့် ဖြစ်ပါသည်။

**ကျောင်းတိုက်နေထိုင်ခြင်းဆိုင်ရာစည်းကမ်း**

ဤစည်းကမ်းနှင့်ပတ်သက်၍ အာရာမိကသရ(ကျောင်းပိုင်ဆရာတော်)များနှင့် ဂဏဝါစက(စာချဆရာတော်)များ လိုက်နာရန်ဥပဒေ။ ဓမ္မန္တေဝါသိက(စာသင်သားတပည့်)များ လိုက်နာရန် ဥပဒေ ဟူ၍ နှစ်မျိုးနှစ်စား ပိုင်းခြားသတ်မှတ်ထားပါသည်။

အာရာမိကသရနှင့် ဂဏဝါစကများ လိုက်နာရန် ဥပဒေ

၁။ အာရာမိကသရနှင့် ဂဏဝါစကများသည် တိုက်တာသံဃာများအပေါ် သည်းခံနိုင်ခြင်းတည်းဟူသော ခမာဂုဏ်၊ ညဉ့်နက်မှအိပ်၍ နံနက်စောစော အိပ်ယာမှ ထနိုင်ခြင်းတည်းဟူသော ဇာဂရိယဂုဏ်၊ အစစ အရာရာဝယ် ထကြွလုံ့လ ဝီရိယရှိခြင်းတည်းဟူသော ဥဋ္ဌာနဂုဏ်၊ စားဖွယ်သောက်ဖွယ်နှင့် အသုံးအဆောင် ပရိက္ခရာတို့ကို တတ်နိုင်သမျှ ခွဲခြမ်းဝေဖန် ပေးကမ်း နိုင်ခြင်းတည်းဟူသော သံဝိဘာဂဂုဏ်၊ တိုက်တာသံဃာများအပေါ်၌ စောင်မကြည့်ရှုခြင်း၊ လူကဲခတ်ကောင်းခြင်း၊ အမြော်အမြင်ကြီးခြင်း တည်းဟူသော ဣက္ခဏဂုဏ်တို့နှင့် ပြည့်စုံကြရမည်။

၂။ အာရာမိကသရနှင့် ဂဏဝါစက ဆရာတော်များသည် ကျောင်းတိုက်ကို အုပ်ချုပ်ရာ၌ ချစ်ခြင်းကြောင့် မလုပ်ထိုက်သည်ကို လုပ်ခြင်းတည်းဟူသော ဆန္ဒာဂတိ၊ မုန်းခြင်းကြောင့် မလုပ်ထိုက်သည်ကို လုပ်ခြင်းတည်းဟူသော ဒေါသာဂတိ၊ ညံ့ဖျင်းတွေဝေစွာ မလိမ္မာ၍ ဘာလုပ်ရမှန်းမသိ နားမလည်သည့်အတွက် လုပ်မိလုပ်ရာ ပြုလုပ်ခြင်းတည်းဟူသော မောဟာဂတိ၊ ကြောက်ခြင်းကြောင့် မလုပ်ထိုက်သည်ကို လုပ်ခြင်းတည်းဟူသော ဘယာဂတိ အားဖြင့် အဂတိ(၄)မျိုးတို့မှ ဝေးစွာ ရှောင်ကြဉ်ကြရမည်။

၃။ အာရာမိကသရနှင့် ဂဏဝါစကများသည် မိမိတို့အချင်းချင်း တစ်ဦးအပေါ်၌ တစ်ဦးက သည်းခံ၍ မကြိုက်သည်ကို တစ်ဦးက မပြုလုပ်ဘဲ တစ်ဦးအလိုသို့ တစ်ဦးလိုက်ကာ သမဂ္ဂ သမောဒါန ဖြစ်လျှက် တစ်သက်ပန် သင့်တင့်ညီညွတ်စွာ နေထိုင်ကြရမည်။

၄။ လက်အောက်ငယ်သား တပည့်စာသင်သားများကိုလည်း ခိုက်ရန်ဒေါသမဖြစ် သင့်တင့်ညီညွတ်အောင် အမြဲမပြတ် ဆုံးမဩဝါဒ ပေးကြရမည်။

၅။ အာရာမိဿရနှင့် ဂဏဝါစကများသည် ပုဂ္ဂလဝိသေသများ ဖြစ်ကြသည့်အားလျော်စွာ မိမိတို့အချင်းချင်း ဂရဟိတ အမနာပ စကားတို့ကို မပြောမဆို အကျိုးမဲ့ အရှိန်အစော်မဲ့ကို မပြုလုပ်ဘဲ တစ်ဦးကို တစ်ဦး အားအင်ပြုကာ တစ်ဦးသည် တစ်ဦးအပေါ်၌ အပြစ်မြင်က ပြောဆိုနိုင်လောက်အောင် ဖိတ်မံ လျှောက်ထားပြီးလျှင် အရိဋ္ဌဇနက, ပေါလဇနက တို့ကဲ့သို့ ချောပစ်ကုန်းတိုက်သော တပည့်တို့၏ စကားကြောင့် စိတ်နှလုံးကွဲပြား မရှိရအောင် ကတိပြု၍ ချောပစ်ကုန်းတိုက်တတ်သော တပည့်များကို နောင်မပြောဆိုဝံ့ ကြောက်ရွံ့လောက်အောင် နှိပ်ကွပ်ဆုံးမခြင်းတို့ဖြင့် ပဋိသန္ထာရ ဝုတ္တိ ဂုဏ်တို့ကို ဖြစ်စေကြရမည်။

၆။ နိဿယာစရိယ သံဃာ့ထေရ်ကိုယ်တိုင် အရပ်တစ်ပါးသို့ ညဥ့်အိပ် ညဥ့်နေ သွားခြင်းကြောင့် ဖြစ်စေ၊ နိဿယန္တေ တပည့်က သွားခြင်းကြောင့်ဖြစ်စေ၊ နိဿယည်း မယူရသေးသော သူများကို နိဿယဉ်းကင်း၍ မနေစေဘဲ ဆရာတော်များက အထူးကြောင့်ကြမှုထား၍ နိဿယည်း ယူစေကြရမည်။

၇။ တိုက်တာအုပ်ချုပ်ရေးမှာ အာရာမိဿရတို့၏ တာဝန်လုံးလုံးဖြစ်သော်လည်း ဂဏဝါစကများက လုံးလုံးလျားလျား လှစ်လျူရှု၍မနေကြဘဲ စာသင်သားတစ်ပါးပါး မသင့်လျော်သောအမှု ပြုလုပ်သည်ကို တွေ့မြင်ကြားသိခဲ့သော် အာရာမိဿရ ဆရာတော်များနည်းတူ ပြောဆိုဆုံးမကြရမည်။ စာသင်သား အဖြစ်မှ နှင်ထုတ်နိုင်သည့် အပြစ်တစ်စုံတစ်ရာတွေ့ခဲ့သော် အာရာမိဿရဆရာတော်များအား လျှောက်ထားကြရမည်။ အာရာမိဿရဆရာတော်များ အရပ်တစ်ပါး သွားဆဲအခါများတွင် ဂဏဝါစကများသည် အာရာမိဿရတို့၏ အခွင့်အရေးကို လုံးဝရရှိပြီးလျှင် နှင်ထုတ်ပစ်သင့်သော စာသင်သားများကို အာရာမိဿရတို့နှင့်မခြား နှင်ထုတ်ကြရမည်။

၈။ အာရာမိဿရနှင့် ဂဏဝါစကများသည် ဤဥပဒေ၌ ပညတ်အပ်သော ပြစ်မှုကို ကျူးလွန်ခြင်းကြောင့် ဖြစ်စေ၊ ဤဥပဒေ၌ မပါသော အခြားပြစ်မှုကို ကျူးလွန်ခြင်းကြောင့်ဖြစ်စေ၊ တစ်ဦးဦးသော စာသင်သားကို တိုက်တာ၌ထားရန် မသင့်လျော်ပြီဟု ထင်သည်နှင့်တပြိုင်နက် အကြောင်းပြ၍ဖြစ်စေ အကြောင်းမပြဘဲဖြစ်စေ နှင်ထုတ်နိုင်ကြရမည်။

**ဓမ္မန္တေဝါသိကစာသင်သား လိုက်နာရန် ဥပဒေ**

၁။ ဤကျောင်းတိုက်၌ နေထိုင်သော ပုဂ္ဂိုလ်တို့သည် သာသနာတော်စည်းကမ်း၊ ကျောင်းတိုက်စည်းကမ်း၊ နာယကဆရာတော်များ၏ ညွှန်ကြားချက် စည်းကမ်းအတိုင်း လိုက်နာပါမည်ဟု ပဋိညာဉ်ပေးသော ပုဂ္ဂိုလ်များသာ ဖြစ်ကြရမည်။

၂။ ဤကျောင်းတိုက်၌ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ရန် အထူးအားထုတ် သင်ကြားသော ပုဂ္ဂိုလ်တို့သာ နေထိုင်ခွင့်ရှိသည်။

၃။ ဤကျောင်းတိုက်၌ နေထိုင်သော ပုဂ္ဂိုလ်တို့သည် အစိုးရစာမေးပွဲနှင့် ဤကျောင်းတိုက်၌ ကျင်းပသော ဝိနယာဓိက ပရိယတ္တိသာသနာပြု စာမေးပွဲများကို တစ်ကြိမ်ဖြေပြီးသည့်တိုင်အောင် နေထိုင်ပါမည်ဟု ပဋိညာဉ်ပေးသော ပုဂ္ဂိုလ်ဖြစ်ရမည်။ နေထိုင်ခွင့်ရပြီးသော ပုဂ္ဂိုလ်သည် အထက်ပါ

စာမေးပွဲများ တစ်ကြိမ်မဖြေရသေးမီ အတွင်း၌ နာယကတို့က ခွင့်မပေးဘဲ ထွက်သွားခဲ့သော် သင့်လျော်သောဒဏ် ထမ်းဆောင်ပြီးမှ ထွက်သွားကြရမည်။ ကိုယ်တိုင် မထမ်းဆောင်ခဲ့သော် အာမခံပုဂ္ဂိုလ်က ထမ်းဆောင်ရမည်။

၄။ ဤကျောင်းတိုက်၌ နေထိုင်သမျှ ကာလပတ်လုံး အနည်းဆုံး စာတက်ဝါ (၂)ဝါ၊ စာကျက်ဝါ (၁)ဝါစီ ရှိကြရမည်။

၅။ အရည်အချင်းစစ်စာမေးပွဲကို ရှစ်ရက်သီတင်းနေ့တိုင်း ဖြေဆိုကြရမည်။ (၄၀)ရာခိုင်နှုန်း အောင်မှတ်မရခဲ့သော် ပေးအပ်သော အပြစ်ဒဏ်ကို ထမ်းဆောင်ကြရမည်။

၆။ ဥပုသ်သီတင်းနေ့မှတပါး ညစဉ် ညတိုင်း (၁၀း၀၀)နာရီထက်မနည်း စာပြန်ကြရမည်။

၇။ ညစဉ် အဆောင်၌ အသုံးပြုသော လျှပ်စစ်မီးကို ညဥ့် (၁၀း၀၀)နာရီအတွင်းသာလျှင် အသုံးပြုကြရမည်။

၈။ စာသင်သားများသည် အထူး စာဝါရပ်နားချိန်မှတပါး ခရီးသွားလာခြင်း မပြုကြရ။

၉။ အကြောင်းမဲ့လာသော ဧည့်သည်အာဂန္တုများကို ကြိုဆိုခြင်း၊ လိုက်ပို့ခြင်းများ မပြုလုပ်ကြရ။

၁၀။ အကြောင်းတစ်စုံတစ်ရာရှိ၍ မြို့တွင်းသို့ သွားလိုခဲ့သော် ဆရာတော်နှင့် နာယကများထံ ခွင့်ပန်လျှောက်ထား၍ သမဏသာရုပ္ပဖြစ်အောင် သင်္ကန်းရုံလျက် သွားပြီးလျှင် ပိုင်းခြားသတ်မှတ်အပ်သော အချိန်ကာလအတွင်း ပြန်ရောက်အောင် လာကြရမည်။ ပြန်ရောက်ကြောင်းကိုလည်း လျှောက်ထားကြရမည်။

၁၁။ ဘောလုံးပွဲ၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်ပွဲ စသော နေ့ပွဲ ညပွဲ အမျိုးမျိုးကို ကြည့်ရှုမှု ပေါ်ပေါက်ခဲ့သော် တိုက်သားအဖြစ်မှ ရုပ်သိမ်းခြင်းခံကြရမည်။

၁၂။ အချိန်မရွေး စစ်ဆေး၍ မတွေ့ရှိခဲ့သော် တိုက်သားအဖြစ်မှ ရုပ်သိမ်းခြင်းခံကြရမည်။

၁၃။ ဤကျောင်းတိုက်၌ နေထိုင်သမျှ ကာလပတ်လုံး ယဉ်ကျေးစွာ သွားလာနေထိုင် ပြောဆိုကြရမည်။

၁၄။ ဘုရားဝတ်တက် မှန်မှန်လိုက်ကြရမည်၊ စာဝါနှင့် စာအံကျောင်းကိုလည်း မှန်မှန် လိုက်ကြရမည်၊ လုံလောက်သော အကြောင်းပြချက်ဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ မပျက်ကွက်ရ။

၁၅။ သီတင်းသုံးဖော်အချင်းချင်း သင့်တင့်ညီညွတ်စွာ နေထိုင်ဆက်ဆံကြရမည်။ ညီညွတ်မှု ပျက်ပြားအောင် ပြုလုပ်သော ပုဂ္ဂိုလ်သည် တိုက်သားအဖြစ်မှ ရုပ်သိမ်းခြင်း ခံကြရမည်။

၁၆။ ကျားခြခြင်း၊ ခြင်းခတ်ခြင်း၊ ဘောလုံးကန်ခြင်း စသော ကစားမှုအမျိုးမျိုးကို မပြုလုပ်ကြရ၊ ပြုလုပ်ခဲ့သော် ပထမအကြိမ် ရေဒဏ် (၁၅)ခေါက်၊ ဒုတိယအကြိမ် ရေဒဏ် (၂၅)ခေါက်၊ တတိယအကြိမ် တိုက်သားအဖြစ်မှ ရုပ်သိမ်းခြင်းခံကြရမည်။ (ဖဲကစားခြင်း၊ ကက်ဆွဲခြင်း စသော ကြီးလေးသော ကစားခြင်းများကို ပြုလုပ်ခဲ့သော် တိုက်သားအဖြစ်မှ ရုပ်သိမ်းခြင်းခံကြရမည်။)

၁၇။ သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော ရေဒီယို၊ ကက်ဆက်၊ MP.3 / MP.4 ဖွင့်ခြင်းနှင့် ဝတ္ထု ကာတွန်း မဂ္ဂဇင်းစသော ပစ္စည်းစာအုပ်များကို နားထောင်ကြည့်ရှုခဲ့သော် ပစ္စည်းသိမ်း၍ တိုက်သားအဖြစ်မှ ရုပ်သိမ်းခြင်း ခံကြရမည်။(စာမေးပွဲနှင့်မပတ်သက်သော ဗဟုသုတဖြစ်ဖွယ်ရာ စာအုပ်များကို စာကြည့်တိုက်တွင်သာ ဖတ်ရှုခွင့်ပြုသည်၊ အခြားနေရာ၌ တွေ့ရှိခဲ့သော် ပထမအကြိမ် ကြီးလေးသော အပြစ်ကို ခံရပြီး၊ ဒုတိယအကြိမ် တိုက်သားအဖြစ်မှ ရုပ်သိမ်းခြင်းခံကြရမည်။)

၁၈။ ဆွမ်းစားပြီးသည်မှ နေ့ (၁)နာရီအတွင်း အိပ်ခွင့်ပေးထားသည်။ ၎င်းအိပ်ချိန်နှင့် ညဉ့်စာပြန်ပြီး အိပ်ချိန်တို့မှတပါး မအိပ်ရ။

၁၉။ အထက်ပါအိပ်ချိန်အတွင်း စကားကျယ်လောင်စွာ ပြောဆိုခြင်းစသော သူတစ်ပါးအား အနှောင့်အယှက် ဖြစ်စေမည့် အပြုအမူများကို ရှောင်ကြဉ်ကြရမည်။

၂၀။ ညဉ့်အိပ်ရန် ရောက်လာသော အာဂန္တု ဧည့်သည်များကို တာဝန်ရှိ ဆရာတော်နှင့် နာယကထံ လျှောက်ထားကြရမည့်အပြင် ဆွမ်းစားကျောင်း တာဝန်ခံ ထံသို့လည်း လျှောက်ထားကြရမည်။

၂၁။ ဆွမ်းစားမှုနှင့် ပတ်သက်၍ ဆွမ်းစားကျောင်း၌သာ စားကြရမည်။ မိမိတို့နေရာ၌ ရေနွေးသောက်ခြင်း၊ ဆွမ်းစားခြင်းများကို အလျင်းမပြုရ။

၂၂။ ဒါယကာ ဒါယိကာမများကို သတ်မှတ်ထားသော နေရာ၌သာ ဧည့်ခံခြင်း၊ ဆက်ဆံခြင်းများကို ပြုလုပ်ကြရမည်။ (စာအံချိန် စာပြန်ချိန်တို့၌ ဧည့်ခံစကားပြောဆို နေထိုင်ခြင်းများကို မပြုလုပ်ကြရ)

၂၃။ မာတုကာမတို့နှင့် ယုံမှားဖွယ်မကင်း ဆက်ဆံရောပြွမ်းခြင်း၊ မာတုကာမများကို ပြောင်လှောင်နောက်ပြောင်ခြင်းတို့မှ အထူးရှောင်ကြဉ်ကြရမည်။ တွေ့ရှိခဲ့သော် ပထမအကြိမ်၌ ကြီးလေးသော အပြစ်ဒဏ်၊ ဒုတိယအကြိမ်၌ တိုက်သားအဖြစ်မှ ရုပ်သိမ်းခြင်း ခံကြရမည်။

၂၄။ ကျောင်းတိုက်ဥပဒေနှင့် သက်ဆိုင်သောကိစ္စ၊ တိုက်တာနှင့် စပ်သောကိစ္စ တစ်ခုခု ရှိခဲ့လျှင် ကိုယ်လွတ်တိမ်းရှောင်ခြင်း၊ မိမိကိုယ်ကောင်း ပြောဆိုပြုလုပ်၍ တစ်ပါးသူတို့အပေါ် အပြစ်ဖို့ ဝန်တင်ပြောဆိုပြုလုပ်ခြင်း မရှိဘဲ ဆရာတော်များနှင့်အတူ အားလုံးတာဝန်ယူ၍ အားထုတ်ကြရမည်။

၂၅။ တိုက်တာသံဃာများသည် ရဟန်းကောင်းတို့ အရာမဟုတ်သော အမွှေးအကြိုင်၊ နံ့သာ၊ အလှဆီ၊ မျက်နှာချေတို့ကို အသုံးပြုခြင်းမှ ရှောင်ကြဉ်ကြရမည်။

၂၆။ စာသင်သားများသည် မိမိတို့ ဘုန်းကံအလျောက် ဖြစ်ပေါ် ရရှိလာသော စားဖွယ် သောက်ဖွယ်များကို ညီညွတ်မှုကို ရှေးရှုလျက် သီတင်းသုံးဖော်တို့နှင့် အတူခွဲဝေမျှတ သုံးဆောင်နိုင်ကြရမည်။

၂၇။ အာမခံပုဂ္ဂိုလ်တို့သည် မိမိတို့ အာမခံသော ပုဂ္ဂိုလ်၏ ပြစ်ဒဏ်များကို လုံးဝ တာဝန်ယူကြရမည်။

**၁၃၃၂ ခု၊ တန်ခူးလဆန်း (၁၅)ရက်နေ့၌ ပြဋ္ဌာန်းခဲ့သော ဥပဒေကို ပြင်ဆင်ဖြည့်စွက်၍ ၁၃၄၂ ခု၊ ဝါခေါင်လဆန်း (၈)ရက်နေ့၌ ထပ်မံပြဋ္ဌာန်းသော ဥပဒေ**

၁။ မိမိ၏ ကျန်းမာရေးကိစ္စ၊ မိဘ,ဆရာသမား, ရဟန်းဒါယကာ, ရဟန်းဒါယိကာမများ၏ နာရေးကိစ္စ၊ မိမိကိုယ်တိုင် သိက္ခာထပ်, ရဟန်းခံခြင်း ကိစ္စမှတပါး ညအိပ် ညဉ့်နေ ခရီးသွားခြင်း မပြုရ။

၂။ စာမေးပွဲများတွင် မသမာဖြေဆိုသော စာသင်သားသည် တိုက်သားအဖြစ်မှ ရုပ်သိမ်းခြင်း ခံရမည်။

၃။ အချင်းချင်း ခိုက်ရန်ဖြစ်ပွားရာ၌ ကိုယ်ထိလက်ရောက် ကျူးလွန်သူသည် တိုက်သားအဖြစ်မှ ရုပ်သိမ်းခြင်းခံရမည်။ ကိုယ်ထိ လက်ရောက် မကျူးလွန်သော်လည်း ခိုက်ရန်ဖြစ်ပွားရာ၌ ပါဝင်ပတ်သက်သူသည် သင့်လျော်သော ပြစ်ဒဏ်ဖြင့် အရေးယူခြင်း ခံရမည်။

၄။ တာဝန်ခံ နာယကထံ ခွင့်မပန်ဘဲ ညဉ့်အိပ်ညဉ့်နေ ဧည့်သည် အာဂန္တုများကို လက်ခံထားပါက ဧည့်သည်ရှင်သည်(သို့မဟုတ်)ဧည့်သည်ရှင် မဖော်ပြနိုင်သော ယင်း အဆောင်နေ ကျောင်းအုပ်

ဘုန်းကြီးသည် ထိုက်သင့်သော အပြစ်ပေး အရေးယူခြင်း ခံရမည်။

၅။ ဤကျောင်းတိုက်တွင် ပညာသင်ကြားနေထိုင်ကြသော စာသင်သားတိုင်းသည် မိမိရောက်ဆဲ အတန်း၌ သတ်မှတ်ထားသော အချိန်ကာလအတွင်း အစိုးရပထမပြန်, ဓမ္မာစရိယစာမေးပွဲ မအောင်မြင်ပါက ဤကျောင်းတိုက်တွင် ဆက်လက်နေထိုင်ခွင့်မရှိ။ (သတ်မှတ်ထားသော အချိန်များမှာ - မူကြို, အခြေပြုမူလတန်းတို့၌ (၂)နှစ်၊ ပထမငယ်, ပထမလတ်တန်းတို့၌(၃)နှစ်၊ ပထမကြီးတန်း၌ (၄)နှစ် ဖြစ်သည်။ ဓမ္မာစရိယတန်း၌ (၃)နှစ်အတွင်း ကျမ်းစွဲရမည်။ ကျောင်းတိုက် အပတ်စဉ် စာမေးပွဲနှင့် သဒ္ဓမ္မပါလ စာမေးပွဲများ အောင်မြင်ပါက (၁)နှစ် ဆက်လက် နေထိုင်ခွင့် ရှိသည်။)

၆။ ဤကျောင်းတိုက်၌ နေသူသည် ဤကျောင်းတိုက်၏အမည်ဖြင့်သာ အစိုးရစာမေးပွဲ ဝင်ခွင့် လက်မှတ်ထိုးရမည်။

၇။ ကျောင်းအပတ်စဉ်စာမေးပွဲများတွင် အနည်းဆုံး (၃)ချိုး (၁)ချိုး အကြိမ် အောင်မြင်သူများကိုသာ အစိုးရစာမေးပွဲဝင်ခွင့် လက်မှတ်ထိုးခွင့်ပြုမည်။ လက်မှတ်ထိုးခွင့်ရပြီးသူသည်လည်း ကျန်ရှိသော အပတ်စဉ်တိုင်း ၌ ပထမပြန် (၂၅)ရာခိုင်နှုန်း၊ စာချတန်း-အသစ် ၃၅- ရာခိုင်နှုန်း၊ အဟောင်း ၄၅- ရာခိုင်နှုန်း ပြည့်မီ သူများကိုသာ အစိုးရပထမပြန်, ဓမ္မာစရိယ စာမေးပွဲ ဖြေဆိုခွင့်ပြုမည်။ (မည်သည့် အကြောင်းကြောင့် ဖြစ်စေ၊ အပတ်စဉ်စာမေးပွဲ ဖြေဆိုရန်ပျက်ကွက်သော အကြိမ်သည် ကျရှုံးအကြိမ်အဖြစ် မှတ်ယူမည်။)

၈။ သက်န်းမရုံဘဲ မြို့တွင်း ရွာတွင်း သွားလာခဲ့သော် ပထမအကြိမ် သင့်လျော်သော အပြစ်ဒဏ် များကို ထမ်းဆောင်ကြရမည်။

၁၃၆၉ ခု၊ နယုန်လပြည့်ကျော် (၁၀)ရက်၊ (၂၀၀၇/၂၀၀၈) နေ့ ပြင်ဆင်ဖြည့်စွက်ဥပဒေ

၁။ ရှင်ငယ်တန်းတွင် လောကီအစိုးရ ဒုတိယတန်းနှင့် ညီမျှသော English ဘာသာ။

၂။ အခြေပြုမူလတန်းတွင် လောကီအစိုးရ စတုတ္ထတန်းနှင့်ညီမျှသော English ဘာသာ။

၃။ ပထမငယ်တန်းတွင် လောကီအစိုးရ ဆဋ္ဌမတန်းနှင့်ညီမျှသော English ဘာသာ။

၄။ ပထမလတ်တန်းတွင် လောကီအစိုးရ အဋ္ဌမတန်းနှင့်ညီမျှသော English ဘာသာ။

၅။ ပထမကြီးတန်းတွင် လောကီအစိုးရ ဒသမတန်းနှင့်ညီမျှသော English ဘာသာများကို ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှစ၍ ဖြည့်စွက်သင်ကြားရန် သတ်မှတ်သည်။

အထက်ပြဆိုခဲ့ပြီးသော စည်းကမ်းအချို့ကို သုံးသပ်ရလျှင် စာသင်သားတို့၏ ကိုယ်ကျင့်သိက္ခာကို တည့်မတ်ပေးသော စည်းကမ်းများ၊ စာပေသင်ကြားရာတွင် အနှောင့်အယှက် ကင်းဝေးစေရန် ရည်ရွယ်၍ ချမှတ်သော စည်းကမ်းများ ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

ဥပမာ - ယဉ်ကျေးစွာ ပြောဆိုနေထိုင်ရမည်၊ အချင်းချင်း သင့်တင့်ညီညွတ်စွာ ဆက်ဆံရမည်၊ မြို့တွင်း ရွာတွင်းဝင်လျှင် သမဏသာရုပ္ပဖြစ်အောင် သင်္ကန်းရုံသွားရမည်။ အပြင်သွားလာလျှင် ခွင့်တိုင် သွားပြီး သတ်မှတ်ထားသည့်အချိန်အတွင်း ပြန်လာရမည်ဆိုသော စည်းကမ်းများသည် ကိုယ်ကျင့် သိက္ခာပိုင်းဆိုင်ရာ စည်းကမ်းများပင် ဖြစ်ပါသည်။

အလားတူစွာ မလိုအပ်ဘဲ အကြောင်းမဲ့လာသော ဧည့်သည် ကြိုဆိုဧည့်ခံခြင်း၊ လိုက်လံပို့ဆောင် ခြင်း မပြုရဆိုသော စည်းကမ်းသည် ပညာသင်ကြားရေးအတွက် အထောက်အကူပြုရန် ပြဋ္ဌာန်းထား

သော စည်းကမ်းဖြစ်သည်ကို တွေ့ရပါမည်။ အဘယ်ကြောင့်ဆိုသော် အချိန်နှင့်အမျှ ကြိုးစားအားထုတ်နေရသော စာသင်သားအတွက် ဧည့်သည်သည် ကြီးမားသော အနှောက်အယှက် ဖြစ်လာနိုင်ပါသည်။

## သာသနာတော်ဆိုင်ရာစည်းကမ်း

သာသနာတော်ဆိုင်ရာစည်းကမ်းနှင့် ပတ်သက်၍ စည်းကမ်း ဥပဒေသများကို အနည်းငယ် ဖော်ပြလိုပါသည်။ ဤစည်းကမ်းမှာ ရွှာမပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံး နေထိုင်ကြသော စာသင်သားတို့အတွက်သာမက သာသနာတော် တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် စည်းကမ်း ဥပဒေသ ဖြစ်ပါသည်။ ထိုစည်းကမ်းမှာ ရွှာမပရိယတ္တိစာသင်တိုက်ရှိ နာယကဆရာတော်ကြီးများ ရေးဆွဲသည့် စည်းကမ်းမဟုတ်ဘဲ သာသနာတော်၏ ပိုင်ရှင်ဖြစ်သော ဗုဒ္ဓဘုရားရှင်ကိုယ်တိုင် သိက္ခာပုဒ်အနေဖြင့် ပညတ်ထားခဲ့သည့် စည်းကမ်းများ၊ ဥပဒေသများဖြစ်ပါသည်။

ရွှာမပရိယတ္တိစာသင်တိုက်ရှိ နာယကဆရာတော်များသည် သာသနာတော်၏ ဆူးညှောင့် ခလုပ်နှင့်တူသော အပြစ်များကို အနည်းငယ်သော အပြစ်ကိုပင် ကြောက်မက်ဖွယ်ဘေးဟု မြင်ကြရမည် ဟူသော စကားအတိုင်း မျက်ကွယ်မပြုဘဲ တင်းကြပ်သော စည်းကမ်းများအဖြစ် သတ်မှတ်ထားပါသည်။ (ဥပဒေသ အမှတ်-၁၁၊ အမှတ်-၁၆၊ အမှတ်-၁၇၊ အမှတ်-၂၃၊ အမှတ်-၂၅)

ဘုရားရှင်ချမှတ်ခဲ့သော ပညတ်ခဲ့သော စည်းမျဉ်းကို အထူးအလေးထား၍ တိကျစွာ လိုက်နာစေလိုသော ဆန္ဒကြောင့် နာယကဆရာတော်ကြီး နှစ်ပါးသည် ဤစည်းမျဉ်းများကို ထပ်မံ အတည်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။

## အင်္ဂလိပ်စာသင်ကြားရေးနှင့် ရွှာမပရိယတ္တိစာသင်တိုက်

ရွှာမပရိယတ္တိစာသင်တိုက်၏ ၂၀၀၇/၂၀၀၈ ပညာသင်နှစ်တွင် ပညာရေးစနစ်ကို ခေတ်နှင့်အညီ တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ပါဠိဘာသာသင်ကြားရေးအပြင် အင်္ဂလိပ်စာသင်ကြားရေးပါ ဆောင်ရွက်လာသည်။ ရွှာမပရိယတ္တိစာသင်တိုက်တွင် ရှင်ငယ်တန်းမှ ပထမကြီးတန်း အောင်မြင်သော စာသင်သားသည် လောကီအစိုးရကျောင်းများမှ ချမှတ်ထားသော ပညာရေး ညွှန်းတန်း ဒသမ(ဆယ်တန်း) တက္ကသိုလ်ဝင်ခွင့်အောင်မြင်သော ကျောင်းသားများနှင့် အင်္ဂလိပ်စာအခန်းကဏ္ဍတွင် အကျိုးတူ အခွင့်အလမ်းများ ရရှိကြပေမည်။ ယနေ့ထေရဝါဒသာသနာသည် ကမ္ဘာအဝှမ်း၌ ပြန့်လည်ထိုးဖောက်နေရာယူလျက်ရှိရာ အင်္ဂလိပ်စာ တတ်မြောက်ထားသော သာသနာပြုရဟန်းတော်များ ထေရဝါဒ သာသနာပြုလုပ်ငန်းများ၌ ဗုဒ္ဓအလိုကျ တရားဓမ္မများကို လက်ဆင့်ကမ်း ဆောင်ကျဉ်းနိုင်မည်ဖြစ်သည်။ အနိမ့်ဆုံး ကျေးလက်ဒေသ၌ ကျောင်းထိုင်ဘဝဖြင့် သာသနာပြုရာတွင် မိမိတို့ သာသနာပြုရာ အရပ်၌ လောကီစာပေများကို ခေတ်နှင့်အညီ ရင်ဘောင်တန်းပြီး အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည်။ ဤသို့နည်းဖြင့် မြန်မာနိုင်ငံအဝှမ်း တောကျောင်းနေ ရဟန်းတော်များအနေဖြင့် ဆောင်ရွက်သွားလျှင် အဆင့်မီသော သောတုဇန စာသင်သားကုန်ကြမ်းများ များစွာပေါ်ပေါက်လာပေမည်။ ထိုကုန်ကြမ်းများကို ခေတ်နှင့်အညီ လျှောက်လှမ်းနေသည့် ရွှာမပရိယတ္တိစာသင်တိုက်သို့ ပို့ဆောင်လာလျှင် အတိုင်းအတာ တစ်ခုအထိ သာသနာပြု ကုန်ချော ရဟန်းတော်များ ပေါ်ထွန်းလာပေမည်။ ထိုသည်များကို ရည်ရွယ်လျက် ဆရာတော်ကြီးများက ရွှာမပရိယတ္တိစာသင်တိုက်ရှိ စာသင်သားများ

အတွက် အင်္ဂလိပ်စာသင်ကြားရေး အခန်းကဏ္ဍကို ပါဠိဘာသာသင်ကြားရေးနှင့် တွဲဖက်လျက် အထောက်အကူပြု ဘာသာရပ်အဖြစ် ပို့ချပေးလျက်ရှိသည်။ ရွာမပရိယတ္တိစာသင်တိုက်၏ ပညာရေး ရည်မှန်းချက်ကို မီးမောင်းထိုးပြလျက်ရှိရာ မြန်မာနိုင်ငံအဝှမ်းရှိ စာသင်တိုက်ကြီးများနှင့် နိုင်ငံတော်မှ သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်းများအနေဖြင့် နိုးကြားလာနိုင်ဖွယ်ရာ ဖြစ်ပေမည်။ အလားတူ ဆင့်ကဲ ဆင့်ကဲ ဆောင်ရွက်သွားကြလျှင် မြန်မာနိုင်ငံလုံး အတိုင်းအတာဖြင့် ထေရဝါဒ သာသနာပြုဝန်ထမ်းများ ပါဠိစာပေအပြင် အင်္ဂလိပ်စာပေများပါ တတ်မြောက်ပြီး ဗုဒ္ဓတရားတော်များကို ကမ္ဘာအနှံ့ ဖြန့်ချိနိုင်မှာ ဧကန်မုချ ဖြစ်လာနိုင်ဖွယ်ရာ အကြောင်းများ ရှိပါသည်။ ထိုပညာရေးရည်မှန်းချက်များကို ရွာမပရိယတ္တိ စာသင်တိုက်မှ ခေတ်နှင့်အညီ အစဉ်တစိုက် နိုးကြားလျက် ရှိသည်မှာ ထင်ဟပ်လျက်ရှိပါသည်။

## အချိန်ကို အကျိုးရှိစွာ အသုံးပြုခြင်း

လောကတွင် အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ဖို့ရန် စည်းကမ်းရှိဖို့လိုအပ်သလို အချိန်ကိုလည်း အကျိုးရှိစွာ အသုံးချဖို့ရန်လည်း လိုအပ်ပါသည်။ ဤအချက်မှန်ကန်ကြောင်းကို "အချိန်ရှိခိုက် လှေလှော်လိုက်၊ အချိန်ကို ငွေဖြင့်ဝယ်၍မရ၊ အချိန်နှင့် ဒီရေသည် လူကိုမစောင့်"စသော စကားပုံများက ထောက်ခံလျက် ရှိပါသည်။ ထိုသို့သော သဘောကို နားလည်သဘောပေါက်ထားသည့် ဆရာတော်ကြီးနှစ်ပါးနှင့် စာချ ဆရာတော်များသည် စာသင်သားတို့၏ အချိန်ကို တစ်မိနစ် တစ်စက္ကန့်မျှ အလဟဿ မဖြစ်စေရန် တစ်နေ့တာ အချိန်ဇယားများကို ရေးဆွဲ၍ အောက်ပါအတိုင်း ဆောင်ရွက်စေပါသည်။

| | | | |
|---|---|---|---|
| ၁။ | နံနက် | ၄:၀၀ | အိပ်ယာထ၊ ဘုရားရှိခိုး၊ ဘာဝနာပွား |
| ၂။ | နံနက် | ၅:၃၀ | အရုဏ်ဆွမ်းဘုဉ်းပေး |
| ၃။ | နံနက် | ၆:၀၀ | ကျောင်းသန့်ရှင်းရေး |
| ၄။ | နံနက် | ၆:၃၀ | စာအံကျောင်းတက်၊ စုပေါင်းစာကျက် |
| ၅။ | နံနက် | ၇:၃၀ | ဆရာထံ စာပြန် |
| ၆။ | နံနက် | ၉:၀၀ | ရေချိုး၊ ဆွမ်းခံထွက် |
| ၇။ | နံနက် | ၁၁:၀၀ | နေ့ဆွမ်းဘုဉ်းပေး |
| ၈။ | နံနက် | ၁၂:၀၀ | စာကြည့်ချိန်၊ အနားယူချိန် |
| ၉။ | နေ့လည် | ၁:၀၀ | ဆရာထံ စာတက် |
| ၁၀။ | နေ့လည် | ၂:၃၀ | ကိုယ်ပိုင်စာကြည့်ချိန် |
| ၁၁။ | နေ့လည် | ၃:၃၀ | ဆရာထံ စာတက် |
| ၁၂။ | နေ့လည် | ၅:၀၀ | သန့်ရှင်းရေး၊ ကိုယ်ပိုင်စာကြည့်ချိန် |
| ၁၃။ | ညနေ | ၆:၃၀ | ဘုရားဝတ်တက် |
| ၁၄။ | ညနေ | ၇:၃၀ | စာအံကျောင်းတက်၊ စုပေါင်းစာကျက် |
| ၁၅။ | ညနေ | ၉:၀၀ | ကိုယ်ပိုင်စာကြည့်ချိန် |
| ၁၆။ | ည | ၁၁:၀၀ | အိပ်ချိန် |

( နေထိုင်မကောင်းကြောင်း ခိုင်လုံသော အကြောင်းပြချက်ရှိ၍ တာဝန်ခံပုဂ္ဂိုလ်၏ ခွင့်ပြုချက် ရသူမှတပါး စာသင်သားအားလုံးသည် အထက်ဖော်ပြခဲ့ပြီးသော ဇယားအတိုင်း ဆောင်ရွက်ရမည်။

ပျက်ကွက်ခဲ့ပါက ကျောင်းတိုက်မှ ထွက်ခွာရသည်အထိ အပြစ်ဒဏ်တစ်ရပ်ရပ်ကို ခံယူရမည် ဖြစ်ပါသည်)

ဖော်ပြပါ အချိန်ဇယားကို လေ့လာသုံးသပ်ရလျှင် တစ်နေ့တွင် (၂၄)နာရီ ရှိသည့်အနက် ရွာမ ပရိယတ္တိစာသင်တိုက်ရှိ စာချစာသင် သံဃာတော်များ၏ သာသနာတော်အတွက် အလုပ် လုပ်ချိန်သည် ၁၉-နာရီ ဖြစ်သည်။ ထိုအချိန်များတွင်လည်း ပရိယတ္တိသာသနာပြုသည့် စာသင်တိုက် ဖြစ်သည့် အားလျော်စွာ စာအံ၊ စာကျက်(ကိုယ်ပိုင်၊ စုပေါင်း)၊ ဆရာထံစာတက်ဆိုသည့် စာပေနှင့် သက်ဆိုင်သော အချိန်က ပိုများကြောင်း သိရှိရပါမည်။ ဤအချိန်ဇယားတွင် **နံနက် ၄-နာရီ အိပ်ရာထ၊ ဘာဝနာပွား** ဟူသော ဖော်ပြချက်အရ ရွာမပရိယတ္တိစာသင်တိုက်သည် ပရိယတ္တိ စာပေသင်ကြားရေး သက်သက် ကိုသာ ကြိုးစားအားထုတ်နေခြင်း မဟုတ်ဘဲ ဝိပဿနာပွားများမှု ပဋိပတ္တိမကင်းသော ပရိယတ္တိ စာသင်တိုက်၊ ဘုရားရှင်၏ အလိုတော်ကျ ခုရနှစ်မျိုးလုံးကို တွဲ၍ ဆောင်ရွက်သော စာသင်တိုက် ဖြစ်ကြောင်း တွေ့ရှိရပါမည်။ ထို့အပြင် ဖော်ပြပါ ဇယားတွင် စာပေကျက်မှတ်ရာ၌ ကိုယ်ပိုင် စာကြည့်ချိန်နှင့် စုပေါင်းစာကျက်ချိန်ဟူ၍ နှစ်မျိုးပိုင်းခြားသတ်မှတ်ထားသည်ကို တွေ့ရှိရပါမည်။ ဤနေရာတွင် ကိုယ်ပိုင်စာကြည့်ချိန် သတ်မှတ်ပေးခြင်းဖြင့် မိမိကျက်မှတ်ရမည့်စာကို တစ်ဦးတည်း အာရုံမများဘဲ စိတ်တိုင်းကျ ကျက်မှတ်နိုင်ခြင်းဟူသော အကျိုးတရားကို ရရှိစေနိုင်မည် ဖြစ်ပါသည်။

အခြားတစ်ဖက်မှလည်း စုပေါင်းစာချခြင်းသည် တစ်ဦးမသိသော နားမလည်သော သင်ခန်းစာများကို တစ်ဦးက ရှင်းလင်းပေးနိုင်ခြင်း၊ တစ်ဦးမှားယွင်းနေသည်ကို အခြားတစ်ဦးက ထောက်ပြနိုင်ခြင်းဟူသော အကျိုးတရားများ ရရှိနိုင်မည်ဖြစ်ပါသည်။ အချုပ်အားဖြင့်ဆိုရလျှင် အထက်ပါဇယားကို ကြည့်ခြင်းအားဖြင့် ရွာမပရိယတ္တိစာသင်တိုက်ရှိ ဆရာတော်ကြီးများသည် မိမိတို့၏ တပည့်စာသင်သားများကို နှစ်၊ လ၊ ရက်ကို မဆိုထားဘဲ တစ်နေ့တာအချိန်လေးကိုပင် သာသနာအတွက် အကျိုးရှိစွာ အသုံးချစေကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါသည်။

## ဂုဏ်သတင်း မွှေးပျံ့နေသော ရွာမပရိယတ္တိစာသင်တိုက်

ရွာမစာသင်တိုက်၏ စာပေသင်ကြားမှုသမိုင်းကို လေ့လာရသော် ၁၉၇၀-၇၁ ခုနှစ် စာသင်သား ၃၅ ပါးဖြင့် စတင်ခဲ့ရသည့် စာသင်တိုက်ငယ်ဘဝမှ ယနေ့ကာလတွင် စာသင်သား ၆၀၀ကျော် စာပေ ပို့ချ သင်ကြားပေးနေသော စာသင်တိုက်ကြီးဘဝသို့ ရောက်ရှိနေပြီ ဖြစ်ပေသည်။ စာသင်သားတို့၏ အောင်မြင်မှုအနေထားကို ကြည့်လျှင်လည်း ထူးခွန် ပေါက်မြောက်စွာ ဖြေဆိုနိုင်သော အနေအထားတွင် ရှိကြောင်း တွေ့ရှိရပါသည်။ ရွာမစာသင်တိုက်၏ ဂုဏ်သတင်း ပျံ့မွှေးခဲ့၍ ရွာမစာသင်တိုက်၌ ပညာရှာမှီး လိုသော စာသင်သားများသည် မြန်မာနိုင်ငံအနှံ့မှ ရောက်ရှိလာကြသည်။

ဤသို့ ရွာမစာသင်တိုက်ကြီး အောင်မြင်တိုးတက်လာရခြင်းမှာ နာယကဆရာတော် ဦးနန္ဒဝံသ၊ တိုက်အုပ်ဆရာတော် အရှင်တိလောကာဘိဝံသတို့၏ ဦးဆောင်မှုအောက်တွင် ဂဏဝါစက စာချ ဆရာတော်တို့၏ သင်နည်းစနစ်ကောင်းမွန်မှု၊ အရည်အချင်းပြည့်ဝမှု၊ မဆုတ်နစ်သောဇွဲ၊ လုံ့လတို့ဖြင့် ကြိုးစားအားထုတ်မှု၊ စေတနာမေတ္တာကြီးမားမှုတို့ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ဤအခန်းတွင် ဆရာတော်ကြီးနှစ်ပါး၏ ဘဝတစ်စိတ်တစ်ဒေသနှင့် သာသနာရေး ဆိုင်ရာ လုပ်ဆောင်ချက်အချို့ကိုလည်းကောင်း၊ စာသင်တိုက်စတင်တည်ထောင်သည့်အချိန်မှစ၍ ယနေ့အထိ လက်လှမ်းမီသမျှ ဂဏဝါစကစာချဆရာတော်များ စာရင်းကိုလည်းကောင်း ဖော်ပြမည်

ဖြစ်ပါသည်။

(ပဓာန မဟာနာယကဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၏ ဘဝဖြစ်စဉ်ကို စာမျက်နှာ(၃)၌ အကျယ်တဝင့် ဖော်ပြပြီးဖြစ်၍ ဤနေရာတွင် မပြဆိုတော့ပြီ)

### ဘဒ္ဒန္တတိလောကာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ (တိုက်အုပ်ဆရာတော်)

အရှင်သည် ရွာမပရိယတ္တိစာသင်တိုက်၏ ဒုတိယနာယက(တိုက်အုပ်)ဖြစ်ပါသည်။ အရှင်သည် ဤကျောင်းတိုက်တွင် ရာထူးဌာနန္တရအနေဖြင့် ဒုတိယမြောက်နေရာတွင် ရှိသော်လည်း စင်စစ် စာသင်တိုက်၏ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရာတွင် ထိပ်ဆုံးမှနေ၍ တာဝန်ယူဆောင်ရွက်နေရသူဖြစ်သည်။ အရှင်၏ ဂုဏ်သတင်းသည် ပရိယတ္တိလောကတွင် ပျံ့သင်းလျက်ရှိသည်။ ရွာမစာသင်တိုက်ရှိ စာသင်သားများစွာ၏ မှီခိုအားထားရာ ဆရာသခင်လည်း ဖြစ်သည်။

အရှင်၏ စာပေပို့ချမှုစွမ်းရည်၊ တိုက်တာအုပ်ချုပ်ပုံ၊ ထိမိသောဝေါဟာရများကိုသုံး၍ ဆုံးမဩဝါဒပေးတတ်ပုံ၊ တပည့်သားမြေးတို့အပေါ် ကျောသား၊ ရင်သား မခွဲခြားဘဲ စောင့်ရှောက်တတ်ပုံ စသည့် အရှင်၏ ဂုဏ်ဒြပ်တို့သည် ကြီးမားများပြားလှပါသည်။ သို့ရာတွင် အရှင်၏ ထေရုပ္ပတ္တိအကျဉ်းနှင့် သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုသာ အဓိကထားတင်ပြမည်ဖြစ်ပါသည်။

အရှင်သည် ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်၊ ညောင်ပင်သာဇာတိဖြစ်သည်။ ခမည်းတော် ဦးဘဖေ၊ မယ်တော် ဒေါ်စောစိန်တို့မှ ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်၊ စနေနေ့ နံနက် ၄ နာရီအချိန်တွင် ဖွားမြင်သော စတုတ္ထသားရတနာ ဖြစ်ပါသည်။ ကျန်မွေးချင်းများမှာ ဒေါ်အုန်းတင်၊ ဒေါ်စန်းလှ၊ ဒေါ်စန်းမြ၊ ညီ ဦးအေးနှင့် ညီမ ဒေါ်ပုလေးတို့ ဖြစ်ပါသည်။

အရှင်သည် ၁၃၀၆(၁၉၄၃)ခုနှစ်၊ ခြောက်နှစ်သားအရွယ်တွင် ကျေးရွာကျောင်းဖြစ်သည့် ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တက္ကနန္ဒဝံသထံတွင် ဘုန်းကြီးကျောင်းစာပေများကို သင်ယူခဲ့သည်။ ၁၃၀၉ ခုနှစ် (၁၉၄၇)၊ ကိုးနှစ်သားအရွယ်တွင် ကျောင်းပညာကို စတင်သင်ကြားခွင့် ရရှိခဲ့သည်။ ၁၃၁၅ ခု (၁၉၅၃) ၁၅ နှစ်သားအရွယ်တွင် ဆရာတော် အရှင်က္ကနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘဝ ရရှိခဲ့ပါသည်။ ဇာတိကျေးရွာတွင် တစ်နှစ်မျှ ပညာသင်ကြားပြီးနောက် ၁၃၁၆ (၁၉၅၄)ခုနှစ်တွင် ညောင်ဦးမြို့နယ်၊ ကန်ကြီးကုန်းကျေးရွာသို့ ပြောင်းရွှေ့ခဲ့သည်။ ကံကြီးကုန်းကျေးရွာ တောင်ကျောင်းတွင် နောင်တော် တော်စပ်သော ဆရာတော်ဦးဝါသဝထံတွင် ပရိယတ်အခြေခံဖြစ်သော သဒ္ဒါနှင့် သင်္ဂြိုဟ်တို့ကို သင်ယူသည်။ ဆရာတော်၏ အပ်နှံပေးချက်အရ ၁၃၁၇ ခု (၁၉၅၅)၊ ပထမဝါဆိုလတွင် မြင်းခြံမြို့ ကိုးဆောင်တိုက် ပဓာန နာယကဆရာတော်ကြီး (နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ထံ ခိုလှုံ၍ ပရိယတ္တိစာပေများကို ဆက်လက်လေ့လာဆည်းပူးခဲ့ပါသည်။ အရှင်တိလောကာဘိဝံသအား ပထမငယ်တန်းမှ ဓမ္မာစရိယတန်းအထိ စာပေပို့ချပေးခဲ့သော ကိုးဆောင်ကျောင်းတိုက်မှ ဆရာတော်များမှာ -

(က) ဦးတိက္ခပဏ္ဍိတ

(ခ) ဦးစာရိတ္တ

(ဂ) ဦးသာမိန

(ဃ) ဦးလာဘ
(င) ဦးသုမင်္ဂလ (သကျသီဟ၊ အစိုးရဓမ္မာစရိယ)
(စ) ဦးအာစာရ (မူလဓမ္မာစရိယ)
(ဆ) ဦးတေဇနိယ (သ. စ. သ. အ၊ ဓမ္မာစရိယ)တို့ ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် အသက် ၂၀ အရွယ်သို့ ရောက်သော် ၁၃၂၀ ခု(၁၉၅၈)၊ ကဆုန်လဆန်း ၁၀ ရက်နေ့တွင် ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဥပဇ္ဈာယ်ဆရာတော်မှာ ဘကြီး တော်စပ်သော ဇလွန်မြို့ ပကွဲကျောင်းဟောင်း ဆရာတော် ဘဒ္ဒန္တစန္ဒာဝရဖြစ်သည်။ ဆရာတော် တက်ရောက် သင်ကြား အောင်မြင်ခဲ့သော အတန်းများမှာ -

၁။ ပထမငယ်တန်း - ၁၃၁၈ ခုနှစ် (၁၉၅၆)
၂။ ပထမလတ်တန်း - ၁၃၁၉ ခုနှစ် (၁၉၅၇)
၃။ ပထမကြီးတန်း - ၁၃၂၀ ခုနှစ် (၁၉၅၈)
၄။ ဓမ္မာစရိယစာချတန်း - ၁၃၂၄ ခုနှစ် (၁၉၆၂) တို့ဖြစ်သည်။ ဓမ္မာစရိယတန်းတွင် ဆရာတော်သည် တစ်နိုင်ငံလုံး ဒုတိယ ရရှိခဲ့သည်။

ဓမ္မာစရိယတန်း အောင်မြင်ပြီးနောက် ဆရာတော်သည် ပညာဆက်လက်သင်ကြားလိုသဖြင့် မန္တလေးသို့ ပြောင်းရွှေ့ပြီး ချမ်းသာကြီးတိုက် အလင်္ကာရတ္ထမေဒိနီကျမ်းပြုဆရာ အရှင်နန္ဒမဠ္ဌ (အဘိဓဇမဟာရဋ္ဌဂုရု)နှင့် ညောင်ကန်တိုက်ဆရာတော်၊ ဘုရားကြီးတိုက်ဆရာတော်တို့ထံတွင် ပရိယတ္တိ စာပေများကို သင်ကြားဆည်းပူးခဲ့ပါသည်။ ထိုစဉ်က စာချဆရာတော်များမှာ ဦးဥက္ကံသ၊ ရွှေရေးဆောင် တိုက်ဆရာတော်ဘုရားကြီး ဦးပဏ္ဍဝတို့ ဖြစ်ကြသည်။ ဆရာတော်ကြီးသည် မန္တလေးမြို့မှ ပရိယတ္တိ သာသနဟိတဓမ္မာစရိယ(သကျသီဟ)ဘွဲ့ကို ဆွတ်ခူးရရှိခဲ့ပါသည်။ ထို့ပြင် ရန်ကုန်မြို့ ရွှေဂုံတိုင် ခြောက်ထပ်ကြီး၊ ဘုရားကြီးတိုက်ဆရာတော် ဦးတေဇောသာရ၊ ဦးအာစိဏ္ဏတို့ထံတွင်လည်း ပခုက္ကူ နည်းဖြင့်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို လေ့လာဆည်းပူးသင်ကြားခဲ့ပါသည်။

အရှင်တိလောကာဘိဝံသသည် ဝါသနာအလျောက်အခြား အခြားသော စာမေးပွဲများစွာကိုလည်း ဝင်ရောက်ဖြေဆိုအောင်မြင်သည်ကို တွေ့ရပါသည်။ ယင်းတို့မှာ -

- အဘိဓမ္မာစာမေးပွဲ ပထမ၊ ဒုတိယ၊ တတိယသုံးဆင့်
- ဋီကာကျော်အဘိဓမ္မာဂုဏ်ထူးဆောင် ပထမ၊ ဒုတိယ၊ တတိယသုံးဆင့်
- ဇလွန်မြို့နယ် လယ်ဦးကျောင်းတိုက်၌ ကျင်းပသော ဝိနယမူလတန်း၊ ဝိနယန္တရိက သင်္ဂြိုဟ်တန်းနှင့်
- မြင်းခြံမြို့ ကိုးဆောင်တိုက် သဒ္ဓမ္မပါလစာမေးပွဲတို့ ဖြစ်ပါသည်။

အရှင်တိလောကာဘိဝံသသည် အစိုးရ ဓမ္မာစရိယဘွဲ့ သကျသီဟဘွဲ့တို့ကို ရရှိပြီးနောက် ညောင်ဦးမြို့နယ်၊ ကန်ကြီးကုန်းကျေးရွာတွင် ၁၃၂၈-၂၉ ခုနှစ်၊ (၁၉၆၆-၆၇)၌ မူလတန်း ဆရာအဖြစ် စာပေစတင်ပို့ချခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် မြင်းခြံကိုးဆောင်တိုက်သို့ ပြောင်းရွှေ့၍ ဂဏဝါစက စာချ အဖြစ် ဆောင်ရွက်ကာ ပထမပြန်စာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲများအတွက် စာပေပို့ချခဲ့သည်။ ၁၃၃၂ ခုနှစ် (၁၉၇၀)အထိ သုံးနှစ်ကျော်ကျော် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဖြစ်ပါသည်။

(ပဓာန မဟာနာယကဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၏ ဘဝဖြစ်စဉ်ကို စာမျက်နှာ(၃)၌ အကျယ်တဝင့် ဖော်ပြပြီးဖြစ်၍ ဤနေရာတွင် မပြဆိုတော့ပြီ)

**ဘဒ္ဒန္တတိလောကာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ (တိုက်အုပ်ဆရာတော်)**

အရှင်သည် ရွာမပရိယတ္တိစာသင်တိုက်၏ ဒုတိယနာယက(တိုက်အုပ်)ဖြစ်ပါသည်။ အရှင်သည် ဤကျောင်းတိုက်တွင် ရာထူးဌာနန္တရအနေဖြင့် ဒုတိယမြောက်နေရာတွင် ရှိသော်လည်း စင်စစ် စာသင်တိုက်၏ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရာတွင် ထိပ်ဆုံးမှနေ၍ တာဝန်ယူဆောင်ရွက်နေရသူဖြစ်သည်။ အရှင်၏ ဂုဏ်သတင်းသည် ပရိယတ္တိလောကတွင် ပျံ့သင်းလျက်ရှိသည်။ ရွာမစာသင်တိုက်ရှိ စာသင်သားများစွာ၏ မှီခိုအားထားရာ ဆရာသခင်လည်း ဖြစ်သည်။

အရှင်၏ စာပေပို့ချမှုစွမ်းရည်၊ တိုက်တာအုပ်ချုပ်ပုံ၊ ထိမိသောဝေါဟာရများကိုသုံး၍ ဆုံးမဩဝါဒပေးတတ်ပုံ၊ တပည့်သားမြေးတို့အပေါ် ကျောသား၊ ရင်သား မခွဲခြားဘဲ စောင့်ရှောက်တတ်ပုံ စသည့် အရှင်၏ ဂုဏ်ဒြပ်တို့သည် ကြီးမားများပြားလှပါသည်။ သို့ရာတွင် အရှင်၏ ထေရုပ္ပတ္တိအကျဉ်းနှင့် သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုသာ အဓိကထားတင်ပြမည်ဖြစ်ပါသည်။

အရှင်သည် ဧရာဝတီတိုင်း၊ ဇလွန်မြို့နယ်၊ ညောင်ပင်သာဇာတိဖြစ်သည်။ ခမည်းတော် ဦးဘဖေ၊ မယ်တော် ဒေါ်စောစိန်တို့မှ ၁၃၀၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်၊ စနေနေ့ နံနက် ၄ နာရီအချိန်တွင် ဖွားမြင်သော စတုတ္ထသားရတနာ ဖြစ်ပါသည်။ ကျန်မွေးချင်းများမှာ ဒေါ်အုန်းတင်၊ ဒေါ်စန်းလှ၊ ဒေါ်စန်းမြ၊ ညီ ဦးအေးနှင့် ညီမ ဒေါ်ပုလေးတို့ ဖြစ်ပါသည်။

အရှင်သည် ၁၃၀၆(၁၉၄၃)ခုနှစ်၊ ခြောက်နှစ်သားအရွယ်တွင် ကျေးရွာကျောင်းဖြစ်သည့် ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တက္ကန္ဒဝံသထံတွင် ဘုန်းကြီးကျောင်းစာပေများကို သင်ယူခဲ့သည်။ ၁၃၀၉ ခုနှစ် (၁၉၄၇)၊ ကိုးနှစ်သားအရွယ်တွင် ကျောင်းပညာကို စတင်သင်ကြားခွင့် ရရှိခဲ့သည်။ ၁၃၅၁ ခု (၁၉၅၃) ၁၅ နှစ်သားအရွယ်တွင် ဆရာတော် အရှင်က္ကန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘဝ ရရှိခဲ့ပါသည်။ ဇာတိကျေးရွာတွင် တစ်နှစ်မျှ ပညာသင်ကြားပြီးနောက် ၁၃၁၆ (၁၉၅၄)ခုနှစ်တွင် ညောင်ဦးမြို့နယ်၊ ကန်ကြီးကုန်းကျေးရွာသို့ ပြောင်းရွှေ့ခဲ့သည်။ ကံကြီးကုန်းကျေးရွာ တောင်ကျောင်းတွင် နောင်တော် တော်စပ်သော ဆရာတော်ဦးဝါသဝထံတွင် ပရိယတ်အခြေခံဖြစ်သော သဒ္ဒါနှင့် သင်္ဂြိုဟ်တို့ကို သင်ယူသည်။ ဆရာတော်၏ အပ်နှံပေးချက်အရ ၁၃၁၇ ခု (၁၉၅၅)၊ ပထမဝါဆိုလတွင် မြင်းခြံမြို့ ကိုးဆောင်တိုက် ပဓာန နာယကဆရာတော်ကြီး (နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ထံ ခိုလှုံ၍ ပရိယတ္တိစာပေများကို ဆက်လက်လေ့လာဆည်းပူးခဲ့ပါသည်။ အရှင်တိလောကာဘိဝံသအား ပထမငယ်တန်းမှ ဓမ္မာစရိယတန်းအထိ စာပေပို့ချပေးခဲ့သော ကိုးဆောင်ကျောင်းတိုက်မှ ဆရာတော်များမှာ -

(က) ဦးတိက္ခပဏ္ဍိတ

(ခ) ဦးစာရိတ္တ

(ဂ) ဦးသာမိန

(ဃ) ဦးလာဘ

(င) ဦးသုမင်္ဂလ (သကျသီဟ၊ အစိုးရဓမ္မာစရိယ)

(စ) ဦးအာစာရ (မူလဓမ္မာစရိယ)

(ဆ) ဦးတေဇနိယ (သ. စ. သ. အ၊ ဓမ္မာစရိယ)တို့ ဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် အသက် ၂၀ အရွယ်သို့ ရောက်သော် ၁၃၂၀ ခု(၁၉၅၈)၊ ကဆုန်လဆန်း ၁၀ ရက်နေ့တွင် ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဥပဇ္ဈာယ်ဆရာတော်မှာ ဘကြီး တော်စပ်သော ဇလွန်မြို့ ပကွဲကျောင်းဟောင်း ဆရာတော် ဘဒ္ဒန္တစန္ဒာဝရဖြစ်သည်။ ဆရာတော် တက်ရောက် သင်ကြား အောင်မြင်ခဲ့သော အတန်းများမှာ -

၁။ ပထမငယ်တန်း - ၁၃၁၈ ခုနှစ် (၁၉၅၆)

၂။ ပထမလတ်တန်း - ၁၃၁၉ ခုနှစ် (၁၉၅၇)

၃။ ပထမကြီးတန်း - ၁၃၂၀ ခုနှစ် (၁၉၅၈)

၄။ ဓမ္မာစရိယစာချတန်း - ၁၃၂၄ ခုနှစ် (၁၉၆၂) တို့ဖြစ်သည်။ ဓမ္မာစရိယတန်းတွင် ဆရာတော်သည် တစ်နိုင်ငံလုံး ဒုတိယ ရရှိခဲ့သည်။

ဓမ္မာစရိယတန်း အောင်မြင်ပြီးနောက် ဆရာတော်သည် ပညာဆက်လက်သင်ကြားလိုသဖြင့် မန္တလေးသို့ ပြောင်းရွှေ့ပြီး ချမ်းသာကြီးတိုက် အလက်ာရတ္ထမေဒိနီကျမ်းပြုဆရာ အရှင်နန္ဒမဥ္စု (အဘိဓဇမဟာရဋ္ဌဂုရု)နှင့် ညောင်ကန်တိုက်ဆရာတော်၊ ဘုရားကြီးတိုက်ဆရာတော်တို့ထံတွင် ပရိယတ္တိစာပေများကို သင်ကြားဆည်းပူးခဲ့ပါသည်။ ထိုစဉ်က စာချဆရာတော်များမှာ ဦးဥက္ကံသ၊ ရွှေရေးဆောင်တိုက်ဆရာတော်ဘုရားကြီး ဦးပဏ္ဍဝတို့ ဖြစ်ကြသည်။ ဆရာတော်ကြီးသည် မန္တလေးမြို့မှ ပရိယတ္တိသာသနဟိတဓမ္မာစရိယ(သကျသီဟ)ဘွဲ့ကို ဆွတ်ခူးရရှိခဲ့ပါသည်။ ထို့ပြင် ရန်ကုန်မြို့၊ ရွှေဂုံတိုင်ခြောက်ထပ်ကြီး၊ ဘုရားကြီးတိုက်ဆရာတော် ဦးတေဇောသာရ၊ ဦးအာစိဏ္ဏတို့ထံတွင်လည်း ပခုက္ကူနည်းဖြင့်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို လေ့လာဆည်းပူးသင်ကြားခဲ့ပါသည်။

အရှင်တိလောကာဘိဝံသသည် ဝါသနာအလျောက်အခြား အခြားသော စာမေးပွဲများစွာကိုလည်း ဝင်ရောက်ဖြေဆိုအောင်မြင်သည်ကို တွေ့ရပါသည်။ ယင်းတို့မှာ -

- အဘိဓမ္မာစာမေးပွဲ ပထမ၊ ဒုတိယ၊ တတိယသုံးဆင့်
- ဋီကာကျော်အဘိဓမ္မာဂုဏ်ထူးဆောင် ပထမ၊ ဒုတိယ၊ တတိယသုံးဆင့်
- ဇလွန်မြို့နယ် လယ်ဦးကျောင်းတိုက်၌ ကျင်းပသော ဝိနယမူလတန်း၊ ဝိနယန္တရိက သင်္ဂြိုဟ်တန်းနှင့်
- မြင်းခြံမြို့ ကိုးဆောင်တိုက် သဒ္ဒမ္မပါလစာမေးပွဲတို့ ဖြစ်ပါသည်။

အရှင်တိလောကာဘိဝံသသည် အစိုးရ ဓမ္မာစရိယဘွဲ့ သကျသီဟဘွဲ့တို့ကို ရရှိပြီးနောက် ညောင်ဦးမြို့နယ်၊ ကန်ကြီးကုန်းကျေးရွာတွင် ၁၃၂၈-၂၉ ခုနှစ်၊ (၁၉၆၆-၆၇)၌ မူလတန်း ဆရာအဖြစ် စာပေစတင်ပို့ချခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် မြင်းခြံကိုးဆောင်တိုက်သို့ ပြောင်းရွှေ့၍ ဂဏဝါစက စာချအဖြစ် ဆောင်ရွက်ကာ ပထမပြန်စာမေးပွဲများ၊ ဓမ္မာစရိယစာမေးပွဲများအတွက် စာပေပို့ချခဲ့သည်။ ၁၃၃၂ ခုနှစ် (၁၉၇၀)အထိ သုံးနှစ်ကျော်ကျော် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၃၃၂ ခုနှစ် (၁၉၇၀)တွင် ရွာမပရိယတ္တိစာသင်တိုက် ဖွင့်လှစ်သောအခါ မြင်းခြံဆရာတော်ကြီး တာဝန်ပေးချက်အရ အရှင်အင်္ကုရ၊ အရှင်ဝိဇယတို့ကို ဦးဆောင်ကာ နာယက စာချအဖြစ် စတင် ဆောင်ရွက်ခဲ့ပါသည်။ ရွာမစာသင်တိုက်တွင် စာချစာသင်သံဃာတော်များ၏ စားဝတ်နေရေးတာဝန်ကို ဆရာတော် ဦးကေတုနှင့် ဆရာတော်ဦးနန္ဒဝံသတို့က တာဝန်ယူ၍ စာပေပို့ချမှုတာဝန်ကို အရှင်တိလောကာဘိဝံသဦးဆောင်သည့် စာချအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သည်။ စာသင်တိုက် ဖွင့်သည့်နှစ်တွင် စာသင်သား ၃၅ ပါးဖြင့် စတင်ခဲ့ပါသည်။

စာသင်တိုက်တွင် အရှင်သည် အချိန်နှင့်အမျှ မနားမနေ သာသနာ့တာဝန်ကို ထမ်းရွက်လျက် ရှိကြောင်း တွေ့ရှိရပါသည်။ ဤစာသင်တိုက်၏ စာပေနှင့် ပတ်သက်သမျှသော ကိစ္စအဝဝမှာ ဆရာတော် ၏ တာဝန်သာဖြစ်သည်။ ရွာမစာသင်တိုက်သည် ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း၊ ဓမ္မာစရိယတန်း၊ အတန်းစုံရှိသောစာသင်တိုက်ကြီးဖြစ်သည်။ အတန်းစုံရှိသည့်အတွက် အတန်းစုံ၊ ဘာသာစုံပို့ချရသည့်တာဝန်မှာ ကြီးမားလှပါသည်။ အစိုးရစာမေးပွဲများအတွက် စာပေပို့ချပေးရသည့် နည်းတူ အမျိုးသားစာမေးပွဲများ ဖြေဆိုရမည့် စာသင်သားများကိုလည်း ပို့ချသင်ကြားပေးရပါသည်။

ဆရာတော်သည် ကျောင်းတွင်းရှိ တပည့်များကို စာပေပို့ချရုံမျှမက စနေ၊ တနင်္ဂနွေနေ့များတွင် ပြင်ပပုဂ္ဂိုလ်များအား အဘိဓမ္မာသင်တန်းများ ဖွင့်လှစ်ပို့ချပေးသည့်အပြင် တစ်နိုင်ငံလုံးမှ စာချစာသင် သံဃာတော်များအတွက် နွေရာသီ ယမိုက် ပဋ္ဌာန်းအထူးသင်တန်းများကိုလည်း တာဝန်ယူ ဖွင့်လှစ် သင်ကြားပေးပါသည်။ ထို့ပြင် ဆရာတော်သည် ၁၃၅၆(၁၉၈၄)ခုနှစ် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)စတင် ဖွင့်လှစ်ချိန်မှ ၁၃၅၀(၁၉၈၈)ပြည့်နှစ်အထိ လေးနှစ်ခန့် အဘိဓမ္မာမဟာဌာန နာယက(ပါမောက္ခ)၊ ဒုတိယနာယကချုပ် (ဒုတိယပါမောက္ခချုပ်)အဖြစ် တာဝန်ယူ၍ စာပေကျမ်းဂန် များကို သင်ကြား ပို့ချပေးတော်မူခဲ့ပါသည်။

ဆရာတော်သည် ဤသို့ သင်ကြားရေး၌ အတန်းစုံ၊ ဘာသာစုံ၊ သင်တန်းစုံကို မနားမနေပို့ချတော် မူရင်း အခြားတစ်ဖက်၌လည်း စာသင်သားများအတွက် စာမေးပွဲဆိုင်ရာ ကျမ်းဂန်များကို ရေးသား ပြုစုခဲ့ပါသည်။ ဆရာတော်ပြုစုခဲ့သော ကျမ်းများမှာ -

၁။ ပါဠိသဒ္ဒါအသုံးအနှုန်းနှင့် ပါဠိစာပေကောက်နုတ်ချက်

၂။ မူလ၊ ငယ်၊ လတ်၊ ကြီး စနစ်ဟောင်း စနစ်သစ် အဖြေစုံ ၈-အုပ်

၃။ မာတိကာ+ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်း၊ အဘိဓမ္မညဝါလက်ဆောင် (၅) အုပ်

၄။ သဒ္ဒါ၊ သင်္ဂြိုဟ်ဆိုင်ရာလက်ဆောင် (၄) အုပ်

၅။ ဆန်း၊ အလင်္ကာလက်ဆောင် (၂) အုပ်

၆။ စေတီပုထိုး၊ ကိုးကွယ်မှုဆိုင်ရာ စသော ဗဟုသုတဖြစ်ဖွယ်ရာ (၆) အုပ်

စသော ကျမ်းပေါင်း (၂၆)အုပ်နှင့် ဘာသာရေးဆိုင်ရာ ဆောင်းပါးများကို ရေးသားပြုစု တော်မူပါသည်။

ဆရာတော်သည် တိုက်တာဆိုင်ရာကိစ္စအဝဝကို တက်ကြွစွာဆောင်ရွက်တော်မူသကဲ့သို့ တိုက်တာ ပြင်ပ၌လည်း သာသနာရေးဆိုင်ရာ ကိစ္စအဝဝတို့၌လည်း တက်ကြွစွာ ဆောင်ရွက်တော်မူပါသည်။ ဆရာတော်သည် ပထမအကြိမ် မြို့နယ်နှင့်တိုင်း ဝိနည်းဓိုရ်၊ ဒုတိယအကြိမ် အင်းစိန်မြို့နယ် သံဃနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် တောင်တန်းသာသနာပြု

ဩဝါဒါစရိယ၊ အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ ဩဝါဒ စရိယ၊ အင်းစိန်မြို့နယ် ပထမပြန်စာမေးပွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင် တော်မူပါသည်။ ဆရာတော်သည် ၂၀၀၄ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ကမ္ဘာအေးတွင် ကျရာ သာသနာပြု တာဝန်များကို ထမ်းဆောင်စဉ် အတွင်း လုပ်နေကျ ကျမ်းစာပြုစုရေး တာဝန်များကိုပါ အချိန်ရှိခိုက် လုံ့လစိုက်ပြီး သာသနာပြုလျက် ရှိသည်။

ဆရာတော်သည် နွေရာသီ ယမိုက် ပဋ္ဌာန်း ဆန်း စသော သင်တန်းများကို ပို့ချရာ၌ ရန်ကုန်မြို့တွင် သာမက ပဲခူး၊ မန္တလေး၊ တောင်ကြီး၊ ကလေးမြို့တို့၌ အခါအားလျော်စွာ လှည့်လှည်ပို့ချတော် မူပါသည်။ လူဝတ်ကြောင်များအတွက် အဘိဓမ္မာသင်တန်းများကို စာမေးပွဲဖြေဆိုနိုင်သည်အထိ တစ်နှစ် နှစ်ကြိမ်ခန့် ပို့ချပေးခြင်း၊ ရဟန်းခံ၊ သိမ်သမုတ်ခြင်း စသော ကံကြီး ကံငယ် သံဃကိစ္စများကိုလည်း ဆက်စပ်သည့် နေရာတိုင်း ဦးဆောင်ဦးရွက်ပြုကာ အလေးထား ဆောင်ရွက်ပေးတော်မူပါသည်။

ဤသို့ သာသနာတော်အတွက် အထူးဝါယမစိုက်ထုတ်၍ ဆောင်ရွက်တော်မူခဲ့သည့် ဂုဏ်ကျေးဇူး များကြောင့် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသအား ၁၉၉၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် တော်မြတ် ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ဆရာတော်နှင့်အတူ လိုက်ပါသော ဆရာတော်နှစ်ပါးအနက် အရှင်ဝိဇယမှာ လူဝတ်လဲသွားပြီး အရှင်အကိုရမှာမူ အင်းစိန်သစ်စက်ကျောင်း၌ ပြောင်းရွှေ့သီတင်းသုံး နေထိုင်ပါသည်။ ထို့ကြောင့် ထိုဆရာတော်နှစ်ပါး၏ အတ္ထုပ္ပတ္တိကို မဖော်ပြတော့ပါ။

ယခုဆက်လက်ဖော်ပြမည့် စာချပုဂ္ဂိုလ်များကိုလည်း ဘွဲ့နာမနှင့် အရေအတွက်ကို အကျဉ်းမျှ ဗယားဖြင့်သာ ဖော်ပြပါမည်။ ထိုပုဂ္ဂိုလ်များကို ဖော်ပြရခြင်းအကြောင်းမှာ ရွာမစာသင်တိုက်ကြီး အောင်မြင်ကျော်ကြား၍ ခံ့ညားထယ်ဝါစွာဖြင့် ပရိယတ္တိလောက၌ ရပ်တည်နိုင်ခြင်းမှာ ထိုပုဂ္ဂိုလ်များ၏ ကျေးဇူးမကင်းသောကြောင့်ဖြစ်ပါသည်။

### ထိရောက်သော စာသင်နည်းစနစ်ကို အသုံးပြုသည့် စာသင်တိုက်ဖြစ်ခြင်း

ပရိယတ္တိပညာသင်ကြားရေးလောကတွင် စာလိုက်သံယာများသာ စာသင်တိုက်မှန်သမျှကို ဆန်းစစ်လေ့လာသော် ယေဘုယျအားဖြင့် စာချတော်သော(ဝါ) စာသင်နည်းစနစ်ကောင်းမွန်သော စာသင်တိုက်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ စာသင်သားတစ်ဦးသည် မည်မျှပင် ထူးချွန် ထက်မြက်သူ ဖြစ်စေကာမူ ဆရာနှင့်ကင်းသော တပည့်သည် "ဆရာမပြ၊ နည်းမကျ"ဟူသော စကားအတိုင်း မှန်ကန် သော နည်းစနစ်ကို ရရှိနိုင်မည်မဟုတ်ချေ။ တပည့်ကလည်း သင့်တင့်သော ဉာဏ်ရည်ဉာဏ်သွေးရှိ မည်။ မဆုတ်မနစ်သောဇွဲ၊ လုံ့လဖြင့် ကြိုးစားအားထုတ်မှုရှိမည်။ စာချကလည်း ထိမိပေါက်မြောက်စွာ ပို့ချနိုင်မည်ဆိုလျှင် ထိုဆရာနှင့် ထိုတပည့်တို့ ပေါင်းစုံမိသောအခါ ထူးချွန်သော သာသနာ့အာဇာနည် များ မလွဲမသွေ ထွက်ပေါ်လာမည် ဖြစ်ပေသည်။

ဤရွာမပရိယတ္တိစာသင်တိုက် အောင်မြင်မှုရရှိခြင်း၏ အကြောင်းရင်းများစွာတွင် အရှင် တိလောကာဘိဝံသ၏ သင်နည်းစနစ်ကောင်းမွန်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။

ကျမ်းများအပါအဝင် ကျမ်းပေါင်း ၂၀ ကျော် တို့သည် ဆရာတော်လက်ကိုင်ထား၍ သင်ကြားပို့ချ ပေးသော နည်းစနစ် ဖြစ်လာပါသည်။ ထိုနည်းသည် စာသင်သားတို့အတွက် အချိန်တိုအတွင်း နားလည် သဘောပေါက်စေနိုင်ပြီး ထိုကျမ်းကို ဖတ်ရှုလေ့လာခြင်းဖြင့် အနီး၌ ဆရာတော်ကိုယ်တိုင် လာရောက် ပို့ချပေးနေသကဲ့သို့ တူညီသော အကျိုးသက်ရောက်မှုကို ခံစားရပါသည်ဟု ဖော်ပြထားခြင်းဖြင့် ဆရာတော်၏ ပို့ချမှုအသွင် ကျမ်းစာများက မိမိကျောင်းတွင်းမှာ သာမက ကျောင်းပြင်ရှိ စာသင်သား တို့ကိုပါ အကျိုးပြု၍ ဆရာတော်၏ သင်နည်းစနစ်မည်မျှ ကောင်းမွန်ကြောင်း ခန့်မှန်းသိရှိနိုင်ပါသည်။

## အတန်းစုံ၊ ဘာသာစုံ ပို့ချသည့် စာသင်တိုက်ဖြစ်ခြင်း

မြန်မာနိုင်ငံရှိ စာသင်တိုက်မှန်သမျှသည် အတန်းစုံ ပို့ချနိုင်အောင် ကြိုးစားအားထုတ်ကြသော စာသင်တိုက်များဖြစ်ကြကြောင်း တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် အတန်းစုံ ဘာသာစုံ ပို့ချနိုင်မှ သာလျှင် စာသင်သား များပြားမည်။ စာသင်သားများမှ စာအောင်သံဃာများစွာ ပေါ်ထွက်လာမည် ဖြစ်ပြီး အောင်မြင်သောကျောင်းတိုက်အဖြစ်သို့ ရောက်ရှိလာနိုင်မည်ဖြစ်ပေသည်။ အလားတူ ရွာမ ပရိယတ္တိစာသင်တိုက်သည်လည်း အတန်းစုံ၊ ဘာသာစုံ ပို့ချပေးနိုင်သည့်အတွက် ယနေ့ကာလတွင် ပရိယတ္တိနယ်ပယ်၌ ထိပ်တန်းစာရင်းဝင် စာသင်တိုက်ကြီးအဖြစ် ခန့်ညားထယ်ဝါစွာ ရပ်တည်လျက် ရှိပါသည်။

ရွာမစာသင်တိုက်၏ အတန်းစုံ၊ ဘာသာစုံ ပို့ချနိုင်မှု အနေအထားကို ရွာမစာသင်တိုက်၏ စာအောင်သံဃာအခြေပြဇယားကို ကြည့်ခြင်းဖြင့် ခန့်မှန်းသိရှိနိုင်ပါသည်။ အခြေပြဇယားအရ ၁၉၇၀-၇၁ (၁၃၃၂)ခုနှစ်တွင် စာသင်တိုက်စတင်ဖွင့်လှစ်ခဲ့ပြီး ဝါဆိုသံဃာ ၃၅ ပါးဖြင့် စတင်ခဲ့ပါသည်။ ထိုနှစ်တွင် ကျောင်းဖွင့်လှစ်စအချိန်ကာလဖြစ်၍ အောင်စာရင်းတွင် ပထမငယ်တန်းအောင် သုံးပါးကို စတင်တွေ့ရှိရပါသည်။ ၁၉၇၂ တွင် အောင်စာရင်း၌ အလတ်တန်းအောင် နှစ်ပါးတွေ့ရှိရ၍ အလတ် တန်းကိုလည်းကောင်း၊ ၁၉၇၄ ခုနှစ်တွင် အကြီးတန်းကိုလည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၇၅ ခုနှစ်ရောက်သော အခါ စာချတန်းအောင်နှစ်ပါးကို အောင်စာရင်းတွင် တွေ့ရ၍ ရွာမစာသင်တိုက်သည် ထိုနှစ်မှစ၍ အတန်းစုံ ဖွင့်လှစ်သင်ကြားပေးခဲ့သော စာသင်တိုက်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် ရွာမစာသင်တိုက်၏ အောင်စာရင်းတွင် အမျိုးသားစာမေးပွဲအောင်စာရင်းများကိုလည်း ဖော်ပြထားရာ ရွာမစာသင်တိုက်သည် အစိုးရစာမေးပွဲများသာမက အမျိုးသားစာမေးပွဲ အတွက်ပါ ရည်ရွယ်၍ အတန်းစုံ၊ ဘာသာစုံသင်ကြားပေးလျက်ရှိသည်ကို တွေ့ရပါသည်။ ဖော်ပြပါ အတန်းများ မှာ ပုံမှန်ပို့ချပေးနေသော အတန်းများဖြစ်ပါသည်။

## နွေရာသီ ယမိုက်၊ ပဋ္ဌာန်းသင်တန်း

ပုံမှန်အတန်းများ ပြီးသွားသောအခါ နွေရာသီကျောင်းပိတ်ရက်များ၌ ဆရာတော်ကြီးသည် အနားမယူဘဲ ၁၉၈၆ ခုနှစ်မှစ၍ ယမိုက်၊ ပဋ္ဌာန်းအထူးသင်တန်းများကို ဖွင့်လှစ်ပို့ချတော်မူပါသည်။ သင်တန်းစဖွင့်သောနှစ်၌ သင်တန်းသား ၁၀၀၀ တက်ရောက်ပြီး နေရာအခက်အခဲကြောင့် ရွှေတိဂုံ မင်္ဂလာဗျူဟာအသင်းနေရာ၌ ဖွင့်လှစ်ပို့ချခဲ့ပါသည်။ စတုတ္ထမြောက်နှစ် ၁၉၈၉ ခုနှစ်မှစ၍ ရွာမပရိယတ္တိ စာသင်တိုက်တွင် ပြန်လည်ဖွင့်လှစ်ပို့ချခဲ့ရာ ယနေ့အထိ ဖြစ်ပါသည်။

ထိုကာလအတွင်း အချို့သော နှစ်များတွင် အကြောင်းကြောင်းကြောင့် သင်တန်း မဖွင့်ဖြစ်သော နှစ်များလည်း ရှိခဲ့ပါသည်။ ထိုနှစ်များမှာ ၁၉၉၁၊ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၇၊ ၂၀၀၃ ခုနှစ်များဖြစ်ပြီး ၅ နှစ်တိတိ ပျက်ကွက်ခဲ့ပါသည်။ ထို့ကြောင့် ၁၉၈၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်ထိ ၂၁ နှစ်ရှိပြီး သင်တန်း ဖွင့်လှစ်သော အကြိမ်အရေအတွက်မှာ ၁၆ ကြိမ်ရှိ၍ သင်တန်း မဖွင့်ဖြစ်သော အကြိမ်အရေအတွက်မှာ ၅ ကြိမ်ရှိပါသည်။

ဤသင်တန်းကို မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ စာသင်သားများသာမက ဂဏဝါစက စာချ ဆရာတော်များလည်း မွမ်းမံသင်တန်းအနေဖြင့် တက်ရောက်သင်ကြားကြပါသည်။ အနယ်နယ် အရပ်ရပ်မှ စာချဆရာတော်များသည် နွေရာသီယမိုက်၊ ပဋ္ဌာန်းမွမ်းမံသင်တန်းတက်ရောက်ပြီးနောက် မိမိတို့ မြို့ရွာများတွင် ပြန်လည်ပို့ချသင်ကြားပေးကြမည်ဖြစ်သည်။

ဆရာတော်သည် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ ရွာမပရိယတ္တိစာသင်တိုက်၏ သင်ကြား ပို့ချမှုစနစ်ကို စိတ်ဝင်စားသည့် ပြင်ပမှ ရဟန်း ရှင်လူ ပြည်သူတို့အတွက် လည်းကောင်း၊ ယမိုက်၊ ပဋ္ဌာန်းအတွက် အခက်တွေ့နေသော စာသင်သားများ အချိန်တိုအတွင်း ချက်ခြင်းနားလည် သဘော ပေါက်သွားစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအနှံ့ အဘိဓမ္မာတရား ပြန့်ပွားစေရန်အတွက် လည်းကောင်း ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ ဆရာတော်၏ ရည်ရွယ်ချက် အောင်မြင်ပါသည်။ အဘယ်ကြောင့်ဆိုသော် သင်တန်းသား အဆမတန်များပြား၍ ကန့်သတ်ချက်ဖြင့် လက်ခံခြင်းက ဤသင်တန်း၏ အောင်မြင်မှုကို သက်သေထူလျက်ရှိသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ရွာမစာသင်တိုက်ရှိ ဆရာတော် အရှင်တိလောကာဘိဝံသ ဦးဆောင်သော ဂဏဝါစက စာချအဖွဲ့သည် သာသနာအတွက် အတန်းစုံ၊ ဘာသာစုံကို တစ်နှစ်ပတ်လုံး မနားမနေ စာပေပို့ချ၍ ပရိယတ်တာဝန် ထမ်းဆောင်လျက်ရှိသည်ကို ကြည်ညိုဂုဏ်ယူဘွယ်ရာ တွေ့ရှိရပါသည်။

### ပဋိပတ္တိမကင်းသော ပရိယတ္တိစာသင်တိုက်

ယနေ့မြန်မာနိုင်ငံရှိ ပရိယတ္တိစာသင်တိုက်များကို လေ့လာရလျှင် ထိပ်တန်းစာရင်းဝင် စာသင်တိုက် များသည်ပင် အချို့သည် ပရိယတ်နှင့် ပဋိပတ်တွဲ၍ သာသနာပြုနေသော စာသင်တိုက်များ ရှိသကဲ့သို့ ပရိယတ်သက်သက်ကိုသာ ဇောင်းပေး၍ ဆောင်ရွက်နေသော စာသင်တိုက်ကြီးများလည်းရှိပါသည်။

ယနေ့ရွာမပရိယတ္တိစာသင်တိုက်သည် ပဋိပတ်မကင်းသော ပရိယတ္တိစာသင်တိုက်ဖြစ်ကြောင်း သိရှိရပါသည်။ ကျောင်းတိုက်၏ တစ်နေ့တာဆောင်ရွက်မှု ဇယားကိုကြည့်လျှင် နံနက် ၄း၀၀ နာရီ အိပ်ယာထ၊ ဘာဝနာပွား ဟူသော အချိန်ဇယားအရ နေ့စဉ် ပရိယတ်လုပ်ငန်း မစတင်မီ ပဋိပတ်ဖြင့် စတင်ကြောင်း တွေ့ရှိရပါသည်။

ဆရာတော်သည် တရားစခန်းကို ၁၃၅၆(၁၉၉၄)ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ၁၃၆၈-ခု (၂၀၀၆) ခုနှစ်အထိ ၁၂ ကြိမ်မြောက်တိုင်ခဲ့ပြီဖြစ်ပါသည်။ တရားပေးသောကာလကို သင်္ကြန်အကြိုနှင့် နှစ်ဆန်း တစ်ရက်နေ့အပါအဝင် သင်္ကြန်ရက်များအတွင်း ၇-ရက်ခန့် သတ်မှတ်ထားပါသည်။ ဆရာတော်သည် သင်္ကြန်ရက်များကို သတ်မှတ်ခြင်းမှာ ဝန်ထမ်းများ၊ ကျောင်းသူ/သားများ၊ ပုဂ္ဂလိကလုပ်ငန်း လုပ်ဆောင် သူများပါမကျန် တရားဝင်လိုက ဝင်နိုင်စေရန် ရည်ရွယ်၍ သတ်မှတ်ထားခြင်း ဖြစ်ပါသည်။

တရားပြသပုံနှင့် စပ်လျဉ်း၍ ဆရာတော်သည် မဟာစည်နည်းကို အသုံးပြု တရားပြသပါသည်။ မဟာစည်နည်းမှာ ဝမ်းဗိုက်ကို အာရုံပြု၍ အသက်ရှူလျှင် ဝမ်းဗိုက်ပိန်သည်။ အသက်ရှူထုတ်လျှင် ဝမ်းဗိုက်ဖောင်းသည်ဆိုသည့် ပိန်၊ ဖောင်းကို အာရုံပြု၍ ရှုမှတ်ခြင်းဖြစ်သည်။ ထိုသို့ ပိန်၊ ဖောင်းကို ရှုမှတ်နေစဉ်အတွင် ပိန်၊ ဖောင်းထက် ပိုမိုထင်ရှားသိလာသော အာရုံတစ်ခုခု ဝင်ရောက်လာပါက နာသည်၊ ကျင်သည်၊ ပူသည်၊ အေးသည်၊ ကြားသည် စသည်ဖြင့် ထင်ရှားသော အာရုံကို ပြောင်းလဲရှုမှတ်ပေးရသည်။ ထိုနာခြင်း၊ ပူခြင်း၊ ကျင်ခြင်း စသည့် ဝေဒနာတို့ ပျောက်ပျက်သည်အထိ ရှုမှတ်ပြီး ထိုဝေဒနာတို့ ပျောက်ပျက်သွားပါက တစ်ဖန် ပိန်သည်၊ ဖောင်းသည်ကို ပြန်လည်ရှုမှတ်ရသော နည်းဖြစ်ပါသည်။

ဆရာတော်၏ တရားပွဲတွင် ရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး၊ လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ် နှစ်မျိုးစလုံးကို လက်ခံပါသည်။ ၁၃၅၆ (၁၉၉၄)ခုနှစ် စတင်ဖွင့်လှစ်သည့်နှစ်တွင် ရဟန်း ၁၅ ပါး၊ သီလရှင် ၈ ပါး၊ အမျိုးသား ၂၉ ဦးနှင့် အမျိုးသမီး ၉၉ ဦး၊ စုစုပေါင်း ၁၅၁ ဦး တရားစခန်းဝင်ကြပါသည်။ ထို့နောက် ၁၃၅၇ ခုနှစ်တွင် ၁၄၈ ဦး၊ ၁၃၅၈ ခုနှစ်တွင် ၂၀၇ ဦး၊ ၁၃၅၉ ခုနှစ်တွင် ၂၆၉ ဦး စသည်ဖြင့် တစ တစ တရားဝင်သူများ များပြားလာရာ ၁၃၆၆ ခုနှစ်တွင် ၃၁၉ ဦး၊ ၁၃၆၇ ခုနှစ်တွင် ၂၃၉ ဦး၊ ၁၃၆၈ ခုနှစ်တွင် ၃၁၄ ဦး အထိ ဝင်ရောက်လာသည်ကို ထောက်ရှုခြင်းဖြင့် ဆရာတော်၏ အလုပ်ပေးတရားပွဲ အောင်မြင်မှု အနေအထားကို မှန်းဆသိရှိနိုင်ပါသည်။

ထို့ကြောင့် ဆရာတော်အရှင်နန္ဒဝံသနှင့် ဆရာတော်အရှင်တိလောကာဘိဝံသတို့ ဦးဆောင်သော ရွာမပရိယတ္တိစာသင်တိုက်သည် စာသင်တိုက်ဟူသော အမည်နာမ ကမ္ပည်းတင်ထားသော်လည်း စင်စစ် ပရိယတ်နှင့် ပဋိပတ်တွဲ၍ ဘုရားရှင်အလိုကျ ဓုရ နှစ်ပါးလုံးကို ဆောင်ရွက်နေသော စာသင်တိုက်ကြီး ဖြစ်သည်ဟု ဆိုလျှင် လွန်မည်မထင်ပါ။

### ပစ္စည်းလေးပါးထောက်ပံ့ပေးသော စာသင်တိုက်ဖြစ်ခြင်း

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး တည်းဟူသော ပစ္စည်းလေးပါးကို ရဟန်းသံဃာတို့ မှီဝဲသုံးဆောင်သည်ဟု ဘုရားရှင်က ပညတ်တော်မူခဲ့သည်။

စာချ စာသင် သံဃာတော်များ စုပေါင်းနေထိုင်ရာ စာသင်တိုက်များတွင် ပစ္စည်းလေးပါးနှင့် ပြည့်စုံရန် ဆရာ၊ ဒကာ လက်တွဲ၍ ကြိုးစားအားထုတ်ကြရသည်။ သံဃာတော်များ၏ စားဝတ်နေရေး အဆင်ပြေမှသာ ယင်းတို့၏ အဓိကတာဝန်ဖြစ်သော ပရိယတ္တိဆိုင်ရာ လုပ်ငန်းများကို ကြောင့်ကြမှု ကင်းစွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်ပေသည်။ ပစ္စည်းလေးပါး ပြည့်စုံမှုရှိခြင်း၊ မရှိခြင်း အပေါ် မူတည်၍ စာသင်သားတို့၏ အရည်အသွေးသည် အနည်းနှင့်အများ ကွာခြားမှုရှိတတ်ပါသည်။ သို့သော် မြန်မာနိုင်ငံရှိ စာသင်တိုက်များမှာမူ အစတွင် သုညဘဝဖြင့် စတင်ခဲ့ရသော စာသင်တိုက်များမှာ အများစုဖြစ်ပါသည်။ ရွာမစာသင်တိုက်သည် ထို့အတူသာဖြစ်ပါသည်။

သို့သော် ယနေ့ကာလတွင်မူ အစစအရာရာ အဆင်ပြေသော အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။ ဆွမ်းနှင့်ပတ်သက်လျှင် ရွာမစာသင်တိုက်၏ စာသင်သားများသည် အရုဏ်ဆွမ်းကို ကျောင်းတိုက်မှ တာဝန်ယူ၍ ဆက်ကပ်ပေးပါသည်။ ဒုတိယလိုအပ်ချက်ဖြစ်သည့် သင်္ကန်းနှင့် ပတ်သက်၍လည်း ဝါဆိုပွဲ၊ ကထိန်ပွဲများတွင် စာသင်သားအားလုံး သင်္ကန်းစေ့ရအောင် စီစဉ်ပေးပါသည်။

အဆောက်အဦ(ကျောင်း)နှင့် ပတ်သက်၍လည်း ထူထောင်ခါစက ဓနိမိုး၊ ထရံကာ အဆင့် ကျောင်းငယ်လေးမျှသာဖြစ်ပါသည်။ ယနေ့ကာ၌ မဟာစံတော်ဝင်၊ မဟာဂန္ဓဝင်၊ အာဟာရဒါယီ၊ သုံးထပ်ကျောင်းဆောင်ပြီးများ ခန့်ငြားထယ်ဝါစွာ နေရာယူလျက်ရှိသည်ကို တွေ့ရပါသည်။

ဆေးနှင့်စပ်လျဉ်း၍ ရွာမစာသင်တိုက်တွင် စာသင်သားများအတွက် "၁၉၈၅ ခုနှစ်တွင် ကုတင် ၈ လုံးဆန့် ဆေးကုသဆောင်ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ဆေးခန်းတွင် ခေတ်မီဆေးဝါးများအပြင် မြန်မာတိုင်းရင်းဆေးများကိုလည်း ထားရှိပါသည်။ ဆေးခန့်ဖွင့်ချိန်မှာ ၁၇း၀၀နာရီမှ ၁၈ နာရီထိဖြစ် ပါသည်။ ဆေးခန်းဖွင့်ချိန်တွင် စာချဆရာတော်တစ်ပါးက ကြီးကြပ်၍ အဆောင်မှူး ကျောင်းထိုင် ဘုန်းကြီးနှစ်ပါးက တာဝန်ယူရပါသည်။ အရေးကြီးသော ဂိလာနရဟန်းကို ယင်းဆေးခန်းတွင် ထားရှိပြီး လိုအပ်သောဆေးဝါးများနှင့် အာဟာရများကို စီစဉ်ပေးရပါသည်။ သာမန် ဂိလာနများကိုမူ ပြင်ပလူနာ အဖြစ် ဆေးဝါးကုသပေးပါသည်" ဟူ၍ ဖော်ပြထားရာ ဆေးအတွက်လည်း ပူပန်ရန်မလိုသော အနေအထားတွင် ရောက်ရှိနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် ရွာမစာသင်သားများသည် ပရိယတ္တိစာပေကို နောက်ဆံတင်းစရာမလိုဘဲ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ပြီဖြစ်ပါသည်။

### ပရိယတ္တိနယ်ပယ်၌ ရွာမပရိယတ္တိစာသင်တိုက်၏ အခန်းကဏ္ဍ

ပရိယတ္တိနယ်ပယ်တွင် ရွာမစာသင်တိုက်သည် လက်ရှိဆရာတော်ကြီးနှစ်ပါး ဦးဆောင်မှုဖြင့် စာချ၊ စာသင်သံဃာတော်များ လက်တွဲညီညာစွာ ကြိုးပမ်းအားထုတ်ကြ၍ အစစအရာရာအခြေအနေ မြင့်မားပြီး အောင်မြင်မှု ရရှိနေသော အနေအထားသို့ ရောက်ရှိနေပြီး ဖြစ်ပါသည်။

ရေ၏ အတိမ်အနက်ကို ကြာရိုးကြာစွယ်ဖြင့် ခန့်မှန်းသိရှိရသည်-ဟူသော စကားအတိုင်း ရွာမ ပရိယတ္တိစာသင်တိုက်၏ အောင်မြင်မှုအနေအထားကို ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုနှင့် နာမ်ပိုင်းဆိုင်ရာ တိုးတက်မှု ကဏ္ဍနှစ်ရပ်ခွဲခြားကာ သုံးသပ်ဖော်ပြလိုပါသည်။

### ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှု

ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကို လေ့လာမည်ဆိုလျှင် စာသင်တိုက်အတွင်းရှိ အဆောက်အဦတို့၏ တိုးတက်ဖြစ်ပေါ်မှုကို လေ့လာရမည် ဖြစ်ပါသည်။ အဆောက်အဦသည် ပရိယတ္တိစာသင်တိုက်များတွင် စာချ၊ စာသင်သံဃာတော်များ သီတင်းသုံးနေထိုင်ရန်အတွက်လည်းကောင်း၊ စာပေပို့ချရာ နေရာဌာန အဖြစ်လည်းကောင်း မရှိမဖြစ် လိုအပ်သောအရာများ ဖြစ်ပါသည်။

ရွာမစာသင်တိုက်၏ အဆောက်အဦကို ကြည့်လျှင် ဓနိမိုး ထရံကာအဆင့် ကျောင်းဆောင်လေး များမှ စတင်ခဲ့ကြောင်း ရှေ့၌ဖော်ပြပြီးဖြစ်ပါသည်။ ထိုစဉ်က စာသင်သား အတော်အတန် ရှိလာသည် အထိ စာသင်သားတို့အတွက် အဆောက်အဦမှာမူ လုံလောက်မှုမရှိ။ အဆောက်အဦ မပြည့်စုံမှုနှင့် ပတ်သက်၍ ဆွမ်းစားကျောင်းဆောင်ကြီး၏ ထပ်ခိုး အပေါ်ထပ်နှင့် အနောက်အဖီတွင် စာသင်သား (၄၈)ပါးခန့် သီတင်းသုံးခဲ့ရပါသည်။ သို့သော် ဆရာတော်ကြီးနှစ်ပါး၏ သီလ သမာဓိ ပညာနှင့် ပြည့်စုံမှု၊ ဇွဲလုံ့လ ရှိမှုနှင့် အရည်အချင်းပြည့်စုံမှုတို့ကြောင့် တစတစ တိုးတက်ခဲ့ပါသည်။ ယင်းသို့ တိုးတက်လာ ရခြင်း အကြောင်းတရား တစ်ရပ်မှာ ဒကာ ဒကာမများ၏ စာသင်တိုက်အပေါ် ထားရှိသော စေတနာ မေတ္တာနှင့် ကြည်ညိုလေးစားမှုပင်ဖြစ်ပါသည်။ ထိုစေတနာ သဒ္ဓါတရား ဖြစ်ပေါ်လာသောအခါ ပစ္စည်း

လေးပါးတွင် အခြေခံသည့် အဆောက်အဦကြီးများ ထီးထီးငွါးငွါး ဖြစ်ပေါ်လာခဲ့ပါသည်။ ဤနည်းဖြင့် ရွာမပရိယတ္တိစာသင်တိုက်အတွင်း အဆောက်အဦများ တစထက်တစ တိုးတက်လာရာ ယခုအခါတွင် စာသင်တိုက်တွင်း၌ အဆောက်အဦပေါင်း ၃၀ ကျော်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်ပါသည်။

**နာမ်ပိုင်းဆိုင်ရာ တိုးတက်မှု**

နာမ်ပိုင်းဆိုင်ရာ တိုးတက်မှုကို ဖော်ပြရလျှင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုသည့် အပိုင်းကို ဖော်ပြရမည်ဖြစ်ပါသည်။ စာသင်သားများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍ ကျောင်းဝင်ခွင့် စည်းကမ်းတွင် သာသနာ့စည်းကမ်း၊ ကျောင်းစည်းကမ်း၊ ဆရာတော်များ ချမှတ်သော စည်းကမ်းများကို တိကျစွာ လိုက်နာသူ၊ အများနှင့် သင့်တင့်စွာ ဆက်ဆံနေထိုင်တတ်သူကိုသာ ရွာမစာသင်သားအဖြစ် စိစစ်လက်ခံသည်ကို တွေ့ရှိနိုင်ပါသည်။ ထိုသို့ စိစစ်လက်ခံမှုကြောင့် ရွာမစာသင်သားများသည် စိတ်ဓာတ်ပိုင်း ဆိုင်ရာ၌ အထူးပြောရန် မလိုပေ။ ထိုနည်းတူ စည်းကမ်းပိုင်း အနေဖြင့်လည်း တိကျခိုင်မာသော စည်းကမ်းများ ချမှတ်ထားရှိပြီး ချမှတ်ထားသည့် စည်းကမ်းကို ပီပြင်စွာ အကောင်အထည်ဖော်သည့် အနေဖြင့် စည်းကမ်းဖောက်ဖျက်ကျူးလွန်ပါက နောက်ဆုံးအဆင့် ကျောင်းမှ ထွက်ခွါရသည်အထိ အပြစ်ဒဏ် ချမှတ်ထားသည်ကိုလည်း သိရှိရပါသည်။ ပညာရေး အပိုင်းအနေဖြင့် ရွာမပရိယတ္တိစာသင်တိုက်ကို ၁၉၇၀ ခုနှစ်က စာတင်ဖွင့်လှစ်ခဲ့ပြီးနောက် ၁၉၇၁ ခုနှစ် ဝါဆိုသံဃာနှင့် စာအောင်သံဃာစာရင်းအရ ဝါဆိုသံဃာ (၃၅)ပါးတွင် ပထမငယ်တန်းအောင် (၃)ပါး တွေ့ရှိရပါသည်။ များသောအားဖြင့် စာသင်တိုက် စတင်ဖွင့်လှစ်စကာလများတွင် အချို့စာသင်တိုက်များသည် တိုက်တာထူထောင်ရေးကိစ္စများကို ဆောင်ရွက်နေရခြင်းကြောင့် စာပေပို့ချခြင်းကို ဆောက်ရွက်နိုင်ခြင်း မရှိကြချေ။ ရွာမပရိယတ္တိစာသင်တိုက်မှာမူ ၁၉၇၁ ခုနှစ် အောင်ဇဗက်အရ ပထမငယ်တန်းအောင် (၃)ပါး ထွက်ပေါ်ခဲ့သည်ကို ထောက်ဆ၍ စာသင်တိုက် ဖွင့်လျှင်ဖွင့်ခြင်း စာပေပို့ချမှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ၁၉၇၂ ခုနှစ် မှ ၁၉၇၅ ခုနှစ် အတွင်း ငယ်၊ လတ်၊ ကြီး တန်းများအပြင် ဘွဲ့အပ်နှင်းရမည့် ဓမ္မစရိယတန်းအထိ သင်ကြားပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် ရွာမပရိယတ္တိစာသင်တိုက်သည် ၁၉၇၅ ခုနှစ်မှစ၍ အတန်းစုံ ဘာသာစုံ သင်ကြားနိုင်သော စာသင်တိုက်အဖြစ်သို့ ရောက်ရှိခဲ့ရာ ယနေ့အထိ ဖြစ်ပါသည်။ ၁၉၇၁ ခုနှစ် မှ ၂၀၀၆ ခုနှစ်အထိ ရွာမစာသင်တိုက်မှ မွေးထုတ်ခဲ့သော စာအောင်သံဃာ စုစုပေါင်းမှာ ( ၃၄၄၆ )ပါးရှိပြီးဖြစ်ပါသည်။ ဝါဆိုသံဃာအနေအားဖြင့်လည်း ၁၉၇၀ ခုနှစ် စာသင်တိုက် ဖွင့်လှစ်ချိန်တွင် (၃၅)ပါးဖြင့် စတင်ခဲ့ရာ ယနေ့ ၂၀၀၇ ခုနှစ် ကာလတွင် ဝါဆိုသံဃာ(၅၅၀)ပါးရှိသော ရန်ကုန်တိုင်းအတွင်း စာသင်သားအများဆုံး စာသင်တိုက်ကြီး အဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ဝါဆိုသံဃာများပြားသော၊ အတန်းစုံ ပို့ချပေးနိုင်သော၊ စာမေးပွဲများကို ဝင်ရောက်ဖြေဆိုအောင်မြင်သော ရွာမစာသင်တိုက်အနေဖြင့် သာမန်စာအောင် သံဃာများအပြင် ထူးချွန်ထက်မြက်သော သာသနာ့အာဇာနည် အကျော်အမော်များကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါသည်။ ယင်းတို့မှာ -

ပထမငယ်တန်းတွင်

| | | | |
|---|---|---|---|
| ၁။ | ရှင်ဓမ္မစက္က | (ပထမ) | (၁၉၈၀) |
| ၂။ | ရှင်နာယက | (ဒုတိယ) | (၁၉၈၆) |

၃။ ရှင်ပညာသီဟ (ပထမ) (၁၉၈၈)
၄။ ရှင်တေဇနိယ (ပထမ) (၂၀၀၂)
၅။ ရှင်ဓမ္မိဿရ (တတိယ) (၂၀၀၁)
၆။ ရှင်ရေဝတ (ဒုတိယ) (၂၀၀၇)
ပထမလတ်တန်းတွင်
၁။ ရှင်ကေသရ (ဒုတိယ) (၁၉၉၁)
၂။ ရှင်ဇနိတ (ပထမ) (၁၉၉၄)
၃။ အရှင်ကုလန္ဒောဘာသ (ပထမ) (၁၉၉၉)
၄။ ရှင်ပညိန္ဒ (တတိယ) (၂၀၀၆) နှင့်
ပထမကြီးတန်းတွင်
၁။ ရှင်သီလက္ခန္ဓ (ယခုတိပိဋကဓရ၊ တိပိဋကကောဝိဒ)(တတိယ) (၁၉၈၀)
၂။ အရှင်နန္ဒာသိရိ (ပထမကျော်) (၁၉၈၃)
၃။ အရှင်နန္ဒာစရိယ (တတိယ) (၁၉၈၅)
၄။ အရှင်စိန္တာဝရ (တတိယ) (၁၉၈၉)
၅။ ရှင်သြဘာသ (ပထမကျော်) (၁၉၉၀)
၆။ အရှင်ဉာဏဗလ (တတိယ) (၁၉၉၉)
၇။ အရှင်ဇဝနာလင်္ကာရ (တတိယ) (၂၀၀၁) တို့ ဖြစ်ပါသည်။

သို့သော် ပထမပြန် စာမေးပွဲများမှ သာသနာ့ အာဇာနည်များ မွေးထုတ်ပေးသည့်နည်းတူ သာမဏေကျော်စာမေးပွဲများမှလည်း သာသနာ့လူရည်ချွန်များကို မွေးထုတ်လျက် ရှိပါသည်။ ထိုစာမေးပွဲများကို ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ၊ ပဲခူး၊ မော်လမြိုင်မြို့တို့တွင် ကျင်းပပြီး အောင်မြင်သူများကို သာသနာလင်္ကာရဘွဲ့ အပ်နှင်းပါသည်။

ရွာမစာသင်တိုက်အနေဖြင့်လည်း ထိုစာမေးပွဲကို ဝင်ရောက်ဆင်နွှဲ ဖြေဆိုလျက်ရှိရာ အဆင့် အသီးသီးတွင် အောင်မြင်သော သံဃာဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ၁၉၉၆ ခုနှစ်တွင် ၄ ပါး (ပ - ဆင့်)
၂။ ၁၉၉၇ ခုနှစ်တွင် ၂၈ ပါး (ပ၊ ဒု - ဆင့်)
၃။ ၁၉၉၈ ခုနှစ်တွင် ၂၀ ပါး (ပ၊ ဒု၊ တ - ဆင့်)
၄။ ၁၉၉၉ ခုနှစ်တွင် ၄၃ ပါး (ပ၊ ဒု - ဆင့်)
၅။ ၂၀၀၀ ခုနှစ်တွင် ၄၂ ပါး (ပ၊ ဒု၊ တ - ဆင့်)
၆။ ၂၀၀၁ ခုနှစ်တွင် ၅၆ ပါး (ပ၊ ဒု၊ တ - ဆင့်)
၇။ ၂၀၀၂ ခုနှစ်တွင် ၆၅ ပါး (ပ၊ ဒု - ဆင့်)
၈။ ၂၀၀၃ ခုနှစ်တွင် ၇၁ ပါး (ပ၊ ဒု၊ တ - ဆင့်)
၉။ ၂၀၀၄ ခုနှစ်တွင် ၈၅ ပါး (ပ၊ ဒု၊ တ - ဆင့်)
၁၀။ ၂၀၀၅ ခုနှစ်တွင် ၃၂ ပါး (ပ၊ ဒု၊ တ - ဆင့်)
၁၁။ ၂၀၀၆ ခုနှစ်တွင် ၁၄ ပါး (ပ၊ ဒု - ဆင့်) တို့ ဖြစ်ပါသည်။

ဤနေရာတွင် တတိယ-ဆင့်မှာ သာသနာလင်္ကာရဘွဲ့ရသူကို ဆိုလိုခြင်းဖြစ်ပြီး၊ ရွာမစာသင်တိုက်တွင် သာသနာလင်္ကာရဘွဲ့ ဦးရေမှာ ၁၉၉၆ မှ ၂၀၀၆ ခုနှစ်အတွင်း ၁၆ ပါး ရှိပြီးဖြစ်ပါသည်။

သာမဏေကျော်အောင်မြင်မှု ကိန်းဂဏန်းများအရ ကြည့်လျှင်လည်း ရွာမပရိယတ္တိစာသင်တိုက် အနေဖြင့် သာမဏေကျော်စာမေးပွဲတွင် အောင်မြင်မှု သရဖူဆောင်းလျက်ရှိသည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ၁၀ နှစ်တာကာလအတွင်း၂၀၀၅ ခုနှစ်မှလွဲ၍ ကျန်နှစ်များတွင် တစ်ဆင့်ထက် တစ်ဆင့် မြင့်တက်သွားသော ကိန်းဂဏန်းများက သက်သေပြလျက် ရှိသောကြောင့်ဖြစ်ပါသည်။

ယနေ့ရွာမပရိယတ္တိစာသင်တိုက်ကို လေ့လာသောအခါ တစ်ဖက်က ပရိယတ္တိဆိုင်ရာ စာပေ သင်ကြားပို့ချခြင်းလုပ်ငန်းကို ကျားကုတ်ကျားခဲ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်၌လည်း နွေရာသီကျောင်းပိတ်ရက်တွင် ဝိပဿနာတရားစခန်းဖွင့်လှစ်ခြင်း၊ ၁၃၆၀ ပြည့်နှစ် တပေါင်း လပြည့်ကျော် (၃)ရက် မဟာနာယကဆရာတော်ဘုရားကြီး သက်တော် (၈၀)ပြည့်နှစ်မှစ၍ ယနေ့တိုင် နေ့စဉ် ညပိုင်း (၆း၃၀ နာရီ မှ ၈း၀၀ နာရီ ထိ) ကျောင်းတိုက်အနီးဝန်းကျင်ရှိ ဒကာ ဒကာမများအား သတိပဋ္ဌာန်နည်းဖြင့် မဟာနာယကဆရာတော်ကြီးနှစ်ပါး၏ လမ်းညွှန်မှုဖြင့် ကမ္မဋ္ဌာနာစရိယ အရှင်ဝိသိဋ္ဌနှင့် အရှင်စန္ဒာဒီပတို့က ဝိပဿနာခုရ ဖြည့်ကျင့်ဆောင်ရွက်လျက်ရှိရာ ပရိယတ်အပြင် ပဋိပတ်လုပ်ငန်းစဉ်များပါ သာသနာပြုလျက်ရှိသော စာသင်တိုက်ကြီးဖြစ်ပါသည်။

ထို့ကြောင့် ရွာမစာသင်တိုက်၏ အောင်မြင်မှုကို ချီးကျူးဂုဏ်ပြုလျက် ခုရနှစ်ပါးကို ထမ်းဆောင် နေကြသော စာချ၊ စာသင် သံဃာတော်တို့၏ လုပ်ဆောင်မှုကို ဂုဏ်ပြုရမည်သာ ဖြစ်ပါသည်။

နွေရာသီ လောကီအတန်းကျောင်းများ ပိတ်ထားစဉ်တွင် လောကီကျောင်းသူ ကျောင်းသားများကို အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ အထက်တန်း ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကို ပို့ချပေးလျက်ရှိရာ တစ်နှစ်လျှင် ကျောင်းသားပေါင်း (၈၀၀) ကျော် တက်ရောက်သင်ကြားလျက်ရှိပါ သည်။ ရွာမပရိယတ္တိစာသင်တိုက်ကဲ့သို့ အခြားအခြားသော ဘုန်းတော်ကြီးကျောင်းများအနေဖြင့် လောကီကျောင်းများ ပိတ်ထားစဉ် ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ပေးနိုင်ပါက ပြည်ထောင်စု မြန်မာနိုင်ငံ အဝှမ်းလုံး သာသနာတည်တံ့ခိုင်မြဲသော ဗုဒ္ဓဘာသာဝင်များ တိုးပွားလျက် ရှိနိုင်ပါသည်။ ဤကဲ့သို့သော အခြေ အနေ အရပ်ရပ်များကြောင့် ရွာမပရိယတ္တိစာသင်တိုက်သည် အဘိဓဇဂုဏ်နှင့် တစ်သွေးတည်း တစ်သားတည်း ထင်ဟပ်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပေတော့သည်။

♦ ရွှေဘိုမင်းသုခ

ကိုးကားချက်-

၁။ ဒေါက်တာကြူကြူလှ၊ တင်သန်းမြင့်၊ ဇင်မာဝေ
(အရှေ့တိုင်းပညာဌာန ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)
ပရိယတ္တိသာသနာတိုးတက်ရေး . . .

၂။ ရွာမပရိယတ္တိစာသင်တိုက် ငွေရတုစာစောင်။

၃။ ရွာမပရိယတ္တိစာသင်တိုက် နှစ်သုံးဆယ်ခရီး

၄။ ရွာမပရိယတ္တိစာသင်တိုက် အခြေခံဥပဒေ

## ၁၃၃၂ (၁၉၇၀)ခုနှစ်မှ ၁၃၆၉ (၂၀၀၇)ခုနှစ်အတွင်း
## ရွှာမပရိယတ္တိစာသင်တိုက်မှ ဂဏဝါစကစာချစာရင်း

| စဉ် | ဘွဲ့နာမ | လက်ရှိသာသနာပြုရာဌာန | မှတ်ချက် |
|---|---|---|---|
| ၁။ | အရှင်အင်္ဂိရ | သစ်စက်ကျောင်း၊ အင်းစိန်မြို့ | |
| ၂။ | အရှင်ဝိဇယ | လူဝတ်ပြောင်း | |
| ၃။ | အရှင်ပဏ္ဍိတ | သစ်စက်ကျောင်း၊ အင်းစိန်မြို့ | |
| ၄။ | အရှင်တေဇိန္ဒ | နတ်မောက်မြို့ | |
| ၅။ | အရှင်ကလျာဏ | နိကာယ်စာသင်တိုက်၊ တောင်ဒဂုံမြို့နယ် | |
| ၆။ | အရှင်ဝိမလ | လူဝတ်ပြောင်း | |
| ၇။ | အရှင်ကောဝိဒ | မင်္ဂလာကန်တော်ဦးကျောင်း၊ သင်္ကြုလ၊ ကဝမြို့ | |
| ၈။ | အရှင်စန္ဒဝံသ | ဓမ္မိကာရာမကျောင်း၊ ပေါက်တော၊ အင်းစိန် | |
| ၉။ | အရှင်ဇောတိက | ဇနိတာရာမကျောင်း၊ ဂွတ္တလစ်၊ ရန်ကင်း | |
| ၁၀။ | အရှင်သုန္ဒရ | လူဝတ်ပြောင်း | |
| ၁၁။ | အရှင်အာစာရ | ရွှေကြက်ယက်ကျောင်း၊ ဟင်္သာတမြို့ | |
| ၁၂။ | အရှင်ရေဝတ | သစ်တော်ကျောင်း၊ သရက်တော၊ လမ်းမတော် | |
| ၁၃။ | အရှင်တေဇဝန္တ | သာယာကုန်းပရိယတ္တိ၊ လှိုင်သာယာ | |
| ၁၄။ | အရှင်ကောဝိဒ | မအူပင်မြို့ | ပျံလွန် |
| ၁၅။ | အရှင်ပါတိမောက္ခပဏ္ဍိတ | သာသနာ့အလင်းရောင်၊ သင်္ကြုလ၊ ကဝမြို့ | |
| ၁၆။ | အရှင်စက္ကိန္ဒ | အေးစေတီကျောင်း၊ တောင်ကြီးမြို့ | |
| ၁၇။ | အရှင်ပညာသာရ | နိမ္မိတာရုံကျောင်း၊ လှိုင်သာယာ | |
| ၁၈။ | အရှင်ဝေပုလ္လ | ရောဝတီတိုင်း | |
| ၂၀။ | အရှင်သုဇာတ | အောင်မြေဘုံသာကျောင်း၊ ပုသိမ်မြို့ | |
| ၂၁။ | အရှင်ဝါယမ | တောင်ပေါက်ကျောင်း၊ မော်လမြိုင်မြို့ | |
| ၂၂။ | အရှင်စန္ဒာဝရသာရာဘိဝံသ | လူဝတ်ပြောင်း | |

| စဉ် | ဘွဲ့နာမ | လက်ရှိသာသနာပြုရာဌာန | မှတ်ချက် |
|---|---|---|---|
| ၂၃။ | အရှင်နိပုဏ | မကွေးကျောင်း၊ ရွှေပြည်သာ | |
| ၂၄။ | အရှင်သုန္ဒရ | မဟာဝိသုတာရာမတိုက်၊ ပခုက္ကူ | |
| ၂၅။ | အရှင်စန္ဒသိရီ | မြစ်ကွေ့စာသင်တိုက်၊ ဟသ်ာတ | |
| ၂၆။ | အရှင်အရိယဝံသ | လှူဝတ်ပြောင်း | |
| ၂၇။ | အရှင်သုဇန | ဖျာပုံမြို့ | |
| ၂၈။ | အရှင်ဂရုဝံသ | ဓမ္မဝိဟာရ ပထမကျော်၊ သယ်န်းကျွန်း | |
| ၂၉။ | အရှင်ဓမ္မပိယ | ဓမ္မပါလကျောင်း၊ ကမာရွတ် | |
| ၃၀။ | အရှင်ကုသလ | သဒ္ဓမ္မပါလကျောင်း၊ အင်းစိန် | |
| ၃၁။ | အရှင်ခေမာစာရ | ချောက်မြို့ | |
| ၃၂။ | အရှင်ကန္တောဘာသ | အောင်သပြေ ဓမ္မဗိမာန်၊ အင်းစိန် | |
| ၃၃။ | အရှင်သီလက္ခန္ဓာဘိဝံသ | နိကာယ်စာသင်တိုက်၊ တောင်ဒဂုံ | |
| ၃၄။ | အရှင်တေဇနိယာဘိဝံသ | ကန်ကြီးကုန်းရွာ၊ ညောင်ဦးမြို့ | |
| ၃၅။ | အရှင်ဇာနေယျ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၃၆။ | အရှင်ဝိနယာလင်္ကာရ | မဟာဝိနယာလင်္ကာရကျောင်း၊ ဒဂုံဆိပ်ကမ်း | |
| ၃၇။ | အရှင်ဂမ္ဘီရဗုဒ္ဓိ | ရွှေရေးဆောင်တိုက်၊ မန္တလေးမြို့ | |
| ၃၈။ | အရှင်စန္ဒာသိရီဘိဝံသ | ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ ဗဟန်း | |
| ၃၉။ | အရှင်ဓမ္မသာမိ | ငါးဆူတောင်၊ လှည်းကူး | |
| ၄၀။ | အရှင်ဝိသုဒ္ဓ | ရွှေညောင်ပင်ပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၄၁။ | အရှင်ဉာဏိန္ဒ | ဇလွန်ကျောင်း၊ မြောက်ဥက္ကလာ | |
| ၄၂။ | အရှင်သုန္ဒရ | ဘီးလင်းမြို့၊ မွန်ပြည်နယ် | |

| စဉ် | ဘွဲ့နာမ | လက်ရှိသာသနာပြုရာဌာန | မှတ်ချက် |
|---|---|---|---|
| ၄၃။ | အရှင်စန္ဒသာရ | လှူဝတ်ပြောင်း | |
| ၄၄။ | အရှင်အဂ္ဂဓမ္မ | လှူဝတ်ပြောင်း | |
| ၄၅။ | အရှင်နန္ဒာစရိယ | ကော့မှူး | |
| ၄၆။ | အရှင်ဣန္ဒက | လှူဝတ်ပြောင်း | |
| ၄၇။ | အရှင်ဣန္ဒာစာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၄၈။ | အရှင်သုဇန | လှူဝတ်ပြောင်း | |
| ၄၉။ | အရှင်ခေမာစာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၅၀။ | အရှင်ခေမိန္ဒ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၅၁။ | အရှင်ဇနိတာလင်္ကာရ | မဟာဝိသုဒ္ဓါရုံတိုက်၊ မန္တလေး | |
| ၅၂။ | အရှင်စိန္တိတ | ဝေဠုဝန်ကျောင်း၊ တောင်သူကုန်း | |
| ၅၃။ | အရှင်ဓမ္မိက | သီတဂူ ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်း | |
| ၅၄။ | အရှင်ကုဏ္ဍလ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၅၅။ | အရှင်တိက္ခိန္ဒြိယာဘိဝံသ | မစိုးရိမ်တိုက်သစ်၊ မန္တလေး | |
| ၅၆။ | အရှင်ဇဝန | မဟာဝိသုတာရာမတိုက်၊ ပခုက္ကူ | |
| ၅၇။ | အရှင်သောဘဏာလင်္ကာရ | သီရိလင်္ကာနိုင်ငံ | |
| ၅၈။ | အရှင်ကဥ္စန | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၅၉။ | အရှင်အရိယာဝံသ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၆၀။ | အရှင်စန္ဒာဒီပ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၆၁။ | အရှင်ဝိစိတ္တ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၆၂။ | အရှင်ကုမုဒ | ဆရာတော်ကြီးကျောင်း၊ အင်းစိန် | |
| ၆၃။ | အရှင်ခေမိန္ဒ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၆၄။ | အရှင်ဝိသိဋ္ဌ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၆၅။ | အရှင်စရဏာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |

| စဉ် | ဘွဲ့နာမ | လက်ရှိသာသနာပြုရာဌာန | မှတ်ချက် |
|---|---|---|---|
| ၆၆။ | အရှင်ဥတ္တရာလင်္ကာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၆၇။ | အရှင်ပညာစာရာလင်္ကာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၆၈။ | အရှင်ပညာဝံသ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၆၉။ | အရှင်သုမန | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၇၀။ | အရှင်ဥတ္တရ | တောင်ကိုရီးယားနိုင်ငံ | |
| ၇၁။ | အရှင်စန္ဒနသာရာလင်္ကာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန် | |
| ၇၂။ | အရှင်နာရဒါလင်္ကာရ | မန္တလေးမြို့ | |
| ၇၃။ | အရှင်ဖြဟ္မစရိယ | ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန် | |
| ၇၄။ | အရှင်ဇနိန္ဒ(ဥယျာဉ်) | ဥယျာဉ်တိုက်၊ မန္တလေးမြို့ | |
| ၇၅။ | အရှင်ပညာသိဒ္ဓိ | ညောင်ကန်အေး၊ အင်းစိန် | |
| ၇၆။ | အရှင်ဇဝနာလင်္ကာရ | မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့ | |
| ၇၇။ | အရှင်ဉာဏဗလ | လယ်ဝေးမြို့ | |
| ၇၈။ | အရှင်ကုမုဒ | ညောင်ကန်အေး၊ အင်းစိန် | |
| ၇၉။ | အရှင်က္လန္တောဘာသ | န-ပ-သ၊ ကမ္ဘာအေး၊ ရန်ကုန် | |
| ၈၀။ | အရှင်ဂန္ဓသာရ | တမူးမြို့ | |
| ၈၁။ | အရှင်နန္ဒောဘာသာ | လှူဝတ်ပြောင်း | |
| ၈၂။ | အရှင်ပညာဇောတ | ခရမ်း | |
| ၈၃။ | အရှင်ကေသရ | မင်္ဂလာရာမ၊ တောင်ဒဂုံ၊ ရန်ကုန် | |
| ၈၄။ | အရှင်ဝိမလာစာရ | မဟာဝိသုဒ္ဓါရုံတိုက်၊ မန္တလေး | |
| ၈၅။ | အရှင်ဉာဏိကာလင်္ကာရ | အောင်ဓမ္မဇေယျ၊ ဖော့ကန်၊ အင်းစိန် | |
| ၈၆။ | အရှင်တေဇာနန္ဒာလင်္ကာရ | နတ်မောက်မြို့ | |
| ၈၇။ | အရှင်ကေသရ | မော်လမြိုင်ကျွန်း၊ ဧရာဝတီတိုင်း | |
| | | | |

# အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် နှင့် အဘိဓဇဂုဏ်ရည်

■ ရွှေဘိုမင်းသုခ

## အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်

ဗုဒ္ဓသာသနာတော် တည်တံ့ ပြန့်ပွားရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စာသင်တိုက်များထူထောင်၍ သာသနာပြုကြရာတွင် ရွာမပရိယတ္တိစာသင်တိုက်သည်တစ်တိုက် အပါအဝင်ဖြစ်ပါသည်။ စာသင်တိုက်တည်ရာ အရပ်မှာ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်တွင် တည်ရှိပါသည်။ စာသင်တိုက်၏ အကျယ်အဝန်းမှာ ၆. ၁၁၇ ဧက ရှိပါသည်။

## ရွာမပရိယတ္တိစာသင်တိုက်၏ သဲလွန်စ

ရွာမစာသင်တိုက်သည် အင်းစိန်မြို့နယ်တွင် တည်ရှိနေသည့်အတွက် စာသင်တိုက်နှင့် ပတ်သက်သောသဲလွန်စကို အင်းစိန်မြို့နယ်သမိုင်းမှ အစကောက်၍ ရယူရပေမည်။

"အင်းစိန်"ဟူသော ဝေါဟာရမှာ မွန်ဘာသာ "အင်"နှင့်"စိင်"ကို ပေါင်းစပ်ထားခြင်း ဖြစ်ပြီး "အင်"မှာ မြန်မာဘာသာ "အိုင်"ဟု အနက်ရပြီး "စိင်"မှာ "ဆင်"ဟု အနက်ရပါသည်။ ထို့ကြောင့် "အိုင်ဆင်" "ဆင်အိုင်" တနည်းအားဖြင့် "ဆင်များ ဆင်းသည့်ရေအိုင်" ဟု ပညာရှင်တို့က ဖွင့်ဆိုကြပါသည်။

အင်းစိန်မြို့နယ်သမိုင်းနှင့် ပတ်သက်၍ မင်္ဂလာတုံမြို့ ၆၄-ခု စစ်တမ်းအရ ဗဒုံမင်း လက်ထက်၊ မြန်မာသက္ကရာဇ် ၁၁၆၄(ခရစ်နှစ် ၁၈၀၃)ခုနှစ်တွင် မင်္ဂလာတုံမြို့နယ် (ယခုမူ မင်္ဂလာဒုံ)ကို စစ်တမ်းကောက်ယူခဲ့ကြောင်း၊ ယင်းစစ်တမ်းကောက်ယူချိန်က အင်းစိန်သည် မြို့မဖြစ်သေးဘဲ မင်္ဂလာဒုံမြို့နယ်တွင် ပါဝင်သော ရွာတစ်ရွာမျှသာဖြစ်ကြောင်း သိရပါသည်။

အင်းစိန်မြို့နယ်၏ တည်နေရာနှင့် ပတ်သက်၍လည်း ၁၉၈၃-ခုနှစ်ထုတ် မွန်းဘိုးချို၏ မြို့ရွာအမည်များစာအုပ်တွင် အင်စိင်-အင်းစိန်၏ မူလတည်နေရာသည် ယခု အင်းစိန်ရွာမ ဘုန်းတော်ကြီးကျောင်းအတွင်းရှိ ရေကန်နေရာဖြစ်သည်ဟု ထိုစဉ်က ရွာမဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော်က မိန့်ကြားကြောင်း ဖော်ပြထားပါသည်။

ထိုမိန့်ကြားချက်ကို ထောက်ဆ၍ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်သည် ယခင်က အင်းစိန်ဘုန်းတော်ကြီးကျောင်းအဖြစ် ရှိခဲ့ပါသည်။ ကျောင်းတိုက်သည် လွန်ခဲ့သောနှစ်ပေါင်း နှစ်ရာကျော်ကာလကပင် အင်းစိန်ရွာ၌ တည်ရှိခဲ့ပြီး ကျောင်းတိုက်တည်ရှိသောတည်နေရာမှာ ယခု အင်းစိန် ရွာမကျောင်းတိုက်အတွင်းရှိ ရေကန်နေရာဖြစ်ကြောင်း မှန်းဆသိရှိရပါသည်။

## ရွှာမပရိယတ္တိစာသင်တိုက်၏
## နွေရာသီ ယမိုက်၊ ပဋ္ဌာန်း သင်တန်းတက်ရောက်မှုအခြေပြဇယား

| စဉ် | ခုနှစ် | သင်တန်းသား | ပို့ချနေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ၁၉၈၆ | ၁၀၀၀ | ရွှေတိဂုံမင်္ဂလာဗျူဟာ | |
| ၂။ | ၁၉၈၇ | ၄၀၀ | ရွှေတိဂုံမင်္ဂလာဗျူဟာ | |
| ၃။ | ၁၉၈၈ | ၄၀၀ ကျော် | ရွှေတိဂုံမင်္ဂလာဗျူဟာ | |
| ၄။ | ၁၉၈၉ | ၃၅၀ | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၅။ | ၁၉၉၀ | ၈၀၀ | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၆။ | ၁၉၉၁/၂/၃ | | ရွှာမပရိယတ္တိစာသင်တိုက် | ပျက် |
| ၇။ | ၁၉၉၄ | ၅၀၀ ကျော် | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၈။ | ၁၉၉၅ | ၅၀၀ ကျော် | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၉။ | ၁၉၉၆ | ၆၀၀ | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၁၀။ | ၁၉၉၇ | | ရွှာမပရိယတ္တိစာသင်တိုက် | ပျက် |
| ၁၁။ | ၁၉၉၈ | ၇၀၀ | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၁၂။ | ၁၉၉၉ | ၆၅၀ | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၁၃။ | ၂၀၀၀ | ၉၀၀ | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၁၄။ | ၂၀၀၁ | ၈၀၀ ကျော် | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၁၅။ | ၂၀၀၂ | ၆၀၀ ကျော် | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၁၆။ | ၂၀၀၃ | | ရွှာမပရိယတ္တိစာသင်တိုက် | ပျက်၊ တောရဆောက်တည် |
| ၁၇။ | ၂၀၀၄ | ၇၀၀ ကျော် | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၁၈။ | ၂၀၀၅ | ၇၀၀ ကျော် | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၁၉။ | ၂၀၀၆ | ၇၀၀ ကျော် | ရွှာမပရိယတ္တိစာသင်တိုက် | |
| ၂၀။ | ၂၀၀၇ | | | ကျင်းပချိန်မရောက်သေး |

# ရွာမပရိယတ္တိစာသင်တိုက်၏
# နွေရာသီ တရားစခန်းပွဲ အခြေပြဇယား

| အကြိမ် | ခုနှစ် | ရဟန်း | သီလရှင် | အမျိုးသား | အမျိုးသမီး | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁ | ၁၃၅၆ | ၁၅ | ၈ | ၂၉ | ၉၉ | ၁၅၁ |
| ၂ | ၁၃၅၇ | ၂၀ | ၆ | ၂၆ | ၉၅ | ၁၄၈ |
| ၃ | ၁၃၅၈ | ၄၄ | ၁၇ | ၂၈ | ၁၁၈ | ၂၀၇ |
| ၄ | ၁၃၅၉ | ၆၉ | ၄ | ၃၃ | ၁၆၃ | ၂၆၉ |
| ၅ | ၁၃၆၀ | ၆၀ | ၁၀ | ၃၁ | ၁၈၀ | ၂၈၁ |
| ၆ | ၁၃၆၁ | ၁၁ | ၅ | ၃၁ | ၁၂၂ | ၁၆၉ |
| ၇ | ၁၃၆၂ | ၁၇ | ၇ | ၃၁ | ၁၅၆ | ၂၁၁ |
| ၈ | ၁၃၆၃ | ၈ | ၈ | ၃၅ | ၁၉၆ | ၂၄၇ |
| ၉ | ၁၃၆၄ | ၁၂ | - | ၄၅ | ၁၆၀ | ၂၁၇ |
| ၁၀ | ၁၃၆၅ | ၂၀ | ၇ | ၄၉ | ၁၈၀ | ၂၅၆ |
| ၁၁ | ၁၃၆၆ | ၉ | ၅ | ၅၃ | ၂၅၂ | ၃၁၉ |
| ၁၂ | ၁၃၆၇ | ၁၁ | ၃ | ၄၁ | ၂၃၈ | ၂၉၃ |
| ၁၃ | ၁၃၆၈ | ၃ | ၉ | ၄၁ | ၂၆၁ | ၃၁၄ |

မှတ်ချက်။ ။ ၁၃၆၉-ခုနှစ် တရားစခန်းပွဲ ကျင်းပချိန် မရောက်သေး။

## ပန်းတိုင်ရောက်ရန် အင်္ဂါ(၃)တန်

ပန်းတိုင်အရောက် ခရီးသွားလိုသူသည်-

၁။ လမ်းမမှားရန်နှင့် လမ်းမှန်ရွေးချယ်ရန် သိမြင်၊ တွေးခေါ်မှု မှန်ကန်ရမည်။(သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ)

၂။ လမ်းပျောက်မနေရန် ကိုယ်၊ နှုတ် စောင့်စည်းရမည်။ (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ)

၃။ ဧရောက်ရောက်အောင် တည်တည်ငြိမ်ငြိမ်ဖြင့် သတိထားကြိုးစားရမည်။ (သမ္မာဝါယာမ၊ သမ္မာသတိ သမ္မာသမာဓိ)

ဤဖော်ပြပါ အရည်အသွေး(၃)ရပ်ပြည့်စုံသော ခရီးသည်သည် မိမိဦးတည်ချက်ပန်းတိုင် ကေန်ရောက်နိုင်ပေမည်။

**လမ်းမှားမလျှောက်၊ လမ်းပျောက်မနေ၊ ကြိုးစားချေ၊ မသွေပန်းတိုင်ရောက်**

အရှင်တိလောကာဘိဝံသ(အင်းစိန်)

## ရှာမပရိယတ္တိစာသင်တိုက်၏
## စာမေးပွဲအောင်မြင်မှု အခြေပြဇယား

| စာမေးပွဲနှစ် | ဝါဆိုသံဃာ | | | စာမေးပွဲအောင်မြင်မှု | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | ရဟန်း | သာမဏေ | ပေါင်း | မူ | ငယ် | လတ် | ကြီး | စာချ | |
| ၁၉၇၀ | ၁၇ | ၁၈ | ၃၅ | | ၃ | | | | ၃ |
| ၁၉၇၂ | ၃၀ | ၂၄ | ၅၄ | | ၈ | ၂ | | | ၁၀ |
| ၁၉၇၃ | ၄၀ | ၃၆ | ၇၆ | | ၇ | ၅ | | | ၁၂ |
| ၁၉၇၄ | ၄၈ | ၅၄ | ၁၀၂ | | ၉ | ၃ | ၂ | | ၁၄ |
| ၁၉၇၅ | ၅၁ | ၅၅ | ၁၀၅ | | ၁၀ | ၂ | ၂ | ၂ | ၆ |
| ၁၉၇၆ | ၅၇ | ၅၆ | ၁၁၃ | | ၁၀ | ၄ | ၂ | ၃ | ၁၉ |
| ၁၉၇၇ | ၅၈ | ၆၂ | ၁၂၀ | | ၉ | ၁၆ | ၂ | | ၂၇ |
| ၁၉၇၈ | ၇၆ | ၅၅ | ၁၃၁ | | ၇ | ၆ | ၅ | ၁ | ၁၉ |
| ၁၉၇၉ | ၈၀ | ၉၀ | ၁၇၀ | | ၂၀ | ၇ | ၄ | ၅ | ၃၆ |
| ၁၉၈၀ | ၈၀ | ၁၁၆ | ၁၉၆ | | ၁၆ | ၁၅ | ၈ | ၁ | ၄၀ |
| ၁၉၈၁ | ၉၈ | ၁၂၀ | ၂၁၈ | | ၂၇ | ၂၀ | ၆ | ၇ | ၆၀ |
| ၁၉၈၂ | ၁၀၈ | ၁၂၈ | ၂၃၆ | | ၂၁ | ၃၀ | | ၈ | ၅၉ |
| ၁၉၈၃ | ၁၂၃ | ၁၄၁ | ၂၆၄ | | ၃၉ | ၁၉ | ၁၈ | ၁ | ၇၇ |
| ၁၉၈၄ | ၁၅၇ | ၁၅၂ | ၃၀၉ | ၁၀ | ၃၃ | ၂၉ | ၁၆ | ၄ | ၉၂ |
| ၁၉၈၅ | ၂၀၁ | ၁၆၄ | ၃၆၅ | ၃၃ | ၂၆ | ၃၉ | ၅၀ | ၇ | ၁၅၅ |
| ၁၉၈၆ | ၂၂၃ | ၁၆၇ | ၃၉၀ | ၄၇ | ၂၂ | ၂၅ | ၂၀ | ၄ | ၁၁၈ |
| ၁၉၈၇ | ၂၅၀ | ၁၆၄ | ၄၁၄ | | ၃၀ | ၁၁ | ၁၇ | ၁ | ၅၉ |
| ၁၉၈၈ | ၉၉ | ၈၁ | ၁၇၉ | ၁၇ | ၂၀ | ၁၁ | ၁၄ | | ၆၂ |
| ၁၉၈၉ | ၁၅၃ | ၇၈ | ၂၃၁ | ၄၅ | ၂၃ | ၄၀ | ၁၄ | ၁ | ၁၂၃ |
| ၁၉၉၀ | ၂၃၃ | ၆၃ | ၂၉၆ | ၁၁၄ | ၃၆ | ၁၃ | ၃၃ | ၃ | ၁၉၉ |

| စာမေးပွဲနှစ် | ဝါဒိသံဃာ | | | စာမေးပွဲအောင်မြင်မှု | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | ရဟန်း | သာမဏေ | ပေါင်း | မူ | ငယ် | လတ် | ကြီး | စာချ | |
| ၁၉၉၁ | ၁၂၅ | ၃၄ | ၁၅၉ | ၄၉ | | ၃ | ၁၂ | | ၆၄ |
| ၁၉၉၂ | ၁၂၁ | ၁၀၁ | ၁၂၂ | ၂၇ | | ၂ | ၇ | ၂ | ၃၈ |
| ၁၉၉၃ | ၁၂၀ | ၁၄၈ | ၂၆၈ | ၂၉ | ၁၅ | ၁၇ | ၁၆ | ၁၀ | ၈၇ |
| ၁၉၉၄ | ၁၂၇ | ၁၈၉ | ၃၁၆ | ၄၂ | ၂၀ | ၁၄ | ၁၇ | ၂ | ၉၅ |
| ၁၉၉၅ | ၁၉၅ | ၂၁၃ | ၄၀၈ | ၁၇ | ၄၈ | ၆၆ | ၄၉ | ၄ | ၁၈၄ |
| ၁၉၉၆ | ၂၂၉ | ၂၇၅ | ၅၀၄ | ၄၃ | ၂၀ | ၁၆ | ၆ | ၃ | ၈၈ |
| ၁၉၉၇ | ၂၄၃ | ၂၇၇ | ၅၂၀ | စာမေးပွဲမဖြေပါ။ | | | | | |
| ၁၉၉၈ | ၂၃၅ | ၂၃၆ | ၅၅၁ | ၅၂ | ၆၁ | ၅၈ | ၆၉ | ၁၁ | ၂၅၁ |
| ၁၉၉၉ | ၂၄၃ | ၃၁၉ | ၆၃၄ | ၅၀ | ၅၃ | ၅၈ | ၄၅ | ၂၈ | ၂၃၄ |
| ၂၀၀၀ | ၂၄၃ | ၄၁၇ | ၆၆၀ | ၅၉ | ၅၄ | ၄၂ | ၁၇ | ၂၁ | ၁၉၃ |
| ၂၀၀၁ | ၂၅၃ | ၃၆၂ | ၆၁၅ | ၄၆ | ၅၅ | ၅၇ | ၄၇ | ၁၃ | ၂၁၈ |
| ၂၀၀၂ | ၂၆၄ | ၃၆၉ | ၆၆၀ | | ၄၈ | ၄၀ | ၃၀ | ၄၁ | ၁၅၉ |
| ၂၀၀၃ | ၂၄၃ | ၄၀၄ | ၆၄၇ | | ၅၄ | ၆၈ | ၃၇ | ၄၁ | ၂၀၀ |
| ၂၀၀၄ | ၂၄၂ | ၄၀၁ | ၆၄၃ | | ၂၀ | ၄၆ | ၂၁ | ၁၆ | ၁၀၃ |
| ၂၀၀၅ | ၂၃၀ | ၃၉၂ | ၆၂၂ | | ၄၂ | ၄၄ | ၄၀ | ၁၉ | ၁၄၅ |
| ၂၀၀၆ | ၂၁၁ | ၄၀၄ | ၆၁၅ | | ၄၉ | ၇၀ | ၃၅ | ၄ | ၁၅၈ |
| ၂၀၀၇ | ၂၂၇ | ၃၂၃ | ၅၅၀ | | | | | | |

မှတ်ချက်။ ။ ၂၀၀၇-ခုနှစ် စာမေးပွဲ အောင်ဂဇက် မထွက်သေး၍ မသိရသေး။

## ရွာမပရိယတ္တိစာသင်တိုက်၏
## သာမဏေကျော်အောင်မြင်မှု အခြေပြဇယား


| ခုနှစ် | မန္တလေး | | | ရန်ကုန် | | | ပဲခူး | | | မော်လမြိုင် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပ | ဒု | တ | ပ | ဒု | တ | ပ | ဒု | တ | ပ | ဒု | တ |
| ၁၉၉၆ | ၂ | - | - | ၁ | - | - | ၁ | - | - | - | - | - |
| ၁၉၉၇ | ၅ | ၁ | - | ၇ | ၁ | - | ၈ | ၁ | - | ၅ | - | - |
| ၁၉၉၈ | ၂ | ၁ | ၁ | ၃ | ၂ | - | ၂ | - | ၁ | ၅ | ၂ | ၁ |
| ၁၉၉၉ | ၁၁ | - | - | ၁၁ | ၁ | ၁ | ၁၀ | - | - | ၆ | ၃ | - |
| ၂၀၀၀ | ၁၀ | ၃ | - | ၁၀ | ၅ | - | - | - | - | ၇ | ၅ | ၂ |
| ၂၀၀၁ | ၁၃ | ၁ | - | ၁၄ | ၇ | - | ၅ | ၂ | - | ၈ | ၆ | - |
| ၂၀၀၂ | ၁၂ | ၆ | - | ၁၃ | ၈ | ၁ | ၅ | ၃ | - | ၁၁ | ၆ | - |
| ၂၀၀၃ | ၁၅ | ၈ | ၁ | ၁၃ | ၇ | - | ၅ | ၃ | ၁ | ၁၂ | ၅ | ၁ |
| ၂၀၀၄ | ၂၄ | ၃ | ၁ | ၉ | ၁၀ | ၁ | - | ၁ | ၁ | ၂၇ | ၇ | ၁ |
| ၂၀၀၅ | ၁၂ | - | ၁ | ၉ | - | - | - | - | - | ၅ | ၄ | ၁ |
| ၂၀၀၆ | ၈ | - | - | ၇ | ၃ | - | | | | | | |

မှတ်ချက်။ ။ ၂၀၀၆-ခုနှစ်၊ ပခုက္ကူ ပထမဆင့် ၇-ပါး၊ ဒုတိယဆင့် ၁ပါး၊
၂၀၀၇-ခုနှစ် စာမေးပွဲ အောင်ဇယား မထွက်သေး၍ မသိရသေး။

## ရွာမပရိယတ္တိစာသင်တိုက်အတွင်းရှိ သာသနိကအဆောက်အဦများ

| စဉ် | ကျောင်းအမည် | အလှူရှင် |
|---|---|---|
| ၁။ | သီရိဝံသကျောင်းဆောင် | ယခင်-ဦးထိန်+ဒေါ်အုန်းမိသားစု၊ ရွာမအနောက်၊ အင်းစိန်။<br>ယခု-ဦးသိန်းဆောင်+ဒေါ်ခင်ထွေး၊ နံ့သာကုန်း၊အင်းစိန်။ |
| ၂။ | ရတနာရွှေဆည်ကျောင်း | ဦးမြင့်စိန်+ဒေါ်ခင်မူမူမိသားစု၊<br>ရွှေဆည် နို့ဆီ ထောပတ်၊ အလုံ၊ ရန်ကုန်။ |
| ၃။ | ခေမာဝံသကျောင်း | ဦးသောင်းရွှေ+ဒေါ်သန်းရင် မိသားစု၊ ရွာမအရှေ့၊ အင်းစိန်။ |
| ၄။ | သဒ္ဓါဝံသကျောင်း | ဦးသီး+ဒေါ်လှအေးမိသားစု၊ ရွာမအရှေ့၊ အင်းစိန်။ |
| ၅။ | မဟာဝံသကျောင်း | ဦးမောင်တင်+ဒေါ်သိန်းမျှင်မိသားစု၊ ရွာမအရှေ့၊<br>အင်းစိန်။ |
| ၆။ | သံဃာ့ဆေးကုဆောင် | ဒေါ်အမာ၊ ဒေါက်တာထွန်းနေအောင်၊<br>ဒေါက်တာသန်းသန်းအေးမိသားစု၊<br>ဖော့ကန်၊ အင်းစိန်။ |
| ၇။ | ကေတုဝံသကျောင်း | သစ်တောအရေးပိုင် ဦးစိန်ဘ+ဒေါ်အုပ်၊ သမီးမဖြူဖြူစိန်<br>မိသားစု၊ ရွာမအရှေ့၊ အင်းစိန်။ |
| ၈။ | ဇေယျာဝံသကျောင်း | ဒေါ်ကြည်မိသားစု၊ ဘုန်းကြီးလမ်း၊ အင်းစိန်။ |
| ၉။ | အတုလဝံသကျောင်း | ဦးသောင်း+ဒေါ်လှရင်မိသားစု၊ ရွာမအနောက်၊ အင်းစိန်။ |
| ၁၀။ | ရတနာဝံသကျောင်း | ဦးရွှေ+ဒေါ်သန်းရှင် မိသားစု၊ (၁၂)ရပ်ကွက်၊<br>လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၁။ | ပုညဝံသကျောင်း | ဦးကျင်ဝှမ်း+ဒေါ်အေးသာမိသားစု၊ ရွာမအရှေ့၊အင်းစိန် |
| ၁၂။ | မေတ္တာဝံသကျောင်း | ဦးသန်းလှ+ ဒေါ်စန်းစန်းဝင်းမိသားစု၊ သမိုင်း၊ ရန်ကုန်။ |
| ၁၃။ | သာသာနာဝံသကျောင်း | စုပေါင်းကောင်းမှု |
| ၁၄။ | အာဂန္တုကျောင်း | စုပေါင်းကောင်းမှု |

| စဉ် | ကျောင်းအမည် | အလှူရှင် |
|---|---|---|
| ၁၅။ | မေဓာဝီသကျောင်း | စုပေါင်းကောင်းမှု |
| ၁၆။ | မာလာဝီသကျောင်း | စုပေါင်းကောင်းမှု |
| ၁၇။ | ဗောဓိဝံသကျောင်း | ယခင်-စုပေါင်းကောင်းမှု၊ ယခု- အ. က. စမ. ထ. သ |
| ၁၈။ | သဒ္ဓမ္မဝံသကျောင်း | စုပေါင်းကောင်းမှု |
| ၁၉။ | မဟာစံတော်ဝင်ကျောင်း | နိုင်ငံတော်အစိုးရ |
| ၂၀။ | မဟာဂန္ဓဝင်ကျောင်း | နိုင်ငံတော်အစိုးရ |
| ၂၁။ | အဟာရဒါယီ နှစ်ထပ်ဆွမ်းစား ကျောင်း | နိုင်ငံတော်အစိုးရနှင့် အများကောင်းမှု |
| ၂၂။ | မဟာထေရဝံသကျောင်း | (ဦးဟုတ်ရှိန်)+ဒေါ်ခင်ဝင်းမိသားစု၊ ရန်ကုန်။ |
| ၂၃။ | ဓမ္မအလင်းရောင်ကျောင်း | ဦးကျော်သိန်း+ဒေါ်မြင့်မြင့် ရွှေနန်းမဟာဆေးတိုက်၊ အင်းစိန်၊ ရန်ကုန်။ |
| ၂၄။ | နှစ်ကျိပ်ရှစ်ဆူဂန္ဓကုဋီတိုက်ကျောင်း | စွမ်းအင်ဝန်ထမ်းမိသားစုကောင်းမှု |
| ၂၅။ | ရွှေသာလျောင်းဘုရားကြီး ဂန္ဓကုဋီတိုက် | စုပေါင်းကောင်းမှု |
| ၂၆။ | ရှေးဟောင်းဘုရားများဂန္ဓကုဋီတိုက် | ဦးမောင်လေး + ဒေါ်ကြုပ်၊ ပန်းဘဲတန်း ကောင်းမှု |
| ၂၇။ | ဓမ္မာရုံ | စုပေါင်းကောင်းမှု |
| ၂၈။ | သာသနဟိတကာရီသိမ်ကျောင်း | စုပေါင်းကောင်းမှု |
| ၂၉။ | သုခဝံသကျောင်း | စုပေါင်းကောင်းမှု |
| ၃၀။ | ဧည့်ကျောင်း (၁) | စုပေါင်းကောင်းမှု |
| ၃၁။ | ပြည့်စုံကျောင်း | ပြည့်စုံလင်း+ပြည့်စုံဝင်း |
| ၃၂။ | သီရိမင်္ဂလာသိမ်ဟောင်း | |



# မြတ်ဆရာတော်

ဇမ္ဗူဒီပါ၊ ကျွန်းလက်ယာဝယ်
သြဘာနိမိတ်၊ အောင်အတိတ်ဖြင့်
ခပ်နှိပ်ရောင်ဝါ၊ အလင်းဖြာသည်
ရှည်ကြာနေသို့ တင့်၏တည်း။
ပါရမီဆက်၊ မြင့်မြတ်ထက်စွာ
ပြုံးလျက်အစဉ်၊ မေတ္တာဝင်လျက်
သန့်စင်မွန်မြတ်၊ ကျင့်စိတ်ဓာတ်ဖြင့်
မပြတ်သယ်ပိုး၊ နိုင်ငံဟိုးကျော်
အမျိုးသာသနာ၊ ကြပ်မတ်ခါရွက်
ရင်မှာလန်းရွှင်တင့်၏တည်း။
စွန့်လွှတ်ရဲရဲ၊ ဆန္ဒဖွဲ့ဖြင့်
ရဲခဲလှစွာ၊ ပင်ပန်းရှာလိမ့်
အခါမလပ်၊ လောကရပ်ဝယ်
သုံးသပ်ဆင်ခြင်၊ သမ္မာဉ်ဖြင့်
ဉာဏ်ရှင်တွေးဆ၊ တောင်တန်းမှသည်
သြချလောက်စွာ၊ စွန့်စားလာခဲ့
မင်္ဂလာမြင်းမိုရ်၊ ရွှန်းရွှန်းစိုသည်
ကြိုဆိုလက်ကမ်း စွမ်း၏တည်း။
ဦးနန္ဒဝံသ၊ ဘွဲ့မည်ရလျက်
ပင်မကိုင်းခက်၊ ဓမ္မစက်ဖြင့်
အားတက်ကြိုးကုတ်၊ ပွဲလယ်ထုပ်ငှဲ
ကျွန်ုပ်စာဆို၊ ပူဇော်လိုတည့်
ကြည်ညိုဆယ်ဖြာ၊ အလင်္ကာလဖြင့်
ဖွဲ့ကာရေးဖွဲ့၊ ဂုဏ်ပြုခဲ့မင့်
ရွှန်းလဲ့ကြည်သာ အေးလိမ့်တကား

**တက္ကသိုလ်-သွယ်လတ်**



# အပင်ငယ်ပေါက်ရောက်ရေးထက် ရှင်ပြီးအပင် သန်မာစေချင်

မြိုင်ရဂေ

"ပန်းလိုချင် အပင်ပျိုးတတ်မှ" ဟု ဆရာလယ်တွင်းသား စောချစ်က ဆိုထားသည်၊ ပန်းလိုချင်သူသည် ပန်းမျိုးစေ့ကို စနစ်တကျ စိုက်ပျိုးတတ်ရသလို မိဘဆရာသမားစသည့် ဘဝဥယျာဉ်မှူးများသည်လည်း မိမိတို့၏ သားသမီးတပည့်များကို လိမ္မာယဉ်ကျေး အသိတရားတိုးပွားရေးအတွက် စနစ်တကျ ဆုံးမတတ်ဖို့ လိုပေသည်။

သာသနာ့ဥယျာဉ်မှူးကြီးဖြစ်သော မြတ်ဗုဒ္ဓသည် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင့်ခြောက်ရာဝန်းကျင်လောက်ကတည်းက သာသနာ့မျိုးစေ့ကောင်းကြီး ငါးစေ့ဖြစ်သည့် ပဉ္စဝဂ္ဂီငါးဦးတို့ကို စတင်စိုက်ပျိုးတော်မူခဲ့ပေသည်၊ ဘဒ္ဒဝဂ္ဂီညီနောင်ခြောက်ကျိပ်စသည်ဖြင့် သာသနာစတင် မျိုးစေ့များ တိုးချဲ့စိုက်ပျိုးတော်မူခဲ့ရာ တစ်စတစ်စ သာသနာ့ဥယျာဉ်ကြီး ကြီးထွားတော်မူလာသည်မှာ လေ့လာသူတိုင်း သိရှိကြပေသည်။

ပန်းလိုချင်ကြသည့် ဥယျာဉ်မှူးများသည် မိမိတို့ ဥယျာဉ်အတွင်း အပင်အမျိုးမျိုး စိုက်ပျိုးကြရာတွင် မြို့မှလာသော သစ်စေ့, တောမှ

လာသော သစ်စေ့၊ မိမိခြံထွက် သစ်စေ့၊ အခြား ခြံထွက်သစ်စေ့ စသည် ခွဲခြားမှုမပြုဘဲ ပန်း လိုချင်သည့်အတွက် ရေလောင်း ပေါင်းသင် သုတ်သင်ရှင်းလင်း မြေဩဇာထည့်သွင်းပေးခြင်း စသော လုပ်ငန်းများစွာ ဆောင်ရွက်ပေးကြ ရသည်၊ အပင်ငယ်ပေါက်ရောက်လာရေး တစ်ယုတစ်ယပြုစုပေးကြရသည်၊ အပင်ငယ် ပေါက်လာပြန်သော်လည်း သဘာဝဘေးအန္တရာယ် ဖြစ်သည့် ပိုးမွှားအန္တရာယ်၊ ရာသီဥတု အစုစုသော အန္တရာယ်တို့မှလည်း ကာကွယ်ပေးကြရသည်၊ အပင်ငယ်ဘဝ ပျက်စီးဆုံးရှုံးရသည်ထက် ရှင်သန် ဖြစ်ထွန်းပြီး အပင်ကြီးများ ပျက်စီးရပြီဆိုလျှင် ဥယျာဉ်မှူးတို့ရင်မှာ မချိတင်ကဲ ခံစားကြရ ပေသည်။

ထိုနည်းအတူ သာသနာ့ဥယျာဉ်မှူးများ ဖြစ်ကြသည့် သာသနာပြု ရှေ့ဆောင်ဆရာတော် ကြီးများနှင့် စာချဂဏဝါစက၊ တရားပြကမ္မဋ္ဌာနာ စရိယ ဆရာတော်များသည် မြတ်ဗုဒ္ဓအဆုံးအမ ဖြစ်သည့် ဝဋ္ဋဒုက္ခလွတ်မြောက်ရေး ပန်းကို ပန်လိုချင် ကြသဖြင့် ပရိယတ္တိစာသင်တိုက်ကြီးများဖြစ်သော ရေရှည်ခံ အပင်များနှင့် အပြည့်စိုက်ပျိုးထားသော ဥယျာဉ်ခြံကြီးတို့ကိုလည်းကောင်း၊ နှင်းဆီ ဂန္ဓမာ စပါယ် ကြက်ရုံး ဂမုန်း ခတ္တာ သစ်ခွ စဖြာ ပန်းမျိုး တကာစုံလှသည့် ရေတိုပင် ပရိယတ္တိနည်းလမ်း အတိုင်း မှန်ကန်စွာ ကျင့်ကြံပွားများ အားထုတ်မှု ဝိပဿနာကမ္မဋ္ဌာန်းဌာန ပဋိပတ္တိဥယျာဉ်ကြီး တို့ကိုလည်းကောင်း ကောင်းစွာ ဖြစ်ထွန်းစေရန် အထူးကြိုးစား သာသနာပြုကြရပေသည်။

ထိုသို့ သာသနာ့လုပ်ငန်း ဆောင်ရွက်ရာ၌ ဘယ်အမျိုး ဘယ်ဇာတိဟူ၍ မခွဲခြားဘဲ တစ်သား တည်း တည်ရှိစေပြီး မြတ်ဗုဒ္ဓအဆုံးအမသာသနာ စည်ပင်ပြန့်ပွားရေးအတွက် ဦးတည်ချက်ဖြင့် အလေးပေးဆောင်ရွက်ကြရပေသည်။ ပင်လယ် သမုဒ္ဒရာကြီးအတွင်းသို့ ရောက်ရှိလာသော မြစ် ချောင်း အမျိုးမျိုး၊ ရေအမျိုးမျိုး၊ အရောင်အမျိုးမျိုး ရှိသောရေသည် ပင်လယ်အတွင်းသို့ ရောက်ရှိရာ ၌ အရောင်တစ်မျိုးတည်း တည်ရှိသကဲ့သို့ ရဟန်း စည်းကမ်း ဝိနည်း သိက္ခာပုဒ် ဘုရားဥပဒေ၊ ရှင်သာမဏေကျင့်ဝတ် ၁၀-ပါးသီလ၊ သေခိယ စသည့် ကျင့်ဝတ်များ တစ်ပုံစံ တစ်စည်းတည်း တည်ရှိရပေသည်။


သာသနာ့ဥယျာဉ်ကြီး တည်ထောင်ပြုစု ရာတွင် စိုက်ပျိုးသည့်အပင်တိုင်း အဖတ်တင်သည် မဟုတ်ပေ၊ အပင်ငယ်ငယ်နှင့် ပျက်စီးသည့် အပင်ရှိသကဲ့သို့ ကြီးကြီးမားမား အပင်များလည်း ပျက်စီးမှုနှင့် ကြုံတွေ့ရသလို၊ ရဟန်းငယ် ရှင်ငယ် စာသင်သားဘဝနှင့် ခွဲခွါ သွားသည့် တပည့်များ အမြားအပြားရှိပေသည်၊ ဆရာသမားများနှင့် အတူလက်တွဲပြီး သာသနာ့ဥယျာဉ်ကြီး ပြုစုပျိုး ထောင်နေကြသော စာချနာယစသော တပည့် ကြီးများနှင့် အကြောင်းအမျိုးမျိုးကြောင့် ခွဲခွါသွား ရသည့် တပည့်များလည်း အများအပြား ရှိတတ် ပေသည်၊ မည်သို့သော အကြောင်းကြောင့် ခွဲခွာရ သည်ဖြစ်စေ မကွဲကွာသည်ကတော့ ကျေးဇူး တရားပင်ဖြစ်ပေသည်၊ ဆရာသင်ပေးလိုက်သော ကျေးဇူးတရားများသည် တပည့် အားလုံးအပေါ် ကျန်ရှိနေမည့် အမြဲတရားများပင် ဖြစ်ပေသည်။

လယ်တီဆရာတော်ကြီး တရားလှည့်လည် ဟောကြားရာ လယ်တီပဏ္ဍိတ ဦးမောင်ကြီး စသော တပည့်ကျော်ကြီးများ လူဝတ်လဲသွား ခြင်းကြောင့် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးက "ခွန်အားကြီးသော ကြံ့သတ္တဝါသည် သန်မာသော တစ်ချောင်းတည်းသော ချိုဖြင့် မိမိရှေ့၌ တွေ့သမျှ အရာဝတ္ထုတို့ကို ချိုဖြင့် ကော်တင်၍ နောက်သို့ ပစ်ချလျက် မိမိနောက်မှ လိုက်ပါလာသော သားသမီးများကို ထိမှန်သေပျောက်စေသကဲ့သို့ ဉာဏဗလ ကြီးမားသော လယ်တီလည်း ထို့အတူ

တပည့်များကို သတ်လေ၏”ဟု မနှစ်မြို့သော သဘောမျိုးဖြင့် အဆိုပါအဓိပ္ပာယ်ရှိ ဂါထာတစ်ပုဒ် ရေးသားခဲ့ဘူးကြောင်း ကြားနာ မှတ်သားရ ပေသည်။

ဆရာ၏အရှိန်သည် တပည့်များအပေါ် ထင်ဟပ်ပြီး “ရွှေနားဒေါင်းအရောင်ကြောင့် ပါးပြောင်ရသည့်” စကားပုံကဲ့သို့ ကျော်ကြားသော ဆရာတော်ကြီးများ၏ အနီးနေတပည့်များသည် ဆရာသမား အရှိန်ကြောင့် ဂုဏ်တင့်လှသည်၊ ယင်းဂုဏ်ကို သွေဖီမသွားရန် သတိကြီးစွာထားသင့်ပေသည်။ ကျော်လွှားရမည့် တောင်ကြီးငါးလုံးကို အထူးကြိုးစား ကျော်လွှားရပေမည်၊ ယင်းတောင်ကြီးတို့မှာ အဆင်းတောင်, အသံတောင်, အနံ့တောင်, အရသာတောင်နှင့် အတွေ့အထိတောင်ကြီးတို့ပေတည်း၊ ယင်းတောင်ကြီး ငါးမျိုးသည် သာသာနာ့ဥယျာဉ်မှူးများ စိုက်ပျိုးထားသော ပန်းအလှများကို ဖျက်ဆီးမည့် သဘာဝဖျက်ပိုးများပင်ဖြစ်ပေသည်။ ဖျက်ပိုးများ အထိခံရသော ပန်းများသည် ပင်ကိုယ်အတိုင်း မရှင်သန်နိုင်တော့ပေ။

အဆင်းဖျက်ပိုး, အသံဖျက်ပိုး, အနံ့ဖျက်ပိုး, အရသာဖျက်ပိုး အထိခံရရုံနှင့် သတိပြန်ရလာလျှင် ရှင်သန်သည့်ပန်း မဖြစ်နိုင်တောင် ကြွေကျပြီး မြေမခရသည့် အခြေအနေရနိုင်ပါသေး၏၊ အကြီးဆုံးဖျက်ပိုးဖြစ်သည့် အတွေ့အထိပိုးကြီး ထိခံရပလားဆိုလျှင် သာသနာ့ကင်ဆာရောဂါ စွဲကပ်ပြီး လှပသည့် ပန်းဘဝမှ မရှုမလှ ပျက်စီးရမည်သာ ဖြစ်ပေသည်၊ ယခုအခါ ဖျက်ပိုးများကလည်း အလွန်ပင် ပေါလှသည်၊ အဆင်းဖျက်ပိုးဖြစ်သည့် ရှေ့ကွဲ နောက်ကွဲ ဘေးကွဲ ချက်ဖော် မြင်သူမကြည့်ဝံ့လောက်အောင်ပင် များပြားပါဘိ၊ အသံဖျက်ပိုးဆိုလျှင်လည်း ကက်ဆက်ခွေ, **CD** ခွေ, **MP3, MP4** အမျိုးမျိုး ပေါများလှသည်၊ အနံ့ဖျက်ပိုးဆိုလျှင်လည်း ရေမွှေး, အနံ့ပျောက်



ဆေး အမှုန့် အရည် ပေါများ လှသည်၊ အရသာဖျက်ပိုးဆိုလျှင်လည်း လက်ဖက် ရည် ဆိုင်ထိုင်, ကိုယ်တိုင်ဝယ်စား အမျိုးမျိုး အစားစား တိုးပွားလျက်ရှိပေသည်။ အတွေ့အထိ ပိုးဆိုလျှင်လည်း ပန်းကပင် ထွက်ပြေးရလောက်အောင် များပြောင်လှပေသည်။

မိမိကြည့်ချင်တာကို ကြည့်ရပြီးသည့်အဆုံးမှာ တပ်မက်မှုဖြစ်ပေါ်လာမည်၊ တက်မက်ပြီးလျှင် စွဲလန်းလာမည်၊ စွဲလန်းပြီးလျှင် ရအောင်လုပ်လာမည်၊ ရအောင်လုပ်တော့ ဒုက္ခ၊ မိမိကြားချင်သည့် အသံကို ကြားရပြီးသည့်အဆုံးမှာ တပ်မက်မှုဖြစ်ပေါ်လာမည်၊ တပ်မက်ပြီးလျှင် စွဲလန်းလာမည်၊ စွဲလန်းပြီးလျှင် ရအောင်လုပ်လာမည်၊ ရအောင်လုပ်တော့ ဒုက္ခ၊ အနံ့, အရသာ, အတွေ့စသည်တို့၌လည်း နည်းတူပင်၊ ထို့ကြောင့် မန်လည်ဆရာတော်ကြီးက “ငါးပါးသံသက်၊ မရောယှက်ဘဲ၊ တောထွက်ပြီးခါ၊ ခွါကြီးခွါ၍၊ မဟာနေက္ခမ၊ သက်ပွဲဖြင့်၊ မာတင်ကြီး၊ တောခိုမှီးသို့၊ ကိုယ်ထည်းအောင်းခို၊ ဖြူတွစိုဖြင့်၊ အလိုတော်ပြည့်၊ ပြည့်အောင်ဖြည့်ပိတ်၊ ငါ၏နောက်တော်၊ တစ်ယောက်သော်မျှ၊ မခေါ်အပို၊ ဖော်မလိုသည်၊ရွှေကိုယ်သက်သက် ရှင်းရှင်းတည်း”-

ဟု စပ်ဆိုခဲ့ပေသည်။

သာသနာ့ပန်း အလှုဆန်းသည့် ရဟန်းရှင်သာမဏေ ပန်းအလှတွေနှင့် ပတ်သက်ပြီး ကြည်ညိုသူ ဒကာ ဒကာမများတို့ဘက်က သာသနာ့ဥယျာဉ်ကျောင်းတိုက်ကြီးတွေအထဲ ရောက်ရှိသည့်အခါ "အပန်းဖြေပါ၊ ပန်းမခွေပါနှင့်၊ အလှကြည့်ယုံဖြင့်၊ ကျေနပ်သင့်" ဆိုသည့် ဆိုရိုးအတိုင်း မိမိတို့ ဆည်းကပ်ကိုးကွယ်ရာ ရဟန်း သာမဏေများကို ရဟန်းသံဃာအမြင်ဖြင့်သာ ဆည်းကပ်ကိုးကွယ်သင့်လှသည်၊သံသရာဝဋ်ဒုက္ခအပေါင်း ကင်းလွတ်ကြောင်း အဖိုးမဖြတ်နိုင်သည့် ရတနာများဖြစ်သည်ဟု အမှန်မြင်သင့်သည်၊ "သိမှ သိ မသိ သိသည်၊ မသိလျှင် သိမသိကို မသိ" - ဟူသော ပညာရှင်တို့အဆိုအရ ရတနာကို ရတနာမှန်းသိသူသာလျှင် တန်ဖိုးထားပေမည်၊ ရတနာကို ရတနာမှန်း မသိလျှင် တန်ဖိုးထားမည်မဟုတ်၊ ပတ္တမြား မြေပေါ်ရောက်နေသော သားသမင်ကဲ့သို့ဖြစ်ပေမည်၊ ကေသရာဇာခြင်္သေ့မင်း၏ အဆီသည် သိင်္ဂီရွှေခွက်ထဲမှာသာ တည်ရိုးထုံးစံရှိသကဲ့သို့ သူတော်ကောင်းတရားသည် သူတော်ကောင်းတို့ နှလုံးသားမှာသာ ကိန်းရိုးထုံးစံရှိပေသည်။

မိုးကောင်းကင်သည် မြေကြီးနှင့်ဝေး၏၊ သမုဒ္ဒရာ၏ကမ်းနှစ်ဖက်သည် အလွန်ဝေး၏၊ သူတော်ကောင်းတရားနှင့် မသူတော်တရားသည် သာ၍ဝေး၏၊ ဆန်းကြယ်သော မင်း၏ ရထားသည် ဆွေးမြေ့ခြင်းသို့ ရောက်ရ၏၊ ထို့ပြင် ခန္ဓာကိုယ်ကြီးသည်လည်း ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းသို့ ရောက်ရ၏၊ သူတော်ကောင်းတရားသည်ကား ဆွေးမြေ့ယိုယွင်း အိုမင်းခြင်းသို့ မရောက်၊ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့်သာ ပြောဆိုတိုင်ပင်ကြကုန်၏၊ ထို့ကြောင့် သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းရာ၏၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကို ပြုရာ၏၊ သူတော်ကောင်းတို့၏ သူတော်ကောင်းတရားကို သိ၍ မြတ်သည်ဖြစ်၏၊ ယုတ်မာသည်မရှိ၊

အထက်ပါဆိုခဲ့ပြီးသော ဒေသနာတော်များ လိုက်နာကျင့်ပြီး သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသည် သာသနာ့ခရီးလျှောက်လမ်းကြရာ၌ အပေါင်းအသင်းကြောင့် ဒုက္ခမရောက်မိစေရန် မိမိထက် အသိဉာဏ်သာသူ အနေအထိုင် အပြော အဆို အပြုအမူများ သာလွန်သူကို နည်းယူပြီး နေထိုင်သင့်သည်၊ မိမိတို့၏ သက်တော်ရှည် ဆရာတော်ကြီးသည် ဩဝါဒမြွက်ကြားသည့်အခါ "ကျောင်းစည်းကမ်း၊ ဝိနည်းစည်းကမ်းကို အထူးလိုက်နာကြပါ"ဟု မကြာမကြာ မိန့်ကြားလေ့ရှိသည်၊ကြီးလေးသည့် ဝိနည်းစည်းကမ်း ချိုးဖောက်မိ၍ဖြစ်စေ၊ အကြောင်းမညီညွတ်၍ဖြစ်စေ ပျိုးပင်ငယ်နှင့်တူသော စာသင်သားများစွာနှင့် ခွဲခွါရသည်ထက် တပည့်ကြီးအနည်းငယ်နှင့် ခွဲခွါရသည့် ခံစားချက်က ပို၍ ပြင်းထန်စွာ ခံစားရမည်မှာ မလွဲပေ။

စာသင်တိုက်ကြီးတစ်တိုက်၌ ဖြစ်စေ၊ ဌာနတစ်ခုခု၌ဖြစ်စေ အောက်လိုက်ငယ်သား အများအပြား ယုတ်လျော့သွားသော်လည်း ဆက်လက်ဆောင်ရွက်နိုင်ပေသည်။ ဦးစီးဦးဆောင်ပြုသူ အနည်းငယ်ယုတ်လျော့လျှင်ကား သိသာလှပေသည်၊ နောက်လိုက်ငယ်သားစာသင်သားတစ်ပါး မကျန်းမာလျှင် တစ်တန်းလုံး စာသင်မှုလုပ်ငန်း မပျက်သော်လည်း စာချဆရာတော်တစ်ပါး မကျန်းမာလျှင် တစ်တန်းလုံး စာသင်ကြားမှုလုပ်ငန်း ရပ်ဆိုင်းရတော့သည်။ စာသင်သားတစ်ပါးက ဘယ်ကျောင်းပြောင်း သွားသွား ပြောင်းရွှေ့၍ လွယ်ကူသည်၊ စာချ ဘုန်းကြီးက စာသင်သားကဲ့သို့ မလွယ်ကူပေ၊ စာသင်တိုက်ကြီးများ၌ စာသင်သားများစွာ မွေးထုတ်ပါမှ စာချဘုန်းကြီး အနည်းငယ်သာ ထွက်ပေါ်လာသည်၊ အပြစ်ရှိ၍ အရေးယူရပြန် လျှင်လည်း စာသင်သားများကို

အရေးယူ၍ လွယ်ကူသော်လည်း တပည့်ကြီးများကို အရေးယူရာ၌ အမျိုးမျိုး ချိန်ရသည်။

စာချဆရာဘဝသည် လမင်းကြီးလို ဝင်းပ ရွှင်ကြည်ထွန်းလင်းနိုင်ပေသည်၊ စာသင်သား တပည့်များဘဝသည် ကြယ်တာရာများလို အလွန်အမင်း မထွန်းလင်းနိုင်သည့် ဘဝပင် ဖြစ်ပေသည်၊ သောက်ရှူးကြယ်ပမာ ကြယ်တာရာ ထဲက ကြယ်ဖြစ်လာမှသာလျှင် အထိုက်အလျောက် အလင်းတောက်နိုင်၏၊ အလွန်အမင်း ထွန်းလင်း နိုင်သော လမင်းသည်ပင် လဆုတ်ရက် ရောက် လျှင် တဖြည်းဖြည်းဆုတ်ယုတ်၍ လကွယ်ညမှာ သာခွင့်မရပေ၊ သင်္ခါရတရားကို မလွန်ဆန်နိုင်ပေ၊ ကြယ်တာရာများက ပြည့်သည် ဆုတ်သည်မရှိ စွမ်းအားအလျောက် ထွန်းတောက် နိုင်ပေသည်၊ မြတ်ဗုဒ္ဓ ဥပဒေတော် ဖြစ်သည့် ဝိနည်းစည်းကမ်း သည်ကား စာချ စာသင် မခွဲခြား တစ်သားတည်း တည်ရှိပေသည်။

သာသနာ့ဥယျာဉ်ကြီး စတင်ထည်ထောင်ရာ တွင် ပထမဦးဆုံး ဓမ္မစက္ကပဝတ္တနသုတ်၌ ကာမဂုဏ် ကို ခံစားခြင်း (ကာမသုခလ္လိကာနုယောဂ)၊ ခန္ဓာကိုယ်ကို နှိပ်စက်ညှင်းပန်းခြင်း (အတ္တကိလ မထာနုယောဂ)တို့ကို အစွန်းရောက်၍ ပယ်ရှား ရမည်၊ အလယ်အလတ် (မဇ္ဈိမ ပဋိပဒါ) လမ်းစဉ် ဖြစ်သည့် -

(၁) မှန်စွာသိခြင်း (Right view) သမ္မာဒိဋ္ဌိ၊

(၂) မှန်စွာကြံစည်ခြင်း (Right thinking) သမ္မာသင်္ကပ္ပ၊

(၃) မှန်စွာပြောဆိုခြင်း (Right spech) သမ္မာဝါစာ၊

(၄) မှန်စွာပြုလုပ်ခြင်း (Right action) သမ္မာကမ္မန္တ၊

(၅) မှန်စွာအသက်မွေးခြင်း (Right livelihood) သမ္မာအာဇီဝ၊

(၆) မှန်စွာအားထုတ်ခြင်း (Right effort) သမ္မာဝါယာမ၊

(၇) မှန်စွာအောက်မေ့အမှတ်ရခြင်း (Right mindfulness) သမ္မာသတိ၊

(၈) မှန်စွာတည်ကြည်ခြင်း (Right concentration) သမ္မာသမာဓိ တို့နှင့် ကျင့်ကြံကြိုးကုတ်အားထုတ်ပြီး -

၁။ ခန္ဓာငါးပါးသည် ဆင်းရဲခြင်းသာတည်း၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်း၊ နှလုံးမသာယာခြင်းတို့သည် ဆင်းရဲ သည့် အမှန်တရား (ဒုက္ခသစ္စာ)၊

၂။ ခန္ဓာကိုယ်ကို တွယ်တာမှုသည် ဆင်းရဲ ကြောင်း သမုဒယသစ္စာ၊

၃။ တဏှာချုပ်ငြိမ်းမှုသည် ဆင်းရဲငြိမ်းအေးမှု နိရောဓသစ္စာ၊

၄။ ဆင်းရဲငြိမ်းကြောင်းဖြစ်သော မဂ်ဉာဏ် သည် မဂ္ဂသစ္စာ - ဟု


(၁) ရှောင်ရှားရန် အစွန်းနှစ်ဘက်

(၂) လိုက်နာရန် အလယ်အလတ်လမ်းစဉ်နှင့်

(၃) အမှန်တရား အရိယသစ္စာလေးပါး (Four Ariya Truths)တို့ကို ဟောကြားတော်မူပါ ပေသည်။ အဆိုပါအချက်သုံးချက်တို့ဖြင့် လိုက်နာ ကျင့်သုံးပါမှ ဆင်းရဲငြိမ်းအေးချမ်းသာရေး အစစ် ရကြပြီး မဂ်ပန်း ဖိုလ်ပန်း နိဗ္ဗာန်စခန်းရောက်ရှိ ကြ၍ ဥယျာဉ်တည်ထောင်ရကျိုး နပ်ကြပေမည်။

ထို့ကြောင့် အပင်ငယ် စာသင်သားများ ပြုစုပျိုးထောင်ရေးထက် အပင်အရင့် အမာ တပည့်ကြီးများ မိမိတို့ကျေးဇူးတော်ရှင်ဆရာတော် ကြီးများနှင့် ဥမကွဲ သိုက်မပျက် လက်တွဲကာ သာသနာပြုနိုင်ကြပါစေကြောင်း ဆုတောင်း၍ ဤဆောင်းပါးဖြင့် ကျေးဇူးရှင် သက်တော်ရှည် ဆရာတော်ဘုရားအား တပည့် ပူဇော်ကန်တော့ ပါ၏ဘုရား။

♦ မြိုင်ရဝေ



# သာသနာ့ကျွန်

➢နွေမှာနေပူ၊ ပြင်းထန်မူလည်း
ငြူစူစိတ်ထား၊ ဘေးဖယ်ထားပြီး
ငါ့အားနားရက်၊ ပြန်ရေတွက်သော်
တစ်ရက်တာမျှ မနားရ။
➢မိုးမှာမိုးဒဏ်၊ ကြိတ်မှိတ်ခံရင်း
ပြင်းထန်ဥတု၊ ငါမှုမထား
ငါ့အားနားရက်၊ ပြန်ရေတွက်သော်
တစ်ရက်တာမျှ မနားရ။
➢ဆောင်းမှာအေးမှု၊ ဒုက္ခစုကို
မမှုစိတ်ထား၊ ကြံ့ခံထားရင်း
ငါ့အားနားရက်၊ ပြန်ရေတွက်သော်
တစ်ရက်တာမျှ မနားရ။
ခြော် ---
➢များလှရှည်ကြာ၊ သံသရာက
ငါ့ခြေ ငါ့လက်၊ ငါ့ကိုယ်သက်ကား
ငါ့သားမယား၊ သမီးများတွက်
ဆက်ကာဆက်ကာ၊ ကျွန်ဖြစ်လာလည်း
ရခဲလှစွာ၊ သာသနာတွက်
ကျွန်ခံလျက်ဖြင့် ဆုံးစေတော့။----။

မြတ်ဇာနည် (ဟသ်ာတ)

အဘိဓဇဂုဏ်ရည်
ကဗျာ

# အနှစ်ထမ်း၍ ပြန်ကြပါ



- အိုဘယ့်ယောဂီ၊ ရှုပွားညီလော့
မြတ်ရည်ရှင်စော်၊ ဟောဖော်ညွှန်ပြ
မူလပဏ္ဏာ၊ စူဠသာရောပမ
မြတ်ဗုဒ္ဓ၏စကား၊ နားကြားရချိမ့်။
- ဖြောသံစည်သံ၊ ချိမ့်ချိမ့်ညံ၍
မိုးယံထွင်းဖောက်၊ အံ့ချီးလောက်အောင်
ပြီးမြောက်ပုဗ္ဗ၊ မုဋ္ဌပရ
ညီးလှသည့်အလှူ၊ ပေးခဲ့မူလည်း
ယူပြန်သည်က၊ ပဓါနမဟုတ်
ကိုင်းခုတ်ခက်သာ၊ ဖြစ်ချိမ့်ပါလိမ့်။
- ဝါတွင်းသုံးလ၊ ဆုံးမသာသနာ
လိုက်နာကျင့်သုံး၊ သိက္ခာသုံးရပ်
ဆုံးမသတ်ဘူး၊ မပြတ်သီလ
စောင့်ထိန်းကြလည်း၊ ပင်မှအမွေး
ထမ်းပြေးသူသာ၊ ဖြစ်ချိမ့်ပါလိမ့်။
- အဖြစ်ကိုမြင်၊ ဉာဏ်အစဉ်၌
စမ်းသွင်တမျှ၊ အေးငြိမ့်လှ၏
မွမွထွေးထွေး၊ ဖွေဖွေးလွှလွှ
မျှမျှမျှင်မျှင်၊ အလျှင်မပြတ်
ရှုမှတ်သမထ၊အေးငြိမ်းရလည်း
ပင်မှအကာ၊ ထမ်းပြန်တာနှင့်
တူပါချိမ့်၏။
- သစ္စာလေးပါး၊ မြတ်တရား၏
ရှုပွားသည့်ဉာဏ်၊ အဖန်ဖန်သိ
မပွားမိက၊ ပင်မှအသား
ထမ်းသွားသူသာ၊ ဖြစ်ချိမ့်ပါလိမ့်။
- မြင်စိတ်ကြားစိတ်၊ နံစိတ်စားစိတ်
ထိတွေစိတ်နှင့်၊ လောစိတ်ဒေါ်စိတ်
မောဟစိတ်ပြင်း၊ အ,လော အ,ဒေါ
အတောမသတ်၊ ဒလစပ်ပြု
ဖြစ်မှုပျက်မှု၊ အမြဲရှုလော့
အိမ်သူ့အသွင်၊ ထွက်ဝင်အသိ
သတိထွေပြား၊ မနေငြားအံ့
ပြားသည့်တွေခါ၊ သိနေပါစေ
ပျက်တာမြင်မှ၊ နိဗ္ဗာန်ရလိမ့်
ရှေ့ကအပျက်၊ နောက်ကမင်ပေါ့
ဆက်၍အသစ်၊ ထပ်မဖြစ်ချင်
အနှစ်ကိုသာ၊ ထမ်းပြန်ပါလော့........။

အလာကောင်း၍ အပြန်ကောင်းကြပါစေသတည်း။

**ကိုလွင်** (နှစ်ကျိပ်ရစ်ဆူယောဂီ၊
ရွာမပရိယတ္တိစာသင်တိုက်)

# သာဓုခေါ်ပါ အမေ



အမေဟာ ငါ့အတွက်
နေ့ရောညဉ့်မပျက်
ဝတ်မှန်မှန်တက်ခါ
သူလက်မှာ ပန်း ရေချမ်း ဆီမီးတွေနဲ့
ဘုရားမှာပူဇော်
သူရည်မျှော်တဲ့ လူတော်တစ်ယောက်
ဖြစ်မြောက်လို့ အောင်မြင်ပါစေ---
ဒီဆုတွေ ခဏခဏ
ဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ
အမေတဖွဖွ တောင်းနေလေရဲ့
အမေတောင်းတဲ့ဆု
အမေပြုတဲ့ကုသလ
အမေပို့သတဲ့မေတ္တာကြောင့်
စားဝတ်နေရေး
ကျန်းမာရေးက အစ
ပညာရေးအဆုံး
ဒါတွေအားလုံး အဆင်ပြေခဲ့ပါတယ် အမေ---
အနန္တဂိုဏ်းဝင်
ကျေးဇူးရှင်ဆရာသမားများရဲ့
ဖြူစင်တဲ့ စိတ်ထား
မြင့်မားတဲ့စိတ်ထား
ဝေဖြာတဲ့အသိဉာဏ်တွေနဲ့
သင်ပြတဲ့ ပညာရပ်တွေကို
သားမောင်စွမ်းသမျှ
ကြိုးစားပြီး သင်ယူခဲ့ပါတယ် အမေ---
နောင်သောအခါ
မြတ်ဗုဒ္ဓသာသနာ
ရောင်ဝါထွန်းလင်းလာစေဘို့
အမေရဲ့ကိုယ်ပွား အမေများရဲ့သားတွေကို
အမေ့သား ကြိုးစားပြီး
ပညာဆီမီး ဆက်လက်ပြီး
ထွန်းညှိပါမယ် အမေ---
ဘုရားရှင်ရဲ့ ခြေတော်ရင်းမှာ
ပန်းရေချမ်း ဆီမီးတွေကို ပူဇော်ရင်း
အမေရင်တွင်း ပျော်ရွှင်ခြင်းများစွာနဲ့
သာဓုခေါ်လိုက်ပါ အမေ---။ ။

**အရှင်ဇနိန္ဒ(ဥယျာဉ်)**




# အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်

• ပါရဂူ


ပရိသတ်ရှေ့တွင် ဟောပြောခဲ့ရသည့် အကြိမ်ပေါင်း မရေမတွက်နိုင်အောင်ပင် များလှလေပြီ၊ စာပေဟောပြောပွဲများတွင် အကြိမ်များစွာ ဟောပြောခဲ့ရသည်၊ စာပေပညာရှင်များ၏ ရာပြည့် အထိမ်းအမှတ်ပွဲများတွင်လည်း အကြိမ်များစွာ သဘာပတိလုပ်ခဲ့ရသည်၊ စာပေဟောပြောပွဲများ၌သာမက ဓမ္မနှင့် ပတ်သက်သော ဟောပြောပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြောင်း မှတ်တမ်းတင် ထားသည်မှာလည်း စာမျက်နှာ အတော်များနေပြီ၊ ယခုမကြာသေးမီ အချိန်ကာလ ၁၆-၈-၂၀၀၇- ခုနှစ် နေ့ကလည်း စင်ထရယ်ဟိုတယ်တွင် ကျင်းပပြုလုပ်သော တမီးလ်လူမျိုးခေါင်းဆောင်ကြီး ပေရိယာရာမဆာမိ ၁၂၈-နှစ်မြောက် အထိမ်း အမှတ်ပွဲတွင် တမီးလ်လူမျိုး ပရိသတ်အား 'အိန္ဒိယ တောင်ပိုင်းနှင့် ဗုဒ္ဓယဉ်ကျေးမှု' ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ရသေးသည်။

ဆိုခဲ့ပြီးသော ဟောပြောပွဲများ၌ ကြွရောက်နားထောင်ကြသော ပရိသတ်မှာ လူပုဂ္ဂိုလ်ပရိသတ်ဖြစ်သည်၊ လူပုဂ္ဂိုလ်ပရိသတ်အား စာပေယဉ်ကျေးမှုနှင့်လည်းကောင်း၊ ဘာသာရေးနှင့်လည်းကောင်း ပတ်သက်၍ ဟောပြောခဲ့သည်မှာ အကြိမ်ပေါင်း မရေတွက်နိုင်အောင်ရှိခဲ့ပြီ၊ သို့သော်လည်း ရဟန်းပုဂ္ဂိုလ်များကို ဟောပြောရသည့် အကြိမ်ပေါင်းမှာ မှတ်မှတ်ရရ ၂-ကြိမ်လောက်သာ ရှိသည်၊ ပထမအကြိမ် ဟောပြောရသည်မှာ မန္တလေးမြို့ ဆူးခါးကျောင်းတိုက် ဓမ္မခန်းမ၌ ဖြစ်သည်။

မန္တလေးတက္ကသိုလ်ပါဠိကထိက ဦးမြင့်ဆွေသည် အငြိမ်းစားယူပြီးသည့်နောက်၌လည်း ကထိက အလုပ်ဆက်လုပ်နေသည်၊ ကထိကအဖြစ်က အနားယူပြီးသည့်နောက်၌ မန္တလေးပရိယတ္တိသာသနာ့တက္ကသိုလ်၌လည်းကောင်း၊ စစ်ကိုင်းသီတဂူ ဗုဒ္ဓတက္ကသိုလ်၌လည်းကောင်း၊ ပါဠိကျမ်းစာနှင့် ဗုဒ္ဓစာပေကထိကအဖြစ်တစ်ခုသော အချိန်အတိုင်းအတာအထိ တာဝန်ထမ်းရွက်ခဲ့သည်၊ ဆရာဦးမြင့်ဆွေသည် တက္ကသိုလ်ဆရာအဖြစ် အမှုထမ်းနေစဉ် ကာလအတောအတွင်း၌ပင် စာအုပ်ပေါင်းများစွာ ရေးသားပြုစုခဲ့သည်၊ ဆရာဦးမြင့်ဆွေ ရေးသားခဲ့သော စာအုပ်များထဲတွင် ထင်ရှားသောစာအုပ်များ ဇာတ်တော် ၅၅၀၊ မန္တလေးပရိယတ္တိသာသနာ့တက္ကသိုလ်အတွက် ထုတ်ဝေသောမြစ်ကွေ့ဆရာ၏ "ပိဋကတ် သမိုင်းသစ်"တို့ဖြစ်ကြသည်၊ ဆရာဦးမြင့်ဆွေသည် တစ်ဖက်က ကျမ်းစာများကို ရေးသားပြုစုနေသော်လည်း သူ့အဓိကဝါသနာပါသောအလုပ်မှာ ဘုန်းကြီးပရိသတ်အား ပါဠိဘာသာ၊ သက္ကတဘာသာနှင့် ပတ်သက်၍လည်းကောင်း၊ ဗုဒ္ဓကျမ်းစာနှင့် ပတ်သက်၍လည်းကောင်း၊ ဟောပြောပို့ချသည့် အလုပ်ဖြစ်သည်၊ ထို့ကြောင့် မန္တလေးပရိယတ္တိသာသနာ့ တက္ကသိုလ်နှင့် စစ်ကိုင်းသီတဂူ ဗုဒ္ဓတက္ကသိုလ်၌ ဗုဒ္ဓစာပေနှင့် ပတ်သက်ပြီး ပို့ချနေရသည်ကို အားမရသေးသည်ဖြစ်၍ မန္တလေးမြို့၌ မိမိပိုင်ဗုဒ္ဓတက္ကသိုလ် တည်ထောင်ပြီးလျှင် သူ၏စာပေပို့ချသည့် နယ်ပယ်ကို ချဲ့ထွင်လိုက်သည်၊ သူပိုင်ပုဂ္ဂလိက ဗုဒ္ဓတက္ကသိုလ် ဖွင့်လှစ်ပြီးလျှင် ရဟန်းတော်များအား ပါဠိနှင့် သက္ကတ ဘာသာကိုလည်းကောင်း၊ ဗုဒ္ဓကျမ်းစာကိုလည်းကောင်း သင်ကြားပို့ချပေးသည်၊ မန္တလေးရှိ ဆရာတော်ကြီးတစ်ချို့ကို နာယကအဖြစ် ခန့်အပ်ပြီး ဖွင့်လှစ်ထားသော ဦးမြင့်ဆွေ၏ ဗုဒ္ဓတက္ကသိုလ်၌ လက်ရွေးစင် ရဟန်းတော်များသည် ပါဠိဘာသာ၊ သက္ကတဘာသာနှင့် ဗုဒ္ဓကျမ်းစာများကို သင်ကြားနေကြသည်၊ ဆူးခါးကျောင်းတိုက်တွင် ဖွင့်လှစ်ထားသော ဗုဒ္ဓတက္ကသိုလ်၌ ဦးမြင့်ဆွေသည် တက္ကသိုလ်ကြီးများ၏ ထုံးတမ်းအစဉ်အလာအတိုင်း အဆင့်ခွဲခြားထားပြီးလျှင် စာမေးပွဲအောင်မြင်သော ရဟန်းတော်များအား အောင်လက်မှတ်ဆက်ကပ်သည်။

ဆရာဦးမြင့်ဆွေသည် မိမိ(ပါရဂူ)ကိုလည်း သူ၏ဗုဒ္ဓတက္ကသိုလ် လူပုဂ္ဂိုလ်နာယကတစ်ဦးအဖြစ် ခန့်အပ်ထားသည်၊ တစ်နှစ် မိမိ မန္တလေး သွားခိုက် ဆရာဦးမြင့်ဆွေသည် သူ၏ ဗုဒ္ဓတက္ကသိုလ်၌ ဟောပြောပွဲတစ်ပွဲကျင်းပ ပြုလုပ်သည်၊ ယင်းဟောပြောပွဲ၌ ကြုံတုန်းကြုံခိုက် မိမိကို ဖိတ်ပြီး ဟောပြောခိုင်းသည်၊ ရဟန်းပရိသတ်အား ဟောပြောရသည်မှာ မှတ်မှတ်ရရ ထိုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်၊ ဦးမြင့်ဆွေသည် ရန်ကုန်မြို့သာစုကျောင်းတိုက် ရွှေညဝါကျောင်းတွင်လည်း သူ့ဗုဒ္ဓတက္ကသိုလ်ဌာနခွဲ ဖွင့်လှစ်တည်ထောင်ထားသည်။

ရဟန်းပရိသတ်ကို မှတ်မှတ်ရရပြောရသော အချိန်တစ်ချိန် ရောက်ရှိလာပြန်သည်၊ ယင်းအကြိမ်မှာ ရဟန်းပရိသတ်နှင့် ထိတွေ့ရသော ဒုတိယအကြိမ်ဖြစ်သည်၊ ရဟန်းပရိသတ်အတော်များများကို ဟောပြောရသော ဒုတိယ



အကြိမ်မှာ အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက်၌ ဖြစ်သည်၊ ရဟန်းပရိသတ်ကို ဟောပြောသည့် အခါတိုင်း စကားပလ္လင်ခံ၍ ဟောပြောသည်၊ မိမိ၏ စကားပလ္လင်မှာ- 'ဘုရားကားအောက် မျောက်ကားအထက်' ဟူသော ဆိုရိုးစကား ဖြစ်သည်၊ ယင်းဆိုရိုး စကားကို စကားပလ္လင်ခံပြီး ပြောခြင်းဖြစ်သည်၊ စင်မြင့်ပေါ်ရောက်နေသော မိမိကိုမျောက်နှင့် ပမာခိုင်းပြီး စင်မြင့်အောက်က ရဟန်းတော်များကို ဘုရားနှင့်ပမာခိုင်းပြီး ပြောခြင်းဖြစ်သည်၊ စင်မြင့်ပေါ်ရောက်နေသော မိမိမှာ စင်မြင့်အောက်က ရတနာသုံးပါးထဲက တစ်ပါးအပါအဝင်ဖြစ်သော၊ သုတဗုဒ္ဓဟူ၍ ခေါ်၍လည်းရသော ရဟန်းတော်များနှင့်စာလျှင် မျောက်အဆင့်လောက်သာ ရှိသည်၊ စင်မြင့် အောက်ရောက်နေသော ရတနာသုံးပါးထဲက တစ်ပါးအပါအဝင် သုတဗုဒ္ဓရဟန်းတော်များအား အခြေအနေအရ စင်မြင့်ပေါ်ရောက်နေသော မျောက် အဆင့်လောက်သာရှိသည့် မိမိအား ခွင့်လွှတ်စေကြောင်း စကားပလ္လင်ခံရခြင်း ဖြစ်သည်။

၁၁-၅-၂၀၀၂-ခုနှစ်တွင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ ၁၂-ကြိမ်မြောက်နွေရာသီ ယမိုက်ပဋ္ဌာန်းသင်တန်း စာပေဟောပြောပွဲတွင် စာပေအကြောင်းဟောပြောဖို့ ဖိတ်သည့်အတွက် သွားရောက် ဟောပြောရခြင်းဖြစ်သည်၊ ရဟန်းတော်များအား ဟောပြောရခြင်းဖြစ်၍ စာပေ အကြောင်းသက်သက်ကို မပြောတော့ဘဲ ဓမ္မ စာပေအကြောင်း ဟောပြောခဲ့သည်၊ ဟောပြောပွဲ တက်ရောက်လာသော စင်မြင့်အောက်က ရဟန်း ပရိသတ်မှာ တစ်ထောင်ကျော်လောက်ရှိသည်။

ဟောပြောပွဲစီစဉ်သူမှာ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက် ဒုတိယနာယကဆရာတော် အရှင်တိလောကာဘိဝံသ ဖြစ်သည်၊ အမှန်ပြော ရလျှင် ကြီးကျယ်သည်ဟူ၍ မအောင်းမေ့လိုက် ပါနှင့်၊ မိမိသည် ဟောပြောပွဲဖိတ်တိုင်း သွားရောက် ဟောပြောလေ့ရှိသူမဟုတ်ပေ၊ ယခု တစ် ကြိမ်၌မူ မိမိကြည်ညိုလေးစားသော ရဟန်းတော် တစ်ပါးက အရေးတယူ ဖိတ်သောကြောင့် သွားရောက် ဟောပြောခြင်းဖြစ်သည်၊ ဟောပြောပွဲပြီးသော အခါ ဆရာတော် ဦးတိလောကာဘိဝံသနှင့် တွေ့ဆုံ စကားပြောသည်၊ ဆရာတော် ဦးတိလောကာ ဘိဝံသနှင့် တစ်နာရီလောက် စကားပြောဖြစ် သည်၊ ဆရာတော်ကလည်း မိမိကို နားလည်သည်၊ မိမိကလည်း ဆရာတော်ကို နားလည်သည်၊ ပုဂ္ဂိုလ် နှစ်ဦးချင်း ရင်းနှီးခင်မင်မှုကိစ္စ၌ တစ်ယောက်နှင့် တစ်ယောက် နားလည်ဖို့သည် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်သည်၊ တစ်ယောက်နှင့် တစ်ယောက် နားမလည်ပဲနှင့် ခင်မင်ရင်းနှီးမှု၊ နီးစပ်မှုဖြစ်မလာနိုင်ပေ၊ ဆရာတော် ဦးတိလောကာ ဘိဝံသနှင့် စကားပြောကြည့်သောအခါ ဆရာတော် ကလည်း မိမိကိုနားလည်ပြီး မိမိကလည်း ဆရာတော်ကို နားလည်သည်ဖြစ်၍ တခဏအတွင်း ဖြစ်ပေါ်လာသော မိမိတို့၏ ရင်းနှီးခင်မင်မှု၊ နီးစပ်မှုသည် အနာဂတ်တွင်လည်း အဓွန့်ရှည်စွာ ခိုင်မာတည်မြဲသွားမည်မှာ ဧကန်မုချဖြစ်သည်။


◆ ပါရဂူ


ညောင်းရွက်ကြွေ
လေအလွင့်
မိချမ်းဝေ

အခုလို မိုးတွေ အဆက်မပြတ်ရွာပြီး တစိမ့်စိမ့် အေးအဲ့ရာသီမျိုးဆို အဖေ့ကို ချိုချို သတိရတယ်။ အဖေက ဒီလိုစိမ့်ပြီးအေးလာရင် ဆီးမကြာခဏသွားလေ့ရှိတယ်။ ဆီးကို မထိန်းနိုင်ဘူး။ အဖေ ဆီးသွားရင် အကြာကြီး။ အမေရှိစဉ်ကတော့ "နင့်အဖေမှာ ဆီးကြိတ်ရှိတယ်" လို့ ပြောဖူးတယ်။

အဖေကတော့ သူ့ဝေဒနာကို တစ်ခါမှ မငြီးငြူ ရှာဘူး။ ဆီးကြိတ်ရောဂါဟာ ဘယ်လို လက္ခဏာရှိလဲ ချိုချိုမသိဘူး။ ချိုချိုဘဝမှာ မသိတာတွေ တော်တော်များတယ်။ မသိခြင်းကြောင့် ချိုချို အိမ်ထောင် စောစောကျရတယ်။ မသိခြင်းကြောင့် ပညာရေးတစ်ပိုင်းတစ်စ ဖြစ်ရတယ်။ မသိခြင်းကြောင့် အိမ်ထောင်ရေး ဒုက္ခန္ဓထဲ လူးလူး လဲလဲ နစ်မွန်းရတယ်။ မသိခြင်းကြောင့်. . . မသိခြင်းကြောင့် . . . မသိခြင်း . . .။

အဲဒီမသိခြင်းဆိုတဲ့ အကြောင်းတရားနဲ့ အုံကျင်း ဖွဲ့မိအောင်လည်း အဖေ+အမေတို့ကပဲ ဖန်တီးသယ်ဆောင်လာတာလေ။ မသိခြင်းရဲ့ အရင်းအမြစ်ဟာလည်း မိဘကသားသမီးအပေါ် စည်းလွတ်ဝါးလွတ် ချစ်ခြင်း တရားကလာတယ် ဆိုရင် ယုံကြပ့်ါမလား မသိဘူး။



ချိုချိုက အိမ်မှာ အငယ်ဆုံးသမီး။ အစ်ကို နှစ်ယောက် အစ်မတစ်ယောက်ရှိတယ်။ အငယ် ဆုံးသမီးဆိုတော့ အိမ်မှာ ဗိုလ်ပေါ့။ ချိုချို ငယ်ငယ်က လိုချင်တာမရရင် ကြမ်းပြင်မှာ ထိုင်ချ။ ခြေထောက်နှစ်ချောင်းကို ပွတ်ပြီး ငိုလေ့ရှိတယ်။ လာမချော့ရင် ဒေါသပိုကြီးလာပြီး ခြေထောက်နဲ့ ကြမ်းပြင် တဒုံးဒုံး ဆောင့်တော့တာပဲ။ ပြီးရင် ညစ်တီးညစ်ပတ်ထဲ နှစ်ပတ်သုံးပတ် ကျွမ်းပစ်တော့တာ။ သူ့အသံပြကြီးနဲ့ တက်မတတ်၊ ချက်မတတ် ငိုနေတာ မကြည့်ရက်နိုင်တဲ့ လူကြီး တွေကပဲ အလျှော့ပေးပြီး ချော့ရတော့တာပေါ့။

သိတတ်လာတဲ့ အရွယ်ရောက်တော့ ငယ်တုန်းကလောက် အငိုမသန်တော့ပေမယ့် တယူသန်အတွေးနဲ့ ငြိမ်ကုပ်ကုပ်ဖြစ်နေပါရော့။ သူ့အတွေးက အဖေဟာ သူ့ကို မချစ်ဘူး။ သူ့အစ်မ ညိုညိုကိုသာ ချစ်တယ်ဆိုတဲ့ အယူစွဲပါ။ ဒီအယူ စွဲဟာ အမေ ဘေးတီးလို့ စွဲသွားတဲ့ အယူ လို့ ပြောရင် ရမယ်ထင်တယ်။ အဖေနဲ့ အမေက သိပ်ပြီး အဆင်ပြေလှတာ မဟုတ်တော့ . . . . ။

"ညဦးကိုယ်ဝန်ကြီးနဲ့ လင်မယားရန် ဖြစ်ကြတာလေ။အမေအိမ်ပေါ်က ဆင်းပြီးတခြား ရပ်ကွက် မိတ်ဆွေအိမ်မှာ သွားနေလိုက်တာပေါ့။ ရပ်ကွက်လူကြီးတွေ ကောင်းလို့ ပြန်ပေါင်းဖြစ် တာ။ ဒီသမီးမွေးလာတော့ ညဦးအဖေက ညည်း ကို" . . . ။

အမေ့အပြောမှာ ချိုချိုစွဲသွားလိုက်တာ အဖေ ဘာပြောပြော မကြည်တော့ဘူး။ အဖေနဲ့ ဆက်ဆံရင် ဂျစ်ကန်ကန်နဲ့။ အလိုလိုက်ခံထား ရတော့ ပက်ကနဲ . . ပက်ကနဲ ပြန်ပြောတာ လည်း မကြာခဏ။ အိမ်မှာ အဖေနဲ့ ချိုချို မကြာ ခဏ ငြိနေကျ။

အမေနဲ့ကျတော့ အဆင်ချောလို့။ တကယ်ဆို ချိုချို့ အမေက အင်မတန် စည်းကမ်း တင်းကြပ်ပြီး အပြောဆိုး အလုပ်တိကျတဲ့ မူလ တန်းကျောင်းအုပ်ဆရာမ-ကြီးပါ။ ကျန်တဲ့သား သမီးတွေ အမေ့ကို ကြောက်ရသလောက် ချိုချို ကျအငယ်ဆုံး သမီးထွေးလေးဆိုပြီး မပြောရက် မဆိုရက်တော့ အမေ့ကိုကြောက်ရမှန်းမသိ ခေါင်း ပေါ်ရောက်နေတော့တာပေါ့။

ချိုချိုက အငယ်ဆုံးဆိုတော့ အိမ်မှာ ဘာတာဝန်မှ မရှိဘူး။ သူ့အရွယ်နဲ့ တန်တဲ့ တံမြက် စည်းလှည်းတာတို့ ကြမ်းတိုက်တာတို့ အလုပ် တွေကို သူ့အစ်မညိုညိုကသာ လုပ်ချင်လုပ်မယ်။ သူကတော့ မလုပ်ဘူး။ မလုပ်တော့ မတတ်ဘူး ပေါ့။ လုပ်အောင်လည်း အဖေ+အမေတို့က တွန်းအားမပေးဘူး။

အိမ်အလုပ်မလုပ်တော့ စာတော်သလား ဆို တော့လည်း မတော်ဘူး။ သာမန်သူလိုငါလိုပဲ။ မကြိုးစားချင်ဘဲ ပျင်းတာလည်းပါတယ်။ အပျင်း ပြိုင်ရမှာတောင် ပျင်းတယ်ဆိုတဲ့ အထဲမှာ ချိုချို လည်းပါတယ်။ အငယ်ဆုံး သမီးလေး ထာစ်နှစ် တစ်တန်းအောင်နေတာပဲ အဖေအမေ တို့ ကျေ နပ်လှပြီ။ အပျိုဖော်ဝင်လာတော့ အချိုးပြောင်း မလားဆိုတော့ မပြောင်းဘူး။ ကိုယ့်ကိစ္စ ကိုယ့်တာ ဝန် မယူတတ်တဲ့ ဓလေ့ကတော့ အဖေ့ကြောင့် ရလာတာလို့ ထင်တယ်။ ချိုချို စီးနေကျ ဖိနပ် တစ်ဖက်ပြတ်သွားပြီဆိုပါတော့။ အဖေက ရုံးသွား တဲ့အခါ ကောင်းတဲ့တစ်ဖက်ကို သတင်းစာလေးနဲ့ ပတ်ပြီး ရုံးအိတ်ထဲကို ထည့်သွားတယ်။ ချိုချိုက လိုချင်တဲ့ ဖိနပ်အရောင်ကို ပြောလိုက်ရုံပဲ။ အဖေ ရုံးဆင်းတော့ ဖိနပ်ဈေးတန်းဝင်ပြီး ကောင်းတဲ့ဖက်နဲ့ တိုင်းပြီးဝယ်လာတော့တယ်။

မိဘက ဘာမဆို အဆင်သင့် လုပ်ပေး နေတော့ အပါးခို၊ အချောင်ခိုချင်စိတ် တွေများ လာပြီး ကြာလာတော့ ကိုယ်ရည်ကိုယ်သွေးပါ ညံ့ လာတော့တာပေါ့။ ကိုယ်ရည် ကိုယ်သွေးဘယ် လောက် ညံ့သလဲဆိုရင် ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် လူကြီးမရှိရင် မဖြေရှင်းတတ်တော့ဘူး။ လူ့လော

ကကြီးဟာ တသမတ်တည်းသွားနေတာ မဟုတ်ဘူး။ အကွေ့အကောက် အတက်အဆင်းတွေနဲ့ ပထမဦးဆုံး လောကဓံ လှိုင်းလုံးတစ်လုံး ချိုချို ဆီဝင်လာ လိုက်တာ ဝုန်းဝုန်း ဒိုင်းဒိုင်းပါပဲ။

ချိုချိုဆယ်တန်းရောက်တော့ ပြုန်းဆို စာမေးပွဲ ရှုံးသွားပါရော့။ ဒီမြို့မှာ ကျူရှင်မကောင်းဘူး၊ မော်လမြိုင်မှာ သွားထားရင် ပိုကောင်းမယ်ဆိုပြီး ချိုချိုကို မော်လမြိုင်ပို့ဖို့ စီစဉ်ကြတယ်။ အဖေရော အမေပါ မော်လမြိုင် လိုက်သွား၊ ကျောင်းအပ်၊ နေဖို့ကတော့ အဖေ့အသိ ဆရာမတစ်ယောက်နဲ့ အတူစားဖို့ အဆောင်တစ်ခုမှာ အပ်ခဲ့တယ်။

အဖေက ဒီဆရာမကို ဇာတိမြို့ကဖြစ်လို့ သိရုံပဲသိတာပါ။ မရင်းနှီးပါဘူး။ တကယ်အတူနေရမှ ဒီဆရာမရဲ့ လူမသိသူမသိ စိတ်တမျိုးတမည် ဖြစ်နေတာ ရိပ်မိတော့တယ်။ ဆရာမက သူ့ဖာသာ ယဉ်ယဉ်ကလေး . . . ဖြစ်နေတာ ကိစ္စမရှိဘူး။ တစ်နေ့တော့ သူ့ရွှေကြယ်သီး ပျောက်တယ်။ ချိုချိုယူတယ်ဖြစ်ပါရော့။ ချိုချိုက ငိုငိုဖြစ် ပြီပေါ့။ တငိုငိုနဲ့ ဖုန်းဆက်ခေါ်လို့ အမေနဲ့ ရွှေနေဖြစ်တဲ့ အစ်ကိုကြီး မော်လမြိုင်လိုက်သွားပြီး ပြဿနာကို ဖြေရှင်းပေး၊ နောက်ထပ် အဆောင်အသစ်ရှာနဲ့ အတော်အလုပ် ရှုပ်သွားတယ်။

တော်ပါသေးရဲ့ အဲဒီနှစ်က စာမေးပွဲ အောင်သွားလို့။ တက္ကသိုလ်ရောက်တော့လည်း အဖေ+အမေလိုက်ပါ ရသေးတာပဲ။ အဆောင်မှာ ဟိုလူနဲ့မတည့်လို့၊ ဒီလူနဲ့မတည့်လို့၊ ဘယ်သူက သူ့ကိုအနိုင်ကျင့်လို့၊ သူ့စားသောက် ဖွယ်ရာတွေ ယူစားလို့ဆိုတဲ့ ပတ်ဝန်းကျင်နဲ့ သဟဇာတ မဖြစ်တဲ့ကိစ္စကို အိမ်ကလိုက်ပါရတုန်း။ နောက်ဆုံး အဆောင်ကနေ ဆွေမျိုးအိမ်ပြောင်းဆင်း၊ စားဖို့ သောက်ဖို့ အိမ်က တစ်လနှစ်ကြိမ် လောက်ပို့ပေး၊ ဒီလိုနဲ့ ပြေလည် သွားတော့တယ်။

မိဘလိုက်မပါရတဲ့ ကိစ္စဆိုလို့ တစ်ခုပဲရှိတယ်။ အဲဒါက ရည်းစားထားတဲ့ကိစ္စပါ။ ချိုချို ရည်းစားထားတာ လူမသိ သူမသိ၊ မြို့ကမထင်မရှား၊ ဆယ်တန်းမှ မအောင်သေးတဲ့လူ ချိုချို ယောက်ျားယူတာလည်း ဆိုင်းမပါ ဗုံမဆင့် ပြုန်းစားကြီး၊ ကျောင်းမပြီးခင် တတိယနှစ်နဲ့ လိုက်ပြေးသွားတာ။ အဖေနဲ့အမေရင်ကွဲရော့။ ရွှေနေ အစ်ကို ကြီးက လက်သီးတဆုပ်ဆုပ် အံတကြိတ်ကြိတ်။

“ပစ္စည်းပါသွားတယ်လို့ တရားရုံးမှာ အမေအမှု ဖွင့်မလား။ ဒီကောင်ကို ပုလိပ်နဲ့ပုံစံပေးပြီး ရိုက်ခိုင်းလိုက်မယ် . . . ”တဲ့။ ရွှေနေက လည်း သူ့ပိုင်တဲ့အကြံနဲ့ ခွဲဖို့ ပြင်တာပေါ့။

အမေက တရားသမားဆိုတော့ သံသရာကြွေး အပါမခံနိုင်ဘူး။ သူမှ ဘာပစ္စည်းမှ မယူသွားတာတဲ့။ ဒါနဲ့ အဆင့်အတန်းမတူသူနဲ့ မိုက်ရမလားဆိုပြီး မျက်နှာလွှဲ ထားလိုက်တာမှ အကြာကြီး။ နောက်ဆုံး ချိုချိုအိမ်ပေါ် ရောက်လာတော့ ကိုယ်ဝန် နေ့စေ့လစေ့ကြီးနဲ့ အမေက သမီးကိုယ်ဝန်သည်ကို ကြည့်ပြီး တင်းခံမနိုင်တော့ဘူး။ သွေးပေါင်ကျ အာဟာရပြတ်လို့ မျက်ကွင်းတွေချောင်ကျနေတဲ့ သမီးကိုယ်ဝန်သည်ကို အမေက ဘာအသည်းနဲ့ မျက်နှာလွှဲရက်ပါမလဲ။

ဆင်းရဲချို့တဲ့ခြင်းဒဏ်ကို ချိုချို ကောင်းကောင်း ခံခဲ့ရတယ်။ ဝင်ငွေမမှန်တဲ့ ယောက်ျားရဲ့ လုပ်စာ မပြည့်စုံဘဲ လက်လုပ်လက်စား မိသားစုတို့ရဲ့ ကြားမှာ ချိုချိုလို့မှ နေအောင်ခံခဲ့ရတယ်။ သမီးလုပ်သူကို လက်ခံမှတော့ သမက်ကို ပစ်ပယ်ထားလို့ဖြစ်မလား။ လက်ခံရတော့တာပေါ့။လောကဓံနဲ့ စီးချင်းထိုးခဲ့ရတဲ့ ချိုချိုဟာ တစ်ကျော့ပြန်အိမ်ပေါ်အတက်မှာ အဖေ+အမေတို့အပေါ် အတော် ပဲ အပိုးကျိုးသွားခဲ့တယ်။ သူ့ယောက်ျားကတော့ အိမ်သားတွေနဲ့ မရောဘဲ ဖာသိဖာသာ မှုံတေတေနေလေ့ရှိ တယ်။

သားလေးမွေးပြီးတော့ သမီးရွှေ့ရေးအ

တွက် အမေက ချိချိကို စာပေးစာယူပြန် ဖြေခိုင်းတယ်။ ဘွဲ့ရမှ အလုပ်အကိုင်နဲ့ ရှေ့ရေးအဆင်ပြေမယ်ဆိုပြီး ကလေးကူ ထိန်းပေးပြီး ဘွဲ့ယူခိုင်းတာပါ။ အမေတွက်တဲ့အတိုင်းပါပဲ။ ချိချို့ လူကမဟန်ဘူး။ ဘာလုပ်မှ လက်ကြောက တင်းအောင်မလုပ်ချင်ဘူး။ ဒီကြားထဲ ဂီတာတဒေါင်ဒေါင် ဆေးလိပ် တဖွာဖွာနဲ့ အမေက မျက်နှာခပ်လွှဲလွှဲနေပေမယ့် အဖေကတော့ ကြည့်မရရင် ကြည့်မရသလို မျက်နှာထိ မျက်နှာထားနဲ့ ။

ဒီလိုနဲ့ ချိချိကျောင်းပြီးတော့လည်း မူလတန်းပြ တစ်နေရာအတွက် အမေပဲ စီစဉ်ပေးရတာလေ။ အဲဒီမှာ ချိချိအရည်အချင်းတွေပေါ်လာပါသေးတယ်။ ချိချို ဆရာမဝင်လုပ်တော့ အမေကပင်စင်ယူပြီ။ မူလတန်း ကျောင်းအုပ်ဘဝမှာအမေက လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တာပါ။ အမေ့ကျောင်းဟာ တန်းလုံးကျွတ် အောင်တဲ့ကျောင်း၊ စည်းကမ်းအရာမှာ စံပြ။ အမေ့နာမည်ဟာ မြို့ကလေးရဲ့ ပညာရေးလောကမှာ တသင်း-သင်း တပျံ့ပျံ့ပေါ့။

ဒီအမေ့သမီး ချိချိကတော့ ကျောင်းစတက်၊ အလုပ်ခွင်စ ဝင်တဲ့ရက်မှာပဲ ငိုပြီးပြန်လာတယ်။ သူငိုတာက လူရယ်စရာကြီး။ သူ့ကို လေးတန်းသင်ခိုင်းလို့တဲ့။ လေးတန်းကို သူမသင်တတ်ဘူးတဲ့ ကောင်းရော့ . . . ။ ဟိုက ဆရာမကြီး သမီးဆိုပြီး လေးတန်းကို တန်းသင်ခိုင်းလိုက်တာနေမှာ။ နောက်တစ်နေ့တော့ အမေက ကျောင်း အထိလိုက်သွားပြီး သူနဲ့စာတွဲသင်ပြတယ်။ အဲဒီကျောင်းက မြို့ကလေးမှာဆို နည်းနည်းချောင်ကျတဲ့ကျောင်းပါ။ သူတို့ကျောင်းကို ဆရာမကြီး လိုက်လာစာသင်ပေးတယ် ဆိုတော့ ဆရာမတွေ ဝမ်းသာလိုက်ကြတာ။ အဲဒီနှစ်က အဲဒီချောင်ထဲက ကျောင်းကလေး တန်းလုံးကျွတ် အောင် သွားပါရော့လား။ မြို့မှာဆို သတင်းကိုကြီးလို့၊ ချိချို့ အကြောင်းပြုပြီးရလိုက်တဲ့ အမြတ်လေ။ ချိချိက အဲဒီလို တော်တဲ့ ချိချိပါဆို။

အိမ်ထောင်ကျ ကလေးတစ်ယောက် အမေဖြစ် အလုပ်ခွင်ထဲရောက်တာတောင် မိဘကလိုက်ပါနေရသေးတာဆိုတော့ လွန်တာပေါ့။ အိမ်ပေါ်ရောက်ပြီးကတည်းက အမေတို့နဲ့ ပေါင်းနေပေါင်းစားလိုက်တာ ဆန်းအိုးထဲ ဆန်မရှိလည်း ချိချိမသိ၊ ဆီပုလင်းထဲ ဆီမရှိလည်း ချိချိမသိ၊ ကလေးနေမကောင်းလို့ ဆေးခန်းသွားရင်တောင် အမေ့ဆီလက်ဖြန့်တဲ့ ချိချိဆိုတော့ သူ့လူက အေးဆေးပါပဲ၊ မှုံကုပ်ကုပ်၊ ပေတေတေနဲ့ ပြန်မပြော နားမထောင် အချောင်ခို မျှောလိုက်နေတော့တာပေါ့။

လူတွေများထမင်းအေးအေးစားရရင် အေးအေး မနေနိုင်ဘူးဆိုတာ ချိချိလူမှ အစစ်။ သူက ရမ်းရမ်းကားကားကြီး မဟုတ်ပေမယ့် အိညက်, အိညက်နဲ့ ညှင်းဆဲတဲ့လူ။ အလုပ်ကိုသာ မယ်မယ်ရရ မလုပ်တာ၊ အသုဘရှိရင် ဖဲကရိုက်ချင်သေး။ ညဘက်ရုပ်ရှင်ရုံနားသွားပြီး သူများသမီးပျို နောက်လား ပြောင်လားလုပ်သေး၊နောက်ဆုံး မိန်းမကွယ်ရာမှာ စမောလေးထားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး တိုးတိုး တိတ်တိတ်က ဆူဆူညံညံဖြစ်၊ ဆူဆူ ညံညံက ကွာမယ်ရှင်းမယ်ဖြစ်ပါရော့။

နဂိုကသဘောမမျှခဲ့တဲ့ မိဘတွေက အခုမှတော့ ဘာပြောမှာလဲ။ အကောင်းအဆိုးဘာမှ ဝင်မဖြန်ဖြေဘဲ ဒီကိစ္စကို အစ်ကိုကြီး ရှေ့နေလက် အပ်လိုက်ပါရော။ အမေတို့အနေနဲ့က အရင်ကလည်း ချစ်ခြင်းကို မခွဲခဲ့ဘူး။ အခုလည်း ချိချို့သဘောပါပဲ။ ချိချိကိုက ယောကျာ်းအပေါ် စိတ်ကုန်လာတာလေ။ ငွေရှာမပေးတာ၊ တာဝန်မဲ့နေတာ၊ ကတိမတည် သစ္စာမရှိတာတွေဟာ ယောကျာ်းကောင်းတစ်ယောက်ရဲ့ တန်ဘိုးမဟုတ်ဘူးဆိုတာ သိသွား တဲ့အခါ လမ်းခွဲဖို့ အဆင်သင့် ဖြစ်နေတော့တာပေါ့။

သားလေး လေးတန်းတက်တဲ့နှစ်မှာ ချိချိတို့

ကွာရှင်း ကြတယ်။ ကံကြမ္မာက သူ့ကို ရိုက်ချလိုက်၊ ပင့်တင်လိုက်ပါပဲ။ အဲဒီနှစ်မှာပဲ ချိုချိုရာထူးတိုးနဲ့ နယ်ထွက်ရတယ်။သားကို အဖေ+အမေနဲ့ထားပြီး ချိုချို အလုပ်ကောင်း ကောင်းလုပ်နိုင်ပြီပေါ့။ လုပ်သက်ကလေးရလာတော့ အလုပ်ခွင်မှာလည်း ပျော်ရွှင်အသား ကျနေပြီ။ ပတ်ဝန်းကျင်က အလကား ပုံတင်း နာမည်ပေး တံဆိပ်ကပ် လိုက်တဲ့ တခုလပ်ဆိုတဲ့ အခေါ်အဝေါ်နဲ့ အမြင်ဆိုးတွေကိုလည်း အံခဲတင်းခံတတ်လာပြီ။ ပြောရရင် ချိုချိုရင့်ကျက် တည်ငြိမ်လာပြီဆိုပါတော့။

ဒီလိုနေသားကျလာပါမှ တတိယလှိုင်းတစ်လုံးဟာ ချိုချို့ဆီကို ဝုန်းကနဲ ရောက်ချလာပါရော့။ ချိုချို ဘယ်ဘဝရောက်ရောက် အားကိုးရာမဏ္ဍိုင်ဟာ အမေပါ။ အမေ့ကို အားကိုးတယ်။ အမေ့ကို ခင်တွယ်တယ်။ ချိုချိုပြဿနာမှန်သမျှ ဒိုင်ခံဖြေရှင်းပေးသူက အမေဆိုတော့ ချိုချို့အတွက် အမေဟာ မရှိမဖြစ် အမေပါပဲ။ လင်မရှိတဲ့ ဘဝမှာ ကိုးကွယ်ဖက်တွယ်ရာ အမေသာ၊ သူ့ရဲ့ ကမ္ဘာဖြစ်လာတဲ့ အချိန်ကျမှ . . ပြုန်းဆို အမေခွဲသွားရက်တော့တယ်။ ရုတ်တရက် လေဖြတ် သွားတဲ့ အမေဟာ ငါးရက်ကြာသော်လည်း အသက်ကိုပါ ပြန်မဆွဲနိုင်ဘဲ လက်လွှတ်လိုက်ရလေတော့ ချိုချို ရှုံးပြီးပေါ့။

အမေရဲ့ နောက်ဆုံးခရီးမှာ ချိုချိုတစ်ယောက် မချိတင်ကဲ လိမ့်လူးပူပင်နေတဲ့ မြင်ကွင်းဟာ ပတ်ဝန်းကျင်ကိုပါ ကူးစက်ပူလောင်စေခဲ့တယ်။ အမေ့အလောင်း မြေချတော့ ချိုချိုသတိလစ် မေ့မျောသွားလိုက်တာ အပြင် ကို ထမ်းထုတ်သွားရတော့တယ်။ အမေရေ . . အမေ. . ချိုချိုမြည်တမ်းသံဟာ သင်္ချိုင်းမြေမှာ ပေါက်နေတဲ့ အပင်ကြီး အပင်ငယ်တို့ရဲ့ အရွက်တွေကို ညှိုးလျှသွားစေတယ်။

အစ်ကိုနှစ်ယောက်၊ အစ်မတစ်ယောက်က နဂိုက အိမ်ထောင်ခွဲတွေမို့ အမေ့နာရေးပြီး



တော့ အိမ်မှာ အဖေနဲ့ ချိုချိုသာ ငုံးစေ့စေ့ ကျန်ခဲ့တော့တာပေါ့။ လူပျိုပေါက်ဖြစ်လာတဲ့သားဟာ အိမ်မကပ်တာကြာပါပြီ။ ဖခင် အုပ်ထိန်းမှု လစ်ဟာနေတဲ့ သားကိုမြင်တော့ သစ္စာမဲ့သူကြီးကို စိတ်နာမိပြန်ပါတယ်။ ကျောင်းစာကို အလေးမထား လက်ဘက်ရည်ဆိုင်မှာ အထိုင်များနေတဲ့ သားကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ ချိုချိုအတွက် အခက်အခဲကြီး ခက်ခဲနေတော့တယ်။

ဒီကြားထဲ အဖေနဲ့ ချိုချိုနဲ့က ပြဿနာ။ နဂိုက သိပ်ပြီး ကြည်ကြည် လင်လင်မရှိလှတဲ့သားအဖနှစ်ယောက်ဟာ တစ်အိမ်ထဲမှာ တကျက်ကျက်ဖြစ်နေတာ နေ့စဉ်မိုးသောက်ပါပဲ။ အဓိကက အဖေနားမကြားတဲ့ ကိစ္စပါ။ အဖေ နားမကြားတာက ချိုချိုကို တော်တော် အနှောက်အယှက်ဖြစ်စေတယ်။ အဖေက အသက်လည်းကြီးပြီဆိုတော့ သူကြားချင်တာကြားပြီး မကြားချင်တာကို မကြားဘဲနေလေ့ရှိတယ်။ ပြီးတော့ အမှားတွေ . . ထင်ယောင်ထင်မှားတွေ ကြားလေ့ရှိတာလည်း မကြာခဏ။

"ညက . . . ဟိုကောင်လာတယ် မဟုတ်လား"

"မလာပါဘူး ဘယ်ကောင်မှ မလာပါဘူး"

"ငါ့ကို အိုပြီဆိုပြီး မထီလေးစား မလုပ်နဲ့နော်- မလိမ်နဲ့နော် - ငါညက အသံတွေကြားနေတယ်. ."

"ဟိုဘက်အိမ်က - လက်ဘက်ရည်ဆိုင်ဖွင့်ထားလို့ အခွေဇာတ်လမ်းဖွင့်တာပါ အဖေရဲ"

"မဟုတ်ဘူး . . မဟုတ်ဘူး . . ငါ့မျက်စနဲ့ကို ခြေရင်းဘက်က ဖြတ်သွားတာ တွေ့လိုက်တယ်"

"ညကြီးမိုးချုပ် ကိုယ့်ခြံထဲ ဘယ်သူဝင်မှာလဲ အဖေအထင်မှားတာပါ"

အဖေက သူ့စိတ်မှာ မကျေမချမ်းနဲ့ စွဲနေတဲ့ ချို ချို့ ယောက်ျားကို လာတယ်လို့ သင်္ကာမကင်း ဖြစ်နေရှာတယ်။ ယောက်ျားဟောင်းကို စိတ်နာနေတဲ့ ချိုချိုဟာ အဖေစွပ်စွဲချက်တွေကို ဆွေ့ဆွေ့ခုန်နေတာပေါ့။ ဒီလိုအ ငြင်းအခုန်တွေ မကြာခဏ ဖြစ်လေ့ရှိတယ်။ အဖေဟာ အသက်ကြီးလာလေ ပတ်ဝန်းကျင်နဲ့ သဟဇာတမဖြစ်လေ။ ခေါင်းရင်းခြံက ကြက်တွေဘဲတွေ လမ်းမှားပြီး ခြံထဲဝင်လာရင် သည်းကြီးမည်းကြီး ခဲနဲ့ ပစ်ပေါက် မောင်း ထုတ်လေ့ရှိတယ်။ ဟိုဘက်ခြံက သစ်ပင် အရွက်ကြွေလို့ ဒီဘက်ခြံထဲရောက်လာရင်လည်း ဒေါသူပုန်ထလို့ မဆုံးဘူး။ တစ်နေ့ . . တစ်နေ့ ချိုချို ကျောင်းကပြန်လာရင် အိမ်မှာ ပြဿနာတွေ ရှင်းလို့ မဆုံးဘူး။

စိတ်လေနေတဲ့ သားနဲ့ အသက်ကြီးလို့ ဂယောင်ခြောက်ခြားဖြစ်နေတဲ့ အဖေကြားမှာ ချိုချိုရဲ့ နေစဉ်ဖြတ် သန်းမှုဟာ ချိုချို အိုမင်းရင့်ရော်စေတာအမှန်ပဲ။ အဖေ့ ကျန်းမာရေးကလည်း လူကြီးနာဆိုတော့ တစ်ခုပြီးတစ်ခု ဖြစ်နေတဲ့ကြားက အဖေ့အတ္တတွေကလည်း တစ်နေ့ထက်တစ်နေ့ကြီးမားလာလေတော့ ချိုချိုဟာ လက်ရှိဘဝကို အတော်ပဲ ငြီးငွေ့နေရှာတယ်။

အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်ရလေတိုင်း ချိုချို အမေ့ကို သတိရတယ်။ အမေဆိုရင် ဘယ်လိုဖြေရှင်းမှာ ပါလိမ့်လို့ပေါ့။ ဘာမဆို ဖြည့်ဆည်းခဲ့တဲ့ လိုတရ အမေ့ ရဲ့ကျေးဇူးတွေဟာ အချိန်ကြာလာတာနဲ့အမျှ ချိုချို့အတွက် ဦးခိုက်စရာ ညွတ်နူးဂါရဝ ပြုစရာ ဖြစ်နေတော့တာပေါ့။ ဝင်းထရံတွေဆေးသုတ်ဖို့ ကိစ္စ၊ ဆွေးပေါက်နေတဲ့ အမိုးတွေပြင်မိုးရမယ့်ကိစ္စ၊ အဖေ့ရဲ့ ဆေးဖိုးဝါးခ၊ ဓါတ်စာဘိုးငွေ . . လိုအပ်ချက်ပင်လယ်ကြီးထဲမှာ ချိုချိုတစ်ယောက် လူးလာစုန်ဆန်ရင်းအချိန် ကာလတွေကို တိုက်စားဖြတ်ကျော် နေရတယ်။

နဂိုက ခပ်ပျော့ပျော့ ချိုချိုဟာ လမ်းဆုံလမ်းခွမှာ ရပ်နေရသလို တွေဝေနေတာမှာ အကြာကြီး။ ဘာလုပ်သင့်သလဲ။ ဘာလုပ်ရင်းကောင်းမလဲ။ ဒီအချိန်မှာ စေလိုရာစေ အထက်တန်းပြရာထူးအတွက် ခေါ်စာဟာ ချိုချိုဆုံးဖြတ်ချက်တွေ ပိုင်ပိုင်ချဖို့ တွန်းအားအဖြစ်ရောက်ရှိလာတော့တယ်။ သားသမီးတွေ လက်လွတ်နေပြီဖြစ်တဲ့ အစ်ကိုငယ်က သွားသာသွား၊ အဖေနဲ့ ချိုချို့သားကို သူတစ်လှည့်တာဝန်ယူမယ်လို့ အစီအစဉ်ချတယ်။

ချိုချို ဒီပတ်ဝန်းကျင်ကို ငြီးငွေ့နေပြီ မွေးကတည်းကနေ လာခဲ့တဲ့ နေရာမှာ ဝန်ထုပ် ဝန်ပိုးရဲ့ လေးပင်မှုကြောင့် အတော်ကို ငြီးငွေ့နေပြီ၊ တစ်ပင်မလဲခင် တပင် ထူသွားတဲ့ သစ္စာမဲ့သူကြီးရဲ့ အရိပ်ကလည်း အတော်ကို လွှမ်းမိုးနေတာမို့ ချိုချို ဒီအရပ်ဒေသကို စွန့်ခွာချင်နေပါပြီ။ သွားမယ်သာဆိုတယ်။ သားကိုလည်း စိတ်မချ၊ အဖေ့ကိုလည်း စိတ်မချ၊ သားကလူပျိုပေါက်ကလေးဖြစ်လာတော့ သူ့အဖေနဲ့ အရက်ဆိုင်မှာဆုံတယ်ဆိုတဲ့ သတင်းဟာ ချိုချို့ရင်ကို တူပြင်းပြင်းနဲ့ ထုသလို ထိချက်နာလှတယ်။

သားဟာ သူ့အဖေကို တာဝန်မကျေတဲ့ အဖေ ဆိုပြီး အစာမကျေဖြစ်နေတာမို့ သားအဖ နှစ်ယောက် တွေ့ဆုံခန်းဟာ ဘယ်လိုမှ လှပနိုင်မှာ မဟုတ်ပါဘူး။ သူ့ အဖေရဲ့ မကောင်းတဲ့ အပြုအမူတွေ ကူးစက်မလာပါစေနဲ့လို့ ချိုချိုဆုတောင်းနေမိတယ်၊ ဒီလိုအနေအထားမျိုးမှာ သားကို သူ့ဘကြီးအိမ်မှာ မျက်နှာလွှဲပြီး ထားခဲ့ရမှာ ချိုချို နောက်ကျော ဘယ်လုံမလဲ။

အဖေကတော့ တစ်သက်လုံး သိပ်မကြည်ခဲ့တဲ့ ချွေးမရဲ့ အပြုအစုအောက်မှာ အဆင်ပြေနိုင်ဖို့ဆိုတာ အဖေ့ရဲ့ အစွဲတွေကို ချွတ်မှရမှာလေ၊ ချွေးမဆိုတာကလည်း သမီးလိုတော့ ဘယ်မှာအနွံ့အတာခံပါ့မလဲ။ အဖေကြိုက်တတ်တဲ့ အစားအစာတွေကို တကူးတက ချက်ကျွေးပါ့မလား။ အခါကြီးရက်ကြီးဆို အဖေက အရင်ကလို ပဲ ပရဟိတအလုပ်တွေ လုပ်ချင်သေးတာ။ မလွန်ဆန်လျှအသင်းမှာအဖေကနာယကဆိုတော့ ဆန်အလှူခံ ထွက်မည့်ရက်ဆို လူကြီးတွေက အဖေ့ကို ပင့်ဖိတ်ကျွေးမွေး၊ ဆိုက်ကားနဲ့တင်လို့ ရပ်ကွက်တွေထဲ လိုက်နိုင်သလောက်ခေါ်လေ့ရှိတယ်။ အဲဒီလိုနေ့မျိုးဆို အဖေ့မှာ ပုဆိုးအသစ် တိုက်ပုံအသစ်တွေ ထုတ်ဝတ်လို့ အရွယ်နဲ့ မမျှ သွက်လက်နေတော့တာ။ ကိုယ့်အရိုးကို ကိုယ်မသယ်နိုင်တော့တဲ့ အရွယ်မှာ ဒါတွေကို ချွေးမလုပ်သူက စိတ်ရှည်ပါ့မလား။



နောက်ဆုံးတော့ နောက်ဆံတငင်ငင်နဲ့ပဲ အဖေနဲ့သားကို အစ်ကိုငယ်အိမ် ပေါ်ထိုးတင်ခဲ့ရတယ်။

အခုလို မိုးတွေအဆက်မပြတ်ရွာပြီး တစိမ့်စိမ့်အေးတဲ့ ရာသီမျိုးဆို အဖေ့ကို ချိုချိုသတိရတယ်။ အဖေက စိမ့်ပြီးအေးလာရင် ဆီးမကြာခဏ သွားလေ့ရှိတယ်။ တစ်ခါတစ်လေ (နောက်ပိုင်းတော့ အမြဲလိုလို) အိမ်သာဆီ မရောက်ဘဲ လမ်းမှာပဲ ထွက်ကျလေတော့ သမီးပြန်မလာခင် ရှိသမျှ ပုဆိုးမှန်သမျှ အဖေသန့်ရှင်းရေးလုပ်တာနဲ့ ကုန်ပါရော့လား။ ချိုချိုကျောင်းက ပြန်လာရင်တော့ အဖေဟာ ကလေးတစ်ယောက် အပြစ်လုပ် ထားသလိုပုံစံမျိုးနဲ့ -

"သမီးရေ . . နေ့လည်က အဖေလေ ---"

ကျောင်းကမောမောနဲ့ ပြန်လာတဲ့ ချိုချိုဟာ သေးစိုပုံကြီးကိုကြည့်ပြီး ပိုမောသွားပေမယ့် အဖေ့အမူ အရာနဲ့လေသံကြောင့် အပြစ်မမြင်နိုင်ပဲ အသနားတွေ ပိုသွားရပြန်တယ်။မုန့်ဟင်းခါးတွေ စားမိပြီး ဝမ်းမထိန်း နိုင်တဲ့အခါကျတော့ အဖေ့ မစင်ပေပွပေနေတဲ့ ပုဆိုပုံကြီး နားမှာ ချိုချိုငိုရပြီပေါ့။ ဒါတွေလျှော်ဖို့ရေက ခပ်ရဦးမှာလေ။

ချိုချိုတို့ခြံထဲက ရေတွင်းဟာ အတောင်သုံးဆယ် နက်တယ်။ မိုးဆိုရင်တောင် ရေတစ်ပုံး အပေါ်ရောက်ဖို့ မလွယ်ဘူး။

အခု အဝေးရောက်တော့ အဖေ့ကို လွမ်းတဲ့အခါ အဲဒါတွေကိုပါ ထည့်ထည့်ပြီး လွမ်းရတာ အလုပ်တစ်ခု။ တနင်္သာရီတိုင်းဟာ မိုးများတယ်။ ဇာတိမြေနဲ့ မကွာလောက်ပါဘူး။ မိုးတွေစိမ့်ပြီး ရွာရင် ချိုချိုအဖေ့ကို လွမ်းပြီ။

ဒီနေ့လည်း အစောကြီး အဖေ့ကို သတိရနေတယ်။ အထက်တန်းပြ ရာထူးမက်ပြီး ထွက်လာပြီးတော့ မှ မှားသွားပြီလားလို့ ခဏခဏ တွေးမိတယ်။ အဖေနဲ့ မတည့်အတူနေခဲ့ရတဲ့ ကာလတွေ ပြန်စဉ်းစားပြီး တစ်ခါ တစ်လေ ပြုံးမိ၊ တစ်ခါ တစ်လေ စိတ်ညစ်မိနဲ့ အလွမ်းနောင်တတွေ ရပြီး ရင်းရနေတော့တာပေါ့။

မောင်နှမလေးယောက်ရှိတဲ့အနက် ချိုချို တစ်ယောက်သာ အဖေနဲ့ အနေကြာဆုံး၊ အဖေ့ဒဏ် အခံရဆုံးဆိုတော့ ငယ်ငယ်က ဂျီကျခဲ့ ဆိုးခဲ့တာတွေ ပြန်လည်ပေးဆပ်ရတာလားလို့ တစ်ယောက်တည်းရှိတဲ့အခါတွေးမိတယ်။ ချိုချို တာဝန်ကျတဲ့ ဒေသက သားငါးပေါတာမို့ ငါးခြောက် ငါးခြမ်းများရရင် မစားရက်ဘူး၊ အဖေ့အတွက် စုထားတယ်။ ငါးပုပ်ခြောက်များဆိုရင်တော့ ပြီးပါလေရော့။ အဖေက ငါးပုပ်ခြောက် သိပ်ကြိုက်တာ။ လက်နှစ်သစ်လောက် အတစ်ကလေးကို မီးကင်ပြီး ဆီမွှေးမွှေးဆမ်းထားရင် မနက်စောစော ထမင်းကြမ်းနဲ့ စားလိုက်တာများ၊ ငါးပုပ်ခြောက်ကလေး လက်ညှိုးနဲ့ကော်လိုက် ရေနွေးကြမ်း ရှလွတ်ကနဲ သောက်လိုက်၊ ဒီလိုအချိန်ဆို အဖေ့မျက်နှာပြုံးနေလိုက်တာများ ဖိုးလမင်းလို ပြည့်ပြည့်ဝဝကြီး။

နောက်ပြီးဒူးရင်းယိုလည်း အဖေကြိုက်သေးတယ်။ မြိတ်ဒူးရင်းယိုက နာမည်ကြီးဆိုတော့ အဲဒါကလည်း မိသားစု မုန့်ပုံးနဲ့တစ်ပုံးစုထားပြီးပြီ။ ဒီဘက်က ထွက်တဲ့ ရေခူကိုတော့ အဖေစားဖူးဟန်မတူဘူး။ ပင်လယ်ရေခူကို ရေနွေးပူပူထဲ စိမ်ထည့်၊ ခဏနေ ပြန်ဆယ်ပြီး သေးသေး မျှင်မျှင်ကလေးဖြစ်အောင်လှီး၊ ကြက်သွန်စိမ်းရောက်ရှက်၊ သံပုရာရည်ထည့်ပြီးသုတ် . . . အဖေ ကြိုက်လိုက်မယ့်ဖြစ်ခြင်း။ အဖေက သွားမရှိတော့ပေမယ့် တော်ရုံအမာလောက်တော့ သွားဖုံးနဲ့ ကြိတ်ချေပြီး စားလေ့ရှိတယ်။ အစားအသောက်တော့ ချေးမများရှာဘူး။ အသက်ကြီးလာပေမယ့် ဟိုဟာစားချင် ဒီဟာစားချင် မပူဆာရှာဘူး။ မရှိ ရှိတာလေးနဲ့ ကျေးလည်း သမီး စိတ်ချမ်းသာအောင် မြိန်မြိန် စားပြတတ်တဲ့အဖေ . . .။

ချိုချို ပညာတစ်ပိုင်းတစ်စနဲ့ စိတ်အလိုလိုက် စိတ်မိုက်ပါပြီး အိမ်ပေါ်ပြန်ရောက်လို့ မကြာခင် သားကို မွေးတယ်။ သားသည် အမေဖြစ်သွားပေမယ့် အချိုး မပြောင်းတဲ့ ချိုချိုဟာ ဒီတုန်းက အရာရာကို ပေါ့တီးပေါ့ ဆပါပဲ။ ညဘက်ကလေး နို့တိုက်ရင်း အိပ်ပျော်နေတဲ့ ချိုချိုကို အဖေ ခြင်ထောင်လိုက်ထောင်ပေးတဲ့မြင်ကွင်း။ ဂျီကျအငိုသန်တဲ့ သားကို ဝိုင်းကူချော့နေတဲ့ မြင်းကွင်း။ပုခက်မပါရင် မအိပ်တဲ့မြေးကို ပုခက်ကူလွှဲပေးနေတဲ့ မြင်ကွင်း။ သားလမ်းကောင်းကောင်းလျှောက် ဂျောင်း ဂျောင်းပြေးတဲ့အရွယ် ကစလို့ အလယ်တန်းကျောင်းသား ကြီးဖြစ်တဲ့အထိ သွားလေရာကို ခေါ်သွားလေ့ရှိတဲ့မြင်ကွင်း။ အဝေးပုံရိပ်တွေဟာ ချိုချိုအာရုံမှာ လာကပ်နေတာမှ ဖြတ်ကနဲ . . . ဖြတ်ကနဲ . . .။

ငယ်ငယ်တုန်းက တွေးသလို အဖေဟာ ချိုချို့ကို မချစ်ဘူးဆိုတဲ့ အစွဲကလည်း ဟောဒီအဝေးလွမ်းအိမ်မက် ရာသီထဲရောက်မှ ကျွတ်တော့တာလေ။ ကိုယ်ကိုယ်တိုင် အမေဖြစ်လာတော့ သားသမီးကို မချစ်တဲ့ မိဘရှိ နိုင်ရိုးလားဆိုတဲ့ အသိတရားဟာလည်း ဟောသည်တနင်္သာရီ တိုင်းစွန် နယ်ဖျားက လယ်တောရွာကလေးဆီ ရောက်မှ လင်းပွင့်လာတဲ့ အလင်းတမ်းစပါ။ ဒါတွေ သိလာလေ ချိုချို အိမ်ပြန်ချင်လေပါပဲ။

ဒီနေရာမှာ၂-နှစ် နေပြီးလို့ တိုင်းပြောင်း လျှောက် ခွင့်ရရင် ဇာတိမြေကို ပြန် လျှောက်ပြီး ဒီတစ်ခါ တော့ အဖေနဲ့တစ်သက် မခွဲတမ်း နေတော့မယ်လို့ ချိုချိုအားခဲထားတယ်။ ဒီအချိန်မှာ ဖေဖေ့ ချေး ဝတ်၊ သေးဝတ်တွေလျှော်ရမှာလည်း မကြောက် တော့ပါဘူး။ အဖေ နားမကြားလို့ အော်ချင်ရာ အော် ပြောချင်ရာပြော သည်းညည်းခံပြီး အဖေ့ကို ပြုစုမယ့် ချိုချိုပါ။

ဒီလို သဒ္ဓါတရားတွေ ဖြိုးဖြိုးဝေနေတဲ့ စိတ်နဲ့ ကျောင်းကိုရောက်လာတဲ့ ချိုချိုဟာ ရုံးခန်း ထဲက စားပွဲပေါ်မှ သတင်းစာကို အမှတ်တမဲ့ ကောက်လှန်လိုက်တဲ့အခါ စာမျက်နှာ ၁၉-ရဲ့ ခြောက်လှန့်မှုကို ခံလိုက်ရပါ တော့တယ်။

ဦးထွန်းရင် အသက် ၈၈-နှစ်တဲ့။ အ လို. . ဘုရားရေ . . နာမည်တူတာဖြစ်ပါစေ . . ချိုချိုဆုတောင်း မပြည့်ပါ။ ဦးကြည်ထွန်း- ဦးတင်ထွန်း၊ ဒေါ်ညိုညိုထွန်း၊ ဒေါ်ချိုချိုထွန်းတို့၏ ဖခင် . . . ဦးထွန်းရင်သည် . . .

"အဖေ --- အဖေ --- ချိုချို့အဖေ ---"

ချိုချိုအော်သံဟာ ရုံးခန်းကလေးထဲ စည် ညံလှုပ် ခပ်စွာဖြင့် ခြောက်ခြားမှုတွေ သယ်ဆောင် လေတော့ သောကလောင်မီးအပူဟာ တမုဟုတ် ချင်း ပျံ့နှံ့သွားတော့တယ်။

"ဟုတ်ရဲ့လား . . ကြည့်ကြပါဦး၊ သေချာ ဖတ်ကြပါဦး . . . "

"ဟုတ်တယ်၊ သေချာတယ်။ သင်္ဂြိုဟ် မယ့်ရက်က . . . ဟာ. . . တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ပဲပါလား . . . ။

"ချိုချို --- ချိုချို--- သတိထားလေ ---"

လုပ်ဖော်ကိုင်ဖက်တွေရဲ့ ကရုဏာမျက်ဝန်း ကြားမှာ ယိမ်းယိုင်မူးဝေသွားတဲ့ ချိုချိုမှာတော့-

"ကိုယ့်အရိုးကို မသယ်နိုင်တဲ့အချိန်မှာ အဖေတော့ သေချင်တယ် သမီးရယ် ကိုယ့်အတွက် ပြုစုသူ သားသမီးတွေ ဒုက္ခရောက်လှတယ်။ သေမင်းက အဖေ့ကိုခေါ်ဖို့ မေ့များမေ့နေမလား မသိ "

အဖေ မကြာခဏ ပြောလေ့ရှိတဲ့ စကား တစ်ခွန်းဟာ ပင်လယ်ပြင်ကြီးကို ဖြတ်ပြီး အဝေး ကနေ လွင့်ဝဲ ရောက်လာသလို ကြားနေရတယ်။

အဖေနဲ့ တဝကြီးနေတော့မယ်ဆိုမှအဖေ က ကျောခိုင်းထွက်ခွာသွားပြီပါလား။ ကျေးဇူးကို ကျေးဇူးတရား မှန်းသိ၊ ကျေးဇူးတရားကို ဆပ် တော့မယ်လို့ ဆုံးဖြတ်ပြီးပါမှ ဆပ်ခွင့်မကြုံရတဲ့ သမီးတစ်ယောက်ရဲ့ ပရိဒေဝ။ ကိုယ်တိုင်ပို့ ခဲ့ရတဲ့ အမေရဲ့ နောက်ဆုံးခရီးကို အာရုံထဲမှာ မြင်ပြီး အဖေရဲ့နောက်ဆုံးခရီးကို မပို့နိုင်တော့တဲ့ အဝေး ရောက် သမီးတစ်ယောက်ရဲ့ ရင်ထဲမှာတော့ လောင်မီး ဟုန်းဟုန်းတောက်နေပါပြီ။

သောကအပူတံကျင်ဟာ ချိုချို့ရင်ကို မညှာမတာ ဖောက်သွားလိုက်တာမှ ထုတ်ချင်း ပေါက်။


"ချိုချို ဒီလိုမလုပ်နဲ့လေ၊ ဆုံးသူက ဆုံး သွားပြီဟာ။ စိတ်ကိုတင်းမထားနဲ့ လျှော့ချလိုက် ငိုလေ . . . ငိုလိုက်ပါ . . . . "

အပေါင်းအသင်းတွေ ဝိုင်းဝန်းဖေးမ နေတဲ့ အချိန်မှာ ရုံးခန်းထဲကို သိပ်လှတဲ့ ဆင်လိပ် ပြာကြီးတစ်ကောင် ပျံဝဲဝင်လာတာ တွေ့လိုက်ရ တယ်။ လိပ်ပြာကြီးက ရုံးခန်းထဲ နှစ်ပတ် သုံးပတ် ဝဲပြီး ချိုချို့ ပခုံးမှာ နားလိုက်တဲ့အခါ မသိစိတ်ရဲ့ တွန်းထိုးနှိုးဆော်မှုကြောင့် ချိုချို နှုတ်ဖျားက သတိ လက်လွတ် ပြောလိုက်မိတာက . .

"အဖေ --- အဖေ ---ဒီလောက် အဝေးကြီး သမီးဆီ လိုက်လာရသလား အဖေရယ်----" သမုဒယကြောင့် ဖြစ်ပေါ်လာတဲ့ အစိုင်အခဲကို ဖောက်ခွဲဖွဲ့ခြွေဖို့ဆိုတာ အချိန် ကာလယန္တရားရဲ့ ယမ်းအားလို အပ်တဲ့အကြောင်း ချိုချို့ကိုယ် ချိုချို မသိနိုင်သေးပါးဘူး. . ။

♦ မိချမ်းဝေ

# အပြန်လမ်းဝယ်




* အလာခရီး တစ်ယောက်တည်းဟု
အပြီးအစုံ မှတ်မယုံနှင့်
ခိုက်ကြုံတွေ့ရ လူ့ဘဝတွင်
ဗုဒ္ဓမြတ်စွာ ဆိုမိန့်ပါလည်း
တန်ရာတန်ကြေး ကံဝဋ်ကြွေးတို့
ရှောင်ပြေးဘယ်မှာ မစွမ်းသာအောင်
တုတ်နှောင်ဖွဲ့စည်း အထုပ်ကြီးနှင့်
ကိုယ်တည်းဗလာ မဟုတ်ပါသည်
မဟာလူသား ခရီးသွား။

* အပြန်ခရီး သင်မငြီးနှင့်
ပြုပြီးဖွယ်ရာ အဖြာဖြာတွင်
ဘယ်ဟာကောင်းမှု မကောင်းမှုတို့
ပေါင်းစုသယ်ခါ သင်သွားရာသို့
မှန်စွာတိကျ ပါနေရမို့
ခဏတစ်ထောက် ခိုက်ကြုံရောက်မှာ
စိုးနှောင့်တွေဝေ မနေလေနှင့်
မသွေမုချ သင်ပြန်ရသော်
ဒါနသီလ မြတ်ဓမ္မနှင့်
ဘဝခါခါ ဖန်မလာသော
သံသရာဝဋ် မှန်စွာကျွတ်မည့်
မိန်လွှတ်ဟောကြား မြတ်ဘုရား၏
ထင်ရှားဇကန် မြတ်နိဗ္ဗာန်သို့
ဖြောင့်မှန်သေချာ ရောက်နိုင်ရာကို
ဖွေရှာစစ်ကြော တွေမမောဘဲ
မြတ်သောဓမ္မာ လေးသစ္စာဖြင့်
သေချာကြိုးကုတ် အဖြေထုတ်၍
သုတ်သုတ်မြန်စွာ ထုတ်ပိုးပါမှ
လူ့ရွာဌာန ဘုံဘဝသို့
ရောက်ရသည့်ကံ လူဖြစ်မှန်၍
အပြန်ခရီး သာလိမ့်မည်

ညိုနှင်းရီ

# ရည်ရွယ်ချက် နှင့် အလုပ်



**အရှင်စန္ဒသိရီ (ဟင်္သာတ၊ မြစ်တွေ့)**

အလုပ်တစ်ခုခုပြုလုပ်တိုင်း ရည်ရွယ်ချက်ဆိုတာ ပါရှိစမြဲဖြစ်၏၊ လူသားတို့သည် နေ့စဉ် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် လုပ်ငန်းများလုပ်ဆောင်လျက်ရှိကြ၏၊ သားရေး၊ သမီးရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေး စသည်စသည်ဖြင့် များပြားလှပေသည်၊ ထိုတွင် ကောင်းသည်လည်းပါ၏၊ ဆိုးသည်လည်းပါ၏၊ ယင်းသို့ ကောင်း၊ ဆိုး နှစ်တန်ဖြစ်ပေါ်လာသည်မှာ ရည်ရွယ်ချက်ပေါ်တွင် တည်မှီနေပေသည်၊ ယေဘုယျအားဖြင့် ရည်ရွယ်ချက် ကောင်းလျှင် လုပ်ဆောင်ချက်ကောင်းပြီး ကောင်းကျိုးဖြစ်ထွန်း၏၊ ရည်ရွယ်ချက်မကောင်းလျှင်မူ လုပ်ဆောင်ချက်ပါ မကောင်းတော့ဘဲ မကောင်းကျိုးများ တိုးပွားလာပေသည်၊ ထို့ကြောင့် လုပ်ငန်းတစ်ခု ဆောင်ရွက်ရာ၌ ရည်ရွယ်ချက်သည် အခရာဖြစ်ကြောင်း သတိပြုရမည်ဖြစ်သည်။

လူတိုင်းကောင်းကျိုးကိုသာ လိုလားတတ်ကြ၏၊ သို့ဖြစ်လျှင် ကောင်းမွန်သည့် ရည်ရွယ်ချက်ကို ထားရှိကြရမည်ဖြစ်သည်၊ ကောင်းမွန်သည့် ရည်ရွယ်ချက်ဖြစ်ရန်မှာလည်း ယောနိသောမနသိကာရခေါ် နှလုံးသွင်း (စိတ်ကူး)အပေါ် တည်မှီပေသည်၊ နှလုံးသွင်း (စိတ်ကူး) ကောင်းလျှင်

ကောင်းမွန်သည့် ကောင်းမွန်သည့် ရည်ရွယ်ချက်ဖြစ်ပြီး လုပ်ဆောင်ချက်လည်း ကောင်းမွန်လာပေသည်၊ အပြန်အားဖြင့် နှလုံးသွင်း(စိတ်ကူး)မကောင်းလျှင်မူ ရည်ရွယ်ချက်ပါ မကောင်းတော့ဘဲ မှားယွင်းသည့် လုပ်ဆောင်ချက်များကို ကောင်းမွန်စေရန်အတွက် မိမိ၏ နှလုံးသွင်း(စိတ်ကူး)ကို ကောင်းမွန်အောင် တည့်မတ်ပေးရမည်၊ ထိုသို့ တည့်မတ်ပေးနိုင်ရန်အတွက် ယောနိသောမနသိကာရ(နှလုံးသွင်းကောင်း)၏ အခြေခံ အကြောင်းနှစ်ချက်ကို လိုက်နာရပေမည်။

(က) သဒ္ဓမ္မဿဝန- သူတော်ကောင်းတရားကို နာယူရမည်၊ ဆွေးနွေးမေးမြန်းရမည်၊

(ခ) သပ္ပုရိသူပနိဿယ- သူတော်ကောင်း၊ မိတ်ဆွေကောင်းကို ရှာဖွေပေါင်းသင်းမှီခိုနေထိုင် ရမည်။

ဤနှစ်ချက်ပြည့်စုံလျှင် နှလုံးသွင်း(စိတ်ကူး) ကောင်းမွန်ပြီး ရည်ရွယ်ချက်ပါမှန်ကန်ကောင်းမွန်ကာ ကိုယ့်ကျိုး၊ သူ့အကျိုးဟူသော အကျိုးစီးပွားတို့ကို တွင်ကျယ်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ပေသည်၊ ရံဖန်ရံခါ ရည်ရွယ်ချက်ကောင်းမွန်သော်လည်း ယင်း၏အခြေခံ အကြောင်းအရင်းများဖြစ်သော သူတော်ကောင်းတရားနာကြားမှု၊ မိတ်ကောင်း၊ ဆွေကောင်းများ ပေါင်းသင်းမှုဟူ သောအကြောင်းများ အားနည်းခဲ့သဖြင့် နှလုံးသွင်း လွဲမှားကာ ရည်ရွယ်ချက် လမ်းပျောက် သွားတတ်သည်။

သာဓကအားဖြင့် ဘုရားရှင်လက်ထက်တော်က သုနက္ခတ္တခေါ် ရဟန်းတစ်ပါးရှိခဲ့၏၊ မြတ်စွာဘုရား၏ အနီးပါး၌နေထိုင်ပြီး ရံခါဘုရားရှင်၏ နောက်တော်ပါးမှ ပစ္ဆာသမဏအဖြစ် ဆွမ်းခံကြွရ၏၊ တစ်နေ့ ထူလုဇနပုဒ် ဥတ္တရကာနိဂုံးသို့ ဘုရားရှင်နှင့်အတူ ဆွမ်းခံကြွစဉ် လမ်းခုလပ်၌ ခွေးကဲ့သို့ လေးဘက်ထောက်သွားလျက် မြေပေါ်၌ ပုံထားသော အစာကို ပါးစပ်ဖြင့်ဟပ်စားနေသော အဝတ်မဝတ်သည့် ကောရခတ္တိယ တက္ကတွန်းကို တွေ့ရ၏၊ ထိုအခါ သုနက္ခတ်ရဟန်း၏ စိတ်၌ "ဒီပုဂ္ဂိုလ်မျိုးမှ ချီးမွမ်းထိုက်သူ သူတော်ကောင်း"ဟု ရဟန္တာတစ်ပါးအသွင် လွဲမှားစွာ တွေးထင်၏၊ သူ၏ စိတ်အကြံကို ဘုရားရှင်သိတော်မူ၍ ဆုံးမပါသော်လည်းမရ၊ ဘုရားရှင်ကိုပင် "အရဟတ္တဖိုလ်ကို ဝန်တိုသူ"ဟု စွတ်စွဲပြောဆိုပြီး သာသနာတော်ကို ကျောခိုင်းထွက်ခွါသွား၏။

စင်စစ် သုနက္ခတ်ရဟန်းသည် ရည်ရွယ်ချက်ကောင်းဖြင့် သာသနာတော်သို့ ဝင်ရောက်လာသူဖြစ်၏၊ သို့သော် သူတော်ကောင်းတရား နာကြားမှု၊ သူတော်ကောင်းကို ပေါင်းသင်းနေထိုင်မှုဟူသော အခြေခံအကြောင်းများ အားနည်းပျက်ယွင်း ခဲ့သဖြင့် ကောရခတ္တိယတက္ကတွန်းကို တွေ့ရှိအားကျပြီး နှလုံးသွင်းမှားယွင်းသွားသောကြောင့် ရည်ရွယ်ချက်လမ်းလွဲကာ လုပ်ဆောင်ချက်ပါ မှားယွင်းသွားခဲ့လေသည်၊ သာသနာတော်၏ အပြင်ဘက်သို့ ရောက်သွားရပေသည်။

အခြေခံအကြောင်းများ ပြည့်ဝသဖြင့် ရည်ရွယ်ချက်မှန်ကန်လျှင် လုပ်ဆောင်ချက်ပါ မှန်

ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဟူသော

သဘော ၄-ချက်

ဟန်ချက်ညီအောင် ကြိုးစားပြီး

မှန်ကန်သည့် ရည်ရွယ်ချက်နှင့်အညီ

လုပ်ဆောင်လျှင်

အောင်မြင်မှုများစွာကို

မချကေန်ရမည်သာ ဖြစ်ပေသည်။

ကန်ပြီး ကောင်းမွန်သည့် အကျိုးတရား အသီးအပွင့်များကို ခံစားရနိုင်ပေသည်၊ ဘုရားရှင်လက်ထက်တော်က ထုလ္လကောဋ္ဌိကရွာသား ရဋ္ဌပါလအမျိုးသားသည် သူတော်ကောင်းအစစ်ဖြစ်တော်မူသော မြတ်စွာဘုရားနှင့် ဆုံဆည်းဖူးမျှော်ခွင့်ရရှိခဲ့၏၊ တရားတော်ကို နာကြားခွင့်ရခဲ့၏၊ ဤအခြေခံကောင်းများကြောင့် တွေးခေါ်ယူဆချက်များ ရင့်ကျက်လာကာ မြတ်သော သမဏဓမ္မပြုပွစရိယ ကျင့်စဉ်များကို အိမ်နေလူများ ကျင့်သုံးရန်မလွယ်ကူ ရဟန်းဘဝဖြင့်သာ လွယ်ကူစွာကျင့်သုံးရရှိနိုင်မည်ဖြစ်ကြောင်းသိရှိပြီး ရဟန်းပြုခဲ့၏၊ ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတရားတောင်းပြီး စနစ်တကျ အားထုတ်ကြိုးစားခဲ့သဖြင့် -

မကြာမီ အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်ခဲ့၏၊ ဤသည်မှာ ရည်ရွယ်ချက်နှင့် အလုပ် တစ်ထပ်တည်းကျပြီး မှန်ကန်ကောင်းမွန်ခဲ့မှုကြောင့် ဖြစ်ပေသည်။

ယင်းသို့ ရည်ရွယ်ချက်နှင့်အညီ လုပ်ဆောင်ရာ၌ အောင်မြင်မှုရရှိစေရန် တရားလေးချက်ကိုလည်း သတိချပ်ရမည်ဖြစ်သည် -

(၁) ဆန္ဒပြင်းထန်ရမည်၊
(၂) ဇွဲရှိရမည်၊
(၃) စိတ်ဓာတ်ကြံ့ခိုင်ရမည်၊
(၄) အခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်ရမည်၊

ဤတရား ၄-ပါးကို လုပ်ငန်းပြီးစီးအောင်မြင်ရန် အခြေခံအကြောင်းများဟူ၍၎င်း၊ မိမိနှင့် စပ်ဆိုင်ရာ အားလုံးအပေါ် ပြိုင်ဘက်မရှိ စိုးမိုးနိုင်သော တရားများဟူ၍၎င်း ခေါ်ဆိုရ၏၊ ဤ ၄-ချက်တွင်လည်း အခြေအနေကို မှန်ကန်စွာ သုံးသပ်နိုင်မှု ဝီမံသ(ပညာ)သည် ပဓာနကျ၏၊ ဆန္ဒ၊ ဇွဲ၊ စိတ်ဓာတ်မည်မျှပင် ပြင်းထန်ပါစေ မှန်ကန်စွာ သုံးသပ်နိုင်မှု ပညာအားနည်းနေလျှင် မီးရှာသော ယောကျာ်း မီးမရသကဲ့သို့ ဖြစ်ရတတ်၏။

* ယောကျာ်း မီးရှာ၊ ညဥ့်အခါဝယ်
ရောင်ဝါထွန်းမြူး၊ ပိုးစုန်းကြူးသို့
မူးတူးမင်တင်၊ ကယ်ကောင်းထင်၍
တောက်ရှင်နိုးနိုး၊ မှိုက်ကောက်ရိုးဖြင့်
မှုတ်ကြိုးသံပ၊ လက်မချသို့ . . . ဟု ရှင်မဟာရဋ္ဌသာရ ဆိုးမထားခဲ့၏၊ ညဥ့်အခါတောကြီးမျက်မည်းထဲ၌ မီးရလိုသော ယောကျာ်းသည် ဟိုဟိုဒီဒီ ပျံသန်းနေသော ပိုးစုန်းကြူးလေးများကို ဖမ်းယူပြီး အမှိုက်ကောက်ရိုးတို့ဖြင့် စုရုန်းကာ မီးရနိုင်မည်အထင်ဖြင့် ကြိုးကြိုးစားစားမှုတ်ခဲ့၏၊ သို့သော် သူရလိုသော မီးကား မရရှိပါပေ၊ အကြောင်းမှာ အနှီယောကျာ်း၌ ပိုးစုန်းကြူးမှ မီးရနိုင်၊ မရနိုင်ဟူသော အခြေအနေမှန်ကို သုံးသပ်နိုင်မှု ပညာဉာဏ် မရှိသောကြောင့်ဖြစ်၏။

ထို့ကြောင့် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဟူသော သဘော ၄-ချက် ဟန်ချက်ညီအောင် ကြိုးစားပြီး မှန်ကန်သည့် ရည်ရွယ်ချက်နှင့်အညီ လုပ်ဆောင်လျှင် အောင်မြင်မှုများစွာကို မုချဧကန်ရမည်သာဖြစ်ပေသည်။

ဤသဘောကို လက်တွေ့သရုပ်ထုတ်ပြခဲ့သည်ကား အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ပေတည်း၊ ဤစာသင်တိုက်သည် (၁၇)နှစ်ကာလအတွင်းမှာပင် ရွှေရတု တိပိဋကရေ၊ တိပိဋကကောဝိဒ အရှင်သီလက္ခန္ဓာဘိဝံသအပါအဝင် သက်ျသီဟ၊ စေတီယင်္ဂဏ၊ ဓမ္မာစရိယ၊ ပထမကျော်စသော သာသနာ့အာဇာနည် အရှင်မြတ်မြောက်များစွာကို မွေးထုတ်လျက် သာသနာ့အောင်လံ လွှင့်ထူးနိုင်ခဲ့ပေသည်၊ မြန်မာပြည် တစ်နံတစ်လျား ရွာမစာသင်တိုက်၏ ဂုဏ်သိက္ခာ တစ်နေ့တစ်ခြား မြင့်မားလာအောင် ဆောင်ရွက်နိုင်ခဲ့ပေသည်၊ ဤကဲ့သို့ အောင်မြင်မှုအလီလီ ဖြစ်ထွန်းလာခဲ့သည်မှာ ယခုဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူသော ကျေးဇူးရှင် ပဓာနနာယကဆရာတော်ဘုရားကြီး၏ သာသနာပြုစိတ်ဓာတ်နှင့်

အားထုတ်မှုစွမ်းပကားများကြောင့်ပင် ဖြစ်ပေသည်၊ ဆရာတော်ကြီးသည် သာသနာတော်အတွက် မှန်ကန်သည့် ရည်ရွယ်ချက်နှင့် လုပ်ရပ်တို့ကို တစ်ထပ်တည်းကျအောင် စွမ်းဆောင်တော်မူခဲ့၏။

ရည်ရွယ်ချက်ပေါ် အခြေခံ၍-

(၁) သာသနာတော်တည့်တံ့ ပြန့်ပွားစေလိုသည့် ဆန္ဒ၊

(၂) မဖြစ်မနေကြိုးစားအားထုတ်သည့် ဝီရိယ၊

(၃) စာသင်တိုက်တိုင်း တွေ့ကြုံရမြဲဖြစ်သည့် စားဝတ်နေရေး, ကျန်းမာရေး စသည် တာဝန်တို့ကို ကြံ့ကြံ့ခံနိုင်သည့် စိတ်ဓါတ်၊

(၄) မိမိရည်ရွယ်ချက်ကို အကောင်အထည်ဖော် စွမ်းဆောင်ပေးနိုင်သည့် တိုက်အုပ်ဆရာတော်ကဲ့သို့သော ပုဂ္ဂိုလ်မြတ်ကို ရှာဖွေချီးမြှောက်နိုင်မှု ပညာတို့သည် ဆရာတော်ကြီး ၏ စွမ်းအားများပင်ဖြစ်၏၊

ကျေးဇူးတော်ရှင် ဆရာတော်ကြီးသည် စာသင်တိုက်ကြီးအတွက် ပစ္စည်းလေးပါးတို့ဖြင့် ပံ့ပိုးပေး၏၊ တိုက်အုပ်ဆရာတော်ကား အုပ်ချုပ်ရေး, ပညာရေးတို့ဖြင့် လစ်ဟင်းမှုမရှိအောင် နေ့နေ့ညည ကြောင့်ကြစိုက်တော်မူ၏၊ ဆရာတော်ကြီး ၂-ပါးတို့၏ စွမ်းပကားကြောင့် ရွာမပရိယတ္တိစာသင်တိုက်ကြီးသည် သာသနာတော်၌ "စိန်ထွက်သည့် မြဂ္ဂုပမာ"ထင်ရှားလာခဲ့ပေသည်၊ စွမ်းရည်ထက်မြက်သည့် တပည့်ပေါင်းများစွာပေါ်ထွန်းလာခဲ့သည်၊ တပည့်ပရိသတ်များ များပြားလာသည်နှင့်အမျှ မြန်မာပြည် တစ်နံတစ်လျား ပရိယတ္တိစာသင်တိုက်ခွဲများ, ပဋိပတ္တိတရားတိုက်ခွဲများ အစီအရီ ပေါ်ထွက်လာခဲ့ပေသည်။

ဤကဲ့သို့ မျှော်လင့်ချက်မဖက် သာသနာပြုစိတ်ဓာတ် သက်သက်ဖြင့် ဆောင်ရွက်တော်မူခဲ့ကြသော ကျေးဇူးတော်ရှင် ဆရာတော်ကြီး ၂-ပါးတို့၏ မှန်ကန်သည့် ရည်ရွယ်ချက်နှင့် လုပ်ရပ်

---

ဆရာတော်ကြီး ၂-ပါးတို့၏

စွမ်းပကားကြောင့်

ရွာမပရိယတ္တိစာသင်တိုက်ကြီးသည်

သာသနာတော်၌

**"စိန်ထွက်သည့် မြဂ္ဂုပမာ"**

ထင်ရှားလာခဲ့ပေသည်၊

စွမ်းရည်ထက်မြက်သည့် တပည့်ပေါင်းများစွာ

ပေါ်ထွန်းလာခဲ့သည်၊


---

တို့၏ အကျိုးဂုဏ်ကို အာရုံပြုလျက် နိုင်ငံတော်အစိုးရက "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ကို ကပ်လှူပူဇော်ခဲ့လေပြီ၊ ယခုလည်း ကျေးဇူးတော်ရှင် သက်တော်ရှည် ဆရာတော်ကြီး၏ သီလ, သမာဓိ, ပညာ, ရတ္တညု, မဟာနာယကဂုဏ်အဖြာဖြာတို့ကို အာရုံပြုလျက် "အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"ဟူသော အမြင့်ဆုံးသာသနာပြုဘွဲ့တံဆိပ်တော်ဖြင့် ထပ်ဆင့်ပူဇော်ပြန်သဖြင့် နှစ်ထောင်းအားရဖြစ်လျက် လ, နေ နှစ်စင်း အပြိုင်လင်းသည့်နှယ် ရွာမတွင်ခေါ် သာသနာ့မြေပေါ်၌ ဆရာတော်နှစ်ပါး သက်ရှည်ကျန်းမာစွာ သာသနာပြုနိုင်ပါစေကြောင်း မေတ္တာရေလောင်းရင်း ဤဆောင်းပါးဖြင့် ဂုဏ်ပြုပူဇော်လိုက်ရပေသည်။

◆ **အရှင်စန္ဒသိရိ**

ဟသ်ာတ - မြစ်ကွေ့


(၂၇-၁၁-၂၀၀၇)



# မြန်မာ့မြေမှ စေတီများ

* ကမ္ဘာဦးခါ၊ မိုးတွေရွာချ
ရော,ချင်းတွင်း၊ မြစ်နှစ်စင်းလည်း
ဖြစ်ထွန်းပြီးစ၊ မြောက်ဘက်မှသည်
တောင်ရပ်ဆီသို့၊ နဂါးတို့ပမာ
ကွေ့ကာကောက်ခါ၊ စီးဆင်းလာ၍
တွေ့ဆုံပေါင်းစည်း၊ ခွန်အားကြီးလျက်
စည်ပင်ခက်ဖြာ၊ သက်ဝင်လာသည်
ပုံတောင်ဂျီယာ၊ အညာသားတွေက
မြန်မာ့ဘဝ စလာခဲ့။
* ကမ္ဘာဦးတွင်၊ ပင်မလူများ
သားစိမ်းစားရှာ၊ ၎င်းတို့မှာလေ
ငါတို့ဘိုးဘေး၊ သွေးအစပင်
သံလွင်,စစ်တောင်း၊ မြစ်ချောင်း,အင်းအိုင်
ဂနိုင်မြိုင်တော၊ သားကောင်ပေါလှ
တောင်ကြောတွေမှာ၊ ရှာဖွေပစ်ခတ်
သတ်ဖြတ်ပြီးစား၊ ပျံ့နှံ့သွားကာ
ဂူများမှာနေ၊ တောင်တွေပတ်ဝိုင်း
မြူခြေစိုင်းလို့၊ မြင်တိုင်းလှပ
မှိုင်းပြပြနှင့်၊ လွမ်းစရာနော်
သူတို့ပျော်ခဲ့၊ ဩော် . . သက္ကရာဇ်တွေ
နှစ်ပေါင်း သန်းချီကြာရှည်ခဲ့။
* ပြဒါးလင်းဂူရဲ့၊ အရိုင်းလူကာလ
ပန်းချီစရေး၊ မီးတွေမွှေးကြ
ဒုတ်မပါစေ၊ လူကြမ်းတွေဘဝ
စိုက်ပျိုးကြလို့၊ တစစဖြင့်
လူယဉ်ဆင့်တိုး၊ ဗိဿနိုးမှာ
အိုးတွေကို ဖုတ်၊ မြို့ရိုးအုတ်ဖြစ်
ပျူခေတ်ရောက်လာ၊ အက္ခရာစာစီ
စေတီတည်ပြီး၊ တီး မှုတ်ကကြ
မြူးကြွကြွဟန်၊ ပုဂံစတည်
နော်ရထာမည်ရ၊ ဘုရင်မှစ
ဗုဒ္ဓဘုရား၊ စံပြထား၍
တရားကိုးကွယ်၊ ကဗျည်းတွယ်လျက်
ဒီမယ်မွေနှစ်၊ ကျန်နေရစ်ဖို့
ကုန်းမို့မို့နှင့်၊ တောင်တို့မည်သည်
စေတီ တည်စေ၊ ထုံးဖြူတွေသ
ရွှေတွေချ၍၊ မြန်မာ့မြေဟု
ဘိုးတွေ ဘွားတွေ ထားရစ်ခဲ့။
* မြေး,မြစ်လက်ထက်၊ အဆက်ဆက်လည်း
မပျက်မလွတ်၊ တီ, တွတ်ခေတ်လည်း
ထိုသို့နည်းတူ၊ ပုထိုး ဂူ ဘုရား
စေတီများကို၊ တည်ထားကိုးကွယ်
အနယ်နယ်မှာ၊ ရွာငယ်မှစ
မြို့ပြစသည်၊ စေတီရှိမှ
တင့်တယ်စွ လေ၊ ရွှေရောင်အဆင်း
တဝင်းဝင်းနှင့်၊ လင်းရောင်ခြည်ဖြာ
ဗုဒ္ဓသာသနာ၊ ကမ္ဘာမှာလည်း
ဆည်းလည်းသံလွင်၊ တချွင်ချွင်ဖြင့်
ပျံ့လွင့်လို့နေ၊ လူတို့ပြည်မှာ
ရွှာကြီးတရွာ ဖြစ်လာခဲ့။ ။

**မောင်ဒီ**



# လူတော်လူကောင်း (သို့မဟုတ်) လူကောင်းလူတော်

**ပထမကျော်-ဦးစံသင်းလှိုင်**

ရှေးယခင်က လူတော်ကို ရှေ့မှထား၍ "လူတော်လူကောင်း"ဟု သုံးနှုန်းခဲ့ကြပါ၏။ နောင်သောအခါ အာဏာရှိသူပုဂ္ဂိုလ်ကြီးတစ်ဦးက လူကောင်းရဖို့ ခဲယဉ်းကြောင်း၊ တော်ဖို့ထက် ကောင်းဖို့လိုကြောင်း၊ ကောင်းသူကို တော်အောင် သင်ပေး၍ရကြောင်း စသည်ဖြင့် ဩဝါဒခြွေခဲ့ရာ ထိုအခါမှစ၍ လူကောင်းကို ရှေ့မှထားပြီး "လူကောင်းလူတော်ဟု ပြောင်းလဲသုံးနှုန်းခဲ့ကြပါသည်။ ဤအချက်ကို စာရေးသူ ငယ်စဉ်ကဖြစ်သော်လည်း အထူးသတိပြုခဲ့မိပါ၏။ အသိပညာ အတတ်ပညာနှင့်ပြည့်စုံသူကို လူတော်ဟုသတ်မှတ်ပြီး ကိုယ်ကျင့်သိက္ခာနှင့်ပြည့်စုံသူကို လူကောင်းဟု သတ်မှတ်ခြင်းဖြစ်ပါ၏။

ဤတွင် စောဒကတက်သူများရှိခဲ့ကြပါ၏။ အမရာ, ကိန္နရီ, မဒ္ဒီ, သမ္ဘုလတို့ကို "တော်လေးဝ" ဟူ၍ မော်ကွန်းထိုးခဲ့ခြင်းမှာ ၎င်းတို့၏ ကိုယ်ကျင့်သိက္ခာစံကို အသိအမှတ်ပြု၍ ထိုးခဲ့ခြင်းဖြစ်ပါ၏။ သို့သော် ကိုယ်ကျင့်သိက္ခာအရ "ကောင်းလေးဝ" ဟုမော်ကွန်းထိုးခြင်း မပြုဘဲ "တော်လေးဝ"ဟူ၍ သာ မော်ကွန်းထိုးခဲ့သည်ကို သတိပြုသင့်ပါ၏။အရည်အချင်းရှိပြီး တော်လည်းတော်၍ "တော်လေးဝ" ဟုသတ်မှတ်ခဲ့သည်ဆိုလျှင်သော်မှ တော်ခြင်းထက် ၎င်းတို့၏ ကိုယ်ကျင့်သိက္ခာမြင့်မားမှု၊ သစ္စာရှိမှုတို့ကို အများက သိထားကြပါ၏။ ထို့ကြောင့် ကိုယ်ကျင့်သိက္ခာနှင့်ပြည့်စုံသူကို လူတော် ဟုဆိုလျှင်သော်မှ ရနိုင်ကောင်းရာ၏၊ တော်နှင့် ကောင်းတို့၏ အဓိပ္ပါယ်ဖွင့်ဆိုမှု၊ ရှေ့နောက် ဦးစားပေးမှုတို့မှာ စဉ်းစားစရာပင် ဖြစ်လာပါ၏။

## ဝိဇ္ဇာနှင့်စရဏ

မည်သို့ပင်ဖြစ်စေ ဤ၌ လူတော်လူကောင်းကို ဝိဇ္ဇာစရဏနှင့် တိုင်းတာလိုပါ၏။ အသိပညာ အတတ်ပညာကို ဝိဇ္ဇာ-ဟု ယူရ၍ ကိုယ်ကျင့်သိက္ခာကို စရဏ-ဟု ယူရပါ၏။ လူတော်လူကောင်းဖြစ်ရန် ဝိဇ္ဇစရဏနှင့်ပြည့်စုံဖို့ လိုပါ၏။ ဝိဇ္ဇာစရဏနှင့်ပြည့်စုံသူကို "လူတော် လူကောင်း"ဟု အသိအမှတ်ပြု

ပါ၏။ ယုံကြည်ကိုးကွယ်မှုဆိုင်ရာဘာသာတရားသည် လူသားတို့သန္တာန်၌ မှန်ကန်သော အသိပညာ အတတ်ပညာများရရှိစေရန် သင်ကြားပေးသည့်အပြင် ခိုင်မာသော ကိုယ်ကျင့်သိက္ခာကိုလည်း တည်ဆောက်ပေးပါ၏။ ဤမြန်မာနိုင်ငံ၌ ရေခံမြေခံ ဗုဒ္ဓ၏ ထေရဝါဒရှိ၏။ မိမိတို့၏ ရေခံမြေခံ ထေရဝါဒမှရရှိသည့် ဝိဇ္ဇာစရဏတို့ဖြင့်သာ မြန်မာနိုင်ငံသားတို့၏ ဘဝဆန္ဒများကို ဖြည့်ဆည်းရန် အားထုတ်သင့်ကြပါ၏။

မွေးရာပါ ဘဝဆန္ဒဟူသည်မှာ မွေးကတည်းက လူတိုင်းတွင် ပါလာသော ခန္ဓာငါးပါး၏ တောင်းဆိုချက်များဖြစ်ပါ၏။ ရူပက္ခန္ဓာ၏ တောင်းဆိုချက်အရ ကောင်းကောင်းစားလို၊ ကောင်းကောင်းဝတ်လို၊ ကောင်းကောင်းနေလို၊ ကျန်းမာလို၏။ ဝေဒနာက္ခန္ဓာ၏ တောင်းဆိုချက်အရ ကာယသုခ ပြည့်စုံရှိမှုနှင့် မကျေနပ်သေးဘဲ သီဆိုတီးမှုတ်ကကြ ခုန်ကြ မြူးတူးပျော်ပါး ကစားကြ၏။ သညာက္ခန္ဓာ၏ တောင်းဆိုချက်အရ ချမ်းမြေ့ပျော်ရွှင်ကြည်နူးရှိမှုနှင့် မကျေနပ်သေးဘဲ အသိပညာရှင် အတတ်ပညာရှင် ဖြစ်လို၏။ ထိုသို့ဖြင့် ပညာရပ် အသီးသီးနှင့် ပတ်သက်သော စာပေကျမ်းဂန်များ ပေါ်ပေါက်လာရ၏။ သင်္ခါရက္ခန္ဓာ၏ တောင်းဆိုချက်အရ လက်ရှိအခြေအနေတွင် ကျေနပ်မနေဘဲ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာအောင် ကြံဆောင်လေ၏။ ထိုသို့ဖြင့် ကျောက်ခေတ်မှ ယနေ့ အာကာသခေတ်သို့ ရောက်ရှိလာခြင်းဖြစ်၏။ "ထာဝရဘုရား" ပဓာနခေတ်မှ "လူသား" ပဓာနခေတ်သို့ ရောက်ရှိလာခြင်း ဖြစ်၏။ ဝိညာဏက္ခန္ဓာ၏ တောင်းဆိုချက်အရ တည်ထွင်ကြံဆတတ်ရုံနှင့် မကျေနပ်သေးဘဲ စိတ်ထားဖြူစင်မြင့်မြတ်ပြီး လောက၏ အကျိုးစီးပွားကို ဆောင်ရွက်လို၏။ ထို့ကြောင့်လည်း ဤလောက၌ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဘာသာတရားအမျိုးမျိုး ပေါ်ပေါက်လာရခြင်း ဖြစ်ပါ၏။

သံသရာခရီးသည်အနေဖြင့် ၃၁-ဘုံအတွင်း
လှည့်လည်ရေးအတွက်လည်းကောင်း၊
၃၁-ဘုံမှလွတ်မြောက်ရေးအတွက်လည်းကောင်း၊
အားထုတ်ရာတွင် မျက်စိနှင့်တူသော ဓမ္မ၊
ခြေနှင့်တူသော ဝိနယတို့ကို
အစုံလိုက် အသုံးချဖို့ လိုအပ်ပါ၏။
ထိုသို့အသုံးချနိုင်ပါမှ လူတော်လည်း ဖြစ်နိုင်၍
လူကောင်းလည်း ဖြစ်နိုင်ပါ၏။
ဓမ္မနှင့် ပြည့်စုံလျှင် လူတော်ဖြစ်၍
ဝိနယနှင့် ပြည့်စုံလျှင် လူကောင်းဖြစ်ပါ၏။
ဓမ္မဝိနယ နှစ်ပါးနှင့် ပြည့်စုံလျှင်
လူတော်လူကောင်းဖြစ်ပါ၏။

ဗုဒ္ဓဘာသာစာပေများ၌ တဏှာမာနဒိဋ္ဌိတို့ဖြင့် စွဲလမ်းသော အတ္တကို ပယ်သတ်ရန် သွန်သင်ချက်များရှိပါ၏။ ဤသွန်သင်ချက်များအရ မည်မျှအကောင်အထည် ဖော်နိုင်ကြပါသနည်း။ လက်တွေ့တွင်မူ အတ္တကို မပယ်သတ်နိုင်သည့်အပြင် အတ္တပွားစီးကြောင်း အလုပ်ကိုသာ လုပ်နေကြသည်ကို တွေ့ရပါ၏။ တဏှာဖြင့်အတ္တကိုစွဲလန်းသောအခါ မည်သူမဆို မိမိကိုယ်ကိုသာ ဤလောက၌ ချစ်စရာအကောင်းဆုံးဟု သတ်မှတ်၏။ ထိုသောအခါ မိမိ၏ ခန္ဓာကိုယ်ကို သက်သာအောင်ထား၏။ ရေသာခို အချောင်လိုက်၏။ အခွင့်အရေးဟူသမျှကို မရ-ရအောင် ယူ၏။ အနည်းငယ်မျှ အနစ်နာမခံ၊ မဖြစ် မနေပေးရမည်ဆိုလျှင်သော်မှ အညံ့ကို ရွေး၍ပေး၏။ ငွေစက္ကူနှစ်ရွက်ရှိလျှင် အနွမ်းအစုတ်တစ်ရွက်ကို ရွေးပေးတတ်၏။ မာနဖြင့် အတ္တကို စွဲလန်းသောအခါ ဘဝင်မြင့်၏။ မိမိကိုယ်ကိုသာ အတော်ဆုံးအတတ်ဆုံးဟု အထင်ကြီး၏။ ဒိဋ္ဌိဖြင့် အတ္တကို စွဲလန်းသောအခါ

မိမိကိုယ်ကို အခိုင်အမာသတ်မှတ်၏။ ပတ်ဝန်းကျင်က မိမိကိုသာ အားကိုးစေလို၏။ မိမိကို ဦးဆောင်သူအဖြစ် မှတ်ယူစေလို၏။ မိမိမရှိ လျှင်မဖြစ်ဟု သဘောထားစေလို၏။ မိမိသည်သာ အရာရာတိုင်း၏ ဗဟို၊ အချက်အခြာဖြစ်သည်ဟု ယုံကြည်၏။ ဤသည်တို့မှာ ဝိဇ္ဇာနှင့် စရဏတို့ အချင်းချင်း မညီညွတ်မှုကြောင့် ဖြစ်ပေါ်လာရသော အစွဲအလန်းများဖြစ်ပါ၏။ ဝိဇ္ဇာနှင့်စရဏကို နှစ်ဖြာမျှတ လက်တွေ့ အသုံးမချနိုင်သောကြောင့် ဖြစ်ပေါ်လာရသော အကျည်းတန် အရုပ်ဆိုးမှုများဖြစ်ပါ၏။

## ဓမ္မနှင့် ဝိနယ

ဗုဒ္ဓမြတ်စွာ ၄၅-ဝါတိုင်တိုင် ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များကို နှစ်ပုံပြု၍ ဓမ္မနှင့်ဝိနယဟူ၍ ဆိုကြ၏။ ဓမ္မသည် ဝိဇ္ဇာသဘောရှိ၍ ဝိနယသည် စရဏသဘော ရှိကြောင်းလည်း ဆိုကြပါ၏။ ဓမ္မသည် မျက်စိနှင့်တူ၍ ဝိနယသည် ခြေနှင့်တူသည်ဟူ၍လည်း ဆိုကြပါ၏။ သတ္တဝါတို့သည် သံသရာခရီးသွားများ ဖြစ်ကြလေရာ မျက်စိပါဖို့လိုသလို ခြေပါဖို့လည်း လိုပါ၏။ မိမိလိုရာခရီးသို့ ရောက်နိုင်ရေးအတွက် မျက်စိမြင်ဖို့လိုသလို ခြေသန်မာဖို့လည်း လိုပါ၏။ သံသရာခရီးသည်အနေဖြင့် ၃၁-ဘုံအတွင်း လှည့်လည်ရေးအတွက်လည်းကောင်း၊ ၃၁-ဘုံမှလွတ် မြောက်ရေးအတွက်လည်းကောင်း၊ အားထုတ်ရာတွင် မျက်စိနှင့်တူသော ဓမ္မ ခြေနှင့် တူသော ဝိနယတို့ကို အစုံလိုက် အသုံးချဖို့ လိုအပ်ပါ၏။ ထိုသို့အသုံးချနိုင်ပါမှ လူတော်လည်း ဖြစ်နိုင်၍ လူကောင်းလည်း ဖြစ်နိုင်ပါ၏။ ဓမ္မနှင့် ပြည့်စုံလျှင် လူတော်ဖြစ်၍ ဝိနယနှင့် ပြည့်စုံလျှင် လူကောင်းဖြစ်ပါ၏။ ဓမ္မဝိနယ နှစ်ပါးနှင့် ပြည့်စုံလျှင် လူတော်လူကောင်းဖြစ်ပါ၏။ ထိုသို့ တရားဒေသနာတော်များကို ဓမ္မနှင့်ဝိနယဟူ၍ နှစ်ပုံပြုရာ၌ ဓမ္မတွင် အဘိဓမ္မနှင့် သုတ္တန္တတို့ ပါဝင်ကြောင်း နားလည်အပ်ပါ၏။

ဓမ္မဝိနယခေါ် ထိုတရားဒေသနာတော်များကို အဘိဓမ္မ၊ သုတ္တန္တ၊ ဝိနယဟု သုံးစုပြု၍ ပိဋကတ်အားဖြင့်လည်း ခွဲခြားသတ်မှတ်ခဲ့ကြပါ၏။ အဘိဓမ္မပိဋက�germ၌ သက်ရှိသက်မဲ့အရာဝတ္ထုအားလုံး၏ သဘာဝဓမ္မ ပရမတ္ထတို့ကို ဖော်ပြထားပါ၏။ သုတ္တန္တပိဋက၌ ဝေနေယျတို့၏ အဇ္ဈာသယအလိုက် အထိုက်အသင့် ကျင့်နည်း ကျင့်ဟန်ကို ပုံစံတကျ ဟောညွှန်ပြထားပါ၏။ ဝိနယပိဋက၌ လိုက်နာကျင့်သုံးရမည့် ရှောင်ရန် ဆောင်ရန် ကျင့်ဝတ်သိက္ခာများကို ဖော်ပြထားပါ၏။ သံဃာတော်များကို ပဓာနပြု၍ ဖော်ပြခြင်းဖြစ်သော်လည်း လူပုဂ္ဂိုလ်များအတွက်လည်း အပဓာနအားဖြင့် ဖော်ပြရာရောက်ပါ၏။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော ထိုဓမ္မနှင့် ဝိနယတို့ကို ဤလောက၌ ပုံစံမပျက်မူရင်းအတိုင်း တည်ပါစေခြင်းငှာ အရှင်မဟာကဿပ အမှူးပြုသော မထေရ်တို့က သံဂါယနာတင်တော်မူခဲ့ကြခြင်း ဖြစ်ပါ၏။ ဓမ္မဝိနယမီးတိုင်ကို ရာဇဂြိုဟ်၌ စတင်ထွန်းညှိခဲ့ခြင်းဖြစ်ပါ၏။ ဓမ္မဝိနယမီးတိုင်သည် ရာဇဂြိုဟ်မှစတင်ခဲ့သော်လည်း ယနေ့မျက်မှောက်ကာလခေတ်တွင် ကမ္ဘာ့နေရာအနှံ့၌ တည်ရှိ၍ နေလေပြီ။

ယနေ့မျက်မှောက်ခေတ်သည် အတွေးအခေါ်ကို ဦးစားပေးသောခေတ်ဖြစ်သည့်အလျောက် ထေရဝါဒပိဋကတ်စာပေတွင် မည်သည့်သုတ်သည် ဘုရားဟောမဟုတ်ဘဲ နောက်မှထည့်ထားသော သုတ်ဖြစ်ကြောင်း၊ မည်သည့်သုတ်သာ မူရင်းဖြစ်ကြောင်း စသည်ဖြင့် စိစစ်လေ့လာခဲ့ကြသည်ကို တွေ့ရပါ၏။ ထိုသို့စိစစ်ခြင်းမှာ ထေရဝါဒပိဋကတ်အစစ်ကိုသာ တန်ဖိုးထားသောကြောင့် ဖြစ်ပါ၏။ ယနေ့ မြန်မာနိုင်ငံ၌ရှိသော ပါဠိတော် အဋ္ဌကထာဋီကာ စသည့် ပါဠိပိဋကတ်တော်များသည် မူရင်းစစ်များသာဖြစ်ကြောင်း မြန်မာဗုဒ္ဓဘာသာဝင်အားလုံးက ယုံကြည်လက်ခံထားကြပြီး ဖြစ်ပါ၏။ ဤဓမ္မဝိနယ မီးတိုင်ကို

လက်ဆင့်ကမ်းသယ်ဆောင်လာသူများကို ဂန္ထဓုရ ပုဂ္ဂိုလ်များဟုခေါ်၏။ ထိုအထဲတွင် ဘဒ္ဒန္တ နန္ဒဝံသ နှင့် သူ၏တပည့်များပါဝင်ခဲ့ကြပါ၏။မိမိတို့သွားလို ရာလမ်း ဖြောင့်တန်းစွာမြင်ရန် ဓမ္မဝိနယမီးတိုင် အသုံးပြုသူများကို ဝိပဿနာဓုရ ပုဂ္ဂိုလ်များဟု ခေါ်၏။ ထိုထဲတွင်လည်း ဘဒ္ဒန္တနန္ဒဝံသနှင့် တပည့် များ ပါဝင်ခဲ့ကြပါ၏။ ဘဒ္ဒန္တ နန္ဒဝံသနှင့် တပည့်များ သည် ဂန္ထဓုရ၊ ဝိပဿနာဓုရဟူသော သာသနာ့ တာဝန်နှစ်ရပ်ကို စဉ်ဆက်မပြတ် ထမ်းဆောင်ခဲ့ ထမ်းဆောင်တတ်ကြသောကြောင့်ပါတည်း။

## ပရိယတ်နှင့်ပဋိပတ်


ဂန္ထဓုရနှင့်ပရိယတ်၊ ဝိပဿနာဓုရနှင့် ပဋိပတ် တို့သည် အနက်အဓိပ္ပါယ်တူ ဝေဝုစ်ပရိယာယ် စကားလှယ်များ ဖြစ်ကြပါ၏။ ပရိယတ်သည် စာပေကျမ်းဂန်သင်အံလေ့ကျက်ခြင်းဖြစ်၍ ဝိဇ္ဇာသဘောရှိပါ၏။ ပဋိပတ်သည် လက်တွေ့ကျင့် သုံးကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြစ်၍ စရဏ သဘောရှိပါ၏။ ပရိယတ်အသိပညာ အရည် အချင်းပြည့်စုံသူကို လူတော်ဟုခေါ်ဆိုနိုင်ပြီး ပဋိပတ် ကိုယ်ကျင့်သိက္ခာနှင့်ပြည့်စုံသူကို လူကောင်းဟု ခေါ်ဆိုနိုင်ပါ၏။ ပရိယတ်အသိပညာ အရည် အချင်း၊ ပဋိပတ်ကိုယ်ကျင့်သိက္ခာတို့နှင့် ပြည့်စုံ သူသည် လူတော်လူကောင်းဖြစ်ပါ၏။ ပရိယတ် ပဋိပတ် လုပ်ငန်းနှစ်ရပ်ကြောင့် ကိုယ်တိုင်ကိုယ်ကျ ထိုးထွင်းသိမြင်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် မျက် မှောက်ပြုနိုင်မှုသည် ပဋိဝေဓမည်ပါ၏။

ထိုသို့သော ပရိယတ်ပဋိပတ် ပဋိဝေဓ သာသနာတော်သုံးရပ်သဘောကို နက်နဲစွာ သိရှိနားလည်နိုင်စေရန် သစ်ပင်နှင့် တင်စား၍ ထင်ရှားစေပါအံ့။ သစ်ပင်၌ အခွံ၊ အကာ၊ အနှစ် ဟူ၍ အဆင့်(၃)ဆင့် ရှိ၏။ အခွံသည် အကာကို ကျွေးမွေးပြုရန်အတွက် မရှိမဖြစ် ရှိရ၏။ အကာသည် လည်း အနှစ်ကို ကျွေးမွေးပြုရန်အတွက် မရှိမဖြစ် ရှိရပြန်၏။ ထိုသို့ အဆင့်ဆင့် ကျွေးမွေးပြုနေကြ၍ သစ်ပင်ရှင်သန် နေခြင်းဖြစ်ပါ၏။ ထိုအဆင့် (၃)ဆင့် တွင် ပရိယတ်သည် အခွံနှင့်တူ၍ ပဋိပတ်သည် အကာနှင့်တူ၏။ ပဋိဝေဓကား အနှစ်နှင့်တူ၏။ ထိုသဘောအရ အခွံမရှိဘဲ အကာဟူ၍မရှိကောင်း၊ အကာမရှိဘဲလည်း အနှစ်ဟူ၍မရှိကောင်းသော ကြောင့် အခွံသည် သစ်ပင်အတွက် များစွာအရေး ကြီးသကဲ့သို့ ပရိယတ်သည်လည်း သာသနာတော် သုံးရပ်အတွက် များစွာအရေးကြီးပါ၏။

ထို့ကြောင့် ဘဒ္ဒန္တနန္ဒဝံသဆရာတော်ဘုရား ကြီးသည် တစ်ပါးနှစ်ပါးနေ ရွာမကျောင်းမှ ရွာမ ပရိယတ္တိစာသင်တိုက်ကြီးအဖြစ်သို့ ရောက်အောင် ဦးဆောင်တည်ထောင်တော်မူကာ ဓမ္မဝိနယ မီးရှူး တန်ဆောင်ကို ထွန်းပြောင်စေတော်မူခဲ့ပါ၏။ ဓမ္မဝိနယမီးတိုင်ကို လက်ဆင့် ကမ်းသယ်ဆောင်သူ များကို အထောက်အကူပြုပေးတော်မူခဲ့ပါ၏။ သွားလိုရာ လမ်းဖြောင့်တန်းစွာ မြင်ရန် ဓမ္မဝိနယ မီးတိုင်အသုံး ပြုသူများကိုလည်း သဒ္ဓါကြည်ဖြူ အကူအညီပေးတော်မူခဲ့ပါ၏။ ဤရွာမပရိယတ္တိ စာသင်တိုက်ကြီးမှ ဝိဇ္ဇာစရဏနှင့် ပြည့်စုံသော လူတော်လူကောင်းများ၊ ပရိယတ် ပရိပတ်နှင့် ပြည့်စုံသော လူတော်လူကောင်းများ စဉ်ဆက် မပြတ် ပေါ်ထွက်၍နေသည်မှာ ဆရာတော်ကြီး၏ သာသနာပြုစိတ်ဓာတ်စွမ်းရည် အရပ် ရပ်တို့ကြောင့် ဖြစ်ပါ၏။ ဆရာတော်ကြီးကား တကယ့်တံခွန် ထူလောက်သည့် သူတော်ကောင်းတရား ထွန်း ပြောင်စေသူဖြစ်လေသောကြောင့် အဘိဓဇ- အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဆင့်မြင့် သာသနာပြု ဘွဲ့တံဆိပ်တော်က ဆရာတော်ဘုရားကြီးထံမှောက် ရောက်ရှိလာခြင်းဖြစ်သည်ဟု နားလည်မိပါ၏။

♦ ပထမကျော် ဦးစံသင်းလှိုင်

# အလင်းသို့




* လောဘကို ရှေ့ဆောင်
ဤလူ့ဘောင် အမှောင်ခ
လူ့ဝန်းကျင် လူ့လောက
လုကြ ယက်ကြ။

* ဒေါသကို ရှေ့ဆောင်
ဤလူ့ဘောင် အမှောင်ခ
လူ့ဝန်းကျင် လူ့လောက
တိုက်ကြ ခိုက်ကြ။


* မောဟကို ရှေ့ဆောင်
ဤလူ့ဘောင် အမှောင်ခ
လူ့ဝန်းကျင် လူ့လောက
မိုက်ကြ မဲကြ။

* လောဘ, ဒေါသ
မောဟတို့ ဖယ်ခွါ
ဤလူ့ရွာ သာစခန်း
ငြိမ်းချမ်းသာယာ။

* တိုင်းပြည်နှင့် မြို့ရွာ
ဤကမ္ဘာအေးစေဖို့
လောဘမှောင် အလောဘသွင်း
အလင်းဆောင်စို့။
တိုင်းပြည်နှင့် မြို့ရွာ
ဤကမ္ဘာအေးစေဖို့
ဒေါသမှောင် အဒေါသသွင်း
အလင်းဆောင်စို့။

* တိုင်းပြည်နှင့် မြို့ရွာ
ဤကမ္ဘာအေးစေဖို့
မောဟမှောင် အမောဟသွင်း
အလင်းဆောင်စို့။

**မောင်စိမ့်ပြုံး** (ဇီးတော၊ ပဲ)



# ထိုက်တန်ဂုဏ်ရည် ဆရာတော်ရဲ့

မောင်ဆုရှင်
(လက်ယက်မ)

■

**စာကလေးတစ်ဆောင်**

၁၈-၈-၂၀၀၇-ခု ရန်ကုန်မြို့ မအေးဆွေ ထံမှ စာလေးတစ်စောင် ရောက်လာသည်၊ **အမေ့ခြေရာ** မှတစ်ဆင့်လာ၍ ဒကာကြီး ဦးသန်းအောင်-ထံမှ စာအထင်ဖြင့် ဖောက်ဖတ်ကြည့်ရာ ရန်ကုန်အင်းစိန် ရွာမ ပရိယတ္တိစာသင်တိုက် မဟာနာယက ဘဒ္ဒန္တ နန္ဒဝံသ မဟာထေရ်၏ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ- ဇောတိကဂုဏ်ပြုပူဇော်ပွဲတွင် ကဗျာမျိုးစုံ၊ ဆောင်း ပါး၊ ဝတ္ထုတို/ရှည် ရေးသားချီးမြှင့်ရန် စာရေးဆရာ ရွှေဘိုမင်းသုခထံမှ စာဖြစ်နေပါသည်၊ စာဖတ်ပြီး အံ့သြစိတ် တွေဝေစိတ်ဖြင့် တုန်လှုပ်သွားပါသည်၊ ဆရာတော်ကြီးကိုတော့ ဂုဏ်ပြုချင်သည်၊ သို့သော် ဘာရေး၍ ဘာပေးရပ။

**မိမိမရောက်ဖူးသော အင်းစိန်ရွာမ**

မိမိ ရန်ကုန်ကို အခေါက်ခေါက်အခါခါ ရောက်သည်၊ အင်းစိန်ရွာမကို တစ်ခါမျှ မရောက် ဖူးခဲ့၊ မရောက်ဖူးသော်လဲ အင်းစိန်ရွာမ၏ စာပေ ဂုဏ်သတင်းက မြန်မာပြည်တစ်နံကလျှားသာမက ကမ္ဘာတိုင်အောင် သင်းခဲ့ပေသည်၊ ငယ်, လတ်, ကြီး, ကျော်နှင့် သာမဏေကျော်များမှာ အင်းစိန် ရွာမ စာဥယျာဉ်မှထွက်ပေါ်လာသော အဖူးအပွင့် များ ဖြစ်ကြ၏။ နွေစာမေးပွဲပြီး ၇-ရက်စခန်းနှင့် ယမိုက်ပဋ္ဌာန်း သင်တန်း များသည် အင်းစိန်ရွာမ၏ ထာဝရဂုဏ်ရည်များ ဖြစ်ပါသည်၊ မရောက်ဖူးသော် လည်း ကြည်နူးမှုသဒ္ဓါဖြင့် အခါခါ ဦးညွှတ်မိပါသည်။

**အမေ့ခြေရာမှ ခြေရာခံ၍**

၂၉-၂-၂၀၀၄-ခု၊ ဦးသန်းအောင်+ ဒေါ်လုံးပေါ်(အမေ့ခြေရာကဖီး)မိသားစုမှ ရဟန်းခံ ရှင်ပြုအလှူတော်ပွဲကို အင်းစိန်ရွာမတွင် ကျင်းပမည်ဟု ပင့်စာရလာသည်၊ မိမိရောက်လိုသော ရွာမ၊ မိမိရောက်ချင်သော ရွာမကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရပေတော့မည်ဟု ဝမ်းသာ ကြည်နူးမှုက ဖြာဝေလျှက်ရှိ၏၊ အလှူနေ့ မတိုင်မီ ၂-ရက်ခန့်ကြိုတင်၍ ရွာမသို့ရောက်ခဲ့သည်၊ အင်းစိန်ရွာမတွင် မိမိတို့နယ်မှ ဦးဝိသိဋ္ဌ (သံပုရာခြံ) သိမ်းကျောင်း၊ စာကြည့်တိုက်မှူး ဆရာတော်၊ ဦးပညာသာရ(ကျောက်တော) ဆရာတော်နှင့်ဦး ပညာဇောတ(ရွှေဘိုမင်းသုခ) ဆရာတော်များမှ ဧည့်ခံကြိုဆိုပြီး ဆရာတော် ဦးနန္ဒဝံသ၊ ဆရာတော် ဦးတိလောကာဘိဝံသတို့အထံသို့ ပို့ပေးပါသည်၊ ဆရာတော်များကို ပျားရည်များ လှူဒါန်းပြီး ဆရာတော်ကြီးများကို ရင်းရင်းနှီးနှီး ဖူးခွင့်ရသည့်အတွက် မိမိဘဝတွင် ဘဝတန်ဘိုး မဖြတ်နိုင်ပေ။

**လက်တွေ့မြင်တွေ့ အင်းစိန်ရွာမ**

၂၉-ရက်နေ့ နံနက်တွင် ရဟန်းလောင်းများ သိမ်ဝင်ရာ၊ သိမ်ကျောင်းပေါ်တွင် ဆရာတော်ကြီးနှစ်ပါးကို ထပ်မံဖူးတွေ့ခွင့် ရပြန်သည်၊ ဆရာတော်ကြီး ဦးနန္ဒဝံသက ဥပဇ္ဈာယ်ဆရာအဖြစ် ဆောင်ရွက်၍ ဩဝါဒပေးပါသည်၊ ရဟန်းခံပွဲအပြီး ရီရီသန့်(မြန်မာမှု) ယဉ်ကျေးမှု တီးဝိုင်းဖြင့် သိမ်ကျောင်းပေါ်ဧည့်ခံပွဲ အလှူပွဲ ကျင်းပပါသည်၊ 'ဆရာတော်ကြီးက တိုက်တာထဲမှာ တီးဝိုင်းတွေ ခွင့်ပြုရဲ့လား'ဟု ဦးဝိသိဋ္ဌကို မိမိမေးလျှောက်ရာ၊ စာသင်စာချလည်းမပျက်အောင် စပီကာ ဘောက်(စ်)တွေ တိုးတိုးဖွင့်ဟု ဆရာတော်ကြီးက အမိန့်ရှိကြောင်း သိရပါသည်။ ဦးဝိသိဋ္ဌအကူအညီဖြင့် တိုက်တာထဲ လှည့်လည် ကြည့်ရှုပါသည်၊ အရှေ့ဘက် ဘုရင့်နောင်လမ်းမမှ ဘယ်ဘက်ချိုးကွေ့လျှင် 'အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်'ဟူသော မုခ်ဦးဆိုင်းဘုတ်ကြီးက ခန့်ခန့်ညားညား ဆီးကြိုလျှက်ရှိပါသည်၊ မုခ်အတွင်း ဝင်မိလျှင် မုခ်ဦးနှင့် တည့်တည့် အတောင် ၅၀- ခန့်အကွာ လျှောင်းတော်မူ ဆင်းတုတော်ကြီးက ဂန္ဓကုဋီတိုက်နှင့် အပြည့် ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါမည်၊ ရွာမအရှေ့အနောက်ရပ်ကွက်သူ/ သားများသည် လျောင်းတော်မူကြီးရှေ့တွင် ပန်း ကပ်, ဆီမီးကပ်, ရေကပ်ပြီး တရားမှတ် ပုတီးစိပ်ကြသည်၊ ဂန္ဓကုဋီ ဇရှေ့မြောက်ဘက်တွင် ဆရာတော် ဦးတိလောကာဘိဝံသ သီတင်းသုံးသော ကျောင်းရှိသည်၊ ဂန္ဓကုဋီအရှေ့တောင်ဘက်တွင် သိမ်းကျောင်းနှင့် သိမ်ကျောင်း အနောက်ဘက်တွင် စာသင်စာချ ၃-ထပ်ကျောင်းဆောင်၊ ၎င်း ကျောင်းဆောင် မြောက်ဘက်မှ ၃-ထပ်ကျောင်းဆောင်နှင့် ၎င်းကျောင်းအနောက်ဘက်မှ ဆွမ်းစားကျောင်းရှိသည်၊ အင်းစိန်ရွာမသံဃာတော်များ ကျောင်းပြည့်စုံရန်အတွက် နိုင်ငံတော်မှ ဦးဆောင်၍ လှူဒါန်းခဲ့ခြင်းဖြစ်သည်၊ တိုက်အတွင်းမှာ ကတ္တရာအပြည့်ခင်း၍ အလယ်မှာ ခရေပင်များဖြင့် ထာဝရ မြက်ခင်းပြင်မှာ စိမ်းစိုသာယာလှပသည်၊ ရွာမအရှေ့-အနောက်ဖြတ်လမ်းသည် တိုက်တာ ထဲမှပင်ဖြစ်သည်၊ အင်းစိန်ရွာမသံဃာများသည် စာသင်စာချ တရားပြ တာဝန်မှတပါး အခြားမရှိသည်ကို မိမိ လက်တွေ့မျက်တွေ့ရပါသည်။

**အင်းစိန်ရွာမသို့ ဒုတိယအခေါက်**

၁၆-၁၂-၂၀၀၆ မှ၊ ၂၆-၁၂-၂၀၀၆ အထိ ၁၀-ရက်တိုင်တိုင် အင်းစိန်ရွာမကို ဒုတိယအကြိမ် ဒုတိယအခေါက်ရောက်ရပြန် သည်၊ ဆရာတော် ဦးဝိသိဋ္ဌ၊ စက်ာပူ၊ မလေးရှား၊ ထိုင်း ၃-နိုင်ငံခရီး ထွက်မည်ဆို၍ မိမိလည်း လိုက်လိုကြောင်း အကူအညီတောင်းရာ လိုက်ခွင့်ရသဖြင့် အင်းစိန်

ရွာမကို ရောက်ရခြင်းဖြစ်သည်၊ ဆရာတော်ကြီးများ၏ မေတ္တာရိပ်မှာ ခိုလှုံပြီး ရွာမသိမ်ကျောင်းမှာ နေရစဉ် စိတ်ချမ်းသာပါသည်၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ တိုက်တာသန့်ရှင်းရေး၊ စိတ်သန့်ရှင်းရေးဟူသော မူဘောင်ဖြင့်နေ့စဉ် ကိုယ့်နေရာကိုယ့်ကျောင်း သန့်ရှင်းရေးပြုလုပ်ကြသည်၊ ဥပုသ်၊ အဖိတ်နေ့တိုင်း တစ်တိုက်လုံး သန့်ရှင်းရေးအတွက် အမှိုက်လှဲ၊ အမှိုက်ကျုံး၊ ရေဖြန်းစသည် ညီညီညွတ်ညွတ်ပြုလုပ်ကြသည်၊ ၉-နာရီခန့် ဆွမ်းခံအိမ်မရှိသော သံဃာများ သာမဏေများ စီတန်း ဆွမ်းခံထွက်ကြွရာ ကြည်ညိုစရာ ကောင်းလှသည်၊ နေ့စာတက် စာအံ ညစာပြန်ဖြင့် အချိန်မှန်လည်ပတ်နေသော တိုက်တာဖြစ်သည်၊ ဆွမ်းခံချိန်မှအပ မြို့တွင်း၊ ရပ်ကွက်အတွင်း မသွားရ၊ အရေးအကြောင်းရှိက အုပ်ချုပ်သူကို လျှောက်ထား၍ သက်နှင်းရုံကြွရသည်၊ တိုက်တာအတွင်းရောက်က စိတ်ကြည်လင်ခြင်း၊ စိတ်အေးမြခြင်း၊ အရသာ ၂-မျိုးကို ခံစားရပါသည်၊ ဆရာတော်ကြီးများနှင့် သံဃာတော် သာမဏေတို့သည် ရွှေကျင်စည်းကမ်းဥပဒေအတိုင်းဟုထင်စရာရှိသော်လည်း သုဓမ္မာစစ်စစ်ဖြစ်သည်။ စည်းကမ်းကြီးခြင်း၊ အနေအထိုင်ကောင်းခြင်း၊ စာပေ သင်နည်းစနစ်ကောင်းခြင်းဂုဏ်များသည် သာသနာတွင် နေလိုလလို ထင်ရှားလှသည်၊ ဆရာတော် ကြီး ၂-ပါး၏ အုပ်ချုပ်မှုအောက်ဝယ် စာချဘုန်းကြီး၊ ကျောင်းဘုန်းကြီး၊ အုပ်ချုပ်ရေးတာဝန်ခံ ဘုန်းကြီးများက ညီညီညွတ်ညွတ် လိုက်နာကျင့် သုံးကြသဖြင့် ရွာမ၏ သာသနာသည် ထာဝစဉ် တိုးတက်လျက်ရှိသည်၊ စည်းကမ်းကြီးသော်လဲ လိုက်လျောမှုနားလည်မှုပြည့်ဝသော တိုက်တာဖြစ်သည့် အလျောက် ၁၉-၁၂-၂၀၀၆-နေ့သည် ကရင်နှစ်သစ်ကူးနေ့ဖြစ်သည်၊ အင်းစိန်ရွာမအရှေ့အနောက်ရပ်ကွက်များသည် ကရင်တိုင်းရင်းသားဗုဒ္ဓဘာသာများ အများဆုံးနေထိုင်ရာ ဖြစ်သည်၊ သို့အတွက် ကရင်နှစ်သစ်ကူးပွဲ၊ ကရင်ဒုံးယိမ်းပြိုင်ပွဲများကို ရွာမတိုက်အတွင်း ကျင်းပနိုင်ရန် ဆရာတော်ကြီးများကို လျှောက်တဲ့အခါ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဦးစားပေး၍ ခွင့်ပြုခဲ့ကြပါသည်၊ ညနေ ၃-နာရီလောက်မှ စတင်ကာ ည ၉-နာရီ၊ ၁၀-နာရီမှ ပြီးပါသည်၊ ထိုအချိန်ဝယ် ကရင်စာသင်သားလေးများနှင့် ကရင်နွယ်တော် စာချဘုန်းကြီးလေးများသည် ပျော်တပြုံးပြုံးပင် လွတ်လပ်စွာ က,ခွင့်၊ ကြည့်ခွင့် ပေးထားသဖြင့် စာသင်တိုက်ကိုရင်နှင့် သံဃာတော်လေးများမှာ လွတ်လပ်ပေ့ါပါးစွာ ပျော်မြူးနေကြ၏၊ အချို့သံဃာများသည် ကရင်ဒုံးချက် စည်းဝါးမပျက် ကနေသော်လဲ မိမိစာဝါ အပျက်မခံလို၍ သွားမကြည့်ကြပေ၊ စာပြန်သံ, စာအံသံများက ကရင်ဒုံးသံကို ခွင်း၍သွားပေသည်၊ ဆရာတော် ဦးဝိသိဋ္ဌနှင့် ယောဂီများကလဲ တရားမှတ်မပျက်, တရားနာမပျက်, ကိုယ့်စည်းချက်နှင့်ကိုယ် သွားနေကြပေသည်။

ကပွဲ

စာအံပွဲ

တရားအားထုတ်ပွဲ - ပွဲ ၃-ပွဲ တစ်ချိန်ထဲ ကျင်းပနေသော်လည်း ကိုယ့်သမာဓိနှင့်ကိုယ် မည်သူ့ကိုမျှ အပြစ်မဆို၊ ကိုယ့်အလုပ်ကိုယ်ပဲ လုပ်ကြသည်၊ ဤကဲ့သို့ စည်းစနစ်ကျ, စည်းကမ်းပြည့်ဝအောင် အုပ်ချုပ်ထိမ်းသိမ်းနိုင်သော ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒဝံသ-အား နိုင်ငံတော်မှ 'အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက'ဘွဲ့တံဆိပ်တော်ကြီးကို ထိုက်ထိုက်တန်တန် ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆရာတော်ကြီး ကျန်းကျန်းမာမာ ချမ်းချမ်း သာသာဖြင့် သာသနာ့တာဝန်များ ထမ်းဆောင် နိုင်ပါစေဘုရား .....။

♦ မောင်ဆုရှင် (လက်ယက်မ)


2007

# အပြုံးမျက်ဝန်းထဲမှ နောင်တမျက်ရည်

မော်ခိုင်းလင်း

၂၀၀၅-ခု ပညာသင်နှစ် အောင်ဂေဇက် ထွက်သောနေ့။

ကျွန်ုပ်ဘဝတသက်တာတွင် ထိုနှစ် ထိုနေ့ကို မေ့လို့ရနိုင်မည်မထင်၊ အောင်မြင်သူတို့က ထုံးစံအတိုင်း ပျော်မဆုံး မော်မဆုံး တပြုံးပြုံးရှိကြသည်။ ကျရှုံးသူတို့အတွက်မှာတော့ နေထိပန်းနွယ်တွေဝေ ငေးမှိုင်ကြမည်သာ။ ဖော်မပြနိုင်သည့်သောက၊ ပရိဒေဝ အရိပ်လက္ခဏာများကလွှမ်းမိုးနေသည်။

ဦးဇင်းတပည့်တော်တို့ စာမေးပွဲအောင်တယ်ဘုရား၊ ဦးဇင်းကော . . . . .။

တပည့်တို့ထံမှလာသော စာကို

ဆက်မဖတ် ဖြစ်တော့၊

ကျတယ်

တပည့်တို့ရေ . . .



ကျွန်ုပ်စိတ်က အဖြေပေးလိုက်သည့် တပည့်တို့ စာကိုဆက်ဖတ်သည်။ ဝမ်းသာမှုတွေ တစိမ့်စိမ့် ဖြစ်ရသည်။ တပည့်တို့ အောင်မြင်မှုက ကျရှုံးခဲ့သော ကျွန်ုပ်အတွက် အင်အားဖြစ်လာသည်။ ဆရာတို့၏ တစ်ခုတည်းသော လိုအင်ဆန္ဒမှာ တပည့်တို့၏ အောင်မြင်ကျော်ကြားမှု ဖြစ်သည်။ ကျွန်ုပ်လက်တွေ့ကြုံရတော့မှ နှစ်နှစ်ကာကာ အတည်ပြုချက်ရယူနိုင်တော့သည်။ တပည့်တို့ထံမှ လာသောစာကို ပြီးဆုံးအောင်ဖတ်လိုက်သည်။ ဝမ်းသာလွန်း၍ အခေါက်ခေါက်အခါခါ ဖတ်ဖြစ်သည်။ ဆရာ့နေရာရောက်မှ ဆရာ့စေတနာကို ပို၍ တန်ဘိုးထားတတ်လာတော့သည်။ သည်လောက်နှင့် မပြီးသေး ကျွန်ုပ်၏ နှလုံးအိမ်အတွင်းသို့ အတိတ်ပုံရိပ်များက ကူးလူးဝင် ရောက်နေရာ ယူတော့သည်။

\- - -

မကွေးတိုင်း၊ အထက်မင်းလှမြို့ တောင်ဘက်ခြောက်မိုင်ခန့်တွင် မလွန်ရေခါးတောရ ပရိယတ္တိစာသင်တိုက် တည်ရှိသည်။ ထိုစာသင်တိုက်သို့ ၂၀၀၀ပြည့်နှစ်တွင် ကျွန်ုပ်စာသင်ရောက်ခဲ့သည်။ မလွန်ကျေးရွာနှင့် ရေခါးကျေးရွာကို အမှီပြုထား၍ မလွန်ရေခါးတောရ ပရိယတ္တိစာသင်တိုက်ဟု ခေါ်ဆိုထားသည်။ ထိုစာသင်တိုက်သို့ ဥပဇ္ဈာယ်ဆရာက ကျွန်ုပ်ကို ပို့ပေးသည်။ ကျွန်ုပ်၏ အစ်ကိုဝမ်းကွဲ ဦးဇင်းကလည်း ထိုစာသင်တိုက်တွင်း ရှိနှင့်ထား၍ အဖော်အမွှန်အဖြစ် အားကိုးရာဖြစ်ခဲ့သည်။ အစ်ကို ဦးဇင်းက စာချဘုန်းကြီးမဖြစ်သေး။ ကျွန်ုပ်လို စာသင်သား ဘဝရှိသေးသည်။ ကျောင်းတိုက်မှ စာဝါနားချိန်တွင် အစ်ကိုဦးဇင်းထံမှာ စာပြန် စာတက်လုပ်သည်။

"ကိုရင်နေရတာ ပျော်ရဲ့လား"

"မှန်ပါ့ ပျော်ပါတယ် ဘုရား"

"အေး ကြိုးစားကွ၊ ဒါမှ မင်း စာတတ် ပေတတ်ကြီးဖြစ်မှာ၊ဦးဇင်းထက် ကျော်အောင်တော်အောင် ကြိုးစားနော် ကြားလား"

အစ်ကိုက အားပေးစကားပြောသည်။

ကျွန်ုပ် ဝမ်းသာပီတိဖြစ်ရသည်။ မိဘနှင့်ခွဲခွါခဲ့စဉ် အခိုက်အတန့်တွင် အားငယ်စိတ် သိမ်ငယ်စိတ်များလျှော့ပါးစေသည်။

"ကိုရင် စာကိုရအောင်ကျက်နော်၊ စာမရရင်တော့ အရိုက်ခံရလိမ့်မယ်"

သည်တစ်ခါတော့ အစ်ကို ဆုံးမသြဝါဒကို ကျွန်ုပ်နားထောင်ချင်စိတ် ကုန်လာပြီ။ သည်လိုနှင့် ပညာသင်နှစ်(၄)နှစ်တာအတွင်း ကျွန်ုပ် ပထမငယ်တန်း ရောက်ခဲ့ရသည်။

ပထမငယ်တန်း ရောက်လာသည်တိုင် အစ်ကိုထံ ထုံးစံအတိုင်း စာပြန်စာတက်ဆဲပင်ရှိ သေးသည်။

"အင်း--ငါက ပထမငယ်တန်း ရောက်လာပြီပဲ အစ်ကိုက ပထမလတ်တန်းဆိုတော့ နောက်နှစ်လောက်ဆိုရင် အစ်ကိုနဲ့ အတန်းတူနိုင်တာပဲ" အစ်ကို့ထံ စာမပြန်ချင်တော့ စာမတက်ချင်တော့။ ဆူပူကြိမ်းမောင်း ရိုက်နှက် ဆုံးမမှုကို ကျွန်ုပ်ရှက်တက်လာသည် 'ကိုယ့်ဘာသာကိုယ်ကျက်လည်း ရတာပဲ ပြောစရာမလိုတော့ပါဘူး' ကျွန်ုပ်ကို ကျွန်ုပ်ကိုယ်းစားနေသော်လည်း အစ်ကိုက ကျွန်ုပ်အား ကလေးတစ်ယောက်သဖွယ် ချော့တလှည့် ခြောက်တလှည့် စာပေများ သင်ကြားနေဆဲဖြစ်သည်။

တစ်ခုသော နေ့လယ်ခင်းအချိန်တွင် အစ်ကိုက ကျွန်ုပ်ကို သူ့အနားခေါ်၍ လက်ရေး လက်သားကျင့်သည့် အနေဖြင့် စာရေးခိုင်းသည်။ ကျွန်ုပ် မရေးချင်၊ အစ်ကို့ဆန္ဒကို မလွန်ဆန်နိုင်၍သာ ရေးရသည်။

အခြားဦးဇင်းကိုရင်များမှာတော့ နေ့လည် ၁၂ နာရီထိုးပြီဆိုသည်နှင့် ကိုယ့်နေရာနှင့်ကိုယ် အိပ်စက်အနားယူနိုင်ကြပြီ၊ ကျွန်ုပ်မှာတော့ ဘော့(လ်)ပင် တစ်ချောင်းနှင့် မရေးချင် ရေးချင် ရေးနေရသည်။

အစ်ကိုက ကျွန်ုပ်ကို သိပ်ချုပ်ခြယ်လွန်းသည်။ အိပ်ချိန်လေးတောင် အနားမယူရ၊ ကိုယ်ချင်းစာတရား ကင်းမဲ့လွန်းသည်။ တပည့်ကို နှိပ်စက်ချင်လို့ ဆရာလုပ်သည်။

မကျေနပ်မှုများ မွန်းကြပ်လာသော နေ့တစ်နေ့တွင် နေ့လယ်ခင်း စာရေးခြင်းကိစ္စ ရပ်လိုက်တော့သည်။ အခြေအနေကို သိလာ သောအခါ အစ်ကိုက-

"ဟဲ့ကိုရင် စာရေးလေ၊ ပြီးသွားပြီလား"

မေးခွန်းထုတ်လာတော့သည်။

ကျွန်ုပ်မဖြေပါ။

"ဟဲ့. . . ကိုရင် ဦးဇင်းပြောတာကြားကော ကြားရဲ့လား၊ အိပ်ချင်နေပြီလား၊ ၁၂-နာရီ ၁၅-မိနစ် လောက်တော့ ရေးမှပေါ့။ ပြီးတော့ ကိုရင့်မှာ ရေးစရာတွေက အများကြီးကျန်သေးတယ်"

ကျွန်ုပ်က နပူနထူလုပ်ပြသည်။ ကြားလည်း မကြားချင်တော့။

"ကိုရင်နော် ကိုရင်အတွက် ပြောနေတာ၊ ဦးဇင်းအတွက် ဘာတစ်ခုမှ မပါဘူး"။

"ဒါဖြင့်မပြောနဲ့ပေါ့"

လွတ်ကနဲ့ ကျွန်ုပ်နှုတ်မှ ထွက်သွားသည် သည်တော့ အစ်ကိုမျက်နှာကြီးက နီရဲလာတော့သည်။

"ကိုရင် ဦးဇင်းကိုပြန်ပြောတယ်၊ ဟုတ်လား၊ ကိုယ့်အတွက်ပြောတာတောင် မကြိုးစားချင်တာ ကိုရင်ဘာ အသုံးကျတော့မှာလဲ၊ သွား အိပ်ချေတော့"

ပြောပြောဆိုဆို ကျွန်ုပ်၏ ဦးခေါင်းကို 'ဒေါက်' ကနဲ မြည်အောင် ခေါက်ချလိုက်တော့သည်။

"ဦးဇင်းစေတနာကို ကိုရင်အသက်ကြီး လာတဲ့ တစ်နေ့ နားလည်မှာပေါ့ကွာ"

"ဘာစေတနာလည်း၊ ပလီပလာ စကားတွေ၊ ကိုယ်ချင်းစာတရား ကင်းမဲ့တာ စေတနာတဲ့လား၊ သူများတွေ အိပ်ချိန်အိပ်၊ ဆော့ချိန်ဆော့" စိတ်ထဲမှာ ပြန်ချေပလိုက်သည်။

သည်လိုနှင့် ထိုပညာသင်နှစ် ကုန်သွားခဲ့ ရာ ကျွန်ုပ်ပထမငယ်တန်းအောင်မြင်ခဲ့သည်။ အစ်ကိုလည်း ပထမလတ်တန်း အောင်မြင်ခဲ့သည်။

ကျောင်းစဖွင့်သောနှစ် ပထမလတ်တန်းစာဝါ စတင်သင်ကြားသောနေ့တွင် အစ်ကိုထံ စာတစ်စောင်ရောက်လာသည်။ အစ်ကို ရွာပြန် ကျောင်းထိုင်ရတော့မည့်အကြောင်း လိမ္မာရေးခြားရှိဖို့၊ ရန်မဖြစ်ဖို့၊ စာကြိုးစားဖို့၊ သူ့ထံစာပြန် စာတက်သည့် ကိုရင်ငယ် ၄-ပါးကို ဂရုစိုက်ပေးဖို့ သူ့ကိုယ်စား ကျွန်ုပ်ထံ ခေါ်ပြီး စာတက် စာပြန် လုပ်ခိုင်းဖို့အကြောင်း မှာကြားအပ်နှံပါတော့သည်။

အစ်ကိုယ်ကို ဦးချကန်တော့ပြီး ကျောင်းပေါက်ဝ အထိ ကျွန်ုပ်လိုက်ပို့နှုတ်ဆက်တော့ . . .

"ကိုရင်ကို အားကိုးပါရစေ၊ ကိုရင်ငယ်(၄) ပါးကို ဦးဇင်းကိုယ်စား ဂရုစိုက်ပေးပါကွာ၊ သူတို့လေးတွေရဲ့ ရှေ့ရေး အားကိုးပါရစေ"တဲ့။

မှန်ပါ့ဘုရားဟူသော စကားတစ်ခွန်းသာ ပြန်လျှောက်ထားလိုက်ရသည်။ ကျွန်ုပ်စိတ်ထဲတွင် အစ်ကိုဩဝါဒကြားရစဉ် တစ်စုံတစ္စာ ခံစားရတော့သည်။ အစ်ကိုမရှိတော့သည့် နောက်ပိုင်း ဆရာတစ်ယောက်အသွင်သို့ ရောက်မှန်းမသိ ရောက်လာရတော့သည်။ ပေးအပ်လာသော တာဝန်ကို ထမ်းဆောင်ရင်းဖြင့် အစ်ကို့ စေတနာကို ပို၍ ပို၍နားလည်လာရတော့သည်။

တပည့်နှင့်ပတ်သက်ပြီး ပူပန်ရ စိုးရိမ်ရ ချော့တလှည့် ခြောက်တလှည့် လုပ်ပေးရ၊ စေတနာ ဝါသနာ၊ အနစ်နာတို့ဖြင့် ပေးဆပ်လာရချိန်တွင် အိပ်ပျော်ခဲ့သော ကျွန်ုပ်အသိတရားများ နိုးထလာခဲ့ရပြီ။

ကျွန်ုပ် ပထမလတ်တန်းအောင်မြင်ပြီး ပထမကြီးတန်းရောက်သောနှစ်တွင် အင်းစိန်ရွာမ

ပရိယတ္တိစာသင်တိုက်သို့ ဝရောက်ရှိခဲ့သည်။ ကျွန်ုပ် အတွက် တန်ဖိုးအရှိဆုံး ပညာသင်နှစ်ဟု ဆိုရပါမည်။ ပင်ပန်းနွမ်းနယ်စွာ ခရီးရှည်သွားလာခဲ့သော လူတစ်ယောက်အဖို့ ကြည်လင်သန့်ရှင်းသည့် ရေကန်နှင့် တွေ့ရဘိသို့ ကျွန်ုပ်၏စိတ်ကို အေးမြစေခဲ့သည့် အရာကား အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၏ အာစရိယပူဇော်ပွဲဖြစ်သည်။ ဤပူဇော်ပွဲကို ရွာမပရိယတ္တိစာသင်တိုက်တွင် နှစ်စဉ်ကျင်းပသည်။

ကျွန်ုပ်တို့သောကုဒ္ဓ စာသင်သားများအားလုံး အာဟာရဒါယီ ဆွမ်းစားကျောင်းဆောင် အပေါ်ထပ်တွင် စုံစုံညီညီ နေရာယူကြပြီး စာချဆရာတော်များ ကြွအလာကို လက်အုပ်အသီးသီး ချီလျှက်ကြိုလင့်နေကြသည်။ မိနစ်အနည်းအငယ်အတွင်း အပူဇော်ခံ စာချဆရာတော်များ၊ တန်းစီကြွလာကြသည်။ ဆရာ့စေတနာကို တတ်သိနားလည်ကြသည့် တပည့်များ၏ မျက်နှာရိပ်တွင် ပီတိရိပ်များ အစီအရီ နေရာယူလျက်ရှိကြသည်။

တပည့်များ၏ အပြစ်ကို အပြုံးတရားနှင့် ကျေအေးနိုင်သော ဆရာများ၊ ဆရာနှင့်တပည့် တပည့်နှင့်ဆရာ အပြန်အလှန်နားလည်မှုများ ရယူလျက်ရှိကြသည်။ **တပည့်ဆရာအပြစ်ရှာ ဘယ်ခါမလွဲ တွေ့စမြဲ**- ဆိုသောစကားကို **ဆရာတပည့် ကျေးဇူးသိ လွန်ဘိချမ်းသာစွာ**- ဟုဆိုသောစကားဖြင့် ချေဖျက်ကြသည်။ ဆရာတပည့် မျက်နှာစုံညီ တွေ့ဆုံရသည့် မြင်ကွင်းကား ကြည်နူးဝမ်းမြောက်ဖွယ်ရာသရုပ်ကို အပြုံးကိုယ်စီသန်းလျက် ဖော်ဆောင်၍နေကြသည်။ ဆရာနှင့် တပည့်, တပည့်နှင့်ဆရာ တစ်ဦးနှင့်တစ်ဦး နားလည်မှုယူလိုက်ကြသည်။ အခိုက်အတန့်တွင် ငိုရမလို၊ ရယ်ရမလို ဖြစ်ကြသည်။ အပြုံးမျက်နှာပေါ်တွင် ကြည်နူးမှု မျက်ရည်များ သွယ်တန်းလျက် ရှိကြသည်။

ဆရာများ စုံစုံလင်လင် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် နေရာယူပြီးသောအခါ အခမ်းအနား စတင်သည်။

အစီအစဉ်(၁)အရ ဆရာများအား ကန်တော့ခြင်း၊

အစီအစဉ် (၂)အရ ဆရာ၏ ဂုဏ်ကျေးဇူးကို တပည့်များက ဖော်ကြူးခြင်း၊

အစီအစဉ် (၃)အရ ဆရာများမှ ဩဝါဒချီးမြှင့်ခြင်း- စသည် စသည် အခမ်းအနားမှူးက ကြေငြာလိုက် သည်။

အစီအစဉ်များ တစ်ခုချင်းစီ ပြီးဆုံးသွားချိန်တွင် ကျွန်ုပ်၏ရင်ထဲတွင် ဝေဒနာများစွာ ဖြစ်တည် ကျန်ခဲ့သည်။ ကျေးဇူးကြီးမားလှသော ဆရာ၊ အရာရာကို အနစ်နာခံတတ်သော ဆရာ၊ အတ္တ-ဟိတထက် ပရဟိတကို ပို၍မြတ်နိုးသော ဆရာ၊ တပည့်များပေါ် အလင်းတန်းများ ပေး၍ သူ့ကိုသူ



အနစ်နာအဆုံးရှုံးခံသော ဖယောင်းတိုင်လို ကျင့်သုံးသော ဆရာ၊ တပည့်များကို ထက်မြက်စေပြီး သူ့ကိုယ်သူ အနစ်နာခံခဲ့သော ဓားသွေးကျောက်လို ဆရာ၊ တပည့်များ၏ ကျော်နင်းမှုကို ငြိမ်၍ ခံနေသော လှေကားထစ်လို ဆရာ၊ ကျေးဇူးအနန္တ ပုံဖော်ပြနိုင်စွမ်း မရှိလောက်အောင် တန်ဖိုးကြီးသော ဆရာ၊ ဆရာ . . ဆရာ . . ပါတကား။

လစန္ဒာသည် သူ့ကို ကဲ့ရဲ့ပြသော်လည်း မမဲ့ ချီးမွမ်းပြသော်လည်း မပြုံး၊ လောကသား အားလုံးအတွက် အလင်းရောင်ကိုသာ ပေးသလို ဆရာသည်လည်း တပည့်တို့၏ မုန်းတရား အာဃာ-တ-ကိုလည်း ဂရုမပြု၊ ကျေးဇူးတင်လာသည်ကို လည်း အလွန်အမင်း မသာယာတတ်ပေ။ တပည့်များစွာတို့ အပေါ်၌ အယုတ် အလတ်အမြတ်မရွေး ပညာကိုသာ ပေးရင်း ပယုတ်လုံးပမာ ဘဝကို လုံးပါးပါးကြ စေသူများ ဖြစ်ပါသည်။

ဒေါသအမုန်း မေတ္တာအပြုံးကြားတွင် ရှင်သန်လျှက် ရှိကြသည့် ဆရာများမှာ ကြိမ်စာသင့်သည့် အပြုံးပိုင်ရှင်များဟု ဆိုရမလောက်ပင် တပည့် တပန်းများ ဘွဲ့ထူး ရာထူး အသီးသီးပိုင် ဆိုင်ကြရာ စာရေးဆရာ ပါမောက္ခကထိက ဒေါက်တာ ဓမ္မကထိက ဘွဲ့ထူးများဖြင့် နိုင်ငံအဝှမ်းပြည့်နှက် လျက်ရှိကြသည်။ ထိုရာထူး ဂုဏ်ဟိန်များ ပိုင်ဆိုင်ကြသော်လည်း ဆရာတို့ဘဝ၌မူ ဘောလ်ပင် မြေဖြူတစ်ချောင်းဖြင့် ဘလက်ဘုတ် ရှေ့တွင် မားမားရပ်ပြီး စာချတာဝန်ကို ထမ်းဆောင် နေကြဆဲ ရှိသေးသည်။

"ရွှေရှုမေတ္တာ ဂရုဏာဖြင့် နာနာကျင်ကျင် အပြစ်မြင်တိုင်း ဝမ်းတွင်းမသို ဟုတ်တိုင်းဆို၍ ကြိုးလိုစိတ်က ဆုံးမတတ်သူ ဆရာဟူလော့"-ဟု မာန်လည်ဆရာတော်က မှတ်တမ်းတင်ခဲ့သည်။ တပည့်များ၏ အကျိုးစီးပွား ပျက်စီးစေမည့် အပြစ်တစ်စုံတစ်ရာ မြင်ပါက ကျိုးကြောင်းပြ၍ ဆုံးမတတ်သည်။ သူ့မို့ ငါ့မို့ ဆင်းရဲချမ်းသာမရွေး မျက်နှာကြီး ငယ်မလိုက် ဆုံးမစရာရှိက ဆုံးမ တတ်သည်။ ချီးမွမ်းစရာရှိကလည်း ထုတ်ဖော် ချီးကြူးတတ်သည်။ တပည့်တို့၏ မိုက်မဲမှုကို အပြုံးတရားဖြင့် ခွင့်လွှတ်တတ်ကြသည်။

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့ ဆရာတို့-ဟူသည် နှင့်အညီ တာဝန်ကျေပွန်ကြသည်။ ဆရာဝန်၊ ဒေါက်တာ၊ အင်ဂျင်နီယာ၊ ပါမောက္ခ စသည်ဖြင့် တပည့်များ၏ ဘဝလှပရေးအတွက် တန်ဆာဆင် ပေးသူမှာ ဆရာများသာ ဖြစ်ကြသည်။ လောကီ ဆရာများကငွေကြေးအသပြာယူ၍ ပညာသင်ပေး တတ်ကြရာ လောကုတ္တရာဆရာများမှာမူ သပိတ်၊ သက်န်းစွန့်၍ တပည့်များကို ပညာသင်ပေးကြသည်။

ဤကဲ့သို့ ကျေးဇူးကြီးမြတ်လှသည့် ဆရာ့ ဂုဏ်များကို တန်ဖိုးထားမိသည်။

\- - -

ဩော် . . . တပည့်တွေအားလုံး စာမေးပွဲ အောင်ကြပါလား။ ကျွန်ုပ်မှာ ၂၀၀၅-ပညာသင် နှစ်တွင် အရှုံးဖြင့် ရင်ဆိုင်လိုက်ရသည်။ ကျွန်ုပ်၏ အရှုံးကို တပည့်များ၏ အောင်မြင်မှုဖြင့် ကျေနပ် မိသည်။

မြတ်ဆရာ---မြတ်သောဆရာ--- **အာစရိ-ယဂုဏော အနန္တောပါ-- မြတ်ဆရာ---**

ဂုဏပူဇာသဘင်ပါ ကက်ဆက်မှ သီချင်း သံကို ကြားရသည်။ ထိုအခိုက်တွင် ကျွန်ုပ်၏ ရင်တွင်း၌ကြည်နူးရိပ်များ ကြေကွဲဝမ်းနည်းရိပ်များ တလှပ်လှပ် ဖြစ်တည်လျက်ရှိသည်။ အပြုံးမျက်နှာ ပေါ် နောင်တမျက်ရည်များ ရစ်ဝဲစီးဆင်းလာ ချိန်တွင် ကျေးဇူးအလွန်ကြီးမားသည့် အစ်ကို ဦးဇင်းနှင့် ဆရာများစွာကို အာရုံပြုလျက် ရှိနေပါ တော့သည်။

**♦ မောင်ဆန်းလင်း(အထက်မင်းလှ)**



# မြတ်မထေရ်သို့

- သာသနာစက်၊ နေရောင်လက်သို့
ကျောက်ထက်အက္ခရာ၊ ဆရာအကျော်
ကျိုးမျှော်ဆွတ်ခူး၊ မထေရ်ထူးမို့
ရည်စူးကော်ရော် ရှိသည့်တာ။
- လောကနည်းပေါင်း၊ နိမိတ်ကောင်းနှင့်
ပျံ့လျှောင်းမြတ်မွန်၊ ထမ်းကျေပွန်ရွက်
ရည်သွန်ကြိုးကုပ်၊ တရားထုပ်ဖြင့်
နှစ်ချုပ်ဉာဏ်မြင်၊ မထေရ်ရှင်တည့်
ဦးတင်မြတ်နိုး ရှိသည့်တာ။
- ဦးနန္ဒဝံသ၊အမည်ရလျက်
ကြည်မြသဒ္ဒါ၊ မြကမ္ဗလာဝယ်
ပြည်ရွာချမ်းမြေ့၊ စဉ်စလေ့ဖြင့်
သည်နေ့ရက်မြတ်၊ ပူဇော်အပ်သည်
သုံးရပ်သာသနာ ထွန်းသည့်တာ။

ဩော် ---

မထေရ်မြတ်အရှင်၊ သင်းပျံ့တွင်လိမ့်
ပွဲပြင်ဆုံးမ၊ တရားပြခဲ့
ဘဝနေခြည်၊ ရွှန်းတင့်ကြည်သို့
ဆယ်လီယှက်မိုး၊ စိတ်ဝယ်နှိုးမိ
ရှိခိုးဦးတင်၊ စာဆိုရှင်သည်
လန်းရွှင်သဒ္ဒါ တိုးလိမ့်တကား။

**ထွန်းမြရီ**



# ပညာရှိသူ စည်ကြီးနှင့်တူ

● ဇေယျာနရိန် (မြောင်းမြ)

"အပုဋ္ဌော ပဏ္ဍိတော ဘေရီ"

ပညာရှိသည် မမေးသောအခါ စည်ကြီးနှင့် တူ၏။

အထက်ပါ ဆိုရိုးစကားက ပညာရှိသူတော်ကောင်းများအား ဂုဏ်ပြုထားသော ဆိုရိုးဖြစ်၏၊ ဤဆိုရိုးစကား မြစ်ဖျားခံရာကျမ်းကို ရှာဖွေကြည့်သောအခါ ပင်းယခေတ်စာဆို စတုရင်္ဂဗလ အမတ်ကြီး ရေးသားခဲ့သော လောကနီတိကျမ်း၊ ပဏ္ဍိတကဏ္ဍလာ ဂါထာတစ်ဖြစ်ကြောင်း တွေ့ရပေသည်။

ဂါထာမူရင်း အပြည့်အစုံကို ဤသို့ တွေ့ရှိနိုင်ပါသည်။

**အပုဋ္ဌော ပဏ္ဍိတော ဘေရီ၊**
**ပဇ္ဇုန္နော ဟောတိ ပုစ္ဆိတော။**
**ဗာလော ပုဋ္ဌော အပုဋ္ဌောပိ၊**
**ဗဟုမ္ပိ ဘဏတေ သဒါ။**

လောက၌ ပညာရှိ ပုဂ္ဂိုလ်သည် သူတစ်ပါး မမေးပါလျှင် စည်ကြီးသဖွယ် ဖြစ်၏၊ မေးလာလျှင်မူကား - ထစ်ချုန်း၍ ရွာချလိုက်သော မိုးကြီးသဖွယ် ဖြစ်၏၊

လူမိုက်များသည်ကား မေးသည်ဖြစ်စေ (ဟုတ်မှန်သည် မဟုတ်မှန်သည်မသိ) များများပြောဆိုတတ်ကြ၏။

**ပညာရှိတို့၏ သဘောသရုပ်မှန်**

ဤဂါထာကို လေ့လာကြည့်လျှင် ပညာရှိပုဂ္ဂိုလ်၏ သဘောနှင့် လူမိုက်တို့ သဘောကို ကတ္တားခြား ပြလိုက်သည်ကို တွေ့ရှိရသည်၊ လောက၌ ပညာရှိပုဂ္ဂိုလ်များသည် စကားပြောတော့မည်ဆိုလျှင် အကျိုးရှိ၊ မရှိ၊ ကြိုတင်ချင့်ချိန်ပြီး ပြောသင့်ပြောထိုက်သောအခါကျမှ ပြောဆိုကြသည်ကို တွေ့ရ၏၊ ပညာရှိတို့၏ သဘောသရုပ်မှန်ကို ဖော်ထုတ်ပြလိုက်ခြင်းပင်။

လူမိုက်များသည်ကား ထိုကဲ့သို့ မဟုတ်၊ မိမိတို့ မေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ ပြောသင့် မပြောသင့် မချင့်ချိန်ပဲ မိမိကို တစ်ဖက်စောင်းနင်း အထင်သေးလောက်အောင် ဝါကြွားပြောဆိုတတ်ကြသည်၊ ထိုသဘောကို သိရှိစေလိုသဖြင့် ဤဂါထာကို နှောင်းခေတ်လူများ သတိပြုဆင်ခြင်နိုင်စေရန် ကျမ်းပြုသူက ရေးဖွဲ့ခဲ့ကြောင်း သိရှိရပါသည်။

### စကားပြောရာ၌ ဆင်ခြင်ဖွယ်

လောက၌ စကားပြောကြရာတွင် မိမိအလိုအလျှောက်ပြောခြင်းနှင့် သူတစ်ပါးမေးမြန်းမှ ပြောခြင်းဟူ၍ နှစ်မျိုးနှစ်စားတွေ့ရသည်၊ (စကားပြောဆိုရာတွင်) မိမိအလို့အလျှောက် ပြောခြင်းထက် သိရှိလိုသူ တစ်စုံတစ်ယောက်က မေးမြန်းလာသောအခါမှ ပြောခြင်းက ပိုပြီးလေးနက် အသက်ဝင်၏၊ ထို့ကြောင်း ရှေးခေတ် ကျမ်းပြုဆရာအကျော် ပုဂ္ဂိုလ်ကျော်များသည် ကျမ်းစာတစ်ခုခုကို ရေးသားရာ၌ မိမိအား သိလိုရေးဖြင့် မေးမြန်းတိုက်တွန်း တောင်းပန်သူရှိမှ ရေးသားပြုစုတော်မူကြကြောင်း ကျမ်းစာအသီးသီးတို့၏ ကျမ်းဦးနိဒါန်း နိဂုံးတို့ကို ဖတ်ရှုခြင်းအားဖြင့် သိနိုင်ပေသည်၊ ပညာရှိဖြစ်လိုသူများ နည်းနာခံနမူနာယူထိုက်သော ဓလေ့စရိုက် တစ်ရပ်ပင် ဖြစ်ပေသည်။

ယင်းသို့ပြောဆိုကြရာတွင် မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောညွှန်ပြတော်မူခဲ့သော ပညာရှိတို့ ပြောဆိုရမည့်စကား မပြောဆိုသင့်သည့် စကားများကို ခွဲခြားသိထားသင့်သည်။

### ပြောသင့်သော စကားနှင့် မပြောသင့်သော စကား

လောက၌ လူတို့ပြောဆိုနေကြသော စကား အမျိုးအစားများကို ခွဲခြားကြည့်မည်ဆိုပါက ၆-မျိုးသာတွေ့ရသည်။ ၎င်းတို့မှာ -

၁။ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါး၊ မနှစ်သက်သော စကား။

၂။ ဟုတ်မှန်၊ အကျိုးမရှိ သူတစ်ပါး၊ မနှစ်သက်သော စကား၊

၃။ ဟုတ်မှန်၊ အကျိုးရှိ၊ သူတစ်ပါး၊ မနှစ်သက်သော စကား၊

၄။ မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါး၊ နှစ်သက်သော စကား၊

၅။ ဟုတ်မှန်၊ အကျိုးမရှိ၊ သူတစ်ပါး၊ နှစ်သက်သော စကား၊

၆။ ဟုတ်မှန်၊ အကျိုးရှိ၊ သူတစ်ပါး၊ နှစ်သက်သော စကား- တို့ဖြစ်သည်၊

ယင်းစကားများတွင် အမှတ်စဉ် ၃-နှင့် အမှတ်စဉ် ၆-ပါ စကားနှစ်ခွန်းကိုသာ ဘုရားအစရှိသော ပညာရှိ သူတော်ကောင်း အပေါင်းတို့ ပြောဆိုလေ့ရှိကြသည်၊ ထိုစကား ၆-ခွန်းကို ရည်၍ ရှေးပညာရှင်များက "စကားခြောက်ခွန်း၊ လူ၌ထွန်းလည်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်"ဟူ၍ စပ်ဆို ညွှန်းပြခဲ့ခြင်း ဖြစ်ပေသည်။

### စကားကောင်းတို့၏ အင်္ဂါလေးရပ်

ကောင်းသောစကားပြောဆိုခြင်းနှင့် ပတ်သက်၍လည်း မြတ်စွာဘုရားက "ရဟန်းတို့ ဤသာသနာ၌ ရဟန်းတို့သည် -

၁။ ကောင်းစွာဆိုအပ်သော စကား၊

၂။ တရားနှင့်ညီသော စကား၊

၃။ ချစ်ခင်နှစ်လိုဖွယ်ရှိသော စကား၊

၄။ မှန်ကန်ဖြောင့်မတ်သော စကား၊

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားသည် ကောင်းစွာ ဆိုအပ်သော စကားမည်၏၊ မကောင်းသဖြင့် ဆိုအပ်သော စကားမမည်၊ အပြစ်လည်းမရှိ၊ ပညာရှိတို့လည်း မကဲ့ရဲ့အပ်၊ ဤအင်္ဂါလေးမျိုးနှင့် ပြည့်စုံသော စကားကို ဆိုရမည်ဖြစ်ကြောင်း မြတ်ဗုဒ္ဓက ဆုံးမညွှန်ကြားထားခဲ့ပါသည်။

### မြတ်ဗုဒ္ဓသည်ပင် တောင်းပန်သူရှိမှ တရားဟောကြား

စကားပြောခြင်း၊ တရားဟောခြင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားကိုယ်တော်တိုင်ပင် အကြောင်းတိုက်ဆိုင်မှ (မေးလျှောက်သူရှိမှ၊ တောင်းပန်သူရှိမှ) ဟောတော်မူကြောင်း ဇာတ်နိပါတ်စသည်တို့၌ များစွာတွေ့ရ၏။

ဘုရားရှင်သည် ဇာတ်ဝတ္ထုတစ်ခု၊ နိပါတ်တစ်ခုကို ပြန်လည် ဟောကြားတော်မူလိုသောအခါ ရဟန်းတို့အား ခေါ်တော်မူ၍ "ချစ်သားရဟန်းတို့ ဒေဝဒတ်သည် ယခုဘဝမှာ ငါ့ဘုရားအား သတ်ရန်ကြံစည်ခဲ့သည် မဟုတ်၊ ရှေးအတိတ် ဘဝများစွာကလည်း ငါ့အား သတ်ရန်ကြံစည်ခဲ့ဖူးလေပြီ"ဟု မြွက်ကြားတော်မူပြီးနောက် အတိတ်ဘဝအဖြစ်ဆိုးများကို ဆက်လက်မိန့်တော်မမူသေးဘဲ ရွှေနှုတ်တော်ပိတ်လျှက်ဆိတ်ဆိတ်နေတော်မူခဲ့၏။

ယင်းအကြောင်းကို သိလိုသော ရဟန်းတော်များက "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒေဝဒတ်သည် အတိတ်ဘဝများက မြတ်စွာဘုရားအား မည်ကဲ့သို့ သတ်ရန် ကြံစည်ခဲ့ဖူးပါသနည်းဘုရား"ဟု မေးလျှောက်သော အခါမှသာ - အတိတ်ဘဝဖြစ်စဉ်ဇာတ်တော်များကို ဆက်လက်ဟောကြားတော်မူပါသည်၊ ဘုရားရှင်၏ အတိတ်ဘဝဖြစ်စဉ်ပြ ငါးရာငါးဆယ် ဇာတ်တော်များကား အခါအခွင့်သင့် အကြောင်းတိုက်ဆိုင်လာမှ ဟောတော်မူထားခဲ့ခြင်းကြောင့် ယင်းဇာတ်တော်များကို နိပါတ-နိပါတ်များဟု အဋ္ဌကထာဆရာများက မှတ်တမ်းပြုထားခြင်း၊ ခေါ်ဝေါ်ကြခြင်းဖြစ်လေသည်။

အခြားသော ဇာတ်ဝတ္ထု သာဓကများကိုလည်း ဘုရားရှင်က အကြောင်းတိုက်ဆိုင်မှ ဟောကြားတော်မူကြောင်း လေ့လာသိရှိနိုင်ပါသည်၊ အချို့သော အကြောင်းအရာများကိုကား မေးလျှောက်သူမရှိသော်ငြားလည်း နက်နဲခက်ခဲသော အကြောင်းအရာများဖြစ်ခြင်းကြောင့် ကိုယ်တိုင်အမေးအဖြေပြု ဟောကြားထားကြောင်း တွေ့ရှိရပေသည်။

ဥပမာ- ငါ၏ ချစ်သား ရဟန်းတို့ ကြီးပွားကြောင်းတရားတို့သည် ခုနှစ်မျိုးတို့တည်း၊ ယင်းခုနှစ်မျိုးကား အဘယ်သည်တို့နည်းဟူမူ . . . စသည်ဖြင့် ဟောကြားတော်မူခြင်းမျိုးတည်း၊ အချုပ်အားဖြင့် ဆိုရသော် ဘုရားရှင်တို့မည်သည် အကျိုးထူး တစ်စုံတစ်ရာ မရှိဘဲ မည်သည့်စကားကိုမျှ ဟောကြားတော်မမူပေ။

**ပညာရှိ ပီသလှသော သမားတော်ကြီးဇီဝက**

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်အခါက- ပညာရှိ အမတ်ကြီးတစ်ဦး၏ ပညာရှိပီသစွာ မေးမြန်းမှု ဖြေကြားခဲ့သော သာဓက တစ်ရပ်ကို တင်ပြလိုပေသည်။

တစ်ခုသော တန်ဆောင်မုန်းလပြည့်နေ့၏ သာယာသော ညချမ်းသမယတွင် အဇာတသတ်မင်းကြီးသည် ညီလာခံသဘင် ကျင်းပတော်မူရင်း အကြံတော်ရှိသည့်အတိုင်း "ယခုလို သာယာသော ညဥ့်အချိန်မှာ မည်သို့သော ပညာရှိထံ ဆည်းကပ်သင့်သနည်း"ဟု မိမိထံတွင် ခစားသော အမတ်များအား မေးတော်မူခဲ့လေသည်။

ထိုအခါ ပူရာဏကဿပ၊ မက္ခလိဂေါသာလ-စသော တိတ္ထိဆရာကြီး ၆-ဦးအား ဆည်းကပ်ကိုးကွယ်နေကြသည့် အမတ်များက မိမိတို့ဆရာကြီးများထံ သွားရောက်ဆည်းကပ်သင့်ပါကြောင်းကို အလုအယက် သံတော်ဦး တင်ကြလေသည်။

အဇာတသတ်မင်းကြီး၏ သူငယ်ချင်းဖြစ်သော ဆရာကြီး ဇီဝကမှာမူကား စကားတစ်ခွန်းမျှ မဆိုပဲ နေလေသည်၊ ထိုအခါ အဇာတသတ်မင်းကြီးက "ဆရာဇီဝက သင့်မှာ ကိုးကွယ်ရာဆရာ မရှိလေသလော"ဟု မေးမြန်းသည့်အခါကျမှ ပညာရှိကြီးပီပီ မိမိကိုးကွယ်အားထားရာ မြတ်စွာဘုရား၏ ဂုဏ်တော်များကို အကျယ်တဝင့်လျှောက်ထား တင်ပြလေတော့သည်။

ဤသို့ဆိုလျှင် ပညာရှိတို့သည် သူတို့ တိုက်ရိုက်မမေးပါက ဆိတ်ဆိတ်နေ၍ မေးလာလျှင်မူကား ခြင်္သေ့မင်းကဲ့သို့ ရဲဝံ့စွာ စကားဆိုသည်ကို တွေ့ရှိရပေသည်။

### အရွယ်မရောက်ဘဲ တွန်ကျူးခဲ့၍ ပျက်စီးရသော ဥသြငှက်

မလိုအပ်ဘဲ စကားများစွာ ပြောဆိုခြင်းကြောင့် အကျိုးပျက်စီးသွားရပုံကို ငါးရာ့ငါးဆယ် ဇာတ်တော် စတုတ္ထနိပါတ်၊ ကောကိလဇာတ်၌ သင်ခန်းအဖြစ် တွေ့ရှိနိုင်ပါသည်။

ရှေးအခါက ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းသည် အလွန်စကားများ၏၊ ထိုမင်းစကားများသည်ကို ပညာရှိအမတ်တစ်ဦးက သင်ခန်းစာပေးနိုင်ဖို့ အခွင့်အခါကို စောင့်၍နေ၏၊ တစ်နေ့သောအခါ မင်းကြီးသည်ဥယျာဉ်သို့ထွက်တော်မူ၍ မင်္ဂလာကျောက်ဖျာ၌ နေတော်မူ၏၊ ထိုကျောက်ဖျာအထက် သရပ်ပင်ပေါ်၌ ကျီးသိုက်မှ အတောင်မစုံသေးသည့် ဥသြငှက်ငယ်သည် ဥသြသံဖြင့် တွန်မြည်၏၊ ထိုထိုတွန်မြည်သောအခါ ကျီးမ-က မိမိ၏သား မဟုတ်မှန်းသိကာ နှုတ်သီးဖြင့် ပေါက်သတ်၍ အသိုက်မှ ပစ်ချလိုက်လေသည်၊ ဥသြငှက်သေသည် မင်း၏ခြေရင်း၌ ကျ၍လာ သည်ကို မင်းကြီးက အကြောင်းစုံကို မေးလေလျှင် ပညာရှိအမတ်က အတောင်မစုံသေးခင် ဥသြငှက်ငယ်သည် မိမိ၏ အသံကိုပေးမိသဖြင့် ကျီးမ၏ ထိုးသတ်ခြင်းကို ခံရပုံအကြောင်းစုံကို ပြန်လည်လျှောက်တင်လိုက်တော့သည်၊ ဥသြငှက်ငယ်သည် အတောင်မစုံမီ ဥသြသံပေးတွန်ကျူးမိသဖြင့် ယခုကဲ့သို့ အသတ်ခံရကြောင်း အလားတူပင် အခါမဟုတ် အရာမဟုတ်သည်၌ စကားများစွာ ပြောသောသူသည်လည်း ယခုကဲ့သို့ ပျက်စီးတတ်ကြောင်း မင်းကြီးအား ပညာပေး လျှောက်ထားလိုက်သည်၊ စကားများများ ပြောတတ်သူများ သင်ခန်းစာယူဖွယ် ကောင်းလှသည်။

### ပညာရှိဖြစ်လိုလျှင် စည်ကြီးကဲ့သို့ ကျင့်သုံးသင့်

လောက၌ မည်သည့်စကားမျိုးကိုမဆို တစ်ပါးသူ မေးမြန်းတိုက်တွန်းမှုမရှိဘဲ မိမိသဘောအတိုင်း မပြောမိကြဖို့ အရေးကြီး၏။



အသိဉာဏ်ကင်းသော လူမိုက်များသည်ကား အခါအခွင့်သင့် မသင့် စဉ်းစားမနေတော့ဘဲ အကျိုးစီးပွားမဲ့သော စကားများကို ပြောဆိုတတ်ကြသည်၊ ထိုအခါမျိုးဝယ် အချိန်မကျမီ အော်မြည်သော ဥသြငှက်ငယ်ကဲ့သို့ ကျီးတို့၏ ဘေးရန်မှုခြင်းခံရလျက် သေကြေပျက်စီးသွားတတ်သည်၊ မိမိကြိုတင် ကြံစည်ထားသော လျှို့ဝှက်ထားရမည့်အကြောင်းကိစ္စမှန်သမျှလည်း ရန်သူများသိရှိကာ ပျက်သွားတတ်သည်။

ထို့ကြောင့် လောကတွင် ကြီးပွားလိုသူ၊ ပညာရှိဖြစ်လိုသူများသည် "အပုဋ္ဌော ပဏ္ဍိတော ဘေရီ- ပညာရှိသည် မမေးလျှင် စည်ကြီးနှင့်တူ၏၊ ဆိုသည့် ဆိုရိုးကို လက်ကိုင်ပြုလျက် မိမိပြောသင့်သောစကား၊ မပြောသင့်သော စကားများကို အသိဉာဏ်ဖြင့် ဝေဖန်ဆန်းစစ်ကာ စည်ကြီးကဲ့သို့ ကျင့်ကြံပြောဆိုသင့်ကြကြောင်း တင်ပြလိုက်ရပေသည်။ ။

♦ ဧယျာနရိန် (မြောင်းမြ)

## အဘိဓမ္မာဂုဏ်ရည် ကဗျာ

# လောကသား လေးစားသူ

အဝိဇ္ဇာတရားတွေကြောင့်
လောကသားအားလုံး၊ အကန်းတွေပါ
သစ္စာဉာဏ်ဆိုတာ မကြားစဖူး
အရှုးတွေ အမိုက်တွေမို့
တိုက်မယ် ခိုက်မယ်
သတ်မယ်ဖြတ်မယ်
အနိုင်ယူမယ် စိတ်အမြဲထား
အတ္တသာလျှင် အရှိတရား
ဖြဟ္မဏတရားတွေသာ အမှန်အကန်
နိဗ္ဗာန်ဆိုတာ သူတို့မသိ
သူတို့သိတာ မဟာဗြဟ္မာ
လာကြပေ့ တို့လမ်းစဉ် လိုက်ကြတဲ့
အော်နေတဲ့အချိန်
ကောင်းကင်တစ်ခုလုံး အမှောင်ဖုံးနေတဲ့အချိန်
သိဒ္ဓတ္ထဘုရားလောင်း၊ ကောင်းမြတ်တဲ့ လက်ရွေးစင်ရှာ
မဂ္ဂင်ရှစ်ပါး၊ မြတ်တရား
တွေ့ပြီ ----
ဟာ --- အဝိဇ္ဇာ၊ အဝိဇ္ဇာမသိခဲ့လို့ သင်္ခါရဖြစ်
ဝိညာဉ် နာမ်ရုပ်၊ သဠာယတန၊ ဖဿ,ဝေဒနာ
သံသရာမဆုံး၊ လူလုံး,နတ်လုံး, ငရဲလုံး
ဝရုန်းသုဉ်းကားတွေပါတကား၊
ဟောဒီမှာ အနိစ္စ
ဟောဒီမှာ ဒုက္ခ
ဟောဒီမှာ အနတ္တ ---အစချီ---ငါသိပြီတဲ့---၊
မြတ်ဗုဒ္ဓ၏ ဓမ္မခန္ဓာပေါင်း ရှစ်သောင်းလေးထောင်
သုတ္တန်, ဝိနည်း, အဘိဓမ္မာ
သံဃာတော် အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်
အရှင်နန္ဒဝံသဆရာတော်ဘုရားကြီးနှင့် သံဃာတော်အရှင်မြတ်များ
တပည့်တော် နိုင်မင်းဆွေကြူသင်း ပူဇော်ပါ၏ အရှင်ဘုရား
အရှင်နန္ဒဝံသဆရာတော်ဘုရားကြီးနှင့် သံဃာတော်အရှင်မြတ်များ
သက်တော်ရာကျော်ရှည်ပါစေသတည်း။
ဗုဒ္ဓသာသနာ၊ ပွင့်လင်းဖြာ၊ ဝေဆာခိုင်မြဲပါစေသတည်း။



**နိုင်မင်းဆွေကြူသင်း - ဥက္ကံ**


အသိတရား
ရဲ့
ပြတင်းတံခါး
မောင်ညိုပြာ

## (၁)

ကျွန်တော်ဟာ ပါလက်စတိုင်းခေါင်းဆောင် **ယာဆာအာရာဖတ်**ကို အလွန်လေးစားခဲ့ဖူးပါတယ်။ကြည်ညိုမိတယ်လို့တောင်ပြောလို့ရပါတယ်။ ဘာလို့လဲဆိုတော့ အသက် ၆၀-ဝန်းကျင်တိုင် သူယုံကြည်တဲ့ ပါလက်စတိုင်းလွတ်မြောက်ရေး အရေးတော်ပုံအတွက် အနစ်နာခံပြီး၊ ဘဝကို စွန့်လွှတ်အနစ်နာခံလို့ပါပဲ။

ကုလသမဂ္ဂစင်မြင့်ပေါ်မှာ သူပြောခဲ့တဲ့စကားကို ကြားခဲ့ရတော့ ပိုပြီးအထင် ကြီးမြတ်နိုးသွားခဲ့ပါတယ်။ စင်မြင့်ပေါ်မှာ စစ်ဝတ်စုံနဲ့ သူကျယ်ကျယ်လောင်လောင် ပြောခဲ့တယ်။

"ကျွန်တော်ဟာ ပါလက်စတိုင်းလွတ်မြောက်ရေးနဲ့ လက်ထပ်ထားပြီးသားလူတစ်ယောက်ပါ"

နောက်တော့ ဘာတွေဖြစ်သလဲဆိုရင် တော်တော် အံ့သြစရာကောင်းပါတယ်၊ သူ့သမီးအရွယ်လောက်ပဲရှိတဲ့ သူ့အတွင်းရေးမှူး ခရစ်ယာန်ဘာသာဝင် ကောင်မလေးနဲ့လက်ထပ်လိုက်တယ်။ သူကိုယ်တိုင်က ဘာသာရေးအလွန် ကိုင်းရှိုင်းတတ်တဲ့ မွတ်စလင်တစ်ဦးပါ။ အမှန်ပြောရရင် အဲဒီအချိန် ကတည်းက သူ့အပေါ် ကျွန်တော် လေးစားမှုတွေ ရှော့ရဲသွားခဲ့ပါတယ်။ ကျွန်တော့်လိုပဲ သူတို့လူမျိုး တွေလည်း သူ့အပေါ် တန်ဖိုးတွေချပေးကြမှာ သေချာပါတယ်။ အဲဒီအချိန်တုန်းက ဘတ်ဂျက်ကို ယာဆာအာရာဖတ်က ကိုင်ရတော့ ငွေရေးကြေးရေး အထင်လွဲမှုတွေ ခံရတယ်လို့ ကြားရ,ဖတ်ရပါတယ်။

ပါလက်စတိုင်းလွတ်မြောက်ရေးလည်း ယခုထက်တိုင် မအောင်မြင်သေးတဲ့အပြင် ပြည်တွင်းစစ်တောင် ဖြစ်နေပြီးတော့ ဟားမားစ် နဲ့ ဖာတာဆိုင်နှစ်ခြမ်းတောင်ကွဲသွားပြီ။ လူတစ်ယောက်စွန့်လွှတ်အနစ်နာခံမှုရဲ့ တန်ဖိုးကျ ဆင်းသွားတယ်လို့တောင် ထင်မြင်ယူဆမိပါတယ်။

နိုင်ငံရေးသမားနဲ့ စာရေးဆရာနဲ့တော့မတူဘူးပေါ့၊ ရုရှားစာရေးဆရာ **ဒေါ့စတော်ယက်စကီး** ဆိုရင် သူ့ရဲ့အတွင်းရေးမှူးမကို သူရေးတဲ့ဝတ္ထုကို ဝေဖန်ခိုင်းတယ်၊ သူ့ဝတ္ထုက အလုပ်ရှင်ဟာ သူ့ရဲ့အတွင်းဝန်မလေးကို နှစ်သက်နေမိပြီ၊ သိပ်စွဲလန်းနေမိပြီ၊ ဘယ်လိုဆက်ရေးရကောင်းမလဲလို့ အကြံဉာဏ်တောင်းတယ်တဲ့၊ ဖွင့်ပြောလိုက်ရ ကောင်းမလားဟင်-လို့ မေးတော့ ကောင်မလေးက ဖွင့်ပြောလိုက်ရင် ကောင်မလေးက စိတ်ဆိုးမှာ မဟုတ်ဘူးလို့ ပြောလိုက်တယ်၊ နောက်တော့ ဒေါ့စတော်ယက်-စကီး နဲ့ သူ့အတွင်းရေးအတွင်းဝန် ကောင်မလေးတို့ လက်ထပ်လိုက်ကြတယ်။ ဒီအချစ်ဇာတ်လမ်းက သိပ်လှသလောက်၊ အာရာဖတ်တို့ဇာတ်လမ်းကျတော့မလှဘူးလေ။

## (၂)

**သမ္မတကြီးဟိုချီမင်း**-ကျတော့ သက်ဆုံးတိုင်တော် လှန်ရေးသမားနဲ့နေသွားပြီး၊ လူပျိုကြီးဘဝနဲ့ပဲ ကွယ်လွန်သွားတဲ့အထိ အနစ်နာခံကာ ဗီယက်နမ်နိုင်ငံကို ထူထောင်သွားခဲ့ပါတယ်။ ကြုံကြိုက်လို့ သူ့အကြောင်းအရာလေး တစ်ခုကိုဖြင့်ပြောပါရစေ။ သူဟာ ဗီယက်နမ်ကနေ ထွက်ပြေးပြီး ပြင်သစ်မှာ တော်လှန်ရေးသွားလုပ်နေစဉ်ကပေါ့၊ ငုယင်-**အိုက်ကွက်**နာမည်နဲ့ မြေအောက်လှုပ်ရှားမှု တွေလုပ်နေတာကို သူ့ဘေးခန်းမှာနေတဲ့ ပြင်သစ် လင်မယားနှစ်ယောက်က သူ့ကို အလွန်လေးစား နေမိတယ်။ နောက် ဗီယက်နမ်နိုင်ငံထူထောင် နိုင်တဲ့အခါ **ငုယင်အိုက်ကွက်**ဟာ သူ့နိုင်ငံကို ပြန်သွားပါတယ်။ သတင်းတစ်ခုက ပြင်သစ်နိုင်ငံ ပါရီမြို့တော်ကို ဗီယက်နမ်သမ္မတကြီး အလည်လာမယ်ဆိုပဲ၊ ဒါနဲ့ ငုယင်အိုက်ကွက်ရဲ့ မိတ်ဆွေ ပြင်သစ် လင်မယားနှစ်ယောက်က ဘယ်လိုတွေးသလဲဆို တော့ "ဟော့ ဒို့မိတ်ဆွေ၊ ငုယင်အိုက်ကွက်ဟာ နေ့မအားညမအား တော်လှန်ရေး လုပ်နေတာ၊ အနည်းဆုံး

တော့ သမ္မတကြီးနဲ့အတူ ပါလာနိုင်တာပဲ"ဆိုပြီး လေယာဉ်ကွင်းမှာ သွားစောင့်နေကြတယ်။ လေယာဉ်လည်းဆိုက်ရော သူတို့အလွန် အံ့ဩသွားကြတယ်။ သမ္မတကြီးဟိုချီမင်းဟာ တစ်ခြားလူမဟုတ်ဘူး။ ငယ်အိုက်ကွက် ဖြစ်နေတာမို့ သူတို့လင်မယား အတင်းတိုးဝှေ့ပြီး နှုတ်ဆက်ဖို့ကြိုးစာပေမယ့် စစ်သားတွေ,ရဲတွေက သူတို့ကို အနားကပ်ခွင့်တောင်မပေးဘူး။ ဒါနဲ့ သူတို့ လင်မယား ပျော်ရွှင်ခြင်းအထိမ်းအမှတ်နဲ့ အိမ်ပြန်ပြီး အရက်သောက်စား ကခုန်ကြတယ်တဲ့။

နောက်ပြီးရှိသေးတယ်။

အော့ဗေးလ်ရိုက်နဲ့ ဝီဗာရိုက်။ လေယာဉ်ပျံတွေကို တည်ထွင်ခဲ့တဲ့ WRIGHT BROTHERS ဆိုရင် လူတိုင်းသိကြပါလိမ့်မယ်။ ဒီညီနောင် နှစ်ယောက်ဟာ အထက်တန်းပညာလောက်သာ တတ်မြောက်ပြီး၊ တစ်ယောက်မျှ ဒီပလိုမာဘွဲ့မရကြဘူး။ ဒါပေမယ့် ပါရမီရှင်တွေဟာ အတန်းပညာနဲ့ သိပ်မဆိုင်ဘူးဆိုတာကို သူတို့သက်သေပြ သွားကြတယ်။ သူတို့ ညီအစ်ကို နှစ်ယောက်ဟာ လေတံခွန်တွေ ငှက်တွေ ပျံသန်းပုံတွေကြည့်ပြီး လေကြောင်းပျံသန်းမှု သုတေသနတွေကို လုပ်ကြတယ်။ သူတို့ဟာ ပထမဦးဆုံး ဂရိုက်ဒါများကို အသုံးပြုပြီး မည်သို့ ပျံသန်းရမည်ဆိုတာကို လေ့လာခဲ့ကြတယ်။ ဝီလ်ဗာ-ရိုက်ဟာ အသက်(၄၅)နှစ် မှာ ကွယ်လွန်သွားတယ်။ အိုဗာရိုက်ကတော့ အသက် (၇၇)နှစ်မှာ ကွယ်လွန်ခဲ့တယ်။ ကျွန်တော် အဓိကပြောချင်တာကတော့ သူတို့ဟာ နှစ်ယောက်စလုံး အိမ်ထောင်မပြုခဲ့ကြဘဲ လူသား မျိုးနွယ်အတွက် အနစ်နာခံကြိုးပမ်းခဲ့တယ်ဆိုတာပဲ။

(၃)

ပထမမြောက် အယ်လီဇဘက်ဘုရင်မဟာ သက်တော်(၂၅)နှစ်မှာ အင်္ဂလန်ထီးနန်းကို ဆက်ခံခဲ့တဲ့ ချောမောလှပတဲ့ ဘုရင်မတစ်ပါးဖြစ်တဲ့အပြင်



သူ့ခေတ်မှာ အင်္ဂလန်ကို ရွှေထီးဆောင်းစေခဲ့တဲ့ ခေတ်ကိုဖန်တီးသူအဖြစ် ဂုဏ်ယူခဲ့ရသူဖြစ်ပါတယ်။ ကမ္ဘာ့ရေတပ်အင်အားကို ကမ္ဘာပေါ်မှာ ပထမအင်အားအကောင်းဆုံး ထူထောင်နိုင်ခဲ့သူအဖြစ် ကမ္ဘာကျော်ခဲ့တယ်။ သူမဟာ အသက်(၇၀)အထိ အသက်ရှင်နေထိုင်ခဲ့တယ်။ သူမသည် အိမ်ထောင်မပြုခဲ့ရှုံသာမက ထီးမွေနန်းလျာကိုလည်း မထားခဲ့ပါ။ ဘုရင်မကြီးဟာ ချောလျှက်သားနဲ့ အချစ်ရဲ့ ပြတင်းတံခါးများကို ပိတ်ထားခဲ့လေရဲ့၊ တစ်ခါတစ်ရံ စွန့်လွှတ်စွန့်စားသူများ အနစ်နာခံသူများ၊ သူတော်ကောင်းများ၊ ဘာသာရေးသမားများ၊ ဗုဒ္ဓရဲ့ သားတော်ရဟန်းသံဃာများဟာ (၁၅၀၀)အချစ်တံခါးကို ပိတ်ထားတတ်ကြတယ်လို့ ထင်မြင်မိပါတယ်။

(၄)

"ဇနီးနှင့်သားသမီးရှိသူများမှာ ကံကြမ္မာ၏ ဓားစာခံများသာ ဖြစ်သည်။"

ဖရန်စစ်ဘေကွန်(Frincis Bacon)

[1561-1626]

အင်္ဂလန်ဘုရင်ဂျိမ်းစ်၏ အကြံပေးအမတ်

♦ မောင်ညိုပြာ

## အဘိဓဇဂုဏ်ရည် ကဗျာ

# မြတ်အရှင်သို့

- သီလအကျင့်၊ သမ္မာရင့်ကျက်
နှိုးဖွင့်တမန်၊ ထက်နဘံက
ဆက်ဆံကြိုဆို၊ မြတ်နိုးလိုဘိ
ပင်ကိုယ်မူလ၊ ထင်ကရမို့
ရွှင်ပြသဏ္ဍာန် ငြိမ်းစေအံ့။
- အဂ္ဂါဘိဓဇ ဘဒ္ဒန္တာနန္ဒဝံသ
ဝနဝါသီ တောရမတည့်
ရာသီစက်ခွင်၊ လှည့်ပတ်ဝင်ခဲ့
မြတ်ရှင်ဆရာတော် ဖြစ်ချေပြီ။
- သက်တော်ပွားထည်၊ ရောက်ရှိရွယ်လည်း
ဆိုဖွယ်မရှိ၊စိတ်အသိက
ဘူမိနက်သန်၊ အခြေခံထား
ကျင့်ကြံကြိုးကုတ်။ တရားထုပ်ကို
မဆုတ်မနစ်၊ မြတ်နိုးချစ်မိ
အားသစ်ဉာဏ်ရွှင် အေးချေပြီ။
- ဓမ္မအသိ၊ အံ့သြ ခြင်း
အသိထူးမြတ်၊ ခန္ဓာမှတ်စွဲ
ဆောင်အပ် ရှောင်အပ်၊ ပိုင်းခြားထပ်လျှက်
စေ့စပ်ကျေပွန်၊ မြတ်အမွန်မို့
အကျွန်ထိပ်တင်၊ ကန်တော့တင်သည်
ငါပင်ရှိခိုး၊ လက်စုံမိုးကာ
ရိုကျိုးသဒ္ဓါ၊ ပွားချေပြီ။
ဩော် ---



- ကျင့်မြတ်တရား၊ မှတ်ယူပွားဝေ
လူသားမွန်မြတ်၊ ကျင့်စိတ်ဓာတ်နှင့်
သုံးရပ်လောကီ၊ ပဏ္ဍိချိုင့်
စာစီမဆုံး၊ တော်ဖြောင့်သုံးတည့်
သီးကုံးရေးဖွဲ့၊ လက်ဘွဲ့နေ
ညွှန်းသွဲ့ကဗျာ၊ မြတ်ထေရ်ဝါမို့
ဒီပါကောင်းခြင်းတင့်စေသတည်း။

**မောင်ယဉ်ဦး-ခနဖြူ**

# ကာလဝိပါက်

# နှောက်ပိုးတက်



(၁)

မောင်မိုးရဲ့ အသုဘကတော့ မလှမပနဲ့ နိဂုံးချုပ်သွားလေပြီ၊ မောင်မိုးအသုဘကို မိုးထဲလေထဲမှာ မလှမပချလိုက်ရ၏၊ အသုဘပြီးတာနှင့် သဲသဲမဲမဲ ရွာချနေသော မိုးသည် ရုတ်ချည်းဆိုသလို ရပ်စဲသွားတော့၏၊ မောင်မိုးဆိုသည့်အမည်အတိုင်း မောင်မိုးအသုဘကို မိုးကပါ လိုက်ပါပို့ဆောင်ပေးရော့လေသလား-ဟု ထင်ရသည်၊ မိုးထဲလေထဲချသည်မို့ အသုဘကလည်း စည်စည်ကားကားတော့ ရှိမသွားခဲ့ပေ၊ မိုးတိတ်သွားသလို မိသားစုရဲ့ ငိုရှိုက်သံတို့ပါ တိတ်သွားလေတော့၏။

အသုဘလိုက်ပို့ကြသည့် မိတ်ဆွေအပေါင်းအသင်း ဉာတိဆွေမျိုးများမှာ အုံ့အားသင့် အမူအရာ သံဝေဂဉာဏ်ဝေဖြာကြလျှက် သုသာန်မှ လူစုခွဲကြပြီး ကိုယ့်အိမ်သူ့အိမ်သို့ အစီအရီပြန်ကြတော့သည်၊ မောင်းမိုးရဲ့ဘဝ အကူအပြောင်းက မြန်ဆန်လွန်းလှသည်၊ ကွေးသောလက် မဆန့်မီ ဆန့်သောလက် မကွေးမီ ဆိုသည့်အတိုင်း အမှည့်တဝင်းဝင်း အကင်းတဖြုတ်ဖြုတ်ဆိုသည့် အတိုင်း မောင်မိုးက သံဝေဂဉာဏ်ပေးသွားလေပြီ။

(၂)

၁၉၈၈-ခုနှစ်သည် ပုလဲမြို့နယ်၊ . . . ရွာ တောင်သူများအတွက် အထူးခြားဆုံးသော နှစ်ဖြစ်ခဲ့သည်၊ ခါတိုင်းနှစ်များနှင့်မတူဘဲ မိုးလေဝသ အလွန်ကျောင်းသော နှစ်ဟု ဆိုရပါမည်၊ ပုလဲမြို့နယ်တွင် နှမ်း၊ ဂျုံ ကုလားပဲ သီးနှံများကို အများဆုံးစိုက်ပျိုးကြသည်၊ ဦးဘလှ+ဒေါ်ကံမြမိသားစုမှာ သည်နှစ်လို မိုးကောင်းသောနှစ်တွင် နှမ်းကိုသာ အလေးပေးစိုက်ပျိုးကြသည်၊ သူတို့မိသားစုတွင် သမီးကြီး စိန်စိန်၊ သားလတ် မောင်မိုး၊ သမီးငယ် သိန်းရည်နှင့် ဆိုလျှင် ၅-ယောက်ရှိသည်။

အညာဒေသ တောင်သူများသည် မိုးလေ ဝသကိုအမှီပြု၍ နေထိုင်စားသောက်ကြသည်ဖြစ်ရာ သည်နှစ်လို မိုးဦးကောင်းသောနှစ်တွင် ဦးဘလှ တို့ တစ်ရွာလုံးရှိ တောင်သူများသည် သူထက်ငါ အပြိုင်အဆိုင် ထွန်ကြယက်ကြသည်၊ တစ်ရွာလုံး နီးပါးရှိလူများ ယာတောမှာသာ အချိန်ကုန်ကြ၏။

ဦးဘလှသည် သူ့နှမ်းခင်းကို ကြည့်ပြီး မျှော်လင့်ချက်များဖြင့် တသိမ့်သိမ့် ပီတိဖြစ်နေ၏၊ မနက်ဖန်ဆို နှမ်းရိပ်သိမ်းရတော့မည်ဖြစ်ရာ ဦးဘလှသည် အိမ်ထောင်ဦးစီး ပီသစွာဖြင့် စီစဉ်ညွှန်ကြားရတော့သည်၊ နှမ်းရိပ်သိမ်းမည့် မနက်တွင် “ကံမြ နှမ်းရိပ်သိမ်းကြမယ်၊ အလုပ်သမားတွေနဲ့ ငါ ယာတော သွားနှင့်မယ်၊ မင်းက ကလေးတွေနဲ့ နောက်မှ လိုက်ခဲ့တော . . . ”

ဦးဘလှက ဇနီးသည် ဒေါ်ကံမြအား ပြောလိုက်၏၊ ခင်ပွန်းသည် ဦးဘလှပြောသည့်အတိုင်း အိမ်မှုကိစ္စအဝဝကို လုပ်ကိုင်ရင်း အိမ်မှာ ကျန်ခဲ့၏၊ ဦးဘလှကြိုက်တတ်သည့် ငါးပိထောင်း၊ သီးဖြူသီးထောင်၊ ပဲကုလားဟင်လျှာများကို တစ်ခုပြီးတစ်ခု ချက်ပြုတ်စီမံရသည်ကို မမောနိုင် မပန်းနိုင်ဖြစ်နေ၏။

သည်နှစ် နှမ်းက တင်း ၁၀၀-ကျော်ခန့်မှန်းထားသည်၊ သားသမီးတွေရဲ့ ဘဝရှေ့ရေးတွေးပြီး ပီတိဖြစ်နေသည်၊ ထမင်းချက်ပြီးတာနဲ့ ရေဘူးထည့်သည်၊ နွားလှည်းပြင်ဆင်သည်၊ နှမ်းခါထည့်ရန် တင်းတိမ်စောင်ကြီးများပြင်ဆင်သည်၊ နှမ်းပြာရန် စကော၊ ချိန်တွယ်ရန် တင်းတောင်း၊ ပီနံအိတ်၊ ပီနံကြိုးစသည့် လိုအပ်ရာရာများကို ပြင်ဆင်သည်၊



နှမ်းရမည့် အာရုံကြောင့် မောသည် ပန်းသည်မရှိ၊ တက်ကြွနေတော့သည်။

"သမီးကြီး စိန်စိန်ပြင်စရာရှိတာ ကြိုတင်ပြင်ဆင်ထား၊ ပြီးရင် အမေနဲ့ ယာတော နှမ်းသိမ်းသွားကြမယ်၊ ညီးအဖေက ယာတောသွားနှင့်ပြီ၊ သားမောင်မိုးနဲ့ အငယ်မ သိန်းရည်တို့အိမ်မှာ နေခဲ့ပစေကြားလား . . ."

"ဟုတ်ကဲ့ အမေ"

ယာတောရောက်ရှိနှင့်နေသော ဦးဘလှမှာမူ နှမ်းများရိပ်ပြီး လက်တစ်ကိုင်စာ နှမ်းရိုးများကို နှီးဖြင့်ချီကာ ဝါးလုံးတန်းများပေါ် အလျားလိုက် တန်းစီကာ နေလှမ်းခြင်းကိစ္စလုပ်လျှက်ရှိ၏၊ နေပူပူ လှမ်းပြထားသော နှမ်းစီးငယ်များကို လက်ဖြင့်ကိုင်ပြီး တင်းတိမ်စောင်ပေါ် ခါထုတ်လိုက်ရုံဖြင့် နှမ်းစေ့လေးများကို အဆင်သင့် ရယူနိုင်၏၊ တဖန်နှမ်းစေ့များကို ချောက်သွေ့သထက် ချောက်သွေ့အောင် နှစ်နေ သုံးနေ ဆက်ပြရမည်၊ တင်း ရေ ၁၀၀-ကျော်ရမည်၊ အချို့ဆီအဖြစ်ကြိတ်စားမည်၊ အချို့ရောင်းမည်၊ အပျိုဝင်စ သမီးကြီး စိန် စိန်၊ သမီးငယ် သိန်းရည်တို့အတွက် နားကပ် တစ်စုံစီဝယ်ပေးမည်၊ သားလေးမောင်မိုးအတွက် စက်ဘီးတစ် စီးဝယ်ပေးမည်၊ အလိမ္မာ အိမ်ပါမည့် ချစ်ဇနီးကံမြင့်အတွက် ရွှေဆွဲကြိုးနှင့် ရွှေဆွဲပြား ဝယ်မည်၊ သူ့အတွက် လက်ပတ်နာရီ အကောင်းစား စီကိုဖိုက် (SEIKO)တစ်လုံး ဝယ်ယူမည်၊ ဤသည်မှာ ဦးဘလှ စိတ်ကူးများဖြစ်တော့သည်။

(၃)

ဝါဆိုမိုးနီးလာချိန်ဖြစ်၍ လတ်တလောနှစ်ရက် သုံးရက်အတွင်း နေသည် ကျစ်ကျစ်တောက် ပူလောင်လှ၏၊ အိုက်စပ်စပ်ဖြစ်လာ၏၊ ဝါဆိုငှက်ခေါ် စာခေါင်းကွက်ငှက်ကလေးများမှာ ဝါဆိုမိုးခိုရန် ရောက်လာကြပြီး အုန်းပင်များရှိရာသို့ သူ့ထက်ငါ စာပေါင်းသိုက်များ ပြုလုပ်လျှက်ရှိကြ၏၊ ဝါဆိုငှက်လေးများသည် လေဒဏ်မိုးဒဏ်ခံနိုင်မည့် အခြေအနေရောက်အောင် အသိုက်အမြှုများကို တည်ဆောက်လျှက်ရှိကြ၏။

ဦးဘလှ မိသားစုများမှာ နှမ်းသိမ်းရန် ယာတောသို့ သွားကြချေပြီ၊ သားဖြစ်သူ မောင်မိုးသည် တစ်ဦးတည်းသောသား ဖြစ်၍လား၊ ပင်ကိုယ်က စရိုက်ကြမ်း၍လား ခွဲခြားရခက်သည်၊ ကြမ်းမှ ကြမ်း၊ ဆိုးမှဆိုး၊ ပေမှပေ၊ တေမှတေ လူဆိုးလူပေ လူတေလေ တစ်ယောက်ဖြစ်သည်၊ မိဘကို ပြန်လှန်ပြောတတ်သည်၊ နှုတ်လှန်ထိုးသည်၊ ဆဲရေးတိုင်းထွာသည်၊ ဆရာသမားအပေါ်၌လည်း ထိုနည်းတူစွာပင် ပြုမူဆက်ဆံသည်၊ ကျောင်းသားမိဘများက သူတို့သားသမီးများကို မောင်မိုးနှင့် အပေါင်းအသင်းလုပ်မှာကို လွန်စွာ

ကြောက်ကြသည်၊ မောင်မိုးက ရန်လိုတတ်သည်၊ ဟိုနား ကလေးတွေ ရန်ဖြစ်ကြသတဲ့၊ မောင်မိုး ပါဝင်သည်၊ တောင်အရပ်က ကလေးတစ်ယောက် ခေါင်းပေါက်ပြဲသွားသတဲ့ မောင်မိုးက ချလိုက်သည်၊ ဆူညံဆူညံကြားရသည်၊ မောင်မိုးအသံဖြစ် နေ၏၊ ကျောင်းစာအုပ် လွယ်အိတ်အစား လေးခွ လောက်စလုံးထည့်စရာဖြင့် အစားထိုးသည်၊ လူဆိုးမောင်မိုးပေတည်း၊ မောင်မိုး လွယ်အိတ်ထောင် လောက်စလုံးအပြည့်ဖြင့် ရွာတောင်ပိုင်း ထွက်လာသည်။

"ဟေ့ကောင် . . နန္ဒသူ မင်းဦးကြီးခြံထဲမှာ ဝါဆိုငှက်တွေ အများကြီးရှိတယ်ဆို လေးခွနဲ့ သွားပစ်ကြရအောင် . . "

"ဟာ . . မလုပ်ပါနဲ့ ကိုမိုးရာ . . ဦးကြီး သိသွားရင် ကျွန်တော့်ကို အဆူခံ အရိုက်ခံနေရလိမ့်မယ် . . "

မောင်မိုးသည် နန္ဒသူစကားကို ဂရုမစိုက် သူ့လွယ်အိတ်ထဲမှ လေးခွနှင့် လောက်စလုံးကို ထုတ်ယူလိုက်ပြီး အသိုက်အမြုံထဲမှ ဦးခေါင်းပြူထွက်နေသော ဝါဆိုငှက်ငယ်၏ ဦးခေါင်းကို တစ်ချက်တည်း ပစ်ချလိုက်၏၊ ဝါဆိုငှက်လေးမှာ မလူးသာ မလွန့်သာ မြေပြင်သို့ပြုတ်ကျလာတော့၏။

"အစ်ကိုလေး . . အစ်ကိုလေး . . အဖေက ယာတောကို လိုက်ခဲ့ပါတဲ့ . . "

ညီမဖြစ်သူ သိန်းရည်က အစ်ကိုဖြစ်သူ မောင်မိုးကို ရေးကြီးသုတ်ပြာ လာခေါ်သည်၊ မောင်မိုး မလိုက်ချင်,လိုက်ချင် လိုက်သွားရ၏။ မနက်ခင်းကလည်း မိဘနှင့် တစ်ယောက်တစ်ခွန်း စကားများခဲ့သည်၊ မောင်မိုး စရိုက်ကြမ်းသည်၊ လူအများကပင် မောင်မိုးကို ဝေးဝေးမှ ရှောင်ရှားကြသည်၊ မောင်မိုးတို့ မောင်နှမ ထွက်ခွာသွားပြီ ဝါဆိုငှက်(မိုးခိုငှက်) လေးမှာလည်း မောင်မိုးလက်ချက်ကြောင့် ဇီဝိန်ချုပ်သွားချေပြီ၊ နန္ဒသူသည် ခြံထဲမှ ထွက်ခွာသွားသော မောင်မိုး၏ ကျောပြင်ကို စူးစူးစိုက်စိုက် ကြည့်လျှက် တစ်ယောက်တည်း ကျန်ခဲ့လေတော့၏။

မိုးသား, မိုးတိမ်, မိုးခဲများ တရှိန်ထိုး အုံ့ဆိုင်းတက်လာသည်၊ မကြာမီ အလင်းရောင်များကို ဝါးမျိုးပစ်လိုက်၏၊ နေ့လည်ခင်းက အပူရှိန်ပြင်းထား၍ ရွာသွန်းချတော့မည်မှာ သေချာသလောက် ဖြစ်လာခဲ့၏၊ မိုးမဲမရွာ မိုးပြာ မစဲ- ဟူသော စကားသည်ပင် သည်တစ်ချီမှာတော့ လွဲချင်းမလှ လွဲချော်တော့မည်။

မိုးသက်လေပြင်းများလည်း တိုက်ခတ်လာချေပြီ၊ မိုးသက်လေပြင်းနှင့်အတူ ကြောက်မက်ဖွယ်ကောင်းလှအောင် မိုးချိန်းသံများပေးနေ၏၊ လျှပ်စီးတန်းများ တစ်ချက်တစ်ချက်လင်းလက်မှသာ အလင်းရောင်ကို မြင်ရနိုင်၏၊ ညနေသည် မှောင်စစဖြင့် ညဘက်သို့ ခြေနင်းဝင်ရောက်လာချေပြီ၊ မိုးချိန်းသံများကတစ်ချက်တစ်ချက် ကြောက်မက်ဖွယ်ကောင်းလှအောင် ညာသံပေး၏၊

မောင်မိုးသည် မိုးထဲလေထဲမှာပင် ယာတောသို့သွားရောက်ရ၏၊ ဦးဘလှ+ဒေါ်ကံမြတို့ မိသားစု ရိပ်သိမ်းပြီးသား နှမ်းများ ပြန်ရရှိရေးအတွက် အစွမ်းကုန်ကြိုးစားကြသည်၊ မိုးကအလွန်ရွာချလာလေပြီ၊ နှမ်းများသိမ်းရန် မဖြစ်နိုင်တော့ပေ၊ ဇနီးသည် တော်-မတော်ကို အရွယ်လွန်မှ ချိုး မွမ်းရာ၏၊ ဦးဘလှယာတောမှ ကျဲထားသည့် ကောင်းလှပါပေ့ဆိုသည့် နှမ်းများမှာလည်း ကျီထဲရောက်မှ နှမ်းကောင်း မကောင်း ချီးမွမ်းရာ၏- ဟူသော နီတိစကားက သွေးထွက်အောင် မှန်လွန်းနေတော့သည်။

ဦးဘလှ+ဒေါ်ကံမြတို့မိသားစု ရိပ်သိမ်းပြီး နှမ်းများက မိုးလွတ်အောင် မသိမ်းဆည်းနိုင်



ကြတော့ပေ၊ နီးစပ်ရာ မိုးလွတ်ရာနေရာသို့ လူလွတ် ပြေးရ လွှားရတော့သည်။

မောင်မိုးသည် သူ မိုးခိုရာနေရာ၌ မိုးမလုံ၍ မိခင်ဖြစ်သူ ဒေါ်ကံမြနှင့်နေရာချင်းလဲလိုက်၏၊ ဒေါ်ကံမြမှာမူ သားသမီးအပေါ် ထားရှိသည့် မေတ္တာစာတ်ဖြင့် သူခိုလုံနေသည့် တမာပင်ရင်းနေရာကို သားဖြစ်သူ မောင်မိုးအား နေရာပေးလိုက်၏၊ ဒေါ်ကံမြ-ကမူ မိုးထဲလေထဲမှာ နေရရှာသည်။

မကြာလိုက်ပါ၊ မိုးသံကြီးက ကြောက်မက်ဖွယ်ရာ ထစ်ချုန်းပြီး မောင်မိုး၏ ဦးခေါင်းနောက်စေ့ကို တည့်တည့် ပစ်ချလိုက်ပါတော့သည်၊ ဦးဘလှတို့ မိသားစု ကြောက်လန့်ပြီး ယာတောမှ ရွာထဲသို့ ပြေးလွှားကြရတော့သည်၊ တစ်ဦးနှင့်တစ်ဦး မကယ်နိုင်ချေ၊ 'ကမ္ဘာမီးလောင် သားကောင်ချနင်း' ဖြစ်ခဲ့ကြ၏၊ ကိုယ်လွတ်ရုံး ပြေးလွှားကြရတော့၏၊ မိုးကြိုးသည် မောင်မိုးမှန်သလား၊ သမီးကြီး စိန်စိန် မှန်သလား၊ ဦးဘလှကို မှန်လေသလား တစ်ဦးနှင့်တစ်ဦး သဲကွဲစွာ မသိကြရတော့ပေ။


မောင်မိုးမှာမူ သူပြုခဲ့သည့် ညနေခင်းက မိုးခိုငှက်ကို သတ်ခဲ့သည့် အကုသိုလ်ကံကြောင့်ပေလော့၊ မိဘ, အပေါ် ဆဲရေးတိုင်းထွာခဲ့သောအပြစ်ကြောင့်ပေလော့၊ ဆရာများအပေါ် မထေရ်မဲ့မြင် ပြုမူဆက်ဆံခဲ့သော အပြစ်ကံကြောင့်ပေလော့၊ ဝိပါတ် ကြမ္မာသည် မောင်မိုးနောက်ကို ထပ်ကြပ်မကွာ လိုက်လာခဲ့ပေပြီ။

မောင်မိုး မိုးကြိုးပစ်ခံရ၍ ပွဲချင်းပြီး သေဆုံးခဲ့သည်ကို ပုလဲမြို့နယ် တစ်နယ်လုံး သတင်းပြန့်သွားလေပြီ၊ မောင်မိုး အသုဘကို ကြောက်လန့်မှုများစွာဖြင့် မိုးထဲလေထဲ လူကျဲကျဲဖြင့် ချလိုက်ရ၏။

မိမိပြုလုပ်ခဲ့သော ရှေးရှေးအကုသိုလ်က နောက်နောက်သော အကုသိုလ်အပြစ်ဆိုးကို ပဋ္ဌာန်းဒေသနာတော် အာသေဝနပစ္စည်းဖြင့် ကျေးဇူးပြုသွားလေပြီ၊ ဝိပါက်ကြမ္မာက သေဆုံးသည်အထိ မောင်မိုးနောက်ကို လိုက်ပါလေသလား၊ ကာလဝိပါက် နောက်ပိုးတက်ရော့လေသလားဟု ထင်ရပါတော့သည်။

ပုလဲ-နန္ဒသူ

❖ ❖ ❖



# မြတ်သည့်မနော

➢ဘုံ့ဓမ္မတာ၊ သံသရာထပ်
ရှည်ကြာနိမ့်မြင့်၊ အဆင့်ဆင့်ထိ
မျှော်လင့်ရည်တန်း၊ ကဗျာပန်းသို့
လန်းဆန်းကြည်လင် ရှိသည့်တာ။
➢စိတ်,စေတသိက်၊ ကမ္ဘည်းနှိပ်လျှက်
နိမိတ်ပုံပြု၊ လောကရှုမြင်
ကောင်းမှုဖြာဖြာ၊ ရတနာမို့
ရင်မှာအေးမြ ရှိသည့်တာ။
➢မွန်မြတ်သန့်စင်၊ အသိဝင်လိမ့်
ငါပင်အတ္တာ၊ ခဝါချငဲ့
သီလမြဲမြံ၊ ကျင်စဉ်မှန်သား
သုံးတန်စေတနာ၊ ဖွံ့ဖြိုးသာသည်
လူ့ရွာအလှ တင့်သည်တာ။
ဩော်....
➢လောကီနယ်ပယ်၊ ခိုမှီတွယ်ယှက်
ကျင့်ဖွယ်မြင့်မြတ်၊ ဆုံးဖြတ်တတ်စွာ
စိတ်ဓာတ်မတ်ခိုင်၊ ဆန္ဒပိုင်လိမ့်
အားပြိုင်လွန်ဆွဲ၊ ပြုံးပျော်ဆဲလေ
အံ့အဲဘနန်း၊ ဘဝလမ်းဝယ်
လျှောက်လှမ်းပီတိ ရှိလိမ့်တကား။ ။

မောင်ယဉ်ပန်



# စစ်မှန်သော သာသနာပြုဆရာတော်

**အရှင်ဣန္ဒောဘာသ**
**(ညောင်လေးပင်)**

အင်းစိန်မြို့ ရွှာမပရိယတ္တိစာသင်တိုက် ပဓာန နာယက ဘဒ္ဒန္တ နန္ဒဝံသ ဆရာတော်ဘုရားကြီးအား ၁၃၆၈-ခု၊ လွတ်လပ်ရေးနေ့တွင် နိုင်ငံ တော်အစိုးရမှအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကြေငြာပြီး ဆက်ကပ်လှူဒါန်းခဲ့၍ များစွာဝမ်းမြောက်မိပါသည်။ တဖန် စာရေးသူထံ ပူဇော်ပွဲနှင့်စပ်သည့် စာများရေးသားနိုင်ကြောင်း အကြောင်းကြားလာ၍ ပို၍ဝမ်းမြောက်မိပါသည်။ အကြောင်းမှာ ရွှာမပရိယတ္တိစာသင်တိုက်ကြီးကို စတင်တည်ထောင်ခဲ့ပြီး အကြီးဆုံးသော ဘွဲ့တံဆိပ်

တော်ကို ရရှိတော်မူသည့် ဘဒ္ဒန္တ နန္ဒဝံသ ဆရာတော် ဘုရားကြီး၏ စစ် မှန်သောသာသနာပြုလုပ်ငန်း ဂုဏ်ကို အနည်းငယ်မျှ ထုတ်ဖော်ရေးသားပူဇော်ခွင့်ရသောကြောင့်ပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် သာသနာပြုလုပ်ငန်းအများအပြားကို ကြိုးပမ်းအားထုတ်ခဲ့ပါသည်၊ ၁၃၃၂-ခုနှစ်မှစ၍ ရွာမကျောင်းကို ရွာမပရိယတ္တိစာသင်တိုက်ကြီးအဖြစ်စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ အခြေခံစာဝါများနှင့် ဝိနည်းပိဋကတ်တော်များကို ပို့ချပေးတော်မူပါသည်။ စာသင်သားသံဃာတော်တို့၏ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးတည်းဟူသော ပစ္စည်းလေးပါးတို့ကို တာဝန်ယူဆောင်ရွက်ပေးခြင်း၊ အခါအားလျော်စွာ ဩဝါဒပေးခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် နိုင်ငံ တော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အင်းစိန် မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက ပရိယတ္တိသာသနာပြုအသင်းကြီးကိုစတင်တည်ထောင်ခဲ့သော အာဒိကမ္မိကပဓာနနာယက-စသည့် သာသနာပြု လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် သာသနိကအဆောက်အအုံအဟောင်းများပြုပြင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်း၊ လမ်းတံတားများ ဆောက်လုပ်ပြုပြင်ခြင်း၊ နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်၍ စာမေးပွဲအောင်သော ကျောင်းသား၊ ကျောင်းသူများကို နှစ်စဉ်ဆုပေးခြင်း၊ ဆင်းရဲနွမ်းပါးသူများအား ပညာရေးထောက်ပံ့ခြင်း၊ တစ်နှစ်လျှင် ရှင်အပါး(၁၀၀)ဖြင့် (၅)နှစ်တိုင်တိုင် ဒုလ္လဘရဟန်းခံပွဲများ ပြုလုပ်ခြင်း စသော လောကအကျိုးများလည်းဆောင်ရွက်တော်မူခဲ့ပါသည်။

သို့ဖြစ်၍ ယခင်က အဆောက်အဦမရှိသော ကျောင်းသည် ယခုအခါ သုံးထပ်တိုက်ကျောင်းစသည့် အဆောက်အဦးများဖြင့်ပြည့်နေပေပြီ၊ မြေကွက်လပ်ပင်မရှိတော့ချေ၊ ယခင်ကသံဃာမရှိသောကျောင်းသည် ယခုအခါ စာသင်သားသံဃာတော် (၆၀၀) ကျော် (၇၀၀)ဝန်းကျင် အမြဲရှိနေ၏၊ ယခင်က စာသင်တိုက်မဟုတ်သောကျောင်းသည် ယခုအခါ အတန်းစုံရှိသည့် စာသင်တိုက်ကြီးတစ်ခုဖြစ်ခဲ့၏၊ ဤသည်မှာ ဆရာတော်ကြီး၏ သာသနာပြုစွမ်းအားကြီးမားမှုကြောင့်ပင်ဖြစ်ကြောင်း သက်သေခံနေပါသည်။ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများထဲမှ စာသင်တိုက်တည်ထောင်၍ သာသနာပြုခြင်းဟူသော ပရိယတ္တိသာသနာပြုလုပ်ငန်းသည် စစ်မှန်သော သာသနာပြုလုပ်ငန်းတစ်ခုပင် ဖြစ်ကြောင်း တင်ပြလိုပါသည်။

ပရိယတ္တိသာသနာပြုဟူသောစကား၌ ပရိယတ္တိဟူသည် မြတ်စွာဘုရား၏ စကားတော်ဖြစ်သည့် ပိဋကတ်တော်များကို သင်ယူခြင်း, ပို့ချခြင်း, ဟောကြားခြင်း, နာယူခြင်း, သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားခြင်း, ရေးသားခြင်း စသည်တို့ဖြစ်သည်ဟု အဓိပ္ပါယ်ရပါသည်။

သာသနာပြုဟူသောစကား၌ သာသနာပြုဟူသည်(၁)ဘုရားစကားတော်အဆုံးအမဖြစ်သော ပိဋကတ်သုံးပုံဟုဆိုအပ်သော ပရိယတ္တိသာသနာ၊ (၂)သစ္စာလေးပါးတရားကို ထိုးထွင်း၍သိခြင်းဟုဆိုအပ်သော ပဋိဝေဓသာသနာ၊ (၃)ထိုသစ္စာလေးပါးတရားကို ထိုးထွင်း၍သိကြောင်း သီလ,သမာဓိ, ပညာအကျင့်ဟုဆိုအပ်သော ပဋိပတ္တိသာသနာဟူ၍ သာသနာသုံးရပ်ရှိ၏။

ထိုသာသနာသုံးရပ်တွင် သာသနာတည်ခြင်း၏ လိုရင်းပဓာနအကျဆုံးသော သာသနာမှာ ပရိယတ္တိသာသနာပင်ဖြစ်ပါသည်။ ပဋိဝေဓသာသနာနှင့် ပဋိပတ္တိသာသနာနှစ်ရပ်သည် သာသနာ့ခရီးစဉ်တလျှောက်၌ ရံခါလည်း အလွန်များပြားစွာရှိနေတတ်၏၊ ရံခါလည်း မရှိဘဲပျောက်နေတတ်၏၊ ရံခါရှိနေလျှင်အလွန် ကောင်းပါသည်။ ရံခါ မရှိဘဲ ပျောက်နေလျှင်လည်း သိပ်အရေးကြီးသည်တော့ မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် ယင်း သာသနာနှစ်ရပ်သည် သာသနာတည်ခြင်း၏ လိုရင်း ပဓာနအကြောင်း မဟုတ်သောကြောင့်ပင် ဖြစ်ပါသည်။

သာသနဋ္ဌိတိယာ ပရိယတ္တိယေဝပမာဏံ ဟူသောစကားအရ သာသနာသုံးရပ်တွင် ပရိယတ္တိသာသနာသာလျှင် သာသနာတည်ခြင်း၏ လိုရင်းပဓာနအကျဆုံးသော သာသနာဖြစ်သည်၊ အကြောင်းမှာ ပရိယတ္တိရှိမှသာလျှင် သာသနာရှိ မည်။ ပရိယတ္တိမရှိလျှင် ပဋိပတ္တိနှင့် ပဋိဝေဓလည်း ရှိတော့မည်မဟုတ်ပေ။ သို့ဖြစ်၍ ပိဋကတ်တော်ကို သင်အံလေ့ကျက်ခြင်း ဟုဆိုအပ် သော ပရိယတ္တိ သာသနာသာလျှင် အရေးကြီးဆုံး၊ သာသနာတည်ခြင်း၏ လိုရင်း ပဓာနအကျဆုံး ဖြစ်သည်ဟု ဆိုခြင်း ဖြစ်ပါသည်၊ (အံ၊ ဋ၊ ၂၊ ၄၁၂)

ထိုအရေးကြီးဆုံး ပဓာနအကျဆုံးဖြစ်သည့် ပရိယတ္တိသာသနာကို အထိရောက်ဆုံး၊အကောင်းဆုံး၊ အသန့်ရှင်းဆုံး တည်တန့်ပြန့်ပွားအောင် ဆောင်ရွက်လိုလျှင် ပရိယတ္တိစာသင်တိုက်ကြီးများ တည်ထောင်၍ သာသနာပြုခြင်းမှတပါး အခြားထို့ ထက်ကောင်းမည်နည်း လမ်းများရှိမည်မဟုတ်ချေ။

ယင်းသို့ စာသင်တိုက် ကြီးများ တည်ထောင်သောပုဂ္ဂိုလ်ကို အရေး ကြီးဆုံးသော အဓိက အကျဆုံးသော သာ သနာကို သန့်ရှင်း တည်တံ့ ပြန့်ပွား အောင် ပြုလုပ်ရာ ရောက်သောကြောင့် တကယ် စစ်မှန်သော သာသနာပြုပုဂ္ဂိုလ် စစ်မှန်သော သာသနာ ပြုဆရာတော်ဟူ၍ ခေါ်ဆိုရမည်ဖြစ်ပါ သည်။

ပရိယတ္တိစာသင်တိုက်ကြီးများတည်ထောင်၍ သာသနာပြုခြင်းသည် လွယ်ကူသည့် လုပ်ငန်း မဟုတ်ပေ။ စားရေး၊ ဝတ်ရေး၊ နေရေး၊ ကျန်းမာရေး၊ စီမံအုပ်ချုပ်ရေး၊ ချီးမြှင့်ထောက်ပံ့ရေး စသည်ဖြင့် ကြီးမားသော တာဝန်အများအပြား ရှိ နေပေပြီ။ ထိုတွင် အခြားသော အရေးကို အသာ ထား၍စားရေးတစ်ခုတည်းကိုပင် စဉ်းစားကြည့်က မည်မျှတာဝန်လေးကြောင်း သိနိုင်ပေသည်။ လူ ပုဂ္ဂိုလ်တို့ တစ်အိမ်ထောင် တစ်မိသားစု နေ့စဉ် စားရေးအတွက် ပင်ပန်းကြီးစွာ ဆောင်ရွက်နေရ သည်ကို ကြည့်လျှင် (၆၀၀)ကျော်သော စာသင် သံဃာတော်များအတွက် နေ့စဉ် အာဟာရကိစ္စကို ပြေလည်အောင် စီမံရသည်မှာ မည်မျှခက်ခဲကြောင်း သိနိုင်ပါသည်။

ယင်းအခက်ခဲများကြောင့်ပင် စာသင်တိုက် တစ်တိုက်ဖြစ်ရန် မလွယ်ကူခြင်းဖြစ်ပါသည်။ ဖြစ်လာလျှင်လည်း ထိုအခက်ခဲများကြောင့်ပင် ကြာရှည်တည်တံ့ရန် ခဲယဉ်းပါသည်၊ ကြာရှည်တည်တံ့ပြန်လျှင်လည်း အောင်မြင်မှုရရန် အခက်ခဲဆုံး ဖြစ်ပါသည်။

ဘဒ္ဒန္တ နန္ဒဝံသ ဆရာတော်ကြီး၏ သာသနာရေးဆောင်ရွက်ချက် စွမ်းအားကြီးမားမှုကြောင့် ယင်းအခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ပြီး ကြာရှည်စွာတည်တံ့နေသော စာသင်တိုက်ကြီး တစ်တိုက် ဖြစ်နေပေပြီ။ အောင်မြင်မှုအပေါင်းလည်း သရဖူဆောင်းခဲ့ပေပြီ။ ဆက်လက်၍ ဒကာဒကာမများ အားပေးလျှင် အားပေးသလောက် အောင်မြင်မှုများ မြင့်မားနေဦးမည်သာဖြစ်ပါသည်။

ဤသို့စာသင်တိုက်တည်ထောင်၍ ပရိယတ္တိသာသနာကို ကြီးပမ်းအားထုတ်ရခြင်း၏ အကျိုးကိုလည်း ဆက်လက်ဖော်ပြလိုပါသည်။ ယနေ့ နာမည်ကြီး ဓမ္မကထိကဆရာတော်များ၊ နာမည်ကြီးစာချဆရာတော်များ၊ နာမည်ကြီးတရားပြဆရာတော်များ၊ နာမည်ကြီးကျောင်းထိုင်ဆရာတော်များ၊ နာမည်ကြီးသာသနာပြုဆရာတော်များသည် ပရိယတ္တိစာသင်တိုက်များမှ ထွက်ပေါ်လာသော ပုဂ္ဂိုလ်များချည်း ဖြစ်ကြသည်။ ပရိယတ္တိစာသင်တိုက်ကြီးများသည် သာသနာပြုပုဂ္ဂိုလ်ကျော်တို့ မွေးဖွားရာဒေသများ ဖြစ်ကြပါသည်။ ဤသည်မှာ ပရိယတ္တိသာသနာကို ကြိုးပမ်းအားထုတ်ရခြင်း၏ အကျိုးတရားတစ်မျိုးပင်ဖြစ်ကြောင်း သိရှိနိုင်ပါသည်။ ဤအချက်ကြောင့်လည်း ပရိယတ္တိစာသင်တိုက်ဖြစ်အောင် တည်ထောင်ခဲ့သော ဘဒ္ဒန္တ နန္ဒဝံသဆရာတော်ကြီးအား စစ်မှန်သော သာသနာပြုဆရာတော်ဟု ဆိုရခြင်းဖြစ်ပါသည်။

သမ္မောအဋ္ဌကထာ(၁၂၃)၌ ယော ကောစိ

မံ အဋ္ဌိ ကတွာ သုဏောယျ-စသည်ဖြင့် လာသော အကျိုးကို ဖော်ပြရလျှင် ပရိယတ္တိတရားကို သင်ယူနာကြားရခြင်း၏ အကျိုးတရားသည် နိဗ္ဗာန်ထိ သွားနိုင်ကြောင်းသိရပါသည်။ ၎င်းအကျိုးကို အရှင်ဇနကာဘိဝံသ ဘာသာဋီကာဆရာတော်က **"စာချ စာသင်၊ အလုပ်ခွင်ဝယ်၊ နေ့စဉ်မွေ့လျော်၊ များသူတော်တို့၊ ရှင်ပျော်လုံ့လ၊ သဒ္ဓါကြွ၍၊ ဉာဏစင်ဖြူ သင်ချမှုကား၊ ထိုသူစီးပွား၊ သုတများသဖြင့်၊ စဉ်းစားဉာဏ်ကြွယ်၊ အမြင်ကျယ်၏၊ မကွယ်စေကာ၊ ကိလေသာလည်း၊ သူငါရှုန့်ကြမ်း၊ ဖြစ်စတမ်းသို့ ပရမ်းပတာ၊ မဖြစ်လာဘဲ၊ ဣဿာမစ္ဆေရ မထကြွဘူး၊ ရာဂ,ဒေါသော၊ မာန,မောတို့၊ အပြောမကျယ်၊ သေးငယ်ငယ်မှ၊ စ၍ပဟာန်၊ တဒင်္ဂနှင့်၊ ဝိက္ခမ္ဘန၊ ပယ်နိုင်ကြသည်၊ သင်,ချအကျိုး၊ စာတန်ခိုး၊"** ဟူ၍ ရေးသားစပ်ဆိုခဲ့ပါသည်။

အဓိပ္ပါယ်မှာ- ပရိယတ္တိတရားပိဋကတ်တော်များကို ဆောင်ရွက်မှတ်သား နာကြားသောသူသည် မကြားဖူး, မသိဖူးသည်ကို ကြားနာရ၍ သုတမယဉာဏ်ကိုလည်းကောင်း၊ ပိဋကတ်တော်များကို ကြံစည်စိတ်ကူးစဉ်းသည့် စိန္တာမယဉာဏ်ကိုလည်းကောင်း ရရှိလာပါသည်။၎င်းဉာဏ်များကို ရရှိလာသည်နှင့်အမျှ လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယစသော ကိလေသာများ တခဏတာ ဝေးကွာအောင် တဒင်္ဂပဟာန်ဖြင့် ပယ်သတ်နိုင်ခြင်း၊ အတော်ကြာကြာဝေးကွာသွားအောင် ဝိက္ခမ္ဘန ပဟာန်ဖြင့် ပယ်သတ်နိုင်ခြင်းစသည့် အကျိုးတရားများ ရရှိလာနိုင်ပါသည်။ ထိုမှတစ်ဆင့် တက်၍ ကြိုးစားအားထုတ်လျှင် ဘာဝနာမယဉာဏ်အထိရောက်ရှိပြီး ကိလေသာတရားများကို သမုစ္ဆေဒ ပဟာန်ဖြင့် အကြွင်းမဲ့ ပယ်သတ်လျှက် သေမင်းမမြင်ရာနိဗ္ဗာန်သို့ ရောက်ရှိနိုင်သည်ဟု အဓိပ္ပါယ်ရပါသည်။

ထို့အပြင် ထိုသမ္မောအဠကထာ၌ပင် "န ဟိ ပရိယတ္တိဓရော ဒုက္ခတော န မုစ္စတိ"ဟူ၍ မိန့်ဆိုထားသည်ကို တွေ့ရပြန်ပါသည်။ အဓိပ္ပါယ်မှာ- "ပရိယတ္တိကို မဆောင်သောပုဂ္ဂိုလ်သည် သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်၊ ဆောင်သောပုဂ္ဂိုလ်သည်သာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်၏။"ဟူ၍ဆိုလိုခြင်းဖြစ်ပါသည်။

မှန်ပါသည်၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် ပရိယတ္တိဟူသော တရားဆယ်ပါးတို့တွင် ပရိယတ္တိတရားသည်သာ အခြေခံအကျဆုံးဖြစ်၏။ အဘယ်ကြောင့်ဆိုသော် - ပရိယတ္တိတရားရှိမှ မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားတို့ကို ရနိုင်သောကြောင့်ပင်ဖြစ်ပါသည်။ ပရိယတ္တိတရားရှိသူ သည် ယခုဘဝ နိဗ္ဗာန်မရသော်လည်း နောင်သံသရာ၌ နိဗ္ဗာန်ကို လွယ်ကူစွာရနိုင်ပေ၏။ အကြောင်းမှာ ပရိယတ္တိတရားသည် နောင်သံသရာ၌ နိဗ္ဗာန်ရခြင်း, ရောက်ခြင်း၏ အားကြီးသော အထောက်အပံ့ ဥပနိဿယ သတ္တိ ပစ္စည်းဖြစ်သောကြောင့်ပင်ဖြစ်ပါသည်။

၎င်းကို ထုတ်ပြရသော် မြတ်စွာဘုရားရှင်လက်ထက်တော်က သာဝတ္ထိမြို့မှ ပုဏ္ဏားကြီး တစ်ဦးသည် အဦးအဖျား ၅-ခါ ၅-ခါ လှူလေ့ရှိသောကြောင့် ပဥ္စဂ္ဂဒါယကာပုဏ္ဏား-ဟုအမည်ရ၏။ တစ်နေ့ ပုဏ္ဏားကြီး အိမ်တွင်းဘက်လှည့်၍ထမင်းစားနေခိုက် အိမ်ရှေ့တွင် မြတ်စွာဘုရား ဆွမ်းခံရပ်တော်မူလာ၏။ အကြောင်းမှာ - ယင်းပုဏ္ဏားလင်မယားသည် ကဿပဘုရားရှင်လက်ထက်က ရုပ်နာမ်တရားများ နားလည်းအောင် သင်ကြားနာယူခဲ့ဖူး၏။ ၎င်းပရိယတ္တိတရားကြောင့် "မဂ်, ဖိုလ်ရချိန်တန်ပြီ၊ ကျောင်းကိုလည်း တစ်ခါမှမလာဖူး" ဟု ဆင်ခြင်၍ ကြွလာခြင်းဖြစ်၏။ဆွမ်းလိုချင်လွန်း၍ မဟုတ်ပေ။

ပုဏ္ဏေးမကြီးက " ဆွမ်းထလောင်းလျှင် ငါ ပြန်မချက်နိုင်ဘူး" ဟုကြံပြီး ပုဏ္ဏားကြီး မသိအောင် "ကန်တော့ဆွမ်းပါဘုရား" ဟုလျှောက်၏၊ မြတ်စွာဘုရားက ခေါင်းခါပြ၏။ ခေါင်းခါပြသည်ကို ပုဏ္ဏေးမကြီး မြင်လျှင် မအောင့်နိုင်ဘဲ အသံထွက်အောင် သည်းစွာရယ်၏၊ ပုဏ္ဏားကြီးသိလျှင် "ပုဏ္ဏေးမကြီး နင်တယ်မိုက်ပါကလား ကပိလဝတ်ဘုရင်မင်းသား ကြွလာ၍ ဆွမ်းရပ်နေတာကို

ဘာမျှမပြော၊ နင့်အပြစ်ဟာမသေးဘူးနော်" ဟုဆိုပြီး စားဆဲတစ်ဝက်ကျန်နေသော ထမင်းပန်းကန်ကို ကိုင်လျှက် "မြတ်စွာဘုရား ဤထမင်းကို စားကြွင်းတစ်ဝက်ကို အလှူခံနိုင်ပါသလား" ဟု လျှောက်၏၊ မြတ်စွာဘုရားက "ပုဏ္ဏားကြီး ငါ့အား စားဦးလည်းသင့်တယ်၊ စားကြွင်းလည်း သင့်တယ် ငါတို့ရဟန်းဆိုတာ သူတစ်ပါးပေးတာကို မှီ၍ အသက်မွေးရသော ပြိတ္တာနှင့်တူတယ်ဟု မိန့်ဆို၏။


ထိုအခါ ပုဏ္ဏားကြီးက "စကြာမင်းလောင်းမင်းသားဖြစ်ပါလျှက် ဤသို့ဆိုနိုင်သည်၊" ဟုအံ့သြဝမ်းသာလျှက် မြတ်စွာဘုရားကို "အရှင်တပည့်များကို အဘယ်ကြောင့်ဘိက္ခုဟု ခေါ်ပါသနည်း" ဟုမေးလျှောက်၏ မြတ်စွာဘုရားက အဘယ်ပုံ ဖြေလျှင်အကျိုးရှိမည်နည်းဟု ဆင်ခြင်ကြည့်သော် ၎င်းတို့နှစ်ဦးလုံး ကဿပဘုရားရှင်လက်ထက်က ရုပ်နာမ်တရာတွေကို သင်ကြားနာယူခဲ့ဖူး၏ ဟု သိတော်မူ၍ "သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။ အသတ္တာ စ န သောစတိ၊ သဝေ ဘိက္ခုတိ ဝုစ္စတိ⁕ အလုံးစုံသော ရုပ်နာမ်တရားတို့၌ ငါ့ကိုယ်ငါ့ဟာ ငါဟု စွဲလန်းခြင်းမရှိသောသူကို (ဝါ)စွဲလန်းခြင်းမရှိ သက္ကာယဒိဋ္ဌိပြုတ်အောင် ဝိပဿနာရှုသောသူကို ဘိက္ခုဟူ၍ ခေါ်ဆို၏" ဟူ၍ ဖြေဆိုသောတရားတော်၏အဆုံး၌ ပုဏ္ဏားလင်မယားနှစ်ဦးလုံး အနာဂါမ်တည်သွားကြ၏။

ဤသာဓကမှာ ရုပ်နာမ်ဓမ္မတို့ကို ကဿပဘုရားလက်ထက်က သင်ယူနာကြားခဲ့ခြင်းဟူသော ပရိယတ္တိတရားသည် ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသွားခြင်းဖြစ်ပါသည်။ ဤအကျိုးတရားကို သင်အံလေ့ကျက်နာယူခြင်းစသော ပရိယတ္တိတရားရှိသူတိုင်း ရရှိမည်ဖြစ်သည်။ သို့ဖြစ်၍ စာသင်တိုက်တည်ထောင်ပြီး ပရိယတ္တိသာသနာပြုဆရာတော်များသည် နိဗ္ဗာန်အထိအများအကျိုးရှိအောင် ဆောင်ရွက်ရာရောက်ကြောင်းမှာ ထင်ရှားနေပါသည်။ ဤအချက်ကြောင့်လည်း ရွာမကျောင်းကို ရွာမပရိယတ္တိစာသင်တိုက်ကြီးဖြစ်အောင် တည်ထောင်ခဲ့သော ကျေးဇူးရှင်ဘဒ္ဒန္တနန္ဒဝံသဆရာတော်ဘုရားကြီးအား စစ်မှန်သော သာသနာပြုဆရာတော်ဟု ဆိုရခြင်းဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ပဓာနနာယက ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ဘုရားကြီးသည် ရွာမ ပရိယတ္တိစာသင်တိုက်ကြီးကို အခက်အခဲပေါင်းများစွာကျော်လွှားပြီး မဖြစ်ဖြစ်အောင်ကြိုးစား၍ စတင်တည်ထောင်ခဲ့၏၊ ပရိယတ္တိစာမေးပွဲအောင် ပုဂ္ဂိုလ်အများအပြားကိုလည်း မွေးထုတ်ပေးနိုင်ခဲ့၏၊ သာသနာသုံးရပ်တွင် သာသနာတည်ခြင်း၏ ပဓာနအကျဆုံးသော ပရိယတ္တိသာသနာကို အထိရောက်ဆုံး သန့်ရှင်းတည့်တံ့ပြန့်ပွားအောင် ပြုစုစောင့်ရှောက်နိုင်ခဲ့၏၊ သို့ဖြစ်၍ ဘဒ္ဒန္တ နန္ဒဝံသဆရာတော်ဘုရားကြီးအား အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဂုဏပူဇာပွဲသဘင်အချိန်အခါ၌ စစ်မှန်သော သာသနာပြုဆရာတော်ကြီး တစ်ပါးအဖြစ် ဂုဏ်ပြုရေးသားပူဇော်အပ်ပါသည်။ ဒါယကာ ဒါယိကာမများဘက်မှလည်း သာသနာအစစ်အမှန်ကို အားပေးချင်လျှင်၊ သာသနာပြုကုသိုလ်အစစ်အမှန်ကို လိုချင်လျှင်၊ နိဗ္ဗာန်ရခြင်း၏ အားကြီးသော အကြောင်းအထောက်အပံ့ကောင်း ဥပနိဿယပါရမီပြည့်ချင်လျှင် ပရိယတ္တိစာသင်တိုက်များနှင့် စာသင်တိုက်တည်ထောင်သည့်ဆရာတော်ကြီးများအား အာပေးချီးမြှောက်ထောက်ပံ့ရန်လိုအပ်ပါကြောင်း စေတနာကောင်းဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။

**အရှင်ဣန္ဒောဘာသ**
(ညောင်လေးပင်)

❖ ❖ ❖



# စကားချိုသာ ပြောဆိုပါ

➤ကောင်းစွာချိုရွှင် ပြောပါလျှင်
လူနတ်များစွာ လွှန်ချစ်ခင်။
➤စကားကြမ်းလျှင် အချစ်ပျက်
တိရစ္ဆာန်သော်မှ မနှစ်သက်
➤ထက်ကောင်းကင်ယံ ကြည့်စမ်းပါ
လဝန်းကြီးမှာ ကြယ်များစွာ။
➤နေမင်းကြီးမှာ အဖော်မရှိ
အထီးကျန်ပါဘိ။
➤ကောင်းဘိချိုသာ ပြောသူမှာ
လဝန်းကြီးပမာ။
➤ကြယ်တာရာတူ မိတ်ဆွေများ
ဝိုင်းဝိုင်းလည်နေတကား။
➤ကြမ်းသောစကား ပြောသူမှာ
နေမင်းကြီးပမာ။
➤အထီးကျန်ကာ အဖော်မဲ့
ကြမ်းသောစကား မပြောပါနဲ့။

**ဝင်းသစ်ထွန်း** (ကန့်ဘလူ)



# ဇော်ဂျီမြို့ပြန်ရဲ့

# ငိုရှိုက်ပွဲတင်သံ

## တင်နိုင်ဝင်း
## (ထမင်းဈေးမြို့)

ဇော်ဂျီမြို့

မစုန်ဘဲ ဆန်ခဲ့တဲ့မြို့
မခေါ်ဘဲ
မျှော်ကြည့်လိုက်ကြ
မြစ်က
တောင်ပံနှစ်ထပ်
ရပ်နေတဲ့ သံသရာကြီးက
ခရီးသည်တွေ
မျောလို့
လောကခံရှိရာ
လာတုန်းကတော့

"ဖျာပုံ"သက်သက်ကိုပါ
ခု ပြန်တော့မှ
ပျံ့ရင်း သေမယ့်
မြို့နဲ့ မြစ်ဟာ
ကြုံရင်း ကျန်ရစ်တယ်
ချစ်သမီး သီရိစိုး။ ။

အောင်ဝေး

၂၄-၉-၂၀၀၀

(၂၀၀၀-ပြည့်နှစ်၊ ဒီဇင်ဘာလထုတ် ရုပ်ရှင်တေး
ကဗျာမဂ္ဂဇင်းမှ)

မြစ်ဝကျွန်းပေါ်က မြစ်တွေဟာ အထက်အညာက မြစ်တွေနဲ့ ရေစီးဆင်းပုံချင်း မတူဘူး။ အထက်အညာက မြစ်တွေဟာ အောက်ကိုသာ တသွင်သွင်စီးဆင်းနေပြီး အထက်ကို ရေလှန်တက်ခြင်းမရှိပေ။ အောက်ပြည်အောက်ရွာ မြေပြန့်ဒေသရှိ မြစ်များက ဒီလိုမဟုတ်၊ ပင်လယ်ဒီရေ၏ အဆုတ်အတက်ကြောင့် တက်ရေ ကျရေရှိသည်။

ပေဒါပင်အဖို့ မြစ်ကို အစုန်အဆန်မျောနိုင်တယ်ပေါ့။ ဒီမြစ်တွေရဲ့ ရေတွေဟာလည်း အမြဲတမ်းလိုလို နောက်ကျိနေတယ်။ အထူးသဖြင့် မိုးတွင်းအခါပေါ့။

ဒီလိုနောက်ကျိနေတာဟာ ရေထဲမှာ နွံနှစ်တွေ ပါဝင်လာတဲ့အတွက်ကြောင့်ပါ။ နွံနှစ်ဆိုတာ အခြားမဟုတ်ပါဘူး။ မြစ်တွေရဲ့ တိုက်စားမှုကြောင့် ကမ်းပါးတွေပျိုကျ၊ မြစ်ထဲ မြေသားတွေကြေမွ၊ မြေမှုန့်တွေဖြစ်၊ ရေနဲ့ ရောနှောပြီး နောက်ကျိ၊ အဲသည်လိုနဲ့ နွံရေတွေဖြစ်လာတယ်၊ နွံရေတွေ အနယ်ထိုင်တော့ နွံနှစ်တွေဟာ ညွန်ပျော့တွေ ဖြစ်လာတယ်။ ညွန်ပျော့တွေ စုပုံလာတော့ မြေနုတွေဖြစ်လာပြန်တယ်။

မြေနုထုထည်များလာတော့ ကျွန်းတွေပေါ်လာတယ်၊ မြစ်ဝမှာ ကျွန်းပေါ်လာတဲ့အတွက် မြစ်ဝကျွန်းပေါ်လို့ ခေါ်ကြတယ်၊ မြေသားက နုနယ်ပြီး ညီညာပြန့်ဖြူးနေတဲ့အတွက် မြေနုလွင်ပြင်(သို့မဟုတ်) မြေပြန့်ဒေသလို့လဲ ခေါ်ကြတယ်၊ အဲဒီဒေသကို ဖြတ်စီးဆင်းသွားတဲ့ မြစ်တွေဟာ ဧရာဝတီမြစ်မကြီးကနေ ခွဲထွက်လာတာဖြစ်တဲ့အတွက် ဧရာဝတီမြစ်ခွဲများဟု ခေါ်ပါတယ်၊ မြေနုမြစ်တွေ(သို့)မြေပြန့်မြစ်တွေလို့လည်း ခေါ်နိုင်ရဲ့။

ဒီမြစ်တွေရဲ့ ကမ်းနံဘေးဝဲယာမှာ ရှိကြတဲ့ မြို့ရွာတွေကိုတော့ မြစ်ဝကျွန်းပေါ် မြို့ကလေးတွေ၊ မြေပြန့်ရွာကလေးတွေလို့ ချစ်စနိုးခေါ်ဆိုကြပါတယ်၊ မြို့ရွာအများစုကလည်း မြစ်ချောင်းနံဘေးမှာပဲ တည်ရှိနေကြပါတယ်၊ ကမ်းရှိတဲ့ မြို့ရွာတွေပေါ့။

ဒီမြို့ရွာတွေကို အလည်လာတဲ့ ဧည့်သည်တွေကို အကြောင်းပြုပြီး စကားပုံတစ်ခု ရှိခဲ့ဖူးပါတယ်၊ "အလာတည်ည်၊ အပြန်မှာ တရှိုက်ရှိုက်"တဲ့။

သာယာစည်ကားလှတဲ့ သည်မြို့သည်ရွာတွေကို အလည်လာတုန်းကတော့ ဧည့်သည်တွေရဲ့ အားရဝမ်းသာ ပြောဆိုမှုတွေ၊ ဒေသခံတွေရဲ့ ကြိုဆိုနှုတ်ခွန်းဆက်သမှုတွေနဲ့ ဆူညံလို့ပေါ့၊ အပြန်မှာတော့ ဖော်ရွေလှတဲ့ မြို့ခံများ၊ ကောင်းမွန်လှတဲ့ ဧည့်ခံမှုများနဲ့ ကွေကွင်းရပြီဆိုတော့ ဝမ်းနည်းမျက်ရည် စို့နှစ်ရတော့တယ်လို့ ရှေးလူကြီးသူမတို့က ဆိုကြတယ်။

ပြီးတော့ အဲဒီမြို့တွေကို အနုပညာသည်တွေ၊ မကြာခဏရောက်လာလေ့ရှိကြတယ်၊ ကဗျာ ဆရာတွေလည်း ရောက်လာကြတယ်ပေါ့၊ အဲဒီ အထဲမှာ ကဗျာဆရာ အောင်ဝေးလည်းပါရဲ့၊ ထူးထူးခြားခြား သူရောက်သွားတဲ့မြို့က "ဇော်ဂျီမြို့" တဲ့။

ဒီတော့ သူအဲဒီမြို့ကို ရောက်ခဲ့တဲ့အကြောင်း ကဗျာဖွဲ့တယ်၊ သူက အဲဒီမြို့ကို ရောက်သွားပုံနဲ့ စ မရေးပဲ ပြန်ခဲ့တဲ့အကြောင်းနဲ့ ကဗျာကို စတင်လိုက်ပါတယ်၊ "မစုန်ပဲ ဆန်ခဲ့တဲ့မြို့"တဲ့။

သူဒီမြို့ကနေ သင်္ဘောနဲ့ ဆန်တက်ပြီး ပြန်ခဲ့ပုံရပါတယ်၊ ဒီဒေသရဲ့မြစ်ကို အမြင်သစ်နဲ့ ရေးဖွဲ့ပြလိုက်တယ်။

မခေါ်ဘဲ
မျှော်ကြည့်လိုက်ကြ
မြစ်က
တောင်ပံနှစ်ထပ်

ဘယ်သူက သူ့ကို လှမ်းမခေါ်ပေမယ့် မြစ်ရဲ့ ရှုခင်းတွေကို ကြည့်ရှုခံစားချင်တဲ့ စိတ်ရှိလို့ ဆော်မှုကြောင့် မျှော်ကြည့်ပုံရပါတယ်၊ မြစ်ကို သူဘယ်လိုမြင်သွားသလဲမသိ၊ မြစ်က တောင်ပံနှစ်ထပ်တဲ့၊ ဟုတ်ပါတယ်၊ ဒီဒေသတစ်ခုလုံးရဲ့ မြစ်

တွေဟာ တောင်ပံနှစ်ထပ်နဲ့ ချီးပါပဲ၊ (ကြည့်တတ်မှ မြင်တာပါ)။

အဲဒီမြစ်တွေရဲ့ လတာမြင် အထက်ဝန်းကျင်မှာ ဓနိပင်တန်းတွေ၊ လမုပင်တန်းတွေ၊ အုန်းပင်တန်းတွေ၊ အပင်မျိုးစုံတန်းတွေက မြစ်ကမ်းခြေတစ်လျှောက် ဝဲယာစီတန်းပြီး ပေါက်ရောက်နေကြပါတယ်၊ အနိမ့်အမြင့် မညီညာလှတဲ့ အဲဒီအပင်တန်းတွေဟာ အမြင်သစ်နဲ့ ဖန်ဆင်းကြည့်လိုက်မယ်ဆိုရင် မြစ်ရဲ့ဒီဘက်ကမ်းမှာ တောင်ပံတစ်ဖက် ဟိုဘက်ကမ်းမှာ တောင်ပံတစ်ဖက်၊ အဲဒီတောင်ပံနှစ်ဖက်ပေါင်းရင် တောင်ပံတစ်ထပ်ကို စတင်တွေ့ရပါလိမ့်မယ်။

ဒါဖြင့်နောက်တစ်ထပ်ကကောဘယ်မှာလဲ?

ရေထဲမှာ . . . . ။

ဟုတ်ပါတယ်၊ မြစ်ရေထဲမှာ ထင်ဟပ်နေတဲ့ သစ်ပင်တန်းရိပ် ရောင်ပြန်တွေဟာ နောက်တစ်ထပ်သော တောင်ပံပေါ့၊ ဒါကို အစက ကျွန်တော်မမြင်ခဲ့ဘူး၊ "ဇော်ဂျီမြို့"ကဗျာကို ဖတ်ပြီးမှပဲ အတွေးစိတ်နဲ့ မြင်ရတော့တယ်။

ယနေ့ခေတ်ပေါ်(မော်ဒန်)ကဗျာတွေကို ဖတ်ဖို့ အချို့က စိတ်မဝင်စားကြဘူးဗျ၊ ဘယ်လိုမှ မခံစားရဘူးလို့လဲ ငြင်းလုံးထုတ်လေ့ရှိတယ်၊ သည့်အပြင် အချို့က အလင်္ကာကဗျာတွေလို့တောင် ဝေဖန်ချင်ကြတယ်၊ အလင်္ကာအဆင့် အထိတော့ မဟုတ်သေးပါဘူးဗျာ၊ ခံစားလို့ရပါတယ်၊ နမ်းရှိုက်လို့ရတဲ့ ပန်းပွင့်သစ်တွေပါ၊ ခုလောလောဆယ်မှာပဲ ကျွန်တော် "တောင်ပံနှစ်ထပ်"ကို သဘောကျစွာ ခံစားနေရပါပြီ၊ ရသစွမ်းရည်အချို့ ဦးနှောက်ထဲ စီးဝင်သွားပါပြီ၊ ထားပါတော့။

ဇော်ဂျီမြို့ကကလေးကနေ သူပြန်တော့ တောင်ပံနှစ်ထပ်နဲ့ မြစ်ကိုလည်း သူမြင်ရော သူ ဘယ်လောက်တောင် ကြေကွဲစွာ ခံစားရသွားရသလဲမသိဘူး၊ စိတ်တွင် မခံမရပ်နိုင်အခါ ပြောလေ့ပြောထရှိတဲ့ တရားသံတွေ ပါလာတယ်။

ရပ်နေတဲ့ သံသရာကြီးထဲ

ခရီးသည်တွေ

မျောလို့ . . .

သူ့စိတ်ကို သူ ချော့မော့နေရဟန် ရှိပါတယ်၊ တရားချနေရဟန်ရှိပါတယ်၊ ဟုတ်ပါတယ်၊ ရပ်နေတဲ့ သံသရာကြီးထဲမှာ ကျွန်တော်တို့တစ်တွေ ခရီးသည်များအဖြစ်နဲ့ မျောလွင့်နေကြတာပါ၊ ကိုယ်လိုရာ မဖြစ်ဘူး၊ ကိုယ်နေချင်တဲ့ မြို့မှာ အကြာကြီး တွယ်ကပ်မနေနိုင်ကြဘူး၊ ရပ်နေတဲ့ သံသရာကြီးထဲသာ သွားလာလှုပ်ရှားနေရပါတယ်၊ ဒါတွေကို အများသိကြပါတယ်။

ဒါပေမယ့် ထူးတာက "ရပ်နေတဲ့ သံသရာကြီး"တဲ့၊ ကျွန်တော်တို့က ဤသံသရာကြီးကို အစဉ်လည်ပတ်ရွေ့လျားနေတယ်လို့ အစက ထင်ခဲ့မိတာ၊ ခုတော့ ဆရာအောင်ဝေးက ရပ်နေတဲ့ သံသရာကြီးတဲ့၊ ဒါကို ကျွန်တော်တွေးတောခံစားကြည့်တယ်၊ ကဗျာကို အထပ်ထပ်ဖတ်ကြည့်ရင်း ဦးနှောက်ထဲ လက်ခနဲ အလင်းတစ်ချက် ရလိုက်တယ်၊ ဟုတ်တယ်၊ သံသရာကြီးက ရပ်နေတာ။

ငါတို့မှာသာ စားဝတ်နေရေးအတွက် ပြေးရ လွှားရ လွင့်မျောရနဲ့ တည်ငြိမ်နေတဲ့ လမ်းပေါ်က ခရီးသည်တွေပမာ ဟိုသွားလိုက် ဒီပြန်လိုက်နဲ့ ငါတို့သာ သွားလာလှုပ်ရှား ရွေ့လျောနေကြတာ၊ သံသရာကြီးကတော့ တည်ငြိမ်နေတဲ့ လမ်းကြီးလို့ ရပ်နေတာ . . ဟော . . တွေးရင်း တွေးရင်း အမှန်တရားတစ်ခု ကျွန်တော်သိမြင်လေပြီကော၊သံဝေဂရမိတယ်ပေါ့၊သူကဆက်ပြောပြန်ပါတယ်။

လောကဓံရှိရာ

လာတုန်းကတော့

"ဖျာပုံ"သက်သက်ကိုပါ . . . . . . တဲ့။

ကျွန်တော်တို့ဟာ လောကမှာနေရင်သာ ခြင်း၊ နာခြင်းဆိုတဲ့ နှစ်ထွေသော လောကဓံနဲ့ ရင် ဆိုင်ရမှာ အမှန်ပါပဲ။

၁။ လာဘ်ပေါ်ခြင်း၊ ရှားပါးခြင်း၊ ၂။ မိတ်ဆွေများခြင်း၊ ရှားခြင်း၊ ၃။ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း၊ ၄။ ချမ်းသာခြင်း၊ ဆင်းရဲခြင်းဆိုတဲ့ လေးစုံသော လောကဓံ ရှစ်ပါးထဲမှာ လောကသားတို့ တဝဲလည်လည် ဖြစ်နေကြတာ ကျွန်တော်တို့ သိရှိပြီးသားပါ၊ ဒီလို လောကရဲ့ စေစားမှုကြောင့် လောကဓံတရားတို့ရှိရာ မြို့ရွာအချို့ကို လှည့်လည်သွားလာခဲ့ရပါတယ်၊ သည်အထဲမှာ ဆရာအောင်ဝေး လည်း ပါပေမပေါ့။

လောကဓမ္မတာအရ သူသွားလိုက်ရတဲ့ မြို့ "ဖျာပုံ"ကိုပါ၊ ဖျာပုံကို သူတမင်သက်သက် သွားခဲ့ပုံရပါတယ်၊ ပြန်ရိုးပြန်စဉ်အတိုင်း ပြန်မယ်ပေါ့၊ ဒါပေမယ့် သူရိုးရိုးတန်းတန်း ပြန်လာနိုင်ခဲ့ပုံ မပေါ်ဘူး၊ သူ့ရင်ထဲမှာ ပြင်းထန်တဲ့ ဝေဒနာတစ်ခုခုကို လက်ဆောင်အဖြစ် ဆွဲယူပြီး ပြန်ခဲ့ပုံရပါတယ်။

ခု ပြန်တော့မှ
ပျံ့ရင်းသေမယ့်
မြစ်နဲ့ မြို့ဟာ
ကြံ့ရင်း ကျန်ရစ်တယ်

ဆိုရိုးစကားတစ်ခုရှိပါတယ်၊ "ငှက်ဆို ပျံ့ရင်းသေရ၊ လူဆိုကြံ့ရင်းသေကြ"တဲ့၊ လူ့ဘဝဆိုတာ ငှက်တွေလိုပါပဲ၊ ငှက်တွေဟာ ပျံ့ရင်း ပျံ့ရင်းနဲ့ ပျံ့ခြင်းအဆုံးမှာ သေကြရတယ်၊ လူဟာလည်း ဘာထူးသလဲ၊ ကြံ့ရင်စည်ရင်းနဲ့ပဲ နောက်ဆုံးမှာ ဇီဝိန်ချုပ်ရတော့တယ်၊ ဒါ ဓမ္မတာပဲလေ။

ဒါပေမယ့် ဆရာအောင်ဝေးက ငှက်ပျံ့သန်းခြင်းကို လူကြံ့စည်ခြင်းနဲ့ မနှိုင်းဘဲ မြစ်နဲ့မြို့ကို နှိုင်းချလိုက်တယ်၊ ဒီမြစ်ဒီမြို့တွေဟာလည်း ပျံ့ ရင်းသေမယ်ဆိုပဲ။

ဒါကို တရားသဘောနဲ့ မကြည့်ဘဲ အမှားသဘောနဲ့ ကြည့်ရင်တော့ ဒီမြစ်သူ ဒီမြို့သားတွေအဖို့ နာစရာဖြစ်ကောင်း ဖြစ်ပေလိမ့်မယ်၊ နာစရာအတွက် ပြောတာ မဟုတ်ပါဘူး၊ တရားသဘောကို ပြလိုက်တယ်ဆိုတာ ကျွန်တော်ရဲ့ ခံစားချက်က နားလည်မှုပေးခဲ့ပါတယ်။

ဒီမြစ် ဒီမြို့တွေဟာ မြလိုလား၊ ငှက်တွေလို ပျံ့ရင်း နောက်တစ်ချိန်မှာ ပျက်စီးရမှာ လောကဓမ္မတာပါ၊ အားလုံးသဘောပေါက်ပြီးသားပါ။

ဆက်ပြီးသူက"ကြံ့ရင်း ကျန်ရစ်တယ်"တဲ့ ဟုတ်ပါရဲ့၊ ကြံ့ခြင်းအလုပ်ကို လုပ်နေကြတဲ့ ဇော်ဂျီမြို့နေ လူထုဟာ မြစ်နဲ့အတူ ကျန်ရစ်ခဲ့ပါတယ်၊ ဆရာအောင်ဝေး စီးနင်းလိုက်ပါတဲ့ သင်္ဘောက မြစ်နဲ့တွဲစပ်နေတဲ့ မြို့ကို ကျောခိုင်းထွက်ခွာသွားပြီလေ။


တကယ်တော့ ဆရာအောင်ဝေးဟာ မြစ်ဝကျွန်းပေါ်ဒေသတစ်ခုရဲ့ မြို့တစ်မြို့မှ အပြန်ကို ခံစားရေးဖွဲ့ထားခြင်းဖြစ်ပါတယ်၊ ကဗျာမှာ ဖျာပုံဆိုတဲ့ ဝေါဟာရပါရှိတဲ့ အတွက် သူ့ဖျာပုံမြို့မှ ပြန်လာခြင်းဖြစ်ကြောင်း အထောက်အထား ဖူလုံနေပါတယ်၊ ဒါဖြင့် ဒီမြို့ကနေ ပြန်လာပါလျက် ဘာဖြစ်လို့ ကဗျာခေါင်းစဉ်ကို "ဖျာပုံမြို့"လို့ မပေးဘဲ "ဇော်ဂျီမြို့"လို့နာမည်ပေးလိုက်လေသလဲ။

တကယ်တော့ ဆရာအောင်ဝေးဟာ ဆရာဇော်ဂျီကို အထူးအဆန်းဂုဏ်ပြုလိုတဲ့ အတွက် ဆရာဇော်ဂျီရဲ့ ဇာတိမြို့ဖြစ်တဲ့ ဖျာပုံကို ဇော်ဂျီမြို့လို့ ကဗျာပညာစွမ်းနဲ့ အမည်နာမ ပြောင်းလဲပေးလိုက် ခြင်းသာ ဖြစ်ပါတယ်၊ ဆရာအောင်ဝေးရဲ့ အဲဒီအစီ အစဉ်လေးကို ကျွန်တော်တို့ အနေနဲ့ အထူးဝမ်းသာ ကြည်နူးစွာ လက်ခံပါတယ်၊ ဆရာဇော်ဂျီမွေးတဲ့ မြို့- ဇော်ဂျီမြို့ . . ။ ။

တင်နိုင်ဝင်း (ထမင်းစျေးမြို့)

❖ ❖ ❖

# အတ္တနရီ



- အတ္တရောင်စုံဖွင့်
နေခြည်မြင့်တဲ့ ပြယုဂ်တစ်စု
အတုလုပ်လို့ ရမလား
အဲဒါ စဉ်းစား။
- လောကရဲ့အလယ်မှာ
သံသရာအပ်ကြောင်း
အဆိုးအကောင်းကိုသုံးသပ်
ဆုံးဖြတ်မှုအမိက
အတ္တည။
- ဒဏ္ဍာရီပုံရိပ်
ရင်ခုံစိတ်နွေးထွေး
အားဆေးတစ်ခွက်လို
- မုဒိတာဝန်းကျင်
ခရီးနှင့်အတ္တများ
ရွေ့လျားနေဆဲ
- အဓိပ္ပါယ်ရှိ
ပကတိအခြေအနေများ
စွမ်းအားဖြစ်တည်နေ
ပြော်--ကမ္ဘာကြီးရေ
အတ္တနရီတွေ
အတ္တနရီတွေ
အတ္တနရီတွေ

ယဉ်ပန်ဝေ



# ပညာရှိသုံးပါး

ဆင်ဖြူကျွန်း အောင်သိန်း

မြန်မာစာပေနယ်ပယ်၌နေတစ်ဆူ လတစ်ဆူ လိုထင်ရှားသော စွယ်စုံကျော်ထင်ကျမ်းကို စာပေလေ့လာသူတိုင်း ကြားဖူးကြပါသည်။ စွယ်စုံကျော် ထင်ဝိသဇ္ဇနာကျမ်းကို ကြည့်ကန်ရှင်ကြီး သျှင်နန္ဒမေဓသည် သံပေါက်ကဗျာများဖြင့် ရေးသား ပြုစုတော်မူခဲ့၏။

သံပေါက်ကဗျာများကို ပုံစံပြရသော် ဤသို့ဖြစ်၏။

၁။ ဣတိမတည် ဖွင့်လေသည်၊ မည်သည့်သံဝဏ္ဏ နာ တို့တည်း။ (၃၈၄)

၂။ ဣတိပုဒ်တည် ဖွင့်ပါမည်၊ ဘယ်သည်အဖွင့်ဆိုပိမ့်နည်း။ (၈၃၅)

၃။ လုံ့တံကျသည် တျက်တျက်မြည်၊ ဘယ်သည့်ကြိယာပေတို့တည်း။ (၃၈၆)

၄။ ဒြပ်ပင်သည် ကာရကမည်၊ ထူးလည်ဘယ်ဥပစာနည်း။ (၈၃၇)

၅။ နွားဟုပြောရည် ကြားလေသည် မည်ဝီထိဖြင့်သိသနည်း။ (၈၃၈)

သံပေါက်ကဗျာများ၏ အဆုံးတွင် ဖော်ပြထားသော ဂဏန်းများမှာ ပုဒ်အရေ အမှတ်စဉ်ဖြစ်ပါသည်။

ထိုကဲ့သို့ အမေးပုစ္ဆာပေါင်း တစ်ထောင်ကျော်ပါရှိသော စွယ်စုံကျော်ထင် အမေးပုစ္ဆာကျမ်းကြီးမှာ နှစ်ပေါင်း ၆၀-မျှ တို့ဝံ့သူ ထိဝံ့သူ မရှိခဲ့ချေ။နှစ်ပေါင်း ၆၀-ကျော်မှသာ စွယ်စုံကျော်ထင် အမေးပုစ္ဆာကျမ်းကြီးကို ဖြေဆိုမည့်သူ ကျီးသဲလေးထပ်ဆရာတော်မုနိန္ဒာဘိဓဇ ပေါ်ပေါက်လာသည်။ အမေးပုစ္ဆာပေါင်း တစ်ထောင်ကျော်ကို ဖြေဆိုတော်မူခဲ့သည်။

ပညာလေ့လာလိုက်စားသော ရှင်လူရဟန်းတို့သည် စွယ်စုံကျော်ထင်အဖြေကျမ်းကြီးကို ဝမ်းပမ်းတသာ လေ့လာမှတ်သားကြရ၏။ ထိုကဲ့သို့ စွယ်စုံကျော်ထင်အဖြေကျမ်းကြီးကို ဝမ်းပန်းတသာ လေ့လာသူများထဲတွင် "ဟသ်ာတမြို့၊ သပြေပင်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသော"အဂ္ဂမဟာပဏ္ဍိတ"မဟာဒွါရ နိကာယဂဏရက္ခိတ အရှင်သောဘဏမထေရ်"လည်း ပါဝင်၏။

စွယ်စုံကျော်ထင် အဖြေကျမ်းကြီးကိုလေ့လာသူများသည် သဘောချင်းမတိုက်ဆိုင်သည်ကို ကျော်လွှားသွား၏။ အကျအပေါက် အချွတ်အယွင်းများကိုလည်း လျစ်လျူရှုကြ၏။ သို့ရာတွင် သပြေပင်ဆရာတော် အရှင်သောဘဏကား သည်းခံတော်မမူပေ။ လျစ်လျူရှုတော်မမူပေ။ မကြိုက်သည်ကိုတွေ့လျှင် တစ်ပုဒ်ပြုစုတော်မူရကား အမှားတွေ့လျှင်လည်း မှားကြောင်း ထရေးသည်။ ဤသို့ဖြင့် ပုဒ်ရေခုနှစ်ဆယ်ကျော်ရှိသော "စွယ်စုံကျော်ထင် ဝိသောဓနီ"ကျမ်းသည် ဖြစ်ပေါ်လာခဲ့ပေ၏။



စွယ်စုံကျော်ထင် ကျမ်းရင်း၌ အမေးပုစ္ဆာများကိုမဖြေဘဲ ထားပစ်ခဲ့သည်များ ရှိပါသည်။ ပုံစံ အားဖြင့် ကျမ်းရင်းအမှတ်စဉ်(၄၈၉) ဖြစ်သည်။ ကျမ်းရင်းက "သံလွန်မဖြုတ်၊ လည်ကိုနှုတ်၊ အဟုတ်ဘယ် မကောင်းကျိုးနည်း" ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား ပုစ္ဆာအာဘော်ကို မကြံမိ ဟု ဖော်ပြထားရာ၊ ဝိသောဓနီက ၂-မျက်နှာခွဲရှိသော စာသားများဖြင့် ဖြေဆိုထားသည်။

ယခုဖော်ပြမည့် ကျမ်းရင်းအမှတ်စဉ်(၄၉၇) "နတ်သားဖူးအပ်၊ လူမစပ်၊ ရောင်လျှပ်ဘုရားမည်မျှနည်း"ကို ကျီးသည်းလေးထပ်ဆရာတော် ဘုရားကြီး ဖြေဆိုထားတော်မူသော်ငြားလည်း သပြေပင်ဆရာတော်ဘုရားကြီး သဘောကျတော်မမူပါ။ သို့ကြောင့် အသစ်ဖြေဆိုထားတော်မူသည်။

စွယ်စုံကျော်ထင် ဝိသောဓနီ၏ စာမူအမှတ်စဉ် ၂၆၊ ကျမ်းရင်းစာမူအမှတ်စဉ် ၄၉၇-တွင် ဤသို့တွေ့ရ၏။

"နတ်သားဖူးအပ်၊လူမစပ်၊ ရောင်လျှပ်ဘုရားမည်မျှနည်း"ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာ-ကား ---

၁။ တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီတော်တစ်ဆူ၊

၂။ အကနိဋ္ဌာဗြဟ္မာ့ဘုံ၌ ဒုဿစေတီတော်တစ်ဆူ၊

၃။ ဇမ္ဗူဒိပ်ကျွန်း မဏ္ဍာဂိရိတောင်ထိပ်၌ မဟေသရနတ်တို့ကိုးကွယ်သော ရုပ်ပွားတော်တစ်ဆူ။

ဤသုံးဆူသော စေတီကိုကား နတ်တို့သာ ဖူးရ၏။ လူမဖူးရချေ။

တာဝတိံသာ၌ စူဠာမဏိစေတီသည်၊ ဘယ်အခါကဖြစ်သနည်း ဟူမူကား ဗောဓိသတ္တော သဟ မောဠိယာ -----------------
တာဝတိံသာဘဝနေ စူဠာမဏိ စေတိယံ နာမ ပတိဋ္ဌာပေတိ-ဟူ၍ အပဒါန်အဋ္ဌကထာ၌ လာသည်။

အဓိပ္ပါယ်ကား- သိဒ္ဓတ္ထမင်းသားဘုရားအလောင်းတော်သည် အနော်မာမြစ်ကမ်းခုံထက် ထက်ဝယ်ထိုင်တော်မူရာ ဦးခေါင်းတော်ထက် ဆံစည်းကို စွဲသောသံလျက်ဖြင့် ဖြတ်လှီးပြီးလျှင် မကုဋ်နှင့်တကွသော ဆံစည်းကို ကိုင်၍ "ငါသည် စင်စစ်မချွတ် ဘုရားဖြစ်လတ္တံ့မှန်မူကား ဤဆံစည်းသည် ကောင်းကင်ပြင်၌ တည်စေသတည်း၊ မဖြစ်မူကား မြေသို့ကျစေသတည်း" ဟု အဓိဋ္ဌာန်၍ ကောင်းကင်သို့ပစ်လိုက်၏၊ ထိုဆံစည်းသည် တစ်ယူဇနာမျှလောက်သော အရပ်သို့တက်လေ၍

ကောင်းကင်၌ ပန်းဆိုင်းဆွဲသကဲ့သို့တည်၏။ သိကြားမင်းသည် နတ်မျက်စိဖြင့် ကြည့်၍ တစ်ယူဇနာမျှလောက်သော ရတနာပန်းတောင်းဖြင့် ခံယူ၍ တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီကို တည်၍ ကိုးကွယ်၏ ဟူလိုသည်။ ပမာဏကို မည်မျှမဆို။ ထူပဝင်၌ကား "ပဋိဂ္ဂဟေတွာ စ ပန ဒေဝ-လောကံ ----- စူဠာမဏိစေတိယံ နာမ အကာသိ" ဟူ၍ ခံပြီးသောဆံတော်ကို နတ်ပြည်သို့ ဆောင်၍ မြင်းမိုရ်တောင်ထိပ်၌ သုံးယူဇနာပမာဏ ရှိသော ဣန္ဒနီလာ မြညိုဖြင့်ပြီးသော "စူဠာမဏိ စေတီ" ကို တည်၏ဟူ၍ ဆိုသည်။ ထို့ကြောင့်ပျို့ ဆရာတို့သည် "မြစ်ကမ်းသောင်ဝယ် ဆံတော်ပယ်၍ မိုးလယ်ရပ်ခွင် မြှောက်လိုက်တင်ကကောင်းကင် ရစ်ဝဲ ပန်းဆိုင်းဆွဲသို့ နတ်ပွဲညီညာ ဌာပနာသည် စူဠာမဏိပုထိုးတည်း" ဟူ၍ စပ်သည်။

ဖြုတ်ပြည်၌ စေတီဘယ်အခါက ဖြစ်သနည်းဟူမူ

''ယဋ္ဌိကာရော မဟာပုရိသေန ----"ဒုဿထူပံ" အကာသိ"ဟူ၍ ဗုဒ္ဓဝင်အဋ္ဌကထာ၌ လာသည်။

အဓိပ္ပါယ်ကား - ယဋ္ဌိကာရဖြဟ္မာသည် မိမိ ကပ်လာသော ကြာသက်န်းဖြင့် ဘုရားလောင်း ရဟန်းပြုလေသော် လဲချွတ်တော်မူသော ကိုယ်ဝတ် ပုဆိုးတော်ကို ယူဆောင်၍ မိမိ၏နေရာ ဖြစ်သော အကနိဋ္ဌာဘုံ၌ ၁၂-ယူဇနာရှိသော "ဒုဿစေတီ" ကို တည်၍ ကိုးကွယ်လေသည်။

မဏ္ဍာဂိရိတောင်ထိပ်၌ကား- မဟောသရ မည်သော ဘုမ္မဇိုးနတ်မင်းကြီးသည် ဘုရားသခင် ဟိမဝန္တာသို့ ကြွသောအခါတွင်ရောက်လာ၍ ဘုရားနှင့် ကိုယ်ဝှက်တမ်းကစားသဖြင့် မိမိရှုံးလေ ရကား ဘုရားကိုယ်တော်မြတ်ကို ဆည်းကပ်ကိုး ကွယ်ခြင်းငှာ ခွင့်တောင်း၍ အခွင့်မရသော် ကိုယ်တော်စား ကိုယ်ပွားကိုးကွယ်ပါရစေဟု တောင်းပန် သဖြင့် ရုပ်သွင်တော်နှင့်တူစွာ ရတနာဆင်းတု ပြု၍ ကိုးကွယ်ရလေသည်။ ဤအကြောင်းကို "လောက ပညတ္တိကျမ်း"၌လာသည်။

ထို့ကြောင့် သာမုဒြိကကျမ်း၌

ကျော်ပျံ့ ဝှန်ထိတ်၊ ကျွန်းလုံးညိတ်မျှ၊ ပရမိဿရာ၊ နတ်ဒေဝါမူ၊ မဏ္ဍာဂိရိ၊ မဏိယောင်စွပ်၊ တောင်ထွဋ်တောင်ဖျား၊ ဘုရားရုပ်ဇာတ်၊ မွေမြတ်ဆူဆူ ညွတ်ကြည်ဖြူ၍၊ အိမ်သူဇနီး၊ သမီး မက္ခာ၊ သားငါးရာနှင့်၊ သောတာပတ္တိ၊ မဂ်ဉာဏ်ရှိ-သား၊ သမာဓိမျှ၊ နှစ်လို့နှစ်လှိုင်း၊ ဂိုဏ်းနှင့်တကွ၊ ပဋ္ဌတမွဲ ဒေဝ်ဒေဝေါ်၊ ဖွေဖော်ဟောထုတ်၊ သဘော ဟုတ်သား၊ ဝိသုဒ္ဓိထွက်၊ နတ်ထက်နတ်ကို၊ ဆယ် မြတ်လက်မိုး၊ တင်ရှက်ကျိုးသည်၊ ရှိခိုးသုံးကြိမ်၊ ညွတ်နူးတည်း" ဟူ၍စပ်ဆိုသည်။

စွယ်စုံကျမ်းရင်းကြီးထဲ၌ ဤကဲ့သို့ဖြေဆိုထား သည်ကို "စွယ်စုံကျော်ထင်ဝိသောဓနီ" ဆရာ သဘောမကျပါ၊ သို့ကြောင့် ဖြေဆိုတော်မူ၏။

**ဝိသောဓနီ**

နဂါးပြည်၌ ဇေယျသေန နဂါးမင်းပူဇော်အပ် သော စွယ်တော်ဓာတ်မြတ်တစ်ဆူ ရှိသေး၏။ "ဆကေသာဓာတုဝင်"၌ လာရှိကုန်သော-

သက္ကထူပ ဆံတော်မြတ်စေတီ။

ပဇ္ဇုန္နထူပ ဆံတော်မြတ်စေတီ၊

မဏိမေခလာထူပ ဆံတော်မြတ်စေတီ၊

အဒ္ဓိပနာဝိကထူပ ဆံတော်မြတ်စေတီ၊

ဝရုဏနာဂရာဇထူပ ဆံတော်မြတ်စေတီ၊

သတ္တနာဝိက ဆံတော်မြတ်စေတီ၊

ဤစေတီတော်မြတ် ခြောက်ဆူလည်းရှိပါသေး၏။

"ကောဟိဒါဌာ"အစရှိသော မဟာပရိနိဗ္ဗာန

သုတ္တပါဠိကို ဖော်ပြပြီးနောက် နိသျကို ပြန်ဆိုထားပုံမှာလည်း ဤသို့ဖြစ်၏။

ဟိ- ချဲ့၍ဆိုဦးအံ့၊ ဧကာ ဒါဌာ-စွယ်တော်မြတ်တစ်ဆူကို၊ တိဒိဝေဟိ- တာဝတိံသာနတ်တို့သည်၊ပူဇိတာ-ပူဇော်အပ်၏၊ ဧကာ ပန-တစ်ဆူသော စွယ်တော်မြတ်စေတီတော်ကိုကား၊ ဂန္ဓရပုရေ- ဂန္ဓာရတိုင်း၌၊ မဟီယတိ- ပူဇော်အပ်၏၊ ပုန-တစ်ဖန်၊ ဧကံ-တစ်ဆူသော စွယ်တော်မြတ်ကို၊ ကလိင်္ဂရညော - ကလိင်္ဂမင်း၏၊ ဝိဇိတေ-တိုင်းနိုင်ငံ၌၊ မဟေတိ-ပူဇော်၏။ ဧကံ ပန- တစ်ဆူ သော စွယ်တော်မြတ်ကိုကား၊ နာဂရာဇာ- နဂါးမင်းသည်၊ မဟေတိ- ပူဇော်၏။



ထိုမှတစ်ဖန် "ဧကာ ဒါဌာ"အစချီ သော ဗုဒ္ဓဝံသ ပါဠိတော်ကို ဖော်ပြပြီးနောက်အနက် သမ္ဗာန်ထား၏။

ဧကာ ဒါဌာ- တစ်ဆူသောစွယ်တော်ခေတ်မြတ်သည်။ တိဒသပုရေ- တာဝတိံသာနတ်ပြည်၌ အဟု-ဖြစ်ပြီ။ ဧကာ ဒါဌာ- တစ်ဆူသောစွယ်တော် ခေတ်မြတ်သည်၊ နာဂပုရေ- နဂါးပြည်၌၊ အဟု-ဖြစ်ပြီ၊ ဧကာဒါဌာ- တစ်ဆူသောစွယ်တော်ခေတ် မြတ်သည်၊ ဂန္ဓာရဝိသယေ- ဂန္ဓာရတိုင်း၌၊ အဟု-ဖြစ်ပြီ၊ ဧကာဒါဌာ- တစ်ဆူသောစွယ်တော် ခေတ်မြတ်သည်၊ ကလိင်္ဂရာဇိနော- ကလိင်္ဂမင်း၏၊ ဝိဇိတေ- နိုင်ငံ၌ အဟု-ဖြစ်ပြီ။

ဝိသောဓနီဆရာတော်သည်၊ စွယ်စုံကျော်ထင်ကျမ်းရင်းကြီးပါ မပြည့်စုံသော အဖြေများကို ဝိသောဓနီကျမ်းဖြင့် ဤနှယ်ဖြေဆို တော်မူသည့်နည်းတူ မဖြေသည့်အဖြေကိုလည်း ဝိသောဓနီဖြင့်ဖြည့်စွက်ဖြေဆိုတော်မူ၏။

ဝိသောဓိနီအမှတ်စဉ်-၂၈, ကျမ်းရင်းကြီးအမှတ်စဉ် ၅၀၈တွင် "နှစ်ပါးတစ်ချပ် မအိပ်အပ်၊ အပ်အောင်မည်သို့အိပ်မည်နည်း" ဟူသော အမေးပုစ္ဆာ၌ အဖြေဝိသဇ္ဇနာကား "ယာ ပန ဘိက္ခုနီ-အကြင်ရဟန်းမသည်၊ ဧကမဉ္စေ- တစ်ညောင်စောင်းတည်း၌၊ ဒွေ-နှစ်ယောက်၊ တုဝဋ္ဋေယျုံ- အိပ်ကုန်ငြားအံ့၊ တဿာ-ထိုဘိက္ခုနီမအား၊ ပါစိတ္တိယံ-ပါစိတ်အာပတ်သင့်၏။

ဤသိက္ခာပုဒ်၏ အနာပတ္တိဝါရ၌ -

ဧကာဘိက္ခုနီ-တစ်ယောက်သော ဘိက္ခုနီမသည်၊ သယန္တေ- အိပ်သည်ရှိသော်၊ ဧကာ ဘိက္ခုနီ-တစ်ယောက်သော ဘိက္ခုနီမသည်၊ နိသီဒတိ- ထိုင်၍ နေငြားအံ့။ အနာပတ္တိ-အာပတ်မသင့်။

ရဟန်းယောက်ျား၌လည်း နည်းတူ တစ်ယောက်အိပ်ခိုက် တစ်ယောက်ထိုင်၍နေလျှင် အပ်၏-ဟုမှတ်ရမည်။

စွယ်စုံကျော်ထင်ပုစ္ဆာဝိသဇ္ဇနာ ကျမ်းရင်းကြီး ၌ ထိုသို့ဖြေဆိုထားသည်ကို ဝိသောဓနီဆရာ သဘောမတွေ့ပါ။ သဘောမတွေ့ခြင်းမှာ အမေးတစ်ခြား အဖြေတစ်ခြား သဘောရောက်နေသောကြောင့် ဖြစ်သည်။ အမေးတစ်ခြား အဖြေတစ်ခြား ဖြစ်နေပုံကိုလည်း "အာပတ်မသင့်အောင် နှစ်ပါးစလုံး တစ်ပြိုင်နက် မည်သို့အိပ်မည်နည်းဟု မေးလိုသည်။ ဝိသဇ္ဇက ဆရာတော်က တစ်ပါးအိပ် တစ်ပါးထိုင်နေလျှင်

အာပတ်မသင့်ဟု ဖြေသည်။ ထို့ကြောင့် ဤဝိသဇ္ဇနာသည် မပြေလည်ပေ"ဟု ဖော်ပြထားသောကြောင့် သိသာလွယ်ပါမည်။

ဝိသောဓနီဆရာတော်သည် ဝိသဇ္ဇနာဆရာနိသျပေးပုံကိုလည်း -

"ယာ ပန ဘိက္ခုနိယော- အကြင်ရဟန်းမိန်းမတို့သည်၊ တာသံ- ထိုရဟန်းမိန်းမတို့အား၊" ဤသို့ အနက်ယောဇနာမှ မှန်ကန်ပေမည်ဟူ၍လည်း ကောင်း၊

အနာပတ္တိဝါရ၌လည်း-

ဧကာယ- တစ်ယောက်သော ရဟန်းမသည်၊ နိပ္ပန္နာယ-အိပ်သည်ရှိသော်၊ အပရာ- တစ်ပါးသော ရဟန်းမသည်၊ နိသီဒတိ- ထိုင်နေ၏။ ဤသို့ အနက် ယောဇနာမှ မှန်ကန်ပေမည် ဟူ၍လည်းကောင်း ဖော်ပြပြီးမှ မူလလမ်းကြောင်းသို့ ပြန်လည်ဝင် ရောက်ပုံမှာ အောက်ပါအတိုင်းဖြစ်၏။

ပုစ္ဆကဆရာ၏ အာဘော်ကျအဖြေမှန်ကား-

အလယ်၌ သက်န်းကိုဖြစ်စေ၊ တောင်ဝှေးကိုဖြစ်စေ၊ ခါးပန်းကြိုးကိုဖြစ်စေ ထား၍အိပ်လျှင် အာပတ်မသင့်၊ အိပ်အပ်၏ဟူပေ။

ဝတ္ထာန် ဒဿေတွာတိ ---- အနာပတ္တိ (ပါစိတ္တိယအဋ္ဌကထာ)

ဝတ္ထာန် ဒဿေတွာတိ- ဝတ္ထာန် ဒဿေတွာ- ဟူသည်ကား၊ မဇ္ဈေ-အလယ်၌၊ ကာသာဝံ ဝါ- သက်န်းကိုဖြစ်စေ၊ ကဋ္ဌရယဋ္ဌိံ ဝါ- တောင်ဝှေးကိုဖြစ်စေ၊ အန္တမသော- ယုတ်သော အပိုင်းအခြားအားဖြင့် ကာယဗန္ဓနမ္ပိ- ခါးပန်းကြိုး ကိုသော်လည်း၊ ဌပေတွာ- ထား၍၊ နိပ္ပဇ္ဇန္တီနံ- အိပ်ကုန်သော ရဟန်းမိန်းမတို့အား၊ အနာပတ္တိ- အာပတ်မသင့်။

ဖျာတစ်ချပ်တည်း သို့မဟုတ် ညောင်စောင်းတစ်ခုတည်း သို့မဟုတ် ကုတင်သလွန်တစ်ခု တည်း အမျိုးသားရဟန်းနှစ်ပါး မအိပ်ရသည့်နည်းတူ အမျိုးသမီးရဟန်းမနှစ်ပါးလည်း အတူမအိပ်ရပေ၊ အိပ်လျှင် အာပတ်သင့်သည်။

သို့ဖြစ်၍ တစ်ချပ်တည်းတွင် နှစ်ပါးအိပ်လိုသည်၊ အာပတ်မသင့်အောင် မည်သို့ လုပ်မည်နည်း-ဟုမေး၏။ တစ်ပါးအိပ်နေခိုက် တစ်ပါးထိုင်နေလျှင် အာပတ်မသင့်ဟူသည့်အဖြေမှာ အမေးနှင့် အံမကျပေ။ သို့ကြောင့် အမြင်မတော်သော ဝိသောဓနီဆရာက "အလယ်၌ တောင်ဝှေး၊ ခါးပန်းကြိုး၊ သက်န်း တစ်ခုခုထားပြီးအိပ်လျှင် အာပတ်မသင့်ဟု ဖြေ၏။ သို့မှသာ အမေးနှင့် အဖြေ ညီညွတ်မည်။

စွယ်စုံကျော်ထင် အမေးကျမ်းကို ပြုစုခဲ့သော ကျည်းကန်ရှင်ကြီးမှာ မြန်မာစာပေနယ်ပယ်တွင် ကြီးကျယ်သော ပုဂ္ဂိုလ်ဖြစ်၏။ အနှစ် ၆၀-လုံးလုံး မည်သူမျှ မတို့မထိရဲသော စွယ်စုံကျော်ထင် အမေးကျမ်းကို ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးမှာလည်း ကျမ်းပေါင်း ၃၀-ကျော် ပြုစုခဲ့သော ဉာဏ်ကြီးရှင်ဖြစ်၏။

ထိုနည်းတူပင် စွယ်စုံကျော်ထင် ဝိသဇ္ဇနာကျမ်းကြီး၏ အကျအပေါက် အယိုအယွင်းများကို ဖော်ထုတ်ညွှန်ပြပြီး ပြင်ဆင်ပေးတော်မူသော သပြေပင်ဆရာတော် ဘဒ္ဒန္တ သောဘနမှာလည်း ကျမ်းပေါင်း ၇၀-ကျော် ပြုစုရေးသားတော်မူခဲ့၍ မက အစဉ်အဆက်မှာချွတ်လာခဲ့သော ပက္ခဒိန်ကို ၁၂၉၈-ခုနှစ်ကျမှ မှန်ကန်အောင် စတင် အားထုတ်သော ပုဂ္ဂိုလ်လည်း ဖြစ်ပေ၏။ ။

ဆင်ဖြူကျွန်း အောင်သိန်း





# အဥ္ဇလီပန်ထွာ

■ ထာဝရမယုတ်
သာစွအလုပ်ဖြင့်အချိန်ကုန်စေသည့်
သိရ်ဂုဏ်ဝေပြည့် ကျောင်းတိုက်တာ။
■ ဝင်းထိန်ပါဝစန
အင်းစိန်ရွာမ ပရိယတ္တိ
ကဝိမြတ်ရှိ အလှဂုဏ်လွှမ်း
အေးချမ်းသာယာ။
■ မြို့ကျက်သရေဆောင်
ပျို့လက်ဝေရောင် မြတ်နိုးရာ
အမြတ်ကျိုးရှာကြ သောတုများ။
■ ဘပည့်အလိမ္မာ ပန်းအလှစုံ
ချမ်းမြရဂုံ ကြိုင်ပျံ့ကြိုင်
ခိုင်သန့်ခိုင် ပန်းမျိုးဆက်သည့်
ပန်းပျိုးလက်သို့ အဥ္ဇလီပန်ထွာ
ရှင်ကြည်မှန်စွာ ရှုစရာကွန့်
ဂုဏာဘိတ္ထဝ မော်ကွန်းထိုးလို့ရယ်
ကောင်းကျိုးတွေပွား။ ။

ကန့်ဘလူ-ဖြူစင်ဝင်း


ထွန်းဝေမြင့်
မရှိတဲ့အခါ



ကျွန်တော့်အမေ
ကင်ဆာရောဂါဝေဒနာ
ခံစားရင်း ဆုံးပါးသွားခဲ့တာ
၁၉၈၇-ခုနှစ်ကဆိုတော့
ခုဆို နှစ်(၂၀)ပင် ရှိခဲ့ပါပြီ၊
နှစ်ပေါင်း(၂၀)ကြာခဲ့ပေမယ့်
အမေရဲ့အကြင်နာမေတ္တာစိတ်
ကြီးမားတဲ့ မျက်နှာကို
မြင်ယောင်မိနေဆဲ
"လူလေးရေ"လို့ ခေါ်လိုက်တဲ့
အမေ့အသံကို ကြားယောင်မိနေဆဲပါ၊
ကျွန်တော်ကတော့ အမေနဲ့အတူ နေခဲ့ရတဲ့
ကာလတွေမှာ အမေ့အပေါ် လုပ်ပေးနိုင်ခဲ့တာ
နည်းနည်းလေးပဲ ရှိပါတယ်၊
ဒီနည်းနည်းလေးထဲက
တစ်ခုကတော့ အမေ
ကင်ဆာရောဂါဒဏ်ခံစား

နေစဉ်ကာလတွေမှာ ခြေဆုပ်လက်နယ်ပြုပေး ရတာ အမေကွယ်လွန်သွားချိန်အထိ ပြုစုပေးခဲ့ ရတာ တစ်ခုပါပဲ၊ ဒါပေမယ့် မိဘတွေ ကွယ်လွန်ပြီး တဲ့ အချိန်ကစလို့ ဒီနှစ်အထိ ကိုယ့်ကိုယ်ကို မိဘ ကျေးဇူး ပေးဆပ်နိုင်ခဲ့သူ မဟုတ်ဘူးလို့ဘဲမြင်မိပါရဲ့ အမေကတော့ ကျွန်တော့်ဆီက ငါးပြားတစ်စေ့မှ မျှော်လင့်မထားခဲ့တာ အသေအချာပဲဖြစ်တဲ့အပြင် ကိုယ်ထင်ရာကိုယ်လုပ်တတ်တဲ့သား ဒဏ်ရာ အနာတရ ဗရပွ အရှုံးများစွာနဲ့ အိမ်ပြန်လာရတဲ့ အခါတိုင်း ဆီးကြိုနှစ်သိမ့် အားပေးစမြဲ အမေ့သား အမေ့ဆီ ပြန်လာတာကိုပဲ ဝမ်းသာအယ်လည်း ဖြစ်စမြဲဆိုတာ ကျွန်တော့် အတွက် ကြေကွဲလွမ်း ဆွတ်စရာ အမေ့ရဲ့ ရုပ်ပုံလွှာပေါ့ အမေအမော ဖောက်တဲ့ည အဖေ့ရင်ခွင်ထဲမှာ မောတယ် မောတယ် ပြောရင်းက "လူလေးရှိလား"တဲ့၊ အမေ နောက်ဆုံး တမ်းတတာက "လူလေး"တဲ့၊ အစ်မ တွေနဲ့ ညီမကို နောက်ထားပြီး ကျွန်တော့်ကို အရင် ဆုံးခေါ်တာ ကျွန်တော်သိပါတယ်။ အမေစိတ်မချ နိုင်ဆုံးတစ် ယောက်ဟာ ကျွန်တော်ဖြစ်နေခဲ့လို့ပါပဲ၊ ဒါ့ကြောင့်ပဲ "လူလေးကော"ဆိုတဲ့ အမေ့ခေါ်သံ ဟာ ကျွန်တော့်တစ်ဘဝလုံးကို ပီပီသသစွဲထင် နေခဲ့တာ ကျွန်တော်သိခဲ့ရပါတယ်၊ အမောဖောက် ပြီးခေါ်လိုက်တဲ့ အမေ့ရဲ့အသံကို ကျွန်တော်သိ တယ်။ အမေမနေရတော့ဘူး၊ အမေ မျှော်လင့်ချက် မရှိတော့ဘူးဆိုတာ သိထားပေမယ့် ဒီနှစ်တော့ဖြင့် အမေမသေနိုင်သေးဘူး ထင်တတ်တဲ့ ကျွန်တော် ဟာ အထိတ်တလန့်ဖြစ်ရ ပြီး "အမေ---အမေ---ကျွန်တော်ရှိပါတယ် အမေရဲ့" ဖြေရင်းရောဂါဒဏ် ကြောင့် ကြုံလှီဖျော့တော့ အေးစက်နေတဲ့ အမေ့ လက်တွေကို ကိုင်ရင်း အမေအမောဖောက်နေတာ ကို မကြည့်ရက်ခဲ့ဘူး အမေ့အသက်က ဒီနှစ်ဆို၆၈-နှစ်ထဲရောက်ပါပြီ၊ မနေ့ကတောင် ဘုရားပွဲဈေးထဲ က ဦးဓာတ်ရှင်ရဲ့ ဟာသပြဇာတ်ဖွင့်တော့ အမေ သဘောကျပြီး ဒီတိတ်ခွေ ငှားဖွင့်ဖို့ တောင် ပြောခဲ့ သေးတာပဲ ကင်ဆာရောဂါဒဏ်နဲ့ အိပ်ရာထဲလဲနေ ရပေမယ့် အမေ့စကားပြောသံကို နားထောင်ကြည့် ရင် လူကောင်းအတိုင်းပဲရှိ နေခဲ့ပါတယ်။ အဖေ့ ရင်ခွင်ထဲမှာ အဝတ်စတစ်စလို ပျော့ခွေနေရင်း ဆံပင်တွေလည်း မဖြီးမသင်နိုင် ပြေကျလို့ အမေ သိပ်ပုံပျက်နေပါလား နေ့ချင်း ညချင်းပဲ ပုံပျက်သွား တာပါလား မျက်နှာက သိသိသာသာ ချောင်ကျလို့ ဖြူဖတ်ဖြူရော် တအင်းအင်း မောလို့ ကျွန်တော် အသက် ၁၈-နှစ်အရွယ်ရောက်တော့ ကိုယ့်ဇာတိ မြို့ကလေးက-ခွါ ရန်ကုန်မြို့မှာ ပြောင်းရွှေ့ နေခဲ့ ပါတယ်။

ကျွန်တော် အသက်၂၃-နှစ်အရွယ်အထိ ရန်ကုန်မှာ ကျင်လည်နေထိုင်ခဲ့ပါတယ်။ အဲဒီ အချိန်တုန်းက ရန်ကုန်မှာ ကျွန်တော်ကျင်လည် နေထိုင်ပုံက ပန်းချီဆရာ ယောင်ယောင် ကဗျာ ဆရာယောင်ယောင် ရန်ကုန်မြို့တော်မှာ လေးငါး နှစ်ကြာတဲ့တိုင် ဘာတစ်ခုမှ မအောင်မြင် နောက် ဆုံးတော့ ကျွန်တော် ကိုယ့်ရပ်ကိုယ့်ရွာပဲ ပြန်ပြေးခဲ့ ရ၊ အမေ့ဆီပဲ ပြန်ပြေးခဲ့ ရတာပေါ့၊ အမေကတော့ ကျွန်တော်အိမ်ကို ပြန်လာတာကိုပဲဝမ်းသာလှပါပြီ၊ ဒါပေမယ့် ကျွန်တော်က ကိုယ့်မြို့ကလေး ကျဉ်း ကျဉ်းမှာ မပျော်ပိုက်ပြန်တော့ တစ်နှစ် နှစ်နှစ်နေ ပြီး ရန်ကုန်ပြန်ဆင်းလိုက် အဆင်မပြေတော့ အမေ့အိမ်ပြန်လာလိုက် ကျွန်တော့်ဘဝ အခြေ မလှတာတွေကို အနမဘယ်တော့မှ အပြစ်မပြော ခဲ့ဘူး၊ ဒါပေမယ့် အမေကျန်းမာရေးမကောင်း ကင်ဆာဝေဒနာ ခံစားနေရချိန် ၁၉၈၇-ခု၊ ဇန်နဝါရီလထဲမှာ ကျွန်တော် ရန်ကုန်သွားမယ်ဆို တော့ အမေမျက်ရည်ရွဲလို့ ကျန်ရစ်ခဲ့တယ်။

နေထိုင် မကောင်းတဲ့ကြားထဲက ကျွန်တော် သုံးနိုင် စွဲနိုင်အောင် ငွေအသင့်အတင့်ထုတ်ပေး ခဲ့တယ်၊ "အမေ စိတ်ချပါ ကျွန်တော်အဆင်ပြေ မှာပါ" ကျွန်တော် ပြောနေကြ စကားကို ပြောပြီး အမေ့ကို ကျောခိုင်း ထွက်လာခဲ့တယ်။ ဒါပေမယ့်

ရန်ကုန်ရောက်ပြန်တော့ အဆင်မပြေခဲ့ပါဘူး။ ၂-လကြာတဲ့တိုင် ဘာအလုပ်မှ အဆင်မပြေတော့ အိမ်ပြန်ဖို့ပဲ စီစဉ်ရ တော့တာပေါ့။အမေကတော့ ကျွန်တော် အိမ်ပြန် လာတာကိုပဲ ဝမ်းသာလှပါပြီ။ ကျွန်တော်အိမ် ပြန်လာတိုင်း အမေ ဝမ်းသာခဲ့တာပါ။ ရန်ကုန်မှာ အကြွေးတွေတင်ခဲ့လို့အမေ့ဆီ လက်ဖြန့်ပိုက်ဆံတောင်းတဲ့ အခါမှာလည်း မငြီးမညူ ပိုက်ဆံထုတ်ပေးခဲ့တာပဲလေ။

ကျွန်တော် ဒီတစ်ခေါက် ရန်ကုန်မှာ အဆင်မပြေဘဲ အိမ်ပြန်လာခဲ့တာ ကံကောင်းတယ်မှတ်ရမှာပါ။ ကျွန်တော်ပြန်လာပြီး တစ်လနဲ့ရှစ်ရက်ပဲ အမေအသက်ရှင်နေခဲ့ရလို့ပါ။ ဒီရက်တွေမှာ အမေ ခဏခဏ သူ့ခြေထောက်တွေကို အနှိပ်ခိုင်းပါတယ်။ အမေကို နှိပ်နယ်ပေးလေမှပဲ အမေ သိသိသာသာ ပိန်သွားတာသတိရမိတယ်။

ဆရာဝန်ကလည်း အမေသိပ်အားနည်းနေတယ်လို့ မိုဒီယာမင်းတောင် အသွင်းခိုင်းလို့မရဘူးတဲ့။ အားဆေးသောက်ပါ၊ အစာဝင်အောင်စားပါတဲ့။ အစားဝင်အောင်စားပါဆိုမှ အမေ အစားအသောက်ပိုပြီးနည်းလာတယ်။ အထိုင်အထလမ်းလျှောက်တာ နည်းလာတယ်။အမေထမင်းမစားနိုင်ပေမယ့် လိမ္မော်သီးကိုတောင့်တလာတယ်။ တပေါင်းလမို့ လိမ္မော်သီး မရနိုင်တော့ သံပုရာရည်တို့ ဘာလီတို့ပဲ ဖျော်တိုက်ရတယ်။ အဲဒီနေ့က တစ်နေ့လုံး အမေအခန်းပြင်ကို မထွက်ခဲ့ဘူး။ ညဘက်မှာ ဆန်ပြုပ် ပြုပ်ခိုင်းတော့ အမေအစာကို ပြန်ပြီး တောင့်တလာပြီ ထင်မိတယ်။

အဖေ့ရင်ခွင်ထဲမှာ အမေဟာအဝတ်စတစ်စလို ပျော့ခွေရင်း မျက်လုံးကို လေးလေးလံလံ ဖွင့်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "အမေ-အမေ" ခေါ်တော့ အမေက သူ့လက်ကိုပေးတယ်။ အမေလက်ပိန်ပန်ကို ဆုပ်မိကိုင်မိတဲ့အခါ ထိပ်နေတဲ့ ရင်ဟာပူလောင်မိပါတော့တယ်။ အမေလက်တွေက အေးစက်လို့နေပါလား။ အရိုးပေါ် အရေတင် ပျော့စိအေးစက်နေတဲ့ အမေ့လက်တွေမှာ အင်အား ဆိုလို့ တစ်စက်ကလေးတောင်မှ မရှိတော့ပါလား။

ဆရာဝန်ရောက်လာတော့ အမေက "မောတယ် အမောပျောက်ဆေးထိုးပေးပါ" တဲ့။ ဆရာဝန်က စမ်းသပ်ပြီးလို့ အမေ့ညာလက်ကို ဆေးထိုးဖို့အကြောရှာတော့ ချွေးသာပြန်လာတယ်၊ အကြောရှာလို့မရဘူး၊ လျှပ်စစ်မီးရောင်အောက်မှာ ဓာတ်မီးထိုးပြီး အကြောကို တော်တော်ပဲ ရှာယူရပါတယ်။ ဆရာဝန်က ဘယ်ကော,ညာကော ဆေးနှစ်ခွဲ ထိုးပေးတယ်၊ ဆိုလူးကော့တက် (Solu Cortef) ဆရာဝန် ပြန်ဖို့ပြင်ဆင်တော့ အမေက "မောတယ်---မောတယ်---" အမောပျောက်ဆေး ထိုးပေးဖို့ ပြောနေခဲ့ပါတယ်။

"အမေ---ခဏနေတော့ အမောပျောက်သွားမှာပါအခုထိုးပေးတဲ့ဆေးက သိပ်ကောင်းတယ် အဖိုးတန်တယ်၊ ဒီဆေးပဲ အမေရဲ့ " အမေစိတ်ကျေနပ်အောင် ဆေးပူးကို ပြရပေမယ့် ဆရာဝန်ပြောတဲ့စကားကို ကျွန်တော်တို့ သိပြီးပါပြီ။ အမေ မနေရတော့ဘူးတဲ့။ အမေသက်သာအောင် နက်ဖြန်ထိနေနိုင်အောင် ဆေးထိုးပေးခဲ့တာပါတဲ့။

ဆိုလူးကော့တက်(Solu Cortef)ဆေးအစွမ်းကြောင့်ပဲထင်ရဲ့ အမောဖောက်တာတော့သက်သာသွားခဲ့ပါတယ်။ အမေ့လက်တွေကို ကိုင်ကြည့်တော့လည်း စောစောကလို အေးစက်မနေပြန်ဘူး ညသန်းခေါင်အချိန်လောက်မှာ အမေအိပ်ပျော်သွားခဲ့ပြီး ပြန်နိုးလာတိုင်း ကျွန်တော်တို့ကို "သွား-အိပ်ချေကြ"လို့ ပြောတတ်တယ်၊ ကျွန်တော်တို့လည်း အမေမှိန်းတော့ လိုက်မှိန်းလိုက် အမေနိုးတော့ လိုက်နိုးလိုက်နဲ့ အရှက်တက်မှပဲ အိပ်ရာဆီ သွားပြီး အိပ်ရပါတယ်။

"ဦးလေး--ဦးလေး---"လို့ ကျွန်တော့်တူလေးက လှုပ်နှိုးတော့ မိုးစင်စင် လင်းနေပါပြီ၊ မျက်နှာသစ် မနက်စာစားပြီး အမေ့အခန်းထဲ ဝင်ရပါတယ်။

အမေ့ခြေတွေ လက်တွေကို ကိုင်စမ်းကြည့်တော့ နွေးနေပါတယ်။ အမေဆန်ပြုပ်သောက်မလား ဆိုတော့ ခေါင်းညိတ်တယ်။ နွားနို့နဲ့ရောကြိုထားတဲ့ ဆန်ပြုပ်တစ်ပန်းကန် နှစ်ဇွန်း သုံးဇွန်း ခွင့်ပေးနေရာက အမေဆာလာပြီထင်ပါရဲ့. ဇွန်းနဲ့ခွင့်တာကို တောင် မစောင့်တော့ဘဲ ဆန်ပြုပ်ပန်းကန်ကို လက်နဲ့ ယူပြီး တဂွတ်ဂွတ် မော့သောက်ပစ်ပါ တော့တယ်။

ဆန်ပြုပ်သောက်ပြီး သက်သက်သာသာပဲ အိပ်ရာမှာလှဲရင်း ညာဘက်ရင်ဘတ်ကို လက်နဲ့ ဖိပြီး "ဒီနေရာကညောင်းတယ် လူလေးရဲ့ နှိပ်ပေးစမ်းပါ" နှိပ်ပေးစမ်းပါဆိုပေမယ့် အမေ့ခန္ဓာကိုယ်က အားနဲ့နှိပ်ပေးလို့ မရတော့ပါဘူး။ ဒါကြောင့် အမေ့ ရင်ဘတ်ကို ကျွန်တော် ဖိတယ်ဆိုရုံ နှိပ်ပေးနေရ ပါတယ်။ ခဏကြာတော့ အမေ ဝမ်းသွားချင်လာတယ်။
(တကယ်တော့ ဒါဟာ အမေအသက်ချုပ်ငြိမ်းဖို့ အချက်ပြလိုက်တာပါပဲ) ဝမ်းသွားချင်တယ်ဆိုလို့ အိပ်ရာခြေရင်းကို ကျွန်တော်တို့ ဖေးမပြီး ရွှေ့ပေးရတယ်။
" ဟောဒီလက်က မြှောက်လို့မရဘူး လူလေးရဲ့"

"ဩော်-- အမေသိပ်အားနည်းလို့နေမှာပါ အားပြန်ပြည့်လာတဲ့အခါ ပြန်မြှောက်လို့ရမှာပေါ့"

နောက်ဖေးအိုးပေါ် ငုတ်တုတ်ထိုင်နေရင်းက အမေချောင်းဆိုးပြီး ချွဲဟန့်လာတယ်။ အဖေက သလိပ်ရအောင် ကိုးပါးဆေး လျှာပွတ်ပေးမယ် ပြောတော့ အမေက ငြင်းတယ်။ အခုတော့ အမေ ဝမ်းသွားနိုင်ဖို့ မကြိုးစားတော့ဘဲ အိပ်ရာပေါ် ပြန်လှဲရင်း လည်ချောင်းထဲက သလိပ်ကိုပဲ အပြင်ထွက်ဖို့ ကြိုးစားနေရတယ်။ အစ်မက အမေ့လည် ပင်းကိုပရုပ်ဆီပွတ်ပေးတယ်။ သလိပ်ပျော်အောင် လို့တဲ့။ သလိပ်က လည်ပင်းထဲမှာ တစ်ဆို့နေတယ် ထင်ပါရဲ့။ အဖေက အမေ့ပါးစပ်နား ထွေးခံကပ်ပေးတော့ အမေခေါင်းစောင်းပြီး သလိပ်ထုတ်ဖို့ အတော်ကြိုးစားနေရပါတယ်။ ဒါပေမယ့် အမေ သလိပ်မထုတ်နိုင်ခဲ့ပါဘူး။ ထွေးခံဘက် ခေါင်းစောင်းပြီး သလိပ်ထုတ်ဖို့ ကြိုးစားနေရာက အားလျော့တဲ့မျက်နှာနဲ့ ခေါင်းအုန်းပေါ် ခေါင်းပြန်လှည့်လိုက်တဲ့ပုံဟာ ကျွန်တော့်ရင်ကို နာကျင်စေခဲ့တယ်။

အဖေက ကိုးပါးဆေးကို လျှာပွတ်ပေးလို့ နှုတ်ခမ်းတွေကို လျှာနဲ့သိမ်းလိုက်ပါသေးရဲ့။ ဒီအခိုက်အတန့်လေးမှာပဲ အမေ့မျက်လုံးတွေဟာ အထက်ကို တဖြည်းဖြည်းလန်သွားတော့တာပါပဲ။ အမေ့မျက်လုံးတွေ လန်သွားတာ ကြေကြေကွဲကွဲ ကြည့်နေမိတယ်။ အဖေက ဘုရားကိုအာရုံပြုဖို့ သတိပေးရင်းဘဝကူးကောင်းဖို့ ရွတ်ဖတ်သရဇ္ဈာယ်နေပါတယ်။ သွေးဆုတ်လာတဲ့ အမေ့ခြေထောက် အစုံဟာ သေမင်းက ကြိုးဆွဲနေသလို ဒူးနှစ်ဖက်က အေးလို့ တဖြည်းဖြည်းကွေးလို့ ခြေဖဝါးနှစ်ဖက် အတွင်းကို ကုတ်ဝင်လို့ သွားတော့တာပါပဲ။ အမေ့ မျက်လုံးသူငယ်အိမ်တွေ ငြိမ်သွားတော့ ကျွန်တော့် ရင်ထဲမှာ ပြင်းပြင်းပြပြ ဝေဒနာခံစားရပါတယ်။

အဖေက အမေ့နားကပ်ကို ဖြုတ်လို့ ကျွန်တော်ကလည်း ရောင်မှိုမှိုဖြစ်လာတဲ့ အမေ့ လက်သူကြွယ်က လက်စွပ်ကို ဆပ်ပြာနဲ့ပွတ်ပြီး ချွတ်နေမိတယ်။ အမေပိုင်ဆိုင်တဲ့ပစ္စည်းတွေကို သိမ်းယူထားလိုက်ရပြီး အမေ့ခန္ဓာရုပ်ကြွင်းကိုတော့ စွန့်ပစ်ရတော့မှာပါလား။

"အမေမရှိတဲ့အခါ လူလေးဒုက္ခရောက်မှာ ကြောက်လှတယ်။ ဒါပေမယ့် မွေးဖွားခြင်းနဲ့အတူ ပူးတွဲပြီး ဒုက္ခဆိုတာ ပါလာတယ်လို့ မှတ်ထားပါ။ ဒီတော့ ဒုက္ခကမလွတ်မှာကို လူလေးကြောက်လန့်မနေနဲ့ ဒုက္ခကို အကောင်းဆုံးရင်ဆိုင်နည်းကိုပဲ ရှာပေါ့ကွယ်"

အမေ့စကားများ ကြားယောင်လျှက်ပါ၊ ကျွန်တော်ဘဝနဲ့ ထပ်တူထပ်မျှ အမေ့စကားသံတွေ ရှိနေခဲ့ပါတယ်လေ။

♦ ထွန်းဝေမြင့်



# ကျေးဇူးရှင်ဆရာတော်

- ငယ်စဉ်က
  ဘယ်လိုနေဘယ်လိုသွားရယ်နဲ့
  စကားတွေ အတန်တန်ပေါ့
  အမှားအမှန်ဝေဖန်ညှိ
  သတိနှင့်ဆို
- ဆရာတော်သက်ထင်ရှားသော်လည်း
  တပည့်တော်တနယ်ခြားသည်မို့
  သည်းဖျားတွင်ဆွတ်ကြင်ဖိတ်
  လွမ်းစိတ်က အစဉ်ပို
- တပည့်တော် လူရွယ်ဝင်တော့
  ဝန်းကျင်မှာ လူရာမြောက်စေဖို့
  ခြောက်တန်ခြောက် ချော့တန်ချော့
  ပျော့တန်ပျော့ မာတန်မာ
  ညာတန်ညာ တင်းတန်တင်း
  ပြုပြင်ရင်း ပုံဖော်ယူခဲ့
  အရွယ်မှာတဆိတ်တိုင်းပါမှ
  တွေးလိုက်တိုင်းမြင်မိသလို
  ဩော်--ကျေးဇူးရှင်ဆရာတော်ပါ ---။

ပျော်ဘွယ်-မောင်အေး


ကျွန်တော်က ဘဝင်သမားပါ
မယုံမရှိကြပါနဲ့
ထင်လင်းမော်

အခုကျွန်တော် ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးလို့ မဆိုင်နိုင်တဲ့ ရပ်ကွက်တစ်ခုမှာ အခြေချနေပါတယ်၊ ကန်ထရိုက်တိုက် တစ်လုံးရဲ့ အပေါ်ဆုံးထပ်မှာ နေတာပါ၊ ကျွန်တော်က အဲဒီလို ၈-ထပ်လား ၉-ထပ်လားမှာနေတာကြောင့် အဆင့်မြင့်တယ်လို့ ခံယူပြီး ကျန်တဲ့ ခြံနဲ့ဝင်းနဲ့နေသူတွေတို့ မြေညီထပ် ပထမထပ်တို့မှာ နေသူတွေကို အဆင့်တယ်နိမ့်ကြပါလားလို့ သဘောထားပါတယ်။

နောက်ရှိသေးတယ်၊

ဘယ်ဟာမဆို ကျွန်တော်လုပ်တာမှ ကောင်းတာလို့ လက်ခံပါတယ်၊ သူများတွေ ဘယ်လောက် ကောင်းတာတွေလုပ်လုပ်၊ ဘယ်လောက်အရည်အသွေးတွေရှိရှိ၊ ကျွန်တော်က ကျွန်တော် သိသလောက် ရှိသလောက် ဉာဏ်လေးနဲ့ပဲ ကျွန်တော်လုပ်တာ အကောင်းဆုံးလို့ ထင်မြဲပါ။

ကျွန်တော် တစ်ယောက်တည်းပြေးတုန်းက ပထမရဖူးတယ်။

ကျွန်တော်နဲ့ အတူယှဉ်ပြိုင်ပြေးမယ့်လူ ပေါ်လာတော့ အဲဒီလူတွေကို မပြေးတတ်စေချင်ဘူး၊ မပြေးနိုင်စေချင်ဘူး၊အဲဒါခေတ်စကားနဲ့တော့ J-ဖြစ်တယ်ဆိုလား ဘာလားပဲ၊ ကျွန်တော်က ပြိုင်တယ်ဆိုရင် တစ်ယောက်တည်းပဲ ပြိုင်ချင်တာ၊ ဒါဆိုရင် ကျွန်တော်အမြဲပထမပဲလေ၊ ပြီးတော့ စောင့်ကြည့်အကဲခတ်တဲ့ ဒိုင်တွေဆိုရင်လည်း လက်ဘက်ရည်တွေ၊ မုန့်တွေ သူတို့မစားနိုင်တော့တဲ့ အထိ တဝတပြဲ ကျွေးပစ်တာပ၊ ကျွန်တော်က ကျွေးတာ၊ ဒါမှ ကျွန်တော်ကို ဂရုပြုမိကြမှာ မဟုတ်လား၊ တကယ်လို့ ကျွန်တော်နဲ့ ဝင်ပြီး အပြေးပြိုင်ရင်လည်း ဒိုင်တွေက ကျွန်တော့် လူဖြစ်နေအောင်ပေါ့၊ ကျွန်တော် ဖြစ်ချင်တာ ပြောတာလေ။

ကျွန်တော့်ဆီကို လာတဲ့သူဟာ ကျွန်တော် တော်တယ်လို့ ပြောတဲ့သူတွေ ဖြစ်ရမယ်၊ သူတို့ဆီက ကျွန်တော် တော်ကြောင်း၊ တတ်ကြောင်း စကားတွေ အမြဲထွက်လာအောင် အစားကြိုက်သူအစား၊ အသောက်ကြိုက်သူ အသောက်၊ ကျွန်တော့်ဘက်က Ready-ပဲ၊ ကျွန်တော်ကောင်းကြောင်း ဘယ်လောက်ကောင်းကောင်း ပြောနိုင်သလဲ၊ အဲဒီလူကို လူတော်အဖြစ် ကျွန်တော် သတ်မှတ်တယ်၊ အဲဒီလူကို ကျွန်တော့်ရှိတာတွေ ပေါင်ချင် ပေါင်ရပါစေ ပေးကျွေးလိုက်တယ်၊ ကျွန်တော်က သူများနဲ့ မတူဘူးလေ၊ 'အာဂလူ' 'အဆင့်မြင့်' 'လူတော်' 'နှစ်ယောက်မရှိ' 'ထိပ်သီး' 'အကောင်လိုလို အယောင်လိုလို'. . . . . . အဲဒီစကားလုံးတွေနဲ့ သင့်လျော်သူ ဗျ. . ။

ရှိသေးတယ်၊ 'တစ်ခေတ် တစ်ယောက်' ဆိုတဲ့ စကားလုံး။

'တစ်ခေတ်မှာ တစ်ယောက်ဆိုလောက်သူ'ဆိုတာ ကျွန်တော့်ကို ရည်ညွှန်းတာလို့ပဲ ထင်





တယ်၊ ဟုတ်တယ် မဟုတ်လား ဟင် . . ၊ ဟုတ်တယ် မဟုတ်လား . . ၊ ကျွန်တော်ကတော့ 'တစ်ခေတ် တစ်ယောက်' သတ်မှတ်ခံရတာက လွဲလို့ ဘာမှ မဖြစ်ချင်တော့ဘူး၊ ကျွန်တော် ဘာလုပ်ခဲ့သလဲလို့မေးရင် ကာရာအိုကေ ခဏခဏသွားတယ်ဗျာ၊ ပုန်းလျှိုး ကွယ်လျှိုးသွားတာပေါ့။ ကောင်မလေး လှတ ပတ မြင်ရင် မနောက်ကို လုံးဝထိန်းလို့မရဘူး၊ ကိုယ် တော်ကြောင်း တတ်ကြောင်း၊ ကိုယ့် ဉာဏ်လေး တစ်ထွာလောက်နဲ့ လုပ်တဲ့ အလုပ်ကို လူအများက တကယ်မေ့ာ်ကွန်းထိုးလောက်တာတွေလို့ ထင်ပေးကြဖို့ ကိစ္စတွေ ရေးတယ်၊ ကျွန်တော့်ကို လာမြှောက် ပင့်ပေးတဲ့သူတွေရဲ့ စကားတွေကို ကျေကျေနပ်နပ် နားထောင်တယ်၊ ယုံတယ်။


မိုးလင်းလို့ မျက်စိနှစ်လုံး ပွင့်ကတည်းက ကိုယ်ထက် တော်တဲ့သူတွေကို မနာလို ဝန်တိုလိုက်ဖြစ်တာ ကျွန်တော့် အဓိကအလုပ်၊ သူတို့ ဘာလို့ ကျွန်တော့်ထက် ပိုသိ၊ ပိုတတ်ရမှာလဲ၊ တကယ်ဆိုရင် ကျွန်တော်က အဆင့်အမြင့်ဆုံး အတော်ဆုံး အသိဆုံး အတတ်ဆုံး ဖြစ်နေတာပါလို့ ကျွန်တော့်ဆီက လက်ဘက်ရည်လာကပ်သောက်သူတွေက နေ့တိုင်းပြောပြီးသားလေ။

အခုလည်း ကျွန်တော် အားလုံးထက် တော်ကြောင်း ပြဖို့စီစဉ်ထားတာတစ်ခုရှိနေပါပြီ၊ ကျွန်တော်နေတဲ့ ၈-ထပ်လား၊ ၉-ထပ်လားကနေ အောက်ကို လှေကားဆိုလို့ ဘာလှေကားမှ မသုံးဘဲ ပြတင်းပေါက်ကနေ တိုက်ရိုက် ဆင်းပြမလို့၊ 'ဘာ'အဲဒါ လူ့လောကနဲ့ အံမဝင်သူတွေ လုပ်တဲ့ အလုပ်၊ ခုန်ချတာ မဟုတ်လား၊ အဲဒါ ကျွန်တော် မသိဘူး၊ ကျွန်တော်က ဘယ်သူနဲ့မှ ယှဉ်မရအောင် တော်တဲ့ တစ်ခေတ် တစ်ယောက်ဖြစ်ကြောင်း ပြချင်လို့ အပေါ်ဆုံးထပ်ကနေ ၁-လှမ်းတည်းနဲ့ အောက်ကို ဆင်းပြမှာ၊ မကြာခင်လုပ်ပြမယ်၊ စောင့်ကြည့်၊ ကျွန်တော့်ကို ဘာမှတ်နေသလဲ၊ ကျွန်တော်ဟာ ကျွန်တော်ချေးငှါးပေးကျွေးထားသူတွေက သတ်မှတ်နေရာပေးခဲ့ရတဲ့ ကျွန်တော် ခေတ်က အတော်ဆုံးလူတစ်ယောက် ဗျ။

♦ **ထင်လင်းမော်**

စာကြွင်း။ ။ ကိုယ့်အကြောင်းကို ရဲရဲကြီး
ရေးလိုက်ပါပြီ။
မြင့်တယ်နော်။

# ဆရာဟူသော
# အမည်နာမတစ်ခွန်း



➢ဗုဒ္ဓမြတ်စွာ၊ စိန္တေယျာအား
ငါ၏ဆရာ၊ မဟုတ်ပါဟု
နှုတ်ညာပြောလတ်၊ ဒေဝဒတ်တွင်
ရအပ်ချာန်သည် ဆုံးလေပြီ။
➢အတိတ်အကြောင်း၊ ပြန်ပြောင်းမိန့်ဟ
ထုတ်ပြဆောင်ယူပါလေသော်-----
➢ဗာရာဏသီ
မင်းမည်ဗြဟ္မဒတ်၊ စိုးစံအပ်စဉ်
ဂုဏ်ဖြိုပ်နိမ့်ပါး၊ ဒွန်းစဏ္ဍားရွာ
ပညာထူးခြား၊ ဒွန်းစဏ္ဍားသည်
ရထားမန္တရား၊ အတတ်များဖြင့်
ခါကားလွန်ခဲ့၊ သီးဖြင်မဲ့ချိန်
သီးခဲ့သရက်၊ လွန်ချိုမြွက်သား
သက်မွေးဥစ္စာ၊ ရောင်းဖွေရှာသည်
ခမြာဒွန်းစဏ္ဍား ထိုယောကျ်ား။
➢ပုရောဟိတ်ပျို၊ နို့ချိုပညာ
ရှာမှီးထိုထို၊ တက္ကသိုလ်မှ
ကိုယ်၏နေရပ် ပြန်လတ်သောခါ။
➢ဒွန်းစဏ္ဍားအို၊ ချိုမြသရက်
ခါလွန်ခက်ကို ရောင်းလျက်နေစဉ်
မြင်လေပုရောဟိတ်၊ ဉာဏ်နိမိတ်သည်
အတိတ်ငါ့မှာ ကောင်းဘိ့တည်း။
➢ဒွန်စဏ္ဍားထံ၊ ကျိုးနွံမှန်သား
သင်ရန်မန္တရား၊ တောင်းဆိုငြားလည်း
သင်ကားမပေး၊ ငြင်းပယ်သေး၏
ရရေးပညာ၊ ဆည်းပူးရာတွက်
ဝေယျာဝစ္စ၊ မှန်သမျှကို
ဒုက္ခခါးစည်း သူရှာမှီး။
➢ဒွန်းစဏ္ဍားဇနီး၊ မွေးဖွားပြီးစ
အနှီးထုပ်မှ၊ သူလျှော်ပြသော်
ခဲလှမန္တာန်၊ သင်ပေးရန်ကို
ပြောပြန်ချစ်မငြီး သူ့ဇနီး။
➢မိန်းမစကား၊ ဒွန်းစဏ္ဍားမှာ
အင်အားမတု၊ သင်မှုပြုမည်
လုလင်အတွက်အောင်မြင်ခန်း
➢ဒွန်းစဏ္ဍားလျှင်၊ ထိုလုလင်ကို
သင်ပေးပညာ၊ မချန်ပါခဲ့
ဉာဏ်မှာတန်ဖိုး၊ ဆထက်တိုး၍
လာဘ်မိုးများစွာ စွေလေ၏။
➢ဉာဏ်သည့်မန္တာန်
မန်းမှုတ်ဟန်ကို၊ ဌာန်မာန်ပီပြင်
လျင်မြန်သင်ယူ၊ သင်သူဆရာ
ဘယ်ကပါဟု၊ မေးလာခဲ့စဉ်
လုလင်နှုတ်မှ၊ ဝါဒမုသာ

ကျူးလွန်ရာတွင်၊ ပါမောက္ခဆရာ
ဖြစ်ပါလေသား၊ ဒွန်းစဏ္ဍားကို
မထားဆရာ၊ ကွယ်ဝှက်ပါ၍
သူ့မှာမန္တာန်၊ ပျောက်ဆုံးပြန်။

➢ မင်းထံရှေ့မှောက်၊ မန္တာန်ပျောက်စဉ်
ခြောက်ခြောက်ခြားခြား၊ ဒွန်းစဏ္ဍားဟု
သင်ကြားဆရာ၊ လွန်မှားရာကြောင်း
မှန်စွာသိပြီ၊ မင်းကြီးမနှေး
ကျေးဇူးကန်းအား ဒဏ်ပေးကြ။
တိုင်းပြည်ပြင်ပ နှင်ထုတ်ကြ။

➢ ဆရာ့ဂုဏ်အား၊ ချန်ထားခဲ့လျှင်
မြင်ရန်မျက်စိ၊ မရှိသောသူ
ကျမှုထုံးကိုင်၊ လိုဏ် ချောက်ကမ်းပါး
ကျအလားသို့၊ မခြားအတူ
မြွေဟောက်မူကို၊ ကြိုးဟူနှင်းမိ
ကျွန်မသိသား၊ ရှိမှားဝန်ခံ
ရရန်ပညာ တောင်းပန်ရှာ။

➢ အသင်လုလင်
ငါဆင်ခြင်၏၊ ငါလျှင်မန္တာန်
တစ်ဖန်ထပ်ခါ၊ သင်ပေးပါလျှင်
ငါသာလွန်အံ့၊ သင်၏တရား
သင့်စကားကြောင့်၊ သင်မှားသင်ခံ
မိုက်ပြန်ကျေးဇူး၊ ကန်းလေဦးက
မည်ထူးဆရာ၊ ထိန်ချန်ပါလျှင်
သင်သာလူယုတ်၊ အကျိုးရှုတ်ဘိ
နှုတ်ထွက်စကား၊ ပေါက်ပန်းခါးလှ
ဓားမနောက်ပိတ်၊ အဆိပ်လိုလူ
မတူမတန် ငါ့မန္တာန်။
သင်ကြားပေးရန်လက်မခံ။

➢ မန္တာန်မရ
စိတ်ဒုက္ခနှင့်၊ ညိုးကျလုလင်
တောရပ်တွင်သာ၊ ပညာမဲ့ဆုံး
လူလုံးမလှ၊ ဗျာပါဒနဲ့
ဆရာကံကြီးထိုက်ပေပြီ။
မဟာကံမီးမြိုက်လေပြီ။

(တေရသကနိပါတ်၊ နှာ၊ ၄၇၄၊ အမ္ဗဇာတ်)

**ပုလဲဖြူ(ငါ့သရောက်)**




# ပွင့်သောပန်းတိုင်းကို လန်းဆန်းစေခဲ့သူ

သဲမောင်(ပညာရေး)

သတင်းစာမှ စာမူတောင်းခံလွှာတစ်ခုကို စာရေးသူဖတ်ရသောအခါ အထူးစိတ်ဝင်စားသွားမိပါသည်။ အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိစာသင်တိုက်ကြီးသည် စာရေးသူနေရာ စဥ့်ငူ ရပ်ကွက်၊ စောင်(၂)မှတ်တိုင် (ရတနာအင်္ဂလိပ်စကားပြောသင်တန်း)နှင့် ၄-မှတ်တိုင်သာ ဝေးသောနေရာဖြစ်ပါသည်။ တိုက်ဆိုင်လွန်းလှသည်ဟုပင် ဆိုရချေမည်။ ပဒ်ပရိယတ္တိစာသင်တိုက်သို့ စာရေးသူ စာသင်ရန်အသွားတွင်၊ ဦးဇောတိက(ဆွမ်ပရာဘွမ်)မှ ဆရာတော်ကြီးအတွက် ဆောင်းပါးတစ်ပုဒ်ရေးပါဦးဟု အမိန့်ရှိလာပါသည်။ ဦးပဥ္စင်း၏ ဆန္ဒကိုလည်း ဖြည့်ချင်သည်။ မိမိကိုယ်တိုင်ကလည်း စာရေးဝါသနာပါလွန်းလှသူဖြစ်၍ ရေးဖြစ်အောင် ရေးပါမည်ဟု ဦးပဥ္စင်းကို ဂတိပေးခဲ့မိပါသည်။

စာရေးသူသည် အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာန မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ သက်တော်ရှည် မဟာထေရ်မြတ်ကြီးအား (၂၄-၈-၀၇)နေ့က သွားရောက်တွေ့ဆုံ ဖူးမြော်ခဲ့ပါသည်။ ဆရာတော်ကြီးသည် အသားတော်ဝင်းဝါလျက် ကျန်းမာစွာ ရှိနေသည်ကို ဖူးမြင်ရပါသည်။

စာရေးသူမှ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ခွဲ ပဒ်ပရိယတ္တိစာသင်တိုက်တွင် (၂၁-၄-၀၇)မှ (၁၆-၆-၀၇) ၂-လခန့် အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါ(ပညာဒါန) ဖွင့်လှစ်သင်ကြားခဲ့ကြောင်း အသိပေးလျှောက်ထားသောအခါ ဆရာတော်ကြီးမှ သိရှိကြောင်း သံဃာ၊ သီလရှင် အပါး(၆၀)၊

လူပုဂ္ဂိုလ်(၆၀)၊ ပေါင်းသင်တန်းသား ၁၂၀ တက်ရောက်ခဲ့ကြောင်း၊ စကားပြောကို ဒါယိကာကြီး ဦးနေဝင်း (ရတနာ)က သင်ပြီး၊ ဂရမ်မာကို ဆရာတော်ကြီး၏ တူအရင်းဖြစ်သူ ဆရာသက်မှ သင်ကြားခဲ့ကြောင်း၊ ဆရာတော်ကြီးမှ စာရေးသူကို ရှင်းပြရာ ဆရာတော်ကြီး၏ မှတ်ဉာဏ်ကောင်းပုံကို အံ့ဩဖွယ်သိရှိခဲ့ရပါသည်။ ၂၀၀၆ ခုနှစ်က ဖွင့်လှစ်ခဲ့သော ထိုပဒံပရိယတ္တိစာသင်တိုက်မှ ပညာဒါန(တက္ကသိုလ်ဝင်တန်း)သည် လှိုင်သာယာမြို့နယ်တွင် အထူးနာမည်ကြီးခဲ့ကြောင်းကိုပါ ဆရာတော်ကြီးမှ သိရှိနေပြန်ပါသည်။

ဆရာတော်ကြီးမှ မိမိ၏ ထေရုပတ္တိကို သိရှိလိုပါက ရွာမပရိယတ္တိ စာကြည့်တိုက်မှူး ဦးဝိသိဋ္ဌနှင့် တွေ့ဆုံပါရန် ညွှန်ကြားသဖြင့် စာရေးသူသွားရောက်တွေ့ဆုံ ဖူးမြင်ခဲ့ပါသည်။ ဦးဝိသိဋ္ဌမှ လိုအပ်သည်များကို အကူအညီပေးခဲ့ပါသည်။

(၂-၉-၀၇) တနင်္ဂနွေနံနက် အိမ်မှ သင်တန်းစာသင်အပြီး သားတော်မောင် "ထွန်းကိုကို"ကို ခေါ်၍ ကင်မရာတစ်လုံးဖြင့် ဆရာတော်ကြီး မွေးရာဇာတိနေရာမှန်ကို မှတ်တမ်းတင်ရန် ထွက်ရှိခဲ့ပါသည်။ (ထိုနေရာကို ဆရာတော်ကြီးကိုယ်တိုင် ညွှန်ပြပြောဆိုခဲ့ခြင်းဖြစ်ပါသည်။ ဆရာတော်ကြီး၏ စေတနာ၊ ရည်ရွယ်ချက်၊ မေတ္တာတားတို့ကို စာရေးသူကိုယ်တိုင် ရောက်မှ သိရှိနားလည် ကြည်ညိုသဒ္ဓါ ပွားများမိရပါသည်။)

ဆရာတော်ကြီး၏ မွေးရာဇာတိချက်ကြွေ အရပ်မှာ အတွင်း ပဒံကျေးရွာ (ယခု အတွင်းပဒံရပ်ကွက်၊ လှိုင်သာယာ)ဖြစ်သည်။ ဆရာတော်ကြီးကို မွေးဖွားရာအိမ်သည် မြစိမ်းရောင် ဘုရားလမ်းရှိ ခြံအမှတ်(၇)ဖြစ်သည်။ ထိုအိမ်ဝန်း ပရဝုဏ်ကို ဆရာတော်ကြီးမှ "ဝိဇာတ မင်္ဂလာတရားရိပ်သာ"အဖြစ် ဆောက်လုပ်လှူဒါန်းထားသည်ကို တွေ့ရသည်။ (ထိုနေရာသို့ ပဒံပရိယတ္တိစာသင်တိုက်မှ ဦးဇောတိက(ဆွမ်းပရာဘွမ်)မှ လိုက်လံပို့ဆောင်ပေးမှုကြောင့် စာရေးသူတို့ ရောက်ရှိခဲ့ရပါသည်။

ရိပ်သာအတွင်း ခေါင်းရင်းပိုင်းတွင် ကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်များကို ကြည်ညိုဖွယ်ရာ ဖူးတွေ့မြင်ရပါသည်။ ထိုရုပ်ပွားတော်များ၏ ဘယ်ဘက်တွင် ဆရာတော်ကြီး၏ ရုပ်ပွားတော်ကို ထုလုပ်ကပ်လှူထားသည်ကိုလည်း တွေ့ရပါသည်။ ရိပ်သာအတွင်းရှိ စိမ်းလန်း၍ အလွန်မြင့်မားလှသော မန်ကျည်းပင်ကြီးတစ်ခုကို ထိုရိပ်သာ ပရဝုဏ်အတွင်း၌ပင် တွေ့မြင်ရပါသည်။ ထိုမန်ကျည်းပင်ကြီးမှာ ဆရာတော်ကြီး၏ ဖွားဘက်တော်ဖြစ်ပြီး လက်ရှိတရားရိပ်သာကြီး၏ အမှတ်တရ ဂုဏ်ဆောင်တစ်ခုအဖြစ် ခန့်ငြားစွာ ရပ်တည်လျက် ရှိနေပါသည်။

ထိုတရားရိပ်သာတွင် လစဉ်ဥပုသ်နေ့တိုင်း တရားပြပါသည်။ တရားပြ ဆရာတော်မှာ ဦးမဥ္ဇုသီရိ (ပဒံဆွမ်းတာဝန်ခံ) ဖြစ်ပြီး နေ့လည် (၁၂)နာရီမှ ညနေ (၄)နာရီထိ တရားပြ တရားထိုင်ပြုလုပ်ပါသည်။ (ဆရာတော်ကြီး၏ အတွေးစိတ်ကူးကို ဆရာတော်ကြီးကိုယ်တိုင် သရုပ်ဖော်လှူဒါန်းထားသည့် ဤကောင်းမှုကား ကမ္ဘာတည်သရွေ့ ရှိနေပေတော့မည်။) တရားရိပ်သာမှာ ပေ ၇၀ × ပေ ၆၀ တစ်ထပ်တိုက်ဖြစ်ပြီး ယောဂီ ၁၅၀ ခန့် သက်တောင့်သက်တာ တရားထိုင်ဘာဝနာပွားနိုင်ပါသည်။ ဆရာတော်ကြီး၏ မွေးရာအရပ်သည် စာချိုးတစ်ခု ရှိပါသည်။ "ကန်မှာ ၉ ကန်၊ သူကြီးက ဦးရွှေမှန်၊ ရွာအမည် အတွင်းပဒံ"ဟူသတည်း။

ထိုတရားရိပ်သာမှအပြန် ပဒံပရိယတ္တိစာသင်တိုက်၏ ပဓာန နာယကဆရာတော် ဦးဇောတိက (ရွာမပရိယတ္တိစာသင်တိုက်ထွက်)ကို ဝင်ရောက်ဖူးမြော်ရင်း ဆရာတော်ကြီးနှင့် ပတ်သက်သည်တို့ကို မေးမြန်းလျှောက်ထားခဲ့ရာ ဆရာတော်ကြီးနှင့် (၁၅)နှစ်တိုင်အောင် အတူနေခဲ့သည့် ဆရာတော်

ဦးဇောတိကမှ ဤသို့ ရှင်းပြခဲ့သည်။ "ဆရာတော်ကြီးသည် မှတ်စုမှတ်ရာများကို စနစ်တကျ သိမ်းဆည်းထားလေ့ရှိပြီး နယ်တစ်ဝိုက်ရှိ ရှေးဟောင်းနှောင်းဖြစ်ကိစ္စရပ်များကို အကုန်သိရှိ သည်။ မရှိဆင်းရဲသားကလေးငယ်များကိုလည်း ဘွဲ့ရသည်အထိ ပညာသင်ကြားပေးခဲ့သည်။ ဆရာတော်ကြီး မြေတောင်မြှောက်ပေးခဲ့သည့် ပန်းပေါင်းတို့ မရေမတွက်နိုင်လောက်အောင် ပွင့်ခဲ့ကြလေပြီ။"

ဆရာတော်အလောင်းအလျာသည် အမေ့ရွာဖြစ်သော အတွင်းပဒံ(ယခု ဝိဇာတမင်္ဂလာ တရားရိပ်သာ)တွင် တစ်နှစ်သားအရွယ်ထိ နေထိုင်ခဲ့သည်။ နောက်တွင် အဖေ့ရွာဖြစ်သော ရိုးကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်ဟုလည်း သိရှိရပါသည်။ ဆရာတော်ကြီး၏ မွေးနေ့မင်္ဂလာကို အတွင်းပဒံ(ပဒံပရိယတ္တိစာသင်တိုက်)တွင် နှစ်စဉ် တပေါင်းလဆန်း ကျင်းပခဲ့သည်မှာ ၅-နှစ်တိုင်ခဲ့ချေပြီဟု သိရသည်။ ဆရာတော်ကြီးသည် မိမိထက်သက်တော် ဝါတော်ကြီးသည့် ကစင်ဆရာတော်၊ ကမ်းဖြူ ဆရာတော်၊ ကုလားကြီးစုဆရာတော်စသည့် ဆရာတော်ကြီးများကို ဂါဝရပြု လျှုဒါန်းပူဇော်ခဲ့သည်။ အဖေ့ရွာဖြစ်သော ရိုးကြီး/ရိုးလေးတွင် ကလေးများ ပညာရေးနှင့် ပတ်သက်၍ ပဒေသာပင်တစ်ပင်ကို သိန်း (၁၀၀)မတည် စာရင်းဖွင့် အပ်နှံထားသည်။ ထို့ပြင် ဆေးခန်းဖွင့်ခြင်း၊ ဆေးခန်းဆောက်လုပ်ခြင်းများကိုလည်း ပြုလုပ်ပေးခဲ့သည်။ ဒါနအားအလွန်ကောင်းသော ဆရာတော်တစ်ပါးလည်း ဖြစ်သည်။

ဆရာတော်ကြီးသည် သည်းခံနိုင်သော ခန္တီဂုဏ်ရည်နှင့် ပြည့်စုံသည်။ ဆရာတော်ကြီး၏ လက်ကိုင်ဩဝါဒတစ်ခုမှာ . . .

**"လူကြီးဖြစ်လာရင် သူတစ်ပါးကို ကယ်နိုင်ရင် ကယ် ချောက်ထဲ တွန်းမချနဲ့၊ လုံးဝမကယ်နိုင်ရင် ဥပက္ခာပြု"** ဟူသော စကားဩဝါဒဖြစ်သည်။

ဆရာတော်ကြီးသည် တစ်ခါက ခေါင်းကိုက်ဝေဒနာကြောင့် ဆေးရုံတက်ကုသခံယူခဲ့ရသည်။ ထိုဝေဒနာ ခံစားနေရသည့်ကြားက ကျန်းမာရေးထက် စာသင်တိုက်အရေး၊ ဆွမ်းကွမ်းကိစ္စ အရေးများကို တစ်ဖွဖွ တွေးပူခဲ့ရှာသည်။ **"မိမိသည် သံဃာများကြောင့် ဘုန်းကြီးရခြင်းဖြစ်သည် သံဃာအရေးသည် မိမိအရေးဖြစ်သည်"**ဟု ဆရာတော်ကြီး၏ မိန့်ကြားချက်ကို ပခုက္ကူမှ ဒါယိကာကြီးမှာ ကြားရှိကြည်ညိုကာ ဆန်အိတ် (၅၀၀) စာသင်တိုက်သို့ လှူဒါန်းခဲ့သည်။

ဆရာတော်ကြီးမှ သံဃာတော်များကို ဆုံးမလေ့ရှိသည့် စကားတစ်ခွန်းမှာ **"သင်သည် ပရိသတ်နှင့်နေရသည့်အတွက် သည်းခံတဲ့စိတ် အမြဲမွေးပါ"**ဟု မိန့်လေ့ရှိပါသည်။ ရွာမပရိယတ္တိစာသင်တိုက် စတင်တည်ထောင်စဉ် မူလအခြေအနေကို စာရေးသူမှ သိရှိလိုပါ၍ ဆရာတော်ဦးဇောတိကကို လျှောက်ထားကြည့်ရာ. . .

"ရွာမပရိယတ္တိစာသင်တိုက်ကြီးကို ဒီ ဆရာတော်ကြီးက ပျိုးထောင်ပြုစုခဲ့တာပါ" **"မိုးရွာလို့ထီးဆောင်း တို့ရွာမကျောင်း"**လို့ နာမည်ကြီးနဲ့ စခဲ့ရတာ။ စာသင်နေရင်တောင် စာသင်ရတာ၊ လမ်းလေးပြင်၊ ကျောင်းဆောင်လေးပြင်၊ ကျောင်းဆောင်လေးတိုးဆောက်လိုက်နဲ့ ဝိုင်းရင်းဝန်းရင်းကနေ ခုမြင်ရတဲ့အတိုင်း ထုနဲ့ ဒယ်နဲ့ အံ့ဘွယ် အဆောက်အဦကြီးတွေ ဖြစ်လာခဲ့ရပြီး၊ ဆရာတော်ကြီး၏ ဦးဆောင်မှု၊ ရပ်ကွက် မြို့နယ်ရဲ့ ပါဝင်လှူဒါန်းမှု၊ နိုင်ငံတော်ရဲ့ သဒ္ဓါ ရက်ရောစွာ ပံ့ပိုးမှုတို့နဲ့အတူ အခု အနှစ် (၃၀) တိုင် ထိအောင် **တိပိဋက ဆရာတော်ပေါင်းများစွာ၊ ဓမ္မကထိကဆရာတော်ပေါင်းများစွာ၊ စာတတ်ဘုန်းတော်ကြီးပေါင်းများစွာ၊ စာသင်တိုက်ခွဲပေါင်း ကျောင်းပေါင်း(၂၀၀) ကျော်တို့ကို မွေးထုတ် တည်ထောင်ခဲ့ပြီး ဖြစ်သည်"** ဟု မိန့်တော်မူပါသည်။

ရွှာမပရိယတ္တိစာသင်တိုက်ကြီး၏ အောင်မြင်မှု ကျော်ကြားမှုကား၊ မြန်မာပြည် တစ်နံ တစ်လျား မဆုံးနိုင်အောင် ရှိချေလေပြီ၊ ဆရာတော်ကြီး၏ စေတနာ၊ မေတ္တာ၊ အကြင်နာတို့ကား အတုမဲ့ အနှိုင်းမဲ့လှ၏။


ပဒံပရိယတ္တိစာသင်တိုက် (အင်းစိန်ရွာမ စာသင်တိုက်ခွဲ)နှင့် ပတ်သက်၍ စာရေးသူ လျှောက်ထားကြည့်ရာ ဆရာတော်မှ ဤသို့ ရှင်းပြခဲ့ပါသည်။ ပဒံပရိယတ္တိစာသင်တိုက်ကို ၁၃၅၇-ခုနှစ် နယုန်လပြည့်နေ့တွင် တည်ထောင်ခဲ့သည်။ ဤစာသင်တိုက်၏ ပဓာနဆရာတော် ဦးဇောတိကကိုယ်တိုင်(အင်းစိန်ရွာမစာသင်တိုက် ထွက်)ဖြစ်ပါသည်။ လက်ရှိသံဃာအပါး (၁၈၀) ကျော်ရှိပါသည်။ သံဃာတော် စာမေးပွဲများတွင် ပုဇွန်တောင်ဘုရားဖြူစာမေးပွဲ၊ ဆူးလေအဘိဓမ္မာ စာမေးပွဲ၊ အင်းစိန်ဝိဏာမိကစာမေးပွဲ၊ လှိုင်သာယာ သာသနာ့နုဂ္ဂဟ စာမေးပွဲ အစိုးရစာမေးပွဲများကို ဝင်ရောက်ဖြေဆိုစေပါသည်။ လှိုင်သာယာ မြို့နယ်တွင် သာသနာ့နုဂ္ဂဟစာမေးပွဲ အောင်ချက်အကောင်းဆုံး ကျောင်းတစ်ကျောင်း ဖြစ်သကဲ့သို့ အစိုးရ စာမေးပွဲများတွင်လည်း အောင်ချက်ကောင်းများရရှိထားသော ကျောင်းတစ်ကျောင်းလည်း ဖြစ်ပါသည်။ (ဆရာကောင်းတပည့် ပန်းကောင်းပန်သည်ဟု ဆိုရချေမည်။) ဦးဇောတိက (ဆွမ်းပရာဘွမ်)နှင့် ထေရဝါဒ တက္ကသိုလ်မှ (လက်ရှိအင်္ဂလိပ်စာကျမ်းပြု) ဦးသောပါက၊ ဘွဲ့ရဦးပဥ္စင်း (၄)ပါးနှင့်အတူ စာပေ ပရိယတ္တိများကို ပို့ချသင်ကြားပေးလျက်ရှိပါသည်။ (ပဒံပရိယတ္တိစာသင်တိုက်ကြီးကိုလည်း ဆရာတော်ကြီးမှ အနီးကပ်ပြုစု လမ်းညွှန်ပေးလျက်ရှိနေပါသည်။)

* အင်းစိန် ရွှာမပရိယတ္တိစာသင်တိုက်ကြီးကို ရုပ်လုံးဖော် အသက်သွင်း အကောင်အထည်ဖော်ခဲ့သူ
* သံဃာ့ အာဇာနည်ပေါင်းများစွာကို ရှင်သန် အောင်မြင် ထွန်းပေါက်အောင် မွေးဖွားပေးနိုင်ခဲ့သူ
* ချို့တဲ့သူ ကလေးသူငယ်များကို ပညာတတ် ဘွဲ့ရလူငယ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးခဲ့သူ
* သက်နိုး၊ ဝတ္ထုပစ္စည်း လိုအပ်သူများကို လိုအပ်သလို လှူဒါန်းနေသည့် အလှူဒါန ပါရမီ ကြီးလှသူ
* အမိကို လက်ဝဲ အဖကို လက်ယာထား၍ သားသမီး တာဝန်ကျေပွန်ခဲ့သူ
* မိခင်နှင့် မိမိမွေးရာ အရပ်တွင် ထာဝရကုသိုလ်အဖြစ် တရားရိပ်သာ ထူထောင်လှူဒါန်းခဲ့သူ
* ဖခင်၏ မွေးရာအရပ်တွင် ပညာဒါနကုသိုလ် ပဒေသာပင်စိုက်ထူ၍၊ ဆေးခန်းများ ဆောက်လုပ် အလှူကြီးပေးနိုင်ခဲ့သူ
* ပူဇော်ထိုက် ပူဇော်သင့်သူအားလုံးကို အမြဲထာဝရ ပူဇော်လှူဒါန်း ဂါဝရပြုနေသူ
* မေတ္တာတရားကြီးမားသူ၊ ခန္တီပါရမီပြည့်စုံသူ၊ ဗုဒ္ဓမြတ်စွာသာသနာနှင့် သံဃာတော်များ အရေး အမြဲတွေး ဆောင်ရွက် အကောင်အထည်ဖော်နေသူ
* ပန်းမျိုးပေါင်းစုံကို အလှဝေဆာ ပွင့်ဖြာ လန်းဆန်း ရနံ့များမွှေးစေသူ၊ ရှင်သန်စေသူ

ထိုထိုသော ဂုဏ်ပုဒ်တို့နှင့် ပြည့်စုံတော်မူသော ပန်းတိုင်းကို ပွင့်စေ၍ ပွင့်သောပန်းတိုင်းကို လန်းဆန်းစေခဲ့သူ ထာဝရဥယျာဉ်မှူးကြီး "အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"ဘွဲ့တံဆိပ်တော်ရ သက်တော်ရှည် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်မြတ်၏ ကျင့်ကြံလုပ်ဆောင်တော်မူချက်များကား နှိုင်းတု၍ မရနိုင်လောက်ပေ။ တုနှိုင်း၍လည်း ကုန်နိုင်မည် မထင် ရေးသား၍ကား ဆုံးနိုင်အံ့တော့မည် မထင်တော့ပေ။

♦ **သဲမောင်**(ပညာရေး)

# မြတ်သာသနာ



➤မြတ်သာသနာ၊ ကျွန်းလက်ျာဝယ်
ရှည်ကြာမြင့်မား၊ ကျင့်တရားနှင့်
ထင်ရှားပေါ်ထွန်းရချေပြီ။
➤ကြည်အေးနိမိတ်၊ အောင်အတိတ်ငှဲ
သောင်းထိပ်ဇမ္ဗူ ကောင်းမှုထူလိမ့်
များလူခပင်း၊ ဩဘာနှင်းဝေ
ပြန့်သင်းလှိုင်လှိုင်၊ ပီတိမြိုင်မို့
မတ်ခိုင်ချမ်းအေး၊ မွေးလှပြီ။
➤ဗုဒ္ဓမြွက်ဆို၊ ဟောမိန့်ကြိုခဲ့
ပင်ကိုယ်နှလုံး၊ တော်ပြောင်းသုံးတည့်
မြတ်ဆုံးနိဗ္ဗာန်၊ ရည်စိတ်သန်လျှက်
နာခံကြိုးကုတ်၊ အင်အားထုတ်ခဲ့
ဂုဏ်ပုဒ်ထင်ရှား၊ ကျင့်မြတ်ထားသည်
ပန်းများလန်းပွင့်၊ ဝင့်ချေပြီ။
ဩော်...
➤မြတ်သည့်လမ်းဖွေး၊ အမြိုက်ဆေးကို
တိုက်ကျွေးအစဉ်၊ သမ္ဗုဇဉ်ဖြင့်
ချစ်ခင်မြတ်နိုး၊ သဒ္ဓါတိုးစွာ
ဖြန့်မိုးပြည့်စုံ၊ လောကီဘုံဝယ်
သင်းထုံးမွှေးပြန့်၊ သည်ရနံ့သည်
ခန့်ခန့်တည်ကြည်၊ ကမ္ဘည်းညီမင့်
ပန်းချီမှုန်းသ၊ ပီတိလှသည်
လောကအရာ ပြည့်စေသော် ။ ။

မြေလတ်ကျော်လင်းဦး



# ရည်

ငှေး(မှော်ဝန်း)

(၁)

ဝါဆိုလရောက်ခဲ့ပေပြီ---

မိုးစက်ဖျန်း၍လောကဓာတ်တစ်ခွင် အေးမြကာ သစ်ပင်တိုင်းဝယ် ရွက်နုရွက်သစ်တို့ ဝေလျှက် အလှဆင်ကြပေပြီ။

အမေတို့မြို့လေးကား ဗုဒ္ဓသာသနာတော် အထူးထွန်းကား၍ ပဋိပတ္တိကျောင်းတိုက်ကြီးများ၊ စာသင်တိုက်ကြီးများနှင့် စည်ပင်ပေသည်။ အရပ်တပါးမှ ကြွလာတော်မူကြသော ဦးပဉ္စင်းတို့နှင့် သာမဏေငယ်များသည် ညနေချမ်းချိန်ခါဝယ် ရပ်ရွာတွင်းသို့ ဆွမ်းဖိတ်ကြွတော်မူကြပေသည်၊ မိုးမှိုင်းသည့်ကောင်းကင်အောက်ဝယ် မြေနီလမ်းပေါ်သို့ မွှေးပျံ့သည့်ခရေပန်းများ ကြွေကျနေကြပေသည်။

နှောင်းခဲ့သော တစ်ဆယ့်ငါးနှစ်ခန့်က ယခုသို့သော ဝါဆိုဦးဝယ် သားမောင်ပဉ္စင်း အရှင်ဝိဇယ (ပခုက္ကူ)နှင့် အမေတွေ့ကြုံခဲ့ပေသည်။ အမေတို့မြို့ မင်းနန္ဒာစာသင်တိုက်မှ ဝါဆိုသံဃာတစ်ပါးပါတည်း။

နံနက်စောစောထ၍ အမေသည် ဆွမ်းမီအောင် ကြိုစား၍ချက်သည်။ အငွေ့လူသည့်ဆွမ်းဦး, ဆွမ်းဖြူတော်နှင့် ပန်း ရေချမ်းတို့ကို မြတ်စွာဘုရားအားကပ်လှူပြီးသည်နှင့်တပြိုင်နက် အမေက ဆွမ်းချိုင့်ပြင်ပြီးနေပြီ၊ သီးစုံချဉ်ဟင်း သားငါးဆွမ်းဟင်း၊ဟင်းသီးဟင်းရွက်ကြော်စသည်ဖြင့် သဒ္ဓါထက်သန်စွာ ချက်ပြုတ်လေ့ရှိပေသည်။ သားပဉ္စင်းဆွမ်းသပိတ်တွင်းသို့ ဆွမ်းလောင်းလှူ၍



ဆွမ်းဟင်း ခွက်ငယ်နှင့်လည်း ပြည့်အောင်ထည့် လှူရသည်ကို အမေကြည်နူး၍ မဆုံးနိုင်တော့ပြီ၊ ခတ္တာပန်းနှ့် သင်းသော အမေ့ခြံဝင်းငယ်မှ ထွက်ကြွသွားသော မောင်ပဥ္စင်းကိုဖူးမြော်ရင်း အမေကုသိုလ်ယူ၍ မဆုံးနိုင်တော့ပြီတည်း။

"ဒါယိကာမကြီး--ဦးပဥ္စင်း ရွှေ့နှစ်တော့ အောင်လံမြို့မှာ ဝါဆိုရမယ်၊ ဦးပဥ္စင်းတို့ငယ်ဆရာ ရင်းက သူ့ကျောင်းမှာသီတင်းသုံးဖို့ပင့်လို့ ကြွရမယ် စာသင်တိုက်ပါပဲ။

ကျေးဇူးများတဲ့အမေဒါယိကာမကြီးနှင့်တကွ အားလုံးသော ဆွမ်းဒကာ ဒကာမတွေကို ဦးပဥ္စင်း အဝေက မေတ္တာပို့ပါမယ်"

ပညာပြည့်ဝ နှလုံးလှသည့် မောင်ပဥ္စင်းသည် ယခုချိန်ဝယ် ကျောင်းတော်ဝိဟာ၌ စာသင်သား သံဃာတော်တို့ကို စာချရင်း သီတင်းသုံးနေရှာ ရော့မည်။ အမေ့ထံသို့လည်း မာကြောင်း သာကြောင်း နှင့်အမေဒါယိကာမကြီး ကျန်းမာ၍ သာသနာ့ အကျိုးသည်ပိုးနိုင်စေဖို့နှင့် နိဗ္ဗာန် ရောက်ကြောင်း တရားကောင်းများကို စဉ်ဆက် မပြတ် အားထုတ် ဖို့ရန်တိုက်တွန်းလျက် ဆက်သွယ် စာပို့ရှာပေသည်။

အပင့်အရစ်အဆွဲအငင် သေသပ်ကျန၍ ထင်ရှားသောလက်ရေးစာလုံးတို့ကို တွေ့ရဖတ်ရ လျှင်ပင် မောင်ပဥ္စင်းကိုယခုပင်လျှင် ဖူးတွေ့ရဘိသို့ အမေကြည်နူးရပေသည်။

အမေသည် မိမိဝါသနာပါရာ ကဗျာဖွဲ့ဆို၍ လည်း ဦးပဥ္စင်းများသို့ ဂုဏ်ပြုကုသိုလ် ယူရပေ သည်။ အမေ့စာစုပြန်စာနှင့် ကဗျာကို ဦးပဥ္စင်းလေး များ နှစ်ခြိုက်ကြပါစေဟုလည်း ဆန္ဒပြုမိပေသည်။

**ကြာပန်းနှင့်မြရေစင်မှသည်**

➤ မှန်းကာပင်တသွင်မွှမ်းပါ၏
တင့်ရွှန်းသို့ နေခြည်
သက်န်းဂုဏ်ရည်။ ။

➤ အံ့ရှစ်ဖြာ့သာသနာတည်
ပျော်ပါ့စည်မောင်ပဥ္စင်း
ဘေးရန်ကင်းပါ၍
စိတ်တွင်းမှာသာကြည်ကြောင်းကိုဖြင့်
တောင်းဆုပန်ခြင်း။ ။

➤ တမာသင်း
မြေလတ်ခင်း မြို့အောင်လံတွင်
စာချ၍အစဉ်
ကြာပန်းနှင့်မြရေစင်လျှင်
လှူ၍တင်ဆုချွေတောင်း။ ။
ထပ်ပေါင်းကာမေတ္တာလောင်းပါ၏
ကောင်းပါစေကြောင်း။ ။

## (၂)

နေခြည်ဖြာ၍နွေးပေသောနေ့ခင်းချိန်ခါဖြစ်သော်လည်းအမေ့ရင်ဝယ် ချမ်းမြ၍နေပေသည်။ အမေသည် ဘုရားဈေးစာအုပ်ဆိုင်တန်းမှ ဗုဒ္ဓ စာပေစာအုပ်အချို့ကို ဦးပဥ္စင်းအားကပ်လှူရန်ဝယ်ဆောင်လိုက်ပေသည်။ သာသနာတော်၏ ရေသောက်မြစ်ဖြစ်သော ပရိယတ္တိ စာပေများသင်ကြား စာဝါလိုက်တော်မူကြကုန်သော စာသင်သား ရဟန်းများသို့ လှူမည်၊ စာရွက်ဖြူဖြူပေါ်မှ ဓမ္မစာပေတစ်လုံးတစ်ပါဒမျှပင် သင်အံကျက်မှတ်ကြစေဦးတော့ အမေဝမ်းမြောက်လှပေသည်။

ဒါယိကာမကြီးထံသို့

ဦးပဥ္စင်းစာရေးလိုက်ပါတယ်၊ ဒါယိကာမကြီး ကျန်းမာချမ်းသာရှိပါစေကြောင်း မေတ္တာပို့သလျှက်ပါ၊ ဒါယိကာမကြီး အမြန်ချောပို့နှင့် လှူလိုက်သော ပါရာဇိကဏ်စာစဉ်(၁)နှင့် (၂)ကို ဦးပဥ္စင်း ကောင်းမွန်စွာလက်ခံရရှိပါတယ်။

ဒါယိကာမကြီးလည်းအသက်အရွယ်ကြီးလာပြီဆိုတော့ ကျန်းမာရေးနှင့်ကုသိုလ်ရေးကိုသာ အဓိကထားပါ၊ ဒါဟာ ကိုယ့်အတွက်ပဲ ဒါယိကာမကြီး၊ ဒကာမကြီးဆုတောင်းပါ ကဗျာအတိုင်း ပြည့်စုံပါစေ --

ဦးပဥ္စင်းပညာဝံသ<br>
စာချအုဋ်ကျောင်း<br>
မန္တလေးမြို့။

အမေသည် သူရေးသားခဲ့သော ကဗျာမှတ်တမ်းစာအုပ်ငယ်ကို ဖွင့်လိုက်ပေသည်။ စာအုပ်အဖုံးသည် အစိမ်းရင့်၊ အစိမ်းနုနောက်ခံ၍ ပန်းရောင် သန်းသော ဝတ်ဆံပြည့်လမ်းသည့်ကြာပွင့်ပုံဖြစ်ပေသည်။ ကြာသက်န်းနီမိတ်ပေပဲဟု လေးစားတန်ဖိုးထားရပေသည်။

ဦးပဥ္စင်းသို့ စာစဉ်လှူစဉ်က ရေးပို့ခဲ့သောကဗျာကို အမေသည် စိတ်လက်ကြည်လင်စွာ တစ် ခေါက်ထပ်၍ ဖတ်ရှုနေပေသည်။

ထိုစဉ်သော အခိုက်ဝယ် အမေ၏စာအုပ်လှူခဲ့သော အဖို့ဘာဂကို မပျက်မယွင်း ရရှိပါစေဟု ယုံကြည်သဒ္ဓါဟုန်တို့ လှိုက်ကနဲပေါ်လာသည်။

မြတ်သည့်ဆု


စာအုပ်လှူရ၊ ကုသလကြောင့်<br>
စိတ်ကချမ်းသာ၊ ဘေးကင်းကွာ၍<br>
ကျန်းမာပေလျက်။ လှူသောလက်ရှင့်<br>
ဖြစ်လျက်တည်စေ၊ တောင်းဆုချွေသည်<br>
မြတ်လေနိဗ္ဗူ ရောက်ဘို့သော်။ ။

## (၃)

သံလျင်ကျိုက်မြတ်မွန် မွေ့စွန်းရှင်စေတီကုန်းတော်ပေါ်မှ မျှော်ပါလေလျှင် သားပဥ္စင်း အရှင်ဝိဇယ(မကွေး)တို့၏ ကျောင်းသင်္ခန်းကို ပျပျတွေ့ရပေသည်။ ယခုမူ မောင်ပဥ္စင်းသည် မန္တလေးဝယ် ပရိယတ္တိစာပေများ သင်ယူလျက်ရှိပေသည်။ စာချတန်း စာမေးပွဲကြီးဖြေဆိုပြီးမှ ပြန်ကြွလာပေလိမ့်မည်။ အမေသည် မိမိချွေးနဲ့စာမှ ဦးပဥ္စင်းလေးသို့ ဝတ္ထုငွေပို့လှူခဲ့ပေသည်။

သံဃာအားလှူမယ်၊ သံဃာဝေယျာဝစ္စပြုမယ်၊ သံဃာ့ဝတ်ကို ဖြည့်မယ်၊ သံဃာ့အထံမှာ သမာဓိ၊ ပညာပွားများမယ်ဆိုလျှင် သံဃာတည်းဟူသော ဘဏ်တိုက်၊ သံဃာတည်းဟူသော မီးခံသေတ္တာကြီးထဲ၌ ဒါန သီလ သမာဓိ ပညာ အနုဂါမိကဉစ္စာကို မြှုပ်နှံသိုမှီးသိမ်းဆည်းခြင်းဖြစ်တယ်။
မင်းကွန်းဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ၏ဟောစဉ်တရားတော်များ(ပထမတွဲ)မှ

အမေ့ရင်၌ဖြစ်သောသားမရှိပါပြားလည်း ဗုဒ္ဓ သားတော် ဦးပဥ္စင်းလေးများအပေါ်ဝယ် ရင်၌



ဖြစ်သော သားလှသည် ချာကဲ့ပမာသို့ "သံဃာရည် မှတ်" အာရုံညွတ်၍ လှူဒါန်းရသော ကုသိုလ်စိတ် တို့သည် လွှမ်းခြုံလျက် ထာဝရတည်ရှိပါလိမ့်မည်။

အမေသည် စေတီတော်ကို လက်ျာရစ် လှည့် လည်ဖူးမြော်ရာမှ တစ်ဖက်ကမ်းသို့ မျှော်ကြည့်မိ ပေသည်။ အမေအိမ်ပြန်ဖို့ရာ သံလျင်မြစ်ကူး တံတားကို ဖြတ်ကျော်ရပေမည်။ ထိုမှ နှီးနွယ်၍ လည်း သံသရာတစ်ဖက်ကမ်းကို ဖြတ်၍ နိဗ္ဗာန် မဂ်ဖိုလ်သို့ ရောက်စိမ့်သောငှာ သမထ၊ ဝိပဿနာ၊ ပဋိပတ္တိအကျင့်မြတ်တို့ကို ဆထက်ထမ်းပိုး ကြိုး ကုတ် အားထုတ်ရပါဦးမည်၊ ထိုသောအခါဝယ် သားပဥ္စင်းရဟန်းတို့ကို "ရည်"သော လှူဒါန်းမှုတို့ သည် ပစ္စယအထောက် အပံ့များပင်ဟု သဒ္ဓါပီတိ ဖြစ်ရပေသည်။

မြင့်သော ဘုရားကုန်းတော်မှ အမေသည် ကျောက်လှေခါးယေ် တလျောက် အမှတ်သတိ ဖြင့် တဖြည်းဖြည်း ဆင်းခဲ့ပေသည်၊ ကျိုက်မြတ် ခမွန်စေတီပရိဂုဏ်တစ်ဖက်ဝယ် ရွှေဒင်္ဂါးပန်း တို့က ခဲခဲ သိပ်မျှပွင့်လန်းကြလျက် စေတီတော်ကို ဦးညွတ်ဘိ သို့ ယိမ်းနွဲ့ပုံ တင့်တယ်လှပေသည်။ ပွင့်ဖတ်ငယ် များ၏ ဝင်းဝါသော သက်န်းရောင်ပုံ နှိုင်းကာ အမေ သည် ရပ်တပါးမှ သားပဥ္စင်းတို့ကို တစ်သသ အမှတ်ရလျက် သံဃာ့ဂုဏ်တော် ကိုးပါးကို ရည်မှန်းကာ စိတ်အစဉ်မှရှိသေ လေးမြတ်စွာ ဂါရဝပြုလိုက်ပါ တော့သည်။

## ရည်

အမိရင်းသော်မဟူ၊ မဖွားမူလည်း  
ဖြူစင်လှစွာ၊ ကရုဏာနှင့်  
သာကြည်လှူမူ၊ ပြုစု၍သာ  
စေတနာရင်း၊ ဝေဆာခြင်းဖြင့်  
"သားပဥ္စင်း"ဟူတည့်လေ။ ။  
ဝါလဆီမှ ရာသီချိန်၊ ရွက်နုချိန်ဝယ်  
ပရိယတ္တိအခြေမြင့်၊ ဂုဏ်တင့်ထွန်းသာ  
ကျောင်းဝိဟာဝယ်၊ သင်ကာဆည်းပူး  
ကုသိုလ်ထူးစွ၊ "ဗုဒ္ဓစာပေ၊ ဓမ္မအမွေ"ကို  
ရစေမြတ်နိုး၊ ရည်ရွယ်ကျိုးသည်  
တန်ဖိုးအနဂ္ဃယ်တည့်လေ။ ။  
စကားပန်းတို့ပွင့်လှဝေ၊ မန်းဌာနေဝယ်  
မာစေကြောင်းတွေ၊ စေ့ရေမေတ္တာ  
စေတနာနှင့်၊ ကဗျာစီဖို့လှာ  
ရေးဖွဲ့ပါသည်  
စိတ်ကြည်သာ တဖြာသော်တည့်  
ပျော်ပါစေသော။ ။


ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ ထွန်းပါစေ။

သံဃာ့ဂုဏ်ရည်။ ပွားဝှန့်စည်၊ အစွန့်ရှည်မြဲ ခိုင်ပါစေသောဝ်။

ငွေး(မော်ဝန်း)

❖ ❖ ❖





# ဘုန်းနှင့်ကံနှင့်ဂုဏ်တင့်ထွန်းပ ရွာမဆရာတော်

●●● လယ်တီအရှင်ဂမ္ဘီရဗုဒ္ဓိ(မုံရွာ)

ရန်ကုန်တိုင်း ကျက်သရေဆောင် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ နန္ဒဝံသ မဟာထေရ်မြတ်သည် သူတပါးအကျိုးနှင့် သာသနာ့တာဝန်များကို ထမ်းဆောင်ရာတွင် အများ သဘောကျ ကျေနပ်၍ အောင်မြင်ပြီးစီးသည်အထိ ဖွဲ့ လုံ့လ ဝီရိယ ကြီးမားစွာဖြင့် ဆောင်ရွက်နိုင်စွမ်း ရှိနေဆဲဖြစ်သည်။

ဆရာတော်သည် အမျိုးဘာသာ, သာသနာတော်အတွက် အသက်နှင့် ခန္ဓာကိုယ်ကို ပေးလှူအပ်နှင်းထားပြီး သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်တော်မူသည်။

သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင်လည်း ဗဟိုဝန်ဆောင်၊ သီးခြားဝိနည်းဓိုရ်၊ မဟာဝိသုတာရာမိက ဂဏဝါစကနိကာယ ဂဏဝိနာယက၊ အင်းစိန်မြို့နယ်၊ သုဓမ္မာနိကာယ ပဝါရဏာဂိုဏ်း၏ ဂိုဏ်းချုပ်၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဖြစ် ကြီးလေးသော တာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သဖြင့် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်များ လက်ခံရရှိကာ ဘုန်းတော် ကံတော်များ တိုးတက်ပွင့်လင်း ကြီးမားလာခဲ့သည်။

ဤသို့ ဘုန်းတော် ကံတော် ဂုဏ်တော်များ တိုးတက်ကြီးမားလာသည်အထိ တာဝန်ဆောင်

ရွက်ရင်း လျှောက်လှမ်းခဲ့ရသော သိက္ခာတော်(၆၉)ဝါ ကာလအတွင်း အခက်အခဲပေါင်း မြောက်မြားစွာ ရင်ဆိုင်ကျော်လွှားခဲ့ရသည်။ အရင်းအနှီးပေါင်း မြောက်မြားစွာ မြုပ်နှံစတေးခဲ့ရသည်။ မည်သည့်အကြောင်း၊ မည်သည့် အခက်အခဲနှင့် ရင်ဆိုင်ရသည်ဖြစ်စေ အရေးမစိုက်၊ နောက်မဆုတ်ဘဲ စိတ်ရှည်ဖွဲ့သန်၊ သည်းညည်းခံ၍ ကရုဏာ ပညာ အသုံးချကာ ဆောင်ရွက်ခဲ့သည်။ ထိုက်တန်အောင် ကြိုးစားအားထုတ်တော်မူခဲ့၍လည်း ထိုက်တန်သော အကျိုးတရားကို ရရှိခံစားနိုင်ခဲ့ခြင်းဖြစ်သည်။ ကြီးပွားတိုးတက်မှုဟူသည် ဈေးဘောင်ကျိုးမှ လျှော့ဈေးဖြင့် အချောင်မရနိုင်ဘဲ, တန်ဖိုးကြီးကြီးပေးမှ ရယူနိုင်သော အောင်မြင်မှုပင် မဟုတ်ပါလော။

**ကောင်းခြင်းအစ ငယ်စဉ်ဘဝ**

ရှင်သာမဏေ အဖြစ်သို့ ရောက်တော်မူခဲ့ချိန်မှစ၍ ရွာဦးကျောင်းဆရာတော်ထံတွင် အခြေခံစာပေများကို သင်ယူနေစဉ် ဆရာ့စကား နားထောင်ခြင်း၊ အလိုက်သိခြင်း၊ လိမ္မာရေးခြားရှိခြင်း၊ စာကြိုးစားခြင်းတို့ကြောင့် ဆရာတော်မှ အထူးဂရုပြုစောင့်ရှောက်တော်မူခဲ့သည်။

ရဟန်းဖြစ်ပြီးသောအခါ ရောဝတီတိုင်း၊ ညောင်တုန်းမြို့ မဟာဝိသုတာရာမတိုက်သစ်၊ သာသနာ့ဇောတိက သုံးထပ်ကျောင်းဆရာတော် ဘဒ္ဒန္တရေဝတ(အဂ္ဂမဟာပဏ္ဍိတ)၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တ သုန္ဒရ(အဘိဓဇမဟာရဋ္ဌဂုရု) ဘဒ္ဒန္တနန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ မန္တလေးမြို့ မဟာဝေယံဘုံသာတိုက် ဆရာတော် ဘဒ္ဒန္တ ကလျာဏ(အဂ္ဂမဟာပဏ္ဍိတ)၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တ ဇနကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)တို့ထံတွင် နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ကျမ်းမျိုးစုံတို့ကို ကျမ်းရိုးပေါက် သင်ယူဆည်းပူးတတ်မြောက်ခဲ့သည်။

**ဝိနည်းဓိုရ်ဆရာတော် ဖြစ်တော်မူခြင်း**

ရှင်သာမဏေပြုပေးသော ပဗ္ဗဇ္ဇာစရိယ၊ ဉပသမ္ပဒါယ်ပြု၍ ရဟန်းအဖြစ် ချီးမြှောက်ပေးသော ဉပသမ္ပဒါစရိယ၊ အနီးကပ်အတူနေ၍ မှီခို အားထားရသော နိဿယာစရိယ၊ စာပေသင်ကြားပေးသော ဥဒ္ဒေသာစရိယ၊ အပြစ်မြင်တိုင်း အကြောင်းအကျိုးပြ၍ ဆိုဆုံးမတတ်သော ဩဝါဒါစရိယ-တို့၏ မိန့်မြွက်သော စကားကို ဆိုတုံ့မဝံ့ ခွန်းတုံ့မပြန် အမြဲနာခံ၍ ကျိုးနွံပန်ဆင် ဦးထိပ်တင်လိုက်နာခဲ့သည်။ ဝတ်ကြီး ဝတ်ငယ်များကိုလည်း ဝမ်းမြောက်ဝမ်းသာ ကျေပွန်စွာ ခစားလုပ်ကျွေးပြုစုခဲ့သည်။

ဝိနည်းစည်းကမ်းကို ဒေသနာတော်နှင့်အညီ ဆရာနည်းကျကျ ကျင့်သုံးရှိသေ၍ ပုဂ္ဂလဓိဋ္ဌာန်ကို မငဲ့ဘဲဓမ္မဓိဋ္ဌာန်ကိုသာ အစဉ်အလေးထားတော်မူသည်။ လူခင်လျှင် မူပြင်မည်-ဟူသော ဆန္ဒဂတိ၊ လူမုန်းလျှင် မူသုံးမည် ဟူသော ဒေါသာဂတိ၊ လူမသိလျှင်မူနှင့် ဖိမည်ဟူသော မောဟာဂတိ၊ လူကြောက်လျှင် မူနဲ့ချောက်မည်-ဟူသော ဘယာဂတိ ဤအဂတိတရားလေးပါးသို့ လိုက်စားခြင်းမှ ကင်းရှင်းတော်မူ၏။ ဝိနည်းမကြိုက်၊ လောကလိုက်၊ ဘုန်းကြီးမိုက်နှင့် လွဲစေသော်-ဟု ရှေးသူတော်ကောင်းများ ဆုတောင်းသကဲ့သို့ ဆရာတော်လည်း ထိုပုဂ္ဂိုလ်မျိုးကို အားပေးထောက်ခံလေ့မရှိပေ။ အဂတိတရား၊ မလိုက်စား၍၊ တရားယူမြော်၊ သံဃာတော်နှင့် လေးဖော်ပရိသတ်၊ ခြံရံအပ်၊ တင့်အပ်လမင်း တူပါပေ၏တကား။

ဤဂုဏ်ရန့်တို့ဖြင့် မွေးကြိုင်သင်းပျံ့တော်မူသော ဆရာတော်ကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်- နှစ်ကြိမ်ဆက်တိုက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖြစ်ဖြင့် စင်တော်ကောက်၍ တင်မြှောက်ဂုဏ်ပြုခဲ့သည်။ ၁၃၅၁-ခု(၁၉၈၉) တေရသမအကြိမ်တွင်လည်း နိုင်ငံတော် သံဃာ့

ဝိနိစ္ဆယအဖွဲ့ အမှတ် (၃၉)၌ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော်အဖြစ်ဖြင့် လူမှန်နေရာမှန် ရွေးချယ်ခန့်အပ်ခဲ့သည်။

**ပခုက္ကူ မဟာဝိသုတာရာမိက ဂဏဝါစက ဂိုဏ်းအုပ်ဖြစ်တော်မူခြင်း**

ဝိနည်းသည် သာသနာတော်၏ အသက်၊ ဝိနည်းတည်မှ သာသနာတော် အရှည်တည်တံ့မည်-ဟူသော ရှေးဆရာမြတ်တို့၏ ကြွေးကြော်သံသည် ဆရာတော်၏ နှလုံးသား၌ ငယ်စဉ်ကစ၍ သန္ဓေတည် ကိန်းအောင်းနေခဲ့သည်။ ထိုကိန်းအောင်းနေသော ဆန္ဒမွန်ကို ၁၃၁၇-ခု သာသနာတော်နှစ် ၂၄၉၉-ခုတွင် ပီပြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့သည်။ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိက ပရိယတ္တိသာသနာပြု စာပြန်ပွဲကြီးကို ရှေ့ဆောင်ဦးစီး တည်ထောင်ပြီး နှစ်စဉ် တပို့တွဲလ၌ ကျင်းပပြုလုပ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ မှတ်မှတ်ရရဖြင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးထက်ပင် တစ်နှစ်စော၍ စာပြန်ပွဲကို ခါတော်မှီ တည်ထောင်နိုင်ခဲ့သည်။

ပခုက္ကူ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တသုန္ဒရ(အဘိဓဇမဟာရဋ္ဌဂုရု) ဘဒ္ဒန္တနန္ဒဝံသ (အဂ္ဂမဟာပဏ္ဍိတ)နှင့် ဂဏဝါစက ဆရာတော်တို့၏ ခြေတော်ရင်း၌ နိကာယ်ကျမ်းကြီးများကို သင်ယူစဉ်က"သာသနာတော်ကို စောင့်ရှောက်ကြမည့် လဇ္ဇီသူတော်ကောင်းများ မွေးထုတ်ပေးဘို့ တချိန်တွင် စာသင်တိုက် တည်ထောင်မည်-ဟု သန္နိဋ္ဌာန်ချခဲ့သည်။

မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော် ဘဒ္ဒန္တသောဘိတ(အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ) မထေရ်မြတ်ကြီး၏ အကူအညီဖြင့် ၁၃၃၂-ခု နယုန်လဆန်း (၁၀)ရက် (၁၉၇၀ ပြည့်နှစ် ဧပြီလ) တွင် ရွာမဘုန်းတော်ကြီးကျောင်း အမည်မှ ရွာမပရိယတ္တိစာသင်တိုက်ဟု ပီပီပြင်ပြင် ဖွင့်လှစ်နိုင်ခဲ့သည်။ ပဲခူး ဟံသာဝတီဘုရင်က စစ်ကူတောင်းသည်ကို ပုဂံ နော်ရထာက စစ်သည် လေးသိန်းပို့လိုက်မည်ဟု ဆိုပြီး ကျန်စစ်သား၊ ငထွေးရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီး-ဟူသော သူရဲကောင်းလေးဦးကို စေလွှတ်လိုက်သကဲ့သို့ မြင်းခြံကိုးဆောင်ဆရာတော်ကလည်း ဘယ်လက်ရုံး၊ ညာလက်ရုံး၊ အသဲနှလုံးတို့ကို ထုတ်နှုတ်ပြီး ပေးလိုက်ရသည့်နှယ် အရှင်တိလောကာဘိဝံသ၊ အရှင်အကုံရ၊ အရှင်ဝိဇယ-ဟူသော စာချအကျော်အမော် သုံးပါးကို ပေးအပ် ကူညီခဲ့သည်။

စာသင်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ မြင်းခြံကိုးဆောင်တိုက်ဆရာတော်ကြီး ကိုယ်တော်တိုင် ကြွရောက်ကာ အနှစ်အသား ပြည့်ဝသော ဝမ်းမြောက်ဖွယ်ရာ ဩဝါဒကထာများဖြင့် ချီးမြှင့်တော်မူသည်။ ထိုအခမ်းအနားတွင် နယ်ပိုင်ဝန်ထောက်ကြီးက "ရွာမကနေ ရွာထီးဖြစ်တော့မည်"ဟု နိမိတ်ဖတ် အားပေးခဲ့သည့်အတိုင်း စာသင်သားသံဃာ(၃၅)ပါးမှ စခဲ့ပြီး ယနေ့ဆိုလျှင် သံဃာ (၆၀၀)ကျော်မှ (၇၀၀)နီးပါး တိုးတက်များပြားလာခဲ့သည်။

ဤကမ္ဘာလောကကြီးအတွင်း နေထိုင်ကြသူ လူလူရှင်ရှင် မှန်သမျှ ကောင်းကောင်းဆိုးဆိုး လောကဓံမျိုးကို ဧကန်မုချ ခံစံကြရမည်ပင် ဖြစ်သည်။ ဆရာတော်သည် လောကဓံလေ၊ တိုက်ခတ်မွှေလည်း၊ မြေ၌စိုက်ထား၊ ကျောက်တိုင်လားသို့၊ လှုပ်ရှားမရှိ၊ တည်ကြည်ဘိ၊ သတိ၊ ဉာဏ်ဖြင့် ထိန်းနိုင်ပါပေသည်။

ဣဋ္ဌာရုံ အနိဋ္ဌာရုံ ကွဲပြား အာရုံခြောက်ပါးနှင့် တွေ့ကြုံပြန်လည်း မိမိစိတ်ကို၊ အလိုမလိုက်၊ ဒုစရိုက်သို့၊ လိုက်ခွင့်မပေး၊ ယဉ်ကျေးလိမ္မာ၊ ကောင်းမြတ်ရာ၌၊ ကောင်းစွာခိုင်ကြည်၊ အမြဲတည်အောင် ဥပေက္ခာပြုတော်မူနိုင်ပါပေသည်။

ဝိသဘာဂ၊ သံဝါသကင်း၊ ရှင်းရှင်းပြတ်ပြတ်၊ နေတုံလတ်ကြောင့်၊ မအပ်မရာ၊ သက်ာယန၊ ကင်းစင်ပ၊ ကျော်စွ ဂုဏ်ထူးလည်း ရှိတော်မူပါပေ၏။

ဤသို့သော ဂုဏ်ထူးများကြောင့် ၁၃၅၃-ခု၊ နတ်တော်လဆန်း (၁၅)ရက်နေ့ (၁၉၉၁)ခုနှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမိက ဂဏဝါစက နိကာယကြီး၏ နိကာယဝင် သံဃာတော်အပေါင်းက "မဟာဝိသုတာရာမိက ဂဏဝါစက နိကာယ ဂဏဝိနာယက" အဖြစ် တညီတညွတ်တည်း တင်မြှောက်ခဲ့ကြသည်။

**ပဝါရဏာ ဂိုဏ်းချုပ်ဖြစ်တော်မူခြင်း**

ဆရာတော်သည် အပရိဟာနိယတရား (၇)ပါး၊ နာယကဂုဏ် (၆)ပါး၊ ဆရာ့ဝတ္တရား(၅)ပါး တို့ကို အချွတ်အယွင်းမခံပေ။ ရှေးရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကျိုးလိုစိတ်က၊ ဆုံးမတည့်မတ် ပေးတတ်သော ဆရာမျိုးဖြစ်သည်။ တပည့်ဖြစ်သူ က လူငယ်ဘာဝအလျောက် ဝိနည်းစည်းကမ်း၊ ကျောင်းတိုက်စည်းကမ်းကို ဖောက်ဖျက်ကျူးလွန် မိခဲ့သော် အပြစ်ဒဏ် မပေးမဖြစ်၍သာ ပေးလိုက် ရသည်။ မေတ္တာ၊ ကရုဏာ အရင်းခံထားသည့် ဖခင်စိတ်ဓာတ်မျိုးဖြင့် တပည့်ဘဝ ပျက်ပြားသွားအောင်၊ အကျိုးဆုတ်ယုတ်သွားအောင်၊ ပညာရေး ဆုံးရှုံးနစ်နာသွားအောင်တော့ ဘယ်သော အခါမှ အပြစ်ဒဏ် မပေးတတ်ပေ။

မာန်မာန အာဃာတဖြင့်၊ ပါဝါပြလိုသော သေးသိမ်သည့် စိတ်ဓာတ်ဖြင့် မိမိတပည့်ကို ပျက်စီးနစ်နာသွားအောင် အပြစ်ပေးခြင်းမျိုးကား သူတော်ကောင်းတို့ လုပ်ရပ် မဟုတ်ဟု စွဲစွဲမြဲမြဲ ခံယူထားတော်မူသည်။ စင်စစ်မှာလည်း ကရုဏာ၊ ပညာကြီးမားရမည့် ဆရာသမားသည် မသိနားမလည်သော တပည့်နှင့်ပြိုင်၍ မမိုက်သင့်ပေ။ မသိနားမလည်၍ တစ်ကြိမ်တစ်ခါ မိုက်မှားမိသော တပည့်များက သည်းခံပါရန် ဝန်ချတောင်းပန် လာခဲ့သော် ခွင့်လွှတ်ရန် ဝန်မလေးသော ဆရာသမားမျိုးမှ မြတ်သောဆရာဖြစ်သည် မဟုတ်ပါလော။

မိမိကို ဥပဇ္ဈာယ်ယူ၍ ရဟန်းဖြစ်သွားသော ရဟန်းသစ်များကိုလည်း သိမ်မှ မထွက်ခင် ဦးဦးဖျားဖျား သက်န်းတစ်စုံ ချီးမြှောက်ထောက်ပံ့လေ့ရှိသည်။ သက်တော် ဝါတော် ကြီးရင့်သော်လည်း ကျန်းမာရေးကောင်းလျှင် ဥပုသ်ပြုရာသို့ ရှေးဦးစွာ ရောက်နှင့်အောင် အမြဲဝီရိယထားတော်မူသည်။ ဥပုသ်ပြုအပြီး ဩဝါဒ ပေးရာ၌လည်း "သမဂ္ဂါနံ တပေါ သုခေါ" ဟူသော ဘုရားဗျာဒိတ်ကို ကိုးကား၍ ညီညွတ်ရေးကို ဦးစားပေး ဆုံးမတော်မူလေ့ရှိသည်။

ယခင်အခါက အင်းစိန်မြို့နယ် သုဓမ္မာနိကာယ ပဝါရဏာပွဲကို ရပ်ကွက်ကျောင်းတိုက်ကြီးများက အလှည့်ကျ တာဝန်ယူ ကျင်းပပြုလုပ်ကြသည်။ ဆရာတော်သည် မည်မျှပင် ဝေးဝေး ကျန်းမာရေးကောင်းက မဖြစ်မနေ ကြွရောက်ပဝါရဏာ ပြုတော်မူလေ့ရှိသည်။ သံဃဆန္ဒအရ ဩဝါဒ ပေးရန် ဝိုင်းဝန်းတောင်းပန်လျှောက်ထားလာခဲ့သော် တိုတိုတုတ်တုတ် အနှစ်ချုပ်၍ ထိထိမိမိ ဟောပြောလေ့ရှိသည်။

ရွှာမပရိယတ္တိစာသင်တိုက်မှ ပဓာန နာယက ဆရာတော်နှင့် တိုက်အုပ်ဆရာတော် နှစ်ပါးလုံး အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရသော နှစ်၌ စာသင်သား သံဃာများက "အာမိသမဖက်၊ ဓမ္မပူဇာသက်သက်ဖြင့်" ဝိပဿနာရှုမှတ်၍ ထူးထူးခြားခြား ပူဇော်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ဆရာတော်ကြီးသည် ပူဇော်မှုကို လက်ခံသောအားဖြင့် ဘာဝနာတရား အမြဲပွားလျက်ရှိနေတော့သည်။ ဓမ္မပီတိ၊ ဓမ္မရသ ကို ကိုယ်တိုင်ခံစားရသောအခါ တပည့် ဒကာ

ဒကာမအပေါင်းတို့ကိုလည်း တရားအရသာ မျှဝေခံစားစေလိုသည်။ နှစ်ကိုပ်ရှစ်ဆူ ဘုရားတန်ဆောင်းအတွင်း ညစဉ် ၇း၀၀ နာရီမှ ၈း၀၀ နာရီ အထိ အာနာပါန ကမ္မဋ္ဌာန်းကို ရှုမှတ်ပွားများ အားထုတ်နိုင်အောင် အမြဲတန်း တရားစခန်း ဖွင့်လှစ်ပေးထားသည်။

ဤသို့သော ဆောင်ရွက်ချက်များကြောင့် အင်းစိန်မြို့နယ်လုံးဆိုင်ရာ သုဓမ္မာ နိကာယ ပဝါရဏာဂိုဏ်းကြီး၏ဂိုဏ်းချုပ် ဆရာတော်အဖြစ် တင်မြှောက်ခံရခြင်းသည် ဂုဏ်နှင့်ဒြပ် ဟပ်မိလှပါပေတကား။

### အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရရှိတော်မူခြင်း

ပစ္စည်းအကောင်း၊ မအောင်းမသို၊ အလိုနည်းပါး၊ ကြောင်းတရားကြောင့်၊ ဘုရားမကြိုက်၊ လူများကြိုက်ကို၊ မလိုက်ဖယ်ကြဉ်၊ သန့်ရှင်းစင်၊ ဆရာသခင် အသက်မွေး ကောင်းပေသည်။ သီလဖွေးဖြူ ရေးတယူ၊ ပေးလှူလေ့လည်း ရှိပေသည်။ သိက္ခာမဖျက်၊ အသက်ထက်ပင်၊ ခံမင်အားကိုး၊ နိဗ္ဗာန်ကျိုး၊ မြတ်နိုးတော်မူသော ထေရ်အရှင်မြတ်ဖြစ်ပေသည်။

ဆရာတော်သည် သတိ အလွန်ကောင်း၍ ငယ်စဉ်က သင်ကြားခဲ့သော စာပေကျမ်းဂန်နှင့် လောကီ လောကုတ္တရာ ဗဟုသုတများကို ကာလ, ဒေသ, ပုဂ္ဂလနှင့် လိုက်လျောညီထွေ ဟောပြောတတ်ပေသည်။ ဆည်းကပ်ခစားလာသော တပည့် ဒကာ ဒကာမအပေါင်းတို့အား ဒါန သီလ ဘာဝနာနှင့် ကာမာန် အာဒီနဝကထာများကို ထိုထိုနိကာယ် ကျမ်းများမှ ထုတ်နှုတ်၍ သံဝေဂဖြစ်စေပြီး စိတ်ဓာတ်ပြုပြင် ပြောင်းလဲသွားအောင် ဟောပြော ပြသ ဆိုဆုံးမနိုင်ပါပေ၏။ စာပေလိုက်စား သံဃာတော် အရှင်မြတ်များအတွက်လည်း ခုဒ္ဒသိက္ခာနိသျ၊ ပါရာဇိကဏ် ပါဠိတော်နိသျနှင့် ဆုံးမဩဝါဒကထာများကို ရေးသားပြုစုတော် မူခဲ့သည်။

တစ်ချိန်က ဆရာတော်သည် ကျန်းမာရေးချို့ယွင်း၍ မင်္ဂလာဒုံစစ်ဆေးရုံ၌ ဆေးကုသခံယူစဉ် ရောဂါမျိုးစုံ ဖိစီးနှိပ်စက်ခံနေရရှာသော လူနာများကို တွေ့မြင်ပြီး ခန္ဓာ၏ သဘောမှန်ကို ဉာဏ်၌ထင်ရှား သံဝေဂပွားမိလေသည်။ လောက၌ ခိုင်မြဲသော ရုပ်နာမ်ဟူ၍ မြူမျှမရှိ၊ အညှင်းဆဲဒဏ်ဖြင့် အနှိပ်စက်ခံနေရသောကြောင့် ဆွဲကိုင်သိမ်းပိုက်စရာ အနှစ်အသားမျိုး ကင်းမဲ့ဟန်ကို ဉာဏ်၌ အမှန်မြင်လာသည်။ ထိုအချိန်မှစ၍ တချို့ကိစ္စတို့ကို လွှဲအပ်ထားပြီး ရုပ်နာမ်ဓမ္မ သင်္ချိုရတို့ကိုသာ လက္ခာရေးသုံးပါးတင်ကာ အမြဲ နှလုံးသွင်းနေသည်။ ဣရိယာပုတ်လေးပါးတို့တွင် ထိုင်ခြင်း, လျောင်းခြင်း နှစ်မျိုးဖြင့် မျှတ ရှုပွားလျက် ရှိသည်။

ထို့ကြောင့်လည်း ၁၃၅၇-ခု ပြာသိုလပြည့် (၄-၁-၉၆)ကြာသပတေးနေ့တွင် နိုင်ငံတော်အစိုးရမှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ဆက်ကပ် လှူဒါန်းခဲ့သည်။

### နိုင်ငံတော် ဩဝါဒါစရိယ ဖြစ်တော်မူခြင်း

မေတ္တာစွမ်းရည် ဖိတ်ဖိတ်လည်နေသော မျက်လုံးတော်၊ တည်ငြိမ် အေးမြသော မျက်နှာတော်၊ ကရုဏာ ပညာ ပြည့်ဝသော အသံတော်၊ ပြောသလိုလုပ်၍ လုပ်သလိုပြောလေ့ရှိသော အမူအရာတော်၊ ခန့်ညားပြည့်ဖြိုးသော ဥပမိရုပ်တော်တို့ဖြင့် ကြည်ညိုဖွယ်ရာ တင့်တယ်လှပေသည်။ သိက္ခာထပ် ပါရမီဖြည့်နေကြသော (၆၆)ဦးသော ရဟန်းဒကာ+ရဟန်းဒကာမ-မိသားစုများနှင့် ပစ္စည်းလေးပါး လှူဒါန်းထောက်ပံ့နေကြသော စေတနာရှင် မိသားစုများ ဝန်းရံခနေသဖြင့် ကြယ်တာရာများ အလယ်မှ ငွေလမင်းကြီးသဖွယ် တင့်တယ်လှပေသည်။

"သမ္မာ ပဗ္ဗေ၊ နှစ်ထွေဗုဒ္ဓ၊ လွှတ်ခဲ့ကြ၍၊

ဗုဒ္ဓသာဝကာ၊ ထေရ်မဟာတို့၊ ခြောက်ဖြာ အကြောင်း၊ ရှိစကောင်းမို့ မကောင်းအာပတ်၊ သင့်တုံလတ်၊ ကျမ်းမြတ်ဝိနည်း ရှိသတည်း”ဟု ရှေးဆရာမြတ်တို့ မိန့်ဆိုအပ်သည်နှင့်အညီ ရဟန်း မှန်က အာပတ်ကင်းခဲ့သည်။ ထိုအာပတ်ကို မကုစားသော ပုဂ္ဂိုလ်သည်သာလျှင် အရှက် ကင်းမဲ့သော အလဇ္ဇီပုဂ္ဂိုလ်-ဟု ကျမ်းဂန်များက ညွှန်ပြသည်။ ဆရာတော်ကြီးသည် လဟုက အာပတ်အတွက် ညစဉ် ဒေသနာ ပြောကြားပြီး ဂရုကဖြစ်သော ရဋ္ဌာနက အာပတ်များ စင်ကြယ် ရေးအတွက် မိမိကိုယ်တိုင်လည်း ပရိဝါသ်+မာနတ် ဆောက်တည်တော်မူသည်။ စာသင်သား သံဃာ များကိုလည်း နှစ်စဉ် အလှည့်ကျ ဆောက်တည် စေခဲ့သည်။

အောင်ဆန်းတောရ မိုးကုတ်ရိပ်သာ အဖွဲ့ခွဲ (၇၇)၌ နှစ်စဉ် ပရိဝါသ်ဆောက်တည်တိုင်း ရွာမ စာသင်တိုက်သို့ ပြန်မကြွဘဲ, ဆွမ်းစား ကွမ်းစား အပင့်အဖိတ် လက်မခံဘဲ၊ တစ်လလုံး ဝိပဿနာ တရား ရှုပွားအားထုတ်တော်မူသည်။

အောင်ဆန်းတောရ မိုးကုတ်ရိပ်သာသည် အပွင့် အသီး၊ အကင်း အငုံ၊ ပန်းမျိုးစုံ စီရရီ၊ ပန်းဝတ်ရည်ချွေသုံး၊ ပျားပိတုန်း တသောသော၊ ဥဩတွန်ကျူး၊ ချိုးမြူးကူပုံ၊ ငှက်မျိုးစုံရောပြွမ်း၊ စိမ့်စမ်းရေကန်၊ လူသံ ရထားသံ၊ ကားသံ ဆိတ်ညံ၊ စကြႍမဏ္ဍပ်၊ ကျောင်း ဇရပ် ဓမ္မာရုံတို့ဖြင့် ယောဂီ သူမြတ်တို့ တရားကျင့်သုံး မွေ့လျော်ရာ ဌာန တစ်ခု ဖြစ်ပေသည်။

ထို့ကြောင့် ဆရာတော်သည် အောင်ဆန်း တောရကို တောဟူသော အမှတ်သညာဖြင့် အရညကင်ဓုတင်ဆောက်တည်ရင်း တရား မွေ့လျော် သီတင်းသုံး နေတော်မူသည်။ သစ်ပင် စိမ်းလန်း၊ ရေကန်လမ်းဖြင့်၊ အေးချမ်းဘိတောင်း၊ မိုးကုတ်ကျောင်းဝယ်၊ ကိန်းအောင်းမွေ့လျော်၊ ဆရာတော်သည်၊ အဟောသုခံ၊ ပီတိလျှံ၍၊



တန်တန်ဥဒါန်း ကျူးနေတော့သည်တကား။

တရားမွေ့လျော်သော ဂုဏ် အပေါင်းတို့နှင့် ပြည့်စုံသော ဆရာတော်ကြီးကို နိုင်ငံတော် သံဃနာယကအဖွဲ့မှ နိုင်ငံတော် ဩဝါဒစရိယ ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပါသည်။

**အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ ရတော်မူခြင်း**

ပရိယတ္တိ သာသနာတော်ကို အားပေးသော အားဖြင့် အစိုးရဓမ္မာစရိယ ကျမ်းပြီး သံဃာတော် များကို အရေးတယူ ချီးမြှောက်သကဲ့သို့ နိုင်ငံ ကျော် ဂုဏ်ထူးရ အာဇာနည်များကိုလည်း အရေး တယူ ချီးမြှောက် သကဲ့သို့ နိုင်ငံကျော် ဂုဏ်ထူးရ အာဇာနည် များကိုလည်း ထိုက်ထိုက်တန်တန် တခမ်းတနား ချီးမြှောက်ဂုဏ်ပြုလေ့ရှိသည်။

ရွာမတိုက်ခွဲပေါင်း (၂၀)ကျော်ကို ပစ္စယာ နုဂ္ဂဟ, ဓမ္မာနုဂ္ဂဟဖြင့် စောင်မကြည့်ရှု ထောက်ပံ့ လျက်ရှိသည်။ လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာ မြို့နယ်၊ ထန်းတပင်မြို့နယ်၊ အင်းစိန်မြို့နယ်မှ ပဝါရဏာပွဲသို့ ကြွရောက်တော်မူလာကြ ကုန်သော သံဃာတော်များကိုလည်း စာရေးတန်မဲချ၍ ပစ္စည်းနှင့် နဝကမ္မများ လှူဒါန်းတော်မူသည်။ နှစ်စဉ် တပေါင်းလပြည့်ကျော် (၃)ရက် မိမိ

မွေးနေ့ရောက်တိုင်း ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ကျင်းပပြီး မိမိပိုင်ပစ္စည်းအားလုံးကို စွန့်လွှတ်လှူဒါန်းလေ့ရှိသည်။ ရွှေချက်သိုရာ မွေးရာဌာနေမှ မိဘမဲ့များ၊ နွမ်းပါးသူများ၊ အဘိုးအဘွားများနှင့် အတန်းပညာသင်ယူနေသူများကိုလည်း အခြေခံပညာရေးမှစ၍ တက္ကသိုလ်ဘွဲ့ရသည်အထိ ထောက်ပံ့ခဲ့သည်မှာ နှစ်ပေါင်း (၂၀)ကျော် တိုင်ခဲ့လေပြီ။

သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ပါရခြင်း အကျိုးငှာ ရှင်အဖြစ်ကို တောင်းပန်ပါ၏-ဟု (၁၀)နှစ်သား ဘဝက ထားခဲ့သော ကတိစကား။ "သံဃာတော်သည် ဘုရားတပည့်တော်ကို သနားသော အားဖြင့် သံသရာရေယဉ်ကြောမှ ထုတ်ဆယ်ကယ်တင်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ဆောင်ပို့ပေးတော်မူပါဘုရား" ဟု ရဟန်းခံစဉ်က သိမ်အတွင်း ဘုရားရှင် ရှေ့မှောက်၌ သံဃာတော်တို့ထံ တောင်းပန်ဝန်ခံချက် စကားတို့ကို ဆရာတော်၏ စိတ်အစဉ်မှ ထွက်ခွာမေ့ပျောက်သွားခြင်းမရှိပေ။ "သျှောင်တစ်လုံး အရှုံးခံ ရင်းစားပြန် အာဂယောကျ်ား"-ဟု ရှေးဆရာမြတ်တို့၏ သတိပေးစကားနှင့် "သာသနာနှောင်းခေတ်၊ လူရှင်ဖြစ်၊ သဒ္ဓါစစ်ဖြင့်၊ အနှစ်ရအောင်၊ ကျင့်ဆောင်လေမှ၊ ရွှေပြည်နိဗ္ဗာန်၊ အစော်နံပေလိမ့်မည်"-ဟု ဒုလ္လဘတရား ငါးပါးကိုလည်း သံဝေဂဉာဏ်ယှဉ်၍ အမြဲဆင်ခြင်လျက်ရှိသည်။

သစ္စာသိမြင် နိဗ္ဗာန်ဝင်နိုင်ရေး ရည်မျှော်တွေးလျက် အသက်နှင့်ခန္ဓာကို သာသနာအတွက် ပေးလှူအပ်နှင်းပြီး ခန္ဓာကိုယ် ဉာဏ်စိုက် အလိုက်သင့် ရှုမှတ်အားထုတ်နေသည်။ သတိတစ်လုံး လက်ကိုင်သုံး၊ အဆုံးနိဗ္ဗာန်ရောက်မည် မဟုတ်ပါလော။

အရဟတ္တဖိုလ် ရရန်မှာ သောတာပတ္တိမဂ်အဆင့်ဆင့် တက်ရပေမည်။ ယူမှား - ဒိဋ္ဌိ၊ ယုံမှား-ဝိစိကိစ္ဆာ၊ ကျင့်မှား-သီလဗ္ဗတပရာမာသ ဟူသော အမှား ၃မျိုး အမြစ်ကျွတ်မှ သောတာပန်စခန်းသို့ ဝင်ရောက်နိုင်မည်။ စတုပါရိသုဒ္ဓိသီလကို သုတ်သင်လျက်, ကာမနှစ်မျိုးကို ကြိတ်ချေကာ ဗိုလ်ငါးပါးစုံညီစွာ သတိပဋ္ဌာန်အလုပ် အားထုတ်နေသော ဆရာတော်အတွက် အားတက်ဂုဏ်ယူကြည်ညို ဦးခိုက်စရာ ဖြစ်ပေသည်။

ဤသို့ အမျိုးဘာသာ, သာသနာတော်ကို ချစ်မြတ်နိုးတော်မူ၍ သာသနာ့အရောင်ထွန်းပြောင်လျှံဝေအောင် ဖွဲ့လုံ့လဝီရိယ ကြီးမားစွာဖြင့် ဆောင်ရွက်တော်မူသော ဆရာတော်အား ၁၃၆၈-ခု ပြာသိုလပြည့်ကျော် ၂-ရက် (၄-၁-၀၇) ကြာသပတေးနေ့တွင် နိုင်ငံတော် အစိုးရမှ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ပူဇော်ထိုက်က ပူဇော်ကြ ဒါမှမင်္ဂလာ

သူတစ်ပါးအကျိုး အထူးသဖြင့် သယ်ပိုးဆောင်ရွက်သော ပရဟိတာဝဟဂုဏ်၊ အမျိုးဘာသာ, သာသနာ့အကျိုးကို အထူးထိမ်းသိမ်းရွက်ဆောင်သော သာသနဟိတဓရဂုဏ်၊ သာသနာ့တာဝန်များကို အထူးသဖြင့် သယ်ပိုးထမ်းရွက်သော သာသနဓုရာဝဟဂုဏ်၊ စိတ်ရှည်ဖွဲ့သန်, သည်းညည်းခံသော ခေမာဂုဏ်၊ ထကြွနိုးကြားသော ဇာဂရိယဂုဏ်၊ တကယ်လုပ်-အဟုတ်ဖြစ်ရမည် ဟူသော ဥဿာဟဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့သည်ကား ဆရာတော်၏ ကိုယ်ဝယ် ဆင်မြန်းထားသော အလင်္ကာတန်ဆာများ ဖြစ်သည်။

ပူဇော်သင့် ပူဇော်ထိုက် ချီးကြူးသင့် ချီးကြူးထိုက်သော နိကာယဂိုဏ်းအုပ်-ဂိုဏ်းချုပ်၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ရွာမပရိယတ္တိ ပဓာန နာယက ဆရာတော် အရှင်မြတ်အား ရွာမနွယ်ဖွား တပည့်သံဃာတော်များနှင့်

သဒ္ဓါ သီလ စာဂ ပညာ တူမျှစွာသော ဒကာ ဒကာမ အပေါင်းတို့က ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟ တို့ဖြင့် ဝေဖြာ သိုင်းဝိုင်း ညွတ်ကိုင်း ပူဇော်ကြခြင်း သည်လည်း ကောင်းမြတ်သော ပူဇော်မှုပင် ဖြစ်ပါ သည်။

"သူ့ကိုချီးမြှောက်၊ ကိုယ့် ဂုဏ်မြှောက်၏" ဤသို့ ဂုဏ်ပြု ပူဇော်ခြင်းဖြင့် မိမိတို့မှာ ကုသိုလ် မင်္ဂလာအဖြာဖြာတို့ ဒီရေအလား တိုးပွားရရှိခြင်း ကြောင့် ဖြစ်သည်။ အနှစ်ကင်းမဲ့သော ပစ္စည်းဥစ္စာ ရတနာရွှေငွေတို့ကို အနှစ်ပြည့်ဝ အဘိုးအနဂ္ဃ ထိုက်တန်သော ကုသိုလ် ရတနာ, မင်မျိုးစေ့ ဖိုလ်မျိုးစေ့ ရတနာ တို့နှင့် အခွင့်သာခိုက် လဲယူလိုက်ခြင်း မဟုတ် ပါလော။

အဂ္ဂမဟာပဏ္ဍိတ မထေရ်မြတ်ကို ဆည်းကပ် ခွင့်ရလိုက်သော ပဏ္ဍိတသေဝနမင်္ဂလာ။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ရ ဆရာတော်ကြီးကို ပူဇော်လိုက်ရသော ပူဇနေယျမင်္ဂလာ၊ မိမိစိတ်ကို လိမ္မာယဉ်ကျေးအောင် ထားလိုက်နိုင်သော အတ္တသမ္မာပဏိဓိမင်္ဂလာ၊ အပြစ်ကင်းသော စကားကို ဆိုခွင့်ရသော သုဘာသိတမင်္ဂလာ၊ ကုသိုလ်အမှုကို ချောချောမောမော ပြုခွင့်ရသော အနာကုလ ကမ္မန္တမင်္ဂလာ၊ နိဗ္ဗာန်ရည်မျှော် အလှူတော် ပြုခွင့်ရသော ဒါနမင်္ဂလာ၊ သုစရိုက် တရားတို့ကို ပြုကျင့်အားထုတ်ခွင့်ရသော ဓမ္မစရိယမင်္ဂလာတို့ ဖြစ်သည်။

အပြစ်မရှိ သန့်ရှင်းသော ကောင်းမှုကို ပြု လိုက်နိုင်သော အနဝဇ္ဇကမ္မမင်္ဂလာ၊ ကျေးဇူး မသိတတ်ခြင်းစသော အယုတ်တရားတို့မှ ရှောင်ကြဉ် နိုင်သော အာရတီမင်္ဂလာ၊ စိတ်မနောဖြင့် အထူး ရှောင်ကြည်လိုက်သော ဝိရတီမင်္ဂလာ၊ ကုသိုလ် တရားတို့မှ မမေ့မလျော့သော အပ္ပမာဒမင်္ဂလာ၊ ရိုသေထိုက်သော ဆရာတော်ကို ရိုသေရသော ဂါရဝ မင်္ဂလာ၊ မိမိကိုယ်ကို နှိမ့်ချနိုင်သော နိဝါသ မင်္ဂလာ၊ တတ်စွမ်းသမျှလှူ၍ တင်းတိမ်ရောင့်ရဲစွာ နေနိုင်သော သန္တုဋ္ဌိ မင်္ဂလာ တို့ကိုလည်း ရရှိ ပေသည်။


ကျေးဇူးဆပ်ခွင့်သာသော ကတညုမင်္ဂလာ၊ တရားဓမ္မ နာကြားရသော ဓမ္မဿဝနမင်္ဂလာ၊ အဆုံးအမ စကားကို လွယ်လွယ်ကူကူ နာယူလိုက် ရသော သောဝစဿတ မင်္ဂလာ၊ အနယ်နယ် အရပ်ရပ်မှ သံဃာတော်များကို တစုတဝေးတည်း ဖူးမြင်လိုက်ရသော သမဏဒဿနမင်္ဂလာ၊ အရှင် မြတ်တို့နှင့် တွေ့ခိုက် ကြုံခိုက် တရားနှီးနှော ဆွေးနွေးခွင့်ရသော ဓမ္မသာကစ္ဆမင်္ဂလာ။ ဤသို့ သော မင်္ဂလာအမျိုးမျိုး တိုးပွားရရှိကြပေသည်။

ဂုဏဝုဍ္ဍိ, ဝယဝုဍ္ဍိ ကျေးဇူးကြီးသည့် ဆရာ တော်ကြီးအား မကြုံစဖူး ထူးထူးကဲကဲ ပူဇော် ကြည်ညိုရခြင်းသည် သက်ရှည်ဆင်းလှ၊ ချမ်းသာ ကြ၍ ကိုယ်အားဉာဏ်အား ကြီးမားခြင်း အကျိုး ကို ဧကန်ရနိုင်ကြပေသည်။ သည်သာမက အို, နာ, သေရေး၊ ဒုက္ခဘေးမှ၊ ကင်းဝေးရာမှန်၊ မြတ်နိဗ္ဗာန်ကို အပူဇော်ခံ, အပူဇော်သန်သူ အားလုံး မျက်မှောက်ပြုနိုင်ကြစေသော်-ဟု ပတ္ထနာပြု ဂုဏ်ပြုပူဇော်အပ်ပါသတည်း။

* ရွှာမထေရ်မဟာ၊ ဘုန်းသမ္ဘာ၊ ကမ္ဘာနေသို့ လင်းစေသော်။
* သက်တော် ရာကျော်၊ စိတ်ရွှင်ပျော်၊ ကိုယ်တော်ခန့်ကျန်း မာစေသော်။
* သီလ သမာ၊ ဓိ ပညာ၊ ကမ္ဘာချဉ်း၍ လင်းစေသော်။
* ရှင်လူခပင်း၊ ထိုရောင်လင်း၊ ဝပ်စင်းလေးမြတ် ကြစေသော်။
* ကိလေကုန်ခမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်း မြိုင်မြိုင် ရောက်စေသော်။
* အာစရိယဂုဏ်၊ ကျေးဇူးဟုန်၊ လုံးစုံရွှယ်ကိုး ဦးခိုက်သနော်။ ။

♦ လယ်တီအရှင်ဂမ္ဘီရဗုဒ္ဓိ(မုံရွာ)

# လောကငြိမ်းရာ



- ရွှေငွေဘုံဝယ်၊ ပြီးပြည့်စုံတယ်၊
  ရနေလာဘ်များ၊ ရှိစေကာမူ၊
  မြဲမြံငါ့ဟာ၊ ခိုင်ခဲ့တာဟု
  မှတ်ခါစိတ်ထဲ မထားနှင့်။
- ပေါကြွယ်ဓနေ၊ ပြီးပြည့်ရလည်း၊
  ငါးမျိုးရန်သူ၊ ဝိုင်းကာဆူသည်၊
  ငါပိုင်ဘယ်မှာ မရှိပါဘဲ။
- ချစ်သက်မယား၊ သမီးသားစုံ၊
  တူကာယှဉ်တွဲ၊ ပျော်စရာပဲဟု၊
  မှတ်တွယ်စိတ်ဝယ် မထားနှင့်။
- သူတို့ငါ့လို၊ ချိန်တန်မလွဲ၊
  ပြန်မှာပဲဟု၊ ကိုယ်တစ်ယောက်သာ၊
  ကျန်ခဲ့မှာ ကျန်တတ်တာလည်း မမွတာပဲ။
- ဩဇာသက်ညောင်း၊ စည်းစိမ်ကောင်းကို၊
  တောင့်တမရှွေး၊ လိုရာပေး၍၊
  ပြည်ထွင့်တင်ထား၊ ရာဇာဖြစ်ငြား၊
  တားကာမရ၊ အချိန်ကျလျှင်
  ပျက်ယွင်းမကြာ နိမ့်ကျရာတည်း။
- လူ့လောကကော၊ အနတ္တသဘောဟု
  ပူဆွေးကင်းတာ၊ လမ်းစဖွေရှာ၊
  မြတ်ဗုဒ္ဓဟော၊ ဓမ္မသဘောကို၊
  မြဲမြံမယွင်း၊ နှလုံးသွင်း၍
  ကျင့်ကြံခြင်းသာ၊ အေးငြိမ်းနိုင်တာ၊
  လောကငြိမ်းရာ၊ အမြတ်ဆုံးတည်း။

ဦးသုန် (ပေါက်/ပခုက္ကူ)




# အဝါရောင်ကင်းစင်ရာမြေ

**အရှင်ရေဝတ
(သရက်ကောင်း)**

မြန်မာနိုင်ငံရဲ့သာသနာ့သမိုင်းကြောင်းကို ကြည့်ရင် ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က တည်းက သာသနာရောက်ရှိနေတာကို သိနိုင်ပါတယ်။ သာသနာစတင်ရောက်လာကတည်းက ဆရာဒကာ လက်တွဲညီညီ ဆောင်ရွက်ခဲ့တာကြောင့် အချိန်တို အတွင်းမှာ ခိုင်မာစွာပြန့်ပွားခဲ့ပါတယ်။ ဆရာတပည့် အစဉ်အဆက်တို့ကလည်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြတော့ ဒီနေ့အထိ သာသနာစည်ပင်နေတာ ဖြစ်ပါတယ်။ ဒီကြားမှာ ဖြစ်ပေါ်လာတဲ့ ပြဿနာများကိုလည်း ထိပ်ခေါင်တင်ဆရာတော်ကြီးတွေက ဖြေရှင်းနိုင်ခဲ့ကြပါတယ်။ အောင်မြင်စွာ ကျော်ဖြတ်နိုင်ကြပါတယ်။

ပရိယတ္တိ၊ ပဋိပတ္တိဆိုတဲ့ သာသနာနှစ်ရပ် မကွယ်ပစေရေးအတွက် အမြော်အမြင်ကြီးမားတဲ့ ဆရာတော်သံဃာတော်များက စာသင်တိုက်ကြီးတွေ၊ တရားရိပ်သာတွေ တည်ထောင်ပြီး ထိန်းသိမ်းခဲ့ကြပါတယ်။ ခေတ်အဆက်ဆက်ကတည်းက ထိန်းသိမ်းလာခဲ့လို့ ဒီနေ့အချိန်ထိ မကွယ်ပျောက်တာဖြစ်ပါတယ်။ ကမ္ဘာ့ဗုဒ္ဓဘာသာလောကကို ကြည့်လိုက်ရင် ပရိယတ္တိ၊ ပဋိပတ္တိဘက်မှာ မြန်မာနိုင်ငံက ထိပ်တန်းအဆင့်မှာရှိပါတယ်။ ပရိယတ္တိ၊ ပဋိပတ္တိဘက်တို့မှာ ထူးချွန်တဲ့ဆရာ တော်တွေ အများအပြားပေါ်ထွက်လာခဲ့ပါတယ်။ ဒီနေ့အထိလည်း ထွက်ပေါ်နေဆဲဖြစ်ပါတယ်။ နောင်လည်း ထွက်ပေါ်ဦးမှာပါ။ သာသနာကို ချစ်တဲ့ ဆရာတပည့် အစဉ်အဆက်မပြတ်သရွေ့တော့ ဆက်လက်ထွက်ပေါ်နေဦးမှာပါ။ ထူထောင်ဆဲ စာသင်တိုက်၊ တရားရိပ်သာတွေကလည်းမြန်မာပြည်အနှံ့အပြားမှာ ရှိနေပါတယ်။ ဒီစာသင်တိုက်တွေ၊ ရိပ်သာတွေ မကွယ်ပသရွေ့တော့ သာသနာတော်သုံးရပ်လည်း ကွယ်ပျောက်ဖို့ အခွင့်အလမ်း မရှိနိုင်ပါဘူး။




စာသင်တိုက်တစ်ခုမှာ ခက်ခဲတဲ့လုပ်ငန်းတစ်ခုကို ပြောပါဆိုရင် စာသင်သား သံဃာတော်များကို စီမံအုပ်ချုပ်ရတဲ့ ကိစ္စကိုပဲ ညွှန်ပြရမှာဖြစ်ပါတယ်။ စရိုက်အမျိုးမျိုးရှိတဲ့ စာသင်သားတွေကို အုပ်ချုပ်ရာတာ တကယ်ကို ခေါင်းခဲစရာကိစ္စဖြစ်ပါတယ်။ အများအားဖြင့်တော့ စည်းကမ်းကို လေးစားလိုက်နာကြပါတယ်။ ဒါပေမယ့် တစ်ခါတစ်ခါ ဥပဒေကို လက်တစ်လုံးခြား လုပ်တဲ့ စာသင်သားတွေ ရှိတတ်ပါတယ်။ "ဒါမလုပ်ပါနဲ့"ဆိုရင် လုပ်တတ်တယ်။ "မသွားကြပါနဲ့"ဆိုရင် သွားတယ်။ သူတစ်ပါးထက် ပိုပိုသာသာလေး လုပ်လိုက်ရမှ ကျေနပ်ကြတဲ့သူတွေပါ။ အများက "ယဿာနု-ဘာဝတော"ဆိုရင် သူက "ယက္ခာ နေဝ" ရောက်နေပြီ၊ "ဤသည့်စားဖွယ်" ဆိုပြန်တော့လည်း သူက "အမယ်မယ်ကို" ဆိုနေပြီ။ ဖိနပ်ကို တန်းစီချွတ်ပါဆိုရင် ထော်လော်ကန့်လန့် လမ်းလယ်မှာ ချွတ်တယ်။ ညီညီညာညာ တန်းဆွမ်းခံကြွတဲ့အခါ မျိုးမှာလည်း ဘေးထွက်ပြီး သွားတတ်တယ်၊ နေရာထိုင်ကို ညာဘက်ပခုံးပေါ် တင်ပါဆိုရင် ဘယ်ပခုံးပေါ်မှာ တင်ချင်တယ်။ အများနဲ့လိုက်လျောညီထွေဖြစ်အောင် မနေတတ်ကြပါဘူး။ ကြီးမာတဲ့အပြစ်ရယ်လို့ မဆိုနိုင်ပေမယ့် ဆရာသမားတို့မှာ ကသိကအောက် ဖြစ်ကြရပါတယ်။ ဒါ့ကြောင့် စရိုက်အမျိုးမျိုးရှိတဲ့ စာသင်သား သံဃာတော်များကို အုပ်ချုပ်ရတာ မလွယ်ဘူးလို့ ဆိုရခြင်းဖြစ်ပါတယ်။

တစ်ချို့ကွဲပြားမှုလေးတွေက မသိသာလို့ ကြဲဖန်ပြီး နားလည်ပေးနိုင်ပေမယ့် တစ်ချို့ကိစ္စတွေမှာ ဆန့်ကျင်ဘက်လုပ်တာမျိုးက တော့ တော်တော်လေးကို အယုတ်ဆိုးပါတယ်။ အပြစ်ကြီးတစ်ခုရယ်လို့ မဆိုနိုင်ပေမယ့် မြင်ရသူတွေ အဖို့ကြည်ညိုဖွယ် အသွင်မဆောင်ပါဘူး။ ဥပမာဆိုရရင် သင်္ကန်းအရောင်ကွဲပြားတဲ့ကိစ္စပါ။ ဒီနေ့ မြန်မာနိုင်ငံမှာ သံဃာအများစုက ဗုဒ္ဓဝါဒကို တစ်စု တစ်ဝေးတည်း လက်ခံယုံကြည်ကြပါတယ်။ ရဟန်းအချင်းချင်းလည်း အယူသီလတူမျှစွာ ပေါင်းသင်းဆက်ဆံနေကြပါတယ်။ သို့ပေမယ့် သင်္ကန်းဝတ်ရုံရာမှာတော့ အရောင်ကွဲပြားမှုတွေရှိနေပါတယ်။ မြန်မာနိုင်ငံမှာ သံဃာအများစု ဝတ်ရုံနေကြတာကတော့ အုတ်ခဲရောင်နဲ့ နီညိုရောင် သင်္ကန်းပဲ ဖြစ် ပါတယ်။ အနီရောင်၊ အဝါရောင်၊ အညိုရောင် စတာတွေလည်း ဝတ်ရုံနေကြပါတယ်။ နိုင်ငံတကာ ဗုဒ္ဓဘာသာရဟန်းတော်များကို ကြည့်လိုက်ရင် ထိုင်း၊ သီရိလင်္ကာ၊ လာအို၊ ကမ္ဘောဒီးယား ရဟန်းတော်များက အဝါရောင်ကိုပဲ ဝတ်ရုံလေ့ရှိ ကြပါတယ်။ မြန်မာနိုင်ငံမှာတော့ ဘာရောင်ဝတ်ရမယ်လို့ သတ်မှတ်ပြဋ္ဌာန်းထားတာမျိုး မရှိပါဘူး။ အများစုကတော့ အုတ်ခဲရောင်နဲ့ နီညိုရောင်ကိုပဲ ဝတ်ရုံနေကြပါတယ်။

တစ်ပါးတည်းသွားလာတဲ့အခါမျိုးမှာ ဘာရောင်ဝတ်ဝတ် သိပ်အရေးမကြီးပေမယ့် သံဃာအများစုနဲ့ စုပေါင်းပြီး သွားတဲ့အခါမျိုးမှာတော့ အရောင်တူညီဖို့ အရေးကြီးပါတယ်။ အရောင်ကွဲသူ တစ်ပါးစ နှစ်ပါးစပါလာရင် ကြည်ညိုဖွယ် မကောင်းတော့ပါဘူး။ အများနဲ့ထူးပြီး အရောင်ကွဲ ဝတ်ရုံသူ


အချို့ကို နေရာအတော်များများမှာ တွေ့ရတတ်ပါတယ်။ သက်ဆိုင်ရာ နာယကဆရာတော်များက အရောင် တူရမယ်လို့ အတင်းအကြပ်ဖိအားပေးမှု မရှိပေမယ့်လည်း သံဃာများက အများကိုငဲ့ပြီး အလိုက်တသိ ဝတ်ရုံသင့်ပါတယ်။ ဒါကြောင့် ရှင်သာမဏေပဲ ဖြစ်ဖြစ် ရဟန်းပဲဖြစ်ဖြစ် ဒီနေ့မြန်မာနိုင်ငံမှာ လက်ခံထားတဲ့ သင်္ကန်းအရောင်ကိုပဲ ရွေးချယ်ဝတ်ရုံ သင့်ပါတယ်။ ဒီသင်္ကန်းအရောင်က မြန်မာရဟန်းတော်များရဲ့ မူပိုင်သင်္ကန်းရောင်လို့ ဆိုရင်လည်း မမှားပါဘူး။ တစ်ခြားနိုင်ငံများက ရဟန်းတော်များဆိုရင် အဝါတစ်မျိုးတည်းကိုပဲ အများအားဖြင့် ဝတ်ရုံကြပါတယ်။ အုတ်ခဲရောင် နီညိုရောင်တို့ ဆိုရင် မဝတ်သလောက် ရှားပါတယ်။ ဒါကြောင့် မြန်မာရဟန်းသံဃာတော်များအနေနဲ့ မိမိတို့ရဲ့ မူပိုင်သင်္ကန်းရောင်ကိုပဲ မြတ်မြတ်နိုးနိုး ဝတ်ရုံသင့်ပါတယ်။



ကမ္ဘာအနှံ့ ဘယ်နေရာမှာပဲဖြစ်ဖြစ် အုတ်ခဲရောင်၊ နီညိုရောင်သင်္ကန်းလေးနဲ့ ရဟန်းတော်ကို တွေ့လိုက်ရရင် "ဒါ မြန်မာရဟန်းတော်" လို့ သိနိုင်လောက်အောင် အထိ ကြိုးပမ်းရမှာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့် ဘာသာ သာသနာကို ကိုယ့်မူပိုင်သင်္ကန်းလေးနဲ့ "ကမ္ဘာမှာ မြန်မာဟေ့"လို့ ဟစ်ကြွေးနိုင်ရပါမယ်။ ဒီလိုဝတ်ရုံတာက ကိုယ်လူမျိုး၊ ကိုယ့်ဘာသာ သာနာကို ချစ်မြတ်နိုးရာ ရောက်ပါတယ်။ အဝါရောင်သင်္ကန်းကို ဝတ်ရုံရတာနဲ့ အပြစ်ဖြစ်သလားလို့ မေးရင် အပြစ်တော့မဖြစ်ပါဘူး။ ကိုယ့်နိုင်ငံမှာ လက်ခံဝတ်ရုံနေတဲ့သင်္ကန်းရှိနေပါလျက်နဲ့ တစ်ခြားနိုင်ငံများရဲ့ သင်္ကန်းကို ဝတ်ရုံသုံးဆောင်တော့ "အမေကျော် ဒွေးတော်လွမ်း" ဆိုသလိုများ ဖြစ်နေလေမလားဆိုတာ စဉ်းစားစရာပါ။ ဒါကြောင့် မြန်မာရဟန်းတော်များအနေနဲ့ ကမ္ဘာမှာ "မြန်မာရဟန်း"လို့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ မိမိတို့ သင်္ကန်းကိုပဲ ဝတ်ရုံကြဖို့ တိုက်တွန်းလိုပါတယ်။

ကိုယ်ကသာ တိုင်းတစ်ပါးရဲ့ အဝါရောင် သင်္ကန်းကို ဝတ်ရုံနေတာ တိုင်းတစ်ပါး သားတွေကတော့ သူတို့သင်္ကန်းမှ သူတို့သင်္ကန်း။ မြန်မာသင်္ကန်းဆို ဝတ်ရုံကြတာမဟုတ်ဘူး။ ဒီနေ့ မြန်မာနိုင်ငံမှာ အကြောင်းအမျိုးမျိုးကြောင့် လာရောက်ကြတဲ့ နိုင်ငံခြားသား ရဟန်းတော်များ ကို ကြည့်လိုက်ရင် သိပါတယ်။ မဟာယာနတွေဆို ထေရဝါဒနိုင်ငံ ရောက်နေပေမယ့် သူတို့ရဲ့ အသွင်ကိုတော့ မပြောင်းပါဘူး။ တစ်ခြား ထိုင်း၊ လာအို၊ သီရိလင်္ကာရဟန်းတော်များ ဆိုလည်း သူတို့သင်္ကန်းကိုပဲ ဝတ်ရုံကြတာ။ မြန်မာနိုင်ငံရောက်လို့ မြန်မာသင်္ကန်းလေး ဝတ်ရုံ ကြည့်ဦးမယ် ဆိုတာမျိုး လုံးလုံးမရှိပါဘူး။ မျိုးချစ် စိတ်ဓာတ်ပဲ ထက်သန်ကြလို့လား၊ မြန်မာသင်္ကန်း ကိုပဲ အထင်သေးကြလို့လားဆိုတာ ဆန်းစစ်စရာ ကောင်းလှပါတယ်။

မြန်မာလူမျိုးရှင်ရဟန်းတို့ဟာ မျိုးချစ်စိတ်ဓာတ်၊ ဘာသာ သာသနာချစ်စိတ်ဓာတ် ထက်သန်သူများဖြစ်ကြပါတယ်။ ဒီစိတ်ဓာတ်တွေကိုပဲ အရင်းတည်ပြီး မြန်မာနိုင်ငံ လွတ်လပ်ရေးရအောင် တစ်ဖက်တစ်လမ်းက စွမ်းဆောင်ပေးခဲ့ကြတာပါ။ အသက်၊သွေး၊ချွေးတို့နဲ့ ရင်းနှီးပြီး ပေးဆပ်ခဲ့ရတာပါ။ သမိုင်းတစ်လျှောက်မှာ အခက်ခဲဆုံး လုပ်ငန်းကို ပြပါဆိုရင် တိုင်းတစ်ပါးသားတွေကို



တိုက်ထုတ်ရတာမဟုတ်ဘဲ ကိုယ့်လူမျိုးအချင်းချင်း မျိုးချစ်စိတ်ဓာတ်ရှိဖို့ အားထုတ်ရတဲ့လုပ်ငန်းကို ညွှန်ပြရမှာ ဖြစ်ပါတယ်။ မြန်မာလူမျိုးများဟာ မျိုးချစ်စိတ်ဓာတ် ထက်သန်ကြသူများ ဖြစ်သလို တစ်ဖက်သားကိုလည်း အရမ်းကာရော အထင်ကြီး တတ်ကြပါတယ်။ အလင်ကြီးတဲ့စိတ်တွေ ကြီးထွား လာတော့ မျိုးချစ်စိတ်ဓာတ်တွေတောင် ပျောက် ကုန်ကြတယ်။ ဒါ့ကြောင့် ကိုယ့်လူမျိုးအချင်းချင်း ကူညီရိုင်းပင်းကြဖို့၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ကြဖို့၊ တိုင်းပြည်ကို ကာကွယ်ကြဖို့ ဦးစွာ စည်းရုံးယူရပါတယ်။ တိုင်းတစ်ပါးကို အထင် ကြီးတဲ့ စိတ်ဓာတ်တွေက အမြစ်ပြတ်မသွားသေး ပါဘူး။ ဒီနေ့ခေတ်မှာလည်း ရှင်သန်နေဆဲဆိုတာ တွေ့နေရပါတယ်။

တစ်ချို့သော ရှင်ရဟန်းများတောင် တိုင်းတစ် ပါးကို အထင်ကြီးတဲ့စိတ်တွေရှိနေသေးတာကို တွေ့နေရ ပါတယ်။ နိုင်ငံခြားဖြစ်မှအထင်ကြီးတယ်။ ခန္ဓာကိုယ်ပေါ်မှာလည်း နိုင်ငံခြားဖြစ်ပစ္စည်းတွေသုံးမှ ခေတ်မီတယ်။ အဆင့်မြင့်တယ်လို့ထင်ပြီး စိတ်ကြီး ဝင်နေတဲ့သူ တွေရှိနေပါတယ်။ နိုင်ငံခြားကိုအထင် မကြီးရဘူးလို့ မဆိုလိုပါဘူး။ ကြီးသင့်တာကို ကြီးနိုင် ပါတယ်။ ဒါပေမယ့် ကိုယ့်လူမျိုး၊ ကိုယ့်ပစ္စည်းကို နှိမ်ချပြီး နိုင်ငံခြားဖြစ်မှ နိုင်ငံခြားဖြစ်ဆိုတာမျိုး ကတော့ မကောင်းလှပါဘူး၊ တစ်ချို့ရှင်ရဟန်းများ ဆို မြန်မာပြည်တွင်းမှာသာ နေနေတာ၊ ဝတ်တာက ထိုင်းသင်္ကန်းဝါဝါကြီး၊ စီးတဲ့ဖိနပ်က ကွင်းထိုးစီးရတဲ့ ဖိနပ်၊ ထီးကျပြန်တော့ သုံးဆစ်ချိုးထီး၊ ပြောလိုက်တဲ့ စကားက ထိုင်းမှ ထိုင်းဆိုတဲ့ အခြေအနေမျိုးဖြစ် နေပါတယ်။ နိုင်ငံခြားကို ကိစ္စတစ်ခုနဲ့သွားပြီဆိုရင် လည်း ကိုယ့် နိုင်ငံမှာ ဝတ်နေကျသင်္ကန်း၊ ဖိနပ်တွေ ချွတ်ပြီး နိုင်ငံခြားဖြစ် သင်္ကန်းနဲ့ ဖိနပ်ကို ပြောင်းစီး သွားတတ်ကြတယ်။ ဒီလိုဝတ်မှ နိုင်ငံတကာအဆင့် မီတယ်လို့ ထင်နေကြတယ်။ အထူးသဖြင့် နိုင်ငံခြား ပြန်ဆိုတဲ့ ရှင်ရဟန်းတွေက ပိုပြီးအခြေအနေ ဆိုးပါတယ်။ မြန်မာရဟန်းတွေဝတ်တဲ့သင်္ကန်း၊ စီးတဲ့ဖိနပ်ကို ဝတ်ရတာ၊ စီးရတာကိုပဲ ရှက်သလိုလို၊ သူနဲ့ပဲမထိုက်တန်သလိုလို၊ ဂုဏ်နိမ့်သလိုလို ထင်ပြီး နေတတ်ကြတယ်။ ဘာမှမယ်မယ်ရရ မဟုတ်ဘဲနဲ့ စိတ်ကြီးဝင် ဘဝင်မြင့်နေတတ်ကြပါတယ်။ တစ်ချို့ နိုင်ငံကျော် ဆရာတော်တွေကိုယ်တိုင် ဝတ်ဆင် နေတာကတော့ တော်တော်လေး စိတ်မကောင်း စရာ ဖြစ်ရပါတယ်။

အမှန်စင်စစ်တော့ ကိုယ်ဝတ်နေကျ မြန်မာ နိုင်ငံသုံးသင်္ကန်း၊ ထီး၊ ဖိနပ်တွေနဲ့ပဲသွားသင့်ပါ တယ်။ နိုင်ငံတကာရဲ့ သင်္ကန်းဝါဝါ၊ ကွင်းထိုးစီး ဖိနပ်တွေကြားမှာ "ငါ မြန်မာဟေ့"လို့ သင်္ကန်းနီညို ရောင် သို့မဟုတ် အုတ်ခဲရောင်၊ ညှပ်ဖိနပ်လေးနဲ့ ဂုဏ်ယူဝင့်ကြွားနိုင်ဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ မြန်မာရဟန်းတော်တွေကို ကမ္ဘာကသိရာမှာ လည်း မြန်မာနိုင်ငံသုံး သင်္ကန်း၊ ဖိနပ်လေးတွေနဲ့ပဲ သိစေသင့်ပါတယ်။ မြန်မာရဟန်းတော်များရဲ့ သွင်ပြင်ကို ကမ္ဘာက သိအောင်လုပ်ဖို့ဆိုတာ မြန်မာ

ရဟန်းတော်တိုင်းမှာ တာဝန်ရှိပါတယ်။ မြန်မာနိုင်ငံသုံးသက်န်း၊ ဖိနပ်တွေဟာ နိုင်ငံတကာသက်န်းဝါဝါ၊ ကွင်းထိုးဖိနပ်တွေနဲ့ ရင်ပေါင်တန်း နိုင်ပါတယ်။ ဂုဏ်ငယ်စရာ မရှိပါဘူး။ ဒါကြောင့် အချိန်တိုင်း အချိန်တိုင်း လုပ်ဆောင်ချက်တိုင်း လုပ်ဆောင်ချက်တိုင်းဟာ "ငါ့လူမျိုး၊ ငါ့နိုင်ငံ၊ ငါ့ဘာသာ သာသနာအတွက်ပဲ ဖြစ်စေရမယ်"ဆိုတဲ့ စိတ်ဓာတ်တွေနဲ့ ပြုမူရမှာဖြစ်ပါတယ်။

"နှမ်းတစ်လုံးတည်းနဲ့တော့ ဆီမဖြစ်ပါဘူးကွာ" လို့ ဆင်ခြေမပေးသင့်ပါဘူး။ နှမ်းတစ်လုံးမှာလည်း ဆီဖြစ်စေမယ့် ဓာတ်သတ္တိတွေ အပြည့်ရှိပါတယ်။ နှမ်းအများစုနဲ့ ပေါင်းစပ်လိုက်ရင် အဖိုးတန်တဲ့ ဆီတွေဖြစ်လာမှာပါ။ အုတ်တစ်ချပ်၊ သဲတစ်ပွင့် ဆိုပြီးတော့လည်း အထင်မသေးလိုက်ပါနဲ့။ ဒီအုတ်တစ်ချပ်၊ သဲတစ်ပွင့်တို့ စုပေါင်းနိုင်မှသာ အဆောက်အဦးကြီးတွေ ဖြစ်လာတာပါ။ ထိုနည်းတူပါပဲ။ တစ်ဦးတစ်ယောက်ထိန်းသိမ်းနေရုံနဲ့တော့ မရနိုင်ပါဘူးဆိုပြီး လက်မလျှော့လိုက်ပါနဲ့။ တစ်ဦးပေါင်းများစွာစုလိုက်ရင် ကြီးမားတဲ့ အောင်မြင်မှုတွေ ရလာနိုင်ပါတယ်။ ဒါကြောင့် မိမိကိုအကြောင်းပြုပြီး ဘယ်တော့မှ အမျိုးဘာသာ သာသနာကို သူတစ်ပါးတွေ အထင်အသေးမခံစေသင့်ပါဘူး။ ဂုဏ်မညှိုးနွမ်းစေသင့်ပါဘူး။ အမျိုးဘာသာ သာသနာကို ထွန်းပြောင်စေမယ့် ရှင်ကောင်းရဟန်းကောင်းတွေ ဖြစ်အောင်ကြိုးစားဖို့ လိုအပ်ပါတယ်။

ဒီလိုကြိုးစားရာမှာ ဆရာသမားတို့ရဲ့ အခန်းကဏ္ဍဟာ အရေးကြီးပါတယ်။ ဆရာသမားတို့ရဲ့ သွန်သင်ဆုံးမမှု ကောင်းရင်ကောင်းသလောက် တပည့်တွေမှာ အကျိုးခံစားရတာဖြစ်ပါတယ်။ ရှင်ရဟန်းတိုင်း စာသင်တိုက်တွေနဲ့ ကင်းကွာလို့ မရနိုင်ပါဘူး။ မိခင်စာသင်တိုက်ကြီးတွေမှာရှိတဲ့ ဆရာသမားတွေက တပည့်တွေကို စည်းကမ်းတကျနဲ့ နေထိုင်တတ်ဖို့ ကြပ်ကြပ်မတ်မတ် စီမံအုပ်ချုပ်သင့်ပါတယ်။ ဒါမှသာ စည်းကမ်းပြည့်ဝတဲ့ အရည်အသွေးမီ စာသင်တိုက်တွေ ပေါ်လာမှာဖြစ်ပါတယ်။ ဒီနေ့မြန်မာနိုင်ငံမှာ စည်းကမ်းပြည့်ဝတဲ့ အရည်အသွေးမီ စာသင်တိုက်တွေ အများအပြားရှိပါတယ်။ ဒီထဲမှာ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်က ရွာမပရိယတ္တိစာသင်တိုက်ကြီးလည်း တစ်တိုက်အပါအဝင် ဖြစ်ပါတယ်။ ရွာမစာသင်တိုက်ကြီးမှာ တစ်ခြား စာသင်တိုက်တွေနဲ့မတူ တမူထူးခြားတဲ့ စည်းကမ်းချက်တစ်ခုရှိပါတယ်။' အဲဒါကတော့ "ကျောင်းတိုက်အတွင်းမှာ သင်္ကန်းဝါဝါကြီး မဝတ်ရ" ဆိုတဲ့ စည်းကမ်းပါပဲ။ ဒါ့ကြောင့် ရွာမစာသင်တိုက်ကို "အဝါရောင်ကင်းစင်မြေ"လို့ ဆိုလိုက်ချင်ပါတယ်။

တကယ်တော့ ဒီစည်းကမ်းဟာ ဒီနေ့ခေတ်မှာ အလိုအပ်ဆုံး စည်းကမ်းတစ်ခုလို့ ဆိုနိုင်ပါတယ်။ သင်္ကန်းကို တစ်ရောင်တည်း တစ်ပြေးညီဝတ်ရမယ်လို့ သတ်မှတ်လိုက်တာဟာ ဘာသာ သာသနာကို စောင့်ရှောက်ရာရောက်ပါတယ်။ မြန်မာရဟန်းတော်များရဲ့ ဂုဏ်ရည်ကိုလည်း ဖော်ထုတ်ရာရောက်ပါတယ်။ တစ်ခြားကျောင်းတိုက်တွေမှာလည်း ဒီစည်းကမ်း မျိုးပြဋ္ဌာန်းသင့်ပါတယ်။ တစ်နိုင်ငံလုံး တစ်ပြေးညီ ပြဋ္ဌာန်းနိုင်မယ်ဆိုရင် အကောင်းဆုံးပါ။ ပြဋ္ဌာန်းထားတဲ့အတိုင်းလည်း လိုက်နာဖို့လိုပါတယ်။ ဒီလို ပြဋ္ဌာန်းပြီး လိုက်နာကြမယ်ဆိုရင် မြန်မာရဟန်းတော်များအနေနဲ့ ကိုယ်ပိုင်ပုံစံနဲ့ ဝင့်ထယ်နိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် တစ်နိုင်ငံလုံး "အဝါရောင်ကင်းစင်နယ်မြေ" ဖြစ်ဖို့ အားလုံး ဝိုင်းဝန်းပါဝင်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ပါရစေ။

အရှင်ရေဝတ(သရက်ကောင်း)

❖ ❖ ❖



# မြတ်အဓိဋ္ဌာန်

*  ဗုဒ္ဓမြတ်စွာ၊ သာသနာ၏
ဂုဏ်ဝါဖြိုးမောက်၊ တန်ခိုးတောက်၍
အံ့လောက်မှန်စွာ၊ နောင်အခါသို့
ရှည်ကြာအခန့်၊ တည်တံ့ပါလျှင်
ငါ့မှာအုတ်ချပ်၊ မဖြစ်လတ်လည်း
သဲစက်(ပွင့်)အနေ၊ ရှိခဲ့ချေသော်
ငါ့ရေ သွေးသား၊ ခြောက်ခမ်းသွားကာ
ရိုးကြားတွေမှာ၊ ကြေသွားပါလည်း
မြတ်အဓိဋ္ဌာန်၊ ဝီရိယံကို
မစွန့်မှန်စွာ၊ ဇွဲသန်မာလျှက်
စိတ်မှာဂရု၊ အလေးပြု၍
ယှုနောင်ပါ၊ ကြိုးစားကာဖြင့်
နောက်မဆုတ်တမ်း၊ ရှေ့သို့လှမ်းမည်
ခရောင်းလမ်းကို ရဲရဲတည်း။

သက်မှာန်(သာစည်)



# စ်ခဲ့သော ဓမ္မသာကစ္ဆာ

**ကိုရင်တန်**

ဓမ္မဒါနလက်ကမ်းစာရွက်ခေါက်လေးတစ်စောင်

ထိုစာရွက်၏တစ်နေရာတွင်"ဤစာစောင်ကို ဦးသိန်းလွင်၏ တရားရှာပုံတော်ရိပ်သာ ၅၀-မြောက်(ရွှေရတု) တရားစခန်းဝင်အကြိမ် ၇၅-မြောက်(စိန်ရတု) အထိမ်းအမှတ်ဓမ္မမှတ်တိုင်အဖြစ် ဖြန့်ဝေလှူဒါန်းပါသည် "ဟုဖော်ပြထားပါသည်။ ယခုခေတ်ကာလတွင် ရွှေရတု စိန်ရတုကို မိမိအသက်ပြည့်သောအခါ ဖြစ်စေ အိမ်ထောင်သက်ပြည့်သောအခါဖြစ်စေ ကျင်းပလေ့ရှိကြသည်။ အလားတူ အသင်းအဖွဲ့အဆောက်အဦစသည်တို့၏ နှစ်-၅၀၊ ၇၅-နှစ်ပြည့်သောအခါ အခမ်းအနားပွဲလမ်းသဘင် ဆင်ယင်လေ့ရှိကြသည်။

ယခုဓမ္မဒါနစာစောင်တွင်မူ ရိပ်သာဝင်အရေအတွက်နှင့် တရားစခန်းဝင်အရေအတွက်ဟု ဖော်ပြထားရာ ရှားမှရှားသော ထူးခြားသည့် ရွှေ ရတု စိန်ရတုဖြစ်နေတော့သည်။

ကာယကံရှင်သည် ထိုဓမ္မဒါနလက်ကမ်းစာစောင်လေးကို ဓမ္မသာကစ္ဆာ ဆွေးနွေးပွဲပြုလုပ်ရန် မိမိဓမ္မမိတ်ဆွေများကို ဖိတ်ကြားလေသည်။ ဖိတ်စာတွင် "တရားရှာပုံတော်ရိပ်သာဝင်အတွေ့အကြုံများကို ဆွေးနွေးတင်ပြလျှက် **ဗုဒ္ဓခေတ်မြတ်တွေ့ကျိုးနပ်ရန်** ခေါင်းစဉ်ဖြင့် ဓမ္မသာကစ္ဆာဆွေးနွေးပွဲပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်"-ဟုပါရှိသည်။ ရှာမှရှားသော ထူးခြားသည့် ရွှေရတု စိန်ရတု ဓမ္မသာကစ္ဆာ ဆွေးနွေးပွဲ ကျင်းပသည့် နေ့တွင် တက်ရောက်ကြသည့် ပုဂ္ဂိုလ်များထဲ၌ စာရေးဆရာကြီးဦးလေးမြိုင် ပါဝင်သည်။ အသက်အရွယ်ကျန်းမာရေးအခြေအနေအရ ဆရာကြီးဦးလေးမြိုင်သည် မိမိအိမ်မှ ပြင်ပသို့ သွားလာခဲသည်။ ယခုဆရာကြီးကိုယ်တိုင် တက်ရောက်နေရာ ဤဓမ္မသာကစ္ဆာပွဲသည် ထူးခြားလေးနက်မည်မှာ သေချာလေပြီ။ ဓမ္မသာကစ္ဆာပွဲကို နမော တဿ-သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီးနောက် ဆရာကြီးဦးလေးမြိုင်က အဖွင့် အမှာစကား ပြောကြားသည်။

တရားဘက်လိုက်စားရာတွင် တရားဟောတရားနာ တရားဆွေးနွေး စသည်ရှိရာ တရား

ဆွေးနွေးခြင်းကို ဓမ္မသာကစ္ဆာခေါ်ကြောင်း၊ ကာလေန ဓမ္မသာကစ္ဆာ သင့်တင့်လျောက်ပတ်သော အခါ၌ တရားစကားဆွေးနွေးခြင်းသည် ကောင်းမြတ်သောမင်္ဂလာဖြစ်ကြောင်း၊ ယနေ့တရားဆွေးနွေးပွဲမှာ တရားစခန်းတွေမှာ အကြိမ်ပေါင်းများစွာ ဝင်ရောက်အားထုတ်ပြီးသူက သူ့အတွေ့အကြုံများကို ဆွေးနွေးတင်ပြမည်ဖြစ်ရာ များစွာ အကျိုးရှိမည် ဖြစ်ကြောင်း လူ့ဘဝကို ရလာခြင်းသည် ကုသိုလ်ကံအကျိုးပေးဖြစ်ရာ ရလာသည့် လူ့ဘဝကို အကျိုးရှိအောင် သုံးတတ်ဖို့လိုကြောင်း အကျိုးရှိအောင် မသုံးတတ်၍ သေပြီးနောက် အပါယ်ကျသွားပါက ပြန်တက်ဖို့ မလွယ်တော့ကြောင်း အပါယ်ဘုံသား သတ္တဝါတွေမှာ ကုသိုလ်စိတ် မရှိဘဲ အကုသိုလ်စိတ်ချည်းဖြစ်နေရာ တိရစ္ဆာန်သေရင် တိရစ္ဆာန်ပြန်ဖြစ်ဖို့များကြောင်း၊ လူ့ဘဝရခိုက် အပါယ်မကျအောင် ကုသိုလ်ကောင်းမှုပြုလုပ်ရမည်ဖြစ်ကြောင်း၊ ကုသိုလ်လုပ်ရာတွင် ဒါန သီလ သမထထက် ဝိပဿနာကုသိုလ်က အကျိုးများကြောင်း၊ ဗုဒ္ဓဘာသာဝင်များ၏ ပန်းတိုင်နိဗ္ဗာန်ကို ဝိပဿနာ အားထုတ်မှ ရောက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္မဋ္ဌာန်းရိပ်သာများစွာရှိနေရာ နိဗ္ဗာန်တံခါး ဖွင့်ထားသည်ဟုဆိုရမည်ဖြစ်ကြောင်း၊ ဝိပဿနာ အားထုတ်ရန် ယခုဝိပဿနာဘာဝနာ အတွေ့အကြုံများစွာရှိသူက ဆွေးနွေးမည်ဖြစ်၍ ဂရုတစိုက် နာကြားပြီး မရှင်းမလင်းသည်များကို အပြန်အလှန်ဆွေးနွေးကြစေလိုကြောင်း စသည်ဖြင့် ဆရာကြီးက ပြောကြားသည်။

ထို့နောက် ဦးသိန်းလွင်က သူ၏တရားရှာပုံတော် အတွေ့အကြုံများကို အကျယ်တဝင့် ပြောကြားတင်ပြသည်။ တင်ပြချက်များအကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

တရားဝင်ရောက်အားထုတ်ခဲ့သည့် ရိပ်သာပေါင်းမှာ ၅၀-ကျော်ရှိသွားပြီ၊ တရာစခန်းဝင်သည့် အကြိမ်ပေါင်းမှာ ၇၅-ကြိမ်ရှိပြီ။ တချို့ရိပ်သာများကို ၇-ကြိမ် ၈-ကြိမ် ဝင်ခဲ့သည်။

မဟာစည်၊ မိုးကုတ်၊ လယ်တီ၊ စွန်းလွန်း၊ သဲအင်းဂူ၊ ကသစ်ဝိုင်၊ ဖားအောက်၊ တန့်ကြည်တောင်၊သစ္စာဒီပကစသည် ကမ္မဋ္ဌာန်းနည်းများစွာကို ကိုယ်တွေ့အားထုတ်ခဲ့ပြီးဖြစ်သည်။ (ကမ္မဋ္ဌာန်းနည်းတစ်ခုချင်းစီ၏ အကျဉ်းနည်းကို ရှင်းပြသည်)၊ ဝိပဿနာကို ကိုယ်တိုင်အားထုတ်ရုံသာမက မိသားစုကိုလည်း တရားစခန်းဝင်ရောက်အားထုတ်စေသဖြင့် မိသားစုသာသနာပြုဆောင်ရွက်ချက် ကျေနပ်ဖွယ်ကောင်းလောက်အောင် အကျိုးရှိနေပြီဖြစ်သည်။ မိတ်ဆွေအပေါင်းအသင်းတို့ကိုလည်း တရားအားထုတ်ရန်လှုံ့ဆော် ပြောကြားလျှက်ရှိရာ မိတ်ဆွေအများအပြား တရားစခန်းဝင်အားထုတ်ခဲ့ကြပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် ကမ္မဋ္ဌာန်းရိပ်သာများစွာ ရှိနေရာ မိမိနှင့်သင့်တော်သည့် ကမ္မဋ္ဌာန်းနည်းကို ကျင့်နိုင်ရန်အရေးကြီးသည်။ မိမိစရိုက်နှင့်မကိုက်ညီသည့် ကမ္မဋ္ဌာန်းဖြစ်လျှင် ကျင့်သလောက် ခရီးမရောက်ဖြစ်တတ်သည်။ နည်းမှန် လမ်းမှန် ကျင့်စဉ်မှန် ကမ္မဋ္ဌာန်းကို အားထုတ်မှသာ အကျိုးရှိမည် ဖြစ်သည်။

တရားရှာပုံတော်အတွေ့အကြုံအရ မည်သည့်သူသည် မည်သည့်ကမ္မဋ္ဌာန်းရိပ်သာနှင့် သင့်တော်သည်ကို ခန့်မှန်းနိုင်သည်။ သင့်တော်သည့် ကမ္မဋ္ဌာန်းနည်းကို အကြံဉာဏ်ပေးနိုင်သည်။

ရခဲစွာလှ လူ့ဘဝကို ရရှိနေပြီး ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့်လည်း တွေ့နေပြီ၊ သေလျှင် အပါယ်ကျမည့်ဘေးကို ကြောက်၍လွတ်မြောက်အောင် ကမ္မဋ္ဌာန်းတရားကျင့်လိုသူများကို ကူညီ

ပါမည်။ ဗုဒ္ဓဘာသာဖြစ်ရကျိုးနပ်အောင် ဝိပဿနာဘာဝနာကို အားထုတ်ဖြစ်အောင် အားထုတ်ကြပါဟုလည်းတိုက်တွန်းပါသည်။

(ဆွေးနွေးပွဲ ဓာတ်ပုံများ စဉ် ကျေးမွေးသည်ခံသည်။)

ဓမ္မသာကစ္ဆာပွဲဒုတိယပိုင်းတွင် ဗုဒ္ဓဓေတ်မြတ်တွေ့ကျိုးနပ်ရန် ခေါင်းစဉ်ဖြင့်ဆွေးနွေးကြသည်။ ဆွေးနွေးချက်များမှာ "ရခဲစွာလှ လူ့ဘဝ" "အမြတ်ဆုံးကုသိုလ်" "ကြုံကြိုက်ခဲစွာ သာသနာ" "မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်မြင်စူးရှသြဝါဒ" "သက္ကာယဒိဋ္ဌိ" "ကိုယ်တွေ့ဉာဏ်မြင်" "အနှိုင်းမဲ့ချမ်းသာ"တို့ဖြစ်သည်။ ဆွေးနွေးချက်များ၏ လိုရင်းကို ကောက်နှုတ် ဖော်ပြရလျှင် အောက်ပါတို့ ဖြစ်သည်။

## ရခဲစွာလှ လူ့ဘဝ

လူ့ပြည်က အပ်တစ်စင်းနှင့် ဗြဟ္မပြည်က အပ်တစ်စင်း အပ်သွားချင်းထိနိုင်သေးသည်။ လူ့ဘဝရဖို့ ထို့ထက်ခဲရင်းလှ၏။ ခဲတစ်လုံးကို ကောင်းကင်မြောက်သည့်အလား လူ့ဘဝရခြင်းသည် ခဲလုံးကောင်းကင်မြောက်နေသလောက်သာ ကြာ၏။ ပုထုဇဉ်လူတစ်သိန်းသေ၍ တစ်ယောက် လူပြန်မဖြစ် ပုထုဇဉ်တို့၏ အမြဲတမ်းနေအိမ်က အပါယ်လေးဘုံဖြစ်၏။

## အမြတ်ဆုံးကုသိုလ်

ဝေလာမသုတ္တန်တွင် နေ့စဉ်နေ့တိုင်း ထမင်းရည် ချောင်းစီးအောင် လှူဒါန်းသော ဝေလာမပုဏ္ဏား၏အလှူသည် သာသနာပကာလဖြစ်သောကြောင့် ၎င်းအလှူထက် သာသနာတွင်းကာလတွင်သောတာပန်ပုဂ္ဂိုလ်တစ်ဦးအား တစ်နပ်စာသော ဆွမ်းအလှူက ပို၍ကြီးမြတ်သည်။ ထို့ထက် သောတာပန်တစ်ရာထက် သကဒါဂါမ် တစ်ပါးအားလည်းကောင်း၊ သကဒါဂါမ်တစ်ရာထက် အနာဂါမ်တစ်ပါးအားလည်းကောင်း အနာဂါမ် တစ်ရာထက် ရဟန္တာတစ်ပါးအားလည်းကောင်း၊ ရဟန္တာတစ်ရာထက် ပစ္စေကဗုဒ္ဓါတစ်ပါးအားလည်းကောင်း၊ ပစ္စေကဗုဒ္ဓါတစ်ရာထက် သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူအားလည်းကောင်း သမ္မာသမ္ဗုဒ္ဓဘုရားတစ်ဆူထက် ဘုရားအမှူးပြုသော သံဃာတော်များအားလည်းကောင်း ဆွမ်းလှူခြင်းကား အသီးသီးပို၍ မြတ်၏။

ထိုဆွမ်းအလှူထက် သံဃိကကျောင်း ဆောက်လှူခြင်းက ပို၍မြတ်၏။

ထိုသံဃိကကျောင်းအလှူထက် သရဏဂုံသုံးပါးကို ဆောက်တည်ခြင်းက ပို၍မြတ်၏။

သရဏဂုံသုံးပါးကို ဆောက်တည်ခြင်းထက် ၅-ပါး၊ ၈-ပါးစသည် သီလဆောက်တည်ခြင်းက ပို၍မြတ်၏။

သီလဆောက်တည်ခြင်းထက် မျက်စိတစ်မှိတ် လက်ဖျစ်တစ်တွက်မျှ မေတ္တာဘာဝနာပွားများခြင်းက ပို၍မြတ်၏။

မေတ္တာဘာဝနာပွားများခြင်းထက် ရုပ်နာမ်ကို ဉာဏ်မြင်အောင်ရှုဆင်ခြင်သော ဝိပဿနာဘာဝနာပွားခြင်းက အမြတ်ဆုံးဖြစ်၏။

## ကြုံကြိုက်ခဲစွာ သာသနာ

လောကမှာ ကြုံကြိုက်တိုက်ဆိုင်မှုဟူသမျှတို့တွင် ဗုဒ္ဓသာသနာတော်နှင့် ကြုံကြိုက်တိုက်ဆိုင်မှုသည် တုနှိုင်းမရမြင့်မြတ်လှသည့် အထက်တန်းကျဆုံး အကောင်းဆုံးအခွင့်အရေးကြီးဖြစ်၏။ ပဋိပတ္တိသာသနာတော် ယနေ့မြန်မာနိုင်ငံတွင် ထွန်းကားနေသည်။ ကမ္မဋ္ဌာန်းတရားပြသည့် အရိယာပုဂ္ဂိုလ်များ သူတော်စင်များလည်း ရှိနေရာ မြန်မာနိုင်ငံ၌ နိဗ္ဗာန်တံခါးပွင့်နေ၏။ သာသနာ

တော်နှင့်ကြုံကြိုက်နေသည့် အခွင့်ကောင်း အခါကောင်းကို လက်လွှတ်မခံသင့်။ ဤသို့ ဒေသသမ္ပတ္တိ၊ ကာလသမ္ပတ္တိနှင့်ကြုံတွေ့နေရသည့် အခွင့် အရေးကြီးကို ရနေပါလျှက် မယူတတ်ပါက မိမိ ရရှိနေသောဘဝ နှမြောစရာကောင်းလှ၏။

သို့ဖြစ်ရာ လူလည်းဖြစ်လာ သာသနာလည်း ထွန်းကားခိုက် အမြိုက်တရားဟောကြားသည့်ပုဂ္ဂိုလ်များလည်းရှိနေသော ယခုအချိန်ခါကာလမှာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်ရန် ဝိပဿနာဘာဝနာကို ကြိုးစားပွားများအားထုတ်သင့်ကြ၏။

## မိုးကုတ်ဆရာတော်ကြီး၏ ဉာဏ်မြင်စွမ်းရှုဩဝါဒ

"နက်ဖြန်သေရင် သာသနာနှင့် အိုးစားကွဲတာပဲ ဒီခေတ်ဒီအခါမျိုး မကြုံနိုင်တော့ဘူး၊ ဘုရားတစ်ဆူပွင့်မှ ဒီတရားမျိုး နောက်တစ်ကြိမ်ပေါ်မယ်၊ ဘုရားက ဝိပဿနာအကျိုးငှာ ပွင့်လာတာ၊ ကံ စီမံသလို လိုက်နာနေရတဲ့ ဒါန သီလ သမထက သာသနာတွင်းမဟုတ်ဘူး၊ မေတ္တာတစ်နေ့လုံး ပို့နေတာ ဖြစ်ပျက်တစ်ချက်မြင်တဲ့ကုသိုလ်ကို မမီဘူး"။

"ဘုရားက ဝိပဿနာရှုဖို့ ၁၇၉၂-ကြိမ်တိုင်တိုင် မှာခဲ့တယ်၊ ဒီအလုပ်ဟာဖြင့် မလုပ်မဖြစ်တဲ့ အထဲမှာ အကြီးကျယ်ဆုံးအလုပ် ဝိပဿနာမလုပ်သေးတာဖြင့် သေရတာအားမရသေးလို့လား-လို့ မေးစရာရှိတယ်"။

"အခု သာသနာနဲ့ကြုံကြိုက်တဲ့အခါ ပုတီးကလေးတွေနဲ့ ရောင့်ရဲမနေနဲ့၊ ဒါန သီလ သမထနှင့် မတင်းတိမ်ကြနဲ့၊ သေခါနီးကျတော့ ဒါနလည်း နိဗ္ဗာန်ကို မပို့နိုင်ဘူး၊ သီလကလည်း နိဗ္ဗာန်မပို့နိုင်ဘူး၊ ကျောက်ဆင်းတုဘုရားကလည်း မပို့နိုင်ဘူး၊ ရုပ်မှန်း,နာမ်မှန်းမသိရင် အပါယ်လေးပါး အကုန်ဆင်းရမှာ၊ ရုပ်,နာမ်ကွဲပြီး ပရမတ်မြင်မှ အပါယ်လွှတ်နိုင်တယ်။

## သက္ကာယဒိဋ္ဌိ

ရုပ်,နာမ်နှစ်တန်၊ သူ့ဖြစ်ဟန်ကို၊ ဧကန်မုချ မသိကြ၍၊ ငါထငါထိုင်၊ ငါထိုင်ငါသွား၊ ငါကြား ငါကြည့်၊ ငါသိငါမြင်၊ ဓာတ်ဖြစ်အင်ကို၊ ငါပင်မုချ မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌိစွဲပုံတည်း။

ဒိဋ္ဌိသက္ကာ၊ မဂ္ဂသမ္မာ၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဖျားပြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာ ပြိုကွဲ၊ ကုသိုလ်စဲက၊ ဖောက်လွဲပါယ်ရွာ၊ ရောက်မြဲ သာတည်း။

ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါဘဲ၊ တစ်ရာအသက်၊ ရှည်သည်ထက်လည်း၊ ဖြစ်ပျက်နှစ်တန်၊ ရုပ်နှင့် နာမ်ကို၊ အမှန်မြင်လျှက်၊ ဉာဏ်စဉ်တက်၍၊ တစ်ရက်တာမျှ၊ သက်ရှည်ရသော်၊ လောကလူ့ရွာ၊ ကောင်းမြတ်သာသည်၊ မြတ်စွာဗုဒ္ဓ မိန့်ခွန်းတည်း။

## ကိုယ်တွေ့ဉာဏ်မြင်

နာကြားမှတ်သား၍သိခြင်းကို သုတမယဉာဏ်ခေါ်သည်။ မှန်းဆတွေးကြံ၍ သိခြင်းကို စိန္တာမယဉာဏ်ခေါ်သည်။ ကိုယ်တိုင်ကျင့်ကြံပွားများ၍သိခြင်းကို ဘာဝနာမယဉာဏ်ခေါ်သည်။ ခန္ဓာကိုယ်ကို သမာဓိအားနှင့်စိုက်ကြည့်သောအခါ လှုပ်လှုပ်ရွရွ မွမွပူအေး တောင့်တင်း နာကျင် ကိုက်ခဲစသည့်သဘောအမူအရာ လက္ခဏာများကို ထင်ထင်ရှားရှားသိမြင်လာခြင်းသည် မံသ(အသား) မျက်စိနှင့်မြင်ခြင်းမဟုတ်ဘဲ သမာဓိအား(ဉာဏ်မျက်စိ)တို့နှင့် ထိုးထွင်းသိခြင်း ဖြစ်သည်။ "မိနစ်,စက္ကန့် တစ်ခဏကလေးမျှ ရုပ်နားမှု မရှိပါလား"ဟုသိနေသည်။ ထိုသို့ ထိုး

ထွင်း သိမြင်ခြင်းကို ကိုယ်တွေ့ဉာဏ်မြင်ဟုဆိုသည်။ သုတမယဉာဏ်, စိန္တာမယဉာဏ်နှင့် သိမြင်ခြင်းမျိုး မဟုတ်၊ ဘာဝနာ မယဉာဏ်ဖြင့် အထူးသိမြင်ခြင်း ဖြစ်၍ ဝိပဿနာဉာဏ်ခေါ်သည်။ ဝိပဿနာဉာဏ်မှာ သညာမဟုတ် ပညာအစစ်ဖြစ်၏။

ခန္ဓာကိုယ်ကို ဝိပဿနာဉာဏ်ဖြင့်စိုက်ကြည့်သောအခါ ရှိန်းရှိန်းသုတ်သုတ် လှုပ်လှုပ်ရွရွ သဘောအမူအရာမှန်သမျှသည် ခုဖြစ် ခုပျက် မမြဲသည့် အနိစ္စသဘောဉာဏ်သက်ဝင်လာသည်။ မမြဲသည့်အတွက် ဆင်းရဲခြင်းဒုက္ခသဘော ဉာဏ်သက်ဝင်လာသည်။ မမြဲခြင်းဆင်းရဲခြင်းတို့ မဖြစ်ချင်သော်လည်း ကိုယ့်သဘောမဟုတ် သူ့သဘော သူဆောင်လျှက် ဖြစ်ပျက်ဖောက်ပြန်နေရာ အနတ္တသဘောဉာဏ်သက်ဝင်လာသည်။

မိုးကုတ်ဆရာတော်ကြီးက ယောဂီတစ်ဦး၏ ကိုယ်တွေ့ဉာဏ်မြင်ကို ဖြစ်ပျက်မြင် ဖြစ်ပျက်မုန်း ဖြစ်ပျက်ဆုံးဟု ဟောကြားထားရာ ဖြစ်ပျက်မြင်ပြီးသော ယောဂီသည် ဆက်၍မပြတ် ရှုမှတ်ပွားများသောအခါ ဖြစ်ပျက်မုန်းလာမည်။ ကိလေသာ ကြားမခိုစေဘဲ ဆက်လက်ရှုဖန်များလာသောအခါ ဖြစ်ပျက်ဆုံးသွားလိမ့်မည်။ ဖြစ်ပျက်ဆုံးခြင်းသည် မဂ်ဆိုက်ခြင်းဖြစ်၍ သောတာပန်ဖြစ်သွားလေပြီ၊ သောတာပန်ဖြစ်သွားလျှင် အပါယ်တံခါးပိတ်ပြီး သုဂတိဘုံမှာ အလွန်ဆုံး ခုနစ်ဘဝသာ သံသရာ ကျင်လည်ရတော့မည်။ ထို့ကြောင့် "တရားအားထုတ်တယ်ဆိုတာ ပါရမီရှိမှ တိဟိတ်ဖြစ်မှရနိုင်တယ်"ဟု ဆင်ခြေကန်နေမည့်အစား နည်းမှန်မှန်နှင့် ခုနှစ်ရက်မျှ စခန်းဝင်အားထုတ်ကြည့်ပါက မိမိဘဝ၏ အဖိုးတန်ဆုံးအချိန်ကို ကိုယ်တိုင် တွေ့လာလိမ့်မည်။

## အနှိုင်းမဲ့ချမ်းသာ

တဏှာနှင့်ချမ်းသာကို ရှာဖွေနေသမျှ မည်သည့်အခါမှ လိုလေသေးမရှိ ပြည့်စုံသည့် ချမ်းသာအစစ်အမှန်ကို မရနိုင်ချေ။ တဏှာဟူသည် ချမ်းသာအစစ်အမှန်၏ ဆန့်ကျင်ဘက်ဖြစ်သည်။ အတားအဆီးဖြစ်သည်။ ချမ်းသာအစစ်အမှန်မှာ တဏှာလွတ်မြောက်ခြင်းဖြစ်သည်။ တဏှာနည်းနည်းလွတ်လျှင် နည်းနည်းချမ်းသာသည်။ တဏှာ များများလွတ်လျှင် များများချမ်းသာသည်။ တဏှာ လုံးဝမရှိတော့လျှင် အနှိုင်းမဲ့ချမ်းသာကို ရသည်။


အနှိုင်းမဲ့ချမ်းသာသည် လောကီနယ်တွင်မရှိ လောကုတ္တရာနယ်တွင်သာရှိသည်။

ထို့ကြောင့် အကြင်သူသည် လိုလေသေးမရှိ ပြည့်စုံသောချမ်းသာကို ရရှိခံစားလိုအံ့၊ ထိုသူသည် ဓမ္မစွမ်းအင်ကို ရရှိအောင် ဝိပဿနာဘာဝနာ ကျင့်ကြံကြိုးစား အားထုတ်ရန်ပင်ဖြစ်တော့၏။

ဤကား "ဗုဒ္ဓခေတ်မြတ်တွေ့ကျိုးနပ်ရန်" ခေါင်းစဉ်ဖြင့် ဆွေးနွေးချက်များအနှစ်ချုပ် ဖြစ်သည်။ စိတ်ပါဝင်စားစွာ အပြန်အလှန် မေးမြန်းဆွေးနွေးကြရာ အချိန်ကုန်မှန်းမသိ ကုန်သွားသည်။ နံနက် ၈-နာရီတွင် စတင်သည့် ဓမ္မသာကစ္ဆာ ဆွေးနွေးပွဲသည် နေ့လည် ၁၂-နာရီ အချိန်ရောက်မှ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်တော့သည်။

♦ ကိုရင်တန်

# ဥပုသ်တစ်ရက်



* အိမ်မှုရှုပ်ပွေ၊ အထွေထွေနှင့်
ထင်းခွေရေခပ်၊ မအားလပ်သေး
ဆင်ခြင်ပေး၍၊ တောင်ပြေးမြောက်ထွက်
လပြည့်ရက်လျှင်၊ ပျက်ကွက်ဥပုသ်
ကြိမ်ကြိမ်ယုတ်ခဲ့။ ။

* ရပ်ရေးရွာရေး၊ သားသမီးရေးနှင့်
ကိုယ်ရေးကိစ္စ၊ အကြောင်းပြကာ
တော်ရာရှောင်ထွက်၊ လကွယ်ရက်လျှင်
ပျက်ကွယ်ဥပုသ်၊ ကြိမ်ကြိမ်ယုတ်ခဲ့။ ။

* တိုင်းရေးပြည်ရေး၊ စည်းအဝေးနှင့်
လူရေးပွေ့ရှုပ်၊ အိမ်အလုပ်နှင့်
ဆန်း,, ဆုပ်ရှစ်ရက်၊ ဤနှစ်ရက်လည်း
ပျက်ကွယ်ဥပုသ်၊ ကြိမ်ကြိမ်ယုတ်ခဲ့။ ။

* ဩော်. . . မစောင့်သီလ၊ ဒါနမထုံ
ကာမဂုဏ်နှင့်၊ မေထုန်မှိုဝဲ
လောကထဲဝယ်၊ အမြဲနစ်မြုပ်
နေ့ပုပ်ရက်ဆွေး၊ လူမှုရေးနှင့်
ပြေးကာလွှားကာ၊ ကာလကြာပေါ့
ခန္ဓာနာမ်ရုပ်၊ မဟာဘုတ်လည်း
ဆုတ်ခဲ့လျော့ရဲ၊ မခိုင်မြဲတော့
မွဲခဲ့မှုံသည်၊ မကြည်မျက်စိ
ထိုင်းဘိသောတ၊ နားဝလေထွက်
ခေါင်းထက်ဆံစ၊ ဖြူလွှကြောင်ကြား
သွားလည်းပြုပ်ကြွေ၊ ပါးရေတွန့်လိမ်
ခေါ်ဖိတ်သေမင်း၊ ငြင်း၍မရ
ထိုခါမှလျှင်၊ နောင်တအသိ
ရင်ဝယ်ပြည့်လျက်၊ မချိဝမ်းနည်း
ပုတီးဆွဲကာ၊ လက်ဝယ်ဆွမ်းအုပ်
လွှက် သုတ်ဖြင့်၊ ဥပုသ်တစ်ရက်
စောင့်သည်တဲ့။ ။

အောင်မိုင်း(မူဆယ်)



# သေခြင်းဓါရနံ့

## ဝိမုတ္တိလွင်ပြင်နှင့် စိမ်းလန်းသော မီးတောက်များ

နိုင်ဝင်းသိ

**၁။ သေခြင်း၏ ရနံ့များ**

မြို့ပြနှင်းစက်တွေ ဖွဖွညင်ညင်ဝေ့ဝဲနေသော တစ်ခုသော ဒီဇင်ဘာ --- အတိအကျဆိုရလျှင် ၂၀၀၄၊ ဒီဇင်ဘာ နှင်းရနံ့တွေ ပျစ်ခဲပျော်ဝင်နေသော ဒီဇင်ဘာရနံ့အစား သေခြင်းတရား၏ ရနံ့ကို မိမိ ရှူရှိုက်ခဲ့ရလေသည်။

ထိုညက ရုပ်သံရှေ့၌ မိမိထိုင်နေရင်းနှင့် မိမိ ဘယ်ဘက်ခြေဖမိုးပေါ်၌ အပူစီးကြောင်းငယ်တစ်ခု ဖြတ်, ဖြတ်စီးသွားခဲ့သည်။

အဆက်မပြတ် ဖြတ်စီးနေသော ယင်းအပူ လှိုင်းငယ်နှင့်အတူ ဒီခနဲ ဒီခနဲအသံတွေကိုပါ မိမိ ဘာသာကြားနေရပြန်ရာ မိမိအလွန်ချောက်ခြား သွားပါသည်။

ဒါဟာ လေဖြတ်မယ့်အတိတ်နိမိတ်လား၊ မိမိ ကောက်ခါငင်ခါ လေဖြတ်သွားတော့မှာလား၊ ထိုညက မိမိနှလုံးသွေး ပွက်ပွက်ဆူပြီး တစ်ညလုံး အိပ်မပျော်ခဲ့ပါ။

နောက်နေ့ နံနက်ရောက်တော့ ဘယ်ဘက် ခြေဖမိုးပေါ်၌ ဖြတ်စီးနေသောအပူလှိုင်းငယ် အပြင် လက်ဖျံနှင့် လက်မောင်းသားများကိုပါ ဒီခနဲ ဒီခနဲနှင့် မြည်ဟိန်းသံတွေ ကူးစက်ပျံ့နှံ့လာခဲ့သည်။ လက်မောင်းတွေ လက်ဖျံတွေမှာလည်း ရှီးခနဲ ရှီးခနဲနှင့် တစ်စုံတစ်ခုနှင့်ပွတ်သပ်တိုက်စားသလို ခံစားလာရသည်။

ဒုတိယညမှာလည်း မိမိကြောက်လန့်ပြီး အိပ် မပျော်ခဲ့ပါ။

တတိယည သန်းခေါင်ကျော်မှာတော့ ပင်ပန်း လွန်းသောကြောင့် ရိပ်ခနဲ အိပ်ပျော်မည်ကြံကာ ရှိသေးသည်၊ ဘယ်လက်မှ လက်ချောင်းလေးတွေ ကွေးသွားပြီး ထုံသွားပါတော့သည်။ ထုံပြီးတော့ ကျဉ်လာလိုက်သည်မှာ ဖျင်းဖျင်း--ဖျင်း--ဖျင်း-- စစ်--စစ်---နှင့်၊ ဘုရား--ဘုရား--

သေခြင်းတရားဟာ မိမိနှင့်အနီးကပ်ဆုံး နေရာသို့ ရောက်ရှိနေပြီလား၊ သေခြင်းတရားဟာ

မိမိကို သပ်ရပ်တိတ်ဆိတ်စွာ ခုန်အုပ်လိုက်တော့မှာလား၊

သေခြင်းတရားနှင့်ပတ်သက်ပြီး မိမိမှာ အထိုက်အလျောက် အတွေ့အကြုံရှိပါသည်။ သေမင်းကိုယ်တိုင် တီးခတ်ပြလိုက်သော မရဏစောင်းကြိုးခတ်သံကိုလည်း မိမိကိုယ်တိုင် ကြားဖူးခဲ့ပါသည်။

မိမိ၏ အမေသည် မိမိလက်ပေါ်မှာတင် သေဆုံးသွားခဲ့သည်။ မိမိ၏ အစ်မသည်လည်း မိမိတို့လက်ပေါ်မှာပင် နောက်ဆုံးထွက်သက်ကို ခက်ခဲ ပင်ပန်းစွာရှိုက်ခဲ့ရသည်။ နောက်ပြီး မိမိအဖွားနောက် မြန်မာကဗျာဆရာ ကိုမင်းခိုင်ဦး၊ နောက် မင်းသိုက်မွန် ဆရာတက္ကသိုလ် ဘုန်းနိုင်၊ ဆရာလင်းဝေမြိုင်။

အရိုးသားဆုံးဝန်ခံရလျှင်တော့ မိမိမသေစေချင်သေးပါ။ ကွေးသောလက်မဆန့်မီ ဆန့်သောလက်မကွေးမီ ဆိုတာကို မိမိနားလည်သဘောပေါက်သော်လည်း လောလောဆည်ဆည် အချိန်မှာတော့ သေခြင်းတရားကို လက်ခံဖို့ မိမိအဆင်သင့် မဖြစ်သေးပါ။

မပြီးဆုံးသေးသော စက္ကူများနှင့် ပတ်သက်ပြီး မိမိမှာဆက်ရန်ရှိသေးသည်၊ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်ပြီး မိမိမှာဆက်ရန်ရှိသေးသည်။ မိသားစုနှင့် ပတ်သက်ပြီး မိမိမှာ ဆက်ရန်ရှိသေးသည်။ ချစ်သူ မုန်းသူများနှင့်ပတ်သက်ပြီး မိမိမှာဆက်ရန်ရှိသေးသည်။ ကြည့်စမ်း မိမိဘဝမှာ မပြီးဆုံးသေးသော အလုပ်တွေ အများကြီးရှိနေဆဲပါလား--။

## ၂။ စိမ်းလန်းသော မီးတောက်များ

ထိုရက်တွေထဲမှာပဲ မိမိ၏ သူငယ်ချင်းကဗျာ ဆရာက ရန်ကုန်မြို့ တိုင်းရင်းဆေးရုံကြီးသို့ သွားရန် အကြံပြုပါသည်။ သည်လိုနှင့်ပဲ လိုအပ်မည်ထင်သော ပစ္စည်းပစ္စယတွေကို ထုပ်ပိုးပြီး သူငယ်ချင်းကဗျာ ဆရာနှင့်အတူ တိုင်းရင်းဆေးရုံသို့ မိမိတို့ ရောက်လာခဲ့ကြသည်။ တာဝန်ကျ တိုင်းရင်းဆေးရုံမှ ဆရာမက မိမိကိုစမ်းသပ်ပြီး လူးဆေးနှင့်သောက်ဆေးများပေးလိုက်ပါသည်။

သည်ရက်တွေထဲမှာပဲ မိမိနှင့် ခင်မင်ရင်းနှီးသော ဆရာဝန်စာရေးဆရာမဆီကိုလည်း မိမိရောက်ခဲ့သည်။ မိမိတို့မြို့က နာမည်ကြီးတိုင်းရင်းဆေးခန်းကိုလည်း မိမိရောက်ခဲ့သည်။မိမိညီမဖြစ်သူနှင့် ရင်းနှီးခင်မင်သော ဆရာဝန်တစ်ဦးထံသို့လည်း မိမိရောက်ခဲ့သည်။ အခြားတိုင်းရင်းဆေးဆရာမတစ်ဦးထံသို့လည်း မိမိရောက်ခဲ့သည်။

စုစုပေါင်း ဒေါက်တာနှစ်ယောက်နှင့်တိုင်းရင်းဆေးကုဌာနသုံးနေရာသို့ သွားရောက်ပြီး မိမိဝေဒနာများကို သက်သာပျောက်ကင်းအောင် ကုသခဲ့ခြင်းဖြစ်ပါသည်။

အနောက်တိုင်းနည်းရော တိုင်းရင်းဆေးဆရာများ၏ စစ်ဆေးတွေ့ရှိချက်အရရောဆိုလျှင် မိမိမှာ အာရုံကြောအားနည်းနေခြင်းဖြစ်သည်။

အာရုံကြောအားနေသည်မှအပ သွေးတိုး၊ နှလုံး၊ ဆီးချို၊ သွေးချို၊ ကျောက်ကပ်ရောဂါများ မရှိပါ။ အခြားအခြားသောရောဂါများလည်း မိမိမှာ မရှိပါ။

သို့သော်လည်း ထုံကျဉ်မှုများက ထိုရက်ပိုင်းအတွင်းမှာပင် ခြေတွေလက်တွေသာမက ဦးခေါင်းနှင့် မျက်နှာများသို့တိုင်အောင် ရောက်ရှိလာခဲ့သည်။ ကနဦးရက်များကလည်း ခန္ဓာကိုယ်တစ်ခုလုံးကို ပျံ့နှံ့ရောက်ရှိလာသောအခါ မိမိနှလုံးသွေးပျက်ချင်သလိုလို ပြလာပါတော့မည်။

ဝေဒနာသည်းထန်နေသော ထိုရက်ပိုင်းအတွင်းမှာပဲ ရန်ကုန်မြို့ရှိ အထူးကုဆေးခန်းကြီးတစ်ခု၌ ထိုင်နေသော ဦးနှောက်နှင့်အာရုံကြောအထူးကုဆရာဝန်ကြီးထံသို့လည်း မိမိရောက်ရှိခဲ့သည်။

ဆရာဝန်ကြီးနှင့်တွေ့လည်း တွေ့-တွေ့ပဲ ဖြစ်ပါသည်။ခန္ဓာကိုယ်တစ်ခုလုံးမှာ ရှရှမွမွနှင့် ဒီခနဲ-- ဒီခနဲ---၊ ရှူးခနဲ--ရှူးခနဲဖြစ်ပေါ်နေ သောခံစားမှုများက မိမိ၏ အာရုံဆားကစ်ပြားထဲမှာ ပျောက်ကွယ်မသွားပါ။

ခက်နေသည်က ခန္ဓာကိုယ်ထဲမှာ အခါမလပ်ဖြစ်ပေါ်နေသော ခံစားမှုများနှင့် မြည်ဟိန်းဆူညံနေသော အသံဗလံများကို စမ်းသပ်၍ မရဘဲ မိမိ

ဘာသာ(နားနှင့်မဟုတ်ဘဲ) ခံစားသိဖြင့် သိနေခြင်းဖြစ်သည်။

ကြာလာတော့ မိမိစိတ်ပျက်လာခဲ့သည်။ စိတ်ပိုင်းဆိုင်ရာ တည်ငြိမ်ကြံ့ခိုင်မှုပိုင်းက အားနည်းလာသောအခါ ဝေဒနာက ပိုမိုဆိုးဝါးလာလေသည်။

တစ်ရက်မှာတော့ မိမိနှင့် အိမ်နီးချင်းဖြစ်သော မိတ်ဆွေတစ်ဦးက ချမ်းမြေ့ဆရာတော် ရေးသော ယောဂီလမ်းညွှန်စာအုပ်လေးကို မိမိထံ ယူလာပြီး ဖတ်ခိုင်းပါသည်။

တဖန် ဆရာတော် ဦးဇောတိက ရေးသည့် စာအုပ်ထဲမှာလည်း တရားထိုင်ခြင်းဖြင့် ရောဂါများကို သက်သာပျောက်ကင်းစေကြောင်း ဖတ်ရ ပြန်ရာ တရားထိုင်ခြင်းကို မိမိစိတ်ဝင်စားသွားသည်။

အရိုးသားဆုံးဝန်ခံရလျှင် ကိလေသာကွန်ယက်ကို ဆုတ်ဖြဲရှန်းကန်ထွက်ပြီး စင်ကြယ်အေးမြသော ဓမ္မရိပ်သာအောက်ကို ချဉ်းကပ်ခိုလှုံဖို့တော့ မဟုတ်ပါ။ မိမိခံစားရသောဝေဒနာများသက်သာ ပျောက်ကင်းချင်စိတ်နှင့် တရားထိုင်ခြင်းအပေါ် တိမ်း မူးသွားခြင်းသာဖြစ်သည်။တစ်နည်းတစ်ဖုံဆိုရလျှင် ဓမ္မ သည် မိမိဘဝတွင် တစ်ကြိမ်တစ်ခါမှ ရွက်မလွှင့်ဖူးသေးသော နယ်သစ် ပယ်သစ်သာဖြစ်လေသည်။

## ၃။ ဝိမုတ္တိလွင်ပြင်ကို ချဉ်းကပ်ခြင်း

မိမိဆန်တက်လာခဲ့ရာ မြစ်ကြောင်းတလျှောက် ပြန်လည်၍ ငဲ့စောင်းကြည့်မိလျှင် တရားဓမ္မနှင့် ပတ်သက်၍ အလွန်အလှမ်းဝေးခဲ့ကြောင်း တွေ့ရပါလိမ့်မည်။

သို့ကလို အနေအထားများကြောင့် ဆယ်စုနှစ်, လေးနှစ်ကျော် လွင့်ချင်ရာလွင့်နေသော စိတ်ကို နှာသီးဖျားမှာ အထိုင်ချဖို့ဆိုသည်မှာ မိမိအတွက် အလွန်ခက်ခဲလှသည်။

သို့သော်လည်း မိမိသည် ဝင်သက်ထွက်သက်ကို ထိန်းချုပ်စုစည်းပြီး တည်ငြိမ်မှုတစ်ခုရအောင် အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါသည်။

ဘာဝနာပွားများခြင်းနှင့် အလွန်အလှမ်းဝေးခဲ့သူဖြစ်သောကြောင့် စ,ထိုင်စဉ်ကာလများအတွင်း တစ်ကြိမ်ထိုင်လျှင်ငါးမိနစ်မှ ဆယ်မိနစ်၊ ဆယ်မိနစ်မှ ဆယ့်ငါးမိနစ်၊ ဆယ့်ငါးမိနစ်မှ မိနစ်နှစ်ဆယ် အထိတိုးထိုင်လာနိုင်ပြီး တစ်လခန့်ကြာသောအခါ တစ်ကြိမ်ထိုင်လျှင် နာရီဝက်ခန့် ထိုင်လာနိုင်ပါသည်။ ရံဖန်ရံခါ မိနစ်လေးဆယ်ခန့် ထိုင်နိုင်လာသည်။

မိမိတရားထိုင်ပုံမှာ တရားစခန်းတစ်ခုခုသို့ ဝင်ရောက်၍ စံနစ်တကျ ထိုင်ခြင်းမျိုးမဟုတ်ဘဲ စာအုပ်ကို ဖတ်ပြီး မိမိနားလည်သဘောပေါက်သလို ထိုင်ခြင်းကြောင့် မိမိမှာ ထူးထူးခြားခြား ဘာမှ ဖြစ်မလာခဲ့ပါ။ ထိုရက်များအတွင်း မိမိခံစားနေရသော ရောဂါဝေဒနာများမှာ သက်သာပျောက်ကင်းမှုမရှိသည့်အပြင် ပို၍ပင် ဆိုးဝါးလာလေသည်။

တစ်ခုသော နေ့လည်ခင်းမှာတော့ တရားထိုင်နေရင်းနှင့် ထူးခြားမှုတစ်ခုကို မိမိကြုံပါတော့သည်။ နှာသီးဖျားကို ပွတ်ရှပ်တိုးဝင်လာသော လေနှင့် ပြန်ထွက်သွားသော ထွက်လေကို အလေအလွင့် မရှိအောင် ထိန်းချုပ်ရှုမှတ်နေဆဲမှာ ဦးခေါင်း ပိုင်းကို တစ်စုံတစ်ခုနှင့် ဖိညှစ်လိုက်သလို ခံစားလာ ရခြင်းဖြစ်သည်။

ခံစားနေရသည့် (ဝေဒနာပဲဆိုပါတော့) ဇီဝ ဖြစ်စဉ်ကတော့ မိမိအတွက် ထူးခြားလှပါသည်။ ခေါင်း၏ဘေး ဘယ်ညာနှစ်ဘက်နှင့် အပေါ်တည့်တည့်ကို တစ်စုံတစ်ခုနှင့် စံနစ်တကျ ဖိညှစ်ထားသလိုခံစားလာရခြင်းဖြစ်သည်။ မျက်စိထဲမြင်အောင် ပြောရလျှင်တော့ လေလျှော့နေသော ဘောလုံးသုံးလုံးနှင့် အဆိုပါသုံးနေရာကို ဖိညှစ်ထားသည်နှင့်တူသည်ဟု ထင်ပါသည်။

ဖိညှစ်ထားပုံမှာ ကနဦးပိုင်းက မသိသာလှသော်လည်း တဖြည်းဖြည်းနှင့် လေးလံပြင်းထန်လာသောအခါ မိမိချောက်ချားသွားပါသည်။

နောက်ဆုံး စိတ်ကို ဘယ်လိုမှ တည်လို့မရတော့သည့်အဆုံး မျက်လုံးနှစ်လုံးကို မိမိဖျပ်ကနဲ ဖွင့်လိုက်သည်။

အံ့ဩစရာကောင်းလှသည်။ မျက်လုံးနှစ်လုံးကို မိမိဖွင့်လိုက်သောအခါ ဦးခေါင်းထဲမှာ ဖိညှစ်ထားသလို ခံစားနေရသော ဝေဒနာများသည် ရုပ်ချည်း ပျောက်ကွယ်သွားလေသည်။

သည်လိုဝေဒနာမျိုးဟာ တရားထိုင်လေ့မရှိသော လူတွေမှာ ဖြစ်တတ်ပါသလား၊ တရားထိုင်လျှင် သည်လိုဝေဒနာမျိုးဟာ ပုံသဏ္ဍာန်အမျိုးမျိုး အဆင်အကွက်အဖုံဖုံနှင့် ခန္ဓာကိုယ်ထဲမှာ ဖြစ်ပေါ်လာတတ်ပါသလား၊ မိမိ ဘာမှမသိပါ။ အတွေ့အကြုံလုံးဝမရှိသောမိမိအတွက် အရာရာသည် အဆန်းတကြယ် ဖြစ်နေတာကတော့ အမှန်ပဲ ဖြစ်သည်။

နာရီဝက်ခန့် ခေတ္တနားပြီး မိမိပြန်ထိုင်တော့ ဆယ့်ငါးမိနစ်အကြာမှာ မိမိခေါင်းထဲမှာ ထိုဝေဒနာ ဖြစ်ပေါ်လာပြန်သည်၊ သည်တစ်ကြိမ်မှာလည်း ဝေဒနာကို လျစ်လျူရှုပြီး ဝင်သက်ထွက်သက်ကိုပဲ မိမိ ကြိုးစား၍ ရှုမှတ်ပါသည်၊ သည်တစ်ခါမှာတော့ ဝေဒနာက ပို၍ပြင်းထန်လာရုံမက ဘေးနှစ်ဘက်မှ ဖိညှစ်ထားမှုကလည်း စည်ပတ်သံပြားနှင့် ခပ်တင်းတင်းဆွဲညှစ်လိုက်သလို ပိုပြီးတင်းကျပ်လာပါသည်။ ဦးခေါင်းပေါ်မှ ဖိညှစ်ထားပုံကလည်း ကြာလျှင် မိမိပင် ကြမ်းပြင်ထဲကို ကျွံနစ်သွားတော့မလား မှတ်လောက်အောင်ပင် လေးလံလာလေသည်။

ကြောက်စိတ်မပေါ်အောင် ချုပ်ထိန်းထားသည့်ကြားကပင် မိမိစိတ်က ယိုင်လာပြန်သည်။

ဖိညှစ်မှုများကလည်း တဖြည်းဖြည်းနှင့် လေးလံပြင်းထန်လာခဲ့သည်။ မိမိမျက်စိမဖွင့်ဘဲ စိတ်ကို တင်းခံထားသောလည်း ဦးခေါင်းတစ်ခုလုံးတင်းကျပ်လာရုံမက မှိတ်ထားသော မျက်စိထဲမှာပင် ပြာနှမ်းလာသောအခါ အကြောက်လွန်ပြီး မျက်လုံးများကို ဖွင့်လိုက်မိပြန်သည်။

မျက်စိဖွင့်လိုက်သောအခါ ဦးခေါင်းထဲမှာ ကြေမွသွားလုမတတ် ဆုပ်ညှစ်ခံနေရသော နာကျင်မှုများသည် ချက်ချင်းပင် လွင့်ရှဲသွားပါတော့သည်။

ဦးခေါင်းထဲမှာ နာကျင်မှုများကင်းပသွားသော်လည်း အံ့ဩမှုများ တုန်လှုပ်ခြောက်ခြားမှုများနှင့်အတူ မိမိ မောပန်းပြီးကျန်ရစ်ခဲ့လေသည်။

ဒါဟာ တစ်စုံတစ်ခု ဖြစ်ချင်တဲ့အတိတ်နိမိတ်ပေပဲလား၊ မိမိဆက်ထိုင်လျှင် အန္တရာယ်တစ်စုံတစ်ခုခုနှင့်များ တွေ့ကြုံနေလေမလား။

မိမိကြောက်လည်းကြောက်ပါသည်။ သိလည်းသိချင်ပါသည်။ သည်လိုနှင့်ပဲ နာရီဝက် ခန့်နားပြီး တတိယအကြိမ် မိမိဆက်ထိုင်ဖြစ်ပါသည်။

သည်တစ်ကြိမ်မှာတော့ ဘယ်သို့ဘယ်ပုံ ဖြစ်လေမသိ၊ မိမိဦးခေါင်းထဲမှာ ဖိညှစ်မှုများ ဖြစ်မလာတော့ပါ။ လေးလံတင်းကျပ်မှုများလည်း နည်းနည်းလေးမှ ဖြစ်မလာခဲ့ပါ။

သည်လိုနှင့်ပဲ နှာသီးဖျားမှာ အထိုင်ချထားသော စိတ်က ငှက်တစ်ကောင်လို ထပျံသွားလိုက် မိမိက လိုက်ဖမ်းလိုက်နှင့် နာရီဝက်ခန့် ကြာလာခဲ့သည်။

နာရီဝက်ခန့်ဟုသိခြင်းမှာ မိမိ၏ဘယ်ဘက်ခြေထောက်ထူထူထိုင်းထိုင်းကြီးဖြစ်လာပြီး ထုံလာသောကြောင့်ပင်။

ဘယ်ခြေထောက် ထိုကဲ့သို့ ထုံကျဉ်လာပြီဆိုလျှင် မိမိ၏ ဇီဝနာရီအရ နာရီဝက်ခန့် ရှိသွားပါပြီ။

ဦးခေါင်းထဲမှာ မည်သည့်ဝေဒနာမျိုးမှ ဖြစ်မလာသော်လည်း ဆက်ထိုင်၍ရနေသေးသည့်အတွက် မိမိဆက်ထိုင် ဖြစ်ပါသည်။

ဆက်ထိုင်၍ ငါးမိနစ်ခန့်အကြာဟုထင်ပါသည်။ ဖိညှစ်မှုများသည် ဦးခေါင်းထဲမှာ ရုတ်တရက်ပေါ်ထွက်လာပြီး ဦးခေါင်းထဲမှာ ကွေးလိမ်ယှက်ဖြာနေသော သွေးကြောအမျှင်အခက်များသည် တင်းကျပ်လာပါတော့သည်။ အပေါ်ဘက်မှ ညှစ်ဖိထားပုံကလည်း ကိုယ်ခန္ဓာကြီးပင် တဖြည်းဖြည်းချင်း နစ်ဝင်သွားသလားထင်မှတ်ရလောက်အောင် လေးလံလာလေသည်။

သည်တစ်ကြိမ်မှာ ခံစားနေရသော တင်းကျပ်မှုများက စောစောကထက်နှစ်ကြိမ်ပို၍ ပြင်းထန်လှပါသည်။ စိတ်ကို တည်ငြိမ်မှုတစ်ခု ရအောင် ချုပ်ထိန်းထားသည့်ကြားထဲက တစ်ချက် တစ်ချက် ခေါင်းထဲမှာ မိုက်ခနဲ---မိုက်ခနဲဖြစ်ဖြစ် သွားလေသည်။ မျက်စိထဲမှာလည်း နီရာမှပြာ၊ ပြာရာမှ နက်၍ပင် သွားလေပြီ။

မိမိစိတ်က နှာသီးဖျားကို ပွတ်ရုပ်တိုးဝင်နေသော လေဆီရောက်သွားလိုက် ချစ်သူမုန်းသူများ ဆီရောက်သွားလိုက်၊ လွင့်နေသောစိတ်ကို လှမ်း

ဆွဲလိုက်နှင့် ယောက်ယက်ခတ်နေသည့်အချိန်မှာပင် ပေါက်ကွဲသံတစ်ခုနှင့်အတူ မိမိဦးခေါင်းထဲမှာ ပေါက်ကွဲတုန်ခါသွားလေသည်။ ပေါက်ကွဲသံမှာ ပြင်းထန်လွန်းသောကြောင့် မိမိအကြားအာရုံထဲမှာ ကြားလိုက်ရသည်ဟုပင် ထင်မိလိုက်သည်။

မိမိဦးခေါင်းတစ်ခုလုံး ပွင့်ထွက်ကြေမွသွားပြီလား၊ မိမိဦးခေါင်းထဲက နုမျှင်သွယ်တန်းနေသော သွေးကြောမျှင်လေးတွေအားလုံး ပြတ်တောက်လွင့်စင်သွားကြပြီလား၊ ဒါမှမဟုတ် မိမိနှလုံးသွေးတွေပဲ အေးစက်ရပ်တန့်ပြီး မိမိဖျိုးခနဲ--ဖျပ်ခနဲ သေဆုံးသွားလေပြီလား။

မိမိကိုယ်မိမိ ကြောက်ကြောက်လန့်လန့် ချောက်ချောက်ချားချားဖြင့် ပြန်လည် ဆင်ခြင်နေသည့်ကာလအပိုင်းအခြားလေးမှာပင် စောစောလေးကတင် ပေါက်ကွဲဆူပွက်သွားသော ဦးခေါင်းထဲမှာ ရုပ်ချည်းဆိုသလို အေးရှစိမ့်မြသွားပြီး ယင်းအေးမြမှုသည် ဦးခေါင်းထိပ်ဖျားမှစ၍ ခြေဖျားနှင့်လက်ဖျားများသို့ တိုင်အောင် တငြိမ့်ငြိမ့်--တအိမ့်အိမ့်နှင့် စီးဆင်းဖြတ်သန်းသွားလေသည်။

အေးမြစင်ကြယ်သော ထိုစီးဆင်းမှု ဖြတ်စီးပြီးချိန်မှာတော့ မိမိ၏ ခန္ဓာကိုယ်ထဲမှာ အခါမလပ် မြည်ဟိန်းအော်ဟစ်နေခဲ့သော ချောက်ချားဖွယ်ရာ အသံဗလံများ၊ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဖြစ်ပေါ်နေသော ရှုရှုမွမွ ဖြစ်နေမှုများအားလုံးသည် လက်နှင့် ပွတ်သပ်ချလိုက်သလို ပျောက်ကွယ်သွားပါတော့သည်။ ဘုရား----ဘုရား----

မိမိအံ့အားသင့်လွန်း၍ ကြောက်စိတ်များပင် ဖြစ်တည်လိုက်သေးသည်။ တွေ့ကြုံနေရသော အခြေအနေမှာ ထူးဆန်းလွန်းသောကြောင့် မိမိကိုယ် မိမိပင် မယုံချင်တော့။

မျက်စိနှစ်လုံးကို ဖျပ်ခနဲဖွင့်လိုက်တော့မှပင် ခံစားနေရသော ခံစားမှုများသည် အမှန်တကယ် ဖြစ်ပျက်နေကြောင်း လက်ခံရတော့သည်။ သက်တမ်းတစ်လျှောက်တစ်ကြိမ်တစ်ခါမှ မကြုံဖူးမဆုံဖူးသောခံစားမှုမျိုး မရှိပါပေ။

ပြောမည်ဆိုလျှင်တော့ ထိုနေ့အချိန်က စပြီး မိမိဘဝတွင် အားထားကိုးကွယ်ရာအစစ်ကို



ရှာဖွေတွေ့ရှိသွားခဲ့သည်။

ထိုဝေဒနာမှာ လုံးဝပျောက်ကင်းသွားသည်ဟု မဆိုသာသော်လည်း ကိုးဆယ်ရာခိုင်နှုန်းခန့် သက်သာပျောက်ကင်းသွားပါပြီ။

ယခုအခါ မိမိသည် ကိုယ်ရောစိတ်ပါ အားပြည့် လန်းဆန်းနေသော လူသားတစ်ဦး၏ ဘဝကို ပြန်လည်ရရှိနေပါပြီ။

အာရုံခြောက်ပါး၏ ကူးလူးချိတ်သီမှုကြောင့် ဖြစ်တည်လာရသော ခံစားမှုအခင်းအကျင်းများမှ လွန်မြောက်အောင်တော့ ယခုအချိန်မှာ မိမိမစွမ်းဆောင်နိုင်သေးပါ။ မိမိသွေးကြောတွေထဲမှာ တောက်လောင်နေသည့် စိမ်းလန်းသော အတ္တမီးတောက်များကိုလည်း ငြိမ်းသတ်ရန် မိမိမစွမ်းသာသေးပါ။

သို့သော်လည်း မျက်မှောက်ဘဝမှာ မိမိအသေအချာ ပြောနိုင်သောအချက်တစ်ချက်တော့ ရှိသည်။ မိမိဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ရသည်မှာ အလွန်ကံကောင်းကြောင်းနှင့် ဗုဒ္ဓကိုယ်တော်တိုင် ရှာဖွေတွေ့ရှိခဲ့သော ဓမ္မများနှင့် တွေ့ဆုံကြုံကြိုက်ဖို့ဆိုသည်မှာ အလွန့်အလွန် ခက်ခဲလှပါသည် ဆိုသည့်အကြောင်း -----။

နိုင်ဝင်းသီ

❖ ❖ ❖

# သတိရမိသော ရွာမကျောင်း



ကျော်နေနိုင်(ကျောက်ထပ်)
အထက်မင်းလှ

၂၀၀၅-ခုနှစ်၏ နွေရာသီ၊ မှတ်မှတ်ရရပါပဲ၊ စာရေးသူသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ရွှေတောင်စာသင်တိုက်ကနေ အစိုးရပထမပြန် စာမေးပွဲပြီးတော့ **နဂါးနီ** မှန်လုံလေအိတ်ကားကြီးဖြင့် ပစ္စည်းပစ္စယများ သယ်ဆောင်ပြီး အကွေ့အကောက် တောင်တက် တောင်ဆင်းတွေဖြင့် သာယာလှသော တောင်ပေါ်ဒေသကနေ မန္တလာမြေကို ဆင်းခဲ့သည်၊ မန္တလာ မြေမှာက ဆရာသမား ရှိသည်၊ ဆရာသမားဆီရောက်တော့ "ဟေ- မင်းဒီနှစ် အင်းစိန်ရွာမတိုက်မှာနေကွာ. .၊ ရွာမတိုက် စာအရမ်းလုပ်တယ်၊ စည်းကမ်းလည်းကောင်းတယ်၊ မင်းဒီနှစ် အလတ်တန်းအောင်မှ ဖြစ်မယ်"ဆိုပြီး အင်းစိန်ရွာမနဲ့ စတင် ရင်းနှီးရမည့် စကားကို ဆရာသမားမှ ပြောဆိုလာသည်၊ ဆရာက ဆက်၍ "အင်းစိန်က ဝင်ခွင့်ဖြေရတယ်ကွ၊ မင်းအခု ရွာပြန် စာကျက်ထားကွ၊ ဝင်ခွင့်တွေ ငါလုပ်ပေးမယ်"လို့ ပြောပြီး စာရေးသူကို ရွာပြန်လွှတ်ပါသည်၊ ဆရာသမားဖြစ်သူက အင်းစိန်ရွာမစာသင်တိုက်ထွက် ဖြစ်၏၊ ယခု အုပ်ချုပ်ရေးမှူး ဦးကဥ္စန၊ စာသင်သားများ၏ အဘဇာခေါ် ဦးဇာနေယျတို့နှင့် ရင်းနှီးသည်၊ သူက ဝင်ခွင့်တွေ စီမံပေးပြီး စာရေးသူကို ရွာကနေ မန္တလေးလှမ်းခေါ်၊ ရန်ကုန်ထပ်လွှတ်ပြီး ဝင်ခွင့် ဖြေခိုင်းပါသည်၊

အောင်စာရင်းထွက်လာတော့ စာရေးသူ၏ နာမည်လည်း ပါဝင်သောကြောင့် ရွာမစာသင်တိုက်ထဲကို ၂၀၀၅-ခုနှစ် သံဃာအသစ်များ လက်ခံသောအချိန်တွင် စတင်ရောက်ရှိခဲ့ပါသည်၊ ရွာမတိုက်ထဲကို ရောက်ရှိတော့ အဘဇာခေါ် ဦးဇာနေယျက ၂၀၀၅-ခုနှစ်က၊ အုပ်ချုပ်ရေးမှူးဖြစ်၍ ရောက်ကြောင်းသတင်းသွားပို့တော့ သီရိဝံသဆောင်မှာ နေရသည်၊ ရွာမတိုက်၏ စည်းကမ်းများက တော်ရုံတန်ရုံစိတ်ဓာတ်ဖြင့် မလိုက်နိုင်ပါ၊ နံနက် ၄- နာရီကနေ ည ၉-နာရီထိကို အဆက်မပြတ် အလုပ်လုပ်ရပါသည်၊ အလုပ်ဟူရာ၌ စာသင်သားသံဃာ၏ အလုပ်သည် စာကျက် စာပြန် စာအံခြင်းသည် အလုပ်ဖြစ်၏၊ စည်းကမ်းကောင်းသည်၊ အပြင်ကို မထွက်ရ၊ အကြောင်းကိစ္စရှိလျှင် အုပ်ချုပ်ရေးမှူးကို လျှောက်ရသည်၊ အပြင်လည်း မထွက်ရဲကြပါ၊ တခြားကြောင့်မဟုတ်၊ ရွာမစာသင်တိုက်ထဲက အပတ်စဉ်စာမေးပွဲကြောင့်ဖြစ်သည်၊ အပတ်စဉ်စာမေးပွဲက တခြားတိုက်တွေနှင့်မတူ၊ ကျရှုံးလျှင်ဒဏ်၊ အောင်လို့ ပထမ, ဒုတိယ, တတိယဝင်လျှင်လည်း ဆုချသည်၊ ကျလျှင်မှာကား နှစ်မျိုး ရှိသည်၊ ရိုးရိုးကျနှင့် ထွက်ခွါကျဖြစ်သည်၊ ကျောင်းတိုက်၏မူက မေးခွန်းလွှာ၏ ပုစ္ဆာထက်ဝက်ကို အောင်မှတ်ယူသည်။

ဥပမာ- အကြီးတန်းဆိုလျှင် အမှတ် ၁၀၀ ဖိုးမေးသည်၊ ၅၀-ရလျှင် အောင်သည်၊ ၅၀-အောက်လျော့လျှင် စာမေးပွဲမအောင်၊ အဲဒီ ၅၀-မှတ်ထဲမှ ၂၅-မှတ်နှင့် အထက်ကိုဒဏ်၊ အောက်ကိုလျှင် ယနေ့ကျ မနက်ဖန်ထွက်၊ ဤကဲ့သို့သော စည်းကမ်းတွေကြောင့် အပြင်ထွက်ဖို့ မစဉ်းစားရဲ ကိုယ့်စာကိုသာ လုပ်နေရသည်၊ ကျောင်းတိုက်စည်းကမ်းတွေထဲမှာ ဝင်ရန် ကြိုးစားရခြင်းကပင် နှစ်သက်စရာကောင်းသည်၊ အခြားစာသင်တိုက်တွေလို ဆရာတော်နှင့် တိုက်အုပ်တွေ, စာချတွေထံ လျှောက်စရာမလို၊ သတ်မှတ်တဲ့ စည်းကမ်းအတိုင်းကိုရင်ငယ်လေးမှသည် ဓမ္မာစရိယတန်းအထိ ဝင်ခွင့်ဖြေပြီးမှ ရွာမတိုက်ထဲမှာ နေခွင့်ရှိသည်၊ ဆရာတော်ကြီး၏ လမ်းညွှန်မှုနှင့် တိုက်အုပ်ဆရာတော်၏ စီမံမှုတွေထဲမှာ ပညာရေးမှူးဆရာတော်၊ အုပ်ချုပ်ရေးမှူးဆရာတော်၊ ကျောင်းဘုန်းကြီးစသည်ဖြင့် အုပ်ချုပ်ပုံက စနစ်တကျ ဖွဲ့စည်းထားသည်၊ စာချများ၏ ကဏ္ဍကိုလည်း ဆရာတော်က မျက်ချေမပြတ် စောင့်ကြည့်သည်၊ အရည်အသွေးနှင့် အရည်အချင်းနှစ်မျိုးလုံး ပြည့်စုံမှ ခန့်သည်၊ စာသင်သားများကိုလည်း ဆရာတော်ကြီးနှင့် တိုက်အုပ်ဆရာတို့က သည်ဘဝအတွက် စာသင်ပေးရုံ ပြုစုမွေးထုတ်ပေးရုံမက သံသရာအတွက်ပါ ရည်မှန်းပြီး နှစ်စဉ်ကျောင်းတိုက်ဖွင့်ခါစမှာ ရက်တိုတရားထိုင်နည်းကို သင်ပေးသည်။ တစ်တိုက်လုံး တရားထိုင်ကြပြီး သင်ယူမှတ်သားရသည်။ တိုက်အုပ်ဆရာတော်ကိုယ်တိုင် တရားပြပေးသည်။ တခါတရံ ရိပ်သာဆရာတော်တွေ ပင့်ပြီးပြပေးသည်။ တိုးတက်အောင်မြင်နေသော ရွာမတိုက်၏ အကြောင်းအရင်းမှာ တိုက်အုပ်ဆရာတော်နှင့် အဘနန် (ခ) ဘဒ္ဒနန္ဒဝံသတို့၏ မျက်နှာမလိုက် ဘက်မလိုက်သော အကြောင်းတွေက အရင်းအမြစ်ခံသည်။ စာချဆရာတော်တွေကိုလည်း အပြစ်ရှိလျှင်ရှိသလိုအရေးယူသည်။ ၂၀၀၅-ခုနှစ်ဆရာပူဇော်ပွဲမှာ ဆရာတော်ကြီးက သြဝါဒပေးသည်။ ဒီကျောင်းတိုက်ကြီးမှာ စာမေးပွဲတွေကို ဆုပေးဒဏ်ပေးစနစ်နဲ့ ကျင်းပခဲ့တာ နှစ်ပေါင်း (၃၀)ကျော်ခဲ့ပါပြီ၊ တစ်နှစ်မှာ အပတ်စဉ်(၁၂)ကြိမ်ဖြေရတယ်၊ အောင်ရင်ဆုချတယ်၊ ကျရင် ဒဏ်ပေးတယ်။ ပါဠိတော်မှာလည်း ချီးမြှောက်သင့်သည့်ကို ချီးမြှောက်ခြင်း၊ ကဲ့ရဲ့ရှုပ်ချသင့်သည်ကို ကဲ့ရဲ့ရှုပ်ချခြင်းဆိုပြီး လာရှိပါတယ်။ ဒါကြောင့် စာအောင်လို့ ဆုချတာဟာ ချီးမြှောက်တာဖြစ်ပြီး၊ ကျရင်ဒဏ်ပေးတာဟာ ကဲ့ရဲ့ရှုပ်ချတာဖြစ်တယ်လို့ သြဝါဒပေးသွားသည်။ တဖန် ဆရာတော်က တပည့်တော်တို့တိုက်က စာပေးပွဲတွေမှာ နှစ်စဉ်အခုလို တိုင်းကျော် နိုင်ငံကျော်တွေရတာကိုလည်း တပည့်တော် ဝမ်းသာတယ်ဟု ပြောသည်။ အဘနန်သည် လူအိုသော်လည်း စိတ်ဓာတ်တွေက နုပျိုဆဲပင်ဖြစ်သည်။ ဆရာတော်ကြီးသည်။ အရွယ်ကောင်းစဉ်က တစ်တိုက်လုံးအတွက် ရှာဖွေကျွေးခဲ့သည်။ ရွှေသာလျောင်းကြီးနှင့်တကွ များစွာသောကျောင်းဆောင်တွေသည် ဆရာတော် ကြိုးစားခဲ့ခြင်း၏ ပြယုဂ်တွေဖြစ်သည်။ ဆရာတော်ကြီးက တိုက်အုပ်ဆရာတော် ဘဒ္ဒန္တတိလောကာ-ဘိဝံသကို အားလည်းကိုးသည်။ ဘာလုပ်လုပ် အသိပေးပြီးမှ အတွဲညီစွာ လုပ်ဆောင်သည်။ တိုက်အုပ်ဆရာတော်က ပညာရေးအားလုံးကို စီမံကွပ်ကဲပြီး စာဝါအားလုံး ပို့ချသည်။ အဘနန်က စာဝါနည်းငယ်သာ ကိုင်ပြီး ကျန်အုပ်ချုပ်ရေးနှင့် လူမှုရေးနယ်ပယ်မှာ ဦးဆောင်ပြီး စာသင်သား သံဃာတွေကို ရှာဖွေ ကျွေးခဲ့သည်။ ဆရာတော်ကြီး၏ တပည့်ကြီးတွေ တစ်ချို့ဆိုလျှင် စာသင်တိုက်တွေပင် ဖွင့်ထားကြပြီဖြစ်၏။ လှိုင်သာယာ ပဒ်ပရိယတ္တိစာသင်တိုက် အင်းစိန် ရွှေညောင်ပင် စာသင်တိုက်တို့သည် ရွာမတိုက်ခွဲဟုသိရသည်။ ပဒ်ဆရာတော်သည် ဆရာတော်ကြီး၏ တပည့်အရင်းဖြစ်ပြီး မှတ်မိသေးသည်၊

ပဒံဆရာတော်ဆီ ရောက်သွားတော့ အဘနန်၏ အကြောင်းတွေ ပြောပြ၍ မှတ်သားဖွယ်ရာတွေ အများကြီး ကြားသိခဲ့ရသည်။ အဘနန်၏ စာဝါချပုံတွေပြောပြီး စာရေးသူတို့ အဘအနန် အကြောင်းတွေကို ပိုသိခဲ့ရပြီး ပို၍ ကြည်ညိုခဲ့ရသည်။ ရွာမတိုက်နှင့် အဘနန်သည် ခွဲ၍မရပါ၊ ရွာမတိုက်တိုးတက် ဖို့ဆိုလျှင် အဘနန် သည် အားလုံးနှင့်ရင်ဆိုင်ရဲသည်။ လုပ်ထားတဲ့ လုပ်ဆောင်ချက်တွေလည်း အားလုံးမြင်နိုင်သည်။ ရွာမတိုက်ရှိ တိုးတက်ခြင်းတွေထဲမှာ စာကြည့်တိုက်ကြီး၏ အခန်းကဏ္ဍသည်လည်း အရေးပါသည်။ စာကြည့်တိုက်မှူး ဦးဝိသိဋ္ဌ၏ လမ်းညွှန်ဦးဆောင်မှုဖြင့် စာကြည့်တိုက်ကို လပြည့်လကွယ် ဥပုသ်ရက်မှတပါး နေ့စဉ် ညနေ(၅)နာရီမှာ ဖွင့်သည်၊ မည်သူမဆိုဖတ်ခွင့်ရှိသည်။ စာရေးသူတို့ ကဗျာလောကထဲကို ဝင်ရောက်နိုင်ရန် ရွာမတိုက်ကနေ ကြိုးစားခဲ့သည်၊ ရွာမတိုက်ကနေ စာရေးသူနှင့် သူငယ်ချင်းအပေါင်း အသင်းများဖြစ်သော ကဗျာဆရာဝေဖြိုးဦး(ငါန်းဇွန်)၊ မောင်ပန်းရိုး (အညာငွေ)တို့သည် မဂ္ဂဇင်းတိုက်များထံ ပို့ခဲ့ကြသည်၊ ၂၀၀၅-ခုနှစ်က စတင်ပို့ခဲ့သော စာမူတွေကို ရွာမတိုက်ရှိ စာကြည့်တိုက်မှ လစဉ်ယူသော မဂ္ဂဇင်းတွေကနေ စောင့် ကြည့်ခဲ့ရသည်၊ ရွာမတိုက်၏ တိုးတက်အောင်မြင်မှုမှာ စာကြည့်တိုက်ရှိ စာအုပ်စာပေတွေကလည်း တွန်းအားဖြစ်ခဲ့သည်၊ တိုက်အုပ်ဆရာတော်ကလည်း စာဖတ်ခြင်းနှင့် ပတ်သက်၍ ဩဝါဒ ခဏခဏ ပေးသည်၊ အင်္ဂလိပ်စာတွေ လေ့လာရန် တိုက်တွန်းသည်၊ ခေတ်မီစေချင်၍ ဖြစ်သည်။

၂၀၀၆-ခုနှစ် တက္ကသိုလ်ဝင်ခွင့်တွေ အတွက် ရည်သန်ပြီး တက္ကသိုလ်က သံဃာတွေကို ပင်သူ၏ကားဖြင့်အသွားအပြန်ကြိုပို့ပြီး တိုက်တွင်းရှိ ဓမ္မာစရိယတန်းတွေကို အင်္ဂလိပ်စာ လိုက်စေသည်၊ တပည့်တွေအတွက် မပြတ်လေ့လာနေပြီး ခေတ်နောက်မကျစေရန် ခေတ်ကိုစောင့်ကြည့်သည်၊ စာကြည့်တိုက်ကို စာချဆရာတော် ဦးဝိသိဋ္ဌကလည်း သံဃာနှစ်ပါးဖြင့် စောင့်ကြပ်ပြီး စာဖတ်သူ သံဃာတွေကို လေ့လာသည်၊ စည်းကမ်းရှိစေရန် ဂရုစိုက်သည်၊ စာရေးသူသည် ရွာမတိုက်ရှိ စာကြည့်တိုက်ထဲမှ သခင်တင်မြ၏ "ဘုံဘဝမှာဖြင့်"နိုင်ငံရေးစာအုပ်ကြီးကို ပြီးအောင်ဖတ်ခဲ့သည်၊ တစ်နေ့ကို ၁၅-ရွက်ခန့်ဖတ်ပြီး ကာလအတန်အကြာ ဖတ်ခဲ့ရသည်၊ စာအုပ်ကြီးပြီးသွားတော့ စောင့်ကြပ်သူ စာချဘုန်းကြီးက "ကိုယ်တော်ဟာ ဒီစာကြည့်တိုက်မှာ ဒီစာအုပ်ထူကြီးကို မပျင်းမရိ ပထမဆုံးပြီးအောင် ဖတ်သူပဲ"ဟု မှတ်ချက်ပေးသည်၊ စာအုပ်အမျိုးအစားတွေလည်း စုံသည်၊ နိုင်ငံရေးစာအုပ်တွေ၊ ဘာသာရေးဆိုင်ရာစာအုပ်တွေနှင့်စီးပွားရေးဆိုင်ရာ တက်ကျမ်းတွေကအစ မဂ္ဂဇင်းဂျာနယ်အထိ ရှိသည်။

စာကြည့်တိုက်ကြီးကို စတင်တည်ထောင်ခြင်း၏ ရည်ရွယ်ချက်မှာ စာဖတ်ပြီး တိုးတက်ခြင်း၏ လမ်းစကို ရှာဖွေခြင်းပင်ဖြစ်သည်၊ စာရေးသူက တောင် လှေခါးမြို့တော်၊ ပန်းမြို့တော်စသည်ဖြင့် ခေါ်ကြသော ပြင်ဦးလွင်ကို ရောက်နေသည်၊ ၁၃-၈-၂၀၀၆-နေ့က ရွာမတိုက်ရှိ ကဗျာဆရာ ဝေဖြိုးဦးထံ ဖုန်းဆက်တော့ "ဟာ ကိုယ်တော် အဘနန် အဘိဓေဇရတယ်၊ စာမူဖိတ်ထားတယ်၊ ဘာသာရေးအကြောင်းရေးပြီး ပို့လို့ရတယ်"ဟု ပြောလာသည်။

စာရေးသူက အဘနန်အဘိဓေဇ ရတာ သိကြောင်းပြန်ပြောပြီး စာမူ ဖိတ်ထားတာ အခုမှ သိကြောင်းနှင့် သူ့ကိုရေးရန်တိုက်တွန်းပြီး ဖုန်းချကာကျောင်းပြန်ခဲ့သည်၊ ကျောင်းပြန်ရောက်တော့ အဘနန် အကြောင်းတွေစဉ်းစားရင်း ရွာမကို လွမ်းမိတာနှင့် စာမူကောက်ရေးပြီး အဘနန်ကို ဤစာမူဖြင့် ပူဇော်လိုက်ရပါသည်။

♦ ကျော်နေနိုင် (ကျောက်ထပ်)
အထက်မင်းလှ

# ရွာမအင်းစိန် ခြိမ့်ခြိမ့်သဲ
# ဂုဏဝိသိဋ္ဌပူဇော်ပွဲ



☸ ရန်ကုန်တိုင်းတွင်၊ သမိုင်းဝင်သည်
အင်းစိန်မြို့နယ်မော်ကွန်းဝင်။
☸ အင်းစိန်ရွာမ၊ ဂုဏ်ရောင်လှ၍
ရွာမတွင်ရှိ၊ မြတ်ကဝိဟု
ပရိယတ္တိ၊ မြင့်မြတ်ဂုဏ်တင်
စာသင်တိုက်ကြီး ထေရ်သံဃာ။
☸ အင်းစိန်ရွာမ၊ သမိုင်းလှစွာ
ပဓာနပါ၊ မြတ်ဆရာတည်း
နာယကဆရာတော်တို့ပူဇော်။
☸ အင်းစိန်ဂုဏ်လျှံ၊ သမိုင်းမှန်၍
နိုင်ငံတော်မှာ၊ အစဉ်လာရှိ
ဩဝါဒါစရိယဆရာတော်။
☸ အင်းစိန်ရွာမ၊ သမိုင်းလှ၍
အရဟတ္တမဇ္ဈ၊ သာသနာ၀ယ်
အဂ္ဂမဟာပဏ္ဍိတဆရာတော်။
☸ အင်းစိန်ဂုဏ်ရည်၊ သမိုင်းတည်၍
ဘွဲ့မည်သိအပ်၊ မထေရ်မြတ်သည်
ဘဒ္ဒန္တ နန္ဒဝံသ သက်တော်ရှည်။
☸ အင်းစိန်နယ်မြေ၊ ဂုဏ်ရောင်ဝေသည်
ထေရ်မြတ်မဟော်၊ ဆရာတော်ဟု
ဂုဏဝိသိဋ္ဌ၊ ပူဇော်ကြသည်
ရွာမအင်းစိန် ခြိမ့်ခြိမ့်သဲ။
☸ အင်းစိန်ဂုဏ်ထက်၊ ဂုဏ်ရောင်လက်သည်
သက်တော်လည်းရှည်၊ မဟာထေရ်အား
ရေးသားပူဇော်အပ်ပါသည်။

ရွှေညာ-မောင်ကြီး(မြစ်ငယ်)




# သာသနာ့ပျိုးခင်း

ဗအုပ်ခိုင်

ရွာမအနောက်ရပ်ကွက်၏ ကျက်သရေဆောင် ထို့ထက်ပို၍အင်းစိန်မြို့၏ ကျက်သရေဆောင် ထို့ထက်ကား ရန်ကုန်မြို့၏ ကျက်သရေဆောင် ဖြစ်သော ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ သက်တမ်းကား အနှစ်လေးဆယ်နီးခဲ့လေပြီ၊ ဒါက စာသင်တိုက်အဖြစ်တည်ထောင်ခဲ့သော သက်တမ်းဖြစ်၏။ ရွာမဘုန်းကြီးကျောင်းအဖြစ် တည်ရှိခဲ့သော သက်တမ်းက ဗဒုံမင်းလက်ထက်မတိုင်မီ ၁၁၆၄(၁၈၀၃)ခုနှစ်၏ ရှေ့ပိုင်းဖြစ်၍ နှစ်ပေါင်း ၂၀၀-ကျော်ခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ရွာမပရိယတ္တိစာသင်တိုက်ကြီးကား ရွာမကျောင်းတိုက်အမည်ဖြင့် အင်းစိန်မြို့၏ ပထမဦးဆုံးကျောင်းတိုက်တစ်ခုဆိုကလည်း မမှားချေ။ ကျောင်းတိုက်၏သက်တမ်းမှာ ရှေးနှစ်ပေါင်းများစွာ ကြာလွန်း၍ မည်သည့်ခုနှစ်က မည်သည့်ဆရာတော် စတင်တည်ထောင်ခဲ့သည် ဆရာတော်အစဉ်အဆက်မည်မျှရှိကြသည်ကို တိကျစွာ ပြောဆိုနိုင်မည့်သူမရှိတော့ သမိုင်းစာပေ အထောက်အထားလည်း မကျန်ရစ်တော့။

သို့သော် ၁၉၁၈-ခုနှစ်ထုတ် မြန်မာနိုင်ငံသုတေသနအသင်းဂျာနယ်အတွဲ ၈-တွင် ပါရှိသော မင်္ဂလာဒုံမြို့ ၆၄-ခုစစ်တမ်းအရ ယင်းစစ်တမ်းကောက်ယူချိန်တွင် အင်းစိန်သည် မြို့မဖြစ်သေးဘဲ မင်္ဂလာဒုံမြို့အတွင်း၌ပါဝင်သော ရွာတစ်ရွာမျှဖြစ်ခဲ့သည်။ ၁၉၃၈-ခုနှစ်ထုတ် မွန်ဘိုးချို၏ မြို့ရွာအမည်များစာအုပ်၌ အာစိင်(ဝါ)အင်းစိန်၏ မူလနေရာသည် ယခုအင်းစိန်ရွာမဘုန်းတော်ကြီးကျောင်းအတွင်းရှိ ရေကန်နေရာဖြစ်သည်ဟု ထိုစဉ်က ရွာမကျောင်းထိုင်ဆရာတော်ကြီးက မိန့်ကြားကြောင်း ရေးသားဖော်ပြထား၏။ အင်းစိန်ဟူသော ဝေါဟာရအမည်ဆင်းသက်လာပုံမှာလည်း မွန်ဘာသာ "အင်"နှင့် "စိင်"ပေါင်းစပ်သော "အင်စိင်"မှ အင်းစိန်ဖြစ်လာကြောင်း သိရသည်။ အင်-မှာ မြန်မာလို အိုင်-ဟူသောအဓိပ္ပါယ်ရ၍ စိင်-မှာ ဆင်-ဟူသောအနက်အဓိပ္ပါယ်ရရာ အင်းစိင်၏အဓိပ္ပါယ်မှာ အိုင်ဆင်ဟူသော အဓိပ္ပါယ်ရလေသည်။



ထိုအိုင်ဆင်ကို အဓိပ္ပါယ်ကောက်ရာ ဆင်များ ဆင်းသည့်အိုင်ဖြစ်ကြောင်း ပညာရှင်များက အနက်အဓိပ္ပါယ်ဖွင့်ဆိုကြ၏။ ထိုဆင်များ ရေဆင်းစိမ်သည့် ရေကန်ကြီးကား ရွာမကျောင်းတိုက်အတွင်းရှိ ကန်ကြီးဖြစ်ခဲ့လေသည်။

၁၈၅၃-ခုနှစ် ဗြိတိသျှအုပ်ချုပ်သည့်ခေတ်တွင် အင်းစိန်သည် ပဲခူးနယ်(ပဲခူးတိုင်း) ရန်ကုန်စီရင်စု(ရန်ကုန်ခရိုင်) မှော်ဘီမြို့နယ် မင်္ဂလာဒုံတိုက်နယ်တွင်ပါဝင်သော ရွာကြီးတစ်ရွာ ဖြစ်ခဲ့လေသည်။ ထိုစဉ်က အင်းစိန်ဟုအမည်ရသော ရွာကြီးတွင် လူဦးရေ ၂၄၈-ယောက်မျှသာ ရှိခဲ့၏။ ထို့ကြောင့် ၁၁၆၄(၁၈၀၃)ခုနှစ်တွင် ရွာအဖြစ်တည်ရှိနေပြီဖြစ်သော အင်းစိန်တွင် ရွာမကျောင်းတိုက်ဟူသော ဘုန်းကြီးကျောင်းလည်း တည်ရှိနေပြီဖြစ်သည်။ ထိုရွာမဘုန်းတော်ကြီးကျောင်းမှာ ရှေးနှစ်ပရိစ္ဆေဒကြာလွန်း၍ ကျောင်းထိုင်ဆရာတော်အစဉ်အဆက်ကို အတိအကျမသိနိုင်ခဲ့သော်လည်း ယခုလက်ရှိဆရာတော်ဘုရားကြီး ဦးနန္ဒဝံသ၏ အထက်ကျောင်းထိုင်ဆရာတော် ၅-ဆက်ကိုတော့ တိကျစွာ သိနိုင်လေသည်။

၁။ ဆရာတော်ဦးအာဒိစ္စ(မုံရွာ၊ အလုံဇာတိ)
၂။ ဆရာတော်ဦးဝါသဝ(မုံရွာ၊ အလုံဇာတိ)
၃။ ဆရာတော်ဦးနာရဒ(ဘုတလင်ဆုံကုန်းဇာတိ)
၄။ ဆရာတော်ဦးပညာသီဟ(မှော်ဘီသရက်ချောင်းဇာတိ)နှင့်
၅။ ဆရာတော်ဦးနိဂြောဓ(အင်းစိန်ရွာမဇာတိ) တို့ဖြစ်၏။

ထိုဆရာတော်များထဲတွင် တတိယမြောက်ဆရာတော်ဖြစ်သော ဦးနာရဒနှင့် စတုတ္ထမြောက်ဆရာတော်ဖြစ်သော ဦးပညာသီဟတို့မှာ ဝိနည်းသိက္ခာစောင့်စည်းမှုတွင် နာမည်ကြီးပြီး စာပေကျမ်းဂန်ပညာအရာ တွင်လည်း ကျွမ်းကျင်နှံ့စပ်၍ ထိုအချိန်က တစ် နယ်လုံးလေးစားရှိသေရသော ဆရာတော်များ ဖြစ်ကြသည်။ထို့ပြင်တတိယမြောက်ဆရာတော် ဦးနာရဒသည် မြန်မာပညာရှိတစ်ဦးဖြစ်သည်။ မှော်ဘီ ဆရာသိန်းကြီး၏ဆရာရင်း ဖြစ်လေသည်။ ဆရာတော် ဦးနာရဒပြုစုခဲ့သည့် အနေကဇာဋီကာ စသည့်ကျမ်းဂန်များစွာရှိခဲ့ပြီး အင်းစိန်မြို့ ကရင် ဗမာအရေးအခင်းတွင် ကျမ်းများစွာမီးလောင်ပျက် စီးဆုံးရှုံးခဲ့ရသည်။ သို့သော်လည်း ဆရာတော်၏ လက်ရာကျမ်းတစ်ခုဖြစ်သော မှော်ဘီဆရာသိန်း၏ ပေါရာဏဒီပနီကျမ်း၊ ရှေးဟောင်းကဗျာကဏ္ဍရှိ ဧကပိုဒ်ရတုမှာ ယခုတိုင် ကျန်ရှိနေပေသေးသည်။

ပဥ္စမမြောက်ဆရာတော်ဖြစ်သော ဆရာတော် ဦးနိဂြောဓပျံလွန်တော်မူသောအခါတွင်တော့ ယခုလက်ရှိဆရာတော်ဘုရားကြီး ဖြစ်သော ဦးနန္ဒဝံသသည် ဆရာတော်ဦးကေသဝ ဆရာတော်ဦးကေတုတို့နှင့်အတူ (၃)ပါးလက်တွဲပြီး သာသနာပြုခဲ့သည်။

ယခုလက်ရှိဆရာတော်ဘုရားကြီး ဦးနန္ဒဝံသအား ၁၉၅၄-ခုနှစ်မှစ၍ အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနယာဓိကစာမေးပွဲကြီးကို ဤရွာမကျောင်းတိုက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၉၇၀-ခုနှစ်သို့ရောက်သောအခါ ဆရာတော် ဦးကေတုနှင့် ဦးနန္ဒဝံသတို့သည် ရွာမကျောင်းတိုက်ကို ပရိယတ္တိစာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်နိုင်ရန် မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး ဦးသောဘိတထံ ဂဏဝါစကစာချပုဂ္ဂိုလ်များချီးမြှင့်ပေးတော်မူပါရန် လျှောက်ထားတောင်းပန်ခဲ့ရာ ဆရာတော်ဘုရားကြီးက မိမိ၏ တပည့်များဖြစ်သော အရှင်တိလောကာဘိဝံသ၊ အရှင်အက္ကိုရနှင့် အရှင်ဝိဇယတို့ကို ဂဏဝါစကစာချများအဖြစ် ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ထို့ကြောင့် ၁၉၇၀-ပြည့်နှစ် ဧပြီလတွင် ရွာမပရိယတ္တိစာသင်တိုက်ကြီးအဖြစ် စတင်ပေါ်ထွန်းလာခဲ့ပြီး စာသင်သား ၃၅-ပါးဖြင့် စာသင်တိုက်ကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

ထိုအချိန်မှစတင်၍ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ရွာမပရိယတ္တိစာသင်တိုက်ကြီးတွင် ပရိယတ္တိသာသနာ့ပျိုးပင်များကို စတင် စိုက်ပျိုး၍ ပေါင်းသင်ရေလောင်းခဲ့ရာ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပြီး စာသင်သားသံဃာများလည်းတစ်နှစ်ထက်တစ်နှစ်များပြားလာခဲ့ပါသည်။ ဆရာတော်ဦးနန္ဒဝံသ၊ ဆရာတော်ဦးတိလောကနှင့်စာချဆရာတော်များ၏ စည်းကမ်းကောင်းခြင်း အုပ်ချုပ်မှုကောင်းခြင်း၊ စာသင်စာချကောင်းခြင်းတို့ကြောင့် ရွာမပရိယတ္တိစာသင်တိုက်သည် အင်းစိန် မြို့တွင်သာမက ရန်ကုန်မြို့တွင်ပါ အောင်မြင်ထင် ရှား၍ ထူးချွန်သောစာအောင်သံဃာအများအပြား ပေါ်ထွက်လာခဲ့ပါသည်။

၁။ ၁၉၈၀-ခုနှစ်တွင် ရှင်ဓမ္မစက္ကက ပထမငယ်တန်းတွင်မြန်မာတစ်ပြည်လုံး ပထမအဆင့်



ဖြင့်လည်းကောင်း၊

၂။ ၁၉၈၁-ခုနှစ်တွင် ပါဠိဘာသာဖြင့် ဖြေဆိုရာ ရှင်သီလက္ခန္ဓက ပထမကြီးတန်းတွင် မြန်မာတစ်ပြည်လုံးတတိယအဆင့်ဖြင့်လည်းကောင်း၊

၃။ ၁၉၈၃-ခုနှစ်တွင် ရှင်နန္ဒာသီရိက ပထမကြီးတန်း၌ မြန်မာတစ်ပြည်လုံး ပထမကျော်၊

၄။ ၁၉၈၃-ခုနှစ်မှာပင် ရှင်နန္ဒာစရိယက ပထမကြီးတန်းတွင် မြန်မာတစ်ပြည်လုံး တတိယအဆင့် ဖြင့်လည်းကောင်း၊

၅။ ၁၉၈၅-ခုနှစ်တွင် အရှင်နာယကက ပထမငယ်တန်း၌ မြန်မာတစ်ပြည်လုံးဒုတိယ၊

၆။ ၁၉၈၈-ခုနှစ်တွင် ရှင်ပညာသီဟက ပထမငယ်တန်း၌ မြန်မာတစ်ပြည်လုံးပထမ၊

၇။ ၁၉၈၉-ခုနှစ်တွင် အရှင်စိန္တာဝရက ပထမကြီးတန်း၌ မြန်မာတစ်ပြည်လုံးတတိယ၊

၈။ ၁၉၉၀-ခုနှစ်တွင် ရှင်ဩဘာသက ပထမကြီးတန်း၌ မြန်မာတစ်ပြည်လုံးပထမကျော်၊

၉။ ၁၉၉၁-ခုနှစ်တွင် ရှင်ကေသရက ပထမလတ်တန်း၌ မြန်မာတစ်ပြည်လုံးဒုတိယ၊

၁၀။ ၁၉၉၄ ခုနှစ်တွင် ရှင်ဇနိတက ပထမလတ်တန်း၌ မြန်မာတစ်ပြည်လုံး ပထမ၊

၁၁။ ၁၉၉၈-နှစ်တွင် အရှင်ဉာဏဗလက ပထမကြီးတန်းတွင် မြန်မာတစ်ပြည်လုံးတတိယ၊

၁၂။ ၁၉၉၈-နှစ်မှာပင် အရှင်ကုဏ္ဍောဘာသက ပထမလတ်တန်း၌ မြန်မာတစ်ပြည်လုံးပထမ၊
၁၃။ ၂၀၀၀-ပြည့်နှစ်တွင် ရှင်တေဇနိယက ပထမငယ်တန်း၌ မြန်မာတစ်ပြည်လုံးပထမ၊
၁၄။ ၂၀၀၁- ခုနှစ်တွင် အရှင်ဇဝနာလင်္ကာရ က ပထမကြီးတန်း၌ မြန်မာတစ်ပြည်လုံးတတိယ
၁၅။ ၂၀၀၅-ခုနှစ်တွင် ရှင်ပညိန္ဒက ပထမလတ်တန်းတွင် မြန်မာတစ်ပြည်လုံးတတိယ၊
၁၆။ ၂၀၀၆-ခုနှစ်တွင် ရှင်ဓမ္မိသရက ပထမငယ်တန်းတွင် မြန်မာတစ်ပြည်လုံးတတိယ၊
၁၇။ ၂၀၀၇-ခုနှစ်တွင် ရှင်ရေဝတက ပထမငယ်တန်းတွင် မြန်မာတစ်ပြည်လုံး ဒုတိယအဆင့်တို့ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြပါသည်။

၁၉၈၁-ခုနှစ်က ပထမကြီးတန်းတွင် မြန်မာတစ်ပြည်လုံး တတိယရရှိသော ရှင်သီလက္ခန္ဓသည် ယခုအခါ ပိဋကသုံးပုံ အာဂုံဆောင် ရေးဖြေအောင်တော်မူသော ရွှေရတုတိပိဋကဆရာတော်တစ်ပါး ဖြစ်နေပေပြီ။

ရွှာမပရိယတ္တိစာသင်တိုက်မှ တိုက်အုပ်ဆရာတော်ဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးတိလောကာဘိဝံသသည် ကျောင်းတွင်းရှိ တပည့်ရဟန်းသာမဏေများကို စာပေပရိယတ်ပို့ချရှိမှုမက နွေရာသီအချိန်တွင် ကလေးသူငယ်များကို ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

ထို့ပြင် ၁၉၉၁-ခုနှစ်မှစ၍ ယခုအထိ အနယ်နယ်အရပ်ရပ်မှ ရဟန်းသံဃာများကို နွေရာသီယမိုက်+ပဋ္ဌာန်းသင်တန်းကြီးဖွင့်လှစ်သင်ကြားပေးရာ တစ်နှစ်တစ်ကြိမ်လျှင် သံဃာအပါး ၅၀၀-မှ ၁၅၀၀-အတွင်းရှိသည်ကို တွေ့မြင်ရပါသည်။

ရွှာမပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဦးနန္ဒဝံသ၊ တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသတို့၏ ဦးဆောင်မှုအပြင် တပည့်တရားပြဆရာတော်၊ စာချဆရာတော်တို့၏ ဝိုင်းဝန်းကူညီမှုကို ယူကာ နွေရာသီတွင် မဟာစည်ဆရာတော်ဘုရားကြီး၏ နည်းနိသျဖြင့် (၁၀)ရက် သတိပဋ္ဌာန်ဝိပဿနာတရားစခန်းများကိုလည်း ဖွင့်လှစ်ကာတရားပြသပေးတော်မူခဲ့ပါသည်။

ပရိယတ်၊ ပဋိပတ် ဂန္ထဓုရ၊ ဝိပဿနာဓုရ-ဟူသော ဓုရနှစ်ဖြာဖြင့် သာသနာ့ပျိုးခင်းများကို ရှင်သန်စေခဲ့သော ရွှာမပရိယတ္တိစာသင်တိုက်ကြီး၌ သာသနာကား နေလိုလလို ပွင့်လန်းလျှက်ရှိချေပြီ။

ရွှာမစာသင်တိုက်အဝကို ဝင်လိုက်သည်နှင့် လောကချမ်းသာ လျှောင်းတော်မူရုပ်ပွားတော်ကြီးက ကြည်ညိုစဖွယ် သပ္ပါယ်လှပြီး နဂါးရုံရုပ်ပွားတော်၊မင်္ဂလာနန္ဒာကန်တော်၊ နှစ်ကျိပ်ရှစ်ဆူဘုရားတန်ဆောင်း၊ လောကဥဿျောင်စေတီတော်၊ တဝဂ္ဂဘုရား၊ မေးစေ့အောက်တွင် ဝ-ပေါ်နေသော ထူးခြားသည့် "ဝ"ဘုရားစသော ဘုရားစေတီပုထိုး၊ ရုပ်ပွားတော်မြတ်များကလည်း ရွှာမပရိယတ္တိစာသင်တိုက်ကြီး၏ မင်္ဂလာကျက်သရေကို ပိုမိုတင့်ဝေစေပါသည်။

ယခုအခါ ရန်ကုန်မြို့၏ ကျက်သရေဆောင် ရွှာမပရိယတ္တိစာသင်တိုက်ကြီးတွင် ဘုရားဖူးပရိသတ်များသာမက ညစဉ်ညတိုင်း သတိပဋ္ဌာန်ဝိပဿနာ တရားများ ဟောပြောပြသ ကျင့်ကြံစေသော အချိန်ပိုင်းတရားစခန်းလည်းရှိ နေသဖြင့် ထူးခြားသော ဘုရားစေတီရုပ်ပွားတော် များကို ဖူးမျှော်ရင်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းတရားတို့ကို လာရောက်ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

◆ ဗအုပ်နိုင်



# လူလက်ကြား

# အလွမ်း

## သိမ်းတင်သား



၁၉၈၀-ပြည့်လွန်၊ ဆောင်းရက်များ၊ ပုသိမ်ကောလိပ်၏ ညတစ်ည။

တစ္ဆေဝတ္ထုရေးမလို့မဟုတ်ပါဘူးကျောင်းဒကာ ---။ လူကြီးဆိုတာ ---"အတိတ်"တွေဆီမှာ "အလွမ်း"တွေနဲ့နေထိုင်တတ်ကြပြီး၊ "လူငယ်"တွေကတော့ --- သူတို့ရဲ့ 'တက်ကြွဖွယ်အနာဂတ်ကာလ'အတွက်--- "အချစ်"တွေနဲ့နေထိုင်ကြတယ်ဆိုပဲ၊ ဘယ်သူပြောတာတုန်းတော့ မလုပ်ပါနဲ့ ----မောင်။ ပါမောက္ခကြီးရှေ့မှာ **VIVA** ဖြေရတာ မဟုတ်တော့--- ဒီလောက်တော့--အလွတ်မကျက်ထားပေါင်။ ကိုင်း--- ကျုပ်တို့လို 'လူလက်ကြား'၊ (ဟုတ်ပဲ့--- လူကြီးလည်းမဟုတ်၊ လူငယ်လည်းမက---ဝကျကျအရွယ်ပေကိုး)တွေအတွက်တော့ ကြုံရင်ကြုံသလို လွမ်းလွမ်းနေရတော့တာပဲကွယ်။ ကိုင်းပါ--- ၁၉၈၀-ပြည့်လောက် ပုသိမ်ကောလိပ်ကျောင်းသားတွေ မသိမဖြစ်တဲ့နေရာလေးတွေ ရှိခဲ့တာပ။

'အမကြီး'စားသောက်ဆိုင်၊ နောက်ပြီး ဦးပြုံးရဲ့ 'မိုးပြာ'ကဖေး၊ သောက်တတ်စားတတ်သူတွေအတွက်'ဆာဗားနား'ရဲ့ချက်အရက်ဆိုင်တွေပါခင်ဗျား၊ အစ်မကြီး(သတ်ပုံအမှန်)ဆိုင်တို့ မိုးပြာတို့က --- နေခင်းမှာသာဖွင့်တဲ့ဆိုင်တွေပါ။ ညဥ့်မှာသာ ပျော် ကြ၊ 'လက်ကြားယိုကိုကိုတွေအတွက်တော့ ဆားဗားနားတို့ YDN နေဝေးရဲ့ တာလမ်းကြီးက ညဆိုင် တွေရှိခဲ့တာပေါ့လေ၊ နေစမ်းပါဦး မောင်ရင်က--- ဒါတွေ လျှောက်ပြောနေတော့--- တို့က ဘာလုပ်ရမှာလဲ--- တို့နဲ့ဘာဆိုင်လဲ--- တို့ကိစ္စမှမဟုတ်တာ--- မောင်ရင်ပြောတာတွေ သိရတော့ရော -- ဘာအကျိုးရှိလို့တုန်း--ဒါက ကျောင်းမဂ္ဂဇင်းမှာ ရေးရမှာတွေလို့--အမှန်ကို အမှန်မြင်ပြီး-စာမူတော့မပယ်လိုက်ပါနဲ့ အယ်ဒီတာ။ ဝမ်းစာအတွက်ပါ။ "အိမ်တန်းလျား၊ လူကပြား၊ ရေလက်ကြား"---တယ်ခွကျတယ်ဆိုသကိုး။ ခုတော့ ဘယ်ကမတုန်း။ "လူလက်ကြား" တစ်ယောက် ကဘောက်တိကဘောက်ချာ ရေးတာဆိုတော့---လာဘ်တိတ်ပြီ--- Let it be။

"လက်ကြားယိုကိုကို"ဆိုတာ--ဘာမှမဟုတ်ပါဘူး ကျောင်းဒကာရယ်--။ ကျောင်းသားတို့ဘာသာ ဘာဝ ညဘက်ဆို အားတယ်မဟုတ်လား (ဟိုတုန်းက) ဒီတော့--- အိမ်ကပို့ပေးတဲ့ "ရေ"လေးနဲ့ ကိုယ့်လက်ကိုယ်စမ်းကြ တာကို ပြောတာ၊ ကိုယ့်လာဘ် ကိုယ်ခေါ်ကြည့်တာပေါ့ဗျာ။ "ရေ"တွေက--- ကိုယ့်လက်ကြားကနေ ဘယ်လောက် ယိုထွက်သလဲဆိုတာ သုတေသန လုပ်ကြသူတွေကို ပြောတာပါ။ ကောင်းပြီ-- ကောလိပ်ညတွေမှာ ကိုယ့်အဖွဲ့နဲ့ကိုယ်---သီချင်းဆိုသူ ဖဲရိုက်သူ သိုင်းစာအုပ် စီးရီးလိုက်ဖတ်သူ ကျောင်းသားတွေအတွက် ဆောင်းညတွေဟာ- ကိုယ့်အထာနဲ့ကိုယ်လှနေ ခဲ့ရှာပါတယ်။ ကျောင်းသူတွေ ညဘက်ထွက်မှ တော့ - 'ရေလက်ကြား'ထဲရောက်တော့မှာပေါ့ ကျောင်းဒကာ။ အဲဒါမျိုးတည့်မတွေစမ်းပါနဲ့--- မုန်းတယ်။

ဒီလို---သူငယ်ချင်းတွေများစွာထဲ---ကျွန်တော်တို့က---"လက်ကြားမယို"ဘူးနော်၊ အဲဒါမျိုး တို့က ရှိုး---။ တစ်ညလုံးနီးပါး-- ဂစ်တာ တီးတယ်၊ ကဗျာ ရေးမယ်၊ စာအုပ်ဖတ်မယ်--- (ကျောင်းစာထဲက လွဲရင် အားလုံး အင်တိုက်အားတိုက်လုပ်သူတွေ) ဒါပါပဲ။သူငယ်ချင်းတွေရဲ့ 'လက်ကြားယို'စိန်ခေါ်ပွဲ တွေသွားမယ်၊ 'ဟာ--- မင်းက အောက်'၁'နဲ့ Run လိုက်ဝယ်တာ--- ဟိုကောင်ကလည်း 'ဝယ်'တာပဲ-ကွာ--- မင့်'အိမ်'မှာ ဒီဖဲ-က လာကျတယ်--- အုံ့သြတယ်ကွာ--ပေး-- 'အုံ့သြကြေး' ဆိုပြီး ကျပ်တစ်ရာမျိုး နှစ်ရာမျိုးဆွဲယူတော့တာပဲ။ သူငယ်ချင်းအချင်းချင်း ဘာပြောလို့ရမှာလဲ။ ကျွန်တော်တို့အချင်းချင်းမှာ ဒီတုန်းက ပင္ရီညာဉ်ရှိတယ် ဆရာ၊ အုံ့သြအောင် မလုပ်ရဘူး။ တစ်ခုခုများ ကိုယ့်လူတစ်ယောက် လန်းလန်းလန်းလန်းနဲ့ 'ပြည်တော်သာ'နေပြီဆိုရင် အုံ့သြပစ်လိုက်တာပဲ။ 'အုံ့သြကြေး' ဆွဲယူပစ်လိုက်တာပဲ။ ပြီးတော့--- ပုသိမ်ကောလိပ်၊ တာလမ်းကြီးမှာ တစ်ညလုံးဖွင့် တဲ့"YDNနေဝေး" (ညောင်တုန်းသား ကိုသန့်စင် သီချင်းရေးတော့ YDNနေဝေးဆိုပြီး (ကို)ဂျူန်ရဲ့ စီးရီးမှာ ဝင်ရေးခဲ့ဖူးသူပေါ့လေ)ရဲ့ဆိုင် သွားကြတာပဲ။ 'အုံ့သြကြေး' ဆိုတာ အလွဲသုံးစား မလုပ်ရဘူးဆိုတဲ့ ပင္ရီညာဉ်လည်းရှိပါ့။ ကိုသန့်စင်ကို ကျွန်တော်တို့က 'ကိုကျပ်စိ'လို့ခေါ် ကြတယ်။ ဓာတုဗေဒ နောက်ဆုံးနှစ်ကျောင်းသား၊ ကိုကျပ်စိပါ။ ဒီကာလတုန်းက အဆိုတော်ဒေါ်လာတို့၊ ဒဂီးတို့ ပေါ်ခါစဆိုတော့ ခေတ်မီအောင် ကျပ်စိလို့များ ဘယ်သူက စခေါ်ခဲ့တယ် တို့တော့မသိ။ 'ကိုကျပ်စိ'လည်း သူ့ထက်ခေတ်မီသူ 'BEDအောင်သိုက်'ဇာတ်က--- လူရွှင်တော်တွေနဲ့မှ 'အုံ့သြကြေး'ပြန်ပေးခဲ့ရရှာတယ်။ ဟိုဘိုးတော်က ပိုမိုက်တယ်--- 'ဆယ်ပြား'တဲ့ ခင်ဗျာ၊ သူ့ဆိုင်ကို ကျွန်တော်တို့ ဂစ်တာတွေနဲ့

ညဘက်ရောက်တတ်ကြတယ်၊ ရောက်တိုင်းလည်း ကိုယ့်လူတို့'ဒေးဗစ်' လား၊ 'ထမင်းဆီချက်'လား၊ ဒါပဲမေးတတ်တယ်၊ တခြား အစားအစာတွေ တို့များက မတတ်နိုင်ဘူးလေကွယ်။ ဒီမှာ ဒေသသုံး ဝေါဟာရ တစ်လုံးက ပါလာပြန်ပြီ ပုသိမ်ကောလိပ် ထွက်တွေတော့ မှတ်မိကြပါလိမ့်မယ်။ 'ဒေးဗစ်' တစ်ပွဲ၊ ပြောရမှာပေါ့ကိုကိုရာ။ 'ဒေးဗစ်'ဆိုတာ ကျွန်တော်တို့ သူငယ်ချင်းပဲ၊ 'လက်ကြားယိုကိုကို' ပဲ၊ တစ်ညလုံး JQKနဲ့ ဖက်လဲတကင်းနေတတ်သူ၊ ဂူအောင်းတတ်သူ၊ 'ဒေးဗစ်' မနက်ခင်း ဂူထွက်မှာ စားတတ်တာက --- ကြက်ဥမွှေကြော် ပြုပြုလေးနဲ့ ထမင်းဖြူ တစ်ပြား၊ ကြက်ဥမွှေကြော်က အချပ် လိုက်ကြီး မဟုတ်ဘူး၊ ခရမ်းချဉ်သီးလေး စိတ်ထည့်၊ မီးမများခင် ဖိုကချတော့ ဆွဲဆန့်လို့ရတာပေါ့၊ ဖြစ်ပစ်စပ်ကလေး၊ ဒါကို ပုသိမ်ကောလိပ်တစ် ကျောင်းလုံးမှာ 'ဒေးဗစ်တစ်ပွဲ'ဆိုရင် အဲဒီတုန်းက တစ်ကျပ်--- အားလုံးသဘောပေါက်ပြီးသားကိစ္စ၊ လွမ်းရပါတယ်ကွယ်။Let it be---- လာဘ်တိတ်ပြီ။

ပညာရှိဘုရင်ကြီး'ဒေးဗစ်'ခမျာ--- မင်းတို့ပုသိမ် ကောလိပ်ရောက်မှပဲ---'ကြက်ဥမွှေကြော်' ဖြစ်နေ ရှာတာ အံ့သြတယ်ကွာ---ပေး--'အံ့သြကြေး'လို့ မလုပ်ပါနဲ့ ကျောင်းဒကာ။ အဲဒီ'ဒေးဗစ်'အဆင့်ထိ ရောက်အောင် မနည်း 'ပြည်'တည်ခဲ့ရတာပါ။ ပုသိမ်ကောလိပ်က မိုးပြာမှာ ဒေးဗစ်ရတယ်၊ 'အမကြီး' မှာရတယ်။ 'တဲကြီး' မှာဒေးဗစ် ရတယ်။ တဲကြီးဆိုတာလည်း စားသောက်ဆိုင်ပါပဲ။ ခု ကာလတော့ တက္ကသိုလ်ကြီး ဖြစ်သွားပြီ။ ကျွန် တော်လည်း မရောက်တာ အနှစ်နှစ်ဆယ်နီးပါး ရှိပြီ၊ 'ဒေးဗစ်' ရမှရပါတော့မလား။ လူလက်ကြား တွေစိတ်က---သိပ်ခက်တာပဲနော်။ ဒီတော့ ၁၉၈၀ ပြည့်လွန်၊ လယ်တောထိပ်က နယ်ကောလိပ်လေးရဲ့ စားသောက်ဆိုင်တွေရဲ့ Manuမှာ စာရေးထားခဲ့ဖူး တာက--- ဒေးဗစ် တစ်ကျပ်။ ဒီလိုသာ မှတ်ပေရော့ ဆရာ။ မအံ့သြနဲ့ပေါ့။ တကယ်။

❀❀❀

ပုသိမ်ကောလိပ်၊ မိုးပြာလဘက်ရည်ဆိုင်၊ သဖန်းပင်အောက်----

ဦးပြုံး။ ။ မင်းတို့--- 'ဒေးဗစ်'ပဲလား---

ကျွန်ုပ်တို့။ ။ဦးပြုံးကလည်းဗျာ--အားမပြော--။ ဒီနေ့ 'အံ့သြကြေး'ရှိတယ်ဗျ-- ဒီတော့ 'နို့ဆား' ပေးဗျာ---။

ဦးပြုံး။ ။မင်းတို့-- အားနေတဲ့ကောင်တွေပဲ-ငါ--မင်းတို့ကို'ကပ္ပိယဖိုးသူတော်' တစ်ယောက်ရေးထားတဲ့ 'သိုက်စာ' ပြမယ်--- အဲဒါကို ဖော်နိုင်ရင်-- ဒီနေ့--မင်းတို့အားလုံးကို နို့ဆား တိုက်မယ်---။

ကျွန်ုပ်။ ။အင်း--ကြီးမှ နို့ညာသောက်တယ် တော့ဖြစ်ဦးတော့မှာပဲ- အံ့သြတယ်ဗျာ။

ဦးပြုံး။ ။ ဟေ့--- မအံ့သြနဲ့ဦးကွ၊ ဒါလေးပဲ ငါရေးပြမယ်---။

ဦးပြုံးရေးပြတာ မများပါဘူး။ 'ထရာဇဖ်'တဲ့။ ကိုင်း ဒီတုန်းကခေတ်စားတဲ့ ဒေါက်တာအင်ဒီဟာနာဂျူး ရဲ့ မသေဆေးဖော်တဲ့စကားဝှက်လား၊ ဗြိတိသျှ MI6က ဂျိန်းစဘွန်းကို ကျူရှင်တက်ဖို့ ညွှန်ကြား တာလား မသိ။ ကျွန်တော်တို့---ခုပဲ---စာကြည့် တိုက်ထဲ ပြေးရှာရတော့မယ့်အပေါက်။ ဒီတုန်းက သမိုင်းဌာနမှူးအဘဦးတင်မောင်ရင်(ခေတ်မြန်မာ တည်ဟန်)ဆီ ပြေးမေးရင် ဘိုးတော်က ဆဲလွှတ်မှာ အသေအချာ။ ကိုင်း---ဒါမသိလို့လည်း တို့ဘာမှ ညဏ်ရည်နိမ့်စရာမရှိပါဘူး၊ 'စဉ်းစားတယ်ဆိုတာ ဆင်းရဲတာပါပဲ'ဆိုပြီး နို့ထဲဆားအကုန်ထည့်လိုက် ကြပါတယ်။ Salt-ဆိုတာ ပညာရှိလို့လည်းအနက် ယူပေသကိုး။ ပညာရှိဆိုတာ --- Man of Ealt- တဲ့ခင်ဗျာ။

ဦးပြုံး။ ။ဟော့-- ဘယ်ကျမ်းထဲမှာမှ မပါဘူး။ မော်ဘီဆရာသိန်းရဲ့ အရှုလွယ်အိတ်ထဲက--ကွ။ ဘာမှ မဟုတ်ပါဘူးကွာ- 'ထဆင်ထူး'ကို 'ထ'လို့ပဲယူ၊ 'ရာဇ'ဆိုတော့---ရာဇ၊ မင်းလို့အနက်ကောက်၊ 'ဗ'ကတော့ 'ခြောက်' ပေါင်းတော့ 'ထမင်းခြောက်' ပေါ့ဟ---။

ကျွန့်တို့။ ။နိပ်ပ ဦးပြုံးရာ--ထရာဇဗသည် ထမင်းခြောက်ဆိုရင် ဆားဗားနား အရက်ဆိုင်က 'ငါးနီတူ'သေးသေးလေးတွေကို 546 ငါးလေးခြောက်လို့ ခေါ်ရင် ရမှာပေါ့လေ---။

ဦးပြုံး။ ။ နောက်တစ်ခုရှိသေးတယ်ကွ၊ မင်းတို့သိမှာမဟုတ်ဘူး၊ မင်းတို့က ထင်းရှူးရိပ်အောက်မှာ ညှော်ခံနေတဲ့ ကောင်တွေ၊ ဒီလိုကွ-တစ်ခါက ကိုယ်တော်တစ်ပါးဟာ-ကုဋီတံခါးမှာ ထုံးနဲ့ ပါဠိတစ်ခုရေးတာဆိုပဲ။ "တုံကယောအယုဌ္ဌေ" လို့တဲ့ကွာ---။

ကျွန်ုပ်တို့။ ။ဆရာတော်က တိပိဋကပဲ သိမှာပေါ့ဗျာ။

ဦးပြုံး။ ။မင်းတို့က နေရာတကာ--ကျမ်းရင်းလိုက်တာကိုး။ ဆရာတော်ကြီးခမျာ မနက်ဆွမ်းတောင် ဘုန်းမပေးနိုင်အောင် အကျပ်ရိုက်ရရှာတယ်တဲ့ကွာ ဘာလဲပေါ့--- ဘယ်ကျမ်းထဲကလဲပေါ့--- 'တုံကယောအယုဌ္ဌေ'- ဒီကိုယ်တော်ရေးပုံနဲ့တော့ ငါဒီညပရိမ်းယာပွဲလွတ်တော့မယ့်အပေါက်ပဲ မန်ယူပိုင်ရှင်အသစ်လား၊ မတတ်နိုင်တဲ့အဆုံး---'ဗီတို'သုံးပြီး--'ဟိတ်---ဒါ---ဘယ်သူ့လက်ချက်လဲ လာစမ်း' လုပ်တော့တာပေါ့ကွာ---။


ကျွန်ုပ်တို့။ ။ ရေးတဲ့ကိုယ်တော်ကတော့ ကြာနီကန်ဆရာတော်လောင်းလျာလားမှ မသိတာ။

မှတ်ချက်။ ။ အဲဒီကာလတုန်းက၊ စာရေးဆရာဝေမိုး(ကျွန်းလှ)တို့ ရဝေနွယ်(အင်းမ) တို့ မပေါ်သေးချေ။ 'ပေလေးပင် ရှင်လေးပါး' လွန်ကာလ ဖြစ်ပုံရပါသည်။)

ဦးပြုံး။ ။ကိုယ်တော်လေးလည်း ခပ်တုံတုံနဲ့ ဘာမှမဟုတ်ပါဘူး ဘဘုန်း--- 'တုံကယောအယုဌ္ဌေ'ဆိုတာ--- 'တောကယုံအရေဆုတ်'ပါဘုရား--- လို့ လျှောက်တော့မှ ဆရာတော်ကြီးလည်း 'ဒေးဗစ်'နဲ့ မနက်ဆွမ်းဘုန်းပေးနိုင်လေတော့တယ် ဆိုပဲ---

ဒီလိုမျိုး ငယ်ဘဝတွေထဲ ကျွန်တော်တို့ အရွယ် 'လူလက်ကြား' တွေနေထိုင်ချင်မိပါတယ်၊ ခုတော့ Let it be။ 'လာဘ်တိတ်ပြီ'။ အသက်တွေသာကြီးသွားတယ်၊ ဒေးဗစ်ပဲ ကွယ်။ 'ဆွဲ ဆန့်နိုင်သော ကြက်ဥကြော်'နဲ့ ထမင်း တစ်ပြား---နို့ဆားတစ်ခွက်လည်းလွမ်းရပါသော်ကော။ Salt man of salt. ဦးပြုံးရေ---'ယုန်သား ကြပ်တိုက်နဲ့ ထမင်းခြောက်' ပြင်ထား စမ်းပါဗျာ။ 'အုံ့ညြကြေး'ပေးပါမယ်။ တစ်ပွဲကို 'ကျပ်စေ့တစ်သောင်းတိတိ' ရှင်းပါမယ်။ ဒေါ်လာတို့ ဒင်္ဂါးတို့နဲ့တော့ မလုပ်နဲ့ဗျာ။ ပြီးတော့ အုံ့လည်းမညြနဲ့ဦး။ ကျွန်တော်တို့ ပြန်လာပါ့မယ်။

♦ သိမ်းတင်သား



# ပူဇော်ထိုက်သူ ဆရာတစ်ဆူ

## ကြည်လေး

ပညာဟူသည်မြတ်ရွှေအိုး
ပညာရွှေအိုး လူမခိုး
ပညာရဲရင့် ပွဲလယ်တင့်
ပညာတန်ဆောင် မီးရှူးရောင်
အမှောင်ခွင်း၍ အလင်းကိုဆောင်သော
ပညာရောင်ကို ပညာဒါနပေးဝေငှသည့်
ရတနာမြိုင်သာသနာ့ရိပ်သာသို့(၁၂-၁၁-၀၆)နေ့က
မှတ်မှတ်ရရရောက်ရှိခဲ့ပါ၏။

တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပညာဒါန သင်တန်းဆင်းပွဲ ပညာအလှူပေးလှူကုန်သော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲကို ဆရာတော် သံဃာတော်များပင့်ဖိတ်၍ နေ့ဆွမ်းဆက်ကပ်လှူ ဒါန်းခြင်း၊ ဧည့်ပရိသတ်တို့အား နေ့လည်စာ တည် ခင်းကျွေးမွေးလှူဒါန်းခြင်းဖြစ်သည့် မင်္ဂလာ နေ့ရက် ဖြစ်ပါ၏။

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၃)ရပ်ကွက် တွင် တည်ရှိသည့်ရတနာမြိုင် သာသနာ့ရိပ်သာ၏ ပညာဒါနသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အားထားမှီခို ကြည် ညိုစရာ ဌာနတစ်ခုအဖြစ်ပါဝင်နေပါသည်။

ရတနာမြိုင်ဆရာတော် ဦးဝိသိဋ္ဌနှင့် ဦးပညာဇောတ(ရွှေဘိုမင်းသုခ)တို့၏ ဦးဆောင်မှု စေတနာသဒ္ဓါစွမ်းအားနှင့်တကွ ပညာပါရမီ ကူညီ ဖြည့်ဆည်းပေးကြသည့် ဆရာ ဆရာမများ အလှူ ရှင်များဖြင့် စုပေါင်းညီညာ အောင်ကြောင်းဖြာ သည့် ရတနာမြိုင်ရိပ်သာဖြစ်ပါသည်။ အကောင်း တွင် အမွန်ဆင့် အသွင်တင့်ကျက်သရေ မင်္ဂလာ ရှိလှပေ-ဆိုစကားသည် ထိုနေ့တွင်မှန်ကန်နေပေ သည်။

ဤအခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဆရာ တော် ဘဒ္ဒန္တအာဒိစ္စ(သာသနာသာစည်) ဆရာတော် နှင့် သံဃာတော်များ ကြွရောက်ချီးမြှင့်ကြသည်ကို ကြည်ညိုသဒ္ဓါပွားများကာဖြင့် ဖူးမြော် ကြည်ညို ခွင့်ကို ရရှိခဲ့ကြသည့်အပြင် ထူးထူးကဲကဲ ကြုံခဲ ဆုံခဲလှသည့် သက်တော်ရှည်ဆရာတော်ကြီးကို ထပ်မံကြည်ညို ဖူးမြော်ခွင့်ရရှိခဲ့ပါသည်။

ဆရာတော်ကြီးကားဗုဒ္ဓမြတ်စွာ သာသနာ တော်မြတ်ကြီး သန့်ရှင်းတည့်တံ့ပြန့်ပွားစေရန် ကာယ၊ ဉာဏ၊ လုံ့ ခန္တီ၊ မေတ္တာ၊ စေတနာတို့ဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင် အားထုတ်ခဲ့ သော အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒဝံသပင်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရမှ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းပူဇော် ခဲ့သည့် ဆရာတော်ကြီးတစ်ပါးဖြစ်ပါသည်။

အင်းစိန် ရွာမတိုက်ခွဲ ရတနာမြိုင် ဒဂုံအရှေ့ ပိုင်းသို့ ကြွရောက်ချီးမြှင့်ခြင်းသည်ပင်လျှင် သက်တော်နှင့်အမျှ ညီညွတ်နေသည့် ဆရာ တော်ကြီး၏ ကျန်းမာရေးကို အကဲခတ်မိပါသည်။

ဆရာတော်ဘုရားကြီး၏ စောင့်ထိန်းခဲ့သည့် သီလ၊ ပွားများခဲ့သည့် ဘာဝနာ အကျိုးကို မျက်ဝါး ထင်ထင်တွေ့မြင်ရပါပြီ။ ခိုင်မြဲသည့် သတိရှိနေ ခြင်းကိုလည်းဆရာတော်ကြီး မိန့်ကြားသည့်စကား များက ဖော်ပြနေပါသည်။

ရတနာမြိုင်ရိပ်သာ၏ အကျယ်အဝန်းများ မေးမြန်းပြီး ရာသီဥတုနှင့်ကိုက်ညီမည့် အနေ အထား၊ အလင်းရောင်ရနိုင်သည့် ကျောင်းဆောင် ဖွဲ့စည်းပုံများကို အဓိကထားဆောင်ရွက်ရန်နှင့် တပည့်များအပေါ် စောင့်ရှောက်သည့်စေတနာ၊ မေတ္တာ၊ လမ်းညွှန်ဩဝါဒများကိုကြည်ညိုနာယူခွင့် ရရှိခဲ့ပါသည်။

နာယူနေစဉ်ပင် ညောင်ပင်သာ ဦးပုည၏ ဆုံးမစာမှ ပူဇော်ထိုက်ငြား၊ သူတို့အား၊ စိတ်ထား ကြည်သဒ္ဓါ။သဒ္ဓါကြည်လင်၊ ပူဇော်လျှင်၊ ကိုယ်တွင် ဘေးကင်းကွာ။ ရှေးကတင်ဖူး၊ သူ့ကျေးဇူး၊ အထူးဆပ်မှသာ။ ဤကဗျာကို သတိရလျှက်

ဆရာတော်ဘုရားကြီးသည် အများသူငါ တပည့်ဒယကာတွေအတွက် ပူဇော်ထိုက်သူ၊ ဆရာတစ်ဆူ ဟူ၍ မှတ်ယူလိုက်ပါသည်။

ပူဇော်ထိုက်သူ၊ ပူဇော်မှု၊ မှတ်ယူမင်္ဂလာ- ဟူသော မင်္ဂလာတရားနှင့်အညီ ပူဇော်ထိုက်သော

ရတနာသုံးပါး၊ မိဘ၊ ဆရာသမား ဂုဏ်အားဖြင့် ထူးကဲ, အရွယ်အားဖြင့် ရှည်လျား, သိက္ခာအားဖြင့် ကြီးမားခြင်းစသော ပူဇော်ဖွယ် ဂုဏ်တို့နှင့် ပြည့်စုံလှသည့် သက်တော်ရှည် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တ နန္ဒဝံသ မထေရ်မြတ်ကြီးကို အမှတ်မထင် ဖူးမြင်လိုက်ရသည့်အတွက် မိမိရင်ထဲ၌ ဝမ်းသာပီတိ များစွာဖြစ်မိပါသည်။

ဖူးမြော်ခွင့်ရသောနေရာကား အခြားမဟုတ်၊ ဆရာတော်ကြီး၏ကျောင်းတိုက်ခွဲ ရတနာမြိုင်သာသနာ့ရိပ်သာ ပညာဒါန သင်တန်းဆင်းပွဲ၌ ဖူးမြော်ခွင့်ရရှိခဲ့ခြင်း ဖြစ်ပါ၏။ ထိုအခမ်းအနားတွင် ဆရာတော်ကြီးကို ဖူးတွေ့ရသောအခါ မိမိ၏စိတ်ထဲမှာ ဖရဏာပီတိ ဂွမ်းဆီထိသို့ ဖြစ်မိပါ၏။ ဆရာတော်ကြီးသည် သက်တော်အားဖြင့် ကြီးရင့်သော်လည်း သတိမမေ့ခြင်း၊ လှုပ်ရှားသွားလာနိုင်ခြင်း စသော ဂုဏ်အပေါင်းတို့နှင့်လည်း ပြည့်စုံလှပါပေသည်။

ရွာမဆရာတော်ဘုရားသည် ပရိယတ္တိစာသင်တိုက်ကြီး၏ ကြီးပွားတိုးတက်ရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်တော်မူခြင်း၊ ပခုက္ကူ မဟာဝိသုတနိကာယ၏ ဂဏာဓိပတိ၊ ဝိနယာဓိကစာမေးပွဲကြီး၏ အကြီးအမှူး၊ သုဓမ္မာဂိုဏ်းကြီး၏ ဂိုဏ်းချုပ်၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒစရိယ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တော်စသည်တို့ လက်ခံရရှိတော်မူခြင်း စသည်တို့ကြောင့်လည်း ပိုမိုထည်ဝါလှပါပေသည်။

ရွာမပရိယတ္တိစာသင်တိုက်ကြီးသည် ပရိယတ္တိ ဂန္ထဓုရလုပ်ငန်း တစ်ခုတည်းမကဘဲ ပရိယတ္တိနည်းလမ်းအတိုင်း တရားအားထုတ်ခြင်း၊ ပဋိပတ္တိ ဝိပဿနာဓုရ လုပ်ငန်းကိုလည်း စာသင်သားများ စာမေးပွဲအပြီး သင်္ကြန်တွင်း ၇-ရက် တရားစခန်း ဖွင့်လှစ်ခြင်း၊ ကျောင်းပြန်ဖွင့်လျှင် ကျောင်းတိုက်တွင်းရှိ ရဟန်းသံဃာတွေကို တရား ၃-ရက် ရှုမှတ်ပွားရစေခြင်း၊ ညစဉ်ညတိုင်း ကျောင်းတိုက်ဝန်းကျင်ရှိ ဒကာ ဒကာမတို့အား ညနေ၆း၃၀ နာရီမှ ည ၈း၀၀ နာရီထိ တရားဖြင့် ချီးမြှင့်ပေးခြင်း စသည်တို့ကိုလည်း ကြားသိရသည့်အတွက် ဘုရားညွှန်ကြားသည့် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ သာသနာတော်ကြီးနှစ်ရပ်လုံး ဖြည့်ဆည်းနေသည့် ကျောင်းတိုက်ကြီးဖြစ်၍လည်း အကြည်ညို တိုးရပါပေသည်။

ဆရာတော်ကြီးသည် သာသနာတော်မြတ်ကြီး စည်ပင်ရေးအတွက် သိုက်စာအညွှန်းနှင့်တူသည့် ပရိယတ္တိလုပ်ငန်းကြီး တိုးတက်အောင်မြင်အောင် ဖြည့်ဆည်းပြီး သိုက်အတွင်းမှာ တည်ရှိသည့် ရတနာများ ရယူသကဲ့သို့ ပရိယတ္တိနည်းလမ်းအတိုင်း မိမိကိုယ်တိုင်လည်း ပဋိပတ္တိသာသနာ တရားဘာဝနာ ရှုမှတ်ပွားခဲ့၍ (သဗ္ဗရသံ ဓမ္မရသော ဇိနာတိ) အရသာအားလုံးကို တရားအရသာက အနိုင်ရ၏ ဟူသော ဒေသနာတော်အရ မိမိကိုယ်တိုင် တရားအရသာ သိရှိခဲ့ဟန် တူပေသည်။ ထို့ကြောင့် ၁၃၆၀-နှစ်က စပြီး တရားဒေသနာများအား ညစဉ်ညတိုင်း ၆း၃၀-နာရီ ၈း၀၀-နာရီထိ တပည့်ကမ္မဋ္ဌာနာစရိယ တစ်ပါးကို နှစ်ကျိုပ်ရှစ်ဆူ ဘုရားတန်ဆောင်းတော်ကြီးအတွင်း နေ့စဉ် အမြဲ တရားစခန်း ဖွင့်ပေးထားသည်ဟုလည်း ကြားသိရပါသည်။

ထို့ကြောင့် ရွာမဆရာတော်ကြီးသည် ပရိယတ် ပဋိပတ် စွယ်စုံရဆရာတော်ကြီး ဖြစ်ကြောင်း ရေးသားပြီး ဤဆောင်ပါးဖြင့် ဂုဏ်ပြုပူဇော်လိုက်ပါပေသည်။

♦ ကြည်လေး



# ပညာဆီမီး ထွန်းညှိခြင်း

■ သင်းအောင် (မဟာဓမ္မာစရိယ)

အထူးထူးအထွေထွေ သိတတ် ကြံတတ် မြင်တတ်မှုများမှာ ပညာဖြစ်၏။ ပညာနှင့်ပြည့်စုံသူသည်ပညာရှိဖြစ်၏။ ပညာရှိသူဖြစ်လျှင် လောက သာသနာကြီးပွားကြောင်းကို ပြုလုပ်ဖန်တီးနိုင် သည်။ ပညာသည် မြေကြီးနှင့်တူ၏။ မြေကြီးသည် အဆုံးအစမရှိအောင်ကျယ်ပြန့်သလို ပညာသည် အဆုံးမရှိအောင် ကျယ်ပြန့်သည့်သဘောတရား ဖြစ်သည်။ လေ့လာအားထုတ်၍မပြီးနိုင်သည့် ဘာသာရပ်ဖြစ်သည်။ တစ်နည်းအားဖြင့် အကျိုး စီးပွားဖြစ်ထွန်းစေရေးတွင် မွေလျော်ပျော်ပိုက် သည်မှာ ပညာဖြစ်၏။ လောကတွင် ကောင်ကျိုး မှန်သမျှ အသိဉာဏ်ပညာကြောင့် ဖြစ်ထွန်းနေရ ခြင်းဖြစ်ပေ၏။

၁။ လအရောင်အလင်း

၂။ နေအရောင်အလင်း

၃။ မီးအရောင်အလင်း

၄။ ပညာအရောင်အလင်း-ဟု

အရောင်အလင်း ၄-မျိုးရှိ၏။ ထိုလေးမျိုးတို့တွင် လအရောင်၊ နေအရောင်၊ မီးအရောင်တို့သည် သူ့အတိုင်းအတာအရ လောကကို ကောင်းကျိုးပြု၏။ လအရောင်ဖြင့် ခရီးသွားနိုင်သည်၊ နေအရောင်ဖြင့် အရာဝတ္ထုတို့ကို မြင်နိုင်သည်၊ မီးအရောင်ဖြင့် အချမ်းပယ်ဖျောက်နိုင်သည်။

သို့သော် ပညာအရောင်မှာမူ အထက်ပါ အရောင်အလင်း ၃-မျိုးထက်ထူးခြားစွာ သတ္တဝါတို့အား ကျေးဇူးပြုနိုင်သည်။ အကြောင်းမူ လရောင်စသည်ရှိသော်လည်း ပညာအရောင် အလင်းခေါ် ပညာဉာဏ်မရှိပါက ထိုလရောင်စသည်တို့ကို မှန်ကန်စွာ အသုံးမချတတ်သောကြောင့် ဖြစ်သည်။

တစ်နည်းဆိုလျှင် ပညာသည် ရတနာတစ်ပါးပင်ဖြစ်၏။ ရတနာသည် ရရှိပိုင်ဆိုင်သူကို နှစ်သက်ကြည်နူးစေတတ်၏။ ရခဲသောဒုလ္လဘပစ္စည်းတရားလည်းဖြစ်၏။ အပင်ပန်းခံကြိုးစားရှာဖွေမှ ရတတ်သည့်အခြေအနေလည်း ရှိနေ၏။ သို့နည်းတူ ပညာရေးတွင် ထူးချွန်ပြောင်မြောက်သူသည် အခြားသူများထက် မိမိဘဝကို မိမိနှစ်သက်ကြည်နူးတတ်၏။ လူတစ်ရာတွင် တစ်ဦးလောက်သာ ပညာကို ရယူနိုင်ကြသဖြင့် ဒုလ္လဘဖြစ်၏။ နေရာအမျိုးမျိုး ဆရာအမျိုးမျိုးထံသွားရောက် အပင်ပန်းခံကာ နည်းယူသင်ကြားမှလည်း ရတတ်သည်။ ပညာရှိလျှင် ဘဝများစွာအနက် တိရစ္ဆာန်ဘဝ၌ ဖြစ်ခွင့်မရှိ၊ ပညာဖြင့် ရှုမြင်ကာ တိရစ္ဆာန်ဘဝရောက်ကြောင်း အကုသိုလ်များကို ရှောင်ရှားနိုင်ရန်ဖြစ်သည်။ ပညာရှိလျှင် ရခဲလှသည့်လူ့ဘဝတွင် အသက်ရှည်ရှည်နေနိုင်ကာ မိမိကောင်းကျိုး၊ ပတ်ဝန်းကျင်ကောင်းကျိုး၊ ဘာသာ သာသနာ ကောင်းကျိုးများကို ပြုလုပ်ထမ်းဆောင်ခွင့်ရှိ၏။ အသက်တိုစေမည့် အမှုကိစ္စမှန်သမျှကို အသိစိတ် ဓာတ်ဖြင့် ရှောင်ကြဉ်ပြီး အသက်ရှည်စေမည့် နည်းလမ်းတို့ကိုသာ ပညာဉာဏ်ဖြင့် ချင့်ချိန်ဆောင် ရွက်ခြင်းကြောင့် ဖြစ်ပါ၏။ မှန်၏၊ မူယစ်ဆေးဝါး သုံးလျှင် အသက်တိုမည်သိသော်လည်း မစွန့်လွှတ်နိုင်ချေ၊ ယင်းသို့ မစွန့်လွှတ်နိုင်ခြင်းမှာ တကယ့်ပညာဖြင့် သိခြင်းမဟုတ်ချေ။ သညာဖြင့် မှတ်ယူသည့် အဆင့်လောက်သာရှိသဖြင့် မစွန့်လွှတ်နိုင်ခြင်း ဖြစ်၏။ ဤနေရာတွင် သိလျှင် သိသည့်အလျောက် ကျင့်ကြံနိုင်သည့် ပညာမျိုးသာ ဖြစ်၏။ ပညာကား နေရာတိုင်း လူတိုင်းတွင် မရှိ၊ တောတောင်တိုင်းတွင် ရတနာ မရှိနိုင်သကဲ့သို့ပင်။

အင်းစိန် ရွာမပရိယတ္တိစာသင်တိုက်ကြီးကား ရန်ကုန်မြို့တွင် သံဃာအများဆုံးသီတင်းသုံးကာ ပညာအမွေပေးနေသည့် ဌာနကြီးဖြစ်၏။ ပညာရှိ ပဓာနဆရာတော်၊ တိုက်အုပ်ဆရာတော်၊ စာချဆရာတော်စသည့် ပညာရှင်ပုဂ္ဂိုလ်မြတ်ကြီးက ပညာအမွေပေးနေခြင်း ဖြစ်၏။ ပညာအကျော်မော်စာသင်သားများ အမြဲမပြတ် ထွက်ပေါ်နေသည့် စာသင်တိုက်ကြီးလည်း ဖြစ်ပေ၏။ ကျောင်းတိုက်ကြီးမှ ပညာအရောင်အလင်း ရသွားသူအပေါင်းသည် မြို့ရွာအသီးသီးတွင် ပညာအသီးအပွင့်များကို ထပ်မံ မျိုးစေ့ချလျက် ရှိပေ၏။

ဆရာတော် ဘဒ္ဒန္တနန္ဒဝံသသည် ကျောင်းတိုက်ကြီးကို စတင်တည်ထောင်ပေးပြီး ပရိယတ္တိစာသင်တိုက်ကြီးအဖြစ်ဖန်တီးတော်မူခဲ့သည်။ ကျောင်းတိုက်ကြီးရေရှည်တည်တံ့ရေး၊ စာသင်သားများ ဆွမ်းသက်န်း ကျောင်း ဆေး ပစ္စည်းလေးပါး မပင်ပန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော်သည် ပညာဆီမီး ထွန်းညှိခဲ့သည့် အရှင်မြတ်ကြီးဖြစ်တော်မူ၏။ ဆရာတော်ထွန်းညှိခဲ့သည့် ပညာဆီမီးသည် ကမ္ဘာသူ ကမ္ဘာသားတို့အတွက် အေးမြသော အလင်းရောင်များ ဖြာဝေမြိုးကွန့်နေမည် ဖြစ်ပေသည်။

♦ **သင်းအောင်** (မဟာဓမ္မာစရိယ)

# ချီးမြှောက်ထောက်ပံ့ကြည်ညို

## ကျော်နန္ဒအောင်

ဝိနည်းဒေသနာ တော်တည်တံ့ဖို့အတွက် ပရိယတ္တိစာပေသည် အခြေခံအကျဆုံးဟူသည့် အဆိုအမိန့်ကို ကြားနာ မှတ်သားဖူးပါသည်။ ထို့ကြောင့် သံဃာတော်များ ပရိယတ္တိစာပေကို သင်ကြားကြရပါမည်။ တတ်လည်းတတ်မြောက်ကြရမည်ဖြစ်သည်။ စာပေ တတ်မြောက်ကျွမ်းကျင်မှ သာသနာတော် အရှည်တည်တံ့ပြန့်ပွားမှာဖြစ်သည်။ ထို့ကြောင့် ပရိယတ္တိသည် သာသနာတော်အတွက် အရှည်သဖြင့် တည်ရှိနေရမည် ဖြစ်ပေသည်။

ပရိယတ္တိစာပေကို သင်ယူကြသည့် သံဃာတော်များကို လေ့လာကြည့်လျှင် အချက်ပေါင်းမြောက်များစွာ ရှိနိုင်ပါသည်။ သို့သော် ဤနေရာတွင် သင်ကြားရသည့်အချက်များကို လေ့လာခြင်းထက် သင်ယူကြရသည့်အကြောင်းကို စိစစ်ကြည့်ဖို့ သင့်ပါသည်။ လောကီလူသားများလို မည်သည့်ဘွဲ့၊ မည်သည့်ဂုဏ်ထူးရရှိလျှင် မည်သို့သော ရာထူးဌာနန္တရကို ရနိုင်သည်၊ မည်သို့သော ဥစ္စာနေများ ကြွယ်ဝချမ်းသာနိုင်သည်ဟူသည့် အချက်မျိုးမျှော်မှန်းချက်မျိုး စာသင်သားရဟန်းတော်များတွင် မရှိသည်ကတော့ သေချာပါသည်။ အဘယ်ကြောင့်ပါနည်း၊ စာသင်သားတစ်ပါးအဖို့ ပရိယတ္တိစာပေကို စတင်သင်ကြားကတည်းက ငါတို့ စာပေသင်ကြားတတ်မြောက်လျှင် လောကီလူသားများလို ဥစ္စာရှာဖွေဖို့ စားရေးသောက်ရေး အဆင်ပြေစေဖို့ဟူသည့် ရည်ရွယ်ချက်မထားသည်ကတော့ သေချာလှပါသည်။ စာပေစတင် သင်ယူကတည်းက သက်ဆိုင်ရာအတန်းစာများကို သင်ယူကျက်မှတ်ဖြေဆိုမည်။ အောင်မြင်လာသည်နှင့်အမျှ သာသနာတော်အဓွန့်ရှည်စေရေးအတွက် ဂန္ထဓုရဝိပဿနာဓုရကို မည်သို့မည်ပုံ ထမ်းဆောင်မည်ဆိုသည့် ရည်ရွယ်ချက် နှစ်မျိုးသာလျှင် ရှိပါသည်။ သို့သော် ကံမကောင်းအကြောင်းမညီညွတ်သဖြင့် လူ့ဘဝသို့ရောက်ရှိသွားသူ အချို့ကိုတော့ ခြွင်းချက်အဖြစ်ထားရမည်သာ။ မူလရည်ရွယ်ချက် ကိုသွေဖီရာ ပရိယတ္တိစာပေများ ကျွမ်းကျင်တတ်မြောက်လာသည်နှင့်အမျှ ငါတို့ လူဝတ်လဲမည်၊ စီးပွားရှာမည်ဆိုသည့် ရည်ရွယ်ချက် မရှိသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

စာရေးသူကို နိုင်ငံခြားသားတစ်ဦးကပင် အမေး ရှိခဲ့ဖူးပါသည်။ ခင်ဗျားတို့ရဟန်းလောကကို လေ့လာကြည့်တဲ့အခါ ငွေကြေးနေချမ်းသာတဲ့ သားသမီးတွေ ရဟန်းဝတ်တာမရှိသလောက်ရှားပါးပြီးတော့ တောနေလူတန်းစားများ၏ သားသမီးများသာလျှင် ရဟန်းအဝတ်များသည်ကို တွေ့ရှိရကြောင်း အမေးရှိဖူးပါသည်၊ သူမေးသည့် မေးခွန်းက မှန်သင့်သလောက် မှန်ပါသည်၊ ဤသည်မှာ ခေတ်ကာလအခြေအနေ ပညာရေးစနစ်နှင့် တိုးတက်ဖွံ့ဖြိုးမှုတို့၏ အခြေအနေကြောင့်ဖြစ်ကြောင်း ရှင်းပြခဲ့ရဖူးပါသည်။ ငွေကြေးချမ်းသာကြသည့် မြို့နေလူတန်းစားမိဘတို့၏ မျှော်မှန်းချက်မှာ သားသမီးများကို ခေတ်ပညာတတ်မြောက်စေရေး ကြီးပွားချမ်းသာရေးကိုသာ အများအားဖြင့် မျှော်မှန်းကြကြောင်း၊ တောနေလူတန်းစားများအနေဖြင့် ဘာသာတရားကိုင်းရှိုင်းမှု၊ ပညာရေးစနစ်အားဖြင့် ခေတ်အခြေအနေအရ ရွာဦးကျောင်းဘုန်းတော်ကြီးကျောင်းကို အားထားပြုရခြင်း၊ ငယ်စဉ်ကတည်းက ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားစေခဲ့ပြီး ထိုမှတစ်ဆင့် ကိုရင်ဘဝ၊ ရဟန်းဘဝ၊ စာသင်သားဘဝတို့ဖြင့် ကျင်လည်ခဲ့ရသဖြင့် ဤသို့ တောနေလူတန်းစားသားသမီးများသည်သာ ရဟန်းဘဝကို ရောက်ရှိနေကြရခြင်းတို့ကို ရှင်းပြခဲ့ရပါသည်။ သို့သော်ယနေ့အချိန်အခါတွင် မြို့နေလူတန်းစားတို့၏သားသမီးများတွင်လည်း ပါရမီအလျောက် ရဟန်းဘဝကို ရရှိနေသူများ မြောက်များစွာ တွေ့မြင်ခွင့်ရနေကြပြီဖြစ်ပါသည်။ ရာခိုင်နှုန်းအားဖြင့်တော့နည်းပါးပါသေးသည်။

ရှေးခေတ်မှ ယနေ့ခေတ်တိုင်အောင် စာသင်သားတို့၏ နေထိုင်စားသောက်ရေးသည် ကွာခြားသည်ဆိုသော်လည်း သိပ်အကွာလှကြီးတော့ မဆိုသာလှပါ။ ရှေးရှေးဆရာတော်ကြီးများ၏ ခေတ်တွင် စာပုလွေထမ်းရသည်၊ စာသင်ကြားမည့်ကျောင်းတိုက်ကို ခဲရာခဲဆစ် ရှာဖွေကြရသည်။

အိပ်ရာနေရာဆင်းရဲသည်။ အသုံးအဆောင် ပစ္စည်းရှားပါးသည်ကို လယ်တီဆရာတော်ဘုရားကြီး၏ စာသင်သားဘဝ ညည်းခြင်းကို ထောက်ဆ၍ သိနိုင်ပါသည်။ ဆရာတော်ကြီး၏ စကားရပ်ကို ရှုပါ။

"စိုင်ပြင်ရွာမှ မန္တလေးရွှေမြို့တော်သို့ စာသင်သွားသောအခါ မင်းတို့ယခုကာလလို မီးသင်္ဘော၊ မီးရထားမရှိသေးဘူးကွဲ့၊ လှည်းကြုံ၊ လှေကြုံ၊ လူကြုံများနှင့် အဆင်သင့်သလို သွားရတယ်ကွဲ့၊ ငါ့မှာတော့ သက်န်းသုံးထည်ကို လက်စွပ်အိတ်တွင် ထည့်လွယ်ပြီး စာပုလွေထမ်း၍ ခရီးပြင်း တစ်လကိုးသီတင်းလာရတယ်ကွဲ့၊ ရွှေမြို့တော်စံကျောင်းတိုက်သို့ ရောက်ပြန်ပါသော်လည်း ဒွေမာတိကာကို ကျေပွန်စွာ ရအုံးမှကွဲ့၊ ဒွေမာတိကာ ရ၍ နေခွင့်သာသော်လည်း နေရာထိုင်ခင်းအတွက် အခက်ကြုံရသေးတယ်ကွဲ့၊ ငါ့မှာနေစရာမရှိ၍ သံဃာတော်များ၏ ခြေရင်း သောက်ရေအိုးအနီး တစ်နေရာစာအိပ်လောက်ရှိမှသာ ရတယ်ကွဲ့"

"အခင်းကတော့ ရွာက ပါလာတဲ့ သရေနယ်လေးတစ်ချပ်ခင်း၍ ခေါင်းအုံးကတော့ ဝါးပိုးချမ်းကြီးတစ်ခုကို အုံးရတယ်ကွဲ့၊ သရေနယ်ကလေးကလည်း မလုံမလောက် တစ်ပိုင်းပြတ်ဖြစ်နေလို့ ခဝဲခင်းဖြာကြမ်းတစ်ပိုင်းပြတ်တစ်ခုကို ရှေ့ဆက်ခင်းပြီး အိပ်ရတယ်ကွဲ့၊ အဲဒီနေရာကလည်း နေ့ကို နေလို့မရဘူး၊ ညအိပ်ရုံသာရတယ်၊ တစ်ခါတစ်ရံ သံဃာတော်များက ရေသောက်ပြီး ရေကျန်ကို တစ်ခြားလွှတ်ရာမှာမသွန်ဘဲ ငါအိပ်မည့်နေရာမှာ သွန်ထားခဲ့ကြလို့ တစ်ခါတစ်ရံ ရေစိုထဲမှာ အိပ်ရတယ်ကွဲ့"

ယခု မင်းတို့ကာလ စာသင်သားများမှာတော့ ရှေးဘုန်းရှေးကံ ကြီးကြပါပေရဲ့၊ သင်္ဘောခရီး၊ မီးရထားခရီးတွေဖြစ်နေလို့ အသွားအလာ လွယ်



ကူကြပါပေတယ်။ အသုံးအဆောင်များကလည်း ခေါင်းအုံး၊ အိပ်ရာခင်း၊ ခြုံစောင်၊ သင်ဖြူး၊ ကော်ဇော၊ အိပ်ရာလိပ်၊ ခုံသေတ္တာ၊ သံသေတ္တာ၊ ယူနီဖောင်း၊ လက်ဆွဲကိုင့်ဓာတ်ရေမူ၊ လက်နှိပ်ဓာတ်မီး၊ ဆန်အိတ်၊ ငါးပိ၊ ငါးခြောက်ငါးခြမ်း လိုလေသေးမရှိ ပြည့်စုံကြပါပေရဲ့၊ ကြီးကျယ်ကြပါပေရဲ့၊ ခမ်းနားကြပါပေရဲ့ကွဲ့"ဟု မိန့်ကြားတော်မူခဲ့ဖူးပါသည်။ ဤသည်မှာ ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး၏ ခေတ်က ဖြစ်ပါသည်။

သို့ဖြစ်ပါလျှင် ခုခေတ်စာသင်သား ရဟန်းတော်၊ ကိုရင်သာမဏေတို့၏ စာသင်သားဘဝများသည် မည်မျှတိုးတက်နေပါသနည်း ကိုးကွယ်ဆည်းကပ်ကြသည့် ဒကာဒကာမများအနေဖြင့် လေ့လာစိစစ်ဖို့လိုအပ်ပါသည်။ စာရေးသူ၏ လေ့လာရသမျှအတွေ့အကြုံအရ ဆိုရပါမူ အတိုးတက်ကြီး မဟုတ်လှသေးဘူး၊ စာသင်သားတစ်ပါးလျှင် ကုတင်တစ်လုံးမျှစီ ထားပေးနိုင်သော စာသင်တိုက် လက်ချိုး၍ ရေတွက်လို့ရမည် ဖြစ်ပါသည်။

အများအားဖြင့်မူ စာသင်သားများ၏ ဘဝသည် သေတ္တာတစ်လုံး ဖျာတစ်ချပ် ကျောတစ်နေရာ ချရုံမျှသည် သူတို့၏ ဘဝများသာ ဖြစ်ကြပါသည်။ သေတ္တာကို ခေါင်းရင်းတွင်ထား၍ ပစ္စည်းထည့်၊ ထိုသေတ္တာသည်ပင် သူ၏ စာပေလေ့ကျင့်ရာစားပွဲခုံ၊ သူ၏ကျောချရာ ဖျာတစ်ချပ်သည်ပင် သူ၏ အိပ်ခန်း၊ သူ၏ဧည့်ခန်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ စာသင်သားတို့ နေရသည့်ဘဝသည် အလွန်တရာ အတိုးတက်ကြီးဟူ၍ မဆိုသာပါချေ။ စာသင်သားများလျှင် များသည့် အလျောက် ကျောင်းတိုက်ဆရာတော်ကြီးများအဖို့ စေ့ငှအောင် အကုန်အစင် တာဝန်ယူပေးဖို့ဆိုသည်မှာ မလွယ်ကူလှပါ။ ပညာကိုသာ ဦးစားပေး၍ သင်ကြားပို့ချပေးနေကြရပါသည်။

စာသင်သားများ၏ ဘဝ, နေရေး, ထိုင်ရေး, စားရေး, သောက်ရေးတို့အတွက် မည်သူတို့တွင် တာဝန်ရှိပါသနည်းဟု မေးရပါမည်။ စာရေးသူတို့ လူဒကာ ဒကာမများတွင် များစွာတာဝန်ရှိပါသည်။ အဘယ့်ကြောင့်ပါနည်း၊ ပစ္စည်းလေးပါး ထောက်ပံ့နိုင်ကြ, ထောက်ပံ့ခွင့်ရှိကြသည်မှာ စာရေးသူတို့ လူပုဂ္ဂိုလ်များပင်မဟုတ်ပါလော။ လှူစရာ ဒါန်းစရာ ရှိလျှင် စာသင်တိုက်များကိုတော့ သွားရောက်၍ လှူကြပါ၏၊ ကောင်းပါသည်။ သို့သော် ကျောင်းတိုက်ဆရာတော်ကြီးများထံမှ ရေစက်ချအနုမောဒနာပြုပြီး လှည့်၍မပြန်ကြပါနှင့်၊ ကျောင်းတိုက်အတွင်းရှိ စာသင်သံဃာတော်များ၏ ဘဝကိုလည်း တစေ့တစောင်း လေ့လာဆည်းပူးသင့်ပါသည်။ သို့မှသာ စာသင်သားတို့၏ ဘဝအခြေအနေကို သိရမှာဖြစ်ပါသည်။ စာရေးသူအနေနှင့် အကြံပြုနေခြင်းမျှသာဖြစ်ပါသည်။ စာသင်, စာချ, သံဃာတော်များ စိတ်ကြည်လင် စိတ်ပျော်ရွှင်မှ ပရိယတ္တိသာသနာထွန်းကား၍ သာသနာတော်ကြီးလည်း အဓွန့်ကြာရှည် တည်နေမှာဖြစ်ပါသည်။

ရှိပြီးသား, ပြည့်ပြီးသားနေရာကို ရေများရာ မိုးရွာနေမည့်အစား အမှန်တကယ်လိုအပ်သည့် စာသင်တိုက်များအား စာအုပ်, စာတမ်းစသည့် ပစ္စည်းလေးပါးကို လေ့လာသုံးသပ်၍ လှူဒါန်းသင့်ပါသည်။ လှူလိုက်သဖြင့် မိမိတို့ဂုဏ်ဒြပ်တိုးတက်ရေးထက် ပရိယတ္တိစာပေထွန်းကားရေးကို ဦးစားပေးလှူဒါန်းသင့်ပါသည်။ စာသင်တိုက်အတွင်းအပြင်ကိုလည်း လေ့လာသုံးသပ်သင့်ပါသည်။ ကျေးဇူးရှင် တိပိဋကမင်းကွန်းဆရာတော်ကြီးကလည်း ကျောင်းမုခ်ဦးတွင် ခြသေ့်ရုပ်နှစ်ကောင် လှူမည့်ဒကာများအား ၎င်းအစား စာသင်သားများအတွက် လိုအပ်သည့် စာရေးကိရိယာနှင့် အသုံးအဆောင်တို့ကိုသာ လှူဒါန်းဖို့ မိန့်ကြားခဲ့ဖူးပါသည်။

စာရေးသူ၏ ကိုယ်တွေ့နှင့် ယှဉ်၍တင်ပြလိုပါသည်။ စာရေးသူအိမ်တွင် စာသင်တိုက်အသီးအသီးမှ ဆွမ်းခံသံဃာတော် (၄၅)ပါး နေ့စဉ်ကြွရောက်ခဲ့ဖူးပါသည်။ နှစ်ပေါင်းများစွာ လောင်းလှူခဲ့ပါသည်။ ကိုရင်လေးများ သပိတ်, သပိတ်ဖုံးကျ၍ ကွဲသဖြင့် ခဲတံ, ဘောပင်မရှိ၍, ထီးမရှိ၍ ဖိနပ်ပျက်သဖြင့် အကြိမ်ကြိမ်လှူခဲ့ဖူးပါသည်။ စာသင်သားရဟန်းတော်များကိုလည်း သူ့အတန်းလိုက်ဆိုင်ရာ ပြဋ္ဌာန်းကျမ်းစာအုပ်များ လှူခဲ့ဖူးပါသည်။ မိမိစွမ်းနိုင်သမျှ ထောက်ပံ့ချီးမြှင့် လှူဒါန်းခြင်းဖြစ်ပါသည်။ ထို့အပြင် ကိုယ်တိုင်ကိုယ်ကျလည်း ကျောင်းတိုက်သို့ သွားရောက်၍ စာသင်သားများ၏ ဘဝကို မျက်မြင်ကိုယ်တွေ့ လေ့လာခဲ့ပါသည်။ သို့မှသာ ပရိယတ္တိဝန်ဆောင် သံဃာတော်များ၏ ဘဝကို သိရမည်ဖြစ်ပါသည်။

စာရေးသူ ဤကဲ့သို့ ရေးသားဖော်ပြနေခြင်းသည် ဆရာလုပ်နေခြင်းမဟုတ်ပါ။ စာသင်တိုက်

ဒကာ ဒကာမများနှင့်
အဆက်အဆံ နည်းခြင်း
ဒကာ ဒကာမများဘက်ကလည်း
ပရိယတ္တိကျောင်း တိုက်အပေါ်
ထဲထဲဝင်ဝင် နည်းပါးခြင်းတို့ကြောင့်
အဆောက်အဦးမှအစ
ထွန်းကားမှုနှေးကွေးနေခြင်း
ဖြစ်ပါသည်။

များနှင့် ဆက်နွယ်နေသည့် ဒကာ ဒကာမများရော, စာသင်တိုက်တို့အား ထိထိရောက်ရောက် လှူဒါန်းလိုကြသော ဓမ္မမိတ်ဆွေများအတွက် မိမိသိသလောက် ရေးသားဖော်ပြနေခြင်းမျှသာ ဖြစ်ပါသည်။ ငယ်ငယ်တုန်းက ကိုရင်သာမဏေသည် ကြီးလာသောအခါ ဆရာတော်ကြီးများ ဖြစ်ကြပါမည်။ လိုအပ်သည့်နေရာတွင် လိုအပ်သည့်ပစ္စည်းကို ရွေးချယ်လှူတတ်ဖို့, ထောက်ပံ့တတ်ဖို့ အရေးကြီးလှပါသည်။ အကြောင်းမညီမညွတ်သဖြင့် ရှင်လိင်ပြန်ခြင်း, လူပြန်တော်ဖြစ်ရခြင်း, အမြင်မတော်သည့် အသေးအမွှားကိစ္စရပ်များကိုမူ ဒကာ ဒကာမများဘက်က ခြွင်းချက်အဖြစ် အတန်အသင့် ခွင့်လွှတ်တတ်သည့် အမြင်ရှိရပါသည်။ စာသင်ကိုယ်တော်များသည် ရဟန္တာများမဟုတ်ကြပါ။ ဘုရားမှတစ်ပါး ဝါသနာကို အပြီးအတိုင် ချေမှုန်းနိုင်သူ မရှိပါ၊ ဤသည်ကို သတိပြုသင့်ပါသည်။

ပဋိပတ္တိရိပ်သာများ တိုးတက်ထွန်းကားမှု မြင့်သည်မှာ အထူးပြောစရာမလိုပါ။ အဘယ်ကြောင့်ပါနည်း။ ပဋိပတ္တိရိပ်သာများတွင် စာသင်သူ မရှိပါ။ တရားဘာဝနာအားထုတ်သူများသာ ရှိကြပါသည်။ တရားအားထုတ်သူများ ဖြစ်သဖြင့် အရွယ်ကြီးများလည်းဖြစ်သဖြင့် သဒ္ဓါတရားအနေဖြင့် အထူးပြောစရာမလိုပါ။ ထို့ကြောင့် ပဋိပတ္တိရိပ်သာများ တိုးတက်ထွန်းကားမှု မြင့်မားနေခြင်းဖြစ်ပါသည်။ ပရိယတ္တိကျောင်းများကား ဤသို့ မဟုတ်ပါ။ ဒကာ ဒကာမများနှင့် အဆက်အဆံ နည်းခြင်း၊ ဒကာ ဒကာမများဘက်ကလည်း ပရိယတ္တိကျောင်းတိုက်အပေါ် ထဲထဲဝင်ဝင် နည်းပါးခြင်းတို့ကြောင့် အဆောက်အဦးမှအစ ထွန်းကားမှုနှေးကွေးနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် စာရေးသူအနေဖြင့် ဤဆောင်းပါးဖြင့် ပြောလိုရင်းမှာ စာရေးသူအပါအဝင် ဒကာ ဒကာမများသည် ပရိယတ္တိဝန်ကို ထမ်းဆောင်တော်မူနေကြသည့် ကျောင်းတိုက်များကို ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ကြပါ၊ ထောက်ပံ့လှူဒါန်းကြပါ။ ပြီးတော့မှ ပရိယတ္တိဝန်ဆောင် သံဃာတော်များ၏ ကြိုးပမ်းမှုအပေါ် အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီးမှ ကြည်ညိုတော်မူကြပါမည့်အကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

(ဤစာစုဖြင့် စာသင်သားရဟန်းတော်မြောက်မြားစွာရှိသော အင်းစိန်ရွာမစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကြီး ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ်မြတ်ကြီးအား ပူဇော်အပ်ပါသည်။)

ကျန်းမာချမ်းသာကြပါစေ ---

**♦ ကျော်နန္ဒအောင်**

**အဘိဓဇဂုဏ်ရည် ကဗျာ**



# ကံထမ်းခေါ်ရာနောက်က ဉာဏ်လမ်းပေါ်လျှောက်မယ်

■ စကြာဝဠာဟင်းလင်းပြင်ကြီးရဲ့ အောက်က
တစ်ခုသောအပြာရောင်ကမ္ဘာကြီးထဲမှာ
“ငါ” ဆိုသော “ငါ”
အတ္တ အလှအမြင်တွေနဲ့ ရစ်ဖွဲ့လို့
အဝိဇ္ဇာဆိုတဲ့ရွာကလေးတရွာရဲ့အတွင်းက
အမှောင်မိုက်နေတဲ့ အခန်းကျဉ်းကလေးထဲမှ
ခဲယဉ်းစွာရုန်းကြွလျှက် လန့်နိုးထစေခဲ့ပြီး
လောကရဲ့ လေတရှိုက်
“ငါ”ရှူခွင့်ရလိုက်ပေမဲ့
အမှိုက်တစနှယ်လွင့်ကျ
“အို” ဘဝဆိုတဲ့ သိုက်မြုံထဲ။

■ အဲဒီစက မလှမပနဲ့ ကြမ်းရှတဲ့ခရီးတစ်ခုကို
နုနယ်တဲ့နှလုံးသားထဲ အတွင်းအားမပါဘဲ
ခြေများကွဲအက် သွေးစက်စက်ဖြင့်
ရှေ့ဆက်ကြိုးပမ်း ရောက်အောင်လှမ်းလည်း
စခမ်းမမြင် ဆုံးမထင်နိုင်။

■ “ငါ”စိတ်ပျက်နွမ်းပျော့ ခေါင်းမမော့နိုင်တော့
လက်လျှော့မှိုင်ငေး မောဟအတွေးများနဲ့
အဝေးရဲ့ အဝေးဆုံးထိပြေးနေဆဲ။

■ ပြေးရင်းတဖန် ရှေ့ပြန်နောက်ဆွဲ
လျှောက်ရင်းလဲကျ ရုန်းထအားယူ
ကြင်နာသူတို့ ဖေးကူလက်တွဲ
ဖော်သဟဲတောင် မြိုင်ထဲရဂုံ “ငါ”မဆုံခဲ့။

■ ဩော် လူ့ဘုံခမ်းဝါ အနေကြာမှ
ပါလာအတ္တ ငါခွာချပြီး
ဒုက္ခသစ္စာ မှတ်သညာဖြင့်
ထင်လာပိုင်းခြား အသိကြားဝင်
သမုဒယပင်အား
တွင်တွင်ဖြတ်တောက်
အညွန့်အညှောက်တို့ ကျိုးကြေချိန်။

■ ဒီအခါမှ
သေဆုံးခြင်းဆိုခါ ခံစားမှုဗလာနဲ့
ဝေဒနာမဲ့နေတဲ့ လူသေတွေရဲ့ ပြောပြမှု
အနုစိတ်မဟုတ်သော်ငြား
တစ်ခုတည်းသော စကားက
အနိစ္စဆိုတဲ့ မမြဲခြင်း တရားတဲ့။

■ ဩော်မသေချာတဲ့ ဒီဘဝ
ထာဝရမတည်နိုင်လေတော့
စပြီးရင်ဆုံး နိဂုံးပိုင်းကျ
မရဏဆိုတာ သံသယစင်ကြယ်
ပညာနယ်ပရမတ်ပေမို့
အနတ္တကိုအခြေခံ အတ္တကို သွေလှန်၍
ပစ္စုပ္ပန် ငါ့သန္တာန်၌ ဇောက်ဖွေလှစ်
ဓါတ်အနှစ်ကို ဖြစ်ပျက်ဆဲရုပ်နာမ်
သဘာဝဟန်နဲ့ အမှန်အမှား
ဉာဏ်ကစားကြည့်မိမှ
ကံသွားရာလိုက်ပါရင်း
ဒီသာသနာတော်အတွင်းမှာ
“ငါ”လူဖြစ်လာခဲ့ရခြင်းကို ကျေနပ်တယ်။

**အေးဆုမွန်**

# အမြင်နှစ်မျိုးပိုင်ရှင် သံဃာတော်

■ မကြွယ်ကြွယ်



နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျွန်မ၏ သားသမီးများသည် ပဲခူးမြို့နယ်အတွင်းရှိ ဒေးစွန်ပါဘုရားသို့ ဘုရားဖူးသွားကြပါသည်။ တောသူဖြစ်သော ကျွန်မတို့မှာ တော၏အလှ တော၏ရနံ့ တော၏ကျက်သရေကို ခံစားဖူးကြသည်။ အနေကြာ အတွေ့ကြာသောကြောင့် ဤတော ဤတောင်တို့၏ သဘာဝသည် ဆန်းသည်ဟူ၍မထင်ခဲ့။

ယခု သမီးတို့ သားတို့ပြန်လာသောအခါ သူတို့ဘဝ၏ အတွေ့အကြုံသစ်ဖြစ်သော တောအကြောင်းတွေ ပြောမကုန်ရှိကြပါသည်။ တောင်တက်ရသည့်အတွေ့အကြုံ တောင်ခြေရှိ ရေခမ်းနေသော စမ်းချောင်းမှ သဲပြင်အေးအေးပေါ်တွင် ဆော့ကစားရင်း လျှောက်ရသည့်အတွေ့အကြုံတွေ ပြော၍မကုန်နိုင်။ "မေမေရေ မြွေစိမ်းမြီးချောက်ကလေးကို သား သိဒ္ဓိဘုရားနားမှာ တွေ့ခဲ့တယ်၊ သမီးကလေ ငှါကို မကိုက်နဲ့-- ဘုရားလာဖူးတာ၊ ငှါကုသိုလ်တွေကို အမျှအမျှဝေတယ်နော် သာဓုခေါ်ဆိုတော့လေ-- မြွေစိမ်းကလေးက ခေါင်းငြိတ်ပြတယ် မေမေရယ်--"ဟု သူ့အတွေ့အကြုံကို ပြောပြ၏။ သားကြီးက "ဒေးစွန်ပါဘုရား မှာလေ ဘုန်းတော်ကြီးတစ်ပါးတွေ့ခဲ့တယ်-

မေမေ့ အသိတဲ့”ဟု ပြောပါသည်။ သားငယ်က-

“ဟုတ်တယ်မေမေ၊ သားငယ်ကို ဘယ်က လာတာလဲတဲ့၊ သားငယ်က ရန်ကုန်ကလို့ ပြောတော့ မိဘဘယ်သူလဲတဲ့၊ ဒေါ်ကြွယ်ကြွယ် လို့လဲ ပြောရော၊ စာရေးဆရာမလားတဲ့၊ ဟုတ်တယ်လို့ပြောတော့၊ ပြောလိုက် ဦးဇင်းကမေးတယ်လို့ ပြောတယ်- သိရဲ့လား မေမေ၊ သူ့နာမည်က ဦးတင်အေးတဲ့”

ကျွန်မတွင်အသိတွေများလွန်း၍ ဘယ်အသိကိုမှ မခင်မရှိ၊ ခင်မင်မိပါသော်လည်း နာမည်မေ့တတ်သော သဘာဝက ဘယ်သူပါလိမ့်ဟုတွေးရတာ အလုပ်တစ်လုပ်ဖြစ်လာပါတော့သည်၊ ပြီးတော့ တွေ့ခဲ့သူကရဟန်းတော်၊ တွေ့ခဲ့ရာနေရာက ဒေးစွန်ပါဘုရား၊ သူလည်း ဘုရားဖူးလာတာလား၊ ဒေးစွန်ပါမှာပဲ တောရဆောက်တည်တာလား- ဟုလည်း တွေးနေမိပါသည်။ ပြီးတော့ ဦးတင်အေးအမည်နှင့် အသိတွေကလည်း အများသားလေ၊

တစ်နေ့တွင် ကျွန်မ ဝမ်းဘဲအင်းရွာသို့ သွားခဲ့ပါသည်။ ကျွန်မညီမဝမ်းကွဲ နှင်းနှင်း အိမ်တွင် နေခိုက် နှင်းနှင်းက--

“မမရေ ဘုန်းကြီးဦးတင်အေးက မမကို သိတယ်တဲ့၊ သူက ပတ္တပိုဏ် ဘုဉ်းပေးတယ်၊ ကျွန်မတို့ကတော့ ပတ္တပိုဏ်ကိုယ်တော်လို့ပဲ ခေါ်ကြတယ် သပိတ်ထဲကို အရေလည်းလောင်း အဖတ်လည်းလောင်း ဘာမှမခွဲခြားဘူး၊ ပြီးတော့ နှစ်မိုင်ကျော်ဝေးတဲ့ ကျောင်းကျမှ ဘုန်းပေးရတာ၊ ဆွမ်းတွေ ပွကုန်တော့မှာပဲ၊ အရသာလည်းမရှိ၊ ဘယ်လိုဝင်အောင်စားသလဲ မသိပါဘူး၊ ပြီးတော့ တစ်နေ့လုံး တစ်ကြိမ်ပဲဘုန်းပေးတာတဲ့။”

နောက်နေ့ နံနက် ၈-နာရီခန့်တွင် သူတို့ခေါ်သောပတ္တပိုဏ်ကိုယ်တော် ကျွန်မညီမအိမ်သို့



ဆွမ်းခံကြွလာပါသည်။ ဟုတ်ပါ၏။ ကျွန်မနှင့် အလုပ်ဌာနတစ်ခုတည်းတွင် လုပ်ခဲ့သော ဦးတင်အေး။

“ဘာပြုလို့ ရဟန်းဝတ်လိုက်တာလဲဘုရား၊ တပည့်တော်ဆီမှာ ခွင့်စာတင်ပြီးထွက်သွားလိုက်တာ”

ဒကာမကြီးရေ ကျုပ်ကငယ်ငယ်ထဲက အဖေမရှိခဲ့တာ၊ အမေမုဆိုးမနှင့် နှမနှစ်ယောက်ကို လုပ်ကျွေးခဲ့တာဗျာ၊ တစ်နေ့တော့ ဦးသန်းဦးသေပါရော- ဒကာမကြီး သိပါတယ်၊ ဦးသန်းဦးသေပုံကို ကျုပ်စိတ်မကောင်းဆုံးကတော့ သူ့သမီးသီလရှင်ကလေး၊ ဒကာမကြီးလက်ကို ဆွဲလှုပ်ပြီးတော့ အဖေကြီးကို နှိုးပေးပါ၊ အဖေကြီးကို နှိုးပေးပါနဲ့ အော်ငိုရင်း ပြောနေတာလေ၊ စိတ်ထိခိုက်လိုက်တာ ဦးသန်းဦးကလဲ ဦးဇင်းနဲ့ တစ်နေ့တည်း အလုပ်ဝင်တာဆိုတော့ ပိုထိခိုက်သွားတာပေါ့။

ငါလည်းတစ်နေ့ သေရမှာဆိုတာကို အမြဲတွေးနေမိပါတယ် ဒကာမကြီးကျေးဇူး ကျုပ်ပေါ်



ရှိပါတယ်၊ ဒကာမကြီးမှတ်စုစာအုပ်ရုံးမှာ ကျန်ခဲ့တော့ ကျုပ်သိမ်းထားရတယ်၊ သူများစာအုပ်မဖတ်ကောင်းမှန်းသိပါတယ်၊ ဒကာမကြီးက စာရေးဆရာ--ဘာတွေ မှတ်ထားလိမ့်လို့ ဖတ်မိတာဗျာ၊ အဲဒီနေ့က တင်အောင်နဲ့ ကျုပ် ညဂျူတီကျတယ်၊ တင်အောင်ကို မှတ်မိတယ်မဟုတ်လား၊ မဲမဲ ဗိုက်ပူပူ အရပ်က ၅-ပေတောင်မပြည့်ဘူး၊ ကျုပ်ကသူနဲ့ ဂျူတီကျရင်နောက်နေ့ကျ အတော်ပဲ ဒီည သရဲမခြောက်တော့ဘူး၊ သရဲက မင်းကို လန့်လွန်းလို့ ပြောတော့ တင်အောင်က အဲလောက်အရုပ်ဆိုးတာ သူက သိုးနေအောင်အိပ်တုန်း ကျုပ်က ဒကာမကြီးစာအုပ်ကို ဖွင့်ဖတ်လိုက်တာလေ။

တွေ့ရင်တွေ့ချင်း ဘာမြင်လိုက် ဖတ်လိုက်မိလဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုတော့ သဟမ္ပတိဗြဟ္မာကြီးက ပြောတာတွေ သိကြားမင်းကပြောတာတွေ ရေးထားတယ်။

လောကဦ သတ္တဝါတို့သည် ခန္ဓာအစုဝေးသာဖြစ်သော ဤကိုယ်ကောင်ကို ပြစ်ချထားခဲ့ရမည်သာဖြစ်သည်။ လောကဦတူသောပုဂ္ဂိုလ်ရှိတော်မမူသော ရှေးဘုရားရှင်တို့ကဲ့သို့ လာခြင်းကောင်းတော်မူသော ကာယဉာဏဗလနှစ်မျိုးနှင့် ပြည့်စုံတော်မူသော ဤသို့သဘောရှိသော မြတ်စွာဘုရားပင် ပရိနိဗ္ဗာန်ပြုခဲ့ပြီ--လို့ သဟမ္ပတိဗြဟ္မာကြီးက ပြောတာ၊ သိကြားမင်းက- သင်္ခါရတရားတို့သည် အမြဲမရှိကြကုန်စွတကား၊ သင်္ခါရတရားတို့သည် ဖြစ်ခြင်းပျက်ခြင်းသဘောရှိကြသည်။ ဖြစ်ပြီးနောက် ချုပ်ဆုံးခြင်းသို့သာရောက်ကြသည်။ ထိုသင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာနိဗ္ဗာန်သည်သာလျှင် ချမ်းသာလှပေစွတကား-လို့ ဂါထာကိုဆိုတယ်။

အရှင်အနုရုဒ္ဓါကတော့ တည်ကြည်သောစိတ်ရှိတော်မူသော တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရားအား ထွက်သက်ဝင်သက်သည် မရှိတော့ပြီ၊ ကိလေသာတဏှာမှ ကင်းဝေးတော်မူသော မြတ်စွာဘုရားသည် ငြိမ်းအေးသောနိဗ္ဗာန်ကို အာရုံပြု၍ ပရိနိဗ္ဗာန်စံမှုကို ပြုတော်မူခဲ့ပြီ-လို့ ဂါထာရွတ်ဆိုခဲ့တယ်။

ကျုပ်အဖို့ကတော့ ဗြဟ္မာမင်းနှင့် သိကြားမင်းရွတ်တဲ့ဂါထာဟာ သိပ်ထိသွားတယ်ဗျာ- ဒီလိုနေ့စဉ် သေခြင်းတရားတွေ တွေးနေတုန်း နှမနှစ်ယောက်က အိမ်ထောင်ပြုကြတယ်၊ ကဲ-ငါ့တာဝန်ကုန်ပြီ အမေ့ကို သူတို့တွေပြုစုနိုင်ပြီလို့ တွေးပြီး ဘယ်သူ့မှ အသိမပေးဘဲ ရဟန်းဝတ်ဖို့ အိမ်ကထွက်ခဲ့တာ-ဟု ရှည်လျားစွာပြောပြပါသည်။

ကျွန်မ၏ မှတ်စုကို ဖတ်ဖူးသူက သံဝေဂရ၏တဲ့၊ ဟင်းချက်သူက မစားရ၊ ဟင်းမြီးသူက အပြီးစားသွားပြီ၊ ပန်းစိုက်သူက မခူးရ၊ ပန်းအလှကြည့်ရန်

လာသူက ပန်းပွင့်ဦးကို ခူးသွားပါလေရောလား- ဟု ကျွန်မတွေးလိုက်မိပါသည်။

"နေပါဦး -ဦးဇင်းက အရင်တုန်းကထဲက ဒေးစွန်ပါနဲ့ ရင်းနှီးလို့လား ဘယ်သူနဲ့ဆက်ပြီး ဒီကို ရောက်လာတာလဲ"ဟုလျှောက်ထားမိပါသည်။

ဦးဇင်း ဦးတင်အေးက-

"ဒကာမကြီး ကိုတင်ထွန်းကို မှတ်မိတယ် မဟုတ်လား၊ သူ့အဖေကိုရော မှတ်မိတယ်မဟုတ်လား"ဟုမေးပါသည်။ "မှတ်မိပါတယ်ဘုရား" ဟု လျှောက်ထားရာ -

"အေး-- ကိုတင်ထွန်းအဖေနဲ့ ညဂျူတီကျကြတော့ သူကရဟန်းဝတ်ချင်တယ်ကွာလို့ ပြောတယ်၊ ကျုပ်ကလဲ သေခြင်းတရားကို ကြောက်နေတော့ ကျုပ်လည်း ဝတ်ချင်တယ်လို့ ပြောမိရော သူနဲ့အတူ သနပ္ပင်ဆက်သွားလိုက်သေးတယ်၊ အဲဒီမှာ အနေမကျတာနဲ့ ပဲခူးရောက်လာတယ်၊ ပဲခူးမြို့မဆရာတော်ဆိုတာက အဲဒီခေတ်က ပဲခူးမှာ ဒိတ်ပဲလေ၊ စာချစာသင်ကောင်းတယ်၊ စည်းကမ်းကောင်းတယ်ပေါ့၊ သူ့ဆီက သြဝါဒခံယူရအောင် ကျုပ်တို့နှစ်ပါး ဆရာတော်ဆွမ်းစားကျောင်းမှာ အချိုပွဲဘုန်းနေတုန်း သွား-ဦးတိုက်ကန်တော့ကြတယ်၊ ဆရာတော်က ဘယ်လိုမိန့်ကြားသလဲဆိုတော့ "ပညာရေးဆိုတာ ရဟန်းရှင်လူတွေအတွက် စိတ်ဓာတ်ရေးရာ အလိမ္မာပိုင်းရောက်အောင် ပြုပြင်ပေးနိုင်တဲ့ အပိုင်းပဲ မိမိကိုယ်တိုင်ရဲ့အရည်အချင်းကိုလည်း ပညာဆည်းပူးသူအတွက် မြှင့်တင်ပေးနိုင်တာပဲ၊ အကြားအမြင် အမျိုးမျိုးကိုကြွယ်ဝစေနိုင်တာပဲ၊ ဆင်ခြင်တုံတရားကိုလည်း ရင့်ကျက်စေနိုင်သေးတယ်၊ ဒါ့ကြောင့် ပညာရေးကဏ္ဍဟာ အရေးကြီးတဲ့ကဏ္ဍဖြစ်တယ်၊ အလိမ္မာစာမှာရှိလို့ ဆိုထားတယ်မဟုတ်လား စာမှာရှိတဲ့- အလိမ္မာကို လူဆီကို-ရဟန်းဆီကို ရောက်အောင် လုပ်ကြရတယ်၊ အဲဒီ လိုလုပ်နိုင်မှ လူလိမ္မာရဟန်းလိမ္မာတွေ ပေါ်လာမှာ နိုင်ငံတော်အတွက်သာသနာတော် အတွက် အဖိုး မဖြတ်နိုင်တဲ့ရတနာတွေ ဖြစ်လာမှာ" တဲ့၊ ပြီးတော့ ကျုပ်တို့ အသက်တွေကိုမေးတယ်၊ တင်ထွန်းအဖေက ၅၈-နှစ်၊ ကျုပ်က ၄၀-ဆိုတော့ ကဲ--ဦးဇင်းကြီးတို့ တောထွက်လာတယ်ဆိုတော့ စာသင်တိုက် မနေဘဲ တောမှာ နေဆိုပြီး ဒေးစွန်ပါတော ပို့လိုက်တာဗျာ၊ ဒကာမကြီးတို့ ဘိုးဘွားမိဘတွေ တည်ထောင်ထားတဲ့ ဆင်ပုန်းတောရနဲ့မဝေးတဲ့ နေရာမှာ ရန်ကုန်ကမ္ဗဋ္ဌာန်းကျောင်းလို့ အမည်တပ်ပြီး ကျုပ်နေတယ်-

ဥပုသ်ပြုတော့ ဒကာမကြီးမိဘတွေ ခေါင်းဆောင်လှူဒါန်းပြီး သမုတ်ခဲ့၊ ဆောက်ခဲ့တဲ့ သစ်သားသိမ်ကလေးမှာ ဥပုသ်ပြုရတယ်၊ ခုတော့ ဆင်ပုန်းတောရ ဒုတိယဆရာတော်ကြီးဘုန်းတော်ကြောင့် တိုက်သိမ်ကြီးဖြစ်နေပါပြီ-ဟူ၍ ဦးဇင်း ဦးတင်အေး ဘွဲ့အမည် ဦးက္ကန္ဒာစာရက ရှည်လျား•စွာ မိန့်ကြားပါသည်။

ဦးဇင်း ဦးတင်အေးနှင့် ကျွန်မတွေ့ရသော အချိန်မှာ ၁၉၇၀-ခန့်ကဖြစ်ပါသည်။ သူက ကျွန်မ၏မှတ်စုကို ဖတ်ရသောကြောင့် သံဝေဂရမိသည်၊ ထို့ကြောင့် ရဟန်းဝတ်ဖြစ်သွား၏၊ ရဟန်းဖြစ်စေရန် ကျွန်မ၏ မှတ်စုကို ဖတ်မိ၍ ကျွန်မ၏ကျေးဇူးသူ့ထံတွင်ရှိ၏ဟု ပြောခဲ့၏။

ကျွန်မဘက်ကလည်း သူ့ကျေးဇူး ကျွန်မတွင်ရှိ၏ဟု ဆိုပါရစေ၊ ဦးဇင်းသည် မြတ်စွာဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူစဉ်က သဟမ္ပတိဗြဟ္မာကြီး၏ နှုတ်မြွက်စကား သိကြားမင်း၏ နှုတ်မြွက်စကားတို့ကြောင့် သံဝေဂရခဲ့သည်။ ရဟန်းတို့ကား ဤသို့လျှင် မရဏာနုဿတိကို ဆင်ခြင်နေမည့်သူများ ဟူ၍ ခံယူလိုက်မိ၏။

ထိုမျှမကသေးပါ- ကျွန်မအား ဦးဇင်း ဦးတင်အေးက ပဲခူးမြို့မဆရာတော်ကြီးဆုံးမပုံကို ပြန်ပြောပြပါသည်။ ဆရာတော်ဘုရားကြီး၏ ပညာရေးသဘောတရားဟုဆိုက ရအံ့ဟု ယူဆမိပါသည်။

ပညာသည် ရဟန်းရှင်လူတို့အတွက် စိတ်ဓာတ်ရေးရာအလိမ္မာမကို ဖြစ်စေသည်၊ ပြုပြင်ပေးသည်၊ ပညာကြောင့် ကိုယ့်အရည်အချင်းမြင့်တက်နိုင်မည်၊ ဗဟုသုတတွေ ပေါများနေစေမည်၊ ဆင်ခြင်တုံတရား ရင့်ကျက်စေမည်။ စာထဲက အလိမ္မာသည် လူထဲရောက်လျှင် နိုင်ငံ၏ ရတနာလူသားကောင်း ရဟန်းကောင်းတွေ ပေါ်ထွန်းလာမည်-ဟူသော စာသင်တိုက်ကြီးတစ်ခုကို ဦးစီးစာချနေသည့်ဆရာတော်ကြီးတစ်ပါး၏အဖြစ်ကိုလည်း ကျွန်မမှတ်သားရပြန်ရာ- ဦးဇင်း ဦးတင်အေး၏ ကျေးဇူးသည်လည်း ကျွန်မတွင် ရှိ၏-ဟူ၍ ခံယူလိုက်ပါသည်။


ဦးဇင်း ဦးတင်အေးသည် အထက်တန်းအထိ ပညာသင်ခဲ့သည်၊ တစ်ခြားရဟန်းတော်များသင် ယူကြရသော ငယ်, လတ်, ကြီး, ဓမ္မာစရိယစသော စာမေးပွဲတွေလည်း အောင်ခဲ့သည်မဟုတ်ပါ၊ သို့သော် သူအမြင်သူ့အတွေးကား လောကီလောကုတ္တရာပါ ဖြန့်ကျက်တွေးနိုင်သည်ဟု ကျွန်မယူဆပါသည်။ သူဖတ်ခဲ့သော မင်းကွန်းဆရာတော်ဘုရားကြီး၏ ဟောစဉ်တရားစာအုပ်များ သာသနာရေးဝန်ကြီးဌာနမှ ထုတ်ဝေသောစာအုပ်များ ပိဋကတ်ဘာသာပြန်များသည် သူ့အား အမြင်၂-မျိုးကို မြင်ပေမည်ဟု တွေးမိပါသည်။

သက်တော် ၄၀-ကျော် ၅၀-အတွင်း ဘာဘွဲ့မှ မရခဲ့သော ဦးဇင်းပင်လျှင် ဤသို့တွေးမိပါက မြန်မာနိုင်ငံစာသင်တိုက်ကြီးများတွင် ထင်ရှားလှသော စာသင်တိုက်ကြီးတစ်တိုက်အဖြစ် ထင်ရှားပေါ်လွင်ပေသော အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက ဖြစ်တော်မူသည့် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တနန္ဒဝံသ အနေဖြင့်မူ ကျွန်မဆောင်းပါး၏ ခေါင်းစဉ်ပါ အမြင်၂-မျိုးပိုင်ရှင်ဟူ၍ပင် ဆို၍မလုံလောက်တော့ပါ။

သက်တော်ဝါတော်ကြီးရင့်တော်မူပြီး စာသင်သားသံဃာတော်ရာပေါင်းများစွာအား နှစ်ပေါင်းများစွာ စာပေပို့ချပေးနေတော်မူခြင်း အပြင် မိမိ၏ ကိုယ်ရေးဖြစ်သော လက္ခဏာရေး သုံးပါးကို မပြတ် ဆင်ခြင်တော်မူရခြင်းတို့ဖြင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီးအဖို့မူကား ၂-မျိုးမက အမျိုးပေါင်းများစွာကို ဆင်ခြင်ပြီး မြင်နေမည်မလွဲဟု ကျွန်မယုံကြည်ပါသည်။

ပညာကို သီလကို မြတ်နိုးသော ကျွန်မသည် အသက်သိက္ခာ ပညာ သီလ သမာဓိပါ ပြည့်ဝပေသော အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဘုရားကြီးအား ရှိသေစွာ ရှိခိုးကန်တော့ပါ၏ဘုရား-- လေးသိန်းမက,သော ရွှေဝါရောင်သင်္ကန်းတို့ဖြင့် လျှမ်းဝေနေသော မြန်မာနိုင်ငံအတွင်းရှိ သံဃာတော်အပေါင်းအားလည်း ရိုသေမြတ်နိုးစွာ ရှိခိုးလိုက်ပါ၏ဘုရား. . . ။

♦ မကြွယ်ကြွယ်





# ဦးအောင်ဇေယျ အောင်ခက်တို့ ပြည်ရွှေဘို

**ကိုလေးမြတ်**

ဇာတိမှာ ပြန်ပြီးဆေးကုသမှု ခံယူနေတဲ့ ပန်ချီးဆရာ ဖေစိုးအောင်ရဲ့ သတင်းကို သွားမေးရင်း၊ မရောက်တာလည်း ကြာလှပြီဖြစ်လို့ မုံရွာမြို့ကို အလည်ပြန်ရောက်ခိုက် ရွှေဘိုမြို့ကို ခြေဆန့်လိုက်မိတယ်။မရောက်တာကြာလှုဆိုနှစ်ပေါင်း ၃၀-ကျော်လောက် ရှိပြီပေါ့။ လမ်းကြီးတွေ ကျယ်တယ်၊ နွားလှည်းတွေပေါတယ် ဆိုတဲ့ မြင်ကွင်းလောက်သာ အာရုံထဲမှာ ဝိုးတဝါး အမှတ်ရနေမိတော့တယ်။

ဟိုစဉ်က မုံရွာကနေ ရွှေဘိုမြို့ကို သွားချင်ရင် မုံရွာ-မန္တလေးလမ်းအတိုင်း အုန်းတောရွာထိ သွားရပြီး အုန်းတောကတစ်ဆင့် တစ်ကွေ့တစ်ဝိုက်ကြီး ပတ်ပြီးသွားကြရတယ်။ မိုင်-၁၀၀ နီးပါးလောက်ဝေးတဲ့ခရီး။ ခုတော့ အရာတော်မြို့ကို ဖြတ်ပြီး ဖြတ်လမ်းဖောက်လုပ်လိုက်ပြီမို့ ခရီးတစ်ဝက်လောက် ကြုံ့သွားတယ်။

မုံရွာကနေ ရွှေဘိုကို ခရီးသည်ကားတွေကလည်း တစ်နာရီ တစ်စီးလောက် ထွက်နေကြတယ်။ ကားခက တစ်ထောင်ကျပ်။ ခေတ်ပေါက်ဈေးနဲ့ဆိုရင်တော့ ဈေးနှုန်းသက်သာတယ်လို့ ဆိုရမလား။ ခရီးသည်တွေများပြားတယ်လို့ မဆိုသာပေမယ့် ပါးလျလွန်းတယ်လို့လည်းမပြောသာဘူး။

မုံရွာမြို့ကို နှစ်စဉ်ရောက်ဖြစ်ပေမယ့် မုံရွာဒေသ ကောလိပ်ကနေ မုံရွာတက္ကသိုလ်အဖြစ် ပြောင်းလဲထားတဲ့ မုံရွာတက္ကသိုလ်ကိုတော့ ခုတစ်ခါမှပဲတွေ့ဘူး၊ မြင်ဘူးတော့တယ်။ တက္ကသိုလ်ထဲမှာ တည်ထားတဲ့ စေတီကြီးက အထင်ကရပါ။ တက္ကသိုလ်နဲ့ မျက်နှာချင်းဆိုင်လမ်းရဲ့ ယာဘက်မှာ စီးပွားရေးတက္ကသိုလ်ရှိတယ်။ မုံရွာမြို့မှာ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာကောလိပ်၊ ပညာရေးကောလိပ်တွေလည်း ရှိနေကြတယ်။ ပညာခေတ်ရဲ့ ပြယုဂ်တွေပေါ့။

တက္ကသိုလ်ကို ကျော်လွန်တာနဲ့ ကျောက္ကာတောင်ရွာကို ရောက်ပါတယ်။ ထင်ရှားတဲ့ သမိုင်းဝင် ရွှေဂူနီဘုရားကြီးကို ဖူးတွေ့ရတယ်။ ကျောက္ကာကတောင်ရွာ၊ မြောက်ရွာဆိုပြီး ရှိတယ်။ ကျောက္ကာ

မြောက်ရွာကလည်း တိုက်တွေ၊ တာတွေ၊ စလောင်းတွေနဲ့ ဖွံ့ဖြိုးနေလိုက်တာ။ အဲဒီရွာလေးက ဆီပျက်ကနေ ဒီဇယ်ဆီချက်လုပ်နေတဲ့ လုပ်ငန်းမှာ နာမည်ကြီးပါတယ်။ အဲဒီလုပ်ငန်းကပဲ ရွာကလေးကို ရတနာပုံ ဆိုက်စေတယ် ထင်ပါရဲ့---။

အဲဒီရွာလေးကျော်တော့ ရွှေဂူဖြူဘုရားကို ဖူးတွေ့ရတယ်။ လမ်းက တောင်ရိုးကုန်းတန်းကို ဖြတ်ပြီး ဖောက်လုပ်ထားတာမို့ ခြောက်သွေ့သယောင်လှတယ်။ ဝါးတန်းဆိုတဲ့ ရွာလေးကို တွေ့ရတော့ ဒီရွာမှာ တွဲဘက်ကျောင်းဆရာမ လုပ်ကိုင်ခဲ့ဘူးတဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ တူမ ယဉ်ယဉ်နွဲ့(မနွဲ့)ကို သတိရလိုက်တာ။ ဒီရွာက နာမည်ကျော် အရာတော် သနပ်ခါးထွက်ပါတယ်။ ဝါးတန်းချောင်းကောကြီးကို ကျော်ပြီး ကမ်းဖြူရွာဖြတ်သန်းတော့ ယာဉ်မောင်းသူငယ်ချင်း စိန်ဝင်း၊ ကျော်ဝင်းတို့ကို သတိရမိပြန်တယ်။ ရှိရှာကြသေးလား မပြောတတ်ဘူး . ။ ပြီးတော့ "အပျိုချော ဝါးတောမ၊ မျက်ချေထူ ကမ်းဖြူ အကျည်းတန်ခတက္ကန်"ဆိုတဲ့ စာချိုးလေးကို တွေးမိလို့ ပြုံးမိပါသေးရဲ့. . . ။

လမ်းက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀-ကျော်က အရာတော်မြို့ကို သွားခဲ့ဘူးတဲ့ လမ်းအတိုင်းပါပဲ။ ခပ်ကျဉ်းကျဉ်း တိုးတက်မှု အထနှေးလိုက်တာလို့ တွေးမိတယ်။ အရာတော်မြို့ကတော့ သပ်ရပ်ပြီး အဆောက်အဦတွေ ပြောင်းလဲလာသလိုပဲ။ ဟိုစဉ်ကတော့ မြို့လို့သာ သတ်မှတ်ထားတာ ထန်းလက်တဲကြီးတွေသာ တွေ့ရတာမို့ ရွာကြီးနဲ့ ပိုပြီးတူနေသယောင်။ လမ်းဆုံမှာ ဆိုင်ကယ်တွေနဲ့ စောင့်နေကြတဲ့ လူတွေကို တွေ့ရတယ်။ ဆိုင်ကယ် ကယ်ရီသမားတွေထင်ပါရဲ့။ အပြန်ခရီးမှာ အုပ်သျှစ်ကျေးရွာက မမငွေးတို့ဆီ ဝါးခဲရွာက သူငယ်ချင်း ကိုသန်းညွန့်တို့ဆီ ဝင်လည်မယ်ဆိုရင် အဆင်ပြေ ချောမောမယ့်သဘောပါပဲ. . ။

အရာတော်မြို့ကျော်လွန်တော့ ယာမြေတွေက မြေသားနုတွေဖြစ်လာတယ်။ မိုးလေဝသ ညီညွတ်မယ်ဆိုရင်တော့ လုပ်ငန်း၊ ကိုင်ငန်းအဆင်ပြေနိုင်မယ့် အနေအထားပါ။ မြေနက်ရွာရောက်တော့ ကားက ခေတ္တရပ်နားပေးပါတယ်။ ထမင်းအဆာပြေ စားနိုင်တယ်။ အဝစားနိုင်တယ်။ လက်ဘက်ရည် ကော်ဖီသောက်လို့ရတယ်။ ဆိုင်လေးက တစ်ပေလောက် မြင့်ပြီး သစ်သားခင်းထားတယ်။ စားပွဲတွေက ကုက္ကိုပင်စည်ကို ဖြတ်ပြီး ပြုလုပ်ထားတယ်။ သွပ်မိုးနဲ့။ သပ်သပ်ရပ်ရပ်၊ ဣန္ဒြေရရနဲ့ စားချင့်စဖွယ် အခင်းအကျင်းပါပဲ။ ဆက်သွားတော့ သမရိုးရွာကျော်လိုက်တာနဲ့ မူးမြစ်ကို တွေ့ကြရတယ်။ ဒီဘက်ကမ်းက အရာတော်မြို့နယ်၊ ဟိုဘက်ကမ်းက ဝက်လက်မြို့နယ်၊ မူးမြစ်ကို ဖြတ်ကူးထားတဲ့ သမရိုးတံတားက ဘီလီတံတားပါ။ ခရီးသည် ဘက်စ်ကားတွေအတွက် အန္တရာယ် မရှိလှပေမယ့် ဆန်အိပ်တင်ဆောင်ကြတဲ့ ကားတွေအတွက်တော့ စိုးရိမ်ရင်ခုန်ဖွယ် အနေ အထားပါ။ ဒီတံတားက ဆက်သွယ်ရေး အရေးပါပေမယ့် ဘာပြုလို့ ကွန်ကရစ်တံတား မလုပ်ကြ တာပါလိမ့်လို့ တွေးနေမိတယ်။

ဟိုဘက်ကမ်း ရွာကလေးက ရွှေသူငွေးရွာတဲ့။ အမည်က လှပသလို ဈေးနဲ့ဘာနဲ့ ရွာကြီးတစ်ရွာ ဖြစ်ဖွယ်ပါ။ စပါးစိုက်ပျိုးမြေတွေကို လည်းတွေ့ရတယ်။ တကယ်တော့ ရွှေဘိုနယ်၊ ဝက်လက်နယ်တွေဟာ အထက်မြန်မာနိုင်ငံရဲ့ စပါးကျီတွေ မဟုတ်ပါးလား။ ရွာသာကြီးမှာ မန္တလေးဘက်က လာတဲ့ လမ်းနဲ့ မုံရွာဘက်ကလာတဲ့လမ်း တွေ့ဆုံကြပါတယ်။ လက်ဝဲဘက်ချိုးကွေ့သွားတော့ မကြာခင် နာမည်ကျော် လှတောရွာကို ဖြတ်သန်းရတယ်။ လှတောသားတွေက စကားကို အတိသယဝုတ္တိလင်္ကာမြောက်အောင် တန်ဆာဆင်ပြောဆိုတတ်တဲ့ နေရာမှာ သရဖူဆောင်းကြတယ်။ ခုချိန်ထိ ပြောဆိုနေတတ်ကြဆဲလား။ ကြုံတဲ့တစ်နေ့ လေ့လာကြည့်ချင်ပါသေးရဲ့. . ။

မုဆိုးခြုံ၊ ရန်ကြီးအောင်၊ ရတနာသိယ်၊ ကုန်းဘောင်၊ ရွှေဘို-ဆိုပြီး ငါးမည်ရတဲ့ ပြည် ရွှေဘိုကို ရောက်ပါပြီ။ ကားစီးချိန် ၂-နာရီကျော်ပဲ ကြာမြင့်တယ်။ ကားကွင်းကလည်း သေးသေး ကျဉ်းကျဉ်းလေးနဲ့ စည်ကားမှု မရှိပါဘူး။ မလိုအပ် ဘဲ မြို့ပြကြီး သဏ္ဍာန်အယောင်အဆောင် ထား တယ်လို့ပဲ မှတ်ထင်ပါတယ်။ ဒရိုင်ဘာလေးက "မဆင်းနဲ့ဦး ဘကြီး၊ လမ်းဆုံရောက်မှ ဆင်း၊ ကားက အဲဒီ အထိသွားမှာ. . . "တဲ့။ ရွှေဘိုမြို့ အဝင်လမ်းမကြီးက 'ဟန်ဒယ်ကောက်'လိုဖြစ်နေ တယ်။ လမ်းဆုံ ရောက်တော့ ဆင်းလိုက်တယ်. ။ 'ဆိုက္ကားစီး မသွားနဲ့ ဘကြီး၊ တည့်တည့်လျှောက် သွား မဝေးလှဘူး'လို့ ဒရိုင်ဘာလေးက လမ်းညွှန် တယ်။ မောင်မင်းကြီးသားလေး သဘောသကာယ ကောင်းရှာတယ်။ သွားလေရာ လာလေရာ ဘေး မသီရန်မခ အန္တရာယ်ကင်းပါစေဗျာ။

မိုးလေဖွဲဖွဲ ကျလာတာနဲ့နီးရာ လက်ဘက် ရည်ဆိုင်ဝင်ပြီး လက်ဘက်ရည်မှာသောက်ရင်း မိုးခိုရတယ်။လက်ဘက်ရည်က ချက်နို့ဆီနဲ့ ဖျော် ထားတာ။ ကျွန်တော်က မုံရွာသားလေ။ လက် ဘက်ရည်ဆိုရင် ချက်နို့ဆီနဲ့ မသောက်တတ်ဘူး၊ ဗူး နို့ဆီနဲ့မှ မန္တလေးနဲ့ ရန်ကုန်မှာလို ပြောရမယ် ဆိုရင်တော့ 'ရှယ်'ပေါ့။ မုံရွာမှာတော့ ချက်နို့ဆီ သုံးလေ့သုံးထ မရှိတာကြောင့် ရှယ်တို့၊ ရိုးရိုးတို့ ဆိုတာ မသုံးနှုန်းသလောက်ပါပဲ။

ဆက်သွားတော့ ကျုံးကို တွေ့ရတယ်။ ကျောက်မြောင်းသွားတဲ့လမ်းက ကျုံးကိုဖို့ပြီး ဖောက်လုပ်ထားတာ။ ဒီတော့ ကျုံးက ဟိုဖက်မှာ ရော၊ ဒီဖက်မှာရော ရှိနေတယ်။ ရေတွေလည်း ပြည့်နေတယ်။ ဒီလို ရှေးဟောင်းအမွေအနှစ်နေ ရာတွေကိုပျက်လို့ပျက်စီးဖြစ်အောင် လုပ်ကိုင်ထား တာဟာ နယ်ချဲ့ အင်္ဂလိပ်ရဲ့ ဉာဏ်တွေပေါ့။ ကျုံး ကို ကျော်လိုက်တာနဲ့ အပြီးမသတ်သေးတဲ့ ရုပ်ပျို တိုင်းရင်းဆေးကုသဌာနကြီးကို တွေ့ရတယ်။ အဲဒီ အဆောက်အဦနဲ့ ကပ်လျှက်အိမ်က ဖေစိုးအောင် တို့ရဲ့ အိမ်ပေါ့။

ဖေစိုးအောင်ကို ပက်လက်ကုလားထိုင် ပေါ်မှာ ပက်လက်လေးတွေ့ရတယ်။ သူ့ရဲ့ နှစ်လို ဖွယ် အပြုံးလေးကတော့ ပျောက်မသွားသေး။ ဒါ ပေမယ့် နဂိုရ်က ပိန်ပါတယ် ဆိုတဲ့အထဲ ထပ်ပိန် သွားလေတော့ စိတ်မချမ်းမြေ့ ဖြစ်မိတယ်။ ကာလပေါ်ရောဂါများ လေလားလို့ သံသယ ဖြစ်မိ သေးရဲ့၊ သူ့ဖခင် ကိုအောင်သိန်းက ရှင်းပြတော့မှ တီဘီရောဂါမှန်းသိရတယ်။ ဆေး ၆-လလောက် စားပြီးရင်တော့ ရောဂါက ကင်းရှင်းသွားမှာပါ။ ကောင်းလေး. . ပန်းချီပြပွဲ ပြသပြီးစ၊ စာအုပ်လေး တွေလည်း အဖုံးရေးဆွဲရစ ဆိုတော့ ကျန်းမာ စေချင်သေးတယ်. . ။

ဖေစိုးအောင်က ကျွန်တော်ကို မှတ်မိ တယ်ဆိုတော့ ဝမ်းသာရသေးတယ်။ သူ့မှာ မှတ် ဉာဏ်လည်း မကောင်းတော့ဘူးလို့ ပြောကြတာ ကိုး။ နှစ်နာရီလောက် စကားစမြည် ပြောဆိုပြီးတော့ ကိုအောင်သိန်းက ကျွန်တော့်ကို ကိုကျော်ဝင်းတို့ အိမ်ဆိုင်ကယ်နဲ့လိုက်ပို့တယ်။ ကိုကျော်ဝင်းတို့အိမ် က ကားရပ်တဲ့ လမ်းဆုံနားမှာ ရှိတယ်။

ကိုကျော်ဝင်းက ကျွန်တော်တို့ရွာသား တိုးတိုးကြီး(ကိုတိုးမြင့်)နဲ့ နှီးနွှယ်ပြီးမှ ခင်မင်ရသူ ပါ။ ကျွန်တော်ထက်တော့ လေး-ငါးနှစ်ကြီးမှာ ပေါ့။ ကိုကျော်ဝင်း၊ ကိုတိုးမြင့်၊ ထန်းရိပ်ညို ကိုမျိုး ခင်တို့ဟာ တက္ကသိုလ်ကျောင်းသားဘဝမှာ ခင်မင် ရင်းနှီးလာကြတဲ့ သူငယ်ချင်းတွေပါ။ ခုထိလည်း အသွားအလာမပျက်၊ အခင်အမင်မပျက်၊ သူတို့ သူငယ်ချင်း သုံးယောက်ရဲ့ အနေအထားလေးက ကြည်နူးစရာ ကောင်းလှတယ်။

ကိုကျော်ဝင်းတို့အိမ်မှာ သူတို့လင်မယား နှစ်ယောက်ပဲရှိနေကြတယ်။ အလတ်ကောင်က ရန်ကုန်ရောက်နေတယ်။ အငယ်သမီးက မန္တလေး မှာ ကျောင်းတက်နေတယ်။ အကြီးကောင်က

တော့ သူ့အိမ်ထောင်နဲ့ သူ မုံရွာမှာ နေထိုင်နေတာ ကြာပြီလေ။ အဲဒီနေ့. . ညနေစာကိုတော့ ကျုံးနဲ့ကပ်လျက် ရှိတဲ့၊ ဖေစိုးအောင်တို့အိမ်နဲ့ မျက်နှာခြင်းဆိုင်မှာရှိတဲ့ ပန်းခြံမှာရှိတဲ့ စားသောက်ဆိုင်မှာ သွားပြီးစားကြတယ်။ ကိုကျော်ဝင်းရော၊ ကျွန်တော်ရော မသောက်ကြတော့ဘူး။ ကိုအောင်သိန်းသာ ကျန်မာရေးအရ နှစ်ပက်လောက် သောက်တယ်။ ညမှာ ကိုကျော်ဝင်းတို့အိမ်မှာ အိပ်တယ်။

နံနက်ခင်း လမ်းလျှောက်ရင်း၊ လက်ဘက်ရည်ဆိုင်သွားရင်း နန်းတော်နေရာကို သွားကြည့်ကြတယ်. . ။ အင်္ဂလိပ်အစိုးရ လက်ထက်က အကျဉ်းထောင်အဖြစ် အသုံးပြုလိုက်တဲ့ နေရာပေါ့။ နယ်ချဲ့အစိုးရဟာ နယ်ချဲ့ပီပီ အကြံယုတ်မာပက်စက်တယ်။ မန္တလေးမြို့မှာလည်း နန်းမြို့ရိုးအတွင်းမှာ ထောင်ကိုဆောက်လုပ်ထားတယ်။ ပြီးတော့ ကျုံးကို ဖြတ်၊ မြို့ရိုးကိုဖောက်ပြီး မန္တလေး၊ မတ္တရာ မီးရထားလမ်းဖောက်လုပ်ထားသေးတယ်။ ရွှေဘိုမြို့မှာလည်း ဘာထူးပါသလဲ။ အောင်မြေနေရာကို သချိုင်းနေရာအဖြစ် သတ်မှတ်တယ်။ နန်းတော်နေရာကို ထောင်တည်ဆောက်တယ်။ ကျုံးကိုဖြတ်ပြီး မန္တလေး၊ မြစ်ကြီးနား မီးရထားလမ်း ဖောက်လုပ်ထားတယ်လေ။

ခုတော့ အဲဒီ နယ်ချဲ့လုပ်ရပ်တွေကို မန္တလေးမှာတော့ ဖယ်ရှားနိုင်လိုက်ပြီ။ ရွှေဘိုမှာတော့ ကျုံးကိုဖြတ်ပြီး ဖောက်ထားတဲ့ ရေဦး၊ ကျောက်မြောင်းသွား ကားလမ်းတွေ၊ မြစ်ကြီးနားသွား ရထားလမ်းကို မဖယ်ရှားနိုင်သေးဘူး။

နန်းတော်ကြီးက အဆောင်ကြီး ၂-ဆောင်သာ ဆောက်လုပ်ထားတာတွေ့ရတယ်။ ဆက်လက် ဆောက်လုပ်မယ့် အရိပ်အခြေလည်း မတွေ့ရတော့ဘူး။ ရှေးဟောင်းနန်းတော်ပုံစံ ရှာဖွေမတွေ့လို့ပဲ လား။ ဒါမှမဟုတ် တစ်ခြားအကြောင်း တစ်စုံတရာရှိနေလို့လေလား။ ကလေးငယ်



တစ်ယောက်က ကျွန်တော်တို့ဆီကို ဝင်ကြေးပေးဖို့ လာပြီး တောင်းနေတယ်။ ကိုကျော်ဝင်းက ငါက်ငမ်းထုတ်လိုက်တယ်။ နန်းတော်ဝင်း အထွက်မှာ အလောင်းမင်းတရားကြီးရဲ့ အုတ်ဂူတော်ကို တွေ့ကြရတယ်။ ဒီနောက်. . လက်ဘက်ရည်ဆိုင်မှာ ထိုင်ပြီး ရွှေဘိုမြို့ရဲ့ ရှေးဖြစ်ဟောင်း အကြောင်းတွေကို လွမ်းမောဘွယ်ဖြစ်ကြသေးတယ်။

အိမ်ကိုပြန်ရင်းလမ်းမှာ ရွှေချက်သိုဘုရားဝင်ဖူးကြသေးတယ်။ ရှေးဟောင်းစေတီ တစ်ဆူပါပဲ။ အိမ်ရောက်ပြီး ဆိုင်ကယ်နဲ့ ပြည်တော်သာ ၉-လမ်းမှာ နေထိုင်တယ်ဆိုတဲ့ တူမဝမ်းကွဲ ဆီသွားရောက်ကြတယ်။ ကျွန်တော်မေးမြန်းတာက ကိုတင့်+မမြင့် ဆိတ်ခွန်ရွာက ပြောင်းလာတာ။ မသိကြဘူးဖြစ်နေတယ်။ လဟယ်မှာ ကျောင်းဆရာမလုပ်နေတာလေဆိုတော့ ကိုတိုး+မမြင့်ပါဗျာ၊ လိပ်ချင်းရွာက ပြောင်းလာတာပါဆိုတော့မှ တွေ့ရတော့တယ်။ ကိုကျော်ဝင်းက အမှတ်အသားကောင်းတဲ့ စာရေးဆရာလို့ အမှတ်ပေးနေသေးတယ်. . . ။

ကျွန်တော်ကသာ မှတ်မိတော့တာ မမြင့်က မမှတ်မိတော့ဘူး. . ။ မမှတ်မိတာလည်း အပြစ်မဆိုသာဘူး။ သူ ရှစ်တန်းကျောင်းသူဘဝကတည်းက မတွေ့ကြရတာ။ အခုမမြင့်က အထက်တန်းပြဆရာမကြီးလည်း ဖြစ်နေပြီ။ သမီးအကြီးက အိမ်ထောင်ကျလို့ မြေးတောင်ရနေပြီ။ သားသုံးယောက်ထဲက အငယ်ဆုံးကောင်တောင် ဆယ်တန်းဖြေဆိုထားသတဲ့။ ပြောပြလို့ မှတ်မိတော့ တကယ့်ကို ဝမ်းသာအားရ စကားတွေလည်း ပြောမကုန်ပေ့ါ။ ကိုကျော်ဝင်း ရုံးသွားချိန် ရောက်မှ ပြန်လာကြတယ်. . ။

ကိုကျော်ဝင်းက မြို့နယ် သမဝါယမ ဦးစီးဌာနက ဦးစီးအရာရှိပါ။ သူနဲ့အတူ ရုံးကို လိုက်သွားမိတယ်။ အဲဒီရုံးမှာ ကျွန်တော့်အစ်မဝမ်းကွဲ မကြင်ဝေရှိတယ်။ သူက. . တာတာ(စာရေးဆရာကိုတာ)တိုနဲ့မှ ကျောင်းနေဖက်တွေပါ။ ရွှေဘိုမှာ အလုပ်တာဝန်ထမ်းဆောင်ရင်း ရွှေဘိုသားနဲ့ ဖူးစာဆုံကာ ရွှေဘိုမှာပဲ အခြေချ နေထိုင်နေသူပါ။ မတွေ့တာကြာတော့ မှတ်မိပါ့မလား မပြောတတ်ဘူး။ ထင်တဲ့အတိုင်းပါပဲ ကျွန်တော်ကသာ မှတ်မိပြီး မမတွဒ်(မကြင်ဝေ)က မမှတ်မိဘူး။ ပြောပြရတာပေ့ါ. . ။

သူက ကျွန်တော်ရေးသားတဲ့ ရွာနတ်ပွဲအကြောင်းကို ဖတ်ရတော့ ရွာကိုလွမ်းပြီး မျက်ရည်တောင်ကျမိသေးတယ်ဆိုလို့ ပီတိဖြစ်ခဲ့ရသေးတယ်။ မောင်နှမ နှစ်ယောက်. . . သူ့ရဲ့သားသမီးတွေအကြောင်းတွေ လက်ဘက်ရည်ဆိုင်မှာထိုင်ပြီး စကားလက်ဆုံကျနေလိုက်ကြတာ ကိုကျော်ဝင်းက ထမင်းစားပြန်ဖို့လာခေါ်မှ တစ်ပိုင်းတန်းလန်းနဲ့ ရပ်လိုက်ကြတယ်။ ကိုကျော်ဝင်းရဲ့ ဇနီးကလည်း ဝက်သားဟင်း၊ ပဲရေပွကြော်၊ ခတက်ရွက်သုတ်၊ ငရုပ်သီးကြော်၊ ချဉ်ရေဟင်းနဲ့ဖွယ်ဖွယ် ရာရာ ချက်ပြုတ် လက်စွမ်းပြထားလိုက်တာ ကျွန်တော်အတွက် တစ်သက်မမေ့နိုင်တဲ့ ထမင်းတစ်နပ်ပါပဲ. . . . ။

နေ့လည်မှာတော့ ကိုကျော်ဝင်းက မြို့ထောင့်စေတီဂေါပက အစည်းအဝေးသွားရမယ်။ အဲဒီကနေ စက်မှုဇုန် အစည်းအဝေးသွားရမယ်။ တစ်ကျော့ အိမ်ကနေ ဆိုင်ကယ်နဲ့ ပြန်ထွက်ခဲ့ကြတယ်။ ပထမဆုံး ကိုကျော်ဝင်းက ကျွန်တော့်ကို မဟာနန္ဒာကန်တော်ကြီးဖက် လိုက်ပို့တယ်။ ကျွန်တော်တစ်သက်မှာတော့ သောက်သုံးကန် တစ်မျှော်တစ်ခေါ်ကြီး တွေ့မြင်ရတာ ပထမဦးဆုံး အကြိမ်ပါပဲ. . ။ တအံ့တဩ မှင်သက်နေမိတယ်။ မူး မြစ်ဘက်ကနေ ဆည်းမြောင်းသွယ်ပြီး ယူထားတာ။ အဲဒီ မဟာနန္ဒာကန်တော်ကြီးကနေ တစ်ဆင့် အဆင့်ဆင့် ကန်တွေခံပြီးတော့ ရေကို ကျိုးထဲရောက်အောင် သွင်းယူထားတယ်။ သူ့ခေတ်သူ့အခါနဲ့တော့ အမြော်အမြင်ရှိမှု တစ်ရပ်ပေပဲ။ ခုတော့ မဟာနန္ဒာကန်တော်ကြီးရေကို ရွှေဘိုမြို့လုံး စည်ပင်ရေအဖြစ် ပိုက်တွေသွယ်တန်းပြီး ပေးဝေထားလေရဲ့. . ။

အဲဒီကနေ မြို့ထောင့်စေတီ ဝင်ကြတယ်။ ကိုကျော်ဝင်းက ဂေါပကရုံးမှာ နေရစ်တယ်။ ကျွန်တော်က ဘုရားကုန်းပေါ် တက်ရောက်ပြီး ကြည်ညိုတယ်။ မြို့ထောင့်စေတီပွဲတော်ကလည်း နိုင်ငံကျော်ပွဲတော်တစ်ခုပါ။ ခုတော့--- ရင်ပြင်တော်ပေါ်မှာ ကျွန်တော်တစ်ယောက်တည်း။ ရှေးမင်းတွေက မြို့ထောင့်တစ်ထောင့်မှာ စေတီတည်ထားတတ်ကြဟန် တူပါရဲ့။ အင်းဝမြို့ဟောင်းရောက်တုန်းက လည်း မြို့ထောင့်စေတီလို့ ပြောတဲ့ စေတီပျက် တစ်ဆူကို မြင်တွေ့ခဲ့ရတယ်။ ဘုရားက ပြန်ကြတော့ ကိုကျော်ဝင်းက ကျွန်တော့်ကို ဖေစိုးအောင်တို့ အိမ်ပို့ထားခဲ့ပြီး သူက စက်မှုဇုန်ဘက် ထွက်သွား တယ်. . ။

တစ်ခါ ကိုအောင်သိန်းက ကျွန်တော့်ကို အောင်မြေဖက် လိုက်ပို့တယ်။အောင်မြေက မန္တလေးဘက်ကအလာ မြို့အဝင် လက်ဝဲဘက်မှာ ရှိ

ပါတယ်။ အောင်မြေက. . ထုံးတမ်းစဉ်လာ ရှုံးနိမ့်ကြတဲ့ ဖား၊ ဒရယ်တွေတောင်မှ အဲဒီမြေကို နင်းမိရင် သူတို့ကို နိုင်စားတဲ့ မြွေ၊ ကျားတို့ကိုတောင် အနိုင်ရရှိအောင် တိုက်ခိုက်နိုင်ပါသတဲ့။ ဦးအောင်ဇေယျက အဲဒီဖြစ်ရပ်ကို သူကိုယ်တိုင် မြင်တွေ့ခဲ့ရပြီး အဲဒီမြေကို နင်းကာ ရန်အပေါင်းကို တိုက်ခိုက်ခဲ့လို့ အောင်မြင်မှု ရခဲ့ကာ မင်းအဖြစ်ကို ရောက်ခဲ့ပါသတဲ့။ အောင်မြေမှာ ရုပ်ထုကြီးတစ်ရုပ်ရှိတယ်။ အလောင်းဘုရားကို ရည်ညွှန်းထားဟန်တူပါတယ်။ ရုပ်ထုရဲ့ ဝန်းကျင်က မြေသားတွေ ခွက်ဝင်နေတာ တွေ့ရတယ်။ အောင်မြေကို ယူဆောင်သွားတတ်ကြလို့ ခွက်နေတာပေါ့။ ကိုအောင်သိန်းက "ကိုလေးမြတ်လဲ ယူသွားဦး လေ" လို့ ပြောလာသေးရဲ့. . ။

ကားဝင်းနဲ့ နီးနေတာမို့ နက်ဖြန် ၇-နာရီကားနဲ့ ပြန်ဖို့ကြိုတင်လက်မှတ် တစ်ခါတည်း ဖြတ်လိုက်တော့တယ်။ ဒီနောက် ရာဟုလာရဲ့ ပန်းချီကားတွေရှိတယ်ဆိုတဲ့ ရွှေတန်ဆာဘုရားကို ဝင်ရောက်ကြည့်ရင်း ဖူးမျှော်ရတယ်။ ကျွန်တော်က ဘုရားဝင်းထဲမှာ ရှိတဲ့ မြို့စောင့်နတ်ကွန်းကို စိတ်ဝင်စားမိတယ်. . ။ မေးမြန်းကြည့်ဖို့ စိတ်ကူးပါသေးရဲ့. . ။ ဒါပေမယ့် နတ်ကတော်တွေက သနပ်ခါးလိမ်း၊ ပန်းပန်ထားကြတဲ့ အမျိုးသားတွေမို့ မမေးမိတော့ဘူး. . ။ ကျွန်တော်က နတ်တွေရဲ့ ရာဇဝင်ကို သိချင်တာ၊ သူတို့က ကန်တော့ပွဲဆက်ဖို့ ပြောကြလိမ့်မယ် ထင်မိတာကိုး. . . ။

နောက် ကိုအောင်သိန်းနဲ့ လက်ဘက်ရည်ဆိုင်ထိုင်ကြတယ်။ ကျယ်ကျယ် ဝန်းဝန်းနဲ့သပ်သပ်ရပ်ရပ်လေး။ ရှယ်လက်ဘက်ရည်မှာ သောက်တော့လည်း ရွှေဘိုမြို့ရဲ့ လက်ဘက်ရည်က မညံ့လှပါဘူး။ ကျွန်တော်တော့ ကိုကျော်ဝင်း၊ ကိုအောင်သိန်းတို့ရဲ့ ကျေးဇူးကြောင့် တစ်ရက်တည်းနဲ့ ရွှေဘိုမြို့ကို နှံ့စပ်ခမန်းဖြစ်လို့ သွားပါပြီ။ ရွှေဘိုမြို့က ဆန်းစပါးရောင်းဝယ်မှုကိုသာ အားထားနေရတာမို့ အထနှေးကွေးနေဟန်တူပါရဲ့. . ။ ဒါပေမဲ့ ကုန်းဘောင်မင်းဆက် ပေါ်ထွန်းလာခဲ့တဲ့ မင်းနေပြည် မဟုတ်ပါလား. . ။ ဟန်လင်းမြို့ဟောင်းလည်း ရှိနေ တယ်လေ. . ။ ခရီးသွားဧည့်သည်တွေကို ဆွဲ ဆောင်နိုင်မယ်ဆိုရင်တော့ ဖွံ့ဖြိုးမှု မြန်ဆန်လာလေမလား. . . ။ ကျွန်တော်တွေးမိတဲ့ အတွေးတွေပါ. . . ။

အဲဒီနေ့ ညစာကိုတော့ ကိုအောင်သိန်းက မြန်မာထမင်းဆိုင်မှာ ကျွေးမွေးတယ်။ ကိုင်းဖေစိုးအောင်ကိုလည်း တစ်ခါတည်း နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါ။ ရန်ကုန်မှာ ပြန်ဆုံတွေ့ကြမယ်လို့ . . . ။ နောက်နှစ်ထိ သူ ရန်ကုန်ကို မလာနိုင်သေးဘူးဆိုရင် ကျွန်တော်နောက်နှစ် ဒီအချိန်မှာ လာခဲ့ပါဦးမယ်. . . ။

နောက်မနက်မှာတော့ ကားက လမ်းဆုံထိ လာစောင့်နေတာကို တွေ့ရတယ်။ ကိုကျော်ဝင်း ကျွန်တော်ကို ကားကွင်းထိ လိုက်ပို့စရာ မလိုတော့ဘူး။ မြို့အတွက် ဆည်မြောင်းဘောင်ပေါ်မှာ မုဆိုးခြုံရွာသို့ ဆိုတဲ့ ဆိုင်းဘုတ်လမ်းညွှန်လေး မြင်တွေ့ရတော့ ရန်ကုန်မှာ ကွယ်လွန်သွားရှာပြီဖြစ်တဲ့ စာရေးဆရာ အောင်ခက်ကို သတိရမိလိုက်သေးတယ်။ သူက မုဆိုးခြုံရွာသားလေ. . ။ သူက သူ့နယ် ကိုယ်စားပြု "ရိုးပြတ်တော"ဆိုတဲ့ ဝတ္ထုစာအုပ်လေးထားခဲ့ရစ်တယ်. . . . . . ။

ဒီမှာ. . ကျွန်တော်အနေနဲ့ ရွှေဘိုမြို့ဟာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရဲ့ အောင်မြေ၊ နန်းတော်၊ အုတ်ဂူ၊ ကျုံး၊ မဟာနန္ဒာကန်တော်ကြီး၊ မြို့ထောင့်စေတီတို့က ကိုယ်စားပြုညွှန်းဆိုနေသလား။ ဒါမှမဟုတ် အောင်ခက်ရဲ့ ရိုးပြတ်တောကပဲ ကိုယ်စားပြုညွှန်းဆိုနေလေရော့သလား--ဆိုတာ ဝေခွဲမရဖြစ်နေမိပါတော့တယ်. . . . . ။

♦ ကိုလေးမြတ်



# ကျွန်တော်သိသော ရှာမပရိယတ္တိ စာသင်တိုက်

ဦးအောင်ထွန်း (ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ)

**မမျှော်လင့်သော အထောက်တော်**

၁၉၉၄-ခုနှစ်၊ ဆောင်းဦးကာလတစ်ခုသော နံနက်ခင်းဖြစ်၏။ ကျွန်တော်နေထိုင်ရာ ရန်ကုန်တက္ကသိုလ်နယ်မြေ သထုံလမ်းရှိ တိုက်သို့ ဦးပဉ္ဇင်းလေးတစ်ပါး မမျှော်လင်းဘဲကြွလာသည်။ မမျှော်လင့်ဘဲဟု သုံးရခြင်းမှာ ဦးပဉ္ဇင်းနှင့် ကျွန်တော် မတွေ့ရသည်မှာ နှစ်အတန်ကြာခဲ့ပြီးဖြစ်သောကြောင့် သာတည်း။ ဦးပဉ္ဇင်းလေးနှင့် ကျွန်တော် စတင်ဆုံဆည်းရသည့်နေရာမှာ ကြည့်မြင်တိုင် ကမ်းနားလမ်းရှိ ပန်းခြံအတွင်းဖြစ်၏။ ထိုစဉ်က ကျွန်တော်က မကြီးကြီးလမ်းမှာနေ၏။ ဦးပဉ္ဇင်းက ရှမ်းလမ်းမကြီး (ယခုဗဟိုလမ်း)ပေါ်ရှိ အောင်မင်္ဂလာသိဒ္ဓိ စာသင်တိုက်တွင် သီတင်းသုံးသည်။ ညနေချမ်းကာလ လေညှင်းခံချိန်အတွင်း ပန်းခြံအတွင်းရောက်ရှိနေကြခြင်းဖြစ်၏။

ရှေးကံအကြောင်းတရားပေထင့်။ ဦးပဉ္ဇင်းလေးကို မြင်သောအခါ ကျွန်တော်၏ ခြေလှမ်းများ သူ့ဆီသို့ အလိုလိုရောက်သွားသည်။ အကျိုးအကြောင်းမေးမြန်းသောအခါ သူ့အကြောင်း အတန်အသင့်ပြောပြ၏။ ဆယ်တန်းအောင်ပြီးကြောင်း၊ သာသနာ့ဘောင်ဝင်လာသည်မှာ မကြာသေးကြောင်း စသည်ဖြစ်၏။

သူ၏ ပညာရေး မဆုံးပါးစေလိုသဖြင့် ပထမပြန်စာမေးပွဲလည်းဖြေ တက္ကသိုလ်စာမေးပွဲလည်းဖြေရန် ကျွန်တော်က အကြံပေးသည်။ သူကလည်း စိတ်ဝင်တစားရှိသည်။ ဤသို့ဖြင့် တက္ကသိုလ် ပါဠိသင်နည်းကို သင်ကြားပေးရန် ချက်ချင်းသဘောတူကြသည်။ တက္ကသိုလ်ပါဠိ သင်ကြားနည်းကား မြန်မာစာအခြေခံရှိသူများအတွက် တစ်လနှစ်လအတွင်း ကံကတ္တားကြိယာ ကိတ်စသည်တို့ကို

သိရှိပြီး ပါဠိမှ မြန်မာ၊ မြန်မာမှ ပါဠိ ဝါကျ စီကုံးနည်းများကို အလွယ်တကူ တတ်မြောက်နိုင်သော နည်းဖြစ်၏။

သို့သော် ဤသို့ ပါဠိသင်နေကြစဉ် ဦးပဥ္စင်းလေး ကျွန်တော့်ထံမှ မမျှော်လင့်ဘဲ ပျောက်သွားသည်။ ယခု မမျှော်လင့်ဘဲ ပေါ်လာပြန်ရာ ကျွန်တော့်မှာ အဝေးမှ ပြန်လာသော သားကို တွေ့ရသည့်ပမာ ဝမ်းသာမဆုံးတော့ပါ။

ဦးပဥ္စင်းလေးက သူယခု ရွာမပရိယတ္တိစာသင်တိုက်တွင် စာသင်နေကြောင်း ဆရာတော်က ဒကာကြီးအား တွေ့လိုသဖြင့် လာရောက်ခေါ်ခြင်းဖြစ်ကြောင်း မိန့်ပါသည်။ (ဦးပဥ္စင်းလေးမှာ ယခုအခါ ဓမ္မာစရိယဘွဲ့၊ ဝိဇ္ဇာ(မြန်မာစာဘွဲ့)များ ရရှိပြီး သူ၏ ဇာတိကျေးရွာတွင် သာသနာ့တာဝန် ပရဟိတ တာဝန်များကို ထမ်းရွက်နေပါသည်။)

ဦးပဥ္စင်းမိန့်ကြားသော ဆရာတော်ဆိုသည်မှာ ရွာမပရိယတ္တိစာသင်တိုက်ကြီးမှ တိုက်အုပ်ဆရာတော် အရှင်တိလောကာဘိဝံသ ဖြစ်၏။ ဆရာတော်ကို ကျွန်တော်မဖူးဘူးပါ။ ဆရာတော့်ဂုဏ်သတင်းများကို ကျွန်တော်သိပြီးဖြစ်၏။ ဆရာတော်၏ ဂုဏ်သတင်းနှင့်အတူ ရွာမပရိယတ္တိ စာသင်တိုက်ကြီး၏ ဂုဏ်သတင်းများကိုလည်း နှစ်အတန်ကြာကပင် ကြားပြီး သိပြီးဖြစ်ပါသည်။ ထို့ကြောင့် ချက်ချင်းပင် ဦးပဥ္စင်းလေးနှင့်အတူ ရွာမကျောင်းသို့ လိုက်ခဲ့ပါသည်။

**ရွာမပရိယတ္တိစာသင်တိုက်မြင်ကွင်း**

ဟိုစဉ်က ရွာမပရိယတ္တိစာသင်တိုက်၏ မြင်ကွင်းမှာ ယနေ့မြင်ကွင်းနှင့်ခြားနားလှပါသည်။ ရထားလမ်းမှလှမ်းကြည့်လိုက်လျှင် ရွာမကျောင်းတိုက်၏ မုခ်ဦးကို အထင်းသားမြင်ရပါသည်။ ယခုကဲ့သို့ လမ်းဘေးဝဲယာ နှစ်ဘက်စျေးဆိုင်များ၊ အဆောက်အဦများ မရှိသေးပါ။ ကျောင်းဝင်းမှာ ယခုကဲ့သို့ ရွှေကျောင်းတော်ကြီးများ မရှိသေးပါ။ ကျောင်းဝင်းမှာ ယခုကဲ့သို့ ရွှေကျောင်းတော်ကြီးများမရှိသေးသော်လည်း အသားကျောင်းများဖြင့် ရှင်းလင်းသပ်ရပ်စွာ တည်နေပါသည်။ ဦးစွာ ဘုရားတန်ဆောင်းကြီးကို တွေ့ရ၏။ တစ်ကျောင်းလုံးတိတ်ဆိတ်နေ၏။ သင်္ကန်းများ ဟိုလှမ်းသည်လှမ်း လှမ်းထားသည်ကို မတွေ့ရ၊ ဆူညံစွာ စကျက်စာအံခြင်း၊ ကူးလူးဆက်ဆံခြင်းများလည်း မရှိ အမြင်အကြားအာရုံများအရ ရွာမကျောင်း၏ စည်းကမ်းသေသပ်မှုကို သိလိုက်ရပါသည်။


ဤတွင် ဆယ်ကျော်သက်က ကျင်လည်ခဲ့ရသည့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်ကို သွားသတိရမိသည်။ ရွှေဟင်္သာတောရကား လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ခန့်က နိုင်ငံတစ်ဝှမ်း ဟုန်းဟုန်းထအောင် နာမည်ကြီးခဲ့သော စာသင်တိုက်ဖြစ်၏။ သံဃာ(၂၀၀)ခန့်ရှိသော်လည်း ရွှေဟင်္သာတောရသို့ ဝင်သောအခါ တောကြီးမြိုင်ကြီးအတွင်း ရောက်သွားသည့်ပမာ ခံစားရသည်။ သက်ကြီး ဝါကြီးတို့ လွှမ်းမိုးနေသည် သာမက စည်းကမ်းထိန်းသိမ်းမှု ကောင်းလှသဖြင့် တကယ်တောရကျောင်းကြီးပမာ ဖြစ်နေသည်။ မြို့နှင့်အလှမ်းဝေးသဖြင့် လူသူလေးပါးမှုလည်း ကင်းဆိတ်လှသည်။ ရွာမကျောင်းဝင်းသို့ ရောက်သောအခါ ဤအရသာကို ခံစားရသည်။ ဤကား ပထမဆုံး ခံစားရသော ထူးခြားချက်၊ ပထမဆုံး အကြိမ် ကြည်ညိုရသောအချက် ဖြစ်သည်။

**အရှင်တိလောကာဘိဝံသ ဆရာတော်**

ကျောင်းအိုကျောင်းဟောင်းများကို ကွေ့ဝိုက်၍ ဘယ်ဘက်သို့ဝင်လိုက်လျှင် သစ်သား တစ်ထပ် ကျောင်းကလေးကို တွေ့ရ၏။ ထိုကျောင်းကလေး

တွင် ဆရာတော်အရှင်တိလောကာဘိဝံသကို အဆင်သင့် ဖူးတွေ့ရပါသည်။ အသားဖြူဖြူ အသက် ငါးဆယ်ကျော်၊ ဖြူစင်သော အသားရေ ပေါ်တွင် တည်ငြိမ်မှုက လွှမ်းခြုံနေပါသည်။ စကားပြောသောအခါ တိုးတိုးညင်းညင်း ရှိ၏။ စစ်ကိုင်း ရွှေဟင်္သာဆရာတော်ကြီးနှင့်တူလှပါသည်။

၁၃၁၅-ခုနှစ်ဝန်းကျင်က ရွှေဟင်္သာဆရာ တော်ကြီး ညောင်တုန်းသို့ ကြွလာသောအခါ ကျွန်တော်တို့ ကိုရင်များက ဝတ်ကြီးဝတ်ငယ် ပြုရ၏။ ထိုအချိန်က ကျွန်တော်သာမဏေဘဝဖြင့် ဓမ္မာစရိယတန်းအောင်ပြီး ဖြစ်၏။ ထို့ကြောင့် ဆရာတော်ကြီး၏ ဂုဏ်တော်ကို အတော်အတန် ဆင်ခြင်သုံးသပ်နိုင်သည့် အဆင့်သို့ ရောက်နေပြီး ဖြစ်၏။ ဆရာတော်၏ အနေအထိုင် အပြောအဆို တို့သည် ထူးထူးခြားခြားပင် ငြိမ်သက်၏။ ပင်ကိုယ် ငြိမ်သက်ခြင်း ဖြစ်၏။ အရှင်တိလောကာဘိဝံသ ကို ဖူးတွေ့ရသောအခါ ဤအမူအရာမျိုးကို တွေ့မြင်ရပါသည်။ ရွာမအား ဒုတိယအကြိမ် ကြည်ညိုရပြန်ပါသည်။



**အကြိမ်ပေါင်းများစွာ**

ဆရာတော်နှင့် ကျွန်တော်စကားလက်ဆုံ ကျသွားသည်မှာ ၂-နာရီကျော်သွားသည်။ ပြန်ခါနီးတွင် ဆရာတော်က သူပြုစုထားသော 'အဘိဓမ္မာလက်ဆောင်'ကျမ်းကို ချီးမြှင့်သည်။ ထက်မြက်သော တွေးခေါ်ရှင်တစ်ပါး၏ လက်ရာ ဖြစ်သဖြင့် စာချစာသင်နှင့် အဘိဓမ္မာသင်တန်း သူ/သားတို့အတွက် အထူးအကျိုးပြုသော ကျမ်းစာဖြစ်ကြောင်း တွေ့ရပါသည်။

ထိုအချိန်မှစ၍ ဆရာတော်ထံ အခါ အားလျော်စွာ ရောက်သည်။ တစ်ခါတွင် 'မေတ္တာ' တရားအကြောင်း စကားရောက်သွားသည်။ ဆရာတော်က မေတ္တသုတ်လာ မေတ္တာပုဗ္ဗပဋိပဒါ အကျင့်ပါအကြောင်းကို မြန်မာရှစ်လုံးဖွဲ့ကဗျာ ပုံသဏ္ဍာန်ဖြင့် ရေးသားထားသည်ကို ချီးမြှင့်ပါသည်။ အမည်ကိုလည်း အောင်မြင်ကြောင်းတရားဟု တပ်ထား၏။ ထိုကဗျာလေးကို နှစ်သက်လှသဖြင့် မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်းတွင် အကျယ် ချဲ့ထွင်ရေးခဲ့၏။ (နောင်တွင် ထိုဆောင်းပါးအပါ အဝင် ဆောင်းပါးများစုပေါင်းကာ ထုတ်ဝေသူက "ဤအိမ်တွင် ဘုရားရှင်သာ အကြီးအကဲ" ခေါင်းစဉ်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။)


တစ်ခါတွင် ဓမ္မာစရိယတန်းဖြေမည့် သားရဟန်းတစ်ပါး သွားရောက်အပ်နှံပါသည်။ အချိန်မှာ သင်္ကြန်လွန်ပြီးဖြစ်၍ ကျောင်းဝင်ခွင့် ပိတ်ပြီးသောအခါဖြစ်နေပါသည်။ ဆရာတော်က "ဦးအောင်ထွန်း၊ ဆရာတော်လုပ်ထားတဲ့စည်းကမ်း ကို ဆရာတော်တို့ ဖောက်လို့မဖြစ်ဘူးလေ"ဟုသာ မိန့်ပါသည်။ ထိုကိစ္စအတွက် အတော်ပင် အားတုန့် အားနာ ဖြစ်နေပုံရပါသည်။ အဂတိ ကင်းစင်သော ဆရာတော်အား ပို၍ပင် ကြည်ညို လေးစားသွား ပါသည်။ (ထိုရဟန်းငယ်မှာ ယခုအခါ ဓမ္မာစရိယ

စာမေးပွဲနှင့် ဘီအက်စ်စီဘွဲ့များပင် ရရှိပြီး ထေရဝါဒတက္ကသိုလ်မှလည်း ဒီပလိုမာဘွဲ့ တစ်ခု ရပြီးဖြစ်ပါသည်။ ဆရာတော်၏ တပည့်မဖြစ်လိုက် ရသည့်အတွက် ကြားထဲမှ နှမြောနေမိပါသည်။)

ပထမပြန်စာမေးပွဲများအပြီး တစ်ခုသော နွေရာသီ နံနက်ခင်းဖြစ်၏။ ဆရာတော်ထံရောက် သောအခါ အလက်ာသင်တန်း ပို့ချချိန်နှင့် တိုး နေ၏။ သင့်တော်သောနေရာမှ ဆရာတော် ပို့ချပုံ ကို နာမိသည်။ ပါဠိအလင်္ကာကို မြန်မာပျို့ ကဗျာ လင်္ကာပုံစံများဖြင့် ရှင်းလင်းသွားသည်မှာ စိတ်ဝင် စားဖွယ် ကောင်းလှပါသည်။ "ဒါကြောင့် နိုင်ငံ တစ်ဝန်းမှ စာသင်သားများလာရောက် စာလိုက်ကြ တာကိုး" ဟု ကောက်ချက်ချမိသည်။ ထိုအချိန်က စာလိုက် သံဃာများ ဓမ္မာရုံအပြည့် ရှိနေသည်။

ဆရာတော်ကျေးဇူးတွေ မကုန်သေးပါ။ လွန်ခဲ့သော လေးငါးနှစ်က မဟာဝိဇ္ဇာ(အရှေ့တိုင်း ပညာ)ဘွဲ့ယူမည့် တပည့်တစ်ဦးအား သွားရောက် အပ်နှံပါသေးသည်။ ပုဂံခေတ် သဒ္ဒါကျမ်းတစ် စောင်ကို လေ့လာသုံးသပ်ရန်ဖြစ်သည်။ ထိုကျမ်း အတွက် ဆရာတော်လို သကျသီဟဓမ္မာစရိယမျိုး မှသာ လမ်းညွှန်ပြနိုင်မည်ဖြစ်သည်။ ထိုတပည့် ကား ကျမ်းစာ(Thesis) ပြီးခါနီးမှ တိုင်းတစ်ပါးသို့ ထွက်ခွါသွားသည်။

သို့သော်ကံကောင်းခြင်းတစ်ခုရှိပါသေးသည်။ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် အရှေ့တိုင်းပညာ ဌာန၊ ပါမောက္ခ ဌာနမှူး တပည့်မတစ်ဦး၏ ကိစ္စ ဖြစ်၏။ သူက ဒေါက်တာဘွဲ့ (Phd)အတွက် ကျမ်းစာ (Dissertation)တင်ရမည်ဖြစ်သဖြင့် ဆရာတော်ထံ သွားရောက်ပြန်ပါသည်။ ထိုကျမ်းကို အင်္ဂလိပ်လို တင်သွင်းရမည်ဖြစ်၏။ မြန်မာခေါင်း စဉ်မှာ ရန်ကုန်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီး ၅-တိုက်၏ ပညာသင်ကြားရေး အောင်မြင်မှုကို



လေ့လာခြင်း ဟူ၍ ဖြစ်၏။ ထိုကျမ်းအတွက် ရွာမ ပရိယတ္တိစာသင်တိုက်ကို ရှေ့ဆုံးမှ မဖြစ်မနေ ထည့်သွင်းရမည်ဖြစ်ပါသည်။ ထို့ကြောင့် ရွာမ ကျောင်းမှ စာအုပ်စာတမ်း မှတ်တမ်းမှတ်ရာ စာစောင် မဂ္ဂဇင်းတို့ကို အကုန်အစင်လေ့လာ ဖတ်ရှုရပြန်ပါသည်။ ဆရာတော်၏ ညွှန်ကြားမှု စာကြည့်တိုက်မှူး အရှင်ဝိသိဋ္ဌ၏ ကူညီမှုတို့ကြောင့် တပည့်မ၏ ကျမ်းစာမှာ ပြီးဆုံးသွားပါသည်။ ယခုအခါ ဒေါက်တာဘွဲ့ကို ဆွတ်ခူး ရရှိသွားပါပြီ။ ဝမ်းသာဖွယ်အောင်မြင်မှုတစ်ခုမှာ ထိုကျမ်းစာပါ အကြောင်းအရာတို့သည် တက္ကသိုလ်များအလိုက် အကောင်းဆုံးသုတေသန စာတမ်းဘွဲ့ကို ရရှိ ခဲ့သည်။

ထိုကျမ်းစာမှာ မပြီးဆုံးသေးမီ ရွာမကျောင်း သို့ နောက်တစ်ခေါက် ရောက်ရှိသွားပါသည်။ ကိစ္စ မှာ တိပိဋကဓရ အရှင်သီလက္ခန္ဓာဘိဝံသအား ညီ ဝမ်းကွဲတစ်ဦးက သိမ်ထပ်မင်္ဂလာပြုလိုသည့် အတွက် ဖြစ်ပါသည်။ အရှင်သီလက္ခန္ဓာဘိဝံသ သည် ရွာမတိုက်ထွက် ဆရာတော်၏တပည့်ရင်း၊ တိုက်ပိုင်ဆရာတော်ကြီး အရှင်နန္ဒဝံသ၏ ဥပဇ္ဈာယ်တပည့် ဖြစ်၏။ ထို့ကြောင့် ဆရာတော် အား ပင့်ဆောင်ရန် ဖြစ်၏။

နေ့ရာသီဖြစ်၍ ဆရာတော်သည် ယမိုက်၊ ပဋ္ဌာန်းသင်တန်းများကို ပို့ချနေချိန်ဖြစ်သည်။ နေ့ဆွမ်းစားချိန်ရောက်နေပြီ ဖြစ်သဖြင့် ကျွန်တော်တို့ကို ဆွမ်းစားကျောင်းသို့လိုက်ရန် မိန့်ပါသည်။

အဦးဆုံးမြင်ကွင်းမှာ ကျောင်းဆောင်အသီးသီးမှ ဆွမ်းစာကျောင်းသို့ကြွလာသော သံဃာများဖြစ်ပါသည်။ အရေအတွက်တစ်ထောင်အောက် နည်းမည်ဟုတ်ပါ။ ကိုယ်တော်တို့ကြွလာပုံမှာ အလွန်ပင် သမဏဣန္ဒြေပြည့်စုံလှသဖြင့် ကြည်ညို မဆုံးဖြစ်ရပါတော့သည်။ ဤမျှများပြားသော နယ်အစုံမှ ထေရ်မျိုးစုံကို ဤမျှသော ပုံစံသို့ အရှင်တိလောကာဘိဝံသ သွတ်သွင်းပေးထားပုံမှာ ချီးကျူးဖွယ်ရာဖြစ်ပါသည်။ ဆွမ်းစား စားပွဲများသို့ ရောက်သော်ကား ငြိမ်သက်စွာ နေရာယူကြပါသည်။ စကားပြောသံ, ချေသံ, ဟပ်သံ, သပိတ်သံ, ခွက်သံများကို အလျဉ်းမကြားရ။

အားလုံး အဆင်သင့်ဖြစ်သောအခါ ဆရာတော် အရှင်တိလောကာဘိဝံသ ခေါင်းရင်းဘက် အသင့်ပြင်ထားသော နေရာယူပါသည်။ အားလုံးသံပြိုင် မေတ္တာပို့သကြ၏။ ပစ္စဝေက္ခဏာ ဆင်ခြင်ကြ၏။ ဤမြင်ကွင်းသည်လည်း နှလုံးသားကို ဆုတ်ယူ ဖမ်းစားနိုင်ပါသည်။ ဘုန်းကြီးကျောင်းငယ် ကျောင်းကြီးတို့မှာ တွေ့ရခဲ ကြုံရခဲသော မြင်ကွင်းပင် ဖြစ်ပါသည်။

အရှင်တိလောကာဘိဝံသသည် သာသနာတွင် ပထမကျော်မှအစ တိပိဋကဓရ အထိ ပုဂ္ဂိုလ်ကျော် သာသနာ့လူရည်ချွန် လူရည်မွန်များကို မွေးထုတ်ပေးခဲ့ပါသည်။ ၁၃၄၈-ခုနှစ်မှစ၍ နွေရာသီယမိုက် ပဋ္ဌာန်းသင်တန်းများ ဖွင့်လှစ်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြီးမားသော ဓမ္မာနုဂ္ဂဟ ကုသိုလ်ကြီးကို ဆည်းပူးခဲ့ပါသည်။ တပည့်ပေါင်းသုံးသောင်းဝန်းကျင် ရှိပေလိမ့်မည်။

ထို့ပြင် ဤသို့သော သင်တန်းမျိုးမှ သာသနာတော်အတွက် တကယ်တန်းလိုအပ်သော စည်းကမ်းပြည့်ဝခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ဖြူစင် သန့်ရှင်းခြင်း စသည့်အခြေခံကောင်းများကို နှလုံးသားအတွင်းသို့ သွတ်သွင်း ပို့ဆောင်ပေးနေသည့် ပဋိပတ္တိမာမက (ကိုယ်ကျင့်တရား နှလုံးသားတွင် စိုက်ချပေးသူ) ပုဂ္ဂိုလ်ကြီးဖြစ်နေသည်ကို မျက်မြင်ဒိဋ္ဌတွေ့ရသဖြင့် ကြည်နူးမဆုံးပါ။

ဤသာသနာတွင် ဤလိုရဟန်းမျိုးတွေ ရှိနေသေးသမျှ မြတ်ဗုဒ္ဓသာသနာတော်ကြီးသည် အထက်တန်းကျကျ တည်ရှိနေမည်မှာ မလွဲပါ။ ဤသည်တို့ကား ဆရာတော်အရှင်တိလောကာဘိဝံသ၏ ဂုဏ်ကျေးဇူးအနန္တမှ တစိုးတစိမျှသာ ဖြစ်ပါလိမ့်မည်။

**တိုက်ပိုင်ဆရာတော်ကြီး အရှင်နန္ဒဝံသ**

အရှင်တိလောကာဘိဝံသနှင့် ဤမျှ နှစ်ပေါင်းများစွာ ဆရာဒကာ ဆက်ဆံမှုရှိခဲ့သော်လည်း ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဖန်ဆင်းရှင် (သမုဋ္ဌာပက) ဆရာတော်ကြီး အရှင်နန္ဒဝံသ ကို ဖူးတွေ့ခွင့်ရရှိခဲ့သည်မှာ မကြာလှသေးပါ။ တစ်နှစ်ကျော်မျှသာ ရှိပါသေးသည်။

အကြောင်းမှာ ဤသို့ဖြစ်ပါ၏။ ကျွန်တော်တို့ တတွေ တက္ကသိုလ်ဆရာအဖြစ်မှ အငြိမ်းစားယူကြသောအခါ ဝါသနာတူ သဘောထားတူသူများမှာ ဝေးရာမှ နီးရာဘဝသို့ ပြန်လည်စုစည်းမိကြပါသည်။

တစ်နေ့တွင် သာသနာရေးအကြောင်း ပြောကြရင်း ရွာမပရိယတ္တိစာသင်တိုက်ကြီး အကြောင်း ရောက်သွားပါသည်။ ဤတွင် အင်းစိန်သား ဇာတိလည်းဖြစ်၊ ဆရာတော်ကြီးအရှင်နန္ဒဝံသ၏ တပည့်လည်းဖြစ်သော ဦးစိုးလွင်နှင့်

စကားစပ်မိသည်။ သူနှင့်ကျွန်တော် တက္ကသိုလ်ဆရာအဖြစ် ၁၉၆၄-ခုနှစ်ကပင် စတင်အမှုထမ်းကြ၍ သူက ပါမောက္ခချုပ်အဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ရသည်။ သူက အသက်ငယ်၍ မကြာခင်နှစ်များမှ အငြိမ်းစားယူသည်။ အနယ်နယ်သို့ ပြောင်းရွှေ့အမှုထမ်းရသဖြင့် ရွာမကျောင်းနှင့် အလှမ်းဝေးနေသည်။ ရွာမကျောင်းအကြောင်း ကျွန်တော်လောက် ထဲထဲဝင်ဝင်မသိ။ အရှင်တိလောကာဘိဝံသကို သူ မဖူးဘူး။

သို့သော် သူ ဆရာတော်ကြီးအရှင်နန္ဒဝံသအကြောင်းကိုမူ စကားစပ်မိရင်း ပြောသည်။ သူ၏စကားတွင် "ကမ္ဘာစစ်ကြီးဖြစ်တော့မှာ ကျွန်တော်က ကလေးလေး။ ဆရာတော်ကြီးကလည်း ရဟန်းဖြစ်စပဲရှိသေးတယ် ကျွန်တော်တို့မိသားစုက ခလေးချည်းပဲရှစ်ယောက်၊ မိဘနဲ့ဆိုရင် ပေါင်း ဆယ်ယောက်တောင်၊ စစ်အတွင်းမှာ အတော်ပဲဒုက္ခရောက်နေကြတယ်။ အဲဒါသိတော့ ဆရာတော်ကြီး (ထိုအချိန်က ရဟန်းငယ်လေး)က လှေကလေးတစ်စင်းနဲ့ ဝင်ပြီး ရခိုင်ရိုးကြီးကို ပို့တယ်။ ပို့တယ်ဆိုတာက သာမန်မဟုတ်ဘူးဗျာ့။ ကိုယ်တိုင်သက်န်းခါးပတ်ပြီး လှေကို လှော်ပြီးပို့ခဲ့တာ၊ ဒီကျေးဇူးကြောင့် ကျွန်တော်တို့ ယနေ့တိုင် အသက်ရှင်ပြီး ဒီဘဝရောက်ခဲ့တာပဲ"ဟုပြောပါသည်။ ဆရာတော်ကြီးသည် ငယ်ရွယ်စဉ်ဘဝကပင် ဤကဲ့သို့ ပရဟိတလုပ်ငန်းများကို လုပ်ခဲ့သည်မှာ အနန္တ။ ရောမမဟာကရုဏာရှင်များမှ လုပ်နိုင်သော လုပ်ငန်းများဖြစ်သည်။

"အဲဒီတုန်းက ပုံရိပ်က ခုထိ မျက်စိထဲက မထွက်တော့ပါဘူး"ဟု ဦးစိုးလွင်က ပြောပါသည်။

ရွာမကျောင်း၏ စာအုပ်စာတန်းများကို ဖတ်ရှုရသောအခါ ဆရာတော်ကြီး၏ သာသနာရေးဆောင်ရွက်ချက်များကို အနှံ့အပြား တွေ့ရပါသည်။

| |
|---|
| ကမ္ဘာစစ်ကြီးဖြစ်တော့မှာ၊ ကျွန်တော်က ကလေးလေး။ |
| ဆရာတော်ကြီးကလည်း ရဟန်းဖြစ်စပဲရှိသေးတယ် |
| ကျွန်တော်တို့မိသားစုက ခလေးချည်းပဲရှစ်ယောက်၊ |
| မိဘနဲ့ဆိုရင် ပေါင်း ဆယ်ယောက်တောင်၊ |
| စစ်အတွင်းမှာ အတော်ပဲဒုက္ခရောက်နေကြတယ်။ |
| အဲဒါသိတော့ |
| ဆရာတော်ကြီး (ထိုအချိန်က ရဟန်းငယ်လေး) က |
| လှေကလေးတစ်စင်းနဲ့ ဝင်ပြီး ရခိုင်ရိုးကြီးကိုပို့တယ်။ |
| ပို့တယ်ဆိုတာက သာမန်မဟုတ်ဘူးဗျာ့။ |
| ကိုယ်တိုင်သင်္ကန်းခါးပတ်ပြီး လှေကို လှော်ပြီးပို့ခဲ့တာ၊ |
| ဒီကျေးဇူးကြောင့် ကျွန်တော်တို့ |
| ယနေ့တိုင် အသက်ရှင်ပြီး ဒီဘဝရောက်ခဲ့တာပဲ |

ဆရာတော်ကြီးသည် ရန်ကုန်အရှေ့ပိုင်း ဘုရားဖြူကျောင်းတိုက်၏ ပဓာနနာယကဆရာတော်ကြီး အရှင်ရာဇိန္ဒ၏ ဥပဇ္ဈာယ်ခံ တပည့်ဖြစ်၏။ အရှင်ရာဇိန္ဒကား ရှာမှရှားသော ကျမ်းပြုပုဂ္ဂိုလ်ကျော် ဖြစ်၏။ သာသနဗဟုသုတပကာသနီ၊ ကလျာဏီကျောက်စာမြန်မာပြန်စသည့်အဖိုးတန်ကျမ်းစာများပြုစုခဲ့သော ပုဂ္ဂိုလ်ဖြစ်၏။ ဤအနွယ်မှ ဆင်းသက်လာသော ဆရာတော်ဖြစ်၏။ ဆရာတော်သည် အင်းစိန်မြို့နယ်လုံးဆိုင်ရာ ဝိနည်းစာပြန်ပွဲကြီးကို အုတ်မြစ်ချပေးခဲ့၏။ ရွာမ ပရိယတ္တိစာသင်တိုက်ကဲ့သို့ အောင်မြင်ကျော်ကြားသော ပရိယတ္တိစာသင်တိုက်ကြီးကို တည်ထောင်ပေးခဲ့၏။ စာသင်တိုက်ခွဲများစွာကို မွေးဖွားပေးခဲ့၏။ ဤသို့ သာသနာ့အုတ်မြစ်များအနန္တ။

သို့သော် လောကသားတို့အတွက် ဆရာတော်ဆောင်ရွက်ပေးခဲ့သည့် ပရဟိတအကျိုးဆောင်လုပ်ငန်းများကိုကား ဂဃ,နဏ မီးမောင်းထိုးပြ

ပေးသူ မရှိ။ စင်စစ် သာသနာ့ဝန်ထမ်းရှင်ရဟန်းများအတွက် သာသနာရေးဆောင်ရွက်သည်မှာ ဆန်းလှသည်ဟုမဆိုသာပါ။ သာသနာ့ဝန်ထမ်းက လောကသားတို့အတွက် ဆောင်ရွက်ချက် (လောကတ္ထစရိယ)များသည်သာ အဆန်းဖြစ်ပါသည်။ လူတကာတို့လုပ်နိုင်ခဲသော အလုပ်များဖြစ်ပါသည်။

ဦးစိုးလွင်တို့ ဇနီးမောင်နှံနှင့် ကျွန်တော်တို့ ဆရာတော်ကြီးထံ သွားရောက်ဖူးမြော်သောအချိန်အခါမှာ ဆောင်းကာလမကုန်သေးပါ။ အအေးဓာတ်မှာ နံနက် ၈-နာရီကျော်သည်အထိ လွှမ်းခြုံနေဆဲဖြစ်၏။ သို့ရာတွင် ဆရာတော်ကြီး သီတင်းသုံးရာ ထေရာဝံတိုက်ကျောင်းကလေး အတွင်းသို့ရောက်သောအခါ ဆရာတော်ကြီးမှာ ခြုံထည်မလွှမ်း၊ အပေါ်ရုံကေသီသက်န်းဖြင့်သာ ပက်လက်ကုလားထိုင်ကလေးပေါ်တွင် ထိုင်နေပါသည်။

တိုက်ကျောင်းကလေးကား အဆင်အပြင် ကင်းမဲ့လှသည်။ ကုတင်တစ်လုံး ကုလားထိုင်တစ်ခုမှတပါး အခြားဘာအသုံးအဆောင်မျှမရှိ။

"စိုးလွင်ကြီးလား---မလာတာကြာပြီကိုး" ဟု ပဋိသန္ထာရပြုပါသည်။ သက်တော်(၈၈)နှစ် ကောင်းမွန်လှသော ကျန်းမာရေး ဖြူစင်သော ဥပဓိလက္ခဏာကြောင့် ရှိရင်းစွဲအသက်ထက် ဆယ်နှစ်ကျော် နုပျိုနေပါသည်။ မှတ်ဉာဏ်လည်း မချို့ အသံတော်မှာလည်း အေးချမ်းငြိမ်သက်လှပါသည်။

"ငါအခု ရခိုင်ရိုးကြီးမှာ ပရဟိတကျောင်း ဆောက်ထားတယ်။ အဲဒီကျောင်းက ဘွဲ့ရတွေ တောင် ထွက်နေပြီ၊ ဓမ္မာစရိယအောင်တဲ့ ကိုယ်တော်တွေ အများကြီး၊ တက္ကသိုလ်ဘွဲ့ရတွေလည်းမနည်းဘူး၊ မကြာခင် အဲဒီသွားအုံးမှာ" ဟု မိန့်ပါသည်။

ဆရာတော်ကြီးသည် မိဘမဲ့ခလေးများ၊ ဆင်းရဲနွမ်းပါးသူ ကလေးများအား ပညာအမွေပေးသည် သာမက ရှင်ပြုရဟန်းခံ သာသနာ့ဒါယကာ ပြုလုပ်ပေးခဲ့သည်မှာ ဆယ်စုနှစ်မကတော့ပါ။

ဤသို့ ရပ်အကျိုး ရွာအကျိုး၊ လောကအကျိုး သယ်ပိုးမှုများနှင့် သာသနာ့အကျိုး စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်မှုများကြောင့် နိုင်ငံတော် အစိုးရက နိုင်ငံတော်တွင် အမြင့်မားဆုံး သာသနာပြုဘွဲ့တံဆိပ်ဖြစ်သည့် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့ပေသည်။ ဆရာတော်ကြီးနှင့် လွန်စွာထိုက်တန်သော ဘွဲ့ထူးဂုဏ်ထူးပေတည်း။

ဝိနယမဟာဝဂ္ဂ၌ မြတ်ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်လျှင်ရောက်တော်မူချင်း ပဉ္စဝဂ္ဂီတို့အား ဤသို့ မိန့်တော်မူပါသည်။

"ရဟန်းတို့၊ လောကအကျိုးစီးပွားအတွက် လောကချမ်းသာရေးအတွက် လောကကို စောင့်ရှောက်ရေးအတွက် ခရီးဒေသစာရီလှည့်လည်ကြ။ အစအလယ်အဆုံး ကောင်းခြင်းသုံးဖြာနှင့်ပြည့်စုံသော တရားဓမ္မကို ဟောကြားကြ၊ တစ်ကြောင်းတည်းသောခရီးကို နှစ်ဦးမသွားကြနှင့်။ ငါကိုယ်တိုင်လည်း ဥရုဝေလတော သေနာနိဂုံးသို့ကြွမည်" ဟုမိန့်ကြားကာ အဖော်မပါ တစ်ပါးတည်း ခရီးစတင်ကြွချီတော်မူသည်၊ ထိုခရီးကား (၄၅)နှစ်တာ မနေမနား လောကအစီးအပွားကို ဆောင်ရွက်တော်မူခဲ့သည့် ခရီးရှည်ကြီးပင် ဖြစ်လေစွတကား။

ရွာမ၏ ဂုဏ်ရည်များကို ဦးညွတ်လျက်

♦ ဦးအောင်ထွဋ်(ဓမ္မာစရိယ၊မဟာဝိဇ္ဇာ)



# ဆရာ့မေတ္တာ ဆရာ့စေတနာ

- ရွှေမြို့တော် အင်းစိန်မြို့
လင်းထိန်စို့ သာသနာ၊
ရှာမဆို ပရိယတ္တိ၊ မြတ်ကဝိဆရာ။
- စာသင်တိုက် ကျောင်းမဟာ၊
ပြည်မြန်မာ လွှန်ထင်ရှား
နိုင်ငံတော်ဩဝါဒါစရိယနှင့်၊
အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ကပ်ကြတကား။
- တို့များရဲ့မြတ်ဆရာ
သက်တော်ရှည်ဆရာတော်ဘုရားမို့
အားကိုးထိုက်ရာ
ဂုဏဝိသိဋ္ဌမင်္ဂလာ၊ ဆင်ယင်ကာ ပူဇော်ပွား
မြတ်ဆရာ့ဂုဏ်တော်များကိုလ
ပွားများကြတကား။
- ဆရာ့အားရှိသေပေ၊
သိတတ်သူတပည့်များ
ပွားများပါစေ၊
ဆရာ့မေတ္တာက သီတာရေ
ဆရာ့စေတနာက ပညာဆီမီး
အလင်းရောင်အဟောဝတနှင့်
လောကကို အလှဆင်လို့
ပန်းဥယျာဉ် အစဉ်ပျိုးခဲ့တယ်
မျိုးဆက်ဖြည့်ဆည်း။
- ပင်မကြီးအလွှန်ခိုင်
ရှာမပရိယတ္တိ၊ တိုင်းသိမဏ္ဍိုင်
ငယ်စဉ်ကလည်း စိတ်မယိုင်
ပိုင်နိုင်တဲ့ ဇွဲစိတ်ထား၊
သက်ရွယ်အို ခုများတိုင်ပေါ့
တရားထိုင် ဝိပဿနာပွားပါလို့
စာချဆရာတော်များတွေနှင့်
လွှဲအပ်ကာ တာဝန်ထားသော်လည်း
ပဓာနမဟာထေရ်တစ်ပါးအနေဖြင့်
အားထားရတကား။
- အားထားလို့အရိပ်ခို
ကျေးဇူးဂုဏ် မြင်းမိုရ်ဦးပေမို့
ဖူးမဝသကို၊
ဂုဏဝိသိဋ္ဌဂုဏ်ထိုထို
အစဉ်နှုပျိုနေသည်တကား
သက်တော်ရှည်ဆရာတော်ဘုရားကြီးကိုလ
သက်ရာကျော် ရှည်စေသားရယ်လို့
ပတ္ထနာ စေတနာတရားတွေနဲ့
ပွားများကြပါပြီ အရှင်မြတ်ဘုရား။

**မောင်စံထွန်း (ဥက္ကံ)**



# မီဒီယာ
# Media

**ဘုန်းဝေ**

မီဒီယာဆိုတဲ့စကားလုံးခေတ်စားလာတာ သုံးလေးနှစ်တော့ရှိပါပြီ၊ အင်္ဂလိပ်စကားလုံး Media ကို တိုက်ရိုက်အသံလှယ်ပြီး မြန်မာစကားလုံးအဖြစ် မွေးစားလိုက်ကြတာပါ။ အဓိပ္ပါယ်ကတော့ သတင်းနှင့်ဖျော်ဖြေရေး ရောထွေးပြီး အများပြည်သူထံသို့ ပို့ဆောင်ပေးတဲ့ လုပ်ငန်းကို ဖွင့်ဆိုကြတာပါပဲ။ ဟိုတုန်းကတော့ "လူထုဆက်သွယ်ရေးကိရိယာ"လို့ သုံးနှုန်းကြတယ် အနှစ်သုံးဆယ်လောက်ရှိပါပြီ။ အခုမှ သူ့အသံအတိုင်း မီဒီယာလို့ခေါ် ဆိုလာကြတာ တွင်တွင်ကျယ်ကျယ် သုံးလာကြတယ်ဆိုရမှာပဲ ။

"လူထုဆက်သွယ်ရေးကိရိယာ" လို့ မြန်မာပြန်သုံးရတော့ စကားလုံးဖောင်းပွပြီး လိုရင်းလည်း မရောက်ဘူး၊ အဓိပ္ပါယ်လည်းတိတိကျကျ မသိရဘူး၊ အမှန်တော့ "ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း" ရုပ်ရှင်ဇာတ်ခုံ၊ ဇာတ်ရုံဆိုတာမျိုးတွေအားလုံး အကျုံးဝင်သွားနိုင်ပါတယ်၊ လူအများကြည့်ရှုခံစား သိမြင်နိုင်အောင် စွမ်းဆောင်တဲ့လုပ်ငန်းအားလုံး "မီဒီယာ"ပဲလို့ဆိုချင်ပါတယ်၊ ဆိုနိုင်ပါလိမ့်မယ်။

အစိုးရတွေ ပါတီအဖွဲ့အစည်းတွေကလည်း သူတို့ရဲ့မူဝါဒတွေကို လူတွေအများ သိနိုင်အောင် လုပ်ဆောင်ဖို့အတွက် ပြန်ကြားရေးဌာန၊ ပြည်သူ့ဆက်ဆံရေးဌာန၊ စိတ်ဓာတ်စစ်ဆင်ရေးဌာန၊ ရုပ်မြင်သံကြားဌာန၊ အသံလွှင့်ဌာန၊ သတင်းဌာန၊ စာနယ်ဇင်းလုပ်ငန်း၊ ရုပ်ရှင်လုပ်ငန်း၊ ဝါဒဖြန့်ချိရေးဌာနဆိုတာမျိုးတွေ ဖွဲ့စည်းတည်ထောင် လုပ်ဆောင်ကြလေ့ရှိပါတယ်။ အဲဒီလုပ်ငန်းမျိုးတွေအားလုံးကို ယနေ့ခေတ်မှာ မီဒီယာလုပ်ငန်းများလို့ သိမ်းကျုံးခေါ်နိုင်ပါမယ်။ ပုဂ္ဂလိကနယ်ပယ်မှာတော့" Media Group " လို့ ခေါ်တဲ့ လုပ်ငန်းတော်တော်များများဟာ တီဗွီကြော်ငြာနဲ့ စာနယ်ဇင်းကြော်ငြာ လိုက်လံတောင်းခံစုဆောင်းဖော်ပြတဲ့ လုပ်ငန်းမျိုးပဲ လုပ်ဆောင်နေကြတာ တွေ့ရတယ်။

ကြော်ငြာကိုယ်စားလှယ်အဆင့်လောက်ပဲ လုပ်နေကြတာများပါတယ်။ ကြော်ငြာကိုယ်စားလှယ်ဆိုတာက လုပ်ငန်းရှင်ကြီးတွေနဲ့ မီဒီယာတွေကြားမှာ ဆက်သွယ်ဆောင်ရွက်ပေးရတဲ့ လုပ်ငန်းမျိုးဖြစ်နေပါတယ်။ ဖျော်ဖြေရေး ကိစ္စမဟုတ်ဘဲ စီးပွားရေးကြော်ငြာ သတင်းအချက် အလက်တွေစုဆောင်းတင်ပြပေးတဲ့ သဘောမျိုးသာ ဖြစ်ပါတယ်။

ဒီတော့ အသုံးတွင်ကျယ်လာတဲ့ Midia ဆိုတဲ့ စကားလုံးအပေါ် ဖြစ်သင့်ဖြစ်ထိုက်တာတွေ လုပ် သင့်လုပ်ထိုက်တာတွေ လုပ်ဆောင်ကြဖို့ နှိုးဆော် တိုက်တွန်းချင်ပါတယ်။

Media Group တစ်ခုတည်ထောင်ပြီး လုပ်ကြပြီဆိုကတည်းက စာနယ်ဇင်းလုပ်ငန်း၊ တီဗွီ အသံလွှင့်လုပ်ငန်း၊ ရုပ်ရှင်လုပ်ငန်း တစ်ခုခုနဲ့ ပေါင်းစပ်ကြရမှာပါ။

ဒီနေ့ကာလမှာ အတွင်ကျယ်ဆုံးနှင့် အထိရောက်ဆုံး မီဒီယာကတော့ ရုပ်မြင်သံကြား လုပ်ငန်းပဲဖြစ်ပါတယ်။

ရုပ်မြင်သံကြားဆိုကတည်းက ရိုက်ကူးထုတ်လုပ်မှုအပိုင်းနှင့် ထုတ်လွှင့်ပြသတဲ့အပိုင်းဆိုပြီး အဓိကလုပ်ငန်းကြီး နှစ်မျိုးရှိလာပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ရုပ်မြင်သံကြားလုပ်ငန်းကို နိုင်ငံတော်အစိုးရနှင့် တပ်မတော်ကပဲ ဦးစီးလုပ်ဆောင်တဲ့အနေအထားမှာ ရှိပါတယ်။ အခုက ထုတ်လွှင့်ပြသနိုင်တယ်လို့ဆိုရမှာပါ။ ထုတ်လုပ်မှုအပိုင်းကိုတော့ ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်တာမျိုးတွေ ရှိလာ တာတွေ့ရပါတယ်။

၁၉၈၀-ခုနှစ်က စတင်စမ်းသပ်ထုတ်လွှင့်ပြသခဲ့တဲ့ မြန်မာ့ရုပ်မြင်သံကြားလုပ်ငန်းဟာ ၁၉၉၀-ကျော်လာတော့ မြဝတီ Chanel တစ်ခုတိုးလာပါတယ်။ အဲ့ဒီနောက် ၂၀၀၀-ပြည့်နှစ်လောက်ရောက်တော့ အင်္ဂလိပ်စကားပြောအသံနဲ့ပြသ-တဲ့ Chanel-3 (MRTV-3)ဆိုပြီး တိုးလာပါတယ်။ ၂၀၀၃-ခုနှစ်လောက်မှာတော့ MRTV-4 ဆိုတဲ့



Chanelတစ်ခုထပ်မံတိုးချဲ့ ထုတ်လွှင့်ပြသတာတွေ တွေ့ရပါတယ်။ ၂၀၀၆-ခုနှစ်ထဲမှာတော့ Chanel-5 သဘောမျိုး Moving-5 ဆိုတဲ့လိုင်းခွဲတစ်ခု တိုးလာပြန်ပါတယ်။

ရုပ်မြင်သံကြားလိုင်းခွဲများမှာ သူ့ကဏ္ဍနဲ့သူ တိုးချဲ့လာတဲ့ အစီအစဉ်သစ်တွေ ကြည့်ရှုလာကြရပါတယ်။

သုတစုံလင် ရွှေဉာဏ်ရှင်
ပဟေဠိနန်းတော်
စားကြမယ်ဟေ့ ကောင်းကောင်း
ဆိုကြမယ်ပျော်ကြမယ်
သီချင်းကောင်းကောင်း သီချင်းတောင်း
သရုပ်ဆောင်လွှင့်ပြင်
လှုပ်လှုပ်ရှားရှားပုံရိပ်များ
မြန်မာ့လက်ဝှေ့ကဏ္ဍ
လျှပ်တစ်ပြက်ရိုက်ချက်
ဗုဒ္ဓဘာသာဝင်လူကြီး လူငယ်များအတွက် ဆရာတော်များဟောကြားသည့်တရားတော်များ
မြန်မာစာတန်းထိုး နိုင်ငံခြားဇာတ်ကားများ

စတဲ့စတဲ့ ကဏ္ဍသစ်တွေ ကြည့်ရှုလာကြရတာ၂-နှစ် ၃-နှစ်ထိရှိလာပါပြီ။ ရုပ်ပုံ ဂီတ သီချင်းအသံအပြောတို့ပေါင်းစည်းထားတဲ့ မီဒီယာရဲ့ တိုးတက်လာမှုကို ဖော်ပြတာပါ။ ရုပ်ရှင်နဲ့စာနယ်

ဇင်းမီဒီယာတွေမှာတော့ သိသာထင်ရှားတဲ့ ပြောင်းလဲတိုးတက်မှုတစ်စုံတစ်ရာ မရှိပါဘူး။ ခဲစာလုံးနဲ့နေရာမှာ ကွန်ပျူတာစာလုံးများရောက်ရှိလာတာလောက်ပဲရှိပါတယ်။ ရုပ်ရှင်မှာ အဖြူအမဲဖလင်က ဆေးရောင်စုံဖလင်နဲ့ရိုက်ကူးလာကြတယ်။ အဲဒီမှာ တစ်ခုသတိပြုမိလာတာကတော့ ကဗျာဝတ္ထု အနုပညာပစ္စည်း ဖွဲ့နွဲ့မှုပုံသဏ္ဌာန်များ ပြောင်းလဲလာတာ တွေ့ရပါတယ်။ ဒါက မီဒီယာကို အသုံးပြုတင်ဆက်လာတာတွေထဲက အနုပညာပိုင်းဆိုင်ရာ ပြောင်းလဲလာတဲ့သဘောကို မမေ့လျော့အောင် ဖော်ပြလိုက်ခြင်းဖြစ်ပါတယ်။ မီဒီယာရဲ့အခြေခံသဘောတရားပြောင်းလဲခြင်း မရှိပါဘူး။ စာနယ်ဇင်း မီဒီယာမှာ ရေးဖွဲ့တင်ပြနေကြတဲ့ အတွင်းသားပိုင်းမှာ ဖွဲ့နွဲ့တင်ပြပုံကိုလိုက်ပြီး ကဗျာ၊ အက်ဆေး၊ ဝတ္ထု၊ ဆောင်းပါး စတဲ့ပုံသဏ္ဌာန်များ ကွဲပြားကြပါတယ်။ သရုပ်ဖော် ဒီဇိုင်း ပန်းချီများနဲ့ ပေါင်းစပ်ပြီး ဖလင်နဲ့ရိုက်၊ ပုံနှိပ်စက်ပေါ်တင်၊ စာရွက်ပေါ်ထပ်ရိုက်၊ သတင်းစာ ဂျာနယ် မဂ္ဂဇင်း စတဲ့ မီဒီယာပစ္စည်းတွေ ဖြစ်လာတာပါပဲ။

ကဗျာနဲ့ဝတ္ထုပိုင်းမှာ မော်ဒန်လို့ခေါ်တဲ့ ခေတ်ပေါ်ရေးသားဖွဲ့နွဲ့မှုနဲ့ လေးလုံးစပ် ကဗျာများ ပူးတွဲဖော်ပြနေကြဆဲရှိပါတယ်။ ဝတ္ထုတို ရှည်များမှာလည်း မော်ဒန်ဝတ္ထုနဲ့ သရုပ်မှန်သရုပ်ဖော်ဝတ္ထုများ ထွန်းကားနေဆဲဖြစ်ပါတယ်။

အဲ့ဒီမှာ မီဒီယာကို ဦးဆောင်မောင်းနှင်သူရဲ့ သဘောဆန္ဒအလိုက် အနုပညာပစ္စည်းတွေရဲ့ ပုံသဏ္ဌာန် ပြောင်းလဲမှုများ ဖြစ်ပေါ်လာတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ စာနယ်ဇင်းများမှာ အယ်ဒီတာက ဦးဆောင်တဲ့အပိုင်းမှာ ရှိနေတာဖြစ်ပါတယ်။

ဒီဘက်သုံးလေးနှစ်မှာ ထပ်ပြီးတိုးလာတဲ့ မီဒီယာ အမျိုးအစားတွေကတော့ အီလက်ထရွန်းနစ်မီဒီယာများဖြစ်ကြတဲ့ ဗွီဒီယိုရုပ်ရှင် ဗီစီဒီ ဒီဗီဒီ အင်တာနက် စတဲ့စကားလုံးများ တွင်ကျယ်လာပြီ ဖြစ်ပါတယ်။ အခြေခံဖြစ်တဲ့ ရုပ်ရှင်ဓာတ်ပုံရိုက်ကူးထုတ်လုပ်မှုအပိုင်းမှာ တိုးတက်လာတာ မတွေ့ရဘဲ ပြသတဲ့အပိုင်းမှာပဲ တိုးတက်လာတယ်လို့ ဆိုနိုင်ပါလိမ့်မယ်။ အင်တာနက်မီဒီယာဟာ ဘယ်လောက်ထိစွမ်းဆောင်လာသလဲဆိုရင် ကမ္ဘာကြီးအနောက်ခြမ်းမှာ မနက်က ဘာတွေဖြစ်ပါသလဲ နေ့ပိုင်းမှာ ကြည့်လို့သိလို့ ရပါပြီ။ နာရီမိနစ်နဲ့အမျှ တပြေးညီ သိခွင့်ရကြတယ်။

အင်တာနက်မီဒီယာသုံးနိုင်ဖို့ကတော့ ကွန်ပျူတာနဲ့တယ်လီဖုန်းလိုင်းလိုပါတယ်။ ပြီးတော့ လျှပ်စစ်ဓာတ်အားလည်းအမြဲသုံးရပါလိမ့်မယ်။

ဒီတော့ မီဒီယာများရဲ့စွမ်းဆောင်မှု ဆက်သွယ်ရေးစနစ်တိုးတက်လာမှုတွေကြောင့် ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို့ ပြောဆိုသုံးနှုန်းလာကြတာဖြစ်ပါတယ်။ ပညာခေတ်လို့လည်း သုံးနှုန်းလာကြပါတယ်။ ပညာအရေးပါတဲ့ ဦးဆောင်တဲ့သဘောမျိုး ဖွင့်ဆိုနိုင်ပါလိမ့်မယ်။

ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို့ ဘယ်လောက်ပဲပြောပြော ဘယ်လိုပဲဆိုဆို ကျွန်တော်တို့ မီဒီယာလုပ်ငန်းတွေရဲ့ အခြေခံ အနှစ်သာရ တိုးတက်မြင့်မားပါမှ လူ့လောက လူ့အဖွဲ့အစည်း တိုးတက်မြင့်မားနိုင်ပါလိမ့်မယ်။ လတ်တလော ပြောရရင်တော့ ကျွန်တော်တို့မြန်မာစကားလုံး နယ်ပယ်ထဲမှာ မွေးစားစာလုံးတွေ တိုးပွားလာတာတော့ သေချာပါတယ်။ အင်တာနက်နဲ့ မီဒီယာပဲ ဖြစ်ပါတယ်။

မီဒီယာတွေကို အမှီပြုပြီး အနုပညာပစ္စည်းကောင်းတွေ တင်ဆက်နိုင်ဖို့ ကြိုးစားကြရင် အနုပညာလောက တိုးတက်လာမှာဖြစ်ကြောင်း သတိပြုမိနေပါတယ်။

ဘုန်းဝေ

❖ ❖ ❖



# ငါးရာ့ငါးဆယ် ပြဿနာများ

## ဆလိုင်းရွှေလင်း

ငါးရာ့ငါးဆယ်ဇာတ်တော်များသည် ဗုဒ္ဓကျမ်းစာတွင် အထူးထင်ရှားပါသည်။ ထိုဇာတ်တော်များက ပေးသော သခ်ာန်းစာနှင့် ဗဟုသုတများသည် ဓမ္မပိုင်းအတွက်သာမက လောကပိုင်းအတွက်ပါ အကျိုးကျေးဇူးကြီးမားလှ၏။ ယူတတ်လျှင် ယူတတ်သလို ရနိုင်သော ရတနာသိုက်ကြီးများပင် ဖြစ်ပါသည်။ ဘုရားလောင်းသည် ဘဝများစွာ သံသရာကို ကျော်လွှားဖြတ်သန်းခဲ့ရာတွင် အထက်တန်းကျသော စိတ်ကောင်းစိတ်မြတ်များဖြင့်သာမက ကြီးမားသောဉာဏ်ပညာဖြင့်လည်း တွေ့ကြုံဖြတ်သန်းခဲ့ပါသည်။ သို့သော် ဘဝအနည်း ငယ်မျှ၌မူသူခိုး သူတစ်ပါးမယားကို ပြစ်မှားသူ စသဖြင့်လည်း ကျင်လည်ခဲ့ရသေး၏။ လူဆိုးပင် ဖြစ်စေကာမူ ဘုရာလောင်း၌ ထူးခြာသောအချက်များမှာ အမှန်ကို အချိန်မီ သိရှိလျှင် ပြင်ဆင်ခြင်း ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်မှန်သမျှသည် ငါးရာ့ငါးဆယ် စာအုပ်များကို တစ်အိမ်ကို တစ်အုပ်နှုန်း ထားရှိကြသင့်ပါသည်။ ထားရုံနှင့်မပြီးသေး၊ နှံ့နှံ့စပ်စပ် မှတ်သားသင့်ကြပါသည်။ မှတ်သားရုံနှင့်မပြီးသေး အကျိုးသင့်အကြောင်းသင့် ဆင်ခြင်သုံးသပ်သင့်ကြပါသည်။ သုံးသပ်ရုံနှင့်မပြီးသေး၊ လောကီလောကုတ္တရာနှစ်ဌာနတွင် လက်တွေ့အကျိုးများအောင် နည်းယူကျင့်သုံးကြရပါမည်။

ငါးရာ့ငါးဆယ်နှင့်ပတ်သက်လျှင် အမွန်အမြတ်တွေချည်း အကောင်းတွေချည်း ဖြစ်သည်ဟူ၍ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အဖို့ ရှုမြင် နိုင်ပါသည်။ ဤသည်မှာ သဒ္ဓါလွန်ကဲသော အမြင် ဟုယူဆဖွယ်ဖြစ်၏။ သို့သော် အကျိုးသင့်အကြောင်းသင့် ဆင်ခြင်သုံးသပ် လေ့လာဆန်းစစ်သူများလည်း ဖြစ်သင့်ပါသည်။ သို့မှသာ ပညာအမြင်ဟုယူဆရပေမည်။ သဒ္ဓါနှင့်ပညာသည် မျှတရမည်ဟု ဗုဒ္ဓကဟောကြားခဲ့ရာ ဤဒေသနာကို ဦးထိပ်ပန်ဆင်ကြရပါမည်။

ငါးရာ့ငါးဆယ်နှင့်ပတ်သက်သော ပြဿနာများကို မကြာခဏကြားသိရပါသည်။ ထိုပြဿနာများကို သဒ္ဓါနှင့်ပညာများစွာဖြင့် လေ့လာသုံးသပ်

ရန် ဤဆောင်းပါး၌ ဦးတည်ထားပါသည်။

**တိရစ္ဆာန်တွေ စကားပြောသလား**

ငါးရာ့ငါးဆယ်ပါ ဇာတ်ဆောင်များတွင် လူတွေသာမက နတ် ဗြဟ္မာတွေ တိရစ္ဆာန်တွေ လည်းပါ၏။ တိရစ္ဆာန်များသည် လူတွေနှင့်သာ မက သူတို့အချင်းချင်းလည်း စကားပြောကြ၏။ မျိုးတူတိရစ္ဆာန်များအချင်းချင်းသာမက မျိုးကွဲ တိရစ္ဆာန်များလည်း စကားပြောကြ၏။ ထို့ကြောင့် အချို့သောသူတို့ကငါးရာငါးဆယ်ဇာတ်တော်များ သည် တိရစ္ဆာန်တွေစကားပြောနေခြင်းကြောင့် ပုံပြင် ဒဏ္ဍာရီအဆင့်တွင်သာ ထည့်သွင်းလိုက်ကြ၏။

ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောကြား ထားခြင်းကြောင့် ထိုသို့ပုံပြင် ဒဏ္ဍာရီအဆင့်သို့ ပို့လိုက်ခြင်းသည် မှားခြင်းမက မှားသွားပေလိမ့် မည်။ သို့သော် တိရစ္ဆာန်တွေ စကားပြောခြင်းသည် မျက်မှောက်ကာလအဖို့ ဘယ်လိုမှ မဖြစ်နိုင်သော ကြောင့် ဤပြဿနာကို အကျိုးသင့်အကြောင်းသင့် စဉ်းစားဖွယ်ဖြစ်ပါသည်။ သိပ္ပံပညာရှင်အချို့က တိရစ္ဆာန်များသည် သူတို့အချင်းချင်း နားလည် နိုင်လောက်သော ဆက်သွယ်မှုများရှိကြောင်း ဖော်ထုတ်တင်ပြခဲ့ကြဖူးသည်။

ဗုဒ္ဓကျမ်းစာများတွင် ပါဠိတော်သည် မူရင်း ဖြစ်၏။ ပါဠိတော်ကို အဋ္ဌကထာဖြင့် ထပ်မံရှင်း လင်းရ၏။ အဋ္ဌကထာကို ဋီကာဖြင့် ထပ်မံရှင်း လင်းရ၏။ ဤတွင် မူရင်းပါဠိတော်ကို အဋ္ဌကထာ ဋီကာဖြင့် ဖွင့်ဆိုရှင်းလင်းကြရာ၌ ကျမ်းပြုပုဂ္ဂိုလ် ၏ အယူအဆအတွေးအမြင်လည်း ထည့်သွင်းပါ ဝင်နိုင်ဖွယ်ရှိကြောင်း အချို့ကသုံးသပ်ကြသည်။ ငါးရာ့ငါးဆယ်နိပါတ်တော်များသည်ပါဠိတော်များ တွင် ဂါထာများအဖြစ် ပါရှိကြသည်ဟုသိရပါသည်။ ဂါထာများ၌ အချို့တွင် ဇာတ်ကြောင်းများ ပြည့်စုံ စွာပါ၍ အချို့တွင် တစ်စိတ်တစ်ပိုင်းသာ ပါကြောင်း အချို့တွင် ဇာတ်ကြောင်းများလုံးဝ မပါကြောင်းသိ ရပါသည်။ အဋ္ဌကထာနှင့်ဋီကာများတွင် ထိုဂါထာ များကို ဇာတ်လမ်းအဖြစ်ပြန်လည် ရေးသားရာ တွင် ရှေးအစဉ်အဆက်က ဆရာသမားများ၏ အဆုံးအမ သင်ကြားချက်များလည်း ပါဝင်နိုင် သည်ဟု သုံးသပ်သူရှိသည်။

ဉာဏ်မမီသောကြောင့် လက်မခံနိုင်ခြင်းမျိုး လည်းရှိနိုင်ပါသည်။ တိရစ္ဆာန်အချင်းချင်း စကား ပြောသည်ကို မယုံခြင်းမှာလည်း ဉာဏ်မမီသော ကြောင့် ဖြစ်နိုင်ပါသည်။ သူငယ်တန်းကျောင်းသား တစ်ယောက်က ဆယ်တန်းသင်ရိုးညွှန်းတမ်း ပြဋ္ဌာန်းစာများကို နားမလည်နိုင်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။ စာရေးသူငယ်စဉ်က ရေဒီယို စတင် နားဆင်ခဲ့ရသောအခါ လေးထောင့်ပုံးငယ်တွင် အလွန်သေးမွှားသော လူလေးများက ကျယ် လောင်စွာ စကားပြော တီးမှုတ်သီဆိုကြသည် ဟုထင်နေ၏။ ဉာဏ်မမီခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ အသွင်သဏ္ဌာန်နှင့် အနှစ်သာရတို့ကို မမေ့အပ်ပေ၊အသွင်သဏ္ဌာန်က မည်သို့ပင်ဖြစ်စေကာမူ အနှစ်သာရကသာအဓိက ဖြစ်ပါ၏။ ဆိုလိုသည်မှာ - ဇာတ်တော်ကပေး သော သခ်ျန်းစာကို ရရှိအသုံးချနိုင်ရေးသာ အဓိက ဖြစ်ပါသည်။ ဆာလောင်မွတ်သိပ်နေသူအဖို့ ရှေ့တွင်ရောက်လာသော အစာအာဟာရကို သုံး ဆောင်လိုက်ရန်သာဖြစ်၏။ ထိုအစာအာဟာရနှင့် ပတ်သက်သော အကြောင်းအခြင်းအရာများကို အသေးစိတ်လေ့လာသိရှိရန်မလိုပေ။အနာရောဂါ စွဲကပ်နေသူအဖို့ သင့်လျော်သောဆေးကို လျင်မြန်စွာ မှီဝဲရန်သာဖြစ်၏။ ဆေးနှင့်ပတ်သက် သော အကြောင်းအခြင်းအရာများကို အသေးစိတ် သိရှိရန်မလိုပေ။

**ဘုရားလောင်း၏ ဘဝကို အားကျရမလား**
**ဇာတ်လမ်း၏သင်ခန်းစာကို ယူရမလား**

ဗုဒ္ဓသာသနာတွင် ပေဒင်လက္ခဏာစသော

လောကီအဟောအပြောများကို အရမ်းယုံ အကန်းယုံ မဖြစ်ကြဖို့ လမ်းညွှန်ထားပေသည်။ သို့သော် ဗေဒင်နက္ခတ်ဆရာအချို့က ငါးရာ့ငါးဆယ်ဇာတ်တော်များကို ခုတုံးလုပ်အသုံးချ၍ မလိမ့်တစ်ပတ်ပြောဆိုဆွဲဆောင်မှုများရှိပါသည်။ သူတို့က "ငါးရာ့ငါးဆယ် ဇာတ်တော်အချို့မှာ ဘုရားလောင်းကိုယ်တိုင် ဗေဒင်နက္ခတ်ဆရာကြီးဖြစ်ခဲ့ပုံတွေ ဗေဒင်လေးပုံသင်ကြားပေးတာတွေ သင်ယူတာတွေ ပါတယ်။ ဒါကြောင့် ဗေဒင်လက္ခဏာ နက္ခတ်စတာတွေကို မယုံမရှိရဘူး။ ဘုရားလောင်းကိုယ်တိုင် လိုက်စားခဲ့တာကွ" ဟု ဆိုတတ်ကြသည်။

မှားလေစွ သူတို့ပြောတိုင်းသာ ဘုရာလောင်းဗေဒင်ဆရာ၏ ဘဝကို အားကျ၍ဗေဒင်ကိုအားကို ယုံကြည်ရမည်ဆိုလျှင် ဘုရာလောင်းသူခိုးဘုရားလောင်းမယားခိုး ဘုရာလောင်းလူသတ်သမားတို့ကို အတုယူ၍ သူခိုး မယားခိုး လူသတ်ရမလိုဖြစ်နေပေသည်။ ထိုသို့ဆိုပါမူ မှားခြင်းမကမှားလေစွ။

စတုက္ကနိပါတ်၊ ကဏာဝေရဇာတ်တွင် ဘုရားလောင်းသည် သူခိုးဖြစ်၏။ ပြည့်တန်ဆာမကအသက်ခံရဆဲသူခိုးကို လာဘ်ပေး၍ လင်ပြု၏။ ပြည့်တန်ဆာထံ လာသူ သူဌေးသားမှာ လဲလှယ်အသတ်ခံရ၏။ သူခိုးသည် ပြည့်တန်ဆာကို လည်ပင်းညှစ်၍ ရွှေငွေဥစ္စာများကို ယူပြေးလေသည်။ ပြည့်တန်ဆာသည် သူခိုးကို ငြီးငွေ့လျှင် သူခိုးကိုသတ်ပြီး အခြားသူတစ်ဦးကို ယူဦးမည်ဟု သူခိုးကစဉ်းစားခြင်းဖြစ်သည်။ ဤဇာတ်တွင် ဘုရားလောင်းသည် သူခိုးဖြစ်၍ သူခိုးဘဝကိုအားကျရန်မဟုတ် မိန်းမတို့၏စိတ်ကြောင့် အပြစ်မဲ့သူဌေးသား အသတ်ခံရခြင်းကို သင်ခန်းစာယူရန်ဖြစ်၏။ တစ်နည်းအားဖြင့် ကာမဂုဏ်အာရုံ၏ ဆိုးဝါးချက်ကို သတိမူရန်ဖြစ်သည်။ ဇာတ်လမ်းကပေးသော သင်ခန်းစာကို ယူရန်သာအဓိက ဖြစ်ပါသည်။ ကျေးရှင်ကို ပြစ်မှားသူကိုလည်း သတိပြုရန်ဖြစ်၏။

မန္ဓာတုဇာတ်တွင် ဘုရာလောင်းစကြာမင်းသည် လူ့ပြည်စည်းစိမ်ကိုသာမက နတ်ပြည်သိကြားမင်းစည်းစိမ်ကို တစ်ဝက်ခွဲယူသည်အထိ ကာမဂုဏ်ရှူး ရှူးခဲ့ဖူးသည်။ မင်းပြိုင်သိကြားမင်းကို လုပ်ကြံ၍ တစ်ဦးတည်းသိကြားမင်းဖြစ်လိုခဲ့သည်။ သူသေခါနီးတွင် သားမယားပရိသတ်များအား တဏှာလောဘ၏ မရောင့်ရဲနိုင်ပုံကို ဟောပြခဲ့သည်။ ဤဇာတ်တွင်လည်း ဘုရားလောင်း လောဘသားကို အားကျရမည်မဟုတ်၊ လောဘတဏှာ၏ ဆိုးဝါးပုံကို သတိပြုဆင်ခြင်ရန်ဖြစ်သည်။ မှတ်သားဖွယ်ကောင်းသည်မှာ ဘုရားလောင်းတို့ မည်သည့်လူဆိုးသူခိုး ဖြစ်နေသည့်တိုင် ပြင်ဆင်ရန် သတိရခြင်းနှင့် အခြားသူတို့အား သင်ခန်းစာ ယူစေလိုခြင်းဖြစ်သည်။ ဘုရားလောင်းတို့၏ စိတ်ဓာတ်ဟုဆိုရပါမည်။

ဤမျှဖြင့် ဘုရာလောင်းတို့၏ ဘဝကို အားကျရမည်မဟုတ်၊ ဇာတ်လမ်းကပေးသော သင်ခန်းစာကိုသာ ရယူရမည်ဖြစ်ကြောင်း ထင်ရှားလေပြီ။ (ဘဝများစွာ၌မူ ဘုရာလောင်း၏ ဘဝကလည်း အထက်တန်းစား စိတ်ဓာတ်ကလည်း အမြတ်စားဖြစ်လေ့ရှိသဖြင့် ဘဝကိုရော စိတ်ဓာတ်ကိုရော ဇာတ်လမ်း၏ သခ်န်းစာကိုရော အားကျဖွယ်ဖြစ်ပေသည်။)

**ငါးရာ့ငါးဆယ်ဇာတ်တော်များသည် အတ္တကောင်ရှိသည်ဟူသော သဿတဒိဋ္ဌိအယူမှားကိုအားပေးခြင်းလား**

အချို့သောသူတို့က ငါးရာ့ငါးဆယ်ဇာတ်တော်များကို သဿတဒိဋ္ဌိ အယူမှားကို အားပေးသည်ဟု ယူဆပြောဆိုကြသည်။ မှားလေစွ၊ ထေရဝါဒဗုဒ္ဓသာသနာတော် မြတ်ကို ရှုတ်ထွေးနက်နဲသော အယူဝါဒများက ပူးဝင်နှောင့်ယှက်လေ့ရှိ၍၊ ပါဠိတော်အချို့ကို တစ်စိတ်တစ်ပိုင်းသာ လိုရာဆွဲကိုးကားလျှက် ဗုဒ္ဓဘာသာကို နဝေတိမ်တောင်ဖြစ်အောင်

ဟောပြောသူများလည်း ရှိသည်။ ကျမ်းစာတစ်နေရာတွင် (ဗုဒ္ဓက ရှေ့ဘဝ နောက်ဘဝ ဝေဖန်ခြင်းမရှိ)ဟုပါကြောင်း လိုရာဆွဲ ကောက်ချက်ချကာ နဝေတိမ်တောင်ရေးသားသူလည်းရှိသည်။

ဗုဒ္ဓဒေသနာတွင် မိစ္ဆာဒိဋ္ဌိ(အယူမှား) အများအပြားရှိရာ အဓိကနှစ်ခုမှာ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ဖြစ်သည်။ သဿတဒိဋ္ဌိဟူသည် (သတ္တဝါသေပြီးနောက် ခန္ဓာကိုယ်အဟောင်းထဲမှ နာမ်ဝိညာဉ်ကောင်လေးထွက်သွားပြီး ခန္ဓာကိုယ်အသစ်တစ်ခုထဲသို့ ကူးပြောင်းဝင်ရောက်သွားခြင်းအားဖြင့် ဘဝများဖြစ်ပေါ်လာသည်) ဟု ယူသောအယူမှားဖြစ်သည်။ အတိုချုပ်ပြောရလျှင်( ရှေ့ဘဝနောက်ဘဝတွေ ရှိသည်) ဟူသော အယူမှားဖြစ်သည်။ ဥစ္ဆေဒဒိဋ္ဌိဟူသည်မှာ( သတ္တဝါသေလျှင်ပြတ်ပြီ၊ ဤဘဝပြုခဲ့သော ကံစွမ်းအင်တို့၏ သတ္တိကြောင့် ရုပ်အသစ်နာမ်အသစ် ပေါ်ပေါက်သောနောက်ဘဝမရှိ)ဟု ယူသောအယူမှားဖြစ်သည်။ အတိုချုပ်ပြောရလျှင် (ဘဝတွေမရှိတော့) ဟု ယူသော အယူမှားဖြစ်သည်။

ဤသို့ဆိုလျှင် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင်အောင် ဘဝများစွာသံသရာ၌ ကျင်လည်ကာ ပါရမီဖြည့်ဆည်းခဲ့သော ဗုဒ္ဓလောင်းလျာ၏ ဘဝများသည် ရှိခဲ့သည်ဟုဆိုလျှင် သဿတဒိဋ္ဌိ အယူမှားဖြစ်တော့မည်။ ထိုသို့ အချို့က မှားမှားယွင်းယွင်းရှုမြင်ကြသည်။ ဝေဖန်ကြသည်။ ဤဝေဖန်ချက်အတိုင်းဆိုလျှင် ဗုဒ္ဓလောင်းလျာ၏ အထင်ကရဘဝများကိုထင်ဟပ်စေသည့် ငါးရာ့ငါးဆယ်ဇာတ်တော်များသည် သဿတဒိဋ္ဌိအယူမှားကို သက်သေခံနေခြင်းဟု ဆိုထိုက်ကြောင်း အဆိုပါအယူမှားသူတို့က ဆိုကြ၏။

ရှေးဘဝ နောက်ဘဝရှိကြောင်း ဗုဒ္ဓဟောခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် သဿတဒိဋ္ဌိကင်းစင်အောင် မြင်ဖို့ဆိုသည်မှာ အကြောင်းကြောင့် အကျိုးဖြစ်သည်ဟူသော အခြေခံသဘောကို နားလည်မှ ဖြစ်ပေမည်။ ကံစွမ်းအင်တို့၏ အကြောင်းသတ္တိကြောင့် ရုပ်အဟောင်းနာမ် အဟောင်းများချုပ်ငြိမ်း၍ ရုပ်အသစ်နာမ်အသစ်များ ပေါ်ပေါက်ကာ ဘဝသစ်ဖြစ်ပေါ်ရခြင်းဖြစ်သည်။ သဿတဒိဋ္ဌိသမားတို့က ရုပ်သာပျက်စီးပြီး နာမ်ကား မပျက်မစီးအမြဲတည်နေသော အတ္တကောင် ဝိညာဉ်ကောင် လိပ်ပြာဟု ယူဆကြခြင်းကြောင့် အကြောင်းအကျိုးတရားမှန်နှင့် ဆန့်ကျင်နေကြောင်း သိသာပေသည်။

ဆရာရှင်တို့က ဥပမာပေးခဲ့ကြ၏။ တောမီးလောင်ရာတွင် ချောင်း၏ ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့မီးများကူးစက်လောင်ကျွမ်း၏။ မီးသည် ဤမှာဘက်ကမ်းမှ ဟိုမှာဘက်ကမ်းသို့ အဆက်အစပ်မပျက် ကူးသွားခြင်းလည်း မဟုတ် သို့သော် ဤမှာဘက်ကမ်းရှိ မီး၏အကြောင်းတရားကင်းစွာဖြင့် ဟိုမှာဘက်ကမ်းတွင် လောင်ခြင်းမျိုးလည်းမဟုတ်။ အကယ်စင်စစ်ကား ဤမှာဘက်ကမ်းရှိမီးကိုအကြောင်းခံ၍ ဟိုမှာဘက်ကမ်းတွင် မီးလောင်ခြင်းဖြစ်သည်။ အခြားဥပမာ တစ်ခုကား မွေးကင်းစ ကလေးငယ်သည် တဖြည်းဖြည်းကြီးရင့်၍ နှစ်များစွာကျော်ဖြတ်ကာ အသက် ၈၀-အရွယ် အဘိုးကြီးဖြစ်လာ၏။ထိုကလေးငယ်သည် အဘိုးကြီးဖြစ်သည်ဟုလည်း မဆိုနိုင်၊ မွေးကင်းစကလေးသည် အဘိုးကြီးမဟုတ်ဟုလည်း မဆိုနိုင်။

အကယ်စင်စစ်ကား မွေးကင်းစကလေးငယ်သည် ရုပ်အဟောင်းနာမ်အဟောင်းများမှ ရုပ်အသစ် နာမ်အသစ်များသို့ တဖြည်းဖြည်း အကြောင်း အကျိုးတရားဖြင့် ဖြစ်ပေါ် ပြောင်းလဲနေကြခြင်းဖြစ်သည်။ အနိစ္စ-ဟူသည်မှာ ဤသည်ပင်ဖြစ်၏။ အနိစ္စကို မမြဲခြင်းဟုဘာသာပြန်ကြသလို ပြောင်းလဲခြင်းဟုလည်း ဘာသာပြန်နိုင်သည်သာဖြစ်သည်။

ဆိုလိုသည်မှာ ငါးရာ့ငါးဆယ်ဇာတ်တော်များသည် အတ္တကောင်ရှိသည်ဟုယူဆသော သဿတ



ဒိဋ္ဌိအယူများကိုအားပေးခြင်းမဟုတ်ဟူသော အချက်ပင် ဖြစ်ပါသည်။

ဇာတ်တော် ၅၀၀-ဝန်းကျင်သာ ရှိပါလျက် အဘယ့်ကြောင့် ၅၅၀-ဇာတ်တော်ဟု ခေါ်သနည်း

၅၅၀-ဇာတ်တော်များကို အစဉ်လိုက် ရေတွက်သောအခါ အတိအကျအားဖြင့် ၅၄၇-ဇာတ် သာရှိပေသည်။ ၃-ဇာတ်လိုနေ၏။ သို့သော် အခေါ်လွယ်စေရန် ၅၅၀ - ဇာတ်တော်ဟု ခေါ်ဝေါ်ကြောင်းလေ့လာမှတ်သားရပါသည်။

သို့သော် တူနေထပ်နေသောဇာတ်တော်များနှင့် ဇာတ်ကြီးတစ်ခု၏ အစိတ်အပိုင်းများကို သီးသန့်ခွဲထုတ်၍ ဇာတ်တစ်ဇာတ်အနေဖြင့် ဟောကြားထားသည်များမှာလည်း အများအပြားပင် ရှိပါသည်။ ဤသည်တို့ကို ဖယ်ထုတ်လိုက်လျှင် ဇာတ်တော် ၅၀၀-ဝန်းကျင်သာရှိတော့မည်ဟု မှန်း ဆရသည်။

ဥဒါဟရုဏ်ပြအံ့၊ မဟောသဓာဇာတ်တော်ကြီး၏ အစိတ်အပိုင်းများကို သီးသန့်ခွဲထုတ်၍ ဇာတ်တစ်ခုအနေဖြင့် ဟောကြားထားသော ဇာတ်အများအပြားရှိသည်။ မဟောသဓာဇာတ်သည် ဇာတ်တော်အမှတ် ၅၄၂-မဟာဥမင်ဇာတ်တော်ပင်ဖြစ်သည်။ ဇာတ်တော်၅၄၂-၏ ဇာတ်ခွဲများမှာ -

၁။ ဇာတ် ၁၁၂-အမရာဒေဝီပဉှဇာတ်၊
၂။ ဇာတ် ၁၇၀-ကကဏ္ဍကဇာတ်၊
၃။ ဇာတ် ၃၆၄-ခဇ္ဇောပနကဇာတ်၊
၄။ ဇာတ် ၁၁၁-ဂဒြဘပဉှဇာတ်၊
၅။ ဇာတ် ၅၁၇-ဒသရက္ခသဇာတ်၊
၆။ ဇာတ် ၃၅၀-ဒေဝတာပဉှဇာတ်၊
၇။ ဇာတ် ၅၀၈-ပဉ္စပဏ္ဍိတဇာတ်၊
၈။ ဇာတ် ၄၇၁-မေဏ္ဍကပဉှဇာတ်၊
၉။ ဇာတ် ၁၁၀-သဗ္ဗသံဟာရကဇာတ်၊
၁၀။ဇာတ်၁၉၂-သိရီကာလကဏ္ဍိဇာတ်၊
၁၁။ဇာတ် ၅၀၀-သိရီမန္တဇာတ် --

တို့ဖြစ်သည်။

အလားတူ ဇာတ်၅၄၆-ဝိဓူရဇာတ်၏ ဇာတ်ခွဲများလည်းရှိသည်။ အခြားဇာတ်တော်များတွင်လည်း တူနေထပ်နေခြင်းများ ထပ်တူမကျသော်လည်းဆင်တူနေခြင်းများရှိသည်။ ထို့ကြောင့် ဤသည်တို့ကို ဖယ်လိုက်လျှင်ဇာတ်တော်၅၀၀-ဝန်းကျင်သာ ရှိမည်ဟု ခန့်မှန်းရပေသည်။ သို့ဆိုလျှင် ၅၅၀-ဟု အဘယ်ကြောင့်ခေါ်သနည်းဟု စောဒကတက်ဖွယ်ရှိသည်။

အဖြေကား--ဤသို့တည်း။

ဗုဒ္ဓမြတ်စွာသည် ပရိသတ်တို့၏ မင်ဖိုလ်အကျိုးငှာ တရားဟောခြင်းဖြစ်သည်။ တရားတစ်ပုဒ်ကို အကျိုးရှိမည်ဆိုလျှင် အကြိမ်ကြိမ်လည်း ဟောမည်သာဖြစ်သည်။ ဇာတ်တော်ကြီး၏ အစိတ်အပိုင်းကိုလည်း အကျိုးရှိမည်ဆိုလျှင်ထပ်ဟောမည်သာဖြစ်သည်။ ဟောစဉ်က ဂါထာပုဒ်ရေကိုမူတည်ရသဖြင့်သာ ဇာတ်ကြောင်းတူပါလျက် နိပါတ်ကွဲ ခေါင်းစဉ်အောက်၌ ထပ်ပါရခြင်း မျိုးလည်းရှိနိုင်သည်သာ ဖြစ်သည်။

မည်သို့ပင်ဆိုစေ ထေရဝါဒဗုဒ္ဓသာသနာတွင် ဘုရားဟောများကို မူရင်းအတိုင်း မပြုမပြင် ထိမ်း

သိမ်းလာခဲ့ခြင်းကြောင့် ဇာတ်တော်၅၀၀-ဝန်းကျင် သာရှိပါလျှက် ၅၅၀-ဇာတ်တော်ဟု ခေါ်ဝေါ်ခြင်း မှာလည်း ပြဿနာတစ်ရပ်မဟုတ်ပေ။ သို့သော် ခွဲခြမ်းစိတ်ဖြာသိအပ်သည်ကား အမှန်ပင် ဖြစ်ပေသည်။

**ကမ္ဘာ့ပုံပြင်အချို့နှင့် ဇာတ်တော်များ တူညီနေမှုတွင် မည်သူကမည်သူ့ထံမှ ခိုးသနည်း**

ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံ အချို့သော လူမျိုးတို့၏ ဂန္ထဝင်မြောက်ပုံပြင်များ မြောက်များစွာရှိပါသည်။ ထိုပုံပြင်အချို့သည် ၅၅၀-ဇာတ်တော်လာပုံပြင်အချို့နှင့် တူညီနေကြောင်းလည်းတွေ့ရသည်။ ဗုဒ္ဓသာသနာကို အထင်မကြီးသူတို့က ဗုဒ္ဓကျမ်းစာဇာတ်တော်များမှာ ထိုကမ္ဘာ့ပုံပြင်များကို ခိုးချခြင်းဖြစ်သယောင်ယောင် ရေးသား ပြောဆိုတတ်ကြ၏။ သာသနာကြည်ညိုသူတို့ကမူ ဇာတ်တော်များကသာ မူရင်းအခြေခံဖြစ်၍ အခြားလူမျိုးအခြားနိုင်ငံများက ဇာတ်တော်များကို မှီငြမ်းတုပခြင်းဖြစ်ကြောင်း ပြောကြ၏။ အဘယ်သူမှန်နိုင်သနည်း။

ဗုဒ္ဓသည် လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀-ခန့်က ပေါ်ထွန်းခဲ့ပြီး ဇာတ်တော်များကို ဟောကြားခဲ့ခြင်းဖြစ်သည်။ ယနေ့ ယဉ်ကျေးမှုထွန်းကားပါသည်ဟုဆိုသော နိုင်ငံများ၏ ကျော်လွှားဖြတ်သန်းမှုခရီးစဉ်ကိုကြည့်လျှင် လွယ်ကူသော အဖြေကို ရမည်သာဖြစ်၏။ ဆိုလိုသည်မှာ ဇာတ်တော်များကသာ မူရင်းအခြေခံဖြစ်နိုင်ကြောင်း သိသာပေ၏။

ဗုဒ္ဓသာသနာအကြီးအကျယ်ထွန်းကားခဲ့သောနိုင်ငံများတွင် သာသနာ့ဘေးရန်များကြောင့် သာသနာကွယ်ပျောက်ခဲ့ရ၏။ ပြည်သူအများစုသည် ဘာသာခြားကို ကိုးကွယ်သူများဖြစ်သွားကြ၏။ သို့သော် ဇာတ်တော်များကိုကားသတိတရ မှတ်မိမြတ်နိုးလျက်ပင် ရှိကြ၏။ ထို့ကြောင့် ဇာတ်ကောင်များနှင့် နောက်ခံ အခင်းအကျင်းတချို့ ပြောင်းလဲသွားပြီး ဇာတ်လမ်းတူညီသောပုံပြင်များ ပေါ်ပေါက်ခဲ့ဖွယ်ရှိပေသည်။ အချို့ဇာတ်လမ်းများမှာမူ ထပ်တူ တူညီခြင်းမျိုးဖြစ်သည်။

ဤသည်နှင့်ဆက်စပ်၍ စနစ်ကျသော လေ့လာမှုနှင့် ယထာဘူတကျသော သုံးသပ်မှုများ ဆက်လက်လုပ်ဆောင်သင့်သည်ဟု ယူဆပါ၏။

**နိဂုံး**

၅၅၀-ဇာတ်တော်များသည် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာပင် ဗုဒ္ဓအဆုံးအမများနှင့်အတူ မြန်မာတိုင်းရင်းသား မြန်မာ့ယဉ်ကျေးမှုဓလေ့တို့ကို ခိုင်ခဲ့သားနားစေခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်မှန်လျှင် ၅၅၀-ဇာတ်တော်များစာအုပ် ရှိသင့်သည်သာ ဖြစ်ပါသည်။ ညောင်ကန်ဆရာတော်၏ စာအုပ်များမှာ ဝေဝေဆာဆာ ပြည့်ပြည့်စုံစုံ ဖြစ်သော်လည်း အတွဲများရှုံမက တစ်တွဲကို ၃၅၀ဝိ/ခန့် ဖြစ်နေ၍ အများစု လက်လှမ်းမမီကြပေ။ မြင့်ဆွေ၏ ၅၅၀-စာရင်းကျယ်မှာ စာမျက်နှာ ၃၀၀-ခန့်သာရှိသော စာအုပ်ငယ်လေးဖြစ်၍ ဇာတ်တော်အားလုံးလည်း ပါဝင်၏။ သို့သော် စာရင်းကျယ်ဆိုသည့် အတိုင်း စာရင်းများပြုစုထားရုံ ဖြစ်၏။ အနှစ်သာရများ မပါချေ။ဇာတ်ကြောင်းလည်း မစုံချေ။ နှလုံးလှစာပေတိုက်မှ မာဏဝပြုစုသော ဇာတ်တော်စာအုပ်ကား တစ်အုပ်တည်းနှင့် ပြည့်စုံနိုင်သမျှပြည့်စုံအောင် အားထုတ်ထားသည့်တိုင် တစ်အုပ်လျှင် ၄၀၀ဝိ/ခန့်ဖြစ်နေသည်။ မာဏဝစာအုပ်ထက် ပို၍အနှစ်ချုပ်ကာ လိုရင်းမပျောက်အောင် ရေးသားနိုင်သော စာအုပ်ကိုကျပ်၂၀၀၀-(စက္ကူအတန်အသင့်ကောင်း)ဖြင့် ထုတ်ဝေနိုင်လျှင်ကား ဗုဒ္ဓဘာသာဝင်တိုင်း ဝယ်ဖတ်နိုင်ပေမည်။

**ဆလိုင်းရွှေလင်း**

❖ ❖ ❖



# ဆရာ့ရင်ခွင်

ဥက္ကံ-ရှင်ပညာဝံသ

(၁)

ဆရာ့ရင်ခွင်၊ အစဉ်နွေးထွေး
ဖေးမကြင်နာ၊ ပညာတတ်စေ
စုစုပေးလှူ၊ တာဝန်ယူလျှက်
ထက်မြက်စေရာ၊ ကျမ်းစာစုံပြည့်
ဓမ္မာစရိယ၊ စသည်ဘွဲ့ဂုဏ်
ရစေကုန်လျှက်၊ လုံးစုံပြည့်တိုင်
ကျောင်းထိုင်သည်ထိ
အာစရိ၏၊ များဘိကျေးဇူး
ဂုဏ်အထူးကို၊ ဆပ်ဖူးသူသာ
သိတတ်ရာဟု၊ ဆရာအေးရိပ်
နားခိုသိပ်လျှက်၊ ချွေးသိပ်စေရေး
ဆရာ့ခြေသလုံးဘေးမှာ၊ နွေးထွေးအစဉ်
နေခဲ့ကြရ တကား။

လောကမှာ တတ်သိသူတွေ ပညာတတ်သူတွေ ပေါများသလောက် သိတတ်သူတွေ ရှားပါးလှချေ၏။ ဆရာ့ကျေးဇူးများကို ခံယူသူတွေ ပေါများသလောက် ဆရာကျေးဇူးကို ပြန်ဆပ်တတ်သူတွေ ရှားပါးလှချေ၏တကား။

(၂)

အို--ချစ်သားအာနန္ဒာ၊ ငါဘုရား ပင်ပန်းနွမ်းနယ်နေပြီဖြစ်တဲ့အတွက် လျောင်းစက်အနားယူဖို့ ငါ့ရဲ့အပေါ်ရုံသင်္ကန်းတော်ကြီးကို သုံးခေါက်ခေါက်ပြီးခင်းပေးပါ ချစ်သားအာနန္ဒာ -

အို-- ချစ်သားအာနန္ဒာ၊ ဆင်ပြောင်ငါးစီးအားမာန်ကြီးသည်အထိ အင်အားတွေရှိတော်မူခဲ့တဲ့ ငါဘုရားဟာ ယခုအခါ အင်အားတွေကုန်ခမ်းခဲ့ပါပြီ ချစ်သားအာနန္ဒာ၊ ငါဘုရား ရေအလွန်ဆာနေပြီဖြစ်တဲ့အတွက် မြစ်ထဲက ရေကြည်တော်လေးတစ်ခွက် သွားပြီးခပ်ပေးစမ်းပါ ချစ်သားအာနန္ဒာ-

ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူ ရှင်ပညာသည် နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓတရားတော်ကို သတိတရဖြစ်လျက် မြတ်စွာဘုရားနှင့် အာနန္ဒာမထေရ်မြတ်တို့အား မျက်လုံးထဲမှာ မြင်ယောင်, နားထဲမှာ ကြားယောင်နေပါသည်။

"ဩော်-- ငါတို့ရဲ့ ကျေးဇူးရှင်ဆရာသခင်ဖြစ်တော်မူတဲ့ အရှင်နန္ဒဝံသဆရာတော်ဘုရားကြီးက သက်တော်ရှည်ကြာခဲ့လေပြီ၊ ဆရာတော်ကြီးရဲ့ ရင်ခွင်အေးရိပ်ဟာ လွန်စွာမှ အေးမြငြိမ်းချမ်းလှတယ်၊ အကယ်၍ ဆရာတော်ဘုရားကြီး သည့်ထက်သက်တော်ကြီးမားလာခဲ့ရင် ညီတော်အာနန္ဒာက မြတ်စွာဘုရားကို ပြုစုသလို ဆရာတော်ဘုရားကြီး အလိုတော်ရှိခဲ့ရင် အပေါ်ရုံသင်္ကန်းတော်ကြီးကို သုံးခေါက် ခေါက်ပြီး ငါခင်းပေးလိုက်မယ် အညောင်းအညာပြေအောင် ယခုထက်ပိုပြီး နင်းပေးနှိပ်ပေးအုံးမယ်၊ နေမကောင်းဖြစ်ခဲ့ရင် ဆေးတိုက်ကာ စောင်လေးခြုံပေးပြီး ချွေးလေးအောင်းပေး

မယ်၊ ဆရာတော်ကြီး ဘုဉ်ပေးချင်တဲ့အာဟာရကို မရ,ရအောင် ငါရှာပြီး -

ငါ့ဆရာတော်ဘုရားကြီး သက်တော်ရာကျော် ရှည်အောင် ဆွမ်းကပ်ကျွေးမယ်-ဟူ၍ ရှင်ပညာသည် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတွေကို တရိပ်ရိပ်မြင်မိနေပါတော့သည်။ ။

(၃)

ရှင်ပညာသည် ကျောင်းအပေါ်ထပ်ရှိ ဆရာတော်ဘုရားကြီးကို ပြုစုကာ ရှိခိုးပူဇော်ပြီးနောက် ကျောင်းအောက်သို့ ဆင်းလာနေချိန် ဤသို့ စဉ်းစားမိပြန်သည်။

"ဆရာတော်ကြီးဟာ ငါတို့လို ကိုရင်လေးတွေ ဘဝတည်းက ကျွေးမွေးမပျက် ဆောင်ရွက်စီမံခဲ့တယ်၊ သက်န်းပေးတယ်၊ ပညာသင်ပေးတယ်၊ ဆေးကုပေးတယ်၊ သူသာအနစ်နာခံပြီး တပည့်ကိုရင် ဦးပဉ္စင်းတွေကို သူမစားဘဲ ကျွေးတယ်၊"

"ဟောဒီ ရွာမပရိယတ္တိစာသင်တိုက်ကြီး ပေါ်ပေါက်ထွန်းကား ကြီးကျယ်ပြန့်ပွား စည်ပင်လာအောင် ဆရာတော်ကြီး ကြိုးစားခဲ့တယ်၊ ကျောင်းထိုင်ဘုန်းကြီးတစ်ပါးအနေနဲ့ အပင်ပန်းခံစရာ မလိုဘဲနေနိုင်ပေမယ့် သူဒီလိုမနေဘူး၊ တပည့်တွေရဲ့ နောင်ရေး, သာသနာတော်ကြီးရဲ့ ရှေ့ရေး စည်ပင်ပြန့်ပွားဖို့အတွက် ဆရာတော်ကြီး ကြိုးစားခဲ့တယ်၊

Sweet are use of Adversity.

ချမ်းသာသုခကို လိုချင်ရင် ဒုက္ခနဲ့ အရင်းတည်ရတယ်ဆိုတဲ့ စကားကိုရင်ဝယ်ပိုက်ကာ ဒုက္ခကိုအရင်းတည်ပြီး ချမ်းသာသုခ တည်းဟူသော သာသနာတော်ကြီးအတွက်စွမ်းစွမ်းတမံဆောင်ရွက်ခဲ့တယ်၊ သာသနာ့အာဇာနည်တွေ မွေးထုတ်ပေးခဲ့တယ်၊ ဒါကြောင့် ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးကိုဆပ်တဲ့ ဂုဏာဝီသိဋ္ဌပူဇော်ပွဲကြီးမှာ ငါဟာ ရှေ့ဆုံးကနေပြီး ဆရာတော်ကြီးရဲ့ ခြေဖဝါးက မြေမှုန်တွေ ငါ့ခေါင်းပေါ်မှာ ဖြူးပြီး အသည်းထဲ နှလုံးထဲက လှိုက်လှိုက်လှဲလှဲ စေတနာပီတိတွေနဲ့ ဆရာတော်ကြီးကို ပူဇော်မယ်"

တပည့်ဖြစ်သူ ရှင်ပညာသည် ဤသို့သဘောပေါက်၍ ဆုံးဖြတ်ချက်ချလိုက်ပါသည်။

"ငါ့ရဲ့ ဘဝတစ်သက် ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ပွားများကာ ကျေးဇူးဆပ်ပြီး နေသွားမယ်" ဟူ၍ သံဓိဋ္ဌာန်ချလိုက်ပါသည်။

(၄)

လောကမှာ **တတ်သိ**သူတွေပေါ များသလောက်
**သိတတ်**သူတွေ ရှားပါးလှချေ၏တကား၊
တတ်သိသူတွေ မသိငြားသော်လည်း
တို့များ သိတတ် ဦးဆောင်မယ်၊
သက်တော်ထင်ရှား၊ ဆရာတော်ဘုရားကို
တို့များ ပြုစု ပူဇော်မယ်။
ဆရာ့တစ်သက်၊ တို့တစ်သက်
ဦးထိပ်ရွက်ပါ့မယ်၊
အဲဒါမှ --ဗုဒ္ဓဝါဒ အလိုတော်ကျ ဂုဏာဝီသိဋ္ဌ မည်ပါတယ်။ ။

အေးမြသော ဆရာတော်ဘုရားကြီး၏ ရင်ခွင်သည်အစဉ်ထာဝရ ငြိမ်းအေးချမ်းမြေ့ လှလေစွတကား။ ။

အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ နန္ဒဝံသဆရာတော်ဘုရားကြီး -

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ သက်တော်ရာကျော်ရှည်ပါစေသတည်း။ ။

♦ ဉက္ကံ ရှင်ပညာဝံသ



# ကျွန်တော်တို့ငယ်ငယ်ကကျောင်း

■ လေးကိုတင်

(၁)

ကျွန်တော်သည် ရန်ကုန်မြို့တော်၏ အနောက်ပိုင်းသားဖြစ်သည်။ လှိုင်မြစ်ဝှမ်းနဘေး မှစခဲ့သော (၁)လမ်း၊ (၂)လမ်းမှသည် (၇)လမ်း (၈)လမ်း၊ ထိုမှ(၉)လမ်းထိပ်ရှိ မူလတန်းကျောင်း အဆောက်အဦးတွင် မွေးဖွားခဲ့သော ကျွန်တော် သည် ငယ်စဉ်က မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းထိ နေခဲ့သောကျောင်းကို ယနေ့ထိ ရင်ထဲတွင် စွဲမြဲစွာရှိနေဆဲဖြစ်ပါသည်။ ကြီးလာ တော့ ရပ်ကွက်အမျိုးမျိုးသို့ ပြောင်းရွှေ့နေထိုင်ရ သော်လည်း အနောက်ပိုင်းတွင် ရှိခဲ့သော ထို ကျောင်းကို ဖြတ်သွားဖြတ်လာလုပ်မိတိုင်း "ဩော် မြင့်မေတ္တာ ဗုဒ္ဓဘာသာအလွတ်သင်တန်းကျောင်း ပါလား"ဆိုပြီး အသံထွက်ကာ တမ်းတ သတိရ မိခဲ့ပါသည်။

၁၉၆၄-ခုနှစ်တွင် ပြည်သူပိုင်ကျောင်းဘဝသို့ ပြောင်းလဲသွားသော မြင့်မေတ္တာ ဗုဒ္ဓဘာသာ အ လွတ်ပညာသင်ကျောင်းသည် ယခင်က ရန်ကုန်မြို့ရှိ အခြားအလွတ်ပညာသင်ကျောင်းများနှင့် တန်းတူ ထင်ရှားကျော်ကြားသော ပုဂ္ဂလိကကျောင်းကြီး ဖြစ်ပါသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်ပန်းမြင့် က အုပ်ချုပ်ပါသည်။ အထက်တန်းနှင့် အလယ် တန်းတချို့အား နံနက်ပိုင်း(၇-နာရီမှ ၁၂-နာရီ အထိ)၊ အလယ်တန်းတချို့နှင့် မူလတန်းတို့အား ညနေပိုင်း(၁၂-နာရီခွဲမှ ၅-နာရီအထိ) နှစ်ချိန်ခွဲ၍ ကျောင်းသား ၅၀၀-ကျော် ပညာသင်ကြားနေပါ သည်။ ဆရာဆရာမများကလည်း တက်ညီလက် ညီ သင်ကြားပို့ချပေးကြပါသည်။ အစိုးရစာမေးပွဲ များဖြစ်သော စတုတ္ထတန်း၊ သတ္တမတန်းနှင့် နဝမ တန်း၊ ဒသမ(တက္ကသိုလ်ဝင်)တန်းတို့တွင် ရာခိုင် နှုန်း ကောင်းကောင်းနှင့် ပုံမှန်အောင်မြင်နေသဖြင့် ရန်ကုန် အနောက်ပိုင်းတွင် နာမည်ကြီးနေသော အလွတ်ပညာသင်ကျောင်းတစ်ကျောင်း ဖြစ်ပါ သည်။


ကျွန်တော်သည် ထိုကျောင်းတွင် မူလတန်းမှ စ၍ စတင်ပညာသင်ကြားရသည်။ (တတိယတန်း မှစ၍ အခြားမူလတန်းကျောင်းမှ ပြောင်းပြီး ပညာ သင်ကြားရခြင်းဖြစ်သည်။) ကျောင်းဝတ်စုံဝတ်ရ သည်၊ အင်္ကျီဖြူ ဘောင်းဘီပုဆိုးကြက်သွေးရောင် ဝတ်ရသောကျောင်းသားများ၊ အင်္ကျီဖြူ ထမီဂါဝန် ကြက်သွေးရောင်ဝတ်ရသောကျောင်းသူများနှင့် အတူ ဆရာ၊ ဆရာမများအားလုံး ထိုဝတ်စုံ ဝတ်စား ထားကြသည်။ ဆရာမကြီးလည်း ကြည့်ဦး၊ ရှန်သား အင်္ကျီအဖြူလက်ရှည်နှင့် ကြက်သွေးရောင်ထမီ၊

ထိုထမီခါးကြားတွင် လက်ကိုင်ပုဝါအဖြူသုံးမြှောင့် ပုံလေး ချိတ်ထားသည်။ အရပ်မနိမ့်မမြင့် တည်ကြည်သောမျက်နှာ (ထိုမျက်နှာပေါ်တွင် သနပ်ခါးရေကျဲလေး လိမ်းထားသည်) မဟာနဖူး နောက်ဝယ် ဆံထုံးပွံ့ပွံ့ထုံးထားပြီး သဇင်ပန်းခက်တွေက ဆံထုံးဘေးတွင်တဝေဝေနှင့် အလွန် ကျက်သရေရှိသော အလွန်ကြန်အင်ရှိသော အလွန်သိမ်မွေ့သော ကျောင်းအုပ်ဆရာမကြီးဖြစ်ပါသည်။

နာမည်က ဒေါ်ပန်းမြင့်၊ နောက်နာမည်ရှိသေးသည်။ "အဆော်ကြမ်းဒေါ်ပန်း"ဟူ၍ ဖြစ်ပါသည်။ အခြားမဟုတ်ပါ။ အလွန်စည်းကမ်းကြီးသော ကျောင်းဖြစ်နေ၍ ကြပ်ကြပ်မတ်မတ် အုပ်ချုပ်ရာမှ ဆရာမကြီးအား တလေးတစားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ဆရာမကြီးကြောင့် ဆရာဆရာမများလည်း စည်းနှင့် ကမ်းနှင့်၊ကျောင်းသားကျောင်းသူများလည်း စည်းနှင့်ကမ်းနှင့်၊ အားလုံးသုံးနားညီ စည်းနှင့် ကမ်းနှင့် ဖြစ်နေသော မြင့်မေတ္တာဗုဒ္ဓဘာသာအလွတ်ပညာသင်ကျောင်းဖြစ်ခဲ့လေသည်။

(၂)

မြင့်မေတ္တာ ဗုဒ္ဓဘာသာအလွတ်ပညာသင်ကျောင်းဆိုသည်မှာ ဗုဒ္ဓဘာသာအား အထူးပြုသင်ကြားပို့ချပေးပြီး ဗုဒ္ဓဘာသာစာမေးပွဲများ (ကျောင်းတွင်းစာမေးပွဲနှင့် ပြင်ပစာမေးပွဲများ) ဝင်ရောက်ဖြေဆိုကြရသည်။ ကျောင်းတံဆိပ်ကိုကြည့်ပါ။ သာသနာ့အလံလေးထောင့်ပုံထဲတွင် ကြေးစည်ပုံကလေးတပ်ထားသော ကျောင်းတံဆိပ်ဖြစ်ပါသည်။ ကျောင်းအပ်လျှင်အပ်ချင်းဘုရားရှိခိုးကျက်ရသည်။ ဩကာသ ဩကာသမှ အစ ဣတိပိ သော ဘဂဝါအလယ်၊ သမ္ဗုဒ္ဓေအဆုံး သိမ်းကြုံးကျက်မှတ်ရသည်။ အလယ်တန်းရောက်တော့မှ



မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်များ သင်ကြားရင်း ကျက်မှတ်ရွတ်ဆိုရသည်။ အထက်တန်းရောက်တော့ ပို၍ သင်ကြားပို့ချလာသည်။ ထို့ပြင် ဝါတွင်းသုံးလရောက်လျှင် ဥပုသ်နေ့တိုင်း(ကျောင်းပိတ်ထားသော်လည်း) ကျောင်းလာ၍ သီလယူ ဥပုသ်စောင့်ရပါသည်။ ထို့ပြင်တဝ ဇာလီဘုန်းကြီးကျောင်းပန္နက်ရိုက်ကျောင်းဆောက်ရာ၌ ကျောင်းဝတ်စုံများဝတ်၍ အုတ်သယ် မြေသယ် ရေခပ် အစရှိသော ကုသိုလ်တော်လုပ်အားပေး အလုပ်များ လုပ်ရပါသည်။


စာသင်ချိန်များတွင် အတန်းတိုင်း၌ ဗုဒ္ဓဘာသာစာသင်ချိန်တစ်ချိန်ရှိပါသည်။ ဩကာ သ-ဆိုသည်မှာ ရာဇဝတော ဝါ-ဆိုသည်မှာ အသေဝနာ စ ဗာလာနံဆိုသည်မှာ (သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားများ) အစရှိသော သင်ခန်းစာများ သင်ကြားကြရသည်။ ကျောင်းတက်လျှင် အောက်ထပ်အပေါ်ထပ် အားလုံး ဘုရားရှိခိုးသံများစတင်ပေါ်လာပါသည်။ ဆရာမကြီးက တစ်တန်းဝင်တစ်တန်းထွက် လိုက်လံ ကြည့်ရှုနေပါသည်။ ပြီးမှ စာသင်ကြရသည်။ နောက်တစ်ပတ် တစ်ခါရောက်တိုင်း အပေါ်ထပ်ခန်းမကြီးတွင် အတန်းပေါင်းစုံ စုဝေး

ပြီး ဘုရားရှိခိုးကြရသည်။ ဆရာမကြီးက ဩဝါဒ စကားပြောပါသည်။ "ဒို့က အမျိုးဘာသာသာသနာ ဆိုတဲ့ ဗုဒ္ဓဘာသာကျောင်း အင်္ဂလိပ် ခေတ်ကဆိုရင် အမျိုးသားကျောင်း'မြို့မ'ကျောင်းတော်ကြီးကတော့ အဓိကရအမျိုးသားကျောင်းကြီးပေါ့" အစချီကာ ကျောင်းအစဉ်အလာများကို ပြောသည်။ ပြီးလျှင် စည်းကမ်းစည်းမျဉ်းတွေအကြောင်း ပြောသည်။ နောက်ဆုံးပြောသော စကားများရှိသေးသည်။ "ဒို့ဟာ ဗုဒ္ဓဘာသာမြန်မာလူမျိုးများပီပီ ဘုရား တရား သံဃာ ဆရာ မိဘဆိုတဲ့ အနန္တောအနန္တ ငါးပါးရဲ့ကျေးဇူးတရားကိုမပြတ်နှလုံးသွင်းနိုင်ပါစေ အမျိုးဘာသာ သာသနာနှင့် ပညာကို စောင့် ရှောက် ထိန်းသိမ်းနိုင်ပါစေ" ဆရာမကြီးသည် နေ့စဉ်မြင်တွေ့နေကြပုံစံအတိုင်း မပြတ်မကွက် မြင်နေရသည်။ ဆရာ ဆရာမများမလာလျှင် ကိုယ်တိုင်အတန်းဝင် ကိုယ်တိုင်စာသင်ပို့ချသေး သည်။ ကျောင်းမှာပင် သူ့မိသားစုနှင့်နေသည်။ အပျိုကြီးဖြစ်၍ တူမများနှင့် နေပါသည်။ ညီမအပျို ကြီးရှိသည်။ ကျောင်းကားအကြိုအပို့ ကျောင်းတက်ကျောင်းဆင်း(မုန့်စားလွှတ်အချိန်အတွင်း) စည်းကမ်းထိန်းသိမ်းရေး လုပ်ပေးသည်။ ဆရာ ဆရာမများက ဆရာမကြီးအား ချစ်ခင်လေးစား ကြသည်။ မူလတန်းပြဆရာ ဆရာမများကအစ အထက်တန်းပြဆရာဆရာမများအဆုံး"ဒေါ်ပန်းမြင့်" ဆိုသော ကျောင်းအုပ်ဆရာမကြီးအား အစ်မကြီး အမိသဖွယ် သဘောထားကြပါသည်။

ဒေါ်ပန်းမြင့် (သို့မဟုတ်) အဆော်ကြမ်းတဲ့ ဒေါ်ပန်းမြင့် တပည့်များစွာထဲမှ တပည့်တစ်ယောက် ဖြစ်ခဲ့သော ကျွန်တော်သည် မြင့်မေတ္တာ ကျောင်းထွက် တစ်ယောက်ဖြစ်ခဲ့၍ ဒုတိယအရွယ်ရောက်သွား သောအခါတွင် တစ်ဖက်တွင် ဥစ္စာရှာနေလင့်ကစား အခြားတစ်ဖက်တွင်လည်း အနန္တောအနန္တကျေးဇူးကို မပြတ်နှလုံးသွင်းရင်း ဘဝခရီးကို ဖြတ်သန်းနေ ထိုင်လာခဲ့ပါသည်။ ဆရာမကြီးအသက်အရွယ် ကြီးလာပြီး ရောဂါဝေဒနာရလာသည်။ ဆေးရုံတက် ရသည်။ တပည့်အပေါင်း၏ ဆရာမကြီးဖြစ်၍ တက္ကသိုလ်ဆေးရုံတွင် တက်ရောက်ကုသရသည်။ နောက်ကွယ်လွန်သွားသည်။ စည်ကားသိုက်မြိုက် သောဈာပနကို လိုက်လံပို့ဆောင်ခဲ့သော ကျွန် တော်သည် မျက်ရည်တွေနှင့် ဆရာမကြီးရုပ် ကလာပ်ကို ကန်တော့လိုက်လေသည်။

ခု ကျွန်တော်သည် တတိယအရွယ်ရောက် နေပါသည်။ ဒုတိယအရွယ်တုန်းကလိုပင် ရန်ကုန် အနောက်ပိုင်း ကျုံးကြီးလမ်းမပေါ်ရှိ ၁၇-လမ်းနှင့် ၁၈-လမ်းကြားရှိ ရေနံဝနေသောနှစ်ထပ်အ ဆောက်အဦးရှေ့ရောက်လျှင် ဒါမှမဟုတ် ကားစီး ၍ ဖြတ်သွားလျှင် အမှတ်မထင်လှမ်းကြည့်ရင်း သတိရနေတုန်းဖြစ်သည်။ ရန်ကုန်မြို့တော်ကြီး တွင် (တစ်ချိန်က)စိန့်ကျောင်းတွေ (သာသနာပြု ကျောင်းတွေ) အစိုးရအထက်တန်းကျောင်းတွေ၊ အလွတ်ပညာသင်ကျောင်းတွေကြားဝယ် ရှားရှား ပါးပါး ဗုဒ္ဓဘာသာအလွတ်ပညာသင်ကျောင်းတစ် ကျောင်းဖြစ်ခဲ့၍ တစ်ကြောင်း၊ ထိုကျောင်းတွင် မူလတန်းမှ အထက်တန်း(နဝမတန်းအောင်သည် အထိ) ပညာသင်ကြားခဲ့ရင်း အမျိုးဘာသာ သာသ နာနှင့် ပညာဆိုသော အဖိုးထိုက်အဖိုးတန်ရတနာ လေးပါးကို တွေးတောဆင်ခြင်သမှုပြုရန် သတိပြု မိခဲ့၍တစ်ကြောင်း၊ နောက်ဆုံး ဘဝကိုသမင်လည် ပြန် ပြန်ကြည့်မိတိုင်း အချိန်တစ်ချိန်တွင် ထိုကျောင်း မျိုးတစ်ကျောင်းလောက်တော့ ပြန်လည်ပေါ်ပေါက် စေချင်သည့် အသိဝင်ခဲ့၍တစ်ကြောင်း၊ ဆုတောင်း ရင်း သတိရနေပါတော့သည်။ ။

♦ **လေးကိုတင်**



# မြတ်ဆရာရှိရာ ဦးခေါင်းထား၍ အိပ်စက်ပါ

■ အောင်မြင့်(သစ်လုပ်ငန်း)

ဤလောက၌ အနန္တော အနန္တငါးပါးတွင် အာစရိယဆရာသည် တစ်ပါးအပါအဝင်ဖြစ်ပေသည်၊ အာစရိယဆရာတွင် သင်ဆရာ, မြင်ဆရာ, ကြားဆရာဟူ၍ သုံးမျိုးခွဲခြားပြန်လေသည်။

သင်ဆရာဟူသည် တပည့်ဖြစ်သူတို့ကို ကျကျနနစာတွေလက်တွေ့ ကိုယ်တိုင်ကိုယ်ကျ သင်ကြားပြသသော ဆရာကို သင်ဆရာဟု ခေါ်ဆိုကြပေသည်။

သာသနာ့ဘောင်တွင် စာသင်သားသံဃာတော်များအတွက် ပရိယတ္တိစာသင်တိုက်များမှ စာသင်စာချ ဆရာများသည် စာသင်သားရဟန်း သာမဏေများအပေါ် စာမရရအောင်၊ သဘောမပေါက် ပေါက်အောင်၊ နားမလည် နားလည်အောင် စိတ်ရှည်စွာ သင်ကြားပို့ချပြသပေးတော်မူပေသည်။

လူ့ဘောင်တွင်လည်း မူလတန်း, အလယ်တန်း, အထက်တန်းနှင့် တက္ကသိုလ်ကောလိပ်တို့တွင် ဘာသာရပ်အသီးသီးသော ဆရာ ဆရာမတို့သည် မိမိတပည့်များအပေါ် ပုံစံအမျိုးမျိုးနည်းအမျိုးအဖုံဖုံ စာတွေ့လက်တွေ့များဖြင့် အတတ်ပညာဆိုင်ရာ အသိပညာဆိုင်ရာများကို သင်ကြားပြသပေးသဖြင့် ဆရာဟု ခေါ်ဆိုကြ၍ သင်ဆရာမည်ပေသည်။

မြင်ဆရာဟူသည်ကား . . သူတစ်ပါးလုပ်ကိုင် ဆောင်ရွက်နေသည်ကို မိမိမျက်စိဖြင့် တတ်အပ်တွေ့မြင်ရုံမျှ လုပ်တတ်ကိုင်တတ်ဆောင်ရွက်တတ်သဖြင့် ဆောင်ရွက်သူ၏ မြင်ဆရာဖြစ်ပေသည်။

ကြားဆရာဟူသည်ကား . . သူတစ်ပါး ရွတ်ဖတ် ကျက်မှတ် ဟောကြား ပြောဆိုသံကြား ရသဖြင့် မိမိမှတ်သားရရှိတတ်မြောက်ခဲ့၍ မိမိ၏ ကြားဆရာမည်ပေ၏။ သုတာစရိယ(ဝါ) ကြားဆရာ ဟု ခေါ်ဆိုကြပေသည်။

**ဗုဒ္ဓသာသနာ ဆရာငါးမျိုး**

၁။ပဗ္ဗဇာစရိယ- ရှင်သာမဏေဝတ်ပေးသော ဆရာ၊

၂။ ဥပ္ပသမ္ပဒါစရိယ-ရဟန်းခံပေးသောဥပဇ္ဈာယ် ဆရာ၊

၃။ နိဿယာစရိယ- နိဿယျည်းဆရာ-အားကိုး အားထားပြုဆရာ၊

၄။ ဥဒ္ဒေသာစရိယ- ပါဠိအဋ္ဌကထာ စသည် ကျမ်းဂန်များ သင်ကြားပေးသောဆရာ၊

၅။ ဩဝါဒစရိယ- အဆုံးအမ ဩဝါဒပေးသော ဆရာဟူ၍ ဗုဒ္ဓသာသနာဆရာငါးမျိုး ဖြစ်လေ သည်။

**လောကသုံးပါး၏ မြတ်ဆရာ**

သဗ္ဗညုတ ဘုရားရှင်သည် လောကသုံး ပါးလုံးတွင် အတုမရှိ ဆရာတစ်ဆူ ဖြစ်တော်မူ၏၊ အရဟံဂုဏ်တော်အစ ဘဂဝါဂုဏ်တော်အဆုံး ဂုဏ်တော်ကိုးပါးလုံးနှင့် ပြည့်စုံတော်မူပြီး သတ္ထာ ဒေဝမနုဿာနံဂုဏ်သည် ဂုဏ်တော်ကိုးပါးတွင် တစ်ပါး ပါဝင်သဖြင့် လောကသုံးပါးတွင်ရှိသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါခပ်သိမ်းတို့ကို ပစ္စုပ္ပန်၌ ဖြစ်သော အကျိုးစီးပွား၊ တမလွန်နောင်ဘဝ၌ ဖြစ်သော အကျိုးစီးပွား၊ မဂ်၊ဖိုလ်၊နိဗ္ဗာန်ဟုဆို အပ်သော မြတ်သောအကျိုးစီးပွားရရှိနိုင်ခြင်း အကြောင်းအရင်းဖြစ်သော ကောင်းမြတ်မင်္ဂလာ နှင့် ပြည့်စုံတော်မူသော ဘုရားဟော သုတ္တန် ဒေသနာ အဘိဓမ္မာ ဝိနည်းတို့ဖြင့် မဟာကရုဏာ ကြီးမားစွာ အခါမလပ် ဆုံးမတော်မူသည်ဖြစ်၍ နှစ်ဆယ့်လေးအသင်္ချေကုဋေခြောက်ဆယ် ဗိုလ်ခြေ တစ်သိန်းမက များလှသော ဝေနေယျသတ္တဝါတို့ကို သံသရာဝဋ်မှ ကျွတ်လွတ်အောင် ချွတ်လွတ်ပေးခဲ့ ကြောင်း မှတ်သားနာယူခဲ့ဘူးပါသည်၊ ဗုဒ္ဓဂုဏော ပူဇော်ထိုက်ပါပေသည်။

**ဓမ္မဂုဏော အနန္တော**

ဘုရားရှင်လက်ထက် ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး ဖြစ်လာအံ့သော ဥပတိဿ ပရိဗိုဇ်သည် တစ်နေ့သောအခါ လမ်းခရီးစပ်ကြား တွင် ရဟန္တာအရှင်အဿဇိနှင့် မျက်နှာချင်းဆိုင် တွေ့ဆုံမိကြလေသည်။

အရှင်အဿဇိသည် ပဉ္စဝဂ္ဂီငါးဦးတွင် တစ်ပါးအပါအဝင်ဖြစ်သော ပုဂ္ဂိုလ်ထူးဖြစ်ပေ သည်၊ ဥပတိဿပရဗိုဇ်သည် ရဟန္တာအဿဇိ၏ တည်ကြည်ငြိမ်သက်သော ကိုယ်အမူအရာကို တွေ့မြင်ကြည်ညိုမိ၍ ဤပုဂ္ဂိုလ်ကား ထူးမြတ် သော ပုဂ္ဂိုလ်ဖြစ်တန်ရာသည်၊ ဤပုဂ္ဂိုလ်သည် ဖြောင့်မှန်သော တရားထူးလည်း ရှိတန်ရာသည်၊ ထိုတရားထူးကို ညွှန်ကြားပြသပေးသော ဆရာ မြတ်လည်း ရှိတန်ရာသည်ဟု တွေးတောကြံဆမိ လေသည်။

အရှင်အဿဇိဆွမ်းစားအပ်သော ဇရပ် တစ်ခုတွင် ဆရာအဖြစ် အမှတ်ပြုလျှက် အရှင် အဿဇိအား နေရာထိုင်ခင်းပေးခြင်း၊ လက်ဆေး ရေ သောက်ရေ တည်ခင်းခြင်းများကို ရိုသေစွာ ပြုစုဆောင်ရွက် လုပ်ကျွေးလေသည်။

အရှင်အဿဇိ ဆွမ်းစားပြီးသောအခါ ဤသို့ စတင်မေးလျှောက်လေ၏။

“ငါ့ရှင် . . . ငါ့ရှင်တို့ ပြုမူနေထိုင်ပုံသည် အလွန်နှစ်သက်ဖွယ်ရှိပေ၏၊ ငါ့ရှင်၏ အဆင်း သဏ္ဌာန်သည်လည်း အလွန်ပင် ကြည်လင်သန့် ရှင်းလှပေသည်၊ ငါ့ရှင်သည် အဘယ်သူကို ရည်မှန်း၍ ရဟန်းပြုအပ်ပါသနည်း၊ ငါ့ရှင်၏



ဆရာကား အဘယ်သူပါနည်း၊ အဘယ်သူ၏ တရား(အယူဝါဒ) အဘယ်သူ၏ ဩဝါဒ(သွန်သင်ဆုံးမမှု)ကို ရရှိအပ်ပါသနည်း "

ထိုအခါ အရှင်အဿဇိက အောက်ပါအတိုင်း ဖြေကြားတော်မူ၏. . . . ။

"အို---ငါ့ရှင်--ငါသည်ကား---သာကီဝင်မင်းမျိုးမှ ရဟန်းပြု၍ လောကသုံးပါး၏ အထွဋ်အထိပ်ဖြစ်တော်မူသောမြတ်စွာဘုရားသခင်ကို ရည်မှန်း၍ ရဟန်းပြုအပ်ပေသည်၊ ထိုသာကီဝင်မင်းသား မြတ်စွာဘုရားသခင်သည် ပင်လျှင် ငါ၏ဆရာတည်း၊ ထိုမြတ်စွာဘုရားသခင်၏ တရားကို နှစ်သက်ခြင်းဖြင့် ထိုဘုရားရှင်၏ သွန်သင်ဆုံးမမှုကို ခံယူအပ်ပေသတည်း"

ထိုအခါ ဥပတိဿပရိဗိုဇ်မှ . . .

"ကောင်းလှပါပြီ ငါ့ရှင် . . . . သို့ဆိုလျှင် ငါ့ရှင်အား မေးစမ်းပါရစေ၊ ငါ့ရှင်၏ ဆရာမြတ်စွာဘုရားသည် အဘယ်သို့သော အယူဝါဒရှိပါသနည်း၊ အဘယ်သို့သော တရားကို ဟောကြားအပ်ပါသနည်း၊ ငါ့အား . . . ပြန်လည်ဟောကြားစမ်းပါလော့" ဟု မေးစမ်းလေသဖြင့် . . .

အရှင်အဿဇိသည် စဉ်းစားဆင်ခြင်၍ ဤသို့လျှင် အကျဉ်းချုပ်သဘောကို ထုတ်ဖော်ဟောကြားလေတော့သည်။

"ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော အာဟ၊

တေသဉ္စ ယော နိရောဓော ဧဝံ ဝါဒီ မဟာသမဏော"

အကြင်ဇာတိ ဇရာ မရဏတို့သည် ဒုက္ခသစ္စာ(ဝါ) ဒုက္ခ ဒုက္ခ, သင်္ခါရဒုက္ခ, ဝိပရိဏာမဒုက္ခ အစရှိသော ဒုက္ခသစ္စာတို့သည် တဏှာဟူသော သမုဒယသစ္စာလျှင် အမှန်ရှိကုန်၏၊ ထို ဒုက္ခ, သမုဒယ သစ္စာနှစ်ပါးတို့၏ ဖြစ်ရာဖြစ်ကြောင်း၊ ချုပ်ရာချုပ်ကြောင်းဖြစ်သော မဂ္ဂသစ္စာကိုလည်း ငါတို့ဆရာမြတ်စွာဘုရားသည် ဟောတော်မူ၏၊ ထိုအလုံးစုံသော တရားတို့၏ ချုပ်ရာဇကေန် နိဗ္ဗာန်တရားကိုလည်း ဟောတော်မူ၏"ဟု ဟောဖော်လေသော် . .

ထိုအခါ ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိဟောနေဆဲ ရှေ့ပိုင်းကို ကြားနာရကာမျှပင်လျှင် ပါရမီအရင်းခံပြီးဖြစ်၍ သောတာပန်တည်ခဲ့လေသည်၊ အလုံးစုံကြားနာရပြီးသော် သစ္စာလေးပါး၏ သဘောသဘာဝကို ကောင်းစွာသိနားလည်သွားလေသည်၊ နည်းပေါင်းတစ်ထောင်နှင့်ပြည့်စုံတော်မူသော သောတာပတ္တိဖိုလ်၌ တည်တော်မူလေသည်။

သို့ဖြစ်၍ ဥပတိဿပရိဗိုဇ်သည် ရှင်မောဂ္ဂလာန် အလောင်းဖြစ်သော မိမိ၏ သူငယ်ချင်းဖြစ်သူ ကောလိတ ပရိဗိုဇ်အား ကတိကဝတ် ရှိသည့်အတိုင်း တဆင့်ပြန်လည်ဟောပြပြန်လေသည်၊ တရားအဆုံး၌ ကောလိတပရိဗိုဇ်သည်လည်း သောတာပတ္တိဖိုလ်၌ တည်တော်မူလေသည်။

ထို့နောက်နှစ်ဦးစလုံးသည် ပရိဗိုဇ်နှစ်ရာ ငါးဆယ်တို့ဖြင့် ရာဇဂြိုဟ်မြို့တော် ဝေဠုဝန် ကျောင်းတော်တွင် သီတင်းသုံးတော်မူနေသော မြတ်စွာဘုရားထံ ဖူးမျှော်ရောက်ရှိ၍ ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်တော်မူကြလေသည်။

အရှင်မောဂ္ဂလာန်သည် သောတာပန် တည်ပြီး ခုနှစ်ရက်မြောက်နေ့တွင် ရဟန္တာဖြစ်၍ အဂ္ဂသာဝက ပါရမီဉာဏ် အထွဋ်အထိပ်အပြီးအ ဆုံးသို့ ရောက်တော်မူ၏၊ အရှင်သာရိပုတ္တရာသည် သောတာပန်တည်ပြီး တစ်ဆယ့်ငါးရက်လွန် မြောက်မှ ရဟန္တာဖြစ်၍ အဂ္ဂသာဝကပါရမီဉာဏ် အထွဋ်အထိပ် ရောက်တော်မူလေသည်။

ပညာအရာ ဧတဒဂ်ရ လက်ယာတော်ရံ အဂ္ဂသာဝကကြီးဖြစ်တော်မူသော အရှင်သာရိ ပုတ္တရာသည် မိမိအား "ယေဓမ္မာ ဟေတုပ္ပဘဝါ" အစရှိသော ဂါထာတော်ဖြင့် သောတာပတ္တိဖိုလ်အ မြိုက်အဆိုက်ရောက်အောင် တရားဓမ္မ ဟောကြား ပေးတော်မူသော အရှင်အဿဇိမထေရ်မြတ်ကြီး ရှိရာအရပ်သို့ မှန်းဆကာ မိမိ ဦးခေါင်းထား၍ ကျိန်းစက်တော်မူလေသည် ဖြစ်ကြောင်း . . .

"ယော မေ အာစရိယော အာသိ၊
အဿဇိနာမ သာဝကော။
ယဿံ ဒိသာယံ ဝသတိ၊
ဥဿီသမှိ ကရောမဟံ"

ဟူသော ဂါထာတော်ဖြင့် အရှင်သာရိပုတ္တရာမ ထေရ်မြတ် ဖော်ပြတော်မူလေသည်။

**သာဝကော**- ဘုရားရှင်၏ သာဝက ဖြစ်တော်မူသော၊**အဿဇိနာမ**- အဿဇိမည် သော ဓမ္မသေနာပတိ၊ မေ- သာရိပုတ္တရာ သညာ ဘွဲ့ရှိ ငါမထေရ်၏၊ **ယော အာစရိယော**- တရား ဓမ္မ စစ္စာဟောသင် ဆရာသခင်သည်၊ **ယဿံ ဒိသာယံ**- အကြင် အရပ်မျက်နှာ၌၊ **ဝသတိ**- သီတင်းသုံးစံပျော် နေထိုင်တော်မူ၏၊ **အဟံ**- ငါသည်၊ **ဒိသာယံ**- ငါ၏ဆရာ ရှင်အဿဇိမထေရ် ရှိရာ အရပ်မျက်နှာသို့၊ **ဥဿမှိ**- ဦးခေါင်းရင်းကို **ကရောမိ**- ပြုပေ၏ဟု ဂါထာတော်ဖြင့် အရှင်သာ ရိပုတ္တမထေရ် ဖော်ပြတော်မူလေသည်၊ ဘုရား ရှင်သည်လည်းကောင်း တရားတော်သည်လည်း ကောင်း အာစရိယ ဆရာမည်ပေသည်။

### သံဃဂုဏော အနန္တော

ဗုဒ္ဓဘာသာဝင်များ ပိုင်ဆိုင်ကြသော အမြတ်ဆုံး ဘုရား, တရား, သံဃာ-ဟူသော ရတ နာသုံးပါးမှ သံဃာရတနာသည် ရတနာမြတ်တစ် ပါး အပါအဝင်ဖြစ်၏၊ မြတ်စွာဘုရား၏ တပည့် သားများ အဖြစ်ခံယူပြီး သီလ, သမာဓိ, ပညာ အကျင့်သိက္ခာတို့ဖြင့် မြတ်စွာဘုရား ဟောကြား တော်မူသော သုတ္တန်,ဝိနည်း,အဘိဓမ္မာဒေသနာ တော်တို့ကို နားလည် တတ်မြောက်အောင် သင် ကြားခြင်း၊ နာယူခြင်း၊ ပို့ချခြင်းဖြင့် ဟောဖော်ထိန်း သိမ်းစောင့်ရှောက်သူများဖြစ်၍ သံဃာ ဟုခေါ်ဆို ကြ၏။ "သံဃ"ဆိုသည့် ပါဠိစကားကို မြန်မာတို့က "သံဃာ"ဟု ခေါ်ဆိုကြပေသည်၊ ဝိနည်းတော်နှင့် အညီ ကျင့်ကြံအားထုတ်နေကြသည့် ပုထုဇဉ် ရဟန်း သာမဏေများကိုလည်း အရိယာသံဃာ နွယ်ဝင်များအဖြစ် သတ်မှတ်ပြီး သံဃာစာရင်းထဲ တွင် ထည့်သွင်းထားပေသည်။

ထို့ကြောင့် လူဘုံဌာနလူ့လောကမှာ သံ ဃာရတနာ ကောင်းမွန်စွာပွင့်ထွန်းနေလေပြီ၊ သံ ဃာတော်သည် ကောင်းမှုမျိုးစေ့ ပျိုးကြဲချရာ အတု မရှိ ကောင်းမြတ်သော လယ်ယာမြေသဖွယ် ဖြစ်ပေသည်။

မြတ်စွာဘုရား၏ တပည့်သားများဖြစ်ပြီး အယူဝါဒချင်း အကျင့်သီလသိက္ခာချင်း တူညီကြ သော အပေါင်းအစု အဖွဲ့အစည်းဖြစ်၍ သံဃဂုဏ် တော်ကိုးပါးနှင့် အညီ မြင့်မြတ်စွာ ကျင့်ကြံအား ထုတ်ပြီး မြတ်စွာဘုရား ဟောကြားတော်မူသော

သုတ္တန်, အဘိဓမ္မာတို့ကို ထပ်ဆင့်ဟောကြား ဆိုဆုံးမသံ နာကြားကြရသဖြင့် သုတာစရိယ မည်ပေသည်။

သံဃာတော်များ၏ ကျေးဇူးကြီးမားလှ ကြောင်း မဟာသက္ကရာဇ် ၁၄၈-ခုနှစ် (၅၄၈-ဘီစီ) တွင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံဝင်တော်မူပြီး သုံးလ အကြာ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းလက် ထက် "သုဘဒ်"ရဟန်းကဲ့သို့ သာသနာ ညစ်နွမ်း စေမည့် အယူလွဲသူတို့ အန္တရာယ်မှ ကာကွယ်ရန် ဝေဘာရတောင်ယံ သတ္တပဏ္ဏိလိုဏ်ဂူ၌ အရှင် မဟာကဿပမထေရ် အမှူးပြု၍ အရှင်ဥပါလိ၊ အရှင်အနန္ဒာ မထေရ်တို့အား အမေးအဖြေပြုကာ ရဟန္တာ ငါးရာနှင့် ခုနှစ်လတိုင်တိုင် စုပေါင်းရွတ် ဆိုပြီး ပထမသင်္ဂါယနာတင်တော်မူသည်။

သာသနာနှစ် ၁၀၀(၃၈၃-ဘီစီ)တွင် ဝေ သာလီပြည် ကာလသောကမင်းလက်ထက် အဓမ္မ တရားဆယ်ပါး အယူမှားများကို ကာကွယ်စိမ့် သောငှါ ဝါလုကာရုံကျောင်းတော်ကြီး၌ သဗ္ဗကာမိ မထေရ်၊ အရှင်ရေဝတ၊ အရှင်မဟာကဿပ-စ သည့်ရဟန္တာထေရ်ကြီး ရှစ်ပါးအမှူးပြု၍ အာဂုံ ဆောင်ရဟန္တာ ခုနှစ်ရာနှင့် ရှစ်လတိုင်တိုင် စု ပေါင်း ရွတ်ဆိုကာ ဒုတိယအကြိမ် သင်္ဂါယနာ တင်တော်မူသည်။

သာသနာနှစ် ၂၃၅(၂၄၇-ဘီစီ)တွင် ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီးလက် ထက် ရဟန်းအတုအယောင်များ၏ အန္တရာယ် အညစ်အကြေးမှ သန့်စင်စိမ့်သောငှါ အရှင်မောဂ္ဂ လိပုတ္တတိဿ မထေရ်အမှူးပြုသော ရဟန္တာတစ် ထောင်၊ သံဃာတော် ခြောက်သန်းကျော်တို့သည် အာသောကာရုံကျောင်းတော်ကြီး၌ ကိုးလတိုင် တိုင် စုပေါင်းရွတ်ဆို၍ တတိယအကြိမ် သင်္ဂါယ နာတင်တော်မူခဲ့ကြလေသည်။ ကိုးတိုင်း ကိုးဌာန သို့လည်း ဓမ္မဒူတ သာသနာ့စေတမန်များ စေ လွှတ်တော်မူသည်။

စတုတ္ထသင်္ဂါယနာကို သာသနာနှစ် ၄၅၀ (၃၃-ဘီစီ)တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)ဝဋ္ဋဂါမ ဏိမင်းလက်ထက် ယခင်ခေတ်အဆက်ဆက် ပိဋ ကတ်တော်ကို နှုတ်ဖြင့် အာဂုံဆောင်ခဲ့ရာမှ "ပေ ထက်အက္ခရာ"တင်စိမ့်သောငှါ အရှင်ဓမ္မရက္ခိတ အမှူးပြုသော ရဟန္တာငါးရာ ကြပ်မတ်၍ မလယ ဇနပုဒ် အာလောကလိုဏ်ဂူ၌ စုပေါင်းရေးခြင်း ရွတ်ဆိုခြင်းတို့ဖြင့် စတုတ္ထအကြိမ် သင်္ဂါယနာကို တင်တော်မူသည်။

သာသနာနှစ် ၂၄၁၅၊ ကောဇာသက္ကရာဇ် ၁၂၃၂(အေဒီ-၁၈၇၁)မှစ၍ ၁၁-နှစ်တိုင်တိုင် မြန် မာနိုင်ငံ မင်းတုန်းမင်းလက်ထက် ရတနာပုံ မန္တ လေးနေပြည်တော်တွင် ပိဋကတ်တော်များ သန့် စင် တည်တန့်ခိုင်မာရန် ရဟန်းပညာရှိ၊ လူပညာ ရှိ အဆင့်ဆင့်တို့ ကြပ်မတ်စိစစ်ကာ ကျောက် ထက်အက္ခရာတင် စေခဲ့လေသည်။

| |
|---|
| ဗုဒ္ဓဘာသာဝင်များ ပိုင်ဆိုင်ကြသော |
| အမြတ်ဆုံး ဘုရား, တရား, သံဃာ-ဟူသော |
| ရတနာသုံးပါးမှ သံဃာရတနာသည် |
| ရတနာမြတ်တစ်ပါး အပါအဝင်ဖြစ်၏။ |
| မြတ်စွာဘုရား၏ တပည့် သားများ |
| အဖြစ်ခံယူပြီး သီလ , သမာဓိ, ပညာ |
| အကျင့်သိက္ခာတို့ဖြင့် မြတ်စွာဘုရား ဟောကြား |
| တော်မူသော သုတ္တန်,ဝိနည်း,အဘိဓမ္မာဒေသနာ |
| တော်တို့ကို နားလည် တတ်မြောက်အောင် |
| သင်ကြားခြင်း၊ နာယူခြင်း၊ ပို့ချခြင်းဖြင့် |
| ဟောဖော်ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်၍ |
| သံဃာ ဟုခေါ်ဆို ကြ၏။ |

မဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်ကြီးများအမှူးပြုသော သံဃာတော် ၂၄၀၀-တို့ သီဟာသနပလ္လင်တော်ရှေ့၌ စိစစ်မေးဖြေ၍ ပဌမအကြိမ် သင်္ဂါယနာတင်တော်မူသည်။

သာသနာနှစ် ၂၄၉၈၊ ကောဇာသက္ကရာဇ် ၁၃၁၆-မှ ၁၃၁၈(အေဒီ-၁၉၅၄မှ ၁၉၅၆)တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့တော် ဆဋ္ဌသင်္ဂီတိ မဟာပါသာဏဂုဟာ ကျောက်လိုဏ်ဂူတော်ကြီးတွင် ပိဋကတ်တော်များ သန့်ရှင်စင်ကြယ်၍ ကမ္ဘာအရပ်ရပ်သို့ ပိုမိုပျံ့နှံ့ကာ အဓွန့်ရှည်ကြာစိမ့်သော ငှါ ညောင်ရမ်းဆရာတော်ဘုရားတို့က သံဃနာယကပြုပြီး မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယား (ကမ်းပူးချား) လာအိုနိုင်ငံ၊ (လောနိုင်ငံ)၊ သီရိလင်္ကာနိုင်ငံ-စသော ထေရဝါဒ ၅-နိုင်ငံမှ သံဃာတော်ပေါင်း ၂၆၁၇- ပါး တို့ဖြင့် အမေးပုစ္ဆက မဟာစည်ဆရာတော်ကြီးက ဆောင်ရွက်ပြီး အဖြေဝိသဇ္ဇကဆရာတော် မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသမှ ဆောင်ရွက်ကာ သာသနာတော်နှစ် ၂၅၀၀-ပြည့် အထိမ်းအမှတ် ရည်စူး၍ ဆဋ္ဌသင်္ဂါယနာကို အောင်မြင်စွာ ဆောင်ရွက်တော်မူခဲ့သဖြင့် ယနေ့ မြန်မာနိုင်ငံတွင်သာ မက ကမ္ဘာအရပ်ရပ်သို့ မြတ်စွာဘုရား သာသနာ တော်ကြီး ထွန်းလင်းတောက်ပတော်မူပေသည်၊ ဘုရားသားတော်တပည့်သံဃာများ၏ ဂုဏ်ကျေးဇူးပင် ဖြစ်ပါသည်၊ သံဃာမရှိလျှင် သာသနာကွယ်ပျောက်မည်သာတည်း၊ သံဃဂုဏော အနန္တောမည်ပါပေသည်။


လောက၌ အာစရိယကောင်းတို့သည် ဂုဏ်အားဖြင့် ၂၅-ပါးရှိကြောင်း မိလန္ဒပဉ္စာပါဠိတော် ၁၀၁-ပါးတွင် ဖော်ပြပါရှိလေသည်၊ ဆရာ့ကျင့်ဝတ် ၂၅-ပါးနှင့် အညီကျင့်သော ဆရာသမားများတို့၏ ဂုဏ်ကျေးဇူးတော်သည် လွန်စွာမှ များပြားလှပေသည်၊ ကျေးဇူးကြီးမားလှသော ဆရာသမားတို့အား မိမိတို့ အလှည့်ကြုံလာလျှင် ထူးထူးခြားခြား ပြုရကြောင်းနှင့် ထိုဆရာမျိုးကို ရှာဖွေ၍ တပည့်ခံယူကြရန် မန်လည်ဆရာတော်ဘုရားကြီးက . . .

"ရိုသေချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်၊ လွဲမိုက်ဆုံးမ၊ မေးသမျှခံ၊ ဓမ္မံနက်နဲ၊ ဟောနိုင်မြဲ၍၊ ကျိုးနဲမထွန်း၊ ခုနှစ်ခန်းနှင့်၊ ပြည့်လျှမ်းညီညာ၊ ဤဆရာ၊ ရှာဖွေတပည့်ခံ"ဟူ၍ ဆရာသမားကောင်း ရွေးရန်နည်းကိုလည်း ညွှန်ပြခဲ့ပေသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် အသက်ထက်ဆုံး ပူဇော်ထိုက်သော ဘုရားသည်လည်းကောင်း တရားသည်လည်းကောင်း၊ သံဃာသည်လည်းကောင်း အမိအဘတို့နှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတို့သည် မိမိတို့၏ မြတ်ဆရာများ ဖြစ်ကြပါသည်၊ ကျေးဇူးကြီးမားလှသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် အာစရိယ မြတ်ဆရာတို့ကို မိမိတို့ထက် နိုင်သမျှနည်းဖြင့် ပြုစုခြင်း၊ စောင့်ရှောက်လုပ်ကျွေးခြင်း၊ လှူဒါန်းထောက်ပံ့ခြင်းဖြင့် ကျေးဇူးဆပ်နိုင်ကြဖို့ လိုပါသည်၊ ဤလောက၌ "ဆရာနှင့်ကင်းသော သူသည် မရှိပါ"သို့ဖြစ်၍ ကျေးဇူးရှင်အာစရိယ ဆရားများကို ကျေးဇူးဆပ် ပူဇော်ကြပါစို့ဟု "မြတ်ဆရာရှိရာ ဦးခေါင်းထား၍ အိပ်စက်ပါ" ဆောင်းပါးဖြင့် ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ လူပုဂ္ဂိုလ်နှင့် ရဟန်းသံဃာတော်တို့၏ ပဓာန မဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ သက်တော်ရှည်မဟာထေရ်မြတ်ကြီး၏ ဂုဏဝိသိဋ္ဌ ပူဇော်ပွဲသို့ ဘုရားတပည့်တော် ကြည်ညိုသဒ္ဒါရိုသေစွာ ရှိခိုးဦးခိုက်ပူဇော်ရေးသားပါသည်။ ။

အာစရိယ ဂုဏော အနန္တော

♦ **အောင်မြင့်(သစ်လုပ်ငန်း)**




# ညီမျှခြင်း

- ပျိုမြစ်နုနယ်၊ ငယ်သည့်ရွယ်က
ယှက်နွယ်နေမှု၊ ဘဝခုဝယ်
သမုဒယ၊ အစဉ်လှ၍
ရင်မှဖြစ်လာ၊ ကြည်မြစာသား
သံသာကမ်းတိုင် ထိလုပြီ။
- ကိုပျိုးသည့်ပန်း၊ နေထိနွမ်းချင်
လျှောက်လှမ်းနေဆဲ၊ ဂယက်ဝဲမှာ
ညှို့ဆွဲခံရ၊ အတ္တရချိန်
ညီမျှခြင်းသည်၊ ဒုက္ခမည်၏
- လောကစံ၌
ရှင်သန်လာဆဲ၊ ခဏပဲလေ
စွဲမြဲနေချိန်၊ လောကအိမ်ဝယ်
ကြိမ်ကြိမ်မက်မော၊ မျက်ဖြေတောလည်
စောကြောသိမြင်၊ ဗုဒ္ဓရှင်က
သွန်သင်ဆုံးမ၊ ဩဝါဒဖြင့်
ညွှန်ပြခဲ့ဖူး၊ ရင်မှာစူးနစ်
အထူးသိမြင်နိုင်လိမ့်တကား။-----။

သန္တာမြရီ

# မြေဖြူကိုင်သော လက်
# ကြိမ်လုံးကိုင်သော လက်

ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးနိုင်၏-ဟု ဆိုစမှတ်ပြုကြသည်၊ မိခင်၏ အခန်းကဏ္ဍ အရေးပါပုံကို တင်စားထားသော စကားဖြစ်၏၊ မိခင်လိမ္မာလျှင် လိမ္မာသလောက်၊ မိခင်ကောင်းမြတ်လျှင် ကောင်းမြတ်သလောက် သားသမီးရင်သွေးငယ်များ ကြီးပွားတိုးတက်နိုင်၏၊ မိ



ခင်အသိဉာဏ် ကြီးကျယ်လျှင် ကြီးကျယ်သလောက် ရင်သွေးငယ်၏ အနာဂတ်မှာ ကြီးကျယ်ခန့်နားနိုင်ကြောင်း ဖော်ပြသော စကားလည်း ဖြစ်၏၊ (အဆိုးမြင်သူ တစ်ချို့ကမူ ပုခက်လွှဲသောလက်သည် ကမ္ဘာကြီးကို ပြာဖြစ်အောင် ဖန်တီးနိုင်၏-ဟု လှောင်ပြောင်တတ်ကြသည်။)

ဟုတ်ပါသည်၊ ကမ္ဘာပေါ်ရှိ လူဆိုး လူမိုက်၊ လူကောင်းလူတော်၊ လူယုတ် လူမြတ်၊ လူညံ့ လူယဉ် ဟူသော ပုဂ္ဂိုလ်အပေါင်း တို့သည် မိခင်လက်နှင့် ကင်းကွာကောင်းသည်မဟုတ်၊ မိခင်ချော့သိပ်၍ မိခင်လက်တွင် အိပ်စက်ခဲ့ရသည့် မိခင်လက်ထွက်ချည်းများသာ ဖြစ်ကြသည်၊ ပုဗ္ဗာစရိယ မိ နှင့် ဘ ဆိုသည့် အတိုင်း သားသမီးရင်သွေးငယ်လေးတို့၏ ပထမဆုံး ဆရာမှာ မိဘနှစ်ပါးတို့ဖြစ်ကြ၏၊ တစ်နည်းဆိုရလျှင် လူသားတစ်ဦးတစ်ယောက်၏ ဘဝတွင် မိဘနှစ်ပါးသည် လက်ဦးဆရာများဖြစ် ကြသည်၊ မိဘတို့သည် လူသားတစ်ယောက်အတွက် ဤမျှ အရေးကြီးသည်။

ထို့ကြောင့် ပုခက်လွှဲသော လက်ကို အမိ (မိခင်)၏ လက်ဟု မယူဘဲ မိဘနှစ်ပါးတို့၏ လက်



ဟု ယူဆလျှင် ပို၍ သင့်လျော်ပေမည်၊ ပုဗ္ဗာစရိယ မိနှင်ဘဟူသော စကားကိုလည်း မိဘနှစ်ဦးတို့၏ အခန်းကဏ္ဍ အရေးပါပုံ ညွှန်းဆိုခြင်း အဓိပ္ပါယ်မျှ ကိုသာ မကောက်ယူလိုတော့၊ တစ်ဆင့်တက်၍ တစ်မျိုးချဲ့ကာ ယူလိုပါသည်၊ ဤအကြောင်းကို အနည်းအငယ်မျှ တင်ပြပါမည်။

ဥပမာနှင့် ဥပမေယျသဘော၊ တင်စားခြင်းသဘောနှင့် တင်စားခံသဘော၊ နှိုင်းယှဉ်ခံရသော အရာနှင့် နှိုင်းယှဉ်အပ်သောအရာတို့၏ သဘောသဘာဝ လက္ခဏာကို စာရှုသူတို့လည်း သိကြပေလိမ့်မည်၊ ဥပမာပေးခြင်း, နှိုင်းယှဉ်ခြင်းဆိုသည်မှာ ထိုအကြောင်းအရာနှစ်ခု၊ အရာဝတ္ထုနှစ်ခုတို့၏ ဂုဏ်သတ္တိချင်း၊ ဒြပ်ဝတ္ထုပုံစံချင်း၊ အသွင်သဏ္ဌာန်ချင်း တူမျှမှ ပြုလုပ်ကြရသော အရာဖြစ်၏၊ ဂုဏ်သတ္တိချင်း၊ ဒြပ်ဝတ္ထုချင်း တူညီမှု မရှိပါဘဲ ဥပမာ ဥပမေယျပြုခြင်း တင်စားခြင်းများကို မပြုလုပ်နိုင်ပေ၊ ဂုဏ်သတ္တိ ချင်းတူလျှင်တူ၊ မတူလျှင် ဒြပ်ဝတ္ထုချင်း၊ အသွင်သဏ္ဌာန်ချင်းတူရပေမည်၊ ယေဘုယျ အားဖြင့် ဂုဏ်သတ္တိကို အဓိက ထားကြသည်ဟု ယူဆနိုင်သည်။

ဤသဘော သဘာဝကို ထောက်ရှု၍ ပုဗ္ဗာစရိယ မိနှင့်ဘ ဟူသောစကား၏ တိုက်ရိုက်အဓိပ္ပါယ်မှာ မိဘနှစ်ပါးတို့၏ ဂုဏ်ရည်ကို ညွှန်းဖွဲ့တင်ပြခြင်းဖြစ်သော်လည်း သွယ်ဝိုက်သော ပရိယာယ် အနေဖြင့်မူ အာစရိယတို့၏ ဂုဏ်ရည်ကို ဖော်ညွှန်းသီကျူးနေသော စကားဟု ယူဆနိုင်၏၊ တစ်နည်းအားဖြင့် ဆရာဟူသော ပုဂ္ဂိုလ်တို့သည် မိဘနှစ်ဦးကဲ့သို့ပင် လူသားတစ်ယောက်၏ ကောင်းမှု ဆိုးမှု၊ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ လိမ္မာယဉ်ကျေးမှု ဆိုးသွမ်းမိုက်မဲမှုစသည်တို့ကို ပြုပြင်ဖန်ဆင်းပေး နိုင်ကြောင်း မီးမောင်းထိုးပြနေသည်။

ဆရာ မပြလျှင် ငါးပိဖုတ်ရာ၌ပင် နည်းလမ်းမကျဟု ဆိုစမှတ်ပြုကြသည် မဟုတ်လော၊ ဘဝတစ်ခုတွင် ဆရာသည် မရှိမဖြစ် လိုအပ်ပါ၏၊ တိုးတက်အောင်မြင်ကျော်ကြားသော လူသားတစ်ယောက်ဖြစ်ရေး မဖြစ်ရေးသည် မိမိကိုယ်တိုင် ကာယကံရှင်နှင့် ငါးဆယ် ရာခိုင်နှုန်းသက်ဆိုင်၍ မိဘနှင့်ပတ်ဝန်းကျင်က နှစ်ဆယ့်ငါးရာခိုင်နှုန်း၊ ဆရာ့ဘက်က နှစ်ဆယ့်ငါး ရာခိုင်နှုန်း သက်ဆိုင်သည်ဟု ဆိုနိုင်၏။

ဆရာအရေးကြီး၍လည်း မြတ်စွာဘုရားကိုယ်တော်တိုင်က "ငါသည် ထိုးထွင်း၍ သိမြင်တော်မူအပ်ပြီးသော တရားတော်များကို ဆရာပြုလျက် နေတော်မူအံ့"ဟု ဆုံးဖြတ်တော်မူခဲ့၏၊ သူ၏ တပည့်သာဝက ရဟန်းတော်များကိုလည်း ဆရာနှင့်ကင်း၍ မနေအပ်၊ နေလျှင် ဒုက္ကဋ်အာပတ်သင့်စေဟု သတ်မှတ်တော်မူခဲ့သည်၊ ထို့အပြင် ဗဟုသုတနှင့် ပြည့်စုံလိုသူတို့သည် ဆရာသမားကို ဆည်းကပ်ရမည်ဟု မိန့်တော်မူခဲ့၏၊ ထို့မျှမက အသိပညာ အတတ်ပညာ တိုးပွားလိုလျှင် ဆရာကို မပြတ် ဆည်းပူးရမည်ဟုလည်း မိန့်မြွက်တော်မူခဲ့သေး၏။

ဆရာကို ဆည်းပူးရမည်ဟု ဆိုသော်ငြားလည်း "တွေ့တွေ့သမျှ ပါမောက္ခ၊ မြင်မြင်သမျှလူပါရဂူ၊ လူသူမှန်သမျှ အာစရိယ"ဟု တွေ့ကရာ ပုဂ္ဂိုလ်ကို ဆရာတင်ရမည်ဟု မဆိုလိုပေ၊ နာငါးနာနှင့်ပြည့်စုံ၍ ကျင့်ဝတ်ငါးဖြာနှင့် ညီညွတ်သော ဆရာမျိုးကိုသာ ရှာဖွေဆည်းကပ်ရပါမည်၊ ဆရာကို အရွေးမှားပါက အားကိုးရာမှ ဘေးဖြစ်ဆိုသည့်အတိုင်း ဘဝတိုးတက်အောင်မြင်မှု မရနိုင်ရုံမျှမက တည်ငြိမ်အေးချမ်းနေသော ဘဝကိုပင် စောက်ထိုး

ပြောင်းပြန် ဖြစ်စေတတ်ပါသည်၊ (မည့်သည့်အရာဝတ္ထုဖြစ်စေ၊ အကျိုးပြုအားကောင်းလျှင် အဖျက်အားလည်းကောင်း တက်သည်မှာ ဓမ္မတာဖြစ်၏)

သာသနာ့သမိုင်းအစတွင် အလွန်ထင်ရှားသော ပထမသင်္ဂါယနာတင် အဇာတသတ်မင်းကြီးသည် ဒေဝဒတ်ဟူသော ဆရာတု ဆရာယောင်၊ ဆရာဆိုး ဆရာယုတ်ကို ဆည်းကပ်မှားသောကြောင့် ပြုပြင်၍ မရနိုင်သော အပြစ်ကြီးတစ်ခုကို လွန်ကျူးခွင့်ရခဲ့လေသည်၊ ထို့အပြစ်ကြောင့်ပင် မစားမသောက်နိုင် မအိပ်နိုင် နေမထိထိုင်မသာဖြစ်ခဲ့ရရှာ၏၊ မြတ်စွာဘုရားတည်းဟူသော ဆရာကောင်းကို ဆည်းကပ်ရပါမှ စိုးရိမ်ပူပန်မှု လျော့ကျ၍ ဖြေဆည်နိုင်ခဲ့သည်၊ မြတ်ဗုဒ္ဓအလိုကျဆိုရလျှင် အဇာတသတ်ဘဝသည် အထက်သို့ဆန်သင့်ပါလျက် ဆရာတင်မှားသောကြောင့် အောက်သို့ စုန်ခဲ့ရရှာ၏။

ထိုနည်းတူပင် ကြမ်းကြုတ်ရက်စက်ရာ၌ သူမတူအောင် သတင်းကြီးခဲ့သူ အင်္ဂုလိမာလခေါ် အဟိံသက၏ အတိတ်ကြောင်းအနည်းအငယ်မျှကို လှန်လှောကြည့်လျှင်လည်း ဆရာအခန်းကဏ္ဍ၏ အရေးပါမှုကို တွေ့နိုင်ပါသည်၊ လိမ္မာယဉ်ကျေးသော အဟိံသကသတို့သားကို ဆိုးသွမ်းရက်စက်ယုတ်မာသော အင်္ဂုလိမာလ လူမိုက်ကြီးဖြစ်အောင် ဖန်တီးပေးလိုက်သူမှာ အမှားအမှန်ကို မဝေဖန်မသုံးသပ်တတ်သော ဒိသာပါမောက္ခဆရာ ကြောင့်ဖြစ်၏။(တိုင်းနိုင်ငံအရပ်ရပ် မင်းဆူဆူတို့က အလေးထားရသည့် တက္ကသိုလ်ဆရာကြီးသည်ပင် ဤအမှားမျိုး ကျူးလွန်တတ်သေးကြောင်း သတိပြုရာ၏။) ဆရာ၏အမှားတစ်ချက်သည် အဟိံသကဘဝတစ်ခု လုံးကိုပျက်စီးစေခဲ့ရသည်၊ သို့သော်



မြတ်ဗုဒ္ဓတည်းဟူသော မဟာကရုဏာရှင် ဆရာမြတ်ကြောင့် အင်္ဂုလိမာလသည် အဆိုးဆုံးမှ အကောင်းဆုံး၊ အောက်ဆုံးမှထိပ်ဆုံး၊ အနိမ့်ဆုံးမှ အမြင့်ဆုံးသို့ ရောက်ရှိခဲ့ရပြန်၏။ ဆရာတစ်ပါးကြောင့်ပျက်စီး၍ ဆရာတစ်ဦးကြောင့် ကြီးပွားတိုးတက်ခြင်းဖြစ်သည်။

သာသနာ့ အစဉ်အလာတွင် ရှေးအခါက ဆရာတော်ကြီးများသည် ၎င်းတို့၏တပည့်ကို အခြားဆရာတစ်ပါးထံသို့ စေလွှတ်အပ်နှံသောအခါ ဤမည်သော တပည့်တော်ဆရာသည် အရှင်ဘုရားအား ကျန်းမာ ချမ်းသာပါ၏လောဟု မေးတော်မူပါ၏ ဟုလျှောက်ထားစေတတ်ကြ၏၊ မိမိထက်ကြီးသူများနှင့်တွေ့ဆုံရလျှင်လည်း တပည့်တော် ဘယ်သူ့ရဲ့တပည့်ပါဘုရားဟု လျှောက်ထားမိတ်ဆက်တတ်ကြသကဲ့သို့ ဤမည်သော မထေရ်သည် ဘုရားတပည့်တော်၏ ဆရာပါဘုရားဟု လျှောက်ဆိုတတ်ကြ၏။

ယခု မျက်မှောက်၌လည်း ထိုအလေ့အထများ သာသနာတော်တွင်ရှိနေဆဲဖြစ်၏၊ပျောက်ပျက်ခြင်း မရှိသေးပေ၊ ချစ်မြတ်နိုးဖွယ် သာသနာ့ယဉ်ကျေးမှုတစ်ခုဖြစ်၏၊ ထို့အတူပင်"ကျွန်တော်က ဘယ်ဆရာရဲ့တပည့်ပါ၊ ကျွန်တော့်ဆရာဟာ ဘယ်သူပါ"ဟု လူတို့လောက၌လည်း သုံးနှုန်းကြပါသည်။

ဤအချက်များ ထောက်ဆလျှင် သားသမီးတို့အနေဖြင့် မိဘတို့၏ ကောင်းမွေ ဆိုးမွေကို ဆက်ခံရတတ်သကဲ့သို့ တပည့်တို့သည်လည်း ဆရာ၏ ကောင်းမှု ဆိုးမှုဂုဏ်ကို ဆက်ခံရတတ်ကြောင်း တွေ့ရ၏၊ ဆရာကောင်းလျှင် ကောင်းသည်နှင့်အမျှ ဆရာတော်လျှင် တော်သည်နှင့်အမျှ အများ၏ ယုံကြည်ကိုးစားမှုကို ခံယူနိုင်ပါသည်။

ကမ္ဘာ့သမိုင်း စာမျက်နှာတွင် ကောင်းသတင်းအမျိုးမျိုးနှင့် ထင်ပေါ်ကျော်ကြားနေကြသည့် အတတ်ပညာရှင် အသိပညာရှင်ပုဂ္ဂိုလ်တို့၏ အကြောင်းကိုပြောကြ ဆိုကြရေးသားကြရာ၌လည်း ၎င်းတို့၏ မိဘအမည်ထက် ၎င်းတို့ပညာသင်ယူခဲ့သည့် နေရာ, ကျောင်း၌ာန, တက္ကသိုလ်အမျိုးမျိုးတို့၏ အမည်နာမကို အကျယ်တဝင့်ဖော်ပြတတ်ကြသည်၊ မည်သူ မည်ဝါတို့၏ သားသမီးဟု ဆိုရုံမျှဖြင့် လူတိုင်းက သိပ်အထင်မကြီး (မိဘက သမားတော်ဖြစ်သော်လည်း သားသမီးက သမားတော်ဖြစ်ချင်မှ ဖြစ်မည်ကို သိထားကြသောကြောင့် ဖြစ်၏)။

သို့သော် အဘယ်နေရာ ဘယ်ဌာန ဘယ်ကျောင်း ဘယ်နိုင်ငံ ဘယ်တက္ကသိုလ်ဟု ဆိုလိုက်သည်နှင့် အားလုံးက ရမ်းသန်း၍ အထင်ကြီးချင်ကြတော့သည်၊ ဤသည်မှာ ပညာဂုဏ်ဟုဆိုနိုင်သကဲ့သို့ ဆရာ့ဂုဏ်ဟုလည်း ယူဆနိုင်ပါသည်၊ ထင် ပေါ်ကျော်ကြားသူတို့၏ အကြောင်းကို လေ့လာ ကြလျှင်လည်း မည်သူမည်ဝါတို့၏ သားသမီးဆို ခြင်းထက် မည်သည့်နိုင်ငံ မည်သည့်ကျောင်း မည်သည့်တက္ကသိုလ်မှ မည်သည့်ဘွဲ့ ဒီဂရီကို ရရှိခဲ့ကြောင်း လေ့လာဆန်းစစ်သူ စိတ်ဝင်စားသူတို့က ပို၍များဖွယ်ရှိ၏၊ ဘွဲ့ဒီဂရီချင်းတူလျှင်လည်း မည်သည့်နိုင်ငံ မည်သည့်ကျောင်း မည်သည့်တက္ကသိုလ်မှ ဘွဲ့ဒီဂရီဖြစ်ကြောင်း နှိုင်းယှဉ်ကြပြန်၏။

ဥပမာ- သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းဟု ဆိုလိုက်လျှင် ၎င်း၏မိဘနှစ်ပါးအမည်ကို သိသူထက် ၎င်းပညာသင်ကြားခဲ့ရာ တက္ကသိုလ်အမည်ကို သိသူက ပို၍များဖွယ်ရှိ၏၊ နပိုလီယံကိုလည်း ကမ္ဘာကျော် စစ်ဗိုလ်ချုပ်ကြီးမှန်းသိကြသည်၊ သူ စစ်ပညာသင်ယူခဲ့သည့် ကျောင်းတော်ကိုလည်း လူအတော်များများ သိကြပေမည်၊ သို့သော် သူ့မိဘနှစ်ပါး၏ အမည်ကိုမူ တိတိကျကျမှတ်မိသူများများ စားစားရှိဖွယ်မမြင်ချေ။

သာသနာတော်ဘက်ပိုင်းမှာလည်း ထို့အတူပင် ဖြစ်၏၊ ထင်ရှားသောဆရာတော်များနှင့် ရဟန်းငယ်များ၏ မိဘနှစ်ပါးကိုမည်သူမျှ မှတ်မှတ်ရရ မှတ်ထားခြင်းမရှိ၊ အတ္တုပ္ပတ္တိ၌ပါသော်လည်း ဖတ်ပြီးလျှင် မေ့ပျောက်လိုက်ကြ၏၊ (မိဘကျေးဇူးမဲ့ကို ဆိုခြင်းမဟုတ်၊ မိဘတို့၏အခန်းကဏ္ဍ အရေးမပါဟု ယူဆခြင်းလည်း မဟုတ်ပေ၊ ဆရာ့အရှိန်အဝါကိုသိသာ မြင်သာအောင် ဆိုခြင်းမျှဖြစ်၏၊)

အောင်စာရင်းထွက်လျှင်ပင်"ဘယ်ကျောင်းက ပထမ (အကျော်) ရသွားတာလဲဟေ့"



ဟု မေးရိုး ရှိကြ၏။ **ဂုဏ်ကျေးဇူး အနေဖြင့်ကား မိဘတို့၏ ဂုဏ်ကျေးဇူးကို မည်သည့်ဂုဏ်ကျေးဇူး နှင့်မျှ မနှိုင်းအပ်၊ ဆရာဂုဏ်ကျေးဇူးနှင့်လည်း မနှိုင်းထိုက်ပေ၊ သို့သော် လူတစ်ယောက်၏ဘဝ ၌ မိဘ၏အခန်းကဏ္ဍထက် ဆရာ၏အခန်း ကဏ္ဍ၊ ဆရာ၏ အရှိန်အဝါက ပို၍လွှမ်းမိုးကြောင်း ကိုမူ ငြင်းမရချေ။**

သမိုင်းတစ်ခေတ်တွင် ထင်ပေါ်ကျော်ကြားခဲ့သော ပညာရှင်ကြီးများ၊ ယခုမျက်မှောက် ထင်ပေါ်ကျော်ကြားဆဲဖြစ်သော ပုဂ္ဂိုလ်များ၊ နောင်အနာဂတ်တွင် ထင်ပေါ်ကျော်ကြား လတ္တံ့သော ပုဂ္ဂိုလ်များ၊ လူတတ်လူတော်ကြီးများ၊ နိုင်ငံအသီးသီးကို ဦးဆောင်နေကြသော နိုင်ငံ့ခေါင်းဆောင်ကြီးများနှင့် အဖွဲ့အစည်းအသီးသီးကို ဦးဆောင်နေကြသော ကမ္ဘာ့ခေါင်းဆောင်ကြီးများ အားလုံးတို့သည် မိခင်လက်နှင့်ကင်းကွာသူ မရှိနိုင်သကဲ့သို့ ဆရာ့ဆရာတို့၏ လက်နှင့်ကင်းကွာခဲ့ရသူလည်း မရှိနိုင်ပါပေ။


ထို့အတူပင် သာသနာတော်တွင် ဂုဏ်ရှိန်ဝင့်ကြွား ကျော်စောထင်ရှားကြကုန်သော သာသနာ့ ဦးသျှောင် ဆရာတော်ကြီးများ ကျောင်းတိုက်အသီးသီးကို အုပ်ချုပ်စီမံနေတော်မူကြကုန်သော သာသနာ့ဥယျာဉ်မှူး ဆရာတော်များနှင့် သာသနာ့ဆိုင်ရာ အဖွဲ့အစည်းများကို ဦးဆောင်နေတော်မူကြကုန်သော သာသနာ့ခေါင်းဆောင်ဆရာတော်များအားလုံးတို့သည်လည်း အာစရိယလက်မှ မွေးဖွားလာကြခြင်းဖြစ်သည်။

ထို့ကြောင့် ရှေးအခါက စာသင်လျှင် ဘောပေါ်၌ မြေဖြူဖြင့်ရေးသား ဖော်ပြခြင်း၊ တွက်ပြရှင်းလင်းခြင်း၊ တပည့်များစာမရလျှင်ဖြစ်စေ၊ လိမ္မာရေးခြား မရှိလျှင်ဖြစ်စေ ကြိမ်လုံးဖြင့် ရိုက်နှက်ဆုံးမတတ်ကြခြင်း (ရှေးဆရာတော်ကြီးများသည် ရှင်သာမဏေငယ်နှင့် ကျောင်းသားငယ်များကို လက်စွဲကြိမ်လုံးတော်ဖြင့် ဆိုဆုံးမတတ်ကြခြင်းကို အကြောင်းပြု၍ -

"ပုခက်လွှဲသောလက်သည် ကမ္ဘာကိုအုပ်ချုပ်နိုင်၏"ဟူသော စကားအစား မြေဖြူကိုင်သော လက်သည် ကမ္ဘာကို အုပ်စိုးနိုင်၏ဟုဆိုချင်သည်၊ တစ်နည်းအားဖြင့် ကြိမ်လုံးကိုင်သောလက်သည် သာသနာတော်ကို အုပ်စိုးနိုင်၏-ဟု ဆိုလိုက်လျှင်လည်း မှားမည်မထင်ကြောင်း ဆရာ၏ အခန်းကဏ္ဍကို ရေးသားဖော်ထုတ်အပ်ပါသည်။

မြိုင်နန်းမြေ- ရဝေသျှင်

❖ ❖ ❖



# ကိုရှင်း ရှင်းချက်

မင်းနွယ်စိုး

- အမည် — ကိုရှင်း
- အမျိုးသားမှတ်ပုံတင် — TKA-011.....
- နိုင်ငံသားစိစစ်ရေးအမှတ် — ၁၂/သကတ(နိုင်)........၅၇၃
- နေရပ်လိပ်စာ — ပန်းယိမ်းစာပေ၊ရွာလယ်လမ်း၊ ကညင်ပင်ကျေးရွာ၊တာဝ၊ သံလျင်မြို့နယ်၊ရန်ကုန်မြို့
- တယ်လီဖုန်း — ၅၇၈၁၈၄၊၃၆၀၃၃

ကိုရှင်းအိမ်အပြင်ထွက်လျှင် သူ့အင်္ကျီဘယ်ဘက်ရင်ဘတ်၌ ကျကျနနချိတ်ဆွဲထားသော ကဒ်ပြားလေးပေါ်မှ စာသားများဖြစ်သည်။ ထိုကဒ်ပြားလေးကို ကိုရှင်းက တန်ဖိုးထားသည်။ တရိုတသေ ပလပ်စတစ်ကဒ်ထူ လောင်းပြီး အိမ်ပြင်ထွက်သည့်အခါတိုင်း မမေ့မလျော့ မပေါ့မဆ ချိတ်ဆွဲနေကြဖြစ်သည်။

ကိုရှင်း

ကိုရှင်းမှာ ပုပြတ်ပြတ်အသားညိုညို ဉပမိရုပ်မထောင်းသာလှသော်လည်း စကားပြောကောင်းသည်။ အတန်းပညာဟုတ်တိ ပတ်တိမဟုတ်သော်လည်း စာဖတ်သည်။ စာပေဗဟုသုတရှိသည်။ အလုပ်အကိုင် အမည်ဖော်ရန် ခက်သော်လည်း အစုံလုပ်ဖူးသည်။ လက်သမား လုပ်ဖူးသည်။ ပန်းရန်လုပ်ဖူးသည်။ ဆယ့်နှစ်ပွဲဈေးသည်လိုက်ဖူးသည်။ ပန်းစိုက်ဖူးသည်။ မြေပွဲစား လုပ်ဖူးသည်။ လမ်းဘေး၌ စာအုပ်အဟောင်းရောင်းဖူးသည်။ အဝေးပြေးကားလိုက်ဖူးသည်။ ဖားကန့်သို့ပင် ကျောက်သွားတူးဖူးသည်ဆို၏။

ပန်းယိမ်းစာပေ

ကိုရှင်း ဖွင့်ထားသော အိမ်ဆိုင်ကလေးဖြစ်သည်။ ကိုရှင်းက သူစာဖတ်သလို သူများလည်း စာဖတ်စေလိုသည်။ သူ့သားသမီးများစာဖတ်သလို သူများသားသမီးများလည်း စာဖတ်စေလိုသည်။ ထို့ကြောင့် အိမ်နှင့်တွဲလျက် စာအုပ်ဆိုင်လေးဖွင့်ထားသည်။ ရွာနှင့်တန်သလောက် သူတတ်နိုင်သလောက် တပိုင်တနိုင် စာအုပ်ဆိုင်ကလေးဖွင့်ထားခြင်းဖြစ်သည်။ သူစုဆောင်းထားသော စာအုပ်များနှင့် ထပ်မံဝယ်တင်သော စာအုပ်အဟောင်းများက ပန်းယိမ်းပုံရိပ် ဖြစ်သည်။ ကိုရှင်းအနေဖြင့် စာအုပ်ဆိုင်ပေါ်ထားရှိသည့် သဘောထားက ရှင်းသည်။

"စာအုပ်ဆိုတာ မဖတ်ရသေးရင်အသစ်ပဲ၊ မင်းတို့ ဇိနတ္ထပကာသနီမဖတ်သေးဘူးမဟုတ်လား--ငါ့ဆီမှာ ငှားဖတ်ကြည့် မင်းတို့အတွက်အသစ်ပဲ--ကလေးတွေအတွက်လည်း သူတို့နဲ့သင့်တင့်မယ့်စာအုပ်လေးတွေတင်ထားတယ်--ဈေးလျှော့ငှားတယ်--ကလေးဆိုတာ ပန်းကလေး

တွေကွ--ပန်းကလေးတွေညီညီညာညာ ယိမ်းက တာ ငါမြင်ချင်တယ်"

ကိုရှင်းက တညင်ကျိုက်ခေါက်ဘုရားနားက ကညင်ပင်ကျောင်းမှာနေသည်။ ယခင်က ကညင် ပင်ကျေးရွာမှာချောင်ကျကျမို့ သိပ်မစည်၊ ယခုတော့ တာဝတက္ကသိုလ်ခေါ် အရှေ့ပိုင်းတက္ကသိုလ် ပေါ်ထွန်းလာသည်မို့ စည်ပင်လာပြီ။ ကိုရှင်းအဖို့ တော့ ကညင်ပင်ရွာလေး စည်ခြင်း မစည်ခြင်းက အရေးမဟုတ်။ အရာမဝင်လှ။

"ဘာမှမထူးဘူး--အရင်တုန်းကလည်း ထမင်းစားရင် အလုပ်လုပ်ရမယ်--အလုပ်လုပ်ရင် ထမင်းစားရမယ်--ခုလဲ ဒါပဲ--ဘာမှမထူးဘူး"

ကိုရှင်းအတွေးက သို့နှယ်ရှင်းပါသည်။

ကိုရှင်းက ဘယ်အလုပ်မဆို မခိုမကပ်လုပ် သည်။ စေတနာထား၍လုပ်သည်။ ကိုရှင်းတူးပေး သည့်ရေတွင်းပင်၊ အခြားသူများတူးသော ရေတွင်း ထက် ရေပိုထွက်သယောင်၊ ရေပို၍ကြည်သယောင် အမှတ်ပြုကြသည်။ ထို့ကြောင့်ပင် ကိုရှင်းဘာအလုပ် လုပ်သည်ဟု ခေါင်းစဉ်တပ်၍မရသော်လည်း၊ ကိုရှင်းအဖို့ အလုပ်နှင့်လက် ပြက်သည်ဟူ၍မရှိ၊ ကိုရှင်းက အလုပ်မရှိလျှင်မနေတတ်၊ အလုပ်ကို အမြဲတမ်း လက်ခံထားသည့်သူ။ ဘဝကို အလုပ်နှင့် ရှင်းသည်။

"ကိုရှင်းအသုတ်စုံ"

ကိုရှင်းမိန်းမ မမြမေက အရပ်လက်သည် ဖြစ်သည်။

အရပ်လက်သည်ဆိုသည်က နေ့တိုင်းလုပ်၍ ရသောအလုပ်မဟုတ်။ သူတပါးသမီးပျို ရည်းစား ထားအောင်၊ သူတပါးရည်းစားများ အိမ်ထောင် ကျအောင်၊ သူတပါးသမီး ဗိုက်ကြီးအောင်၊ သူတပါး မယား ကလေးမွေးအောင် နေ့တိုင်းဆုတောင်းနေ ရသည့်အလုပ်။

ကိုရှင်းက သူ့လိုပင် သူ့မယားကို နေ့တိုင်းလုပ် စေချင်သည်။ ကိုရှင်းက အတွေ့အကြုံများသူ၊ ဘဝ စုံသူဆိုတော့ ဈေးကွက်စီးပွားရေးနှင့် သိပ်မစိမ်း၊ သူတို့အိမ်ကလေးက ရွာလယ်လမ်းမှာမို့ ဖြတ်သွား ဖြတ်လာများသည်။ ထို့ကြောင့် စာအုပ်ဆိုင်းလေး ရှေ့မှာ သူ့မိန်းမအတွက် အသုပ်ဆိုင်လေးဖွင့်ပေး သည်။ အသုပ်ဆိုင်အမည်ကိုလည်း ကိုရှင်းက အာဏာသိမ်းလိုက်သည်။

"ကိုရှင်းအသုတ်စုံ"

ကိုရှင်းအသုပ်စုံဆိုင်ကို အောက်တန်းကျကျ မောင်ပိုင်စီးလိုက်သည်တော့ မဟုတ်။ သေသပ် ကျနစွာ မောင်ပိုင်းစီးလိုက်ခြင်းဖြစ်သည်။ အသုတ်စုံ ဆိုင်အတွက် ကိုရှင်းအားထုတ်ခဲ့သည်။ လုံ့လစိုက်ခဲ့ သည်။ သံဖြူဆိုင်မှာ ပလိန်းပြားအသစ်နှင့် ဆိုင်း ဘုတ်ကို အပ်သည်။ တညင်မြို့ထဲကိုယ်တိုင် သွားပြီး ဆေးရောင်စိုစိုနှင့် ဆိုင်းဘုတ်ရေးခိုင်းသည်။ စားသုံးသူကို ဖမ်းစား နိုင်သည့် ဆိုင်းဘုတ်နှစ်ဖက် ထိပ်ဖျားမှာ အောင်သပြေပန်းတွေထိုးပြီး မိတ်ဆွေ သင်္ဂဟများကို အလကားကျွေး၍ ဆိုင်ဖွင့်ပွဲလုပ် လိုက်သေးသည်။

"ကိုရှင်းအသုတ်စုံ"

ကိုရှင်းအသုတ်စုံဆိုင်က စဖွင့်လိုက်သည်နှင့် ရောင်းအားကောင်းသည်။ ကိုရှင်းကို ခင်မင်သူ ပေါသည်။ မမြမေက လက်ရာကောင်းသည်။ သူတို့ နှစ်ဦးလုံးမှာ မိတ်ရှိသည်။ ကိုရှင်းအသုတ်စုံ ဆိုင်မှာ လက်ရာကောင်း၍ ရောင်းအားကောင်းသော်လည်း "ကိုရှင်းအသုပ်စုံ"ဆိုသည့်ဆိုင်းဘုတ်ကိုဖြင့် စားသုံး သူများ စနိုးစနောင့် ဖြစ်ကြသည်။ သို့သော် ကိုရှင်း မှာ ရှင်းလင်းချက်ရှိပါသည်။

"ကိုရှင်းကလည်းဗျာ-- အသုပ်ရောင်းရမှာက ခင်ဗျားမိန်းမ--- အသုပ်ဆိုင်က ခင်ဗျားနာမည်ဆို တော့ သိပ်အချိုးမကျဘူးထင်တယ်"

"ခင်ဗျားတို့ဘာသိလဲ-- ခေါက်ဆွဲတွေ ကြာဇံ တွေက ကျွန်တော်ဝယ်ရမှာ-- မီးလည်း ကျွန်တော်ပဲ မွှေးရမှာ-- ဟင်းချိုအိုးလည်း ကျွန်တော်ပဲတည် ရမှာ---ဈေးဆိုင်ခင်းလည်း ကျွန်တော်ပဲ ခင်းရမှာ-

ပန်းကန်ဆေးလည်း ကျွန်တော်ပဲ ဆေးရမှာ-- မိန်းမအလုပ်က လက်ကလေးစိုက်ပြီး အသုပ်နယ်ရုံပဲ ရှိတာ--ပင်ပန်းတော့ ကျွန်တော်ပဲ ပင်ပန်းမှာ-- အဲဒီတော့ ဒီဆိုင်ကို ကျွန်တော့်နာမည်တပ်တာ မှားသလားဗျာ"

ကိုရှင်းက စကားပြောတတ်သည်။ ကိုရှင်းက လူမှုရေးလည်းကောင်းသည်။ သာရေးနာရေးဆိုရင် ဤရွာမှာ ကိုရှင်းမပါလျှင် မပြီး၊ သာရေးနာရေး ဆိုလျှင် ကိုရှင်းကို အကူအညီခေါ်ရသည်။ သာရေးနာရေးကူညီရာ၌လည်း ကိုရှင်းမှာ စည်းကမ်းရှိသည်။ သာရေးအတွက် အကူအညီခေါ်လျှင် ကိုရှင်းအနေဖြင့် ထိုက်သင့် သောအခကြေးငွေကို ယူသည်။ နာရေးအတွက် ဆိုလျှင်ဖြင့် ရေထမ်း၊ မုန့်ဟင်းခါးချက်၊ ထမင်းချက်၊ အိုးတိုက်သည်အထိ ကိုရှင်းတာဝန်ယူ သည်။ ဝန်ဆောင်စရိတ်တစ်ပြား တစ်ချပ်မှမယူသည့်အပြင် ကူငွေပါ ပံ့ပိုးလိုက်သေးသည်။

ကိုရှင်းက ရှင်းပါသည်။

လက်ဖက်ရည်ဆိုင်သို့ လာရာ၌ပင် လမ်းကြောင်း ရှင်းသည်။ ဇနီး သားသမီး ဘယ်တော့မှ ခေါ်မလာ။ အဖော်မပါ၊ အစွယ်အပွားမပါ။ တစ်ကိုယ်တည်း။ သူကြိုက်သည့်ဝိုင်းမှာ သူဝင်ထိုင်မည်။ သူကြိုက်တာ သူမှာမည်။ သူ့အမြင်ကို သူပြောမည်။သူကြားလိုသည့်စကား သူနားထောင်မည်။ ရှင်းသည်။ သူလက်ဖက်ရည်ဆိုင်မှာ ထိုင်လို့ဝလျှင် သူ့အတွက် ကျသင့်ငွေကို သူရှင်းမည်။ သူ့အတွက် ကျသင့်ငွေများအခြားသူရှင်းသည်ကို လားလားမှလက်မခံ။ သူတပါးအတွက်ကျသင့်ငွေကိုလည်း သူမရှင်း။ ပြတ်သည်။ အမေရိကန်စစ်စတန်။

မရှင်းသည်က သူ့အကျႌရင်ဘတ်ပေါ်၌ ချိတ်ဆွဲထားသော ကဒ်ပြားဖြစ်သည်။ ကိုရှင်းမှာ ကျောနံပါတ်မရှိ။ ရင်ဘတ်ပေါ်၌ ကဒ်ပြားရှိသည်။ ကဒ်ပြားပေါ်၌အမည်၊အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးအမှတ်။ နေရပ်လိပ်စာ။ တယ်လီဖုန်းနံပါတ် စသည်စသည်ဖြင့် အစုံအစေ့ပါသည်။

ကိုရှင်းကို ရှုတ်ထွေးသွားစေသည်က မှတ်ပုံတင်နံပါတ်မဟုတ်။ နိုင်ငံသားစိစစ်ရေးနံပါတ်မဟုတ်။ တယ်လီဖုန်းနံပါတ်ဖြစ်သည်။ ကညင်ပင်ရွာမှာ တယ်လီဖုန်းမရှိ၊ တယ်လီဖုန်းမပြောနှင့် ဖုန်းကြိုးပင် မရှိ။ ကိုရှင်းရင်ဘတ်ပေါ်မှ ကဒ်ပြားမှာ တယ်လီဖုန်းနံပါတ်နှင့်။ ကိုရှင်းကိုဘယ်လိုနားလည်ရမည်နည်း။ စောဒကတက်ကြပြီ။

"ကိုရှင်း ခင်ဗျားရင်ဘတ်မှာ ဘာဖြစ်လို့ ကဒ်ပြားကပ်ထားတာလဲ"

"လိုအပ်လို့ပေါ့ကွာ"

"ဘယ်လို လိုအပ်တာလဲ"

"လူသိအောင်ပေါ့"

"လူသိအောင် လိုလို့လား"

"ဟကောင်တွေ-- မင်းတို့ကိုယ့်ကိုယ်ကို ဟုတ်လှပြီထင်နေလား-- လူဆိုတာ ကိုယ့်ကိုယ်ကိုတောင် ကိုယ်သိတာမဟုတ်ဘူး-- ငါ့ကို လူတိုင်းက သိမလား--မင်းတို့တရားမရှိကြဘူးလား--လူ့ခန္ဓာ ဆိုတာ ကွေးသောလက်မဆန့်ခင် ဆန့်သောလက် မကွေးခင် ဖြစ်ပျက်နေတာ မဟုတ်လား--- နိစ္စ ဆိုတာ မရှိဘူး အနိစ္စချည်းပဲ၊ ငါရုတ်တရက်သေရင် လူသိအောင်လို့ ဒီကဒ်ပြားကို ဆွဲထားရတာ--"

"ထားပါတော့ဗျာ-- ခင်ဗျားမှာ ဖုန်းမရှိဘဲ ဘာလို့ကဒ်ပြားထဲ ဖုန်းနံပါတ်ထည့်ထားတာလဲ"

နာရေးကူညီမှုအသင်းဖုန်းနံပါတ်လေကွာ-- ငါအသေမကျပ်ချင်ဘူး"


"ရှင်းလှချည်လား ကိုရှင်းရယ်"

♦ မင်းနွယ်စိုး

# အဘွားနှင့် တရား

ဆောင်းဝင်းလတ်

စာရေးသူတို့ငယ်စဉ်က ပြေးလွှားဆော့ကစားသော ကလေးသူငယ်များ သဘာဝအရ မိမိ နေထိုင်ရာရပ်ကွက်၊ လမ်းပတ်ဝန်းကျင်တွင် ပွဲ လမ်းသဘင်များ ဆင်ယင်ကျင်းပသည်ကို တွေ့ရ ကြုံရ မြင်ရပါက ပျော်ရွှင်နေတတ်သည်။ ၁၉၅၆-ခုနှစ်ပတ်ဝန်းကျင်ဖြစ်သည်။ စာရေးသူတို့ နေထိုင်ရာ ရန်ကုန်အလုံရပ်ကွက် စူပါဘင်လမ်းတွင်မကြာ ခဏဆိုသလို လမ်းဘေး ရုပ်ရှင်များ အခမဲ့ လာရောက် ပြသတတ်သည်။ ညပိုင်းမှာ ပြသခြင်းဖြစ်သည်။ လမ်းဘေးရုပ်ရှင်ဆိုသည့်အတိုင်း လမ်းနံဘေးတွင် ပိတ်ကားထောင်ကာ



ပရိဂျက်တာခေါ် ရုပ်ရှင်ပြစက် နှစ်လုံးဖြင့် လာရောက်ပြသခြင်း ဖြစ်သည်။

ပြန်ကြားရေး ဝန်ကြီးဌာနမှ လူထုပညာ ပြန့်ပွားရေး သဘောမျိုး ဖြင့် လာရောက်ပြသခြင်း ဖြစ်သည်။ "နမော်နမဲ့"ဇာတ်ကားတိုကလေး ဖြစ်ပြီး အဖြူအမည်း ဖလင်ဖြင့် ရိုက်ကူးထား သည်။ အသိပညာပေး ဇာတ်ကားဖြစ်သည်။ ဘုရားစင်တွင် ဖယောင်းတိုင် မီးပူဇော်ထားရာမှ မေ့လျော့ပြီး သတိမထား မိခိုက်၊ မတော်တဆ ဖယောင်းတိုင် လဲကျသွားပုံကို ပြသည်။ နောက် ဆက်တွဲပြသနာ ပေါ်ပေါက် လာပုံမှာ အဆိုပါ ဖယောင်းတိုင်က ဘုရားစင် အောက်တည့်တည့် တွင် ထောင်ထားသော ခြင်ထောင်ပေါ်ကျပြီး ခြင်ထောင်ကို မီးစွဲလောင်ပါသည်။ ခြင်ထောင်ထဲ တွင် လူတစ် ယောက် အိပ်ပျော်နေပုံကိုပြသည်။ ပေါ့ဆမီးကြောင့် တစ်အိမ်လုံးမီးစွဲလောင်ရာမှ အိမ်နီးနားချင်းများကိုပါ မီးကူးစက်ပြီး ရပ်ကွက် ကြီးတစ်ခုလုံး မီးစွဲလောင်ရပုံကိုပြသသည်။

ရုပ်ရှင်၏ အဓိက ရည်ရွယ်ချက်မှာ အရာရာကို နမော်နမဲ့ မနေကြဖို့ဖြစ်သည်။ ကျွန်တော်မှတ်မိသလောက် ကလေးဘဝက ကြည့်ခဲ့ရသောလမ်းဘေးရုပ်ရှင်ဇာတ်ကားနှစ်ကား မှာလည်း အဖြူအမည်း ဖလင်ဖြင့်ရိုက်ကူး ထားသော ဇာတ်ကားနှစ်ကားဖြစ်သည်။ လူထု အောင်သံ ဇာတ်ကားမှာ တောခို သောင်းကျန်းသူ ကွန်မြူနစ်များ၏ မှားယွင်းသော လုပ်ရပ်ကို ဇာတ် လမ်းဖွဲ့ရိုက်ကူးထားသည်။ နောက်တစ်ကားက ချစ်ပန်းသဇင် ဖြစ်သည်။ ချစ်ပန်းသဇင် ကတော့ မြန်မာ့ကျေးလက် တောင်သူလယ်သမား ဘဝဟု ခပ်ရေးရေးလေး မှတ်မိနေသည်။ လမ်း ဘေးရုပ်ရှင် ဇာတ်ကားများ ပိုက်ဆံငါးပြားပေးပြီး ကြည့်ကြရ သော ဇာတ်ကားတိုကလေးများလည်း ရှိသည်။ လက်တွန်းလှည်းကြီးပေါ်တွင် ရုပ်ရှင်ရုံ လိုမျိုး အသေးစားကလေး လုပ်ထားကာ ရုပ်ရှင်ပြ



စက်ကလည်း အသေးစား ကလေးပင် ဖြစ်သည်။ လူနည်းနည်းပဲ ဆန့်သည်။ ပြသချိန်ကလည်း သိပ်မကြာ။ မိနစ်ပိုင်းမျှသာ။ ဇာတ်လမ်းဇာတ် ကွက် ရှိသော ရုပ်ရှင်တချို့မှ ကောင်းနိုးရာရာ အပိုင်းတိုလေးတွေကို ဟိုတစ်စသည်တစ်စ ပြသခြင်း မျှသာ။ ခဏဝင်ကြည့်ကြပြီး ပြန်ထွက်လာကြ ရသည်။ နောက်တစ်သုတ်က အလှည့်ကျဝင်ကြည့် ကြသည်။ သူလည်း အဖြူအမည်း ဖလင်ဖြင့် ရိုက်ကူးထားသော ဇာတ်ကားများပင်ဖြစ်သည်။ တစ်ခါကြည့် ငါးပြားမှတဆင့် အကြွေတစ်မတ် ပေးပြီးကြည့်ရသည်အထိ ဈေးတက်သွားသော် လည်း ကလေးများ အားပေးကြပါသည်။ ယခု ကာလတွင်မူ လမ်းဘေးရုပ်ရှင်များ မတွေ့ရတော့ ပေ။ ကလေးဘဝက ညဖက်တွင် စိတ်ဝင်တစား သွားရောက် ဟောကြားသော တရားပွဲများပင်ဖြစ် သည်။ အလုံ စူပါဘင်လမ်းထိပ် ဦးညိုလှ အင်ဂျင် နီယာ အလုပ်ရုံ အနီးတွင် စင်ထိုးပြီး ဘုန်းကြီး တရားပွဲ ကျင်းပခြင်း ဖြစ်သည်။ တရားပွဲရှိသော ညတွင် ကားလမ်း ခေတ္တပိတ်ပါသည်။ တရား

နာကြသူ ပရိတ်သတ်အား စူပါဘင်လမ်း မိသားစုက မန်ကျီးဖျော်ရည်တိုက်ပါသည်။ ကျွန်တော်မှတ် မိသမျှမှာ ဆေးဝက်ဘာ ဆရာတော် တရားပွဲဖြစ်ပါသည်။ အိမ်မှ အဘွား နှင့်အတူ အဖော်လိုက်ပြီး တရားနာရပါသည်။ ဆေးဝက်ဘာဆရာတော်မှာ ရန်ကုန် အင်းစိန်တွင် သီတင်းသုံးကြောင်း ကြားသိရပါသည်။ အိမ်မှ ကျွန်တော်တို့ အဘွားသည် ဘယ်သွားသွား မြေးဖြစ်သူ ကျွန်တော့်ကို အဖေါ်ခေါ်တတ်ပါ သည်။ ထူးဆန်းသော နေရာတစ်ခုသို့လည်း အဘွားနှင့်အတူ ရောက်ခဲ့ဖူးပါသည်။ ရန်ကုန်၊ စမ်းချောင်း ရပ်ကွက်ထဲရှိ အိမ်တစ်အိမ်သို့ အဘွား နှင့် အတူလိုက်သွားရာ ထိုအိမ်ပေါ်တွင် အဘိုးကြီး-အဘွားကြီးနှစ်ယောက် နေထိုင် ကြောင်း တွေ့ရပါသည်။ အဘိုးကြီးက အိမ်ပေါ် တွင် လူသေအလောင်းများထည့်သော ခေါင်းကြီး တစ်လုံးကို ကြိုတင်၍တင်ထားပြီး သေခြင်းတရား ဆိုတာကို သူသိသဖြင့် ယခုလို ကြိုတင်ပြီး ခေါင်း ကို အိမ်ပေါ်တင်ထားတာဟု အဘွားကို တရား သဘောပြောပြနေတာ ကျွန်တော်မှတ်မိနေပါ သည်။ သူသေလျှင် ထည့်ဖို့ ခေါင်းဟု အဘိုးကြီး က ပြောပြနေပါသည်။ ထိုအဘိုးကြီးမှာ မကြာမီ ရက်ပိုင်းအတွင်း အနိစ္စ ရောက်သဖြင့် အဘွားနှင့် ကျွန်တော် အသုဘ သွားပို့ကြရပါသည်။ ထိုစဉ်က ရန်ကုန်မြို့တွင် ကြံတောသင်္ချိုင်း၊ တာမွေသင်္ချိုင်း များသို့ နာရေးပို့ ဆောင်လေ့ရှိပါသည်။ ခရစ် ယာန်နှင့်အစ္စလမ်ဘာသာဝင်များအတွက် သင်္ချိုင်း များလည်းရှိပါသည်။ အဘွားနှင့် ကျွန်တော် ရောက်ဖူးသော အိမ်တစ်အိမ်မှာ ရန်ကုန်ကံဘဲ့ ဘောက်ထော်ရပ်ကွက်ရှိ ခြံတစ်ခြံထဲတွင် တည် ဆောက်ထားသော တစ်ထပ်ပျဉ်ထောင် အိမ်ကြီး ဖြစ်ပြီး အိမ်အောက်တွင် မြေအောက်ခန်းရှိ ပါသည်။ မြေအောက်ခန်းထဲတွင် အဘွား၏ မိတ်ဆွေ ရခိုင်အမျိုးသမီးကြီး တစ်ယောက်နေ ထိုင်ပါသည်။ ကျန်သည့် မိသားစုများက အိမ်ပေါ် တွင် နေကြပါသည်။ ရခိုင်အမျိုးသမီးကြီးက စကား ပြောရာတွင် ဝဲတဲတဲ ရခိုင်သံနှင့်ပြောတာ ကျွန်တော် မှတ်မိနေပါသည်။ မြေတိုက်ခန်းထဲတွင် ကပ်ပြား တစ်ချပ်နှင့် စာရေးပြီး ကပ်ထားတာ မှတ်မိနေပါ သည်။

ငါ- ယခုသေရမည်။ ငါ-မုချသေရမည်။

အချိန်မရွေး ငါသေနိုင်သည်-

ဟု ရေးထားပါသည်။ အဘွားကို ကျွန်တော်က စာ၏အဓိပ္ပါယ်မေးကြည့်ပါသည်။ အဘွားက လူတိုင်းသေရမှာ သေချာကြောင်း ပြောပြပြီး မသေ ခင်မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန မထားဖို့ အဆိုပါရခိုင် အမျိုးသမီးကြီးက ခဏခဏ မိတ်ဆွေများကို ပြောနေကြောင်းလည်း ကျွန်တော့်ကို ပြောပြပါသည်။ ယခုအခါ အဘွား၏ မိတ်ဆွေ သင်္ဂဟများထဲမှ ဘယ်သူတွေ ရှိနေ သေးလဲဟု မေးရသော်ငြား ကျွန်တော့်အဘွား ကတော့ မရှိတော့ပါ။

ကျွန်တော်မှတ်မိနေသည်က ကျွန်တော့် အဘွားမှာ လောဘ၊ မောဟ၊ ဒေါသ၊ မာန်မာနနှင့် အငြိုး အတေးအမုန်း အာဃာတ တတ်နိုင်သမျှ ကင်းရှင်းအောင် ထိန်းသိမ်းသွား နိုင်ကြောင်းပင် ဖြစ်ပါသည်။ ပြီးတော့ အဘွားမှာ ဘယ်သူအပေါ် ဖြစ်စေ ကိုယ့်ထက်သာ မနာလို ဝန်တိုစိတ်လည်း မထားတတ်ကြောင်း ကျွန်တော် အကဲခတ်မိပါသည်။ အဘွားကအသက်လည်း ရှည်ပါသည်။ အသက် ကိုးဆယ်ကျော်မှ ဆုံးပါ သည်။ ဆုံးတော့လည်း ညင်ညင်သာသာလေးပင် ဝိညာဉ်ချုပ်ငြိမ်း သွားပါသည်။

ယခုအခါရပ်ကွက်တချို့မှာ အသံမစဲ ပဌာန်းဒေသနာတော် ရွတ်ဖတ်ပွဲများ တရားပွဲများ စည်စည်ကားကား တွေ့ရတတ်ပါသည်။ထိုသို့ တွေ့ရလျှင် ကွယ်လွန်သူ ကျွန်တော့် အဘွား ကိုလည်း သတိရ လွမ်းဆွတ်မိပါသည်။

♦ ဆောင်ဝင်းလတ်



Htay Htay Myint *Woman and cloud* 18" x 24" O/C

# ပန်းချီပြပွဲများမှ ပေးသောရသ

**သွေး(စစ်ကိုင်း)**

အရောင်များက ကျွန်မတို့ကို ရှုမျှော်ခင်းတဆုံးသို့ နူးညံ့သိမ်မွေ့စွာခေါ်ဆောင်သွားနိုင်သောနေရာ၊ သဘာဝတရားတို့ကို စုတ်ချက်တို့ဖြင့် သက်ဝင်လှုပ်ရှားစေသော နေရာ၊ ပန်းပွင့်များ၊ သစ်ရွက်များကို သက်ရှိအဖြစ်ပြောင်းလဲပေးနိုင်သော နေရာသည် ပန်းချီကားများသာဖြစ်သည်။ ထိုပန်းချီကားကို အစီအရီခင်းကျင်းထားသော ပန်းချီပြခန်းတစ်ခုသို့ ရောက်ရှိသွားသည်နှင့်တပြိုင်နက် သီးခြားကမ္ဘာတစ်ခုထဲတွင် ကျွန်မကျေကျေနပ်နပ် ပျော်ဝင်သွားတော့သည်။

အဝေးမှလှမ်းကြည့်ရသော ပန်းချီကားတစ်ချပ်နှင့် အနီးကပ်ကြည့်ရှုရသော ပန်းချီကားတစ်ချပ်သည် သူ့နည်းသူ့ဟန်နှင့်သူ ကျွန်မကို ဆွဲဆောင်ထားနိုင်ပါသည်။ သေချာတာက ပန်းချီကားများကြည့်ရှုနေသော အချိန်တွင် ပူပင်သောကတို့ကို ခဏလောက်ပဲဖြစ်ဖြစ် ဖယ်ထုတ်ထားနိုင်ခြင်းပါပဲ။ ဘာသာစကား မလိုအပ်သော ပန်းချီကားများက ဘာသာစကား အမြောက်အမြားကို ကြည့်ရှုသူတို့အား ပြန်ပြောနေကြသည်။ အကယ်၍ သင့်မှာ “စိတ်နား”နှင့် “စိတ်မျက်ဝန်း” တစ်စုံပိုင်ဆိုင်ထားနိုင်မည်ဆိုလျှင် ပန်းချီကားများ၏ ဘာသာစကားကို နားလည်သဘောပေါက်နိုင်ပါလိမ့်မည်။

ပန်းချီပြပွဲတစ်ခုသို့ သွားဖြစ်သည့် အချိန်တိုင်းတွင် ကျွန်မစိတ်တို့ လန်းဆန်းတက်ကြွနေတတ်သည်။ ဖက်ရှင်ရှိုးတစ်ခုသွားမည့်သူတစ်ယောက်ကဲ့သို့ ဘာဝတ်သွားရပါမလဲဟု အချိန်ကုန်ခံပြီး စဉ်းစားစရာမလိုပါ။ ပကာသန

တို့ ဖုံးလွှမ်းထားသော ဧည့်ခံပွဲများသွား၍ တွေ့သမျှ လူများကို စိတ်မပါလက်မပါ နှုတ်ဆက်ပြုံးပြရမည်ထက်စာလျှင် ပန်းချီပြပွဲတစ်ပွဲသို့သာ ကျွန်မသွားချင်ပါသည်။ အဖြူရောင်နှလုံး သားကို ပိုင်ဆိုင်ထားကြသည့် ပန်းချီဆရာများက ရင်ထဲမှလာသော အပြုံးများဖြင့် နှုတ်ဆက်မှာ သေချာနေလို့ပါပဲ။

"လောကနတ်"ပန်းချီပြခန်းသို့ သွားရောက်လိုလျှင် ပန်းဆိုးတန်းလမ်းတလျှောက် ခြေကျင်လျှောက်သွားရုံပါပဲ။ သံမဏိလှေကား ထစ်များကို နင်းလျှောက်နေချိန်တွင် အရောင်များက ကျွန်မနှင့်ပို၍နီးကပ်လာနေသကဲ့သို့ ခံစားလာရသည်။ သက်တမ်းကြာမြင့်နေပြီဖြစ်သော်လည်း မြင်ကွင်းတို့က ဟောင်းနွမ်းမသွားဆဲပါ။ လွန်ခဲ့သည့်ရှစ်နှစ်ကတည်းက "လောကနတ်"တွင် ကျင်းပသော ပန်းချီပြပွဲတစ်ခုကို ကျွန်မလာရောက်ကြည့်ရှုခဲ့ဖူးပြီ၊ ဆရာမနန်းနန်း၏ တစ်ကိုယ်တော် ပြပွဲဆိုတာ ကျွန်မမှတ်မိနေသည်။

ပန်းချီကားများကို စတင်ကြည့်ရှုဖြစ်သည့်အချိန်က ရေဆေးကား၊ ဆီဆေးကား Acrylic- စသည်ဖြင့် မခွဲခြားတတ်ခဲ့ပါ။ နီးဝေးမြင်သဘော Perspective၊ အထားအသို Composition၊ အပျော့အမာသဘောTexture-ကိုလည်း နားမလည်ခဲ့ပါ။ သို့သော် အုံ့ဩစရာကောင်းလောက်အောင်ပင် အချိန်ကာလ ကြာမြင့်လာသည်နှင့် အမျှ ပန်းချီကားများက ကျွန်မကို ပြန်လည်သင်ကြားပေးခဲ့သောအရာ အများအပြား ရှိလာခဲ့သည်။ ကြည့်လိုက်လျှင် အကြည်ဓာတ်ရရှိသော ပန်းချီကားများကို ရေဆေးဟုခွဲခြားလာနိုင်ခဲ့သည်။ ရေဆေးပန်းချီ ကားများထဲတွင် ဆရာကြီး ဦးလူတင်၏ အညာ Atmosphere-ပါသော ပန်းချီကားများကတစ်မျိုး တစ်ဘာသာ ထူးခြားနေသည်။ မြူခိုးဝေနေသော တောင်တန်းများ အညာဒေသတွင် ပေါက်ရောက် လေ့ရှိသော ထန်းတောများ ခေတ်အဆက်ဆက် စီးဆင်းနေသော ဧရာဝတီ၊ ချင်းတွင်းမြစ်တို့သည် ရေဆေးပန်းချီကားများအဖြစ် လှုပ်ရှားသက်ဝင်ကာ ကြည်နူးဖွယ်ရာ သန္တရသကို ပေးစွမ်းနေပါသည်။

စိတ်ထဲတွင် မွန်းကျပ်မှုတို့ဝင်ရောက်လာသောအခါများ၌ သတိရမိသည်မှာ ပန်းချီပြပွဲများကိုပဲဖြစ်သည်။ လွန်ခဲ့သောနှစ်များ ထက်စာလျှင် ပန်းချီပြခန်းအရေအတွက်လည်း ပိုမို များပြားလာခဲ့သည်။ "လောကနတ်" "အဇ္ဈာ" "ဗိဿနိုး" "NM" "ဟသ်ာ" "New treasure" "ရတနာပုံ" "ရေနံ့သာ" "Summit" "Northern Breeze"စသည်ဖြင့် ပန်းချီပြခန်းများတွင် အုပ်စုလိုက်ပန်းချီပြပွဲများ၊ တစ်ကိုယ်တော် ပန်းချီပြပွဲများ၊ အမြဲတမ်းချိတ်ဆွဲထားသော ပန်းချီကားများ၊ တစ်ခုမဟုတ်တစ်ခုရှိနေကြသည်။ ဂန္ဓမာပန်းလေးတစ်ပွင့်ကို ရေးဆွဲထားသော ပန်းချီကား တစ်ချပ်ရှေ့ မတ်တပ်ရပ်မိသည်နှင့် ထိုပန်းလေးကဲ့သို့ လန်းဆန်းမှုကို ကျွန်မခံစားလိုက်ရသည်။

---

အပေါ်ယံ ရုပ်ကြည့်ရုံလောက်နှင့်တော့ ပန်းချီကားတစ်ချပ်က ခံစားချက်ပြည့်ပြည့်ဝဝ ပေးစွမ်းနိုင်မည်မဟုတ်ပါ။ တကယ်တော့ အရောင်များက လျှို့ဝှက်သိမ်မွေ့စွာဖြင့် ပန်းချီဆရာ၏ ဝေဒနာကိုလည်း လှစ်ဟပြသ နိုင်းသေးတာပဲ၊ နှလုံးသားတစ်စုံဖြင့် ပန်းချီကားတစ်ချပ်ကို ကြည့်ရှုနိုင်မည်ဆိုလျှင်တော့ ကြေကွဲခြင်း၊ ပျော်ရွှင်ခြင်း၊ အထီးကျန်ခြင်း စသော ခံစားချက်တို့ကို သွေးကြောများထဲ စီးဆင်းသွားအောင် စွမ်းဆောင်နိုင်ပါလိမ့်မည်။

---

သိပ်မကြာသေးမီကပဲ ကြည့်ရှုခဲ့ရသော ဒေါက်တာခင်မေကြည်၏ "နွေ"ပန်းချီကားထဲမှာတော့ စိန်ပန်းပွင့်များက နီနီရဲရဲဖြင့် လှချင်တိုင်းလှနေကြသည်။ စိန်ပန်းပွင့်များကို ငေးမောရင်း တစ်ချိန်တုန်းက ပျော်ရွှင်ကြည်နူးခဲ့ရသော တက္ကသိုလ်ရက်စွဲများကိုပင် ကျွန်မသွား၍ သတိရမိသေးတော့သည်။ ပန်းချီကား၏ ခေါ်ဆောင်ရာနောက်တွင် အတိတ်ကာလမှ နွေ စိန်ပန်းများကလည်း ကျွန်မနှလုံးသားထဲတွင် ပြန်လည် ဖူးပွင့်လာသည်။ တစ်ခါတုန်းကတော့ ဆရာမ ဝါနု၏ "တိမ်တိုက်များ" ပန်းချီကားစီးရီးကို ကြည့်ရင်း ကျွန်မကိုယ်တိုင် ပေါ့ပါးလွတ်လပ်သော တိမ်တိုက်တစ်ခု ဖြစ်ချင်စိတ် ပေါ်ခဲ့ရသည်။ ကျွန်မသာ တိမ်တိုက်တစ်ခု ဖြစ်ခဲ့လျှင်ဖြင့် အခြားသူများ၏ အထက်စီးအကြည့်ကို ခံယူစရာမလိုဘဲ ကိုယ်တိုင်ငွေ့ရည်ဖွဲ့ကာ ကမ္ဘာကြီးအတွက် လိုအပ်နေသော မိုးရေစက်တို့ကို ရွာချပေးကောင်း ပေးနိုင်ပါလိမ့်မည်။

Landscape(ရှုမျှော်ခင်း) ပန်းချီကားများကို ကြည့်ရှုရင်း မရောက်ဖူးသေးသော ဒေသများကိုလည်း သူတို့က ကျွန်မကို ခေါ်ဆောင်သွားနိုင်ပါသည်။ ရှမ်းပြည်နယ်၏ သဘာဝအလှအပများ၊ ရှုခင်းများကို ရေးဆွဲထားသည့် ဆီဆေးပန်းချီကားများရှေ့တွင် စိတ်ကူးဖြင့် ကျွန်မခရီးထွက်ကြည့်ခဲ့ဖူးသည်။ အင်းလေးဒေသကို မရောက်ဖူးသော်လည်း အင်းလေးသို့ ရောက်သွားသည့်အလား ပန်းချီကားတစ်ချပ်က စွမ်းဆောင်ပေးနိုင်သည်။ ဘယ်မီဒီယာကိုပဲအသုံးပြုရေးဆွဲရေးဆွဲ၊ အနုပညာမြောက်ပန်းချီကားများက စိတ်ခံစားချက်မျိုးစုံကို ဖန်တီးပေးနိုင်မှာ သေချာပါသည်။

ကျွန်မစိတ်ဝင်စားမိသော ပန်းချီကားများထဲတွင် သဲပန်းချီများလည်း ပါဝင်ပါသည်။ ဆရာမ စန္ဒာခိုင်၏ သဲပန်းချီကားများကို ကြည့်ရှုရင်း မြန်မာမှုကို မြတ်နိုးသော စိတ်တို့ ဖြစ် တည်လာရသည်။ သဲပန်းချီဖန်တီးရခြင်းသည်လည်း ခက်ခဲကြောင်း ပန်းချီဆရာမက မဂ္ဂဇင်းတစ်ဆောင်တွင် ပြောပြထားသည်ကို ဖတ်ခဲ့ရဖူးသည်။ ကင်းဘတ်စ်ပေါ်တွင် အောက်ခံဆေးသုတ်၊ ထို့နောက် သဘော်ဆေးအဖြူသုတ်၊ ခပ်ထန်ထန် ဖြစ်နေသောအချိန်တွင် သဲဖြူးရသည်တဲ့။ နှစ်ရက်ခန့်ထားပြီးမှ ဘရပ်ရှ်နှင့် ခြစ်ချ၊ သဲခြောက်သွားသောအခါတွင်မှ မြေဖြူနှင့်လျှာထားပြီး ရေးဆွဲရသည်ဟု ဖတ်ရသောအခါတွင် ပန်းချီကားတစ်ကားအတွက် အချိန်ဘယ်လောက် ရင်းနှီးခဲ့ရသည်ကို နားလည်သဘောပေါက်လာရသည်။

အပေါ်ယံ ရှုပ်ကြည့်ရုံလောက်နှင့်တော့ ပန်းချီကားတစ်ချပ်က ခံစားချက်ပြည့်ပြည့်ဝဝ ပေးစွမ်းနိုင်မည်မဟုတ်ပါ။ တကယ်တော့ အရောင်များက လျှို့ဝှက်သိမ်မွေ့စွာဖြင့် ပန်းချီဆရာ၏ ဝေဒနာကိုလည်း လှစ်ဟပြသ ခိုင်းသေးတာပဲ၊ နှလုံးသားတစ်စုံဖြင့် ပန်းချီကားတစ်ချပ်ကို ကြည့်ရှုနိုင်မည်ဆိုလျှင်တော့ ကြေကွဲခြင်း၊ ပျော်ရွှင်ခြင်း၊ အထီးကျန်ခြင်း စသော ခံစားချက်တို့ကို သွေးကြောများထဲ စီးဆင်းသွားအောင် စွမ်းဆောင်နိုင်ပါလိမ့်မည်။စုတ်တံ၊ဆေး၊ကင်းဘတ်စ်တို့ရှိရုံမျှဖြင့် ပန်းချီကားတစ်ချပ် ဖန်းတီးနိုင်မည်ဟု ကျွန်မမယုံကြည်ပါ။ ထိုအရာများသည် ပန်းချီဆရာ၏ ခံစားချက်တို့ကို ပန်းချီကားတစ်ချပ် ဖြစ်အောင် ပို့ဆောင်ပေးသည့် ကြားခံပစ္စည်းများသာဖြစ်သည်ဟု ကျွန်မယူဆပါသည်။

အကယ်၍ကျွန်မသာ ပန်းချီဆရာမတစ်ယောက်ဖြစ်ခဲ့ပါက ကြေကွဲခဲ့ရသော ညများစွာကို ခရမ်းပြာရောင်၊ မျက်ရည်များကို အပြာရောင်၊ အထီးကျန်ဆန်မှုများကို အနက်ရောင်၊ ပြတ်သားမှုတို့ဖြင့် ခေါင်းမော့ခဲ့ရသော နေ့ရက်များကို အနီတောက်တောက်၊ ကြက်သွေးရောင်၊ အစိမ်းရောင် အသုံးပြု၍ ပန်းချီကားများ ရေးဆွဲဖြစ်


လေမှုမည်ထင်သည်။ မိန်းမတစ်ယောက်၏ ရင်ထဲတွင် အခြားသူများကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ တိတ်တဆိတ်ဝမ်းနည်းရသော ခံစားချက်ဖြစ်တည်လာသည့် အချိန်များတွင်တော့ ဆရာမဌေးဌေးမြင့်၏ Womam and cloud (မိန်းမနှင့် တိမ်)ဆိုသည့်ပန်းချီကားကိုသာ ပြန်လည်မြင်ယောင်လာသည်။

အစိမ်းရောင်နှင့် ခရမ်းရောင်ကဲသော ထိုပန်းချီကားသည် ဆီဆေးပန်းချီကားတစ်ချပ်ဖြစ်ပြီး၊ အမျိုးသမီး(၅၀) ပန်းချီပြပွဲတွင် ပြသခဲ့သည်ကို ကျွန်မမှတ်မိနေသည်။ ပန်းချီကားထဲမှ မိန်းမက တိမ်တိုက်များကို ငေးကြည့်နေတာလား၊ ဒါမှမဟုတ် တိမ်များနှင့်အတူ လွင့်မျောချင်တာလား စဉ်းစားစရာဖြစ်နေသည်။ တခါတရံမှာ ပန်းချီကားထဲမှ မိန်းမသည် ကျွန်မကိုယ်တိုင်ဖြစ်သွားသကဲ့သို့ ခံစားလာရပြန်သည်။ တိမ်တိုက်များသည် လေနှင်တိုင်း ရွေ့လျားနေကြတာ မဟုတ်လား၊ စိတ်အလျဉ်သည်လည်း ခံစားချက်အတိုင်း ရွေ့လျားနေရတာပဲလေ။ တိမ်တိုက်များကို မြေပြင်မှနေ၍ ဖမ်းဆုပ်နိုင်ရန် ခဲယဉ်းသကဲ့သို့ ရေရာမှုများကို ဘဝတွင် ဖမ်းဆုပ်နိုင်ဖို့ကလည်း ခဲယဉ်းနေသည်ဟု ကျွန်မတွေးတောမိပါသည်။

အမျိုးသမီးများ၏ စိတ်ကူးအယူအဆနှင့် ခံစားချက်တို့ကို တွေ့မြင်ခွင့်ရသော ပန်းချီပြပွဲတစ်ခုကို ကျွန်မကြည့်ရှုခွင့်ရခဲ့ပါသည်။ ကျွန်မကိုယ်တိုင် မိန်မသားတစ်ယောက်ဖြစ်နေသည့်အတွက် ထိုပြပွဲကို စိတ်ဝင်စားမိခြင်းလည်း ဖြစ်ပါသည်။ အမျိုးသမီး(၅၀)ပါဝင်သော" Wings Art Exhibition "ကျင်းပရာလောကနတ်ပန်းချီပြခန်းတွင် ပန်းချီဆရာမများအားလုံး တက်ကြွနေကြသည်။ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်၊ Etching (ကြေး ထွင်းပန်းချီ) တို့ကို စုံစုံလင်လင်တွေ့ရသည်။ တစ် ချို့ပန်းချီကားများက ကြည်နူးပျော်ရွှင်ဖွယ်ကောင်းသော နေရာများသို့ ကျွန်မစိတ်ကို အရောက်ခေါ်သွားသည်။ တစ်ချို့ပန်းချီကားများကတော့ ဘဝနှင့်ပတ်သက်ပြီး စဉ်းစားတွေးတောစရာများကို ကျွန်မအားပေးသည်။ တစ်ချို့ပန်းချီကားများကတော့ မိခင်နှင့်ရင်သွေးကြားမှ ချစ်ခြင်းမေတ္တာကို ဖော်ညွှန်းနေသည်။ တစ်ချို့ပန်းချီကားများကတော့ ဘဝအတွက် ရဲရင့်ပြတ်သားမှုများကို ကျွန်မအားပေးသည်။

ပြပွဲသို့လာရောက်သူများနှင့် ပန်းချီဆရာမများကြားတွင် "နားလည်မှု"စာသားတည်ရှိနေသည်ဟု ကျွန်မခံစားလာရပြန်သည်။ ကျွန်မကို သိသော ပန်းချီဆရာမများက နှုတ်ဆက်သလို ကျွန်မကလည်း သူတို့နှင့်စကားလုံးများ ဖလှယ်ရသည်ကို ပျော်ရွှင်လာပါသည်။ သူတို့ထံတွင်ရှိနေသော ရိုးသားပွင့်လင်းမှုကြောင့် တစ်ယောက်နှင့်တစ်ယောက် လွတ်လပ်ပေါ့ပါးစွာ ရယ်မောနိုင်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် မတူညီသော အမြင်များကို ဖလှယ်နိုင်ကြသည်။ ပြပွဲအတွက် ပေးလိုက်ရသော အချိန်များနှင့် ထိုက်တန်သော "ကျေနပ်မှု"တစ်ခုကိုပါ ကျွန်မရရှိလိုက်တာ သေချာပါသည်။

ပန်းချီကားများ ရောင်းချဖို့သက်သက်ရည်ရွယ်ချက်ဖြင့် မည်သူမျှ ပြပွဲပြုလုပ်မှာမဟုတ်ကြောင်း ကျွန်မရောက်ခဲ့သောပြပွဲများက ဖော်ညွှန်းနေပါသည်။ သူတို့၏ အနုပညာလက်ရာများကို အခြားသူများကြည့်ရှုခွင့်ရအောင် ပြသနေသော ပြပွဲများ ရှိနေသောကြောင့်သာ ကျွန်မတို့ ကြည့်ရှုခွင့်ရရှိနေခြင်း ဖြစ်ပါသည်။ အစဉ်အလာ ကြီးမားသော "ကံ့ကော်ရှာ" ပန်းချီပြပွဲကို နှစ်စဉ် နှစ်တိုင်း ရောက်အောင် ကျွန်မကြိုးစား၍သွားကြည့် ဖြစ်ခဲ့ပါသည်။ ကံ့ကော်ရှာအဖွဲ့ဝင်များသည် ကျောင်းသားအရွယ်များကဲ့သို့ ပြန်လည် နုပျိုသွားသယောင်ထင်ရသည်။ အချင်းချင်း ချစ်ခင်ရင်းနှီးစွာ စနောက်ကြရင်းဖြင့် အတိတ်၏အမှတ်ရစရာများကိုလည်း ပြန်ပြောင်း



Htay Htay *The nest* 10" x 24" Etching

ပြောကြသည်ကို နားထောင်ရသည်မှာလည်း ကြည်နူးစရာကောင်းပါသည်။

ပန်းချီပြပွဲတစ်ပွဲသို့ရောက်တိုင်း မပျက်မကွက် လုပ်ဖြစ်သည့်အရာတစ်ခုမှာ မှတ်တမ်းစာအုပ်တွင် ပြပွဲနှင့်ပတ်သက်သော ထိတွေ့ခံစားရမှုကို အမှတ်တရ ရေးပေးဖြစ်ခြင်းပဲ ဖြစ်သည်။ ထိုမှတ်တမ်းမှနေ၍ တစ်ချိန်ချိန်တွင် ပန်းချီမြတ်နိုးရသူတစ်ယောက်၏ ခံစားချက်ကို ပြန်ပြောင်းပြောပြနိုင်လိမ့်မည်ဟု ကျွန်မယုံကြည်ထားပါသည်။ ယခုနောက်ပိုင်းတွင် ခမ်းနားထည်ဝါသော ဟိုတယ်များတွင် ပန်ချီပြပွဲများ ကျင်းပလာသည်ကိုလည်း တွေ့လာရ ပါသည်။ Traders, Micasa, Hotel, Nikko စသည်တို့မှာပဲဖြစ်သည်။ ပန်းချီပြပွဲတစ်ပွဲသည် မည်သည့်နေရာတွင်ပဲ ကျင်းပသည်ဖြစ်စေ။ ပန်းချီကားများကို မြတ်နိုးတတ်သူတစ်ယောက်အနေဖြင့် သွားရောက်ကြည့်ရှုဖို့ လိုအပ်ပါလိမ့်မည်။

ဆရာမြတ်ကျော့၏ Classic Beauty (ဂန္ထဝင်အလှ)ဟု အမည်ပေးထားသော တစ်ကိုယ်တော်ပန်းချီပြပွဲကို Hotel Nikko တွင် ကျင်းပခဲ့တာ ကျွန်မမှတ်မိနေသည်။ " Buddha and Guardian " ပန်းချီကားများနှင့် "Mudra " ပန်းချီကားများသည် ကြည့်ရှုသူတို့အား ဘာသာရေးနှင့်စပ်နွယ်သော အတွေးစများ၊ စိတ်ချမ်းမြေ့မှုများကို ပေးစွမ်းနိုင်ပါလိမ့်မည်။ ရဲရင့်သော စုတ်ချက်များ ကြားထဲမှနေ၍ ပန်းချီဆရာ၏ ဘာသာရေးအသိတရားကိုပါ ရှာဖွေတွေ့ရှိလိုက်ရသလိုပါပဲ။ ပန်းချီဆရာကတော့ လွန်ခဲ့သောနှစ်

များက တောင်ကြီးနှင့် အင်းလေးဒေသတို့တွင် တွေ့ရှိခဲ့ရသော ဗုဒ္ဓဆင်းတုတော်ကို ဓာတ်ပုံရိုက်ယူခဲ့ပြီး သူ့အတွက် ငြိမ်းချမ်းမှု၊ စိတ်တည်ငြိမ်မှုနှင့် လွတ်မြောက်မှု ရရှိခဲ့သည့်အတွက် ရေးဆွဲဖြစ်ခဲ့သည်ဟု ဆိုထားပါသည်။

အခရိုင်းလစ်မီဒီယာကို အသုံးပြုရေးဆွဲထားသော" InLe Festival " ပန်းချီကားတွင် အားကောင်းသည့်အဝါရောင်၏ လွှမ်းမိုးမှုနှင့် အတူ လူတို့က လေဟာနယ်ထဲသို့ မျောလွင့်နေသယောင် ရေးဆွဲထားပါသည်။ ထိုပန်းချီကားကို ကြည့်ရှုနေရင်းမှပင် ကျွန်မကိုယ်တိုင်လည်း လေဟာနယ်ထဲ မျောလွင့်နေသူတစ်ယောက်ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပါသည်။ စိတ်၏အာဟာရကိုဖြည့်တင်းပေးနိုင်သော ပန်းချီပြပွဲများတွင် အရောင်များက ပြောပြသည့်စကားလုံးများကိုပါကြားယောင်လာရသလိုပါပဲ။ အရောင်များ၏ ဂုဏ်သတ္တိ၊ အရောင်သီအိုရီများကို အရိုးသားဆုံးဝန်ခံရလျှင် ကျွန်မနားမလည်ပါ။ သို့သော် ထိုအရောင်များသည် အံ့ဩစရာကောင်းလောက်အောင်ပဲ ပန်းချီကားတစ်ချပ်၏ နယ်နိမိတ်ကို ကျော်လွန်၍ ကျွန်နှလုံးသားထဲသို့ ဝင်ရောက်လာကာ ကြည်နူးမှု၊ ဝမ်းနည်းမှု၊ ကြောက်ရွံ့မှု၊ အထီးကျန်မှု၊ ငြိမ်းအေးမှုတို့ဖြင့် ရသတို့ကို ဖန်တီးပေးကြပါသည်။

အလွန်နှစ်သက်သော ပန်းချီကားတစ်ချပ်ကို တွေ့မြင်ရတိုင်း ရယူပိုင်ဆိုင်လိုစိတ်လည်း ပုထုဇဉ်ပီပီ ဖြစ်ပေါ်ခဲ့ဖူးသည်။ သို့သော် ကျွန်မတွင် ပန်းချီကားကို ဝယ်ယူနိုင်လောက်သည့် ငွေကြေးမရှိသလို ချိတ်ဆွဲထားစရာ နေရာကျယ်ကျယ်လွင့်လွင့်လည်း မရှိပါ။ ပန်းချီကားများကို ခံစားကြည့်ရှုနိုင်ဖို့က အဓိကလား၊ ဒါမှမဟုတ် ရယူပိုင်ဆိုင်နိုင်ဖို့က အဓိကလားဟု တွေးတောမိသောအခါ ကျွန်မစိတ် သက်သာရာရသွားပါသည်။ တိုင်းရင်းသားတို့၏ ဘဝများကို အကဲခတ်ချင်လျှင် သူ့တို့၏ ရုပ်ပုံလွှာများကို ရေးဆွဲထားသည့် Figure ပန်းချီ ကားများကို သွားရောက်ကြည့်ရှုမည်ပေါ့။ ရှမ်းပြည် နယ်တွင် ဖူးပွင့်တတ်သော ချယ်ရီနှင့် မက်မွန်ပန်း များကို ကြည့်ရှုလိုလျှင် Still Life (သက်ငြိမ်)ပန်းချီကားများချိတ်ဆွဲထားသော ပန်းချီပြပွဲသို့ သွားရောက်ကြည့်ရှုမည်ပေါ့။ ပန်းပွင့်လေးများ၏ တီးတိုးစကားသံများ၊ ဖြည်းဖြည်းငြင်သာတိုက်ခတ် နေသည့်လေညင်း၊ ရေတံခွန်တို့မှ ရေစီးကျသံများကို ပန်းချီကားများမှ နေ၍ "စိတ်နား" တစ်စုံဖြင့် ကျွန်မနားထောင်ခဲ့ဖူးပါသည်။

နှစ်ကာလတို့ ကြာရှည်လာသည်နှင့်အမျှ ပန်းချီပြပွဲများက ကျွန်မအား တွေးတောစရာ အမြောက်အမြားပေးအပ်ခဲ့ပါသည်။ ရင့်ကျက်မှုနှင့် စိတ်ဓာတ်ခွန်အားများကိုလည်း ပန်းချီကားများ ထံမှနေ၍ ကျွန်ရယူပိုင်ဆိုင်နိုင်ခဲ့ပါသည်။ အနုပညာလက်ရာများကို ချစ်မြတ်နိုးတတ်အောင်၊ တန်ဖိုးထားတတ်အောင် သူတို့က ကျွန်မအား သင်ကြားပေးခဲ့ပါသည်။ တိုတောင်းသောလူ့ဘဝတွင် ရှင်သန်ခွင့်ရစဉ်အတွင်း နေပျော်မှုများကို လည်း သူတို့က ဖန်တီးပေးနိုင်ခဲ့ပါသည်။

ပန်းချီပြပွဲများရှိသောနေရာသည် ကျက်သရေ အပေါင်းနှင့်တင့်တယ်နေမည်ဟု ကျွန်မလေးလေးနက်နက်ယုံကြည်ပါသည်။ ကျွန်မ၏ အိပ်မက်များကို ပိုမိုလှပအသက်ဝင်အောင် ပန်းချီကားများက ဖန်တီးပေးနေဦးမှာပဲဟုလည်း ယုံကြည်ထားပါသည်။ အကယ်၍ သင့်မှာ ပန်းချီးပြပွဲတစ်ခု ကျင်းပဖို့ အစီအစဉ်ရှိနေသည်ဆိုပါက ကျွန်မအား မမေ့မလျော့ ဖိတ်ကြားစေလိုပါသည်။

♦ သွေး(စစ်ကိုင်း)

# ကဗျာအပါအဝင်
# အနုပညာနှင့်
# သိက္ခာသုံးပါး
# ဆက်သွယ်မှု




မောင်ရန်ပိုင်

-၁-

သိက္ခာသုံးပါးဆိုသည်မှာ "သီလ-သမာဓိ ပညာ"ကို ဆိုခြင်းဖြစ်သည်။ ကျွန်တော်သည် ကဗျာ အပါအဝင် အနုပညာကိစ္စကို ခွဲခြမ်းစိတ်ဖြာသော သဘောတရားရှုထောင့်မှ ပြောဆိုရာတွင် သိက္ခာ သုံးပါးကို ရှေ့တန်းတင်ပြီး ပြောဆိုရေးသားလေ့ရှိ သည်။ သိက္ခာသုံးပါးကို ပြဋ္ဌာန်းသော နေရာမှာ ထားလျက် ကောက်ချက်ချလေ့ရှိသည်။ ထိုအပေါ် မကြည်လင်သောသူ အချို့ရှိကြောင်းလည်း ကျွန် တော် သိနေမိသည်။

အရာရာတွင် MORALITY, MENTAL CONCENTRATION AND WISDOM-ဟု ဆိုအပ်သော သိက္ခာသုံးပါးသည် ပထမဟု ကျွန် တော်တို့ ယုံကြည်လက်ခံခြင်းမှာ ကြားဘူးနားဝ နှင့်မဟုတ်။ အပေါ်ယံလေး ရှုပ်ကြည့်ပြီး အလွယ် ကောက်ချက်ချခြင်းမျိုးလည်း မဟုတ်။ အနည်းဆုံး နှစ်ပေါင်းသုံးဆယ်ကျော်နိုင်သရွေ့ကို ကြိုးစား လေ့လာပြီး ကြိုးစားလေ့ကျင့်ပြီး လိပ်ပြာသန့်စွာ သိ မြင်လာသော အသိအမြင်မျိုးဖြစ်သည်။ HYPER IGORANCE MAN-ဟု ဆိုအပ်သော မောဟဖိ စီးမှု အလွန်များသူများ ထိုအချက်ကို သဘော ပေါက်နိုင်လိမ့်မည်မဟုတ်။ မည်သို့ပင်ဖြစ်စေကာမူ ကျွန်တော်တို့ဘက်ကတော့ "ကဗျာအပါအဝင် အနုပညာနှင့် သိက္ခာသုံးပါးဆက် သွယ်မှု"ဗေဒကို ဆက်လက်တင်ပြပါမည်။

ကဗျာအပါအဝင်အားလုံးသော အနု ပညာတို့သည် ရင်ကိုထိအောင် လုပ်သောပညာ ဖြစ်သည်၊ ရင်ခုန်သံပညာဖြစ်သည်၊ ခံစားမှုပညာ ဖြစ်သည်၊ ဝေဒနာပညာဖြစ်သည်၊ ရသပညာဖြစ်

သည်၊ ရသဆိုသော စိတ်၏ သဘောဝိသေသသည် အခြားသော စိတ်၏သဘောများနှင့် ဆက်သွယ်လျက်ရှိသည်၊ အကြောင်းအကျိုးဆက်သွယ်လျက်ရှိသည်။

အာရုံနှင့် ဒွါရထိတွေ့အသက်ဝင်မှ သိစိတ်ပေါ်သည်၊ သိစိတ်ပေါ်မှ ခံစားမှုဖြစ်သည်၊ မသိခဲ့သော် ခံစားမှုမဖြစ်၊ သိမှုအကြောင်းကြောင့် ခံစားမှု အကျိုးတရားဖြစ်ထွန်းလာခြင်းဖြစ်သည်၊ PHENOMENA OF MIND AND BODY-ဟု ဆိုအပ်သော ရုပ်နာမ်၏ သဘောသဘာဝကို ထိုက်သင့်စွာ လေ့လာဖူးသူဖြစ်က ထိုအချက်ကို သဘောပေါက်သည်၊ သိမှုတိမ်းချော်မှားယွင်းသော် ခံစားမှုတိမ်းချော်မှားယွင်းလိမ့်မည်။

ခဏတာအရသာခံစားရပြီး မကြာခင် သေဆုံးစေမည့်အဆိပ်တစ်ခွက်ကို အမှန်အတိုင်းသိသူသည် သောက်သုံးပြီးမွေ့လျော်လိမ့်မည်မဟုတ်၊ ဒါကအသိမှန်နှင့် ခံစားမှုတို့၏ ဆက်သွယ်မှုပြယုဂ်တစ်ခုဖြစ်သည်၊ ဆောင်းရောက်သောကြောင့် ချမ်းအေးသော ခံစားမှုဖြစ်ထွန်းသည်၊ နွေနေပူ လောင်လွန်းသောကြောင့် ပူလောင်သော ခံစားမှု ဖြစ်သည်၊ ဒါက အပြင်းခံစားမှုသဘော၊ ရုပ်ခံစားမှုသဘောဖြစ်သည်၊ အတွင်းခံစားမှုက ထိုသို့မဟုတ် "RIGHT UNDERSTANDING "ဟု ဆိုအပ်သော မှန်ကန်စွာသိမြင်မှုက အတွင်းခံစားမှုကို တိုက်ရိုက်ချုပ်ကိုင်ထားသည်၊ အသိအမြင်တွေ တိမ်းချော်သလောက် ခံစားမှု စံချိန်စံနှုန်းတွေ ဖောက်လွဲဖောက်ပြန်ဖြစ်ကုန်လိမ့်မည်။

မှန်ကန်သောသိမြင်မှုဟုဆိုရာတွင် ABSOLUTE TRUTH ထာဝရအမှန်တရား။ ပရမတ်နှင့် သက်ဆိုင်သလို RELATIVE TRUTH-ပညတ်အမှန်တရားနှင့်လည်း သက်ဆိုင်သည်၊ ပရမတ်အမှန်တရားသည်သာ အရေးကြီး၏၊ ပညတ်အမှန်တရား အရေးမကြီးဟု မထင်လိုက်ကြနှင့်၊ ပညတ်အမှန်တရားနယ်တွင် လွန်လွန်ကဲကဲ

ဝိပဿနာပွားများအားထုတ်သော အလုပ်မှလွဲလျှင် ကျန်အလုပ်ဟူသရွေ့သည် ပညတ်အလုပ်တွေမျှသာ ဖြစ်သည်။ ကျွန်တော်တို့ ပုထုဇဉ်များအတွက် ပညတ်အလုပ်များလုပ်ရာတွင် ပရမတ်အသိဘက်ကို ရှေးရှုနိုင်သရွေ့ ရှေးရှုတတ်ရန် လိုအပ်သည်၊ သစ္စာလေးပါး ဆင်ခြင်နှလုံးသွင်းမှု မရှိခဲ့သော် ရိုင်းချင်တိုင်း ရိုင်းသွားတတ်သည်၊ ယနေ့ကမ္ဘာ့မြင်ကွင်းကျယ်တွင်မြင်တွေ့နေရသော EGO-CENTRALISM အတ္တဗဟိုဝါဒ အမျိုးမျိုးတို့သည် ထိုလမ်းကြောင်းပေါ်မှတည်လျက် ပေါက်ဖွားလာကြခြင်း ဖြစ်သည်။

တိမ်းချော်မှုတွေ ရှိလာခဲ့သော် သွက်သွက်ခါအောင် ရူးတတ်သည်၊ လူမြင်ကွင်းတွင် ဝတ်လစ်စလစ်နေထိုင်ခြင်း၊ လိင်ကိစ္စလော်လီခြင်း တွေမှ စလျက် မစင်ကောက်စားသောအဆင့် ရောက်အောင် အဖြစ်ဆိုးသွားတတ်သည်။

ဝိပဿနာပွားများအားထုတ်သော အလုပ်မှလွဲလျှင် ကျန်အလုပ်ဟူသရွေ့သည် ပညတ်အလုပ်တွေမျှသာ ဖြစ်သည်။ ကျွန်တော်တို့ ပုထုဇဉ်များအတွက် ပညတ်အလုပ်များလုပ်ရာတွင် ပရမတ်အသိဘက်ကို ရှေးရှုနိုင်သရွေ့ ရှေးရှုတတ်ရန် လိုအပ်သည်၊ သစ္စာလေးပါး ဆင်ခြင်နှလုံးသွင်းမှု မရှိခဲ့သော် ရိုင်းချင်တိုင်း ရိုင်းသွားတတ်သည်၊ ယနေ့ကမ္ဘာ့မြင်ကွင်းကျယ်တွင်မြင်တွေ့နေရသော EGO-CENTRALISM အတ္တဗဟိုဝါဒ အမျိုးမျိုးတို့သည် ထိုလမ်းကြောင်းပေါ်မှတည်လျက် ပေါက်ဖွားလာကြခြင်း ဖြစ်သည်။

-၂-

ဒီနေရာတွင် ကဗျာအပါအဝင် အနုပညာအမျိုးမျိုးဖန်တီးရာဝယ်"သီလ"၏ ပြဋ္ဌာန်းမှုကို အနှစ် ချုပ်ဖော်ပြပါမည်၊ "သီလ"ဟူသည်မှာ မိမိ၏ ကာယကံ၊ ဝစီကံကြောင့် တစ်ပါးသူ မထိခိုက်အောင် ထိန်း သိမ်းရသော သိမ္မု တတ်မှု ကျွမ်းကျင်မှုတို့ဖြင့် ဖွဲ့စည်းထားသောဘာသာရပ်ဖြစ်သည်၊ ထိုအကျိုးတရားအတွက် လေ့လာမှု၊ လေ့ကျင့်မှု၊ ကျင့်သုံးမှု ဆိုသော အကြောင်းတရားတို့ကို ပြုခဲ့ရသည်၊ လူတစ်ယောက်သည် လူ၏ အခြေခံသီလဖြစ်သော ငါးပါးသီလမှ လိမ်ညာပြောဆိုခြင်း မပြုရဆိုသော အချက်ကို အတော်အသင့် ပိုင်ပိုင်နိုင်နိုင် ထိန်းနိုင်ပြီဆိုပါတော့ RIGHT THINKING- ဟု ဆိုအပ်သော မှန်ကန်စွာ တွေးခေါ်ခြင်းဖြင့် လိမ်ညာခြင်း၏ ဆိုးကျိုးနှင့် သူတစ်ပါးကို ထိခိုက်စေခြင်းအပေါ် ရင့်ရင့်သန်သန် သဘောပေါက်နေပြီ ဆိုပါတော့၊ ထိုသူမျိုးသည် ကဗျာအပါအဝင် အနုပညာဖန်တီးရာတွင် ကိုယ်မသိသော အကြောင်းအရာကို သိသယောင်ယောင် လိမ်ညာ ဖြီးဖြန်းသော အရေးအသားမျိုးကို ရေးမိလိမ့်မည် မဟုတ်ချေ။

သီလဆိုသည်မှာ ငါးပါးသီလ၊ ရှစ်ပါးသီလမှစလျက် ရဟန်းတော်တို့၏ ဝိနည်းတိုင်ရုံ ရပ်တန့်သွားသည် မဟုတ်ပါ၊ လူ့ကိစ္စ၊ လူ့အလုပ်နှင့် အမျှ သီလ၏နယ်ပယ်က ကျယ်လွန်းသည်၊ အသစ်အသစ်သော လူ့ကိစ္စတွေ လူ့ပြဿနာတွေပေါ်လာသည်နှင့်အမျှ သီလနယ်ပယ်က ကျယ်လာသည်၊ လူတို့အတွက် ငါးပါးသီလ၊ ရှစ်ပါး သီလစသည်တို့က ပင်စည်ပင်မ သီလများဖြစ်သည်၊ ထိုအပေါ်မူတည်လျက် အကိုင်းအခက်သီလများရှိသေးကြောင်း မမေ့အပ်ပါ၊ ဒါလူ့ကျင့်ဝတ်များဖြစ်သည်၊ DUTIES OF HUMAN BEINGS ဖြစ်သည်၊ ကဗျာဆရာ၊ စာရေးဆရာကျင့်ဝတ်မှစလျက် ထုတ်ဝေသူကျင့်ဝတ်သို့တိုင်အောင် စီးဆင်းသွားသည်၊ ပုထုဇဉ်တို့၏ အမှုကိစ္စတိုင်းလိုလိုတွင် စိတ်အလိုလိုက်ခဲ့သော် လွဲချော်မည်၊ ကျင့်ဝတ်၊ သီလတို့နှင့် ထိန်းနိုင်မှ လိုအပ်သင့်တော်သော ကွန့်မြူးဝေဆာမှု ဖြစ်လာမည်၊ ဘောင်နှင့် လွတ်လပ်မှု မျှတသော အလှတရားပေါ်လွင်လာမည်။

-၃-

"သီလ၊ သမာဓိ၊ ပညာ" သိက္ခာသုံးပါးထဲမှ သမာဓိဆိုသော အပိုင်း၏ ကဗျာအပါအဝင် အနုပညာဖန်တီးခြင်းအပေါ် သက်ရောက်ပြဋ္ဌာန်းပုံကို အနှစ်ချုပ်အတန်ငယ် ဆက်လက်ပြဆိုပါမည်၊ သမာဓိအလုပ်ဆိုသော စိတ်၏ တည်ကြည်သန့်ရှင်းမှု လေ့ကျင့်ခန်းများ၌ သင်သည် ထိုက်သင့်စွာ အလေ့အကျင့်ကောင်းနေပြီဆိုပါတော့၊ အနုပညာဖန်တီးခြင်းဆိုသည်မှာလည်း အာရုံများကို စုစည်းတည်ဆောက်ခြင်းတစ်မျိုးပင်ဖြစ်သည်၊ ပင်စည်ပင်မသဘောအရ သန့်ရှင်းတည်ကြည်သော စိတ်ကို တည်ဆောက်ခြင်း၌ မွေ့လျော်သူသည် အနုပညာဖန်တီးခြင်းပြုရာတွင် ခပ်ညှံ့ညှံ့ ညစ်ညမ်းသော

---

အသင်သည် သိက္ခာသုံးပါးထဲမှာ

"ပညာ" ဆိုသော အပိုင်းကို

ထက်သန်စွာ လေ့ကျင့်ပွားများနိုင်သော

အဆင့်ကို ရောက်ပြီဆိုသော်

အနုပညာ ဖန်တီးရာတွင်

အထူးပြုအမြင့်စခန်းကို ရောက်ပြီ မှတ်ပါတော့၊

ရင်ဖြင့်ယုယသော ဦးနှောက်ဖြင့် စစ်ဆေးသော

ဝိပဿနာအရိပ်ကို ခိုသော

လူ့ယဉ်ကျေးမှု မဟာအလှတရားသည်

ထိုအနုပညာမျိုးတွင် အသက်ဝင်လာတော့သည်။

---

အပေါ်စားအာရုံများကို ဝင်စားမိလိမ့်မည်မဟုတ်ချေ။ ဒါက သမာဓိလုပ်ငန်း ထက်သန်စွာပြုလုပ်သူ၏ အနုပညာဖန်တီးခြင်းအပေါ် သက်ရောက်ပုံအစလေးမျှသာ ရှိသေးသည်၊ သမာဓိလုပ်ငန်းအားကောင်းလာသလောက် အနုပညာဖန်တီးရာတွင် အသက်ဝင်လာသောအား ကောင်းဝင်းလက်ခြင်းတွေ များစွာရှိသေးသည်။

အသင်သည် သိက္ခာသုံးပါးထဲမှာ 'ပညာ' ဆိုသော အပိုင်းကို ထက်သန်စွာ လေ့ကျင့်ပွားများနိုင်သော အဆင့်ကို ရောက်ပြီဆိုသော် အနုပညာဖန်တီးရာတွင် အထူးပြုအမြင့်စခန်းကို ရောက်ပြီမှတ်ပါတော့၊ ရင်ဖြင့်ယုယသော ဦးနှောက်ဖြင့်စစ်ဆေးသော ဝိပဿနာအရိပ်ကို ခိုသော လူ့ယဉ်ကျေးမှု မဟာအလှတရားသည် ထိုအနုပညာမျိုးတွင် အသက်ဝင်လာတော့သည်။ အကြင်သူသည် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်နှလုံးသွင်းရာတွင် အနုစိတ်ထက်မြက်လာသလောက် ဝိပဿနာဘာဝနာအား ခရီးတွင်လာသလောက် အနုပညာဖန်တီးရာတွင် အမြင့်စခန်းမဟာတံခါး ကြီးပွင့်လေပြီ၊

ဘဝ၏ထောင့်ပေါင်းစုံတွင် စိတ်ချရသော

"ငါ့ကိုယ် - ငါ့ဟာ - ငါ့ဥစ္စာ - ငါ" ဆိုသော
အစွဲများ၊ အထင်များကြီးဖြင့်
ဘဝကို ထမ်းမထားပဲ၊
ဘဝကို ဉာဏ်ဖြင့်လွှတ်ချထားသောအချိန်ဖြစ်သည်၊
ဝိပဿနာအားကောင်းလာ သလောက်
မသိမှု အဝိဇ္ဇာမှ တန်ရာတန်ရာ
လွတ်မြောက်မှုသဘောကို ရလာသည်

ဖြူစင်သန့်ရှင်းသည့် ပေးဆပ်သော မေတ္တာမျိုးဆိုသည်မှာ ဝိပဿနာကို ထက်ထက်သန်သန်ပွားများနိုင်ခြင်းလမ်းကြောင်းပေါ်တွင်သာ ရှိပါသည်။ ယနေ့ကမ္ဘာကြီးပေါ်ရှိ အထွေထွေအမျိုးမျိုးသော အပိုဒုက္ခများရှိနေခြင်းမှာ ထိုမေတ္တာမျိုးခမ်းခြောက်အားနည်းသောကြောင့် ဖြစ်ပါသည်။ ထိုမေတ္တာမျိုးအစား လူသားတစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင် လွန်ကဲကိလေသာများ နေရာယူနေခြင်းကြောင့် ဖြစ်သည်။

ဝိပဿနာပွားများအားထုတ်ခြင်းသည် ရုပ်နာမ်တို့၏ ဖြစ်ပျက်ကိုမြင်၊ ဖြစ်ပျက်ကို မုန်းရာမှ ဖြစ်ပျက်ဆုံးရာသို့ အကြောင်းပြုခြင်းဖြစ်သည်။ ဒါသည် ထာဝရအမှန်တရားကို သိစေခြင်းသဘောဖြစ်၏။ ထာဝရအမှန်တရားကို သိခြင်းဟူသော မှန်ကန်စွာသိမြင်မှုအားကောင်းလာသလောက် တွဲဖက်အာနိသင်အဖြစ် ဖြူစင်စိတ်ချရသော မေတ္တာထွန်းပလာတော့သည်။ မေတ္တာနှင့်ပညာမြင့် မားစွာပေါင်းစည်းခြင်း၊ ပြယုဂ်အမျိုးအစားအနုပညာများ ထွန်းကားလာခြင်းဆိုသည်မှာ ထိုလမ်းကြောင်းပေါ်တွင် ရှိသည်။ ဒီနေရာတွင် ဝိပဿနာပွားများအားထုတ်ခြင်းကြောင့် ဖြစ်လာသော စိတ်အခြေအနေနှင့် အနုပညာဖန်တီးရာတွင် ဖြစ်လာသော စိတ်အခြေအနေတို့ ဆက်သွယ်ပုံကို အတန်ငယ်ကောက်နုတ်ပြပါဦးမည်၊ လူတစ်ယောက် ဝိပဿနာအာရုံထူထောင်ထားချိန် ဆိုပါတော့၊ ထိုအချိန်သည် ပစ္စုပ္ပန်တည့်တည့် ရှေ့စိတ်ကို နောက်စိတ်ဖြင့် ချိုကြည့်နေသောအချိန် ဖြစ်သည်၊ လိုချင်စိတ် ရရှိပိုင်ဆိုင်လိုစိတ်ကို ကျော ခိုင်းလျက် အမှန်သိလိုသော စိတ်၊ အမှန်သိအောင် ကြိုးစားသောစိတ်၊ အမှန်ကို သိနေသော စိတ်တို့ကို ထူထောင်ထားခြင်း ဖြစ်သည်၊ "ငါ့ကိုယ်-ငါ့ဟာ-ငါ့ဥစ္စာ -ငါ" ဆိုသော အစွဲများ၊ အထင်များကြီးဖြင့် ဘဝကို ထမ်းမထားပဲ၊ ဘဝကို ဉာဏ်ဖြင့်လွှတ်ချထားသောအချိန်ဖြစ်သည်၊ ဝိပဿနာအားကောင်းလာ

သလောက် မသိမှု အဝိဇ္ဇာမှ တန်ရာတန်ရာ လွတ်မြောက်မှုသဘောကို ရလာသည်၊ (အကန့်အသတ်နှင့် ရခြင်းသဘော၊ အချိန်ပိုင်းရခြင်းသဘောဖြစ်သည်၊ အရိယာနယ်သို့ရောက်မှ အချိန်ပိုင်းသဘောမှသည် အချိန်တိုင်းသဘောသို့ ဒီဂရီရှူန်းထားတက်သွားသည်။)

NOBLE LIBERATION မြတ်သောလွတ်မြောက်ခြင်းသဘောဖြင့် ယဉ်ပါးတန်သရွေ့ ယဉ်ပါးသော စိတ်၏ အရှိန်လေးသည် ကဗျာအပါအဝင် အနုပညာဖန်တီးရာတွင် ရိုက်ခတ်မှုရှိလာပြီဆိုပါတော့. . ။ ထိုသဘောသည် ABSOLUTE TRUTH PURITY -ဟု ဆိုအပ်သော ထာဝရအမှန်တရား၏ အလှသဘောအနုပညာသို့ သက်ရောက်သွားခြင်းဖြစ်သည်၊ ထိုသဘောအရှိန်ဟပ်နေသော အနုပညာ၏ လူသားကောင်းကျိုးပြုမှုတန်ဖိုးသည်ကား ဆိုဖွယ်ရာမရှိတော့ပြီ၊ ထိုအနုပညာမျိုးကို ခံစားမွေ့လျော်နိုင်စွမ်းရှိသူ၏ ခံစားမှုပညာရေးတန်ဖိုးသည်လည်း ထို့အတူပင်၊ ခံစားသူပညာရေး ဖန်တီးသူပညာရေး၏ အမြင့်မားဆုံး စံသည်လည်း ထိုအနုပညာမျိုးပင်။

-၄-

သိက္ခာသုံးပါးတွင် သီလသည် ကြမ်းတမ်းပြင်းထန်သော ကိလေသာများကို ဖယ်ရှားသောသဘော ရှိသည်၊ သမာဓိသည် အလယ်အလတ်ကိလေသာများကို ဖယ်ရှားသော သဘောရှိပြန်သည်၊ ပညာသည်ကား အနုစားအသေးစိတ်ကိလေသာများကို ဖယ်ရှားမောင်းထုတ်သောသဘော ရှိပြန်သည်၊ ကဗျာ ဖန်တီးခြင်း၊ အနုပညာဖန်တီးခြင်း အပါအဝင် လူ၏ အမှုကိစ္စအသီးသီးတွင် ပိုမိုတိုးတက်ကောင်းမွန်မှုအတွက် အဓိကလိုအပ်ချက်မှာ သိက္ခာသုံးပါးဟု ကျွန်တော်တို့ ယုံကြည်သိမြင်သည်၊ ဒါ ESSENTIAL NECESSARY ဖြစ်သည်၊ ပင်စည်ပင်မ ရှိမှသာ အကိုင်းအခက်များ ဖြာထွက်နိုင်စွမ်းရှိပေသည်။

ကဗျာ ဖန်တီးခြင်း၊ အနုပညာ ဖန်တီးခြင်း
အပါအဝင် လူ၏ အမှုကိစ္စအသီးသီးတွင်
ပိုမိုတိုးတက် ကောင်းမွန်မှုအတွက်
အဓိက လိုအပ်ချက်မှာ သိက္ခာသုံးပါးဟု
ကျွန်တော်တို့ ယုံကြည်သိမြင်သည်၊
ဒါ ESSENTIAL NECESSARY ဖြစ်သည်၊
ပင်စည်ပင်မ ရှိမှသာ အကိုင်းအခက်များ
ဖြာထွက်နိုင်စွမ်းရှိပေသည်။

မောဟဖိစီးမှု အားကြီးသူတို့သည် သိက္ခာသုံးပါး၏ စက်လှည့် အလုပ်လုပ်ပုံကို သိမြင်နားလည်သဘောပေါက်နိုင်စွမ်းမရှိကြချေ၊ သိက္ခာသုံးပါးနှင့် အနုပညာကို ဖြတ်တောက်ထုတ်လိုသော ဆန္ဒရှိုင်းများ သူတို့တွင်ဝင်လာတတ်ကြသည်၊ လောကတွင် မည်သည့် အလုပ်မဆို သိက္ခာသုံးပါးနှင့် အဆက်အသွယ် ပြတ်သလောက် လူသား၏ ဆိုးကျိုးအဆိပ် အတောက်သာ ဖြစ်လာလိမ့်မည်။

ကဗျာအပါအဝင် အနုပညာနှင့် သိက္ခာသုံးပါးသည် မဆီမဆိုင်ဟု အထင်အမြင်လွဲချော်နေသူများ နောင်တရစေရန်အတွက်သော်လည်းကောင်း၊ မျိုးဆက်သစ်လူငယ်များ အသိမှန်အမြင် မှန်စေရေးအတွက်သော်လည်းကောင်း အခွင့်သာသ၍ တင်ပြစရာရှိသည်များကို ဆက်လက်တင်ပြ ပါမည်၊ အလွန်သေချာသော အချက်မှာ "ကဗျာ အပါအဝင် အနုပညာနှင့် သိက္ခာသုံးပါးသည်" တိုက်ရိုက်ဆက်သွယ်မှု ရှိ၏။

♦ မောင်ရန်ပိုင်

## မျိုးဆက်ပေါက်တာလေးတို့

# လန်းစေချင်

ပိုလ်ချုပ်မြေ-တင်တင်ဝင်း



ယခုအခါ သာသနာရေးနှင့်စပ်လျဉ်းသော အခမ်းအနားများ ကျင်းပရာ နေရာတိုင်း၌ အခမ်းအနားဖွင့်လှစ်ရာတွင် "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟူ၍ သုံးကြိမ်ရွတ်ဆိုကာ ဘုရားကို ရှိခိုးကန်တော့ပြီးမှ ဖွင့်လှစ်လေ့ရှိကြပြီး အခမ်းအနားပြီးဆုံးသည့်အခါများတွင်လည်း "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"ဟူ၍ သုံးကြိမ်ရွတ်ဆိုကြကာ သာသနာတော်ကြီး အရှည်ခန့်၍ တည်တံ့ ပါစေကြောင်း စုပေါင်းကာ ဆုတောင်းကြပြီးမှ အခမ်းအနားပြီးဆုံးကြောင်း ကြေငြာလေ့ရှိကြပါသည်။

ကျေးဇူးတော်ရှင် မစိုးရိမ်ဆရာတော်ဘုရားက "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"ရွတ်ဆိုကြသည့်အခါတိုင်း ပေါ့ပေါ့တန်တန်သဘောမျိုး မထားကြဘဲ၊ ၎င်းရွတ်ဆိုခြင်းသည် သာသနာတော်ကြီး အရှည်တည်တံ့ စေကြောင်း ဆုတောင်းခြင်းဖြစ်သည်ကို ဗုဒ္ဓဘာသာဝင်တိုင်းက နားလည်သဘောပေါက်ကာ မိမိတို့အားလုံးကလည်း သာသနာ့တာဝန်ကို အသီးသီး နိုင်စွမ်းသည့်ဘက်မှ မိမိနိုင်စွမ်းသလောက် တာဝန်ထမ်းကြစေရန် ရည်သန်ကာ မြန်မာပြန်နှင့်တကွ ရှင်းပြကာ သင်ကြားထားခဲ့၏။

ဗုဒ္ဓသာသန်-သစ္စာလေးရပ် တရားမြတ်ကို ဆရာမရှိ မိမိအလိုလို ကိုယ်တော်မြတ်လည်းသိ သူတစ်ပါးတို့ကိုလည်း သိစေတော်မူတတ်သော သုံးပါးသဒ္ဓမ္မ အဆုံးအမသုံးဖြာ သာသနာတော်သည် စိရံ- သာသနာရောင် နှစ်ငါးထောင်ထိ များမြောင် ရှည်ကြာ အခါကာလပတ်လုံး၊ တိဋ္ဌတု- ဟောသူ, ပြောသူ,ပို့ချသူနှင့် သင်သူ, အံသူ, ကျင့်ကြံသူတို့ ဝှမ်းဆူချိမ့်သဲ ဘယ်မစဲသည် အမြဲတည် တော်မူ ပါစေသတည်း ဟူ၍ ဖြစ်ပါသည်။

အဆုံးအမသုံးဖြာ သာသနာတော်ဆိုသည်မှာ (၁)ပရိယတ္တိသာသနာ၊ (၂)ပဋိပတ္တိသာသနာ၊ (၃)ပဋိဝေဓသာသနာဟူ၍ ဖြစ်သည်။

### (၁)ပရိယတ္တိသာသနာ၊

အလုံးစုံသော မြတ်စွာဘုရား၏ စကားတော် သည် ပရိယတ္တိသာသနာမည်၏။ ဘုရား၏စကား တော်တို့သည် သင်ကြားအပ်သောကြောင့် ပရိယတ္တိမည်၏။ ဆုံးမတတ် ဆုံးမရာ ဆုံးမ ကြောင်းဖြစ်သောကြောင့် သာသနာမည်၏။ သင်ကြားအပ် ဆုံးမတတ် နှစ်ရပ်ကိုစပ်၍ ပရိယတ္တိ သာသနာဟုခေါ်ဆိုရ၏။

### (၂) ပဋိပတ္တိသာသနာ

သီလ သမာဓိ ဝိပဿနာ ဤအလုံးစုံသည် ကျင့်အပ်သောကြောင့် ပဋိပတ္တိမည်၏။ ထိုပဋိပတ္တိ အကျင့်သည်ပင်လျှင် ဆုံးမတတ် ဆုံးမရာ ဆုံးမ ကြောင်းဖြစ်သောကြောင့် ပဋိပတ္တိသာသနာ မည်၏ဟု ခေါ်ဆိုရ၏။

### (၃)ပဋိဝေဓသာသနာ

မဂ်လေးပါး ဖိုလ်လေးပါး သစ္စာလေးပါး နိဗ္ဗာန်ဟူသော တရားစုကို ထိုးထွင်း၍ သိမြင်ခြင်း သည် ပဋိဝေဓမည်၏။ ထိုသို့ ထိုးထွင်း၍သိမြင် ခြင်းသည်ပင်လျှင် "ဆုံးမတတ် ဆုံးမရာ ဆုံးမ ကြောင်း ဖြစ်သောကြောင့် ပဋိဝေဓသာသနာ မည်၏ဟု ခေါ်ဆိုရ၏။ ( **ဆရာတော် အရှင်ရာဇိန္ဒမဟာထေရ် သာသနဗဟုသုတကာသနီကျမ်း၊ ဘုရားဖြူကျောင်း တိုက်၊ ပုဇွန်တောင်မြို့နယ်။**)

၎င်းသုံးဖြာသော သာသနာတော်ကြီးကို သာသနာ့ဝန်ဆောင် သံဃာတော်ကြီးများအစဉ် အဆက်က ကိုယ်တိုင်ကျက်မှတ်ခြင်း ဆရာသမား များထံ နည်းနာခံ၍ သင်ယူမှတ်သားကြပြီး လက်တွေ့ကျကျကျင့်ကြံ အားထုတ်ကြကာ ပရိယတ္တိတာဝန် ပဋိပတ္တိတာဝန်များကို အသီးသီး ထမ်းဆောင်တော်မူကြသည့်အပြင် လူပုဂ္ဂိုလ် ဒကာ ဒကာမများကိုလည်း ဘုရားရှင်၏ အဆုံး အမ တရားတော်များကို ဟောဖော်ညွှန်ပြ ဆုံးမပေးတော်မူကြကာ ဆရာအစဉ်ဆက် တပည့် အစဉ်ဆက် လက်ဆင့်ကမ်းကာ သာသာနာ့ တာဝန်ကို ကျေပွန်စွာ ထမ်းရွက်တော်မူခဲ့ကြ၏။

ယခုအခါ မြတ်စွာဘုရား၏ သာသနာတော် သည် ပြည်တွင်းသာမက ပြည်ပနိုင်ငံများမှသည် ကမ္ဘာ့နိုင်ငံအသီးသီးတိုင်အောင် ပြန့်ပွားစည်ပင် ထွန်းကားနေခြင်းသည် သံဃာတော်များသာမက ဒကာ ဒကာမတို့ ပူးပေါင်းလက်တွဲကာ သာသနာ တော်ကြီး အရှည်တည်တံ့စေရေးတာဝန်ကို ယနေ့ တိုင်အောင် ဆောင်ရွက်လျက်ပင်ရှိကြသည်။

ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သာသနာတော်ကို ရှေးဘုန်းရှေး ကံရှိသော ပုဂ္ဂိုလ်တို့နှင့် အသိပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့သာလျှင် မြတ်နိုးကော်ရော် ပူဇော်နိုင်ကြ ပေ၏။ ဘုန်းကံရှိရုံ အသိဉာဏ်ရှိရုံဖြင့်သာ ပူဇော် နိုင်ကြမည်မဟုတ်သေး၊ ကံနှင့်ကံ၏အကျိုးကို ယုံကြည်ခြင်း ရတနာမြတ်သုံးပါးတို့၏ စစ်မှန်သော

ဂုဏ် အမှန်တကယ်ရှိသောဂုဏ်တို့ကိုယုံကြည်ခြင်း ဆိုသည့် သဒ္ဓါတရားနှင့်ပြည့်စုံပါမှ သာသနာတော်ကြီးကို အားပေးချီးမြှောက်ထောက်ပံ့နိုင်ကြပေမည်။

သံဃာကလည်း သံဃာအလျောက် ဒကာကလည်း ဒကာအလျောက် သာသနာတော်ဆိုင်ရာတာဝန်တို့ကို ကျေပွန်စွာ ဆောင်ရွက်နိုင်ကြခြင်းသည် သာမန်ဘုန်းကံရှိသူတို့၏ အရာမဟုတ်။ ရှေးရှေးဘဝများစွာက ပြုလုပ်ဆည်းပူးခဲ့ကြသော ပါရမီကံ၏ အဟုန်အစွမ်းကြောင့် ယခုကဲ့သို့ ကြီးမြတ်သော သာသနာ့တာဝန်ကြီးကို မိမိတို့တစ်တွေ ဆောင်ရွက်နိုင်ကြပေသည်ဟု သိရှိကြကာ ဝမ်းမြောက်စေချင်ပါသည်။

စာရေးသူအနေဖြင့် အထက်ဖော်ပြပါ အခြင်းအရာကို လက်တွေ့ကျကျ သာဓကေထုတ်ပြလိုပါသည်။ မိသားစုအနည်းငယ်သာရှိသော အိမ်ထောင်စုတစ်ခု၏ စားဝတ်နေရေး ပညာသင်ရေး ကျန်းမာရေးအပါအဝင် အစစအဆင်ပြေပြေ နေထိုင်သင့်တင့်ရုံသာ ရှိကြသဖြင့် လူဦးရေကန့်သတ်သည့်အနေဖြင့် မိခင်လောင်းများ မွေးဖွားမှုနှုန်းကို လျှော့ချပြီး မိခင်တစ်ယောက်လျှင် သားသမီးနှစ်ယောက်လောက်သာ မွေးဖွားကြတော့၏။

မိသားစု(၅)ယောက်လောက်တာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်ကြသူတွေ အများအပြား ရှိနေကြသော်လည်း သာသနာ့တာဝန်ဖြစ်သော ဂန္ထဓုရ ဝိပဿနာဓုရ ဓုရနှစ်ဖြာတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နေနိုင်ကြပုံတွေကို လက်တွေ့ကျကျ သွားရောက်၍ ကြည့်ရှုလေ့လာကြည့်ပါက အထင်ကရ မြင်ကြရမည်သာဖြစ်သည်။

ပရိယတ္တိသာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသော စာသင်တိုက်ကြီးများမှာ စာသင်သား ရာပေါင်းများစွာ ထောင်ပေါင်းများစွာ တို့ကိုပင် စားဝတ်နေရေး ပညာသင်ကြားရေး ကျန်းမာရေးတို့မှအစ လိုလေသေးမရှိရအောင် ဆရာနှင့်ဒကာ လက်တွဲကာ စောင့်ရှောက်ပေးမှုကြောင့် မိဝေးဖဝေး ကျေးလက်ဒေသမှ လာရောက်၍ ပညာသင်ကြသော စာသင်သားတို့မှာ ကြောင့်ကြမဲ့စွာ ပညာရည်နို့သောက်စို့နေနိုင်ကြ၏။

အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၌ စာသင်သားများစွာကို ကြောင့်ကြမဲ့စွာ ပညာရည်နို့သောက်စို့နေကြရပုံကို စာရေးသူကိုယ်တိုင် ရွာမဆရာတော်ဘုရားကြီးများ၏ ဆုံးမဩဝါဒကို လေးစားစွာ ခံယူလိုက်နာသော တပည့်ဖြစ်၍ စာသင်တိုက်ကြီးသို့ မကြာခဏရောက်လေ့ရှိသဖြင့် လက်တွေ့ကျကျ သိခွင့်ရပါသည်။

လက်တွေ့ကျကျသာဓကေထုတ်ပြလိုပါသည်။ လွန်ခဲ့သော ၁၉၉၈-ခုနှစ်၊ ဩဂုတ်လ (၁၀)ရက်နေ့ (၁၀-၈-၉၈)နေ့စွဲဖြင့် အဝေးရောက် ရွာမထွက် တပည့်ဟောင်းတစ်ပါးထံမှ ယခုလက်ရှိ ရွာမစာသင်တိုက်၌ သီတင်းသုံးလျက်ရှိသော စာသင်ဖော် သံဃာတော်တစ်ပါးထံသို့ ရေးသော စာလေးတစ်ဆောင်မှ တစ်ပိုင်းတစ်စကို တင်ပြလိုပါသည်။

"သူငယ်ချင်း မောင်စန္ဒ၊ ငါ့ရှင်ပို့လိုက်သော စာကို ကောင်းမွန်စွာ ရရှိသဖြင့် ရွာမမြေမှာရှိကြသည့် သံဃာတော်အပေါင်း စား ဝတ် နေရေး ကျန်းမာရေး ပညာသင်ကြားရေးတို့ အပူအပင် မရှိ ပကတိငြိမ်းချမ်းပြီး ပရိယတ္တိတာဝန်ကို တကယ်တမ်း ကြိုးစားဆောင်ရွက်နေကြတယ်ဆိုတာ သိရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်"

"ရွာမမြေမှာ အစစအရာရာ ပြည့်စုံတယ်ဆိုတာ ငါ့ရှင်မပြောလည်း သိပြီးသားပါ၊ ဘာကြောင့်

လဲဆိုတော့ ရွာမမှာစာသင်တိုက်တည်ထောင်ကတည်းက ရွာမမြေရဲ့ စားဝတ်နေရေး ကျန်းမာရေးအတွက် အဖေ့မေတ္တာပိုင်ရှင် ဆရာတော်ကြီး ဦးနန္ဒဝံသ(အဂ္ဂမဟာပဏ္ဍိတ)က တာဝန်ယူစောင့်ရှောက်ခဲ့တာ ယနေ့တိုင်ပဲ မဟုတ်လား"

ပညာရေးအတွက်ဆိုလည်း ဘာပူစရာလဲ အမေ့မေတ္တာပိုင်ရှင်ဆရာသခင် ဆရာကြီး (ဘဒ္ဒန္တတိလောကာဘိဝံသ)ရဲ့ ပညာနို့ရည်နှင့် တို့စာသင်သားတွေ လူလားမြောက်စေခဲ့တယ်လေ" အဖေ့မေတ္တာနဲ့တူတဲ့ ဆရာကြီးဦးနန္ဒဝံသရဲ့ ရင်ခွင်မှာ ခိုဝင်နားခဲ့တဲ့ အချိန်တွေဟာ တို့တတွေအတွက်တော့ အေးချမ်းလုံခြုံတဲ့ မေတ္တာဘုံနန်းပါပဲ"

"တပည့်တွေ ဘယ်လောက်ဆိုးဆိုး အတိုးနှင့် မေတ္တာပို ဘဝတွေပြုပြင်ပေးခဲ့တာလည်း ဒီဆရာတော်တွေလည်းမဟုတ်လား၊ အဖေ အမေတွေနဲ့ ဝေးကွာနေရတဲ့အချိန်တွေမှာ ဆရာတော်ကြီး ဦးနန္ဒဝံသသည် အဖေ၊ ဆရာကြီး( ဆရာတော်ဦးတိလောကာဘိဝံသ)သည် အမိ၊ ဒီအသိတွေကြောင့် တို့တတွေ ပညာသင်ကြည်ရွှင်စွာ နေခဲ့ရတယ်နော်။ ဘယ်ကိုပဲရောက်ရောက် ဘယ်မှာပဲနေနေ တို့များနေခဲ့တဲ့ ရွာမမြေနှင့် ဆရာတော်ဘုရားများကိုတော့ အမြဲတမ်းသတိရ ဦးခိုက်နေပါတယ် သူငယ်ချင်း"

ဤသည်ကပင် ပရိယတ္တိသာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်နေတော်မူသော ကျေးဇူးတော်ရှင် စာချစာသင်နေသော သံဃာတော် အရှင်မြတ်များနှင့် ပစ္စည်းလေးပါး လိုလေသေး မရှိရလေအောင် ဘက်စုံမှ လှူဒါန်းသမှု ပြုနေကြသော ဒကာ ဒကာမအပေါင်းတို့၏ ဆရာနှင့်ဒကာ လက်တွဲညီညီ သာသနာ့တာဝန်ထမ်းဆောင်ကြခြင်း၏ ကြည်နူး ဝမ်းမြောက်ဖွယ် မြင်ကွင်းပင် ဖြစ်ပေသည်။



ထိုနည်းတူစွာ ပဋိပတ္တိသာသနာ့တာဝန် ထမ်းဆောင်တော်မူနေကြသော ဝိပဿနာကမ္မဋ္ဌာန်းတရားရှုမှတ်ပုံ ရှုမှတ်နည်းတို့ကို သင်ကြားပေးနေကြသည့် ရိပ်သာကြီးများတွင်လည်း တရားရှုမှတ်ရန် ရောက်လာကြသော ယောဂီများစွာတို့ကို ဆရာနှင့်ဒကာ လက်တွဲကြကာ နေ့စဉ်ဆွမ်းစရိတ်အလှူမခံဘဲ အခမဲ့ကျွေးမွေးပြီး ကျန်းမာရေးစောင့်ရှောက်မှုတို့ကိုပါ အပြည့်အဝပေးကြကာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းကောင်းတို့ ညွှန်ပြပေးကြကာ ပဋိပတ္တိသာသနာ့တာဝန်ကို ထမ်းဆောင်နေကြ၏။

စာရေးသူကိုယ်တိုင်ပင် မဟာစည်သာသနာ့ရိပ်သာဌာနချုပ်ကြီး၌ ဆွမ်းစရိတ်အခမဲ့ဖြင့် တရားရက်ရှည်အားထုတ်ခဲ့ဖူး၏။ ၄င်းနောက် သားသမီးများကိုလည်း တရားအားထုတ်စေခဲ့ပါသည်။ တရားရှည်အားထုတ်ခဲ့ကြပြီး ကျေးဇူးတော်ရှင် ဆရာတော်ဘုရားများ ဟောကြာတော်မူသည့်

တရားတော်တို့ကို အချိန်ရလျှင် ရသလို ရိပ်သာသို့ သွားကာ အခါမလတ် နာကြားခဲ့ရာမှ ကုသိုလ် အကုသိုလ်တို့ကို ခွဲခြားနားလည်လာပြီး မကောင်းမှုတို့ကို ရှောင်နိုင်ပြီး ကောင်းမှုကုသိုလ်တို့ကို နိုင်စွမ်းသမျှ ပြုကြကာ ဖြစ်ပေါ်လာသည့် စိတ်အညစ်အကြေးတွေကိုလည်း ဖြစ်လာလျှင်ဖြစ်မှန်း ချက်ချင်းသိကာ အတတ်နိုင်ဆုံး စင်ကြယ်အောင် တရားရေအေးတို့ဖြင့် ဆေးကြောနိုင်ခဲ့၏။

သို့ဖြစ်၍ စာရေးသူတို့မိသားစုသည် တရားအားမထုတ်ရသေးခင်နှင့် တရားအားထုတ်ပြီးသည့်နောက်ပိုင်းအချိန်တို့သည် နေပုံထိုင်ပုံ ဆက်ဆံရေးနယ်ပယ်မှစ၍ အစစအရာရာ ယဉ်ကျေးသိမ်မွေ့လာပြီး အသိဉာဏ်များတိုးတက်လာပြီး ဘဝအဆင့်အတန်းပါ မြင့်လာခဲ့ပါသည်။ ကြွားဝါလို၍ မဟုတ်ပါ၊ စာရေးသူတို့မိသားစုတစ်ခုလုံး ဘဝအဆင့်အတန်းရော စိတ်ဓာတ်အဆင့်အတန်းပါ မြင့်မားလာရခြင်းသည် ပဋိပတ္တိသာသနာ့တာဝန် ကျေပွန်စွာထမ်းဆောင်နေကြသော ဆရာတော်ဘုရားများနှင့် လက်ဆေး၍စားရှုံသာ ကျွေးမွေးစောင့်ရှောက်ပေးခဲ့သော ဝေယျာဝစ္စ အလှူရှင်တို့နှင့် ဆွမ်းအလှူရှင် နေရာထိုင်ခင်း အလှူရှင် အာလုံးသော စေတနာရှင်တို့၏ ကျေးဇူးကြောင့်ဟု ရင်ထဲမှာ အစဉ်အမြဲ သတိရနေမိသည်။ စာရေးသူတရားအားထုတ်ခဲ့သော မဟာစည် သာသနာ့ရိပ်သာ တစ်ခုတည်းသာ ရည်ညွှန်းခြင်း မဟုတ် အခြားအခြားသော ပဋိပတ္တိသာသနာ့ တာဝန်ထမ်းဆောင်နေတော်မူကြသော ပြည်တွင်း ပြည်ပ သာသနာ့ရိပ်သာများ ကမ္မဋ္ဌာန်းတရားပြသသော ရိပ်သာတိုင်းကိုလည်း ကျေးဇူးအထူးတင်ရမည်ဖြစ်သည်။ စာဖွဲ့၍ မကုန်နိုင်အောင်ပင် ကျေးဇူးတရားကြီးမားကြပေသည်။

လောကဌ်ရှိနေသော ဘာသာတိုင်းက ၄င်းတို့၏ ဘာသာကို စာရေးသူတို့ အမွန်းတင်သလို တင်ကာ သာသနာ သာသနာဟု အထပ်ထပ် စကားထဲတွင် ထည့်ကာ သုံးစွဲနေကြသဖြင့် တကယ်တန်း သာသနာစစ်မစစ် စစ်တမ်းထုတ်ကြည့်ရန်လိုအပ်ပါသည်။

(၁) သိစရာအားလုံးကို အကုန်သိသော ဗုဒ္ဓအစစ်အမှန်ဖြစ် မဖြစ်၊

(၂) ၄င်းတို့ဟောသော တရားသည် ယခုလက်ရှိဘဝနှင့် နောက်ဘဝနှစ်ခုလုံးအတွက် ကိုယ်ရော စိတ်ပါ ချမ်းသာမှုပေးနိုင် မပေးနိုင်၊

(၃) သံဃာဟု ခေါ်နေသော သူများသည် သာသနာ့ တာဝန်ထမ်းဆောင်သောအားဖြင့် ကရုဏာတော် မေတ္တာတော်အနန္တဖြင့် ယခုဘဝရော နောင်ဘဝတို့ပါ ချမ်းသာစေကြောင်း နည်းလမ်းကောင်းတို့ဖြင့် ညွှန်ပြနိုင်သော တရားစစ် တရားမှန်တို့ကို ကွယ်ပျောက်မသွားရန် စိတ်ရည်သန်၍ သာသနာ့ အရေးတို့အရေးဟု စိတ်ထားကိုတင်း အသက်ကိုပင် နှင်းကြရပါစေ ဟူသောဆန္ဒဖြင့် ပင်ပန်းဆင်းရဲ ခြင်း ဒဏ်ကို ကြံ့ကြံ့ခံ၍ ထိန်းသိမ်းနိုင်ခြင်းရှိ မရှိကို အကဲဖြတ်ကြည့်ပါက အမှားနှင့် အမှန်ကို ခွဲခြား သိနိုင်ပါသည်။

ဘုရားရှင်၏ အဆုံးအမ သာသနာတော်ကြီး မပပျောက်စေရေးအတွက် အသက်ကိုပင် ပဓာနမထားဘဲ ဘုရားရှင်လက်ထက်တော်မှ ယနေ့ခေတ် သံဃာတော်များလက်ထက်တိုင် စွမ်းစွမ်းတမံ သယ်ပိုးခဲ့ကြသဖြင့် စာရေးသူအပါအဝင် လောကသားများကုသိုလ်နှင့် အကုသိုလ် ခွဲခြားသိကြကာ ဆောင်ထားဖွယ်ရာများကို ဆောင်ထားတတ်ပြီး ရှောင်ကြဉ်စရာတို့ကိုလည်း ရှောင်ကြဉ်တတ်ခြင်းကပင် တန်ဖိုး မဖြတ်နိုင်သော အကျိုးရလာဘ်ကောင်းကြီးကို ရရှိနေကြခြင်းပင် မဟုတ်ပါလား။

ရှေးအခါက သီဟိုဠ်ကျွန်းတွင် မိုးခေါင်သဖြင့် အစာရေစာ ငတ်မွတ်သည့်ဘေးနှင့် ကြုံကြရသဖြင့် ရဟန်းသံဃာတို့အား ဆွမ်းဆက်ကပ်နိုင်ခြင်း မရှိကြသဖြင့် ရဟန်းတော်များမှာ သစ်ဖုသစ်ဥ သစ်ရွက်များကိုသာ အသက်မသေရုံ ဘုဉ်းပေးနေကြရင်းက အာဂုံရပြီးသား ပိဋကတ် တော်များကို နောင်သော် မေ့ပျောက်မသွားအောင် ရွတ်အံနေခဲ့ကြရ၏။

သို့သော် နေ့စဉ်ဘုဉ်းပေးနေကြဆွမ်းမဟုတ်သဖြင့် ဝမ်းဗိုက်တွင်းမှ ပူလောင်လာသည့်အထိ ခံစားကြရသဖြင့် ဝမ်းဗိုက်အောက်တွင် သဲများကို စုပုံထားပြီး ဝမ်းလျားမှောက်ခါ ပိဋကတ်တော်များကို မေ့ပျောက်မသွားရအောင် စာအံနေကြရသည်မှာ ဆယ့်နှစ်နှစ်တိုင် ကြာခဲ့သည်ဆို၏။

တန်ဖိုးမဖြတ်နိုင်သော ဘုရားရှင်၏ အဆုံးအမ သာသနာတော်များ ရေရှည်တည်တံ့စေလိုသော ဆန္ဒတစ်ခုတည်းဖြင့် အသက်ကိုပင်စွန့်ရပါစေဟူသော ဇွဲဖြင့် သာသနာ့တာဝန်ထမ်းရွက်တော်မူခြင်း ဖြစ်၍ သံဃာတော်အရှင်မြတ်များ၏ ကျေးဇူးတရားကား ကြီးမားလှပေစွ။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တိုင်းက ဘုရားဂုဏ်တော်ကိုးပါး တရားဂုဏ်တော် ခြောက်ပါးနှင့် သံဃာ့ဂုဏ်တော် ကိုးပါးတို့ကို မြန်မာပြန်နှင့်တကွ ဂဃနဏ သေချာစွာ လေ့လာမှတ်သားပြီး မြတ်မြတ်နိုးနိုးနှင့် ကြည်ညိုကြစေလိုပါသည်။

မြတ်စွာဘုရားကမူ မွန်မြတ်စွာ သူကိုယ်တိုင် စီမံယက်လုပ်ပြီး သင်္ကန်းလှူရန်ရောက်လာသော ဂေါတမီအား ဂေါတမီ သံဃာအား လှူလော့၊ သံဃာအားလှူလျှင် ငါဘုရားအား လှူရာ ရောက်မည်။ ငါဘုရားသည် ကြာမြင့်စွာ မတည် ဤရဟန်းတော်များသာ ကြာမြင့်စွာတည်ပြီး ငါဘုရား၏ အဆုံးအမ သာသနာသည် ဤရဟန်းတော်အပေါင်း၌သာ နှစ်ငါးထောင်အထိ တည်မည်။

ရဟန်းသံဃာတော်တို့သည် မြတ်သော အလှူကို ခံတော်မူထိုက်သော ဒက္ခိဏေယျပုဂ္ဂိုလ်များပင်ဖြစ်၏။ အတုမရှိမြင့်မြတ်သော ကုသိုလ်ကောင်းမှုမျိုးစေ့များကို စိုက်ပျိုးကြချရာ လယ်ယာမြေကောင်းကြီးနှင့်လည်းတူပြီး အနုဂါမိက ရွှေအိုးကြီးမြှုပ်နှံရာ ရှစ်ဌာနတွင်လည်း ပါဝင်သည်ဟု ဟောကြားသည်ကို မှတ်သားရဖူးပါသည်။

စာရေးသူအနေဖြင့် သံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးတရားကြောင့်သာ တိတိပပပြောလိုပါသည်။ လူနှင့်သူနှင့် တူလာရသည်ဟု သိရှိခံစားနားလည်လာသည့်နောက်ပိုင်းတွင် ဇီဝိတဒါနသံဃာ့ဆေးရုံ ပဋိပတ္တိသာသနာပြုရာရိပ်သာများ ပရိယတ္တိ သာသနာပြုရာ စာသင်တိုက်ကြီးအတော်များများ ကို နိုင်စွမ်းသမျှ ကြိုးစားကာ လှူဒါန်းသမှုပြုခဲ့ပါသည်။

သာသနာတော်ကြီး အဓွန့်ရှည်စေလိုသည့် ဆန္ဒဦးစီးပြီး လှူဒါန်းခြင်းဖြစ်သည်။ မြို့ကြီးသားများ ရှင်သာမဏေဝတ်မည့်ကလေး မရှိသလောက်ရှားနေသည်ကို သတိပြုကြကာ မိဝေးဖဝေး တနယ်တကျေးမှ ဆင်းရဲသား၏ သားကလေးများဖြစ်ကြသော ရှင်သာမဏေကလေးများဘဝ မြင်ကြစေချင်ပါသည်။ တစ်နည်းအားဖြင့် သာသနာ၏ အညွန့် အညှောက် ပျိုးပင်ပေါက်ကလေးများကို မြေဩဇာကျွေး ရေကိုပေး၍ မြေတောင်မြှောက်ပေးကြပါရန် ပန်ကြားရင်း နိဂုံးချုပ်အပ်ပါသည်။

♦ ဗိုလ်ချုပ်မြေ-တင်တင်ဝင်း

# သံသရာဝဲထဲမှာ



● လောကနယ်လွန်၊ အတ္တကျုံ့မိ
အားသွန်မောဟ၊ ထင်တိုင်းရလျှက်
ထိုမှတဖန်၊ ရှုကြပြန်လိမ့်
ကာရံထားပြီးရှိသော်လည်း။
● တစ်နေ့တစ်ရက်၊ ကြမ္မာစက်ဝိုင်း
ရက်ဆက်မနား၊ ရွေ့ရွေ့သွားဆဲ
လှုပ်ရှားနက်ဖန်၊ သောသောညံ့ဘိ
ရှာကြံကြိုးကုတ် ခဲ့သော်လည်း
● ဖြစ်ပျက်နေ့စဉ်၊ အမှန်မြင်ဖို့
စွမ်းအင်လုံ့လ၊ ပြုသမျှကို
မုချမသွေ၊ ရင်မှာနွေကဲ
ကြည်စေနှလုံး၊ ပီတိပြုံးငွဲ့
မြတ်ဆုံးနိဗ္ဗာန်၊ ရည်စိတ်သန်တည့်
သည်းခံချင့်တွေး၊ မောဟဘေးကြောင့်
ဝဋ်ကြွေးတုံ့တင်၊ သမ္မဇဉ်နှင့်
တော်ဝင်ပန်းများ၊ နွမ်းမသွားပြီ
တည်ထားမွန်းမံ၊ အသိဉာဏ်ဖြင့်
အားမာန်နိုးကြွ၊ ဆင်ခြင်ကြစို့
လောကအလှပြည့်၏တည်း။ ။

မြင့်သဇင်



# ယထာဘူတံ ဉာဏာယ

မစိုးရိမ်စာသင်သား

ရဟန်းတို့ ဇရာ မရဏကို အမှန်အတိုင်းမသိတတ်သူ မမြင်တတ်သူသည် ဇရာမရဏ၌ အမှန်အတိုင်း သိခြင်းအကျိုးငှာ ဆရာကို ရှာအပ်၏။ ဇရာမရဏဖြစ်ကြောင်း (ဇာတိ)ကို အမှန်အတိုင်း မသိတတ်သူ မမြင်တတ်သူသည် ဇရာမရဏဖြစ်ကြောင်း(ဇာတိ)၌ အမှန်အတိုင်းသိခြင်းအကျိုးငှာ ဆရာကိုရှာအပ်၏။ ဇရာမရဏချုပ်ရာ(နိဗ္ဗာန်)ကို အမှန်အတိုင်းမသိတတ်သူ မမြင်တတ်သူသည် ဇရာမရဏချုပ်ရာ(နိဗ္ဗာန်)၌ အမှန်အတိုင်းသိခြင်း အကျိုးငှာ ဆရာကိုရှာအပ်၏။ ဇရာမရဏချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်(မဂ္ဂ)ကို အမှန်အတိုင်းမသိတတ်သူ မမြင်တတ်သူသည် ဇရာမရဏချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်(မဂ္ဂ)၌ အမှန်အတိုင်းသိခြင်းအကျိုးငှာ ဆရာကို ရှာအပ်၏။

(ဇရာမရဏံပုဒ်အရာ၌ ဇာတိံထား၍ တစ်သုတ်၊ ဘဝံထား၍တစ်သုတ်၊ ဥပါဒါနံထား၍ တစ်သုတ်၊ တဏှံထား၍တစ်သုတ်၊ ဝေဒနံထား၍ တစ်သုတ်၊ ဖဿံထား၍တစ်သုတ်၊ သဠာယတနံ ထား၍တစ်သုတ်၊ နာမရူပံထား၍တစ်သုတ်၊ ဝိညာဏံထား၍တစ်သုတ်၊ သင်္ခါရထား၍တစ်သုတ်-ဟု သတ္ထုသုတ်(၁၁)သုတ်တိတိ လာရှိပါသည်။ သံယုတ္တနိကာယ၊ နိဒါနဝဂ္ဂသံယုတ္တပါဠိ၊ နှာ-၃၄၉-၃၅၀) အထက်ပါ ၁၁-သုတ်တို့၌ ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော-

ဟူသော ဒေသနာ(၄၄)ကြိမ်ပါရှိသည်။ အမှန်အတိုင်းသိ ခြင်းအကျိုးငှာ ဆရာကို ရှာအပ်၏။ တစ်ဖန် သိက္ခာသုတ်၊ ယောဂသုတ်၊ ဆန္ဒသုတ်၊ ဥဿဠ္ဌိသုတ်၊ အပ္ပဋိဝါနီသုတ်၊ အာတပ္ပသုတ်၊ ဝီရိယသုတ် သာတစ္စသုတ်၊ သတိသုတ်၊ သမ္ပဇည သုတ်၊ အပ္ပမာဒသုတ်တို့၌လည်း(၄၄)ကြိမ် ပါရှိသည်။ (နှာ - ၃၅၁)

အထက်ပါပါဠိတော်တို့အရ အန္တရပေယျာလဝဂ်၊ သတ္ထုသုတ်၊ ယောဂသုတ် အစရှိသော သုတ်တို့ကို ဝေနေယျတို့၏ အဇ္ဈာသယ- အလိုအားလျော်စွာ မြတ်ဗုဒ္ဓဟောတော်မူပါသည်။ (ဝေနေယျ=ဤဘဝအတွင်းမှာပင် သစ္စာလေးပါး တို့ကို သိလတ္တံ့သောပုဂ္ဂိုလ်)

အဆိုပါသုတ်တို့၌ ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော ဟူ၍အကြိမ်ကြိမ် ပါရှိ၏။ သတ္ထာ-ဆရာ ဟူသည်ကား(၁)မြတ်ဗုဒ္ဓကို အမှီပြု၍ မဂ်ဉာဏ်ကို ရလျှင် မြတ်ဗုဒ္ဓသည် သတ္ထာ-ဆရာဖြစ်ပါသည်။ (၂)မြတ်ဗုဒ္ဓ၏သာဝက ခေါ် တပည့်(ရဟန်း၊ ရဟန်းမ၊ လူဥပါသကာ၊ လူဥပါသိကာ) တစ်ဦးဦးကို အမှီပြု၍ မဂ်ဉာဏ်ကိုရလျှင် ထိုသာဝက တစ်ဦးဦးသည် သတ္ထာ- ဆရာ ဖြစ်ပါသည်။ (နိဒါနဝဂ္ဂဋ္ဌကထာ-၁၁၈) မဂ်ဉာဏ်ကို ရရှိသူသည် သစ္စာလေးပါးတို့ကို ထိုးထွင်းသိ၍ သောတာပန်စသည် ဖြစ်ရပါသည်။



-----------------

မြတ်ဗုဒ္ဓ၏သာဝကခေါ် တပည့်တစ်ဦးဦးသည် သတ္ထာ-ဆရာဖြစ်သည်ဟု ဆိုရာ၌ ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ အာနာပါန စတုတ္ထဈာန်ရ ပုထုဇဉ်ပုဂ္ဂိုလ်ဟူ၍ အဆင့်ဆင့်ရှိပါသည်။ ထို့အပြင် "ပါဠိတော်အဋ္ဌကထာတို့၌ အသမ္မူဠှ(မတွေဝေခြင်း)ဝိနိစ္ဆယ(ဆုံးဖြတ်နိုင်ခြင်း) ဂုဏ်တို့နှင့်ပြည့်စုံသောပုထုဇဉ်(စာတတ်ပေတတ်) သည်လည်း ဆရာစာရင်းဝင်ပါသည်" အဆိုပါ ဆရာ(၆)ဦးသည် ကမ္မဋ္ဌာန်းပေးတတ်သော ဆရာများ ဖြစ်၍ ကမ္မဋ္ဌာန်းတရားကို လိုလားသူ (ရဟန်း ရှင် လူ)တို့သည် အဆိုပါ ဆရာတို့ထံမှ ကမ္မာဋ္ဌာန်းတရားကို သင်ယူရမည် ဖြစ်ပါသည်။ သင်ယူရာ၌လည်း အစပ်ငါးရပ် အဖို့ငါးစု ပြည့်စုံအောင် သင်ယူရမည်ဖြစ်ပါသည်။

(၁) ဥဂ္ဂဟ-ကမ္မဋ္ဌာန်းကို သင်ယူခြင်း၊

(၂) ပရိပုစ္ဆာ- ကမ္မဋ္ဌာန်းကိုမေးမြန်းခြင်း
(အကျယ် သင်ယူခြင်းလည်းဟူ)

(၃) ဥပဋ္ဌာန- ကမ္မဋ္ဌာန်း၌ကပ်၍တည်ခြင်း
(ကမ္မဋ္ဌာန်းအား ထင်ခြင်းလည်းဟူ)

(၄) အပ္ပနာ- ကမ္မဋ္ဌာန်း၌သက်ဝင်ခြင်း
(ကမ္မဋ္ဌာန်းစွဲမြဲခြင်းလည်းဟူ)

(၅) လက္ခဏာ-ကမ္မဋ္ဌာန်းကို မှတ်သားခြင်း
(ဤကမ္မဋ္ဌာန်းသည်ဤသို့သော သဘောရှိ၏ဟုသိ၍ ကမ္မဋ္ဌာန်း၏သဘောကို ကပ်၍ဆောင်ခြင်းလည်းဟူ)


ဤသို့သော အစပ်၅-ရပ် အဖို့ ၅-စုတို့နှင့် ပြည့်စုံအောင် သင်ပြသင်ယူလုပ်၍ (ရွတ်ဆိုနိုင်

အောင်) မှတ်မိပြီးလျှင် သင့်လျော်ရာအရပ်သို့ ကပ်ရောက်လျက် အဆိုပါကမ္မဋ္ဌာန်းတရားအတိုင်း နှလုံး သွင်းနေရမည်။

(ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ ၂၊ ၂၂။ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ၊ ၁၊ ၉၅-၂၇၀)

----------------

ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော-ဟူသော ပါဠိတော်နှင့်အညီ ကမ္မဋ္ဌာန်းတရားလိုလားသူက ကမ္မဋ္ဌာန်းတရားအကျိုးငှာ ဆရာရှာရာတွင် ယနေ့ ခေတ်ကာလ၌ မြတ်ဗုဒ္ဓ သက်တော်ထင်ရှားမရှိ သည်ဖြစ်၍ သာဝကသတ္ထာ (မြတ်ဗုဒ္ဓ၏တပည့်ဖြစ်သော ဆရာ)ကိုသာ အားကိုး အားထားပြုရပါတော့သည်။ သာဝက သတ္ထာတို့တွင် လည်း ရဟန္တာမြတ်နှင့် အရိယာမြတ် ဈာန်ရ ဆရာတို့ကား များများ ရှိဟန်မတူပေ။တစ်နေရာ ရာ၌ အနည်းငယ်ရှိကြမည်ကိုကား ယုံမှားဖွယ် မရှိပေ။ ထို့ကြောင့် ရဟန္တဆရာ၊ အနာဂါမ် ဆရာ၊ သကဒါဂါမ်ဆရာ သောတာပန်ဆရာ၊ ဈာန်ရ ဆရာတို့ကို တွေ့ရဖို့ ခက်ခဲနေပြီဖြစ်ပါသည်။ ယခု အခါ မြို့ရွာအရပ်ရပ်တို့၌ ပေါပေါများများတွေ့နေ ရသည်မှာ ပုထုဇဉ်(ဈာန်မရ)ဆရာမြတ်များသာ ဖြစ်ကြပါသည်။ ဤသို့တွေ့နေရသော ဈာန်မျှမရ သည့် ကမ္မဋ္ဌာန်းဆရာမြတ်တို့တွင် ပရိယတ္တိကို အလေးထားသော ဆရာမြတ်များလည်း ရှိကြ သည်။ ပဋိပတ္တိကိုအလေးထားသော ဆရာမြတ် များလည်းရှိကြသည်။ ပရိယတ္တိကို အလေးထား သော ဆရာမြတ်များသည် ပရိယတ် ပဋိပတ်နှစ် ရပ်လုံးရှိ၍ တကယ်မြတ်ကြပါသည်။ ပဋိပတ္တိကို အလေးထားသောဆရာတို့တွင်ကား ပရိယတ္တိလုပ် ငန်းကို မလုပ်သော်လည်း မပုတ်ခတ်သော ဆရာ များလည်း ရှိကြသည်။ ၎င်းဆရာတို့ကား ဆရာ မြတ်တို့ပေတည်း။ ပရိယတ္တိလုပ်ငန်းကို "နွား ကျောင်းနေကြတာပဲ- စာခဲရင် တရားမရဘူး" စသည်ဖြင့် ပုတ်ခတ်လေ့ရှိသော ဆရာများလည်း ရှိကြပါသည်။ ၎င်းဆရာတို့ကိုကား ဆရာမြတ်ဟု မမှတ်ထိုက်ပေ။ မှန်၏။



"ပရိယတ္တိနှင့်ကင်း၍ လွတ်၍ပဋိပတ္တိမည်သည် မရှိကောင်းပေ" အဆိုပါ ဆရာမြတ်ဟုမမှတ်ထိုက် သော ဆရာတို့သည် ပရိယတ္တိကိုပုတ်ခတ်လျက် ရှိခြင်းကြောင့် ပရိယတ် နှင့် လွတ်သူများဖြစ်ကြပါ တော့သည်။ ပရိယတ်နှင့် ကင်းသူများဖြစ်ကြပါတော့ သည်။ ထိုဆရာတို့၏ မဂ်ဉာဏ်ကိုရရှိရေးသည် "ကိုယ့် မြင်း-ကိုယ်စိုင်း စစ်ကိုင်းရောက်ရုံသာ" ရှိပေလိမ့်မည်။ အမှန် တကယ် မဂ်ဉာဏ်အတွက် ကျေးဇူးရှိမည် မဟုတ် ပေ။ ဤနေရာတွင် ရဟန္တာဖြစ်သော ကမ္မဋ္ဌာန်း ဆရာနှင့် ပုထုဇဉ်မျှသာဖြစ်သော ကမ္မဋ္ဌာန်းဆရာ တို့၏ အားသာချက်တို့ကို သတိပြုသင့်ပါသည်။

------------------

အရဟန္တာဒယော ဟိ အတ္တနာ အဓိဂတမဂ္ဂ မေဝ အာစိက္ခန္တိ။ အယံ ပန ဂဟနပဒေသေ မဟာ- ဟတ္ထိပထံ နီဟရန္တော ဝိယ သဗ္ဗတ္ထ အသမ္မူဠှော

သပ္ပါယာသပ္ပါယံ ပရိစ္ဆိန္ဒိတွာ ကထေတိ။

(ပါရာဇိက ကဏ္ဍအဋ္ဌကထာ ၂၊ ၂၂)

ရဟန္တာမြတ်အစရှိသော ကမ္မဋ္ဌာန်းဆရာတို့သည် မိမိကိုယ်တိုင် ရရှိထားသော မဂ်ဉာဏ်(လမ်းစဉ်လည်းဟူ)ကိုသာလျှင် ဟောပြပေးကြကုန်၏၊ ပါဠိတော်အဋ္ဌကထာတို့၌ မတွေ့ဝေသော , ဆုံးဖြတ်ချက်ချနိုင်သော ဈာန်မျှမရသေးသည့် ပုထုဇဉ် ကမ္မဋ္ဌာနာစရိယသည်ကား-ကမ္မဋ္ဌာန်းလုပ်ငန်းအဆင့်ဆင့်၌မတွေ့ဝေဘဲ သင့်လျော်၏-မသင့်လျော် ၏ ဆို သည် ကို ပိုင်းခြားပြ၍သင့်လျော်အောင် မှန်ကန်အောင် ဟောပြပေးတတ်၏။

အထက်ပါ ပါရာဇိကဏ် အဋ္ဌကထာနည်းတူ ဝိသုဒ္ဓိမဂ်၌လည်းရှိပါသည်။ ရှေး၌ဆိုအပ်ကုန် ပြီးသော ရဟန္တာမြတ်အစရှိကုန်သော ကမ္မဋ္ဌာန်း ဆရာတို့သည် မိမိကိုယ်တိုင်ရရှိထားသော မဂ်ဉာဏ်(လမ်းစဉ်လည်းဟူ) ကိုသာလျှင် ဟောပြပေးကြကုန်၏။(ပါဠိတော်အဋ္ဌကထာအရပ်ရပ်တို့၌ နှံ့စပ်တတ်သိ) ဗဟုသုတရှိသော ပဂုဏဂုဏ်၊ လဇ္ဇီဂုဏ်တို့နှင့် ပြည့်စုံသော ဈာန်မျှမရသေးသည့် ပုထုဇဉ် ကမ္မဋ္ဌာနာစရိယသည်ကား ထိုထိုသို့သော ဆရာမြတ်တို့ထံ ချဉ်းကပ်၍သင်ယူခြင်း မေးမြန်းခြင်းတို့ကို သုတ်သင်အပ်ပြီးသည်၏အဖြစ်ကြောင့် ဤနိကာယ် ထိုနိကာယ် ပါဠိတော်အရပ်ရပ်မှ သုတ်အမျိုးမျိုး အကြောင်းအမျိုးမျိုးကို မှတ်သား၍ သင့်လျော်၏၊ မသင့်လျော်၏ ဆိုသည်ကို ယှဉ်စပ်၍ (ရှုပ်ထွေးရာ တောအုပ်ထဲ၌သွားသော ဆင်ကြီးသည် လမ်းမကို ပြပေးတတ်သကဲ့သို့) ကမ္မဋ္ဌာန်းတရား ပေးတတ်၏။

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၊ ၁

အထက်ပါ အဋ္ဌကထာကြီးထဲပါ (၁) ရဟန္တာ မြတ်ဖြစ်သော ကမ္မဋ္ဌာနာစရိယ၊ (၂)ပုထုဇဉ် ဖြစ်သော ကမ္မဋ္ဌာနာစရိယတို့တွင် ရဟန္တာမြတ် သော ကမ္မဋ္ဌာနာစရိယသည်ကား ဆရာ့ထံမှရ သော ကမ္မဋ္ဌာန်းနည်း တစ်လမ်းတစ်ကြောင်းကိုသာ



သိ၍ ထိုလမ်းအတိုင်း ပေါက်မြောက်ပြီး ရဟန္တာ ဖြစ်လာသော ရဟန္တာမျိုးကို ဆိုလိုပါသည်။ "ပိဋကတ်တတ်ကျွမ်းသော ရဟန္တာတို့ကို မဆိုလိုပေ"။ ထို့ကြောင့် အဓိဂတမဂ္ဂ ဆိုင်ရာကိုသာ ဟောတတ်ကြသည်-ဟု ဆိုရပါသည်။ ပုထုဇဉ်မျှ ဖြစ်သော ကမ္မဋ္ဌာနာစရိယသည် ကား ရဟန္တာပျိုးအထိ ပေါက်ရောက်ခြင်း မရှိသေးသော်လည်း ပိဋကတ်နှံ့စပ်တတ်သိသော ပုထုဇဉ်မျိုးကို ဆိုလိုပါသည်။ "ဘာမှမတတ်သည့် ပုထုဇဉ်မျိုးကို မဆိုလိုပါ"။ ထို့ကြောင့် တောအုပ်ထဲတွင် လမ်းမကြီး ထင်လာအောင် သွားနိုင်သော (လမ်းဖောက်နိုင်သော) ဆင်ကြီးနှင့်ပင် တူလှကြောင်း ချီးမွမ်းထားခြင်း ဖြစ်ပါသည်။ အဆိုပါ ကမ္မဋ္ဌာနာစရိယ ဆရာနှစ်မျိုးအနက် ကာယကံရှင်တို့အနေဖြင့်မူ ရဟန္တာတို့က ပုထုဇဉ်ထက် သာလွန်သည်မှာ ထင်ရှားလှပြီး ဖြစ်ပါသည်။ "တပည့်ဖြစ်သူ ယောဂီတို့အတွက်မှာမူ ရဟန္တာထက် ပုထုဇဉ်က သာလွန်

ပြီး ဖြစ်သောကြောင့် အဓိဂမခေါ် တရားထူး ရှိသူမျိုးကို (သုတဝါ)သုတရှိသူဟူ၍ သိအပ်၏။

အထက်ပါ အဋ္ဌကထာထဲက အဓိကအချက်မှာ ဒိဋ္ဌိပဋိသေဓကော အာဂမောဟူသော စကားပင်ဖြစ်ပါသည်။ "အာဂမခေါ် ပိဋကတ်ကျမ်းစာသည် သက္ကာယ+အတ္တ+ဒိဋ္ဌိကို တားမြစ်နိုင်ပါသည်"ဟု ဆိုပါသည်။ ထို့ကြောင့်" ပိဋကကျမ်းစာတတ်သိသော ဆရာများသည် သက္ကာယအတ္တဒိဋ္ဌိ နည်းသူများဖြစ်လာနိုင်ကြပါသည်"။ဤအကျိုးသည် ပိဋကတ်လေ့လာသူတို့ရအပ်သော အကျိုးပေတည်း။ သို့ဖြစ်၍ ပိဋကတ်ကျမ်းကျင်သူများက တရားအားထုတ်လျှင် (က) နာမရူပပရိဂ္ဂဟဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်၊ ဓမ္မဋ္ဌိတိဉာဏ်၊ ယထာဘူတဉာဏ်၊ တရုဏဝိပဿနာဉာဏ်များ လုံလောက်စွာ ရှိနေပြီးဖြစ်ခြင်း၊ (ခ) သက္ကာယ+အတ္တ+ဒိဋ္ဌိနည်းနေပြီးဖြစ်ခြင်းကြောင့် တရားလမ်းကြောင်း မဂ္ဂင်ကောင်းတို့ အလျှင်အမြန် ဖြစ်ပေါ်လာနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ဝိပဿနာပရိဗန္ဓခေါ် အနှောင့်အယှက်ဘေးရန်အတားအဆီးတို့ကိုလည်း ကာကွယ်တတ်ပြီးဖြစ်ပါသည်။ ဒိဋ္ဌိပဋိသေဓကော အာဂမောဟူသောစကားမှာ တကယ်အားကိုးလောက်သော စကားဖြစ်ကြောင်းကို စာတတ်၍ တရားအားလျော်စွာနေတတ်ကြသော ဆရာတော်များက သက်သေခံလျက်ရှိကြပါသည်။ ဤကဲ့သို့သောဆရာတော်များသည်လည်း ကမ္မဋ္ဌာန်းတရားပြအလုပ်ကို မလုပ်ကြသော်လည်း ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော-အရမဂ်ဉာဏ်ကို ရရှိအောင်ပြောဟောပေးနိုင်သော ဆရာစာရင်းထဲတွင် ပါဝင်ကြပါသည်။ ၎င်းပါဌ်၏ ကျမ်းရင်းအဓိပ္ပါယ် အဋ္ဌကထာအဓိပ္ပါယ်စသည်တို့ကိုပါ ပြည့်စုံစွာ သိတော်မူလျက် ရှိကြပါသည်။

---------------------

ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော-ဟူသောပါဌ်လေးကိုပင် ဘယ်ပါဌ်တော် ဘယ်အဋ္ဌကထာ ဘယ်စာမျက်နှာမှာ ပါရှိမှန်း မသိဘဲ ၎င်းပါဌ်၏အဓိပ္ပါယ်ကိုလည်း ပြည့်စုံစွာ မသိဘဲ ကြားဖူးနားဝမျှဖြင့် ရမ်းတမ်းရွတ်ဆိုကာ "ခင်ဗျားတို့ ရှာမှီးဆည်းကပ်ရမည့်ဆရာဆိုတာ ကျုပ်ပဲ(ကျုပ်လိုကမ္မဋ္ဌာနာစရိယပဲ) စာသင်တိုက်က စာချကိုယ်တော်တွေဟာ စာပဲတတ်တာ ဘာမှ သိကြတာ မဟုတ်ဘူး တခြားရိပ်သာက ကမ္မဋ္ဌာနာစရိယဆိုတာတွေဟာလည်း ကျုပ်လောက်တော်တာမဟုတ်ဘူး ကျုပ်ကမှ ခင်ဗျားတို့အတွက် တကယ်အလုပ်လုပ်ပေနေတာ" စသည်ဖြင့် ကိုယ့်ကိုယ်ကိုသာ အားကိုးရာဟူ၍ ပြန်ညွှန်းပြကာ ပရိသတ်တို့ကိုရော ပစ္စည်းလေးပါးတို့ကိုပါ သိမ်းယူလိုသူ(ကမ္မဋ္ဌာနာစရိယအမည်ခံ)အချို့ကြောင့် ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်ပါသည်။

ဧကစ္စခီဏာသဝတော ဗဟုဿုတောဝ ကမ္မဋ္ဌာနဒါနေ သေယျော-ဟူသော ဋီကာလာစကားကို အလေးအနက်ထားလျှက် ပရိယတ္တိဗဟုသုတရှိသူ လဇ္ဇီမွန်သူတို့သည်သာ တကယ့်(သတ္ထာ-ဆရာ)ဖြစ်ကြောင်းသတိပေးလိုက်ရခြင်းဖြစ်ပါသည်။

(သာရတ္ထဋီကာ ၁၊ နှာ၊ ၂၅၀-၌ အစပ်၅-ရပ်၊ အဖို့၅-စုအကြောင်း အကျယ်ဖွင့်ဆိုချက်များရှိပါသည်၊ စာရေးသူ၏ ဘာသာပြန်က မပြည့်စုံသေးပါ)

♦ **မစိုးရိမ်စာသင်သား**



# မြတ်ဒါန

- မြတ်သည့်အလှူ သဒ္ဓါဖြူတည့်
  စိတ်တူကိုယ်ငှ၊ လွန်ရွှင်ပြခဲ့
  ရင်မှလှိုက်လှဲ၊ ဘဝထဲမယ်
  စွန့်ကြဲလှူဒါန်းရသည်ကို။
- သာခုခေါ်သံ၊ ထက်နဘံဝင့်
  လွင့်ပျံ့ရစ်ဝဲ၊ မစဲဘဲလေ
  ရခဲဘိခြင်း၊ လောကခြင်းရာ
  ပျံ့သင်းဆောင်ယူ ရှိသည်ကို။
- သာယာသည့်လမ်း၊ အမြိုက်စွမ်းဖြင့်
  ပင်ပန်းနွမ်းလျ၊ ဖြစ်စဉ်ပြရှု
  ဆုံးမသွန်သင်၊ ဘုံတစ်ခွင်ဝယ်
  တိမ်စင်လသို့ တင့်၏တည်း။

သဉ္ဇာမြင့်ယဉ်

# ပန်းစုံသင်းတဲ့ ဥယျာဉ်တွင်း



## မောင်ဝင်းထွန်း (ပျော်ဘွယ်)

သံဃာ့ပရိသတ်က စုံစုံလင်လင် အသင့် ရောက်ရှိနေပြီ။ စကားပြောမိုက်ကလည်း အဆင်သင့် ပြင်ဆင်ထားသည်။ သည်နေ့ ဩဝါဒခံယူကြရသည့်နေ့မဟုတ်၍ တစ်ခုခုတော့ ထူးခြားမှု ရှိနေသည်။ မကြာမီ တာဝန်ရှိသူ စာချဘုန်းကြီး ဦးဝိစိတ္တက မိုက်ဆက်စကား စတင်ပြောပြီး စာရေးဆရာ ရွှေဘိုမင်းသုခနှင့်ပါ မိတ်ဆက်ပေးသွားသည်။ ရွှေဘိုမင်းသုခ စတိတ်စင်ပေါ်ရောက်လာပါပြီ။ ကလောင်သွေးကြစဖို့ စာရေးတတ်အောင် လေ့ကျင့်ကြဖို့ တိုက်တွန်းစကားပြောကြားသည်။ တက်ကြွသော ပြောဆိုမှု၊ ဖော်ရွေသော အားပေးမှုတို့ကြောင့် မိမိ၏ ဘဝပုံရိပ် အလင်းတန်း တစ်ခုက အလိုအလျောက်ဝင်ရောက်လာသည်။ အတိတ်က နိမိတ်ခြေရာများကို တစ်ရွက်ချင်း တစ်ရွက်ချင်း ပြန်လှန်လှောနေမိသည်။ မိမိဘဝ မမေ့နိုင်စရာ တစ်ပိုင်းတစ်စ ပုံရိပ်များ အတွေးဇာတ်ခုံပေါ်သို့ တစ်စတစ်စ တက်ရောက်လာတော့သည်။

ခေါင်းလောင်းသံ တလွင်လွင်ပေးရာ ဇာတိမြေသို့ အလည်တစ်ခေါက် ရောက်သွားသည်။ နွေရာသီအချိန် မရောက်တာကြာခဲ့ပြီဖြစ်သော ဇာတိမြေသည် ရိုးတံပြိုင်းပြိုင်းဖြင့် အထီးကျန်နေသော နွေသစ်ပင်တို့၏ သဘာဝ အလှအပများ၊ နွေဥဩငှက်တို့၏ နွေအလှကို ပုံဖော်ပြီး လွမ်းသံနှောနေကြသည့် တေးသံသာများကို ခံစားရသည်။

ဂိမှာသနစ်၊ ကာလဖြစ်က
မှိုင်း-ရစ်ဝေဝေ၊ မင်းလွင်ခြွေ၍
တောင်လေပြင်းထန်၊ ငါးကြင်းဆန်က
ချစ်ရန်ဖော်နှင့်၊ ပင်နန်းမြင့်ထက်
ကျူးရင့်သာမော၊ မြည်လာစောသည်
ဥဩနွဲ့ပြန်ခဲ့ပြီလော့. . . ဟူ၍ နွေအလှကို သဘာဝကျကျ ရေးဖွဲ့ထားသော ရှင်သံခို၏ ကဗျာကို တီးတိုးရွတ်ဆိုမိသည်။

မရောက်တာကြာပြီဖြစ်သော မွေးရပ်မြေသည် ဘုရား-ကျောင်းကန်-စေတီ-ပုထိုးများဖြင့် အသစ်တဖန် ပြုပြင်မွမ်းမံထားခြင်းကြောင့် အရာရာသည် ပြောင်းလဲနေသကဲ့သို့ မတွေ့ရတာကြာပြီဖြစ်သော သူငယ်ချင်းများပါ ဘဝသစ် ကိုယ်စီ ကိုယ်ငှဖြင့် ပြောင်းလဲနေတော့၏။ စာမေးပွဲများလည်း အသီးသီးအောင်မြင်လျက်ရှိကြသည်။ အပြုံးကိုယ်စီဖြင့် မြင်တွေ့လိုက်ရသည်။ သည်တော့မှ "ငှက်တို့သည် ပျံရင်းသေ၊ လူတို့သည် ကြံရင်းသေ"ဟု အတွေးများ ထပ်မံဝင်ရောက်လာတော့သည်။

လမသာ ကြယ်ရောင်မလင်းသော ညတွင် အလင်းရောင်ရလိုသူတိုင်း အလင်းတန်းတစ်ခုကို ရှာကြံသကဲ့သို့ အမှောင်ထုဖြင့် ဖုံးလွှမ်းခံနေရသော မိမိဘဝအတွက် ပညာအလင်းတန်းတစ်ခု ရရန်ကြိုးစားရှာကြံလိုသည့် စိတ်များ တဖွားဖွားဖြစ်ပေါ်လာသည်။ ပညာဆီမီးတန်းဆောင်ဖြင့် အမှောင်ခွင်း အလင်းဆောင်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ အစိမ်းသက်သက်တော့ မဟုတ်။ ထိုက်သင့်သလောက် လေ့ကျက်ပြီးသား အနေအထားတွင်ရှိသည်။ စာမေးပွဲနှင့် ကင်းကွာခဲ့သည်မှာ လေးနှစ်တာကာလရှိသွားပြီ။ သို့ဖြင့် မွေးရပ်မြေတွင် ဆယ်ရက်ခန့်နေထိုင်ပြီး ရန်ကုန်သို့ ခြေဦးလှည့်ခဲ့သည်။

ရန်ကုန်အရောက်တွင် မိမိနှင့်သင့်တော်မည့် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကို ရွေးချယ်လိုက်သည်။ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်က အခြားစာသင်တိုက်များလို လျှောက်ထားရုံမျှဖြင့် နေထိုင်ခွင့်မရ၊ ကျောင်းနေခွင့် စာမေးပွဲ ဖြေရသေးသည်။ ဝင်ခွင့်စာမေးပွဲအောင်ရုံနှင့်မပြီးသေး၊ လူတွေ့ အင်တာဗျူးတာကို ဖြေဆိုရသေးသည်။ နှစ်ခုလုံးအောင်မှ နေထိုင်ခွင့်ရသည်။



လောကမဗ္ဗတာ၊ ဤလူ့ရွာနိုက်
လိမ္မာမြင်ယို့၊ အသိပညာ
ဟူသည်မှာကား၊ ဆရာတို့ထံ
ရိုကျိုးနွံ၍၊ နည်းခံတိုးဝင်
မသင် မမေး၊ အရေးမထား

မတတ်ငြားဘူး - ဟု မန်လည်ဆရာတော်က မဃဒေဝမှာ မိန့်ဆိုထားသည်။ လောကထဲတွင် နေထိုင် အသိပညာ-အတတ်ပညာ လိုချင်သူတိုင်း ဆရာသမားထံ နည်းနာမခံ မသင်မမေး အရေးမထားက ပညာမတတ်မြောက်နိုင်ပုံကို ဆုံးမထားသည်။ မိမိတို့သည် ပညာလိုချင်သူများဖြစ်ကြ၍ ဆရာသမားထံ ဆည်းကပ်လျက် နည်းစနစ်များကို ခံယူရာတွင်သာဖြစ်သည်။ ထို့ကြောင့် ဖောင်တင်ပြီး ကျောင်းနေခွင့် စာမေးပွဲ ဖြေလိုက်သည်။ အင်တာဗျူးရော ရေးဖြေပါ အောင်၍ သတ်မှတ်ထားသောရက်တွင် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်သို့ ပညာသင်ရောက်ခဲ့ရသည်။

ရည်မှန်းချက်ကိုယ်စီဖြင့် ရောက်လာကြသည့် စာသင်သားများအား မဟာနာယက ဆရာတော်ကြီးက "တပည့်တို့ အချင်းချင်း ညီညီညွတ်ညွတ်နေကြ၊ ညီညွတ်ခြင်းဟာ ချမ်းသာခြင်းပဲ"ဟု ဩဝါဒပေးပါသည်။ တစ်ဖန် တိုက်အုပ်ဆရာတော်က "စိတ်ဓာတ်နှင့်လုပ်ရပ်၊ မြင့်မြတ်ဖြူစင်၊ နေတဲ့သူဟာ သူတော်စင်တွေပါပဲ၊ အရာရာမှာ

စိတ်ဓာတ်ကို ဖြူစင်အောင်ထားပြီး ဖြူစင်တဲ့ စိတ်ဓာတ်ရဲ့ နောက်ကွယ်က လုပ်ရပ်တွေ ဖြစ်အောင် ကြိုးစားကြ"ဟု သြဝါဒ ပေးပါသည်။ နောက်ဆက်ပြီး "ကိုယ့်တွက်ရလာ၊ ချိန်အခါ၊ ကိုယ့်မှာကောင်းကျိုးဖြစ်ပါစေ"ဟု အမိန့်ရှိပါသေးသည်။ ထိုစကားသည် တန်ဖိုးမဖြတ်နိုင်သော စကားဖြစ်ပါ၏။ အချိန်ကို ဝယ်ယူ၍ မရနိုင်၊ မိမိအတွက် ရလာသော အချိန်ကို အကျိုးရှိအောင် သုံးလျှင် တန်ဖိုးရှိလာပါမည်။

အချိန်နှင့်ပတ်သက်၍ မဃဒေဝတွင် -

ကျီးကားနေ့ငှက်၊ နေ့မှထွက်၏

ဇီးကွက်ခင်ပုပ်၊ ကုပ်သလုပ်ကား

မိုးချုပ်မှသာ၊ ထွက်ကြရှာ၏-ဟု ဆိုထားပြန်ပါသည်။


ဆန်းစစ်ကြည့်မိ၏၊ ကျီးငှက်တို့သည် နေ့မှသာ ထွက်၍ အစာရှာကြ၏။ ဇီးကွက်နှင့် ခင်ပုတ်ငှက်တို့သည် ညအခါမှာ ထွက်၍ အစာရှာကြ၏။ သူတို့သဘာဝ ပျော်ရွှင်ကြ၏၊ အဟိတ်တိရစ္ဆာန်တို့သည်ပင် ကိုယ့်အတွက် ရလာသော အချိန်ကာလကို ကောင်းကောင်း အသုံးချကြ၏။ လူသားတို့အတွက်မှာမူ အထူးဆိုဘွယ်ရာ မရှိတော့ပြီ။ တိုက်အုပ်ဆရာတော်သည် သူကိုယ်နှိုက်ကလည်း အချိန်တန်ဖိုးထား၏၊ တပည့်များစွာတို့အားလည်း အချိန်ကို တန်ဖိုးရှိရှိ အသုံးချကြရန် သြဝါဒချွေခဲ့သည်။ မိမိဘဝတွင် တိုက်အုပ်ဆရာတော်ကြီး၏ သြဝါဒကို အသည်းတွင် သံမှိုစွဲသလို စွဲမြဲစွာခံယူလိုက်ပါသည်။

မြင့်မြတ်သောစိတ်ထား ဖြူစင်သော နှလုံးသားပိုင်ရှင် ဆရာများ၏ ပြဟ္မစရိယ အရိပ်အာဝါသအောက်တွင် တည်ဆောက်ထားသော စာသင်တိုက်ဥယျာဉ်ကြီးတွင် ပရိယတ္တိအပွင့် အဖူးများဖြင့် ထူးတင့်ဝေဆာလျက်ရှိပါသည်။

"ပွဲမဝင်ခင် အပြင်ကကျင်းပ"ဆိုသည့်အတိုင်း အစိုးရ စာမေးပွဲ မဖြေမချင်း လေ့ကျင့်ခန်းတို့ဖြင့် ဉာဏ်ရည်စမ်းပေးသည်။ ထိုလေ့ကျင့်ခန်းများတွင် အတန်းအသီးသီးမှ ပထမ-ဒုတိယ-တတိယဖြင့် အောင်မြင်သူတို့အား ဂုဏ်ပြုပေးသည်။ အရပ်စကားဖြင့် ပြောရလျှင် ဆုပေးသည်။ ထိုဆုပေးမှုပိုင်းဆိုင်ရာ အခမ်းအနားကို ပညာရေးတာဝန်ခံ ဦးခေမာစာရက ဦးဆောင်မှုပြုသည်။ ဆုပေးပွဲ အခမ်းအနားတွင် ပညာရေးတာဝန်ခံက လောကတွင် သစ်ပင်အရိပ်၊ မိဘအရိပ်၊ ဆရာသမားအရိပ်၊ မင်းအရိပ်၊ ဘုရားအရိပ် ဟု ငါးမျိုးရှိရာတွင် အဆင့်ဆင့် အေးမြပုံကိုလည်း ထပ်လောင်း၍ သြဝါဒချွေပါသည်။

ထိုစကားနှင့် စပ်လျဉ်း၍ ဆရာသမားအရိပ်ချမ်းသာပုံကို သုံးသပ်ကြည့်မိသည်။ မိဘသည် သားသမီးတို့၏ လက်ဦးဆရာဖြစ်သည်။ လက်ဦးဆရာဟု ဆိုသော်လည်း မိဘသည် သားသမီးတို့အတွက် အသွား အလာ အနေ အထိုင်မှ စ၍ လောကအလယ် တင့်တယ်စွာ လျှောက်လှမ်းနိုင်မည့် ပညာကို အပြည့်အဝ မပေးနိုင်၊ အနည်းငယ်မျှသာ ပေးနိုင်၏၊ ဆရာတို့သည်သာ ရောက်လာသော တပည့်များအတွက် ကုန်လုံးပြည့်စုံသည့် ပညာကို ပေးစွမ်းနိုင်၏၊ ကောင်းမှု မကောင်းမှုကို ဆုံးဖြတ်နိုင်၏။ ထိုသို့ ချင့်ချိန်တိုင်းတာဆုံးဖြတ်နိုင်သော ပညာကို ဆရာကသာ ပေးစွမ်းနိုင်သောကြောင့် မိဘရိပ်ထက် ဆရာသမားအရိပ်က ပို၍ ချမ်းသာသည်။

တစ်ဆက်တည်း ပညာရေးတာဝန်ခံက ဆက်၍ မိန့်ကြားသည်မှာ အရိပ်များစွာတို့တွင် တပည့်များက ဆရာသမားအရိပ်ကို ခိုလှုံနေကြရပုံက ခြင်္သေ့မင်း ဥပမာဖြင့် မိန့်ကြားပါသည်။ ခြင်္သေ့မင်းသည် ရွှံ့ညွန်ထဲ နစ်နေစဉ် သူ၏



အနီးတွင် မြေခွေးတစ်ကောင်က ဖြတ်သွားသည်ကို မြင်လိုက်ရ၏။ "အသင်မြေခွေး ကျွန်ုပ်ကို ကယ်ပါ"ဟု ခြင်္သေ့မင်းက အကူအညီတောင်းလာရာ မြေခွေးက "ကျွန်ုပ်ကို ရန်ပြုမည့်သူကို ကျွန်ုပ်မကယ်နိုင်"ဟုပြန်ပြောပါသည်။ တဖန် ခြင်္သေ့မင်းက "အသင်မြေခွေး ကျွန်ုပ် တကယ်ကို ရွှံ့ညွန်မှ ရုန်းထွက်လို့မရပါ။ သင့်ကျေးဇူးကို မမေ့ပါဘူး" ဆက်လက် အကူအညီတောင်းခံပြန်လေရာ မြေခွေးက ရွှံ့ညွန်တွင် နစ်နေသော ခြင်္သေ့မင်းကို ကယ်တင်လိုက်၏။ ခြင်္သေ့မင်းသည် ကျေးဇူးရှင်မြေခွေး ဆွေခုနစ်ဆက်တိုင် ကယ်တင် ကျေးဇူးပြန်ဆပ်ခဲ့၏။

တပည့်တို့သည်လည်း ပညာမတတ်ခြင်းတည်းဟူသော ရွှံ့ညွန်ထဲမှ လွတ်မြောက်အောင် ထုတ်ဆောင်သင်ယူပေးခဲ့ကြသည့် ဆရာများ၏ ကျေးဇူးကို စာပေကြိုးစားသင်ယူပြီး အစွမ်းကုန် ပေးဆပ်သွားကြဖို့ မိန့်ကြားခဲ့သည်။


ပညာမတတ် မျက်ကန်းသဖွယ်ဖြစ်သည့် တပည့်များ၏ အနာဂတ်ဘဝကို ပညာတတ်ဖြစ်လာအောင် မျက်စေ့ဖွင့်ပေးခဲ့သည့် ဆရာတို့၏ ကျေးဇူးကား ကြီးမြတ်လှပါ၏။ အနစ်နာခံ သင်ကြားပေးသောဆရာနှင့် ပညာလိုသည့် တပည့်တို့၏ ဆန္ဒများ ပြည့်လျှံမှုကြောင့် ပရိယတ္တိပန်းမြိုင်ကြီးကား သာယာလှပလျက်ရှိ၏။

ပရိယတ္တိ သင်ကြားပို့ချပေးနေရုံ မျှဖြင့် အားမရနိုင် ပဋိပတ္တိလမ်းစဉ် တရားစခန်းကိုလည်း ရွာမပရိယတ္တိစာသင်တိုက်မှ ပြုစုပျိုးထောင်ပေးလျက် ရှိသည်။ စာသင်သားများစွာအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းကြသည့် ဝေး နီး ဒကာ ဒကာမများအား စာကြည့်တိုက်မှူး ဦးဝိသိဋ္ဌက ဦးဆောင်လျက် ညစဉ် (၇)နာရီ မှ (၈)နာရီ အထိ တရားပြသပေးလျက်ရှိသည်။ရွာမပရိယတ္တိ စာသင်စာချများကိုယ်စား ဓမ္မစွမ်းအားဖြင့် ကျေးဇူးပြန်ပြုပေးသည်ဟုလည်း ဆိုနိုင်ပါသည်။

ရေကြောင့်ဖြစ်သော ရွှံ့ညွန်ကို ထိုရေဖြင့်ပင် ဆေးကြောပေးရ၏။ ထို့အတူ စိတ်ကြောင့်ဖြစ်သော အကုသိုလ် အညစ်အကြေးကိုလည်း စိတ်ဖြင့်ပင် ဆေးကြောရ၏။ အကုသိုလ်များကို ပယ်ခွာပေးရာဌာန၊ စိတ်ငြိမ်းမှုကို ပေးစွမ်းရာဌာန စသည်ဖြင့် ပရိယတ္တိသာသနာ အရှိန်အဟုတ် မြင့်မားနေသော ရွာမပရိယတ္တိစာသင်တိုက် အမိတက္ကသိုလ်သည် မမေ့နိုင်စရာ၊ ဂုဏ်များစွာတို့ဖြင့် တင့်တယ်လျက်ရှိပါသည်။

ဂုဏ်ရနံ့သင်းထုံသည့် "ပန်းစုံသင်းတဲ့ ဥယျာဉ်တွင်းမှ အနန္တဂုဏ်ဝင် ကျေးဇူးရှင်ဆရာများစွာကို ကြည်ညိုလေးစားလျက်ရှိပါတော့သည်။

မောင်ဝင်းထွန်း (ပျော်ဘွယ်)



# တရားကိုမှာ

● ပုထုဇဉ်များ၊ လျှောက်လှမ်းသွားမင့်
ထွေပြားလမ်းသွယ်၊ ရှိကြမယ်လိမ့်
မှိုတွယ်ခိုလှုံ၊ ကကြိုးစုံမှ
အာရုံဖက်တွယ်ရှိပြီထင့်။

● ဆယ့်တစ်ပါးမီး၊ လောင်မြိုက်ကြီးနေ
ခါးစီးခံရ၊ မြင်သမျှကို
ရင်မှတားဆီး၊ သည်ခရီးဝယ်
အသီးသီးရှု၊ လူနေမှုတွက်
ယခုနက်ဖန် ရှိပြီထင့်။

● လူဆိုသည်မှာ၊ စိတ်ဖြေရာရှာ
ပညာလုံ့လ၊ ဝီရိယနှင့်
ကြည်မြမနော၊ ဆန္ဒဇောနစ်
နစ်မျှောဖြစ်မိ ရှိပြီထင့်။
ဩော် ---
နေ့ညမဟူ၊ ပြယုဂ်တူလည်း
ကြည်ဖြူညီမျှ၊ လူ့ဘဝကို
ဆုံးမသွန်သင်၊ အားမာန်ဝင်လိမ့်
လန်းရွှင်ပီတိ၊ သဒ္ဓါသိဖြင့်
မျှော်မိရော်ယမ်း၊ သာသည့်လမ်းမှာ
စိတ်ပန်းဝေဝေ၊ တရားမြေမို့
ကြည်စေနှလုံး ပြည့်တကား ----။

ကုဋေကုဋာ

# ပဋိရူပ ဒေသဝါသော စ

အဂ္ဂ(Y.T.U - Petro)




သင့်တင့်လျောက်ပတ်၍ ကောင်းမြတ် သော အရပ်၌ နေထိုင်ရခြင်းသည် မင်္ဂလာမည်၏-ဟု ဘုရားရှင်ဟောကြားတော်မူခဲ့သည်။

လူသားတို့သည် စိတ်ချမ်းသာခြင်း, ကိုယ်ကျန်းမာခြင်းဖြင့် ထိုဒေသမျိုးတွင် နေထိုင်လိုသော ဆန္ဒရှိကြသည်သာ ဖြစ်သည်၊ ထိုကဲ့သို့သော ကိုယ်စိတ်နှစ်ပါး ပြည့်စုံခြင်းဖြင့် ပြည့်စုံသော အရပ်ဒေသကို ကျွန်တော်တို့ လူသားတွေ မည်သို့မည်ပုံ ရွေးချယ်နေထိုင်ရမည်နည်း။

လူသားတို့သည် တခဏတာမျှ ရရှိသော လူဘဝသက်တမ်းလေးဖြင့် အလုပ်မျိုးစုံ, ဘဝမျိုးစုံ, နေရာဒေသမျိုးစုံတို့၌ အမျိုးမျိုး ကြင်လည်ကျက်စားကာ ဘဝအမျိုးမျိုးကို နည်းအမျိုးမျိုးဖြင့် ဖြတ်သန်း သွားလာ နေထိုင်ခဲ့ကြသည်။

ထိုသို့ဖြတ်သန်းနေကြရာတွင် အချို့ချို့သော လူတို့သည် တိုက်တာခြံဝန်းကျယ်ကြီးများ ခေတ်မီအသုံးအဆောင် ဇိမ်ခံပစ္စည်းများကို အသုံးပြု၍ တိုတောင်းလှသော လူ့ဘဝကို ဖြတ်သန်းနေကြသကဲ့သို့ အချို့မှာလည်း ရွံ့တော ဘွက်တော ဇနပုဒ်နှင့် အမှိုက်ပုံဘေးတို့တွင် မိုးမလုံ နေမလုံပဲ အိမ်စုပ် တဲစုပ်ဖြင့် ဘဝကို ဖြစ်သလို နေထိုင်ရကာ ရရှိလာသော ရုပ်နှင့် ခန္ဓာတည်တံ့ရေးအတွက် ဖြစ်သလို ပုံတော်ကားယား ဖြတ်သန်းသွားလာနေကြသူများလည်း များစွာရှိကြပေသည်။

ထိုသို့ ကွဲပြားခြားနားနေခြင်းကို ကျွန်တော်တို့အနေဖြင့် အတိတ်ကိုဘဲ အပြစ်ပုံချမလား၊ အလုပ်ကိုဘဲ အကြောင်းပြမလား-ဆိုသည်ကို မိမိကိုယ်ကိုယ်ကို မိမိပြန်လည် စီစစ်ဖို့ လိုပေလိမ့်မည်။

ဆိုလျှင် ကျောင်းတိုက်သို့ ဝင်လျှင်ဝင်ချင်း ဆီးကြိုနေသည့် ဟင်းလင်းပြင် တန်ဆောင်းတွင် လျောင်းတော်မူ ရွှေသာလျောင်းဘုရားကြီးမှာ ယခုဆိုလျှင် မိုးလုံ လေလုံပြီး ပန်းချီ ဆေးရုပ်များဖြင့် တန်ဆာဆင်လျှက် အလွန်တရာ သပ္ပါယ်လျှက် ရှိပေတော့သည်။

စိုင်သရက်ပင်ကြီးနှစ်ပင်နေရာတွင် ယခုအခါ သာသနာ့ ဟိတကာရီ သိမ်ကျောင်းတော်ကြီးက တိုးဝှေ့နေရာယူသွားလေသည်။

ကျွန်တော်တို့ ငယ်စဉ်က ကျောင်းတိုက်ကြီးအတွင်း ညနေဆိုလျှင် သွားလာရမှာ အလွန်ကြောက်စရာကောင်းသည့် နေရာသည် နှစ်ကျိပ်ရှစ်ဆူ ဘုရားတန်ဆောင်းပင်ဖြစ်သည်၊ အဘယ့်ကြောင့်ဆိုသော် တန်ဆောင်းအတွင်းတွင် ဘုရားများမှာ ယခုလိုမဟုတ်၊ ဘုရားပြို၊ ဘုရားပျက်များနှင့်သာ ပြည့်နှက်နေပြီး တန်ဆောင်းဘေးတွင်မူ တလုပ်စကားပင်အောက်တွင် ထားရှိသော အသုဘ ကုတင်များကြောင့်ဖြစ်သည်၊ ယခုအချိန်တွင် ထိုထိုအာရုံတို့သည် စိတ်ကူးယဉ်စရာသာဖြစ်နေတော့သည်။


ယခုတွင် ကြောက်စရာကောင်းသော နေရာများ၌ ဘုရားများမှာလည်း ရွှေရောင်တဝင်းဝင်းဖြင့် စုလစ်မွန်းချွန်များဖြင့် ပြုလုပ်ထားသောပြီး အဲယားကွန်း တပ်ဆင်ထားသော ဘုရားကျောင်းတော်ကြီး ဖြစ်နေပေသည်၊ ခြုံနွယ်များ ထူထပ်၍ ဝါးရုံတောဖြစ်နေသော နေရာများ၌လည်း ယခုအခါ အာစီဖြင့် တည်ဆောက်ထားသော ဗောဓိကျောင်းဆောင်ကြီး ဖြစ်နေပေသည်၊ ညဘက်ဆိုလျှင် တစ်ချိန်က မှောင်မည်းနေသော ကျောင်းကြီးသည် ယခုဆိုလျှင် နေ့ည မကွဲလောက်အောင် ထင်ထင်လင်းလျှက်နေပေသည်။

ထို့ကြောင့် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ကျောင်းတော်ကြီးသည် ကျွန်တော်တို့ ရွာမရပ်ကွက်၏ ဂုဏ်ကျက်သရေသာမက အင်းစိန်မြို့နယ်၏ ဂုဏ်ကျက်သရေ၊ ရန်ကုန်တိုင်း၏ ဂုဏ်ကျက်သရေများကို ဆောင်လျှက်ရှိနေပေသည်။

စာသင်တိုက်၏ အနီးတစ်ခိုတွင် နေထိုင်ခွင့်ရသည့် ကျွန်တော်တို့ ရွာမသူ ရွာမသားများသည်လည်း အချိန်မရွေး လက်အုပ်ချီမိုး ပူဇော်နိုင်ပြီး ဘာသာရေးတရားပွဲများ သတိပဋ္ဌာန်ဝိပဿနာ တရားပွားများခြင်း ကိစ္စသည့် ကုသိုလ်တရားများ ပြုလုပ်ခွင့်ရသည့်အပြင် ရာပေါင်းများစွာသော စာသင်သားများအား နေ့စဉ် ဆွမ်းလောင်းလှူခွင့်များပါရ၍ ကျွန်တော်တို့အတွက် ပဋိရူပဒေသဝါသော စ မင်္ဂလာ တရားကို ထိုက်ထိုက်တန်တန် လက်ဝယ်ပိုင်ပိုင် ရရှိခံစားနေရပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေတော့သည်။

| |
|---|
| ရွာမသူ ရွာမသားများသည်လည်း |
| အချိန်မရွေး လက်အုပ်ချီမိုး ပူဇော်နိုင်ပြီး |
| ဘာသာရေးတရားပွဲများ |
| သတိပဋ္ဌာန်ဝိပဿနာ တရားပွားများခြင်း |
| ကိစ္စသည့် |
| ကုသိုလ်တရားများ ပြုလုပ်ခွင့်ရသည့်အပြင် |
| ရာပေါင်းများစွာသော စာသင်သားများအား နေ့စဉ် |
| ဆွမ်းလောင်း လှူခွင့်များပါရ၍ |
| ကျွန်တော်တို့အတွက် ပဋိရူပ ဒေသဝါသော စ |
| မင်္ဂလာ တရားကို ထိုက်ထိုက် တန်တန် |
| လက်ဝယ်ပိုင်ပိုင် ရရှိခံစားနေရပြီဖြစ်ကြောင်း |

**အဂ္ဂ(Y.T.U - Petro)**



# အရိပ်စွမ်းအား

■ သောတဇန စာသင်သား

လောကၐ် သစ်ပင်ရိပ်သည် ချမ်းသာ၏၊ ထိုသစ်ပင်ရိပ်ထက် မိဘဆွေမျိုးတို့၏အရိပ်သည် ချမ်းသာ၏၊ ထိုမိဘဆွေမျိုးတို့၏အရိပ်ထက် ဆရာသမားတို့၏အရိပ်သည် ချမ်းသာ၏၊ ထို ဆရာသမားတို့၏အရိပ်ထက် မင်း၏အရိပ်သည် ချမ်းသာ၏၊ ထိုမင်း၏ အရိပ်ထက် မြတ်စွာဘုရား အရိပ်ဖြစ်သော တရားသည် များသောအားဖြင့် ချမ်းသာ၏-ဟု လောကနီတိက ဆိုထားသည်။

လောကၐ် အချို့လူတို့သည် "ငါတို့ ဘယ် ဆရာတော်ကြီးကို လှူပြီးပြီ၊ ဘယ်နှစ်ကြိမ်အလှူ လုပ်ပြီးပြီ"စသည်ဖြင့် ပြောဆိုတတ်ကြကုန်၏၊ ဂုဏ်ယူတတ်ကြကုန်၏၊ ဓမ္မကထိက အကျော် အမော်ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးခဲ့ ကြသော အရေးပါသည့် ဆရာသမားစသူတို့ကို တော့ မေ့နေတတ်ကြသည်၊ "အရင်းစစ်တော့ အမြစ်မြေက"ဆိုသည့်အဖြစ်သို့ မရောက်နိုင် ကြပေ။

ခရီးရှည်သွားသောသူသည် ကြာမြင့်စွာ ခရီး သွားရခြင်းကြောင့် ခရီးပန်းနေသည့်အချိန် ချွေးတွေ ယိုစီး မောပန်းပြီး ခရီးထွက်ရချိန်၌ အရိပ်ကောင်းမွန်သည့် သစ်ပင်ကြီးတစ်ပင်၏ အရိပ်သို့ ဝင်၍ ခိုနားခွင့်ရသည့်အခါ သစ်ပင်ရိပ် သည် အလွန်ချမ်းသာပါပေသည်။ ထိုအခါ အရိပ်၏ စွမ်းအားသည် အလွန်ကြီးမားကြောင်း အရိပ်ခိုသူတိုင်း သိရှိကြပေလိမ့်မည်။ အရိပ်၏ တန်ဖိုးကြီးကြောင်း သိရှိကြပေလိမ့်မည်။ "မြေသို့ ကြွေသက်၊ သစ်ထရွက်သည်၊ ပင်စည်အတွက်၊ ရည်ရွယ်ချက်ဖြင့်၊ အသက်စတေး၊ ကျေးဇူးကြွေးကို၊ မြေဆွေးဖြစ်တိုင် ဆပ်နေဆဲ" ပညာရှင်တို့ အဆို အရ သစ်ရွက်ကလေးတစ်ရွက်သည် အညာမခိုင်

လို့ မြေပေါ်ကြွေကျရသည့်အခါမှာ မြေဆွေး အဖြစ်နှင့် ပင်စည်အတွက် ကျေးဇူးဆပ်ပေးလေ့ ရှိသည်၊ သက်မဲ့ဖြစ်သည့် သစ်ရွက်က ပင်စည်ကို ကျေးဇူးဆပ်နိုင်သေးလျှင် သက်ရှိသတ္တဝါ လူသား များသည် မိမိတို့အပေါ် ကျေးဇူးရှိခဲ့ကြသော ကျေးဇူးရှင်တို့အပေါ် သာ၍ပင် ကျေးဇူးသိပြီး သိသည့်အတိုင်း ပေးဆပ်ကြရပေလိမ့်မည်။

အရိပ်ဖြစ်လာအောင် အချိန်ကြာကြာ ပေးရ သည်။ အမျိုးမျိုးပြုစုပျိုးထောင်ပေးရသည်၊ သဘာဝဘေးအန္တရာယ် ကာကွယ်ပေးရသည်၊ အပင်သန်မာဖွံ့ဖြိုးလာအောင် စောင့်ရှောက်ပေး ရသည်၊ အပင်ငယ်ဘဝမှာ ပြုစုယုယ ပေးရသည်။ နေဒဏ် လေဒဏ် အစရှိ ဒဏ်အမျိုးမျိုး မကျ ရောက်အောင် စောင့်ရှောက်ပေးရသည်။ ပြုစု ယုယသည့်ကြားမှ ယိုယွင်းပျက်စီးသွားသော သစ်ပင်များလည်း ရှိပေသည်၊ အရိပ်ရအောင် အချိန်ကြာကြာပေးခဲ့ကြရသည်။ အမြစ်အရိပ်ကို ရေလောင်းမှသာလျှင် အရိပ်ကောင်းကောင်း ရနိုင်ပေမည်။ "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားရ"ဟူသော ဆိုရိုးစကားရှိသည်။

အရိပ်ကောင်းသစ်ပင်ကြီးနှင့်တူသော မိဘ ဆရာသမား ကျေးဇူးရှင်များအတွက် ကျေးဇူးရှိသူ သားသမီး တပည့်တို့က ကျေးဇူးဆပ်ပေးကြရမည်၊ လောက၌ မိဘ ဆရာသမားတို့သည် အနစ်နာ ခံကာ စွန့်လွှတ်တတ်သူများသာ ဖြစ်ကြပေသည်။ သားသမီးတပည့်တို့အကျိုးကို အထူးလိုလားကြ သည်။ သားသမီးတပည့်များ အောင်မြင်ဖြစ်ထွန်း နေသည်ကိုသာ မြင်လိုကြသည်၊ မိမိတို့ ဘယ် လောက်ပင် အခက်အခဲများနှင့် ကြုံတွေ့နေစေ ကာမူ သားသမီးတပည့်များကိုတော့ အခက်အခဲ အကျပ်အတည်းတို့နှင့် မတွေ့စေလိုကြ၊ မိမိတို့ အကြောင်း မသင့်၍ လမ်းမှားရောက်နေစေကာမူ သားသမီးတပည့်များ လမ်းမှားမရောက်အောင် အမျိုးမျိုး ကာဆီးပေးတတ်ကြပေသည်။ အခြား သော ပုဂ္ဂိုလ်များနှင့် ယှဉ်လာလျှင် မိမိတို့ သား သမီးတပည့်တို့က သာစေချင်ကြသည်။ ဤသို့ ဖြစ်ရခြင်းမှာ မိဘ ဆရာသမားတို့၏ ထူးကဲသော စေတနာမေတ္တာရိပ်များပင် ဖြစ်ပါပေသည်။

အရိပ်ခိုပြီး အရိပ်၏ ကျေးဇူး ပြန်လည် ပေးဆပ်ရမည်မှာ သားသမီးတပည့်တို့၏ တာဝန် သာ ဖြစ်ပေသည်။ "ကျွေးမွေးမပြတ်၊ ဆောင်ရွက် စီမံ၊ မွေခံထိုက်စေ၊ လူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ် ကျင့်ဘွယ်သားတို့တာ"ဟူသော မြတ်ဗုဒ္ဓဒေသနာအရ သင်္ဂဇာဆရာတော်က စာဖွဲ့ ခဲ့ပေသည်။ သားသမီးတို့၏တာဝန်သည် မိဘ များကို ပြုစုလုပ်ကျွေးခြင်း မိဘများ၏ လုပ်ငန်း များ ဆောင်ရွက်ပေးရခြင်း၊ မိဘတို့၏ လောကီ, လောကုတ္တရာ အမွေကို ခံယူရခြင်း ကွယ်လွန် သွားသော မိဘတို့အတွက် အလှူပြုလုပ်၍ အမျှ အတန်း ပေးဝေရခြင်း၊ မိမိတို့၏ အမျိုးအနွယ်ကို စောင့်ရှောက်ရခြင်း-ဟူသော ကျင့်ဝတ်များကို စွမ်းနိုင်သမျှ ဆောင်ရွက်ကြရမည်။

"ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်ပေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ"-ဟူသော ဒေသနာအရ သင်္ဂဇာ ဆရာတော်က စာဖွဲ့ခဲ့ပေသည်။ တပည့်တို့သည် ညီညွတ်မှု ရှိရခြင်း၊ ဆရာသမားတို့၏ ဆုံးမမှုကို နာယူရခြင်း၊ ခရီး နီး/ဝေးမှ ကြွလာသော ဆရာ သမားများကို ခရီးဦးကြိုဆိုရခြင်း၊ ဆရာ၏ အနီး အပါးတွင် ပြုစုလုပ်ကျွေးရခြင်း၊ ဆရာသင်ပေး သော ပညာကို ကြိုးစားကျက်မှတ် လေ့ကျင့်ရခြင်း ဟူသော ကျင့်ဝတ်များကို လိုက်နာကြရမည်။

အရိပ်ခိုပြီး အခက်မချိုးကောင်းပါ၊ အချို့သော သားသမီးတပည့်တို့က မိမိတို့ အထိုက်အလျောက် တိုးတက်လာလျှင် ကိုယ့်အစွမ်းကြောင့် တိုးတက် ဖြစ်ထွန်းလာသည်ဟု မထင်တွေးရောက်ကာ ဘဝင်မြင့်တတ်ကြပေသည်။ မိဘဆရာသမား တို့၏ အရိပ်ရဲ့ ကျေးဇူးကို ပေးဆပ်ဖို့ရာ မေ့လျော့

နေတတ်ကြပေသည်။ ယင်းကဲ့သို့ အနှောက်အယှက်ပေးခြင်းသည် အရိပ်ခိုပြီး အခက်ချိုးသည်နှင့် တူပေသည်။ ဘုရားရှင်လက်ထက်က အဇာတသတ်မင်းသည် ဖခင် ဗိမ္ဗိသာရမင်းကြီး၏ မေတ္တာရိပ်ကို ဖျက်ဆီးမိခြင်းကြောင့် လောဟကုမ္ဘီငရဲ၌ ယနေ့တိုင် ကျရောက် ဒုက္ခခံစားနေရသည်။

ဒေဝဒတ်သည် မြတ်စွာဘုရား၏ ကြီးမားသည့် မေတ္တာ ကရုဏာ စသော အရိပ်များကို ဖျက်ဆီးမိခြင်းကြောင့် အဝီစိငရဲ၌ ယနေ့တိုင် ကျရောက်ခံစားနေရသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ အရိပ်ခိုပြီး အခက်ချိုးမိခြင်းကြောင့်သာ ဆင်းရဲဒုက္ခ ကြုံတွေ့ရသည်။ မိဘ ဆရာသမားတို့၏ အရိပ်ကား သားသမီးတပည့်များအပေါ် အထူးလွှမ်းခြုံထားကြသည်။ လူပင် မဆိုထားဘိ တိရစ္ဆာန်ဖြစ်သည့် လိပ်မကြီးများသည် မိမိတို့၏ ဥများကို ဥပြီးလျှင် ရေထဲမှ ဥများဆီသို့ မေတ္တာရိပ် ဖြန့်ပေးခြင်းကြောင့် ဥများမှ လိပ်ကလေးများ မွေးဖွားလာနိုင်သည်။ အကယ်၍ လိပ်မကြီးသည် အကြောင်းတစ်စုံတစ်ခုကြောင့် ဥမပေါက်ခင် အသက် ကုန်ဆုံးခဲ့သော် လိပ်ဥများသည် မိခင်၏ မေတ္တာရိပ်မရတော့ပဲ ဥထဲမှာ သေကျေပျက်စီးရသည်။ ဤသည်မှာ တိရစ္ဆာန်လိပ်မကြီး၏ မေတ္တာရိပ် အစွမ်းပေတည်း။

လောက၌ အရိပ်ကောင်းမှသာလျှင် ခိုဝင်နားချင်ကြသည်။ အရိပ်ဖြစ်ဘို့ရန် ပြုစုစောင့်ရှောက်လိုသူ နည်းပါးလှသည်။ ဥပမာ- စွန်တစ်ခုကို တွေ့မြင်သူတိုင်းက စွန်ကိုသာ အဓိကထားပြီး ကြည့်ရှုကြသည်။စွန်လွှတ်သူကို မမြင်တတ်ကြပေ၊ စွန်လှပအောင် အပေါ်မြင့်တက်နိုင်အောင် လေ၌ စွန်ကြိုး ပျတ်မသွားအောင် ပြုစု စောင့်ရှောက်သူမှာ စွန်လွှတ်သမားသာဖြစ်သည်။ စွန်ကို ကြည့်ရှုအားပေးသူတိုင်း စွန်လွှတ်သမား၏ ဂုဏ်ကျေးဇူးကိုလဲ သိမြင်ကြရပေမည်။ အောင်မြင်ဖြစ်ထွန်းလာပြီဆိုလျှင် ခေါင်းချင်း ပြောချင် မိတ်ဆွေဖွဲ့ချင် အပေါင်းအသင်းလုပ်ချင် စသည်ဖြင့် အောင်မြင်သူတို့၏ အနားမှာ ဝိုင်းဝိုင်းလည်နေတတ်ကြပေသည်။ အောင်မြင်မှု ရရှိရန် ကြိုးစားနေရသော အချိန်အခါ၌ကား သိရှိသူ နည်းပါးလှပေသည်။ ထိုနည်းအတူ ပရိယတ္တိစာပေကျမ်းဂန်များကို မနေမနား ကြိုးစားနေရသော စာသင်သားရဟန်း သာမဏေများဘဝ၌ သိကျွမ်းဝင်သူ နည်းပါးလှသည်။ နည်းပါးလေလေ မိမိတို့၏ စာသင်မှု လုပ်ငန်း အောင်မြင်လေလေ-ဟု မှတ်ယူကြရမည်။ "ငယ်ငယ်ကကြီးလျှင် ကြီးသောအခါ ငယ်တတ်သည်"ဟူသော စကားအရ ဘဝနှင့် အသိအကျွမ်း ပေါများပြီး ကိစ္စများနေလျှင် မိမိ အဓိကလုပ်ငန်းဖြစ်သည့် စာသင်ကြားမှု လုပ်ငန်း အချိန်ယုတ်လျော့ကာ ရည်မှန်းချက် ပန်းတိုင် မရောက်နိုင်ပဲ ရှိတတ်ပေသည်။

"ပညာမတတ် လူ့ဖိနပ်"ဟူသော ဆိုရိုးကဲ့သို့ ဖိနပ်သည် ပိုင်ရှင်၏ အညစ်အကြေး ကင်းစင်ရေးဝန်ကို ဆောင်ရွက်ရေးတို့ကို အပွန်းအပဲ့ ဒဏ်ရာရရှိသည့်တိုင်အောင် ဆောင်ရွက်သော်လည်း ပိုင်ရှင်က သူနေသော နေရာအထိ ယူဆောင်မသွားပဲ အဝင်ဝမှာ ချွတ်ထားခံရသကဲ့သို့ အရည်အချင်း မပြည့်ဝသော ပုဂ္ဂိုလ်များသည်လည်း အရေးကိစ္စ တွေ့ကြုံလာလျှင် ပင်ပင်ပန်းပန်း ဆောင်ရွက်စေကာမှု အရာမဝင်ဘဲ ဖြစ်တတ်ပေသည်။

သို့အတွက်ကြောင့် ရွာမပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက သက်တော်ရှည် ဆရာတော်ဘုရားကြီး၏ ထူးကဲသော စေတနာ မေတ္တာအရိပ်ကို ခိုဝင်နားဘူးသူ တပည့်သားတိုင်းက ကြီးမားသော အရိပ် ဂုဏ်ကျေးဇူး အထူးကို သိရှိသည့်အားလျော်စွာ ရေးသားပူဇော်ကာ နိဂုံးချုပ်အပ်ပါသည်။

♦ **သောတုဇနေ စာသင်သား**



# အမြတ်ဆုံး ပူဇော်နည်း

အရှင်စန္ဒာသိရီဘိဝံသ (ပထမကျော်)

ရန်ကုန်တိုင်း အင်းစိန် ရွာမ ပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တနန္ဒဝံသသည် နိုင်ငံတော်က ဆက်ကပ်သော သာသနာပြုဘွဲ့အမြင့်ဆုံး အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါသည်။ ဆရာတော်ဘုရားကြီးအား ရပ်ဝေး, ရပ်နီး နယ်အသီးသီးရှိ တပည့်ကြီးငယ်များနှင့် ဒါယကာ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲကို ထပ်မံ၍ ပြုလုပ်ကြပါဦးမည်။ ထိုဂုဏ်ပြုပူဇော်ပွဲ၌ ပူဇော်ကြသော နဝကမ္မဝတ္ထုအပါအဝင် အသီးသီးသော ပစ္စည်းများသည် မကြာမြင့်မီ ကွယ်ပျောက်သွားနိုင်သော်လည်း ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးနှင့် ထိုဂုဏ်ကျေးဇူးကိုထင်ဟပ်စေသော စာပေမော်ကွန်းကား လွယ်လင့်တကူ ကွယ်ပျောက်သွားမည် မဟုတ်ပေ။ ထို့ကြောင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးနှင့် ပူဇော်နည်းကို စာရေးသူရပ်တည်နေသော ရှုထောင့်မှ တင်ပြလိုပါသည်။ ဘုန်းတော်ဘွဲ့ဟု ဆိုနိုင်ပါ၏။

စာရေးသူသည် ရွာမပရိယတ္တိစာသင် တိုက်၌ တာဝန်များထမ်းဆောင်စဉ် (၁၉၉၃-မှ ၂၀၀၀ ပြည့်) နှစ်အတွင်း ကျောင်းတိုက်၏ ငွေရတု စာစောင် ပဓာနနာယကဆရာတော်၏ အဂ္ဂမဟာပဏ္ဍိတ ဂုဏ်ပြုပူဇာစာစောင်၊ တိုက်အုပ်ဆရာတော်၏အဂ္ဂပူဇာမင်္ဂလာစာစောင်၊ နှစ်သုံးဆယ်ပြည့် အဖူးအပွင့်များစာစောင်တို့ကို ဦးစီး၍ ထုတ်ဝေခဲ့ပါသည်။

စာရေးသူ ဦးဆောင်၍ ထုတ်ဝေခဲ့သော်လည်း ထိုစာစောင်များ၌ မိမိကိုယ်တိုင်ရေးသည့် ဂုဏ်ပြုစာမူများ တစ်ခုမျှမပါရှိခဲ့ပါ။ စိတ်ထည်း၌ ရှိခဲ့သော်လည်း မဖော်ပြနိုင်ခဲ့။ ယခု စာစောင်၌မူကား ဆရာတော်၏ ဂုဏ်ကျေးဇူးများကို စာရေးသူ နေခဲ့စဉ်က မြင်သိခဲ့သမျှ လက်လှမ်းမီသလောက် ဖော်ပြလိုပါသည်။

ဆရာတော်ဘုရားကြီး၏ထေရုပ္ပတ္တိ၌ အောင်မြင်ခဲ့သောစာမေးပွဲများ မပါဝင်ခဲ့၊ ထို့ကြောင့် ဆရာတော်၏ သာသနာပြုလိုမှု စိတ်ဓာတ်ကို အတွင်း

ကျကျမသိသူများက ဆရာတော်ဘုရားကြီး အပေါ်၌ အထင်ကြီးမှု လျော့နည်းသည်ကို တွေ့ရ၏။ အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက်ဟု ဆိုလျှင် တိုက်အုပ်ဆရာတော်၏ ဘွဲ့အမည်နှင့်သာ တွဲ၍သိလေ့ရှိကြ၏။ ဆရာတော်ဘုရားကြီးကို သိသူ(ရပ်ဝေး စာသင်သား) နည်းလှ၏။ဆရာတော်ဘုရားကြီးတို့၏ ငယ်စဉ်က ခေတ်ကာလ ပညာရေးသည် စာမေးပွဲ အောင်မြင်ရေးကို ဦးတည်သော ပညာရေးမဟုတ်၊ (ကျမ်းကြီးပေါက်) စာပေ တတ်မြောက်မှုကိုသာ ပမာနပြုသော ပညာရေး ဖြစ်သည်။

ထို့ကြောင့် စာပေတတ်မြောက်မှုကို စာမေးပွဲ အောင်လက်မှတ်ဖြင့်တိုင်းတာခြင်းသည် ရာနှုန်းပြည့် မှန်ကန်သည်ဟုမဆိုနိုင်ပါ။ ပုဂ္ဂိုလ်တစ်ယောက်၏ အရည်အချင်းကို ဘွဲ့လက်မှတ်တို့ဖြင့် တိုင်းတာနိုင်သကဲ့သို့ စွမ်းဆောင်မှု အရည်အချင်းဖြင့်လည်း တိုင်းတာသင့်ပါသေးသည်။ အချို့မှာ အောင်လက်မှတ်များ, ဘွဲ့များ ရထားသော်လည်း သာမဏေတစ်ပါးမျှပင် ပေါ်ထွန်းလာအောင် မမွေးမြူနိုင်သည်ကိုလည်း သတိပြုသင့်လှသည်။ ပညာရှင်ဆရာတော်များ, အရည်အချင်းရှိ စာချဘုန်းတော်ကြီးများကိုခေါ်ယူ ဦးဆောင်၍ ရပ်ရွာရွာဦးကျောင်းအဆင့်မှ အဆင့်တန်းမြင့်သော စာသင်တိုက်ကြီး တစ်ခုအဖြစ်သို့ရောက်အောင် စွမ်းဆောင်နိုင်ခြင်းသည် ဆရာတော် ဘုရားကြီး၏ အရည်အချင်းပင် မဟုတ်ပါလော။

ထို့သို့ဖွင့်လှစ်ရာ၌လည်း ဆရာတော်ဘုရားကြီးသည်တိုက်အုပ် စာချ နာယကဆရာတော်များ အပေါ် မနာလို ဝန်တိုမှု ကင်းလှသည်။ "သူ့ဂုဏ်ကိုမြောက် ကိုယ့်ဂုဏ်မြောက်၏၊ သူဂုဏ်နှိမ့်ချ ကိုယ်နှိမ့်ကျ၏" ဟူသော သူတော်ကောင်းတရားကို ဦးထိပ်ထားသည်။

ကိုယ်ကျိုးထက် စာသင်တိုက်၏အကျိုးကို ဦးစားပေးတော်မူ၏။ပညာရေး, အုပ်ချုပ်ရေးဆောင်ရွက်မှုတို့၌ ဝင်ရောက်စွက်ဖက်ခြင်း အလျဉ်းမရှိ၊ဆရာတော်ဘုရားကြီးနှင့်ပတ်သက်၍ ရောက်လာသော စာသင်သားများ ဝင်ခွင့်အမှတ် မမီ၍ စာချနာယကအဖွဲ့က ကျောင်းတိုက်၌ လက်မခံခဲ့သည်ကိုလည်း နားလည်ပေးတတ်၏။

ဆွမ်းစားစသော အလှူပွဲများ၌လည်း ဟောပြောမှုစွမ်းဆောင်နိုင်သော စာချဘုန်းကြီးများကိုသာ ဦးစားပေးတတ်၏။ ငါ ဆရာတော်ကြီးဘဲ ဟောရေးပြောရေးမှန်သမျှ ငါသာ လုပ်ရမည်ဟု စိတ်ထားမျိုး မွေးမြူလေ့မရှိ။ စွမ်းဆောင်နိုင်သူကို နေရာပေးတတ်၏၊ ရတ္တညူ ဧတဒဂ်အရ အရှင်ကောဏ္ဍညမထေရ်ကြီးနှင့် တစ်စိတ်တစ်ဒေသတူလှ၏။

ပဉ္စဝဂ္ဂီငါးဦးတို့တွင် အကြီးအမျူးဖြစ်သော အရှင်ကောဏ္ဍညသည် သာသနာတော်၌ ပထမဦးဆုံးသော ရဟန်း, ပထမဦးဆုံးသောရဟန္တာ ဖြစ်၏။ ထို့ကြောင့် အဂ္ဂသာဝကဖြစ်တော်မူကြကုန်သော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးတို့သည် အရှင်ကောဏ္ဍညမထေရ်ကြီးကို မီးပုံကြီးတစ်မျှ အလွန်ပင် ကြောက်ရွံ့လေးစားကြ၏။ သာသနာရေး ဆောင်ရွက်ချက်များကိုပင် ရဲရဲတင်းတင်း မရွက်ဆောင်ဝံ့ချေ။ (ဤနေရာ၌ ကြောက်ရွံ့၏ဟူသည် အားနည်းသော ဒေါသဖြင့်ကြောက်ခြင်း မဟုတ်၊ လေးစားမှုအားကြီးခြင်းပင်တည်း ) ထို့ကြောင့် အရှင်ကောဏ္ဍည မထေရ်မြတ်ကြီးသည် အဂ္ဂသာဝက နှစ်ပါးတို့၏ မိမိအပေါ်၌ အလွန်လေးစားခြင်းကိုလည်းကောင်း, လူသူရောပြွမ်းသော ကျောင်းတို့၌နေခြင်းကို ရှောင်ကြဉ်လို သောကြောင့်လည်းကောင်း, ဆိတ်ငြိမ်ရာ ၌မွေ့လျော်ခြင်းဖြင့် နေလိုသောကြောင့်လည်းကောင်း , မိမိထံ လာရောက်ကြကုန်သောသူတို့နှင့် ပဋိသန္ထာပြုရခြင်းကို ရှောင်ကြဉ် လိုသောကြောင့်လည်းကောင်း ဘုရားရှင်ထံ ခွင့်ပန်၍ ဟိမဝန္တာတောင် အနီး

သာသနာပြုလုပ်ငန်း စသော
လောကုတ္တရာရေးရာ၌ ဖြစ်စေ,
လောကီရေးရာ၌ဖြစ်စေ
ဘုန်းကံရှိသူကို အမှီရမှသာ
လိုအပ်သော အကျိုးများ ပြီးစီးနိုင်ပါသည်။
မဟော်သဓာသုခမိန်သည်
ဝိဒေဟရာဇ်မင်းကြီးကို အမှီပြုခဲ့ရသည်။
ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ပင်လျှင်
အရှင်သီဝလိဘုန်းကံကို
အသိအမှတ် ပြုပေးတော်မူခဲ့ပါသည်။

ဆဒ္ဒန်အိုင်၌ ဆဒ္ဒန်ဆင်တို့၏ လုပ်ကျွေးမှုကို ခံယူလျက် တစ်ဆဲ့နှစ်နှစ်ပတ်လုံး ထိုနေရာ၌ သီတင်းသုံးတော်မူပြီးလျှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်။ အဂ္ဂသာဝကကြီးနှစ်ပါးတို့ လွတ်လွတ်လပ်လပ် သာသနာရေးဆောင်ရွက်နိုင်ရန် နေရာပေးခြင်းပင်တည်း။

ဤကဲ့သို့မြင့်မြတ်သော စိတ်ထားပိုင်ရှင်ဖြစ်သောကြောင့် ဆရာတော်ဘုရားကြီးသည် ဘုန်းကံ အလွန်ကြီးမားလှ၏။ ကိုယ်တိုင် စာပေမပို့ချရဘဲ,မဟောမပြောရဘဲ ကြည်ညိုသူများပြားလှပါသည်။

သာသနာပြုလုပ်ငန်းစသောလောကုတ္တရာရေးရာ၌ ဖြစ်စေ, လောကီရေးရာ၌ဖြစ်စေ ဘုန်းကံရှိသူကို အမှီရမှသာ လိုအပ်သော အကျိုးများ ပြီးစီးနိုင်ပါသည်။ မဟော်သဓာသုခမိန်သည် ဝိဒေဟရာဇ်မင်းကြီးကို အမှီပြုခဲ့ရသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် ပင်လျှင် အရှင်သီဝလိဘုန်းကံကို အသိအမှတ် ပြုပေးတော်မူခဲ့ပါသည်။

ရပ်ဝေးရပ်နီး နယ်အသီးသီးရှိ တပည့်ကြီးငယ်အသွယ်သွယ်တို့သည်လည်း ဆရာတော်ဘုရားကြီး၏ ဘုန်းကံကို ခိုလှုံ၍ ပရိယတ္တိစာပေများကို သင်ယူခွင့် ပို့ချခွင့် ရခဲ့ကြရပါသည်။ ထို့ကြောင့် မိမိတို့သည် ဆရာတော်ဘုရားကြီးအား စွမ်းအားရှိသလောက် ပူဇော်ကြရပါမည်။ ထိုသို့ ပူဇော်ရာတွင် ဝတ္ထုကြေးငွေ အာမိသတို့ဖြင့်လည်း ပူဇော်ရပါမည်၊ ထို့ထက် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတို့ကို ပေါ်လွင်စေသော ရတု ကဗျာ လင်္ကာ စာပေဆောင်းပါး တို့ဖြင့်လည်း ပူဇော်ကြရပါမည်။

ထို့ပူဇော်ခြင်းတို့ထက် "ရွာဦးကျောင်းမှသည် ထင်ရှားသော ပရိယတ္တိသာသနာပြုစာသင်တိုက်ကြီး ဖြစ်ပေါ်လာသည်အထိ" ကြိုးပမ်းဆောင်ရွက်တော်မူသည့် ဆရာတော်ဘုရားကြီး၏ သာသနာပြု စိတ်ဓာတ်အတိုင်း ရပ်ဝေးရပ်နီးရှိ တပည့်ကြီးငယ်အသွယ်သွယ်တို့ကလည်း မိမိတို့ တစ်နိုင်တစ်ပိုင် ပရိယတ္တိစာသင်တိုက်များ,ပဋိပတ္တိကမ္မဋ္ဌာန်းရိပ်သာများ ထူထောင်၍ ပူဇော်ကြပါလျှင် အမြတ်ဆုံးသော ပူဇော်ခြင်းဖြစ်သည်ဟု ယုံကြည်မိပါသည်။

♦ အရှင်စန္ဒာသိရီဘိဝံသ (ပထမကျော်)

## အဘိဓဇဂုဏာပူဇာ သံဃာတော်များလှူဒါန်းငွေ

| စဉ် | ဘွဲ့တော် | ကျောင်းတိုက် | မြို့ | အလှူငွေကျပ် | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ | အောင်ဆန်းမိုးကုတ်ရိပ်သာ | အင်းစိန်မြို့ | | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ |
| ၂ | ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ | နိကာယ်စာသင်တိုက် | တောင်ဒဂုံမြို့သစ် | | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃ | ဒေါက်တာကောဝိဒ | မဇ္ဈိမဝုဏ်ရည်မဟာစည်သာသနာ့ရိပ်သာ | သာကေတမြို့ | | | ၉ | ၀ | ၀ | ၀ | ၀ | ၀ |
| ၄ | ဘဒ္ဒန္တ ကုန္ဒက | သီရိမင်္ဂလာမဟာစည်ရိပ်သာ | မြောက်ဒဂုံမြို့သစ် | | | ၅ | ၀ | ၀ | ၀ | ၀ | ၀ |
| ၅ | ဘဒ္ဒန္တဝိနယာလင်္ကာရ | ဝိနယာလင်္ကာရကျောင်း | တောင်ဒဂုံမြို့သစ် | | | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၆ | ဘဒ္ဒန္တတေဇဝန္တ | သာယာကုန်းပရိယတ္တိစာသင်တိုက် | လှိုင်သာယာမြို့ | | | ၃ | ၀ | ၀ | ၀ | ၀ | ၀ |
| ၇ | သောတုဇနစာသင်သားများ | ရွှမပရိယတ္တိစာသင်တိုက် | အင်းစိန်မြို့ | | | ၂ | ၆ | ၈ | ၄ | ၀ | ၀ |
| ၈ | စာချနာယကဆရာတော်များ | ရွာမပရိယတ္တိစာသင်တိုက် | အင်းစိန်မြို့ | | | ၂ | ၄ | ၀ | ၀ | ၀ | ၀ |
| ၉ | ဘဒ္ဒန္တဝိသုဒ္ဓ | ရွှေညောင်ပင်ပရိယတ္တိစာသင်တိုက် | အင်းစိန်မြို့ | | | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဘဒ္ဒန္တတိလောကာဘိဝံသ | ရွာမပရိယတ္တိစာသင်တိုက် | အင်းစိန်မြို့ | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၁ | ဘဒ္ဒန္တကလျာဏ | နိကာယ်စာသင်တိုက် | တောင်ဒဂုံမြို့သစ် | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၂ | ဘဒ္ဒန္တစန္ဒဝံသ | ဓမ္မိကာရာမပေါက်တောကျောင်း | အင်းစိန်မြို့ | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၃ | ဘဒ္ဒန္တမာလာစာရ | ညောင်ပင်သာကျောင်း | အင်းစိန်မြို့ | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၄ | ဘဒ္ဒန္တဝိသိဋ္ဌ | ရတနာမြိုင်ကျောင်း | မြောက်ဒဂုံမြို့သစ် | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၅ | ဘဒ္ဒန္တ ဉာဏဝရ | ဓာတ်မီးကျောင်း | ဗိုလ်တထောင်မြို့ | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၆ | ဒေါ်ဓမ္မသိင်္ဂီ | ဓမ္မဝါဒီသီလရှင်စာသင်တိုက် | အင်းစိန်မြို့ | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၇ | ဘဒ္ဒန္တဝိနယာစာရ | ရွာမပရိယတ္တိသာသနာ့ရိပ်သာ | လှိုင်သာယာမြို့ | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၈ | ဘဒ္ဒန္တဇောတိက | ပဒုံပရိယတ္တိစာသင်တိုက် | လှိုင်သာယာမြို့ | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၁၉ | ဘဒ္ဒန္တရေဝတ | အကျော်ပရိယတ္တိစာသင်တိုက် | လှိုင်သာယာမြို့ | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၀ | ဘဒ္ဒန္တ ဥတ္တမ | ရွှေတောင်ပေါ်ကျောင်း | အင်းစိန်မြို့ | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၁ | ဘဒ္ဒန္တဂုဏိန္ဒ | ဆင်ဖြူတောင်ကျောင်းတိုက် | သာကေတမြို့ | | | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂၂ | ဘဒ္ဒန္တသုဇာတ | အောင်မြေဘုံသာကျောင်းတိုက် | ပုသိမ်မြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၃ | ဘဒ္ဒန္တကုမုဒသာရ | ဆရာတော်ကြီးကျောင်းတိုက် | အင်းစိန်မြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၄ | ဘဒ္ဒန္တ ကုန္ဒောဘာသ | အောင်သပြေဓမ္မဗိမာန်ကျောင်းတိုက် | အင်းစိန်မြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၅ | ဘဒ္ဒန္တဇောတိက | ဇနိတာရာမကျောင်း | | | | | ၅ | ၀ | ၀ | ၀ | ၀ |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၂၆ | ဘဒ္ဒန္တစန္ဒောဘာသ | ဝါခင်းတောင်ကျောင်းတိုက် | အင်းစိန်မြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၁၇ | ဘဒ္ဒန္တ ဉာဏိန္ဒ | ဇလွန်ကျောင်းတိုက် | မ/ဥက္ကလာပမြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၁၈ | ဘဒ္ဒန္တတေဇိန္ဒ | ကန္နားမြို့ ဦးကျောင်းတိုက် | လှိုင်သာယာမြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၁၉ | ဘဒ္ဒန္တတေဇိန္ဒ | ဓမ္မသုခကျောင်း | ရွှေပြည်သာမြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၀ | ဘဒ္ဒန္တသုစိတ္တ | ထန်းတပင်ကျောင်း | ရွှေပြည်သာမြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၁ | ဘဒ္ဒန္တစန္ဒာသိရီ | မြစ်ကွေ့ပရိယတ္တိစာသင်တိုက် | ဟင်္သာတမြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၂ | ဘဒ္ဒန္တအက်ရ | သစ်စက်ကျောင်း | အင်းစိန်မြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၃ | ဘဒ္ဒန္တကုဏ္ဍလ | စူဠာမဏိကျောင်းတိုက် | အင်းစိန်မြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၄ | ဘဒ္ဒန္တကုသလ | သဒ္ဓမ္မပါလကျောင်းတိုက် | အင်းစိန်မြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၅ | ဘဒ္ဒန္တဇဝန | တောင်ပေါ်လင်းကျောင်းတိုက် | မင်္ဂလာဒုံမြို့ | | | | ၅ | ၀ | ၀ | ၀ | ၀ |
| ၂၆ | ဘဒ္ဒန္တပညိန္ဒိက | မဟာသတိပဋ္ဌာန်ကျောင်း | တ/ဥက္ကလာပမြို့ | | | | ၄ | ၀ | ၀ | ၀ | ၀ |
| ၂၇ | ဘဒ္ဒန္တနရိန္ဒ | နိကာယ်စာသင်တိုက် | တောင်ဒဂုံမြို့သစ် | | | | ၄ | ၀ | ၀ | ၀ | ၀ |
| ၂၈ | ဘဒ္ဒန္တသောဘိတ | သံတဲတားရွာဦးပရိယတ္တိစာသင်တိုက် | မှော်ဘီမြို့ | | | | ၄ | ၀ | ၀ | ၀ | ၀ |
| ၂၉ | ဘဒ္ဒန္တအဂ္ဂဝံသ | ညောင်သုံးပင်ကျောင်းတိုက် | မရမ်းကုန်းမြို့ | | | | ၃ | ၀ | ၀ | ၀ | ၀ |
| ၃၀ | ဘဒ္ဒန္တသံဝရ | အောင်မင်္ဂလာကျောင်း | အင်းစိန်မြို့ | | | | ၃ | ၀ | ၀ | ၀ | ၀ |
| ၃၁ | ဘဒ္ဒန္တစန္ဒာသိရီဘိဝံသ | ဝါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် | ဗဟန်းမြို့ | | | | ၃ | ၀ | ၀ | ၀ | ၀ |
| ၃၂ | ဘဒ္ဒန္တရေဝတ | သူစ်တော်ကျောင်း၊ သရက်တောတိုက် | လမ်းမတော်မြို့ | | | | ၃ | ၀ | ၀ | ၀ | ၀ |
| ၃၃ | ဘဒ္ဒန္တပညိသရ | နိကာယ်စာသင်တိုက် | တောင်ဒဂုံမြို့သစ် | | | | ၃ | ၀ | ၀ | ၀ | ၀ |
| ၃၄ | ဘဒ္ဒန္တပဏ္ဍိတ | စက်ကျောင်း | အင်းစိန်မြို့ | | | | ၂ | ၀ | ၀ | ၀ | ၀ |
| ၃၅ | ဘဒ္ဒန္တတေဇောသာရ | စိတ္တသုခကျောင်း | ရွှေပြည်သာမြို့ | | | | ၂ | ၀ | ၀ | ၀ | ၀ |
| ၃၆ | ဘဒ္ဒန္တနန္ဒာစရိယ | ကျောင်းသစ်ကျောင်း | တွံတေးမြို့ | | | | ၁ | ၀ | ၀ | ၀ | ၀ |
| ၃၇ | ဘဒ္ဒန္တသုဒဿန | သဒ္ဓမ္မပါလကျောင်းတိုက် | အင်းစိန်မြို့ | | | | ၁ | ၀ | ၀ | ၀ | ၀ |
| ၃၈ | ဘဒ္ဒန္တဝါသေဋ္ဌ | သံတဲတားရွာဦးပရိယတ္တိစာသင်တိုက် | မှော်ဘီမြို့ | | | | ၁ | ၀ | ၀ | ၀ | ၀ |
| ၃၉ | ဘဒ္ဒန္တသီဟသူရ | ရတနာသိရိပုညကျောင်း | ဟင်္သာတမြို့ | | | | ၁ | ၀ | ၀ | ၀ | ၀ |
| ၄၀ | ဘဒ္ဒန္တတေဇနိယ | ကန်ကြီးကုန်းတောင်ကျောင်း | ညောင်ဦးမြို့ | | | | | ၅ | ၀ | ၀ | ၀ |
| | | | | | ၆ | ၉ | ၈ | ၃ | ၄ | ၀ | ၀ |

## အဘိဓမ္မာဝတာရပန္နော အလှူရှင်လှူဒါန်းသူများ

| စဉ် | အမည် | နေရပ် | အလှူငွေကျပ် | | | | | |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးဝင်းကို+ဒေါ်စန်းနု(ကွယ်လွန်)မြန်မာကို မိသားစု | စဉ့်ကူးရပ်ကွက်၊ အင်းစိန် | ၅ | ၀ | ၀ | ၀ | ၀ | ၀ |
| ၂ | (ဦးဘိုနီ)+ဒေါ်ချော မိသားစု | ကော့သောင်းမြို့ | ၁ | ၀ | ၀ | ၀ | ၀ | ၀ |
| ၃ | ဦးအောင်ကျော်မြင့်+ဒေါ်သန်းသန်း မိသားစု | မကွေးမြို့ | | ၂ | ၀ | ၀ | ၀ | ၀ |
| ၄ | ဦးသန်းမြင့်+ဒေါ်နှင်းတင်(ကွယ်လွန်)မစန်းစန်းမြင့် မိသားစု | ရွာမအနောက်၊ အင်းစိန် | | ၁ | ၀ | ၀ | ၀ | ၀ |
| ၅ | ဦးစိုးမြင့်+ဒေါ်သန်းသန်းမြ မိသားစု | ရွာမအနောက်၊ အင်းစိန် | | ၁ | ၀ | ၀ | ၀ | ၀ |
| ၆ | ဒေါ်မိုးစိန် (ကွယ်လွန်)မစန်းစန်းမော် မိသားစု | ရွာမအနောက်၊ အင်းစိန် | | ၁ | ၀ | ၀ | ၀ | ၀ |
| ၇ | ဒေါ်အုံးကြည် မိသားစု | ရွာမအနောက်၊ အင်းစိန် | | ၁ | ၀ | ၀ | ၀ | ၀ |
| ၈ | ဒေါ်မြကျင် မိသားစု | ရွာမအနောက်၊ အင်းစိန် | | ၁ | ၀ | ၀ | ၀ | ၀ |
| ၉ | ဦးကျော်အုံးလှိုင်+ဒေါ်ခင်ညွန့် မိသားစု | ရွာမအနောက်၊ အင်းစိန် | | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၀ | ဦးကျော်ခင်+ဒေါ်ကျင်ဥ မိသားစု | ရွာမအနောက်၊ အင်းစိန် | | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၁ | ဦးဘိုကင်း+ဒေါ်မြအေး မိသားစု | ရွာမအနောက်၊ အင်းစိန် | | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၂ | ဦးအုံးမြိုင်+ဒေါ်သေး မိသားစု | ရွာမအနောက်၊ အင်းစိန် | | ၁ | ၀ | ၀ | ၀ | ၀ |
| ၁၃ | ဦးတိုးအောင်+ဒေါ်မြအေး မိသားစု | စမ်းချောင်း | | ၁ | ၀ | ၀ | ၀ | ၀ |
| | | | ၇ | ၂ | ၀ | ၀ | ၀ | ၀ |

**စာအုပ်ရိုက်နှိပ်စဉ်အတွင်း ၇.၁၂.၂၀၀၇ နေ့အထိ ရောက်ရှိလာသော အလှူရှင်များ၏ အမည်စာရင်းကိုသာ ဖော်ပြနိုင်ခဲ့ပါသည်။ ထို့နောက် ရောက်ရှိလာသော အလှူရှင်များ၏ အမည်စာရင်း မဖော်ပြနိုင်သည်ကို ခွင့်လွှတ်နိုင်ရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။ (ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ)**

## အချိန်ကိုအနိုင်ယူကြ

အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်သည်
အချိန်နှင့်တပြေးညီ တာဝန်ကိုယ်စီဖြင့်
သာသနာတော်အတွက် အလုပ်လုပ်နေသည်။
အလုပ်လုပ်နေသောသူကို အချိန်က မဝါးမျိုနိုင်၊
အလုပ်မလုပ်သောသူကိုသာ အချိန်ရဲ့ ဝါးမျိုခြင်းကို ခံရနိုင်သည်။
ပြီးဆုံးခဲ့သော (၃၇)နှစ်တာအတွင်း
မိမိတို့ ရွာမပရိယတ္တိစာသင်တိုက်ရှိ စာချစာသင်များ တာဝန်ကိုယ်စီဖြင့်
အချိန်ကို တန်ဖိုးရှိရှိ အသုံးချ၍ အနိုင်ယူခဲ့ကြသည်။
ကျန်ရှိနေသည့် အချိန်များကိုလည်း
ပြီးခဲ့သည့်(၃၇)နှစ်တာမျိုးထက် ပို၍ အလုပ်လုပ်ပြီး
ဆက်လက်အနိုင်ယူသွားကြဖို့
တိုက်တွန်းလိုက်ပါသည်။

ဘဒ္ဒန္တနန္ဒဝံသမဟာထေရ်

GRAPHIC
NAY WINN AUNG
099061697